http://www.dhammadownload.com

ဆဋ္ဌသင်္ဂါယနာတင် ပိဋကတ်တော်

သံယုတ္တနိကာယ်ဝင် သုတ္တန်ပိဋကတ်

## သဂါထာဝဂ္ဂနှင့် နိဒါနဝဂ္ဂ

# သံယုတ်ပါဠိတော်

# မြန်မာပြန်

သာသနာ - ၂၅၅၄ ကောဇာ - ၁၃၇၂ ၂၀၁၀

သံယုတ်ပါဠိတော်မြန်မာပြန် ( ပထမတွဲ )

၁၀ ၁/၃

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

သံယုတ္တနိကာယ်ဝင် သုတ္တန်ပိဋကတ်

သဂါထာဝဂ္ဂနှင့် နိဒါနဝဂ္ဂ

# သံယုတ်ပါဠိတော်

# မြန်မာပြန်

သာသနာ - ၂၅၅၄ ကောဇာ - ၁၃၇၂ ၂၀၁၀

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးဘာသာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

http://www.dhammadownload.com

## ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

## သံယုတ္တနိကာယ်ဝင် သုတ္တန်ပိဋကတ်

## သဂါထာဝဂ္ဂနှင့် နိဒါနဝဂ္ဂ

# သံယုတ်ပါဠိတော်

# မြန်မာပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၅၅ ကောဇာ-၁၃၇၃ ၂၀၁၁

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com



# ပိဋကတ် မြန်မာပြန်ကျမ်းများ အတွက်

# လမ်းညွှန်မာတိကာ

| | နိကာယ် | ပိဋက | ကျမ်း | စာအုပ် | သုတ် |
|---|---|---|---|---|---|
| က | ဒီဃ (အရှည်) | သုတ္တန် | (၃) | (၃) | (၃၄) |
| ခ | မဇ္ဈိမ (အလယ်) | ( ။ ) | (၃) | (၃) | (၁၅၂) |
| ဂ | သံယုတ္တ (ယှဉ်တွဲ) | ( ။ ) | (၅) | (၃) | (၇၇၆၂) |
| ဃ | အင်္ဂုတ္တရ (ပိုမို) | ( ။ ) | (၁၁) | (၃) | (၉၅၅၇) |
| င | ခုဒ္ဒက (အတို) | (ဝိနည်း) င–၁ | (၅) | (၅) | |
| | | (အဘိဓမ္မာ) င–၂ | (၇)–၃ | (၁၂)–၇ (လျော့) | |
| | | (သုတ္တန်) င–၃ | (၁၈)–၄ | (၁၁)–၄ (လျော့) | |
| | (၅) ရပ် | (၃) ပုံ | (၅၂)–၇ | (၄၀)–၁၁ (လျော့) | |

အပြည့်ရှိရန် = (၅၂) ကျမ်း – (၄၀) အုပ်
ယခုရှိပြီး = (၄၅) ကျမ်း – (၂၉) အုပ်

http://www.dhammadownload.com



## က--ဒီဃနိကာယ်

၁.က. ၁/၃ - ၁ သီလက္ခန္ဓဝဂ္ဂ (သီလက္ခန္ဓဝဂ်) သုတ်သီလက္ခန် ၁၃<br>
၂.က. ၂/၃ - ၂ မဟာဝဂ္ဂ (မဟာဝဂ်) သုတ်မဟာဝါ ၁၀<br>
၃.က. ၃/၃ - ၃ ပါထိကဝဂ္ဂ (ပါထိကဝဂ်) သုတ်ပါထေယျ ၁၁

၃၄ သုတ်

- သီလနှင့်တန်ဆာဆင်
- မဟာသတိပဋ္ဌာနသုတ် (သံသရာလွတ်ကြောင်းအခြေခံ)

## ခ--မဇ္ဈိမနိကာယ်

၄. ခ. ၁/၃ - ၁ မူလပဏ္ဏာသ [ရှေ့ဦးအစသုတ် ၅၀ ပါကျမ်း]<br>
၅. ခ. ၂/၃ - ၂ မဇ္ဈိမ ။ [အလယ်သုတ် ၅၀ ။ ]<br>
၆. ခ. ၃/၃ - ၃ ဥပရိ ။ [နောက်ဆုံးသုတ် ၅၂ ။ ]

၁၅၂ သုတ်

- "သမာဓိဘာဝနာ" ကျင့်နိုင်ရန်လမ်းညွှန်
- သမ္မာဒိဋ္ဌိသုတ်၊ ရထဝိနီတသုတ် [ဝိသုဒ္ဓိ 7 ပါး]

## ဂ သံယုတ္တနိကာယ်

၇. ဂ. ၁/၃ - ၁ သဂါထာဝဂ္ဂကျမ်းနှင့် နိဒါနဝဂ္ဂကျမ်း (ပ)<br>
၈. ဂ. ၂/၃ - ၂ ခန္ဓဝဂ္ဂကျမ်းနှင့် သဠာယတနဝဂ္ဂကျမ်း (ဒု)<br>
၉. ဂ. ၃/၃ - ၃ မဟာဝဂ္ဂကျမ်း (တ)

၇၇၆၂ သုတ်

## ဃ--အင်္ဂုတ္တရနိကာယ်

၁၀.ဃ.၁/၃ - ၁ ဧကက နိပါတ်မှ စတုက္က နိပါတ်ထိ (၄) ကျမ်း<br>
၁၁.ဃ.၂/၃ - ၂ ပဉ္စက ။ သတ္တက ။ (၃) ကျမ်း<br>
၁၂.ဃ.၃/၃ - ၃ အဋ္ဌက ။ ဧကာဒသက ။ (၄) ကျမ်း

၉၅၅၇ သုတ်

- ဗဟုသုတ ပဒေသာပင်၊ ယဉ်ကျေးမှု၏ ရေသောက်မြစ်
- အောင်မြင်နည်း၊ သတ္တိပြည့်နည်း၊ ကြွယ်ဝနည်း၊ ပညာရှိနည်း၊ ဂုဏ်ကျော်နည်း၊ လောကဓံခံနိုင်နည်း။

http://www.dhammadownload.com



## ၄-ခုဒ္ဒကနိကာယ်

[ကျမ်းအရေအတွက်အများဆုံးနှင့်
တရားသဘောအစုံဆုံးနိကာယ်]

### (၄-၁) ခုဒ္ဒကနိကာယ် **ဝိနည်း** ပိဋက

( ၅ ကျမ်း - ၅ အုပ် )

| | | | |
|---|---|---|---|
| ၁၃.၄-၁. ၁/၅ | - | ၁ ပါရာဇိက | (ပါရာဇိကဏ်) |
| ၁၄.၄-၁. ၂/၅ | - | ၂ ပါစိတ္တိယ | (ပါစိတ်) |
| ၁၅.၄-၁. ၃/၅ | - | ၃ မဟာဝဂ္ဂ | (ဝိနည်းမဟာဝါ) |
| ၁၆.၄-၁. ၄/၅ | - | ၄ စူဠဝဂ္ဂ | (စူဠဝါ) |
| ၁၇.၄-၁. ၅/၅ | - | ၅ ပါရိဝါရ | (ပရိဝါ) |

### (၄-၂) ခုဒ္ဒကနိကာယ် **အဘိဓမ္မ** ပိဋက

( ၇ ကျမ်းမှ ၄ ကျမ်း - ၅ အုပ် )

| | | | |
|---|---|---|---|
| ၁၈.၄-၂. ၁/၅ | - | ၁ ဓမ္မသင်္ဂဏီ | (၁) အုပ် |
| ၁၉.၄-၂. ၂/၅ | - | ၂ ဝိဘင်း | (၁) |
| - | | ၃ ဓါတုကထာ | x |
| ၂၀.၄-၂. ၃/၅ | - | ၄ ပုဂ္ဂလပညတ် | (၁) |
| ၂၁.၄-၂. ၄/၅ | - | ၅ ကထာဝတ္ထု (ပ) | (၁) |
| ၂၂.၄-၂. ၅/၅ | - | ကထာဝတ္ထု (ဒု) | (၁) |
| — | | ၆ ယမိုက် | x |
| — | | ၇ ပဋ္ဌာန်း | x |
| | | | (၅) အုပ် |

http://www.dhammadownload.com



## (င-၃) ခုဒ္ဒကနိကာယ် သုတ္တန္တ ပိဋက

( ၁၈ ကျမ်းမှ ၁၄ ကျမ်း - ၇ အုပ် )

| | | | | |
|---|---|---|---|---|
| ၂၃. င-၃. | ၁/၇ - | ၁ ခုဒ္ဒကပါဌ<br>၂ ဓမ္မပဒ<br>၃ ဥဒါန=ဥဒါန်း<br>၄ ဣတိဝုတ္တက=ဣတိဝုတ်<br>၅ သုတ္တနိပါတ=သုတ္တနိပါတ် | ၅ကျမ်း | |
| ၂၄. င-၃. | ၂/၇ - | ၆ အပဒါန် (ပ)တွဲ (ထေရာပဒါန်) | | ၁ |
| ၂၅. င-၃. | ၃/၇ - | အပဒါန် (ဒု)တွဲ (ကျန်ထေရာပဒါန်+ ထေရီအပဒါန်)<br>၇. ဗုဒ္ဓဝံသ<br>၈ စရိယာပိဋက | | ၁ |
| ၂၆. င-၃. | ၄/၇ - | ၉ ပဋိသမ္ဘိဒါမဂ် | | ၁ |
| ၂၇. င-၃ | ၅/၇ - | ၁၀ မိလိန္ဒပဉှာ | | ၁ |
| ၂၈. င-၃. | ၆/၇ - | ၁၁ ဝိမာနဝတ္ထု<br>၁၂ ပေတဝတ္ထု | | ၁ |
| ၂၉. င-၃. | ၇/၇ - | ၁၃ ထေရဂါထာ<br>၁၄ ထေရီဂါထာ | | ၁ |
| | | ၁၄ ကျမ်း | | ၇ အုပ် |

**ပိုင်းခြားပုံစနစ်**

| | | | |
|---|---|---|---|
| ① ဝိမုတ္တိရသ | (၁) | ④ ပိဋက | (၃) |
| ② ဓမ္မဝိနယ | (၂) | ⑤ နိကာယ | (၅) |
| ③ ဝစန | (၃) | ⑥ ဓမ္မက္ခန္ဓာ | (၈၄၀၀၀ ) |

http://www.dhammadownload.com

# ပိဋကတ်တော်မြန်မာပြန်
# နိဒါန်း

ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားသျှင်ကိုယ်တော်မြတ်၏သာမုက္ကံသိက ဒေသနာ ဓမ္မက္ခန္ဓာပါဠိတော်သည်—

**ပါဠိ၏ နက်နဲခြင်း 'ဓမ္မဂမ္ဘီရ'**

**အနက် အဓိပ္ပါယ်၏ နက်နဲခြင်း'အတ္ထဂမ္ဘီရ'**

**ဝေါဟာရအမျိုးမျိုး နည်းအမျိုးမျိုးဖြင့် ဟောကြားပုံ၏ နက်နဲခြင်း'ဒေသနာဂမ္ဘီရ'**

ထိုးထွင်း၍သိအပ်သောသဘော ထိုးထွင်း၍သိသောဉာဏ်၏ နက်နဲခြင်း 'ပဋိဝေဓဂမ္ဘီရ' ဟူသော နက်နဲခြင်းလေးဝတို့ကြောင့် အစိန္တေယျဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

ယင်းသို့လျှင် အစိန္တေယျမြတ်စွာဘုရား၏ ဒေသေတဗ္ဗဓမ္မဖြစ်၍အစိန္တေယျဂုဏ်နှင့် ကုံလုံပြည့်ဝသဖြင့် နာနာနယဝိစိတြဖြစ်သော ဓမ္မက္ခန္ဓာပါဠိတော်ကို ဟောဖော်ညွှန်ပြတော်မူသော ဒေသက ဘုရားသျှင်၏ အလိုတော်ကျအောင် လှုလှုပိုင်ပိုင် သိနိုင်ရန်ကား လွန်စွာခဲယဉ်းလှပေသည်။

ထို့ကြောင့်လည်း ရှေးရှေးဆရာမြတ်တို့သည် ထိုဓမ္မက္ခန္ဓာပါဠိတော်များကို ခွဲခြားဝေဖန် အမှန်သိစေခြင်းငှါ အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မဓု၊ ယောဇနာ အဖြာဖြာသောကျမ်းတို့ဖြင့်ဆင့်ကာဆင့်ကာ ဖွင့်ပြရေးသားတော်မူခဲ့ကြလေသည်။

သို့စေကာမူ ထိုထိုသော အဖွင့်ကျမ်းစာတို့မှာ ပါဠိဘာသာဖြင့်သာ တည်ရှိနေကြသဖြင့် ပါဠိဘာသာကို မတတ်ကျွမ်းကုန်သော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ရှိ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့မှာ ယထာဓမ္မ သဘာဝကျအောင်သိနိုင်ရေးမှ ဝေးကွာလျက်ပင်ရှိနေကြရပေသည်။

နိကာယဏ္ဏဝပါရဂူ ပါဠိဝိဒူ ဖြစ်ကြကုန်သော ဆရာတော်သံဃာတော် အရှင်မြတ်များက ရေးသားဝေငှ ပြသဟောကြား ကြလင့်ကစား ကြီးမားသော သာဂရပြင်ကျယ် ရေပင်လယ်မှ အနည်းငယ်မျှသော ရေကလေးကို ကွမ်းစားခွက်ငယ်ဖြင့် ခပ်သယ်၍ပေးသကဲ့သို့ နက်လေးကြီးကျယ်သော နိကာယ်ငါးဖြာ အဏ္ဏဝါငယ် မဟာမုနိ ထားခဲ့ဘိသည့် ဝိမုတ္တိနှင့်ဝိမုတ္တိဉာဏဒဿန အနုပါဒိသေသ အမတနိဗ္ဗာန်သို့ ကေန်ဆိုက်ရောက်ကြောင်း တရားပေါင်းများစွာတို့မှ မကြားနာရဘူးသေးသော လေးနက်သည့် ဓမ္မက္ခန်တို့မှ ကြွင်းကျန်၍သာ နေသဖြင့် မပြေအာသာ တောင့်တစွာဖြင့်ပင် "ကိုယ်တိုင်သာ တတ်နိုင်ကပိုင်ပိုင်ကြီး ဖတ်ရှုလိုက်ချင် စမ်းလှသည်" ဟု မြွက်ဟ ညည်းညူကြရကုန်၏။

ထိုသို့ ပါဠိမာဂဓကို မတတ်ကျွမ်းကြသည့် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏အကျိုးကို မြော်ကိုးထောက်ထား၍ "ပါဠိတော်များကို ကောင်းစွာသုတ်သင် သံဂါယနာတင်ရာဖြစ်သည့် ဤခေတ်

http://www.dhammadownload.com



# မြန်မာပြန် နိဒါန်း

ဤအခါတွင် ပါဠိကျမ်းစာများအလား ဘုရားဟောကျမ်းစာများကို မြန်မာဘာသာ သန့်သန့်ဖြင့် ခန့်ခန့်ညားညား ရေးသားထုတ်ဝေရပါမူ ထိုပါဠိဘာသာ၌ ကောင်းစွာမသက်ဝင်နိုင်သော ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အတွက် အမှန်ပင် အကျိုးများဖွယ်ရှိလေရာ၏” ဟု နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီး၏ ဦးစီးနာယက ပုဂ္ဂိုလ်ကြီးများက စဉ်းစားတွေးခေါ် မိသဖြင့် ပါဠိတော်ကျမ်းစာများကို မြန်မာဘာသာ ပြန်ဆိုရန် အဖွဲ့အသီးသီးတို့ကို ဖွဲ့စည်းတည်ထောင်ခဲ့ပေသည်။

သို့လျှင် ဖွဲ့စည်းတည်ထောင်ခဲ့သော ဘာသာပြန်ရေးဆိုင်ရာပညာရှိအဖွဲ့အစည်းအသီးသီးတို့က မိမိတို့ဆိုင်ရာ ကာဝန်ရှိသည့်အတိုင်း အဆင့်ဆင့်တာဝန်ယူထမ်းဆောင်ကြပြီးလျှင် ရှေးရှေးကရှိခဲ့ဘူးသော နိဿယအဖြာဖြာနှင့် ဘာသာပြန်ကျမ်းစာများကို အားထားကြည့်ရှု အခြေပြုလျက်—

(၁) ပါဠိတော်၏ သဘောအဓိပ္ပါယ်ကို ထိရောက်စေခြင်း

(၂) မြန်မာအသွားနှင့် နီးကပ်နိုင်သမျှ နီးကပ်စေခြင်း

(၃) ဝေါဟာရကျဉ်း၍ အဓိပ္ပါယ်ပေါ် လွင်စေခြင်း

(၄) စကားအသုံးအနှုန်း ထယ်ဝါ ခန့်ညားစေခြင်း

ဟူသောအချက်လေးချက်ကို လေးလေးနက်နက် အမိကထား၍ ပြန်ဆိုသုတ်သင် အဆင့်ဆင့်ပြင်ဆင်ခဲ့ကြပြီးလျှင် ဘာသာပြန်စာမူတွင် သွင်းယူရေးသားထားသည့် စကားဝါကျအစီအကုံး ဝေါဟာရအသုံးအနှုန်းတို့ကိုလည်း နောက်ဆုံးပြုပြင် ပြင်ဆင်တည်းဖြတ်တော်မူကြသော ဩဿနသောဓေယျဆရာတော်တို့က—

(၁) အသိလွယ်ကူခြင်း

(၂) အများသုံးဖြစ်ခြင်း

(၃) အသင့်လျော်ဆုံးဖြစ်ခြင်း

ဟူသော မှတ်ကျောက်သုံးခုတို့ဖြင့် စေ့စေ့ငုံငုံ ကြည့်ရှုဆင်ခြင်၍ ပြင်ဆင်သုံးသပ် တည်းဖြတ်တော်မူကြပြီးလျှင် လိုအပ်သော မြန်မာဘာသာ သတ်ပုံသတ်သွန်း ဆိုင်ရာတို့တွင်လည်း အမှန်ကန်ဆုံး အတိကျဆုံး ဖြစ်စေပြီးသည့်နောက်တွင်ကား....ပိဋကတ် ပါဠိတော်များနည်းတူ ဤမြန်မာပြန်စာမူများကိုလည်း အထပ်ထပ်ပြင်ဆင်၍ စက်တင်ပုံနှိပ်ခြင်း ပြုလုပ်ခဲ့လေသည်။

**သို့ဖြစ်ရကား—**

ပန်းဝတ်ရည်ကို စားသုံးကြမည့် ပျားပိတုန်းတို့အလား သဗ္ဗညုမြတ်စွာဘုရားဟောကြားတော်မူအပ်သည့်တရားဒေသနာတည်းဟူသော ပိဋကတ်ကျော်အရသာကိုမြိန်ရှက်စွာ စားသုံးလိုကြသည့် မာဂဓဘာသာပါဠိစကား၌ ကျွမ်းကျင်သက်ဝင်နိုင်စွမ်း မရှိကြသော ပြည်ထောင်စု နိုင်ငံတော်သူ နိုင်ငံတော်သား ဗုဒ္ဓဘာသာဝင် သူတော်စင်အများတို့သည် ကံအားလျော်စွာ အနှစ်တစ်ထောင်ကြာမှ တစ်ကြိမ်သာပွင့်သော အာသာဝတီနွယ်နီနတ်ပန်းကဲ့သို့ရင်း ကမ္ဘာဦးအခါက ကမ္ဘာသူ ကမ္ဘာသားတို့၏ အာသာဆန္ဒအားလျော်စွာ ဖြစ်ထွန်းပေါ် ပေါက်လာသော နေ လ နက္ခတ်တာရာတို့ကဲ့သို့ရင်း နိုင်ငံတော်သူ နိုင်ငံတော်သားတို့၏ ကုသိုလ်ကံနှင့် အာသာဆန္ဒ အားလျော်စွာ

http://www.dhammadownload.com



## မြန်မာပြန် နိဒါန်း

အကြိမ်ကြိမ် အဖန်ဖန် ကြံစည်ကြိုးကုတ် အားထုတ်တည်ထွင် စီစဉ်ရေးသားလျက် လေးစားစွာ ပြန်ဆိုသဖြင့် အလွန်အလွန် ခဲယဉ်းငြိုငြင်စွာ ဖြစ်ထွန်း ပေါ်ပေါက် ပြီးစီးအောင်မြင်ခြင်းသို့ ရောက်လာရသော ဤပိဋကတ်တော် မြန်မာပြန်တို့ကိုဆန္ဒအာသာ ထန်ပြင်းစွာ ကြည့်ရှုလေ့လာသွားခြင်းဖြင့် ပိဋကတ်တော် အရသာများကို လွယ်လွယ်ကူကူ မပင်မပန်း ချမ်းချမ်းသာသာ အားပါးတရ သုံးဆောင်ခံစားနိုင်ကြ၍ သဗ္ဗညုမြတ်စွာဘုရား ရည်ရွယ်တော်မူရင်း ဖြစ်သော ဝိမုတ္တိသုခ အမတကြွင်းနိဗ္ဗာန်နန်းသို့ တက်လှမ်းနိုင်ကြပါစေကုန်သတည်း။

### သံယုတ္တနိကာယ်မြန်မာပြန် ပဋိဝိသောဓက ဆရာတော်များ

| | | | |
|---|---|---|---|
| ၁-ဆရာတော် | ဦးနန္ဒိယ | အဂ္ဂမဟာပဏ္ဍိတ | ဟင်္သာတမြို့ |
| ၂- ။ | ဦးဥတ္တမဗုဒ္ဓိ | ဇေတဝန်ဆရာတော် | မုံရွေးမြို့ |
| ၃- ။ | ဦးပါလိတ | မဝ်းကျောင်းဆရာတော် | မြစ်သား |
| ၄- ။ | ဦးသုဇာတ | သာသနာ့ရိပ်သာ | ရန်ကုန်မြို့ |
| ၅- ။ | အရှင်စန္ဒဇောတိ | သီရိသောမာရုံကျောင်း ကံကြီး | မလှိုင်မြို့ |
| ၆- ။ | ဦးဇောတိက | ဇမ္ဗူမိတ်ဆွေကျောင်း အရှေ့ပိန္နဲကုန်းတိုက် | ရန်ကုန်မြို့ |
| ၇- ။ | ဦးဓမ္မာလောက | မြတောင်ချောင်ဆရာတော် | စစ်ကိုင်းတောင်ရိုး |
| ၈- ။ | ဦးဝိသုတ | ခေမာသီဝံတိုက် နတ်တလင်းမြို့ | သာယာဝတီခရိုင် |
| ၉- ။ | အရှင်တိလောကသာရ | ရွှေစာရံကျောင်း ပေါင်းတလည်မြို့ | ပြည်ခရိုင် |

### သံယုတ္တနိကာယ်မြန်မာပြန် ဩသာနသောဓေယျပတ္တာပါဠ္ဍကအဖွဲ့ဝင် ဆရာတော်များ

| | | | |
|---|---|---|---|
| ၁-ဆရာတော် | ဦးနန္ဒိယ | အဂ္ဂမဟာပဏ္ဍိတ | ဟင်္သာတမြို့ |
| ၂-ဆရာတော် | ဦးဇောတိက | ဇမ္ဗူမိတ်ဆွေကျောင်း အရှေ့ပိန္နဲကုန်းတိုက် | ရန်ကုန်မြို့ |
| ၃-အရှင်တိလောကသာရ | ရွှေစာရံကျောင်း | ပေါင်းတလည်မြို့ | ပြည်ခရိုင် |

(ပိဋကတ်တော်ဘာသာပြန် အဋ္ဌုပ္ပတ္တိ နိဒါန်းအကျယ်နှင့် မြန်မာပြန်အဖွဲ့အသီးသီးတို့၏ အမည်များကို ဝိနည်းပါရာဇိကဏ်ဘာသာပြန်တွင်ရင်း ဒီဃနိကာယ် သီလက္ခန်ဘာသာပြန်တွင်ရင်း ကြည့်ကြပါကုန်)။

http://www.dhammadownload.com

http://www.dhammadownload.com

သဂါထာဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်

# မာတိကာ

ဦးရေ　　　　　အကြောင်းအရာ　　　　　မျက်နှာအမှတ်

## ၁-ဒေဝတာသံယုတ်

### ၁-နဠဝဂ်


၁။ ဩဃတရဏသုတ် .... .... .... ၁
၂။ နိမောက္ခသုတ် .... .... .... ၂
၃။ ဥပနီယသုတ် .... .... .... ၂
၄။ အစ္စေန္တိသုတ် .... .... .... ၃
၅။ ကတိဆိန္ဒသုတ် .... .... .... ၃
၆။ ဇာဂရသုတ် .... .... .... ၃
၇။ အပ္ပဋိဝိဒိတသုတ် .... .... .... ၄
၈။ သုသမ္မုဋ္ဌသုတ် .... .... .... ၄
၉။ မာနကာမသုတ် .... .... .... ၄
၁၀။ အရညသုတ် .... .... .... ၅


### ၂-နန္ဒနဝဂ်


၁။ နန္ဒနသုတ် .... .... .... ၅
၂။ နန္ဒတိသုတ် .... .... .... ၆
၃။ နတ္ထိပုတ္တသမသုတ် .... .... .... ၆
၄။ ခတ္တိယသုတ် .... .... .... ၆
၅။ သဏမာနသုတ် .... .... .... ၇
၆။ နိဒ္ဒါတန္ဒီသုတ် .... .... .... ၇
၇။ ဒုက္ကရသုတ် .... .... .... ၇
၈။ ဟိရီသုတ် .... .... .... ၇
၉။ ကုဋိကာသုတ် .... .... .... ၈
၁၀။ သမိဒ္ဓိသုတ် .... .... .... ၈


### ၃-သတ္တိဝဂ်


၁။ သတ္တိသုတ် .... .... .... ၁၂
၂။ ဖုသတိသုတ် .... .... .... ၁၂

http://www.dhammadownload.com



## သဂါထာဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၃-သတ္တိဝဂ်** | |
| ၃။ | ဇဋာသုတ် | ၁၃ |
| ၄။ | မနောနိဝါရဏသုတ် | ၁၃ |
| ၅။ | အရဟန္တသုတ် | ၁၃ |
| ၆။ | ပဇ္ဇောတသုတ် | ၁၄ |
| ၇။ | သရသုတ် | ၁၄ |
| ၈။ | မဟဒ္ဓနသုတ် | ၁၄ |
| ၉။ | စတုစက္ကသုတ် | ၁၅ |
| ၁၀။ | ဧဏိဇင်္ဃသုတ် | ၁၅ |
| | **၄-သတုလ္လပကာယိကဝဂ်** | |
| ၁။ | သဗ္ဘိသုတ် | ၁၅ |
| ၂။ | မစ္ဆရိသုတ် | ၁၇ |
| ၃။ | သာဓုသုတ် | ၁၉ |
| ၄။ | န သန္တိသုတ် | ၂၁ |
| ၅။ | ဥဇ္ဈာနသညီသုတ် | ၂၂ |
| ၆။ | သဒ္ဓါသုတ် | ၂၃ |
| ၇။ | သမယသုတ် | ၂၄ |
| ၈။ | သကလိကသုတ် | ၂၅ |
| ၉။ | ပဌမ ပဇ္ဇုန္နဓီတုသုတ် | ၂၇ |
| ၁၀။ | ဒုတိယ ပဇ္ဇုန္နဓီတုသုတ် | ၂၇ |
| | **၅-အာဒိတ္တဝဂ်** | |
| ၁။ | အာဒိတ္တသုတ် | ၂၈ |
| ၂။ | ကိံဒဒသုတ် | ၂၉ |
| ၃။ | အန္နသုတ် | ၂၉ |
| ၃။ | ဧကမူလသုတ် | ၂၉ |
| ၅။ | အနောမသုတ် | ၂၉ |
| ၆။ | အစ္ဆရာသုတ် | ၃၀ |
| ၇။ | ဝနရောပသုတ် | ၃၀ |
| ၈။ | ဇေတဝနသုတ် | ၃၀ |
| ၉။ | မစ္ဆရိသုက် | ၃၁ |
| ၁၀။ | ဃဋီကာရသုတ် | ၃၂ |

http://www.dhammadownload.com



# မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၆-ဇရာဝဂ်** | |
| ၁။ | ဇရာသုတ် | ၃၃ |
| ၂။ | အဇရသာသုတ် | ၃၃ |
| ၃။ | မိတ္တသုတ် | ၃၃ |
| ၄။ | ဝတ္ထုသုတ် | ၃၄ |
| ၅။ | ပဌမဇနသုတ် | ၃၄ |
| ၆။ | ဒုတိယဇနသုတ် | ၃၄ |
| ၇။ | တတိယဇနသုတ် | ၃၄ |
| ၈။ | ဥပ္ပထသုတ် | ၃၅ |
| ၉။ | ဒုတိယသုတ် | ၃၅ |
| ၁၀။ | ကဝိသုတ် | ၃၅ |
| | **၇-အဒ္ဓဝဂ်** | |
| ၁။ | နာမသုတ် | ၃၅ |
| ၂။ | စိတ္တသုတ် | ၃၆ |
| ၃။ | တဏှာသုတ် | ၃၆ |
| ၄။ | သံယောဇနသုတ် | ၃၆ |
| ၅။ | ဗန္ဓနသုတ် | ၃၆ |
| ၆။ | အတ္တဟတသုတ် | ၃၇ |
| ၇။ | ဥဍ္ဍိတသုတ် | ၃၇ |
| ၈။ | ပိဟိတသုတ် | ၃၇ |
| ၉။ | ဣစ္ဆာသုတ် | ၃၇ |
| ၁၀။ | လောကသုတ် | ၃၇ |
| | **၈-ဆေတွာဝဂ်** | |
| ၁။ | ဆေတွာသုတ် | ၃၈ |
| ၂။ | ရထသုတ် | ၃၈ |
| ၃။ | ဝိတ္တသုတ် | ၃၈ |
| ၄။ | ဝုဋ္ဌိသုတ် | ၃၉ |
| ၅။ | ဘီတာသုတ် | ၃၉ |
| ၆။ | နဇီရတိသုတ် | ၃၉ |
| ၇။ | ဣဿရိယသုတ် | ၄၀ |
| ၇၈။ | ကာမသုတ် | ၄၀ |
| ၉။ | ပါထေယျသုတ် | ၄၁ |

http://www.dhammadownload.com



ဦးရေ　　အကြောင်းအရာ　　မျက်နှာအမှတ်

### ၈-ဇဆတ္တဝဂ်


၁၀။ ပဇ္ဇောတသုတ် .... .... .... .... .... ၄၁

၁၁။ အရဏသုတ် .... .... .... .... .... ၄၁


## ၂-ဒေဝပုတ္တသံယုတ်

### ၁-ပဌမဝဂ်


၁။ ပဌမ ကဿပသုတ် .... .... .... .... .... ၄၃

၂။ ဒုတိယ ကဿပသုတ် .... .... .... .... .... ၄၃

၃။ မာဃသုတ် .... .... .... .... .... ၄၃

၄။ မာဂဓသုတ် .... .... .... .... .... ၄၄

၅။ ဒါမလိသုတ် .... .... .... .... .... ၄၄

၆။ ကာမဒသုတ် .... .... .... .... .... ၄၅

၇။ ပဉ္စာလစဏ္ဍသုတ် .... .... .... .... .... ၄၅

၈။ တာယနသုတ် .... .... .... .... .... ၄၆

၉။ စန္ဒိမသုတ် .... .... .... .... .... ၄၇

၁၀။ သူရိယသုတ် .... .... .... .... .... ၄၈


### ၂-အနာထပိဏ္ဍိကဝဂ်


၁။ စန္ဒိမသသုတ် .... .... .... .... .... ၄၉

၂။ ဝေဏ္ဍုသုတ် .... .... .... .... .... ၄၉

၃။ ဒီဃလဋ္ဌိသုတ် .... .... .... .... .... ၄၉

၄။ နန္ဒနသုတ် .... .... .... .... .... ၅၀

၅။ စန္ဒနသုတ် .... .... .... .... .... ၅၀

၆။ ဝါသုဒတ္တသုတ် .... .... .... .... .... ၅၀

၇။ သုဗြဟ္မသုတ် .... .... .... .... .... ၅၁

၈။ ကကုဓသုတ် .... .... .... .... .... ၅၁

၉။ ဥတ္တရသုတ် .... .... .... .... .... ၅၂

၁၀။ အနာထပိဏ္ဍိကသုတ် .... .... .... .... .... ၅၂


### ၃-နာနာတိတ္ထိယဝဂ်


၁။ သိဝသုတ် .... .... .... .... .... ၅၄

၂။ ခေမသုတ် .... .... .... .... .. ၅၅

၃။ သေရီသုတ် .... .... .... .... .... ၅၅

၄။ ဃဋီကာရသုတ် .... .... .... .... .... ၅၇

http://www.dhammadownload.com



ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

### ၃–နာနာတိတ္ထိယဝဂ်


၅။ ဇန္တုသုတ် .... .... .... .... ၅၆
၆။ ရောဟိတဿသုတ် .... .... .... ၅၈
၇။ နန္ဒသုတ် .... .... .... .... ၆၁
၈။ နန္ဒိဝိသာလသုတ် .... .... .... ၆၁
၉။ သုသိမသုတ် .... .... .... .... ၆၁
၁၀။ နာနာတိတ္ထိယသာဝကသုတ် .... .... .... ၆၄


### ၃–ကောသလသံယုတ်

### ၁–ပဌမဝဂ်


၁။ ဒဟရသုတ် .... .... .... .... ၆၇
၂။ ပုရိသသုတ် .... .... .... .... ၆၈
၃။ ဇရာမရဏသုတ် .... .... .... .... ၆၉
၄။ ပိယသုတ် .... .... .... .... ၇၀
၅။ အတ္တရက္ခိတသုတ် .... .... .... ၇၁
၆။ အပ္ပကသုတ် .... .... .... .... ၇၃
၇။ အဍ္ဍကရဏသုတ်.... .... .... .... ၇၃
၈။ မလ္လိကာသုတ် .... .... .... .... ၇၄
၉။ ယညသုတ် .... .... .... .... ၇၅
၁၀။ ဗန္ဓနသုတ် .... .... .... .... ၇၆


### ၂–ဒုတိယဝဂ်


၁။ သတ္တဇဋိလသုတ် .... .... .... ၇၇
၂။ ပဉ္စရာဇသုတ် .... .... .... .... ၇၉
၃။ ဒေါဏပါကသုတ်.... .... .... .... ၈၁
၄။ ပဌမ သင်္ဂါမသုတ် .... .... .... ၈၂
၅။ ဒုတိယ သင်္ဂါမသုတ် .... .... .... ၈၃
၆။ မလ္လိကာသုတ် .... .... .... .... ၈၄
၇။ အပ္ပမာဒသုတ် .... .... .... .... ၈၅
၈။ ကလျာဏမိတ္တသုတ် .... .... .... ၈၆
၉။ ပဌမ အပုတ္တကသုတ် .... .... .... ၈၈
၁၀။ ဒုတိယ အပုတ္တကသုတ် .... .... .... ၉၀

http://www.dhammadownload.com



## သဂါထာဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၃–တတိယဝဂ်** | |
| ၁။ | ပုဂ္ဂလသုတ် .... .... .... .... | ၉၁ |
| ၂။ | အယျိကာသုတ် .... .... .... .... | ၉၄ |
| ၃။ | လောကသုတ် .... .... .... .... | ၉၅ |
| ၄။ | ဣဿတ္ထသုတ် .... .... .... .... | ၉၆ |
| ၅။ | ပဗ္ဗတူပမသုတ် .... .... .... .... | ၉၈ |
| | **၄–မာရသံယုတ်** | |
| | **၁–ပဌမဝဂ်** | |
| ၁။ | တပေါကမ္မသုတ် .... .... .... | ၁၀၁ |
| ၂။ | ဟတ္ထိရာဇဝဏ္ဏသုတ် .... .... .... | ၁၀၁ |
| ၃။ | သုဘသုတ် .... .... .... .... | ၁၀၂ |
| ၄။ | ပဌမ မာရပါသသုတ် .... .... .... | ၁၀၂ |
| ၅။ | ဒုတိယ မာရပါသသုတ် .... .... .... | ၁၀၃ |
| ၆။ | သပ္ပသုတ် .... .... .... .... | ၁၀၄ |
| ၇။ | သုပတိသုတ် .... .... .... .... | ၁၀၅ |
| ၈။ | နန္ဒတိသုတ် .... .... .... .... | ၁၀၅ |
| ၉။ | ပဌမ အာယုသုတ် .... .... .... | ၁၀၆ |
| ၁၀။ | ဒုတိယ အာယုသုတ် .... .... .... | ၁၀၆ |
| | **၂–ဒုတိယဝဂ်** | |
| ၁။ | ပါသာဏသုတ်.... .... .... .... | ၁၀၇ |
| ၂။ | ကိန္နုသီဟသုတ် .... .... .... | ၁၀၇ |
| ၃။ | သကလိကသုတ် .... .... .... | ၁၀၈ |
| ၄။ | ပတိရူပသုတ် .... .... .... .... | ၁၀၉ |
| ၅။ | မာနသသုတ် .... .... .... .... | ၁၀၉ |
| ၆။ | ပတ္တသုတ် .... .... .... .... | ၁၁၀ |
| ၇။ | ဆဖဿာယတနသုတ် .... .... .... | ၁၁၀ |
| ၈။ | ပိဏ္ဍသုတ် .... .... .... .... | ၁၁၁ |
| ၉။ | ကဿကသုတ် .... .... .... .... | ၁၁၂ |
| ၁၀။ | ရဇ္ဇသုတ် .... .... .... .... | ၁၁၄ |
| | **၃–တတိယဝဂ်** | |
| ၁။ | သမ္ဗဟုလသုတ်.... .... .... .... | ၁၁၅ |
| ၂။ | သမိဒ္ဓိသုတ် .... .... .... .... | ၁၁၆ |

http://www.dhammadownload.com



## မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၃-တတိယဝဂ်** | |
| ၃။ | ဂေါဓိကသုတ် | ၁၁၇ |
| ၄။ | သတ္တဝဿာနုဗန္ဓသုတ် | ၁၁၉ |
| ၅။ | မာရဓီတုသုတ် | ၁၂၁ |
| | **၅-ဘိက္ခုနီသံယုတ်** | |
| ၁။ | အာဠဝိကာသုတ် | ၁၂၅ |
| ၂။ | သောမာသုတ် | ၁၂၅ |
| ၃။ | ကိသာဂေါတမီသုတ် | ၁၂၆ |
| ၄။ | ဝိဇယာသုတ် | ၁၂၇ |
| ၅။ | ဥပ္ပလဝဏ္ဏာသုတ် | ၁၂၈ |
| ၆။ | စာလာသုတ် | ၁၂၈ |
| ၇။ | ဥပစာလာသုတ် | ၁၂၉ |
| ၈။ | သီသုပစာလာသုတ် | ၁၃၀ |
| ၉။ | သေလာသုတ် | ၁၃၀ |
| ၁၀။ | ဝဇိရာသုတ် | ၁၃၁ |
| | **၆-ဗြဟ္မသံယုတ်** | |
| | **၁-ပဌမဝဂ်** | |
| ၁။ | ဗြဟ္မာယာစနသုတ် | ၁၃၃ |
| ၂။ | ဂါရဝသုတ် | ၁၃၅ |
| ၃။ | ဗြဟ္မဒေဝသုတ် | ၁၃၇ |
| ၄။ | ဗကဗြဟ္မာသုတ် | ၁၃၈ |
| ၅။ | အညတရဗြဟ္မသုတ် | ၁၄၀ |
| ၆။ | ဗြဟ္မာလောကသုတ် | ၁၄၂ |
| ၇။ | ကောကာလိကသုတ် | ၁၄၃ |
| ၈။ | ကတမောဒကတိဿသုတ် | ၁၄၄ |
| ၉။ | တုရူဗြဟ္မသုတ် | ၁၄၄ |
| ၁၀။ | ကောကာလိကသုတ် | ၁၄၅ |
| | **၂-ဒုတိယဝဂ်** | |
| ၁။ | သနင်္ကုမာရသုတ် | ၁၄၇ |
| ၂။ | ဒေဝဒတ္တသုတ် | ၁၄၇ |
| ၃။ | အန္ဓကဝိန္ဒသုတ် | ၁၄၇ |

http://www.dhammadownload.com



# ဆင်္ဂါထာဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၂-ဒုတိယဝဂ်** | |
| ၄။ | အရုဏဝတီသုတ် | ၁၄၈ |
| ၅။ | ပရိနိဗ္ဗာနသုတ် | ၁၅၁ |
| | **၇-ဗြာဟ္မဏသံယုတ်** | |
| | **၁-အရဟန္တဝဂ်** | |
| ၁။ | ဓနဉ္စာနီသုတ် | ၁၅၃ |
| ၂။ | အက္ကောသသုတ် | ၁၅၄ |
| ၃။ | အသုရိန္ဒကသုတ် | ၁၅၆ |
| ၄။ | ဗိလင်္ဂိကသုတ် | ၁၅၆ |
| ၅။ | အဟိံသကသုတ် | ၁၅၇ |
| ၆။ | ဇဋာသုတ် | ၁၅၇ |
| ၇။ | သုဒ္ဓိကသုတ် | ၁၅၈ |
| ၈။ | အဂ္ဂိကသုတ် | ၁၅၈ |
| ၉။ | သုန္ဒရိကသုတ် | ၁၅၉ |
| ၁၀။ | ဗဟုဓိတရသုတ် | ၁၆၂ |
| | **၂-ဥပါသကဝဂ်** | |
| ၁။ | ကသိဘာရဒွါဇသုတ် | ၁၆၄ |
| ၂။ | ဥဒယသုတ် | ၁၆၅ |
| ၃။ | ဒေဝဟိတသုတ် | ၁၆၆ |
| ၄။ | မဟာသာလသုတ် | ၁၆၇ |
| ၅။ | မာနတ္ထဒ္ဓသုတ် | ၁၆၈ |
| ၆။ | ပစ္စနီကသုတ် | ၁၆၉ |
| ၇။ | နဝကမ္မိကသုတ် | ၁၇၀ |
| ၈။ | ကဋ္ဌဟာရသုတ် | ၁၇၁ |
| ၉။ | မာတုပေါသကသုတ် | ၁၇၂ |
| ၁၀။ | ဘိက္ခကသုတ် | ၁၇၂ |
| ၁၁။ | သင်္ဂါရဝသုတ် | ၁၇၃ |
| ၁၂။ | ခေါမဒုဿသုတ် | ၁၇၄ |
| | **၈-ဝင်္ဂီသသံယုတ်** | |
| ၁။ | နိက္ခန္တသုတ် | ၁၇၅ |
| ၂။ | အရတီသုတ် | ၁၇၆ |
| ၃။ | ပေသလသုတ် | ၁၇၇ |

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၈-ဝင်္ဂီသ သံယုတ်


၄။ အာနန္ဒသုတ် .... .... .... .... .... ၁၇၇
၅။ သုဘာသိတသုတ် .... .... .... .... .... ၁၇၈
၆။ သာရိပုတ္တသုတ် .... .... .... .... .... ၁၇၉
၇။ ပဝါရဏာသုတ် .... .... .... .... .... ၁၈၀
၈။ ပရောသဟဿသုတ် .... .... .... .... .... ၁၈၁
၉။ ကောဏ္ဍညသုတ် .... .... .... .... .... ၁၈၃
၁၀။ မောဂ္ဂလာနသုတ် .... .... .... .... .... ၁၈၄
၁၁။ ဂဂ္ဂရာသုတ် .... .... .... .... .... ၁၈၄
၁၂။ ဝင်္ဂီသသုတ် .... .... .... .... .... ၁၈၅


## ၉-ဝနသံယုတ်


၁။ ဝိဝေကသုတ် .... .... .... .... .... ၁၈၆
၂။ ဥပဋ္ဌာနသုတ် .... .... .... .... .... ၁၈၆
၃။ ကဿပဂေါတ္တသုတ် .... .... .... .... .... ၁၈၇
၄။ သမ္ဗဟုလသုတ် .... .... .... .... .... ၁၈၇
၅။ အာနန္ဒသုတ် .... .... .... .... .... ၁၈၈
၆။ အနုရုဒ္ဓသုတ် .... .... .... .... .... ၁၈၈
၇။ နာဂဒတ္တသုတ် .... .... .... .... .... ၁၈၉
၈။ ကုလဃရဏီသုတ် .... .... .... .... .... ၁၈၉
၉။ ဝဇ္ဇီပုတ္တသုတ် .... .... .... .... .... ၁၉၀
၁၀။ သဇ္ဈာယသုတ် .... .... .... .... .... ၁၉၀
၁၁။ အကုသလဝိတက္ကသုတ် .... .... .... .... .... ၁၉၁
၁၂။ မဇ္ဈန္ဟိကသုတ် .... .... .... .... .... ၁၉၁
၁၃။ ပါကတိန္ဒြိယသုတ် .... .... .... .... .... ၁၉၁
၁၄။ ဂန္ဓတ္ထေနသုတ် ... .... .... .... .... ၁၉၂


## ၁၀-ယက္ခသံယုတ်


၁။ ဣန္ဒကသုတ် .... .... .... .... .... ၁၉၄
၂။ သက္ကနာမသုတ် .... .... .... .... .... ၁၉၄
၃။ သူစိလောမသုတ် .... .... .... .... .... ၁၉၄
၄။ မဏိဘဒ္ဒသုတ် .... .... .... .... .... ၁၉၅
၅။ သာနုသုတ် .... .... .... .... .... ၁၉၆
၆။ ပိယင်္ကရသုတ် .... .... .... .... .... ၁၉၇

http://www.dhammadownload.com




| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၁၀-ယက္ခသံယုတ်** | |
| ၇။ | ပုနဗ္ဗသုသုတ် .... .... .... .... .... | ၁၉၇ |
| ၈။ | သုဒတ္တသုတ် .... .... .... .... .... | ၁၉၈ |
| ၉။ | ပဌမ သုက္ကာသုတ် .... .... .... .... .... | ၁၉၉ |
| ၁၀။ | ဒုတိယ သုက္ကာသုတ် .... .... .... .... .... | ၂၀၀ |
| ၁၁။ | စီရာသုတ် .... .... .... .... .... | ၂၀၀ |
| ၁၂။ | အာဠဝကသုတ် .... .... .... .... .... | ၂၀၀ |
| | **၁၁-သက္ကသံယုတ်** | |
| | **၁-ပဌမဝဂ်** | |
| ၁။ | သုဝီရသုတ် .... .... .... .... .... | ၂၀၃ |
| ၂။ | သုသီမသုတ် .... .... .... .... .... | ၂၀၄ |
| ၃။ | ဓဇဂ္ဂသုတ် .... .... .... .... .... | ၂၀၅ |
| ၄။ | ဝေပစိတ္တိသုတ် .... .... .... .... .... | ၂၀၇ |
| ၅။ | သုဘာသိတဇယသုတ် .... .... .... .... .... | ၂၀၉ |
| ၆။ | ကုလာဝကသုတ် .... .... .... .... .... | ၂၁၁ |
| ၇။ | န ဒုဗ္ဘိယသုတ် .... .... .... .... .... | ၂၁၁ |
| ၈။ | ဝေရောစနအသုရိန္ဒသုတ် .... .... .... .... .... | ၂၁၂ |
| ၉။ | အရညာယတနဣသိသုတ် .... .... .... .... .... | ၂၁၂ |
| ၁၀။ | သမုဒ္ဒကသုတ် .... .... .... .... .... | ၂၁၃ |
| | **၂-ဒုတိယဝဂ်** | |
| ၁။ | ဝတပဒသုတ် .... .... .... .... .... | ၂၁၄ |
| ၂။ | သက္ကနာမသုတ် .... .... .... .... .... | ၂၁၄ |
| ၃။ | မဟာလိသုတ် .... .... .... .... .... | ၂၁၆ |
| ၄။ | ဒလိဒ္ဒသုတ် .... .... .... .... .... | ၂၁၇ |
| ၅။ | ရာမဏေယျကသုတ် .... .... .... .... .... | ၂၁၈ |
| ၆။ | ယဇမာနသုတ် .... .... .... .... .... | ၂၁၈ |
| ၇။ | ဗုဒ္ဓဝန္ဒနာသုတ် .... .... .... .... .... | ၂၁၉ |
| ၈။ | ဂဟဋ္ဌဝန္ဒနာသုတ် .... .... .... .... .... | ၂၁၉ |
| ၉။ | သတ္ထာရဝန္ဒနာသုတ် .... .... .... .... .... | ၂၂၀ |
| ၁၀။ | သံဃဝန္ဒနာသုတ် .... .... .... .... .... | ၂၂၀ |

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၃-တတိယဝဂ်


၁။ ဆေတ္တသုတ် .... .... .... .... .... ၂၂၂

၂။ ဒုပ္ပဏ္ဏိယသုတ် .... .... .... .... .... ၂၂၃

၃။ သမ္မရိမာယာသုတ် .... .... .... .... .... ၂၂၃

၄။ အစ္စယသုတ် .... .... .... .... .... ၂၂၄

၅။ အက္ကောဓသုတ် .... .... .... .... .... ၂၂၅


သဂါထာဝဂ္ဂသံယုတ် မာတိကာ ပြီး၏။

http://www.dhammadownload.com

# နိဒါနဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်

# မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၁-နိဒါနသံယုတ်** | |
| | **၁-ဗုဒ္ဓဝဂ်** | |
| ၁။ | ပဋိစ္စသမုပ္ပါဒသုတ် | ၂၂၇ |
| ၂။ | ဝိဘင်္ဂသုတ် | ၂၂၈ |
| ၃။ | ပဋိပဒါသုတ် | ၂၃၀ |
| ၄။ | ဝိပဿီသုတ် | ၂၃၁ |
| ၅။ | သိခီသုတ် | ၂၃၅ |
| ၆။ | ဝေဿဘူသုတ် | ၂၃၅ |
| ၇။ | ကကုသန္ဓသုတ် | ၂၃၅ |
| ၈။ | ကောဏာဂမနသုတ် | ၂၃၅ |
| ၉။ | ကဿပသုတ် | ၂၃၅ |
| ၁၀။ | ဂေါတမသုတ် | ၂၃၆ |
| | **၂-အာဟာရဝဂ်** | |
| ၁။ | အာဟာရသုတ် | ၂၃၇ |
| ၂။ | မောဠိယဖဂ္ဂုနသုတ် | ၂၃၈ |
| ၃။ | သမဏဗြာဟ္မဏသုတ် | ၂၄၀ |
| ၄။ | ဒုတိယ သမဏဗြာဟ္မဏသုတ် | ၂၄၁ |
| ၅။ | ကစ္စာနဂေါတ္တသုတ် | ၂၄၂ |
| ၆။ | ဓမ္မကထိကသုတ် | ၂၄၃ |
| ၇။ | အစေလကဿပသုတ် | ၂၄၄ |
| ၈။ | တိမ္ဗရုကသုတ် | ၂၄၆ |
| ၉။ | ဗာလပဏ္ဍိတသုတ် | ၂၄၇ |
| ၁၀။ | ပစ္စယသုတ် | ၂၄၉ |
| | **၃-ဒသဗလဝဂ်** | |
| ၁။ | ဒသဗလသုတ် | ၂၅၀ |
| ၂။ | ဒုတိယ ဒသဗလသုတ် | ၂၅၁ |

http://www.dhammadownload.com



# မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၃-ဒသဗလဝဂ်** | |
| ၃။ | ဥပနိသသုတ် | ၂၅၂ |
| ၄။ | အညတိတ္ထိယသုတ် | ၂၅၅ |
| ၅။ | ဘူမိဇသုတ် | ၂၅၉ |
| ၆။ | ဥပဝါဏသုတ် | ၂၆၂ |
| ၇။ | ပစ္စယသုတ် | ၂၆၃ |
| ၈။ | ဘိက္ခုသုတ် | ၂၆၄ |
| ၉။ | သမဏဗြာဟ္မဏသုတ် | ၂၆၆ |
| ၁၀။ | ဒုတိယ သမဏဗြာဟ္မဏသုတ် | ၂၆၆ |
| | **၄-ကဠာရခတ္တိယဝဂ်** | |
| ၁။ | ဘူတသုတ် | ၂၆၇ |
| ၂။ | ကဠာရသုတ် | ၂၇၀ |
| ၃။ | ဉာဏဝတ္ထုသုတ် | ၂၇၄ |
| ၄။ | ဒုတိယ ဉာဏဝတ္ထုသုတ် | ၂၇၇ |
| ၅။ | အဝိဇ္ဇာပစ္စယသုတ် | ၂၇၈ |
| ၆။ | ဒုတိယ အဝိဇ္ဇာပစ္စယသုတ် | ၂၈၀ |
| ၇။ | နတုမှသုတ် | ၂၈၂ |
| ၈။ | စေတနာသုတ် | ၂၈၂ |
| ၉။ | ဒုတိယ စေတနာသုတ် | ၂၈၃ |
| ၁၀။ | တတိယ စေတနာသုတ် | ၂၈၃ |
| | **၅-ဂဟပတိဝဂ်** | |
| ၁။ | ပဉ္စဝေရဘယသုတ် | ၂၈၄ |
| ၂။ | ဒုတိယ ပဉ္စဝေရဘယသုတ် | ၂၈၇ |
| ၃။ | ဒုက္ခသုတ် | ၂၈၈ |
| ၄။ | လောကသုတ် | ၂၈၉ |
| ၅။ | ဉာတိကသုတ် | ၂၉၀ |
| ၆။ | အညတရဗြာဟ္မဏသုတ် | ၂၉၁ |
| ၇။ | ဇာဏုဿောဏိသုတ် | ၂၉၁ |
| ၈။ | လောကာယတိကသုတ် | ၂၉၂ |
| ၉။ | အရိယသာဝကသုတ် | ၂၉၃ |
| ၁၀။ | ဒုတိယ အရိယသာဝကသုတ် | ၂၉၄ |

http://www.dhammadownload.com



# နိဒါနဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၆-ဒုက္ခဝဂ်


၁။ ပရိဝီမံသနသုတ် .... .... .... .... .... ၂၉၅
၂။ ဥပါဒါနသုတ် .... .... .... .... .... ၂၉၈
၃။ သံယောဇနသုတ် .... .... .... .... .... ၂၉၉
၄။ ဒုတိယ သံယောဇနသုတ် .... .... .... .... .... ၃၀၀
၅။ မဟာရုက္ခသုတ် .... .... .... .... .... ၃၀၁
၆။ ဒုတိယ မဟာရုက္ခသုတ် .... .... .... .... .... ၃၀၂
၇။ တရုဏရုက္ခသုတ် .... .... .... .... .... ၃၀၂
၈။ နာမရူပသုတ် .... .... .... .... .... ၃၀၃
၉။ ဝိညာဏသုတ် .... .... .... .... .... ၃၀၄
၁၀။ နိဒါနသုတ် .... .... .... .... .... ၃၀၄


## ၇-မဟာဝဂ်


၁။ အဿုတဝါသုတ် .... .... .... .... .... ၃၀၅
၂။ ဒုတိယ အဿုတဝါသုတ် .... .... .... .... .... ၃၀၇
၃။ ပုတ္တမံသူပမသုတ် .... .... .... .... .... ၃၀၉
၄။ အတ္ထိရာဂသုတ် .... .... .... .... .... ၃၁၁
၅။ နဂရသုတ် .... .... .... .... .... ၃၁၄
၆။ သမ္မသသုတ် .... .... .... .... .... ၃၁၆
၇။ နဠကလာပီသုတ် .... .... .... .... .... ၃၂၀
၈။ ကောသမ္ဗိသုတ် .... .... .... .... .... ၃၂၂
၉။ ဥပယန္တိသုတ် .... .... .... .... .... ၃၂၅
၁၀။ သုသိမသုတ် .... .... .... .... .... ၃၂၆


## ၈-သမဏဗြာဟ္မဏဝဂ်


၁။ ဇရာမရဏသုတ် .... .... .... .... .... ၃၃၃
၂-၁၁။ ဇာတိသုတ် အစရှိသော ဆယ်သုတ် .... .... .... ၃၃၄


## အန္တရပေယျာလ


၁။ သတ္ထုသုတ် .... .... .... .... .... ၃၃၄
၂-၁၁။ ဒုတိယ သတ္ထုသုတ် စသည် ဆယ်သုတ် .... .... .... ၃၃၄
၂-၁၂။ သိက္ခာသုတ်စသော ပေယျာလ တဆယ့်နှစ်သုတ် .... .... ၃၃၅

http://www.dhammadownload.com



# မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၂-အဘိသမယသံယုတ်** | |
| ၁။ | နခသိခါသုတ် | ၃၃၇ |
| ၂။ | ပေါက္ခရဏီသုတ် | ၃၃၇ |
| ၃။ | သံဘေဇ္ဇဥဒကသုတ် | ၃၃၈ |
| ၄။ | ဒုတိယ သံဘေဇ္ဇဥဒကသုတ် | ၃၃၈ |
| ၅။ | ပထဝီသုတ် | ၃၃၉ |
| ၆။ | ဒုတိယ ပထဝီသုတ် | ၃၃၉ |
| ၇။ | သမုဒ္ဒသုတ် | ၃၄၀ |
| ၈။ | ဒုတိယ သမုဒ္ဒသုတ် | ၃၄၀ |
| ၉။ | ပဗ္ဗတသုတ် | ၃၄၀ |
| ၁၀။ | ဒုတိယ ပဗ္ဗတသုတ် | ၃၄၁ |
| ၁၁။ | တတိယ ပဗ္ဗတသုတ် | ၃၄၁ |
| | **၃-ဓာတုသံယုတ်** | |
| | **၁-နာနတ္တဝဂ်** | |
| ၁။ | ဓာတုနာနတ္တသုတ် | ၃၄၃ |
| ၂။ | ဖဿနာနတ္တသုတ် | ၃၄၃ |
| ၃။ | နောဖဿနာနာနတ္တသုတ် | ၃၄၃ |
| ၄။ | ဝေဒနာနာနတ္တသုတ် | ၃၄၄ |
| ၅။ | ဒုတိယ ဝေဒနာနာနတ္တသုတ် | ၄၄၄ |
| ၆။ | ဗာဟိရဓာတုနာနတ္တသုတ် | ၃၄၅ |
| ၇။ | သညာနာနတ္တသုတ် | ၃၄၅ |
| ၈။ | နောပရိယေသနာနာနတ္တသုတ် | ၃၄၆ |
| ၉။ | ဗာဟိရဖဿနာနတ္တသုတ် | ၃၄၆ |
| ၁၀။ | ဒုတိယ ဗာဟိရဖဿနာနတ္တသုံတ်.... | ၃၄၇ |
| | **၂-ဒုတိယဝဂ်** | |
| ၁။ | သတ္တဓာတုသုတ် | ၃၄၈ |
| ၂။ | သနိဒါနသုတ် | ၃၄၉ |
| ၃။ | ဂိဉ္ဇကာဝသထသုတ် | ၃၅၁ |
| ၄။ | ဟီနာဓိမုတ္တိကသုတ် | ၃၅၂ |
| ၅။ | စင်္ကမသုတ် | ၃၅၃ |
| ၆။ | သဂါထာသုတ် | ၃၅၅ |
| ၇။ | အဿဒ္ဓသံသန္ဒနသုတ် | ၃၅၆ |

http://www.dhammadownload.com



## နိဒါနဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၂-ဒုတိယဝဂ်** | |
| ၈။ | အသဒ္ဓမူလကသုတ် .... .... .... .... .... | ၃၅၇ |
| ၉။ | အဟိရိကမူလကသုတ် .... .... .... .... .... | ၃၅၉ |
| ၁၀။ | အနောတ္တပ္ပမူလကသုတ် .... .... .... .... .... | ၃၆၁ |
| ၁၁။ | အပ္ပဿုတမူလကသုတ် .... .... .... .... .... | ၃၆၁ |
| ၁၂။ | ကုသီတမူလကသုတ် .... .... .... .... .... | ၃၆၂ |
| | **၃-ကမ္မပထဝဂ်** | |
| ၁။ | အသမာဟိတသုတ် .... .... .... .... .... | ၃၆၃ |
| ၂။ | ဒုဿီလသုတ် .... .... .... .... .... | ၃၆၃ |
| ၃။ | ပဉ္စသိက္ခာပဒသုတ် .... .... .... .... .... | ၃၆၄ |
| ၄။ | သတ္တကမ္မပထသုတ် .... .... .... .... .... | ၃၆၄ |
| ၅။ | ဒသကမ္မပထသုတ် .... .... .... .... .... | ၃၆၅ |
| ၆။ | အဋ္ဌင်္ဂိကသုတ် .... .... .... .... .... | ၃၆၆ |
| ၇။ | ဒသင်္ဂသုတ် .... .... .... .... .... | ၃၆၆ |
| | **၄-စတုတ္ထဝဂ်** | |
| ၁။ | စတုဓာတုသုတ် .... — .... .... .... | ၃၆၇ |
| ၂။ | ပုဗ္ဗေသမ္ဗောဓသုတ် .... .... .... .... .... | ၃၆၇ |
| ၃။ | အစရိံသုတ် .... .... .... .... .... | ၃၆၈ |
| ၄။ | နောစေဒံသုတ် .... .... .... .... .... | ၃၆၉ |
| ၅။ | ဧကန္တဒုက္ခသုတ် .... .... .... .... .... | ၃၇၀ |
| ၆။ | အဘိနန္ဒသုတ် .... .... .... .... .... | ၃၇၀ |
| ၇။ | ဥပ္ပါဒသုတ် .... .... .... .... .... | ၃၇၀ |
| ၈။ | သမဏဗြာဟ္မဏသုတ် .... — .... .... .... | ၃၇၂ |
| ၉။ | ဒုတိယ သမဏဗြာဟ္မဏသုတ် .... .... .... .... .... | ၃၇၂ |
| ၁၀။ | တတိယ သမဏဗြာဟ္မဏသုတ် .... .... .... .... .... | ၃၇၂ |
| | **၄-အနမတဂ္ဂသံယုတ်** | |
| | **၁-ပဌမဝဂ်** | |
| ၁။ | တိဏကဋ္ဌသုတ် .... .... .... .... .... | ၃၇၄ |
| ၂။ | ပထဝီသုတ် .... .... .... .... .... | ၃၇၄ |
| ၃။ | အဿုသုတ် .... .... .... .... .... | ၃၇၅ |

http://www.dhammadownload.com



# မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၁-မဇ္ဈိမဝဂ်** | |
| ၄။ | ခီရသုတ် | ၃၇၆ |
| ၅။ | ပဗ္ဗတသုတ် | ၃၇၇ |
| ၆။ | သာသပသုတ် | ၃၇၇ |
| ၇။ | သာဝကသုတ် | ၃၇၈ |
| ၈။ | ဂင်္ဂါသုတ် | ၃၇၈ |
| ၉။ | ဒဏ္ဍသုတ် | ၃၇၉ |
| ၁၀။ | ပုဂ္ဂလသုတ် | ၃၈၀ |
| | **၂-ဒုတိယဝဂ်** | |
| ၁။ | ဒုဂ္ဂတသုတ် | ၃၈၀ |
| ၂။ | သုခိတသုတ် | ၃၈၁ |
| ၃။ | တိံသမတ္တသုတ် | ၃၈၁ |
| ၄။ | မာတုသုတ် | ၃၈၂ |
| ၅။ | ပိတုသုတ် | ၃၈၃ |
| ၆။ | ဘာတုသုတ် | ၃၈၃ |
| ၇။ | ဘဂိနီသုတ် | ၃၈၃ |
| ၈။ | ပုတ္တသုတ် | ၃၈၃ |
| ၉။ | ဓီတုသုတ် | ၃၈၃ |
| ၁၀။ | ဝေပုလ္လပဗ္ဗတသုတ် | ၃၈၄ |
| | **၅-ကဿပသံယုတ်** | |
| ၁။ | သန္တုဋ္ဌသုတ် | ၃၈၇ |
| ၂။ | အနောတ္တပ္ပီသုတ် | ၄၈၈ |
| ၃။ | စန္ဒူပမသုတ် | ၃၈၉ |
| ၄။ | ကုလူပကသုတ် | ၃၉၁ |
| ၅။ | ဇိဏ္ဏသုတ် | ၃၉၃ |
| ၆။ | ဩဝါဒသုတ် | ၃၉၅ |
| ၇။ | ဒုတိယဩဝါဒသုတ် | ၃၉၆ |
| ၈။ | တတိယဩဝါဒသုတ် | ၃၉၉ |
| ၉။ | ဈာနာဘိညာသုတ် | ၄၀၀ |
| ၁၀။ | ဥပဿယသုတ် | ၄၀၅ |
| ၁၁။ | စီဝရသုတ် | ၄၀၇ |
| ၁၂။ | ပရံမရဏသုတ် | ၄၁၀ |
| ၁၃။ | သဒ္ဓမ္မပ္ပတိရူပကသုတ် | ၄၁၃ |

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၆-လာဘသက္ကာရသံယုတ်

### ၁-ပဌမဝဂ်


| | | |
|---|---|---|
| ၁။ | ဒါရုဏသုတ် .... .... .... .... .... | ၄၁၃ |
| ၂။ | ဗဠိသသုတ် .... .... .... .... .... | ၄၁၃ |
| ၃။ | ကုမ္မသုတ် .... .... .... .... .... | ၄၁၄ |
| ၄။ | ဒီဃလောမိကသုတ် .... .... .... .... .... | ၄၁၄ |
| ၅။ | မီဠှကသုတ် .... .... .... .... .... | ၄၁၅ |
| ၆။ | အသနိသုတ် .... .... .... .... .... | ၄၁၆ |
| ၇။ | ဒိဒ္ဓသုတ် .... .... .... .... .... | ၄၁၆ |
| ၈။ | သိင်္ဂါလသုတ် .... .... .... .... .... | ၄၁၆ |
| ၉။ | ဝေရမ္ဘသုတ် .... .... .... .... .... | ၄၁၇ |
| ၁၀။ | သဂါထကသုတ် .... .... .... .... .... | ၄၁၇ |


### ၂-ဒုတိယဝဂ်


| | | |
|---|---|---|
| ၁။ | သုဝဏ္ဏပါတိသုတ် .... .... .... .... .... | ၄၁၈ |
| ၂။ | ရူပိယပါတိသုတ် .... .... .... .... .... | ၄၁၈ |
| ၃။ | သုဝဏ္ဏနိက္ခသုတ်စသော ရှစ်သုတ် .... .... .... .... .... | ၄၁၉ |


### ၃-တတိယဝဂ်


| | | |
|---|---|---|
| ၁။ | မာတုဂါမသုတ် .... .... .... .... .... | ၄၁၉ |
| ၂။ | ကလျာဏီသုတ် .... .... .... .... .... | ၄၂၀ |
| ၃။ | ဧကပုတ္တကသုတ် .... .... .... .... .... | ၄၂၀ |
| ၄။ | ဧကဓီတုသုတ် .... .... .... .... .... | ၄၂၀ |
| ၅။ | သမဏဗြာဟ္မဏသုတ် .... .... .... .... .... | ၄၂၀ |
| ၆။ | ဒုတိယ သမဏဗြာဟ္မဏသုတ် .... .... .... .... .... | ၄၂၀ |
| ၇။ | တတိယ သမဏဗြာဟ္မဏသုတ် .... .... .... .... .... | ၄၂၂ |
| ၈။ | ဆဝိသုတ် .... .... .... .... .... | ၄၂၂ |
| ၉။ | ရဇ္ဇုသုတ် .... .... .... .... .... | ၄၂၂ |
| ၁၀။ | ဘိက္ခုသုတ် .... .... .... .... .... | ၄၂၃ |


### ၄-စတုတ္ထဝဂ်


| | | |
|---|---|---|
| ၁။ | ဘိန္ဒိသုတ် .... .... .... .... .... | ၄၂၃ |
| ၂။ | ကုသလမူလသုတ် .... .... .... .... .... | ၄၂၃ |
| ၃။ | ကုသလဓမ္မသုတ် .... .... .... .... .... | ၄၂၄ |

http://www.dhammadownload.com



# မာတိကာ

ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ်

## ၄-စတုတ္ထဝဂ်


၄။ သုက္ကာဓမ္မသုတ် .... .... .... .... .... ၄၂၄
၅။ အစိရပက္ကန္တသုတ် .... .... .... .... .... ၄၂၄
၆။ ပဉ္စရထသတသုတ် .... .... .... .... .... ၄၂၅
၇။ မာတုသုတ် .... .... .... .... .... ၂၂၆
၈-၁၃။ ပိတုစသော ခြောက်သုတ် .... .... .... .... .... ၄၂၆


## ၇-ရာဟုလသံယုတ်

### ၁-ပဌမဝဂ်


၁။ စက္ခုသုတ် .... .... .... .... .... ၄၂၇
၂။ ရူပသုတ် .... .... .... .... .... ၄၂၈
၃။ ဝိညာဏသုတ် .... .... .... .... .... ၄၂၈
၄။ သမ္ဖဿသုတ် .... .... .... .... .... ၄၂၉
၅။ ဝေဒနာသုတ် .... .... .... .... .... ၄၃၀
၆။ သညာသုတ် .... .... .... .... .... ၄၃၀
၇။ သဉ္စေတနာသုတ် .... .... .... .... .... ၄၃၀
၈။ တဏှာသုတ် .... .... .... .... .... ၄၃၁
၉။ ဓာတုသုတ် .... .... .... .... .... ၄၃၁
၁၀။ ခန္ဓသုတ် .... .... .... .... .... ၄၃၁


### ၂-ဒုတိယဝဂ်


၁။ စက္ခုသုတ် .... .... .... .... .... ၄၃၂
၂-၁၀။ ရူပစသော ကိုးသုတ် .... .... .... .... .... ၄၃၃
၁၁။ အနုသယသုတ် .... .... .... .... .... ၄၃၃
၁၂။ အပဂတသုတ် .... .... .... .... .... ၄၃၄


## ၈-လက္ခဏသံယုတ်

### ၁-ပဌမဝဂ်


၁။ အဋ္ဌိသုတ် .... .... .... .... .... ၄၃၆
၂။ ပေသိသုတ် .... .... .... .... .... ၄၃၇
၃။ ပိဏ္ဍသုတ် .... .... .... .... .... ၄၃၇
၄။ နိစ္ဆဝိသုတ် .... .... .... .... .... ၄၃၇
၅။ အသိလောမသုတ် .... .... .... .... .... ၄၃၈

http://www.dhammadownload.com




| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၁-ပဌမဝဂ်** | |
| ၆။ | သတ္တိသုတ် .... .... .... .... .... | ၄၃၈ |
| ၇။ | ဥသုလောမသုတ် .... .... .... .... .... | ၄၃၈ |
| ၈။ | သူစိလောမသုတ် .... .... .... .... .... | ၄၃၈ |
| ၉။ | ဒုတိယ သူစိလောမသုတ် .... .... .... .... .... | ၄၃၈ |
| ၁၀။ | ကုမ္ဘဏ္ဍသုတ် .... .... .... .... .... | ၄၃၉ |
| | **၂-ဒုတိယဝဂ်** | |
| ၁။ | သသီသကသုတ် .... .... .... .... .... | ၄၃၉ |
| ၂။ | ဂူထခါဒသုတ် .... .... .... .... .... | ၄၃၉ |
| ၃။ | နိစ္ဆဝိတ္ထိသုတ် .... .... .... .... .... | ၄၄၀ |
| ၄။ | မင်္ဂုလိတ္ထိသုတ် .... .... .... .... .... | ၄၄၀ |
| ၅။ | ဩကိလိနီသုတ် .... .... .... .... .... | ၄၄၀ |
| ၆။ | အသီသကသုတ် .... .... .... .... .... | ၄၄၀ |
| ၇။ | ပါပဘိက္ခုသုတ် .... .... .... .... .... | ၄၄၁ |
| ၈။ | ပါပဘိက္ခုနီသုတ် .... .... .... .... .... | ၄၄၁ |
| ၉။ | ပါပသိက္ခမာနသုတ် .... .... .... .... .... | ၄၄၁ |
| ၁၀။ | ပါပသာမဏေရသုတ် .... .... .... .... .... | ၄၄၁ |
| ၁၁။ | ပါပသာမဏေရီသုတ် .... .... .... .... .... | ၄၄၁ |
| | **၈-ဩပမ္မသံယုတ်** | |
| ၁။ | ကူဋသုတ် .... .... .... .... .... | ၄၄၃ |
| ၂။ | နခသိခသုတ် .... .... .... .... .... | ၄၄၃ |
| ၃။ | ကုလသုတ် .... .... .... .... .... | ၄၄၃ |
| ၄။ | ဩက္ခာသုတ် .... .... .... .... .... | ၄၄၄ |
| ၅။ | သတ္တိသုတ် .... .... .... .... .... | ၄၄၄ |
| ၆။ | ဓနုဂ္ဂဟသုတ် .... .... .... .... .... | ၄၄၅ |
| ၇။ | အာဏိသုတ် .... .... .... .... .... | ၄၄၅ |
| ၈။ | ကလိင်္ဂရသုတ် .... .... .... .... .... | ၄၄၆ |
| ၉။ | နာဂသုတ် .... .... .... .... .... | ၄၄၇ |
| ၁၀။ | ဗိဠာရသုတ် .... .... .... .... .... | ၄၄၈ |
| ၁၁။ | သိင်္ဂါလသုတ် .... .... .... .... .... | ၄၄၉ |
| ၁၂။ | ဒုတိယ သိင်္ဂါလသုတ် .... .... .... .... .... | ၄၅၀ |

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၁၀-ဘိက္ခုသံယုတ်


၁။ ကောလိတသုတ် .... .... .... .... .... ၄၅၁
၂။ ဥပတိဿသုတ် .... .... .... .... .... ၄၅၂
၃။ ဃဋသုတ် .... .... .... .... .... ၄၅၂
၄။ နဝသုတ် .... .... .... .... .... ၄၅၄
၅။ သုဇာတသုတ် .... .... .... .... .... ၄၅၅
၆။ လကုဏ္ဍကဘဒ္ဒိယသုတ် .... .... .... ... .... ၄၅၅
၇။ ဝိသာခသုတ် .... .... .... .... .... ၄၅၆
၈။ နန္ဒသုတ် .... .... .... .... .... ၄၅၇
၉။ တိဿသုတ် .... .... .... .... .... ၄၅၇
၁၀။ ထေရနာမကသုတ် .... .... .... .... .... ၄၅၈
၁၁။ မဟာကပ္ပိနသုတ် .... .... .... .... .... ၄၅၉
၁၂။ သဟာယကသုတ် .... .... .... .... .... ၄၆၀


နိဒါနဝဂ္ဂသံယုတ် မာတိကာ ပြီး၏။

http://www.dhammadownload.com

# တင်သိမှတ်ရန် သင်္ကေတ လက္ခဏာများ

“ ”ဤကဲ့သို့ ကော်မာပြလျှင် ကော်မာအတွင်းရှိ စာပိုဒ်များမှာ ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောအခြင်းအရာ ‘အာကာရ’ ဟု သိမှတ်ရန်။

‘ ’ဤကဲ့သို့ ကော်မာပြလျှင် ရှေ့က ကပ်လျက်ရှိသောပုဒ်နှင့် အဓိပ္ပာယ်သဘောတူ ဟု သိမှတ်ရန်။

“ ‘ ’ ”ဤကဲ့သို့ ကော်မာနှစ်ထပ်ပြလျှင် ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောစကား အတွင်း၌ အခြားပြောဆိုပုံ စကားတရပ်ရှိနေသည် ဟု သိမှတ်ရန်။

( ) ဤကဲ့သို့ ဘရက်ကက် လက်သည်းကွင်းပြလျှင် ၎င်းအတွင်းရှိ ဖော်ပြသည့် မူရင်းပါဠိတော်တွင် တိုက်ရိုက်မလာ၊ မြန်မာအသုံးအနှုန်းအရ ပြည့်စုံစေရန် ဖြည့်စွက်သောပုဒ် ဟု သိမှတ်ရန်။

— ဒက်ခေါ် မျဉ်းတိုကိုပြလျှင် စကားဝါကျ မဆုံးသေး ဟု သိမှတ်ရန်။

[ ] ဤကဲ့သို့ ကွင်းချိပ်ကိုပြလျှင် ၎င်းအတွင်းရှိ စာများမှာ ရှေးနည်းတူ ဆက်ထက်ပြု လုပ်ရန် (ဖော်ထုတ်ရွတ်ဆိုရန်) မှာထားသော စကားများ ဖြစ်သည် ဟု သိမှတ်ရန်။

၁-၂-ဤကဲ့သို့ စာသားအတွင်း၌ ဂဏန်းကိုပြလျှင် ၎င်းဂဏန်းရှေ့၌ ကပ်လျက်ရှိသော ပုဒ်၏ အဓိပ္ပာယ်ကို သိလွယ်စေရန် စာမျက်နှာအောက်ခြေတွင် မျဉ်းသားလျက် သီးခြား ဂဏန်း အစဉ်အလိုက် ဖော်ပြထားသည် ဟု သိမှတ်ရန်။ * ဤကဲ့သို့ ချယားပွင့်ပြရာ၌လည်း ထိုအတူပင် မှတ်သားရန် ဖြစ်ပါသည်။

http://www.dhammadownload.com

## သံယုတ္တနိကာယ်
## သဂါထာဝဂ္ဂ

# သံယုတ်ပါဠိတော်

# မြန်မာပြန်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-ဒေဝတာသံယုတ်

### ၁-နဠဝဂ် ၁-ဩဃတရဏသုတ်

၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဇေတဝန်ကျောင်းတော်၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ နတ်သားတယောက်သည် ညဉ့်ဦးယံ လွန်ပြီးသော (သန်ကောင်ယံ) အချိန်၌ အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန်တကျောင်းလုံးကို (ကိုယ်ရောင် ကိုယ်ဝါဖြင့်) ထွန်းလင်းစေလျက် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ရပ်တည်ကာ မြတ်စွာဘုရားအား "အသျှင် .. အသျှင်ဘုရားသည် အဘယ်သို့သော အကြောင်းအားဖြင့် သံသရာအယဉ် 'ဩဃ'ကို ကူးမြောက်တော်မူခဲ့ပါသနည်း" ဟု လျှောက်၏၊ ဒါယကာနတ်သား ငါသည် ရပ်တည်မနေပဲ အားမထုတ်ပဲ သံသရာအယဉ် 'ဩဃ'ကို ကူးမြောက်ခဲ့၏ ဟု(မိန့်တော်မူ၏၊)"အသျှင်.... အသျှင်ဘုရားသည် အဘယ်သို့လျှင် ရပ်တည်မနေပဲ အားမထုတ်ပဲ သံသရာအယဉ် 'ဩဃ'ကို ကူးမြောက်တော်မူခဲ့ပါသနည်း"ဟု (လျှောက်၏၊) ဒါယကာနတ်သား....ငါသည် အကြင်အခါ၌ ရပ်တည်နေ၏၊ ထိုအခါ နစ်မြုပ်ရ၏၊ အကြင်အခါ၌ အားထုတ်၏၊ ထိုအခါ မျောပါးရ၏၊ ဒါယကာ နတ်သား ဤသို့လျှင် ငါသည် ရပ်တည်မနေပဲ အားမထုတ်ပဲ သံသရာအယဉ်ကိုကူးမြောက်ခဲ့၏ဟု (ဟောတော်မူ၏)။

သံ မြန် ၁—၃—ပ၊မ၊ထ ၈

http://www.dhammadownload.com



"သတ္တလောက၌ ရပ်တည်မနေပဲ အားမထုတ်ပဲ တဏှာကို ကူးမြောက်တော်မူပြီးသော မကောင်းမှုမှ အပပြုပြီးသော (ကိလေသာ) ငြိမ်းအေးတော်မူပြီးသော မြတ်စွာဘုရားကို ကြာမြင့်မှပင် ဖူးမြင်ရလေစွတကား"

ထိုနတ်သားသည် ဤစကားကို လျှောက်ထား၏၊ မြတ်စွာဘုရားသည် နှစ်သက် (လက်ခံ) တော်မူ၏၊ ထိုအခါ ထိုနတ်သားသည် "ငါ့အား မြတ်စွာဘုရားသည် နှစ်သက် (လက်ခံ)တော်မူ၏" ဟု သိ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ထိုအရပ်၌ပင် ကွယ်ပျောက်လေ၏။

## ၂-နိမောက္ခသုတ်

၂။ သာဝတ္ထိနိဒါန်း။ ထိုအခါ နတ်သားတယောက်သည် ညဉ့်ဦးယံ လွန်ပြီးသော(သန်းကောင်ယံ) အချိန်၌ အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန်တကျောင်းလုံးကို (ကိုယ်ရောင် ကိုယ်ဝါဖြင့်) ထွန်းလင်းစေလျက် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ရပ်တည်ကာ မြတ်စွာဘုရားအား "အသျှင်... အသျှင်ဘုရားသည် သတ္တဝါတို့၏ (ကိလေသာမှ) အကြွင်းမဲ့ လွတ်မြောက်ခြင်း လုံးဝ လွတ်မြောက်ခြင်း ကင်းဆိတ်ခြင်းကို သိပါ၏လော" ဟု ဤစကားကို လျှောက်၏၊ ဒါယကာနတ်သား ငါသည် သတ္တဝါတို့၏ (ကိလေသာမှ) အကြွင်းမဲ့ လွတ်မြောက်ခြင်း လုံးဝ လွတ်မြောက်ခြင်း ကင်းဆိတ်ခြင်းကို သိသည်သာတည်း ဟု (မိန့်တော်မူ၏)၊ "အသျှင်....အသျှင်ဘုရားသည် အဘယ်အကြောင်းကြောင့်လျှင် သတ္တဝါတို့၏ (ကိလေသာမှ) အကြွင်းမဲ့ လွတ်မြောက်ခြင်း လုံးဝလွတ်မြောက်ခြင်း ကင်းဆိတ်ခြင်းကို သိပါသနည်း"ဟု လျှောက်၏။

နှစ်သက်မှု(တဏှာ)လျှင် အရင်းရှိသည့် ကမ္မဘဝ ကုန်ခြင်းကြောင့် မှတ်သားမှု'သညာ' အထူးသိမှု 'ဝိညာဏ်'တို့၏ ကုန်ခြင်းကြောင့် ခံစားမှု 'ဝေဒနာ'တို့၏ ချုပ်ခြင်း ငြိမ်းခြင်းကြောင့် သိ၏၊ ဒါယကာနတ်သား .. ဤသို့လျှင် ငါသည် သတ္တဝါတို့၏ (ကိလေသာမှ) အကြွင်းမဲ့ လွတ်မြောက်ခြင်း လုံးဝ လွတ်မြောက်ခြင်း ကင်းဆိတ်ခြင်းကို သိ၏ဟု (မိန့်တော်မူ၏)။

## ၃-ဥပနီယသုတ်

၃။ သာဝတ္ထိနိဒါန်း။ ထိုနတ်သားသည် တခုသောနေရာ၌ ရပ်တည်ကာ မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏—

"(အိုခြင်းတရားသည်) အသက်ကို (သေခြင်း၏)အနီးသို့ ဆောင်အပ်၏၊ (သတ္တဝါတို့၏) အသက်သည် နည်းငယ် တိုတောင်းလှ၏၊ အိုခြင်းတရားသည် (သေခြင်း၏) အနီးသို့ ဆောင်အပ်သော သူအား ကိုးကွယ်ရာတို့သည် မရှိကုန်၊ (ပညာရှိသည်)သေခြင်းတရား၌ ထိုကြောက်ဖွယ်ဘေး သုံးမျိုးကို ရှုသည်ဖြစ်၍ ချမ်းသာကို ဆောင်တတ်သော ကောင်းမှုတို့ကို ပြုရာ၏"ဟု (လျှောက်၏)။

(အိုခြင်းတရားသည်) အသက်ကို (သေခြင်း၏) အနီးသို့ ဆောင်အပ်၏၊ (သတ္တဝါတို့၏) အသက်သည် နည်းငယ် တိုတောင်းလှ၏၊ အိုခြင်းတရားသည် (သေခြင်း၏) အနီးသို့ ဆောင်အပ်သော သူအား ကိုးကွယ်ရာတို့သည် မရှိကုန်၊ ငြိမ်းချမ်းရာ (နိဗ္ဗာန်)ကို အလို

http://www.dhammadownload.com



ရှိသူသည် သေခြင်း၌ ထိုကြောက်ဖွယ် ဘေးသုံးမျိုးကို ရှုသည်ဖြစ်၍ လောကာမိသ (တေဘူမကဝဋ်)ကို စွန့်ရာ၏ ဟု (ဟောတော်မူ၏)။

## ၄-အစ္စေန္တိသုတ်

၄။ သာဝတ္ထိနိဒါန်း။ ထိုနတ်သားသည် တခုသော နေရာ၌ ရပ်တည်ကာ မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏–

"အချိန်အခါတို့သည် (ပုဂ္ဂိုလ်ကို)လွန်ကုန်၏၊ ညဉ့်တို့သည် (ပုဂ္ဂိုလ်ကို)လွန်ကုန်၏၊ (ပဌမ မဇ္ဈိမ ပစ္ဆိမ)အရွယ်အစုတို့သည် (ပုဂ္ဂိုလ်ကို) အစဉ်အတိုင်း စွန့်ကုန်၏၊ (ပညာရှိသည်) သေခြင်း၌ ထိုကြောက်ဖွယ် ဘေးသုံးမျိုးကို ရှုသည်ဖြစ်၍ ချမ်းသာကိုဆောင်တတ်သော ကောင်းမှုတို့ကို ပြုရာ၏" ဟု (လျှောက်၏)။

အချိန်အခါတို့သည်(ပုဂ္ဂိုလ်)ကိုလွန်ကုန်၏၊ ညဉ့်တို့သည် (ပုဂ္ဂိုလ်ကို)လွန်ကုန်၏၊ (ပဌမ မဇ္ဈိမ ပစ္ဆိမ)အရွယ်အစုတို့သည် (ပုဂ္ဂိုလ်ကို)အစဉ်အတိုင်း စွန့်ကုန်၏၊ ငြိမ်းချမ်းရာ(နိဗ္ဗာန်)ကို အလိုရှိသူသည် သေခြင်း၌ ထိုကြောက်ဖွယ် ဘေးသုံးမျိုးကို ရှုသည်ဖြစ်၍ လောကာမိသ (တေဘူမကဝဋ်)ကို စွန့်ရာ၏ ဟု(ဟောတော်မူ၏)။

## ၅-ကတိဆိန္ဒသုတ်

၅။ သာဝတ္ထိနိဒါန်း။ ထိုနတ်သားသည် တခုသော နေရာ၌ရပ်တည်ကာ မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏–

"အဘယ်မျှသော တရားတို့ကို ဖြတ်ရာပါသနည်း၊ အဘယ်မျှသောတရားတို့ကို စွန့်ရာပါသနည်း၊ အဘယ်မျှသော တရားတို့ကို ထို့ထက်အလွန်ပွါးများရာပါသနည်း၊ အဘယ်မျှသော ငြိကပ်မှုကို လွန်မြောက်နိုင်သည့် ရဟန်းကို 'သံသရာအယဉ်မှ ကူးမြောက်သောရဟန်း' ဟူ၍ ဆိုအပ်ပါသနည်း" ဟု(လျှောက်၏)။

အောက်ပိုင်း သံယောဇဉ် ငါးမျိုးတို့ကို ဖြတ်ရာ၏၊ အထက်ပိုင်း သံယောဇဉ်ငါးမျိုးတို့ကို စွန့်ရာ၏၊ (သဒ္ဓါစသော ဣန္ဒြေ)ငါးမျိုးတို့ကို ထို့ထက် အလွန် ပွါးများရာ၏၊ (လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိ ဟူကုန်သော)ကပ်ငြိမှု ငါးမျိုးတို့ကို လွန်မြောက်နိုင်သည့် ရဟန်းကို "သံသရာ အယဉ်မှ ကူးမြောက်သော ရဟန်း"ဟူ၍ ဆိုအပ်၏ ဟု (ဟောတော်မူ၏)။

## ၆-ဇာဂရသုတ်

၆။ သာဝတ္ထိနိဒါန်း။ ထိုနတ်သားသည် တခုသော နေရာ၌ ရပ်တည်ကာ မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏–

"နိုးကြားသည့် တရားတို့၌ အဘယ်မျှသော တရားတို့သည် အိပ်ပျော်သည်တို့ မည်ပါကုန်သနည်း၊ အိပ်ပျော်သည့် တရားတို့၌ အဘယ်မျှသော တရားတို့သည် နိုးကြားသည်တို့ မည်ပါကုန်သနည်း၊ အဘယ်မျှသော တရားတို့ဖြင့် (ကိလေသာ) မြူကို ဆွဲယူ သုံးသပ်ပါသနည်း၊ အဘယ်မျှသော တရားတို့ဖြင့် စင်ကြယ်နိုင်ပါသနည်း" ဟု (လျှောက်၏)၊

http://www.dhammadownload.com



နိုးကြားသည့် တရားတို့၌ နီဝရဏ ငါးမျိုးတို့သည် အိပ်ပျော်သည်တို့ မည်ကုန်၏၊ အိပ်ပျော်သည့် တရားတို့၌ (ဣန္ဒြေ)ငါးမျိုးတို့သည် နိုးကြားသည်တို့ မည်ကုန်၏၊ နီဝရဏငါးမျိုးတို့ဖြင့် ကိလေသာ မြူကိုဆွဲယူသုံးသပ်၏၊ (ဣန္ဒြေ) ငါးမျိုးတို့ဖြင့် စင်ကြယ်နိုင်၏ ဟု (ဟောတော်မူ၏)။

## ၇-အပ္ပဋိဝိဒိတ သုတ်

၇။ သာဝတ္ထိနိဒါန်း။ ထိုနတ်သားသည် တခုသော နေရာ၌ ရပ်တည်ကာ မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏-

"အကြင်သူတို့သည် (သစ္စာလေးပါး) တရားတို့ကို (ဉာဏ်ဖြင့်) ထိုးထွင်း၍ မသိနိုင်ကုန်၊ မိစ္ဆာအယူတို့သို့လည်း ကပ်ရောက်ကုန်၏၊ ထိုသူတို့သည် အိပ်ပျော်သည်တို့ မည်ကုန်၏၊ မနိုးကြားကုန်၊ ထိုသူတို့အား နိုးကြားရန် အခါ တန်ပါပြီ" ဟု (လျှောက်၏)။

အကြင်သူတို့သည် (သစ္စာလေးပါး) တရားတို့ကို ကောင်းစွာ ထိုးထွင်း၍ သိနိုင်ကြကုန်၏၊ မိစ္ဆာအယူတို့သို့လည်း မကပ်ရောက်ကုန်၊ ထိုသူတို့သည် ကောင်းစွာ နိုးကြားကုန်လျက် သင့်သော အကြောင်းအားဖြင့် သိကြ၍ မညီမညွတ်သော လောက၌ အညီအညွတ် ကျင့်ကုန်၏ ဟု (ဟောတော်မူ၏)။

## ၈-သုသမ္မုဋ္ဌသုတ်

၈။ သာဝတ္ထိနိဒါန်း။ ထိုနတ်သားသည် တခုသော နေရာ၌ ရပ်တည်ကာ မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏-

"အကြင်သူတို့အား (သစ္စာလေးပါး)တရားတို့သည် ပျောက်ပျက်ကုန်၏၊ မိစ္ဆာအယူတို့သို့လည်း ကပ်ရောက်ကုန်၏၊ ထိုသူတို့သည် အိပ်ပျော်သည်တို့ မည်ကုန်၏၊ မနိုးကြားကုန်၊ ထိုသူတို့အား နိုးကြားရန် အခါတန်ပါပြီ" ဟု (လျှောက်၏)။

အကြင်သူတို့အား (သစ္စာလေးပါး) တရားတို့သည် မပျောက်ပျက်ကုန်၊ မိစ္ဆာအယူတို့သို့လည်း မကပ်ရောက်ကုန်၊ ထိုသူတို့သည် ကောင်းစွာ နိုးကြားကုန်လျက် သင့်သော အကြောင်းအားဖြင့် သိကြ၍ မညီမညွတ်သော လောက၌ အညီအညွတ် ကျင့်ကုန်၏ ဟု (ဟောတော်မူ၏)။

## ၉-မာနကာမသုတ်

၉။ သာဝတ္ထိနိဒါန်း။ ထိုနတ်သားသည် တခုသော နေရာ၌ ရပ်တည်ကာ မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏-

"ဤလောက၌ ထောင်လွှားမှု 'မာန'ကို လိုလားသူအား တည်ကြည်မှုနှင့် စပ်သော ဆုံးမကြောင်း တရားသည် မရှိနိုင်၊ တည်ကြည်မှု မရှိသူအား (သစ္စာလေးပါးကို) သိသော မဂ်ဉာဏ်သည် မရှိနိုင်၊ တော၌ တယောက်တည်းနေလျက် မေ့လျော့သောသူသည် သေခြင်း၏ တည်ရာ(တေဘူမကဝဋ်)၏ တဖက်ကမ်း (နိဗ္ဗာန်)သို့ မကူးမြောက်နိုင်ရာ" ဟု (လျှောက်၏)။

http://www.dhammadownload.com



ထောင်လွှားမှု'မာန'ကို ပယ်၍ ကောင်းစွာ တည်ကြည်သော စိတ်ရှိသော ကောင်းသော စိတ်ရှိသော မမေ့မလျော့သော ထိုသူသည် အလုံးစုံသော ခန္ဓာ စသည်တို့၌ (တပ်မက်မှုမှ) ကင်းလွတ်သည် ဖြစ်၍ တော၌ တယောက်ဘည်း နေလျက် သေခြင်း၏ တည်ရာ (တေဘူမက ဝဋ်)၏ တဖက်ကမ်း (နိဗ္ဗာန်)သို့ ကူးမြောက်နိုင်ရာ၏ ဟု (ဟောတော်မူ၏)။

## ၁၀-အရညသုတ်

၁၀။ သာဝတ္ထိနိဒါန်း။ ထိုနတ်သားသည် တခုသော နေရာ၌ ရပ်တည်ကာ မြတ်စွာဘုရားကို ဂါထာဖြင့် လျှောက်၏—

"တော၌ နေကုန်သော (ကိလေသာ)ငြိမ်းအေး၍ အကျင့်မြတ်ကိုကျင့်ကုန်သော အသျှင် တို့အား ဆွမ်းတထပ်သာ သုံးဆောင်ကြပါကုန်လျက် အဘယ်အကြောင်းကြောင့် ကိုယ်အရေ အဆင်းသည် ကြည်လင်ပါသနည်း"ဟု (လျှောက်၏)။

(အကြင် အသျှင်တို့သည်) လွန်ပြီး(လာဘ်)ကို မစိုးရိမ်ကုန်၊ မရောက်သေးသော(လာဘ်) ကို မတောင့်တကုန်၊ ဖြစ်ဆဲ (လာဘ်) တို့ဖြင့်သာ မျှတကုန်၏။ ထိုအကြောင်းကြောင့် (ထိုအသျှင်တို့အား) ကိုယ်အရေ အဆင်းသည် ကြည်လင်၏။

မရောက်သေးသော (လာဘ်)ကို တောင့်တခြင်းကြောင့်၎င်း လွန်ပြီး (လာဘ်)ကို စိုးရိမ် ခြင်းကြောင့်၎င်း ထိုအကြောင်း နှစ်မျိုးကြောင့် သူမိုက်တို့သည် ရိတ်ဖြတ်အပ်ပြီးသော စိမ်းစိုသော ကျူပေါက်ကဲ့သို့ ခြောက်ကပ်ကုန်၏ ဟု (ဟောတော်မူ၏)။

ရှေးဦးစွာသော နဠဝဂ် ပြီး၏။

---

## ၂-နန္ဒနဝဂ် ၁-နန္ဒနသုတ်

၁၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်-အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိ ပြည် အနာထပိဏ်သူဌေး၏ အရံ ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု ခေါ်တော်မူ၏၊ "အသျှင်ဘုရား"ဟု ထိုရဟန်း တို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ ရှေး၌ ဖြစ်ဘူးသည်ကား တာဝတိံသာနတ်ပြည်၌ ဖြစ်သော နတ်သားတယောက် သည် နန္ဒဝန်ဥယျာဉ်၌ နတ်သမီးအပေါင်း ခြံရံလျက် နတ်၌ဖြစ်ကုန်သော ကာမဂုဏ် ငါးမျိုး တို့ဖြင့် ကိုလုံပြည့်စုံစွာ ပျော်မွေ့ စံပယ်နေစဉ် ထိုအချိန်၌ ဤဂါထာကို ရွတ်ဆို၏—

"အကြင်သူတို့သည် များသော အခြံအရံ ရှိကုန်သော သုံးကျိပ်ကုန်သော နတ်သားတို့၏ နေရာ နန္ဒဝန်ဥယျာဉ်ကို မမြင်ဘူးကုန်၊ ထိုသူတို့သည် ချမ်းသာကို မသိကုန်" ဟု (ရွတ်ဆို၏)။ ရဟန်းတို့ ဤသို့ ဆိုသည်ရှိသော် နတ်သားတယောက်သည် ထိုနတ်သားကို ဂါထာဖြင့် ပြန်၍ ရွတ်ဆို၏—

"နတ်မိုက် ရဟန္တာတို့၏ စကားကို(ဆိုလိုသော)အခြင်းအရာဖြင့် သင်မသိ၊ပြုပြင်စီရင်အပ် သော'သင်္ခါရ'တရားအားလုံးတို့သည်အမြဲမရှိကုန်၊ဖြစ်တတ် ပျက်တတ်သောသဘောရှိကုန်၏၊

http://www.dhammadownload.com



ဖြစ်ပြီးလျှင် ချုပ်ကုန်၏၊ ထိုသခ်ါရတရားတို့၏ ငြိမ်းရာ (နိဗ္ဗာန်) သည်သာ ချမ်းသာ၏''ဟု (ပြန်၍ရွတ်ဆို၏)။

## ၂-နန္ဒတိသုတ်

၁၂။ သာဝတ္ထိနိဒါန်း။ ထိုနတ်သားသည် တခုသော နေရာ၌ ရပ်တည်ကာ မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏—

''သားသမီး များစွာရှိသူသည် သားသမီးတို့ဖြင့် နှစ်သက်ရ၏၊ ထို့အတူသာလျှင် နွားများစွာရှိသူသည် နွားတို့ဖြင့် နှစ်သက်ရ၏၊ လူအပေါင်းအား ကာမချမ်းသာ၏ တည်ရာ (ဥပဓိ)တို့ဖြင့် နှစ်သက်ရ၏၊ အကြင်သူသည် ကာမချမ်းသာ၏ တည်ရာ (ဥပဓိ)မရှိ၊ ထိုသူသည် မနှစ်သက်ရသည်သာတည်း''ဟု (လျှောက်၏)။

သားသမီး များစွာရှိသူသည် သားသမီးတို့ဖြင့် စိုးရိမ်ရ၏၊ ထို့အတူသာလျှင် နွားများစွာရှိသူသည် နွားတို့ဖြင့် စိုးရိမ်ရ၏၊ လူအပေါင်းအား ကာမချမ်းသာ၏ တည်ရာ(ဥပဓိ)တို့ဖြင့် စိုးရိမ်ရ၏၊ အကြင်သူသည် ကာမချမ်းသာ၏ တည်ရာ (ဥပဓိ)မရှိ၊ ထိုသူသည် မစိုးရိမ်ရသည် [illegible]း ဟု (ဟောတော်မူ၏)။

## ၃-နတ္ထိပုတ္တသမသုတ်

၁၃။ သာဝတ္ထိနိဒါန်း။ ထိုနတ်သားသည် တခုသော နေရာ၌ ရပ်တည်ကာ မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏—

''သားသမီး(ကို ချစ်ခင်မှု)နှင့် တူသော ချစ်ခင်မှုမျိုးသည် မရှိ၊ နွား(ဟူသော ဥစ္စာ)နှင့် တူသော ဥစ္စာမျိုးသည် မရှိ၊ နေ(၏ အရောင်)နှင့် တူသော အရောင်မျိုးသည် မရှိ၊ သမုဒ္ဒရာ ထက် လွန်ကဲသော အိုင်မည်သည် မရှိ''ဟု (လျှောက်၏)။

မိမိကိုယ် (ကို ချစ်ခင်မှု)နှင့် တူသော ချစ်ခင်မှုမျိုးသည် မရှိ၊ စပါး (ဟူသော ဥစ္စာ)နှင့် တူသော ဥစ္စာမျိုးသည် မရှိ၊ ပညာ(၏ အရောင်)နှင့် တူသောအရောင်မျိုးသည် မရှိ၊ မိုးရေထက် လွန်ကဲသော အိုင်မည်သည် မရှိသည်သာတည်း ဟု (ဟောတော်မူ၏)။

## ၄-ခတ္တိယသုတ်

၁၄။ ''အခြေနှစ်ချောင်း ရှိသူတို့တွင် မင်းသည် လွန်မြတ်၏၊အခြေလေးချောင်းရှိ သတ္တဝါတို့တွင် နွားလားဥသဘသည် လွန်မြတ်၏၊ မယားတို့တွင် ပျိုမျစ်နုနယ်သော သတို့သမီးသည် လွန်မြတ်၏၊ သားတို့တွင် ရှေးဦးစွာ မွေးဖွားသော သားသည် လွန်မြတ်၏''ဟု(လျှောက်၏)။

အခြေနှစ်ချောင်းရှိသူတို့တွင် မြတ်စွာဘုရားသည် လွန်မြတ်၏၊ အခြေလေးချောင်းရှိ သတ္တဝါတို့တွင် (ဆင်စသော) အာဇာနည်သည် လွန်မြတ်၏၊ မယားတို့တွင် လင်ကို နှစ်သိမ့်စေသော မယားသည် လွန်မြတ်၏၊ သားသမီးတို့တွင် မိဖတို့၏ စကားကို နားထောင်သော သားသမီးသည် လွန်မြတ်၏ ဟု (ဟောတော်မူ၏)။

http://www.dhammadownload.com



### ၅-သဏ္ဍမာနသုတ်

၁၅။ "မွန်းတည့် အချိန်အခါ၌ ငှက်အပေါင်းတို့သည် အပန်းဖြေ နားနေကုန်သည်ရှိသော် တောအုပ်ကြီးသည် ပြင်းထန်သော အသံကိုပြုသကဲ့သို့ဖြစ်၏၊ ထိုအသံသည် ကြောက်မက်ဖွယ်ဟု အကျွန်ုပ်အား ရေးရှုထင်လှ၏"ဟု (လျှောက်၏)။

မွန်းတည့် အချိန်အခါ၌ ငှက်အပေါင်းတို့သည် အပန်းဖြေ နားနေကုန်သည်ရှိသော် တောအုပ်ကြီးသည် ပြင်းထန်သော အသံကို ပြုသကဲ့သို့ ဖြစ်၏၊ ထိုအသံသည် မွေ့လျော်ဖွယ်ဟု ငါ့အား ရေးရှုထင်လှ၏ဟု (ဟောတော်မူ၏)။

### ၆- နိဒ္ဒါတန္ဒီသုတ်

၁၆။ အိပ်ငိုက်ခြင်းသည်၎င်း ပျင်းရိခြင်းသည်၎င်း ကိုယ်လက်ဆန့်ငင်ခြင်းသည်၎င်း မမွေ့လျော်ခြင်းသည်၎င်း ထမင်းဆီယစ်ခြင်းသည်၎င်းရှိ၏၊ ထိုအိပ်ငိုက်ခြင်းစသော ညစ်ညူးခြင်းဖြင့် ဤသောကဥ သတ္တဝါတို့အား အရိယာမဂ်သည် ထင်းရှားမဖြစ်နိုင်"ဟု (လျှောက်၏)။

အိပ်ငိုက်ခြင်းသည်၎င်း ပျင်းရိခြင်းသည်၎င်း ကိုယ်လက်ဆန့်ငင်ခြင်းသည်၎င်း မမွေ့လျော်ခြင်းသည်၎င်း ထမင်းဆီယစ်ခြင်းသည်၎င်းရှိ၏၊ ထိုအိပ်ငိုက်ခြင်းစသော ညစ်ညူးခြင်းကို လုံ့လဖြင့်ပယ်ထုတ်နိုင်ခဲ့သော် အရိယာမဂ်သည်စင်ကြယ်၏ ဟု (ဟောတော်မူ၏)။

### ၇-ဒုက္ကရသုတ်

၁၇။ "မလိမ်မာသူသည်ရဟန်းတရားကို ပြုလည်း ပြုနိုင်ခဲ၏၊ သည်းခံလည်း သည်းခံနိုင်ခဲ၏၊ သူမိုက်သည် အကြင် ရဟန်းတရား၌ ဆုတ်နစ်၏၊ ထို ရဟန်းတရား၌ (မဂ်ရရန်) များးစွာ ကျဉ်းမြောင်းကုန်၏"ဟု (လျှောက်၏)။

ကြံစည်မှုတို့၏ အလိုသို့ လိုက်သူသည် အာရုံတိုင်း အာရုံတိုင်း၌ အကယ်၍ ဆုတ်နစ်ခဲ့မူ (မသင့်သောအားဖြင့် ဖြစ်သော)စိတ်ကို အကယ်၍ မတားမြစ်နိုင်ခဲ့မူ ရဟန်းတရားကို အဘယ်မျှသော ရက်တို့ပတ်လုံး ကျင့်နိုင်ရာအံ့နည်း။

လိပ်သည် အင်္ဂါကြီးငယ်တို့ကို မိမိအခွံ၌ ကောင်းစွာ သိမ်းဆည်းထားသကဲ့သို့ ထို့အတူ ရဟန်းသည် စိတ်၌ဖြစ်သော ကြံစည်မှု (ဝိတက်)တို့ကို ကောင်းစွာ သိမ်းဆည်းလျက် (တဏှာ ဒိဋ္ဌိတို့ကို)မမှီမူ၍ သူတပါးကို မညှဉ်းဆဲပဲ ငြိမ်းအေးသည် ဖြစ်၍ တစုံတယောက် ကိုမျှ ဆပြစ် မဆိုရာ ဟု (ဟောတော်မူ၏)။

### ၈- ဟိရီသုတ်

၁၈။ "အာဇာနည်မြင်းကောင်းသည် ကြိမ်ဝင့်ရုံမျှဖြင့် သိသကဲ့သို့ ထို့အတူ အကြင် ယောကျ်ားသည် အကဲ့ရဲ့မခံရမီ သိ၏၊ အရှက်ဖြင့် (အကုသိုလ်တို့ကို) တားမြစ်နိုင်သော(ထိုသို့သဘောရှိသည့်) တစုံတယောက်သော ယောကျ်ားသည် လောက၌ ရှိပါသလော" ဟု (လျှောက်၏)။

အနည်းငယ်မျှကုန်သော အကြင်ပုဂ္ဂိုလ်တို့သည် အခါခပ်သိမ်း အောက်မေ့မှု 'သတိ'ရှိသည် ဖြစ်၍ အရှက်ဖြင့် (အကုသိုလ်တရားတို့ကို) တားမြစ်ကုန်လျက် သွားကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည်

http://www.dhammadownload.com



ဆင်းရဲ၏ အဆုံး (နိဗ္ဗာန်)သို့ ရောက်၍ မည်ညွတ်သော လောက၌ အညီအမျှ ကျင့်ကုန်၏ ဟု (ဟောတော်မူ၏)။

## ၉- ကုဋိကာသုတ်

၁၉။ "အသျှင် အသို့ပါနည်း၊ အသျှင့်အား နေရာအိမ်သည် မရှိပါသလော၊ အသို့ပါနည်း အသျှင့်အား အသိုက်အအုံသည် မရှိပါသလော၊ အသို့ပါနည်း အသျှင့်အား အမြွေးအယှက် သည် မရှိပါသလော၊ အသို့ပါနည်း အသျှင်သည် အနှောင်အဖွဲ့မှလွတ်သူ ဖြစ်ပါ၏လော" ဟု (လျှောက်၏)။

ဧင်စစ် ငါ့အား နေရာအိမ်သည် မရှိ၊ စင်စစ် ငါ့အား အသိုက်အအုံသည် မရှိ၊ စင်စစ် ငါ့အား အမြွေးအယှက်သည် မရှိ၊ စင်စစ် ငါသည် အနှောင်အဖွဲ့မှ လွတ်သူဖြစ်၏ဟု (မိန့်တော်မူ၏)။

"အသျှင် အဘယ်ကို နေရာအိမ်ဟု အသျှင့်အား အကျွန်ုပ် ဆိုပါသနည်း၊ အဘယ်ကို အသိုက်အအုံဟု အသျှင့်အား အကျွန်ုပ် ဆိုပါသနည်း၊ အဘယ်ကို အမြွေးအယှက်ဟု အသျှင့် အား အကျွန်ုပ် ဆိုပါသနည်း၊ အဘယ်ကို အနှောင်အဖွဲ့ဟု အသျှင့်အား အကျွန်ုပ် ဆိုပါသ နည်း"ဟု (လျှောက်၏)။

"အမိကို နေရာအိမ်ဟု သင်ဆို၏၊ မယားကို အသိုက်အအုံဟု သင်ဆို၏၊ သားသမီးတို့ကို အမြွေးအယှက်တို့ဟု သင်ဆို၏၊ တဏှာကို အနှောင်အဖွဲ့ဟု ငါ့အား သင်ဆို၏"ဟု (ဖြေတော်မူ၏)။

အသျှင့်အား နေရာအိမ် မရှိခြင်းသည် ကောင်းပါပေ၏၊ အသျှင့်အား အသိုက်အအုံမရှိခြင်း သည် ကောင်းပါပေ၏၊ အသျှင့်အား အမြွေးအယှက် မရှိခြင်းသည် ကောင်းပါပေ၏၊ အသျှင် သည် ကောင်းစွာ အနှောင်အဖွဲ့မှ လွတ်မြောက်ပါပေ၏ ဟု (လျှောက်၏)။

## ၁၀-သမိဒ္ဓိသုတ်

၂၀။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ် ပြည် တပေါဒါရုံ ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အသျှင်သမိဒ္ဓိသည် ညဉ့်၏ မိုးသောက်ချိန်၌ စောစောထကာ တပေါဒါမြစ်သို့ ကိုယ်လက်တို့ကို ရေချိုးသုတ်သင်ရန် ချဉ်းကပ် တော်မူ၏၊ တပေါဒါမြစ်၌ ကိုယ်လက်တို့ကို ရေချိုးသုတ်သင်ပြီးနောက် ပြန်တက်၍ ကိုယ်လက်တို့ကို ခြောက်သွေ့စေလျက် သင်္ကန်းတထည်တည်းဖြင့် ရပ်နေတော်မူ၏၊ ထိုအခါ နတ်သမီးတယောက် သည် ပစ္ဆိမယံ လွန်ပြီးသော (မိုးသောက်) အချိန်၌ အလွန် နှစ်သက်ဖွယ်သော အဆင်းရှိသည် ဖြစ်၍ တပေါဒါမြစ် အလုံးကို ထွန်းလင်းစေလျက် အသျှင်သမိဒ္ဓိအထံသို့ ချဉ်းကပ်ပြီးလျှင် ကောင်းကင်၌ရပ်တည်ကာ အသျှင်သမိဒ္ဓိကို ဂါထာဖြင့် လျှောက်၏—

"ရဟန်း အသျှင်သည် (ကာမဂုဏ် ငါးပါးတို့ကို)မခံစားမူ၍ ဆွမ်းခံဘိ၏၊ (ကာမဂုဏ် ငါးပါးတို့ကို ) မခံစားမူ၍ ဆွမ်းမခံပါလင့်၊ ရဟန်း(ကာမဂုဏ် ငါးပါးတို့ကို) ခံစားပြီးမှသာ ဆွမ်းခံပါလော့၊ (ကာမဂုဏ် ခံစားရာ) အချိန်သည် သင့်ကို လွန်၍ မသွားပါစေလင့်"ဟု (လျှောက်၏)။

http://www.dhammadownload.com



(နတ်သမီး)ငါသည်(သေရမည့်)အခါကိုမသိ၊(သေရမည့်)အခါသည် ဖုံးလွှမ်းအပ်သည် ဖြစ်၍ ငါ့အားမထင်၊ထို့ ကြောင့် ငါသည် (ကာမဂုဏ် ငါးပါးတို့ကို)မခံစားမူ၍ ဆွမ်းခံအံ့၊ (တရားအားထုတ်ရာ)အချိန်သည် ငါ့ကိုလွန်၍ မသွားပါစေလင့်ဟု (မိန့်တော်မူ၏)။

ထိုအခါ ထိုနတ်သမီးသည် မြေ၌ရပ်ဘည်၍ အသျှင်သမိဒ္ဓိအား ဤစကားကို ဆို၏၊''ရဟန်း သင်သည် ရဟန်းပြုသည်ကား ငယ်လှသေး၏၊ပျိုနုလှသေး၏၊ မည်းနက်သော ဆံပင်ရှိ၏၊ ပဌမ အရွယ်ဖြစ်၍ အရွယ်ကောင်းနှင့် ပြည့်စုံသည်ဖြစ်ပါလျက် ကာမဂုဏ်တို့၌ ခံစားပျော်ပါးလေ့မရှိခဲ့၊ ရဟန်း လူ့၌ ဖြစ်သော ကာမဂုဏ်တို့ကို ခံစားပါဦးလော့၊ မျက်မှောက်ဖြစ်သည့် ခံစားမှုကို စွန့်၍ နောက်ကာလ၌ဖြစ်မည့် နတ်ကာမဂုဏ်ကို မတောင့်တလင့်''ဟု (ဆို၏)။

နတ်သမီး ငါသည် မျက်မှောက်ဖြစ်သည့် ခံစားမှုကိုစွန့်၍ နောင်ကာလမှဖြစ်မည့်နတ်ကာမ ဂုဏ်ကို မတောင့်တ၊နတ်သမီးစင်စစ်ငါသည် နောင်ကာလမှဖြစ်မည့် နတ်ကာမဂုဏ်ကိုလည်း စွန့်၍ ကိုယ်တိုင်သိမြင်နိုင်သော (လောကုတ္တရာ)အကျိုးကို တောင့်တ၏၊နတ်သမီး မှန်၏၊နောင်ကာလမှ ဖြစ်မည့် ကာမဂုဏ်တို့ကို များသော ဆင်းရဲခြင်း ရှိကုန်၏၊ များသော ပင်ပန်းခြင်းရှိကုန်၏ဟု မြတ်စွာဘုရားဟောတော်မူအပ်ကုန်၏၊ဤကာမဂုဏ်တို့၌ အပြစ်သည်များလှ၏၊ဤ(လောကုတ္တရာ) တရားတော်သည် ကိုယ်တိုင် သိမြင်နိုင်သော တရားဖြစ်၏၊ အခါမလင့် အကျိုးပေး၏၊ လာလှည့် ရှုလှည့်ဟု ဆောင်ပြထိုက်၏၊မိမိကိုယ်ထဲ စိတ်ထဲ၌ ဆောင်ထားထိုက်၏၊ (အရိယာ)ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိထိုက်၏ဟု (မိန့်၏)။

''ရဟန်း အဘယ်သို့လျှင် နောင်ကာလမှ ဖြစ်မည့် ကာမဂုဏ်တို့ကို များသောဆင်းရဲခြင်း ရှိကုန်၏၊များသော ပင်ပန်းခြင်း ရှိကုန်၏ဟု မြတ်စွာဘုရား ဟောတော်မူပါသနည်း၊ဤကာမဂုဏ် ငါးပါးတို့၌ အဘယ်သို့လျှင် အပြစ်များပါသနည်း၊ဤ(လောကုတ္တရာ)တရားသည် အဘယ်သို့လျှင် ကိုယ်တိုင် သိမြင်နိုင်ပါသနည်း၊အခါမလင့် အကျိုးပေးနိုင်ပါသနည်း၊လာလှည့်ရှုလှည့်ဟုဆောင်ပြ ထိုက်ပါသနည်း၊မိမိကိုယ်ထဲ စိတ်ထဲ၌ ဆောင်ထားထိုက်ပါသနည်း၊ (အရိယာ) ပညာရှိတို့သာ ကိုယ်စီ ကိုယ်ငှ သိနိုင်ပါသနည်း''ဟု (လျှောက်၏)။

နတ်သမီးငါသည်သီတင်းငယ်သာဖြစ်၏၊ရဟန်းပြုသည်ကားမကြာသေး၊ယခုမှဤဓမ္မဝိနယ (သာသနာ)သို့ ရောက်လာ၏၊ငါသည် ထိုဓမ္မဝိနယကို အကျယ်တဝင့် မဟောနိုင်၊ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူပြီးသော ဤမြတ်စွာ ဘုရားသည် ရာဇဂြိုဟ်ပြည် တပေါဒါရုံကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထိုမြတ်စွာဘုရားသို့ ချဉ်းကပ်၍ ထိုအကြောင်းကိုမေးလျှောက်လေလော့၊မြတ်စွာဘုရားသည် သင့်အားဖြေကြားသော အခြင်းအရာဖြင့် ထိုအနက်ကို သင် မှတ်လေလော့ ဟု (မိန့်၏)။

ရဟန်း တပါးကုန်သော တန်ခိုးကြီးသော နတ်တို့သည် ခြံရံအပ်သည်ဖြစ်၍အကျွန်ုပ်တို့သည် ထိုမြတ်စွာဘုရားသို့ ချဉ်းကပ်ရန် မလွယ်ပါ၊ ရဟန်း သင်သည် ထိုမြတ်စွာဘုရားသို့ ချဉ်းကပ်၍ ထို အကြောင်းကို အကယ်၍ မေးလျှောက်ပါမူကား အကျွန်ုပ်တို့သည်လည်း တရားနာအံ့သောငှါ လာပါကုန်အံ့ ဟု (လျှောက်၏)။ နတ်သမီး ''ကောင်းပြီ''ဟု အသျှင်သမိဒ္ဓိသည် နတ်သမီးအား ပြန်ကြား၍ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်လျက် ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေကာ မြတ်စွာဘုရားအား ဤစကားကို လျှောက်၏——

အသျှင်ဘုရား အကျွန်ုပ်သည် ဤရာဇဂြိုဟ်ပြည်ဝယ် ညဉ့်၏ မိုးသောက်ချိန်၌ စောစောထကာ တပေါဒါမြစ်သို့ ကိုယ်လက်တို့ကို ရေချိုးသုတ်သင်ရန် ချဉ်းကပ်ပါ၏၊တပေါဒါမြစ်၌ကိုယ်လက်တို့ကို

http://www.dhammadownload.com



ရေချိုးသုတ်သင်ပြီးနောက် ပြန်တက်၍ ကိုယ်လက်တို့ကို ခြောက်သွေ့စေလျက် သင်္ကန်းတထည်တည်းဖြင့် ရပ်နေပါ၏၊ အသျှင်ဘုရား ထိုအခါ နတ်သမီးတယောက်သည် ပဌမယံ လွန်ပြီးသော (မိုးသောက်) အချိန်၌ အလွန် နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ တပေါဒါမြစ်အလုံးကို ထွန်းလင်းစေလျက် အကျွန်ုပ်အထံသို့ ချဉ်းကပ်ပြီးလျှင် ကောင်းကင်၌ ရပ်တည်ကာ ဤဂါထာဖြင့် လျှောက်ပါ၏—

"ရဟန်း အသျှင်သည်(ကာမဂုဏ် ငါးပါးတို့ကို)မခံစားမူ၍ ဆွမ်းခံဘိ၏၊(ကာမဂုဏ် ငါးပါးတို့ကို)မခံစားမူ၍ ဆွမ်းမခံပါလင့်၊ ရဟန်း (ကာမဂုဏ်ငါးပါးတို့ကို) ခံစားပြီးမှသာ ဆွမ်းခံပါလော့၊ (ကာမဂုဏ်ခံစားရာ) အချိန်သည် သင့်ကို လွန်၍'မသွားပါစေလင့်" ဟု (လျှောက်၏)အသျှင်ဘုရား ဤသို့ လျှောက်လတ်သော် အကျွန်ုပ်သည် ထိုနတ်သမီးကို ဂါထာဖြင့် ပြန်၍ဆိုပါ၏—

နတ်သမီး ငါသည် (သေရမည့်)အခါကိုမသိ၊(သေရမည့်)အခါသည် ဖုံးလွှမ်းအပ်သည် ဖြစ်၍ ငါ့အား မထင်၊ ထို့ကြောင့် ငါသည် (ကာမဂုဏ် ငါးပါးတို့ကို) မခံစားမူ၍ ဆွမ်းခံအံ့၊(တရားအားထုတ်ရာ)အချိန်သည် ငါ့ကို လွန်၍ မသွားပါစေလင့်ဟု (ဆိုပါ၏)။

အသျှင်ဘုရား ထိုအခါထိုနတ်သမီးသည် မြေ၌ရပ်တည်၍အကျွန်ုပ်အား ဤစကားကိုဆိုပါ၏— "ရဟန်း သင်သည် ရဟန်းပြုသည်ကား ငယ်လှသေး၏၊ပျိုနုလှသေး၏၊မည်းနက်သောဆံပင်ရှိ၏၊ ပဌမအရွယ်ဖြစ်၍ အရွယ်ကောင်းနှင့် ပြည့်စုံသည်ဖြစ်ပါလျက် ကာမဂုဏ်တို့၌ ခံစားပျော်ပါးလေ့ မရှိခဲ့၊ ရဟန်း လူ့ဘ၌ဖြစ်သောကာမဂုဏ်တို့ကိုခံစားပါဦးလော့၊မျက်မှောက်ဖြစ်သည့်ခံစားမှုကို စွန့်၍ နောင်ကာလ၌ ဖြစ်မည့် နတ်ကာမဂုဏ်ကို မတောင့်တလင့်"ဟု ဆိုပါ၏။

အသျှင်ဘုရား ဤသို့ ဆိုသည်ရှိသော် အကျွန်ုပ်သည် ထိုနတ်သမီးအား ဤစကားကို ဆိုပါ၏—နတ်သမီး ငါသည် မျက်မှောက်ဖြစ်သည့် ခံစားမှုကို စွန့်၍ နောင်ကာလမှဖြစ်မည့် နတ်ကာမဂုဏ်ကို မတောင့်တ၊ နတ်သမီး စင်စစ် ငါသည် နောင်ကာလမှ ဖြစ်မည့် နတ်ကာမဂုဏ်ကိုလည်း စွန့်၍ ကိုယ်တိုင် သိမြင်နိုင်သော(လောကုတ္တရာ)အကျိုးကို တောင့်တ၏၊နတ်သမီး မှန်၏၊ နောင်ကာလမှ ဖြစ်မည့် ကာမဂုဏ်တို့ကို များသော ဆင်းရဲခြင်း ရှိကုန်၏၊များသော ပင်ပန်းခြင်း ရှိကုန်၏ ဟု မြတ်စွာဘုရား ဟောတော်မူအပ်ကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်သည် များလှ၏၊ ဤ(လောကုတ္တရာ)တရားတော်သည် ကိုယ်တိုင် သိမြင်နိုင်သော တရားဖြစ်၏၊အခါမလင့် အကျိုးပေး၏၊ လာလှည့် ရှုလှည့် ဟု ဆောင်ပြထိုက်၏၊ မိမိကိုယ်ထဲ စိတ်ထဲ၌ ဆောင်ထားထိုက်၏၊ (အရိယာ)ပညာရှိတို့သာ ကိုယ်စီ ကိုယ်ငှ သိထိုက်၏ဟု (ဆိုပါ၏)။

အသျှင်ဘုရား ဤသို့ ဆိုသည်ရှိသော် နတ်သမီးသည် အကျွန်ုပ်အား ဤစကားကိုဆိုပါ၏— "ရဟန်း အဘယ်သို့လျှင် နောင်ကာလမှ ဖြစ်မည့် ကာမဂုဏ်တို့ကို များသော ဆင်းရဲခြင်းရှိကုန်၏၊ များသော ပင်ပန်းခြင်း ရှိကုန်၏ဟု မြတ်စွာဘုရား ဟောတော်မူပါသနည်း၊ ဤကာမဂုဏ်ငါးပါးတို့၌ အဘယ်သို့လျှင် အပြစ်များပါသနည်း၊ ဤ (လောကုတ္တရာ)တရားသည် အဘယ်သို့လျှင် ကိုယ်တိုင် သိမြင်နိုင်ပါသနည်း၊ အခါမလင့်အကျိုးပေးနိုင်ပါသနည်း၊လာလှည့်ရှုလှည့်ဟု ဆောင်ပြထိုက်ပါသနည်း၊မိမိကိုယ်ထဲ စိတ်ထဲ၌ဆောင်ထားထိုက်ပါသနည်း၊(အရိယာ)ပညာရှိတို့သာ ကိုယ်စီ ကိုယ်ငှ သိနိုင်ပါသနည်း"ဟု (လျှောက်ပါ၏)။

http://www.dhammadownload.com



အသျှင်ဘုရား ဤသို့ လျှောက်သည်ရှိသော် အကျွန်ုပ်သည် ထိုနတ်သမီးအား ဤစကားကို ဆိုပါ၏—"နတ်သမီး ငါသည် သီတင်းငယ်သာ ဖြစ်၏၊ ရဟန်းပြုသည်ကား မကြာသေး၊ ယခုမှ ဤဓမ္မဝိနယ(သာသနာ)သို့ ရောက်လာ၏၊ငါသည် ထိုဓမ္မဝိနယကိုအကျယ်တဝင့်မဟောနိုင်၊ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူပြီးသော ဤမြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် တပေါဒါရုံကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ထိုမြတ်စွာဘုရားသို့ ချဉ်းကပ်၍ ထိုအကြောင်းကို မေးလျှောက်လေလော့၊ မြတ်စွာဘုရားသည် သင့်အား ဖြေကြားသော အခြင်းအရာဖြင့် ထိုအနက်ကို သင်မှတ်လေလော့"ဟု (ဆိုခဲ့ပါ၏)။

အသျှင်ဘုရား ဤသို့ ဆိုသည်ရှိသော် ထိုနတ်သမီးသည်အကျွန်ုပ်အား"ရဟန်း တပါးကုန်သော တန်ခိုးကြီးသောနတ်တို့သည်ခြံရံအပ်သည်ဖြစ်၍အကျွန်ုပ်တို့သည် ထိုမြတ်စွာဘုရားသို့ ချဉ်းကပ်ရန် မလွယ်ပါ၊ ရဟန်း သင်သည် ထိုမြတ်စွာဘုရားကို ချဉ်းကပ်၍ ထိုအကြောင်းကို အကယ်၍မေးပါမူကား အကျွန်ုပ်တို့သည်လည်း တရားနာအံ့သောငှါ လာပါကုန်အံ့"ဟု ဤစကားကိုလျှောက်ပါ၏၊ အသျှင်ဘုရား ထိုနတ်သမီး၏ စကားသည် အကယ်၍ မှန်သည် ဖြစ်အံ့၊ ထိုနတ်သမီးသည်မနီးမဝေးသော ဤအရပ်၌ပင်လျှင် ရှိပါလိမ့်မည်ဟု လျှောက်၏၊ ဤသို့လျှောက်သည်ရှိသော် ထိုနတ်သမီးသည် အသျှင်သမိဒ္ဓိကို"ရဟန်း မေးမြန်းပါလော့ ရဟန်း မေးမြန်းပါလော့ အကျွန်ုပ်ရောက်ပါပြီ"ဟု ဤစကားကိုလျှောက်၏၊ထိုအခါမြတ်စွာဘုရားသည်ထိုနတ်သမီးကို ဂါထာတို့ဖြင့် ဟောတော်မူ၏—

"ခန္ဓာငါးပါးတို့၌(ပုဂ္ဂိုလ်သတ္တဝါ စသည်)အမှတ်ရှိကုန်သည်ဖြစ်၍ ခန္ဓာငါးပါး၌ တည်ကုန်သော သတ္တဝါတို့သည် ခန္ဓာငါးပါးကို ပိုင်းခြား၍မသိသောကြောင့် သေမင်း၏အားထုတ်မှုသို့ လိုက်ရကုန်၏။

ရဟန္တာပုဂ္ဂိုလ်သည် ခန္ဓာငါးပါးကို ပိုင်းခြား၍ သိသောကြောင့်(ပုဂ္ဂိုလ်သတ္တဝါ ဟု)ပြောကြားဖွယ်ကို မမှတ်ထင်၊ အကြင် (ရာဂ စသော) အကြောင်းဖြင့် ထိုသူကို ဆိုငြားအံ့၊ ထို ရဟန္တာပုဂ္ဂိုလ်အား (ထို အကြောင်းသည်) မရှိ၊ မှန်၏၊ ထို (ရာဂစသော)အကြောင်းသည် ထို ရဟန္တာပုဂ္ဂိုလ်အား မဖြစ်။

နတ်သမီး အကယ်၍ သိသည် ဖြစ်အံ့၊ ဆိုလော့"ဟု(မိန့်တော်မူ၏)။

အသျှင်ဘုရား မြတ်စွာဘုရားသည်အကျဉ်းအားဖြင့် ဟောတော်မူအပ်သောဤတရားတော်၏ အနက်ကို အကျယ်အားဖြင့်အကျွန်ုပ်မသိနိုင်ပါ၊အသျှင်ဘုရား တောင်းပန်ပါ၏၊မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် ဟောတော်မူအပ်သော ဤတရားတော်၏ အနက်ကိုအကျယ်အားဖြင့်အကျွန်ုပ် သိနိုင်ရာသော အခြင်းအရာအားဖြင့် အကျွန်ုပ်အား ဟောတော်မူပါဟု (လျှောက်၏)။

"အကြင်ပုဂ္ဂိုလ်သည် (မိမိကိုယ်ကို) တူသူ ဟူ၍ရင်း ထူးကဲသူဟူ၍ရင်း သို့မဟုတ် ယုတ်သူဟူ၍ငှင်း အောက်မေ့၏၊ ထိုပုဂ္ဂိုလ်သည် ထိုမာန်ဖြင့် (အမျိုးအနွယ်ဂုဏ်ကို) ငြင်းခုံရာ၏၊ အကြင်ပုဂ္ဂိုလ်သည် သုံးပါးကုန်သော မာန်တို့၌တုန်လှုပ်ခြင်းမရှိ၊ထိုပုဂ္ဂိုလ်အား တူသူဟူ၍ရင်း ထူးကဲသူ ဟူ၍ရင်း(ယုတ်သူဟူ၍ရင်း) မဖြစ်။

နတ်သမီး အကယ်၍ သိသည်ဖြစ်အံ့၊ ဆိုလော့"ဟု(မိန့်တော်မူ၏)။

အသျှင်ဘုရား မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် ဟောတော်မူအပ်သောဤတရားတော်၏ အနက်ကိုအကျယ်အားဖြင့်အကျွန်ုပ်မသိနိုင်ပါ၊အသျှင်ဘုရားတောင်းပန်ပါ၏၊မြတ်စွာဘုရားသည်

http://www.dhammadownload.com



အကျဉ်းအားဖြင့် ဟောတော်မူအပ်သော ဤတရားတော်၏ အနက်ကိုအကျယ်အားဖြင့်အကျွန်ုပ် သိနိုင်ရာသော အခြင်းအရာအားဖြင့် အကျွန်ုပ်အား ဟောတော်မူပါလော့''ဟု(လျှောက်၏)။

အကြင်ပုဂ္ဂိုလ်သည်(တပ်မက်သူ ပြစ်မှားသူ တွေဝေသူ ဟူသော) ပညတ်ကို ပယ်ပြီးပြီ၊ ကိုးပါးသော ထောင်လွှားမှု 'မာန်'သို့ မကပ်ရောက်၊ ဤနာမ်ရုပ်၌ တပ်မက်မှု 'တဏှာ'ကို ဖြတ်ပြီးပြီ၊ ထုံးဖွဲ့မှု'ဂန္ထ'လေးပါးကို ဖြတ်ပြီးသော ဆင်းရဲမရှိသော တပ်ခြင်း ကင်းသော ထိုပုဂ္ဂိုလ်ကို ရှာဖွေ ကြည့်ရှုကြကုန်သော နတ်တို့သည်၎င်း၊ လူတို့သည်၎င်း၊ဤလောက၌ ၎င်း၊ အခြားလောက၌၎င်း၊ နတ်ပြည်တို့၌၎င်း၊ အလုံးစုံသော နေရာတို့၌၎င်း မတွေ့မမြင်ရကုန်။

နတ်သမီး အကယ်၍ သိသည် ဖြစ်အံ့၊ဆိုလော့ ဟု(မိန့်တော်မူ၏)။

အသျှင်ဘုရား မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် ဟောတော်မူအပ်သောဤတရားတော်၏ အနက်ကို အကျယ်အားဖြင့် အကျွန်ုပ်သည် ဤသို့ သိပါ၏။

အလုံးစုံသော လောက၌ ကိုယ်ဖြင့်၎င်း နှုတ်ဖြင့်၎င်း စိတ်ဖြင့်၎င်း မကောင်းမှုကို စိုးစဉ်းမျှမပြုရာ၊ အောက်မေ့မှု'သတိ' ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' နှင့် ပြည့်စုံသည်ဖြစ်၍ ကာမဂုဏ်တို့ကိုပယ်ပြီးလျှင် အကျိုးစီးပွားနှင့် မစပ်သော ဆင်းရဲကိုမမှီဝဲရာ ဟု(လျှောက်၏)။

နှစ်ခုမြောက် နန္ဒနဝဂ် ပြီး၏။

---

## ၃-သတ္တိဝဂ် ၁-သတ္တိသုတ်

၂၁။ သာဝတ္ထိနိဒါန်း။ ထိုနတ်သားသည် တခုသောနေရာ၌ ရပ်တည်ကာ မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏—

''လှံဖြင့် အထိုးခံရသော သူကဲ့သို့၎င်း ဦးခေါင်း၌ မီးလောင်ခံရသောသူကဲ့သို့၎င်း ရဟန်းသည် ကာမဂုဏ်၌ တပ်စွန်းမှု'ရာဂ'ကို ပယ်ရန် သတိနှင့် ပြည့်စုံသည်ဖြစ်၍ နေရာ၏''ဟု(လျှောက်၏)။

လှံဖြင့် အထိုးခံရသော သူကဲ့သို့၎င်း ဦးခေါင်း၌ မီးလောင်ခံရသောသူကဲ့သို့၎င်း ရဟန်းသည် ပဌမတ္တအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါး၌ အမြင်မှားမှု'သက္ကာယဒိဋ္ဌိ'ကို ပယ်ရန် သတိနှင့်ပြည့်စုံသည်ဖြစ်၍ နေရာ၏ ဟု(မိန့်တော်မူ၏)။

## ၂-ဖုသတိသုတ်

၂၂။ ''(ကံသည်) မတွေ့ထိသော ပုဂ္ဂိုလ်ကို(ကံ၏ အကျိုးဖြစ်သော ဝိပါက်သည်) မတွေ့ထိ၊ ထိုမှတပါး (ကံသည်)တွေ့ထိသော ပုဂ္ဂိုလ်ကို မူကား (ကံ၏ အကျိုးဖြစ်သော ဝိပါက်သည်)တွေ့ထိ၏၊ ထို့ကြောင့် မပြစ်မှားထိုက်သည့် ပုဂ္ဂိုလ်ကို ပြစ်မှားမိ၍(ကံ)တွေ့ထိ သူကို (ကံ၏အကျိုးဖြစ်သော ဝိပါက်သည်)တွေ့ထိ၏''ဟု(လျှောက်၏)။

အကြင်သူသည် မပြစ်မှားထိုက်သော စင်ကြယ်၍(ကိလေသာ) အညစ်အကြေးမရှိသော ရဟန္တာ ဖြစ်သော ပုဂ္ဂိုလ်အား ပြစ်မှား၏၊လေညာသို့ ပစ်လွှင့်အပ်သော သိမ်မွေ့သော မြူသည်

http://www.dhammadownload.com



ပစ်လွှင့်သူထံသို့သာ ပြန်ရောက်သကဲ့သို့ ထို့အတူ ထိုသူမိုက်၏ မကောင်းမှု အကုသိုလ်ကံသည် ထိုသူမိုက်သို့သာ ပြန်ရောက်၏ ဟု (ဟောတော်မူ၏)။

## ၃-ဇဋာသုတ်

၂၃။ "(အသျှင်ဘုရား) အကြင်တဏှာကို ကိုယ်တွင်းသန္တာန်၌ ဖွဲ့ယှက်တတ်သော တဏှာ ကိုယ်ပသန္တာန်၌ ဖွဲ့ယှက်တတ်သော တဏှာ ဟု ဆိုအပ်ပါ၏၊ ထို(ကိုယ်တွင်း ကိုယ်ပ၌ ဖြစ်သော) ဖွဲ့ယှက်တတ်သော တဏှာသည် သတ္တဝါအပေါင်းကို ဖွဲ့ယှက်အပ်ပါ၏၊ ဂေါတမ မြတ်စွာဘုရား အသျှင်ဘုရားအား ထိုအကြောင်းကို မေးလျှောက်ပါ၏၊ ဤဖွဲ့ယှက်တတ်သော တဏှာကို အဘယ်ပုဂ္ဂိုလ်သည် ဖြေရှင်းနိုင်ပါသနည်း" ဟု (လျှောက်၏)။

ပဋိသန္ဓေ ပညာရှိ၍ ပြင်းစွာ အားထုတ်မှုရှိသော ရင့်ကျက်သည့် ပညာရှိသော(သံသရာ ဘေးကို)ရှုလေ့ရှိသော ပုဂ္ဂိုလ်သည် သီလ၌တည်၍(သမာဓိ)စိတ်ကိုရင်း (ဝိပဿနာ)ပညာကို ရင်း ပွားစေလျက် ဤဖွဲ့ယှက်တတ်သော တဏှာကို ဖြေရှင်းနိုင်ရာ၏။

အကြင်ပုဂ္ဂိုလ်တို့အား တပ်စွန်းမှု 'ရာဂ' အမျက်ထွက်မှု 'ဒေါသ' မသိမှု 'အဝိဇ္ဇာ'တို့ ကင်းပြတ်ကုန်၏၊အာသဝကုန်ပြီးဖြစ်၍ ရဟန္တာဖြစ်ကုန်၏၊ထိုပုဂ္ဂိုလ်တို့သည် ဖွဲ့ယှက်တတ်သော တဏှာကို ဖြေရှင်းအပ်ပြီ။

အကြင်နိဗ္ဗာန်၌ နာမ်သည်ရင်း ရုပ်သည်ရင်း ထိပါးမှု ဟူသောအမှတ်'ပဋိဃသညာ'သည် ရင်း ရုပ်၌ဖြစ်သောအမှတ် 'ရူပသညာ'သည်ရင်း အကြွင်းမဲ့ ချုပ်၏၊ ဤနိဗ္ဗာန်၌ ဤဖွဲ့ယှက် တတ်သော တဏှာသည် ကင်းပြတ်၏ ဟု(မိန့်တော်မူ၏)။

## ၄-မနောနိဝါရဏသုတ်

၂၄။ "အကြင်အကြင် ကောင်းမှုမကောင်းမှုမှ စိတ်ကို တားမြစ်ရာ၏၊ ထိုထို ကောင်းမှု မကောင်းမှုကြောင့်ဆင်းရဲသည် ထိုပုဂ္ဂိုလ်သို့မရောက်၊ ထိုပုဂ္ဂိုလ်သည် အလုံးစုံသောကောင်းမှု မကောင်းမှုမှ စိတ်ကိုတားမြစ်ရာ၏၊ ထိုပုဂ္ဂိုလ်သည် အလုံးစုံသော ဆင်းရဲမှလွတ်၏" ဟု (လျှောက်၏)။

အလုံးစုံ ကောင်းမှု မကောင်းမှုမှ စိတ်ကိုမတားမြစ်ရာ၊ စောင့်စည်းခြင်းသို့ ရောက်သော စိတ်ကို မတားမြစ်ရာ၊ အကြင်အကြင် သဘောမှ မကောင်းမှု'စိတ်'ဖြစ်၏၊ ထိုထိုသဘောမှ (မကောင်းမှု)စိတ်ကို တားမြစ်ရာ၏ ဟု(မိန့်တော်မူ၏)။

## ၅-အရဟန္တသုတ်

၂၅။ "အကြင်ရဟန်းသည် ပူဇော်အထူးကိုခံထိုက်၏၊ (မဂ်) ကိစ္စကိုပြုပြီးဖြစ်၏၊ အာသဝ ကုန်ပြီးဖြစ်၏၊ အဆုံးစွန်သော ကိုယ်ကို ဆောင်ပြီးဖြစ်၏၊ ထိုရဟန်းသည် ငါပြောဆို၏ ဟူ၍ လည်းဆိုရာပါသလော၊ ထိုရဟန်းသည် ငါ့ကို (တပါးသူတို့က) ပြောဆိုကုန်၏ ဟူ၍လည်း ဆိုရာပါသလော" ဟု(လျှောက်၏)။

အကြင်ရဟန်းသည် ပူဇော်အထူးကို ခံထိုက်၏၊ (မဂ်)ကိစ္စကိုပြုပြီးဖြစ်၏၊ အာသဝကုန်ပြီး ဖြစ်၏၊ အဆုံးစွန်သော ကိုယ်ကို ဆောင်ပြီး ဖြစ်၏၊ ထိုရဟန်းသည် ငါပြောဆို၏ ဟူ၍လည်း ဆိုရာ၏၊ ထိုရဟန်းသည် ငါ့ကို(တပါးသူတို့က)ပြောဆိုကုန်၏ဟူ၍လည်းဆိုရာ၏၊ လောကဝယ်

http://www.dhammadownload.com



(ခန္ဓာစသည်တို့၌) လိမ္မာသောထိုရဟန်းသည် ခေါ်ဝေါ်အပ်သော အမည်ကိုသိ၍ ခေါ်ဝေါ်မှုမျှဖြင့် ခေါ်ဝေါ်ရာ၏ ဟု (ဖြေတော်မူ၏)။

အကြင် ရဟန်းသည် ပူဇော်အထူးကို ခံထိုက်၏၊ (မဂ်)ကိစ္စကိုပြုပြီးဖြစ်၏၊ အာသဝကုန်ပြီးဖြစ်၏၊ အဆုံးစွန်သောကိုယ်ကို ဆောင်ပြီး ဖြစ်၏၊ ထိုရဟန်းသည် (ကိုးပါးအပြားရှိသော) ထောင်လွှားမှု 'မာန'သို့ ကပ်ရောက်၍ ငါပြောဆို၏ ဟူ၍လည်း ဆိုရာပါသလော၊ ထိုရဟန်းသည် ငါ့ကို (တပါးသူတို့က) ပြောဆိုကုန်၏ ဟူ၍လည်း ဆိုရာပါသလော ဟု (လျှောက်၏)။

ထောင်လွှားမှု'မာန'ကို ပယ်ပြီးသော ရဟန်းအား ထုံးဖွဲ့မှု'ဂန္ထ' တရားတို့သည် မရှိကုန်၊ ထိုရဟန်းသည် အလုံးစုံသောထောင်လွှားမှု 'မာန' ထုံးဖွဲ့မှု 'ဂန္ထ' တို့ကို ဖျက်ဆီးအပ်ကုန်၏၊ ကောင်းသော ပညာရှိသော ထိုရဟန်းသည် (တဏှာ မာန ဒိဋ္ဌိတို့ဖြင့်)မှတ်ထင်မှုကို လွန်မြောက်၏၊ ထိုရဟန်းသည် ငါပြောဆို၏ ဟူ၍လည်း ဆိုရာ၏၊ ထိုရဟန်းသည် ငါ့ကို(တပါးသူတို့က) ပြောဆိုကုန်၏ ဟူ၍လည်းဆိုရာ၏၊ လောကဝယ် (ခန္ဓာစသည်တို့၌) လိမ္မာသော ထိုရဟန်းသည် ခေါ်ဝေါ် အပ်သောအမည်ကို သိ၍ ခေါ်ဝေါ် မှုမျှဖြင့် ခေါ်ဝေါ်ရာ၏ ဟု (ဖြေတော်မူ၏)။

### ၆-ပဇ္ဇောတသုတ်

၂၆။ "အကြင် အရောင်တို့ဖြင့် လောကသည် ထွန်းလင်းတောက်ပ၏၊ လောက၌ ထွန်းလင်းတောက်ပသော ထိုအရောင်တို့သည် အဘယ်မျှ ရှိကုန်သနည်း၊ မြတ်စွာဘုရားကိုမေးခြင်းငှာ ရောက်လာပါကုန်၏၊ ထိုအကြောင်းကို အကျွန်ုပ်တို့သည် အဘယ်သို့သိရပါအံ့နည်း" ဟု (လျှောက်၏)

လောက၌ အရောင်တို့သည် လေးမျိုးရှိကုန်၏၊ဤလောက၌ ငါးခုမြောက် အရောင်သည်မရှိ၊ နေသည် နေ့အခါ၌ ထွန်းလင်းတောက်ပ၏၊ လသည် ညအခါ ထွန်းလင်းတောက်ပ၏၊ ထိုမှတပါး မီးသည် နေ့ရောညပါ ထိုထိုအရပ်၌ ထွန်းလင်းတောက်ပ၏၊ မြတ်စွာဘုရား အရောင်တော်သည် အရောင်တကာတို့ထက် မြတ်၏၊ ထိုမြတ်စွာဘုရားအရောင်တော်သည် အတုမရှိဟု (မိန့်တော်မူ၏)။

### ၇-သရသုတ်

၂၇။ သံသရာအိုင်တို့သည် အဘယ်အရပ်မှ ဆုတ်နစ်ကုန်သနည်း၊ ဝဋ်ဆင်းရဲသည် အဘယ်အရပ်၌ မဖြစ်သနည်း၊ နာမ်သည်၎င်း ရုပ်သည်၎င်း အဘယ်အရပ်၌ အကြွင်းမဲ့ချုပ်သနည်း" ဟု (လျှောက်၏)။

အကြင် (နိဗ္ဗာန်) အရပ်၌ ဖွဲ့စည်းမှု'အာပေါ'ဓာတ်သည်၎င်း ခက်မာမှု(ပထဝီ)ဓာတ်သည်၎င်း ရင့်ကျက်မှု 'တေဇော'ဓာတ်သည်၎င်း ထောက်ကန်မှု 'ဝါယော'ဓာတ်သည်၎င်း မတည်နိုင်၊ ထို(နိဗ္ဗာန်)အရပ်မှ သံသရာအိုင်တို့သည် ဆုတ်နစ်ကုန်၏၊ ဤနိဗ္ဗာန်အရပ်၌ ဝဋ်ဆင်းရဲသည် မဖြစ် ဤနိဗ္ဗာန်အရပ်၌ နာမ်သည်၎င်း ရုပ်သည်၎င်း အကြွင်းမဲ့ချုပ်၏ ဟု (ဖြေတော်မူ၏)။

### ၈-မဟဒ္ဓနသုတ်

၂၈။ "များသော ဥစ္စာရှိကုန်သော များသောအသုံးအဆောင်ရှိကုန်သော နိုင်ငံပိုင်ရှင်ဘုရင်မင်းမြတ်တို့သော်လည်း ကာမဂုဏ်တို့၌ မရောင့်ရဲနိုင်ကုန်သည် ဖြစ်၍ အချင်းချင်းအလွန်တောင့်တမက်မောကုန်၏။

http://www.dhammadownload.com



ဤလောက၌ ကြောင့်ကြမှု ရှိကုန်သော ဘဝအဃည်သို့ အစဉ်လိုက်ကုန်သော ထိုသူတို့တွင် အဘယ်ပုဂ္ဂိုလ်တို့သည် တပ်မက်မှု'တဏှာ'ကို ပယ်စွန့်ကုန်သနည်း၊ အဘယ်ပုဂ္ဂိုလ်တို့သည် လောက၌ ကြောင့်ကြမှု မရှိကြကုန်သနည်း''ဟု (လျှောက်၏)။

(အကြင်ပုဂ္ဂိုလ်တို့သည်) အိမ်ရာထောင်သော ဘဝကို ပယ်စွန့်၍ ချစ်အပ်သော သား သမီးကိုရင်း (နွားစသော) သတ္တဝါကိုရင်း ပယ်စွန့်၍ တပ်စွန်းမှု'ရာဂ'ကိုရင်း အမျက်ထွက်မှု 'ဒေါသ'ကိုရင်း ပယ်စွန့်၍ မသိမှု 'အဝိဇ္ဇာ'ကိုလည်းကင်းပြတ်စေ၍ ရှင်ရဟန်းပြုကြကုန်၏၊ အာသဝေါကုန်ပြီးသော ထိုရဟန္တာပုဂ္ဂိုလ်တို့သည် လောက၌ ကြောင့်ကြ မရှိကုန်ဟု (ဖြေတော်မူ၏)။

## ၉-စတုစက္ကသုတ်

၂၉။ ''ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား (ဣရိယာပုထ်ဟူသော)စက်လေးပါးလည်း ရှိသော ကိုးပါးသော အပေါက် 'ဒွါရ'လည်း ရှိသော (မစင်တို့ဖြင့်) ပြည့်သော လိုချင်မှု'လောဘ'နှင့် စပ်ယှဉ်သော (အမိဝမ်းတိုက်ဟူသော) ညွန်၌ ဖြစ်သော ကိုယ်သည် အဘယ်သို့ထွက်မြောက်မှု ဖြစ်နိုင်လိမ့်မည်နည်း''ဟု (လျှောက်၏)။

ရန်ညိုးဖွဲ့မှုကိုရင်း (ကိလေသာဟူသော) ကြိုးလွန်ကိုရင်း လိုလားမှု'ဣစ္ဆာ'ကိုရင်း ယုတ်ညံ့သောလိုချင်မှု 'လောဘ'ကိုရင်း ဖြတ်၍ တပ်မက်မှု'တဏှာ'ကိုအမြစ်နှင့်တကွ နုတ်ပယ်နိုင်သည်ရှိသော် ဤသို့ ထွက်မြောက်မှု ဖြစ်နိုင်လတ္တံ့ဟု(ဖြေတော်မူ၏)။

## ၁၀-ဧဏိဇင်္ဃသုတ်

၃၀။ ''ဧဏီ မည်သော သား၏ မြင်းခေါင်းနှင့် တူသော မြင်းခေါင်းရှိသော ကြုံသော ကိုယ်ရှိသော လုံ့လရှိသော နည်းသော အာဟာရ ရှိသော လျှပ်ပေါ် မှု ကင်းသော တကောင်တည်း ကျက်စားသော ခြင်္သေ့ကဲ့သို့ရင်း တစီးတည်း လှည့်လည်သော ဆင်ကဲ့သို့ရင်း တပါးတည်း ကျင့်တော်မူသော ကာမဂုဏ်တို့၌ ငဲ့ကွက်မှု ကင်းသော မြတ်စွာဘုရားသို့ ချဉ်းကပ်၍ မေးပါကုန်၏၊ အဘယ်သို့သော အကြောင်းဖြင့် ဆင်းရဲမှ လွတ်နိုင်ပါအံ့နည်း''ဟု (လျှောက်၏)။

လောက၌ စိတ်လျှင် ခြောက်ခုမြောက် ရှိကုန်သော ကာမဂုဏ်ငါးပါးတို့ကို ဟောကြားအပ်ကုန်၏၊ ဤနာမ်ရုပ်တရား၌ လိုချင်မှု 'ဆန္ဒရာဂ'ကို ကင်းပြတ်စေ၍ ဤသို့သော အကြောင်းဖြင့်ဆင်းရဲမှ လွတ်နိုင်၏ ဟု (ဖြေတော်မူ၏)။

သုံးခုမြောက် သတ္တိဝဂ်ပြီး၏။

---

## ၄-သတုလ္လပကာယိကဝဂ် ၁-သဗ္ဘိသုတ်

၃၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်— အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဇေတဝန်ကျောင်းတော်၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ သူတော်ကောင်းတရားကို ဟောပြော၍ နတ်ပြည်၌ ဖြစ်ကုန်သော များစွာကုန်သော နတ်သားတို့သည် အလွန် နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ညဉ့်ဦးယံ လွန်ပြီးသော (သန်ကောင်ယံ) အချိန်၌ ဇေတဝန်တကျောင်းလုံးကို (ကိုယ်ရောင်ကိုယ်ဝါဖြင့်) ထွန်းလင်းစေလျက် မြတ်စွာဘုရား

http://www.dhammadownload.com



အထံသို့ ချဉ်းကပ်ကုန်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော အရပ်၌ ရပ်တည်ကြကုန်၏၊ တခုသော အရပ်၌ ရပ်တည်ပြီးသော နတ်သားတဦးသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကိုလျှောက်၏—

"သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏၊ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏၊ သူတော်ကောင်းတို့၏ တရားကို သိသည်ရှိသော် မြတ်၏၊ မယုတ်မာ" ဟု (လျှောက်၏)။

ထိုအခါ တပါးသော နတ်သားသည် မြတ်စွာဘုရား၏ထံတော်ပါး၌ဤဂါထာကိုလျှောက်၏—

"သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏၊ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏၊ သူတော်ကောင်းတို့၏တရားကို သိသည်ရှိသော် ပညာကို ရနိုင်၏၊အခြား(သူမိုက်) ထံမှ ပညာကို မရနိုင်"ဟု (လျှောက်၏)။

ထိုအခါ တပါးသောနတ်သားသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကိုလျှောက်၏—

"သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏၊သူတော်ကောင်းတို့နှင့်ပေါင်းဖော်ခြင်းကို ပြုရာ၏၊ သူတော်ကောင်းတို့၏ တရားကို သိသည်ရှိသော် ပူဆွေးသူတို့၏အလယ်၌မပူဆွေးရ"ဟု (လျှောက်၏)။

ထိုအခါ တပါးသောနတ်သားသည် မြတ်စွာဘုရား၏ထံတော်ပါး၌ ဤဂါထာကိုလျှောက်၏—

"သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏၊ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏၊ သူတော်ကောင်းတို့၏ တရားကို သိသည်ရှိသော် ဆွေမျိုးတို့၏ အလယ်၌ တင့်တယ်၏"ဟု (လျှောက်၏)။

ထိုအခါ တပါးသောနတ်သားသည် မြတ်စွာဘုရား၏ထံတော်ပါး၌ ဤဂါထာကိုလျှောက်၏—

"သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏၊ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကိုပြုရာ၏၊သူတော်ကောင်းတို့၏တရားကို သိသည်ရှိသော် သတ္တဝါတို့သည် ကောင်းသောလားရာ (သုဂတိ)ဘဝသို့ ရောက်ရကုန်၏"ဟု (လျှောက်၏)။

ထိုအခါ တပါးသောနတ်သားသည် မြတ်စွာဘုရား၏ထံတော်ပါး၌ ဤဂါထာကိုလျှောက်၏—

"သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏၊ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏၊ သူတော်ကောင်းတို့၏ တရားကို သိသည်ရှိသော် သတ္တဝါတို့သည် အမြဲမပြတ်ချမ်းသာစွာ တည်နေရ ကုန်၏"ဟု (လျှောက်၏)။

ထိုအခါ တပါးသော နတ်သားသည် "မြတ်စွာဘုရား အဘယ်သူ၏ စကားသည် ကောင်းစွာဆိုအပ်သည် မည်ပါသနည်း"ဟု မြတ်စွာဘုရားအား ဤစကားကို လျှောက်၏၊ သင်နတ်သားအားလုံးတို့၏ စကားသည် အဂကြောင်း ပရိယာယ်အားဖြင့် ကောင်းစွာ ဆိုအပ်၏၊ ထို့ပြင် ငါ၏(စကားကို)လည်း နာကြကုန်လော့။

သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏၊ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏၊ သူတော်ကောင်းတို့၏ တရားကို သိသည်ရှိသော် အလုံးစုံသော ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏၊ ထိုနတ်တို့သည် နှစ်သက်ကုန်သည်ဖြစ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ထိုအရပ်၌ပင် ကွယ်ပျောက်လေကုန်သတည်း။

## ၂-မစ္ဆရိသုတ်

၃၂။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ သူတော်ကောင်း တရားကို ပြောဟော၍ နတ်ပြည်၌ ဖြစ်ကုန်သော များစွာကုန်သော နတ်သားတို့သည် အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ညဉ့်ဦးယံ လွန်ပြီးသော (သန်ကောင်ယံ) အချိန်၌ ဇေတဝန် တကျောင်းလုံးကို ထွန်းလင်းစေလျက် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ကုန်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ရပ်တည်ကုန်၏၊ တခုသော နေရာ၌ ရပ်တည်ပြီးသော် နတ်သားတယောက်သည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏—

"ဝန်တိုမှု 'မစ္ဆရိယ' ကြောင့်၎င်း၊ မေ့လျော့မှု ပမာဒ' ကြောင့်၎င်း ဤသို့သော အကြောင်းကြောင့် အလှူကို မပေးလှူ၊ ကောင်းမှုကို အလိုရှိသော (ကောင်းမှု၏ အကျိုးကို) သိသော ပညာရှိသည် ပေးလှူသင့်လှပေ၏" ဟု (လျှောက်၏)။

ထိုအခါ တပါးသော နတ်သားသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာတို့ကို လျှောက်၏—

"ဝန်တိုမှု 'မစ္ဆရိယ' ရှိသူသည် အကြင်ဘေးမှ ကြောက်သည်ဖြစ်၍ မပေးလှူ၊ မပေးလှူသောကြောင့်ပင် ထိုဘေးသည် ထိုသူမိုက်ကို တွေ့ထိ၏၊ ဝန်တိုမှုရှိသူသည် အကြင် ဆာလောင်မွတ်သိပ်မှုမှ ကြောက်၏၊ ထို မိမိကြောက်သော ဆာလောင်မွတ်သိပ်မှုသည် ဤပစ္စုပ္ပန် လောက၌၎င်း တမလွန် လောက၌၎င်း ထိုသူမိုက်ကိုပင် တွေ့ထိ၏။

ထို့ကြောင့် ဝန်တိုမှု'မစ္ဆရိယ'ကို ပယ်ဖျောက်လျက် (ဝန်တိုမှု) အညစ်အကြေးကို နှိပ်နင်းသည်ဖြစ်၍ အလှူကို ပေးလှူရာ၏၊ (မှန်၏) ကောင်းမှုတို့သည် တမလွန် လောက၌ သတ္တဝါတို့၏ တည်ရာဖြစ်ကုန်၏" ဟု (လျှောက်၏)။

ထိုအခါ တပါးသော နတ်သားသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာတို့ကို လျှောက်၏—

"ခရီးသွားကုန်သော သူတို့သည် ခရီးသွားဖော်ချင်းတို့အား အနည်းငယ်မျှ (ရိက္ခာ)၌သော်လည်း ခွဲခြမ်း ဝေဖန်၍ ပေးကုန်သကဲ့သို့ ထို့အတူ အကြင် သံသရာခရီးသွားတို့သည် သံသရာခရီးသွားဖော်ချင်းတို့အား အနည်းငယ်မျှသော ပေးလှူဖွယ်၌ ခွဲခြမ်း ဝေဖန်၍ ပေးလှူကုန်၏၊ ထိုသူတို့သည် သေသူတို့တွင် မသေသူတို့ မည်ကုန်၏၊ ဤသဘောတရားသည် ရှေးထုံးစဉ်လာဖြစ်၏။

အချို့သူတို့သည် အနည်းငယ်မျှသော ပေးလှူဖွယ်၌ သော်လည်း ခွဲခြမ်း ဝေဖန်၍ ပေးလှူကုန်၏၊ ဥစ္စာများစွာနှင့် ပြည့်စုံသူ အချို့တို့သည် ခွဲခြမ်းဝေဖန်၍ မပေးလှူကုန်၊ အနည်းငယ်မျှသော ပေးလှူဖွယ်၌ ခွဲခြမ်းဝေဖန်၍ လှူအပ်သော အလှူကို အလှူတထောင်နှင့် အညီအမျှနှိုင်းရှည့်အပ်၏" ဟု (လျှောက်၏)။

http://www.dhammadownload.com



ထိုအခါ တပါးသော နတ်သားသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာတို့ကို လျှောက်၏——

"ပေးလှူနိုင်ခဲသည်ကို ပေးလှူသူတို့၏ ပေးလှူမှုမျိုးကိုရင်း၊ ပြုလုပ်နိုင်ခဲသော ကောင်းမှုကံကို ပြုလုပ်သူတို့၏ ပြုလုပ်မှုမျိုးကိုရင်း သူတော်မဟုတ် သူယုတ်တို့သည် အတုလိုက်၍ မပြုလုပ်နိုင်ကြကုန်၊ (မှန်၏) သူတော်ကောင်းတို့၏ တရားသည် အတုလိုက်ရန် ခဲယဉ်း၏။

ထို့ကြောင့် သူတော်ကောင်းတို့၏ရင်း သူယုတ်တို့၏ရင်း ဤလူ့ပြည်မှ လားရာ (ဂတိ)သည် ကွဲပြား၏၊ သူတော်မဟုတ်သော သူတို့သည် ငရဲသို့ ရောက်ကုန်၏၊ သူတော်ကောင်းတို့သည် နတ်ပြည်သို့ လားရကုန်၏" ဟု (လျှောက်၏)။

ဟိုအခါ တပါးသော နတ်သားသည် "မြတ်စွာဘုရား အဘယ်သူ၏ စကားသည် ကောင်းစွာဆိုအပ်သည် မည်ပါသနည်း" ဟု မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤစကားကို လျှောက်၏၊ သင်နတ်သား အားလုံးတို့၏ စကားသည် အကြောင်း (ပရိယာယ်)အားဖြင့် ကောင်းစွာ ဆိုအပ်၏၊ ထို့ပြင် ငါ၏စကားကိုလည်း နာကြကုန်လော့——

အကြင်သူသည် သားမယားကိုလည်း လုပ်ကျွေး မွေးမြူ၍ အနည်းငယ်မျှသော ပေးလှူဖွယ်၌ သော်လည်း (ခွဲခြမ်းဝေဖန်ကာ) ပေးလှူလျက် (ကုသိုလ်ကမ္မပထ) တရားကို ကျင့်၏၊ တံမြက်လှည်း ပစ္စည်းဖြင့် ပေးလှူမှု (သမုဋ္ဌကအလှူ)ကိုလည်း[၁] ပြုကျင့်ပေးလှူ၏၊ အသပြာတထောင်တန် ပူဇော်မှုရှိကုန်သည်ဖြစ်၍ ယောကျ်ားတသိန်းတို့၏ ဆယ်ကုဋေသော အလှူတို့သည် ထိုသို့သဘောရှိသော သမုဋ္ဌက(အလှူ)၏ အစိတ် တရာ စိတ်၍ တစိတ်သော အဘိုမျှကိုလည်း မမှီနိုင်ကုန်ဟု (မိန့်တော်မူ၏)။

ထိုအခါ တပါးသော နတ်သားသည် မြတ်စွာဘုရားကို ဂါထာဖြင့် လျှောက်၏——

"မြတ်သည်၏အဖြစ်သို့ ရောက်သော ပြန့်ပြောသော ဤပူဇော်မှု(အလှူ)သည် အဘယ့်ကြောင့် သင့်သောအားဖြင့် လှူအပ်သော အလှူ၏ တန်ဘိုးကို မမှီသနည်း၊ အသပြာတထောင်တန် ပူဇော်မှုရှိကုန်သည်ဖြစ်၍ ယောကျ်ားတသိန်းတို့၏ ဆယ်ကုဋေသော အလှူတို့သည် ထိုသို့သဘောရှိသော သမုဋ္ဌက(အလှူ)၏ အစိတ်တရာ စိတ်၍ တစိတ်သော အဘိုမျှကိုလည်း အဘယ့်ကြောင့် မမှီနိုင်ကုန်သနည်း" ဟု (လျှောက်၏)။

အချို့သော သူတို့သည် မသင့်သော ကံ သုံးပါး၌ တည်ကုန်လျက် ထောင်းထု ပုတ်ခတ် သတ်ဖြတ်၍ရင်း ပူဆွေးစေ၍ရင်း ပေးလှူကုန်၏၊ ထိုအလှူသည် မျက်ရည်ပြည့်သော မျက်နှာရှိသည်ဖြစ်၍ ဒဏ်နှင့်တကွဖြစ်သောကြောင့် သင့်သော အကြောင်းအားဖြင့် ပေးလှူအပ်သော အလှူ၏ တန်ဘိုးကို မမှီနိုင်၊ ဤသို့ အသပြာတထောင်တန် ပူဇော်မှု ရှိကုန်သည် ဖြစ်၍ ယောကျ်ား တသိန်းတို့၏ ဆယ်ကုဋေသော အလှူတို့သည် ထိုသို့သဘောရှိသော သမုဋ္ဌက(အလှူ)၏ အစိတ်တရာစိတ်၍ တစိတ်သောအဘိုမျှကိုလည်း မမှီနိုင်ကုန်" ဟု (မိန့်တော်မူ၏)။

---

၁။ ကောက်နယ်တလင်းစသည်ကို သုတ်သင်မှု ကောက်ရိုးကို ထုရိုက်နင်းနယ်မှုစသည်ဖြင့် ရသော ပစ္စည်းကို ပေးလှူမှုမျိုးသည် သမုဋ္ဌကအလှူမည်၏။ (အဋ္ဌကထာ)

http://www.dhammadownload.com



## ၁-သာဓုသုတ်

၃၃။ သာဓုတ္တိနိဒါန်း။ ထိုအခါ သူတော်ကောင်းတို့၏ တရားကို ပြောဟော၍ နှစ်ခြိုက်ခြင်းသို့ ဖြစ်ကုန်သော များစွာကုန်သော နတ်သားတို့သည် အလွန် နှစ်သက်ဖွယ်သော အဆင်းရှိကုန်သည် ဖြစ်၍ ညဉ့်ဦးယံ လွန်ပြီးသော (သန်ကောင်ယံ) အချိန်၌ဇေတဝန် တကျောင်းလုံးကို ထွန်းလင်းစေလျက် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးကုန်ပြီးလျှင် တခုသော နေရာ၌ ရပ်တည်ပြီးသော် နတ်သားတယောက်သည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဥဒါန်းစကားကို မြွက်ဆို (ကျူးရင့်)၏—

"အသျှင် ပေးလှူခြင်းသည် စင်စစ်ကောင်းပေ၏၊ ဝန်တိုမှု 'မစ္ဆေရ' ကြောင့်ရင်း မေ့လျော့မှု 'ပမာဒ' ကြောင့်ရင်း ဤသို့သော အကြောင်းကြောင့် အလှူ 'ဒါန' ကို မပေးလှူနိုင်၊ ကောင်းမှုကို အလိုရှိသော (ကောင်းမှု၏ အကျိုးကို) သိသော ပညာရှိသာ ပေးလှူနိုင်၏"ဟု (ဥဒါန်းကျူးရင့်၏)။

ထိုအခါ တပါးသော နတ်သားသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဥဒါန်းစကားကို မြွက်ဆို (ကျူးရင့်)၏—

"အသျှင် ပေးလှူခြင်းသည် စင်စစ် ကောင်းပေ၏၊ စင်စစ်သော်ကား အနည်းငယ်မျှသော်လည်း ပေးလှူခြင်းသည် ကောင်း၏၊ အချို့သူတို့သည် အနည်းငယ်မျှသော လှူဖွယ်၌သော်လည်း ခွဲခြမ်းဝေဖန်၍ ပေးလှူကုန်၏၊ ဥစ္စာများစွာနှင့် ပြည့်စုံသူ အချို့တို့သည် ခွဲခြမ်းဝေဖန်၍ မပေးလှူကုန်၊ အနည်းငယ်မျှသော ပေးလှူဖွယ်၌ ခွဲခြမ်းဝေဖန်၍ ပေးလှူအပ်သော အလှူကို အလှူတထောင်နှင့်အမျှ နှိုင်းရှည့်အပ်၏"ဟု (ဥဒါန်းကျူးရင့်)၏—

တပါးသော နတ်သားသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဥဒါန်းစကားကို မြွက်ဆို (ကျူးရင့်)၏—

"အသျှင် ပေးလှူခြင်းသည် စင်စစ်ကောင်းပေ၏၊ အနည်းငယ်မျှသော ပေးလှူဖွယ်၌သော်လည်း ခွဲခြမ်းဝေဖန်၍ ပေးလှူခြင်းသည် ကောင်း၏၊ စင်စစ်သော်ကား ယုံကြည်မှုဖြင့်လည်း ပေးလှူခြင်းသည် ကောင်း၏။

ပေးလှူခြင်းသည်ရင်း၊ စစ်ထိုးခြင်းသည်ရင်း တူမျှ၏ဟု ဆိုကုန်၏၊ သူတော်ကောင်းတို့သည် အနည်းငယ်မျှ ဖြစ်ကုန်သော်လည်း များစွာသောသူတို့ကို အောင်မြင်ကုန်၏၊ (အကြင်သူသည်) ယုံကြည်သည်ဖြစ်၍ အနည်းငယ်မျှကိုသော်လည်း အကယ်၍ပေးလှူအံ့၊ ထိုကြောင့်သာလျှင် ထိုသူသည် တမလွန်ဘဝ၌ ချမ်းသာခြင်းရှိ၏"ဟု(ဥဒါန်းကျူးရင့်၏)။

ထိုအခါ တပါးသော နတ်သားသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဥဒါန်းစကားကို မြွက်ဆို (ကျူးရင့်)၏—

"အသျှင် ပေးလှူခြင်းသည် စင်စစ်ကောင်းပေ၏၊ အနည်းငယ်မျှသော ပေးလှူဖွယ်၌သော်လည်း ခွဲခြမ်းဝေဖန်၍ ပေးလှူခြင်းသည် ကောင်း၏၊ ယုံကြည်မှုဖြင့်လည်း ပေးလှူခြင်းသည် ကောင်း၏၊ စင်စစ်သော်ကား တရားသဖြင့်ရအပ်သော စည်းစိမ်ရှိသူ၏ (ရအပ်ပြီးသော လောကုတ္တရာတရား ရှိသူအား) ပေးလှူခြင်းသည်လည်း ကောင်း၏။

http://www.dhammadownload.com



အကြင်သတ္တဝါသည် ထကြွလုံ့လဖြင့် ရအပ်သော ပစ္စည်းဥစ္စာဖြင့် ရအပ်ပြီးသော လောကုတ္တရာတရား ရှိသူအား အလှူဒါနကို ပေးလှူ၏၊ ထိုသတ္တဝါသည် ယမမင်း၏ ကြိမ်ပိုက်ချောင်း ဝေရဲကို လွန်မြောက်၍ နတ်၌ ဖြစ်သော ဘုံတို့သို့ ကပ်ရောက်ရ၏”ဟု (ဥဒါန်းကျူးရင့်၏)။

ထိုအခါ တပါးသော နတ်သားသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဥဒါန်းစကားကို မြွက်ဆို (ကျူးရင့်)၏—

“အသျှင် ပေးလှူခြင်းသည် စင်စစ် ကောင်းပေ၏။ အနည်းငယ်မျှသော ပေးလှူဖွယ်၌ သော်လည်း (ခွဲခြမ်းဝေဖန်၍) ပေးလှူခြင်းသည် ကောင်း၏၊ ယုံကြည်မှုဖြင့် ပေးလှူခြင်းသည်လည်း ကောင်း၏၊ တရားသဖြင့် ရအပ်သော စည်းစိမ်ရှိသူ၏ (ရအပ်ပြီးသော လောကုတ္တရာတရား ရှိသူအား) ပေးလှူခြင်းသည်လည်း ကောင်း၏၊ စင်စစ်သော်ကား ရွေးချယ်စိစစ်၍ ပေးလှူအပ်ကုန်သော အလှူသည်လည်း ကောင်း၏။

ရွေးချယ်စိစစ်၍ ပေးလှူခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော် မူအပ်၏၊ ကောင်းသော လယ်မြေ၌ စိုက်ပျိုးအပ်သော မျိုးစေ့တို့ကဲ့သို့ ထိုအတူ ဤသတ္တလောက၌ မြတ်သောအလှူကို ခံထိုက်ကုန်သော ပုဂ္ဂိုလ်တို့အား ပေးလှူအပ်ကုန်သော အလှူတို့သည် များသော အကျိုးရှိကုန်၏”ဟု (ဥဒါန်း ကျူးရင့်၏)။

ထိုအခါ တပါးသော နတ်သားသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဥဒါန်းစကားကို မြွက်ဆို (ကျူးရင့်)၏—

“အသျှင် ပေးလှူခြင်းသည် စင်စစ် ကောင်းပေ၏၊ အနည်းငယ်မျှသောပေးလှူဖွယ်၌ သော်လည်း (ခွဲခြမ်းဝေဖန်၍) ပေးလှူခြင်းသည် ကောင်း၏၊ ယုံကြည်မှုဖြင့် ပေးလှူခြင်းသည်လည်း ကောင်း၏၊ တရားသဖြင့်ရအပ်သော စည်းစိမ်ရှိသူ၏ (ရအပ်ပြီးသော လောကုတ္တရာတရား ရှိသူအား) ပေးလှူခြင်းသည်လည်း ကောင်း၏၊ ရွေးချယ်စိစစ်၍ ပေးလှူအပ်သော အလှူသည်လည်း ကောင်း၏၊ အကြင်သူသည် သတ္တဝါတို့ကို မညှဉ်းဆဲမူ၍ ကျင့်၏၊ စင်စစ်သော်ကား ထိုသူ၏ သတ္တဝါတို့၌ မညှဉ်းဆဲမှု ‘သံယမ’သည် ကောင်းသည်သာတည်း၊ သတ္တဝါတို့သည် သူတပါး ကဲ့ရဲ့စွပ်စွဲမှုမှ ကြောက်သေခြင်းကြောင့် မကောင်းမှုကို မပြုကြကုန်၊ (မကောင်းမှုမှ) ကြောက်တတ်သူကို (သူတော်ကောင်းတို့) ချီးမွမ်းအပ်ကုန်၏၊ ထိုမကောင်းမှု၌ ရဲရင့်သူကို မချီးမွမ်းကြကုန်၊ မှန်၏၊ သူတော်ကောင်းတို့သည် (သူတပါးတို့ ကဲ့ရဲ့စွပ်စွဲမှုမှ) ကြောက်သောကြောင့် မကောင်းမှုကို မပြုကုန်”ဟု (ဥဒါန်းကျူးရင့်၏)။

ထိုအခါ တပါးသောနတ်သားသည် “မြတ်စွာဘုရား အဘယ်သူ၏ စကားသည် ကောင်းစွာ ဆိုအပ်သည် မည်ပါသနည်း”ဟု မြတ်စွာဘုရားအား ဤစကားကို လျှောက်၏၊ သင်နတ်သား အားလုံးတို့၏ စကားသည် အကြောင်းပရိယာယ်အားဖြင့် ကောင်းစွာ ဆိုအပ်၏၊ ထို့ပြင် ငါ၏ (စကားကိုလည်း) နာကြကုန်လော့—

ယုံကြည်မှုဖြင့် ပေးလှူခြင်းကို များသော အပြားဖြင့် ချီးမွမ်းအပ်၏၊ စင်စစ်သော်ကား ပေးလှူခြင်းထက် (နိဗ္ဗာန်) တရားအစုသည်သာလျှင် အထူးသဖြင့် ချီးမွမ်းအပ် မြတ်၏၊ မှန်၏၊ ရှေး၌၎င်း ထို့ထက်အလွန် ရှေး၌၎င်း ပညာရှိ သူတော်ကောင်းတို့သည် နိဗ္ဗာန်သို့ သာလျှင် ကပ်ရောက်ကုန်၏ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၄-န သန္တိသုတ်

၃၄။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ သူတော်ကောင်းတရားကို ပြောဟော၍ နတ်ပြည်၌ ဖြစ်ကုန်သော မျာ:စွာကုန်သော နတ်သားတို့သည် အလွန် နှစ်သက်ဖွယ်သော အဆင်းရှိကုန်သည်ဖြစ်၍ ညဉ့်ဦးယံ လွန်ပြီးသော (သန်ကောင်ယံ) အချိန်၌ ဇေတဝန် တကျောင်းလုံးကို ထွန်းလင်းစေလျက် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ကုန်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်တည်ပြီးသော် နတ်သားတယောက်သည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏—

"လူတို့၌ မြဲကုန်သော ကာမဂုဏ်တို့သည် မရှိကုန်၊ ဤလောက၌ နှစ်သက်ဖွယ် ကာမဂုဏ်တို့သည် ရှိကုန်၏၊ ယင်းကာမဂုဏ်တို့၌ နှောင်ဖွဲ့အပ်သော ယင်းကာမဂုဏ်တို့၌ အပြားအားဖြင့် ယစ်သော ယောကျ်ားသည် သေခြင်း၏ တည်ရာ(တေဘူမိကဝဋ်)မှ တဖန် မလာရာ (နိဗ္ဗာန်) သို့ မရောက်နိုင်"ဟု (လျှောက်၏)။

ခန္ဓာငါးပါးသည် အလိုရှိမှု'တဏှာဆန္ဒ'ကြောင့် ဖြစ်၏၊ ဆင်းရဲမှုသည် အလိုရှိမှု'တဏှာဆန္ဒ' ကြောင့်ဖြစ်၏၊ အလိုရှိမှု 'တဏှာဆန္ဒ'ကို ပယ်ဖျောက်သဖြင့် ခန္ဓာငါးပါးကို ပယ်ဖျောက်နိုင်၏၊ ခန္ဓာငါးပါး ကင်းပျောက်သဖြင့် ဆင်းရဲ ကင်းပျောက်ရ၏။

လောက၌ အကြင်အာရုံတို့သည် ဆန်းကြယ်ကုန်၏၊ ထိုအာရုံတို့သည် ကာမဂုဏ် မမည်ကုန်၊ ကြံစည်တပ်မက်မှု (သင်္ကပ္ပရာဂ)သည် ယောကျ်ား၏ ကာမဂုဏ် မည်၏၊ လောက၌ ဆန်းကြယ်ကုန်သော အာရုံတို့သည် တည်မြဲတိုင်း တည်ကုန်၏၊ ပညာရှိတို့သည် ထိုအာရုံတို့၌ အလိုရှိမှု 'တဏှာဆန္ဒ'ကို ပယ်ဖျောက်ကုန်၏။

အမျက်ထွက်မှု 'ကောဓ'ကို ပယ်စွန့်ရာ၏၊ ထောင်လွှားမှု 'မာန'ကို ပယ်စွန့်ရာ၏၊ အလုံးစုံသော သံယောဇဉ်ကို လွန်မြောက်ရာ၏၊ နာမ်ရုပ်၌ ကပ်ငြိမှု မရှိသော ဘုန်လှုပ်ခြင်း မရှိသော ထိုသူသို့ ဆင်းရဲတို့သည် မကျရောက်ကုန်။

အကြင် ရဟန္တာပုဂ္ဂိုလ်သည်(တပ်မက်သူ ပြစ်မှားသူ တွေဝေသူ ဟူသော)အမည်ပညတ်ကို ပယ်ပြီးပြီ၊ ကိုးပါးသော ထောင်လွှားမှု 'မာန'သို့လည်း မကပ်ရောက်၊ ဤနာမ်ရုပ်၌ တပ်မက်မှု 'တဏှာ'ကို ဖြတ်ပြီးပြီ၊ ထုံးဖွဲ့မှု 'ဂန္ထ'ကို ဖြတ်ပြီးသော ဆင်းရဲမရှိသော တပ်ခြင်းကင်းသော ထိုရဟန္တာပုဂ္ဂိုလ်ကို ရှာဖွေကြည့်ရှုကုန်သော နတ်တို့သည်၎င်း လူတို့သည်၎င်း ဤလောက၌ဖြစ်စေ အခြားလောက၌ဖြစ်စေ နတ်ပြည်တို့၌ဖြစ်စေ အလုံးစုံသော နေရာတို့၌ မတွေ့မမြင်ရကုန် ဟု (မိန့်တော်မူ၏)။

ယိုထို(ဏိလေသာ)မှ လွတ်သော ထိုပုဂ္ဂိုလ်ကို နတ်တို့သည်၎င်း လူတို့သည်၎င်း ဤလောက၌ဖြစ်စေ တမလွန်လောက၌ဖြစ်စေ အကယ်၍ မတွေ့မြင်နိုင်ကြကုန်မူ လူတို့ထက် မြတ်သော လူတို့၏ အကျိုးစီးပွားကို ကျင့်တော်မူတတ်သော ထိုရဟန္တာပုဂ္ဂိုလ်ကို အကြင်နတ်လူတို့သည် ရှိခိုးကြကုန်၏၊ ထိုနတ်လူတို့ကို ချီးမွမ်းအပ်ကုန်သလော ဟု အသျှင်မောဃရာဇာသည် မေးလျှောက်၏။

http://www.dhammadownload.com



မောဃရာဇာမည်သော ရဟန်း အကြင်နတ်လူတို့သည် ထိုထို (ကိလေသာမှ) ထွက်မြောက်တော်မူသော ထိုရဟန္တာပုဂ္ဂိုလ်ကို ရှိခိုးကုန်၏၊ ထိုနတ်လူတို့ကိုလည်း ချီးမွမ်းအပ်ကုန်၏၊ ရဟန်း ထိုရှိခိုးကုန်သော နတ်လူတို့သည်လည်း သစ္စာလေးပါးတရားကို သိကုန်၍ မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ'ကို ပယ်စွန့်လျက် ငြိကပ်မှု 'တဏှာ'ကို လွန်မြောက်သူတို့ ဖြစ်ကုန်၏ ဟု မြတ်စွာဘုရား ဟောတော်မူ၏။

## ၅-ဥဇ္ဈာနသညိသုတ်

၃၅။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ ကဲ့ရဲ့ရှုတ်ချတတ်သောကြောင့် ဥဇ္ဈာနအမည်ရှိကုန်သော များစွာကုန်သောနတ်သားတို့သည် အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ညဉ့်ဦးယံလွန်ပြီးသော(သန်းကောင်ယံ) အချိန်၌ ဇေတဝန် တကျောင်းလုံးကို ထွန်းလင်းစေ၍ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးလျှင် ကောင်းကင်၌ ရပ်တည်ကုန်၏၊ ကောင်းကင်၌ ရပ်တည်ပြီးသော် နတ်သားတယောက်သည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏—

"အကြင်ရဟန်းသည် တပါးသော အခြင်းအရာအားဖြင့်ဖြစ်သော မိမိကိုယ်ကို တပါးသော အခြင်းအရာအားဖြင့် ပြောကြား၏၊ လှည့်ပတ်၍ စားတတ်သော ငှက်မုဆိုးကဲ့သို့ ထိုရဟန်း၏ ထိုသုံးဆောင်ခြင်းသည် ခိုးသဖြင့် သုံးဆောင်အပ်သည် မည်၏။

အကြင်အမှုကို ပြုလုပ်၏၊ထိုပြုလုပ်သော အမှုကိုသာ ပြောဆိုရာ၏၊အကြင်အမှုကို မပြုလုပ်၊ ထိုမပြုလုပ်သော အမှုကို မပြောဆိုရာ၊ မပြုလုပ်ပဲလျက် ပြောဆိုသောသူကို ပညာရှိတို့သည် သိကုန်၏"ဟု (လျှောက်၏)။

"အကြင်အကျင့်သည် မြဲမြံသောသဘောရှိ၏၊အကြင်အကျင့်ဖြင့်ပညာရှိတို့သည်မကောင်းမှုကို ရှို့မြှိုက်ကုန်သည်ဖြစ်၍ မာရ်တည်းဟူသော အနှောင်အဖွဲ့မှ လွတ်ကုန်၏၊ ဤအကျင့်ကို ပြောဆိုကာမျှဖြင့်ငှင်း စင်စစ် ကြားကာမျှဖြင့်ငှင်း အစဉ်အတိုင်းသက်ဝင်ရန် မစွမ်းနိုင်ကုန်။

ပညာရှိတို့သည် လောက၏ အကြောင်းကို သိကုန်၍ ဤသို့ မပြုကုန်၊ (သစ္စာလေးပါးတရားကို)သိ၍ လောက၌ ကပ်ငြိမှု (တဏှာ)ကို လွန်မြောက်ကုန်ပြီးသော ပညာရှိတို့သည် ကိလေသာမှ ငြိမ်းကုန်၏"ဟု (မိန့်တော်မူ၏)။

ထိုအခါ ထိုနတ်သားတို့သည် မြေ၌ တည်ကုန်၍ မြတ်စွာဘုရား၏ ခြေတော်၌ ဦးခိုက်ကုန်လျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကုန်၏—"အသျှင်ဘုရား မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့်အလျောက် အပြစ်သည် အကျွန်ုပ်တို့ကို လွှမ်းမိုး၍ နေပါ၏၊အကျွန်ုပ်တို့သည် မြတ်စွာဘုရားကိုထိပါးအပ်၏ဟု အောက်မေ့မိပါကုန်၏၊အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်တို့၏ အပြစ်ကို အပြစ်အားဖြင့် နောင်အခါ စောင့်စည်းပါရခြင်းငှါ သည်းခံတော်မူပါ"ဟု (လျှောက်ကြကုန်၏)၊ ထိုအခါ မြတ်စွာဘုရားသည် ပြုံးတော်မူ၏၊ထိုအခါနတ်သားတို့သည်အတိုင်းထက် အလွန် ကဲ့ရဲ့လိုကုန်သည်ဖြစ်၍ ကောင်းကင်သို့ ပျံတက်ကုန်ပြီးလျှင် တယောက်သော နတ်သားသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏—

http://www.dhammadownload.com



"အကြင်သူသည် (ဝန်ခံ)ပြောကြားကုန်သော သူတို့၏ အပြစ်ကို အကယ်၍ လက်မခံသည် ဖြစ်အံ့၊ အတွင်း၌ ဖြစ်သော အမျက်ဒေါသ ရှိသည်ဖြစ်၍ အပြစ်ကို အလေးပြု၍ နေသော ထိုသူသည် ရန်ကို(မိမိ၌)စွဲပ်ထားသည် မည်၏" ဟု (လျှောက်၏)။

ပြစ်မှုသည် အကယ်၍ မရှိသည်ဖြစ်အံ့၊ဤလောက၌ အပြစ်သည် မဖြစ်ရာ၊ရန်တို့သည်လည်း မငြိမ်းကုန်ရာ၊ ဤလောက၌ အဘယ့်ကြောင့် လိမ္မာသူ ဖြစ်ရာအံ့နည်း ဟု (မိန့်တော်မူ၏)။

အဘယ်သူအား ပြစ်မှုတို့သည် မရှိကုန်သနည်း၊ အဘယ်သူအား ပြစ်မှားခြင်းသည် မရှိသနည်း၊ အဘယ်သူသည် တွေဝေခြင်းသို့ မရောက်သနည်း၊ အဘယ်သူသည် အခါခပ်သိမ်း သတိနှင့် ပြည့်စုံသော ပညာရှိမည်သနည်း ဟု (လျှောက်၏)။

သတ္တဝါ အားလုံးတို့ကို အစဉ်သနားတော်မူတတ်သော ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်း တော်မူသော ထိုမြတ်စွာဘုရားအား ပြစ်မှုတို့သည် မရှိကုန်၊ ထိုမြတ်စွာဘုရားအား ပြစ်မှားခြင်း သည် မရှိ၊ ထိုမြတ်စွာဘုရားသည် ပြင်းစွာတွေဝေခြင်းသို့ မရောက်၊ ထိုမြတ်စွာဘုရားသည်သာ လျှင် အခါခပ်သိမ်း သတိနှင့် ပြည့်စုံသော ပညာရှိမည်၏။

အကြင်သူသည် (ဝန်ခံ)ပြောကြားကုန်သော သူတို့၏ အပြစ်ကို အကယ်၍ လက်မခံသည် ဖြစ်အံ့၊ အတွင်း၌ ဖြစ်သော အမျက်ဒေါသ ရှိသည်ဖြစ်၍ အပြစ်ကို အလေးပြု၍ နေသော ထို သူသည် ရန်ကို (မိမိ၌)စွဲပ်ထားသည် မည်၏၊ ထိုရန်ကို(ငါ)မနှစ်သက်(မတောင့်တ)၊သင်တို့၏ အပြစ်ကို (ငါ)လက်ခံ၏ ဟု (မိန့်တော်မူ၏)။

## ၆-သဒ္ဓါသုတ်

၃၆။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဇေတဝန် ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ သူတော်ကောင်းတရားကို ပြောဟော၍ နတ်ပြည်၌ ဖြစ်သော များစွာကုန်သော နတ်သားတို့သည် အလွန်နှစ်သက်ဖွယ်သော အဆင်းရှိကုန်သည်ဖြစ်၍ ညဉ့်ဦးယံ လွန်ပြီးသော (သန်ကောင်ယံ)အချိန်၌ ဇေတဝန် တကျောင်းလုံးကို တွန်းလင်းစေလျက် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်တည်ကုန်၏၊ တခုသော နေရာ၌ ရပ်တည်ပြီးသော် နတ်သားတယောက်သည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤ ဂါထာကို လျှောက်၏—

"ယုံကြည်မှု(သဒ္ဓါ)သည် ယောကျ်ား၏ အပေါင်းအဖော်ဖြစ်၏၊ မယုံကြည်မှုသည် အကယ် ၍ မတည်သည်ဖြစ်အံ့၊ ထိုသို့ မတည်သောကြောင့် အခြံအရံသည်၎င်း အကျော်အစောသည် ၎င်း ထိုသူအား ဖြစ်၏၊ ထိုသူသည် ခန္ဓာကိုယ်ကို စွန့်ရသော် နတ်ပြည်သို့လည်း လားရ၏"ဟု လျှောက်၏။

ထိုအခါ တပါးသော နတ်သားသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏—

"အမျက်ထွက်မှု'ကောဓ'ကို ပယ်စွန့်ရာ၏၊ ထောင်လွှားမှု 'မာန'ကို ပယ်စွန့်ရာ၏၊ အလုံးစုံ သော သံယောဇဉ်ကို လွန်မြောက်ရာ၏၊ နာမ် ရုပ်၌ ကပ်ငြိမှု မရှိသော ကြောင့်ကြမှုမရှိသော ထိုသူသို့(ငါးပါးသော)ကပ်ငြိခြင်းတို့သည် မကျရောက်ကုန်" ဟု (လျှောက်၏)။

http://www.dhammadownload.com



မိုက်ကုန်သော ပညာနည်းကုန်သော သူတို့သည် မေ့လျော့မှု'ပမာဒ'ကို အားထုတ်ကုန်၏၊ ပညာရှိတို့သည် မြတ်သော ဥစ္စာကို စောင့်ရှောက်သကဲ့သို့ မမေ့မလျော့မှု 'အပ္ပမာဒ'ကိုလည်း စောင့်ရှောက်၏။

မေ့လျော့မှု'ပမာဒ'ကို အားမထုတ်ရာ၊ ကာမဂုဏ်၌ မွေ့လျော်မှု ပေါင်းဖော်မှုကို အား မထုတ်ရာ၊ မှန်၏၊ မမေ့မလျော့သည် ဖြစ်၍ မကောင်းမှုကို ရှို့မြှိုက်သော သူသည် အလွန် မြတ်သော(အရဟတ္တဖိုလ်)ချမ်းသာသို့ ရောက်ရ၏ ဟု (မိန့်တော်မူ၏)။

## ၇-သမယသုတ်

၃၇။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်-အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် မဟာဝုန်တော၌ ငါးရာမျှသော အလုံးစုံ ရဟန္တာချည်း ဖြစ်သော ရဟန်းသံဃာ များစွာနှင့်အတူ (သီတင်းသုံး) နေတော်မူ၏၊ စကြဝဠာ တထောင်စီရှိသော လောကဓာတ်တိုက် ဆယ်ခုတို့မှ နတ်ဗြဟ္မာတို့သည်လည်း မြတ်စွာဘုရားကိုရင်း ရဟန်းသံဃာကို ရင်း ဖူးမြော်ခြင်းငှာ အများအားဖြင့် စည်းဝေးလာရောက်ကုန်၏၊ ထိုအခါ သုဒ္ဓါဝါသဘုံ၌ နေကုန်သော ဗြဟ္မာလေးဦးတို့အား ဤအကြံသည် ဖြစ်၏ "ဤမြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် မဟာဝုန်တော၌ ငါးရာမျှသော အလုံးစုံ ရဟန္တာချည်းဖြစ်ကုန်သော ရဟန်း သံဃာများစွာနှင့်အတူ (သီတင်းသုံး) နေတော်မူ၏၊ စကြဝဠာ တထောင်စီရှိသော လောကဓာတ် တိုက် ဆယ်ခုတို့မှ နတ်ဗြဟ္မာတို့သည်လည်း မြတ်စွာဘုရားကိုရင်း ရဟန်းသံဃာကိုရင်း ဖူးမြော် ခြင်းငှာ အများအားဖြင့် စည်းဝေး လာရောက်ကုန်၏၊ ငါတို့သည်လည်း မြတ်စွာဘုရား ထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရား၏ ထံတော်ပါး၌ အသီးသီး ဂါထာတပုဒ်စီ ရွတ်ဆိုရမူ ကောင်းလေစွ" ဟု(အကြံဖြစ်၏)။

ထိုအခါ ထိုဗြဟ္မာ (လေးဦး) တို့သည် ဥပမာအားဖြင့် ခွန်အားရှိသော ယောကျ်ားသည် ကွေးသော လက်ကို ဆန့်သကဲ့သို့ရင်း ဆန့်သော လက်ကို ကွေးသကဲ့သို့ရင်း ဤအတူ သုဒ္ဓါဝါသ ဗြဟ္မာဘုံမှ ကွယ်ခဲ့ကုန်၍ မြတ်စွာဘုရား၏ ရှေ့၌ ထင်ရှားဖြစ်ပေါ်လာကုန်၏၊ ထို့နောက် ထိုဗြဟ္မာ တို့သည် မြတ်စွာဘုရားကို အလွန်ရိုသေစွာ ရှိခိုးပြီး၍ တခုသော အရပ်၌ ရပ်ပြီးလျှင် တဦးသော ဗြဟ္မာသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို ရွတ်ဆို၏——

"(အသျှင်ဘုရား)မဟာဝုန်တော၌ နတ်ဗြဟ္မာအပေါင်းတို့သည် စုရုံးလာရောက်ကြသဖြင့် အစည်းအဝေးကြီး ဖြစ်လျက် ရှိနေပါ၏၊အကျွန်ုပ်တို့သည်လည်း(ကိလေသာရန်သူတို့)မအောင် နိုင်သော သံဃာတော်ကို ဖူးမြော်ခြင်းငှာ ဤတရားသဘင် အစည်းအဝေးသို့ လာရောက်ပါကုန် ၏ ဟု(ရွတ်ဆို၏)။

ထို့နောက် တဦးသော ဗြဟ္မာသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို ရွတ်ဆို၏-

"(အသျှင်ဘုရား)ထိုအစည်းအဝေး၌ ရဟန်းတို့သည် မိမိစိတ်ကို တည်ကြည်စေလျက် ဖြောင့် မတ်စွာ ပြုထားပါကုန်၏၊ ရထားထိန်းသည်(မြင်းဇက်)ကြိုးတို့ကို ကိုင်၍ ထိန်းသကဲ့သို့ ပညာရှိ (ရဟန်း)တို့သည် ဣန္ဒြေတို့ကို ထိန်းသိမ်းတော်မူကြပါကုန်၏" ဟု (ရွတ်ဆို၏)။

ထို့နောက် တဦးသော ဗြဟ္မာသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို ရွတ်ဆို၏-

http://www.dhammadownload.com



"(အသျှင်ဘုရား) မြတ်စွာဘုရား ကောင်းစွာ ဆုံးမထားပြီးဖြစ်၍ တဏှာကင်းလျက် သန့်ရှင်းစင်ကြယ်သော ထိုရဟန္တာငယ်တို့သည် (ရာဂ ဒေါသ မောဟ တည်းဟူသော) လေုတ် တံသင်းနှင့် တံခါးကျည်း မင်းတုပ်ကို ဖြတ်ပြီးလျှင် (ရာဂ ဒေါသ မောဟ တည်းဟူသော) တံခါးတိုင်ကို နုတ်၍ လှည့်လည်သွားလာနေကြကုန်၏" ဟု ရွတ်ဆို၏။

ထို့နောက် တဦးသော ဗြဟ္မာသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို ရွတ်ဆို၏—

"(အသျှင်ဘုရား)မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သူ အားလုံးတို့သည် အပါယ် ဘုံသို့ မရောက်ရကုန်လတ္တံ့၊ လူ့ခန္ဓာကိုယ်ကို စွန့်ပယ်၍ နတ်ပြည်၌ ဖြစ်ကုန်လတ္တံ့" ဟု (လျှောက်၏)။

## ၈-သကလိကသုတ်

၃၈။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်— အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်ဝယ် သားတို့ကို ဘေးမဲ့ပေးရာ မဒ္ဒကုစ္ဆိတော၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရား၏ ခြေတော်သည် ကျောက်ချပ်ဖြင့် ထိခိုက်မိသည်ဖြစ်၍ မြတ်စွာဘုရားအား ပြင်းပြသော ဝေဒနာတို့သည် ဖြစ်ကုန်၏၊ ဆင်းရဲကုန် ပြင်းထန်ကုန် ကြမ်းထမ်းကုန် ထက်ကုန်၍ မသာယာအပ်ကုန် မနှစ်လိုအပ်ကုန်သော ကိုယ်၌တည်သည့် ဝေဒနာတို့သည် ဖြစ်ကုန်၏၊ မြတ်စွာဘုရားသည် ထိုဝေဒနာတို့ကို မညည်းညူပဲ သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ သည်းခံတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် လေးထပ်ခေါက်ထားသော ဒုကုဋ်တော်ကို ခင်း၍ ခြေတဖက်၌ ခြေတဖက်ကို စဉ်းငယ်လွန်ကာ တင်ထားလျက် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ လက်ျာ နံတောင်းဖြင့် မြတ်သောအိပ်စက်ခြင်းကို ပြုတော်မူ၏။

ထိုအခါ သူတော်ကောင်းတရားကို ပြောဟော၍ နတ်ပြည်၌ ဖြစ်ကုန်သော နတ်သားခုနစ်ရာ တို့သည် အလွန်နှစ်သက်ဖွယ်သော အဆင်းရှိကုန်သည်ဖြစ်၍ ညဉ့်ဦးယံ လွန်ပြီးသော (သန်ကောင် ယံ)အချိန်၌ သားတို့ကို ဘေးမဲ့ပေးရာ မဒ္ဒကုစ္ဆိတော အလုံးကို ထွန်းလင်းစေလျက် မြတ်စွာဘုရား အထံသို့ ချဉ်းကပ်ကုန်၍ မြတ်စွာဘုရားကို ရှိခိုးကုန်ပြီးလျှင် တခုသော နေရာ၌ ရပ်တည်ကုန်၏၊ တခုသော မနေရာ၌ ရပ်တည်ကုန်ပြီးသော် နတ်သားတဦးသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဥဒါန်းစကားကို မြွက်ဆို(ကျူးရင့်)၏—"အချင်းတို့ ရဟန်းဂေါတမသည် ဆင်ပြောင်နှင့် တူစွတကား၊ ဆင်ပြောင်နှင့်တူသည်၏ အဖြစ်ကြောင့်သာလျှင် ဆင်းရဲကုန် ပြင်းထန်ကုန် ကြမ်းထမ်းကုန် ထက်ကုန်၍ မသာယာအပ်ကုန် မနှစ်လိုအပ်ကုန်သော ကိုယ်၌ တည်သည့် ဖြစ်ပေါ်လာကုန်သော ဝေဒနာတို့ကို မညည်းညူပဲ သတိသမ္ပဇဉ်နှင့် ပြည့်စုံသည် ဖြစ်၍ သည်းခံတော်မူ၏" ဟု (ကျူးရင့်၏)။

ထို့နောက် တပါးသော နတ်သားသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဥဒါန်းစကားကို မြွက်ဆို(ကျူးရင့်)၏—"အချင်းတို့ ရဟန်းဂေါတမသည် ခြင်္သေ့မင်းနှင့် တူစွတကား၊ ခြင်္သေ့မင်းနှင့် တူသည်၏ အဖြစ်ကြောင့်သာလျှင် ဆင်းရဲကုန် ပြင်းထန်ကုန် ကြမ်းထမ်းကုန် ထက်ကုန်၍ မသာယာအပ်ကုန် မနှစ်လိုအပ်ကုန်သော ကိုယ်၌ တည်သည့် ဖြစ်ပေါ်လာကုန်သော ဝေဒနာတို့ကို မညည်းညူပဲ သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ သည်းခံတော်မူ၏"ဟု (ကျူးရင့်၏)။

ထို့နောက် တပါးသော နတ်သားသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဥဒါန်းစကားကို မြွက်ဆို(ကျူးရင့်))၏—"အချင်းတို့ ရဟန်းဂေါတမသည် အာဇာနည်ဖြစ်စွတကား၊ အာဇာနည်

http://www.dhammadownload.com



ဖြစ်သည်၏အဖြစ်ကြောင့်သာလျှင် ဆင်းရဲကုန် ပြင်းထန်ကုန် ကြမ်းထမ်းကုန် ထက်ကုန်၍ မသာယာ အပ်ကုန် မနှစ်လိုအပ်ကုန်သော ကိုယ်၌တည်သည့် ဖြစ်ပေါ်လာကုန်သော ဝေဒနာတို့ကို မညည်းညူပဲ သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ သည်းခံတော်မူ၏"ဟု(ကျူးရင့်၏)။

ထို့နောက် တပါးသော နတ်သားသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဥဒါန်းစကားကို မြွက်ဆို(ကျူးရင့်)၏— "အချင်းတို့ ရဟန်းဂေါတမသည် ရွှေဆောင်နွားလားဥသဘနှင့် တူစွတကား၊ ရွှေဆောင်နွားလားဥသဘနှင့် တူသည်အဖြစ်ကြောင့်သာလျှင် ဆင်းရဲကုန် ပြင်းထန်ကုန် ကြမ်းထမ်းကုန် ထက်ကုန်၍ မသာယာအပ်ကုန် မနှစ်လိုအပ်ကုန်သော ကိုယ်၌ တည်သည့်ဖြစ်ပေါ် လာကုန်သော ဝေဒနာတို့ကို မညည်းညူပဲ သတိ သမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ သည်းခံတော်မူ၏" ဟု (ကျူးရင့်၏)။

ထို့နောက် တပါးသော နတ်သားသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဥဒါန်းစကားကို မြွက်ဆို(ကျူးရင့်)၏—"အချင်းတို့ ရဟန်းဂေါတမသည် ဝန်ဆောင်နွားလားနှင့် တူစွတကား၊ ဝန်ဆောင် နွားလားနှင့် တူသည်၏ အဖြစ်ကြောင့်သာလျှင် ဆင်းရဲကုန် ပြင်းထန်ကုန် ကြမ်းထမ်းကုန် ထက်ကုန်၍ မသာယာအပ်ကုန် မနှစ်လိုအပ်ကုန်သော ကိုယ်၌ တည်သည့် ဖြစ်ပေါ်လာကုန်သော ဝေဒနာတို့ကို မညည်းညူပဲ သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ သည်းခံတော်မူ၏"ဟု(ကျူးရင့်၏)။

ထို့နောက် တပါးသော နတ်သားသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဥဒါန်းစကားကို မြွက်ဆို(ကျူးရင့်)၏—"အချင်းတို့ ရဟန်းဂေါတမသည် ယဉ်ကျေးစွတကား၊ ယဉ်ကျေးသည်၏ အဖြစ်ကြောင့်သာလျှင် ဆင်းရဲကုန် ပြင်းထန်ကုန် ကြမ်းထမ်းကုန် ထက်ကုန်၍ မသာယာအပ်ကုန် မနှစ်လိုအပ်ကုန်သော ကိုယ်၌တည်သည့် ဖြစ်ပေါ်လာကုန်သော ဝေဒနာတို့ကို မညည်းညူပဲ သတိ သမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ သည်းခံတော်မူ၏"ဟု (ကျူးရင့်၏)။

ထို့နောက် တပါးသောနတ်သားသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဥဒါန်းစကားကို မြွက်ဆို (ကျူးရင့်)၏— "ကောင်းစွာ ပွါးများအပ်သော တည်ကြည်မှုကိုရှုင်း (ကိလေသာမှ) ကောင်းစွာ လွတ်သော စိတ်ကိုပင်း ရှုလော့၊ (ရာဂကြောင့်လည်း)မညွတ် (ဒေါသကြောင့်လည်း) မဖဲသွား၊ အားထုတ်မှုဖြင့် (ကိလေသာတို့ကို) နှိပ်၍ တားမြစ်မှုသို့လည်း မရောက်၊ အကြင်သူသည် ဤသို့ သဘောရှိသော ဆင်ပြောင်ကြီးနှင့်တူသော ယောကျ်ား ခြင်္သေ့နှင့်တူသော ယောကျ်ား အာဇာနည်ဖြစ်သော ယောကျ်ား ဝန်ဆောင် နွားလားနှင့်တူသော ယောကျ်ား ယဉ်ကျေးသော ယောကျ်ားကိုညှဉ်းဆဲအပ်၏ဟု မှတ်ထင်ရာ၏။(ကိုသူ့အား)မသိမြင်ခြင်းမှတပါး အဘယ်အကြောင်း ရှိအံ့နည်း"ဟု (ကျူးရင့်၏)။

ဗေဒတိဟာသကျမ်းလျှင် ငါးခုမြောက်ဖြစ်သော ဗေဒင်ကျမ်းကို တတ်ကုန်သော ပုဏ္ဏား တို့သည် အနှစ်တရာပတ်လုံး အကျင့်ကိုမှီ၍ ကျင့်ကုန်သော်လည်း ထိုပုဏ္ဏားတို့၏ စိတ်သည် (ကိလေသာမှ) ကောင်းစွာ မလွတ်၊ ယုတ်သော သဘောရှိကုန်သော ထိုပုဏ္ဏားတို့သည် (နိဗ္ဗာန်တည်းဟူသော) တဖက်ကမ်းသို့ မရောက်ကုန်။

တဏှာဖြင့် လွှမ်းမိုးကုန်သော အလေ့အကျင့်တို့ဖြင့် နှောင်ဖွဲ့ခြင်းရှိကုန်သော သူတို့သည် ခေါင်းပါးသော အကျင့်ကို အနှစ်တရာပတ်လုံး ကျင့်ကုန်သော်လည်း ထိုသူတို့၏ စိတ်သည် (ကိလေသာမှ)ကောင်းစွာ မလွတ်၊ ယုတ်သော သဘောရှိကုန်သော ထိုသူတို့သည် (နိဗ္ဗာန် တည်းဟူသော) တဖက်ကမ်းသို့ မရောက်ကုန်။

http://www.dhammadownload.com



ဤလောက၌ ထောင်လွှားလိုသောသူအား ယဉ်ကျေးမှုသည် မရှိ၊တည်ကြည်ခြင်းမရှိသော သူအား(သစ္စာလေးပါးတရားကို)သိခြင်းသည် မရှိ၊ တော၌ တယောက်တည်းနေသော်လည်း မေ့လျော့သူသည် သေမင်း၏တည်ရာ တေဘူမကဝဋ်၏ တဖက်ကမ်း နိဗ္ဗာန်သို့ မရောက်နိုင်။

ထောင်လွှားခြင်းကို ပယ်၍ ကောင်းစွာ တည်ကြည်သော စိတ်ရှိသော ကောင်းသော စိတ်ရှိသော ခန္ဓာစသည့် အလုံးစုံတို့မှ လွတ်သော တော၌ တယောက်တည်းနေ၍ မမေ့လျော့သော ထိုသူသည် သေမင်း၏တည်ရာ တေဘူမကဝဋ်၏ တဖက်ကမ်း နိဗ္ဗာန်သို့ ရောက်နိုင်ရာ၏ ဟု (မိန့်တော်မူ၏)။

## ၉-ပဌမ ပဇ္ဇုန္နဓီတုသုတ်

၃၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်-အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ ပဇ္ဇုန္နနတ်၏ သမီးဖြစ်သော ကောကနဒါ နတ်သမီးသည် အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည် ဖြစ်၍ ညဉ့်ဦးယံ လွန်ပြီးသော(သန်ကောင်ယံ)အချိန်၌ မဟာဝုန်တော အလုံးကို ထွန်းလင်းစေ၍ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးလျှင် ရှိသေစွာ ရှိခိုးလျက် တခုသော နေရာ၌ ရပ်တည်ပြီးသော် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာတော်တို့ကို လျှောက်၏-—

"အကျွန်ုပ်သည် ပဇ္ဇုန္နနတ်၏ သမီး ကောကနဒါမည်သော နတ်သမီး ဖြစ်ပါ၏၊ကောကနဒါမည်သော အကျွန်ုပ်သည် ဝေသာလီပြည် မဟာဝုန်တော၌ နေတော်မူသော သတ္တဝါအပေါင်းထက် မြတ်တော်မူသော မြတ်စွာဘုရားကို ရှိခိုးပါ၏။

မြတ်စွာဘုရား သိတော်မူသော သစ္စာလေးပါးတရားကို ရှေးကကြားဘူးရုံမျှသာ ဖြစ်ပါ၏၊ ယခုအခါ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သစ္စာလေးပါးတရားကို ထိုအကျွန်ုပ်သည် ကိုယ်တိုင် သိရ၏ပါ၏။

ပညာမဲ့သူ ဟူသမျှတို့သည် အရိယာ သစ္စာလေးပါးတရားကို ကဲ့ရဲ့ရှုတ်ချကြကုန်သည်ဖြစ်၍ လှည့်လည်ကြကုန်၏၊ ထိုသူတို့သည် ကြမ်းကြုတ်လှစွာသော ရောရုဝငရဲသို့ ကပ်ရောက်ကုန်၍ ကြာမြင့်စွာသော ညဉ့်တို့ပတ်လုံး ဆင်းရဲကို ခံစားကြရကုန်၏။

အကြင်သူတို့သည်ကား အရိယာသစ္စာတရားတော်၌ နှစ်သက်ခြင်း(ရာဂစသည်)ငြိမ်းချမ်းခြင်းနှင့် ပြည့်စုံကုန်၏၊ထိုသူတို့သည် လူ့ခန္ဓာကိုယ်ကို စွန့်၍ နတ်ပြည်၌ ဖြစ်ရကုန်လတ္တံ့"ဟု (လျှောက်၏)။

## ၁၀-ဒုတိယ ပဇ္ဇုန္နဓီတုသုတ်

၄၀။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်-အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ ပဇ္ဇုန္နနတ်၏သမီးဖြစ်သော စူဠကောကနဒါနတ်သမီးသည်အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည် ဖြစ်၍ ညဉ့်ဦးယံ လွန်ပြီးသော(သန်ကောင်ယံ)အချိန်၌ မဟာဝုန်တော အလုံးကို ထွန်းလင်းစေ၍

http://www.dhammadownload.com



မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရိုသေစွာ ရှိခိုးလျက် တခုသော နေရာ၌ ရပ်တည်ပြီးသော် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာတို့ကို လျှောက်၏—

"လျှပ်စစ်နွယ်ပေါင်း အဆင်းရှိသော ပဇ္ဇုန္နနတ်၏သမီး ကောကနဒါမည်သော နတ်သမီးသည် မြတ်စွာဘုရားကိုင်ရင်း တရားကိုင်ရင်း ရှိခိုးလိုသည်ဖြစ်၍ ဤမဟာဝုန်တောသို့ လာပါ၏၊ အနက်နှင့် ပြည့်စုံသော ဤဂါထာတို့ကို ရွတ်ဆိုပါ၏။

များစွာသော အကြောင်းဖြင့် အကျွန်ုပ်တို့သည် ထိုတရားတော်ကို ဝေဖန်လိုပါ၏၊ တရားတော်သည် ထိုသို့ ဝေဖန်အပ်သော သဘောရှိပါ၏၊ အကြင်မျှလောက် အကျွန်ုပ်သည် စိတ်ဖြင့် သင်အပ်၏၊ ထိုမျှလောက် အကျဉ်းဖြစ်သော အနက်ကို ဆိုပါအံ့။

အလုံးစုံသော လောက၌ ကိုယ်နှုတ်စိတ်ဖြင့် တရံတဆစ်မျှ မကောင်းမှုကို မပြုရာ၊ သတိ သမ္ပဇဉ်နှင့် ပြည့်စုံသောသူသည် ကာမဂုဏ်တို့ကို စွန့်၍ အကျိုးစီးပွားနှင့် မစပ်သော ဆင်းရဲကို မမှီဝဲရာ" ဟု (လျှောက်၏)။

လေးခုမြောက် သတုလ္လပကာယိကဝဂ် ပြီး၏။

---

## ၅-အာဒိတ္တဝဂ် ၁-အာဒိတ္တသုတ်

၄၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်–အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိ ပြည် အနာထပိဏ်သူဌေး၏ အရံ ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ နတ်သား တယောက်သည် အလွန် နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ညဉ့်ဦးယံ လွန်ပြီးသော (သန်ကောင်ယံ)အချိန်၌ ဇေတဝန် တကျောင်းလုံးကို ထွန်းလင်းစေလျက် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော အရပ်၌ ရပ်တည်ပြီးသော် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏—

"မီးလောင်သော အိမ်၌ အကြင်အိုးခွက်ကိုထုတ်ဆောင်၏၊ ထိုအိုးခွက်သည် ထိုထုတ်ဆောင် သော သူ၏အကျိုးငှာ ဖြစ်သကဲ့သို့ ထိုမီးလောင်သောအိမ်၌ အကြင်အိုးခွက်ကို မထုတ်ဆောင်၊ (ထိုအိုးခွက်သည်)မီးလောင်ခံရသကဲ့သို့ ထို့အတူ လောကသည် အိုခြင်းဖြင့်ရင်း သေခြင်းဖြင့်ရင်း တပြောင်ပြောင် တောက်လောင်နေ၏၊ ထိုတောက်လောင်နေသော လောကထဲမှ ပေးလှူ ခြင်းဖြင့် ထုတ်ဆောင်ရ၏၊ ပေးလှူအပ်သော ဒါနသည် ကောင်းစွာ ထုတ်ဆောင်ထားပြီး (ဥစ္စာ)မည်၏။

ပေးလှူမှုသည် ချမ်းသာသော အကျိုးရှိ၏၊ မပေးလှူမှုသည် ချမ်းသာသော အကျိုးမရှိ၊ ထို မပေးလှူပဲ ထားသော ဥစ္စာကို ခိုးသူတို့သည်ရင်း မင်းတို့သည်ရင်း ဆောင်ယူနိုင်၊ ကုန်၏၊ မီးလောင်တတ်၏၊ ပျက်စီးတတ်၏။

ထို့နောက် သေဆုံးသဖြင့် မိမိသိမ်းဆည်းသော ဥစ္စာနှင့်တကွ မိမိကိုယ်ကို စွန့်ရ၏၊ပညာရှိ သည် ဤသဘောကို သိ၍ သုံးလည်း သုံးဆောင်ရာ၏၊ ပေးလှူလည်း ပေးလှူရာ၏၊ ပေးလှူပြီး၍ရင်း သုံးဆောင်ပြီး၍ရင်း အလျှော်၏ အာနုဘော်အလျောက် အကဲ့ရဲ့ မခံရပဲ နတ်ပြည်သို့ ရောက်ရ၏" ဟု (လျှောက်၏)။

http://www.dhammadownload.com



## ၂-ကိ ံဒဒသုတ်

၄၂။ အဘယ်အရာကို ပေးလှူသူသည် ခွန်အားကို ပေးလှူသည် မည်ပါသနည်း၊ အဘယ်အရာကို ပေးလှူသူသည် အဆင်းကို ပေးလှူသည် မည်ပါသနည်း၊ အဘယ်အရာကို ပေးလှူသူသည် ချမ်းသာကို ပေးလှူသည် မည်ပါသနည်း၊ အဘယ်အရာကို ပေးလှူသူသည် မျက်စိကို ပေးလှူသည် မည်ပါသနည်း၊ အဘယ်သူသည် အလုံးစုံသော အရာကို ပေးလှူသည် မည်ပါသနည်း၊ ဤသို့ မေးအပ်သော အကျွန်ုပ်အား ထိုအကြောင်းကို ဟောကြားတော်မူပါလော့ ဟု (လျှောက်၏) ။

ထမင်းကို ပေးလှူသူသည် ခွန်အားကို ပေးလှူသည် မည်၏၊ အဝတ်သင်္ကန်းကို ပေးလှူသူသည် အဆင်းကို ပေးလှူသည် မည်၏၊ ယာဉ်ကို ပေးလှူသူသည် ချမ်းသာကို ပေးလှူသည် မည်၏၊ ဆီမီးကို ပေးလှူသူသည် မျက်စိကို ပေးလှူသည် မည်၏၊ နေရာ(ကျောင်းစသည်)ကို ပေးလှူသူသည်ကား အလုံးစုံကို ပေးလှူသည် မည်၏၊ တရားကို ပြသ ပြောဟောသူသည် အမြိုက် (နိဗ္ဗာန်)ကို ပေးလှူသည် မည်၏ ဟု (မိန့်တော်မူ၏)။

## ၃-အန္နသုတ်

၄၃။ နတ်လူနှစ်မျိုးတို့သည် ထမင်းကိုသာလျှင် တောင့်တကုန်၏၊ ထိုသို့ တောင့်တစမြဲဖြစ်ပါလျက် ထမင်းကို မတောင့်တသော နတ်မည်သည် အဘယ်မှာ ရှိပါအံ့နည်း။

အကြင်သူတို့သည် ယုံကြည်၍ ကြည်လင်သော စိတ်ဖြင့် နတ်လူတို့ တောင့်တသည့်ထမင်းကို ပေးလှူကုန်၏၊ ထိုပေးလှူအပ်သော ထမင်းသည်သာလျှင် ဤလောက၌၎င်း၊ တမလွန်လောက၌၎င်း ထိုသူတို့သို့ အစဉ်လိုက်၏။

ထို့ကြောင့် ဝန်တိုခြင်းကို ပယ်ဖျောက်၍ (ဝန်တိုခြင်း) အညစ်အကြေးကို နှိပ်နင်းလျက် အလှူကို ပေးလှူရာ၏၊ ကောင်းမှုတို့သည် တမလွန်လောက၌ သတ္တဝါတို့၏ တည်ရာ ဖြစ်ကုန်၏ ဟု (လျှောက်၏)။

## ၄-ဧကမူလသုတ်

၄၄။ (တဏှာ ဟု ဆိုအပ်သော) အမြစ်အရင်းတခုရှိသော (သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိဟု ဆိုအပ်သော) လည်ခြင်း နှစ်ခုရှိသော (ရာဂ ဒေါသ မောဟ ဟု ဆိုအပ်သော) အညစ်အကြေး သုံးခုရှိသော (ကာမဂုဏ်ငါးပါးဟူသော) အပြန့်ငါးခုရှိသော (အာယတနဟူသော) ဝဲလှိုင်း တဆယ့်နှစ်ခုရှိသော မထောက်မှီနိုင်သော(သံသရာ တည်းဟူသော)သမုဒ္ဒရာကို ရဟန္တာသည် ကူးမြောက်၏ ဟု (လျှောက်၏)။

## ၅-အနောမသုတ်

၄၅။ ပြည့်စုံသော အမည်တော်ရှိသော သိမ်မွေ့နက်နဲသော အနက်သဘောကို မြင်လေ့ရှိသော ပညာကိုလည်း ပေးတော်မူတတ်သော ကပ်ငြိဖွယ် ကာမဂုဏ်၌ ကပ်ငြိခြင်း ရှိတော်မမူ

http://www.dhammadownload.com



သော အလုံးစုံသော တရားကို သိလေ့ရှိတော်မူသော ကောင်းသော ပညာရှိတော်မူသော အရိယာ လမ်းခရီး၌ ကြွသွားတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြော်ကြကုန်လော့ ဟု (လျှောက်၏)။

### ၆-အစ္ဆရာသုတ်

၄၆။ နတ်သမီး အပေါင်းတို့ သီချင်းကျူးရင့်ရာ ဖြစ်သော မြေဘုတ်ဘီလူးအပေါင်းတို့ မှီဝဲရာ ဖြစ်သော မောဟန မည်သော ထိုနန္ဒဝန်ဥယျာဉ်ကို အဘယ်သို့သော အကြောင်းဖြင့် လွန်မြောက်ရပါအံ့နည်း ဟု (လျှောက်၏)။

(အရိယာမဂ်တည်းဟူသော) လမ်းသည် လမ်းဖြောင့် မည်၏၊ ထို (နိဗ္ဗာန်) အရပ်သည် ဘေးမရှိရာ အရပ်မည်၏၊ တရား တည်းဟူသော စက်နှင့် ယှဉ်သော အရိယာမဂ်သည် အသံမမြည်သော ရထားမည်၏။

ရှက်ခြင်း 'ဟိရီ' ကြောက်ခြင်း 'ဩတ္တပ္ပ'သည် အရိယာမဂ် ဟူသော ရထား၏ အမှီတံကဲ မည်၏၊ အောက်မေ့ခြင်း 'သတိ'သည် အရိယာမဂ် ဟူသော ရထား၏ အကာအရံ မည်၏၊ ကောင်းသောအမြင် 'သမ္မာဒိဋ္ဌိ'လျှင် ရှေ့သွားရှိသော တရားကို ရထားမှူး ဟူ၍ ဆို၏။

အကြင်မိန်းမအားဖြစ်စေ အကြင်ယောကျ်ားအားဖြစ်စေ ထိုသို့ သဘောရှိသော ယာဉ်သည် ရှိ၏၊ ထိုသူသည် စင်စစ် ထိုယာဉ်ဖြင့် နိဗ္ဗာန်သို့ ချောက်နိုင်၏ ဟု (မိန့်တော်မူ၏)။

### ၇-ဝနရောပသုတ်

၄၇။ အဘယ်သူတို့အား နေ့၌၎င်း၊ ညဉ့်၌၎င်း အခါခပ်သိမ်း ကောင်းမှုသည် တိုးပွားပါသနည်း၊ အဘယ်သူတို့သည် တရား၌ တည်ကုန်ရာသနည်း၊ အဘယ်သူတို့သည် သီလနှင့် ပြည့်စုံကုန်သနည်း၊ အဘယ်သူတို့သည် နတ်ပြည်သို့ သွားကုန်သနည်းဟု (လျှောက်၏)။

အကြင် သူတို့သည် သစ်သီးဥယျာဉ် ပန်းဥယျာဉ် စိုက်ပျိုးကုန်၏၊ တောသစ်ပင်ကို စိုက်ပျိုးကုန်၏၊ တံတားခင်းကုန်၏၊ အကြင်သူတို့သည် ရေအိုးစင်ကို၎င်း၊ ရေတွင်းကို၎င်း နေရာကျောင်းကို၎င်း လှူဒါန်းကုန်၏။

ထိုသူတို့အား နေ့၌၎င်း ညဉ့်၌၎င်း အခါခပ်သိမ်း ကောင်းမှုသည်တိုးပွား၏၊ ထိုသူတို့သည် တရား၌ တည်ကုန်၏၊ ထိုသူတို့သည် အလေ့အထ စာရိတ္တ သီလနှင့်ပြည့်စုံကုန်၏။ ထိုသူတို့သည် နတ်ပြည်သို့ သွားရ၏ ဟု (မိန့်တော်မူ၏)။

### ၈-ဇေတဝနသုတ်

၄၈။ ဤဇေတဝန်ကျောင်းတော်သည် ရဟန်းအပေါင်းတို့၏ အမြဲနေရာလည်း ဖြစ်၏၊ တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရား သီတင်းသုံးရာလည်း ဖြစ်၏၊ ထို့ကြောင့် ငါ့အား နှစ်သိမ့်ခြင်း 'ပီတိ' ကို ဖြစ်စေ၏။

http://www.dhammadownload.com



အလုပ်ကိစ္စ အသိဉာဏ် တည်ကြည်မှု ကိုယ်ကျင့်သီလ မြတ်သော အသက်မွေးမှုဟူသော ဤတရားအပေါင်းကြောင့် သတ္တဝါတို့သည် စင်ကြယ်ကုန်၏၊ အမျိုးအနွယ်ကြောင့်ရင်း၊ ဥစ္စာကြောင့်ရင်း စင်ကြယ်သည် မဟုတ်ကုန်။

ထို့ကြောင့်သာလျှင် ပညာရှိသော ပုဂ္ဂိုလ်သည် မိမိ၏ အကျိုးစီးပွါးကို ရှုမြော်၍ သင့်လျော်သော အကြောင်းအားဖြင့် တရားကို စူးစမ်း ဆင်ခြင်ရာ၏၊ ဤသို့ ဆင်ခြင်သော် ထိုအရိယာမဂ်တရားတို့၌ စင်ကြယ်၏။

အကြင်ရဟန်းသည် တဖက်ကမ်း(နိဗ္ဗာန်)သို့ ရောက်၏၊ ထိုရဟန်းသည် ဤတဖက်ကမ်း နိဗ္ဗာန်သို့ ရောက်ရုံမျှသာလျှင် ရောက်၏၊ သာရိပုတြာသာလျှင် ပညာဖြင့်ရင်း၊ သီလဖြင့်ရင်း၊ ငြိမ်သက်ခြင်းဖြင့်ရင်း (ထိုနိဗ္ဗာန်သို့ ရောက်သော ရဟန်းဟူသမျှထက်) မြတ်၏။

## ၉-မစ္ဆရိသုတ်

၄၉။ ဤလောက၌ အကြင်လူတို့သည် ဝန်တိုကုန်၏၊ စဉ်းလဲကုန်၏၊ ခြိမ်းချောက်တတ်ကုန်၏၊ ပေးလှူကုန်သော တပါးသော သူတို့အား အန္တရာယ်ကို ပြုတတ်ကုန်၏။

ထိုသူတို့၏အကျိုးသည် အဘယ်သို့သဘောရှိပါသနည်း၊ တမလွန်ဘဝသည်လည်း အဘယ်သို့ သဘောရှိပါသနည်း၊ အသျှင်ဘုရားကို မေးလျှောက်ခြင်းငှါ လာပါကုန်၏၊ အကျွန်ုပ်တို့သည် ထိုအကြောင်းကို အဘယ်သို့ သိရကုန်အံ့နည်းဟု (မေးလျှောက်၏)။

ဤလောက၌ အကြင်လူတို့သည် ဝန်တိုကုန်၏၊ စဉ်းလဲကုန်၏၊ ခြိမ်းချောက်တတ်ကုန်၏၊ ပေးလှူကုန်သော တပါးသော သူတို့အား အန္တရာယ်ကို ပြုတတ်ကုန်၏။

ထိုလူတို့သည် ငရဲသို့ရင်း၊ တိရစ္ဆာန်မျိုးသို့ရင်း၊ ယမမင်း၏ နိုင်ငံသို့ရင်း ရောက်ရကုန်၏၊ အကယ်၍ လူ၏အဖြစ်သို့ ရောက်ကုန်သည် ဖြစ်အံ့၊ ဆင်းရဲသောအမျိုး၌ ဖြစ်ရကုန်၏။

ယင်းအမျိုး၌ အဝတ်ကိုရင်း၊ ထမင်းကိုရင်း၊ မွေ့လျော်ခြင်းကိုရင်း၊ ရွှင်မြူးခြင်းကိုရင်း ငြိုငြင်သဖြင့် ရအပ်၏၊ သူမိုက်တို့သည် သူတပါးထံမှ (ဥစ္စာကို) တောင့်တကုန်၏၊ ထိုသူတို့အား ထိုဥစ္စာကိုလည်း မရအပ်၊ ထိုအကျိုးသည် မျက်မှောက်ဘဝ အကျိုးတည်း၊ တမလွန်ဘဝ၌ကား မကောင်းသောလားရာ ဒုဂ္ဂတိဘဝသို့ ရောက်ရ၏ဟု (မိန့်တော်မူ၏)။

ဤသို့ ထိုအနက်သဘောကို အကျွန်ုပ်တို့သည် သိပါကုန်၏၊ အသျှင်ဂေါတမအား တပါးသော ပြဿနာကို မေးပါကုန်၏၊ အကြင်သူတို့သည်လည်း လူ၏အဖြစ်ကို ရကုန်၍ (အလှူခံ ပုဂ္ဂိုလ်ကို) သိတတ်ကုန်၏၊ ဝန်တိုခြင်း ကင်းကုန်၏။

ဘုရား၌ရင်း၊ တရား၌ရင်း၊ သံဃာ၌ရင်း ကြည်ညိုကုန်၏၊ အလွန်အကဲ ရိုသေခြင်း ရှိကုန်၏၊ ထိုသူတို့၏ အကျိုးသည် အဘယ်သို့ သဘောရှိပါသနည်း၊ တမလွန်ဘဝသည်လည်း အဘယ်သို့ သဘောရှိပါသနည်း၊ အသျှင်ဘုရားကို မေးခြင်းငှါ ရောက်လာပါကုန်၏၊ အကျွန်ုပ်တို့ သည် ထိုအကြောင်းကို အဘယ်သို့ သိရကုန်အံ့နည်းဟု (မေးလျှောက်၏)။

အကြင်သူတို့သည်လည်း လူ၏ အဖြစ်ကို ရကုန်သည်ဖြစ်၍ အလှူခံပုဂ္ဂိုလ်ကို သိတတ်ကုန်၏၊ ဝန်တိုခြင်း ကင်းကုန်၏၊ ဘုရား၌ရင်း၊ တရား၌ရင်း၊ သံဃာ၌ရင်း ကြည်ညိုကုန်၏၊ အလွန်အကဲ ရိုသေခြင်း ရှိကုန်၏။

http://www.dhammadownload.com



ထိုသူတို့သည် နတ်ပြည်၌ ဖြစ်ကုန်သော် ထိုအရောင်အဝါ ထွန်းတောက်ပကုန်၏၊ လူ၏ အဖြစ်ကို အကယ်၍ ရောက်ကုန်သော် ကြွယ်ဝသော အမျိုး၌ ဖြစ်ရကုန်၏။ (ယင်းအမျိုးတို့၌) အဝတ်ကိုရင်း၊ ထမင်းကိုရင်း၊ မွေ့လျော်ခြင်းကိုရင်း၊ ရှင်မြူးခြင်းကိုရင်း မပင်ပန်းပဲ ရကုန်၏။

သူတပါးတို့သည် စုဆောင်းအပ်ကုန်သော ဥစ္စာတို့၌ မိမိအလိုသို့ ပါသည်ဖြစ်၍သာလျှင် ဝမ်းမြောက်ရကုန်၏၊ ကိုအကျိုးသည် မျက်မှောက်ဘဝ အကျိုးတည်း၊ တမလွန်ဘဝ၌လည်း နတ်ပြည်သို့ ရောက်ရ၏ ဟု (မိန့်တော်မူ၏)။

## ၁၀–ဃဋီကာရသုတ်

၅၀။ အဝိဟာဘုံသို့ ရောက်ကုန်သော(ကိလေသာတို့မှ) လွတ်ကုန်သော စွဲမက်ခြင်း'ရာဂ' အမျက်ထွက်ခြင်း 'ဒေါသ'ကုန်ပြီးကုန်သော လောက၌ ကပ်ငြိမှု'တဏှာ'ကို ကူးမြောက်ကုန်ပြီးသော ရဟန်းခုနစ်ယောက်တို့သည် အဘယ်သူတို့နည်း။

အဘယ်ရဟန်းတို့သည် သေမင်း၏ ဇာ်ညရာဖြစ်သော ကူးမြောက်နိုင်ခဲသော(ကိလေသာ) ညွှန်ပျောင်းကို ကူးမြောက်ကုန်သနည်း၊ အဘယ်ရဟန်းတို့သည် လူ၌ ဖြစ်သော ကိုယ်ကို စွန့်ကုန်၍ နတ်ပြည်၌ ဖြစ်ကြောင်း (သံယောဇဉ်)ကို လွန်မြောက်ကုန်သနည်းဟု (လျှောက်၏)။

ဥပက ပလဂဏ္ဍ ပုက္ကုသာတိဟူသော ထိုသုံးယောက်တို့သည်ရင်း၊ ဘဒ္ဒိယ ခဏ္ဍဒေဝ ဗာဟုရဂ္ဂိ သိင်္ဂိယတို့ရင်း ထိုခုနစ်ယောက်တို့သည် လူ့ခန္ဓာကိုယ်ကို စွန့်ကုန်၍ နတ်ပြည်၌ ဖြစ်ကြောင်း (သံယောဇဉ်) ကို လွန်မြောက်ကုန်၏ ဟု (မိန့်တော်မူ၏)။

မာရ်မင်း၏ ကျော့ကွင်းကို ပယ်တတ်ကုန်သော ထိုရဟန်းတို့၏ အပြစ်မရှိခြင်းကို ပြောဆို၏၊ ထိုသူတို့သည် အဘယ်သူ၏ တရားကို သိကုန်၍ ဘဝ အနှောင်အဖွဲ့ကို ဖြတ်ကုန်သနည်း။

ထိုသူတို့သည် အကြင်မြတ်စွာဘုရား၏ တရားကို သိ၍ ဘဝအနှောင်အဖွဲ့ကို ဖြတ်ကုန်သော ထို မြတ်စွာဘုရားကို ကြဉ်ထား၍ ဘဝအနှောင်အဖွဲ့ကို မဖြတ်နိုင်ကုန်၊ အသျှင်ဘုရား၏ အဆုံးအမ တော်ကို ကြဉ်ထား၍ ဘဝအနှောင်အဖွဲ့ကို မဖြတ်နိုင်ကုန်။

အကြင်နိဗ္ဗာန်၌ နာမ်သည်ရင်း၊ ရုပ်သည်ရင်း အကြွင်းမဲ့ချုပ်၏၊ ဤ သာသနာတော်၌ ထိုသူတို့သည် ထို(နိဗ္ဗာန်)တရားကို သိကုန်၍ ဘဝအနှောင်အဖွဲ့ကို ဖြတ်ကုန်၏ ဟု (လျှောက်၏)။

နက်နဲသော သိနိုင်ခဲသော လွန်စွာ သိနိုင်ခဲသော စကားကို ဆိုဘိ၏၊ သင်သည် အဘယ်သူ၏ တရားကို သိ၍ ဤသို့ သဘောရှိသော စကားကို ဆိုဘိသနည်း ဟု (မေးတော်မူ၏)။

အကျွန်ုပ်သည် ရှေးအခါက ဝေဘဠိင်္ဂရွာ၌ ဃဋီကာရ အိုးထိန်းသည် ဖြစ်ခဲ့ဘူးပါ၏၊ အမိ အဖကို လုပ်ကျွေးခဲ့၏၊ ကဿပမြတ်စွာဘုရား၏ ဥပါသကာ ဖြစ်ခဲ့၏။

မေထုန်အကျင့်မှ ရှောင်ကြဉ်ပါ၏၊ အာမိသကင်းသည်ဖြစ်၍ အကျင့်မြတ်ကို ကျင့်လေ့ရှိခဲ့ပါ၏၊ အသျှင်ဘုရားနှင့် တရွာတည်းနေ ဖြစ်ခဲ့ဘူးပါ၏၊ ရှေးအခါက အသျှင်ဘုရားနှင့် အဆွေ ခင်ပွန်း ဖြစ်ခဲ့ဘူးပါ၏။

http://www.dhammadownload.com



ထိုအကျွန်ုပ်သည်(ကိလေသာတို့မှ) လွတ်ကုန်ပြီးသော တပ်မက်မှု 'ရာဂ' အမျက်ထွက်မှု 'ဒေါသ' ကုန်ပြီးသော လောကဝဋ် ၈ပါးပြင်မှု တဏှာကိုကူးမြောက်ကုန်ပြီးသော ထိုခုနစ်ယောက်သောရဟန်းတို့ကို သိပါ၏ ဟု (လျှောက်၏)။

ဘဂ္ဂဝ အကြင်သို့သော အခြင်းအရာဖြင့် ထိုအကြောင်းကို ဆို၏၊ ထိုအခါက ဤအတိုင်းဖြစ်ခဲ့ဘူးပြီ၊ ရှေးအခါက ဝေကဠိဂ်ရွာ၌ ဃဋိကာရအမည်ရှိသော အိုးထိန်းသည် ဖြစ်ခဲ့ဘူး၏။ အမိ အဖကို လုပ်ကျွေးခဲ့၏၊ ကဿပမြတ်စွာဘုရား၏ ဥပါသကာ ဖြစ်ခဲ့၏။

မေထုန်အကျင့်မှရှောင်ကြဉ်ခဲ့၏၊ အာမိသကင်းသည်ဖြစ်၍ အကျင့်မြတ်ကို ကျင့်လေ့ရှိခဲ့၏၊ တရွာတည်းနေ ဖြစ်ခဲ့ဘူး၏၊ ရှေးအခါက ငါ၏ အဆွေခင်ပွန်းဖြစ်ခဲ့ဘူး၏။

ရှေး၌ ဖြစ်ကုန်သော အပေါင်းအဖော် ဖြစ်ခဲ့ဘူးကုန်သော ပွားများအပ်သော စိတ်ရှိကုန်သော အဆုံးစွန်သော ကိုယ်ကို ဆောင်ကုန်သော နှစ်ယောက်ကုန်သော သူတို့၏ ဤသို့သော ပေါင်းဆုံမိခြင်းသည် ဖြစ်သတည်း ဟု (မိန့်တော်မူ၏)။

ငါးခုမြောက် အာဒိတ္တဝဂ် ပြီး၏။

---

## ၆-ဇရာဝဂ် ၁-ဇရာသုတ်

၅၁။ အဘယ်တရားသည် အိုသည်တိုင်အောင်ကောင်းပါသနည်း၊ အဘယ်တရား တည်သည်ရှိသော် ကောင်းပါသနည်း၊ အဘယ်တရားသည် လူတို့၏ ရတနာ မည်ပါသနည်း၊ အဘယ်တရားကို ခိုးသူတို့သည် ခိုးယူနိုင်ခဲပါသနည်း ဟု (လျှောက်၏)။

အကျင့်သီလသည် အိုသည်တိုင်အောင်ကောင်း၏၊ယုံကြည်မှုသဒ္ဓါတရား တည်သည်ရှိသော် ကောင်း၏၊ ပညာသည် လူတို့၏ ရတနာမည်၏၊ ကောင်းမှုကို ခိုးသူတို့သည် ခိုးယူနိုင်ခဲ၏ ဟု (မိန့်တော်မူ၏)။

## ၂-အဇရသာသုတ်

၅၂။ အဘယ်တရားသည် မအိုမဆွေးမြေ့သဖြင့် ကောင်းပါသနည်း၊အဘယ်တရား စွဲမြဲစွာ တည်သည်ရှိသော် ကောင်းပါသနည်း၊ အဘယ်တရားသည်လူတို့၏ ရတနာ မည်ပါသနည်း၊ အဘယ်တရားကို ခိုးသူတို့သည် မယူဆောင်နိုင်ပါသနည်း ဟု (လျှောက်၏)။

အကျင့်သီလသည် မဆွေးမြေ့သဖြင့် ကောင်း၏၊ ယုံကြည်ခြင်း (သဒ္ဓါ) တရား စွဲမြဲစွာ တည်သည်ရှိသော် ကောင်း၏၊ ပညာသည် လူတို့၏ ရတနာမည်၏၊ ကောင်းမှုကို ခိုးသူတို့သည် မယူဆောင်နိုင်ကုန် ဟု (မိန့်တော်မူ၏)။

## ၃-မိတ္တသုတ်

၅၃။ ခရီးသွားသောသူ၏ အဆွေခင်ပွန်းသည် အဘယ်နည်း၊မိမိအိမ်၌ အဆွေခင်ပွန်းသည် အဘယ်နည်း၊ ပြုဖွယ်ကိစ္စရှိသောသူ၏ အဆွေခင်ပွန်းသည် အဘယ်နည်း၊ တမလွန်၌ ဖြစ်သော အဆွေခင်ပွန်းသည် အဘယ်နည်း ဟု (လျှောက်၏)။

http://www.dhammadownload.com



ခရီးသွားသော သူ၏ အဆွေခင်ပွန်းသည် အတူသွားဖော်တည်း၊ မိမိ၏အိမ်၌ အဆွေခင်ပွန်းသည် အမိတည်း၊ ပြုဖွယ်ကိစ္စရှိသောသူ၏ အဆွေခင်ပွန်းသည် သူငယ်ချင်းတည်း၊ အဖန်ဖန်ကိုယ်တိုင် ပြုအပ်သော ကောင်းမှုတို့သည် တမလွန်၌ ဖြစ်သော အဆွေခင်ပွန်းမည်၏ ဟု (မိန့်တော်မူ၏)။

### ၄-ဝတ္ထုသုတ်

၅၄။ လူတို့၏ မှီရာ တည်ရာသည် အဘယ်ပါနည်း၊ ဤလောက၌ လွန်မြတ်သော အဆွေခင်ပွန်းသည် အဘယ်ပါနည်း၊ အကြင် သတ္တဝါတို့သည် မြေ၌မှီကုန်၏၊ ထို သတ္တဝါတို့သည် အဘယ်ကိုမှီ၍ အသက်မွေးပါကုန်သနည်း ဟု (လျှောက်၏)။

လူတို့၏ မှီရာတည်ရာသည် သားသမီးတို့တည်း၊ ဤလောက၌ လွန်မြတ်သော အဆွေခင်ပွန်းသည် မယားတည်း၊ အကြင် သတ္တဝါတို့သည် မြေ၌မှီကုန်၏၊ ထိုသတ္တဝါတို့သည် ရွာချသောမိုးကိုမှီ၍ အသက်မွေးကုန်၏ ဟု(မိန့်တော်မူ၏)။

### ၅-ပဌမ ဇနသုတ်

၅၅။ အဘယ်အရာသည် ပုဂ္ဂိုလ် သတ္တဝါကို ဖြစ်စေပါသနည်း၊ ထိုပုဂ္ဂိုလ်သတ္တဝါ၏ အဘယ်အရာသည် ပြေးသွားသနည်း၊ အဘယ်အရာသည် သံသရာသို့ ရောက်ပါသနည်း၊ အဘယ်အရာသည် ထိုပုဂ္ဂိုလ်သတ္တဝါ၏ ကြီးစွာသော ဘေးဖြစ်သနည်း ဟု (လျှောက်၏)။

တပ်မက်မှု'တဏှာ' သည် ပုဂ္ဂိုလ် သတ္တဝါကို ဖြစ်စေ၏၊ ထိုပုဂ္ဂိုလ်သတ္တဝါ၏ စိတ်သည် ပြေးသွား၏၊ ပုဂ္ဂိုလ် သတ္တဝါသည် သံသရာသို့ ရောက်၏၊ ဆင်းရဲသည် ထိုပုဂ္ဂိုလ် သတ္တဝါ၏ ကြီးစွာသော ဘေးတည်း ဟု (မိန့်တော်မူ၏)။

### ၆-ဒုတိယ ဇနသုတ်

၅၆။ အဘယ်အရာသည် ပုဂ္ဂိုလ်သတ္တဝါကို ဖြစ်စေပါသနည်း၊ ထိုပုဂ္ဂိုလ်သတ္တဝါ၏ အဘယ်အရာသည် ပြေးသွားသနည်း၊ အဘယ်အရာသည် သံသရာသို့ ရောက်သနည်း၊ (ပုဂ္ဂိုလ်သတ္တဝါသည်) အဘယ်အရာမှ မလွတ်ပါသနည်း ဟု (လျှောက်၏)။

တဏှာသည် ပုဂ္ဂိုလ်သတ္တဝါကို ဖြစ်စေ၏၊ ထိုပုဂ္ဂိုလ်သတ္တဝါ၏ စိတ်သည် ပြေးသွား၏၊ ပုဂ္ဂိုလ် သတ္တဝါသည် သံသရာသို့ ရောက်၏၊ (ပုဂ္ဂိုလ်သတ္တဝါသည်) ဝဋ်ဆင်းရဲမှမလွတ် ဟု (မိန့်တော်မူ၏)။

### ၇-တတိယ ဇနသုတ်

၅၇။ အဘယ်အရာသည် ပုဂ္ဂိုလ် သတ္တဝါကိုဖြစ်စေပါသနည်း၊ ထိုပုဂ္ဂိုလ်သတ္တဝါ၏ အဘယ်အရာသည် ပြေးသွားသနည်း၊ အဘယ်အရာသည် သံသရာသို့ ရောက်ပါသနည်း၊ အဘယ်အရာသည် ထိုပုဂ္ဂိုလ်သတ္တဝါ၏ မှီခိုရာဖြစ်ပါသနည်း ဟု (လျှောက်၏)။

http://www.dhammadownload.com



တဏှာသည် ပုဂ္ဂိုလ် သတ္တဝါကို ဖြစ်စေ၏၊ ထိုပုဂ္ဂိုလ် သတ္တဝါ၏ စိတ်သည် ပြေးသွား၏၊ ပုဂ္ဂိုလ် သတ္တဝါသည် သံသရာသို့ ရောက်၏၊ ကံတရားသည် ထိုပုဂ္ဂိုလ် သတ္တဝါ၏ မှီခိုရာဖြစ်၏ ဟု (မိန့်တော်မူ၏)။

## ၈-ဥပ္ပထသုတ်

၅၈။ အဘယ်အရာကို ခရီးမဟုတ်ဟု ဆိုအပ်သနည်း၊ အဘယ်အရာသည် ညဉ့် နေ့တို့၌ ကုန်သနည်း၊ အကျင့်မြတ်၏ အညစ်အကြေးသည် အဘယ်နည်း၊ ရေမဟုတ်သော ဆေးကြောဖွယ်သည် အဘယ်နည်းဟု (လျှောက်၏။)

**တပ်မက်မှု** 'ရာဂ'ကို (နိဗ္ဗာန်သို့ သွားသောသူ၏) ခရီးမဟုတ် ဟု ဆိုအပ်၏၊ **အရွယ်သည်** ညဉ့် နေ့တို့၌ ကုန်၏၊ အကျင့်မြတ်၏ အညစ်အကြေးသည် မိန်းမတည်း၊ ဤမိန်းမ၌ဤသတ္တဝါ အပေါင်းသည် ကပ်ငြိ၏၊ကိလေသာကို ပူပန်စေတတ်သော အကျင့်နှင့် မေထုန်မှ ရှောင်ကြဉ်မှု အကျင့်မြတ်သည် ရေမဟုတ်သော ဆေးကြောဖွယ် မည်၏ ဟု (မိန့်တော်မူ၏)။

## ၉-ဒုတိယသုတ်

၅၉။ **အဘယ်အရာသည်** ပုဂ္ဂိုလ်သတ္တဝါ၏ အဖော် ဖြစ်ပါသနည်း၊ အဘယ်အရာသည် ထိုပုဂ္ဂိုလ် သတ္တဝါကို ဆုံးမပါသနည်း၊ ပုဂ္ဂိုလ်သတ္တဝါသည် အဘယ်အရာ၌ မွေ့လျော်သည် ဖြစ်၍ အလုံးစုံသော ဆင်းရဲမှ လွတ်မြောက်ပါသနည်းဟု (လျှောက်၏)။

ယုံကြည်မှု 'သဒ္ဓါ'တရားသည် ပုဂ္ဂိုလ် သတ္တဝါ၏ အဖော်ဖြစ်၏၊ ပညာသည် ထိုပုဂ္ဂိုလ် သတ္တဝါကို ဆုံးမ၏၊ ပုဂ္ဂိုလ် သတ္တဝါသည် နိဗ္ဗာန်၌ မွေ့လျော်သည်ဖြစ်၍ အလုံးစုံသောဆင်းရဲမှ လွတ်မြောက်၏ ဟု (မိန့်တော်မူ၏။)

## ၁၀-ကဝိသုတ်

၆၀။ ဂါထာတို့၏ ဖြစ်ကြောင်းကားအဘယ်နည်း၊ ထိုဂါထာတို့ကို ထင်စွာပြကြောင်းကား အဘယ်နည်း၊ ဂါထာတို့သည် အဘယ်ကို မှီပါကုန်သနည်း၊ ဂါထာတို့၏တည်ရာသည် အဘယ်ပါနည်း ဟု (လျှောက်၏)။

ဂါထာတို့၏ ဖြစ်ကြောင်းကား (ဂါယတ္တိစသော) ဆန်းတည်း၊ ထိုဂါထာတို့ကို ထင်စွာပြကြောင်းကား အက္ခရာတည်း၊ ဂါထာတို့သည် အမည် (နာမပညတ်)ကိုမှီကုန်၏၊ ဂါထာတို့၏ တည်ရာသည် ပညာရှိတည်း ဟု (မိန့်တော်မူ၏)။

ခြောက်ခုမြောက် ဇရာဝဂ်ပြီး၏။

---

## ၇-အဒ္ဓဝဂ် ၁-နာမသုတ်

၆၁။ အဘယ်အရာသည် အလုံးစုံသောအရာသို့ လျော်စွာကျပါသနည်း၊အဘယ်အရာထက် လွန်သော သဘောသည် မရှိပါသနည်း၊ အလုံးစုံသော တရားတို့သည်သာလျှင် အဘယ်မည်သော တခုသော တရား၏ အလိုသို့ အစဉ်လိုက်ရကုန်ပါသနည်းဟု (လျှောက်၏)။

http://www.dhammadownload.com



အမည်သည် အလုံးစုံသော အရာဝတ္ထုသို့ လျှော်စွာကျ၏၊ အမည်ထက်လွန်သော သဘော သည် မရှိ၊ အလုံးစုံသောတရားတို့သည်သာလျှင် အမည်ဟု ဆိုအပ်သော တခုသော တရား၏ အလိုသို့ အစဉ်လိုက်ရကုန်၏ ဟု (မိန့်တော်မူ၏)။

## ၂-စိတ္တသုတ်

၆၂။ အဘယ်အရာသည် လောကကို ဆောင်အပ်ပါသနည်း၊ အဘယ်အရာသည်(လောက ကို) ဆွဲငင်အပ်ပါသနည်း၊ အလုံးစုံသော တရားတို့သည်သာလျှင် အဘယ်မည်သော တခုသော တရား၏ အလိုသို့ အစဉ်လိုက်ရကုန်သနည်း ဟု (လျှောက်၏)။

စိတ်သည် လောကကို ဆောင်အပ်၏၊ စိတ်သည်(လောကကို) ဆွဲငင်အပ်၏၊ အလုံးစုံသော တရားတို့သည်သာလျှင် စိတ်ဟုဆိုအပ်သော တခုသော တရား၏ အလိုသို့ အစဉ်လိုက်ရကုန် ၏ ဟု(မိန့်တော်မူ၏)။

## ၃-တဏှာသုတ်

၆၃။ အဘယ်အရာသည် လောကကို ဆောင်အပ်ပါသနည်း၊ အဘယ်အရာသည်(လောက ကို) ဆွဲငင်အပ်ပါသနည်း၊ အလုံးစုံသော တရားတို့သည်သာလျှင် အဘယ်မည်သော တခုသော တရား၏ အလိုသို့ အစဉ်လိုက်ရကုန်သနည်း ဟု (လျှောက်၏)။

တပ်မက်မှု'တဏှာ'သည် လောကကို ဆောင်အပ်၏၊တဏှာသည်(လောကကို)ဆွဲငင်အပ်၏၊ အလုံးစုံသော တရားတို့သည် သာလျှင် တဏှာဟုဆိုအပ်သော တခုသောတရား၏ အလိုသို့ အစဉ်လိုက်ရကုန်၏ ဟု (မိန့်တော်မူ၏)။

## ၄-သံယောဇနသုတ်

၆၄။ အဘယ်အရာသည် လောကကို နှောင်ဖွဲ့အပ်ပါသနည်း၊ ထိုလောက၏ ခြေတို့သည် အဘယ်သည်တို့ပါနည်း၊ အဘယ်တရားမှ ကင်းခြင်းကြောင့်နိဗ္ဗာန်ဟူ၍ ဆိုအပ်ပါသနည်း ဟု (လျှောက်၏)။

တပ်နှစ်သက်မှု'နန္ဒီ' သည် လောကကို နှောင်ဖွဲ့အပ်၏၊ ထိုလောက၏ခြေတို့သည် ကြံစည် မှု'ဝိတက်'တည်း၊ တပ်မက်မှု 'တဏှာ'မှ ကင်းခြင်းကြောင့် နိဗ္ဗာန်ဟူ၍ ဆိုအပ်၏ ဟု(မိန့်တော် မူ၏)။

## ၅-ဗန္ဓနသုတ်

၆၅။ အဘယ်အရာသည် လောကကို ဆက်စပ် အပ်ပါသနည်း။ ထိုလောက၏ ခြေတို့သည် အဘယ်သည်တို့နည်း၊ အဘယ်အရာကို ပယ်ခြင်းကြောင့် အလုံးစုံသော အဆက်အစပ် ပြတ် ပါသနည်း ဟု(လျှောက်၏)။

တပ်နှစ်သက်မှု 'နန္ဒီ' သည် လောကကို ဆက်စပ်အပ်၏၊ ထိုလောက၏ ခြေတို့သည် ကြံစည်မှု'ဝိတက်'တည်း၊ တပ်မက်မှု 'တဏှာ'ကို ပယ်ခြင်းကြောင့် အလုံးစုံသော အဆက် အစပ်ပြတ်၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၆-အတ္တဟတသုတ်

၆၆။ အဘယ်အရာသည် လောကကို လွှမ်းမိုးနှိပ်စက်အပ်ပါသနည်း၊ အဘယ်အရာသည် (လောကကို)ခြံရံအပ်ပါသနည်း၊ အဘယ်မည်သော မြှားသည် စူးဝင်ပါသနည်း၊ အဘယ်အရာသည် အခါခပ်သိမ်း တောက်လောင်ပါသနည်း ဟု (လျှောက်၏)။

သေခြင်းသည် လောကကို လွှမ်းမိုးနှိပ်စက်အပ်၏၊ အိုခြင်းတရားသည် (လောကကို)ခြံရံအပ်၏၊ တပ်မက်မှု 'တဏှာ' မြှားသည် စူးဝင်၏၊ အလိုရမ္မက်သည် အခါခပ်သိမ်း တောက်လောင်၏ ဟု (မိန့်တော်မူ၏)။

## ၇-ဥဍ္ဍိတသုတ်

၆၇။ အဘယ်အရာသည် လောကကို ဆွဲချိတ်အပ်ပါသနည်း၊ အဘယ်အရာသည် (လောကကို) ခြံရံအပ်ပါသနည်း၊ အဘယ်အရာသည် လောကကို ပိတ်ဆို့အပ်ပါသနည်း၊ လောကသည် အဘယ်အရာ၌ တည်ပါသနည်း ဟု (လျှောက်၏)။

တပ်မက်မှု'တဏှာ'သည် လောကကို ဆွဲချိတ်အပ်၏၊ အိုခြင်းသည် (လောကကို) ခြံရံအပ်၏၊ သေမင်းသည် လောကကို ပိတ်ဆို့အပ်၏၊ လောကသည် ဆင်းရဲ၌ တည်၏ ဟု (မိန့်တော်မူ၏)။

## ၈-ပိဟိတသုတ်

၆၈။ အဘယ်အရာသည် လောကကို ပိတ်ဆို့အပ်ပါသနည်း၊ လောကသည် အဘယ်အရာ၌ တည်ပါသနည်း၊ အဘယ်အရာသည် လောကကို ဆွဲချိတ်အပ်ပါသနည်း၊ အဘယ်အရာသည် (လောကကို) ခြံရံအပ်ပါသနည်း ဟု (လျှောက်၏)။

သေမင်းသည် လောကကို ပိတ်ဆို့အပ်၏၊ လောကသည် ဆင်းရဲ၌ တည်၏၊ တပ်မက်မှု 'တဏှာ'သည် လောကကို ဆွဲချိတ်အပ်၏၊ အိုခြင်း တရားသည် (လောကကို) ခြံရံအပ်၏ ဟု (မိန့်တော်မူ၏)။

## ၉-ဣစ္ဆာသုတ်

၆၉။ အဘယ်အရာသည် လောကကို ဖွဲ့စပ်အပ်ပါသနည်း၊ အဘယ်ကို ဆုံးမခြင်းကြောင့် (လောကမှ) လွတ်မြောက်ပါသနည်း၊ အဘယ်ကို ပယ်ခြင်းကြောင့် အလုံးစုံသော အဖွဲ့အစပ် ပြတ်ပါသနည်း ဟု (လျှောက်၏)။

အလိုရမ္မက်'ဣစ္ဆာ'သည် လောကကိုဖွဲ့စပ်အပ်၏၊ အလိုရမ္မက်ကို ဆုံးမခြင်းကြောင့် (လောကမှ) လွတ်မြောက်၏၊ အလိုရမ္မက်ကို ပယ်ခြင်းကြောင့် အလုံးစုံသော အဖွဲ့အစပ် ပြတ်၏ ဟု (မိန့်တော်မူ၏)။

## ၁၀-လောကသုတ်

၇၀။ အဘယ်အရာသည် ဖြစ်လတ်သော် လောကသည် ဖြစ်ပါသနည်း၊ လောကသည် အဘယ်အရာ၌ ပေါင်းဖော်ခြင်းကို ပြုပါသနည်း၊ လောကသည် အဘယ်အရာကို အကြောင်းပြု၍ ဖြစ်ပါသနည်း၊ အဘယ်အရာသည် လောကကို နှိပ်စက်ပါသနည်း ဟု (လျှောက်၏)။

http://www.dhammadownload.com



အဇ္ဈတ္တိကာယတန ခြောက်ပါးတို့ ဖြစ်လတ်သော် လောကသည် ဖြစ်၏၊ လောကသည် (အဇ္ဈတ္တိကာယတန ခြောက်ပါး)တို့၌ ပေါင်းဖော်ခြင်းကို ပြု၏၊ လောကသည် (အဇ္ဈတ္တိကာယတနခြောက်ပါး) တို့ကိုသာလျှင် အကြောင်းပြု၍ ဖြစ်၏၊ (အဇ္ဈတ္တိကာယတန ခြောက်ပါး) တို့သည် လောကကို နှိပ်စက်အပ်၏ ဟု (မိန့်တော်မူ၏)။

ခုနစ်ခုမြောက် အဒ္ဓဝဂ် ပြီး၏။

---

## ၈-ဆေတွာဝဂ် ၁-ဆေတွာသုတ်

၇၁။ သာဝတ္ထိနိဒါန်း။ တခုသော အရပ်၌ ရပ်တည်ပြီးသော် ထိုနတ်သားသည် မြတ်စွာဘုရားကို ဂါထာဖြင့် လျှောက်၏-

ဂေါတမမြတ်စွာဘုရား အဘယ်အရာကို ဖြတ်တောက်သော် ချမ်းသာစွာ နေရပါသနည်း၊ အဘယ်အရာကို ဖြတ်တောက်သော် မစိုးရိမ်ရပါသနည်း၊ အဘယ်မည်သော တခုသော တရားအား ဖြတ်တောက်ခြင်းကို နှစ်သက်တော်မူပါသနည်း ဟု (လျှောက်၏)။

နတ်သား အမျက်ဒေါသကိုဖြတ်တောက်သော် ချမ်းသာစွာ နေရ၏၊ အမျက်ဒေါသကို ဖြတ်တောက်သော် မစိုးရိမ်ရ၊ အဆိပ်လျှင် အရင်းအမြစ်ရှိသော ချိုမြိန်ခြင်းလျှင် အဖျား ရှိသော အမျက်ဒေါသအား ဖြတ်တောက်ခြင်းကို အရိယာတို့သည် ချီးမွမ်းကုန်၏၊ ထိုအမျက် ဒေါသကိုပင်လျှင် ဖြတ်တောက်သည် ရှိသော် မစိုးရိမ်ရ ဟု (မိန့်တော်မူ၏)။

## ၂-ရထသုတ်

၇၂။ ရထား၏ ထင်ရှားကြောင်းသည် အဘယ်ပါနည်း၊ မီး၏ ထင်ရှားကြောင်းသည် အဘယ်ပါနည်း၊ တိုင်းနိုင်ငံ၏ ထင်ရှားကြောင်းသည် အဘယ်ပါနည်း၊ မိန်းမ၏ ထင်ရှား ကြောင်းသည် အဘယ်ပါနည်း ဟု (လျှောက်၏)။

ရထား၏ ထင်ရှားကြောင်းသည် တံခွန်တည်း၊ မီး၏ ထင်ရှားကြောင်းသည် အခိုးတည်း၊ တိုင်းနိုင်ငံ၏ထင်ရှားကြောင်းသည် မင်းတည်း၊ မိန်းမ၏ထင်ရှားကြောင်းသည် လင်ယောကျ်ား တည်း ဟု (မိန့်တော်မူ၏)။

## ၃-ဝိတ္တသုတ်

၇၃။ ဤလောက၌ ပုဂ္ဂိုလ် သတ္တဝါ၏ မြတ်သောဥစ္စာကား အဘယ်နည်း၊ အဘယ်အရာကို လေ့ကျက်အပ်သော် ချမ်းသာကို ရွက်ဆောင်တတ်ပါသနည်း၊ အရသာတို့တွင် စင်စစ်အကောင်း မြတ်ဆုံး အရသာသည် အဘယ်ပါနည်း၊ အဘယ်သို့ အသက်မွေးသောသူကို မြတ်သော အသက်မွေးခြင်းရှိသောသူ ဟူ၍ ဆိုကုန်သနည်း ဟု (လျှောက်၏)။

ဤလောက၌ ပုဂ္ဂိုလ်သတ္တဝါ၏ မြတ်သော ဥစ္စာကား ယုံကြည်မှု သဒ္ဓါတရားတည်း၊ ဆယ်ပါးသော ကုသိုလ် ကမ္မပထတရားကို ကောင်းစွာ လေ့ကျက်အပ်သော် ချမ်းသာကို

http://www.dhammadownload.com



ရှက်ဆောင်တတ်၏၊ အရှသာတို့တွင် စင်စစ် အကောင်းမြတ်ဆုံးသော အရသာသည် သစ္စာတရားတည်း၊ ပညာဖြင့် အသက်မွေးသောသူကို မြတ်သော အသက်မွေးခြင်းရှိသောသူ ဟူ၍ ဆိုကုန်၏ ဟု (မိန့်တော်မူ၏)။

## ၄-ဝုဋ္ဌိသုတ်

၇၄။ တက်ကုန်သော ဝတ္ထုတို့တွင် အဘယ်ဝတ္ထုသည် မြတ်ပါသနည်း၊ ကျကုန်သော ဝတ္ထုတို့တွင် အဘယ်ဝတ္ထုသည် မြတ်ပါသနည်း၊ ခြေဖြင့် သွားတတ်ကုန်သော သူတို့တွင် အဘယ်သူသည် မြတ်ပါသနည်း၊ ပြောကြားတတ်ကုန်သော သူတို့တွင် အဘယ်သူသည် မြတ်ပါသနည်း ဟု (လျှောက်၏)။

တက်ကုန်သော ဝတ္ထုတို့တွင် မျိုးစေ့သည် မြတ်၏၊ ကျကုန်သော ဝတ္ထုတို့တွင် မိုးရေ မိုးပေါက်သည် မြတ်၏၊ ခြေဖြင့် သွားတတ်ကုန်သော သူတို့တွင် နွားသည် မြတ်၏၊ ပြောကြားတတ်ကုန်သော သူတို့တွင် သားသည် မြတ်၏ ဟု (နတ်သားတယောက်က ဖြေဆို၏)။

တက်ကုန်သော ဝတ္ထုတို့တွင် အသိဉာဏ် ဝိဇ္ဇာ (မဂ်ပညာ) သည် မြတ်၏၊ ကျကုန်သော ဝတ္ထုတို့တွင် မသိမှု 'အဝိဇ္ဇာ' သည် မြတ်၏၊ ခြေဖြင့် သွားတတ်ကုန်သော သူတို့တွင် သံဃာသည် မြတ်၏၊ ပြောကြားတတ်ကုန်သော သူတို့တွင် မြတ်စွာဘုရားသည် မြတ်၏ ဟု (မိန့်တော်မူ၏)။

## ၅-ဘီတာသုတ်

၇၅။ နိဗ္ဗာန်လမ်းကို များစွာသော အကြောင်းတို့ဖြင့် ဆိုအပ်၏၊ (ထိုသို့ဆိုအပ်လျက်) ဤလောက၌ များစွာသော လူအပေါင်းသည် အဘယ့်ကြောင့် ကြောက်ပါသနည်း၊ မြေကြီး အထုနှင့်တူသော ပညာရှိတော်မူသော ဂေါတမနွယ်ဘွား မြတ်စွာဘုရား အသျှင်ဘုရားကို မေးလျှောက်ပါ၏၊ အဘယ်အရာ၌တည်သော သူသည် တမလွန်လောကကို မကြောက်သနည်း ဟု (လျှောက်၏)။

နှုတ်ကိုရင်း စိတ်ကိုရင်း ကောင်းစွာ ဆောက်တည်၍ ကိုယ်ဖြင့် မကောင်းမှုတို့ကို မပြုပဲ များသော ထမင်း အဖျော်ရှိသော အိမ်၌ အုပ်စိုးလျက်နေသော သဒ္ဓါတရား နူးညံ့ခြင်း ခွဲခြမ်းဝေဖန်လှူ ရှိခြင်း ပြောဆိုမှု၌ လိမ်မာခြင်းဟု ဆိုအပ်သော ထိုလေးပါးသော တရားတို့၌ တည်သော သူသည် တရား၌ တည်သည်ဖြစ်၍ တမလွန် လောကကို မကြောက် ဟု (မိန့်တော်မူ၏)။

## ၆-နှ ဇီရတိသုတ်

၇၆။ အဘယ်အရာသည် ဆွေးမြေ့ပါသနည်း၊ အဘယ်အရာသည် မဆွေးမြေ့ပါသနည်း၊ အဘယ်အရာကို လမ်းမှားဟု ဆိုအပ်ပါသနည်း၊ အဘယ်အရာသည် တရားတို့၏ ဘေးရန် မည်ပါသနည်း၊ အဘယ်အရာသည် ညဉ့် နေ့တို့၌ ကုန်ပါသနည်း၊ အဘယ်အရာသည် မြတ်သော အကျင့်၏ အညစ်အကြေးပါနည်း၊ ရေမဟုတ်သော ဆေးကြောဖွယ်သည် အဘယ်နည်း၊

http://www.dhammadownload.com



အကြင်အပေါက်၌ စီးပွားဥစ္စာသည် မတည်၊ လောက၌ ထိုအပေါက်တို့သည် အဘယ်မျှတို့ ပါနည်း၊ မြတ်စွာဘုရားကို မေးလျှောက်ခြင်းငှာ လာပါကုန်၏၊ ထိုအကြောင်းကို အဘယ် သို့လျှင် အကျွန်ုပ်တို့သည် သိရပါကုန်အံ့နည်း ဟု (လျှောက်၏)။

သတ္တဝါတို့၏ ရုပ်သည် ဆွေးမြေ့တတ်၏၊ အမည်အနွယ်သည် မဆွေးမြေ့တတ်၊ စွဲမက်မှု 'ရာဂ' ကို လမ်းမှားဟု ဆိုအပ်၏၊ လိုချင်မှု 'လောဘ' သည် တရားတို့၏ ဘေးရန်မည်၏၊ အရွယ်သည် ညဉ့်နေ့တို့၌ ကုန်၏၊ မိန်းမသည် မြတ်သော အကျင့်၏ အညစ်အကြေးတည်း၊ ဤမိန်းမ၌ သတ္တဝါအပေါင်းသည် ကပ်ငြိ၏၊ ကိလေသာကို ပူပန် (နှိပ်စက်) တတ်သော အကျင့်သည်၎င်း မြတ်သောအကျင့် (မေထုန်မှ ကြဉ်ခြင်း) သည်၎င်း ရေမဟုတ်သော ဆေးကြောဖွယ် ဝတ္ထုမည်၏။

လောက၌ စီးပွားဥစ္စာ မတည်ကြောင်း အပေါက်တို့သည် ခြောက်ပါးတို့တည်း၊ ပျင်းရိခြင်း၎င်း၊ မေ့လျော့ခြင်း၎င်း၊ ထကြွလုံ့လမရှိခြင်း၎င်း၊ မစောင့်စည်းခြင်း၎င်း၊ အအိပ်ကြူးခြင်း၎င်း၊ မပျော်မွေ့ခြင်း၎င်း၊ ဤသို့ ထိုခြောက်ပါးသော အပေါက်တို့ကို ဖြတ်ရာ၏၊ အချင်းခပ်သိမ်း ပိတ်ဆို့ရာ၏ဟု (မိန့်တော်မူ၏)။

## ၇-ဣဿရိယ သုတ်

၇၇။ လောက၌ အစိုးရသည်၏ အဖြစ်သည် အဘယ်ပါနည်း၊ ဘဏ္ဍာတို့တွင် မြတ်သော ဘဏ္ဍာသည် အဘယ်ပါနည်း၊ လောက၌ ပညာလက်နက်၏ အညစ်အကြေးသည် အဘယ်ပါ နည်း၊ လောက၌ ဘေးရန်သည် အဘယ်ပါနည်း။

အဘယ်ကို ယူဆောင်သောသူကို တားမြစ်ပါသနည်း၊ ယူဆောင်သော အဘယ်သူကို ချစ်အပ်ပါသနည်း၊ အဖန်တလဲလဲ ယူဆောင်သော အဘယ်သူကို ပညာရှိတို့သည် နှစ်သက် ကုန်သနည်းဟု (လျှောက်၏)။

လောက၌ အစိုးရသည်၏ အဖြစ်သည် အာဏာတည်ခြင်းတည်း၊ဘဏ္ဍာတို့တွင် မြတ်သော ဘဏ္ဍာသည် မိန်းမတည်း၊ လောက၌ ပညာလက်နက်၏ အညစ်အကြေးသည် အမျက်ဒေါသ တည်း၊ လောက၌ ဘေးရန်တို့သည် ခိုးသူတို့တည်း။

ဥစ္စာကို ယူဆောင်သော ခိုးသူကို တားမြစ်ကုန်၏၊ (စာရေးတံဆွမ်းစသည်တို့ကို) ယူဆောင်သော ရဟန်းကို ချစ်အပ်၏၊ အဖန်တလဲလဲ ယူဆောင်သော ရဟန်းကို ပညာရှိ တို့သည် နှစ်သက်ကုန်၏ဟု (မိန့်တော်မူ၏)။

## ၈-ကာမ သုတ်

၇၈။ အကျိုးစီးပွားကို အလိုရှိသောသူသည် အဘယ်ကို မပေးရာသနည်း၊ သတ္တဝါသည် အဘယ်ကို မစွန့်ရာသနည်း၊ ကောင်းသော အဘယ်အရာကို မြွက်ဆိုရာသနည်း၊ ကြမ်းကြုတ် ယုတ်မာသော အဘယ်အရာကို မမြွက်ဆိုရာသနည်း ဟု (လျှောက်၏)။

http://www.dhammadownload.com



ပုဂ္ဂိုလ် သတ္တဝါသည် မိမိကိုယ်ကို (ကျွန်အလို့ငှါ) မပေးရာ၊ ပုဂ္ဂိုလ် သတ္တဝါသည် မိမိကိုယ်ကို (ကျွားစသည်တို့အား စားရန်အလို့ငှါ) မစွန့်ရာ၊ ကောင်းသော စကားကို မြွက်ဆိုရာ၏၊ ကြမ်းကြုတ်ယုတ်မာသော စကားကို မမြွက်ဆိုရာ ဟု (မိန့်တော်မူ၏)။

### ၉-ပါထေယျသုတ်

၇၉။ အဘယ်အရာဖြင့် လမ်းရိက္ခာကို ထုပ်ဖွဲ့ပါသနည်း၊ စည်းစိမ်တို့၏ တည်ရာသည် အဘယ်ပါနည်း၊ အဘယ်အရာသည် ပုဂ္ဂိုလ်သတ္တဝါကို ဆွဲငင်ပါသနည်း၊ လောက၌ အဘယ်အရာကို စွန့်နိုင်ခဲပါသနည်း၊ ကျော့ကွင်းဖြင့် ငှက်ကို ဖွဲ့သကဲ့သို့ အဘယ်အရာသည် များစွာသော သတ္တဝါတို့ကို ဖွဲ့ပါကုန်သနည်း ဟု (လျှောက်၏)။

လမ်းရိက္ခာကို သဒ္ဓါတရားဖြင့် ထုပ်ဖွဲ့၏၊ စည်းစိမ်ဥစ္စာတို့၏ တည်ရာသည် အစိုးရခြင်းတည်း၊ အလိုရမ္မက်သည် ပုဂ္ဂိုလ်သတ္တဝါကို ဆွဲငင်၏၊ လောက၌ အလိုရမ္မက်ကို စွန့်နိုင်ခဲ၏၊ ကျော့ကွင်းဖြင့် ငှက်ကို ဖွဲ့သကဲ့သို့ အလိုရမ္မက်သည် များစွာသော သတ္တဝါတို့ကို ဖွဲ့၏ ဟု (မိန့်တော်မူ၏)။

### ၁၀-ပဇ္ဇောတသုတ်

၈၀။ လောက၌ အရောင်အလင်းသည် အဘယ်ပါနည်း၊ လောက၌ အဘယ်အရာသည် နိုးကြားခြင်းမည်သနည်း၊ အသက်မွေးကုန်သော သူတို့တွင် အလုပ်ကိစ္စ၌ (အဖော်သည်) အဘယ်ပါနည်း၊ ထိုသတ္တဝါအပေါင်း၏ အသက်မွေးကြောင်းသည် အဘယ်ပါနည်း။

ပျင်းသောသူကိုရင်း မပျင်းသောသူကိုရင်း အမိသည် သားကို မွေးသကဲ့သို့ အဘယ်အရာသည် မွေးမြူပါသနည်း၊ မြေ၌မှီကုန်သော သတ္တဝါတို့သည် အဘယ်ကိုမှီ၍ အသက်မွေးကုန်သနည်း ဟု (လျှောက်၏)။

လောက၌ ပညာသည် အရောင်အလင်းမည်၏၊ လောက၌ သတိသည် နိုးကြားခြင်းမည်၏၊ အသက်မွေးကုန်သော သူတို့တွင် နွားတို့သည် အလုပ်ကိစ္စ၌ အဖော်မည်၏၊ ထိုသတ္တဝါအပေါင်း၏ အသက်မွေးကြောင်းသည် ထွန်တုံးတည်း။

ပျင်းသောသူကိုရင်း မပျင်းသောသူကိုရင်း အမိသည် သားကို မွေးမြူသကဲ့သို့ မိုးသည် မွေးမြူ၏၊ မြေ၌ မှီကုန်သော သတ္တဝါတို့သည် မိုးရွာခြင်းကို မှီ၍ အသက်မွေးကုန်၏ ဟု (မိန့်တော်မူ၏)။

### ၁၁-အရဏသုတ်

၈၁။ ဤလောက၌ ကိလေသာ ကင်းသော သူတို့သည် အဘယ်သူတို့ပါနည်း၊အဘယ်သူတို့၏ ကျင့်သုံးသော သီတင်းသီလသည် မပျက်စီးပါသနည်း၊ အဘယ်သူတို့သည် အလိုရမ္မက်ကို ပိုင်းခြား၍ သိကုန်သနည်း၊ အဘယ်သူတို့အား အခါခပ်သိမ်း တဏှာ ကျွန်အဖြစ်မှ လွတ်မြောက်

http://www.dhammadownload.com



ကုန်သနည်း၊ သီလ၌တည်သော အဘယ်သူကို အမိ အဖ အစ်ကိုတို့သည် ရှိခိုးကြကုန်သနည်း၊ ဤလောက၌ ဇာတ်အားဖြင့် ယုတ်သော အဘယ်သူကို မင်းမျိုးတို့သည် ရှိခိုးကုန်သနည်း ဟု (လျှောက်၏)။

ဤလောက၌ ကိလေသာကင်းသော သူတို့သည် (ကိလေသာငြိမ်းပြီး) ရဟန်းတို့တည်း၊ ကိလေသာငြိမ်းပြီး ရဟန်းတို့၏ ကျင့်သုံးသော သီတင်း သီလ (မဂ်) သည် မပျက်စီးနိုင်၊ ကိလေသာငြိမ်းပြီး ရဟန်းတို့သည် အလိုရမ္မက်ကို ပိုင်းခြား၍ သိကုန်၏၊ ကိလေသာငြိမ်းပြီး ရဟန်းတို့သည် အခါခပ်သိမ်း တဏှာကျွန်အဖြစ်မှ လွတ်မြောက်ကုန်၏၊ သီလ၌ တည်သော ရဟန်းကို အမိ အဖ အစ်ကိုတို့သည် ရှိခိုးကုန်၏၊ ဤလောက၌ ဇာတ်အားဖြင့် ယုတ်သော ရဟန်းကို မင်းမျိုးတို့သည် ရှိခိုးကုန်၏ ဟု (မိန့်တော်မူ၏)။

ရှစ်ခုမြောက် ဆေတွာသုတ် ပြီး၏။

ဒေဝတာသံယုတ် ပြီး၏။

http://www.dhammadownload.com

# ၂-ဓေဝပုတ္တသံယုတ်

## ၁-ပဌမဝဂ် ၁-ပဌမ ကဿပသုတ်

၇၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်–အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဇေတဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ ကဿပနတ်သားသည် ညဥ့်ဦးယံ ကုန်ပြီးသော (သန်ကောင်ယံ) အချိန်၌ အလွန် နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန်တကျောင်းလုံးကို ထွန်းလင်းစေလျက် မြတ်စွာဘုရားထံသို့ ချဥ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ရပ်တည်ပြီးသော် မြတ်စွာဘုရားအား "မြတ်စွာဘုရားသည် ရဟန်းအမျိုးအစားကိုသာ ဟောပြတော်မူ၏၊ ရဟန်းအား ဆုံးမသော စကားကိုကား ဟောပြတော်မမူ" ဟု ဤစကားကို လျှောက်၏။ ကဿပ သို့ဖြစ်လျှင် ဤအဆုံးအမ ဟောပြရာ၌ သင်သည်ပင် ထင်စွာပြလော့ ဟု (မိန့်တော်မူ၏)။

> ကောင်းစွာဆိုအပ်သော ဝစီသုစရိုက်ကိုလည်း ကျင့်ရာ၏၊ ရဟန်းတို့ မှီဝဲအပ်သော ကမ္မဋ္ဌာန်းတရားကိုလည်း ကျင့်ရာ၏၊ ဆိတ်ငြိမ်ရာ၌ တယောက်တည်း နေခြင်းကိုလည်း ကျင့်ရာ၏၊ (သမာပတ်ရှစ်ပါး၏ အစွမ်းဖြင့်) စိတ်၏ ငြိမ်သက်ခြင်းကိုလည်း ကျင့်ရာ၏။

ဤစကားကို ကဿပနတ်သားသည် လျှောက်၏။ မြတ်စွာဘုရားသည် နှစ်သက် သဘောတူတော်မူ၏၊ ထိုအခါ ကဿပနတ်သားသည် ငါ့စကားကို မြတ်စွာဘုရားသည် နှစ်သက် သဘောတူတော်မူ၏ ဟု သိ၍ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးပြီးလျှင် အရိုအသေပြုလျက် ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

## ၂-ဒုတိယ ကဿပသုတ်

၇၃။ သာဝတ္ထိနိဒါန်း။ တစ်ခုသော နေရာ၌ ရပ်ဘည်ပြီးသော် ကဿပနတ်သားသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏—

> ရဟန်းသည် အရဟတ္တဖိုလ်ကို အကယ်၍ အလိုရှိသည်ဖြစ်အံ့၊ ဈာန်ဖြင့် ရှုလေ့ရှိသည် ဖြစ်၍(ကိလေသာမှ)လွတ်မြောက်သော စိတ်ရှိသူဖြစ်ရာ၏၊ လောက၏ ဖြစ်ခြင်း ပျက်ခြင်း ကိုလည်း သိ၍ ကောင်းသော စိတ်ရှိလျက် (တဏှာဒိဋ္ဌိတို့ကို) မမှီသည် ရှိသော် ထို (အရဟတ္တဖိုလ်ဟူသော) အကျိုးအာနိသင်ရှိသည် ဖြစ်ရာ၏။

## ၃-မာဃသုတ်

၇၄။ သာဝတ္ထိနိဒါန်း။ ထိုအခါ မာဃနတ်သားသည် ညဥ့်ဦးယံ ကုန်ပြီးသော(သန်ကောင်ယံ) အချိန်၌ အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန်တကျောင်းလုံးကို ထွန်းလင်းစေလျက် မြတ်စွာဘုရားထံသို့ ချဥ်းကပ်၍ ရိုသေစွာရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်တည်ပြီးသော် မြတ်စွာဘုရားအား ဂါထာတို့ဖြင့် လျှောက်၏—

> အသျှင်ဂေါတမ အဘယ်အရာကို ဖြတ်တောက်သည်ရှိသော် ချမ်းသာစွာ နေရပါသနည်း၊ အဘယ်အရာကို ဖြတ်တောက်သည် ရှိသော် မစိုးရိမ်ရပါသနည်း၊ အဘယ် မည်သော တစ်ခုသော တရားအား ဖြတ်တောက်ခြင်းကို နှစ်သက်ပါသနည်း။

http://www.dhammadownload.com



သိကြားမင်း အမျက်ဒေါသကို ဖြတ်တောက်သည် ရှိသော် ချမ်းသာစွာနေရ၏၊ အမျက်ဒေါသကို ဖြတ်တောက်သည် ရှိသော် မစိုးရိမ်ရ၊ အဆိပ်လျှင် အရင်းအမြစ်ရှိသော ချိုမြိန်ခြင်းလျှင် အဖျားရှိသော အမျက်ဒေါသအား ဖြတ်တောက်ခြင်းကို အရိယာတို့သည် ချီးမွမ်းကုန်၏၊ ထိုအမျက်ဒေါသကိုပင်လျှင် ဖြတ်တောက်သည်ရှိသော် မစိုးရိမ်ရ ဟု (မိန့်တော်မူ၏)။

## ၄-မာဂဓသုတ်

၈၃။ သာဝတ္ထိနိဒါန်း။ တစ်ခုသောနေရာ၌ ရပ်တည်ပြီးသော် မာဂဓနတ်သားသည် မြတ်စွာဘုရားအား ဂါထာဖြင့် လျှောက်၏—

အကြင် အရောင်တို့ဖြင့် လောကသည် ထွန်းလင်း တောက်ပ၏၊ လောက၌ ထွန်းလင်း တောက်ပကုန်သော ထိုအရောင်တို့သည် အဘယ်မျှရှိကုန်သနည်း၊အသျှင်ဘုရားကိုမေးမြန်းခြင်းငှါ ရောက်လာပါကုန်၏၊ ထိုအကြောင်းကို အကျွန်ုပ်တို့သည် အဘယ်သို့ သိရပါကုန်အံ့နည်း။

လောက၌ထွန်းလင်းတောက်ပသော အရောင်တို့သည် လေးမျိုး ရှိကုန်၏၊ ဤလောက၌ ငါးခုမြောက်သော အရောင်သည် မရှိ၊ နေမင်းသည် နေ့အခါ၌ ထွန်းလင်း တောက်ပ၏၊ လသည် ညဉ့်အခါ၌ ထွန်းလင်းတောက်ပ၏၊ ထိုမှတပါး မီးသည် နေ့၌ရှင်း ညဉ့်၌ရှင်း ထိုထိုအရပ်၌ ထွန်းလင်းတောက်ပ၏၊ ထိုထွန်းလင်းတောက်ပသော နေ လ မီးတို့ထက် မြတ်စွာဘုရားသည် မြတ်၏၊ ထိုမြတ်စွာဘုရားတည်းဟူသော အရောင်သည် အတုမရှိ မြတ်၏ ဟု (မိန့်တော်မူ၏)။

## ၅-ဒါမလိသုတ်

၈၄။ သာဝတ္ထိနိဒါန်း။ ထိုအခါ ဒါမလိ နတ်သားသည် ညဉ့်ဦးယံ လွန်ပြီးသော (သန်ကောင်ယံ) အချိန်၌ အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန်တကျောင်းလုံးကို ထွန်းလင်းစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်တည်ပြီးသော် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏—

ဤသာသနာတော်၌ ကာမဂုဏ်တို့ကို ပယ်ပြီးသော ရဟန္တာသည် ပင်ပန်းခြင်းမရှိသည်ဖြစ်၍ လုံ့လဝီရိယကို ပြုအပ်၏၊ ထိုအကြောင်းကြောင့် ဘဝကို မတောင့်တဟု (လျှောက်၏)။

ဒါမလိ ရဟန္တာပုဂ္ဂိုလ်အား ပြုဖွယ်ကိစ္စမရှိ၊ မှန်၏၊ ရဟန္တာသည် ပြုဖွယ်ကိစ္စဟူသမျှကို ပြုအပ်ပြီးသည်သာတည်း၊ အကြင်သတ္တဝါသည် အလုံးစုံသော ကိုယ်တို့ဖြင့် မြစ်တို့၌ ထောက်တည်ရာမရသမျှ အားထုတ်(ကူး)၏၊ ထိုသတ္တဝါသည် ထောက်တည်ရာရ၍ ကြည်းကုန်းထက်၌ တည်သော်ကား အားမထုတ်ရပဲ တဖက်ကမ်းသို့ ရောက်သူမည်သကဲ့သို့ ဒါမလိ ဤဥပမာ အတူ မကောင်းမှုကို လောင်ကျွမ်းစေသော ရင့်ပြီးသော ပညာရှိသော အာသဝကုန်ပြီးသော ရဟန္တာအား ပြုဖွယ်ကိစ္စမရှိ၊ ထိုရဟန္တာသည် ပဋိသန္ဓေနေခြင်း သေခြင်း၏ အဆုံးသို့ရောက်၍ အားမထုတ်ရပဲ ကမ်းတဖက်သို့ ရောက်သူမည်သည်သာတည်း ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၆-ကာမဒသုတ်

၈၇။ သာဝတ္ထိနိဒါန်း။ တခုသောနေရာ၌ ရပ်တည်ပြီးသော် ကာမဒနတ်သားသည် မြတ်စွာဘုရားအား "မြတ်စွာဘုရား (ရဟန်းတရားကို) ပြုနိုင်ခဲ၏၊ မြတ်စွာဘုရား (ရဟန်းတရားကို) အလွန်ပြုနိုင်ခဲ၏"ဟု ဤစကားကို လျှောက်၏။

ကာမဒနတ်သား ကျင့်ဆဲပုဂ္ဂိုလ်(သေက္ခခုနစ်ယောက်)တို့သည် သီလနှင့်ပြည့်စုံကုန်သည် တည်တံ့သော သဘောရှိကုန်သည် ဖြစ်၍ ပြုနိုင်ခဲသော ရဟန်းတရားကိုလည်း ပြုကုန်၏၊ ရဟန်းအဖြစ်သို့ ရောက်သောသူ၏ ရောင့်ရဲခြင်းသည် ချမ်းသာကို ဆောင်တတ်၏ ဟု (မိန့်တော်မူ၏)။

"မြတ်စွာဘုရား အကြင်ရောင့်ရဲခြင်းသည် ရှိ၏၊ ထိုရောင့်ရဲခြင်းကို ရခဲပါ၏"ဟု (လျှောက်၏)။

ကာမဒနတ်သား အကြင်သူတို့အား နေ့၌ဂိုင်း ညဉ့်၌ဂိုင်း ပွားမျှားမှု 'ဘာဝနာ'၌ စိတ်သည် မွေ့လျော်၏၊ စိတ်၏ ငြိမ်းကြောင်း 'ဘာဝနာ'၌ မွေ့လျော်ကုန်၏၊ ထိုသူတို့သည် ရခဲသော ရောင့်ရဲခြင်းကိုသော်လည်း ရကုန်၏ ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။

"မြတ်စွာဘုရား အကြင်စိတ်သည် ရှိ၏၊ ထိုစိတ်ကို ဆောက်တည်နိုင်ခဲပါ၏"ဟု လျှောက်၏။ ကာမဒနတ်သား အကြင်အရိယာတို့သည် ဣန္ဒြေတို့ ငြိမ်သက်ခြင်း၌ မွေ့လျော်ကုန်၏၊ ကာမဒနတ်သား အကြင်အရိယာတို့သည် သေမင်း၏ ကွန်ရက်ကို ဖြတ်တောက်၍ သွားကုန်၏၊ ကာမဒနတ်သား ထိုအရိယာတို့သည် ဆောက်တည်နိုင်ခဲသော စိတ်ကိုသော်လည်း ကောင်းစွာ ဆောက်တည်နိုင်ကုန်၏ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။

"မြတ်စွာဘုရား သွားနိုင်ခဲပါ၏၊ ခရီးလမ်းသည် မညီညွတ်ပါ"ဟု (လျှောက်၏)။

ကာမဒနတ်သား အရိယာတို့သည် သွားနိုင်ခဲသော လမ်း၌ဂိုင်း၊ မညီမညွတ်သော လမ်း၌ဂိုင်း သွားနိုင်ကုန်၏၊ ပုထုဇဉ်တို့သည် မညီမညွတ်သော လမ်း၌ ဦးခေါင်းစောက်ထိုးကျကုန်၏၊ အရိယာတို့၏ ခရီးသည် ညီညွတ်၏၊ အရိယာတို့သည်သာလျှင် မညီမညွတ်သော သတ္တဝါအပေါင်းတွင် ညီညွတ်ကုန်၏ ဟု (မိန့်တော်မူ၏)။

## ၇-ပဉ္စာလစဏ္ဍသုတ်

၈၈။ သာဝတ္ထိနိဒါန်း။ တခုသောနေရာ၌ ရပ်တည်ပြီးသော် ပဉ္စာလစဏ္ဍနတ်သားသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏—

မြေကြီးအထုနှင့် တူသော ပညာရှိတော်မူသော မြတ်စွာဘုရားသည် (နီဝရဏတို့ဖြင့်) ကျဉ်းမြောင်းရာ၌ (ဈာန်တည်းဟူသော) ရပ်တည်ရာကို ရတော်မူပြီ၊ အကြင် မြတ်စွာဘုရားသည် ဈာန်ကို သိတော်မူ၏၊ ထိုမြတ်စွာဘုရားသည် မာနကို ပယ်သော သူတို့ထက် မြတ်တော်မူ၏ဟု (လျှောက်၏)။

ပဉ္စာလစဏ္ဍနတ်သား အကြင်သူတို့သည် ကျဉ်းမြောင်းသော ဈာန်ကိုလည်း ရကုန်၏၊ နိဗ္ဗာန်သို့ရောက်ခြင်းငှာ အောက်မေ့မှုသတိကို ရကုန်၏၊ ထိုသူတို့သည် လောကုတ္တရာ သမာဓိဖြင့် ကောင်းစွာတည်ကြကုန်၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၈-တာယနသုတ်

၈၉။ သာဝတ္ထိနိဒါန်း။ ထိုအခါ ရှေးဟောင်း အယူဝါဒကို တီထွင်သူဖြစ်သော တာယန နတ်သားသည် ညဉ့်ဦးယံ ကုန်ပြီးသော (သန်ကောင်ယံ)အချိန်၌ အလွန်နှစ်သက်ဖွယ်သော အဆင်း ရှိသည်ဖြစ်၍ ဇေတဝန်တကျောင်းလုံးကို ထွန်းလင်းစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောအရပ်၌ ရပ်တည်ပြီးသော် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာတို့ကို လျှောက်၏—

မကောင်းမှုကို အပပြုပြီးသော မြတ်စွာဘုရား လုံ့လပြု၍ တဏှာအယဉ်ကို ဖြတ်ပါလော့၊ ကိလေသာကာမ ဝတ္ထုကာမတို့ကို ပယ်နုတ်ပါလော့၊ ရဟန်းသည် ကာမတို့ကို မပယ်မူ၍ တည်ကြည်မှု(စျာန်)သို့ မရောက်နိုင်။

ထိုလုံ့လဝီရိယကို အကယ်၍ ပြုသည် ဖြစ်အံ့ မဆုတ်မနစ် ပြုကုန်ရာ၏၊ ထိုလုံ့လဝီရိယကို မြဲစွာ အားထုတ်ရာ၏၊ ထိုစကားမှန်၏၊ လုံ့လလျော့သော ရဟန်းသည် ကိလေသာမြူကို လွန်စွာဖြန့်ကြဲသည်မည်၏၊ မကောင်းသောအမှုကိုမပြုခြင်းသည်မြတ်၏၊ မကောင်းသော အမှုကို ပြုခြင်းသည် နောက်အခါ၌ ပူပန်ရတတ်၏၊ အကြင် ကောင်းသော အမှုကို ပြုရ သောကြောင့် နောင်တ တဖန် ပူပန်ရခြင်းမရှိ၊ ထိုကောင်းသော အမှုကို ပြုခြင်းသည် မြတ်၏။

မကောင်းသဖြင့် ကိုင်အပ်သော သမန်းမြက်သည် လက်ကိုသာလျှင် ရှဘိသကဲ့သို့ ထို့အတူ မကောင်းသဖြင့် သုံးသပ်သော ရဟန်း အဖြစ်သည် ငရဲသို့ ဆွဲငင်တတ်၏။

လျော့လျော့ပြုအပ်သော အလုံးစုံသော ကံသည်၎င်း၊ ညစ်နွမ်းသော အကြင် အကျင့် သည်၎င်း ယုံမှားဖွယ်ရှိသော အကြင်အကျင့်မြတ်သည်၎င်း ရှိ၏၊ ထိုအလုံးစုံသည် အကျိုးမများနိုင် ဟု (လျှောက်၏)။

တာယနနတ်သားသည် ဤစကားကို လျှောက်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေ ပြုလျက် ထိုအရပ်၌ပင်လျှင်ကွယ်ပျောက်လေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ထိုညဉ့်လွန်လတ်သော် ရဟန်းတို့ကို မိန့်တော်မူ၏— "ရဟန်းတို့ ဤညဉ့်၌ ရှေးဟောင်း အယူဝါဒကို တီထွင်သူဖြစ်သော တာယနမည်သော နတ်သားသည် ညဉ့်ဦးယံကုန်ပြီးသော(သန်ကောင်ယံ)အချိန်၌ အလွန်နှစ်သက် ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန်တကျောင်းလုံးကို ထွန်းလင်းစေလျက် ငါ့ထံသို့ ချဉ်းကပ်၍ ငါ့ကို ရှိခိုးလျက် တခုသော အရပ်၌ ရပ်တည်ပြီးသော် ငါဘုရား၏ ထံတော်ပါး၌ ဤဂါထာတို့ကို လျှောက်၏—

မကောင်းမှုကို အပပြုပြီးသော မြတ်စွာဘုရား လုံ့လပြု၍ တဏှာ အယဉ်ကို ဖြတ်ပါလော့၊ ကိလေသာကာမ ဝတ္ထုကာမတို့ကို ပယ်နုတ်ပါလော့၊ ရဟန်းသည် ကာမတို့ကို မပယ်မူ၍ တည်ကြည်မှု (စျာန်)သို့ မရောက်နိုင်။

ထိုလုံ့လဝီရိယကို အကယ်၍ ပြုသည်ဖြစ်အံ့ မဆုတ်မနစ် ပြုကုန်ရာ၏၊ ထိုလုံ့လ ဝီရိယကို မြဲမြဲစွာ အားထုတ်ရာ၏၊ ထိုစကားမှန်၏၊ လုံ့လလျော့သော ရဟန်းသည် ကိလေသာမြူကို လွန်စွာဖြန့်ကြဲသည် မည်၏။

http://www.dhammadownload.com



မကောင်းသော အမှုကို မပြုခြင်းသည် မြတ်၏၊ မကောင်းသောအမှုကို ပြုခြင်းသည် နောက်အခါ၌ ပူပန်ရတတ်၏၊ အကြင်ကောင်းသောအမှုကို ပြုရသောကြောင့် နောင်တ တဖန် ပူပန်ရခြင်း မရှိ၊ ထိုကောင်းသောအမှုကို ပြုခြင်းသည် မြတ်၏။

မကောင်းသဖြင့် ကိုင်အပ်သော သမန်းမြက်သည် လက်ကိုသာလျှင် ရှဘိသကဲ့သို့ ထို့အတူ မကောင်းသဖြင့် သုံးသပ်အပ်သော ရဟန်း၏ အဖြစ်သည် ငရဲသို့ ဆွဲငင်တတ်၏။

လျော့လျော့ပြုအပ်သော အလုံးစုံသော ကံသည်၎င်း၊ ညစ်နွမ်းသော အကြင်အကျင့်သည်၎င်း၊ ယုံမှားဖွယ်သော အကြင်အကျင့်မြတ်သည်၎င်း ရှိ၏၊ ထိုအလုံးစုံသည် အကျိုး မများနိုင် ဟု လျှောက်၏။

ရဟန်းတို့ တာယနနတ်သားသည် ဤစကားကို လျှောက်ပြီးလျှင် ငါဘုရားကို ရှိခိုးပြီး၍ အရိုအသေပြုလျက် ထိုအရပ်၌ပင် ကွယ်ပျောက်လေ၏၊ ရဟန်းတို့ တာယနနတ်သား၏ ဂါထာတို့ကို သင်ယူကြကုန်လော့၊ ရဟန်းတို့ တာယနနတ်သား၏ ဂါထာတို့ကို ပို့ချကြကုန်လော့၊ ရဟန်းတို့ တာယနနတ်သား၏ ဂါထာတို့ကို ဆောင်ကြကုန်လော့၊ ရဟန်းတို့ တာယနနတ်သား၏ ဂါထာတို့သည် အကျိုးစီးပွားနှင့် စပ်ကုန်၏၊ အရိယာမဂ်ဟူသော အကျင့်မြတ်၏ ရှေ့သွား ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။

## ၉-စန္ဒိမသုတ်

၉၀။ သာဝတ္ထိနိဒါန်း။ ထိုအခါ၌ လနတ်သားကို ရာဟုအသုရိန်သည် ဖမ်းယူအပ်၏၊ ထိုအခါ လနတ်သားသည် မြတ်စွာဘုရားကို အောက်မေ့လျက် ထိုဖမ်းယူသော အချိန်၌ ဤဂါထာကို ရွတ်ဆို၏—

ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား အသျှင်ဘုရားအား ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း၊ အသျှင်ဘုရားသည် အလုံးစုံသော ခန္ဓာအာယတနစသည်တို့၌ လွတ်မြောက်တော်မူ၏၊ အကျွန်ုပ်သည် ကျဉ်းမြောင်းခြင်းသို့ ရောက်နေပါ၏၊ အသျှင်ဘုရားသည် ထိုအကျွန်ုပ်တို့၏ ကိုးကွယ်ရာ ဖြစ်တော်မူပါလော့ ဟု (ရွတ်ဆို၏)။

ထိုအခါ မြတ်စွာဘုရားသည် လနတ်သားကို အကြောင်းပြု၍ ရာဟုအသုရိန်ကို ဂါထာဖြင့် မိန့်ဆို၏—

ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားကို လနတ်သားသည် ကိုးကွယ်ခြင်းသို့ ရောက်၏၊ ရာဟုအသုရိန် လနတ်သားကို လွှတ်လော့၊ မြတ်စွာဘုရားတို့သည် လူနတ်တို့ကို အစဉ် သနားတော်မူကုန်၏ ဟု (မိန့်ဆို၏)။

ထိုအခါ ရာဟုအသုရိန်သည် လနတ်သားကို လွှတ်လျက် လျင်မြန်သော သဘောရှိသည်ဖြစ်၍ ဝေပစိတ္တိအသုရိန်ထံသို့ ချဉ်းကပ်ပြီးလျှင် ထိတ်လန့်သည် ကြက်သီးမွေးညင်း ထသည်ဖြစ်၍ တခုသော အရပ်၌ ရပ်တည်၏၊ တခုသောအရပ်၌ ရပ်တည်နေသော ရာဟုအသုရိန်ကို ဝေပစိတ္တိအသုရိန်သည် ဂါထာဖြင့် ဆို၏—

ရာဟုအသုရိန် အဘယ့်ကြောင့် အဆောတလျင်သာလျှင် လနတ်သားကို လွှတ်ခဲ့သနည်း၊ ထိတ်လန့်သော သဘောရှိသည်ဖြစ်၍ ရောက်လာပြီးလျှင် ကြောက်ရွံ့လျက် အဘယ့်ကြောင့် ရပ်တည်နေသနည်း ဟု (ဆို၏)။

http://www.dhammadownload.com



(ဝေပစိတ္တိအသုရိန်) ဓါသည် မြတ်စွာဘုရား ဂါထာမှ အလွန်ကြောက်၏၊ လနတ်သားကို အကယ်၍ မလွှတ်သည်ဖြစ်အံ့၊ ငါ၏ ဦးခေါင်းသည် ခုနစ်စိတ် ကွဲရာ၏၊ ဖသက်ရှင်သော ငါသည် ချမ်းသာကို မရရာ ဟု (ဆို၏)။

## ၁၀-သူရိယသုတ်

၉၁။ သာဝတ္ထိနိဒါန်း။ ထိုအခါ၌ နေနတ်သားကို ရာဟုအသုရိန်သည် ဖမ်းယူအပ်၏၊ ထိုအခါ နေနတ်သားသည် မြတ်စွာဘုရားကို အောက်မေ့လျက် ထိုဖမ်းယူသော အချိန်၌ ဤဂါထာကို ရွတ်ဆို၏—

ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား အသျှင်ဘုရားအား ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း၊ အသျှင်ဘုရားသည် အလုံးစုံသော ခန္ဓာအာယတန စသည်တို့၌ လွတ်မြောက်တော်မူ၏၊ အကျွန်ုပ်သည် ကျဉ်းမြောင်းခြင်းသို့ ရောက်နေပါ၏၊ အသျှင်ဘုရားသည် ထို အကျွန်ုပ်တို့၏ ကိုးကွယ်ရာ ဖြစ်တော်မူပါလော့ ဟု (ရွတ်ဆို၏)။

ထိုအခါ မြတ်စွာဘုရားသည် နေနတ်သားကို အကြောင်းပြု၍ ရာဟုအသုရိန်ကို ဂါထာဖြင့် မိန့်ဆို၏—

ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားကို နေနတ်သားသည် ကိုးကွယ်ခြင်းသို့ ရောက်၏၊ ရာဟုအသုရိန် နေနတ်သားကို လွှတ်လော့၊ မြတ်စွာဘုရားတို့သည် လူနတ်တို့ကို အစဉ် သနားတော်မူကုန်၏ ဟု (မိန့်ဆို၏)။

ရာဟုအသုရိန် မမြင်အောင် ပြုတတ်သော အမိုက်တိုက်၌ အရောင်အလင်းကို ပြုတတ်သော ထွန်းတောက်ပသော အဝန်းသဏ္ဌာန်ရှိသော ထက်သောတန်ခိုးရှိသော အကြင်နေနတ်သား သည် ရှိ၏၊ ကောင်းကင်၌သွားသော ထိုနေနတ်သားကို မမျိုလင့်၊ ရာဟုအသုရိန် ငါဘုရား၏ သားတော်ဖြစ်သော ထိုနေနတ်သားကို လွှတ်လော့ ဟု (မိန့်တော်မူ၏)။

ထိုအခါ ရာဟုအသုရိန်သည် နေနတ်သားကို လွှတ်၍ လျင်မြန်သော သဘောရှိသည်ဖြစ်၍ ဝေပစိတ္တိအသုရိန်ထံသို့ ချဉ်းကပ်ပြီးလျှင် ထိတ်လန့်သည် ကြက်သီးမွေးညင်းထသည်ဖြစ်၍ တခုသော အရပ်၌ ရပ်တည်နေ၏၊ တခုသော အရပ်၌ ရပ်တည်နေသော ရာဟုအသုရိန်ကို ဝေပစိတ္တိ အသုရိန်သည် ဂါထာဖြင့် ဆို၏—

ရာဟုအသုရိန် အဘယ့်ကြောင့် အဆောတလျင်သာလျှင် နေနတ်သားကို လွှတ်ခဲ့သနည်း၊ ထိတ်လန့်သော သဘော ရှိသည်ဖြစ်၍ ရောက်လာပြီးလျှင် ကြောက်၍လျက် အဘယ့်ကြောင့် ရပ်တည်နေသနည်း ဟု (ဆို၏)။

(ဝေပစိတ္တိအသုရိန်)ငါသည် မြတ်စွာဘုရား ဂါထာမှ အလွန်ကြောက်၏၊ နေနတ်သားကို အကယ်၍ မလွှတ်သည်ဖြစ်အံ့၊ ငါ၏ဦးခေါင်းသည် ခုနစ်စိတ်ကွဲရာ၏၊ အသက်ရှင်သော ငါသည် ချမ်းသာကို မရရာ ဟု (ဆို၏)။

ပဌမဝဂ် ပြီး၏။

http://www.dhammadownload.com



## ၂-အနာထပိဏ္ဍိကဝဂ် ၁-စန္ဒိမသသုတ်

၉၂။ သာဝတ္ထိနိဒါန်း။ ထိုအခါ၌ စန္ဒိမသနတ်သားသည် ညဉ့်ဦးယံ လွန်ပြီးသော (သန်ကောင်ယံ) အချိန်၌ အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန် တကျောင်းလုံးကို ထွန်းလင်းစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်တည်ပြီးသော် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏—

အကြင်သူတို့သည် ဈာန်တို့ကို ပြည့်စုံစေကုန်၍ တည်ကြည်သောစိတ် ရင့်ကျက်သော ပညာနှင့် ပြည့်စုံကုန်လျက် သတိရှိကုန်သည်ဖြစ်၍ နေကုန်၏၊ ထိုသူတို့သည် သာလျှင် မှက်ခြင်မှ ကင်းသော တောင်ကြားမြစ်ကြား၌ သားသမင်တို့ကဲ့သို့ ချမ်းသာခြင်းသို့ ရောက်ကုန်လတ္တံ့ဟု (လျှောက်၏)။

အကြင်သူတို့သည် ဈာန်တို့ကို ပြည့်စုံစေကုန်၍ မမေ့မလျော့ကုန်ပဲ ကိလေသာကို စွန့်ကုန်၏၊ ထိုသူတို့သည်သာလျှင် ကွန်ရက်ကို ဖြတ်၍ ချမ်းသာရာ အရပ်သို့ သွားသော ငါးကဲ့သို့ နိဗ္ဗာန်တည်းဟူသော တဖက်ကမ်းသို့ သွားကုန်လတ္တံ့ဟု (မိန့်တော်မူ၏)။

## ၂-ဝေဏ္ဍုသုတ်

၉၃။ တခုသော အရပ်၌ ရပ်တည်ပြီးသော် ဝေဏ္ဍုနတ်သားသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏—

အကြင်သတ္တဝါတို့သည် ဂေါတမမြတ်စွာဘုရား၏ သာသနာတော်၌ လုံ့လပြုကုန်လျက် မမေ့မလျော့ကုန်သည် ဖြစ်၍ ကျင့်ကုန်၏၊ ထိုသတ္တဝါတို့သည် မြတ်စွာဘုရားသို့ ဆည်းကပ်ခြင်းကြောင့် ချမ်းသာကုန်သည်သာလျှင်တည်းဟု (လျှောက်၏)။

ဝေဏ္ဍုနတ်သား မကောင်းမှုကို လောင်ကျွမ်းစေတတ်ကုန်သော အကြင်သူတို့သည် ငါ ဟောဆိုအပ်သော ဆုံးမကြောင်း တရားတို့ကို ကျင့်ကုန်၏၊ ထိုသူတို့သည် လျှောက်ပတ်သောအခါ၌ မမေ့မလျော့ကုန်သည်ဖြစ်၍ သေမင်း၏ အလို နိုင်ငံသို့ မလိုက်ရကုန်ဟု မြတ်စွာဘုရားသည် (မိန့်တော်မူ၏)။

## ၃-ဒီဃလဋ္ဌိသုတ်

၉၄။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်— အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်းကော်၌(သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ဒီဃလဋ္ဌိနတ်သားသည် ညဉ့်ဦးယံ လွန်ပြီးသော (သန်ကောင်ယံ) အချိန်၌ အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဝေဠုဝန် တကျောင်းလုံးကို ထွန်းလင်းစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်တည်ပြီးသော် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏—

ရဟန်းသည် အရဟတ္တဖိုလ်ကို အကယ်၍ အလိုရှိငြားအံ့၊ ဈာန်ဝင်စားလေ့ ရှိသည်ဖြစ်၍ ကိလေသာမှ လွတ်သော စိတ်ရှိသူ ဖြစ်ရာ၏၊ သင်္ခါရလောက၏ ဖြစ်ခြင်း ပျက်ခြင်းကိုလည်း

http://www.dhammadownload.com



သိ၍ ကောင်းသော စိတ်ရှိလျက် တဏှာဒိဋ္ဌိကို မမှီသည်ရှိသော် ထိုအရဟတ္တဖိုလ်တည်းဟူသော အကျိုး 'အာနိသင်' ရှိသည် ဖြစ်ရာ၏ ဟု (လျှောက်၏)။

## ၄-နန္ဒနသုတ်

၉၅။ တခုသော နေ့ရာ၌ ရပ်တည်ပြီးသော် နန္ဒနနတ်သားသည် မြတ်စွာဘုရားကို ဂါထာဖြင့် လျှောက်၏—

မြေကြီးအထုနှင့် တူသော ပညာရှိတော်မူသော ဂေါတမမြတ်စွာဘုရား အသျှင်ဘုရားကို မေးမြန်းပါ၏၊ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ် အမြင်သည် အပိတ်အပင် မရှိပါ၊ အဘယ်သို့ သဘောရှိသူကို သီလရှိသောသူဟု ဆိုပါကုန်သနည်း၊ အဘယ်သို့ သဘောရှိသောသူကို ပညာရှိသောသူဟု ဆိုပါကုန်သနည်း၊ အဘယ်သို့ သဘောရှိသော သူသည် ဆင်းရဲကို လွန်၍ ဖြစ်သနည်း၊ အဘယ်သို့ သဘောရှိသောသူကို နတ်တို့သည် ပူဇော်ပါကုန်သနည်းဟု (လျှောက်၏)။

အကြင်သူသည် (လောကီ လောကုတ္တရာ) သီလရှိ၏၊ (လောကီ လောကုတ္တရာ) ပညာရှိ၏၊ ပွားများပြီးသော စိတ်ရှိ၏၊ တည်ကြည်၏၊ စျာန်၌မွေ့လျော်၏၊ သတိနှင့် ပြည့်စုံ၏။ အခါခပ်သိမ်း ပူဆွေးခြင်းမှ ကင်း၏၊ ကိလေသာကို ပယ်ပြီး ဖြစ်၏၊ အာသဝကုန်ပြီးဖြစ်၏၊ အဆုံးစွန်သော ကိုယ်ကို ဆောင်လေ့ရှိ၏။

ထိုသို့ သဘောရှိသောသူကို သီလရှိသော သူဟု ဆိုကုန်၏၊ ထိုသို့ သဘောရှိသော သူကို ပညာရှိသောသူဟု ဆိုကုန်၏၊ ထိုသို့ သဘောရှိသောသူသည် ဆင်းရဲကို လွန်၍ ဖြစ်၏၊ ထိုသို့ သဘောရှိသော သူကို နတ်တို့သည် ပူဇော်ကုန်၏ ဟု (မိန့်တော်မူ၏)။

## ၅-စန္ဒနသုတ်

၉၆။ တခုသော နေ့ရာ၌ ရပ်တည်ပြီးသော် စန္ဒနနတ်သားသည် မြတ်စွာဘုရားကို ဂါထာဖြင့် လျှောက်၏—

"အဘယ်သူသည် ညဉ့်နေ့ပတ်လုံး မပျင်းရိသည်ဖြစ်၍ သံသရာတည်းဟူသော အယဉ်ကို ကူးသနည်း၊ အဘယ်သူသည် ထောက်တည်ရာလည်း မရှိသော ဆွဲကိုင်ရာလည်း မရှိသော နက်စွာသော သံသရာအယဉ်၌ မနစ်မြုပ်ပါသနည်း"ဟု (လျှောက်၏)။

အကြင်သူသည် အခါခပ်သိမ်း သီလနှင့် ပြည့်စုံ၏၊ ပညာရှိ၏၊ ကောင်းစွာ တည်ကြည်၏၊ ထက်သန်သော လုံ့လ ဝီရိယ ရှိ၏၊ နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိ၏၊ ထိုသူသည် ကူးမြောက်နိုင်ခဲသော သံသရာအယဉ်ကို ကူးမြောက်၏။

အကြင်သူသည် ကာမသညာမှ ကင်း၏၊ ရူပသံယောဇဉ်ကို လွန်မြောက်၏၊ နှစ်သက်စွဲမက်ခြင်း 'နန္ဒီရာဂ' ကုန်ပြီးပြီ၊ ထိုသူသည် နက်စွာသော သံသရာတည်းဟူသော အယဉ်၌ မနစ်မြုပ်နိုင် ဟု (မိန့်တော်မူ၏)။

## ၆-ဝါသုဒတ္တသုတ်

၉၇။ တခုသော နေ့ရာ၌ ရပ်တည်ပြီးသော် ဝါသုဒတ္တနတ်သားသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏—

http://www.dhammadownload.com



"လှံဖြင့် အထိုးခံရသူကဲ့သို့၎င်း၊ ဦးခေါင်း၌ မီးလောင်ခံရသူကဲ့သို့၎င်း ရဟန်းသည် ကာမဂုဏ်၌ တပ်စွန်းမှု "ရာဂ"ကို ပယ်ရန် သတိနှင့် ပြည့်စုံသည်ဖြစ်၍ နေရာ၏"ဟု (လျှောက်၏)။

လှံဖြင့် အထိုးခံရသူကဲ့သို့၎င်း၊ ဦးခေါင်း၌ မီးလောင်ခံရသူကဲ့သို့၎င်း ရဟန်းသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါး၌ ဒႆမြင်မှားမှု 'သက္ကာယဒိဋ္ဌိ'ကို ပယ်ရန် သတိနှင့် ပြည့်စုံသည်ဖြစ်၍ နေရာ၏ဟု (မိန့်တော်မူ၏)။

## ၇-သုဗြဟ္မသုတ်

၉၈။ တခုသော နေရာ၌ ရပ်တည်ပြီးသော် သုဗြဟ္မနတ်သားသည် မြတ်စွာဘုရားကို ဂါထာဖြင့် လျှောက်၏—

"မဖြစ်ကုန်သေးသော ဆင်းရဲဒုက္ခတို့၌၎င်း၊ ထို့ပြင် ဖြစ်ကုန်ပြီးသော ဆင်းရဲဒုက္ခတို့၌၎င်း (အကျွန်ုပ်၏) ဤစိတ်သည် အမြဲထိတ်၏၊ ဤစိတ်သည် အမြဲလန့်၏၊မထိတ်လန့်ကြောင်း အကယ်၍ ရှိသည်ဖြစ်အံ့၊ ထိုမထိတ်လန့်ခြင်းကို မေးအပ်သော အသျှင်ဘုရားသည် တရားအား ဟောကြားပါလော့"ဟု (လျှောက်၏)။

ဗောဇ္ဈင်တရား ပွားများခြင်းကို၎င်း၊ ခြိုးခြံသော အကျင့်ဂုဏ်ကို၎င်း ဖယ်ထား၍ သတ္တဝါတို့၏ ချမ်းသာခွင့်ကို ငါဘုရားမမြင်၊ ဣန္ဒြေတို့ကို စောင့်စည်းခြင်းကို ဖယ်ထား၍ သတ္တဝါတို့၏ ချမ်းသာခွင့်ကို ငါဘုရား မမြင်၊ အလုံးစုံ ငြိတွယ်ခြင်း ကင်းသောနိဗ္ဗာန်ကို ဖယ်ထား၍ သတ္တဝါ အကျွန်ုပ်တို့၏ ချမ်းသာခွင့်ကို ငါဘုရား မမြင် ဟု (မိန့်တော်မူ၏)။

ဤစကားကို မိန့်တော်မူ၏။ပ။နတ်သားသည် ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

## ဂ-ကကုဓသုတ်

၉၉။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်–အခါတပါး၌ မြတ်စွာဘုရားသည် သာကေတမြို့ဝယ် သားတို့အား ဘေးမဲ့ပေးရာ အဉ္ဇနတော၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ကကုဓနတ်သားသည် ညဉ့်ဦးယံ လွန်ပြီးသော (သန်ကောင်ယံ)အချိန်၌ အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ အဉ္ဇနတောအလုံးကို ထွန်းလင်းစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ရပ်တည်ပြီးသော် မြတ်စွာဘုရားအား "ရဟန်း နှစ်သက်၏လော"ဟု ဤစကားကို လျှောက်၏၊ "အချင်းနတ်သား အဘယ်ကိုရ၍ နှစ်သက်ရမည်နည်း" ဟု မေးတော်မူ၏၊ "ရဟန်း သို့ဖြစ်လျှင် စိုးရိမ်ပါသလော"ဟု လျှောက်၏၊ အချင်းနတ်သား အဘယ်ဝတ္ထုသည် ဆုတ်ယုတ်သည်ဖြစ်၍ စိုးရိမ်ရမည်နည်း"ဟု မေးတော်မူ၏၊ "ရဟန်း သို့ဖြစ်လျှင် နှစ်သက်လည်း မနှစ်သက် စိုးရိမ်လည်း မစိုးရိမ်ပါသလော"ဟု လျှောက်၏၊ အချင်းနတ်သား သင်ဆိုတိုင်း ဟုတ်၏ ဟု (မိန့်တော်မူ၏)။

ရဟန်း အသို့နည်း သင်သည် ဆင်းရဲ မရှိသလော၊ အသို့နည်း(သင့်အား)နှစ်သက်ခြင်း မရှိသလော၊ တယောက်တည်း နေလေ့ရှိသော သင့်ကို အသို့မူ၍ မမွေ့လျော်ခြင်းသည် မနှိပ်စက်သနည်းဟု (လျှောက်၏)။

http://www.dhammadownload.com



နတ်သား ငါဘုရားသည် စင်စစ် ဆင်းရဲကင်း၏၊ ထိုမှတပါး (သင့်အား) နှစ်သက်ခြင်း မရှိ၊ ထိုမှတပါး တယောက်တည်း နေလေ့ရှိသော ငါဘုရားကို မမွေ့လျော်ခြင်းသည် မနှိပ်စက် ဟု (မိန့်တော်မူ၏)။

ရဟန်း သင်သည် အဘယ်သို့ ဆင်းရဲကင်းသနည်း၊ (သင့်အား)အဘယ်သို့ နှစ်သက်ခြင်းမရှိသနည်း၊ အဘယ်အကြောင်းကြောင့် တယောက်တည်း နေလေ့ရှိသော သင့်ကို မမွေ့လျော်ခြင်းသည် မနှိပ်စက်သနည်းဟု (လျှောက်ပြန်၏)။

နတ်သား ဆင်းရဲဖြစ်သောသူအား စင်စစ် နှစ်သက်ခြင်းသည် ဖြစ်၏၊ နှစ်သက်ခြင်းဖြစ်သောသူအား စင်စစ် ဆင်းရဲခြင်းသည် ဖြစ်၏၊ ရဟန်းသည် နှစ်သက်ခြင်းလည်းမရှိ ဆင်းရဲခြင်းလည်း မရှိ၊ ဤသို့သိလေ့ ဟု (မိန့်တော်မူ၏)။

နှစ်သက်ခြင်းမရှိသော ဆင်းရဲခြင်းမရှိသော လောက၌ တဏှာကို ကူးမြောက်ပြီးသော မကောင်းမှုကို အပပြုပြီးသော ငြိမ်းအေးပြီးသော ရဟန်းကို ကြာမြင့်မှ ဖူးမြင်ရလေစွတကား ဟု (လျှောက်၏)။

## ၉-ဥတ္တရသုတ်

၁၀၀။ ရာဇဂြိုဟ်နိဒါန်း။ ဥတ္တရနတ်သားသည် တခုသော နေရာ၌ ရပ်တည်ပြီးသော် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏—

"(အိုခြင်းတရားသည်) အသက်ကို (သေခြင်း၏)အနီးသို့ ဆောင်အပ်၏၊ (သတ္တဝါတို့၏) အသက်သည် နည်းငယ် တိုတောင်းလှ၏၊ အိုခြင်းတရားသည် (သေခြင်း၏) အနီးသို့ ဆောင်အပ်သော သူအား ကိုးကွယ်ရာတို့သည် မရှိကုန်၊ (ပညာရှိသည်) သေခြင်းတရား၌ ထိုကြောက်ဖွယ်ဘေး သုံးမျိုးကို ရှုသည်ဖြစ်၍ ချမ်းသာကို ဆောင်တတ်သော ကောင်းမှုတို့ကို ပြုရာ၏"ဟု (လျှောက်၏)။

(အိုခြင်းတရားသည်) အသက်ကို (သေခြင်း၏)အနီးသို့ ဆောင်အပ်၏၊ (သတ္တဝါတို့၏) အသက်သည် နည်းငယ် တိုတောင်းလှ၏၊ အိုခြင်းတရားသည် (သေခြင်း၏) အနီးသို့ ဆောင်အပ်သော သူအား ကိုးကွယ်ရာတို့သည် မရှိကုန်၊ ငြိမ်းချမ်းရာ (နိဗ္ဗာန်)ကို အလိုရှိသူသည် သေခြင်း၌ ထိုကြောက်ဖွယ်ဘေး သုံးမျိုးကို ရှုသည်ဖြစ်၍ လောကာမိသ (ဝဋ္ဋဘူမကာဝဋ္ဋ)ကို စွန့်ရာ၏ ဟု (မိန့်တော်မူ၏)။

## ၁၀-အနာထပိဏ္ဍိကသုတ်

၁၀၁။ တခုသော နေရာ၌ ရပ်တည်ပြီးသော် အနာထပိဏ် နတ်သားသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏—

"ဤဇေတဝန်ကျောင်းတော်သည် ရဟန်းအပေါင်းတို့၏ အမြဲနေရာလည်းဖြစ်၏၊တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရား သီတင်းသုံးတော်မူရာလည်း ဖြစ်၏၊ ထို့ကြောင့် ငါ့အား နှစ်သိမ့်ခြင်း 'ပီတိ' ကို ဖြစ်စေ၏။

http://www.dhammadownload.com



အလုပ်ကိစ္စ အသိဉာဏ် တည်ကြည်မှု ကိုယ်ကျင့်သီလ မြတ်သော အသက်မွေးမှုဟူသော ဤတရားအပေါင်းကြောင့် သတ္တဝါတို့သည် စင်ကြယ်ကုန်၏၊ အမျိုးအနွယ်ကြောင့်၎င်း၊ ဥစ္စာကြောင့်၎င်း စင်ကြယ်သည် မဟုတ်ကုန်။

ထို့ကြောင့်သာလျှင် ပညာရှိသော ပုဂ္ဂိုလ်သည် မိမိ၏ အကျိုးစီးပွါးကို ရှုမြော်၍ သင့်လျော်သော အကြောင်းအားဖြင့် တရားကို စူးစမ်းဆင်ခြင်ရာ၏၊ ဤသို့ ဆင်ခြင်သည်ရှိသော် ထိုအရိယာမဂ်တရားတို့၌ စင်ကြယ်၏။

အကြင် ရဟန်းသည် (တဖက်ကမ်း) နိဗ္ဗာန်သို့ ရောက်၏၊ ထိုရဟန်းသည် ဤတဖက်ကမ်း (နိဗ္ဗာန်)သို့ ရောက်ရုံမျှသာလျှင် မြတ်၏၊ သာရိပုတြာသာလျှင် ပညာဖြင့်၎င်း၊ သီလဖြင့်၎င်း၊ ငြိမ်သက်ခြင်းဖြင့်၎င်း ထို (တဖက်ကမ်းနိဗ္ဗာန်)သို့ ရောက်သော ရဟန်းဟူသမျှထက် မြတ်၏”ဟု (လျှောက်၏)။

အနာထပိဏ် နတ်သားသည် ဤစကားကို လျှောက်၏၊ ဤစကားကို လျှောက်ပြီးသော် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြု၍ တိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏၊ထိုအခါ မြတ်စွာဘုရားသည် ထိုညဉ့်လွန်သော် ရဟန်းတို့ကို မိန့်တော်မူ၏—ရဟန်းတို့ ဤညဉ့်၌ တယောက်သော နတ်သားသည် ညဉ့်ဦးယံ ကုန်ပြီးသော (သန်ကောင်ယံ) အချိန်၌ အလွန်နှစ်သက်ဖွယ် အဆင်းရှိသည်ဖြစ်၍ ဇေတဝန် တကျောင်းလုံးကို ထွန်းလင်းစေလျက် ငါဘုရားထံသို့ ချဉ်းကပ်၍ ငါဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်တည်ပြီးသော် ငါဘုရား၏ ထံတော်ပါး၌ ဤဂါထာတို့ကို လျှောက်၏—

ဤဇေတဝန်ကျောင်းတော်သည် ရဟန်းအပေါင်းတို့၏ အမြဲနေရာလည်းဖြစ်၏၊တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရား သီတင်းသုံးရာလည်း ဖြစ်၏၊ ထို့ကြောင့် ငါ့အား နှစ်သိမ့်ခြင်း 'ပီတိ'ကို ဖြစ်စေ၏။

အလုပ်ကိစ္စ အသိဉာဏ် တည်ကြည်မှု ကိုယ်ကျင့်သီလ မြတ်သော အသက်မွေးမှုဟူသော ဤတရားအပေါင်းကြောင့် သတ္တဝါတို့သည် စင်ကြယ်ကုန်၏၊ အမျိုးအနွယ်ကြောင့်၎င်း၊ ဥစ္စာကြောင့်၎င်း စင်ကြယ်သည် မဟုတ်ကုန်။

ထို့ကြောင့်သာလျှင် ပညာရှိသောပုဂ္ဂိုလ်သည် မိမိ၏အကျိုးစီးပွါးကို ရှုမြော်၍ သင့်လျော်သော အကြောင်းအားဖြင့် တရားကို စူးစမ်းဆင်ခြင်ရာ၏၊ ဤသို့ ဆင်ခြင်သည်ရှိသော် ထိုအရိယာမဂ်တရားတို့၌ စင်ကြယ်၏။

အကြင် ရဟန်းသည် (တဖက်ကမ်း)နိဗ္ဗာန်သို့ ရောက်၏၊ထိုရဟန်းသည် ဤတဖက်ကမ်း (နိဗ္ဗာန်)သို့ ရောက်ရုံမျှသာလျှင် မြတ်၏၊ သာရိပုတြာသာလျှင် ပညာဖြင့်၎င်း၊ သီလဖြင့်၎င်း၊ ငြိမ်သက်ခြင်းဖြင့်၎င်း ထို(တဖက်ကမ်း နိဗ္ဗာန်)သို့ ရောက်သော ရဟန်းဟူသမျှထက် မြတ်၏ ဟု (လျှောက်၏)။

ရဟန်းတို့ ထိုနတ်သားသည် ဤစကားကို ဆိုပြီး၍ ငါဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ထိုနေရာ၌ပင်လျှင် ကွယ်ပျောက်လေ၏ ဟု မိန့်တော်မူ၏၊ ဤသို့ မိန့်တော်မူသည်ရှိသော် အသျှင် အာနန္ဒာသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ “အသျှင်ဘုရား ထိုနတ်သားသည်

http://www.dhammadownload.com



အနာထပိဏ်နတ်သား ဖြစ်လိမ့်မည်ဟု ထင်မိပါ၏၊အနာထပိဏ်သူဌေးသည် အသျှင်သာရိပုတြာ၌ အလွန်ကြည်ညို၏"ဟု လျှောက်၏၊ အာနန္ဒာ ကောင်းစွ ကောင်းစွ၊ အာနန္ဒာ ကြံစည် တွေးဆခြင်းဖြင့် ရောက်သင့် ရောက်ထိုက်သော အရာမှန်သမျှသို့ သင်ရောက်ပေ၏၊ အာနန္ဒာ ထိုနတ်သားသည် အနာထပိဏ်တည်း ဟု (မိန့်တော်မူ၏)။

နှစ်ခုမြောက် အနာထပိဏ္ဍိကဝဂ် ပြီး၏။

---

## ၃-နာနာတိတ္ထိယဝဂ် ၁-သိဝသုတ်

၁၀၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်— အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်းတော်၌(သီတင်းသုံး)နေတော်မူ၏၊ထိုအခါ၌ သိဝနတ်သားသည် ညဉ့်ဦးယံ လွန်ပြီးသော(သန်ကောင်ယံ)အချိန်၌အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန်တကျောင်းလုံးကိုထွန်းလင်းစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်တည်ပြီးသော် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာတို့ကို လျှောက်၏—

"သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏၊သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏၊ သူတော်ကောင်းတို့၏ တရားကို သိသည်ရှိသော် မြတ်၏၊ မယုတ်မာ။

သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏၊ သူတော်ကောင်းတို့နှင့်ပေါင်းဖော်ခြင်းကို ပြုရာ၏၊ သူတော်ကောင်းတို့၏ တရားကို သိသည်ရှိသော် ပညာကို ရနိုင်၏၊ အခြား(သူမိုက်)ထံမှ ပညာကို မရနိုင်။

သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏၊ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏၊ သူတော်ကောင်းတို့၏ တရားကို သိသည်ရှိသော် ပူဆွေးသူတို့၏ အလယ်၌ မပူဆွေးရ။

သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏၊သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏၊ သူတော်ကောင်းတို့၏ တရားကို သိသည်ရှိသော် ဆွေမျိုးတို့၏ အလယ်၌ တင့်တယ်၏။

သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏၊ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏၊သူတော်ကောင်းတို့၏ တရားကို သိသည်ရှိသော် သတ္တဝါတို့သည် ကောင်းသော လားရာ(သုဂတိဘဝ)သို့ ရောက်ကုန်၏။

သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏၊ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏၊ သူတော်ကောင်းတို့၏ တရားကို သိသည်ရှိသော် သတ္တဝါတို့သည် အမြဲမပြတ် ချမ်းသာစွာ တည်နေရကုန်၏"ဟု (လျှောက်၏)။

ထိုအခါ၌ မြတ်စွာဘုရားသည် သိဝနတ်သားကို ဂါထာဖြင့် တုံ့ပြန်၍ မိန့်တော်မူ၏—

"သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏၊သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏၊သူတော်ကောင်းတို့၏ တရားကို သိသည်ရှိသော် အလုံးစုံသော ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်၏"ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၂-ခေမသုတ်

၁၀၃။ တခုသောနေရာ၌ ရပ်တည်ပြီးသော် ခေမနတ်သားသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာတို့ကို လျှောက်၏—

"ပညာမဲ့ကုန်သော သူမိုက်တို့သည် ခါးစပ်သော အကျိုးရှိသည်ဖြစ်သော ယုတ်ညံ့သော အမှုကို ပြုကုန်လျက် မိမိသည်ပင် (မိမိ၏) ရန်သူ အဖြစ်ဖြင့် ကျင်လည်ရကုန်၏။

နောင်တ တဖန် ပူပန်ရသော မျက်ရည်ယိုသော မျက်နှာရှိသည် ဖြစ်၍ ငိုယိုလျက် ခံစားရသည့် အကျိုးမရှိသော အမှုကို ပြုခြင်းသည် မကောင်း။

နောင်တ တဖန် မပူပန်ရသော နှစ်သက်ဝမ်းမြောက်သည်ဖြစ်၍ ခံစားရသည့် အကျိုးရှိသော အမှုကို ပြုခြင်းသည် ကောင်း၏။

သူတော်ကောင်း ဖြစ်သော ပညာရှိသည် မိမိ၏ အစီးအပွားကို သိငြားအံ့၊ ထိုအစီးအပွါးကို ရှေးဦးစွာပင် ပြုရာ၏၊ ဝင်ရိုးကျိုးသော လှည်းသမား၏ အကြံကဲ့သို့ အားမထုတ်ရာ။

လှည်းသမားသည် ပြေပြစ် ညီညွတ်သော လမ်းမကြီးကို စွန့်၍ မညီညွတ်သော လမ်းခရီးသို့ တက်သောကြောင့် လှည်းဝင်ရိုးကျိုးသည် ဖြစ်၍ ကြံမှိုင်ရသကဲ့သို့။

ထိုအတူ ပညာနည်းသောသူသည် တရားမှဖဲ၍ မတရားသို့ အစဉ်လိုက်သောကြောင့် သေမင်း၏ ခံတွင်းဝသို့ ရောက်သည်ရှိသော် လှည်းဝင်ရိုးကျိုးသော လှည်းသမားကဲ့သို့ ကြံမှိုင်ရ၏" ဟု (လျှောက်၏)။

## ၃-သေရီသုတ်

၁၀၄။ တခုသောနေရာ၌ ရပ်တည်ပြီးသော် သေရီနတ်သားသည် မြတ်စွာဘုရားကို ဂါထာဖြင့် လျှောက်၏—

"နတ်လူနှစ်မျိုးတို့သည် ထမင်းကိုသာလျှင် တောင့်တကုန်၏၊ ထိုသို့ တောင့်တစေမြဲ ဖြစ်ပါလျက် ထမင်းကို မတောင့်တသော နတ်မည်သည် အဘယ်မှာ ရှိပါအံ့နည်း"ဟု(လျှောက်၏)။

အကြင်သူတို့သည် ယုံကြည်၍ ကြည်လင်စွာသော စိတ်ဖြင့် ထိုနတ်လူတို့ တောင့်တသည့် ထမင်းကို ပေးလှူကုန်၏၊ ထိုသူတို့အား ထိုပေးလှူအပ်သော ထမင်းသည်သာလျှင် ဤလောက၌ရှင်း တမလွန်လောက၌ရှင်း ထိုသူတို့ကို အစဉ်လိုက်၏။

ထို့ကြောင့် ဝန်တိုခြင်းကို ပယ်ဖျောက်၍ ဝန်တိုခြင်း တည်းဟူသော အညစ်အကြေးကို နှိပ်နင်းလျက် အလှူကို ပေးလှူရာ၏၊ ကောင်းမှုတို့သည် တမလွန်လောက၌ သတ္တဝါတို့၏ တည်ရာ ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အံ့ဖွယ်ဖြစ်ပါ၏၊ အသျှင်ဘုရား မဖြစ်ဘူးမြဲ ဖြစ်ပါ၏—

"အသျှင်ဘုရား အကြင်သူတို့သည် ယုံကြည်၍ ကြည်လင်စွာသော စိတ်ဖြင့် ထိုနတ်လူတို့ တောင့်တသည့် ထမင်းကို ပေးလှူကုန်၏၊ထိုသူတို့အား ထိုပေးလှူအပ်သော ထမင်းသည်သာလျှင် ဤလောက၌ရှင်း တမလွန်လောက၌ရှင်း ပေးလှူသောသူတို့သို့ အစဉ်လိုက်၏။

http://www.dhammadownload.com



ထို့ကြောင့် ဝန်တိုခြင်းကို ပယ်ဖျောက်၍ ဝန်တိုခြင်း တည်းဟူသော အညစ်အကြေးကို နှိပ်နင်းလျက် အလှူကို ပေးလှူရာ၏၊ ကောင်းမှုတို့သည် တမလွန်လောက၌ သတ္တဝါတို့၏ တည်ရာ ဖြစ်ကုန်၏" ဟု ဤသို့ မြတ်စွာဘုရားသည် ဤတရားတော်ကို အလွန်ကောင်းစွာ ဟောတော်မူအပ်ပါ၏ ဟု (လျှောက်၏)။

အသျှင်ဘုရား ရှေးကဖြစ်ဘူးသည်ကား အကျွန်ုပ်သည် သေရီအမည်ရှိသော မင်းဖြစ်ဘူး၏၊ ပေးလှူလေ့ရှိ၏၊အလှူရှင်ပါတည်း၊ ပေးလှူခြင်း၏ ဂုဏ်ကျေးဇူးကို ဆိုလေ့ရှိပါ၏၊အသျှင်ဘုရား ထိုအကျွန်ုပ်သည် မြို့တံခါးလေးမျက်နှာတို့၌ သမဏဗြာဟ္မဏ သူဆင်းရဲ ခရီးသွား သူတောင်းစား ပုန်းတောင်း ယာစကာတို့အား အလှူကို ပေးလှူ၏၊အသျှင်ဘုရား ထိုအခါ အကျွန်ုပ်ကို မောင်းမ အပေါင်းသည် ချဉ်းကပ်၍ ဤစကားကို လျှောက်ကုန်၏ "အရှင်မင်းမြတ်သည်သာလျှင် အလှူကို ပေးလှူရ၏၊ အကျွန်ုပ်တို့သည် အလှူကို မပေးလှူရပါ၊ တောင်းပန်ပါ၏၊ အကျွန်ုပ်တို့သည်လည်း အရှင်မင်းမြတ်ကို အမှီပြု၍ အလှူတို့ကို ပေးလှူလိုပါကုန်၏၊ကောင်းမှုတို့ကို ပြုလိုပါကုန်၏" ဟု လျှောက်ကုန်၏၊ အသျှင်ဘုရား ထိုအကျွန်ုပ်၏ စိတ်၌ ဤအကြံသည် ဖြစ်ပါ၏ "ငါသည် စင်စစ် အလှူပေးလေ့ရှိ၏၊ အလှူရှင်တည်း၊ပေးလှူခြင်း၏ ဂုဏ်ကျေးဇူးကို ဆိုလေ့ရှိ၏၊ သို့ဖြစ်လျက် အလှူကို ပေးလှူကုန်အံ့ ဟု ဆိုသော သူတို့ကို အသို့လျှင် ဆိုရအံ့နည်း" ဟု (အကြံ ဖြစ်ပါ၏)၊ အသျှင်ဘုရား ထိုအကျွန်ုပ်သည် ပဌမတံခါးကို မောင်းမအပေါင်းအား ပေးရ၏၊ ထိုတံခါး၌ မောင်းမအပေါင်းသည် အလှူကို ပေးလှူ၏၊ အကျွန်ုပ်၏ အလှူကို ပြန်လည် ရုပ်သိမ်းရ၏။

အသျှင်ဘုရား ထိုအခါ၌ နောက်လိုက် လက်အောက်ခံမင်းတို့သည် အကျွန်ုပ်သို့ ချဉ်းကပ်ကုန်၍ ဤစကားကို ဆိုကုန်၏ "အရှင်မင်းမြတ်သည် အလှူကို ပေးလှူရ၏၊ မောင်းမအပေါင်းသည် အလှူကို ပေးလှူရ၏၊ အကျွန်ုပ်တို့သည် အလှူကို မပေးလှူရပါ၊တောင်းပန်ပါကုန်၏၊ အကျွန်ုပ်တို့သည်လည်း အရှင်မင်းမြတ်ကို အမှီပြု၍ အလှူတို့ကို ပေးလှူလိုပါကုန်၏၊ ကောင်းမှုတို့ကို ပြုလိုပါကုန်၏"ဟု လျှောက်ကုန်၏။အသျှင်ဘုရား ထိုအကျွန်ုပ်အား ဤအကြံသည် ဖြစ်ပါ၏ "ငါသည် စင်စစ် အလှူပေးလေ့ရှိ၏၊ အလှူရှင်တည်း၊ ပေးလှူခြင်း၏ ဂုဏ်ကျေးဇူးကို ဆိုလေ့ရှိ၏၊ အလှူကို ပေးလှူကုန်အံ့ ဟု ဆိုသော သူတို့ကို အသို့လျှင် ဆိုရအံ့နည်း"ဟု (အကြံဖြစ်ပါ၏)။ အသျှင်ဘုရား ထိုအကျွန်ုပ်သည် ဒုတိယတံခါးကို နောက်လိုက် လက်အောက်ခံ မင်းတို့အား ပေးရ၏၊ ထိုတံခါး၌ နောက်လိုက် လက်အောက်ခံ မင်းတို့သည် အလှူကို ပေးလှူကုန်၏၊ အကျွန်ုပ်၏ အလှူကို ပြန်လည် ရုပ်သိမ်းရ၏။

အသျှင်ဘုရား ထိုအခါ ဗိုလ်ပါအပေါင်းသည် အကျွန်ုပ်သို့ ချဉ်းကပ်၍ ဤသို့ဆို၏ — "အရှင်မင်းမြတ်သည် အလှူကို ပေးလှူရ၏၊ မောင်းမအပေါင်းသည် အလှူကို ပေးလှူရ၏၊ နောက်လိုက် လက်အောက်ခံမင်းတို့သည် အလှူကို ပေးလှူရကုန်၏၊အကျွန်ုပ်တို့သည် အလှူကို မပေးလှူရပါ၊ တောင်းပန်ပါကုန်၏၊ အကျွန်ုပ်တို့သည်လည်း အရှင်မင်းမြတ်ကို အမှီပြု၍ အလှူတို့ကို ပေးလှူလိုပါကုန်၏၊ ကောင်းမှုတို့ကို ပြုလိုပါကုန်၏" ဟု လျှောက်ကုန်၏၊ အသျှင်ဘုရား ထိုအကျွန်ုပ်အား ဤအကြံသည် ဖြစ်ပါ၏၊ ငါသည် စင်စစ် အလှူပေးလေ့ရှိ၏၊ အလှူရှင်တည်း၊ ပေးလှူခြင်း၏ ဂုဏ်ကျေးဇူးကို ဆိုလေ့ရှိ၏၊အလှူကို ပေးလှူကုန်အံ့ဟု ဆိုသော သူတို့ကို အသို့လျှင်ဆိုရအံ့နည်း၊ အသျှင်ဘုရား စင်စစ် ထိုအကျွန်ုပ်သည် တတိယ တံခါးကို ဗိုလ်ပါအပေါင်းအား ပေးရ၏၊ထိုတံခါး၌ ဗိုလ်ပါအပေါင်းသည် အလှူကို ပေးလှူ၏၊ အကျွန်ုပ်၏ အလှူကို ပြန်လည် ရုပ်သိမ်းရ၏။

http://www.dhammadownload.com



အသျှင်ဘုရား ထိုအခါ၌ ပုဏ္ဏားနှင့် သူကြွယ်တို့သည် အကျွန်ုပ်သို့ ချဉ်းကပ်ကုန်၍ ဤစကားကို ဆိုကုန်၏၊ “အရှင်မင်းမြတ်သည် အလှူကို ပေးလှူရ၏၊ မောင်းမအပေါင်းသည် အလှူကို ပေးလှူရ၏၊နောက်လိုက် လက်အောက်ခံ မင်းတို့သည် အလှူကို ပေးလှူရ၏၊ဗိုလ်ပါအပေါင်းသည် အလှူကို ပေးလှူရ၏၊ အကျွန်ုပ်တို့သည် အလှူကို မပေးလှူရပါ၊ တောင်းပန်ပါ၏၊ အကျွန်ုပ်တို့သည်လည်း အရှင်မင်းမြတ်ကို အမှီပြု၍ အလှူကို ပေးလှူလိုပါကုန်၏၊ ကောင်းမှုတို့ကို ပြုလိုပါကုန်၏” ဟု လျှောက်ကုန်၏၊ အသျှင်ဘုရား ထိုအကျွန်ုပ်အား ဤအကြံသည် ဖြစ်ပါ၏ “ငါသည် စင်စစ် အလှူပေးလေ့ရှိ၏၊အလှူရှင်တည်း၊ ပေးလှူခြင်း၏ ဂုဏ်ကျေးဇူးကို ဆိုလေ့ရှိ၏၊ အလှူကို ပေးလှူကုန်အံ့” ဟု ဆိုသောသူတို့ကို အသို့ ဆိုရအံ့နည်းဟု (အကြံဖြစ်ပါ၏)။ အသျှင်ဘုရား ထိုအကျွန်ုပ်သည် စတုတ္ထတံခါးကို ပုဏ္ဏားနှင့် သူကြွယ်တို့အား ပေးရ၏၊ ထိုတံခါး၌ ပုဏ္ဏားနှင့် သူကြွယ်တို့သည် အလှူကို ပေးလှူကုန်၏၊ အကျွန်ုပ်၏ အလှူကို ပြန်သည် ရုပ်သိမ်းရ၏။

အသျှင်ဘုရား ထိုအခါ၌ မင်းချင်းယောကျ်ားတို့သည် အကျွန်ုပ်သို့ ချဉ်းကပ်ကုန်၍ ယခုအခါ၌ အရှင်မင်းမြတ်သည် တစုံတခုသော အလှူကို မပေးလှူရတော့ပါ ဟု လျှောက်ကုန်၏၊ အသျှင်ဘုရား... ဤသို့ဆိုသော် အကျွန်ုပ်သည် ထိုမင်းချင်းယောကျ်ားတို့အား ဤစကားကို ဆိုပါ၏၊ အမောင်တို့ သို့ဖြစ်လျှင် အပဖြစ်ကုန်သော နယ်ပယ်တို့၌ အကြင် အခွန်အတုတ် (အတိုးအပွား ဥစ္စာ)သည် ကောင်းစွာ ဖြစ်၏၊ ထိုအခွန်အတုတ် (အတိုးအပွား ဥစ္စာ) မှ ထက်ဝက်ကို နန်းတော်တွင်းသို့ သွင်းကုန်လော့၊ ထက်ဝက်ကို ထိုအရပ်၌သာလျှင် သမဏ ဗြာဟ္မဏ သူဆင်းရဲ ခရီးသွား သူတောင်းစား ဖုန်းတောင်းယာစကာတို့အား အလှူကို ပေးလှူကုန်လော့ (ဟု ဆိုပါ၏)။ အသျှင်ဘုရား ထိုအကျွန်ုပ်သည် ဤသို့ ရှည်မြင့်စွာသော အနှစ်ရှည်သောင်းကာလပတ်လုံး ပြုအပ်ကုန်သော ကောင်းမှု ဤသို့ ရှည်မြင့်စွာသော အနှစ်ရှည်သောင်း ကာလပတ်လုံး ပြုအပ်ကုန်သော ကုသိုလ်တရားတို့၏ အပိုင်းအခြားကို ကောင်းမှုသည် ဤမျှ အတိုင်းအရှည်ရှိ၏ ဟူ၍ငင်း, ကောင်းမှု၏ အကျိုးသည် ဤမျှ အတိုင်းအရှည်ရှိ၏ဟူ၍ငင်း, နတ်ပြည်၌ ဤမျှလောက် တည်ရာရှိ၏ဟူ၍ငင်း မသိနိုင်ပါ၊ အသျှင်ဘုရား အံ့ဖွယ်ဖြစ်ပါ၏၊ အသျှင်ဘုရား မဖြစ်ဘူးမြဲဖြစ်ပါ၏—

“အသျှင်ဘုရား....အကြင်သူတို့သည် ယုံကြည်၍ ကြည်လင်စွာသော စိတ်ဖြင့် ထို နတ်လူတို့ တောင့်တသည့် ထမင်းကို ပေးလှူကုန်၏၊ ထိုသူတို့အား ထိုပေးလှူသော ထမင်းသည်သာလျှင် ဤလောက၌ငင်း, တမလွန်ဘဝ၌ငင်း ထိုပေးလှူသူတို့သို့ အစဉ်လိုက်၏။

ထို့ကြောင့် ဝန်တိုခြင်းကို ပယ်ဖျောက်၍ (ဝန်တိုခြင်း တည်းဟူသော) အညစ်အကြေးကို နှိပ်နင်းလျက် အလှူကို ပေးလှူရာ၏၊ ကောင်းမှုတို့သည် တမလွန်လောက၌ သတ္တဝါတို့၏ တည်ရာဖြစ်ကုန်၏” ဤသို့ မြတ်စွာဘုရားသည် ဤတရားတော်ကို အလွန်ကောင်းစွာ ဟောတော်မူအပ်ပါ၏ ဟု (လျှောက်၏)။

## ၄-ဃဋီကာရသုတ်

၁၀၅။ တခုသော နေရာ၌ ရပ်တည်ပြီးသော် ဃဋီကာရနတ်သားသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏—

http://www.dhammadownload.com



အဝိဟာဘုံသို့ ရောက်ကုန်သော (ကိလေသာတို့မှ) လွတ်ကုန်သော စွဲမက်ခြင်း ‘ရာဂ’ အမျက်ထွက်ခြင်း ‘ဒေါသ’ ကုန်ပြီးကုန်သော လောက၌ ကပ်ငြိမှု ‘တဏှာ’ ကို ကူးမြောက်ကုန်ပြီးသော **ရဟန်း**ခုနစ်ယောက်တို့သည် အဘယ်သူတို့နည်း။

အဘယ်ရဟန်းတို့သည် သေမင်း၏ တည်ရာဖြစ်သော ကူးမြောက်နိုင်ခဲသော (ကိလေသာ) ညွှန်ပျောင်းကို ကူးမြောက်ကုန်သနည်း၊ အဘယ်ရဟန်းတို့သည် လူ၌ဖြစ်သော ကိုယ်ကို စွန့်၍ နတ်ပြည်၌ ဖြစ်ကြောင်း (သံယောဇဉ်)ကို လွန်မြောက်ကုန်သနည်းဟု (လျှောက်၏)။

ဥပက ပလဂဏ္ဍ ပုက္ကုသာတိ ဟူသော ထိုသုံးယောက်တို့ရှင်း ဘဒ္ဒိယ ခဏ္ဍဒေဝ ဗာဟုရဂ္ဂိ သိင်္ဂိယတို့၏ရှင်း ထိုခုနစ်ယောက်တို့သည် လူ၌ဖြစ်သော ကိုယ်ကို စွန့်ကုန်၍ နတ်ပြည်၌ ဖြစ်ကြောင်း (သံယောဇဉ်)ကို လွန်မြောက်ကုန်၏ ဟု (မိန့်တော်မူ၏)။

မာရ်မင်း၏ ကျော့ကွင်းကို ပယ်တတ်ကုန်သော ထိုရဟန်းတို့၏ အပြစ်မရှိခြင်းကို ပြောဆို၏၊ ထိုသူတို့သည် အဘယ်သူ၏ တရားကို သိကုန်၍ ဘဝအနှောင်အဖွဲ့ကို ဖြတ်ကုန်သနည်း။

ထိုသူတို့သည် မြတ်စွာဘုရား၏ တရားကို သိ၍ ဘဝအနှောင်အဖွဲ့ကို ဖြတ်ကာ ထို မြတ်စွာဘုရားကို ကြည်ထား၍ ဘဝအနှောင်အဖွဲ့ကို မဖြတ်နိုင်ကုန်၊ အသျှင်ဘုရား၏ အဆုံးအမ တော်ကို ကြည်ထား၍ ဘဝအနှောင်အဖွဲ့ကို ဖြတ်နိုင်သည် မဟုတ်ကုန်။

အကြွင်းနိဗ္ဗာန်၌ နာမ်သည်ရှင်း ရုပ်သည်ရှင်း အကြွင်းမဲ့ချုပ်၏၊ ဤသာသနာတော်၌ ထိုသူသို့သည် ထို (နိဗ္ဗာန်) တရားကို သိကုန်၍ ဘဝအနှောင်အဖွဲ့ကို ဖြတ်ကုန်၏ ဟု (လျှောက်၏)။

နက်နဲသော သိနိုင်ခဲသော လွန်စွာ သိနိုင်ခဲသော စကားကို ဆိုဘိ၏၊ သင်သည် အဘယ်သူ၏ **တရား**ကို သိ၍ ဤသို့ သဘောရှိသော စကားကို ဆိုဘိသနည်းဟု ဟု (မေးတော်မူ၏)။

အကျွန်ုပ်သည် ရှေးအခါက ဝေဘဠိင်္ဂရွာ၌ ဃဋီကာရ အိုးထိန်းသည် ဖြစ်ခဲ့ဘူးပါ၏၊ အမိ အဖကို လုပ်ကျွေးခဲ့၏၊ ကဿပမြတ်စွာဘုရား၏ ဥပါသကာ ဖြစ်ခဲ့ဘူး၏။

မေထုန်အကျင့်မှ ရှောင်ကြဉ်ခဲ့ပါ၏၊ အာမိသကင်းသည်ဖြစ်၍ အကျင့်မြတ်ကို ကျင့်လေ့ ရှိခဲ့ပါ၏၊ အသျှင်ဘုရားနှင့် တရွာတည်းနေ ဖြစ်ခဲ့ဘူးပါ၏၊ ရှေးအခါက အသျှင်ဘုရားနှင့် အဆွေခင်ပွန်း ဖြစ်ခဲ့ဘူးပါ၏။

**ထိုအကျွန်ုပ်သည် တပ်မက်မှု ‘ရာဂ’ အမျက်ထွက်မှု ‘ဒေါသ’ ကုန်ပြီးသော လောက၌ ကပ်ငြိမှု ‘တဏှာ’ ကို** ကူးမြောက်ကုန်ပြီးသော ထိုရဟန်း ခုနစ်ယောက်တို့ကို သိပါ၏ ဟု (လျှောက်၏)။

**အိုးထိန်း** .. အကြွင်အခြင်းအရာဖြင့် ထိုအကြောင်းကို ဆို၏၊ ထိုအခါက ဤအတိုင်း ဖြစ်ဘူးပြီ၊ ရှေးအခါက ဝေကဠိင်္ဂရွာ၌ ဃဋီကာရ အိုးထိန်းသည် ဖြစ်ခဲ့ဘူး၏၊ အမိ အဖကို လုပ်ကျွေးခဲ့၏၊ ကဿပမြတ်စွာဘုရား၏ ဥပါသကာဖြစ်ခဲ့ဘူး၏။

မေထုန်အကျင့်မှ ရှောင်ကြဉ်ခဲ့၏၊ အာမိသကင်းသည်ဖြစ်၍ အကျင့်မြတ်ကို ကျင့်လေ့ **ရှိခဲ့၏၊ ငါနှင့် တရွာတည်းနေ** ဖြစ်ခဲ့ဘူး၏၊ ငါ၏ **အဆွေခင်ပွန်း** ဖြစ်ခဲ့ဘူး၏။

http://www.dhammadownload.com



ရှေးက အပေါင်းအဖော်ဖြစ်ခဲ့ဘူးကုန်သော ပွားများအပ်သော စိတ်ရှိကုန်သော အဆုံးစွန်သော ကိုယ်ကို ဆောင်ကုန်သော နှစ်ယောက်ကုန်သော ဤသူတို့၏ ဤသို့သော ပေါင်းဆုံမိခြင်းသည် ဖြစ်သတည်း ဟု (မိန့်တော်မူ၏)။

## ၅-ဇန္တုသုတ်

၁၀၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်–အခါတပါး၌ များစွာကုန်သော ရဟန်းတို့သည် ကောသလတိုင်း ဟိမဝန္တာတောင်နံပါး တောကျောင်း၌ ပျံ့လွင့်သော စိတ်ရှိကုန်သည် တက်ကြွထောင်လွှားကုန်သည် လျှပ်ပေါ်ကုန်သည် နှုတ်ကြမ်းကုန်သည် စည်းကမ်းမဲ့ (မစောင့်စည်း) ပြောဆိုကုန်သည် သတိလွတ်ကုန်သည် ပညာအဆင်အခြင် ဉာဏ်မရှိကုန်သည် မတည်ကြည်ကုန်သည် ပျံ့လွင့်သော စိတ်ရှိကုန်သည် ဣန္ဒြေကင်းမဲ့ကုန်သည် ဖြစ်၍ နေကြကုန်၏၊ ထိုအခါ ဇန္တုနတ်သားသည် တဆဲ့ငါးရက်မြောက်သော ဥပုသ်နေ့၌ ထိုရဟန်းများရှိရာသို့ ချဉ်းကပ်ပြီးလျှင် ထိုရဟန်းတို့ကို ဂါထာတို့ဖြင့် လျှောက်၏—

ရှေးအခါက ဂေါတမမြတ်စွာဘုရား၏ တပည့်ဖြစ်ကုန်သော ရဟန်းတို့သည် ချမ်းသာစွာ အသက်မွေးလေ့ရှိကုန်၏၊ တပ်မက်ခြင်း မရှိကုန်သည်ဖြစ်၍ ဆွမ်းကို ရှာမှီးကုန်၏၊ တပ်မက်ခြင်း မရှိကုန်သည်ဖြစ်၍ အိပ်ရာ နေရာကို ရှာမှီးကုန်၏၊ ထိုရဟန်းတို့သည် လောက၌ မမြဲခြင်းကို သိကုန်၍ ဆင်းရဲ၏ အဆုံးကို ပြုကုန်၏။

ဤသာသနာတော်၌ အချို့သော ရဟန်းတို့သည် ရွာ၌ ရွာသူကြီးတို့ကဲ့သို့ မိမိကိုယ်ကို မကောင်းသဖြင့် အသက်မွေးမှုကာ လွန်စွာ စားကုန်လျက် သူတပါး အိမ်ရာတို့၌ မိန်းမောကုန်သည်ဖြစ်၍ အိပ်ကုန်၏၊ အကျွန်ုပ်သည် သံဃာတော်အား လက်အုပ်ချီလျက် လျှောက်ကြားလိုပါ၏၊ သူသေကောင်တို့ကို စွန့်အပ်ကုန်သကဲ့သို့ ထိုဒေတူ ထောက်တည်ရာ မရှိသော ထိုရဟန်းတို့ကို စွန့်အပ်ကုန်၏။

အကြင်ရဟန်းတို့သည် မေ့လျော့ကုန်သည်ဖြစ်၍ နေကုန်၏၊ ထိုရဟန်းတို့ကို ရည်ညွှန်း၍ အကျွန်ုပ်သည် ဆိုအပ်ပါ၏၊ အကြင်ရဟန်းတို့သည် မမေ့မလျော့ကုန်သည်ဖြစ်၍ နေကုန်၏၊ ထိုရဟန်းတို့အား အကျွန်ုပ်သည် ရှိခိုးခြင်းကို ပြုပါ၏ ဟု (လျှောက်၏)။

## ၆-ရောဟိတဿသုတ်

၁၀၇။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ရပ်တည်ပြီးသော် ရောဟိတဿနတ်သားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏– "အသျှင်ဘုရား အကြင်အရပ်၌ ပဋိသန္ဓေ မနေရ မအိုရ မသေရ မရွေ့လျောရ တဖန် မဖြစ်ရ၊ အသျှင်ဘုရား ထိုအရပ်သို့ သွားခြင်းဖြင့် လောက၏အဆုံးကို သိခြင်းငှာရင်း၊ မြင်ခြင်းငှာရင်း၊ ရောက်ခြင်းငှာရင်း၊ တတ်ကောင်းပါသလော" ဟု လျှောက်၏၊ ရောဟိတဿနတ်သား အကြင်အရပ်၌ ပဋိသန္ဓေ မနေရ မအိုရ မသေရ မရွေ့လျောရ၊ တဖန် မဖြစ်ရ၊ ထိုအရပ်သို့ သွားခြင်းဖြင့် လောက၏ အဆုံးကို သိအပ်၏၊ မြင်အပ်၏၊ သွားခြင်းဖြင့် ရောက်အပ်၏ဟူ၍ ငါဘုရားသည် ဟောတော်မမူ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရား အံ့ဖွယ်ဖြစ်ပါ၏၊ အသျှင်ဘုရား မဖြစ်ဘူးမြဲ ဖြစ်ပါ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် "ရောဟိတဿနတ်သား အကြင်အရပ်၌ ပဋိသန္ဓေ မနေရ မအိုရ မသေရ မရွေ့လျောရ တဖန် မဖြစ်ရ၊ ထိုအရပ်သို့ သွားခြင်းဖြင့် လောက၏ အဆုံးကို သိအပ် မြင်အပ် ရောက်အပ်၏ ဟူ၍ ငါဘုရားသည် ဟောတော်မမူ"ဟု ဤစကားကို အလွန်လျှင် ကောင်းစွာ ဟောအပ်ပါ၏။

အသျှင်ဘုရား ရှေးက ဖြစ်ဘူးသည်ကား အကျွန်ုပ်သည် မူဆိုး၏သား ဖြစ်သော တန်ခိုးနှင့် ပြည့်စုံ၍ ကောင်းကင်သို့ ပျံတက်သွားလာနိုင်သော ရောဟိတဿမည်သော ရသေ့ ဖြစ်ခဲ့ဘူးပါ၏၊ အသျှင်ဘုရား ထိုအကျွန်ုပ်၏ လျင်မြန်ပုံမှာ ဤသို့ သဘောရှိခဲ့ပါ၏၊ လေးအတတ်ကို သင်ကြားပြီး၍ လေးအတတ်၌ လက်ကျင့်ရပြီးသော မင်းအိမ်၌ လေးအတတ်ကို ပြုပြီးသော မြဲမြံခိုင်ခံ့သော လေးရှိသော လေးဆရာသည် ပေါ့ပါးသော မြှားဖြင့် ခဲခဲ ယဉ်းယဉ်း မဟုတ်ပဲ ဖီလာ ကန့်လန့် ထန်းပင်ရိပ်ကို လွန်စေနိုင်သကဲ့သို့ ထို့အတူ(တခုသော စကြဝဠာကို လွန်စေနိုင်၏)။ အသျှင်ဘုရား ထိုအကျွန်ုပ်အား ဤသို့သဘောရှိသော ခြေလှမ်းသည် ဖြစ်ခဲ့ပါ၏၊ အရှေ့သမုဒ္ဒရာမှ အနောက်သမုဒ္ဒရာသည် ဝေးကွာသကဲ့သို့ ထို့အတူ ဝေးကွာသော ခြေလှမ်း ဖြစ်ခဲ့ပါသည်၊ အသျှင်ဘုရား ထိုအကျွန်ုပ်အား ငါသည် သွားခြင်းဖြင့် လောက၏ အဆုံးသို့ ရောက်အံ့ဟု ဤသို့သဘောရှိသော အလို ဖြစ်ခဲ့၏။ အသျှင်ဘုရား စင်စစ် ဤသို့ သဘောရှိသော လျင်မြန်ခြင်းနှင့်ရှင်း ဤသို့သဘောရှိသော ခြေလှမ်းနှင့်ရှင်း ပြည့်စုံသော ထိုအကျွန်ုပ်သည် စားခြင်း သောက်ခြင်း ခဲခြင်း လျက်ခြင်း အချိန်ကို ဖယ်ထား၍ ကျင်ကြီးကျင်ငယ် စွန့်မှုကို ဖယ်ထား၍ အိပ်စက်မှု အပန်းဖြေ နားနေမှုကို ဖယ်ထားပြီးလျှင် အနှစ်တရာ အသက်ကြွင်းရှိသော အကျွန်ုပ်သည် အနှစ်တရာအသက်ရှင်လျက် အနှစ်တရာပတ်လုံး သွား၍ လောက၏ အဆုံးသို့ မရောက်ပဲ အကြား၌သာလျှင် သေရပါသည်။

အသျှင်ဘုရား အံ့ဖွယ်ရှိပါ၏၊အသျှင်ဘုရား မဖြစ်ဘူးမြဲ ဖြစ်ပါ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည်"အချင်းနတ်သား အကြင်လောက၌ ပဋိသန္ဓေ မနေရ မအို မသေ မရွေ့လျောရ တဖန်မဖြစ်ရ၊ ထိုအရပ်သို့သွားခြင်းဖြင့် လောက၏ အဆုံးကို သိအပ်၏ မြင်အပ်၏ရောက်အပ်၏ ဟူ၍ ငါဟောတော်မမူ"ဟူသော ဤစကားကို အလွန်လျှင် ကောင်းစွာ ဟောတော်မူအပ်ပါ၏ ဟု(လျှောက်၏)။

အချင်းရောဟိတဿနတ်သား လောက၏အဆုံး နိဗ္ဗာန်ကို မရောက်ပဲ ဆင်းရဲ၏ အဆုံး ပြုခြင်းကိုလည်း ငါဟောဘော်မမူ၊ အချင်းနတ်သား စင်စစ်အားဖြင့် သညာလည်းရှိ စိတ်လည်း ရှိသော တလံမျှလောက်သော ဤခန္ဓာကိုယ်၌ လောက (ဒုက္ခသစ္စာ)ကိုရှင်း လောက၏ ဖြစ်ပေါ်ကြောင်း (သမုဒယသစ္စာ)ကိုရှင်း လောက၏ချုပ်ရာနိဗ္ဗာန် (နိရောဓသစ္စာ)ကိုရှင်း လောက၏ ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်(မဂ္ဂသစ္စာ)ကိုရှင်း ငါ ပညတ်တော်မူ၏။

လောက၏အဆုံး(နိဗ္ဗာန်)သို့ ခြေဖြင့်သွားခြင်းဖြင့် တရံတဆစ်မျှ မရောက်နိုင်၊လောက
၏အဆုံး(နိဗ္ဗာန်)သို့ မရောက်ပဲ ဆင်းရဲမှ လွတ်မြောက်ခြင်း မည်သည်လည်း မရှိ။

ထို့ကြောင့် စင်စစ်အားဖြင့် လောကကို သိပြီးသော လောက၏အဆုံး (နိဗ္ဗာန်)သို့ ရောက်ပြီးသော ကျင့်သုံးပြီးသော အကျင့်မြတ်ရှိသော မကောင်းမှုမှ ငြိမ်းပြီးသော ပညာရှိသည် လောက၏ အဆုံးကို သိ၍ ဤ(ပစ္စုပ္ပန်) လောကကိုရှင်း တမလွန်(လောက)ကိုရှင်း မတောင့်တတော့ချေ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၇-နန္ဒသုတ်

၁၀၇။ တခုသော နေရာ၌ ရပ်တည်ပြီးသော် နန္ဒနတ်သားသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏—

"အချိန်အခါတို့သည် (ပုဂ္ဂိုလ်ကို) လွန်ကုန်၏၊ညဉ့်တို့သည်(ပုဂ္ဂိုလ်ကို)လွန်ကုန်၏၊ (ပဌမ မဇ္ဈိမ ပစ္ဆိမ) အရွယ်အစုတို့သည် (ပုဂ္ဂိုလ်ကို) အစဉ်အတိုင်း စွန့်ကုန်၏၊ (ပညာရှိသည်) သေခြင်း၌ ထိုကြောက်ဖွယ်ဘေး သုံးမျိုးကို ရှုသည်ဖြစ်၍ ချမ်းသာကို ဆောင်တတ်သော ကောင်းမှုတို့ကို ပြုရာ၏" ဟု (လျှောက်၏)။

အချိန်အခါတို့သည် (ပုဂ္ဂိုလ်ကို) လွန်ကုန်၏၊ ညဉ့်တို့သည် (ပုဂ္ဂိုလ်ကို)လွန်ကုန်၏၊ (ပဌမ မဇ္ဈိမ ပစ္ဆိမ)အရွယ်အစုတို့သည်(ပုဂ္ဂိုလ်ကို)အစဉ်အတိုင်း စွန့်ကုန်၏၊ ငြိမ်းချမ်းရာ (နိဗ္ဗာန်)ကို အလိုရှိသူသည် ထိုကြောက်ဖွယ်ဘေး သုံးမျိုးကို ရှုသည်ဖြစ်၍ လောကအာမိသ (တေဘူမက ဝဋ်)ကို စွန့်ရာ၏ ဟု (မိန့်တော်မူ၏)။

## ၈-နန္ဒိဝိသာလသုတ်

၁၀၈။ တခုသော နေရာ၌ ရပ်တည်ပြီးသော် နန္ဒိဝိသာလနတ်သားသည် မြတ်စွာဘုရားကို ဂါထာဖြင့် လျှောက်၏—

"ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား(ဣရိယာပုထ်)လေးပါးဟူသော စက်လေး ပါးလည်း ရှိသော ကိုးပါးသော အပေါက်(ဒွါရ)လည်းရှိသော (မစင်တို့ဖြင့်) ပြည့်သော လိုချင်မှု 'လောဘ'နှင့် စပ်ယှဉ်သော (အမိဝမ်းတိုက်ဟူသော) ညွန်ပျောင်း၌ ဖြစ်သော ကိုယ်သည် အဘယ်သို့လျှင် ထွက်မြောက်မှု ဖြစ်နိုင်လတ္တံ့နည်း" ဟု (လျှောက်၏။)

ရန်ငြိုးဖွဲ့မှုကိုရင်း ကိလေသာဟူသော ကြိုးလွန်ကိုရင်း လိုချင်မှု'ဣစ္ဆာ'ကိုရင်း ယုတ်ညံ့သော 'လောဘ'ကိုရင်း ဖြတ်၍ တပ်မက်မှု 'တဏှာ'ကို အမြစ်နှင့်တကွ နုတ်သည်ရှိသော် ဤသို့ ထွက်မြောက်သည် ဖြစ်နိုင်လတ္တံ့ ဟု(မိန့်တော်မူ၏)။

## ၉-သုသိမသုတ်

၁၁၀။ သာဝတ္ထိနိဒါန်း။ထိုအခါ၌ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာ ဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော အသျှင် အာနန္ဒာအား "အာနန္ဒာ သင်သည်လည်း သာရိပုတြာကို နှစ်သက်သလော" ဟု မြတ်စွာဘုရား သည် ဤစကားကို မိန့်တော်မူ၏။

အသျှင်ဘုရား မမိုက်သော မပြစ်မှားတတ်သော မတွေဝေသော ဖောက်ပြန်သည့် စိတ်မရှိသော အဘယ်မည်သော သူသည် အသျှင်သာရိပုတြာကို မနှစ်သက်ပဲ ရှိပါအံ့နည်း၊ အသျှင်ဘုရား အသျှင် သာရိပုတြာသည် ပညာရှိပါ၏၊ အသျှင်ဘုရား အသျှင်သာရိပုတြာသည် ကြီးသော ပညာရှိပါ၏၊

http://www.dhammadownload.com



အသျှင်ဘုရား အသျှင်သာရိပုတြာသည် ကျယ်ပြန့်သော ပညာလည်းရှိ၏၊ အသျှင်ဘုရား အသျှင်သာရိပုတြာသည် ရွှင်သော ပညာလည်းရှိ၏၊ အသျှင်ဘုရား အသျှင်သာရိပုတြာသည် လျင်မြန်သော ပညာရှိ၏။ အသျှင်ဘုရား အသျှင်သာရိပုတြာသည် ထက်သော ပညာလည်းရှိ၏၊ အသျှင်ဘုရား အသျှင်သာရိပုတြာသည် (ကိလေသာကို) ဖောက်ထွင်းနိုင်သော ပညာလည်းရှိ၏၊ အသျှင်ဘုရား အသျှင်သာရိပုတြာသည် အလိုနည်း၏၊ အသျှင်ဘုရား အသျှင်သာရိပုတြာသည် ရောင့်ရဲလွယ်၏၊ အသျှင်ဘုရား အသျှင်သာရိပုတြာသည် နီဝရဏတို့မှ ဆိတ်ခြင်းရှိ၏၊ အသျှင်ဘုရား အသျှင်သာရိပုတြာသည်(လူတို့နှင့်)ရောနှောခြင်းတို့မှကင်း၏၊ အသျှင်ဘုရား အသျှင်သာရိပုတြာသည် ထက်သန်သော လုံ့လရှိ၏၊ အသျှင်ဘုရား အသျှင်သာရိပုတြာသည် ဆိုဆုံးမတတ်၏၊ အသျှင်ဘုရား အသျှင်သာရိပုတြာသည် စကားကို သည်းခံတတ်၏၊ အသျှင်ဘုရား အသျှင်သာရိပုတြာသည် ပြစ်တင်ဆုံးမတတ်၏၊ အသျှင်ဘုရား အသျှင်သာရိပုတြာသည် ယုတ်မာသောသူတို့၌ ရှုတ်ချလေ့ရှိ၏၊ အသျှင်ဘုရား မမိုက်သော မပြစ်မှားတတ်သော မတွေဝေသော ဖောက်ပြန်သည့် စိတ်မရှိသော အဘယ်မည်သောသူသည် အသျှင်သာရိပုတြာကို မနှစ်သက်ပဲ ရှိပါအံ့နည်း ဟု (လျှောက်၏)။

အာနန္ဒာ ဤစကားသည် ဤအတိုင်းမှန်၏၊အာနန္ဒာ ဤစကားသည် ဤအတိုင်းမှန်၏၊ အာနန္ဒာ မမိုက်သော မပြစ်မှားတတ်သော မတွေဝေသော ဖောက်ပြန်သည့် စိတ်မရှိသော အဘယ်မည်သော သူသည် သာရိပုတြာကို မနှစ်သက်ပဲ ရှိအံ့နည်း၊ အာနန္ဒာ သာရိပုတြာသည် ပညာလည်း ရှိ၏၊ အာနန္ဒာ သာရိပုတြာသည် ကြီးသောပညာလည်းရှိ၏၊ အာနန္ဒာ သာရိပုတြာသည် ကျယ်ပြန့်သော ပညာလည်းရှိ၏၊ အာနန္ဒာ သာရိပုတြာသည် ရွှင်သော ပညာလည်းရှိ၏၊ အာနန္ဒာ သာရိပုတြာသည် လျင်မြန်သော ပညာလည်းရှိ၏၊ အာနန္ဒာ သာရိပုတြာသည် ထက်သော ပညာလည်းရှိ၏၊ အာနန္ဒာ သာရိပုတြာသည် (ကိလေသာကို) ဖောက်ထွင်းနိုင်သော ပညာလည်း ရှိ၏၊ အာနန္ဒာ သာရိပုတြာသည် အလိုနည်း၏၊ အာနန္ဒာ သာရိပုတြာသည် ရောင့်ရဲလွယ်၏၊ အာနန္ဒာ သာရိပုတြာသည် နီဝရဏတို့မှ ဆိတ်ခြင်းရှိ၏၊ အာနန္ဒာ သာရိပုတြာသည် (လူတို့နှင့်) ရောနှောခြင်းတို့မှ ကင်း၏၊ အာနန္ဒာ သာရိပုတြာသည် ထက်သန်သော လုံ့လရှိ၏၊ အာနန္ဒာ သာရိပုတြာသည် ဆိုဆုံးမတတ်၏၊ အာနန္ဒာ သာရိပုတြာသည် စကားကို သည်းခံတတ်၏၊အာနန္ဒာ သာရိပုတြာသည် ပြစ်တင်ဆုံးမတတ်၏၊ အာနန္ဒာ သာရိပုတြာသည် ယုတ်မာသောသူတို့၌ ရှုတ်ချလေ့ရှိ၏၊ အာနန္ဒာ မမိုက်သော မပြစ်မှားတတ်သော မတွေဝေသော ဖောက်ပြန်သည့်စိတ် မရှိသော အဘယ်မည်သော သူသည် သာရိပုတြာကို မနှစ်သက်ပဲ ရှိအံ့နည်း ဟု (မိန့်တော်မူ၏)။

ထိုအခါ သုသိမနတ်သားသည် အသျှင်သာရိပုတြာ၏ ဂုဏ်ကျေးဇူးကို ဆိုအပ်သည်ရှိသော် များစွာသော နတ်သားပရိသတ် ခြံရံလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်တည်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏- "မြတ်စွာဘုရား ဤစကားသည် ဤအတိုင်းမှန်ပါ၏၊ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ဤစကားသည် ဤအတိုင်းမှန်ပါ၏၊ အသျှင်ဘုရား မမိုက်သော မပြစ်မှားတတ်သော မတွေဝေသော ဖောက်ပြန်သည့်စိတ်မရှိသော အဘယ်မည်သော သူသည် အသျှင်သာရိပုတြာကို မနှစ်သက်ပဲ ရှိပါအံ့နည်း၊ အသျှင်ဘုရား အသျှင်သာရိပုတြာသည် ပညာရှိ၏၊ အသျှင်ဘုရား အသျှင်သာရိပုတြာသည် ကြီးသောပညာရှိ၏၊ အသျှင်ဘုရား အသျှင်သာရိပုတြာသည် ကျယ်ပြန့်သောပညာလည်း ရှိ၏၊ အသျှင်ဘုရား အသျှင်သာရိပုတြာသည် ရွှင်သော ပညာလည်းရှိ၏၊

http://www.dhammadownload.com



အသျှင်ဘုရား အသျှင်သာရိပုတြာသည် လျင်မြန်သော ပညာလည်းရှိ၏၊ ထက်သော ပညာလည်းရှိ၏၊ (ကိလေသာကို) ဖောက်ထွင်းနိုင်သော ပညာလည်းရှိ၏၊ အလိုနည်း၏၊ ရောင့်ရဲလွယ်၏၊ နိဝရဏတို့မှ ဆိတ်ခြင်းရှိ၏၊ လူတို့နှင့် ရောနှောခြင်းမှ ကင်း၏၊ ထက်သန်သော လုံ့လရှိ၏၊ ဆိုဆုံးမတတ်၏၊ စကားကို သည်းခံတတ်၏၊ ပြစ်တင်ဆုံးမတတ်၏၊ အသျှင်သာရိပုတြာသည် ယုတ်မာသောသူတို့၌ ရှုတ်ချလေ့ရှိ၏၊ အသျှင်ဘုရား မမိုက်သော မပြစ်မှားတတ်သော မတွေဝေသော ဖောက်ပြန်သည့်စိတ်မရှိသော အဘယ်မည်သောသူသည် အသျှင်သာရိပုတြာကို မနှစ်သက်ပဲ ရှိပါအံ့နည်း။ အသျှင်ဘုရား အကျွန်ုပ်သည် ချဉ်းကပ်ရာရာ နတ်ပရိသတ်၌ များစွာသော ထိုချီးမွမ်းသော အသံကိုသာလျှင် ကြားရပါ၏၊ အသျှင်သာရိပုတြာသည် ပညာရှိ၏၊ အသျှင်သာရိပုတြာသည် ကြီးသောပညာနှင့်၏၊ ကျယ်ပြန့်သော ပညာရှိ၏၊ ရွှင်သော ပညာလည်းရှိ၏၊ လျင်မြန်သော ပညာလည်းရှိ၏၊ ထက်သော ပညာလည်းရှိ၏၊ (ကိလေသာကို) ဖောက်ထွင်းနိုင်သော ပညာလည်းရှိ၏၊ အလိုနည်း၏၊ ရောင့်ရဲလွယ်၏၊ နိဝရဏတို့မှ ဆိတ်ခြင်းရှိ၏၊ လူတို့နှင့် ရောနှောခြင်းမှ ကင်း၏၊ ထက်သန်သော လုံ့လရှိ၏၊ ဆိုဆုံးမတတ်၏၊ စကားကိုသည်းခံတတ်၏၊ ပြစ်တင်ဆုံးမတတ်၏၊ အသျှင်သာရိပုတြာသည် ယုတ်မာသောသူတို့၌ ရှုတ်ချလေ့ရှိ၏ဟု (ကြားရပါ၏)။ အသျှင်ဘုရား မမိုက်သော မပြစ်မှားတတ်သော မတွေဝေသော ဖောက်ပြန်သည့် စိတ်မရှိသော အဘယ်မည်သော သူသည် အသျှင်သာရိပုတြာကို မနှစ်သက်ပဲ ရှိပါအံ့နည်း ဟု (လျှောက်၏)။

ထိုအခါ သုသိမနတ်သား၏ နတ်သားပရိသတ်သည် အသျှင်သာရိပုတြာ၏ ဂုဏ်ကျေးဇူးကို ဆိုသည်ရှိသော် နှစ်လိုသည် ဝမ်းမြောက်သည် နှစ်သိမ့်ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍ အထူးထူးသော အဆင်းအရောင်တို့ကို ထင်ရှား ဖြစ်စေ၏၊ ဥပမာသော်ကား တောက်ပသော အမျိုးမွန်သော ရှစ်မြှောင့်ရှိသော ကောင်းစွာ ပွတ်ပြင်ပြီးသော ကမ္ဗလာနီ၌ ထားအပ်သော ကျောက်မျက်ရတနာသည် ထွန်းပသကဲ့သို့ရင်း တောက်ပသကဲ့သို့ရင်း တင့်တယ်သကဲ့သို့ရင်း ဤအတူသာလျှင် သုသိမနတ်သား၏ နတ်သားပရိသတ်သည် အသျှင်သာရိပုတြာ၏ ဂုဏ်ကျေးဇူးကို ဆိုသည်ရှိသော် နှစ်လိုသည် ဝမ်းမြောက်သည် နှစ်သိမ့်ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍ အထူးထူးသော အဆင်းအရောင်တို့ကို ထင်ရှား ဖြစ်စေ၏။

ဥပမာ တမျိုးသော်ကား လိမ်မာသော ရွှေပန်းထိမ်သည်သားသည် ဖိုဝ၌ ကောင်းစွာ ကြည်စေပြီး အပြေအပြစ်ပွတ်ပြီးသော ကမ္ဗလာနီ၌ ထားအပ်သော တနိက္ခရှိသော ဇမ္ဗူရာဇ်ရွှေသည် ထွန်းပသကဲ့သို့ရင်း တောက်ပသကဲ့သို့ရင်း တင့်တယ်သကဲ့သို့ရင်း ဤအတူသာလျှင် သုသိမနတ်သား၏ နတ်သားပရိသတ်သည် အသျှင်သာရိပုတြာ၏ ဂုဏ်ကျေးဇူးကို ဆိုသည်ရှိသော် နှစ်လိုသည် ဝမ်းမြောက်သည် နှစ်သိမ့်ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍ အထူးထူးသော အဆင်းအရောင်တို့ကို ဖြစ်စေ၏။

ဥပမာ တမျိုးသော်ကား တန်ဆောင်မုန်းလအခါ တိမ်တိုက်ကင်းစင်သည်ဖြစ်၍ ထုပ်ချင်းပေါက်သော ကောင်းကင်၌ ညဉ့်၏ မိုးသောက်ယံအခါဝယ် သောက်ရှုးကြယ်သည် ထွန်းပသကဲ့သို့ရင်း တောက်ပသကဲ့သို့ရင်း တင့်တယ်သကဲ့သို့ရင်း ဤအတူသာလျှင် သုသိမနတ်သား၏ နတ်သားပရိသတ်သည် အသျှင်သာရိပုတြာ၏ ဂုဏ်ကျေးဇူးကို ဆိုအပ်သည်ရှိသော် နှစ်လိုသည် ဝမ်းမြောက်

http://www.dhammadownload.com



သည်ဖြစ်၍ နှစ်သိမ့်ဖမ်းမြောက်ခြင်းရှိသည်ဖြစ်၍ အထူးထူးသော အဆင်းအရောင်တို့ကို ထင်ရှားဖြစ်စေ၏။

ဥပမာတမျိုးသော်ကား တန်ဆောင်မုန်းလအခါ တိမ်တိုက်ကင်းစင်သည်ဖြစ်၍ ထုတ်ချင်း ပေါက်သော ကောင်းကင်၌ နေမင်းသည် ကောင်းကင်သို့ တက်သည်ရှိသော် အလုံးစုံသော ကောင်းကင်၌ ဖြစ်သော အမိုက်တိုက်ကိုပယ်၍ ထွန်းပသကဲ့သို့ရင်း တောက်ပသကဲ့သို့ရင်း တင့်တယ်သကဲ့သို့ရင်း ဤအတူသာလျှင် သုသိမနတ်သား၏ နတ်သားပရိသတ်သည် အသျှင် သာရိပုတြာ၏ ဂုဏ်ကျေးဇူးကို ဆိုအပ်သည်ရှိသော် နှစ်လိုသည် ဝမ်းမြောက်သည် နှစ်သိမ့် ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍ အထူးထူးသော အဆင်းအရောင်တို့ကို ထင်ရှားဖြစ်စေ၏။

ထိုအခါ၌ သုသိမနတ်သားသည် အသျှင်သာရိပုတြာကို အကြောင်းပြု၍ မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏—

"ပညာရှိဟူ၍ သမုတ်အပ်သော အမျက်မရှိသော အလိုနည်းသော ရဲရင့်သော ယဉ်ကျေး ပြီးသော ရဟန္တာဖြစ်သော သာရိပုတြာသည် မြတ်စွာဘုရားမှ ရအပ်သော ချီးမွမ်းခြင်းရှိ၏" ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်သာရိပုတြာကို အကြောင်းပြု၍ သုသိမနတ်သားကို ဂါထာဖြင့် တဖန် မိန့်ဆိုတော်မူပြန်၏—

"ပညာရှိဟူ၍ သမုတ်အပ်သော အမျက်မရှိသော အလိုနည်းသော ရဲရင့်သော ယဉ်ကျေး ပြီးသော ရဟန္တာဖြစ်သော သာရိပုတြာသည် ကောင်းစွာ ယဉ်ကျေးပြီးသည်ဖြစ်၍ ပရိနိဗ္ဗာန် ပြုချိန်ကို တောင့်တ၏"ဟု(မိန့်တော်မူ၏)။

## ၁၀-နာနာတိတ္ထိယသာဝကသုတ်

၁၁၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အသမ သဟ လိ နီက အာကောဋက ဝေဂဗ္ဗရိ မာဏဝဂါမိယဟူသော များစွာ ကုန်သောအထူးထူးသော တိတ္ထိတို့၏တပည့်ဖြစ်ကုန်သော နတ်သားတို့သည်ညဉ့်ဦးယံလွန်ပြီးသော (သန်ကောင်ယံ) အချိန်၌ အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဝေဠုဝန်တကျောင်း လုံးကို ထွန်းလင်းစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ရပ်တည်ကြကုန်ပြီးသော် အသမနတ်သားသည် ပူရဏကဿပကို အကြောင်းပြု၍ မြတ်စွာ ဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏—

ဤလောက၌ အကြင်(ပူရဏ)ကဿပသည် ဖြတ်အပ် သတ်အပ်သည်၌ရင်း ပုတ်ခတ်ခြင်း ဥစ္စာဆုံးရှုံးခြင်းတို့၌ရင်း မကောင်းမှုကို အဖန်တလဲလဲ မရှုတတ်၊ မိမိ၏ ကောင်းမှုကိုလည်း အဖန်တလဲလဲ မရှုတတ်၊ ထိုဆရာဖြစ်သော ကဿပသည် ဤသို့ သတ္တဝါတို့၏ တည်ရာကို ပြောကြား၏၊ စင်စစ် ဤကဿပကို မြတ်နိုးပူဇော်ထိုက်၏ ဟု (လျှောက်၏)။

http://www.dhammadownload.com



ထို့နောက် သဟလိနတ်သားသည် မက္ခလိဂေါသာလကိုအကြောင်းပြု၍ မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏—

အကြင်အသျှင်သည် ကိုယ်ကိုပင်ပန်းစေမှု အကျင့်နှင့် မကောင်းမှုကို စက်ဆုပ်ခြင်းဖြင့် ကောင်းစွာ စောင့်စည်းသောစိတ်ရှိ၏၊လူနှင့်ငြင်းခုန်သောစကားကိုပယ်၍ တွေတွေဝေဝေ သီခြင်းမှကင်း၏၊မှန်သောစကားကိုဆိုလေ့ရှိ၏၊ထိုအသျှင်သည် စင်စစ်ထိုသို့သဘောရှိသော မကောင်းမှုကို မပြုဟု (လျှောက်၏)။

ထို့နောက် နီကနတ်သားသည် နိဂဏ္ဌနာဋပုတ္တကိုအကြောင်းပြု၍ မြတ်စွာဘုရား၏ထံတော်ပါး၌ ဤဂါထာကို လျှောက်၏ —

မကောင်းမှုကို စက်ဆုပ်သောရင့်ကျက်သော ပညာရှိသော နိဂဏ္ဌရဟန်းသည် လေးပါးသော စောင့်စည်းခြင်းဖြင့် စောင့်စည်း၏၊ မြင်အပ်သည်ကိုရင်း ကြားအပ်သည်ကိုရင်း ပြောကြားတတ်၏၊ စင်စစ် ငါတို့ဆရာ နိဂဏ္ဌသည် မကောင်းမှုကိုပြုတတ်သည် မဖြစ်ရာဟု (လျှောက်၏)။

ထို့နောက် အာကောဋကနတ်သားသည် အထူးထူးသော တိတ္ထိတို့ကို အကြောင်းပြု၍ မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို (လျှောက်၏)။

ပကုဓကစ္စာယန နိဂဏ္ဌ (နာဋပုတ္တ)မက္ခလိဂေါသာလနှင့်ပူရဏ(ကဿပ)ဟူကုန်သော အကြင်ဂိုဏ်းဆရာကြီးတို့သည် ရဟန်းအဖြစ်၌ အထွတ်အထိပ်သို့ ရောက်ကြကုန်၏၊ ထိုဂိုဏ်းဆရာကြီးတို့သည် စင်စစ် သူတော်ကောင်းတို့မှ မဝေးကြကုန်ဟု (လျှောက်၏)။ ထိုအခါ ဝေဂဗ္ဘရိနတ်သားသည် အာကောဋကနတ်သားကို ဂါထာဖြင့် တဖန်ရွတ်ဆို၏—

ယုတ်မာသောမြေခွေးကြီးသည်ခြင်္သေ့နှင့်အတူ သွားကာမျှဖြင့် တရံတဆစ်မျှခြင်္သေ့နှင့် မတူနိုင်၊ဂိုဏ်းဆရာဖြစ်သော ထိုတိတ္ထိဟူသမျှသည် အချည်းနှီးတည်း၊မမှန်စကားကိုဆိုလေ့ရှိ၏၊ ရွံရှာဖွယ် အကျင့်ရှိ၏၊ သူတော်ကောင်းတို့နှင့် မတူနိုင်ဟု(ရွတ်ဆို၏)။

ထိုအခါ ယုတ်မာသော မာရ်နတ်သည် ဝေဂဗ္ဘရိနတ်သားကို ပူးဝင်၍ မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို လျှောက်၏—

အကြင်ဆရာတို့သည် ကိုယ်ကို ပင်ပန်းစေမှု အကျင့် မကောင်းမှုကို စက်ဆုပ်ခြင်းနှင့် မပြတ်ယှဉ်ကုန်၏၊ဆိတ်ငြိမ်ခြင်းသို့ ကပ်သော အကျင့်ကို စောင့်ရှောက်သည်ဖြစ်၍အဆင်း၌လည်း သက်ဝင်ကုန်၏၊နတ်ပြည်ကိုလည်းတောင့်တကုန်၏၊ထိုဆရာတို့သည်စင်စစ်တမလွန် လောက အကျိုးငှါ သူတပါးတို့အား ကောင်းစွာ ဆုံးမကုန်၏ဟု(လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည်ဤသူကားယုတ်မာသောမာရ်နတ်တည်းဟု သိ၍ယုတ်မာသော မာရ်နတ်ကို ဂါထာဖြင့် ပြန်လည် မိန့်ဆိုတော်မူ၏—

ဤလူ့ပြည်၌ရှင်း၊ နတ်ပြည်၌ရှင်း၊ ကောင်းကင်၌ရှင်း အကြင်အမှတ်မရှိသော အဆင်းတို့သည် ထွန်းလင်းသော အဆင်းရှိကုန်၏၊ မာရ်နတ် သင်ချီးမွမ်းအပ်သော အလုံးစုံသာလျှင် ဖြစ်ကုန်သော ထိုအဆင်းတို့ကို ငါးတို့ကိုသတ်ယူခြင်းငှါ ငါးမြှားချိတ်၌ တပ်သော (ငါးစာ) အာမိသကို ပစ်ချသကဲ့သို့ သတ္တဝါအပေါင်းအား သတ်ခြင်းငှါ ပစ်ချအပ်ကုန်၏ဟု (မိန့်ဆိုတော်မူ၏)။

http://www.dhammadownload.com



ထိုအခါ မာဃဝဂါမိယနတ်သားသည် မြတ်စွာဘုရားကို အကြောင်းပြု၍မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာတို့ကို လျှောက်၏-

ရာဇဂြိုဟ်ပြည်ကို ဂိုင်းရံသော တောင်တို့တွင် ဝိပုလတောင်ကို တောင်မြတ်ဟု ဆိုအပ်၏၊ ဟိမဝန္တာတောင်တို့တွင် ကေလာသတောင်သည် မြတ်၏၊ ကောင်းကင်၌ သွားကုန်သော အရာဝတ္ထုတို့တွင် နေမင်းသည် မြတ်၏။

ရေ၏တည်ရာတို့တွင် သမုဒ္ဒရာသည် မြတ်၏၊ နက္ခတ်တို့တွင် လသည်သာလျှင် မြတ်၏၊ နတ်နှင့်တကွသောလောကတွင် မြတ်စွာဘုရားကို အမြတ်ဟူ၍ ဆိုအပ်၏ဟု(လျှောက်၏)။

သုံးခုမြောက် နာနာတိတ္ထိယဝဂ် ပြီး၏။

ဒေဝပုတ္တသံယုတ် ပြီး၏။

http://www.dhammadownload.com

# ၃-ကောသလသံယုတ်

## ၁-ပဌမဝဂ် ၁-ဒဟရသုတ်

၁၁၂။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်–အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ပသေနဒီကောသလမင်းသည် မြတ်စွာဘုရားထံသို့ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကိုပြောဆိုပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်ပြီးသော် "အသျှင်ဂေါတမ သည်လည်း အတုရှိသော သမ္ဗုဒ္ဓတဉာဏ်ကို ထိုးထွင်း၍ သိ၏ ဟူ၍ ဝန်ခံသလော" ဟု မြတ်စွာဘုရားအား လျှောက်၏၊ မင်းကြီး အတုမရှိသော သမ္ဗုဒ္ဓတဉာဏ်ကို ထိုးထွင်း၍ သိ၏ ဟူသောစကားကို ကောင်းစွာ ဆိုလိုသူသည် ငါ့ကိုသာလျှင် (ရည်ညွှန်း၍) ဆိုသည် ဖြစ်ရာ၏၊ မင်းကြီး မှန်၏၊ ငါသည် အတုမရှိသော သမ္ဗုဒ္ဓတဉာဏ်ကို ထိုးထွင်း၍သိ၏ ဟု(မိန့်တော်မူ၏)။

အသျှင်ဂေါတမ အကြင် သမဏဗြာဟ္မဏတို့သည်လည်း သံဃာနှင့် ပြည့်စုံကုန်၏၊ ဂိုဏ်းနှင့် ပြည့်စုံကုန်၏၊ ဂိုဏ်းဆရာဖြစ်ကုန်၏၊ ထင်ရှားကုန်၏။ များသော အခြံအရံရှိကုန်၏၊ အယူဝါဒကို တည်ထွင်ကုန်၏၊ လူအများကသူတော်ကောင်းဟု သမုတ်အပ်ကုန်၏၊ ဤသမဏဗြာဟ္မဏတို့သည် အဘယ်သူတို့နည်း၊ ပူရဏကဿပ မက္ခလိဂေါသာလ နိဂဏ္ဌနာဋပုတ္တ ဗေလဋ္ဌ၏သားသိဉ္စည်း ပကုဓကစ္စာယန လူတို့၏ဆံပင်ဖြင့် ရက်သော ကမ္ဗလာကို ဆောင်သော အဇိတတို့တည်း၊ ထို သမဏဗြာဟ္မဏတို့သော်မှလည်း ငါသည် အတုမရှိသောသမ္ဗုဒ္ဓတဉာဏ်ကို ထိုးထွင်း၍သိ၏ဟူ၍ ဝန်ခံကုန်သလော ဟု မေးအပ်ကုန်သည်ရှိသော် အတုမရှိသော သမ္ဗုဒ္ဓတဉာဏ်ကို ထိုးထွင်း၍သိ၏ဟု ဝန်မခံကုန်၊အသျှင်ဂေါတမသည် ဇာတ်အနွယ်အားဖြင့် ငယ်လည်းငယ်၏၊ ရဟန်းပြုသစ်စလည်း ဖြစ်၏၊ သို့ဖြစ်လျက် အဘယ့်ကြောင့် ဝန်ခံသနည်း ဟု (လျှောက်၏)။

မင်းကြီး ငယ်၏ဟူ၍ မထေမဲ့မြင်မပြုအပ်ကုန် ငယ်၏ဟူ၍ ပြက်ရယ်မပြုအပ်ကုန်သော အရာတို့ကား ဤလေးပါးတို့တည်း။ အဘယ် လေးပါးတို့နည်းဟူမူ – မင်းကြီး မင်းသားကို ငယ်၏ဟူ၍ မထေမဲ့မြင် မပြုအပ်၊ ငယ်၏ဟူ၍ ပြက်ရယ်မပြုအပ်၊ မင်းကြီး မြွေကို ငယ်၏ ဟူ၍ မထေမဲ့မြင်မပြုအပ်၊ ငယ်၏ဟူ၍ ပြက်ရယ်မပြုအပ်၊ မင်းကြီး မီးကို သေးငယ်၏ ဟူ၍ မထေမဲ့မြင် မပြုအပ်၊ ငယ်၏ဟူ၍ ပြက်ရယ်မပြုအပ်၊ မင်းကြီး ရဟန်းကိုငယ်၏ဟူ၍ မထေမဲ့မြင် မပြုအပ် ငယ်၏ဟူ၍ ပြက်ရယ်မပြုအပ်၊မင်းကြီး ငယ်၏ဟူ၍ မထေမဲ့မြင်မပြုအပ်ကုန်၊ ငယ်၏ဟူ၍ ပြက်ရယ်မပြုအပ်ကုန်သောအရာတို့ကား ဤလေးပါးတို့တည်း၊မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤစကားကိုမိန့်တော်မူပြီး၍ ထိုမှတပါး လူနတ်တို့၏ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏–

မင်းကြီး လူသည် ဇာတ်အမျိုးနှင့်ပြည့်စုံသော ဇာတ်သုံးမျိုးကိုလွန်၍ ဖြစ်သော
များသောအခြံအရံရှိသော မင်းသားကို ငယ်၏ဟူ၍ မထေမဲ့မြင်မပြုရာ၊ ပြက်ရယ် မပြုရာ။

http://www.dhammadownload.com



အကြောင်းမူကား လူတို့ထက် မြတ်သော ထိုမင်းသားသည် မင်းအဖြစ်ကို ရသည်ရှိသော် အမျက်ထွက်သည်ဖြစ်၍ ရာဇဒဏ်ဖြင့် ထိုသူအား ပြင်းစွာလုံ့လ ပြုတတ်၏၊ ထိုကြောင့်မိမိ၏ အသက်ကို စောင့်ရှောက်လိုသူသည် ထိုသို့မထေမဲ့မြင်ပြုခြင်းမှ ရှောင်ကြဉ်ရာ၏။

လူသည် ရွာ၌ဖြစ်စေ တော၌ဖြစ်စေ အကြင်အရပ်၌ မြွေကို မြင်ရာ၏၊ ထိုအရပ်၌ ထိုမြွေသည် ငယ်၏ဟူ၍ မထေမဲ့မြင်မပြုရာ၊ ပြက်ရယ်မပြုရာ။

တန်ခိုးရှိသောမြွေသည်အထူးထူးအပြားပြားသော အဆင်းသဏ္ဌာန်တို့ဖြင့် လှည့်လည်တတ်၏၊ ထိုမြွေသည် တရံတခါ မိမိအနီးသို့ ရောက်၍ မလိမ်မာသော လူယောကျ်ားကိုဖြစ်စေ လူမိန်းမကိုဖြစ်စေ ကိုက်ရာ၏၊ ထို့ကြောင့်မိမိအသက်ကို စောင့်ရှောက်လိုသူသည် ထိုသို့မထေမဲ့မြင် ပြုခြင်းမှ ရှောင်ကြဉ်ရာ၏။

မင်းကြီး လူသည် များသောလောင်စာရှိသော အလျှံရှိသော မည်းနက်သည့် သွားရာလမ်းရှိသော ထိုမီးကို သေးငယ်၏ဟူ၍ မထေမဲ့မြင် မပြုရာ၊ ပြက်ရယ်မပြုရာ။

ထိုမီးသည် လောင်စာကိုရသော် ကြီးမားသည်ဖြစ်၍ တရံတခါ မိမိအနီးသို့ ရောက်လာသော မလိမ်မာသော လူယောကျ်ားကိုဖြစ်စေ လူမိန်းမကိုဖြစ်စေ လောင်ရာ၏၊ ထို့ကြောင့် မိမိ၏ အသက်ကိုစောင့်ရှောက်လိုသူသည် ထိုသို့ မထေမဲ့မြင် ပြုခြင်းမှ ရှောင်ကြဉ်ရာ၏။

လောင်သည်၏ အစွမ်းအားဖြင့် သုတ်သင်တတ်သော မည်းနက်သည့် သွားရာလမ်းရှိသော မီးသည် အကြင်တောကို လောင်၏၊ ထိုတော၌ မြက်သစ်ပင်စသည်တို့သည် နေ့ညဉ့်များစွာ လွန်ကုန်သော်မှသာ ပေါက်ရောက်နိုင်ကုန်၏။

မင်းကြီး သီလနှင့် ပြည့်စုံသော ရဟန်းသည် (သီလတည်းဟူသော)တန်ခိုးဖြင့် အကြင် (မထေမဲ့မြင်ပြုအပ်သော) သူကိုလောင်တတ်၏၊ ထိုသူအားသားသမီးတို့သည်ဖြစ်စေ အခြေလေးခုရှိ ကျွဲနွားစသော သားတို့သည်ဖြစ်စေ မဖြစ်ထွန်းကုန်၊ အမွေခံတို့သည်လည်း အမွေဥစ္စာကိုမရကုန်၊ ထိုသူတို့သည် သားသမီး မရှိကုန်သည် အမွေခံမရှိကုန်သည်ဖြစ်၍ ထန်းပင်ငုတ်နှင့်တူကုန်၏။

ထို့ကြောင့်သာလျှင် မိမိ၏အကျိုးစီးပွားကို ကောင်းစွာသိမြင်သော ပညာရှိသောပုဂ္ဂိုလ်သည် မြွေကိုဖြစ်စေ မီးကိုဖြစ်စေ များသော အခြံအရံရှိသော မင်းကိုဖြစ်စေ သီလနှင့်ပြည့်စုံသော ရဟန်းကိုဖြစ်စေ ကောင်းစွာသာလျှင်ကျင့်ရာ၏ ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသည်ရှိသော် ပသေနဒီကောသလမင်းသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏။ အသျှင်ဘုရား တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါ၏၊ အသျှင်ဘုရား တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါ၏၊ အသျှင်ဘုရား ဥပမာသော်ကား မှောက်ထားသော ဝတ္ထုကိုလှန်ဘိသကဲ့သို့ဖြစ်စေ ဖုံးလွှမ်းထားသောဝတ္ထုကို ဖွင့်လှစ်ဘိသကဲ့သို့ဖြစ်စေ မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ဖြစ်စေ မျက်စိအမြင်ရှိသော သူတို့သည် အဆင်းကို မြင်ကြလိမ့်မည်ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ဖြစ်စေ ဤအတူသာလျှင် မြတ်စွာဘုရားသည် အကြောင်းအမျိုးမျိုးဖြင့် တရားတော်ကိုပြတော်မူ၏၊ အသျှင်ဘုရား အကျွန်ုပ်

http://www.dhammadownload.com



သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုရင်း သံဃာတော်ကိုရင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါဟု (လျှောက်၏)။

## ၂-ပုရိသသုတ်

၁၁၃။ သာဝတ္ထိနိဒါန်း။ ထိုအခါ ပသေနဒီကောသလမင်းသည် မြတ်စွာဘုရား ထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော အရပ်၌ ထိုင်၏၊ တခုသောအရပ်၌ ထိုင်နေပြီးသော် ပသေနဒီကောသလမင်းသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏၊ အသျှင်ဘုရား အဘယ်မျှကုန်သော တရားတို့သည် (သတ္တဝါ၏)ကိုယ်တွင်း၌ ဖြစ်ကုန်သည် ရှိသော် အစီးအပွား မရှိခြင်းငှါရင်း ဆင်းရဲခြင်းငှါရင်း ချမ်းသာစွာ မနေရခြင်းငှါရင်း ဖြစ်ပါကုန်သနည်း။

မင်းကြီး သုံးပါးသော တရားတို့သည် သတ္တဝါ၏ ကိုယ်တွင်း၌ ဖြစ်ကုန်သည် ရှိသော် အစီးအပွါး မရှိခြင်းငှါ ဆင်းရဲခြင်းငှါ ချမ်းသာစွာမနေရခြင်းငှါ ဖြစ်ကုန်၏၊ အဘယ်သုံးပါးတို့နည်းဟူမူ— မင်းကြီး လိုချင်မှု 'လောဘ' တရားသည် သတ္တဝါ၏ ကိုယ်တွင်း၌ ဖြစ်သည်ရှိသော် အစီးအပွါး မရှိခြင်းငှါ ဆင်းရဲခြင်းငှါ ချမ်းသာစွာ မနေရခြင်းငှါ ဖြစ်၏။ မင်းကြီး အမျက်ထွက်မှု 'ဒေါသ'တရားသည် သတ္တဝါ၏ကိုယ်တွင်း၌ ဖြစ်သည်ရှိသော် အစီးအပွါးမရှိခြင်းငှါ ဆင်းရဲခြင်းငှါ ချမ်းသာစွာ မနေရခြင်းငှါ ဖြစ်၏။ မင်းကြီး တွေဝေမှု'မောဟ' တရားသည် သတ္တဝါ၏ကိုယ်တွင်း၌ ဖြစ်သည် ရှိသော် အစီးအပွါး မရှိခြင်းငှါ ဆင်းရဲခြင်းငှါ ချမ်းသာစွာ မနေရခြင်းငှါ ဖြစ်၏။ မင်းကြီး ဤသုံးပါး ကုန်သော တရားတို့သည် သတ္တဝါ၏ကိုယ်တွင်း၌ ဖြစ်ကုန်သည်ရှိသော် အစီးအပွါးမရှိခြင်းငှါ ဆင်းရဲခြင်းငှါ ချမ်းသာစွာ မနေရခြင်းငှါ ဖြစ်ကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။ပ။

အခွံလျှင် အနှစ် ရှိသော (ဝါးပင် ကျူပင် စသော) အပင်ကို မိမိအသီးသည် ညှဉ်းဆဲဖျက်ဆီးသကဲ့သို့ မိမိကိုယ်တွင်း၌ ဖြစ်ကုန်သော လောဘ, ဒေါသ, မောဟ တရားတို့သည် မကောင်းသော စိတ်ရှိသော သတ္တဝါကို ညှဉ်းဆဲဖျက်ဆီးကုန်၏ဟု (မိန့်တော်မူ၏)။

## ၃- ဇရာမရဏသုတ်

၁၁၄။ သာဝတ္ထိနိဒါန်း။တခုသောနေရာ၌ ထိုင်ပြီးသော် ပသေနဒီကောသလမင်းသည် မြတ်စွာဘုရားအား ဤစကားကိုလျှောက်၏"အသျှင်ဘုရား ပဋိသန္ဓေနေသော သူအား အိုခြင်း သေခြင်းမှ လွတ်ခြင်း မည်သည် ရှိပါသလောဟု(လျှောက်၏)၊ မင်းကြီး ပဋိသန္ဓေနေသော သူအား အိုခြင်း သေခြင်းမှ လွတ်ခြင်းမည်သည် မရှိ၊ မင်းကြီး ကြွယ်ဝကုန်သော များသော ဥစ္စာရှိကုန်သော များသော စည်းစိမ် ရှိကုန်သော များသော ရွှေငွေ ရှိကုန်သော များသော အသုံးအဆောင် အဆောက်အဦရှိကုန်သော များသော ဥစ္စာစပါး ရှိကုန်သော အကြင် ခတ္တိယ မဟာသာလ မင်းမျိုးတို့သည် ရှိကုန်၏၊ ပဋိသန္ဓေနေခြင်းရှိကုန်သော ထိုမင်းတို့ အားသော်မှလည်း အိုခြင်း သေခြင်းမှ လွတ်ခြင်း မည်သည် မရှိ၊ အကြင် ဗြာဟ္မဏ မဟာသာလ ပုဏ္ဏားမျိုး တို့သည် ရှိကုန်၏။ပ။ ကြွယ်ဝကုန်သော များသော ဥစ္စာရှိကုန်သော များသော စည်းစိမ် ရှိကုန်သော

http://www.dhammadownload.com



များသော ရွှေငွေရှိကုန်သော များသော အသုံးအဆောင် အဆောက်အဦရှိကုန်သော များသော ဥစ္စာစပါးရှိကုန်သော အကြင် ဂဟပတိ မဟာသာလ သူကြွယ်မျိုးတို့သည် ရှိကုန်၏၊ ပဋိသန္ဓေနေခြင်း ရှိကုန်သော ထိုသူကြွယ်တို့အားသော်မှလည်း အိုခြင်းသေခြင်းမှ လွတ်ခြင်းမည်သည် မရှိ၊ မင်းကြီး ကိလေသာတို့မှဝေးကုန်ပြီးသော အာသဝကုန်ပြီးကုန်သော ကျင့်သုံးပြီးသော(မဂ်)အကျင့်ရှိကုန်သော ပြုအပ်ပြီးသော (မဂ်)ကိစ္စလည်း ရှိကုန်သော ချအပ်ပြီးသော ခန္ဓာဝန်ရှိကုန်သော အစဉ်ရောက်ပြီးသော မိမိအကျိုး (အရဟတ္တဖိုလ်) ရှိကုန်သော ကုန်ပြီးသော ဘဝသံယောဇဉ်ရှိကုန်သော ကောင်းစွာသိ၍ ကိလေသာမှ လွတ်ကုန်ပြီးသော အကြင်ရဟန္တာ ဖြစ်ကုန်သော ရဟန်းတို့သည် ရှိကုန်၏၊ ထိုရဟန္တာ ဖြစ်ကုန်သော ရဟန်းတို့အားသော်မှလည်း ဤခန္ဓာကိုယ်သည် ပျက်ခြင်းသဘောရှိ၏၊ပစ်ချခြင်းသဘောရှိ၏ ဟု မိန့်တော်မူ၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။ပ။

ရွှေ ငွေ အစရှိသည်ဖြင့် ကောင်းစွာ ဆန်းကြယ်ကုန်သော မင်း၏ ရထားတို့သည် စင်စစ် ဆွေးမြေ့တတ်ကုန်၏၊ ထို့မှတပါး ခန္ဓာကိုယ်သည်လည်း ဆွေးမြေ့ခြင်းသို့ ရောက်၏၊ သူတော်ကောင်းတို့၏ တရားသည်ကား ဆွေးမြေ့ခြင်းသို့ မရောက်နိုင်၊ သူတော်ကောင်းတို့သည် စင်စစ် နိဗ္ဗာန်ကို ပြောကြားကုန်၏ ဟု (မိန့်တော်မူ၏)။

## ၄-ပိယသုတ်

၁၁၅။ **သာဝတ္ထိနိဒါန်း။** တခုသော နေ့ရာ၌ ထိုင်ပြီးသော် ပသေနဒီကောသလမင်းသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏–အသျှင်ဘုရား ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်၍ တယောက်တည်းနေသော အကျွန်ုပ်အား "အဘယ် သူတို့သည် မိမိကိုယ်ကို ချစ်အပ်သည် မည်သနည်း၊ အဘယ်သူတို့သည် မိမိကိုယ်ကို မချစ်အပ်သည် မည်သနည်း" ဟု စိတ်အကြံသည် ထင်ရှားဖြစ်ပေါ်ပါ၏၊ အသျှင်ဘုရား ထိုအကျွန်ုပ်အား ထိုအကြံသည် ဖြစ်ပြန်ပါ၏ "အကြင်သူတို့သည် ကိုယ်ဖြင့်မကောင်းသော အကျင့် 'ကာယဒုစရိုက်' သုံးပါးကို ကျင့်ကုန်၏၊ နှုတ်ဖြင့် မကောင်းသောအကျင့် 'ဝစီဒုစရိုက်' လေးပါးကို ကျင့်ကုန်၏၊ စိတ်ဖြင့် မကောင်းသော အကျင့် 'မနောဒုစရိုက်'သုံးပါးကို ကျင့်ကုန်၏၊ ထိုသူတို့သည် မိမိကိုယ်ကို ချစ်အပ်သည် မမည်၊ ငါတို့သည် မိမိကိုယ်ကို ချစ်အပ်၏ ဟု အကယ်၍ ဆိုကုန်ငြားအံ့၊ ထိုသို့ပင် ဆိုကုန်ကြစေကာမူ ထိုသို့ပင်ဆိုကုန်သော်လည်း ထိုသူတို့သည် မိမိကိုယ်ကို မချစ်အပ်သည် မည်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ် အကြောင်းကြောင့်နည်း၊ မချစ်သောသူသည် မချစ်အပ်သော သူ၏ အကျိုးငှါ ပြုလုပ်အပ်သော အမှုမျိုးကို မိမိအကျိုးငှါ ကိုယ်တိုင်ပင် ပြုလုပ်ကြကုန်သောကြောင့် ထိုသူတို့သည် မိမိကိုယ်ကို မချစ်အပ်သည် မည်၏။ အကြင်သူတို့သည် ကိုယ်ဖြင့် ကောင်းသောအကျင့် 'ကာယသုစရိုက်'ကို ကျင့်ကုန်၏၊နှုတ်ဖြင့် ကောင်းသောအကျင့် 'ဝစီသုစရိုက်'ကို ကျင့်ကုန်၏၊ စိတ်ဖြင့်ကောင်းသော အကျင့် 'မနောသုစရိုက်'ကို ကျင့်ကုန်၏၊ ထိုသူတို့သည် မိမိကိုယ်ကို ချစ်အပ်သည်မည်၏၊ငါတို့သည် မိမိကိုယ်ကို မချစ်အပ်ဟု အကယ်၍ ဆိုကြစေကာမူ၊ ထိုသို့ပင် ဆိုကုန်သော်လည်း ထိုသူတို့သည် မိမိကိုယ်ကို ချစ်အပ်သည် မည်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ် အကြောင်းကြောင့်နည်း၊ ချစ်သောသူသည် ချစ်အပ်သောသူ၏ အကျိုးငှါပြုလုပ်အပ်သောအမှုမျိုးကို မိမိအကျိုးငှါကိုယ်တိုင်

http://www.dhammadownload.com



ပင် ပြုလုပ်ကြကုန်သောကြောင့် ထိုသူတို့သည် မိမိကိုယ်ကို ချစ်အပ်သည်မည်၏”ဟု (အကြံဖြစ်ပါ၏ ဟု လျှောက်၏)။

မင်းကြီး ဤအကြံသည် ဤအတိုင်းမှန်၏၊ မင်းကြီး ဤအကြံသည် ဤအတိုင်းမှန်၏၊ မင်းကြီး အကြင်သူတို့သည် ကိုယ်ဖြင့် မကောင်းသောအကျင့် ‘ကာယဒုစရိုက်’ကို ကျင့်ကုန်၏၊ နှုတ်ဖြင့် မကောင်းသောအကျင့် ‘ဝစီဒုစရိုက်’ကို ကျင့်ကုန်၏၊ စိတ်ဖြင့် မကောင်းသောအကျင့် ‘မနောဒုစရိုက်’ကို ကျင့်ကုန်၏၊ ထိုသူတို့သည် မိမိကိုယ်ကို ချစ်အပ်သည်မမည်၊ ထိုသူတို့သည် ငါတို့သည် မိမိကိုယ်ကို ချစ်အပ်၏ဟု အကယ်၍ ဆိုကြစေကာမူ ထိုသို့ ဆိုကုန်သော်လည်း ထိုသူတို့သည် မိမိကိုယ်ကို မချစ်အပ်သည် မည်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်း၊ မင်းကြီး မချစ်သော သူသည် မချစ်အပ်သောသူ၏ အကျိုးငှါ ပြုလုပ်အပ်သော အမှုမျိုးကို မိမိအကျိုးငှါ ကိုယ်တိုင်ပင် ပြုလုပ်ကုန်သောကြောင့် ထိုသူတို့သည် မိမိကိုယ်ကို မချစ်အပ်သည်မည်၏၊ မင်းကြီး အကြင်သူတို့သည်ကား ကိုယ်ဖြင့်ကောင်းသောအကျင့် ‘ကာယသုစရိုက်’ကို ကျင့်ကုန်၏၊ နှုတ်ဖြင့် ကောင်းသောအကျင့် ‘ဝစီသုစရိုက်’ကို ကျင့်ကုန်၏၊ စိတ်ဖြင့် ကောင်းသောအကျင့် ‘မနောသုစရိုက်’ကို ကျင့်ကုန်၏၊ ထိုသူတို့သည် မိမိကိုယ်ကို ချစ်အပ်သည် မည်၏၊ ထိုသူတို့သည် ငါသည် မိမိကိုယ်ကို မချစ်အပ် ဟု အကယ်၍ ဆိုကြစေကာမူ ထိုသို့ ဆိုကုန်သော်လည်း ထိုသူတို့သည် မိမိကိုယ်ကို ချစ်အပ်သည် မည်၏၊ ထိုသို့ ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်း၊ ချစ်သောသူသည် ချစ်အပ်သောသူ၏ အကျိုးငှါ ပြုလုပ်အပ်သောအမှုမျိုးကို မိမိအကျိုးငှါ ကိုယ်တိုင်ပင် ပြုလုပ်ကြကုန်သောကြောင့် ထိုသူတို့သည် မိမိကိုယ်ကို ချစ်အပ်သည် မည်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။ပ။

မိမိကိုယ်ကို ချစ်အင်၏ ဟူ၍ အကယ်၍ သိငြားအံ့၊ ထိုမိမိကိုယ်ကို မကောင်းမှုနှင့် မယှဉ်စေရာ၊ မှန်၏၊ မကောင်းမှုကို ပြုလေ့ရှိသော သူသည် ယင်းချမ်းသာကို ရလွယ်သည် မဖြစ်။

မှန်၏၊ သေမင်း နှိပ်စက်အပ်သည် ဖြစ်၍ လူ့ဘဝကို စွန့်ရသော သူအား အဘယ်သည်လျှင် ထိုသူ၏ဥစ္စာဖြစ်သနည်း၊ အဘယ်ကိုလျှင် ယူ၍သွားရသနည်း။ ထိုသူအား အရိပ်သည် အစဉ်လိုက်သကဲ့သို့ အဘယ်သည်လျှင် အစဉ်လိုက်သနည်း။

ဤလောက၌ သတ္တဝါသည် နှစ်ပါးကုန်သော အကြင်ကောင်းမှုကိုငှင်း အကြင်မကောင်းမှုကိုငှင်း ပြု၏။ ထိုကောင်းမှု မကောင်းမှုသည်သာလျှင် ထိုသူ၏ ဥစ္စာဖြစ်၏၊ ထိုဥစ္စာကိုသာလျှင် ယူ၍သွား၏၊ အရိပ်သည် အစဉ်လိုက်သကဲ့သို့ ထိုကောင်းမှု မကောင်းမှုနှစ်ပါးသည်သာလျှင် အစဉ်လိုက်၏။

ထို့ကြောင့် တမလွန်၌ အကျိုးရှိသော ဆည်းပူးအပ်သော ကောင်းမှုကို ပြုရာ၏၊ ကောင်းမှုတို့သည် တမလွန်လောက၌ သတ္တဝါတို့၏ တည်ရာဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။

## ၅-အတ္တရက္ခိတသုတ်

**၁၁၆။ သာဝတ္ထိနိဒါန်း။** တခုသော နေရာ၌ ထိုင်ပြီးသော် ပသေနဒီကောသလမင်းသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— အသျှင်ဘုရား ဤအရပ်၌ ဆိတ်ငြိမ်ရာသို့ ကပ်၍ တယောက်တည်းနေသော အကျွန်ုပ်အား “အဘယ်သူတို့သည် မိမိကိုယ်ကို စောင့်ရှောက်

http://www.dhammadownload.com



အပ်သည် မည်သနည်း။ အဘယ်သူတို့သည် မိမိကိုယ်ကို မစောင့်ရှောက်အပ်သည် မည်သနည်း''ဟု ဤသို့သော စိတ်အကြံသည် ဖြစ်ပါ၏၊ အသျှင်ဘုရား ထိုအကျွန်ုပ်အား ဤသို့သော အကြံသည် ဖြစ်ပြန်ပါ၏ ''အကြင်သူတို့သည် ကိုယ်ဖြင့် မကောင်းသော အကျင့် 'ကာယဒုစရိုက်'ကို ကျင့်ကုန်၏၊ နှုတ်ဖြင့်မကောင်းသော အကျင့် 'ဝစီဒုစရိုက်'ကို ကျင့်ကုန်၏၊ စိတ်ဖြင့် မကောင်းသော အကျင့် 'မနောဒုစရိုက်'ကို ကျင့်ကုန်၏၊ ထိုသူတို့သည် မိမိကိုယ်ကို စောင့်ရှောက်အပ်သည်မမည်၊ ထိုသူတို့ကို ဆင်အပေါင်းသည်လည်း အကယ်၍ စောင့်ရှောက်ငြားအံ့၊ မြင်းအပေါင်းသည်လည်း အကယ်၍ စောင့်ရှောက်ငြားအံ့၊ ရထားအပေါင်းသည်လည်း အကယ်၍ စောင့်ရှောက်ငြားအံ့၊ ခြေသည် သူရဲအပေါင်းသည်လည်း အကယ်၍စောင့်ရှောက်ငြားအံ့၊ ထိုသို့ပင် စောင့်ရှောက်သော်လည်း ထိုသူတို့သည် မိမိကိုယ်ကို စောင့်ရှောက်အပ်သည် မမည်၊ ထိုသို့ ဖြစ်ခြင်းသည် အဘယ် အကြောင်းကြောင့်နည်း။ အကြင့်ကြောင့် ဤအစောင့်အရှောက်သည် အပဖြစ်သော အစောင့်အရှောက်တည်း၊ ဤအစောင့်အရှောက်သည် အတွင်း၌ ဖြစ်သော အစောင့်အရှောက်မဟုတ်၊ ထို့ကြောင့် ထိုသူတို့သည် မိမိကိုယ်ကို စောင့်ရှောက်အပ်သည် မမည်၊ အကြင် သူတို့သည်ကား ကိုယ်ဖြင့်ကောင်းသောအကျင့် 'ကာယသုစရိုက်'ကို ကျင့်ကုန်၏' နှုတ်ဖြင့် ကောင်းသော အကျင့် 'ဝစီသုစရိုက်'ကို ကျင့်ကုန်၏၊ စိတ်ဖြင့် ကောင်းသောအကျင့် 'မနောသုစရိုက်'ကို ကျင့်ကုန်၏၊ ထိုသူတို့သည် မိမိကိုယ်ကို စောင့်ရှောက်အပ်သည်မည်၏၊ ထိုသူတို့ကို ဆင်အပေါင်းသည် အကယ်၍ မစောင့်ရှောက်ငြားအံ့၊ မြင်းအပေါင်းသည် အကယ်၍ မစောင့်ရှောက်ငြားအံ့၊ ရထားအပေါင်းသည် အကယ်၍ မစောင့်ရှောက်ငြားအံ့၊ ခြေသည်သူရဲအပေါင်းသည် အကယ်၍ မစောင့်ရှောက်ငြားအံ့၊ထိုသို့ပင် မစောင့်ရှောက်ကြသော်လည်း ထိုသူတို့သည် မိမိကိုယ်ကို စောင့်ရှောက်အပ်သည်မည်၏၊ထိုသို့ဖြစ်ခြင်းသည်အဘယ်အကြောင်းကြောင့်နည်း၊အကြင့်ကြောင့်ဤအစောင့်အရှောက်သည် အတွင်း၌ ဖြစ်သော အစောင့်အရှောက်တည်း၊ ဤအစောင့်အရှောက်သည် အပဖြစ်သော အစောင့်အရှောက်မဟုတ်၊ထို့ကြောင့် ထိုသူတို့သည် မိမိကိုယ်ကို စောင့်ရှောက်အပ်သည်မည်၏''ဟု (အကြံဖြစ်ပြန်ပါ၏ ဟု လျှောက်၏)။

မင်းကြီး ဤအကြံသည် ဤအတိုင်းမှန်၏၊ မင်းကြီး ဤအကြံသည် ဤအတိုင်းမှန်၏။ မင်းကြီး အချို့ကုန်သော အကြင်သူတို့သည် ကိုယ်ဖြင့် မကောင်းသောအကျင့် 'ကာယဒုစရိုက်'ကို ကျင့်ကုန်၏။ပ။ထိုသူတို့သည် မိမိကိုယ်ကို စောင့်ရှောက်အပ်သည် မမည်။ ထိုသို့ ဖြစ်ခြင်းသည် အဘယ် အကြောင်းကြောင့်နည်း၊ မင်းကြီး အကြင့်ကြောင့် ဤအစောင့်အရှောက်သည် အပဖြစ်သော အစောင့် အရှောက်တည်း၊ ဤအစောင့် အရှောက်သည် အတွင်း၌ ဖြစ်သော အစောင့် အရှောက် မဟုတ်၊ ထို့ကြောင့် ထိုသူတို့သည် မိမိကိုယ်ကို စောင့်ရှောက်အပ်သည် မမည်၊မင်းကြီး အကြင်သူတို့သည် ကိုယ်ဖြင့် ကောင်းသော အကျင့် 'ကာယသုစရိုက်'ကို ကျင့်ကုန်၏၊ နှုတ်ဖြင့် ကောင်းသောအကျင့်'ဝစီသုစရိုက်'ကိုကျင့်ကုန်၏၊စိတ်ဖြင့်ကောင်းသောအကျင့်'မနောသုစရိုက်'ကို ကျင့်ကုန်၏၊ထိုသူတို့သည် မိမိကိုယ်ကို စောင့်ရှောက်အပ်သည်မည်၏၊ထိုသူတို့ကိုဆင်အပေါင်းသည် အကယ်၍ မစောင့်ရှောက်ငြားအံ့၊ မြင်းအပေါင်းသည် အကယ်၍ မစောင့်ရှောက်ငြားအံ့၊ရထား အပေါင်းသည် အကယ်၍ မစောင့်ရှောက်ငြားအံ့၊ ခြေသည်သူရဲအပေါင်းသည် အကယ်၍မစောင့် ရှောက်ငြားအံ့၊ ထိုသို့ပင် မစောင့်ရှောက်ကြသော်လည်း ထိုသူတို့သည် မိမိကိုယ်ကို စောင့်ရှောက် အပ်သည်မည်၏။ထိုသို့ ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်း၊ မင်းကြီး အကြင့်ကြောင့် ဤအစောင့်အရှောက်သည် အတွင်းအစောင့်အရှောက်တည်း၊ အပ အစောင့်အရှောက် မဟုတ်၊

http://www.dhammadownload.com



ထို့ကြောင့် ထိုသူတို့သည် မိမိကိုယ်ကို စောင့်ရှောက်အပ်သည်မည်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။ပ။

ကိုယ်ဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှုတ်ဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ စိတ်ဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ အလုံးစုံတို့၌ စောင့်စည်းခြင်းသည် ကောင်း၏၊ အလုံးစုံတို့၌ စောင့်စည်းသော ရှက်ခြင်းရှိသောသူကို မိမိကိုယ်ကို စောင့်ရှောက်သောသူ ဟူ၍ သိအပ်၏ ဟု (မိန့်တော်မူ၏)။

## ၆-အပ္ပကသုတ်

၁၁၇။ သာဝတ္ထိနိဒါန်း။ တခုသောနေ့ရာ၌ ထိုင်ပြီးသော် ပသေနဒီကောသလမင်းသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—အသျှင်ဘုရား ဤအရပ်၌ ဆိတ်ငြိမ်ရာသို့ကပ်၍ တယောက်တည်း နေသော အကျွန်ုပ်အား ဤသို့သော စိတ်အကြံသည် ဖြစ်ပေါ်ပါ၏ "အကြင် သတ္တဝါတို့သည် မြတ်ကုန် များကုန်သော စည်းစိမ်ဥစ္စာတို့ကို ရကုန်၍ ယစ်လည်း မယစ်ကုန်၊ မေ့လျော့လည်း မမေ့လျော့ကုန်၊ ကာမဂုဏ်၌ တပ်မက်ခြင်းသို့လည်း မရောက်ကုန်၊ သတ္တဝါတို့၌ ဖောက်ပြန်၍လည်း မကျင့်ကုန်၊ ထိုသတ္တဝါတို့သည် လောက၌နည်းကုန်၏။ စင်စစ်သော်ကား မြတ်ကုန် များကုန်သော စည်းစိမ်ဥစ္စာတို့ကို ရကုန်၍ ယစ်လည်း ယစ်ကုန်၏၊ မေ့လျော့လည်း မေ့လျော့ကုန်၏။ ကာမဂုဏ်တို့၌ တပ်မက်ခြင်းသို့လည်း ရောက်ကုန်၏၊ သတ္တဝါတို့၌ ဖောက်ပြန်၍ လည်း ကျင့်ကုန်၏၊ ထိုသတ္တဝါဟူသည်သာလျှင် လောက၌ အလွန်များကုန်၏"ဟု ဤသို့သောအကြံ ဖြစ်ပေါ်ပါ၏ဟု (လျှောက်၏) မင်းကြီး ဤအကြံသည် ဤအတိုင်းမှန်၏၊ မင်းကြီး ဤအကြံသည် ဤအတိုင်းမှန်၏။ မင်းကြီး အကြင်သတ္တဝါတို့သည် မြတ်ကုန် များကုန်သော စည်းစိမ်ဥစ္စာတို့ကို ရကုန်၍ ယစ်လည်းမယစ်ကုန်၊ မေ့လျော့လည်း မမေ့လျော့ကုန်၊ ကာမဂုဏ်တို့၌ တပ်မက်ခြင်း သို့လည်း မရောက်ကုန်၊ သတ္တဝါတို့၌ ဖောက်ပြန်၍လည်း မကျင့်ကုန်၊ ထိုသတ္တဝါတို့သည် လောက၌ နည်းကုန်၏၊ စင်စစ်သော်ကား အကြင်သတ္တဝါတို့သည် မြတ်ကုန် များကုန်သော စည်းစိမ်ဥစ္စာ တို့ကို ရကုန်၍ ယစ်လည်း ယစ်ကုန်၏၊ မေ့လျော့လည်း မေ့လျော့ကုန်၏၊ ကာမဂုဏ်တို့၌ တပ်မက်ခြင်းသို့လည်း ရောက်ကုန်၏၊ သတ္တဝါတို့၌ ဖောက်ပြန်၍လည်း ကျင့်ကုန်၏၊ ဤသတ္တဝါ တို့သည်သာလျှင် လောက၌ အလွန်များကုန်၏ဟု မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။ပ။

အကြင်သူတို့သည် ကာမဂုဏ်စည်းစိမ်တို့၌ အလွန်တပ်မက်ကုန်သည် ကာမဂုဏ်တို့၌ မက်မောကုန်သည် တွေဝေမိန်းမောကုန်သည်ဖြစ်၍ သားသမင်တို့သည် ထောင်ထားသော ထောင်ချောက် ကျော့ကွင်းကို မသိကုန်သကဲ့သို့ မိမိလွန်ကျူးမှုကို မသိကုန်၊ ထိုသူတို့အား နောင်အခါ၌ ခါးစပ်သော အကျိုးဖြစ်၏၊ မှန်၏၊ ထိုသူတို့အား ယုတ်ညံ့သော အကျိုး သာဖြစ်၏ဟု (မိန့်တော်မူ၏)။

## ၇-အဋ္ဌကရဏသုတ်

၁၁၈။ သာဝတ္ထိနိဒါန်း။ တခုသောနေ့ရာ၌ ထိုင်ပြီးသော် ပသေနဒီကောသလမင်းသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဘုရား တရားဆုံးဖြတ်ရာ ဤအရပ်၌

http://www.dhammadownload.com



နေသော အကျွန်ုပ်သည် ကြွယ်ဝကုန်သော များစွာသောဥစ္စာရှိကုန်သော များသော ရွှေငွေရှိကုန်သော များသော အသုံးအဆောင် အဆောက်အဦရှိကုန်သော များသော ဥစ္စာ စပါးရှိကုန်သော ကာမဟူသော အကြောင်းရင်းကြောင့် ကာမဟူသော အထောက်အပံ့ကြောင့် ကာမဟူသော အကြောင်းခံကြောင့် သိလျက် မမှန်သော စကားကို ဆိုကုန်သော ခတ္တိယမဟာသာလမင်းမျိုးတို့ကိုရင်း ဗြာဟ္မဏမဟာသာလမင်းမျိုးတို့ကိုရင်း ဂဟပတိမဟာသာလသူကြွယ်မျိုးတို့ကိုရင်း တွေ့မြင်ရပါ၏။ အသျှင်ဘုရား ထိုအကျွန်ုပ်အား ငါသည် ယခုအခါ၌ တရားဆုံးဖြတ်သဖြင့် အကျိုးမရှိ၊ ကောင်းသော မျက်နှာရှိသော ဝိဋူဍူဘသည် ယခုအခါ၌ တရားဆုံးဖြတ်ခြင်းဖြင့် ထင်ရှားလတ္တံ့”ဟု အကြံဖြစ်ပါသည်ဟု လျှောက်၏။ မင်းကြီး ဤအကြံသည် ဤအတိုင်းမှန်၏၊ မင်းကြီး ဤအကြံသည် ဤအတိုင်းမှန်၏၊ မင်းကြီး များသောဥစ္စာရှိကုန်သော များသော စည်းစိမ်ရှိကုန်သော များသော ရွှေငွေရှိကုန်သော များသောအသုံးအဆောင် အဆောက်အဦ ရှိကုန်သော များသော ဥစ္စာစပါးရှိကုန်သော အကြင် ခတ္တိယမဟာသာလမင်းမျိုးတို့သည်ရင်း အကြင် ဗြာဟ္မဏမဟာသာလ ပုဏ္ဏားမျိုးတို့သည်ရင်း အကြင် ဂဟပတိမဟာသာလသူကြွယ်မျိုး တို့သည်ရင်း ကာမဂုဏ်ဟူသောအကြောင်းရင်းကြောင့် ကာမဂုဏ်ဟူသောအထောက်အပံ့ကြောင့် ကာမဂုဏ်ဟူသောအကြောင်းခံကြောင့် သိလျက် ချွတ်ယွင်းသော စကားကို ဆိုကုန်၏၊ ထိုသူတို့ အား ထိုမမှန်သောစကားသည် ရှည်စွာသော ညဉ့်တို့ပတ်လုံး အစီးအပွားမရှိခြင်းငှါ ဆင်းရဲ ခြင်းငှါ ဖြစ်ကုန်လတ္တံ့၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။ပ။

အကြင်သူတို့သည် ကာမဂုဏ်စည်းစိမ်တို့၌ အလွန်တပ်မက်ကုန်သည် ကာမဂုဏ်တို့၌ မက်မောကုန်သည် တွေဝေမိန်းမောကုန်သည်ဖြစ်၍ ငါးတို့သည် ထောင်ထားသောမြှုံးကို မသိကုန်သကဲ့သို့ မိမိလွန်ကျူးမှုကို မသိကုန်၊ ထိုသူတို့အား ခါးစပ်သော အကျိုးဖြစ်၏၊ မှန်၏၊ ထိုသူတို့အား ယုတ်ညံ့သော အကျိုးသာ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

## ၈-မလ္လိကာသုတ်

၁၁၉။ သာဝတ္ထိနိဒါန်း။ ထိုအခါ ပသေနဒီကောသလမင်းသည် မလ္လိကာမိဖုရားနှင့် အတူ မြတ်သော ပြာသာဒ်ထက်၌ နေ၏၊ ထိုအခါ ပသေနဒီကောသလမင်းသည် မလ္လိကာမိဖုရားအား “မလ္လိကာ သင့်အား မိမိထက် ပို၍ ချစ်အပ်သော အခြား တစုံတယောက်သော သူသည် ရှိသလော”ဟု ဤစကားကို ပြောဆို၏၊ မင်းကြီး အကျွန်ုပ်အား မိမိထက် ပို၍ချစ်အပ်သော အခြား တစုံတယောက်သော သူသည် မရှိပါ၊ မင်းကြီး သင့်အားမူ မိမိထက် ပို၍ချစ်အပ်သော အခြား တစုံတယောက်သော သူသည် ရှိပါသေးသလော ဟု(မေးမြန်း၏)။ မလ္လိကာ ငါ့အားလည်း မိမိထက် ပို၍ချစ်အပ်သော အခြား တစုံတယောက်သောသူသည် မရှိ ဟု ( ပြောဆို၏)။

ထို့နောက် ပသေနဒီကောသလမင်းသည် ပြာသာဒ်မှ သက်ဆင်း၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကိုရှိခိုးလျက် တစ်ခုသောနေရာ၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—“အသျှင်ဘုရား အကျွန်ုပ်သည် မလ္လိကာမိဖုရားနှင့်အတူ မြတ်သော

http://www.dhammadownload.com



ပြာသာဒ်ထက်၌ ထိုင်နေလျက် မလ္လိကာမိဖုရားအား "မလ္လိကာ–သင့်အား မိမိထက် ပို၍ ချစ်အပ်သော အခြား တစုံတယောက်သောသူသည် ရှိပါသလော" ဟု ဤစကားကို ဆိုပါ၏၊ အသျှင်ဘုရား ဤသို့ ဆိုသည်ရှိသော် မလ္လိကာမိဖုရားသည် အကျွန်ုပ်အား ဤစကားကို ဆိုပါ၏– "မင်းကြီး အကျွန်ုပ်အား မိမိထက် ပို၍ချစ်အပ်သော အခြား တစုံတယောက်သော သူသည် မရှိပါ၊ မင်းကြီး သင့်အားမူ မိမိထက်ပို၍ ချစ်အပ်သော အခြား တစုံတယောက်သောသူသည် ရှိပါသေးသလော" အသျှင်ဘုရား ဤသို့ ဆိုသည်ရှိသော် အကျွန်ုပ်သည် မလ္လိကာမိဖုရားအား "မလ္လိကာ ငါ့အားလည်း မိမိထက် ပို၍ချစ်အပ်သော အခြား တစုံတယောက်သော သူသည် မရှိဟု ဆိုပါ၏" ဟု လျှောက်၏၊ ထိုအခါ မြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူ၍ ထိုအချိန်၌ ဤဂါထာကို ရွတ်ဆိုတော်မူ၏—

"အလုံးစုံသော အရပ်မျက်နှာတို့ကို စိတ်ဖြင့် အစဉ်လှည့်လည် ရှာဖွေ(သွားလာ) သော်လည်း တစုံတခုသော အရပ်၌ မိမိထက်ပို၍ ချစ်အပ်သောသူကို မရနိုင်၊ ဤအတူပင် များစွာကုန်သော အခြားသူတို့သည်လည်း မိမိကိုယ်ကိုသာ ချစ်အပ်၏၊ ထို့ကြောင့် အကျိုးစီးပွားကို အလိုရှိသောသူသည် သူတပါးကို မညှဉ်းဆဲရာ" ဟု (မိန့်တော်မူ၏)။

## ၉-ယညသုတ်

၁၂၀။ သာဝတ္ထိနိဒါန်း။ ထိုအခါ၌ ပသေနဒီကောသလမင်းကြီးသည် ကြီးစွာသော ယဇ် ပူဇော် ပ သ ခြင်းကို ရှေးရှုစီရင်အပ်၏၊ ဥသဘ ငါးရာတို့ကိုင်း၊ နွားထီးငယ် ငါးရာတို့ကိုင်း၊ နွားမငယ် ငါးရာတို့ကိုင်း၊ ဆိတ်ငါးရာတို့ကိုင်း၊ သိုးငါးရာတို့ကိုင်း ယဇ်(ပူဇော် ပ သ ခြင်း) အလို့ငှာ ယဇ်တိုင်၌ ဖွဲ့ချည် ဆောင်ထားအပ်ကုန်၏၊ ထိုမင်း၏ ကျွန်ယောကျ်ား ကျွန်မိန်းမ အစေအပါး အလုပ်သမားတို့သည်လည်း ဒဏ်ဖြင့်ခြိမ်းချောက်အပ်ကုန်သည်၊ ဘေးဖြင့် ခြိမ်းချောက် အပ်ကုန်သည် ဖြစ်၍ မျက်ရည်ဖြင့် ပြည့်သော မျက်နှာရှိကုန်လျက် ငိုကြွေးကြကာ ယဇ်အမှုတို့ကို ပြုကုန်၏။

ထိုအခါ များစွာကုန်သော ရဟန်းတို့သည် နံနက်အချိန်၌ သင်းပိုင်ကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူဆောင်လျက် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်ကြကုန်၏၊ သာဝတ္ထိပြည်၌ ဆွမ်းခံ လှည့်လည်ပြီး၍ ဆွမ်းခံပြီးသည့် နောက်၌ ဆွမ်းခံရွာမှ ဖဲခဲ့ကုန်ပြီးသော် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်ပြီးသော် မြတ်စွာဘုရားကို ရှိခိုးလျက် တခုလော နေရာ၌ ထိုင်နေကြကာ မြတ်စွာ ဘုရားအား ဤစကားကို လျှောက်ကုန်၏— အသျှင်ဘုရား ပသေနဒီကောသလမင်းသည် ကြီးစွာ သောယဇ် (ပူဇော်ပသခြင်း)ကို ရှေးရှုစီရင်အပ်ပါ၏၊ ဥသဘငါးရာတို့ကိုင်း၊ နွားထီးငယ်ငါးရာ တို့ကိုင်း၊ နွားမငယ် ငါးရာတို့ကိုင်း၊ ဆိတ်ငါးရာတို့ကိုင်း သိုးငါးရာ တို့ကိုင်း ယဇ်(ပူဇော် ပ သ ခြင်း)အလို့ငှာ ယဇ်တိုင်၌ ဖွဲ့ချည် ဆောင်ထားအပ်ပါကုန်၏။ ထိုမင်း၏ ကျွန်ယောကျ်ား ကျွန်မိန်းမ အစေအပါး အလုပ်သမားတို့သည် ဒဏ်ဖြင့် ခြိမ်းချောက်အပ်ကုန်သည် ဘေးဖြင့် ခြိမ်းချောက်အပ်ကုန်သည်ဖြစ်၍ မျက်ရည်ဖြင့် ပြည့်သောမျက်နှာ ရှိကုန်လျက် ငိုကြွေးကြကာ ယဇ်အမှုတို့ကို ပြုပါကုန်၏ ဟု (လျှောက်ကြကုန်၏)၊ မြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူ၍ ထိုအချိန်၌ ဤဂါထာတို့ကို ရွတ်ဆိုတော်မူ၏—

အဿမေဓယဇ် ပုရိသမေဓယဇ် သမ္မာပါသယဇ် ဝါဇပေယျယဇ် နိရဂ္ဂဠယဇ် ဟူသော များသော ပြုဖွယ်ရှိကုန်သော ထိုယဇ်ကြီးတို့သည် အကျိုးမကြီးကုန်။

http://www.dhammadownload.com



ယင်းယင်ကြီးတို့၌ အထူးထူး အပြားပြားသော ဆိတ်နှင့် သိုးတို့ကိုရင်း, နွားတို့ကိုရင်း သတ်ရကုန်၏၊ ညီညွတ်ခြင်းသို့ ရောက်ကုန်သော အမြတ် (သီလစသည့် ဂုဏ်အထူး)ကို ရှာမှီးလေ့ရှိကုန်သော (ရဟန္တာ)ပုဂ္ဂိုလ်တို့သည် ထိုယင်သို့ မချဉ်းကပ်ကုန်။

အကြင် ယင်တို့သည်ကား (သူတပါးတို့ကို) သတ်ဖြတ်ညှဉ်းဆဲမှု မရှိကုန်၊ အခါခပ်သိမ်း မျိုးရိုးစဉ်ဆက် အလှူကို ပူဇော်ကုန်၏၊ ဤသို့ အထူးထူး အပြားပြားသော ဆိတ်နှင့် သိုးတို့ကိုရင်း နွားတို့ကိုရင်း မသတ်ဖြတ်ရကုန်၊ ညီညွတ်ခြင်းသို့ ရောက်ကုန်သော အမြတ် (သီလစသော ဂုဏ်ထူး)ကို ရှာမှီးလေ့ရှိကုန်သော ရဟန္တာ ပုဂ္ဂိုလ်တို့သည်လည်း ထိုယင်သို့ ချဉ်းကပ်ကုန်၏။

ပညာရှိပုဂ္ဂိုလ်သည် ထိုယင်ကို ပူဇော်ရာ၏၊ ထိုယင်သည် ကြီးမြတ်သော အကျိုးရှိ၏၊ ထိုယင်ကို ပူဇော်သူအား မြင့်မြတ်သည်သာ ဖြစ်၏၊ ယုတ်ညံ့မှု မဖြစ်၊ ယင်သည်လည်း ပြန့်ပြော၏၊ နတ်တို့သည်လည်း ကြည်ညိုကုန်၏ ဟု (မိန့်တော်မူ၏)။

## ၁၀-ဗန္ဓနသုတ်

၁၂၁။ ထိုအခါ၌ ပသေနဒီကောသလမင်းသည် လူများ အပေါင်းကို နှောင်ဖွဲ့ထားအပ်၏၊ အချို့သော သူတို့ကို ကြိုးတို့ဖြင့်, အချို့သောသူတို့ကို လက်ထိပ်တို့ဖြင့် အချို့သောသူတို့ကို သံခြေကျဉ်းတို့ဖြင့် နှောင်ဖွဲ့ထားအပ်ကုန်၏။ ထိုအခါ များစွာကုန်သော ရဟန်းတို့သည် နံနက်အချိန်၌ သင်းပိုင်ကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ဆောင်ယူပြီးလျှင် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်ကုန်၏၊ သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်လည်ပြီး၍ ဆွမ်းစားပြီးနောက် ဆွမ်းခံရာမှ ဖဲခဲ့ကုန်သည်ရှိသော် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်ကြကာ မြတ်စွာဘုရားအား ဤစကားကို လျှောက်ကုန်၏—"အသျှင်ဘုရား ပသေနဒီကောသလမင်းသည် လူများအပေါင်းကို နှောင်ဖွဲ့ထားအပ်၏၊ အချို့သောသူတို့ကို ကြိုးတို့ဖြင့်, အချို့သောသူတို့ကို လက်ထိပ်တို့ဖြင့်, အချို့သောသူတို့ကို သံခြေကျဉ်းတို့ဖြင့် နှောင်ဖွဲ့ထားအပ်ပါကုန်၏"ဟု (လျှောက်ကုန်၏)။ မြတ်စွာဘုရားသည် ထိုအကြောင်းကိုသိ၍ ထိုအချိန်၌ ဤဂါထာတို့ကို ရွတ်ဆိုတော်မူ၏—

"သံဖြင့် ပြုအပ်သော အနှောင်အဖွဲ့ကိုရင်း သစ်သားဖြင့်ပြုအပ်သော အနှောင်အဖွဲ့ကိုရင်း, လျှော်ဖြင့် ပြုအပ်သော အနှောင်အဖွဲ့ကိုရင်း ခိုင်မြဲသော အနှောင်အဖွဲ့ဟူ၍ ပညာရှိတို့ မဆိုကုန်၊ ကျောက်မျက်ရတနာ နားတောင်းတို့၌ရင်း, သားသမီးတို့၌ရင်း, မယားတို့၌ရင်း အလွန်အမင်း တပ်နှစ်သက်သည်ဖြစ်၍ အကြင် ငဲ့ကွက်ခြင်းသည် ရှိ၏။

အပါယ်သို့ ဆောင်တတ်သော လျော့သော အဖြေခက်သော ထိုငဲ့ကွက်ခြင်း အနှောင်အဖွဲ့ကို မြဲသော အနှောင်အဖွဲ့ဟူ၍ ပညာရှိတို့ ဆိုကုန်၏၊ (ပညာရှိတို့သည်) ထို အနှောင်အဖွဲ့ကိုလည်း ဖြတ်ကုန်၍ ကာမဂုဏ်ချမ်းသာကို ပယ်လျက် ငဲ့ကွက်ခြင်း မရှိကုန်ပဲ ထွက်မြောက်ကုန်၏"ဟု (ရွတ်ဆိုတော်မူ၏)။

ပဌမဝဂ်ပြီး၏။

http://www.dhammadownload.com



## ၂-ဒုတိယဝဂ် ၁-သတ္တဇဋိလသုတ်

၁၂၂။ **အခါတပါး၌** မြတ်စွာဘုရားသည် ပုဗ္ဗာရုံကျောင်း မိဂါရသူဌေး၏ အမိအရာ၌ **တည်တော်မူ၍ ဝိသာခါ** ဆောက်လုပ်သည့် ပြာသာဒ်၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ညချမ်းအချိန် တပါးတည်း ကိန်းအောင်းတော်မူရာမှ ထတော်မူ၍ တံခါးမုခ်အပြင်၌ ထိုင်နေတော်မူ၏၊ ထိုအခါ ပသေနဒီကောသလမင်းသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကိုရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေစဉ် ရှည်သော လက်ကတီးမွေး ရှည်သောခြေသည်း လက်သည်း ရှည်သော အမွေးရှိကုန်သော ဆံကျစ်ထုံး ရသေ့ခုနစ်ယောက် နိဂဏ္ဌတက္ကတွန်း ခုနစ်ယောက် အစေလကတက္ကတွန်း ခုနစ်ယောက် တထည်တည်းဝတ်သော တိတ္ထိခုနစ်ယောက် ပရိဗိုဇ်ခုနစ်ယောက်တို့သည် အထူးထူး အပြားပြားသော ရသေ့အသုံးအဆောင်တို့ကို ယူကုန်၍ မြတ်စွာဘုရား၏ မနီးမဝေး၌ လွန်၍ [illegible]ကြကုန်၏

ထိုအခါ ပသေနဒီကော[illegible] ပခုံးတဖက်၌ ကိုယ်ဝတ်ကို စံပယ်တင်၍ လက်ယာပုဆစ် ဒူးဝန်းကို မြေ၌ ထောက်လျက် ထိုဆံကျစ်ထုံး ရသေ့ ခုနစ်ယောက် နိဂဏ္ဌတက္ကတွန်း ခုနစ်ယောက် အစေလကတက္ကတွန်း ခုနစ်ယောက် တထည်တည်းဝတ်သော တိတ္ထိခုနစ်ယောက် ပရိဗိုဇ်ခုနစ်ယောက်တို့ ရှိရာသို့ လက်အုပ်ကို ညွတ်၍ "အသျှင်ဘုရားတို့ အကျွန်ုပ်သည် ပသေနဒီကောသလမင်းပါတည်း။ပ။ အသျှင်ဘုရားတို့ အကျွန်ုပ်သည် ပသေနဒီကောသလမင်းပါတည်း" ဟု သုံးကြိမ် အမည်ကို ပြောကြား၏။

ထို့နောက် ပသေနဒီကောသလမင်းသည် ထိုဆံကျစ်ထုံး ရသေ့ ခုနစ်ယောက် နိဂဏ္ဌတက္ကတွန်း ခုနစ်ယောက် အစေလကတက္ကတွန်း ခုနစ်ယောက် တထည်တည်းဝတ်သော တိတ္ထိခုနစ်ယောက် ပရိဗိုဇ် ခုနစ်ယောက်တို့ ဖဲသွား၍ မကြာမြင့်မီ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား "အရှင်ဘုရား လောက၌ အကြင် ရဟန္တာပုဂ္ဂိုလ်တို့သည်ရှင်း အရဟတ္တမဂ်ကို ရကုန်သော ပုဂ္ဂိုလ်တို့သည်ရှင်း ရှိကုန်၏၊ ထိုရသေ့ တက္ကတွန်း ပရိဗိုဇ်တို့သည် ထိုရဟန္တာ အရဟတ္တမဂ်ရသူတို့တွင် တယောက် အပါအဝင် ဖြစ်ကုန်၏" ဟု လျှောက်၏။

မင်းကြီး ကာမဂုဏ်ကို ခံစားလေ့ရှိသော သားသမီးတို့ဖြင့် ကျဉ်းမြောင်းသော နေရာ၌ နေသော ကာသိတိုင်းထွက် စန္ဒကူးကို သုံးဆောင်သော ပန်းနံ့သာ နံ့သာပျောင်းကို ဆောင်လေ့ရှိသော ရွှေငွေကို သာယာသော လူဖြစ်သော သင်သည် ဤပုဂ္ဂိုလ်တို့သည် ရဟန္တာ ဖြစ်ကုန်၏၊ ဤပုဂ္ဂိုလ်တို့သည်အရဟတ္တမဂ်သို့ရောက်ကုန်၏ဟူသောအကြောင်းကိုသိနိုင်ခဲသည်သာတည်း။မင်းကြီး သီလကိုအတူတကွနေသဖြင့် သိနိုင်၏၊ထိုသိနိုင်ခြင်းကိုလည်း ကာလကြာမြင့်မှသာသိနိုင်၏၊တိုသော ကာလဖြင့် မသိနိုင်၊နှလုံးသွင်းသောသူသည်သာသိနိုင်၏၊နှလုံးမသွင်းသောသူသည်မသိနိုင်၊ပညာရှိသောသူသည် သိနိုင်၏၊ ပညာမဲ့သောသူသည် မသိနိုင်၊ မင်းကြီး စင်ကြယ်သော အဖြစ်ကို နှီးနှော ပြောဆိုသဖြင့် သိနိုင်၏၊ထိုသိနိုင်ခြင်းသည်လည်း ကာလကြာမြင့်မှသာ သိနိုင်၏၊တိုသောကာလဖြင့် မသိနိုင် နှလုံးသွင်းသောသူသည်သာ သိနိုင်၏၊ နှလုံးမသွင်းသော သူသည် မသိနိုင်၊ ပညာရှိသော

http://www.dhammadownload.com



သူသည်သာ သိနိုင်၏၊ ပညာမဲ့သောသူသည် မသိနိုင်။ မင်းကြီး ဘေးရန်ရှိသောအခါတို့၌ ဉာဏ်စွမ်းကို သိနိုင်၏၊ထိုဉာဏ်စွမ်းကိုလည်း ကာလကြာမြင့်မှသာ သိနိုင်၏၊တိုသောကာလဖြင့် မသိနိုင်၊နှလုံးသွင်းသောသူသည်သာ သိနိုင်၏၊ နှလုံးမသွင်းသောသူသည် မသိနိုင်၊ ပညာရှိသောသူသည်သာ သိနိုင်၏၊ ပညာမဲ့သောသူသည် မသိနိုင်။ မင်းကြီး ပညာကိုဆွေးနွေးသဖြင့်သာ သိနိုင်၏၊ ထိုဆွေးနွေးခြင်းကို လည်း ကာလကြာမြင့်မှသာ သိနိုင်၏၊ တိုသောကာလဖြင့် မသိနိုင်၊ နှလုံးသွင်းသော သူသည်သာ သိနိုင်၏၊ နှလုံးမသွင်းသောသူသည် မသိနိုင်၊ ပညာရှိသောသူသည်သာ သိနိုင်၏၊ ပညာမဲ့သောသူသည် မသိနိုင် ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အံ့ဖွယ် ဖြစ်ပါ၏၊ အသျှင်ဘုရား မဖြစ်ဘူးမြဲ ဖြစ်ပါ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည်“မင်းကြီး ကာမဂုဏ်ကို ခံစားလေ့ရှိသော သားသမီးတို့ဖြင့် ကျဉ်းမြောင်းသောနေရာ၌ နေသော ကာသိတိုင်းထွက် စန္ဒကူးကို သုံးဆောင်သော ပန်း နံ့သာ နံ့သာပျောင်းကို ဆောင်လေ့ရှိသော ရွှေငွေကို သာယာသော လူဖြစ်သော သင် မင်းကြီးသည် ဤပုဂ္ဂိုလ်တို့သည် ရဟန္တာ ဖြစ်ကုန်၏၊ ဤပုဂ္ဂိုလ်တို့သည် အရဟတ္တမဂ်သို့ ရောက်ကုန်၏ဟူသော ဤအကြောင်းကိုသိနိုင်ခဲသည် သာတည်း။မင်းကြီး သီလကို အတူတကွနေသဖြင့် သိနိုင်၏၊ ထိုသိခြင်းကိုလည်း ကာလကြာမြင့်မှသာ သိနိုင်၏၊ တိုသောကာလဖြင့် မသိနိုင်၊ နှလုံးသွင်းသောသူသည် သိနိုင်၏၊ နှလုံးမသွင်းသောသူသည် မသိနိုင်၊ ပညာရှိသောသူသည်သာ သိနိုင်၏၊ ပညာမဲ့သောသူသည် မသိနိုင်၊ မင်းကြီး စင်ကြယ်သည်၏ အဖြစ်ကို နှီးနှောပြောဆိုသဖြင့် သိနိုင်၏၊ ထိုသိနိုင်ခြင်းကိုလည်း ကာလကြာမြင့်မှသာ သိနိုင်၏၊ တိုသောကာလဖြင့် မသိနိုင်၊ နှလုံးသွင်းသောသူသည်သာ သိနိုင်၏၊ နှလုံးမသွင်းသောသူသည် မသိနိုင်၊ ပညာရှိသောသူသည်သာ သိနိုင်၏၊ ပညာမဲ့သောသူသည် မသိနိုင်၊ မင်းကြီး ဘေးရန်ရှိသော အခါတို့၌ ဉာဏ်စွမ်းကို သိနိုင်၏၊ ထိုဉာဏ်စွမ်းကိုလည်း ကာလကြာမြင့်မှသာ သိနိုင်၏၊ တိုသောကာလဖြင့် မသိနိုင်၊ နှလုံးသွင်းသောသူသည်သာ သိနိုင်၏၊ နှလုံးမသွင်းသော သူသည် မသိနိုင်၊ ပညာရှိသောသူသည်သာ သိနိုင်၏၊ ပညာမဲ့သောသူသည် မသိနိုင်၊ မင်းကြီး ပညာကို ဆွေးနွေးသဖြင့် သိနိုင်၏၊ ထိုသိခြင်းကိုလည်း ကာလကြာမြင့်မှသာ သိနိုင်၏၊ တိုသောကာလဖြင့် မသိနိုင်၊ နှလုံးသွင်းသော သူသည်သာ သိနိုင်၏၊ နှလုံးမသွင်းသော သူသည် မသိနိုင်၊ ပညာရှိသော သူသည်သာ သိနိုင်၏၊ ပညာမဲ့သောသူသည် မသိနိုင်ဟု မိန့်ဆိုအပ်သော ဤစကားသည် အလွန်ကောင်းစွာ ဆိုအပ်သော စကားဖြစ်ပါ၏။ အသျှင်ဘုရား အကျွန်ုပ်၏ မင်းချင်း ယောကျ်ား ဖြစ်ကုန်သော လျှို့ဝှက် လှည့်လည်ကုန်သော ထိုသူလျှိုတို့သည် ဇနပုဒ်ကို စူးစမ်း၍ လာကုန်၏၊ ထိုသူလျှိုတို့သည် ရှေးဦးစွာ စုံစမ်းအပ်ပြီးသည်ကို အကျွန်ုပ်သည် နောက်မှ ဆုံးဖြတ်ပြီးစီးစေပါ၏၊ အသျှင်ဘုရား ယခုအခါ၌ ထိုမင်းချင်းတို့သည် ထိုမြူအညစ်အကြေးကို မျောကုန်၍ ကောင်းစွာ ရေချိုးကုန်သည် ကောင်းစွာ လိမ်းကျံအပ်ကုန်သည် ပြုပြင်ပြီးသော ဆံမုတ်ဆိတ်ရှိကုန်သည် ဖြစ်၍ ဖြူစင်သော အဝတ်ကို ဝတ်ဆင်ကုန်လျက် ကာမဂုဏ်ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံကြကုန်သည်ဖြစ်၍ မွေ့လျော်ကုန်လတ္တံ့”ဟု (လျှောက်လေ၏)။ မြတ်စွာဘုရားသည် ထိုအကြောင်းကို သိ၍ ထိုအချိန်၌ ဤဂါထာတို့ကို ရွတ်ဆိုတော်မူ၏—

အဆင်းသဏ္ဍာန်ဖြင့် လူကို သိလွယ်သည် မဟုတ်၊ အခိုက်အတန့် မြင်ကာမျှဖြင့် အကျွမ်း မဝင်ရာ၊ မှန်၏၊ (ကိုယ်နှုတ်နှလုံး) မစောင့်စည်းသောသူတို့သည် ကောင်းစွာ (ကိုယ်နှုတ် နှလုံး)ကို စောင့်စည်းသူတို့၏ အသုံးအဆောင်ဖြင့် ဤလောကကို လှည့်လည်ကုန်၏။

http://www.dhammadownload.com



အတွင်း၌ မပင်ကြွယ်ကုန်သော သူတို့သည် အတူဖြစ်သော မြေနားတောင်းကဲ့သို့ ဝှင်း၊ ကြေးပဝက်မျှ ထိုက်သော ရှေ့ရှည်ပွတ်နားတောင်းကဲ့သို့ဝှင်း ဖြစ်၍ အပဋ္ဌတင့်တယ် ကုန်သည်ဖြစ်၍ အခြံအရံဖြင့် ဖုံးလွှမ်းကုန်သည်ဖြစ်၍ ဤလောက၌ လှည့်လည်ကုန်၏” ဟု (ရှတ်ဆိုတော်မူ၏)။

## ၂-ပဉ္စရာဇသုတ်

၁၂၃။ သာဝတ္ထိနိဒါန်း။ ထိုအခါ၌ ကာမဂုဏ် ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံကုန်သည်ဖြစ်၍ မွေ့လျော်ကုန်သော ပသေနဒီအမှူးရှိကုန်သော ငါးယောက်ကုန်သောမင်းတို့အား “ကာမဂုဏ် တို့တွင် အဘယ်သည် မြတ်သနည်း” ဟူသော ဤအကြား စကားသည် ထင်ရှားဖြစ်၏၊ ထိုမင်း တို့တွင် အချို့သောမင်းတို့သည် “ကာမဂုဏ်တို့တွင် ရူပါရုံတို့သည် မြတ်ကုန်၏” ဟု ဆိုကုန်၏၊ အချို့သော မင်းတို့သည် “ကာမဂုဏ်တို့တွင် သဒ္ဒါရုံတို့သည် မြတ်ကုန်၏”ဟုဆိုကုန်၏၊အချို့သော မင်းတို့သည် “ကာမဂုဏ်တို့တွင် ဂန္ဓာရုံတို့သည် မြတ်ကုန်၏”ဟု ဆိုကုန်၏။အချို့သော မင်းတို့သည် “ကာမဂုဏ်တို့တွင် ရသာရုံတို့သည် မြတ်ကုန်၏”ဟု ဆိုကုန်၏၊ အချို့သော မင်းတို့သည် “ကာမဂုဏ်တို့တွင် ဖောဋ္ဌဗ္ဗာရုံတို့သည် မြတ်ကုန်၏”ဟု ဆိုကုန်၏။

ထိုမင်းတို့သည် အချင်းချင်းသိစေခြင်းငှါ မတတ်နိုင်ကုန်၊ ထိုအခါ ပသေနဒီကောသလ မင်းသည် ထိုမင်းတို့အား ဤစကားကို ဆို၏—“အချင်းတို့ လာ သွားကြကုန်စို့၊မြတ်စွာဘုရား ထံသို့ ချဉ်းကပ်ကုန်၍ မြတ်စွာဘုရားအား ထိုအကြောင်းကို မေးလျှောက်ကြကုန်စို့၊ငါတို့သည် မြတ်စွာဘုရား ဖြေကြားတော်မူသည့်အတိုင်း ထိုအကြောင်းကို မှတ်ကုန်အံ့” (ဟုဆို၏) “အကြည်တော် ကောင်းပါပြီ”ဟု ထိုမင်းတို့သည် ပသေနဒီကောသလမင်းကြီး၏စကားကို ဝန်ခံ ကြကုန်၏။

ထို့နောက် ပသေနဒီအမှူးရှိကုန်သော ထိုမင်းငါးဦးတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ် ကုန်၍ မြတ်စွာဘုရားကို ရှိခိုးကုန်လျက် တခုသောနေရာ၌ ထိုင်ကြပြီးသော် ပသေနဒီကောသလ မင်းလည်း မြတ်စွာဘုရားအား ဤစကားကို လျှောက်၏– “အသျှင်ဘုရား ကာမဂုဏ်ငါးပါး တို့ဖြင့် ကုံလုံပြည့်စုံကုန်သည်ဖြစ်၍ မွေ့လျော်ကုန်သော အကျွန်ုပ်တို့ မင်းငါးယောက်တို့အား ကာမဂုဏ်တို့တွင် အဘယ်သည် မြတ်သနည်းဟူသော အကြားစကားသည် ထင်ရှားဖြစ်ပါ၏၊ “အချို့သောမင်းတို့သည် ‘ကာမဂုဏ်တို့တွင် ရူပါရုံတို့သည် မြတ်ကုန်၏’ဟု ဆိုကုန်၏၊ အချို့သော မင်းတို့သည် ‘ကာမဂုဏ်တို့တွင် သဒ္ဒါရုံတို့သည် မြတ်ကုန်၏’ဟု ဆိုကုန်၏၊ အချို့သောမင်းတို့သည် ‘ကာမဂုဏ်တို့တွင် ဂန္ဓာရုံတို့သည် မြတ်ကုန်၏’ဟု ဆိုကုန်၏၊ အချို့သောမင်းတို့သည် ‘ကာမဂုဏ် တို့တွင် ရသာရုံတို့သည် မြတ်ကုန်၏ဟု ဆိုကုန်၏၊ အချို့သော မင်းတို့သည် ‘ကာမဂုဏ်တို့တွင် ဖောဋ္ဌဗ္ဗာရုံတို့သည် မြတ်ကုန်၏’ဟု ဆိုကုန်၏။ အသျှင်ဘုရား ကာမဂုဏ်တို့တွင် အဘယ်သည် မြတ်ပါသနည်း”ဟု (လျှောက်၏)။

မင်းကြီး ကာမဂုဏ်ငါးပါးတို့၌ နှစ်သက်ခြင်းလျှင် အထွတ်အထိပ်ရှိသော ကာမဂုဏ်ကို စင်စစ် မြတ်၏ဟူ၍ ငါဘုရားဟောတော်မူ၏၊ထိုရူပါရုံတို့သည်ပင် အချို့သောသူအား နှစ်သက်ဖွယ် ဖြစ်ကုန်၏၊ အချို့သောသူအား နှစ်သက်ဖွယ် မဖြစ်ကုန်၊ အကြင်သူသည် အကြင်ရူပါရုံတို့ဖြင့်

http://www.dhammadownload.com



နှစ်လို၏။ ပြည့်စုံသော အကြံရှိ၏၊ ထိုသူသည် ဤရုပ်ရုံတို့မှ တပါးသော အထူးသဖြင့်လွန်သည် လည်းဖြစ်သော အထူးသဖြင့် မြတ်သည်လည်းဖြစ်သော ရုပ်ရုံကို မတောင့်တ၊ ထိုသူအား ထို ရုပ်ရုံတို့သည် မြတ်ကုန်၏၊ ထိုသူအား ထိုရုပ်ရုံတို့သည် အတူမရှိကုန်။

မင်းကြီး ထိုသဒ္ဒါရုံတို့သည်ပင် အချို့သောသူအား နှစ်သက်ဖွယ်ဖြစ်ကုန်၏၊ အချို့သော သူအား နှစ်သက်ဖွယ် မဖြစ်ကုန်၊ အကြင်သူသည် အကြင်သဒ္ဒါရုံတို့ဖြင့် နှစ်လို၏၊ ပြည့်စုံသောအကြံ ရှိ၏၊ ထိုသူသည် ထိုသဒ္ဒါရုံတို့မှတပါးသော အထူးသဖြင့် လွန်သည်လည်းဖြစ်သော အထူးသဖြင့် မြတ်သည်လည်း ဖြစ်သော သဒ္ဒါရုံကို မတောင့်တ၊ ထိုသူအား ထိုသဒ္ဒါရုံတို့သည် မြတ်ကုန်၏၊ ထိုသူအား ထိုသဒ္ဒါရုံတို့သည် အတူမရှိကုန်။

မင်းကြီး ထိုဂန္ဓာရုံတို့သည်ပင် အချို့သောသူအား နှစ်သက်ဖွယ်ဖြစ်ကုန်၏၊ အချို့သော သူအား နှစ်သက်ဖွယ်မဖြစ်ကုန်၊ အကြင်သူသည် အကြင်ဂန္ဓာရုံတို့ဖြင့် နှစ်လို၏၊ ပြည့်စုံသော အကြံရှိ၏၊ ထိုသူသည် ထိုဂန္ဓာရုံမှတပါးသော အထူးသဖြင့် လွန်သည်လည်းဖြစ်သော အထူး သဖြင့် မြတ်သည်လည်းဖြစ်သော ဂန္ဓာရုံကို မတောင့်တ၊ ထိုသူအား ထိုဂန္ဓာရုံတို့သည် မြတ်ကုန်၏၊ ထိုသူအား ထိုဂန္ဓာရုံတို့သည် အတူမရှိကုန်။

မင်းကြီး ထိုရသာရုံတို့သည်ပင် အချို့သောသူအား နှစ်သက်ဖွယ်ဖြစ်ကုန်၏၊ အချို့သော သူအား နှစ်သက်ဖွယ် မဖြစ်ကုန်၊ အကြင်သူသည် အကြင်ရသာရုံတို့ဖြင့် နှစ်လို၏၊ ပြည့်စုံသော အကြံရှိ၏၊ ထိုသူသည် ထိုရသာရုံတို့မှ တပါးသော အထူးသဖြင့် လွန်သည်လည်းဖြစ်သော အထူး သဖြင့် မြတ်သည်လည်းဖြစ်သော ရသာရုံကို မတောင့်တ၊ ထိုသူအား ထိုရသာရုံတို့သည် မြတ်ကုန်၏၊ ထိုသူအား ထိုရသာရုံတို့သည် အတူမရှိကုန်။

မင်းကြီး ထိုဖောဋ္ဌဗ္ဗာရုံတို့သည်ပင် အချို့သောသူအား နှစ်သက်ဖွယ် ဖြစ်ကုန်၏၊ အချို့သောသူအား နှစ်သက်ဖွယ်မဖြစ်ကုန်၊ အကြင်သူသည် အကြင်ဖောဋ္ဌဗ္ဗာရုံတို့ဖြင့် နှစ်လို၏၊ ပြည့်စုံသော အကြံရှိ၏၊ ထိုသူသည် ထိုဖောဋ္ဌဗ္ဗာရုံတို့မှ တပါးသော အထူးသဖြင့် လွန်သည်လည်း ဖြစ်သော အထူးသဖြင့် မြတ်သည်လည်းဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို မတောင့်တ၊ ထိုသူအား ထို ဖောဋ္ဌဗ္ဗာရုံတို့သည် မြတ်ကုန်၏၊ ထိုသူအား ထိုဖောဋ္ဌဗ္ဗာရုံတို့သည် အတူမရှိကုန်ဟု(မိန့်တော်မူ၏)။

ထိုအခါ၌စန္ဒနင်္ဂလိကဥပါသကာသည် ထိုပရိသတ်၌ထိုင်နေ၏၊ထိုအခါစန္ဒနင်္ဂလိကဥပါသကာ သည် နေရာမှထ၍ ပခုံးတဖက်၌ ကိုယ်ဝတ်ကိုစမွယ်တင်လျက် မြတ်စွာဘုရားအားလက်အုပ်ချီကာ ဤစကားကိုလျှောက်၏ – "ဘုန်းတော်ကြီးသော မြတ်စွာဘုရား အကျွန်ုပ်အား (တခုသော အကြောင်းသည်) ထင်လာပါ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား အကျွန်ုပ်အား (တခုသော အကြောင်းသည်) ထင်လာပါ၏" ဟု (လျှောက်၏။) စန္ဒနင်္ဂလိက သင့်အား ထိုတခုသော အကြောင်းသည် ထင်စေလော့ ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏၊ ထိုအခါ၌ စန္ဒနင်္ဂလိက ဥပါသကာသည် မြတ်စွာဘုရား၏ မျက်မှောက်တော်၌ ထိုအားလျော်ရာ ဖြစ်သော ဂါထာဖြင့် ချီးကျူး၏–

http://www.dhammadownload.com



"ကောင်းသော အနံ့ရှိသော နံနက်အခါ၌ ပွင့်သော မကင်းသော အနံ့ရှိသော ကောကနဒအမည်ရှိသော ပဒုမာကြာကဲ့သို့၎င်း ကောင်းကင်၌ ထွန်းတောက်ပသော နေမင်းကဲ့သို့၎င်း တင့်တယ်တော်မူသော ကိုယ်တော်မှ ပြိုးပြိုးပြက်ထွက်သော အရောင်ရှိတော်မူသော မြတ်စွာဘုရားကို ဖူးမြင်လေ့"ဟု (ချီးကျူး၏)။

ထိုအခါ၌ ထိုမင်းငါးယောက်တို့သည် စန္ဒနင်္ဂလိကဥပါသကာအား ငါးထည်သော စုလျားပုဆိုးတို့ကို ပေးကုန်၏၊ ထိုအခါ စန္ဒနင်္ဂလိကဥပါသကာသည် ထိုငါးထည်သော စုလျားပုဆိုးတို့ကို မြတ်စွာဘုရားအား လှူ၏။

## ၂-ဒေါဏပါကသုတ်

၁၂၄။ သာဝတ္ထိနိဒါန်း။ ထိုအခါ ပသေနဒီကောသလမင်းသည် တစိတ်ချက် ထမင်းကို **စား၏၊** ထိုအခါ ပသေနဒီကောသလမင်းသည် ထမင်းစားပြီးသော် မအီမသာ ပင်ပန်းလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ထမင်းစားပြီး၍ မအီမသာ ပင်ပန်းနေသော ပသေနဒီကောသလမင်းကို သိ၍ ထိုအချိန်၌ ဤဂါထာကို ရွတ်ဆိုတော်မူ၏—

> **အခါခပ်သိမ်း** သတိနှင့် ပြည့်စုံသော ရအပ်သော စားသုံးဖွယ်၌ အတိုင်းအရှည်ကို **သိသော** ထိုသူအား ဝေဒနာတို့သည် နည်းပါးကုန်၏၊ (သုံးဆောင်အပ်သော အာဟာရ **သည်လည်း**) အသက်ကို စောင့်သည်ဖြစ်၍ နှေးညှံ့စွာ ကြေကျက်၏ ဟု ရွတ်ဆို၏။

ထိုအခါ၌ သုဒဿနလုလင်သည် ပသေနဒီကောသလမင်းကြီး၏ နောက်၌ တည်ရှိနေ၏၊ ထိုအခါ **ပသေနဒီကောသလမင်းသည်** သုဒဿနလုလင်အား "အချင်းသုဒဿန သင်သည် လာခဲ့လော၊ **မြတ်စွာဘုရား၏** ထံတော်ပါး၌ ဤဂါထာကို သင်ယူ၍ ငါ ထမင်းစားတိုင်း ထမင်းစားတိုင်းသော **အခါ၌** ရွတ်ဆိုလော့၊ ငါသည်လည်း သင့်အား နေ့တိုင်း အသပြာတရာ အသပြာတရာရိက္ခာကို **အမြဲပေးအံ့**" ဟု မိန့်တော်မူ၏၊ သုဒဿနလုလင်သည် "မင်းမြတ် ကောင်းပါပြီ" ဟု ပသေနဒီ-**ကောသလမင်းကြီးအား** ဝန်ခံ၍ မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို သင်ယူပြီးလျှင် **ပသေနဒီကောသလမင်းကြီး** ထမင်းစားသောအခါ၌—

> အခါခပ်သိမ်း သတိနှင့်ပြည့်စုံသော ရအပ်သော စားသုံးဖွယ်တို့၌ အတိုင်းအရှည်ကို သိသော ထိုသူအား ဝေဒနာတို့သည် နည်းပါးကုန်၏၊ (သုံးဆောင်အပ်သော အာဟာရ သည်လည်း) အသက်ကို စောင့်သည်ဖြစ်၍ နှေးညှံ့စွာ ကြေကျက်၏ဟု ရွတ်ဆို၏။

ထိုအခါ၌ ပသေနဒီကောသလမင်းသည် အစဉ်သဖြင့် တကွမ်းစားချက် ထမင်းအတိုင်းအရှည်၌ **တည်၏၊** ထိုအခါ ပသေနဒီကောသလမင်းသည် နောက်ကာလ၌ ကောင်းစွာ လျော့ပါးသော **ကိုယ်ရှိသည်ဖြစ်၍** ကိုယ်တို့ကို လက်ဖြင့် အဖန်တလဲလဲ သုံးသပ်လျက် ထိုအချိန်၌ "မြတ်စွာဘုရား **သည်** မျက်မှောက်ဘဝ၌ ဖြစ်သော အကျိုးဖြင့်၎င်း တမလွန်ဘဝ၌ ဖြစ်သော အကျိုးဖြင့်၎င်း **နှစ်ပါးစုံသော** အကျိုးဖြင့် အကျွန်ုပ်ကို အစဉ်သနား စောင့်ရှောက်တော်မူ၏" ဟု ဥဒါန်း **စကားကို** ကျူးရင့်မြွက်ဆို၏။

သံ မြန် ၁—၆—ပ-ပ-သ-၈

http://www.dhammadownload.com



## ၄-ပဥ္စမ သင်္ဂါမသုတ်

၁၂၅။ သာဝတ္ထိနိဒါန်း။ ထိုအခါ မာဂဓတိုင်းကို အစိုးရသော ဝေဒေဟီ မိဖုရား၏ သားဖြစ်သော အဇာတသတ်မင်းသည် အင်္ဂါလေးပါးရှိသော စစ်သည်ကို စုရုံး၍ ပသေနဒီကောသလမင်းကို (စစ်တိုက်ရန်) ကာသိရွာသို့ ချီတက်၏၊ ပသေနဒီကောသလမင်းသည် မာဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏သား အဇာတသတ်မင်းသည် အင်္ဂါလေးပါးရှိသော စစ်သည်ကို စုရုံး၍ ငါ့ကို (စစ်တိုက်ရန်) ကာသိရွာသို့ ချီတက်လာသတတ်" ဟု ကြားလေ၏၊ ထိုအခါ ပသေနဒီကောသလမင်းသည် အင်္ဂါလေးပါးရှိသော စစ်သည်ကို စုရုံး၍ မာဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏ သားဖြစ်သော အဇာတသတ်မင်းကို (ခုခံတိုက်ခိုက်ရန်) ကာသိရွာသို့ ကြိုတင်ချီတက်၏၊ ထိုအခါ မာဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏ သားဖြစ်သော အဇာတသတ်မင်းသည်၎င်း ပသေနဒီကောသလမင်းသည်၎င်း စစ်တိုက်ကြကုန်၏၊ ထိုစစ်မြေပြင်၌ မာဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏သား အဇာတသတ်မင်းသည် ပသေနဒီကောသလမင်းကို အောင်နိုင်၏၊ စစ်ရှုံးသော ပသေနဒီကောသလမင်းသည် စစ်မြေပြင်မှ မိမိနေပြည်တော်ဖြစ်သော သာဝတ္ထိပြည်သို့ ပြန်ဆုတ်လာ၏။

ထိုအခါ၌ များစွာကုန်သော ရဟန်းတို့သည် နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူဆောင်လျက် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်ကြကုန်၏၊ သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်လည် ပြီး၍ ဆွမ်းစားပြီးသည့်နောက် ဆွမ်းခံရာမှ ဖဲခဲ့ကုန်ပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာ ဘုရားကို ရှိခိုးကုန်လျက် တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကုန်၏—အသျှင်ဘုရား မာဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏ သားဖြစ်သော အဇာတသတ်မင်းသည် အင်္ဂါလေးပါးရှိသော စစ်သည်ကို စုရုံး၍ ပသေနဒီကောသလမင်းကို (စစ် တိုက်ရန်) ကာသိရွာသို့ ချီတက်၏၊ အသျှင်ဘုရား ပသေနဒီကောသလမင်းသည် မာဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏ သားဖြစ်သော အဇာတသတ်မင်းသည် အင်္ဂါလေးပါးရှိသော စစ်သည်ကို စုရုံး၍ ငါ့ကို (စစ်တိုက်ရန်) ကာသိရွာသို့ ချီတက်လာသတတ် ဤသို့ ကြားလေ၏၊ အသျှင်ဘုရား ထိုအခါ ပသေနဒီကောသလမင်းသည် အင်္ဂါလေးပါးရှိသော စစ်သည်ကို စုရုံး၍ မာဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏သား အဇာတသတ်မင်းကို (ခုခံတိုက်ခိုက်ရန်) ကာသိရွာသို့ ကြိုတင်ချီတက်ပါ၏၊ အသျှင်ဘုရား ထိုအခါ မာဂဓတိုင်းကို အစိုးရသော ဝေဒေဟီ မိဖုရား၏ သားဖြစ်သော အဇာတသတ်မင်းသည်၎င်း ပသေနဒီကောသလမင်းသည်၎င်း စစ်တိုက် ကြကုန်၏၊ အသျှင်ဘုရား ထိုစစ်မြေပြင်၌ မာဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏ သား ဖြစ်သော အဇာတသတ်မင်းသည် ပသေနဒီကောသလမင်းကို အောင်နိုင်ပါ၏၊ အသျှင်ဘုရား စစ်ရှုံးသော ပသေနဒီကောသလမင်းသည် စစ်မြေပြင်မှ နေပြည်တော်ဖြစ်သော သာဝတ္ထိပြည်သို့ ဆုတ်လာပါ၏" ဟု လျှောက်ကုန်၏။

ရဟန်းတို့ မာဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏ သားဖြစ်သော အဇာတသတ် မင်းသည် ယုတ်မာသော အဆွေခင်ပွန်း ရှိ၏၊ ယုတ်မာသော အပေါင်းအဖော် ရှိ၏၊ ယုတ်မာသော သူတို့၌ ကိုင်းညွတ်သော စိတ်ရှိ၏၊ ရဟန်းတို့ ပသေနဒီကောသလမင်းသည်ကား ကောင်းသော အဆွေခင်ပွန်းရှိ၏၊ ကောင်းသော အပေါင်းအဖော် ရှိ၏၊ ကောင်းသော သူတို့၌ ကိုင်းညွတ်သော စိတ်ရှိ၏၊ ရဟန်းတို့ ယနေ့သာလျှင် ပသေနဒီကောသလမင်းသည် စစ်ရှုံးသည်ဖြစ်၍ ဤညဉ့်ပတ်လုံး ဆင်းရဲစွာ နေရလတ္တံ့။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။ပ။

http://www.dhammadownload.com



အောင်နိုင်သော သူသည် ရန်ကို ပွားစေ၏၊ ရှုံးသောသူသည် ဆင်းရဲစွာနေရ၏၊ အောင်နိုင်ခြင်း ရှုံးခြင်းကို စွန့်၍ ငြိမ်းသက်စွာ နေသော သူသည်သာ ချမ်းသာစွာ နေရလတ္တံ့ဟု (မိန့်တော်မူ၏)။

## ၅-ဒုတိယ သင်္ဂါမသုတ်

၁၂၆။ ထိုအခါ မာဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏ သားဖြစ်သော အဇာတသတ်မင်းသည် အင်္ဂါလေးပါးရှိသော စစ်သည်ကို စုရုံး၍ ပသေနဒီကောသလမင်းကို (စစ်တိုက်ရန်) ကာသိရွာသို့ ချီတက်၏၊ ပသေနဒီကောသလမင်းသည် "မာဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏ သားဖြစ်သော အဇာတသတ်မင်းသည် အင်္ဂါလေးပါးရှိသော စစ်သည်ကို စုရုံး၍ ငါ့ကို (စစ်တိုက်ရန်) ကာသိရွာသို့ ချီတက်လာသတတ်"ဟု ကြားလေ၏၊ ထိုအခါ ပသေနဒီကောသလမင်းသည် အင်္ဂါလေးပါးရှိသော စစ်သည်ကို စုရုံး၍ မာဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏ သားဖြစ်သော အဇာတသတ်မင်းကို (ခုခံတိုက်ခိုက်ရန်) ကာသိရွာသို့ ကြိုတင်ချီတက်၏၊ ထိုအခါ မာဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏ သားဖြစ်သော အဇာတသတ် မင်းသည်၎င်း ပသေနဒီကောသလမင်းသည်၎င်း စစ်တိုက်ကြကုန်၏၊ ထိုစစ်မြေပြင်၌ ပသေနဒီကောသလမင်းသည် မာဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏ သားဖြစ်သော အဇာတသတ်မင်းကို အောင်နိုင်၏၊ ထိုအဇာတသတ်မင်းကို အရှင်ဖမ်းမိ၏၊ ထိုအခါ ပသေနဒီကောသလမင်းအား ဤအကြံသည် ဖြစ်၏ "မာဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏ သားဖြစ်သော ဤ အဇာတသတ်မင်းသည် မပြစ်မှားအပ်သော ငါ့အား ပြစ်မှားကား ပြစ်မှား၏၊ ထိုသို့ ပြစ်မှားသော်လည်း (ထိုအဇာတသတ်မင်းသည်) ငါ၏တူ ဖြစ်၏၊ ငါသည် မာဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏ သားဖြစ်သော အဇာတသတ်မင်း၏ အလုံးစုံသော ဆင်တပ် အလုံးစုံသော မြင်းတပ် အလုံးစုံသော ရထားတပ် အလုံးစုံသော ခြေသည်သူရဲတပ်ကို သိမ်းယူ၍ အသက်ရှင်စေလျက်ပင်လျှင် (မသတ်မူ၍) ထိုအဇာတသတ်မင်းကို လွှတ်ရမူကား ကောင်းလေစွ" ဟု (အကြံဖြစ်) ၏၊ ထိုအခါ ပသေနဒီကောသလမင်းသည် မာဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏ သားဖြစ်သော အဇာတသတ်မင်း၏ အလုံးစုံသော ဆင်အပေါင်း အလုံးစုံသော မြင်းအပေါင်း အလုံးစုံသော ရထားအပေါင်း အလုံးစုံသော ခြေသည်သူရဲအပေါင်းကို သိမ်းယူ၍ အသက်ရှင်စေလျက်ပင်လျှင် (မသတ်မူ၍) ထိုအဇာတသတ်မင်းကို လွှတ်၏။

ထိုအခါ၌ များစွာကုန်သော ရဟန်းတို့သည် နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်ကြကုန်၏၊ သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းစားပြီးသည့်နောက် ဆွမ်းခံရာမှ ဖဲခဲ့ကုန်ပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍ မြတ်စွာဘုရားကို ရှိခိုးကုန်လျက် တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကုန်၏ "အသျှင်ဘုရား မာဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏ သားဖြစ်သော အဇာတသတ်မင်းသည် အင်္ဂါလေးပါးရှိသော စစ်သည်တို့ကို စုရုံး၍ ပသေနဒီကောသလမင်းကို (စစ်တိုက်ရန်)ကာသိရွာသို့ ချီတက်ပါ၏၊ အသျှင်ဘုရား ပသေနဒီကောသလမင်းသည် မာဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏ သားဖြစ်သော အဇာတသတ်မင်းသည် အင်္ဂါလေးပါးရှိသော စစ်သည်ကို စုရုံး၍ ငါ့ကို(စစ်တိုက်ရန်) ကာသိရွာသို့ ချီတက်လာသတတ်"ဟု ကြားပါ၏၊ အသျှင်ဘုရား ထိုအခါ ပသေနဒီကောသလမင်းသည်လည်း အင်္ဂါလေးပါးရှိသော စစ်သည်ကို စုရုံး၍

http://www.dhammadownload.com



မာဂဓတိုင်းကို အစိုးရသော ဝေဒေဟီ မိဖုရား၏ သားဖြစ်သော အဇာတသတ်မင်းကို(ခုခံတိုက်ခိုက်ရန်) ကာသိရွာသို့ ကြိုတင်ချီတက်ပါ၏၊ အသျှင်ဘုရား ထိုအခါ၌ မာဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏ သားဖြစ်သော အဇာတသတ်မင်းသည်၎င်း ပသေနဒီကောသလမင်းသည်၎င်း စစ်တိုက်ကြပါကုန်၏၊ အသျှင်ဘုရား ထိုစစ်မြေပြင်၌ ပသေနဒီကောသလမင်းသည် မာဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏ သားဖြစ်သော အဇာတသတ်မင်းကို အောင်နိုင်ပါ၏၊ ထို အဇာတသတ်မင်းကို အရှင်ဖမ်းမိပါ၏၊ အသျှင်ဘုရား ထိုအခါ ပသေနဒီ ကောသလမင်းအား ဤသို့သော အကြံသည် ဖြစ်ပါ၏ "မာဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏ သားဖြစ်သော အဇာတသတ်မင်းသည် မပြစ်မှားအပ်သော ငါ့အား ပြစ်မှားကား ပြစ်မှား၏၊ ထိုသို့ ပြစ်မှားသော်လည်း(ထိုအဇာတသတ် မင်းသည်) ငါ၏ တူဖြစ်၏၊ ငါသည် မာဂဓတိုင်းကို အစိုးရသော ဝေဒေဟီ မိဖုရား၏သားဖြစ်သော အဇာတသတ်မင်း၏ အလုံးစုံသော ဆင်တပ် အလုံးစုံသော မြင်းတပ် အလုံးစုံသော ရထားတပ် အလုံးစုံသော ခြေသည်သူရဲတပ်ကို သိမ်းယူ၍ အသက်ရှင်စေလျက်ပင် လျှင် ထိုအဇာတသတ်မင်းကို လွှတ်ရမူကား ကောင်းလေစွ"ဟု (အကြံဖြစ်ပါ၏)၊ အသျှင်ဘုရား ထိုအခါ၌ ပသေနဒီကောသလမင်းသည် မာဂဓတိုင်းကို အစိုးရသော ဝေဒေဟီ မိဖုရား၏ သားဖြစ်သော အဇာတသတ်မင်း၏ အလုံးစုံသော ဆင်တပ် အလုံးစုံသော မြင်းတပ် အလုံးစုံသော ရထားတပ် အလုံးစုံသော ခြေသည် သူရဲတပ်ကို သိမ်းယူ၍ အသက်ရှင်စေလျက်ပင်လျှင် ထို အဇာတသတ်မင်းကို လွှတ်ပါ၏ဟု (လျှောက်ကုန်၏)။

မြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူ၍ ထိုအခါ၌ ဤဂါထာတို့ကို ရွတ်ဆိုတော်မူ၏ -----

ယောကျ်ားသည် အကြင်မျှလောက် (သူတပါးအား) ညှဉ်းဆဲဖျက်ဆီး၏၊ ထိုသူအား ထိုမျှလောက်ပင် လုယက်ဖျက်ဆီးခြင်းကို ခံရသည်သာလျှင်တည်း၊ အကြင်အခါ၌ ထိုသူကို တပါးသော သူတို့သည် လုယက်ဖျက်ဆီးကုန်၏၊ ထိုအခါ လုယက်ဖျက်ဆီးခံရသော ထိုသူသည် ပြန်လည် လုယက်ဖျက်ဆီးတတ်၏။

အကြင်မျှလောက် ကာလပတ်လုံး မကောင်းမှုသည် အကျိုးမပေးသေး၊ ထိုမျှလောက် ကာလပတ်လုံး သူမိုက်သည် သင့်လျော်သော အကြောင်းဟူ၍သာလျှင် မှတ်ထင်၏၊ အကြင် အခါ၌ကား မကောင်းမှုသည် အကျိုးပေး၏၊ ထိုအခါ သူမိုက်သည် ဆင်းရဲသို့ ရောက်၏။

သူတပါးကို သတ်ဖြတ်ညှဉ်းဆဲတတ်သော သူသည် မိမိအား သူတပါး သတ်ဖြတ်ညှဉ်းဆဲခြင်း ကို ခံရ၏၊ သူတပါးကို အောင်နိုင်သောသူသည် မိမိအား သူတပါး အနိုင်ခံရ၏၊ သူတပါးကို ဆဲရေးတတ်သော သူသည်လည်း မိမိအား သူတပါး ဆဲရေးခြင်း ခံရ၏၊ သူတပါးကို ချုတ်ချယ် တတ်သော သူသည် မိမိအား သူတပါး ချုတ်ချယ်ခြင်း ခံရ၏၊ စင်စစ် အကျိုးပေး လည် သဖြင့် လုယက်ဖျက်ဆီးတတ်သော ထိုယောကျ်ားသည် တဖန် လုယက်ခြင်းကို ခံရ၏ ဟု (ရွတ်ဆိုတော်မူ၏)။

## ၆-မလ္လိကာသုတ်

၁၂၇။ သာဝတ္ထိနိဒါန်း။ ထိုအခါ၌ ပသေနဒီကောသလ မင်းသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ထိုင်နေ၏၊ ထိုအခါ၌ တယောက်သော ယောကျ်ား သည် ပသေနဒီကောသလမင်းကြီးထံသို့ ချဉ်းကပ်၍ ပသေနဒီကောသလမင်းကြီး၏ နားရင်းသို့

http://www.dhammadownload.com



ကပ်၍ အရှင်မင်းကြီး "မလ္လိကာမိဖုရားသည် သမီးတော်ကို ဖွားမြင်ပါ၏"ဟု ကြားလျှောက်၏၊ ဤသို့ ကြားလျှောက်သည်ရှိသော် ပသေနဒီကောသလမင်းသည် နှလုံးမသာယာ ဖြစ်၏၊ ထိုအခါ မြတ်စွာဘုရားသည် ပသေနဒီကောသလမင်း နှလုံးမသာယာသည်၏ အဖြစ်ကို သိ၍ ထိုအချိန်၌ ဤဂါထာတို့ကို ရွတ်ဆိုတော်မူ၏—

လူတို့ကို အစိုးရသောမင်း (သမီးတော်ကို) ကျေးမွေးသုတ်သင်လော့၊ ပညာရှိသော အကျင့်သီလရှိသော ယောက္ခမကို နတ်ကဲ့သို့ ရိုသေသော လင်ကို လုပ်ကျွေးသော အချို့သော မိန်းမသည်လည်း မြတ်၏။

အရပ်မျက်နှာတို့၏ အရှင်ဖြစ်သောမင်း ထိုမိန်းမအား အကြင်သားယောက်ျားကို မွေးဖွား၏၊ ထိုသို့သဘောရှိသော မိန်းမကောင်း၏ သားသည် ရဲရင့်၏၊ တိုင်းပြည်ကိုလည်း(အုပ်ချုပ်) ဆုံးမနိုင်၏ ဟု(ရွတ်ဆိုတော်မူ၏)။

## ၇-အပ္ပမာဒသုတ်

၁၂၈။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်ပြီးသော ပသေနဒီကောသလမင်းသည် မြတ်စွာဘုရားအား "အသျှင်ဘုရား မျက်မှောက်ဘဝ၌ ခံစားရသောအကျိုး တမလွန်ဘဝ၌ ခံစားရသော အကျိုးဟူသော အကျိုးနှစ်ပါးတို့ကို သိမ်းကျုံးယူ၍ တည်သော တခုသော တရားသည် ရှိပါသလော"ဟု ဤစကားကို လျှောက်၏၊ မင်းကြီး မျက်မှောက်ဘဝ၌ ခံစားရသော အကျိုး တမလွန်ဘဝ၌ ခံစားရသော အကျိုးဟူသော အကျိုးနှစ်ပါးတို့ကို သိမ်းကျုံးယူ၍ တည်သော တခုသော တရားသည် ရှိသည်သာလျှင်တည်း ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား မျက်မှောက်ဘဝ၌ ခံစားရသော အကျိုး တမလွန်ဘဝ၌ ခံစားရသောအကျိုး ဟူသော အကျိုးနှစ်ပါးတို့ကို သိမ်းကျုံးယူ၍တည်သော တခုသော တရားသည် အဘယ်ပါနည်းဟု (ဤသို့ လျှောက်၏)၊ မင်းကြီး မျက်မှောက်ဘဝ၌ ခံစားရသောအကျိုး တမလွန်ဘဝ၌ ခံစားရသော အကျိုးဟူသော အကျိုးနှစ်ပါးတို့ကို သိမ်းကျုံးယူ၍ တည်သော တခုသော တရားဟူသည် မမေ့မလျော့မှုအပ္ပမာဒတရားပင်တည်း၊မင်းကြီးဥပမာသော်ကား ကုန်းသတ္တဝါတို့၏ခြေရာဟူသမျှ အားလုံးတို့သည် ဆင်ခြေရာ၌ပေါင်းစုခြင်းသို့ရောက်ကုန်၏၊ဆင်ခြေရာကိုကြီးသည်၏အဖြစ်ကြောင့် ထိုကုန်းသတ္တဝါတို့၏ ခြေရာတို့ထက်လွန်ကဲ၏ဟူ၍ပြောကြားအပ်သကဲ့သို့မင်းကြီးဤအတူသာလျှင် မျက်မှောက်ဘဝ၌ ခံစားရသော အကျိုး တမလွန်ဘဝ၌ ခံစားရသော အကျိုးဟူသော အကျိုးနှစ်ပါးတို့ကို သိမ်းကျုံးယူ၍ တည်သော တခုသော တရားဟူသည် မမေ့မလျော့မှုအပ္ပမာဒတရားပင်တည်း ဟု (မိန့်တော်မူ၏)။မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။ပ။

အသက်ရှင်ခြင်းကိုရှင်း ရောဂါမရှိခြင်းကိုရှင်း အဆင်းလှခြင်းကိုရှင်း နတ်ပြည်ကိုရှင်း အမျိုးမြတ်ခြင်းကိုရှင်း မွေ့လျော်ခြင်း တို့ကိုရှင်း အဆင့်ဆင့် အမြတ်တို့ကို တောင့်တသော သူသည် (မမေ့မလျော့ ပြုအပ်၏)။

ပညာရှိတို့သည် ကုသိုလ်ပြုရာ ပုညကိရိယာဝတ္ထုတို့၌ မမေ့မလျော့ခြင်းကို ချီးမွမ်းကုန်၏၊ မမေ့မလျော့သော ပညာရှိသည် အကျိုးနှစ်ပါးတို့ကို သိမ်းယူနိုင်၏၊မျက်မှောက်ဘဝ၌ ခံစားရသောအကျိုး တမလွန်ဘဝ၌ ခံစားရသောအကျိုးဟူသော အကျိုးနှစ်ပါးကို ရခြင်းကြောင့် ပညာရှိသော သူကို ပဏ္ဍိတဟူ၍ ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၈-ကလျာဏမိတ္တသုတ်

၁၂၉။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်ပြီးသော် ပသေနဒီကောသလမင်းသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ "အသျှင်ဘုရား ဆိတ်ငြိမ်ရာသို့ ကပ်သည်ဖြစ်၍ တယောက်တည်းနေသော အကျွန်ုပ်အား ဤသို့ စိတ်အကြံသည် ထင်ရှားဖြစ်ပေါ်၏၊ မြတ်စွာဘုရားသည် တရားတော်ကိုကောင်းစွာဟောတော်မူအပ်၏၊ ကောင်းစွာဟောတော်မူအပ်သော ထိုတရားသည်လည်း ကောင်းသောအဆွေခင်ပွန်းရှိသောသူအားသာဖြစ်၏၊ ကောင်းသောအပေါင်းအဖော် ရှိသောသူအားသာ ဖြစ်၏၊ သူတော်ကောင်းတို့၌ ညွတ်သော စိတ်ရှိသော သူအားသာ ဖြစ်၏၊ ယုတ်မာသော အဆွေခင်ပွန်းရှိသောသူအား မဖြစ်၊ ယုတ်မာသောအပေါင်းအဖော်ရှိသောသူအား မဖြစ်၊ ယုတ်မာသောသူတို့၌ ညွတ်သောစိတ်ရှိသောသူအား မဖြစ်" အကြံဖြစ်၏ဟု လျှောက်၏၊ မင်းကြီး ဤအကြံသည် ဤအတိုင်းမှန်၏၊ မင်းကြီး ဤအကြံသည် ဤအတိုင်းမှန်၏။ မင်းကြီး ငါဘုရားသည် တရားတော်ကို ကောင်းစွာဟောတော်မူအပ်၏၊ ကောင်းစွာ ဟောတော်မူအပ်သော ထိုတရားသည်လည်း ကောင်းသော အဆွေခင်ပွန်းရှိသော သူအားသာ ဖြစ်၏၊ ကောင်းသော အပေါင်းအဖော်ရှိသောသူအားသာဖြစ်၏၊ သူတော်ကောင်းတို့၌ညွတ်သောစိတ်ရှိသောသူအားသာ ဖြစ်၏၊ မကောင်းသော အဆွေခင်ပွန်းရှိသောသူအား မဖြစ်၊ မကောင်းသော အပေါင်းအဖော် ရှိသောသူအား မဖြစ်၊ ယုတ်မာသောသူတို့၌ ညွတ်သောစိတ်ရှိသောသူအား မဖြစ်။

မင်းကြီး အခါတပါး၌ ငါဘုရားသည် သက္ကတိုင်း သာကီဝင်တို့၏ နဂရကမည်သောနိဂုံး၌ (သီတင်းသုံး)နေတော်မူ၏၊ မင်းကြီး ထိုအခါ အာနန္ဒာရဟန်းသည် ငါဘုရားထံသို့ ချဉ်းကပ်၍ ငါဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်ပြီးသော် ငါဘုရားအား ဤစကားကို လျှောက်၏၊ အသျှင်ဘုရား ကောင်းသော အဆွေခင်ပွန်းရှိသော သူ၏အဖြစ် ကောင်းသော အပေါင်းအဖော်ရှိသော သူ၏အဖြစ် သူတော်ကောင်းတို့၌ ညွတ်သော စိတ်ရှိသော သူ၏အဖြစ်သည် မြတ်သော (မဂ်အကျင့်၏) ထက်ဝက်ကို ပြီးစေနိုင်ပါ၏ဟု လျှောက်၏။

မင်းကြီး ဤသို့ လျှောက်သည်ရှိသော် ငါဘုရားသည် အာနန္ဒာရဟန်းအား ဤစကားကို မိန့်တော်မူ၏ "အာနန္ဒာ ဤသို့ မဆိုလင့်၊ အာနန္ဒာ ဤသို့ မဆိုလင့်၊ အာနန္ဒာ ကောင်းသော အဆွေခင်ပွန်းရှိသော သူ၏အဖြစ် ကောင်းသော အပေါင်းအဖော်ရှိသောသူ၏အဖြစ် သူတော်ကောင်းတို့၌ ညွတ်သောစိတ်ရှိသောသူ၏အဖြစ်သည် မြတ်သော (မဂ်အကျင့်) အားလုံးကိုပင် ပြီးစေနိုင်၏၊ အာနန္ဒာ ကောင်းသောအဆွေခင်ပွန်းရှိသော ကောင်းသောအပေါင်းအဖော်ရှိသော သူတော်ကောင်းတို့၌ ညွတ်သောစိတ်ရှိသောသူအား မြတ်သောအင်္ဂါရှစ်ပါးနှင့်ပြည့်စုံသောမဂ်ကို ပွါးလတ္တံ့၊ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ်ကို ကြိမ်ဖန်များစွာ ပြုလတ္တံ့ ဟူသော ဤအကျိုးကို မချွတ်ရလိမ့်မည်ဟု မှတ်သင့်အပ်၏။

အာနန္ဒာ အဘယ်သို့လျှင် ကောင်းသော အဆွေခင်ပွန်းရှိသော ကောင်းသောအပေါင်း အဖော်ရှိသော သူတော်ကောင်းတို့၌ညွတ်သောစိတ်ရှိသောရဟန်းသည်မြတ်သောအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ်ကို ပွါးသနည်း၊ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ်ကို ကြိမ်ဖန်များစွာ ပြုသနည်း။ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်မှု 'ဝိဝေက'ကို မှီသော ရာဂ ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော ကိလေသာကို စွန့်ရာနိဗ္ဗာန်သို့ညွတ်သောမှန်ကန်သော အမြင် သမ္မာဒိဋ္ဌိကို ပွါး၏၊ မှန်ကန်သော အကြံ သမ္မာသင်္ကပ္ပကို ပွါး၏၊ မှန်ကန်သော စကား သမ္မာဝါစာကို ပွါး၏၊ မှန်ကန်သောအမှု သမ္မာကမ္မန္တကို ပွါး၏၊ မှန်ကန်သော အသက်မွေးမှု သမ္မာ

http://www.dhammadownload.com



အာဇီဝကို ပွားး၏၊ မှန်ကန်သော အားထုတ်မှု သမ္မာဝါယာမကို ပွားး၏။ မှန်ကန်သော အောက်မေ့မှု သမ္မာသတိကို ပွားး၏။ ဆိတ်ငြိမ်မှု'ဝိဝေက'ကို မှီသောရာဂကင်းခြင်းကို မှီသော ချုပ်ခြင်းကိုမှီသော ကိလေသာကိုစွန့်ရာ နိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သော တည်ကြည်မှု သမ္မာသမာဓိကို ပွားး၏။ အာနန္ဒာ ဤသို့လျှင် ကောင်းသော အဆွေခင်ပွန်းရှိသော ကောင်းသော အပေါင်းအဖော်ရှိသော သူတော်ကောင်းတို့၌ ညွတ်သောစိတ်ရှိသော ရဟန်းသည် မြတ်သောအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ်ကို ပွားများ၏၊ မြတ်သောအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ်ကို ကြိမ်ဖန်များစွာပြု၏။ အာနန္ဒာ ကောင်းသောအဆွေခင်ပွန်းရှိသော သူ၏အဖြစ် ကောင်းသော အပေါင်းအဖော်ရှိသောသူ၏အဖြစ် သူတော်ကောင်းတို့၌ညွတ်သောစိတ်ရှိသောသူ၏အဖြစ်သည်မြတ်သော(မဂ်အကျင့်)အားလုံးကိုပင် ပြီးစေနိုင်၏ဟူသော ထိုစကားကို ဤအကြောင်းဖြင့်ပင် သိအပ်၏။

အာနန္ဒာ မှန်၏၊ အဆွေခင်ပွန်းကောင်း ဖြစ်သော ငါဘုရားကို အကြောင်းပြု၍ ပဋိသန္ဓေနေခြင်းသဘောရှိကုန်သော သတ္တဝါတို့သည် ပဋိသန္ဓေနေခြင်းမှ လွတ်ကုန်၏၊ အိုခြင်းသဘောရှိကုန်သော သတ္တဝါတို့သည် အိုခြင်းမှလွတ်ကုန်၏၊နာခြင်းသဘောရှိကုန်သော သတ္တဝါတို့သည် နာခြင်းမှ လွတ်ကုန်၏။ သေခြင်းသဘောရှိကုန်သော သတ္တဝါတို့သည် သေခြင်းမှ လွတ်ကုန်၏၊ ပူဆွေးခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်းပြင်းစွာ ပင်ပန်းခြင်း သဘောရှိသော သတ္တဝါတို့သည် ပူဆွေးခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်းပြင်းစွာ ပင်ပန်းခြင်းတို့မှ လွတ်ကုန်၏ အာနန္ဒာ ကောင်းသောအဆွေခင်ပွန်းရှိသော သူ၏အဖြစ် ကောင်းသော အပေါင်းအဖော်ရှိသောသူ၏အဖြစ် သူတော်ကောင်းတို့၌ ညွတ်သောစိတ်ရှိသောသူ၏အဖြစ်သည် မြတ်သော (မဂ်အကျင့်) အားလုံးကိုပင် ပြီးစေနိုင်၏ဟူသော ထိုစကားကို ဤအကြောင်းဖြင့်ပင် သိအပ်၏။ မင်းကြီး ထိုသို့ အလုံးစုံသော မြတ်သောမဂ်အကျင့်ကိုလည်း ကောင်းသော အဆွေခင်ပွန်းကိုမှီ၍ ရသည်၏အဖြစ်ကြောင့် သင်သည် ဤသို့ ကျင့်ရမည်။

"ငါသည် ကောင်းသော အဆွေခင်ပွန်းရှိသူ ကောင်းသော အပေါင်းအဖော်ရှိသူ သူတော်ကောင်းတို့၌ညွတ်သောစိတ်ရှိသောသူဖြစ်အံ့"ဟုကျင့်ရမည်။မင်းကြီးသင်သည်ဤသို့လျှင်ကျင့်ရမည်။ မင်းကြီး ကောင်းသော အဆွေခင်ပွန်းရှိသော ကောင်းသော အပေါင်းအဖော်ရှိသော သူတော်ကောင်းတို့၌ ညွတ်သော စိတ်ရှိသော သင်သည် ကုသိုလ်တရားတို့၌ မမေ့မလျော့မှုဟူသော ဤတခုသော အပ္ပမာဒတရားကိုမှီ၍ နေအပ်၏။ မင်းကြီး မမေ့မလျော့ခြင်းကို မှီ၍ မမေ့မလျော့နေသော သင်မင်းကြီး၏ မောင်းမအပေါင်းအား ဤအကြံသည် ဖြစ်လတ္တံ့ "မင်းသည် မမေ့မလျော့ခြင်းကို မှီ၍ မမေ့မလျော့နေ၏၊ ယခု ငါတို့သည်လည်း မမေ့မလျော့ခြင်းကို မှီ၍ မမေ့မလျော့နေကုန်အံ့"ဟု အကြံဖြစ်လတ္တံ့။မင်းကြီး မမေ့မလျော့နေခြင်းကိုမှီ၍ မမေ့မလျော့နေသော သင်၏နောက်လိုက် မင်းတို့အားလည်း ဤအကြံသည် ဖြစ်လတ္တံ့ "မင်းသည် မမေ့မလျော့ခြင်းကို မှီ၍ မမေ့မလျော့နေ၏၊ ယခု ငါတို့သည်လည်း မမေ့မလျော့ခြင်းကို မှီ၍ မမေ့မလျော့နေကုန်အံ့" ဟု အကြံဖြစ်လတ္တံ့၊ မင်းကြီး မမေ့မလျော့ခြင်းကို မှီ၍ မမေ့မလျော့နေသော သင်၏ဗိုလ်ပါအပေါင်းအားလည်း ဤအကြံသည် ဖြစ်လတ္တံ့ "မင်းသည် မမေ့မလျော့ခြင်းကို မှီ၍ မမေ့မလျော့ နေ၏၊ ယခု ငါတို့သည်လည်း မမေ့မလျော့ခြင်းကို မှီ၍ မမေ့မလျော့ နေကုန်အံ့" ဟု အကြံဖြစ်လတ္တံ့၊ မင်းကြီး မမေ့မလျော့ခြင်းကို မှီ၍ မမေ့မလျော့နေသော သင်၏ နိဂုံးဇနပုဒ်၌ နေသူအားလည်း ဤအကြံသည် ဖြစ်လတ္တံ့ "မင်းသည် မမေ့မလျော့ခြင်းကို မှီ၍ မမေ့မလျော့နေ၏၊ ယခု ငါတို့သည်လည်း မမေ့မလျော့ခြင်းကို မှီ၍ မမေ့မလျော့နေကုန်အံ့" ဟု အကြံဖြစ်လတ္တံ့၊ မင်းကြီး

http://www.dhammadownload.com



မမေ့မလျော့ခြင်းကို မှီ၍ မမေ့မလျော့ နေသော သင်၏ ကိုယ်သည်လည်း လုံခြုံစေအပ်သည် စောင့်ရှောက်အပ်သည် ဖြစ်လတ္တံ့၊ မောင်းမအပေါင်းသည်လည်း လုံခြုံစေအပ်သည် စောင့်ရှောက်အပ်သည် ဖြစ်လတ္တံ့၊ ဘဏ္ဍာတိုက် ကျီကြကိုလည်း လုံးခြုံစေအပ်သည် စောင့်ရှောက်အပ်သည် ဖြစ်လတ္တံ့" ဟု မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။ပ။

အဆင့်ဆင့် မြတ်ကုန်သော စည်းစိမ်တို့ကို တောင့်တသောသူသည်(မမေ့မလျော့)ပြုအပ်၏၊ ကုသိုလ်ပြုရာ (ပုညကိရိယာ)ဝတ္ထုတို့၌ မမေ့မလျော့ခြင်းကို ပညာရှိသူတို့သည် ချီးမွမ်းကုန်၏။

မမေ့မလျော့သော ပညာရှိသည် အကျိုးနှစ်ပါးတို့ကို သိမ်းယူနိုင်၏၊ မျက်မှောက်ဘဝ၌ ခံစားရသောအကျိုး တမလွန်ဘဝ၌ ခံစားရသောအကျိုး ဟူသော အကျိုးနှစ်ပါးကို ရခြင်းကြောင့် ပညာရှိသော သူကို ပဏ္ဍိတဟူ၍ ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

## ၉-ပဌမ အပုတ္တကသုတ်

၁၃၀။ သာဝတ္ထိနိဒါန်း။ ထိုအခါ၌ ပသေနဒီကောသလမင်းသည် နေမွန်းတည့်အခါ၌ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော ပသေနဒီကောသလမင်းကြီးအား မြတ်စွာဘုရားသည် "မင်းကြီး သင်သည် ယခု မွန်းတည့်အခါ၌ အဘယ်အရပ်က လာခဲ့သနည်း"ဟု ဤစကားကို မိန့်တော်မူ၏။

အသျှင်ဘုရား ဤသာဝတ္ထိပြည်၌ သူဌေးကြီးသည် သေခဲ့၏၊ (အမွေခံ) သားမရှိသော ထိုသူဌေးကြီး၏ ဥစ္စာကို အကျွန်ုပ်သည် နန်းတော်တွင်းသို့ သွင်း၍ လာခဲ့ပါ၏၊ အသျှင်ဘုရား ရွှေချည်းပင် ရှစ်သန်းရှိပါ၏၊ ငွေမှုကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း၊ အသျှင်ဘုရားထိုသူဌေး၏ ထမင်းသုံးဆောင်ခြင်းသည် ဤသို့သဘောရှိပါ၏၊ ပုန်းရည်လျှင် နှစ်ခွက်မြောက်သော ဆန်ကွဲထမင်းကို စာသုံး၏၊ အဝတ်ကိုသုံးဆောင်ခြင်းသည် ဤသို့သဘောရှိပါ၏၊ သုံးလွှာစပ်၍ချုပ်သော ပိုက်ဆံလျှော်အဝတ်ကို ဝတ်၏၊ ယာဉ်ကိုသုံးဆောင်ခြင်းသည် ဤသို့သဘောရှိပါ၏၊သစ်ရွက်ထီးကို ဆောင်းလျက် ဆွေးမြေ့သော ရထားငယ်ဖြင့် သွားပါ၏ ဟု လျှောက်၏။

မင်းကြီး ဤစကားသည် ဤအတိုင်းမှန်၏၊ မင်းကြီး ဤစကားသည် ဤအတိုင်းမှန်၏၊ မင်းကြီး သူတော်မဟုတ်သော သူယုတ်သည် များမြတ်ကုန်သော စည်းစိမ်တို့ကို ရ၍ မိမိကိုယ်ကို မချမ်းသာစေ မပြည့်ဖြိုးစေ၊အမိအဖတို့ကို မချမ်းသာစေ မပြည့်ဖြိုးစေ၊သားမယားကို မချမ်းသာစေ မပြည့်ဖြိုးစေ၊ကျွန်အလုပ်သမားတို့ကို မချမ်းသာစေ မပြည့်ဖြိုးစေ၊မိတ်ဆွေခင်ပွန်းတို့ကို မချမ်းသာစေ မပြည့်ဖြိုးစေ။ အထက်နတ်ဘုံ၌ မြတ်သောအကျိုးကို ဖြစ်စေတတ်သော နတ်ပြည်၌ ဖြစ်စေတတ်သော ချမ်းသာသော အကျိုးနှင့်ပြည့်စုံသော မွန်မြတ်သော အကျိုးကို ဖြစ်စေတတ်သော အလှူကို သမဏ ဗြာဟ္မဏတို့၌ မဖြစ်စေ၊ ထိုသူ၏ ဤသို့ကောင်းစွာ မသုံးဆောင်အပ်ကုန်သော ထိုစည်းစိမ်ဥစ္စာတို့ကို မင်းတို့ သည်မူလည်း ဆောင်ကုန်၏၊ခိုးသူတို့သည်မူလည်း ဆောင်ကုန်၏၊ မီးသည်မူလည်း လောင်၏၊ရေသည်မူလည်း မျော၏၊မချစ်မနှစ်လိုအပ်ကုန်သော အမွေခံတို့သည်မူလည်း ဆောင်ကုန်၏၊ မင်းကြီး ဤသို့ ထိုသူ၏ ထိုစည်းစိမ်ဥစ္စာတို့သည် ကောင်းစွာ မသုံးဆောင်အပ်ကုန်သည် ဖြစ်၍ ကုန်ခမ်းခြင်းသို့ ရောက်ကုန်၏၊ သုံးဆောင်ခြင်းသို့ မရောက်ကုန်။

http://www.dhammadownload.com



မင်းကြီး ဥပမာသော်ကား လူမရှိသော အရပ်၌ ကြည်လင်သော ရေရှိသော ချမ်းအေးသော ရေရှိသော ချိုမြိန်သော ရေရှိသော ဖြူသော ရေရှိသော ကောင်းသော ရေဆိပ်ရှိသော နှလုံးမွေ့လျော် ပျော်ဖွယ်ရာရှိသော ရေကန်သည် ရှိ၏။ ထိုရေကို လူအပေါင်းသည် မဆောင်ယူရာ၊ မသောက်ရာ၊ မချိုးရာ၊ အလိုရှိတိုင်း မပြုရာ၊ မင်းကြီး ဤသို့ မပြုသော်လည်း ထိုရေသည် ကောင်းစွာ မသုံးဆောင်ပဲလျက် ကုန်ခန်းခြင်းသို့ ရောက်ရာ၏၊ သုံးဆောင်ခြင်းသို့ မရောက်ရာ။

မင်းကြီး... ဤအတူသာလျှင် သူတော်မဟုတ်သော သူယုတ်သည် များစွာမြတ်ကုန်သော စည်းစိမ်တို့ကို ရ၍ မိမိကိုယ်ကို မချမ်းသာစေ မပြည့်ဖြိုးစေ၊ အမိအဖတို့ကို မချမ်းသာစေ မပြည့်ဖြိုးစေ၊ သားမယားကို မချမ်းသာစေ၊ မပြည့်ဖြိုးစေ၊ ကျွန်အလုပ်သမားတို့ကို မချမ်းသာစေ၊ မပြည့်ဖြိုးစေ၊ မိတ်ဆွေခင်ပွန်းတို့ကို မချမ်းသာစေ၊ မပြည့်ဖြိုးစေ၊ အထက်နတ်ဘုံတို့၌ မြတ်သော အကျိုးကို ဖြစ်စေတတ်သော နတ်ပြည်၌ ဖြစ်စေတတ်သော ချမ်းသာသော အကျိုးနှင့် ပြည့်စုံသော မွန်မြတ်သော အကျိုးကို ဖြစ်စေတတ်သော အလှူကို သမဏဗြာဟ္မဏတို့၌ မဖြစ်စေ။ ထိုသူ၏ ဤသို့ ကောင်းစွာ မသုံးဆောင်အပ်ကုန်သော ထိုစည်းစိမ်ဥစ္စာတို့ကို မင်းတို့သည်မူလည်း ဆောင်ကုန်၏၊ ခိုးသူတို့သည်မူလည်း ဆောင်ကုန်၏၊ မီးသည်မူလည်း လောင်၏၊ ရေ၌မူလည်း မျော၏၊ မချစ်မနှစ်လိုအပ်ကုန်သော အမွေခံတို့သည်မူလည်း ဆောင်ကုန်၏။ မင်းကြီး....ဤသို့ ထိုသူ၏ ထိုစည်းစိမ်ဥစ္စာတို့သည် ကောင်းစွာ မသုံးဆောင်အပ်ကုန်သည်ဖြစ်၍ ကုန်ခန်းခြင်းသို့ ရောက်ကုန်၏၊ သုံးဆောင်ခြင်းသို့ မရောက်ကုန်။

မင်းကြီး....စင်စစ် သူတော်ကောင်း ဖြစ်သောသူသည် များစွာမြတ်ကုန်သော စည်းစိမ်ဥစ္စာတို့ကို ရ၍ မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊ အမိအဖတို့ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊ သားမယားကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊ ကျွန်အလုပ်သမားတို့ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊ မိတ်ဆွေခင်ပွန်းတို့ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊ အထက်နတ်ဘုံတို့၌ မြတ်သော အကျိုးကို ဖြစ်စေတတ်သော နတ်ပြည်၌ ဖြစ်စေတတ်သော ချမ်းသာသောအကျိုးနှင့် ပြည့်စုံသော မွန်မြတ်သောအကျိုးကို ဖြစ်စေတတ်သော အလှူကို သမဏဗြာဟ္မဏတို့၌ ဖြစ်စေ၏။ ထိုသူ၏ ကောင်းစွာ သုံးဆောင်အပ်ကုန်သော ထိုစည်းစိမ်ဥစ္စာတို့ကို မင်းတို့သည်မူလည်း မဆောင်ကုန်၊ ခိုးသူတို့သည်မူလည်း မဆောင်ကုန်၊ မီးသည်မူလည်း မလောင်၊ ရေ၌မူလည်း မမျော၊ မချစ်မနှစ်လိုအပ်ကုန်သော အမွေခံတို့သည်မူလည်း မဆောင်ကုန်၊ မင်းကြီး... ဤသို့ ထိုသူ၏ ထိုစည်းစိမ်ဥစ္စာတို့သည် ကောင်းစွာ သုံးဆောင်အပ်ကုန်သည်ဖြစ်၍ သုံးဆောင်ခြင်းသို့ ရောက်ကုန်၏၊ ကုန်ခန်းခြင်းသို့ မရောက်ကုန်။

မင်းကြီး....ဥပမာသော်ကား ရွာ၏ရင်း နိဂုံး၏ရင်း မနီးမဝေး၌ ကြည်လင်သော ရေရှိသော ချမ်းအေးသော ရေရှိသော ချိုမြိန်သော ရေရှိသော ဖြူသော ရေရှိသော ကောင်းသော ရေဆိပ်ရှိသော နှလုံးမွေ့လျော် ပျော်ဖွယ်ရာရှိသော ရေကန်သည် ရှိ၏၊ ထိုရေကို လူအပေါင်းသည် ဆောင်လည်း ဆောင်ရာ၏၊ သောက်လည်း သောက်ရာ၏၊ ချိုးလည်း ချိုးရာ၏၊ အလိုရှိတိုင်း ပြုလည်း ပြုရာ၏၊ မင်းကြီး .. ဤသို့လျှင် ထိုရေသည် ကောင်းစွာ သုံးဆောင်အပ်သည်ဖြစ်၍ သုံးဆောင်ခြင်းသို့ ရောက်ရာ၏၊ ကုန်ခန်းခြင်းသို့ မရောက်ရာ၊ မင်းကြီး... ဤအတူသာလျှင် သူတော်ကောင်းသည် များစွာမြတ်ကုန်သော စည်းစိမ်ဥစ္စာတို့ကို ရ၍ မိမိကိုယ်ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊ အမိအဖတို့ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊ သားမယားတို့ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊ ကျွန်အလုပ်သမားတို့ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊ မိတ်ဆွေခင်ပွန်းတို့ကို ချမ်းသာစေ၏၊ ပြည့်ဖြိုးစေ၏၊ အထက်နတ်ဘုံ၌ ဖြစ်စေတတ်သော နတ်ပြည်၌ ဖြစ်စေတတ်သော

http://www.dhammadownload.com



ချမ်းသာသော အကျိုးနှင့် ပြည့်စုံသော မွန်မြတ်သော အကျိုးကို ဖြစ်စေတတ်သော အလှူကို သမဏဗြာဟ္မဏတို့၌ ဖြစ်စေ၏၊ ထိုသူ၏ ဤသို့ ကောင်းစွာ သုံးဆောင်အပ်ကုန်သော ထိုစည်းစိမ် ဥစ္စာတို့ကို မင်းတို့သည်မူလည်း မဆောင်ကုန်၊ ခိုးသူတို့သည်မူလည်း မဆောင်ကုန်၊ မီးသည်မူလည်း မလောင်၊ ရေ၌မူလည်း မမျော၊ မချစ်မနှစ်လိုအပ်ကုန်သော အမွေခံတို့သည်မူလည်း မဆောင်ကုန်၊ မင်းကြီး .. ဤသို့ ထိုသူ၏ ထိုစည်းစိမ်ဥစ္စာတို့သည် ကောင်းစွာ သုံးဆောင်အပ်ကုန်သည်ဖြစ်၍ သုံးဆောင်ခြင်းသို့ ရောက်ကုန်၏၊ ကုန်ခန်းခြင်းသို့ မရောက်ကုန်။

လူမရှိရာအရပ်၌ အေးမြသော ရေသည် မသောက်အပ်သည် ဖြစ်၍ 'ခြောက်ခန်းခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ ယုတ်မာသော ယောကျ်ားသည် ဥစ္စာကိုရ၍ မိမိသည်မူလည်း မသုံးဆောင်၊ သူတပါးကိုမူလည်း မပေး၊ (ထိုဥစ္စာသည် အလိုလို ကုန်ခန်းခြင်းသို့ ရောက်၏)။

သိကြားလိမ္မာသော ပညာရှိသည် စည်းစိမ်ဥစ္စာတို့ကို ရ၍ သုံးဆောင် ခံစား၏၊ကိစ္စကိုလည်း ပြု၏၊ ထိုပညာရှိသည် ဆွေမျိုးအပေါင်းအား ချီးမြှောက်ထောက်ပံ့ခြင်းကို ပြုလျက် မကဲ့ရဲ့ အပ်သည်ဖြစ်၍ ကောင်းမှုကို ပြုသောသူတို့၏ တည်ရာဖြစ်သော နတ်ပြည်သို့ ရောက်၏ ဟု (မိန့်တော်မူ၏)။

## ၁၀. ဒုတိယ အပုတ္တကသုတ်

၁၃၁။ ထိုအခါ ပသေနဒီကောသလမင်းသည် နေမွန်းတည့်အခါ၌ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ တခုသောနေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော ပသေနဒီကောသလ မင်းအား မြတ်စွာဘုရားသည် "မင်းကြီး ...သင်သည် နေမွန်းတည့်အခါ၌ အဘယ်အရပ်က လာခဲ့ သနည်း" ဟု ဤစကားကို မိန့်တော်မူ၏။

အသျှင်ဘုရား ဤသာဝတ္ထိပြည်၌ သူဌေးကြီးသည် သေပါ၏၊(အမွေခံ)သားမရှိသော ထိုဥစ္စာ ကို အကျွန်ုပ်သည် နန်းတော်တွင်းသို့ သွင်း၍ လာခဲ့ပါ၏၊ အသျှင်ဘုရား ...ရွှေချည်းပင် သိန်းတရာ ရှိပါ၏၊ ငွေမူကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း၊ အသျှင်ဘုရား ...ထိုသူဌေး၏ ထမင်းသုံးဆောင် ခြင်းသည် ဤသို့ သဘောရှိပါ၏၊ ပုန်းရည်လျှင် နှစ်ခွက်မြောက်သော ဆန်ကွဲထမင်းကို စားသုံး၏၊ အဝတ်ကို သုံးဆောင်ခြင်းသည် ဤသို့ သဘောရှိပါ၏၊ သုံးလွှာစပ်၍ ချုပ်သော ပိုက်ဆံလျှော် အဝတ်ကို ဝတ်၏၊ ယာဉ်ကို သုံးဆောင်ခြင်းသည် ဤသို့ သဘောရှိပါ၏၊ သစ်ရွက်ထီးကို ဆောင်းလျက် ဆွေးမြေ့သော ရထားငယ်ဖြင့် သွားပါ၏ ဟု (လျှောက်၏)။

မင်းကြီး .. ဤစကားသည် ဤအတိုင်း မှန်၏၊ မင်းကြီး .. ဤစကားသည် ဤအတိုင်း မှန်၏။ မင်းကြီး ...ရှေး၌ ဖြစ်ဘူးသည်ကား ထိုသူဌေးကြီးသည် တဂ္ဂရသိခိအမည်ရှိသော ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူစေ၏၊ ရဟန်းအား ဆွမ်းလှူကြကုန်လော့ ဟု ဆိုပြီးလျှင် နေရာမှ ထ၍ ဖဲသွား၏။ ပေးလှူပြီးနောက်၌ကား ထိုဆွမ်းကို ကျွန်ယောကျ်ား တို့သည်ရင်း အမှုလုပ်သမားတို့သည်ရင်း စားရကုန်မူကား မြတ်သေး၏ ဟု နှလုံးမသာခြင်း ဖြစ်ခဲ့၏၊ အစ်ကို၏ တယောက်တည်းသော သားကိုလည်း ဥစ္စာဟူသော အကြောင်းကြောင့် အသက်ကို သတ်ခဲ့၏၊မင်းကြီး....ထိုသူဌေးသည် တဂ္ဂရသိခိ အမည်ရှိသော ပစ္စေကဗုဒ္ဓါအား ဆွမ်းကို လှူဒါန်း၏၊ ထိုကံ၏ အကျိုးကြောင့် ကောင်းသော လားရာဖြစ်သော နတ်ပြည်သို့ ခုနစ်ကြိမ် ရောက်ရ၏၊ ထိုကံ၏ အကျိုးကြွင်းဖြင့် သာလျှင် ဤသာဝတ္ထိပြည်၌ပင်လျှင် ခုနစ်ကြိမ် သူဌေးဖြစ်၏။ မင်းကြီး ထိုသူဌေးကြီးသည် ပေးလှူပြီးနောက် ထိုဆွမ်းကို ကျွန်ယောကျ်ားတို့သည်ရင်း အမှုလုပ်သမားတို့သည်ရင်း စားရကုန်

http://www.dhammadownload.com



မူကား မြတ်သေး၏ဟု ဤနှလုံးမသာခြင်း ဖြစ်၏၊ ထိုကံ၏ အကျိုးကြောင့် မွန်မြတ်သော ထမင်းကို သုံးဆောင်ခြင်း၌ စိတ်မညွတ်၊ မွန်မြတ်သော အဝတ်ကို သုံးဆောင်ခြင်း၌ စိတ်မညွတ်၊ မွန်မြတ်သော ယာဉ်ကို သုံးဆောင်ခြင်း၌ စိတ်မညွတ်၊ မွန်မြတ်သော ကာမဂုဏ် ငါးပါးတို့ကို သုံးဆောင်ခြင်း၌ စိတ်မညွတ်၊ မင်းကြီး ... ထိုသူဌေးကြီးသည် အစ်ကို၏ တယောက်တည်းသော သားကို ဥစ္စာဟူသော အကြောင်းကြောင့် အသက်ကို သတ်၏၊ ထိုကံ၏ အကျိုးကြောင့် များစွာသော နှစ်တို့ပတ်လုံးငရဲ များစွာသော နှစ်အရာတို့ပတ်လုံးငရဲ များစွာသော နှစ်အထောင်တို့ပတ်လုံးငရဲ များစွာသော နှစ်အသိန်းတို့ပတ်လုံးငရဲ ငရဲ၌ကျက်ဘူး၏၊ ထိုကံ၏ အကျိုးကြွင်း ဖြင့်သာလျှင်(အမွေခံ) သားမရှိသော ဤဥစ္စာကို ခုနစ်ကြိမ်တိုင်တိုင် မင်း၏ ဘဏ်တိုက်သို့ သွင်းစေ၏၊ မင်းကြီး စင်စစ်ကား ထိုသူဌေးကြီးအား အဟောင်းဖြစ်သော ကုသိုလ်ကံသည်လည်း ကုန်ပြီ၊ အသစ်ဖြစ်သော ကုသိုလ်ကံကိုလည်း မဆည်းပူးအပ်၊ မင်းကြီး ယနေ့ကား သူဌေးကြီးသည် မဟာရောရုဝရဲ၌ ကျက်ရ၏ ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား သူဌေးကြီးသည် မဟာရောရုဝရဲသို့ရောက်၏ ဟူသည် ဤအတိုင်း မှန်ပါသလောဟု (လျှောက်၏)။ မင်းကြီး ဤအတိုင်း မှန်၏၊ သူဌေးကြီးသည် မဟာရောရုဝရဲ၌ ကျက်ရ၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။ ပ။

အကြင်စပါးသည်၎င်း ဥစ္စာသည်၎င်း ငွေသည်၎င်း ရွှေသည်၎င်း သိမ်းဆည်းအပ်သော တစုံတရာသော အရာဝတ္ထုသည်၎င်း ရှိ၏၊ ထိုသူအားမှီ၍ အသက်မွေးကုန်သော အကြင်ကျွန် ယောကျ်ားတို့သည်၎င်း အမှုလုပ်တို့သည်၎င်း အခိုင်းအစေတို့သည်၎င်း ရှိကုန်၏။

အလုံးစုံသော ဥစ္စာကျေးကျွန်ကို ယူ၍ မသွားနိုင်၊ အလုံးစုံကို စွန့်၍ သွားရ၏၊ ကိုယ်ဖြင့် ၎င်း နှုတ်ဖြင့်၎င်း ထိုမှတပါး စိတ်ဖြင့်၎င်း အကြင်ကံကို ပြု၏၊ ထိုကံသည်သာလျှင် ထိုသူ၏ ဥစ္စာဖြစ်၏၊ ထိုကံကိုလျှင် ယူ၍ သွားရ၏။

အရိပ်သည် ကိုယ်သို့အစဉ်လိုက်သကဲ့သို့ ထိုကံသည်ပင် ထိုသူအားအစဉ်လိုက်၏၊ထို့ကြောင့် တမလွန်၌ဖြစ်သော အကျိုးကို ဆည်းပူးသောသူသည် ကုသိုလ်ကောင်းမှုကို ပြုရာ၏၊ ကောင်းမှုတို့သည် တမလွန်ဘဝ၌ သတ္တဝါတို့၏ တည်ရာ ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။

---

## ၃-တတိယဝဂ် ၁-ပုဂ္ဂလသုတ်

၃၂၊ သာဝတ္ထိနိဒါန်း။ ထိုအခါ ပသေနဒီကောသလမင်းသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ တခုသောနေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော ပသေနဒီကောသလမင်းအား မြတ်စွာဘုရားသည် ဤစကားကိုမိန့်တော်မူ၏ "မင်းကြီးလောက၌ဤသို့သော ပုဂ္ဂိုလ်လေးယောက်တို့သည် ထင်ရှားရှိကုန်၏။ အဘယ်လေးယောက်တို့နည်းဟူမူ—အမှောင်မှ လာ၍ အမှောင်သို့ သွားသောပုဂ္ဂိုလ်၊ အမှောင်မှလာ၍ အလင်းသို့ သွားသောပုဂ္ဂိုလ်၊ အလင်းမှလာ၍ အမှောင်သို့ သွားသောပုဂ္ဂိုလ်၊ အလင်းမှလာ၍ အလင်းသို့သွားသောပုဂ္ဂိုလ် ဤလေးယောက်တို့တည်း၊

မင်းကြီး အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အမှောင်မှလာ၍ အမှောင်သို့သွားသနည်း၊ မင်းကြီး ဤလောက၌အချို့သောပုဂ္ဂိုလ်သည် ဆင်းရဲ၍ ထမင်းအဖျော်စားဖွယ်နည်းလျက် ခဲယဉ်းငြိုငြင်စွာ

http://www.dhammadownload.com



အသက်မွေးရသော ဒွန်းစဏ္ဍားအမျိုး၌ဖြစ်စေ နှီးသမားအမျိုး၌ဖြစ်စေ တံငါမုဆိုးအမျိုး၌ဖြစ်စေ သားရေလုပ်သမားအမျိုး၌ဖြစ်စေ ပန်းမှိုက်သွန်အမျိုး၌ ဖြစ်စေ ယုတ်နိမ့်သောအမျိုး၌ ဖြစ်ရ၏။ ယင်းအမျိုး၌ ဆင်းရဲငြိုငြင်သဖြင့် အစားအဝတ်ကို ရ၏၊ ထိုသူသည် အဆင်းမလှ ရှုချင်ဖွယ်မရှိ၊ ပုက္ကု၏၊ ကန်းသည်ဖြစ်၍ရင်း ကောက်သည်ဖြစ်၍ရင်း ခွင်သည်ဖြစ်၍ရင်း ခြေဆွံ့သည်ဖြစ်၍ရင်း အနာများ၏၊ ထမင်း အဖျော် အဝတ်ပုဆိုး ယာဉ် ပန်းနံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကို မရနိုင်၊ ထိုသူသည် ကိုယ်ဖြင့် မကောင်းသောအကျင့်ကို ကျင့်၏၊ နှုတ်ဖြင့်မကောင်းသော အကျင့်ကို ကျင့်၏၊ စိတ်ဖြင့် မကောင်းသောအကျင့်ကို ကျင့်၏၊ ထိုသူသည် ကိုယ် နှုတ် စိတ်ဖြင့် မကောင်းသောအကျင့်ကို ကျင့်သောကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီးကျရောက်ရာ ငရဲ၌ ဖြစ်ရ၏၊ မင်းကြီး ယောကျ်ားသည် အမိုက်တိုက်မှလာ၍ အမိုက်တိုက်သို့ သွားရာသကဲ့သို့ရင်း အမှောင်မှလာ၍ အမှောင်သို့ သွားရာသကဲ့သို့ရင်း အညစ်အကြေး ရှိရာမှလာ၍ အညစ်အကြေးရှိရာသို့ သွားရာသကဲ့သို့ရင်း ဤပုဂ္ဂိုလ်ကို ထိုဥပမာနှင့်တူ၏ ဟု ငါဆို၏၊ မင်းကြီး ဤသို့လျှင် ပုဂ္ဂိုလ်သည် အမှောင်မှလာ၍ အမှောင်သို့ သွားသူ ဖြစ်၏။

မင်းကြီး အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အမှောင်မှလာ၍ အလင်းသို့ သွားသနည်း၊ မင်းကြီး ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ဆင်းရဲ၍ ထမင်းအဖျော် စားဖွယ်နည်းလျက် ခဲယဉ်းငြိုငြင်စွာ အသက်မွေးရသော ဒွန်းစဏ္ဍားအမျိုး၌ဖြစ်စေ နှီးသမားအမျိုး၌ဖြစ်စေ တံငါမုဆိုးအမျိုး၌ဖြစ်စေ သားရေလုပ်သမားအမျိုး၌ဖြစ်စေ ပန်းမှိုက်သွန်အမျိုး၌ဖြစ်စေ ယုတ်နိမ့်သောအမျိုး၌ ဖြစ်ရ၏။ ယင်းအမျိုး၌ ဆင်းရဲငြိုငြင်သဖြင့် အစားအဝတ်ကို ရ၏၊ ထိုသူသည် အဆင်းမလှ ရှုချင်ဖွယ်မရှိ၊ ကန်းသည် ဖြစ်၍ရင်း ကောက်သည် ဖြစ်၍ရင်း ခွင်သည်ဖြစ်၍ ရင်းခြေဆွံ့သည်ဖြစ်၍ရင်း အနာများ၏၊ ထမင်းအဖျော် အဝတ်ပုဆိုး ယာဉ် ပန်းနံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကိုလည်း မရနိုင်၊ ထိုသူသည် ကိုယ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်၏၊ နှုတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်၏၊ စိတ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်၏၊ ထိုသူသည် ကိုယ် နှုတ် စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်သောကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်၌ ဖြစ်ရ၏၊ မင်းကြီး ယောကျ်ားသည် မြေမှလည်း ပလ္လင်သို့ တက်ရာသကဲ့သို့ရင်း ပလ္လင်မှလည်း မြင်းကျောက်ကုန်းသို့ တက်ရာသကဲ့သို့ရင်း၊ မြင်းကျောက်ကုန်းမှလည်း ဆင်ကျောက်ကုန်းသို့ တက်ရာသကဲ့သို့ရင်း၊ ဆင်ကျောက်ကုန်းမှ ပြာသာဒ်သို့ တက်ရာသကဲ့သို့ရင်း မင်းကြီး ဤပုဂ္ဂိုလ်ကို ထိုဥပမာနှင့်တူ၏ ဟု ငါဆို၏။ မင်းကြီး ဤသို့လျှင် ပုဂ္ဂိုလ်သည် အမှောင်မှလာ၍ အလင်းသို့ သွားသူဖြစ်၏။

မင်းကြီး အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အလင်းမှလာ၍ အမှောင်သို့ သွားသနည်း၊ မင်းကြီး ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ကြွယ်ဝ၍ များသောဥစ္စာ များသော အသုံးအဆောင် များသောရွှေငွေ များသော နှစ်သက်ဖွယ် အဆောက်အဦ များသောဥစ္စာစပါးရှိသော ခတ္တိယ မဟာသာလ အမျိုး၌ဖြစ်စေ ဗြာဟ္မဏ မဟာသာလမျိုး၌ဖြစ်စေ ဂဟပတိ မဟာသာလမျိုး၌ ဖြစ်စေ မြင့်မြတ်သော အမျိုး၌ ဖြစ်ရ၏၊ ထိုသူသည် အလွန်အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏၊ ကြည်လင်၏၊ မြတ်သော အဆင်းအင်္ဂါနှင့်ပြည့်စုံ၏၊ ထမင်းအဖျော် အဝတ်ပုဆိုး ယာဉ် ပန်းနံ့သာ နံ့သာပျောင်း အိပ်ရာနေရာ ဆီမီးကိုရ၏၊ ထိုသူသည် ကိုယ်ဖြင့် မကောင်းသော အကျင့်ကိုကျင့်၏၊ နှုတ်ဖြင့် မကောင်းသော အကျင့်ကို ကျင့်၏၊ စိတ်ဖြင့် မကောင်းသော အကျင့်ကို ကျင့်၏၊ ထိုသူသည်

http://www.dhammadownload.com



ကိုယ် နှုတ် စိတ်ဖြင့် မကောင်းသော အကျင့်ကို ကျင့်သောကြောင့် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသဖြင့် လားရာ ပျက်စီးကျရောက်ရာ ငရဲ၌ ဖြစ်၏၊ မင်းကြီး ယောကျ်ားသည် ပြာသာဒ်မှမူလည်း ဆင်ကျောက်ကုန်းသို့ သက်ဆင်းရာ သကဲ့သို့ငှင်း ဆင်ကျောက်ကုန်းမှမူလည်း မြင်းကျောက်ကုန်းသို့ သက်ဆင်းရာသကဲ့သို့ငှင်း၊ မြင်းကျောက်ကုန်းမှမူလည်း ပလ္လင်သို့ သက်ဆင်းရာသကဲ့သို့ငှင်း၊ ပလ္လင်မှမူလည်း မြေသို့ သက်ဆင်းရာသကဲ့သို့ငှင်း မြေမှမူလည်း အမိုက်တိုက်သို့ ဝင်ရာသကဲ့သို့ငှင်း မင်းကြီး ဤပုဂ္ဂိုလ်ကို ထိုဥပမာနှင့်တူ၏ဟု ငါဆို၏၊ မင်းကြီး ဤသို့လျှင် ပုဂ္ဂိုလ်သည် အလင်းမှ လာ၍ အမှောင်သို့ သွားသူဖြစ်၏။

မင်းကြီး အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အလင်းမှလာ၍ အလင်းသို့ သွားသနည်း၊ မင်းကြီး ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကြွယ်ဝ၍ များသော ဥစ္စာ များသော အသုံးအဆောင် များသောရွှေငွေ များသော နှစ်သက်ဖွယ် အဆောက်အဦ များသော ဥစ္စာစပါးရှိသော ခတ္တိယ မဟာသာလ အမျိုး၌ ဖြစ်စေ ဗြာဟ္မဏမဟာသာလအမျိုး၌ဖြစ်စေ၊ ဂဟပတိမဟာသာလအမျိုး၌ ဖြစ်စေ မြင့်မြတ်သော အမျိုး၌ဖြစ်ရ၏၊ ထိုသူသည် အလွန် အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏၊ ကြည်လင်၏၊ မြတ်သော အဆင်းအင်္ဂါနှင့် ပြည့်စုံ၏၊ ထမင်း အဖျော် အဝတ် ပုဆိုး ယာဉ် ပန်းနံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကို ရ၏၊ ထိုသူသည် ကိုယ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်၏၊ နှုတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်၏၊စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်၏၊ ထိုသူသည် ကိုယ် နှုတ်စိတ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်သောကြောင့် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်၌ ဖြစ်ရ၏၊ မင်းကြီး ယောကျ်ားသည် ပလ္လင်တခုမှလည်း ပလ္လင်တခုသို့ ပြောင်းရွှေ့ရာသကဲ့သို့ငှင်း မြင်းကျောက်ကုန်းမှမူလည်း မြင်းကျောက်ကုန်းသို့ ပြောင်းရွှေ့ရာသကဲ့သို့ငှင်း၊ ဆင်ကျောက်ကုန်းမှမူလည်း ဆင်ကျောက်ကုန်းသို့ ပြောင်းရွှေ့ရာ သကဲ့သို့ငှင်း၊ ပြာသာဒ်မှမူလည်း ပြာသာဒ်သို့ ပြောင်းရွှေ့ရာသကဲ့သို့ငှင်း မင်းကြီး ဤပုဂ္ဂိုလ်ကို ထိုဥပမာနှင့်တူ၏ဟု ငါဆို၏၊ မင်းကြီး ဤသို့လျှင် ပုဂ္ဂိုလ်သည် အလင်းမှလာ၍ အလင်းသို့ သွားသူ ဖြစ်၏။ မင်းကြီး လောက၌ လေးယောက်ကုန်သော ဤပုဂ္ဂိုလ်တို့သည် ထင်ရှားရှိကုန်၏ ဟု မိန့်တော်မူ၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။ပ။

မင်းကြီး ပုဂ္ဂိုလ်သည် ဆင်းရဲ၏၊ သဒ္ဓါတရား မရှိ၊ ဝန်တို၏၊ စေးနှဲ၏၊ ယုတ်ညံ့သော အကြံရှိ၏၊ မကောင်းသော အယူရှိ၏၊ ရိုသေခြင်း မရှိ။

သမဏတို့ကိုငှင်း၊ ဗြာဟ္မဏတို့ကိုငှင်း၊ အခြား တောင်းစားတတ်သူတို့ကိုငှင်း ဆဲရေး တတ်၏၊ ရေရွတ်တတ်၏၊ အလိုမရှိ၊ ချုတ်ချယ်တတ်၏။

အစာကိုတောင်းကုန်သော သူတို့အား ပေးသည်ကို တားမြစ်တတ်၏၊ လူတို့ကို အစိုးရသော မင်းကြီး ထိုသို့သဘောရှိသော ပုဂ္ဂိုလ်သည် သေသည်ရှိသော် ကြမ်းထမ်းလှစွာသော ငရဲသို့ ရောက်၏၊ ထိုပုဂ္ဂိုလ်သည် အမှောင်မှလာ၍ အမှောင်သို့ သွားသော ပုဂ္ဂိုလ်မည်၏။

မင်းကြီး ပုဂ္ဂိုလ်သည် ဆင်းရဲ၏၊သဒ္ဓါတရားရှိ၏၊ ဝန်တိုခြင်းမရှိ၊ပေးလှူတတ်၏၊မြတ်သော အကြံကို ကြံတတ်၏၊ တည်ကြည်သော စိတ်ရှိ၏။

http://www.dhammadownload.com



သမဏတို့ကိုရင်း၊ ပြာဟ္မဏတို့ကိုရင်း၊ အခြား တောင်းစားတတ်သောသူတို့ကိုရင်း နေရာမှ ထ၍ ရိုသေစွာ ရှိခိုး၏၊ ညီမျှသော အကျင့်ကို ကျင့်၏။

အစာကို တောင်းကုန်သော သူတို့အား ပေးလှူသည်ကို မတားမြစ်၊ လူတို့ကို အစိုးရသော မင်းကြီး ထိုသို့သဘောရှိသော ပုဂ္ဂိုလ်သည် သေသည်ရှိသော် ကောင်းသော လားရာဖြစ်သော နတ်ပြည်ဌာနသို့ ရောက်၏၊ ထိုပုဂ္ဂိုလ်သည် အမှောင်မှလာ၍ အလင်းသို့ သွားသော ပုဂ္ဂိုလ်မည်၏။

မင်းကြီး ပုဂ္ဂိုလ်သည် ကြွယ်ဝ၏၊ သဒ္ဓါတရားမရှိ၊ ဝန်တို၏၊ စေးနှဲ၏၊ ယုတ်ညံ့သော အကြံရှိ၏၊ မှားသော မကောင်းသော အယူရှိ၏၊ ရိုသေခြင်း မရှိ။

သမဏတို့ကိုရင်း၊ ပြာဟ္မဏတို့ကိုရင်း၊ အခြား တောင်းစားတတ်သော သူတို့ကိုရင်း ဆဲရေးတတ်၏၊ ရေရွတ်တတ်၏၊ အလိုမရှိ၊ ချုတ်ချယ်တတ်၏။

အစာကို တောင်းကုန်သော သူတို့အား ပေးလှူသည်ကို တားမြစ်တတ်၏၊ လူတို့ကို အစိုးရသော မင်းကြီး ထိုသို့သဘောရှိသော ပုဂ္ဂိုလ်သည် သေသည်ရှိသော် ကြမ်းထမ်းလှစွာသော ငရဲသို့ ရောက်၏၊ ထိုပုဂ္ဂိုလ်သည် အလင်းမှလာ၍ အမှောင်သို့ သွားသော ပုဂ္ဂိုလ်မည်၏။

မင်းကြီး ပုဂ္ဂိုလ်သည် ကြွယ်ဝ၏၊ သဒ္ဓါတရား ရှိ၏၊ ဝန်တိုခြင်း မရှိ၊ ပေးလှူတတ်၏၊ မြတ်သောအကြံကို ကြံတတ်၏၊ တည်ကြည်သော စိတ်ရှိ၏။

သမဏတို့ကိုရင်း၊ ပြာဟ္မဏတို့ကိုရင်း၊ အခြား တောင်းစားတတ်သော သူတို့ကိုရင်း နေရာမှထ၍ ရိုသေစွာ ရှိခိုးတတ်၏၊ ညီမျှသော အကျင့်ကို ကျင့်၏။

အစာကို တောင်းကုန်သော သူတို့အား ပေးလှူသည်ကို မတားမြစ်တတ်၊ လူတို့ကို အစိုးရသော မင်းကြီး ထိုသို့သဘောရှိသော ပုဂ္ဂိုလ်သည် သေသည်ရှိသော် ကောင်းသောလားရာ နတ်ပြည်ဌာနသို့ ရောက်ရ၏၊ ထိုပုဂ္ဂိုလ်သည် အလင်းမှလာ၍ အလင်းသို့ သွားသော ပုဂ္ဂိုလ်မည်၏ ဟု (မိန့်တော်မူ၏)။

## ၂-အယျိကာသုတ်

၁၃၃။ သာဝတ္ထိနိဒါန်း။ တခုသော နေ့ရာ၌ ထိုင်နေပြီးသော် ပသေနဒီကောသလမင်းအား မြတ်စွာဘုရားသည် "မင်းကြီး သင်သည် ယခု နေမွန်းတည့်အခါ၌ အဘယ်အရပ်က လာခဲ့သနည်း" ဟု မိန့်တော်မူ၏။

အသျှင်ဘုရား အိုသော ကြီးသော ရင့်သော ရှေးမှီသော အဆုံးအရွယ်သို့ ရောက်သော အသက်တရာ့နှစ်ဆယ်ရှိသော အကျွန်ုပ်၏ အဖွားသည် သေပါ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် အဖွားကို ချစ်ခင်မြတ်နိုးပါ၏၊ အသျှင်ဘုရား အကျွန်ုပ်၏ အဖွားသည် မသေပါစေလင့် ဟု ဆင်ရတနာကို ပေး၍ လဲလှယ်ရနိုင်ပါမူ အကျွန်ုပ်၏ အဖွားသည် မသေပါစေလင့် ဟု ဆင်ရတနာကိုလည်းပေးပါအံ့၊ အသျှင်ဘုရား အကျွန်ုပ်၏အဖွားသည် မသေပါစေလင့်ဟု မြင်းရတနာကို ပေး၍

http://www.dhammadownload.com



လဲလှယ်ရနိုင်ပါမူ အကျွန်ုပ်၏အဖွားသည် မသေပါစေလင့် ဟု မြင်းရတနာကိုလည်း ပေးပါအံ့၊ အသျှင်ဘုရား အကျွန်ုပ်၏ အဖွားသည် မသေပါစေလင့် ဟု ရွာမြတ်ကို ပေး၍ လဲလှယ်ရနိုင်ပါမူ အကျွန်ုပ်၏အဖွားသည် မသေပါစေလင့် ဟု ရွာမြတ်ကိုလည်း ပေးပါအံ့၊ အသျှင်ဘုရား အကျွန်ုပ်၏ အဖွားသည် မသေပါစေလင့် ဟု ဇနပုဒ်နယ်ပယ်ကို ပေး၍ လဲလှယ်ရနိုင်ပါမူ အကျွန်ုပ်၏ အဖွားသည် မသေပါစေလင့် ဟု ဇနပုဒ်နယ်ပယ်ကိုလည်း ပေးပါအံ့ ဟု လျှောက်၏။

မင်းကြီး အလုံးစုံသော သတ္တဝါတို့သည် သေခြင်းသဘော ရှိကုန်၏၊ သေခြင်းလျှင် အဆုံးရှိကုန်၏၊ သေခြင်းကို မလွန်နိုင်ကုန် ဟုမိန့်တော်မူ၏၊ အသျှင်ဘုရား အံ့ဖွယ်ရှိပါ၏၊ အသျှင်ဘုရား မဖြစ်ဘူးမြဲ ဖြစ်ပါ၏၊ အသျှင်ဘုရား အလုံးစုံကုန်သော သတ္တဝါတို့သည် သေခြင်းသဘောရှိကုန်၏၊ သေခြင်းလျှင် အဆုံးရှိကုန်၏၊ သေခြင်းကို မလွန်နိုင်ကုန် ဟု မြတ်စွာဘုရား မိန့်တော်မူသော ဤစကားသည် အလွန်လျှင် ကောင်းစွာ ဆိုအပ်သောစကား ဖြစ်ပါသည်''ဟု လျှောက်၏။

မင်းကြီး ဤစကားသည် ဤအတိုင်း မှန်၏၊ မင်းကြီး ဤစကားသည် ဤအတိုင်းမှန်၏၊ အလုံးစုံကုန်သော သတ္တဝါတို့သည် သေခြင်းသဘော ရှိကုန်၏၊ သေခြင်းလျှင် အဆုံးရှိကုန်၏၊ သေခြင်းကို မလွန်နိုင်ကုန်၊ မင်းကြီး မဖုတ်ရသေး အစိမ်းသက်သက်လည်းဖြစ်ကုန်သော ဖုတ်ပြီး အကျက်လည်း ဖြစ်ကုန်သော အိုးထိန်းသည်တို့၏ အိုးခွက်ဟူသမျှ အားလုံးတို့သည် ကွဲခြင်းသဘောရှိကုန်သကဲ့သို့ ကွဲခြင်းလျှင် အဆုံးရှိကုန်သကဲ့သို့ ကွဲခြင်းကို မလွန်နိုင်ကုန်သကဲ့သို့ မင်းကြီး ဤဥပမာအတူပင်လျှင် သတ္တဝါအားလုံးတို့သည် သေခြင်း သဘောရှိကုန်၏၊ သေခြင်းလျှင် အဆုံးရှိကုန်၏၊ သေခြင်းကို မလွန်နိုင်ကုန်၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူလေ၏။ပ။

သတ္တဝါအားလုံးတို့သည် သေကုန်လတ္တံ့၊ ထိုစကားမှန်၏၊ အသက်ရှင်ခြင်းသည် သေခြင်းလျှင် အဆုံးရှိ၏၊ သတ္တဝါအားလုံးတို့သည် ကောင်းကျိုး မကောင်းကျိုးကို ရကုန်၍ မိမိတို့ကံအားလျော်စွာ လားရကုန်လတ္တံ့၊ မကောင်းမှုကို ပြုသော သူတို့သည် ငရဲသို့ လားကုန်လတ္တံ့၊ ကောင်းမှုကို ပြုသောသူတို့သည် နတ်ပြည်သို့ လားကုန်လတ္တံ့။

ထို့ကြောင့် တမလွန်အကျိုးကို ဆည်းပူးသော သူသည် ကုသိုလ်ကောင်းမှုကို ပြုရာ၏၊ ကောင်းမှုတို့သည် တမလွန်လောက၌ သတ္တဝါတို့၏ တည်ရာ ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။

## ၃-လောကသုတ်

၁၃၄။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော် ပသေနဒီကောသလမင်းသည် မြတ်စွာဘုရားအား ဤစကားကိုလျှောက်၏–''အသျှင်ဘုရား အဘယ်မျှကုန်သော တရားတို့သည် လူအပေါင်းအား ဖြစ်ကုန်သည်ရှိသော် အစီးအပွါးမဲ့ရန် ဆင်းရဲရန် ချမ်းသာစွာ မနေရရန် ဖြစ်ပါကုန်သနည်း ဟု လျှောက်၏၊ မင်းကြီး သုံးပါးကုန်သော တရားတို့သည် လူအပေါင်းအား ဖြစ်ကုန်သည်ရှိသော် အစီးအပွါးမဲ့ရန် ဆင်းရဲရန် ချမ်းသာစွာ မနေရရန် ဖြစ်ကုန်၏။အဘယ်သုံးပါးတို့နည်း ဟူမူ––မင်းကြီး လိုချင်မှု 'လောဘ' တရားသည် လူအပေါင်းအား ဖြစ်သည်ရှိသော် အစီးအပွါးမဲ့ရန် ဆင်းရဲရန် ချမ်းသာစွာ မနေရရန် ဖြစ်၏၊ မင်းကြီး အမျက်ထွက်မှု 'ဒေါသ' တရားသည် လူအပေါင်းအား ဖြစ်သည်ရှိသော် အစီးအပွါးမဲ့ရန် ဆင်းရဲရန် ချမ်းသာစွာ မနေရရန် ဖြစ်၏၊ မင်းကြီး တွေဝေမှု 'မောဟ' တရားသည် လူအပေါင်းအား ဖြစ်သည်ရှိသော် အစီးအပွါးမဲ့ရန် ဆင်းရဲရန် ချမ်းသာစွာ မနေရရန်ဖြစ်၏။ မင်းကြီးသုံးပါးကုန်သော တရားတို့သည်လူအပေါင်းအား

http://www.dhammadownload.com



ဖြစ်သည်ရှိသော် အစီးအပွါးမဲ့ရန် ဆင်းရဲရန် ချမ်းသာစွာမနေရရန် ဖြစ်ကုန်၏။မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။ပ။

လိုချင်မှု 'လောဘ'သည် ၎င်း၊ အမျက်ထွက်မှု 'ဒေါသ'သည်၎င်း၊ တွေဝေမှု 'မောဟ'သည် ၎င်း ကိုယ်တွင်း၌ ဖြစ်သည်ရှိသော် အခွံလျှင် အနှစ်ရှိသော (ဝါး ကျူ စသော) အပင်ကို မိမိအသီးသည် ညှဉ်းဆဲဖျက်ဆီးသကဲ့သို့ မိမိ၌ ဖြစ်သော မကောင်းမှု စိတ်ရှိသော ယောကျ်ားကို ဖျက်ဆီးကုန်၏ ဟု (မိန့်တော်မူ၏)။

## ၄-ဣဿတ္တသုတ်

၁၃၅။ သာဝတ္ထိနိဒါန်း။ တခုသော နေရာ၌ ထိုင်နေပြီးသော် ပသေနဒီကောသလမင်းသည် မြတ်စွာဘုရားအား—"အသျှင်ဘုရားအဘယ်ပုဂ္ဂိုလ်၌အလှူကိုပေးလှူအပ်ပါသနည်း"ဟုလျှောက်၏၊ မင်းကြီး အကြင်ပုဂ္ဂိုလ်၌စိတ်သည် ကြည်ညို၏၊ ထိုပုဂ္ဂိုလ်အား ပေးလှူအပ်၏ဟု မိန့်တော်မူ၏။ အသျှင်ဘုရား အဘယ်ပုဂ္ဂိုလ်၌ပေးလှူခြင်းသည် အကျိုးကြီးပါသနည်းဟု လျှောက်၏၊ မင်းကြီး အဘယ်ပုဂ္ဂိုလ်၌ အလှူကို ပေးလှူအပ်ပါသနည်း ဤအမေးသည် တမျိုးသာတည်း။ ထို့ပြင် အဘယ်ပုဂ္ဂိုလ်၌ ပေးလှူခြင်းသည် အကျိုးကြီးပါသနည်း ဤအမေးသည် တမျိုးသာတည်း။ မင်းကြီး စင်စစ် သီလရှိသောပုဂ္ဂိုလ်အား ပေးလှူခြင်းသည် အကျိုးကြီး၏၊ သီလမရှိသော ပုဂ္ဂိုလ်အား ပေးလှူခြင်းသည် အကျိုးမကြီး။ မင်းကြီး သို့ဖြစ်လျှင် ဤအရာ၌ သင်မင်းကြီးကို ပင်လျှင် တဖန်မေးဦးအံ့၊ ထိုအမေးကို သင်နှစ်သက်သလို ဖြေကြားလော့။ မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ သင့်အား စစ်သည် စုရုံး၍ စစ်ထိုးခြင်းသည် ရှေးရှုထင်၏၊ ထိုသို့ ထင်လတ်သော် လေးအတတ်ကို မသင်ရသေးသော လက်ကျင့် မရသေးသော (လေးအတတ်၌) မလေ့လာဖူးသေးသော ပြုလုပ်ထားသော စက်ဝန်း၌ မြားကို မကျစေနိုင်သော ကြောက်တတ်သော တုန်လှုပ်တတ်သော ထိတ်လန့်တတ်သော ပြေးတတ်သော မင်းသားသည် လာရာ၏၊ ထိုပုဂ္ဂိုလ်ကို (သင်သည်)မွေးမြူမည်လော၊ သင့်အား ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်ကို အလိုရှိမည်လော ဟု မေးတော်မူ၏။အသျှင်ဘုရား ထိုပုဂ္ဂိုလ်ကို အကျွန်ုပ်သည် မမွေးမြူ၊ အကျွန်ုပ်အား ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်ကို အလိုမရှိပါ။ ထို့ပြင် လေးအတတ်ကို မသင်ရသေးသော ပုဏ္ဏားလုလင်သည် လာရာ၏။ပ။ ထို့ပြင် လေးအတတ်ကို မသင်ရသေးသော ကုန်သည်လုလင်သည် လာရာ၏။ပ။ ထို့ပြင် လေးအတတ်ကို မသင်ရသေးသော သူဆင်းရဲလုလင်သည် လာရာ၏။ပ။ အကျွန်ုပ်သည် ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်ကို အလိုမရှိပါဟု လျှောက်၏။

မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ဤအရပ်၌ သင့်အား စစ်သည် စုရုံး၍ စစ်ထိုးခြင်းသည် ရှေးရှုထင်၏၊ ထိုသို့ထင်လတ်သော် လေးအတတ်ကို သင်ပြီးသော လေးအတတ်၌ လက်ကျင့်ရပြီးသော (လေးအတတ်၌) လေ့လာပြီးသော ပြုလုပ်ထားသော စက်ဝန်း၌ မြားကို ကျစေနိုင်သော မကြောက်တတ်သော မတုန်မလှုပ်တတ်သော မထိတ်လန့်တတ်သော မပြေးတတ်သော မင်းသားသည် လာရာ၏၊ ထိုပုဂ္ဂိုလ်ကို (သင်သည်) မွေးမြူမည်လော၊ သင့်အား ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်ကို အလိုရှိမည်လော ဟု မေးတော်မူ၏၊ အသျှင်ဘုရား ထိုပုဂ္ဂိုလ်ကို အကျွန်ုပ် မွေးမြူလိုပါ၏၊ အကျွန်ုပ်သည် ထိုသို့သဘောရှိသော ပုဂ္ဂိုလ်ကို အလိုရှိပါ၏။ ထို့ပြင် ပုဏ္ဏားလုလင်သည် လာရာ၏။ပ။ထို့ပြင် ကုန်သည်လုလင်သည် လာရာ၏။ပ။ထို့ပြင်လေးအတတ်ကို သင်ပြီးသော (လေးအတတ်၌) လက်ကျင့်ရပြီးသော(လေးအတတ်၌) လေ့လာပြီးသော ပြုလုပ်

http://www.dhammadownload.com



ထားသော စက်ဝန်း၌ မြားကို ကျစေနိုင်သော မကြောက်တတ်သော မတုန်လှုပ်တတ်သော မထိတ်လန့်တတ်သော မပြေးတတ်သော သူဆင်းရဲလုလင်သည် လာရာ၏၊ ထိုပုဂ္ဂိုလ်ကို သင်သည် မွေးမြူမည်လော၊ သင့်အား ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်ကို အလို ရှိမည်လော၊ အသျှင်ဘုရား ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်ကို အကျွန်ုပ်သည် မွေးမြူလိုပါ၏၊ အကျွန်ုပ်အား ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်ကို အလိုရှိပါ၏ ဟု (လျှောက်၏)။

မင်းကြီး ဤအတူသာလျှင် မည်သည့် အမျိုးမှမဆို ထွက်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြုအံ့၊ ထိုရဟန်းသည်လည်း အင်္ဂါငါးပါးကို ပယ်ပြီးသည်ဖြစ်၍ အင်္ဂါငါးပါးတို့နှင့် ပြည့်စုံသည် ဖြစ်အံ့၊ ထိုပုဂ္ဂိုလ်၌ လှူအပ်သော အလှူသည် အကျိုးကြီး၏၊ အဘယ်အင်္ဂါငါးပါးတို့ကို ပယ်အပ်ကုန်သနည်း၊ ကာမဂုဏ်ကို လိုလားမှု 'ကာမစ္ဆန္ဒ'ကို ပယ်အပ်၏၊ ပျက်စီးစေလိုမှု 'ဗျာပါဒ'ကို ပယ်အပ်၏၊ လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'ကို ပယ်အပ်၏၊ ပျံ့လွင့်မှု နောင်တတဖန် ပူပန်မှု 'ဥဒ္ဓစ္စကုက္ကုစ္စ'ကို ပယ်အပ်၏၊ မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ'ကို ပယ်အပ်၏၊ ဤအင်္ဂါငါးပါးတို့ကို ပယ်အပ်ကုန်၏။

အဘယ်အင်္ဂါငါးပါးတို့နှင့် ပြည့်စုံသနည်း၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သော သီလဂုဏ်ကျေးဇူးနှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်ကျေးဇူးနှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်ကျေးဇူးနှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သော ကိလေသာမှ လွတ်မြောက်မှု ဝိမုတ္တိဂုဏ်ကျေးဇူးနှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သော ကိလေသာမှ လွတ်မြောက်သော ဉာဏ်အမြင် ဝိမုတ္တိဉာဏဒဿနဂုဏ်ကျေးဇူးနှင့် ပြည့်စုံ၏၊ ဤအင်္ဂါငါးပါးတို့နှင့် ပြည့်စုံ၏၊ ဤသို့ အင်္ဂါငါးပါးတို့ကို ပယ်ပြီး၍ အင်္ဂါငါးပါးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား ပေးလှူအပ်သော အလှူသည် အကျိုးကြီး၏ဟု ဤစကားကို မြတ်စွာဘုရားသည် မိန့်တော်မူ၏၊ လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤဂါထာတို့ကို မိန့်တော်မူ၏။ပ။—

"အကြင်လုလင်၌ လေးအတတ်သည်၎င်း ခွန်အားလုံ့လသည်၎င်း ရှိ၏၊ မင်းသည် ထိုလုလင်ကိုသာ စစ်ထိုးရာ၌ အလိုရှိသည်ဖြစ်၍ မွေးမြူရာ၏၊ ရဲရင့်ခြင်း မရှိသောသူကို အမျိုးဟူသော အကြောင်းကြောင့် မမွေးမြူရာ။

ထို့အတူသာလျှင် အကြင်ပုဂ္ဂိုလ်၌ သည်းခံခြင်းသည်၎င်း၊ ရဲရင့်သည်၏အဖြစ် (အရဟတ္တဖိုလ်)သည်၎င်း တရားနှစ်ပါးတို့သည် တည်ကုန်၏၊ အရိယာတို့၏ အသက်မွေးခြင်းဖြင့် အသက်မွေးသော ပညာရှိသူကို အမျိုးပင် ယုတ်သော်လည်း ပူဇော်ရာ၏။

နှလုံးမွေ့လျော်ဖွယ်ဖြစ်သော ကျောင်းသင်္ခမ်းတို့ကို ပြုလုပ်ရာ၏၊ ဤကျောင်း၌ အကြားအမြင် များသူတို့ကို နေစေရာ၏၊ တောအရပ်၌ ရေအိုးစင်တို့ကိုလည်း ပြုလုပ်ရာ၏၊ မညီညွတ်သော အရပ်၌ တံတားလမ်းတို့ကိုလည်း ပြုလုပ်ရာ၏။

ဖြောင့်မတ်စွာ ကျင့်ကုန်သော ပုဂ္ဂိုလ်တို့အား ကြည်လင်သော စိတ်ဖြင့် ဆွမ်းကို၎င်း၊ အဖျော်ကို၎င်း၊ ခဲဖွယ်ကို၎င်း၊ အဝတ်သင်္ကန်းကို၎င်း၊ အိပ်ရာနေရာတို့ကို၎င်း ပေးလှူရာ၏။

လျှပ်စစ်နွယ်ရှိသော အရာသောတိမ်ထွတ်ရှိသော မိုးသည် ထစ်ချုန်း၍ မြေကြီးကို စိုစွတ်စေလျက် ကြည်းကုန်းကို၎င်း၊ နိမ့်ရာအရပ်ကို၎င်း ပြည့်စေသကဲ့သို့—

http://www.dhammadownload.com



ထိုအတူပင်လျှင် သဒ္ဓါတရားရှိသော အကြားအမြင်များသော ပညာရှိသည် စားသုံးဖွယ်ကို စီရင်၍ တောင်းစားတတ်သူတို့ကို ထမင်း အဖျော်ဖြင့် ရောင့်ရဲစေ၏။

အလှူန်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ပေးကမ်းစွန့်ကြဲ၏၊ လှူကြပါကုန် လှူကြပါကုန်ဟု ပြောဆို၏၊ ရွာသောမိုး၏ ထစ်ချုန်းသံကဲ့သို့ ထိုသို့ ဆိုခြင်းသည်သာလျှင် ထိုပညာရှိ၏ ထစ်ချုန်းသံ မည်၏၊ ပြန့်ပြောသော ထိုကောင်းမှုအယဉ်သည် ပေးလှူတတ်သူကို စိုစွတ်စေ၏''ဟု မိန့်တော်မူ၏။

## ၅-ပဗ္ဗတူပမသုတ်

၁၃၆။ သာဝတ္ထိနိဒါန်း။ တခုသောနေ့ရာ၌ ထိုင်နေသော ပသေနဒီ ကောသလမင်းအား မြတ်စွာဘုရားသည် ''မင်းကြီး ယခု နေမွန်းတည့်အခါ၌ အဘယ်အရပ်က လာခဲ့သနည်း''ဟု မိန့်တော်မူ၏၊ အသျှင်ဘုရား ရေမြေကို အစိုးရကုန်သော ဦးထိပ်၌ အဘိသိက် သွန်းပြီးကုန်သော အစိုးရခြင်း မာန်ဖြင့် ယစ်ကုန်သော ကာမဂုဏ်တို့၌ တပ်မက်ခြင်းသည် နှိပ်စက်အပ်ကုန်သော ဇနပုဒ်၌ မြဲမြံစွာ တည်သော အဖြစ်သို့ ရောက်ကုန်သော ကြီးသော မြေအဝှန်းကို အောင်၍ အုပ်စိုးလျက် နေကုန်သော မင်းတို့အား မင်းရေး မင်းရာ ပြုဖွယ်ကိစ္စတို့သည် ရှိပါကုန်၏၊ အကျွန်ုပ်သည် ထိုကိစ္စတို့၌ ယခုအခါ ကြောင့်ကြခြင်းသို့ ရောက်၏ဟု (လျှောက်၏)။

မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ယုံကြည်အပ်သော စကားရှိသော လူယုံတော်ဖြစ်သော မင်းချင်းယောကျ်ားသည် အရှေ့အရပ်မှ လာရာ၏၊ထိုယောကျ်ားသည် သင်မင်းကြီးထံသို့ ချဉ်းကပ်၍ ဤသို့ဆိုရာ၏ ''မင်းကြီး သိတော်မူလော့၊ အကျွန်ုပ်သည် အရှေ့အရပ်မှ လာခဲ့၏၊ ထိုအရှေ့ အရပ်၌ ကြီးစွာသော တိမ်တိုက်နှင့်တူသော တောင်ကို မြင်ခဲ့ပါ၏၊ ထိုတောင်သည် အလုံးစုံသော သတ္တဝါတို့ကို ကြိတ်လျက်လာ၏၊ မင်းကြီး သင်မင်းကြီးအား ပြုဖွယ်ကိစ္စသည် ရှိ၏၊ ထိုပြုဖွယ်ကိစ္စကို ပြုလော့''ဟု ဤသို့ ဆိုရာ၏၊ ထို့ပြင် ဒုတိယ မင်းချင်းယောကျ်ားသည် အနောက်အရပ်မှ လာရာ၏။ပ။ ထို့ပြင် တတိယ မင်းချင်းယောကျ်ားသည် မြောက်အရပ်မှ လာရာ၏။ ထို့ပြင် ယုံကြည်အပ်သော စကားရှိသော လူယုံတော် ဖြစ်သော စတုတ္ထမင်းချင်းယောကျ်ားသည် တောင်အရပ်မှ လာရာ၏၊ ထိုယောကျ်ားသည် သင်မင်းကြီးထံသို့ချဉ်းကပ်၍ ဤသို့ဆိုရာ၏ ''မင်းကြီး သိတော်မူလော့၊ အကျွန်ုပ်သည် တောင်အရပ်မှ လာခဲ့၏။ ထိုတောင်အရပ်၌ ကြီးစွာသော တိမ်တိုက်နှင့်တူသော တောင်ကို မြင်ခဲ့ပါ၏၊ ထိုတောင်သည် အလုံးစုံသော သတ္တဝါတို့ကို ကြိတ်လျက် လာ၏၊ မင်းကြီး သင်မင်းကြီးအား ပြုဖွယ်ကိစ္စသည် ရှိ၏၊ ထိုပြုဖွယ်ကိစ္စကို ပြုလော့''ဟု ဆိုရာ၏၊ မင်းကြီး လူအဖြစ်သည် ရခဲပါလျက် ဤသို့ သဘောရှိသော လူကုန်လောက်အောင် ပြင်းထန်ကြမ်းကြုတ်သော ဘေးကြီး ဖြစ်လာခဲ့သော် သင်အဘယ်သို့ ပြုလုပ်မည်နည်းဟု မိန့်တော်မူ၏။

အသျှင်ဘုရား လူအဖြစ်သည် ရခဲပါလျက် ဤသို့ သဘောရှိသော လူကုန်လောက်အောင် ပြင်းထန်ကြမ်းကြုတ်သော ဘေးကြီး ဖြစ်လာခဲ့သော် တရားကျင့်ခြင်း အညီအမျှကျင့်ခြင်း ကုသိုလ်ပြုခြင်း ကောင်းမှုပြုခြင်းမှတပါး အခြား အဘယ်မှာ ပြုဖွယ်ရှိပါအံ့နည်းဟု (လျှောက်၏)။

မင်းကြီး သင့်အား ပြောကြားအံ့၊ မင်းကြီး သင့်အား သိစေအံ့၊ မင်းကြီး သင့်အား စင်စစ်အိုခြင်း သေခြင်းတရားသည် လွှမ်းမိုးသည်သာလျှင်တည်း။ မင်းကြီး သင့်အား အိုခြင်း သေခြင်းသည် လွှမ်းမိုးသည်ရှိသော် အဘယ်သို့ ပြုလုပ်မည်နည်းဟု (မေးတော်မူ၏)။ အရှင်ဘုရား အကျွန်ုပ်

http://www.dhammadownload.com



အား အိုခြင်း သေခြင်းသည် လွှမ်းမိုးသည် ရှိသော်ကား တရားကျင့်ခြင်း အညီအမျှ ကျင့်ခြင်း ကုသိုလ်ပြုခြင်း ကောင်းမှုပြုခြင်းမှတပါး အခြားအဘယ်မှာ ပြုဖွယ်ရာရှိပါအံ့နည်း၊ အရှင်ဘုရား ရေမြေကို အစိုးရကုန်သော ဦးထိပ်၌ အဘိသိက်သွန်းပြီးကုန်သော အစိုးရခြင်းမာန်ဖြင့် ယစ်ကုန်သော ကာမဂုဏ်တို့၌ တပ်ခြင်းသည် နှိပ်စက်အပ်ကုန်သော ဇနပုဒ်၌ မြဲမြံစွာ တည်သည်၏ အဖြစ်သို့ ရောက်ကုန်သော ကြီးသော မြေအဝန်းကို အောင်၍ အုပ်စိုးနေကုန်သော မင်းတို့အား ဆင်တို့ဖြင့် စစ်ထိုးခြင်းတို့သည် ဖြစ်ကုန်၏၊ အသျှင်ဘုရား ဆင်တို့ဖြင့် စစ်ထိုးကုန်သော ထိုသူတို့အားလည်း အိုခြင်း သေခြင်းတရားတို့သည် လွှမ်းမိုးသည်ရှိသော် လားရာမရှိပါ၊ မှီရာ မရှိပါ၊ အသျှင်ဘုရား ရေမြေကို အစိုးရကုန်သော ဦးထိပ်၌ အဘိသိက်သွန်းပြီးကုန်သော ။ပ။ အုပ်စိုးနေကုန်သော မင်းတို့အား မြင်းတို့ဖြင့် စစ်ထိုးခြင်းတို့သည် ဖြစ်ကုန်၏။ပ။ ရထားတို့ဖြင့် စစ်ထိုးခြင်းတို့သည် ဖြစ်ကုန်၏ ။ပ။ ခြေသည်တို့ဖြင့် စစ်ထိုးခြင်းတို့သည် ဖြစ်ကုန်၏၊ အသျှင်ဘုရား ခြေသည်တို့ဖြင့် စစ်ထိုးကုန်သော ထိုသူတို့အားလည်း အိုခြင်း သေခြင်း တရားသည် လွှမ်းမိုးသည် ရှိသော် လားရာ မရှိပါ၊ မှီရာ မရှိပါ၊ အသျှင်ဘုရား စင်စစ်အားဖြင့် ဤမင်းမျိုး၌ အတိုင်ပင်ခံ အမတ်ကြီးတို့သည် ရှိကုန်၏၊ ယင်းအမတ်ကြီးတို့သည် လာကုန်သော ရန်သူတို့ကို တိုင်ပင်ခြင်းတို့ဖြင့် ကွဲပြားစိမ့်သောငှာ စွမ်းနိုင်ကုန်၏၊ အသျှင်ဘုရား တိုင်ပင်ခြင်းဖြင့် စစ်ထိုးကုန်သော ထိုသူတို့အားသော်မှလည်း အိုခြင်း သေခြင်း တရားသည် လွှမ်းမိုးသည်ရှိသော် လားရာ မရှိပါ၊ မှီရာ မရှိပါ၊ အသျှင်ဘုရား ဤမင်းမျိုး၌ မြေ၌မြှုပ်ထားအပ်သည်လည်းဖြစ်သော ဟင်းလင်းပြင်တို့၌ ဆွဲထားအပ်သည်လည်းဖြစ်သော များစွာသော ရွှေငွေသည် ရှိ၏၊ ယင်းရွှေငွေဖြင့် အကျွန်ုပ်တို့သည် လာကုန်သော ရန်သူတို့ကို ဖြားယောင်းခြင်းငှာ စွမ်းနိုင်ကုန်၏၊ အသျှင်ဘုရား ဥစ္စာဖြင့် စစ်ထိုးကုန်သော ထိုမင်းတို့အားသော်မှလည်း အိုခြင်း သေခြင်းတရားသည် လွှမ်းမိုးသည်ရှိသော် လားရာမရှိပါ၊ မှီရာ မရှိပါ၊ အသျှင်ဘုရား အကျွန်ုပ်အား အိုခြင်း သေခြင်းတရားသည် လွှမ်းမိုးသည် ရှိသော် တရားကျင့်ခြင်း အညီအမျှကျင့်ခြင်း ကုသိုလ်ပြုခြင်း ကောင်းမှုပြုခြင်းမှတပါး အခြား အဘယ်မှာ ပြုဖွယ်ရှိပါအံ့နည်းဟု (လျှောက်၏)။

မင်းကြီး ဤစကားသည် ဤအတိုင်းမှန်၏၊ မင်းကြီး ဤစကားသည် ဤအတိုင်းမှန်၏၊ အိုခြင်း သေခြင်းတရားသည် လွှမ်းမိုးသည်ရှိသော် တရားကျင့်ခြင်း အညီအမျှကျင့်ခြင်း ကုသိုလ်ပြုခြင်း ကောင်းမှုပြုခြင်းမှတပါး အခြားအဘယ်မှာ ပြုဖွယ်ရှိပါအံ့နည်း၊ ဤစကားကို မြတ်စွာဘုရားသည် မိန့်တော်မူ၏ ။ပ။ လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤဂါထာတို့ကို မိန့်တော်မူ၏—

ပြန့်ကျယ်ကုန်သော ကျောက်တောင်တို့သည် ကောင်းကင်ကိုထိ၍ ထက်ဝန်းကျင် အရပ်လေးမျက်နှာမှ သတ္တဝါတို့ကို ကြိတ်ချေကုန်လျက် အစဉ်လိမ့်၍လာကုန်သကဲ့သို့။

ထို့အတူ အိုခြင်းတရားသည်၎င်း သေခြင်း တရားသည်၎င်း သတ္တဝါတို့ကို လွှမ်းမိုးနှိပ်စက်ကုန်၏။ မင်းတို့ကို၎င်း ပုဏ္ဏားတို့ကို၎င်း ကုန်သည်တို့ကို၎င်း သူဆင်းရဲတို့ကို၎င်း ဒွန်းစဏ္ဍားပန်းမှိုက်သွန်တို့ကို၎င်း (လွှမ်းမိုးနှိပ်စက်ကုန်၏) တစုံတယောက်ကိုမျှ မရှောင် အလုံးစုံသောသူတို့ကိုပင်လျှင် လွှမ်းမိုး ခြေမှုန်း၏။

ထိုအရာ၌ ဆင်တို့၏အရာမဟုတ်၊ ရထားတို့၏အရာ မဟုတ်၊ ခြေသည်တို့၏အရာမဟုတ်၊ အတိုင်ပင်ဖြစ်သော စစ်ထိုးခြင်းဖြင့်၎င်း ရွှေငွေဥစ္စာပေးသဖြင့်၎င်း အောင်မြင်းငှာ မတတ်ကောင်း။

http://www.dhammadownload.com



ထို့ကြောင့်လျှင် မိမိ၏အကျိုးကို ကောင်းစွာမြင်သော ပညာရှိသော မြဲမြံတည်ကြည်သော ပုဂ္ဂိုလ်သည် ဘုရား၌ရင်း တရား၌ရင်း သံဃာ၌ရင်း ယုံကြည်ခြင်းကို တည်စေရာ၏။

အကြင်သူသည် ကိုယ်ဖြင့်ရင်း၊ နှုတ်ဖြင့်ရင်း၊ ထိုမှတပါး စိတ်ဖြင့်ရင်း တရားကိုကျင့်၏၊ ထိုသူကို ဤဘဝ၌ပင်လျှင် ချီးမွမ်းကုန်၏၊ တမလွန်ဘဝ၌ နတ်ပြည်၌ မွေ့လျော်ရ၏" ဟု (မိန့်တော်မူ၏)။

တတိယဝဂ်ပြီး၏။

ကောသလသံယုတ် ပြီး၏။

http://www.dhammadownload.com

# ၄-မာရသံယုတ်

## ၁-ပဌမဝဂ် ၈-တပေါကမ္မသုတ်

၁၃၇။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်-အခါတပါး၌ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ ရှေးဦးစွာ ဥရုဝေလတော နေရဉ္ဇရာမြစ်ကမ်းနား အဇပါလ ညောင်ပင်ရင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ ဆိတ်ငြိမ်ရာသို့ကပ်လျက် တပါးတည်း ကိန်းအောင်းနေတော်မူစဉ် မြတ်စွာဘုရားအား ဤသို့သော စိတ်အကြံသည် ထင်ရှားဖြစ်၏--"ထိုပြုနိုင်ခဲ့သော အကျင့်ကို ကျင့်ခြင်းမှ ငါသည် လွတ်မြောက်ပြီတကား၊ အကျိုးမဲ့နှင့် စပ်သော ထိုပြုနိုင်ခဲ့သော အကျင့်ကို ကျင့်ခြင်းမှ လွတ်မြောက်ခြင်းသည် ကောင်းစွတကား၊ ကိလေသာတို့မှ လွတ်မြောက်၍ သမ္ဗောဓိညာဏ်ကို ကောင်းစွာရခြင်း ဖြစ်သည်ကား ကောင်းစွတကား"ဟု (စိတ်အကြံဖြစ်၏)။

ထိုအခါ ယုတ်မာသော မာရ်နတ်သည် မြတ်စွာဘုရား၏ စိတ်အကြံကို မိမိစိတ်ဖြင့်သိ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ဂါထာဖြင့်ရွတ်ဆို၏—

"သတ္တဝါတို့သည် ခေါင်းပါးသောအကျင့်မှ ဖဲကုန်သောကြောင့် မစင်ကြယ်ကြကုန်၊ သင်သည် မစင်ကြယ်ပဲလျက် စင်ကြယ်၏ဟူ၍ မှတ်ထင်ဘိ၏၊ စင်ကြယ်သော ခရီးမှ လွဲချော်လေစွတကား"ဟု ရွတ်ဆို၏

ထိုအခါ၌ မြတ်စွာဘုရားသည် ဤသူကား ယုတ်မာသော မာရ်နတ်တည်းဟုသိ၍ ယုတ်မာသော မာရ်နတ်သားကို ဂါထာဖြင့် မိန့်ဆိုတော်မူ၏-

"ကြည်းကုန်းထက်၌ လှော်တက်သည် အချည်းနှီးဖြစ်သကဲ့သို့ အလုံးစုံသော အတ္တကိလမထအကျင့်မျိုးသည် အကျိုးမဲ့ကို ဆောင်ရွက်တတ်၏၊ ဤသို့ သိ၍ အကျိုးမဲ့နှင့်စပ်သော မဖြစ်ခြင်းငှါ ကျင့်အပ်သော အလုံးစုံသော အတ္တကိလမထအကျင့်ကို ငါစွန့်ပြီ။

အရိယာမဂ်ကို သိခြင်းငှါ သီလ သမာဓိ ပညာကို ပွားများသည်ဖြစ်၍ လွန်စွာစင်ကြယ်သော အရဟတ္တဖိုလ်သို့ ရောက်၏၊ ဟယ် မာရ်နတ်ယုတ် သင်ကားရှုံးလေပြီ"ဟု မိန့်တော်မူ၏။

ထိုအခါ ယုတ်မာသော မာရ်နတ်သည် "မြတ်စွာဘုရားသည် ငါ့ကို သိတော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သောမြတ်စွာဘုရားသည် ငါ့ကို သိတော်မူ၏"ဟု ဆင်းရဲခြင်း နှလုံးမသာခြင်း ရှိသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

## ၂-ဟတ္ထိရာဇဝဏ္ဏသုတ်

၁၃၈။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်-အခါတပါး၌ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ ရှေးဦးစွာ ဥရုဝေလတော နေရဉ္ဇရာ မြစ်ကမ်းနား အဇပါလညောင်ပင်ရင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် အလွန်မှောင်မိုက်သော ညဥ့်အချိန် လွင်တီးခေါင်၌ ထိုင်နေတော်မူ၏၊ မိုးသည်လည်း တပေါက်တပေါက် ဆွတ်ဖျန်း၏။ ထိုအခါ ယုတ်မာသော မာရ်နတ်သည် မြတ်စွာဘုရားအား ကြောက်ခြင်း တုန်လှုပ်ခြင်း ကြက်သီးမွေးညင်း

http://www.dhammadownload.com



ထခြင်းကို ဖြစ်စေလို၍ ကြီးစွာသော ဆင်မင်းအသွင်ကို ဖန်ဆင်းလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်လေ၏၊ ထိုဆင်၏ ဦးခေါင်းသည် မည်းနက်သော ကျောက်တုံးကြီးကဲ့သို့ ဖြစ်၏၊ ထိုဆင်၏ အစွယ်တို့သည် ငွေစင်ကဲ့သို့ ဖြစ်ကုန်၏၊ ထိုဆင်၏နှာမောင်းသည် ထွန်တုံးကြီးကဲ့သို့ ဖြစ်၏၊ ထိုအခါ မြတ်စွာဘုရားသည် ဤသူကား ယုတ်မာသော မာရ်နတ်တည်းဟု သိ၍ ယုတ်မာသော မာရ်နတ်ကို ဂါထာဖြင့် မိန့်ဆိုတော်မူ၏—

"ယုတ်မာသော မာရ်နတ် ကောင်းသောအဆင်း မကောင်းသောအဆင်းကို သင်ပြုလုပ်ခဲ့၍ ရှည်စွာသော သံသရာခရီးသို့ လာခဲ့ရ၏၊ မာရ်နတ် ထိုသို့ပြုခြင်းဖြင့် သင့်အား အကျိုးမရှိ၊ ဟယ် မာရ်နတ်ယုတ် သင်ကား ရှုံးလေပြီ" ဟု (မိန့်တော်မူ၏)။

ထိုအခါ ယုတ်မာသော မာရ်နတ်သည် "မြတ်စွာဘုရားသည် ငါ့ကို သိတော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ငါ့ကို သိတော်မူ၏" ဟု ဆင်းရဲခြင်း နှလုံးမသာခြင်း ရှိသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

## ၃-သုဘသုတ်

၁၃၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ ရှေးဦးစွာ ဥရုဝေလတော နေရဥ္စရာမြစ်ကမ်းနား အဇပါလညောင်ပင်းရင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် အလွန်မှောင်မိုက်သော ညဉ့်အခါ လွင်တီးခေါင်၌ ထိုင်နေတော်မူ၏၊ မိုးသည်လည်း တပေါက်တပေါက် ဆွတ်ဖျန်း၏၊ ထိုအခါ၌ ယုတ်မာသော မာရ်နတ်သည် မြတ်စွာဘုရားအား ကြောက်ခြင်း တုန်လှုပ်ခြင်း ကြက်သီးမွေးညင်းထခြင်းကို ဖြစ်စေလို၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် မြတ်စွာဘုရား၏ မနီးမဝေးဝယ် အမြတ်အယုတ် တင့်တယ် မတင့်တယ ဖြစ်ကုန်သော အဆင်းအရောင်တို့ကို ပြ၏၊ ထိုအခါ မြတ်စွာဘုရားသည် ဤသူကား ယုတ်မာသော မာရ်နတ်တည်း ဟု သိ၍ ယုတ်မာသော မာရ်နတ်ကို ဂါထာဖြင့် မိန့်ဆိုတော်မူ၏—

"ယုတ်မာသော မာရ်နတ် ကောင်းသောအဆင်း မကောင်းသောအဆင်းကို သင်ပြုလုပ်ခဲ့၍ ရှည်စွာသော သံသရာခရီးသို့ လာခဲ့ရ၏၊ မာရ်နတ် ထိုသို့ ပြုခြင်းဖြင့် သင့်အား အကျိုးမရှိ၊ ဟယ် မာရ်နတ်ယုတ် သင်ကား ရှုံးလေပြီ။

မာရ်နတ် အကြင်သူတို့သည် ကိုယ်နှုတ်စိတ်တို့ဖြင့် ကောင်းစွာ စောင့်စည်းကုန်၏၊ ထိုသူတို့သည် မာရ်နတ်အလိုသို့ မလိုက်ကုန်၊ ထိုသူတို့သည် မာရ်နတ်နှင့် စပ်သူတို့ မဖြစ်ကုန်" ဟု (မိန့်တော်မူ၏)။

ထိုအခါ မာရ်နတ်သည် ။ပ။ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

## ၄-ပဌမ မာရပါသသုတ်

၁၄၀။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် **ဗာရာဏသီပြည်** ဣသိပတနမိဂဒါဝုန်တော၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရား**သည်** ရဟန်းတို့ကို ရဟန်းတို့ဟူ၍ မိန့်တော်မူ၏၊ အသျှင်ဘုရား ဟူ၍ ထိုရဟန်းတို့သည် မြတ်စွာ**ဘုရားအား** ပြန်ကြားလျှောက်ကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

http://www.dhammadownload.com



ရဟန်းတို့ ငါဘုရားသည် သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် သင့်လျော်သော အားဖြင့် ကောင်းစွာ လုံ့လပြုခြင်းကြောင့် လွန်မြတ်သော ကိလေသာမှ လွတ်ခြင်း(အရဟတ္တဖိုလ်) သို့ အစဉ်ရောက်တော်မူအပ်၏၊ လွန်မြတ်သော ကိလေသာမှ လွတ်ခြင်း (အရဟတ္တဖိုလ်)ကို မျက်မှောက်ပြုတော်မူအပ်၏၊ ရဟန်းတို့ သင်တို့သည်လည်း သင့်လျော်သော အားဖြင့် နှလုံးသွင်း၍ သင့်လျော်သော အားဖြင့် ကောင်းစွာ လုံ့လပြုကုန်၍ လွန်မြတ်သော ကိလေသာမှ လွတ်ခြင်း (အရဟတ္တဖိုလ်) သို့ ရောက်ကုန်လော့၊ လွန်မြတ်သော ကိလေသာမှ လွတ်ခြင်း (အရဟတ္တဖိုလ်) ကို မျက်မှောက်ပြုကြကုန်လော့ ဟု မိန့်ဆိုတော်မူ၏၊ ထိုအခါ ယုတ်မာသော မာရ်နတ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ဂါထာဖြင့် ရွတ်ဆို၏—

"နတ်၌ဖြစ်ကုန်သော အကြင် ကျော့ကွင်းတို့သည်ရှင်း လူ၌ဖြစ်ကုန်သော အကြင်၊ ကျော့ကွင်းတို့သည်ရှင်း ရှိကုန်၏၊ထိုမာရ်တည်းဟူသော ကျော့ကွင်းဖြင့် သင့်ကိုနှောင်ဖွဲ့အပ်၏' မာရ်တည်းဟူသော အနှောင်အဖွဲ့၌ သင် မိနေ၏၊ ရဟန်း သင်သည် ငါ့နိုင်ငံမှမလွတ်ရလတ္တံ့' ဟု ရွတ်ဆို၏။

ဟယ် မာရ်နတ်ယုတ် နတ်၌ဖြစ်ကုန်သော အကြင် ကျော့ကွင်းတို့သည်ရှင်း၊ လူ၌ဖြစ်ကုန်သော အကြင် ကျော့ကွင်းတို့သည်ရှင်း ရှိကုန်၏၊ ငါသည် ထို မာရ်တည်းဟူသော ကျော့ကွင်းမှ လွတ်မြောက်ပြီ၊ မာရ်မင်းအနှောင်အဖွဲ့မှ ငါ လွတ်မြောက်ပြီ၊ ဟယ်မာရ်နတ်ယုတ် သင်ကား ရှုံးလေပြီ ဟု မိန့်တော်မူ၏။

ထိုအခါ ယုတ်မာသော မာရ်နတ်သည်။ပ။ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

## ၅-ဒုတိယ မာရပါသသုတ်

၁၄၁။ အခါတပါး၌ မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ၌ မြတ်စွာဘုရားသည် ရဟန်းတို့ကို ရဟန်းတို့ဟူ၍ မိန့်တော်မူ၏၊ အသျှင်ဘုရား ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ ငါဘုရားသည် နတ်လူတို့၌ ဖြစ်ကုန်သော ကိလေသာကျော့ကွင်း အားလုံးတို့မှ လွတ်ပြီ၊ ရဟန်းတို့ သင်တို့သည်လည်း နတ်လူတို့၌ ဖြစ်ကုန်သော ကိလေသာကျော့ကွင်း အားလုံးတို့မှ လွတ်ကြကုန်ပြီ၊ ရဟန်းတို့ များစွာသော လူတို့၏ အစီးအပွားဖြစ်ခြင်းငှာ ချမ်းသာခြင်းငှာ လောကကို စောင့်ရှောက်ရန်အလို့ငှာ နတ်လူတို့၏အကျိုးစီးပွားဖြစ်ခြင်း ချမ်းသာခြင်းအလို့ငှာ ဒေသစာရီ လှည့်လည်ကြကုန်လော့၊ ခရီးလမ်း တကြောင်းဖြင့် ရဟန်းနှစ်ပါး မသွားကြကုန်လင့်၊ ရဟန်းတို့ အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟောကြကုန်လော့၊ အလုံးစုံ ပြည့်စုံသော ထက်ဝန်းကျင် စင်ကြယ်သော မြတ်သောအကျင့်ကို ပြကြကုန်လော့၊ ပညာမျက်စိ၌ ကိလေသာမြူ နည်းသော သဘောရှိကုန်သော သတ္တဝါတို့သည် ရှိကုန်၏၊ မကြားနာရခြင်းကြောင့် တရားတော်မှ ဆုတ်ယုတ်ကြရကုန်၏၊ တရားတော်ကို သိလွယ်ကုန်သော သူတို့ ရှိကုန်လတ္တံ့၊ ရဟန်းတို့ ငါဘုရားသည်လည်း ဥရုဝေလမှသေနာနိဂုံးသို့ တရားဟောရန်ချဉ်းကပ်တော်မူအံ့ ဟု (မိန့်တော်မူ၏)၊ ထိုအခါယုတ်မာသော မာရ်နတ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ဂါထာဖြင့် ရွတ်ဆို၏—

http://www.dhammadownload.com



"နတ်၌ဖြစ်ကုန်သော အကြင် ကျော့ကွင်းတို့သည်၎င်း လူ၌ဖြစ်ကုန်သော အကြင် ကျော့ကွင်းတို့သည်၎င်း ရှိကုန်၏၊ ထိုကျော့ကွင်းတို့ဖြင့် သင့်ကို နှောင်ဖွဲ့အပ်၏၊ ကြီးစွာသော မာရ်မင်း အနှောင်အဖွဲ့၌ သင် မိနေ၏၊ ရဟန်း သင်သည် ငါ့နိုင်ငံမှ မလွတ်ရလတ္တံ့"ဟု ရွတ်ဆို၏။

ဟယ် မာရ်နတ်ယုတ် နတ်၌ဖြစ်ကုန်သော အကြင် ကျော့ကွင်းတို့သည်၎င်း လူ၌ဖြစ်ကုန်သော အကြင်ကျော့ကွင်းတို့သည်၎င်း ရှိကုန်၏၊ ငါဘုရားသည် ထိုကျော့ကွင်း အားလုံးတို့မှ လွတ်မြောက်ပြီ၊ ကြီးစွာသော မာရ်မင်း အနှောင်အဖွဲ့မှ ငါလွတ်မြောက်ပြီ၊ ဟယ် မာရ်နတ်ယုတ် သင်ကား ရှုံးလေပြီ ဟု မိန့်တော်မူ၏။

ထိုအခါ ယုတ်မာသော မာရ်နတ်သည်။ပ။ ထိုအရပ်၌ပင် ကွယ်ပျောက်လေ၏။

## ၆-သပ္ပသုတ်

၁၄၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်- အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာပေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် အလွန် မှောင်မိုက်သော ညဉ့်အချိန် လွင်တီးခေါင်၌ ထိုင်နေ၏၊ မိုးသည်လည်း တပေါက်တပေါက် ဆွတ်ဖျန်း၏။ ထိုအခါ ယုတ်မာသော မာရ်နတ်သည် မြတ်စွာဘုရားအား ကြောက်ခြင်း ထိတ်လန့်ခြင်း ကြက်သီးမွေးညင်း ထခြင်းကို ဖြစ်စေလို၍ ကြီးစွာသော မြွေမင်း၏ အသွင်ကို ဖန်ဆင်းလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၏။ ထိုမြွေမင်း၏ ကိုယ်လည် လုံးထွင်းလှေကဲ့သို့ ဖြစ်၏၊ ထိုမြွေမင်း၏ ပါးပျဉ်းသည် အရက်ချက်သမားတို့၏ မုန့်ညက် လုန်း ဖျာကဲ့သို့ ဖြစ်၏၊ ထိုမြွေမင်း၏ မျက်စိတို့သည် ကောသလမင်း၏ ကြေးခွက်ကြီးကဲ့သို့ ဖြစ်၏၊ ထိုမြွေမင်း၏ လျှာတို့သည် မိုးထစ်ချုန်းသောအခါ လျှပ်စစ် ပြက်သကဲ့သို့ ဖြစ်၏၊ ထိုမြွေမင်း၏ ထွက်သက် ဝင်သက် ရှူရှိုက်သံသည် ပန်းပဲဖိုမှ လေမှုတ်သော (ဖိုထိုးသံ) ကဲ့သို့ ဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤသူကား ယုတ်မာသော မာရ်နတ်တည်း ဟု သိ၍ ယုတ်မာသော မာရ်နတ်ကို ဂါထာဖြင့် မိန့်ဆိုတော်မူ၏-

"မိမိကိုယ်ကို စောင့်စည်းလျက် ကိန်းအောင်းရန် ဆိတ်ငြိမ်သော အိမ်တို့ကို မှီဝဲသော မြတ်စွာဘုရားသည် ထိုခန္ဓာကိုယ် အတ္တဘော၌ (တပ်မက်ခြင်းကို)စွန့်၍ ကျင့်၏၊ ထိုသို့ သဘောရှိသော မြတ်စွာဘုရား၏ ထိုစွန့်၍ ကျင့်ခြင်းသဘောသည် လျောက်ပတ်သည်သာလျှင် တည်း။

များစွာသော အခြေလေးချောင်းရှိ သတ္တဝါ၎င်း များစွာသော (သက်ရှိသက်မဲ့) ဘေးရန်တို့၎င်း ထို့ပြင်များစွာသော ခြင် မြွေတို့၎င်း(ရှိကုန်၏)၊ဆိတ်ငြိမ်ရာ ကျောင်းသင်္ခမ်း၌ ကပ်သော မြတ်စွာဘုရားသည် ထိုဘေးရန်ရှိရာ အရပ်တို့၌ မွေးညင်းမျှလည်း မတုန်လှုပ်။

ကောင်းကင် ကိမ်တိုက်ကွဲစေကာမူ မြေကြီးလှုပ်စေကာမူ ထို့ပြင် သတ္တဝါအားလုံးတို့ ထိတ်လန့်ကြောက်ရွံ့စေကာမူ ရင်ဝ၌ လှံကို ထိုးစိုက်စေကာမူ ဘုရားသျှင်တို့သည် ကိုယ်ခန္ဓာ တို့၌ ခိုကိုးရာ မပြုကုန်"ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ ယုတ်မာသော မာရ်နတ်သည် "မြတ်စွာဘုရားသည် ငါ့ကို သိတော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ငါ့ကို သိတော်မူ၏"ဟု ဆင်းရဲခြင်း နှလုံးမသာခြင်း ရှိသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

## ၇-သုပတိသုတ်

၁၄၃။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဥ့်နက်တို့ကို အစာပေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် မျှားစွာသော ညဥ့်ပတ်လုံး လွင်တီးခေါင်၌ စင်္ကြံကြွတော်မူလျက် ညဥ့်မိုးသောက် အချိန်၌ ခြေဆေးတော်မူ၍ ကျောင်းသို့ ဝင်တော်မူပြီးလျှင်(လက်ျာ)ခြေ၌ (လက်ဝဲ)ခြေကို စဉ်းငယ်လွန်ကာ တင်ထား၍ အောက်မေ့မှု 'သတိ'ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'ရှိသည်ဖြစ်လျက် ထအံ့ဟူသော အမှတ်ကို နှလုံးသွင်းကာ လက်ျာနံတောင်းဖြင့် မြတ်သော လျောင်းစက်ခြင်းကို ပြုတော်မူ၏။ ထိုအခါ ယုတ်မာသော မာရ်နတ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ဂါထာဖြင့် ရွတ်ဆို၏—

"သင် အဘယ်သို့ အိပ်သနည်း၊ အဘယ့်ကြောင့် အိပ်သနည်း၊ အသို့နည်း ဤအိပ်ခြင်းသည် မိန်းမောသော သူကဲ့သို့ အိပ်ခြင်းလော၊ ဆိပ်ငြိမ်သော အိမ်ကို ရ၏ဟု အိပ်သလော၊ ဤအိပ်ခြင်းသည် နေထွက်သည်တိုင်အောင် အိပ်ခြင်းလော"ဟု ရွတ်ဆို၏။

တစုံတရာသော ဘဝသို့ ဆောင်ခြင်းငှာ အကြင် မြတ်စွာဘုရားအား ကွန်ရက်သဖွယ်ဖြစ်သော ငြိကပ်တတ်သော တပ်မက်မှု တဏှာသည် မရှိ၊ ထိုမြတ်စွာဘုရားသည် အလုံးစုံသောတည်ရာ (ဥပဓိ)တို့၏ ကုန်ခြင်းကြောင့် အိပ်၏၊ မာရ်နတ် ဤအရာ၌ သင့်အား ငြူစူခြင်းသည် အဘယ်အကျိုးရှိအံ့နည်းဟု မိန့်တော်မူ၏။

ထိုအခါ ယုတ်မာသော မာရ်နတ်သည်၊ပ။ ထိုအရပ်၌ပင် ကွယ်ပျောက်လေ၏။

## ဂ-နန္ဒတိသုတ်

၁၄၄။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်–အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ ယုတ်မာသော မာရ်နတ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီး၍ မြတ်စွာဘုရားအား ဤဂါထာကို ရွတ်ဆို၏——

"သားသမီးများစွာရှိသူသည် သားသမီးတို့ဖြင့် နှစ်သက်ရ၏၊ ထို့အတူသာလျှင် နွားများစွာရှိသူသည် နွားတို့ဖြင့် နှစ်သက်ရ၏၊ လူအပေါင်းအား ကာမချမ်းသာ၏ တည်ရာ ဥပဓိတို့ဖြင့် နှစ်သက်ရ၏၊ အကြင်သူသည် ကာမချမ်းသာ၏ တည်ရာ ဥပဓိမရှိ၊ ထိုသူသည် မနှစ်သက်ရသည်သာတည်း"ဟု ရွတ်ဆို၏။

သားသမီးများစွာရှိသူသည် သားသမီးတို့ဖြင့် စိုးရိမ်ရ၏၊ နွားများစွာရှိသူသည် နွားတို့ဖြင့် စိုးရိမ်ရ၏၊ လူအပေါင်းအား ကာမချမ်းသာ၏တည်ရာ (ဥပဓိ)တို့ဖြင့် စိုးရိမ်ရ၏၊ အကြင်သူသည် ကာမချမ်းသာ၏ တည်ရာ ဥပဓိမရှိ၊ ထိုသူသည် မစိုးရိမ်ရသည်သာတည်းဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ ယုတ်မာသော မာရ်နတ်သည် မြတ်စွာဘုရားသည် ငါ့ကို သိတော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ငါ့ကို သိတော်မူ၏ဟု ဆင်းရဲခြင်း နှလုံးမသာ ခြင်း ရှိသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

## ၉-ပဌမ အာယုသုတ်

၁၄၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်-အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာပေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟူ၍ ခေါ်တော်မူ၏၊ အသျှင်ဘုရားဟူ၍ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်၏—

"ရဟန်းတို့ လူတို့၏ ဤအသက်သည် နည်း၏၊ တမလွန်ဘဝသို့ သွားရ၏၊ ကုသိုလ်ကို ပြုအပ်၏ မြတ်သောအကျင့်ကို ကျင့်အပ်၏၊ ပဋိသန္ဓေနေခြင်းရှိသောသူအား မသေခြင်း မည်သည်မရှိ၊ ရဟန်းတို့ ကြာမြင့်စွာသော အသက်ရှင်သောသူသည် အနှစ်တရာ ဖြစ်စေ အနှစ်တရာထက် အနည်းငယ်လွန်၍ဖြစ်စေ အသက်ရှင်၏"ဟု မိန့်တော်မူ၏။

ထိုအခါ ယုတ်မာသော မာရ်နတ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ဂါထာဖြင့် ရွတ်ဆို၏—

"လူတို့၏အသက်သည် ရှည်၏၊ ထိုအသက်ကို သူတော်ကောင်းသည် မကဲ့ရဲ့ရာ၊ နို့ရည်ဖြင့် ယစ်သော သူငယ်ကဲ့သို့ ကျင့်ရာ၏၊ သေမင်း၏ လာခြင်းသည် မရှိ"ဟု ရွတ်ဆို၏။

လူတို့၏ အသက်သည် နည်း၏၊ ထိုအသက်ကို သူတော်ကောင်းသည် ကဲ့ရဲ့ရာ၏၊ ဦးခေါင်း၌ မီးလောင်သော ယောကျ်ားကဲ့သို့ ကျင့်ရာ၏၊ သေမင်း၏ မရောက်မလာရာ အရပ်သည် မရှိနိုင်ဟု မိန့်တော်မူ၏။

ထိုအခါ မာရ်နတ်သည်။ပ။ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

## ၁၀-ဒုတိယ အာယုသုတ်

၁၄၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်-အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာပေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည်။ပ။ ဤစကားကို မိန့်တော်မူ၏။

"ရဟန်းတို့ ဤအသက်သည် နည်း၏၊ တမလွန်ဘဝသို့ သွားရ၏၊ ကုသိုလ်ကို ပြုအပ်၏၊ မြတ်သော အကျင့်ကို ကျင့်အပ်၏၊ ပဋိသန္ဓေနေခြင်း ရှိသောသူအား မသေခြင်းမည်သည် မရှိ၊ ရဟန်းတို့ ကြာမြင့်စွာ အသက်ရှင်သောသူသည် အနှစ်တရာ ဖြစ်စေ အနှစ်တရာထက် အနည်းငယ် လွန်၍ဖြစ်စေ အသက်ရှင်၏"ဟု မိန့်တော်မူ၏။

ထိုအခါ ယုတ်မာသော မာရ်နတ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ဂါထာဖြင့် ရွတ်ဆို၏—

http://www.dhammadownload.com



"ရထားပုန်တောင်းသို့ အစဉ်လိုက်သကဲ့သို့ သတ္တဝါတို့၏ အသက်သည် (သတ္တဝါသို့) အစဉ်လိုက်၏၊ နေ့ညဥ့်တို့သည် မလွန်နိုင်ကုန်၊ အသက်သည် မချုပ်"ဟု ရွတ်ဆို၏။

မြစ်ငယ်တို့၏ ရေအယဉ်သည် ကုန်သကဲ့သို့ သတ္တဝါတို့၏ အသက်သည် ကုန်၏၊ နေ့ညဥ့်တို့သည် လွန်ကုန်၏၊ အသက်သည် ချုပ်၏ဟု မိန့်ဆိုတော်မူ၏။

ထိုအခါ ယုတ်မာသော မာရ်နတ်သည် "မြတ်စွာဘုရားသည် ငါ့ကို သိတော်မူ၏၊ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ငါ့ကို သိတော်မူ၏"ဟု ဆင်းရဲခြင်း နှလုံးမသာခြင်း ရှိသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

ပဌမဝဂ် ပြီး၏။

---

## ၂-ဒုတိယဝဂ် ၁-ပါသာဏသုတ်

၁၄၇။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် အလွန်မှောင်မိုက်သော ညဉ့်အခါ လွင်တီးခေါင်၌ ထိုင်နေတော်မူ၏၊ မိုးသည်လည်း တပေါက်တပေါက် ဆွတ်ဖျန်း၏၊ ထိုအခါ ယုတ်မာသော မာရ်နတ်သည် မြတ်စွာဘုရားအား ကြောက်ခြင်း တုန်လှုပ်ခြင်း ကြက်သီးမွေးညင်း ထခြင်းကို ဖြစ်စေလို၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် မြတ်စွာဘုရား၏ မနီးမဝေး၌ ကျောက်တုံးကြီးတို့ကို ပစ်ခွဲ၏၊ ထိုအခါ မြတ်စွာဘုရားသည် ဤသူကား ယုတ်မာသောမာရ်နတ်တည်းဟု သိ၍ ယုတ်မာသော မာရ်နတ်ကို ဂါထာဖြင့် ရွတ်ဆို၏

"မာရ်နတ် သင်သည် ဂိဇ္ဈကုဋ်တောင် တခုလုံးကိုလည်း အကယ်၍ လှုပ်စေဦးတော့၊ ကိလေသာမှ ကောင်းစွာ လွတ်ကုန်ပြီးသော ဘုရားသျှင်တို့အား တုန်လှုပ်ခြင်း မရှိသည် သာလျှင်တည်း"ဟု မိန့်တော်မူ၏။

ထိုအခါ ယုတ်မာသော မာရ်နတ်သည် "မြတ်စွာဘုရားသည် ငါ့ကို သိတော်မူ၏၊ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ငါ့ကို သိတော်မူ၏"ဟု ဆင်းရဲခြင်း နှလုံးမသာခြင်းရှိသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

## ၂-ကိန္နုသီဟသုတ်

၁၄၈။ အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဇေတဝန် ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ပရိသတ်များစွာ ခြံရံလျက် တရားဟောတော်မူ၏၊ ထိုအခါ ယုတ်မာသော မာရ်နတ်အား "ဤရဟန်းဂေါတမသည် ပရိသတ်များစွာ ခြံရံလျက် တရားဟော၏၊ ငါသည် (ပရိသတ်၏)ပညာမျက်စိကို ဖျက်ဆီးခြင်းငှာ ရဟန်းဂေါတမထံသို့ ချဉ်းကပ်ရမူကား ကောင်းလေစွ"ဟု အကြံဖြစ်၏၊ ထို့နောက် ယုတ်မာသော မာရ်နတ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ဂါထာဖြင့် ရွတ်ဆို၏—

"သင်သည် အဘယ့်ကြောင့် ပရိသတ်၌ ရဲရင့်သည်ဖြစ်၍ ခြင်္သေ့မင်းကဲ့သို့ ကြုံးဝါး ဘိသနည်း၊ သင့်အား ပြိုင်ဘက် လက်ဝှေ့သတ်သူသည် ရှိသလေး၊ အောင်ပြီးနိုင်ပြီးသူ ဟူ၍ သင် အောက်မေ့လေသလော"ဟု (ရွတ်ဆို၏)။

http://www.dhammadownload.com



ကြီးသော လုံ့လရှိကုန်သော ဘုရားသျှင်တို့သည် ပရိသတ်တို့၌ စင်စစ် ရဲရင့်ကုန်သည် ဖြစ်၍ ကြုံးဝါးကုန်၏၊ လောက၌ ကပ်ငြိမှု(တဏှာ)ကို လွန်မြောက်ပြီးသော မြတ်စွာဘုရားတို့သည် အား(ဆယ်ပါး)နှင့် ပြည့်စုံကုန်၏ဟု (မိန့်တော်မူ၏)။

ထိုအခါ ယုတ်မာသော မာရ်နတ်သည် ''မြတ်စွာဘုရားသည် ငါ့ကို သိတော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ငါ့ကို သိတော်မူ၏''ဟု ဆင်းရဲခြင်း နှလုံးမသာခြင်း ရှိသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

## ၃-သကလိကသုတ်

၁၄၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်-ထိုအခါ၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် မဒ္ဒကုစ္ဆိမည်သော သမင်တော၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရား၏ ခြေတော်သည် ကျောက်ခဲဖြင့် ထိခိုက်မိ၏၊ မြတ်စွာဘုရားအား ဆင်းရဲကုန်သော ခက်ထန် ကြမ်းထမ်းကုန် စပ်ရှားကုန်သော မသာယာအပ်ကုန် မနှစ်လိုအပ်ကုန်သော ကိုယ်၌ဖြစ်သော ပြင်းပြသော ဝေဒနာတို့သည် ဖြစ်ကုန်၏၊ မြတ်စွာဘုရားသည် ထိုဝေဒနာတို့ကို သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ မပင်မပန်း သည်းခံတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ဒုကုဋ်တော်ကို လေးထပ်ခင်း၍ (လကျ်ာ) ခြေ၌ (လက်ဝဲ) ခြေကို စဉ်းငယ်လွန်ကာ တင်ထား၍ အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' ရှိသည်ဖြစ်လျက် လကျ်ာနံတောင်းဖြင့် မြတ်သော လျောင်းစက်ခြင်းကို ပြုတော်မူ၏၊ ထိုအခါ ယုတ်မာသော မာရ်နတ်သည် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ဂါထာဖြင့် ရွတ်ဆို၏-

''သင်သည် မိန်းမောတွေဝေသဖြင့် အိပ်သလော၊ သို့မဟုတ် ရွတ်ဆိုဖွယ်ကြံစည်မှုဖြင့် ယစ်သည်ဖြစ်၍ အိပ်သလော၊ သင့်အား များစွာသော အကျိုးတို့သည် မရှိကုန်သလော၊ ဆိတ်ငြိမ်သော ကျောင်း အိပ်ရာ နေရာ၌ တယောက်တည်း အိပ်ခြင်းသို့ ရှေးရှုလျက် အဘယ့်ကြောင့် အိပ်ဘိသနည်း''ဟု (ရွတ်ဆို၏)။

ငါသည် မိန်းမောတွေဝေသဖြင့် အိပ်သည်မဟုတ်၊ ရွတ်ဆိုဖွယ် ကြံစည်မှုဖြင့် ယစ်သည် ဖြစ်၍ အိပ်သည်မဟုတ်၊ ငါသည် အကျိုးသို့ ကောင်းစွာ ရောက်ပြီးဖြစ်၍ စိုးရိမ်ကြောင့်ကြ မရှိဘဲ ဆိတ်ငြိမ်သော အိပ်ရာ နေရာ၌ အလုံးစုံသော သတ္တဝါတို့အား အစဉ်သနားခြင်း ရှိလျက် တယောက်တည်း အိပ်၏။

ဤလောက၌ အကြင်သူတို့၏ ရင်ဝယ် မြှားစူးဝင်သောကြောင့် နှလုံးသား တလုပ်လုပ် တုန်လှုပ်နေ၏၊ ထိုသူတို့သော်မှလည်း မြှားတန်းလန်း ရှိသည်ဖြစ်လျက်ပင် အိပ်ခြင်းကို ရတုံဘိသေး၏၊ မြှားစူးဝင်ခြင်း ကင်းနေသောငါကား အဘယ့်ကြောင့် မအိပ်ပဲရှိမည်နည်း။

ငါသည် ဘေးရန်ရှိသော ခရီးဆိုး၌သော်လည်း တွေးတောယုံမှားမှု မရှိ၊ ဘေးရန်ရှိသော ခရီးဆိုး၌လည်း ငါမကြောက်၊ ညဥ့်နေ့တို့သည် ငါ့ကို မပူပန် စေကုန်။ လောက၌ တစုံ

http://www.dhammadownload.com



တရားဆုတ်ယုတ်ခြင်းကို မမြင်၊ ထို့ကြောင့် အလုံးစုံသောသတ္တဝါတို့အား အစဉ်သနားခြင်း ရှိသည်ဖြစ်၍ အိပ်၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ယုတ်မာသော မာရ်နတ်သည်''မြတ်စွာဘုရားသည် ငါ့ကိုသိတော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ငါ့ကို သိတော်မူ၏''ဟု ဆင်းရဲခြင်း နှလုံးမသာ ခြင်းရှိသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

## ၄-ပတိရူပသုတ်

၁၅၀။ အခါတပါး၌ မြတ်စွာဘုရားသည် ကောသလတိုင်း ပဉ္စသာလာ ရွာ စရပ်တဆောင်၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် လူပရိသတ် များစွာ ခြံရံလျက် တရားဟောတော်မူ၏၊ ထိုအခါ ယုတ်မာသော မာရ်နတ်အား ''ဤ ရဟန်းဂေါတမသည် လူပရိသတ်များစွာ ခြံရံလျက် တရားဟော၏၊ငါသည် (လူပရိသတ်တို့၏)ပညာမျက်စိကို ဖျက်ဆီး ခြင်းငှာ ရဟန်းဂေါတမထံသို့ ချဉ်းကပ်ရမူကား ကောင်းလေစွ''ဟု အကြံဖြစ်၏၊ ထိုအခါ ယုတ်မာသော မာရ်နတ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ဂါထာဖြင့် ရွတ်ဆို၏—

''သင်သည် သူတပါးအား ဆိုဆုံးမဘိ၏၊ သူတပါးအား ဆိုဆုံးမခြင်းသည် သင့်အား မလျောက်ပတ်၊ ထိုတရားဟောမှုကို ပြုကျင့်သော သင်သည် လိုက်လျောခြင်း'ရာဂ'ဆန့်ကျင် ခြင်း 'ဒေါသ'တို့၌ မကပ်ငြိစေလင့်'' ဟု(ရွတ်ဆို၏)။

မြတ်စွာဘုရားသည် ဝေနေယျတို့၏ အစီးအပွားကို လိုလားသည်ဖြစ်၍ သူတပါးတို့အား ဆုံးမတော်မူ၏၊ မြတ်စွာဘုရားသည် လိုက်လျောခြင်း 'ရာဂ' ဆန့်ကျင်ခြင်း 'ဒေါသ' တို့မှ လွတ်တော်မူ၏ ဟု (မိန့်တော်မူ၏)။

ထိုအခါ ယုတ်မာသော မာရ်နတ်သည်''မြတ်စွာဘုရားသည် ငါ့ကို သိတော်မူ၏၊ ကောင်းသော **စကားကို** ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ငါ့ကို သိတော်မူ၏''ဟု ဆင်းရဲခြင်း နှလုံး **မသာ**ခြင်းရှိသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

## ၅-မာနသသုတ်

၁၅၁။ အကျွန်ုပ်သည် ဤသို့ ကြားနာ ခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် **သာဝတ္ထိ**ပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်းတော်၌ (သီတင်းသုံး) **နေ**တော်မူ၏၊ ထိုအခါ ယုတ်မာသော မာရ်နတ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ဂါထာဖြင့် ရွတ်ဆို၏—

''စိတ်နှင့်ယှဉ်သော အကြင်ရာဂတည်းဟူသော ကျော့ကွင်းသည် ကောင်းကင်၌ သွားသူ ကိုလည်း ဖွဲ့လျက် လှည့်လည်၏၊ ထိုကျော့ကွင်းဖြင့် သင့်ကို ဖမ်းအံ့၊ ရဟန်း သင်သည် ငါ၏ (ကျော့ကွင်းမှ)လွတ်လိမ့်မည် မဟုတ်''ဟု (ရွတ်ဆို၏)။

http://www.dhammadownload.com



စိတ်ကို မွေ့လျော်စေတတ် ကုန်သော အဆင်း'ရူပါရုံ'တို့သည်ရင်း အသံ 'သဒ္ဒါရုံ'တို့သည်ရင်းအရသာ 'ရသာရုံ'တို့သည်ရင်း၊ အနံ့ 'ဂန္ဓာရုံ' တို့သည်ရင်း အတွေ့'ဖောဋ္ဌဗ္ဗာရုံ'တို့သည်ရင်း ရှိကုန်၏၊ ဤအာရုံငါးပါးတို့၌ ငါ့အား အလိုဆန္ဒသည် ကင်း၏၊ ဟယ် မာရ်နတ်ယုတ် အင်္ကာဒ ရှုံးလေပြီဟု မိန့်တော်မူ၏။

ထိုအခါ ယုတ်မာသော မာရ်နတ်သည် "မြတ်စွာဘုရားသည် ငါ့ကို သိတော်မူ၏။ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ငါ့ကို သိတော်မူ၏"ဟု ဆင်းရဲခြင်း နှလုံးမသာခြင်း ရှိသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏၊

## ၆-ပတ္တသုတ်

၁၅၂။ သာဝတ္ထိနိဒါန်း။ ထိုအခါ မြတ်စွာဘုရားသည် ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို အကြောင်းပြု၍ ရဟန်းတို့အား တရားစကားဖြင့် အကျိုးစီးပွားကို သိမြင်စေလျက် (တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်)ထက်သန်ရွှင်လန်းစေတော်မူ၏၊ ထိုရဟန်းတို့သည်လည်း အရိုအသေပြုကာ နှလုံးသွင်း၍ အလုံးစုံသော စိတ်ဖြင့် ကောင်းစွာ ဆောင်ကုန်၍ နားစိုက်လျက် တရားနာကုန်၏။ ထိုအခါ ယုတ်မာသော မာရ်နတ်အား "ဤရဟန်းဂေါတမသည် ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို အကြောင်းပြု၍ ရဟန်းတို့အား တရားစကားဖြင့် အကျိုးစီးပွားကို သိမြင်စေလျက်(တရားကို) ဆောက်တည်စေကာ(တရားကျင့်သုံးရန်)ထက်သန်ရွှင်လန်းစေတော်မူ၏၊ ထိုရဟန်းတို့သည်လည်း အရိုအသေပြုကာ နှလုံးသွင်း၍ အလုံးစုံသောစိတ်ဖြင့် ကောင်းစွာဆောင်ကုန်၍ နားစိုက်လျက် တရားနာကုန်၏၊ ထိုငါသည် ရဟန်း(ပရိသတ်)၏ ပညာမျက်စိကို ဖျက်ဆီးခြင်းငှာ ရဟန်းဂေါတမ ထံသို့ ချဉ်းကပ်ရမူ ကောင်းလေစွ"ဟု အကြံဖြစ်၏။

ထိုအခါ၌ များစွာကုန်သော သပိတ်တို့ကို လွင်တီးခေါင်၌ ထားကုန်၏၊ထိုအခါ ယုတ်မာသော မာရ်နတ်သည် နွားလားအသွင်ကို ဖန်ဆင်း၍ ထိုသပိတ်ရှိရာသို့ ချဉ်းကပ်လေ၏၊ ထိုအခါ ရဟန်းတပါးသည် ရဟန်းတပါးအား"ရဟန်း ဤနွားလားသည် သပိတ်တို့ကို ခွဲရာ၏"ဟု ဆိုသည်ရှိသော် မြတ်စွာဘုရားသည် ထိုရဟန်းအား ဤစကားကို မိန့်တော်မူ၏ "ရဟန်းဤသည်ကား နွားလား မဟုတ်၊ ဤနွားသည်ယုတ်မာသော မာရ်နတ်တည်း၊ သင်တို့၏ ပညာမျက်စိကို ဖျက်ဆီးခြင်းငှာ လာ၏"ဟု မိန့်တော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ဤသူသည် ယုတ်မာသော မာရ်နတ်တည်းဟု သိ၍ ယုတ်မာသော မာရ်နတ်ကို ဂါထာဖြင့် မိန့်ဆိုတော်မူ၏-

"အကြင်ရူပက္ခန္ဓာသည်ရင်း အကြင်ဝေဒနက္ခန္ဓာသည်၎င်း သညက္ခန္ဓာသည်ရင်း အကြင်ဝိညာဏက္ခန္ဓာသည်ရင်း အကြင်သင်္ခါရက္ခန္ဓာသည်ရင်း ရှိ၏၊ ထို ခန္ဓာငါးပါးသည် ငါမဟုတ်၊ ဤခန္ဓာငါးပါးသည် ငါ၏ဥစ္စာမဟုတ်ဟု ရှုသည်ဖြစ်၍ ထိုခန္ဓာငါးပါး၌ တပ်ခြင်း ကင်း၏။

ဤသို့ တပ်ခြင်းကင်းသည်ဖြစ်၍ အလုံးစုံသော သံယောဇဉ်ကို လွန်သည်ဖြစ်၍ ဘေးမရှိသော အတ္တဘောကို အလုံးစုံသော အရပ်တို့၌ ရှာသော်လည်း မာရ်စစ်သည် သည် မမြင်နိုင်" ဟု မိန့်တော်မူ၏။

ထိုအခါ ယုတ်မာသော မာရ်နတ်သည်။ပ။ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

http://www.dhammadownload.com



## ၇-ဆဖဿာယတနသုတ်

၁၅၃။ အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင် ပေါက်သော ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် တွေ့ထိမှု ခြောက်ပါးတို့၏ စုဝေးရာ 'ဖဿာယတန'တို့ကို အကြောင်းပြု၍ ရဟန်းတို့အား တရားစကားဖြင့် အကျိုးစီးပွါးကို ကောင်းစွာပြလျက် တရားကို ဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန် ရွှင်လန်းစေကော်မူ၏၊ ထိုရဟန်းတို့သည်လည်း အရိုအသေပြုကာ နှလုံးသွင်းကုန်၍ အလုံးစုံသော စိတ်ဖြင့် ကောင်းစွာ ဆောင်ကုန်၍ နားစိုက်ကုန်လျက် တရားနာကုန်၏။

ထိုအခါ ယုတ်မာသော မာရ်နတ်အား "ဤရဟန်းဂေါတမသည် တွေ့ထိမှု ခြောက်ပါး တို့၏ စုဝေးရာ 'ဖဿာယတန'တို့ကို အကြောင်းပြု၍ ရဟန်းတို့အား တရားစကားဖြင့် အကျိုး စီးပွားကို ကောင်းစွာပြလျက် တရားကို ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေဟော်မူ၏၊ ထိုရဟန်းတို့သည်လည်း အရိုအသေပြုကာ နှလုံးသွင်းကုန်၍ အလုံးစုံသော စိတ်ဖြင့် ကောင်းစွာ ဆောင်ကုန်၍ နားစိုက်လျက် တရားနာကုန်၏၊ ငါသည် (ပရိသတ်၏) ပညာမျက်စိကို ဖျက်ဆီးခြင်းငှါ ရဟန်းဂေါတမထံသို့ ချဉ်းကပ်ရမူ ကောင်းလေစွ" ဟု အကြံ ဖြစ်၏၊ ထို့နောက် ယုတ်မာသော မာရ်နတ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍မြတ်စွာဘုရား၏ မနီးမဝေး၌ မြေပြိုသကဲ့သို့ ကြောက်မက်ဖွယ် အသံကြီးကို ပြု၏၊ ထိုအခါ ရဟန်းတပါးသည် ရဟန်းတပါးအား "ရဟန်း ရဟန်း ဤမြေပြိုသကဲ့သို့ ထင်ရ၏"ဟု ဆို၏၊ ဤသို့ဆိုသော် မြတ်စွာဘုရားသည် ထိုရဟန်းအား ဤစကားကို မိန့်တော်မူ၏ "ရဟန်း ဤသည်ကား မြေပြိုသည် မဟုတ်၊ ဤသည်ကား ယုတ်မာသော မာရ်နတ်သည် သင်တို့၏ ပညာမျက်စိကို ဖျက်ဆီးခြင်းငှါ လာ၏"ဟု ဆို၏၊ ထိုအခါ မြတ်စွာဘုရားသည် ဤသူကား ယုတ်မာသော မာရ်နတ်တည်းဟု သိ၍ ယုတ်မာသော မာရ်နတ်ကို ဂါထာဖြင့် ရွတ်ဆိုတော်မူ၏—

"အလုံးစုံကုန်သော အဆင်း 'ရူပါရုံ'တို့သည်၎င်း အသံ'သဒ္ဒါရုံ' တို့သည်၎င်း အနံ့ 'ဂန္ဓာရုံ'တို့သည်၎င်း အရသာ 'ရသာရုံ' တို့သည်၎င်း အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'တို့သည်၎င်း သဘောတရား 'ဓမ္မာရုံ' တို့သည်၎င်း ရှိကုန်၏၊ ဤအာရုံ ခြောက်ပါးသည် လောက၏ သုံးဆောင်ဖွယ် 'အာမိသ'မည်၏၊ ကြမ်းထမ်းလှ၏၊ ဤအာရုံခြောက်ပါးတို့၌ လူအပေါင်း သည် နစ်မြုပ်၏။

သတိနှင့်ပြည့်စုံသော မြတ်စွာဘုရား၏တပည့်သည် ဤ အာရုံခြောက်ပါးကိုလည်း ကောင်းစွာ လွန်မြောက်၍ မာရ်၏တည်ရာ(ဟေဒ္ဓူမိကဝဋ္ဋ)ကို လွန်လျက် နေမင်းကဲ့သို့ တင့်တယ်၏"ဟု မိန့်ဆိုတော်မူ၏။

ထိုအခါ ယုတ်မာသော မာရ်နတ်သည်။ပ။ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

## ဂ-ပိဏ္ဍသုတ်

၁၅၄။ အခါတပါး၌ မြတ်စွာဘုရားသည် မဂဓတိုင်း ပဉ္စသာလာ မည်သော ပုဏ္ဏားရွာ၌ (သီတင်းသုံး)နေတော်မူ၏၊ထိုအခါ ပဉ္စသာလာမည်သော ပုဏ္ဏားရွာ၌ သတို့သမီးတို့၏လက်ဆောင် ပေးပွဲတို့သည် ဖြစ်ကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်းပိုင်ကို ပြင်ဝတ်၍

http://www.dhammadownload.com



သပိတ်သက်န်းကို ဆောင်ယူပြီးလျှင် ပဉ္စသာလာမည်သော ပုဏ္ဏားရွာသို့ ဆွမ်းခံဝင်တော်မူ၏၊ ထိုအခါ ရဟန်းဂေါတမ ဆွမ်းမရစေလင့်ဟု ပဉ္စသာလာမည်သော ပုဏ္ဏားရွာ၌ နေကုန်သော ပုဏ္ဏားနှင့် အမျိုးသားတို့ကို ယုတ်မာသော မာရ်နတ်သည် ပူးဝင်၏။

ထိုအခါ မြတ်စွာဘုရားသည် ဆေးပြီးသော သပိတ်ဖြင့် ပဉ္စသာလာ ပုဏ္ဏားရွာသို့ ဆွမ်းခံဝင်တော်မူ၍ ယင်း ဆေးပြီးတိုင်းသော သပိတ်ဖြင့်ပင် ပြန်ကြွတော်မူခဲ့ရ၏၊ ထိုအခါ ယုတ်မာသော မာရ်နတ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားအား "ရဟန်း သင်သည် ဆွမ်း ရပါ၏လော"ဟု ဤစကားကို ဆို၏၊ မာရ်နတ်ယုတ် ငါ ဆွမ်းမရနိုင်ရာသော အခြင်းအရာဖြင့် သင် ပြုသည်မဟုတ်လောဟု (မိန့်တော်မူ၏)၊ အသျှင်ဘုရား သို့ဖြစ်လျှင် မြတ်စွာဘုရားသည် နှစ်ကြိမ်မြောက်လည်း ပဉ္စသာလာပုဏ္ဏားရွာသို့ ဆွမ်းခံဝင်တော်မူလော့၊ မြတ်စွာဘုရားသည် ဆွမ်းကို ရလတ္တံ့သော အခြင်းအရာဖြင့် အကျွန်ုပ် ပြုအံ့ဟု (လျှောက်၏)။

> "မာရ်နတ်သည် မြတ်စွာဘုရားကို ထိပါးချုတ်ချယ်၍ မကောင်းမှုကို ပွါးစေ၏၊ မာရ်နတ်ယုတ် အသို့နည်း၊ "ငါ့အား မကောင်းမှုသည် အကျိုးမပေး"ဟု ထင်မှတ်လေသလော။
>
> အကြင် ငါတို့အား ရာဂစသော ကြောင့်ကြခြင်း မရှိသည်သာလျှင်တည်း၊ ထိုငါတို့သည် စင်စစ် ချမ်းသာစွာ အသက်ရှင်ကုန်၏၊ အာဘဿရာဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့ကဲ့သို့ နှစ်သိမ့်ခြင်း 'ပီတိ'လျှင် အစာရှိကုန်သည်ဖြစ်ကုန်အံ့"ဟု (မိန့်တော်မူ၏)။

ထိုအခါ ယုတ်မာသော မာရ်နတ်သည် "မြတ်စွာဘုရားသည် ငါ့ကို သိတော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ငါ့ကို သိတော်မူ၏"ဟုဆင်းရဲခြင်း နှလုံးမသာခြင်း ရှိသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

### ၉-ကဿကသုတ်

၁၅၅။ သာဝတ္ထိနိဒါန်း။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား နိဗ္ဗာန်နှင့်စပ်သော တရားစကားဖြင့် ကောင်းစွာပြလျက် တရားကို ဆောက်တည်စေကာ(တရားကျင့်သုံးရန်)ထက်သန် ရွှင်လန်းစေတော်မူ၏၊ ထိုရဟန်းတို့သည်လည်း အရှိအသေပြုကာ နှလုံးသွင်းကုန်၍ အလုံးစုံသော စိတ်ဖြင့် ကောင်းစွာ ဆောင်ကုန်၍ နားစိုက်ကုန်လျက် တရားနာကုန်၏။

ထိုအခါ ယုတ်မာသော မာရ်နတ်အား "ဤရဟန်းဂေါတမသည် ရဟန်းတို့အား နိဗ္ဗာန်နှင့် စပ်သော တရားစကားဖြင့်။ပ။ ငါသည် ရဟန်း(ပရိသတ်၏) ပညာမျက်စိကိုဖျက်ဆီးခြင်းငှါ ရဟန်း ဂေါတမထံသို့ ချဉ်းကပ်ရမူ ကောင်းလေစွ"ဟု အကြံဖြစ်၏၊ ထို့နောက် ယုတ်မာသော မာရ်နတ်သည် လယ်သမားအသွင်ဖန်ဆင်း၍ ကြီးစွာသောထွန်တုံးကိုပခုံး၌ထမ်းလျက် နှင်တံရှည်ကိုကိုင်ကာ ဖရိုဖရဲကျသော ဆံပင်ရှိသည်ဖြစ်၍ ပိုက်ဆံလျှော်ပုဆိုးကိုဝတ်လျက်ညွန်အလိမ်းလိမ်းကပ်ကုန်သော ခြေတို့ဖြင့် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားအား "ရဟန်း နွားတို့ကို မြင်လိုက်ပါ၏ လော"ဟု ဤစကားကို လျှောက်၏၊ မာရ်နတ်ယုတ် သင့်အား နွားတို့ဖြင့် အဘယ်အကျိုး ရှိအံ့နည်းဟု မိန့်တော်မူ၏။ ရဟန်း ငါ့အား မျက်စိသည် ရှိ၏၊ ငါ့အား ရူပါရုံတို့သည် ရှိကုန်၏၊ ငါ့အား မျက်စိဖြင့် တွေ့ထိအပ်သော ဝိညာဏ်၏ တည်ရာ စုဝေးရာ စက္ခုသမ္ဖဿ ဝိညာဏာယတနသည်ရှိ၏၊ ရဟန်း သင်သည် အဘယ်အရပ်သို့ သွား၍ ငါ၏နယ်ပယ်မှလွတ်အံ့နည်း၊ ရဟန်း ငါ့အား နားသည်ရှိ၏၊ ငါ့အား သဒ္ဒါရုံတို့သည် ရှိကုန်၏။ပ။ ရဟန်း ငါ့အား နှာခေါင်းသည် ရှိ၏၊ ငါ့အား ဂန္ဓာရုံတို့သည် ရှိကုန်၏၊ ရဟန်း ငါ့အား လျှာသည် ရှိ၏၊ ငါ့အား ရသာရုံတို့သည်

http://www.dhammadownload.com



ရှိကုန်၏၊ ရဟန်း ငါ့အား ကိုယ်သည် ရှိ၏၊ ငါ့အား ဖောဋ္ဌဗ္ဗာရုံတို့သည် ရှိကုန်၏၊ ရဟန်း ငါ့အား သာလျှင် စိတ်သည် ရှိ၏၊ ငါ့အား ဓမ္မာရုံတို့သည် ရှိကုန်၏၊ ငါ့အား စိတ်ဖြင့် တွေ့ထိအပ်သော ဝိညာဏ်၏ တည်ရာ စုဝေးရာ 'မနောသမ္ဖဿဝိညာဏာယတန'သည် ရှိ၏၊ ရဟန်း သင်သည် အဘယ် အရပ်သို့ သွား၍ ငါ၏ (နယ်ပယ်မှ) လွတ်အံ့နည်းဟု (လျှောက်၏)။

မာရ်နတ်ယုတ် မျက်စိသည် သင့်အား ရှိသည်ဖြစ်ပါစေ၊ ရူပါရုံတို့သည် သင့်အား ရှိသည်ဖြစ်ပါစေကုန်၊ မျက်စိဖြင့် တွေ့ထိအပ်သော ဝိညာဏ်၏တည်ရာ စုဝေးရာသည် သင့်အား ရှိသည်ဖြစ်ပါစေ၊ မာရ်နတ်ယုတ် အကြင်အရပ်၌ မျက်စိသည် မရှိ၊ ရူပါရုံတို့သည် မရှိကုန်၊ မျက်စိဖြင့် တွေ့ထိအပ်သော ဝိညာဏ်၏တည်ရာ စုဝေးရာသည် မရှိ၊ မာရ်နတ်ယုတ် ထိုအရပ်၌ သင့်အား ရောက်ခြင်းသည် မရှိ၊ မာရ်နတ်ယုတ် နားသည် သင့်အားသာလျှင် ရှိသည်ဖြစ်ပါစေ၊ သဒ္ဒါရုံတို့သည် သင့်အား ရှိသည် ဖြစ်ပါစေကုန်၊ နားဖြင့်တွေ့ထိအပ်သော ဝိညာဏ်၏တည်ရာ စုဝေးရာသည် သင့်အား ရှိသည်ဖြစ်ပါစေ၊ မာရ်နတ်ယုတ် အကြင်အရပ်၌ နားသည်မရှိ၊ သဒ္ဒါရုံတို့သည် မရှိကုန်၊ နားဖြင့် တွေ့ထိအပ်သော ဝိညာဏ်၏တည်ရာ စုဝေးရာသည် မရှိ၊ မာရ်နတ်ယုတ် ထိုအရပ်၌ သင့်အား ရောက်ခြင်းသည် မရှိ၊ မာရ်နတ်ယုတ် နှာခေါင်းသည် သင့်အားသာလျှင် ရှိသည် ဖြစ်ပါစေ၊ ဂန္ဓာရုံတို့သည် သင့်အား ရှိသည် ဖြစ်ပါစေကုန်၊ နှာခေါင်းဖြင့် တွေ့ထိအပ်သော ဝိညာဏ်၏တည်ရာ စုဝေးရာသည် သင့်အား ရှိသည် ဖြစ်ပါစေ၊ မာရ်နတ်ယုတ်အကြင်အရပ်၌ နှာခေါင်းသည် မရှိ၊ ဂန္ဓာရုံတို့သည် မရှိကုန်၊ နှာခေါင်း ဖြင့် တွေ့ထိအပ်သော ဝိညာဏ်၏တည်ရာ စုဝေးရာသည် မရှိ၊ မာရ်နတ်ယုတ် ထိုအရပ်၌ သင့်အား ရောက်ခြင်းသည် မရှိ။ မာရ်နတ်ယုတ် လျှာသည် သင့်အား ရှိသည်ဖြစ်ပါစေ၊ ရသာရုံတို့သည် သင့်အား ရှိသည် ဖြစ်ပါစေကုန်၊ လျှာဖြင့် တွေ့ထိအပ်သော ဝိညာဏ်၏တည်ရာ စုဝေးရာသည် သင့်အား ရှိသည် ဖြစ်ပါစေ။ပ။ မာရ်နတ်ယုတ် ကိုယ်သည် သင့်အားသာလျှင် ရှိသည် ဖြစ်ပါစေ၊ ဖောဋ္ဌဗ္ဗာရုံတို့သည် သင့်အား ရှိသည်ဖြစ်ပါစေကုန်၊ ကိုယ်ဖြင့်တွေ့ထိအပ်သော ဝိညာဏ်၏တည်ရာ စုဝေးရာသည် သင့်အား ရှိသည်ဖြစ်ပါစေ။ပ။ မာရ်နတ်ယုတ် စိတ်သည် သင့်အားသာလျှင် ရှိသည် ဖြစ်ပါစေ၊ ဓမ္မာရုံတို့သည် သင့်အား ရှိသည် ဖြစ်ပါစေကုန်၊ စိတ်ဖြင့် တွေ့ထိအပ်သော ဝိညာဏ်၏ တည်ရာ စုဝေးရာသည် သင့်အား ရှိသည်ဖြစ်ပါစေ။ မာရ်နတ်ယုတ် အကြင်အရပ်၌ စိတ်သည် မရှိ၊ ဓမ္မာရုံတို့သည် မရှိကုန်၊ စိတ်ဖြင့် တွေ့ထိအပ်သော ဝိညာဏ်၏ တည်ရာစုဝေးရာသည် မရှိ၊ မာရ်နတ်ယုတ် ထိုအရပ်၌ သင့်အား ရောက်ခြင်းသည် မရှိ ဟု မိန့်တော်မူ၏။

ရဟန်း အကြင်ပုဂ္ဂိုလ်တို့သည် အကြင်ဥစ္စာကို "ဤဥစ္စာသည် ငါ၏ ဥစ္စာတည်း"ဟု ဆိုကုန်၏၊ "ငါ၏ သိမ်းဆည်းသော ဥစ္စာတည်း"ဟု ဆိုကုန်၏၊ ထိုသူတို့၏ ဤပြောဆိုသော အရာတို့၌ သင်၏ စိတ်သည် အကယ်၍ ရှိသည်ဖြစ်အံ့၊ သင်သည် ငါ၏ (နယ်ပယ်မှ) လွတ်လိမ့်မည် မဟုတ် (ဟု လျှောက်၏)။

မာရ်နတ်ယုတ် အကြင်သူတို့သည် ဥစ္စာတို့ကို"ငါ၏ဥစ္စာ"ဟု ဆိုကုန်၏၊ ထိုသူတို့၏ ထိုဥစ္စာ မျိုးသည် ငါ့အား မရှိ၊ အကြင်သူတို့သည် ဤသို့ ပြောဆိုကုန်၏၊ ထိုပြောဆိုသူတို့သည် ငါမဟုတ်၊ ငါ၏ သွားရာ ခရီးကိုလည်း သင် မမြင်နိုင်၊ မာရ်နတ်ယုတ် ဤသို့ သိလော့ ဟု (မိန့်တော်မူ၏)။

**ထိုအခါ ယုတ်မာသော မာရ်နတ်သည်။ပ။ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။**

သံ မြန် ၁-၀—၉-မ-သာ-စ

http://www.dhammadownload.com



## ၁၀-ရဇ္ဇသုတ်

၁၅၆။ အခါတပါး၌ မြတ်စွာဘုရားသည် ကောသလတိုင်း ဟိမဝန္တာအရပ် တောကျောင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်၍ တပါးတည်း ကိန်းအောင်းတော်မူသော မြတ်စွာဘုရားအား"ကိုယ်တိုင်လည်း မသတ်၊ သူတပါးကိုလည်း မသတ်စေ၊ သူတပါးဥစ္စာ ဆုံးရှုံးခြင်းကို ကိုယ်တိုင်လည်း မပြု၊ သူတပါးကိုလည်း မပြုစေ၊ ကိုယ်တိုင်လည်း မပူဆွေး၊သူတပါးကိုလည်း မပူဆွေးစေပဲ တရားသဖြင့် မင်းပြုရန် တတ်နိုင်အံ့လော"ဟု ဤသို့သော စိတ်အကြံဖြစ်၏။

ထိုအခါ ယုတ်မာသော မာရ်နတ်သည် မြတ်စွာဘုရား၏ စိတ်အကြံကို မိမိ၏ စိတ်ဖြင့် သိ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် မြတ်စွာဘုရားအား- "အသျှင်ဘုရား မြတ်စွာဘုရားသည် ကိုယ်တိုင်လည်း မသတ်၊သူတပါးကိုလည်း မသတ်စေ၊ သူတပါးဥစ္စာ ဆုံးရှုံးခြင်းကို ကိုယ်တိုင်လည်း မပြု၊ သူတပါးကိုလည်း မပြုစေ၊ ကိုယ်တိုင်လည်း မပူဆွေး၊ သူတပါးကိုလည်း မပူဆွေးစေပဲ တရားသဖြင့် မင်းပြုတော်မူပါလော့၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် မင်းပြုတော်မူပါလော့"ဟု ဆို၏၊မာရ်နတ်ယုတ် သင်သည် ငါ့ကို"အသျှင်ဘုရား မြတ်စွာဘုရားသည် ကိုယ်တိုင်လည်း မသတ်၊ သူတပါးကိုလည်း မသတ်စေ၊သူတပါး ဥစ္စာဆုံးရှုံးခြင်းကို ကိုယ်တိုင်လည်း မပြု၊ သူတပါးကိုလည်း မပြုစေ၊ ကိုယ်တိုင်လည်း မပူဆွေး၊ သူတပါးကိုလည်း မပူဆွေးစေပဲ တရားသဖြင့် မင်းပြုတော်မူပါလော့၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် မင်းပြုတော်မူပါလော့"ဟူသော ယင်းစကားကို ဆို၏၊သင်သည်ငါ့အား အဘယ်ကိုမြင်၍ ဆိုသနည်းဟု(မိန့်တော်မူ၏)၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွားများအပ်ကုန်၏၊ ကြိမ်ဖန်များစွာ ပြုအပ်ကုန်၏၊ ယာဉ်ကဲ့သို့ ပြုအပ်ကုန်၏၊ တည်ရာကဲ့သို့ ပြုအပ်ကုန်၏၊ အစဉ်တည်ကုန်၏၊ ဆည်းပူးအပ်ကုန်၏၊ ကောင်းစွာ အားထုတ်အပ်ကုန်၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် အလိုရှိတော်မူလတ်သော် ဟိမဝန္တာတောင်မင်းကို ရွှေဟု ကြံလျှင် ရွှေဖြစ်ရာ၏၊ ဤသို့ မြင်ပါ၏ ဟု လျှောက်၏။

> အလုံးစုံသော တောင်သည် ကောင်းသော အဆင်းရှိသော ရွှေတောင် ဖြစ်နိုင်ရာ၏။ (တခုသော တောင်ကား ရှိစေဦးတော့) နှစ်ဆကြီးသော ရွှေတောင်ကြီးသော်လည်း တဦးတယောက်သော ပုဂ္ဂိုလ်အား(ဇလိုပြည့်ရန်) မစွမ်းနိုင်ရာဟု သိ၍ လျော်စွာ ကျင့်ရာ၏။
>
> အကြင်သတ္တဝါသည် အကြင် (ကာမဂုဏ်) အကြောင်းကြောင့် ဆင်းရဲကို မြင်၏၊ ထိုသတ္တဝါသည် ကာမဂုဏ်တို့၌ အဘယ့်ကြောင့် ညွတ်ရအံ့နည်း၊ လောက၌ ဥပဓိကို ငြိတွယ်တတ်သော တရားဟု သိ၍ ထိုဥပဓိကို ပယ်ဖျောက်ခြင်းငှာသာလျှင် ကျင့်ရာ၏ ဟု(မိန့်တော်မူ၏)။

ထိုအခါ ယုတ်မာသော မာရ်နတ်သည်"မြတ်စွာဘုရားသည် ငါ့ကို သိတော်မူ၏၊ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ငါ့ကို သိတော်မူ၏"ဟု ဆင်းရဲခြင်း နှလုံးမသာခြင်းရှိသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

ဒုတိယဝဂ် ပြီး၏။

http://www.dhammadownload.com



## ၃-တတိယဝဂ် ၁-သမ္ဗဟုလသုတ်

၁၅၇။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သက္က တိုင်း ကျောက်အရံရှိသော ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ များစွာသော ရဟန်း တို့သည် မြတ်စွာဘုရား၏ မနီးမဝေး၌ မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ် သော စိတ်ရှိကုန်သည်ဖြစ်၍ နေကုန်၏၊ ထိုအခါ ယုတ်မာသော မာရ်နတ်သည် ပုဏ္ဏားအသွင်ကို ဖန်ဆင်းကာ ကြီးမားစွာ ဆံကျစ်ထုံးလျက် သစ်နက်ရေ ဝတ်ရုံပြီးလျှင် အိုမင်းရကား အိမ် အခြင် ကဲ့သို့ ကိုင်းသည် ဃုရု ဃုရု ဟု ရှူသော ဝင်သက် ရှိသည်ဖြစ်၍ ရေသဖန်းသား တောင်ဝှေးကို ကိုင်ပြီးလျှင် ထိုရဟန်းများထံသို့ ချဉ်းကပ်လျက် ထိုရဟန်းတို့အား ဤစကားကို ဆို၏–“အသျှင်တို့ သင်တို့ ရဟန်းပြုကုန်သည်ကား ငယ်ကုန်သေး၏၊ ပျိုနုကုန်သေး၏၊ မည်းနက်သောဆံပင် ရှိကုန် သေး၏၊ ပဌမအရွယ်အားဖြင့် အရွယ်ကောင်းနှင့် ပြည့်စုံကုန်သေး၏၊ ကာမဂုဏ်တို့၌ ကစားမြူးထူး လေ့ မပျော်ကုန်သေး၊ အသျှင်တို့သည် လူ၌ဖြစ်သော ကာမဂုဏ်တို့ကို ခံစားကြကုန်ဦးလော့၊ မျက်မှောက် ကာမဂုဏ်ကို စွန့်၍ နောက်မှဖြစ်မည့် နတ်ကာမဂုဏ်သို့ မလိုက်ကြကုန်လင့်”ဟု ဆို၏၊ ပုဏ္ဏား....ငါတို့သည် မျက်မှောက် ကာမဂုဏ်ကို စွန့်၍ နောက်မှဖြစ်မည့် နတ်ကာမဂုဏ်တို့ကို လိုက် ကြသည် မဟုတ်ကုန်၊ ပုဏ္ဏား ...ငါတို့သည် နောက်မှဖြစ်မည့် နတ်ကာမဂုဏ်ကို စွန့်၍ မျက်မှောက်၌ (အရိယာမဂ်) အကျိုးသို့ လိုက်ကုန်၏၊ မှန်၏၊ ပုဏ္ဏား....နောက်မှဖြစ်မည့် နတ်ကာမဂုဏ်တို့ကို များသော ဆင်းရဲခြင်းရှိကုန်၏၊များသော ပင်ပန်းခြင်း ရှိကုန်၏ ဟူ၍ မြတ်စွာဘုရား ဟောတော်မူ အပ်ကုန်၏၊ ကာမဂုဏ်တို့၌ အပြစ်သည် များလှ၏၊ ဤအရိယာမဂ် တရားသည်ကား ကိုယ်တိုင် မြင်နိုင်သော တရားဖြစ်၏၊ အခါမလင့် အကျိုးပေး၏၊ လာလှည့် ရှုလှည့်ဟု ပြထိုက်၏၊ မိမိကိုယ်ထဲ စိတ်ထဲ၌ ဆောင်ထားထိုက်၏၊ (အရိယာ) ပညာရှိတို့သာ ကိုယ်စီ ကိုယ်ငှ သိထိုက်၏ ဟု ဆိုသည် ရှိသော် ယုတ်မာသော မာရ်နတ်သည် ဦးခေါင်းကို ညိတ်၍ လျှာထုတ်လျက် နဖူး၌ အရေး သုံးကြောင်း ထစေပြီးလျှင် တောင်ဝှေးထောက်၍ ဖဲသွား၏။

ထိုအခါ ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေကုန်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကုန်၏၊ “အသျှင်ဘုရား....အကျွန်ုပ်တို့သည် မြတ်စွာဘုရား၏ မနီးမဝေးသော အရပ်၌ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိကုန်သည်ဖြစ်၍ နေပါကုန်၏၊ အသျှင်ဘုရား ထိုအခါ ပုဏ္ဏားတယောက်သည် ကြီးမားစွာ ဆံကျစ်ထုံးလျက် သစ်နက်ရေကို ဝတ်ရုံပြီးလျှင် အိုမင်းရကား အိမ် အခြင်ကဲ့သို့ ကိုင်းသည် ဃုရု ဃုရု ဟု ရှူသော ဝင်သက် ရှိသည် ဖြစ်၍ ရေသဖန်းသား တောင်ဝှေးကို ကိုင်ပြီးလျှင် အကျွန်ုပ်တို့ထံသို့ ချဉ်းကပ်လျက် အကျွန်ုပ်တို့အား ဤစကားကို ဆိုပါ၏၊ “အသျှင်တို့....သင်တို့ ရဟန်းပြုကုန်သည်ကား ငယ်ကုန်သေး၏၊ ပျိုနုကုန် သေး၏၊ မည်းနက်သော ဆံပင် ရှိကုန်သေး၏၊ ပဌမအရွယ်အားဖြင့် အရွယ်ကောင်းနှင့် ပြည့်စုံ ကုန်သေး၏၊ ကာမဂုဏ်တို့၌ ကစားမြူးထူးလေ့ မပျော်ကုန်သေး၊ အသျှင်တို့သည် လူ၌ဖြစ်သော ကာမဂုဏ်တို့ကို ခံစားကြကုန်ဦးလော့၊ မျက်မှောက်ကာမဂုဏ်ကို စွန့်၍ နောက်မှဖြစ်မည့် နတ် ကာမဂုဏ်သို့ မလိုက်ကြကုန်လင့်’ဟု’’ဆိုပါသည်၊ အသျှင်ဘုရား....ဤသို့ ဆိုသည်ရှိသော် အကျွန်ုပ် တို့သည် ထိုပုဏ္ဏားအား ဤစကားကို ဆိုကြပါကုန်၏ “ပုဏ္ဏား... ငါတို့သည် မျက်မှောက် ကာမဂုဏ် တို့ကို စွန့်၍ နောက်မှဖြစ်မည့် နတ်ကာမဂုဏ်သို့ လိုက်ကြသည် မဟုတ်ကုန်၊ ပုဏ္ဏား.. ငါတို့သည်

http://www.dhammadownload.com



နောက်မှဖြစ်မည့် နတ်ကာမဂုဏ်ကို စွန့်ကုန်၍ မျက်မှောက်ဖြစ်သော အရိယာမဂ် အကျိုးသို့ လိုက်ကုန်၏၊ ပုဏ္ဏား....မှန်၏၊ နောက်မှဖြစ်မည့် နတ်ကာမဂုဏ်တို့ကို များသော ဆင်းရဲခြင်း ရှိကုန်၏၊ များသော ပင်ပန်းခြင်း ရှိကုန်၏ ဟူ၍ မြတ်စွာဘုရား ဟောတော်မူအပ်ကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်သည် များလှ၏၊ ဤ (အရိယာမဂ်) တရားသည်ကား ကိုယ်တိုင် မြင်နိုင်သောတရား ဖြစ်၏၊ အခါမလင့် အကျိုးပေးတတ်၏၊ လာလှည့် ရှုလှည့် ဟု ပြထိုက်၏၊ မိမိတို့ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ထားထိုက်၏၊ (အရိယာ)ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိထိုက်သည် ဖြစ်၏" ဟု ဆိုကြပါကုန်၏။အသျှင်ဘုရား ဤသို့ ဆိုသည်ရှိသော် ထိုပုဏ္ဏားသည် ဦးခေါင်းကို ညိတ်၍ လျှာထုတ်လျက် နဖူး၌ အရေးသုံးကြောင်း ထစေပြီးလျှင် တောင်ဝှေးထောက်၍ ဖဲသွားပါသည်" ဟု လျှောက်ကုန်၏။

ရဟန်းတို့....ဤသူသည်ကား ပုဏ္ဏားမဟုတ်၊ ဤသူကား ယုတ်မာသော မာရ်နတ်တည်း၊ သင်တို့၏ ပညာမျက်စိကို ဖျက်ဆီးခြင်းငှါ လာ၏ဟု မိန့်တော်မူ၏၊ ထိုအခါ၌ မြတ်စွာဘုရားသည် ထိုအကြောင်းကို သိ၍ ဂါထာကို ရွတ်ဆိုတော်မူ၏—

အကြင်သတ္တဝါသည် အကြင်(ကာမဂုဏ်)ငါးပါးအကြောင်းကြောင့် ဆင်းရဲကို မြင်၏၊ ထိုသတ္တဝါသည် ကာမဂုဏ်တို့၌ အဘယ့်ကြောင့် ညွတ်ရအံ့နည်း၊ လောက၌ ဥပဓိကို ငြိတွယ်တတ်သော တရားဟု သိ၍ ထိုဥပဓိကို ပယ်ဖျောက်ခြင်းငှါသာလျှင် ကျင့်ရာ၏ ဟု (ရွတ်ဆိုတော်မူ၏)။

## ၂-သမိဒ္ဓိသုတ်

၁၅၈။ အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကျောက်အရံရှိသော ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ထိုအခါ၌ အသျှင်သမိဒ္ဓိသည် မြတ်စွာဘုရား၏ မနီးမဝေး၌ မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေ၏၊ ထိုအခါ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်လျက် တပါးတည်း ကိန်းအောင်းနေသော အသျှင်သမိဒ္ဓိအား–"အကြင် ငါ၏ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်၏၊(အလုံးစုံသောတရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူ၏၊ငါ့အား အရတော်လေစွတကား၊ငါသည် ကောင်းစွာ ရအပ်ပေစွတကား၊ဤသို့ ကောင်းစွာ ဟောတော်မူအပ်သော သာသနာတော်၌ ရဟန်းပြုရသော ငါ့အား အရတော်လေစွတကား၊ ငါ့အား ကောင်းစွာ ရအပ်ပေစွတကား၊ ငါ၏ သီတင်းသုံးဖော်တို့သည် သီလရှိကုန်၏၊ ကောင်းသော သဘောရှိကုန်၏၊ ငါ့အား အရတော်လေစွတကား၊ ငါ့အား ကောင်းစွာ ရအပ်ပေစွတကား"ဟု စိတ်အကြံဖြစ်၏၊ ထိုအခါ ယုတ်မာသော မာရ်နတ်သည် အသျှင်သမိဒ္ဓိ၏ စိတ်အကြံကို မိမိစိတ်ဖြင့် သိ၍ အသျှင်သမိဒ္ဓိထံသို့ ချဉ်းကပ်လျက် အသျှင်သမိဒ္ဓိ၏ မနီးမဝေး၌ မြေပြိုသကဲ့သို့ ကြောက်မက်ဖွယ် အသံကြီးကို ပြု၏။

ထိုအခါ၌ အသျှင်သမိဒ္ဓိသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကိုလျှောက်၏၊ "အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏ မနီးမဝေးသောအရပ်၌ မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေပါ၏၊ အသျှင်ဘုရား....ဆိတ်ငြိမ်ရာအရပ်သို့ ကပ်၍

http://www.dhammadownload.com



တယောက်တည်း ကိန်းအောင်းနေသော အကျွန်ုပ်အား—"အကြင် ငါ၏ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်၏၊(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူ၏၊ ငါ့အား အရတော်စွတကား၊ ငါ့အား ကောင်းစွာ ရအပ်ပေစွတကား၊ ဤသို့ ကောင်းစွာ ဟောတော်မူအပ်သော သာသနာတော်၌ ရဟန်းပြုရသော ငါ့အား အရတော်စွ တကား၊ ငါ့အား ကောင်းစွာ ရအပ်ပေစွတကား၊ ငါ၏ သီတင်းသုံးဖော်တို့သည် သီလရှိကုန်၏၊ ကောင်းသော သဘောရှိကုန်၏၊ ငါ့အား အရတော်စွတကား၊ ငါ့အား ကောင်းစွာ ရအပ်ပေစွ တကားဟု စိတ်အကြံဖြစ်ပါ၏၊အသျှင်ဘုရား ထိုအကျွန်ုပ်၏အနီး၌ မြေပြိုသကဲ့သို့ကြောက်မက်ဖွယ် ရှိသော အသံကြီးသည် ဖြစ်ပါသည်"ဟု လျှောက်၏။

သမိဒ္ဓိ ဤသည်ကား မြေပြိုသည်မဟုတ်၊ဤသည်ကား ယုတ်မာသောမာရ်နတ်တည်း၊သင်၏ ပညာမျက်စိကို ဖျက်ဆီးခြင်းငှါ လာ၏၊သမိဒ္ဓိ သင်သည် သွားလေ၊ထိုအရပ်၌ပင်လျှင်မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် နိဗ္ဗာန်သို့စေလွှတ်သော စိတ်ရှိသည် ဖြစ်၍ နေလော့ဟု(မိန့်တော်မူ၏)၊ အသျှင်ဘုရား ကောင်းပါပြီဟု အသျှင်သမိဒ္ဓိသည် မြတ်စွာဘုရားအား ဝန်ခံ၍ နေရာမှ ထကာ မြတ်စွာဘုရားကို ရှိခိုးဖြီးလျှင် အရိုအသေပြု၍ ဖဲသွားလေ၏၊နှစ်ကြိမ်မြောက်လည်း အသျှင်သမိဒ္ဓိ သည် ထိုအရပ်၌ပင်လျှင် မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ်သော စိတ် ရှိသည်ဖြစ်၍ နေ၏၊ နှစ်ကြိမ်မြောက်လည်း ဆိတ်ငြိမ်ရာအရပ်သို့ ကပ်သည်ဖြစ်၍ တပါးတည်းကိန်း အောင်းနေသော အသျှင်သမိဒ္ဓိအား။ပ။ နှစ်ကြိမ်မြောက်လည်း ယုတ်မာသော မာရ်နတ်သည် အသျှင်သမိဒ္ဓိ၏ စိတ်အကြံကို မိမိစိတ်ဖြင့်သိ၍။ပ။ မြေပြိုသကဲ့သို့ ကြောက်မက်ဖွယ် အသံကြီး ဖြစ်၏၊ ထိုအခါ အသျှင်သမိဒ္ဓိသည် ယုတ်မာသော မာရ်နတ်ကို ဂါထာဖြင့် ရွတ်ဆို၏—

"ငါသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ သဒ္ဓါတရားဖြင့် ဝင်ရောက်(ရဟန်းပြု)၏၊ငါသည် သတိကိုငင်း ပညာကိုငင်း သိအပ်၏၊ စိတ်ကိုလည်း ကောင်းစွာ ဆောက်တည်အပ်၏၊ (ကြောက်မက်ဖွယ်သော) ရုပ်အဆင်းတို့ကို အလိုရှိတိုင်း ပြုလော့၊ ငါ့ကို တုန်လှုပ်စေနိုင် လိမ့်မည် မဟုတ်"ဟု ရွတ်ဆို၏။

ထိုအခါ၌ ယုတ်မာသော မာရ်နတ်သည်"သမိဒ္ဓိရဟန်းသည် ငါ့ကိုသိ၏"ဟုဆင်းရဲခြင်း နှလုံး မသာခြင်း ရှိသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

## ၃-ဂေါဓိကသုတ်

၁၅၉။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်–အခါတပါး၌မြတ်စွာဘုရားသည် ရာဇဂြိုဟ် ပြည် ရှဉ့်နက်တို့ကို အစာကျွေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး)နေတော် မူ၏၊ ထိုအခါ အသျှင်ဂေါဓိကသည် ဣသိဂိလိတောင် နံပါး မည်းနက်သော ကျောက်ဖျာ၌ နေ၏၊ ထိုအခါ၌ အသျှင်ဂေါဓိကသည် မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေလတ်သော် ဝင်စားတိုင်း ဝင်စားတိုင်း လောကီစျာန်သမာပတ်ကို ရ၏၊ ထိုသို့ပင်ရသော်လည်း အသျှင်ဂေါဓိကသည် ထိုဝင်စားတိုင်း ရအပ်သော ထိုလောကီစျာန် သမာပတ်မှ လျောကျ၏၊ နှစ်ကြိမ်မြောက်လည်း အသျှင်ဂေါဓိကသည် မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ်သောစိတ်ရှိသည်ဖြစ်၍နေလတ်သော်ဝင်စားတိုင်းဝင်စားတိုင်း

http://www.dhammadownload.com



လောကီချာန်သမာပတ်ကို ရ၏၊ နှစ်ကြိမ်မြောက်လည်း အသျှင်ဂေါဓိကသည် ထို ဝင်စားတိုင်း ရအပ်သော ထိုလောကီချာန်သမာပတ်မှ လျှောကျ၏။

သုံးကြိမ်မြောက်ရင်း လေးကြိမ်မြောက်ရင်း ငါးကြိမ်မြောက်ရင်း ဤအတူ ထိုဝင်စားတိုင်း ရအပ်သော လောကီချာန်သမာပတ်မှ လျှောကျ၏၊ ခြောက်ကြိမ်မြောက်လည်း အသျှင်ဂေါဓိကသည် မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေလတ်သော် ဝင်စားတိုင်း ဝင်စားတိုင်း လောကီချာန်သမာပတ်ကို ရ၏၊ ခြောက်ကြိမ်မြောက်လည်း အသျှင်ဂေါဓိကသည် ထိုဝင်စားတိုင်း ရအပ်သော လောကီချာန်သမာပတ်မှ လျှောကျ၏၊ ခုနစ်ကြိမ်မြောက်လည်း အသျှင်ဂေါဓိကသည် မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေလတ်သော် ဝင်စားတိုင်း ဝင်စားတိုင်း လောကီချာန် သမာပတ်ကို ရ၏။

ထိုအခါ အသျှင်ဂေါဓိကအား ဤသို့သော အကြံသည်ဖြစ်၏-"ငါသည် ခြောက်ကြိမ်မြောက်တိုင်အောင် ဝင်စားတိုင်း ရအပ်သော လောကီချာန်သမာပတ်မှ လျှောကျ၏၊ ငါသည် ဓားလက်နက်ကို ဆောင်၍(သတ်သေရမူ) ကောင်းလေစွ ဟု အကြံဖြစ်၏၊ ထိုအခါ မာရ်နတ်သည် အသျှင်ဂေါဓိက၏ စိတ်အကြံကို မိမိစိတ်ဖြင့်သိ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် မြတ်စွာဘုရားကို ဂါထာဖြင့် ရွတ်ဆို လျှောက်ထား၏—

ကြီးသော လုံ့လရှိတော်မူသော ကြီးသော ပညာရှိတော်မူသော တန်ခိုးဖြင့်ရင်း အခြံအရံ (အကျော်အစော) ဖြင့်ရင်း ထွန်းပတော်မူသော အလုံးစုံသော ဘေးရန်တို့ကို လွန်တော်မူသော စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား (အသျှင်ဘုရား၏) ခြေတော်တို့ကို ရှိခိုးပါ၏။

"ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား အသျှင်ဘုရား၏ တပည့်(ဂေါဓိက)သည် သေခြင်းဖြင့် နှိပ်စက်ခြင်း ရှိသည်ဖြစ်၍ သေခြင်းကို တောင့်တ၏၊စေ့ဆော်လို့ လပြု၏၊ဘုန်းတန်ခိုးကို ဆောင်တော်မူသော မြတ်စွာဘုရား ထိုဂေါဓိကကို တားမြစ်တော်မူပါလော့။

မြတ်စွာဘုရား လူ့ဌ ထင်ရှားကျော်စော၍ သာသနာတော်၌ မွေ့လျော်သော အသျှင်ဘုရား၏ တပည့်သာဝကသည် အရဟတ္တဖိုလ်သို့ မရောက်မူ၍ ကျင့်ဆဲသေက္ခသာ ဖြစ်လျက် အဘယ့်ကြောင့် သေရအံ့နည်း"ဟု လျှောက်၏။

ထိုအခါ အသျှင်ဂေါဓိကသည် ဓားလက်နက်ကို ဆောင်၍ အသက်ကို သတ်၏၊ ထိုအခါ မြတ်စွာဘုရားသည်"ဤသူကား ယုတ်မာသော မာရ်နတ်တည်း"ဟုသိ၍ ယုတ်မာသောမာရ်နတ်ကို ဂါထာဖြင့် ရွတ်ဆိုတော်မူ၏—

"အမြစ်အရင်းနှင့် တကွသော တပ်မက်မှု'တဏှာ'ကို နုတ်ပယ်၍ ဂေါဓိကသည် ပရိနိဗ္ဗာန်ပြု၏၊ ပညာရှိတို့သည် ဤသို့လျှင် ပြုကုန်၏၊မိမိအသက်ကို အလိုမရှိကြကုန်"ဟု မိန့်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏၊"ရဟန်းတို့ ဂေါဓိကအမျိုးကောင်းသားသည် လက်နက်ကို ဆောင်၍ သေရာ ဣသိဂိလိတောင်နံပါး မည်းနက်သော ကျောက်ဖျာသို့

http://www.dhammadownload.com



သွားကြကုန်စို့”ဟု မိန့်တော်မူ၏၊ “မြတ်စွာဘုရား ကောင်းပါပြီ”ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဝန်ခံကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်းတို့နှင့်အတူ ဣသိဂိလိတောင်နံပါး မည်းနက်သော ကျောက်ဖျာသို့ ချဉ်းကပ်တော်မူလတ်သော် အဝေးမှသာလျှင် ညောင်စောင်း၌ ဦးခေါင်းလည်သော ကိုယ်ခန္ဓာရှိလျက် လဲနေသော အသျှင်ဂေါဓိကကို မြင်တော်မူသည်သာလျှင်တည်း၊ ထိုအခါ အခိုးကဲ့သို့ အမိုက်မှောင်ကဲ့သို့ ထင်သော အရာသည် အရှေ့အရပ်သို့ သွား၏၊ အနောက်အရပ်သို့ သွား၏၊ မြောက်အရပ်သို့ သွား၏၊ တောင်အရပ်သို့ သွား၏၊ အထက်သို့ သွား၏၊ အောက်သို့ သွား၏၊ အထောင့်အရပ်သို့ သွား၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏“ရဟန်းတို့ အခိုးကဲ့သို့ အမိုက်မှောင်ကဲ့သို့ထင်၍ အရှေ့အရပ် အနောက်အရပ် မြောက်အရပ် တောင်အရပ် အထက်အရပ် အောက်အရပ် အထောင့်အရပ်သို့ သွားသော ထိုအရာကို မြင်ကြကုန်၏လော”ဟု မိန့်တော်မူ၏၊ အသျှင်ဘုရား မြင်ပါကုန်၏ ဟု လျှောက်ကြကုန်၏၊ ရဟန်းတို့ ဤအရာသည်ကား မာရ်နတ်တည်း၊ ဤမာရ်နတ်သည် အဘယ်အရပ်၌ ဂေါဓိကအမျိုးကောင်းသား၏ ပဋိသန္ဓေ ဝိညာဏ် တည်လေသနည်းဟု ဂေါဓိကအမျိုးကောင်းသား၏ ပဋိသန္ဓေဝိညာဏ်ကို ထက်ဝန်းကျင်မှ ရှာမှီး၏၊ ရဟန်းတို့ ပဋိသန္ဓေဝိညာဏ်ဖြင့် မတည်ခြင်းကြောင့် ဂေါဓိကအမျိုးကောင်းသားသည် ပရိနိဗ္ဗာန်ပြုလေပြီဟု မိန့်တော်မူ၏၊ ထိုအခါ ယုတ်မာသော မာရ်နတ်သည် ဥသျှစ်သီးမှည့်ကဲ့သို့ ဖြော့တော့သောအဆင်းရှိသော စောင်းကိုယူ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် မြတ်စွာဘုရားကို ဂါထာဖြင့်ရွတ်ဆို၏—

“အထက်သို့ရင်း၊ အောက်သို့ရင်း၊ ဖီလာအရပ်သို့ရင်း၊ တူရူအရပ်သို့ရင်း၊ အထောင့်အရပ်သို့ရင်း ရှာမှီးသော ထိုအကျွန်ုပ်သည် ထိုဂေါဓိက အဘယ်အရပ်သို့ သွားသည်ဟု မတွေ့မြင်ချေပါ”ဟု ရွတ်ဆို၏—

မြဲမြံသော ပညာရှိသော တည်ကြည်ခြင်းနှင့် ပြည့်စုံသော အကြင် ဂေါဓိကသည် နေ့ညဥ့်ပတ်လုံး အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဈာန်ဝင်စားလေ့ရှိ၏၊ အခါခပ်သိမ်း ဈာန်၌ မွေ့လျော်၏၊ မိမိအသက်ရှည်ခြင်းကိုပင် အလိုမရှိ။

ထိုဂေါဓိကသည် သေမင်း၏ စစ်သည်ကို အောင်ပြီး၍ တဖန်ဘဝဆစ်သို့ မပြန်လည်မူ၍ အဝိဇ္ဇာနှင့်တကွသော တပ်မက်မှု ‘တဏှာ’ ကိုနုတ်ပယ်လျက် ပရိနိဗ္ဗာန်ပြုလေပြီဟု(မိန့်တော်မူ၏)။

ပူဆွေးခြင်းဖြင့် နှိပ်စက်သော ထိုမာရ်နတ်၏ လက်ကတီးမှ စောင်းသည် လျှောကျလေ၏၊ ထို့နောက်မှ ထိုမာရ်နတ်သည် နှလုံးမသာသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

## ၄-သတ္တဝဿာနုဗန္ဓသုတ်

၁၆၀။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်–အခါတပါး၌မြတ်စွာဘုရားသည် ဥရုဝေလတော နေရဥ္စရာမြစ်ကမ်း အဇပါလညောင်ပင်ရင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ အခွင့်ကို

http://www.dhammadownload.com



စောင့်မြှော်သော ယုတ်မာသော မာရ်နတ်သည် အခွင့်ကို မရသည်ဖြစ်၍ ခုနစ်နှစ်တို့ပတ်လုံး မြတ်စွာဘုရားသို့ အစဉ်လိုက်၏၊ ထိုအခါ ယုတ်မာသော မာရ်နတ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ဂါထာဖြင့် ရွတ်ဆို၏—

"သင်သည် ဥစ္စာပစ္စည်း ဆုံးရှုံးသောကြောင့် ပူဆွေးခြင်းသို့ သက်ဝင်သည်ဖြစ်၍တောဌ် ကြံမှိုင်နေသလော၊ထိုသို့မဟုတ်မူ ဥစ္စာကိုတောင့်တလျက် ကြံမှိုင်နေသလော၊ရွာ၌တစုံတရာ မကောင်းမှုကို ပြုမိသလော၊ အဘယ့်ကြောင့် လူအပေါင်းနှင့် အဆွေခင်ပွန်း ဖွဲ့ခြင်းကို မပြုသနည်း၊ သင့်အား တစုံတခုသော အကြောင်းကြောင့် အဆွေခင်ပွန်း မပြည့်စုံ သလော"ဟု ရွတ်ဆို၏။

မာရ်နတ် ငါဘုရားသည် ပူဆွေးခြင်း၏ အလုံးစုံသောအမြစ်ကိုတူး၍ အပြစ်မရှိ ပူဆွေး ခြင်းမရှိပဲ ဈာန်ဝင်စား၏၊ အလုံးစုံသော ဘဝ၌ လိုချင်မှု'လောဘ'ဟု ဆိုအပ်သော တဏှာကို ဖြတ်ပြီးလျှင် အာသဝေါ ကင်းသည်ဖြစ်၍ ဈာန်ဝင်စား၏ ဟု (မိန့်တော်မူ၏)။

ရဟန်း အကြင်ပုဂ္ဂိုလ်တို့သည် အကြင်ဥစ္စာတို့ကို "ဤဥစ္စာသည် ငါ၏ဥစ္စာတည်း"ဟု ဆိုကုန်၏၊ ငါ၏သိမ်းဆည်းသော ဥစ္စာတည်းဟူ၍လည်း ဆိုကုန်၏၊ ထိုသူတို့၏ပြောဆိုသော အရာတို့၌ သင်၏ စိတ်သည် အကယ်၍ ရှိသည်ဖြစ်အံ့၊ သင်သည် ငါ၏(နယ်ပယ်မှ)မလွတ် လတ္တံ့(ဟု ရွတ်ဆို၏)။

မာရ်နတ် အကြင်သူတို့သည် ဥစ္စာတို့ကို ငါ၏ဥစ္စာဟု ဆိုကုန်၏၊ထိုသူတို့၏ထိုဥစ္စာမျိုး သည် ငါ့အားမရှိ၊အကြင်သူတို့သည် ဤသို့ ပြောဆိုကုန်၏၊ထိုပြောဆိုသူတို့သည် ငါမဟုတ်၊ ငါ၏သွားရာခရီးကိုလည်း သင်မမြင်နိုင်၊မာရ်နတ်ယုတ် ဤသို့သိလော့ဟု (မိန့်တော်မူ၏)။

"နိဗ္ဗာန်သို့ သွားသောသူတို့၏ ဘေးမရှိသောခရီးသို့ အစဉ်လိုက်သည်ဖြစ်ခဲ့အံ့၊ ဖဲလေ လော့၊ သင် တယောက်တည်းသာ သွားလေလော့၊အဘယ့်ကြောင့် သူတပါးကို ဆုံးမ လိုသနည်း"ဟု ဆို၏။

"တဖက်ကမ်း(နိဗ္ဗာန်)သို့ သွားလိုကုန်သော အကြင်သူတို့သည် သေမင်း၏ တည်ရာ မဟုတ်သော (နိဗ္ဗာန်)ကို မေးကုန်၏၊ အကြင်နိဗ္ဗာန်သည် အမှန်ရှိ၏၊ ဥပဓိမရှိသော ထိုနိဗ္ဗာန်ကို အမေးခံရသော ငါသည် ထိုသူတို့အား ဟောကြား၏"ဟု မိန့်တော်မူ၏။

အသျှင်ဘုရား ဥပမာသော်ကား ရွာ၏ဝေး၊ နိဂုံး၏ဝေး မနီးမဝေး၌ ရေကန်ရှိ၏၊ ထို ရေကန်၌ ပုစွန်ရှိရာ၏၊ အသျှင်ဘုရား ထိုအခါ၌ များစွာကုန်သော ယောကျ်ားပျိုတို့သည်၎င်း၊ မိန်းမပျိုတို့သည်၎င်း၊ ထိုရွာမှ၎င်း ထိုနိဂုံးမှ၎င်း ထွက်ကုန်၍ ထိုရေကန်သို့ ချဉ်းကပ်ကုန်ပြီးလျှင် ထိုပုစွန်ကို ရေမှထုတ်၍ ကြည်းကုန်း၌ ထားကုန်၏၊ အသျှင်ဘုရား ထိုပုစွန်သည် လက်မကိုသာလျှင် အထက်သို့မူလည်း ထောင်ငြားအံ့၊ ထိုသို့ ထောင်သော လက်မကိုသာလျှင် ထိုယောကျ်ားပျိုတို့ သည်၎င်း၊ ထိုမိန်းမပျိုတို့သည်၎င်း၊ သစ်သားဖြင့်၎င်း၊ ကျောက်စရစ်အိုးခြမ်းဖြင့်၎င်း ဖြတ်မူ လည်း ဖြတ်ကုန်ရာ၏၊ ချိုးမူလည်း ချိုးကုန်ရာ၏၊ ဖဲ့မူလည်း ဖဲ့ကုန်ရာ၏၊ အသျှင်ဘုရား ဤသို့ ပြုသည်ရှိသော် ထိုပုစွန်သည် ဖြတ်ကုန်ပြီးသော ချိုးကုန်ပြီးသော ဖဲ့ကုန်ပြီးသော အလုံးစုံသော လက်မတို့ဖြင့် ထိုရေကန်သို့ သက်ဆင်းခြင်းငှာ မထိုက်၊ အသျှင်ဘုရား ဤဥပမာ အတူသာ လျှင် ဆန့်ကျင်သဖြင့် မှိုဝဲအပ်ကုန်သော တုန့်လှုပ်စေအပ်ကုန်သော အလုံးစုံကုန်သော မာရ်၏

http://www.dhammadownload.com



တံကျင်ဟူသမျှတို့ကို မြတ်စွာဘုရားသည် ဖြတ်အပ်ကုန်၏၊ ချိုးအပ်ကုန်၏၊ ဖဲ့အပ်ကုန်၏၊ အသျှင်ဘုရား အကျွန်ုပ်သည် ယခုအခါ၌ အခွင့်ကို စောင့်မြော်လင့်လျက် တဖန် မြတ်စွာဘုရားကို ချဉ်းကပ်ခြင်းငှါ မထိုက်သည်သာလျှင်တည်းဟု (လျှောက်၏)၊ ထိုအခါ ယုတ်မာသော မာရ်နတ်သည် မြတ်စွာဘုရား၏ အထံ၌ ဤငြီးငွေ့ဖွယ် ဂါထာတို့ကို ရွတ်ဆိုရ်—

"ကျီးသည် အဆီခဲနှင့်တူသော အဆင်းရှိသော ကျောက်ကို မြင်၍ ငါသည် ဤဝတ္ထု၌ နူးညံ့ခြင်းကို ရတန်ရာ၏၊ သာယာခြင်းသည် ဖြစ်တန်ရာ၏ ဟု အစဉ်လိုက်၍ ချဉ်းကပ်ငြားအံ့။

ကျီးသည် ထိုကျောက်၌ သာယာခြင်းကို မရသည်ဖြစ်၍ ထိုကျောက်မှ ဖဲသွား၏၊ ထို့အတူ ကျီးနှင့်တူသော အကျွန်ုပ်သည် ကျောက်နှင့်တူသော အသျှင်ဂေါတမသို့ ချဉ်းကပ်ပြီး၍ အသျှင်ဂေါတမထံမှ ဖဲသွားတော့အံ့" ဟု (ရွတ်ဆို၏)။

## ၅-မာရဓီတုသုတ်

၁၆၁။ ထိုအခါ၌ မာရ်နတ်သည် မြတ်စွာဘုရား၏ အထံတော်၌ ဤငြီးငွေ့ဖွယ် ဂါထာတို့ကို ရွတ်ဆိုပြီးလျှင် ထိုအရပ်မှ ဖဲ၍ မြတ်စွာဘုရား၏ မနီးမဝေးမြေ၌ ထက်ဝယ်ဖွဲ့ခွေသဖြင့် ဆိတ်ဆိတ်နေလျက် မျက်နှာမသာမယာ လည်းပင်းငိုက်ဆိုက် မျက်နှာအောက်ချသည်ဖြစ်၍ ကြံမှိုင်လျက် စကားမဆိုပဲ သစ်သားဖြင့် မြေကြီးကို ရေးခြစ်လျက် ထိုင်နေ၏၊ထိုအခါ တဏှာ အရတိ ရဂါဟူသော မာရ်နတ်၏ သမီးသုံးယောက်တို့သည် ယုတ်မာသော မာရ်နတ်ထံသို့ ချဉ်းကပ်၍ မာရ်နတ်ကို ဂါထာဖြင့် ရွတ်ဆို ပြောကြားကြကုန်၏—

"ဖခင် အဘယ့်ကြောင့် နှလုံးမသာ ဖြစ်သနည်း၊ အဘယ်ပုဂ္ဂိုလ်ကို ကြံစည်ပါသနည်း၊ အကျွန်ုပ်တို့သည် တောဆင်ကို ဆောင်သကဲ့သို့ ထိုပုဂ္ဂိုလ်ကို ရာဂ ကျော့ကွင်းဖြင့် နှောင်ဖွဲ့၍ ဆောင်ပါကုန်အံ့၊ သင်၏ အလိုသို့ လိုက်ရသည် ဖြစ်ပါလတ္တံ့"ဟု ပြောကြားကုန်၏။

"လောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားကို ရာဂဖြင့် ဆောင်ရန် မလွယ်ကူ၊ မာရ်၏ တည်ရာကို လွန်၏၊ ထိုကြောင့် ငါသည် ပြင်းစွာ ပူဆွေး၏"ဟု (ရွတ်ဆို၏)။

ထိုအခါ၌ တဏှာ အရတိ ရဂါဟူသော မာရ်နတ်သမီးတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍ မြတ်စွာဘုရားအား "ရဟန်း အကျွန်ုပ်တို့သည် သင်၏ ခြေရင်း၌ လုပ်ကျွေးပါကုန်အံ့"ဟု လျှောက်ကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ဥပဓိ၏ကုန်ရာ အတုမဲ့နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ကိလေသာမှ လွတ်မြောက်မှု 'အရဟတ္တဖိုလ်'စိတ် ရှိသည်ဖြစ်၍ (ယင်းစကားကို) နှလုံးမသွင်း။

ထိုအခါ တဏှာ အရတိ ရဂါဟူသော မာရ်နတ်၏ သမီးတို့သည် တခုသော နေရာသို့ ဖဲကုန်၍ ဤသို့ အညီအညွတ် ကြံကြကုန်၏ "ယောကျ်ားတို့၏ အလိုဆန္ဒသည် အထူးထူးအပြားပြားရှိကုန်၏၊ ငါတို့သည် တယောက်လျှင် တရာစီ တရာစီ မိန်းမပျိုသဏ္ဌာန် တရာကို ဖန်ဆင်းရမူကား ကောင်းလေစွ" ဟု အကြံ ဖြစ်ကုန်၏၊ ထို့နောက် တဏှာ အရတိ ရဂါ ဟူသော မာရ်နတ်၏ သမီးတို့သည် တယောက်လျှင် တရာစီ တရာစီ မိန်မပျိုသဏ္ဌာန် တရာစီ ဖန်ဆင်း၍ မြတ်စွာ ဘုရားထံသို့ ချဉ်းကပ်ကုန်ပြီးလျှင် မြတ်စွာဘုရားအား "ရဟန်း အကျွန်ုပ်တို့သည် သင်၏ခြေရင်း၌ လုပ်ကျွေးပါကုန်အံ့" ဟု လျှောက်ကုန်၏၊ မြတ်စွာဘုရားသည် ဥပဓိ၏ ကုန်ရာဖြစ်သော အတုမဲ့နိဗ္ဗာန်ကို အာရုံပြုသော

http://www.dhammadownload.com



အားဖြင့် ကိလေသာမှ လွတ်မြောက်မှု 'အရဟတ္တဖိုလ်' စိတ်ရှိသည် ဖြစ်၍ (ယင်းစကားကို) နှလုံး မသွင်း။

ထိုအခါ တဏှာ အရတိ ရဂါ ဟူသော မာရ်နတ်၏ သမီးတို့သည် တခုသော နေရာသို့ ဖဲကုန်၍ ဤသို့ အညီအညွတ် ကြံကြကုန်၏–"စင်စစ် ယောကျ်ားတို့၏ အလိုတို့သည် အထူးထူး အပြားပြား ရှိကုန်၏၊ ငါတို့သည် တယောက်လျှင် တရာစီ တရာစီ သားမဖွား သေးသော မိန်းမသတ္တာန် တရာစီ ဖန်ဆင်းရကုန်မူကား ကောင်းလေစွ" ဟု အကြံ ဖြစ်ကြ ကုန်၏၊ ထို့နောက် တဏှာ အရတိ ရဂါဟူသော မာရ်နတ်၏ သမီးတို့သည် တယောက်လျှင် တရာစီ တရာစီ သားမဖွားသေးသော မိန်မသတ္တာန် တရာစီ ဖန်ဆင်း၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်လျက် မြတ်စွာဘုရားအား "ရဟန်း အကျွန်ုပ်တို့သည် သင်၏ ခြေရင်း၌ လုပ်ကျွေးပါကုန်အံ့" ဟု လျှောက် ကုန်၏၊ မြတ်စွာဘုရားသည် ဥပဓိ၏ ကုန်ရာ အတုမဲ့နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ကိလေသာမှ လွတ်မြောက်မှု 'အရဟတ္တဖိုလ်' စိတ်ရှိသည် ဖြစ်၍ (ယင်းစကားကို) နှလုံးမသွင်း။

ထိုအခါ တဏှာသည်ငင်း ။ပ။ ငါတို့သည် တယောက်လျှင် တရာစီ တရာစီ တကြိမ် သားဖွား ပြီးသော မိန်းမသတ္တာန် တရာကို ဖန်ဆင်းရကုန်မူကား ကောင်းလေစွဟု ကြံကြကုန်၏၊ ထို့နောက် တဏှာသည်ငင်း။ပ။ တကြိမ် သားဖွားပြီးသော မိန်းမသတ္တာန် တရာစီ ဖန်ဆင်း၍ မြတ်စွာဘုရား ထံသို့ ချဉ်းကပ်ကုန်လျက် မြတ်စွာဘုရားအား "ရဟန်း အကျွန်ုပ်တို့သည် သင့်၏ ခြေရင်း၌ လုပ်ကျွေးပါကုန်အံ့"ဟု လျှောက်ကြကုန်၏၊ မြတ်စွာဘုရားသည် ဥပဓိ၏ ကုန်ရာ အတုမဲ့နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ကိလေသာမှ လွတ်မြောက်မှု 'အရဟတ္တဖိုလ်' စိတ်ရှိသည်ဖြစ်၍ (ယင်းစကားကို) နှလုံးမသွင်း။

ထိုအခါ တဏှာသည်ငင်း။ပ။ ငါတို့သည် တယောက်လျှင် တရာစီ တရာစီ သားနှစ်ယောက် မွေးဖွားသော မိန်းမသတ္တာန်တရာကို ဖန်ဆင်းရကုန်မူကား ကောင်းလေစွဟု အကြံဖြစ်ကြကုန်၏၊ ထို့နောက် သားနှစ်ယောက် မွေးဖွားသော မိန်းမသတ္တာန်တရာစီ ဖန်ဆင်း၍ မြတ်စွာဘုရားထံသို့ ။ပ။ ဥပဓိ၏ ကုန်ရာ အတုမဲ့နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ကိလေသာမှ လွတ်မြောက်မှု 'အရဟတ္တဖိုလ်'စိတ်ရှိသည်ဖြစ်၍ (ယင်းစကားကို) နှလုံးမသွင်း။

ထိုအခါ တဏှာသည်ငင်း ။ပ။ မိန်းမလတ်သတ္တာန် တရာစီ ဖန်ဆင်းရကုန်မူကား ကောင်း လေစွဟု ကြံကြကုန်၏၊ ထို့နောက် တဏှာသည်ငင်း ။ပ။ မိန်းမလတ်သတ္တာန် တရာစီ ဖန်ဆင်း၍ ။ပ။ ဥပဓိ၏ကုန်ရာ အတုမဲ့နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ကိလေသာမှလွတ်မြောက်မှု'အရဟတ္တ ဖိုလ်'စိတ်ရှိသည်ဖြစ်၍ (ယင်းစကားကို) နှလုံးမသွင်း။

ထိုအခါ တဏှာသည်ငင်း ။ပ။ မိန်းမကြီးသတ္တာန် တရာစီ ဖန်ဆင်းရကုန်မူကား ကောင်း လေစွဟု ကြံကြကုန်၏၊ ထို့နောက် တဏှာသည်ငင်း ။ပ။ မိန်းမကြီးသတ္တာန် တရာစီ ဖန်ဆင်း၍ မြတ်စွာဘုရားထံသို့ ။ပ။ ဥပဓိ၏ ကုန်ရာ အတုမဲ့ နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ကိလေသာမှ လွတ်မြောက်မှု 'အရဟတ္တဖိုလ်' စိတ်ရှိသည်ဖြစ်၍ (ယင်းစကားကို) နှလုံးမသွင်း ။ပ။ ထိုအခါ တဏှာ အရတိ ရဂါ ဟူသော မာရ်နတ်၏ သမီးတို့သည် တခုသော အရပ်သို့ ဖဲကုန်၍ ဤစကားကို ဆိုကုန်၏—

"လောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော ကောင်းသော စကားကို ဆိုတော်မူတတ် သော မြတ်စွာဘုရားကို ရာဂဖြင့် ဆောင်ရန် မလွယ်ကူ၊မာရ်၏တည်ရာကို လွန်၏၊ ထို့ကြောင့် ငါသည် ပြင်းစွာ ပူဆွေး၏" ငါတို့၏ အဖသည် မှန်သော စကားကို ဆို၏။

http://www.dhammadownload.com



မှန်၏၊ ငါတို့သည် မကောင်းသော ရာဂရှိသော အကြင် သမဏကိုရင်း ဗြာဟ္မဏကိုရင်း ဤကြိုးစားမှုဖြင့် ကြိုးစားကုန်ငြားအံ့၊ ထိုသမဏ ဗြာဟ္မဏ၏ နှလုံးသည်မူလည်း ကွဲရာ၏၊ ခံတွင်းမှ သွေးသည်မူလည်း အန်ရာ၏၊ ရူးသွပ်ခြင်းသို့မူလည်း ရောက်ရာ၏၊ စိတ်ပျံ့လွင့်ခြင်းသို့မူလည်းရောက်ရာ၏။ ရိတ်ထားသော စိမ်းသော ကျူသည် ခြောက်သွေ့သကဲ့သို့ ဤအတူသာလျှင် ခြောက်သွေ့ညှိုးနွမ်းရာ၏ ဟု(ဆိုကုန်၏)။

ထို့နောင် တဏှာ အရတိ ရဂါဟူသော မာရ်နတ်၏ သမီးတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍ တခုသော နေရာ၌ ရပ်တည်ကုန်ပြီးသော် တဏှာမည်သော မာရ်နတ်၏ သမီးသည် မြတ်စွာဘုရားကို ဂါထာဖြင့် ရွတ်ဆို လျှောက်ထား၏—

"သင်သည် ဥစ္စာပစ္စည်းဆုံးရှုံးသောကြောင့် ပူဆွေးခြင်းသို့ သက်ဝင်သည်ဖြစ်၍ တော၌ ကြံမှိုင်နေသလော၊ ထိုသို့မဟုတ်မူ ဥစ္စာကို တောင့်တလျက် ကြံမှိုင်နေသလော၊ ရွာ၌ တစုံတရာ မကောင်းမှုကို ပြုမိသလော၊ အဘယ့်ကြောင့် လူအပေါင်းနှင့် အဆွေခင်ပွန်းဖွဲ့ခြင်းကို မပြုသနည်း၊. သင့်အား တစုံတခုသော အကြောင်းကြောင့် အဆွေခင်ပွန်း မပြည့်စုံသလော" ဟု ရွတ်ဆို၏။

ချစ်ခင်ဖွယ် သာယာဖွယ် သဘောဟု ဆိုအပ်သော (ကိလေသာ) စစ်သည်ကို အောင်ပြီး၍ တယောက်တည်း စျာန်ဝင်စားလေ့ရှိသော ငါသည် အကျိုးစီးပွားသို့ ရောက်သော စိတ်နှလုံး ငြိမ်းချမ်းခြင်းရှိသော (အရဟတ္တဖိုလ်) ချမ်းသာကို သိတော်မူပြီ၊ ထိုကြောင့် လူအပေါင်းနှင့် အဆွေခင်ပွန်း ဖွဲ့ခြင်းကို မပြု၊ ငါ့အား တစုံတယောက်နှင့်မျှ အဆွေခင်ပွန်းမဖြစ် ဟု (မိန့်တော်မူ၏)။

ထို့နောက် အရတိမည်သော မာရ်နတ်၏ သမီးသည်လည်း မြတ်စွာဘုရားကို ဂါထာဖြင့် ရွတ်ဆိုလျှောက်ထား၏—

"အဘယ်မည်သော နေခြင်းဖြင့် များစွာနေသော ရဟန်းသည် ငါးဒွါရ၌ဖြစ်သော ဩဃကို ကူးမြောက်၍ ခြောက်ခုမြောက် မနောဒွါရ၌ ဖြစ်သော ကိလေသာအယဉ်ကို ကူးမြောက်ပြီး ဖြစ်သနည်း၊ အဘယ်မည်သောစျာန်ဖြင့် များစွာဝင်စားလေ့ရှိသော ထိုပုဂ္ဂိုလ်ကို ကာမသညာတို့သည် အခွင့်မရကုန်မူ၍ အပပြုကုန်သနည်း"ဟု ရွတ်ဆို၏။

ငြိမ်းပြီးသော ကိုယ်ရှိသော ကောင်းစွာ ကိလေသာမှ လွတ်သောစိတ်ရှိသော (ကံတို့သည်) မပြုပြင်အပ်သော သတိနှင့်ပြည့်စုံသော ကိလေသာ၏ တည်ရာမဟုတ်သော ပုဂ္ဂိုလ်သည် သစ္စာလေးပါးတရားကို သိ၍ ကြံစည်မှု 'ဝိတက်'ကင်းသော စတုတ္ထစျာန်ဖြင့် နေလေ့ရှိ၏၊ အမျက်မထွက် မအောက်မေ့ မထိုင်းမှိုင်း။

ဤသို့ နေခြင်းဖြင့် များစွာနေသောရဟန်းသည် ငါးဒွါရ၌ဖြစ်သော ဩဃကို ကူးမြောက်၍ ခြောက်ခုမြောက် မနောဒွါရ၌ဖြစ်သော ကိလေသာအယဉ်ကို ကူးမြောက်ပြီးဖြစ်၏၊ ဤသို့ စတုတ္ထစျာန်ဖြင့် များစွာ ဝင်စားလေ့ရှိသော ထိုပုဂ္ဂိုလ်ကို ကာမသညာတို့သည် အခွင့်မရကုန်မူ၍ အပပြုကုန်၏ ဟု (မိန့်တော်မူ၏)။

ထို့နောက် ရဂါမည်သော မာရ်နတ်၏ သမီးသည်လည်း မြတ်စွာဘုရား၏ အထံ၌ ဤဂါထာတို့ကို ရွတ်ဆို လျှောက်ထား၏—

http://www.dhammadownload.com



"ဂိုဏ်းသံဃာ၌ ကျက်စားသော မြတ်စွာဘုရားသည် တဏှာကို ဖြတ်ပြီ၊ များစွာသော သတ္တဝါတို့သည်လည်း သဒ္ဓါတရားဖြင့် မချွတ်ကျင့်ကုန်လတ္တံ့၊ တဏှာအိမ် မရှိသော ဤမြတ်စွာဘုရားသည် လူအပေါင်းတို့ကို သေမင်း၏ လက်မှ လုယက်၍ နိဗ္ဗာန်တဖက်ကမ်းသို့ ဆောင်လတ္တံ့." ဟု(ရွတ်ဆို၏)။

ကြီးသောလုံ့လရှိကုန်သော မြတ်စွာဘုရားတို့သည် သူတော်ကောင်းတရားတို့ဖြင့် စင်စစ်ဆောင်ကုန်၏၊ တရားဖြင့် ဆောင်ကုန်သော ပညာရှိတို့အား ငြူစူခြင်းသည် အဘယ်အကျိုးရှိအံ့နည်း" ဟု (ပိန္နတော်မူ၏)။

ထိုအခါ တဏှာ အရတိ ရဂါ ဟူသော မာရ်နတ်၏ သမီးတို့သည် မာနတ်ထံသို့ ချဉ်းကပ်ကြကုန်၏၊ ယုတ်မာသော မာရ်နတ်သည် တဏှာ အရတိ ရဂါ ဟူသော မာရ်နတ်သမီးတို့ လာသည်ကို အဝေးမှ မြင်သောကြောင့် ဂါထာတို့ဖြင့် ရွတ်ဆို၏——

"မိုက်ကုန်သော သင်တို့သည် ကြာရိုးတို့ဖြင့် တောင်ကို ရိုက်ခတ်ကြကုန်၏၊ တောင်ကို လက်သည်းဖြင့် တူးဖွဲ့ကြကုန်၏၊ သံကို သွားတို့ဖြင့် ခဲစားကြကုန်၏။

ဦးခေါင်းဖြင့် ကျောက်ကို ရွက်၍ ထောက်တည်ရာ မရှိသော ရေဝဲ၌ ထောက်တည်ရာကို ရှာကုန်ဘိသကဲ့သို့ရင်း ရင်၌ သစ်ငုတ် ဆောင့်မိသကဲ့သို့ရင်း ဖြစ်ကုန်၏၊ ထို့ကြောင့် ရဟန်းဂေါတမမှ ငြီးငွေ့၍ ဖဲကြကုန်လော့" ဟု (ရွတ်ဆို၏)။

တဏှာ အရတိ ရဂါတို့သည် ထွန်းတောက်ပသည်ဖြစ်၍ လာကုန်၏၊ ထိုသို့ လာရာ၌ လေသည်လဲဝါဂွမ်းကို မှုတ်လွှင့်သကဲ့သို့ မြတ်စွာဘုရားသည် ထိုမာရ်နတ်၏ သမီး သုံးယောက်တို့ကို မှုတ်လွှင့်နှင်ထုတ်လေ၏။

**တတိယဝဂ် ပြီး၏။**

**မာရသံယုတ် ပြီး၏။**

http://www.dhammadownload.com

# ၅-ဘိက္ခုနီသံယုတ်

## ၁-အာဠဝိကာသုတ်

၁၆၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်— အခါတစ်ပါး၌ မြတ်စွာဘုရားသည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အာဠဝိမြို့သူ ဘိက္ခုနီမသည် နံနက်အခါ၌ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူဆောင်လျက် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်လေ၏၊ သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်လည်ပြီး၍ ဆွမ်းစားပြီးနောက် ဆွမ်းခံရာမှ ဖဲခဲ့သည်ရှိသော် ဆိတ်ငြိမ်ခြင်းကို အလိုရှိသည်ဖြစ်၍ အန္ဓဝန်တောသို့ ချဉ်းကပ်လေ၏၊ ထိုအခါ ယုတ်မာသော မာရ်နတ်သည် အာဠဝီမြို့သူ ဘိက္ခုနီမအား ကြောက်ခြင်း ထိတ်လန့်ခြင်း ကြက်သီးမွေးညင်းထခြင်းကို ဖြစ်စေလို၍၎င်း ဆိတ်ငြိမ်စွာနေခြင်းမှ ရွေ့လျောစေလို၍၎င်း အာဠဝီမြို့သူ ဘိက္ခုနီမထံသို့ ချဉ်းကပ်၍ ဂါထာဖြင့် ရွတ်ဆို၏—

"လောက၌ ထွက်မြောက်ရာ(နိဗ္ဗာန်)သည် မရှိ၊ သင်သည် ဆိတ်ငြိမ်ခြင်းဖြင့် အဘယ်ပြုလိမ့်မည်နည်း၊ ကာမဂုဏ်မွေ့လျော်မှုကို ခံစားဦးလော့၊ နောင်အခါမှ ပူပန်ခြင်း မဖြစ်စေလင့်" ဟု ရွတ်ဆို၏။

ထိုအခါ အာဠဝီမြို့သူ ဘိက္ခုနီမအား "ဤဂါထာကို ရွတ်ဆိုသော ထိုသူသည်အဘယ်သူနည်း၊ လူလေလော နတ်လေလော" ဟု စဉ်းစားပြီးလျှင် "ဤသူသည် ယုတ်မာသော မာရ်နတ်တည်း၊ ငါ့အား ကြောက်ခြင်း ထိတ်လန့်ခြင်း ကြက်သီးမွေးညင်းထခြင်းကို ဖြစ်စေလို၍၎င်း ဆိတ်ငြိမ်စွာနေခြင်းမှ ရွေ့လျောစေလို၍၎င်း ဂါထာကို ရွတ်ဆို၏၊ ဤသူကား ယုတ်မာသော မာရ်နတ်တည်း" ဟု သိ၍ ယုတ်မာသော မာရ်နတ်ကို ဂါထာဖြင့် ရွတ်ဆို၏—

"မာရ်နတ်ယုတ် လောက၌ ထွက်မြောက်ရာ (နိဗ္ဗာန်) သည် ရှိ၏၊ ငါသည် ပညာဖြင့် ကောင်းစွာ တွေ့ထိရ၏၊ သင်သည်မူကား ထို (နိဗ္ဗာန်)ကို မသိ။

မာရ်နတ်ယုတ် ကာမဂုဏ်တို့သည် လှံသွားနှင့်တူကုန်၏၊ ထိုသူတို့၏ခန္ဓာတို့သည် စဉ်းတီတုံးဖြစ်ကုန်၏၊ သင်သည် အကြင် ကာမဂုဏ်၌ မွေ့လျော်မှုကို ဆိုဘိ၏၊ ငါ့အား ထိုကာမဂုဏ်၌ မွေ့လျော်မှု မဖြစ်နိုင်တော့ပြီ" ဟု ရွတ်ဆို၏။

ထိုအခါ၌ ယုတ်မာသော မာရ်နတ်သည် "အာဠဝီမြို့သူ ဘိက္ခုနီမသည် ငါ့ကို သိ၏" ဟုဆင်းရဲခြင်း နှလုံးမသာခြင်း ရှိသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

## ၂-သောမာသုတ်

၁၆၃။ သာဝတ္ထိနိဒါန်း။ ထိုအခါ၌ သောမာဘိက္ခုနီမသည် နံနက်အခါ၌သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူဆောင်ပြီးလျှင် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်လေ၏၊ သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်လည်ပြီး၍ ဆွမ်းစားပြီးနောက် ဆွမ်းခံရာမှ ဖဲခဲ့၍ အန္ဓဝန်တောသို့ နေ့သန့်စင်ခြင်းငှါချဉ်းကပ်ပြီး

http://www.dhammadownload.com



လျှင် တခုသောသစ်ပင်ရင်း၌ ထိုင်နေ၏၊ ထိုအခါ ယုတ်မာသော မာရ်နတ်သည် "သောမာဘိက္ခုနီမ အား ကြောက်ခြင်း ထိတ်လန့်ခြင်း ကြက်သီးမွေးညင်းထခြင်းကို ဖြစ်စေလို၍ရင်း တည်ကြည် ခြင်း သမာဓိမှ ရွေလျောစေလို၍ရင်း သောမာဘိက္ခုနီမထံသို့ ချဉ်းကပ်၍ ဂါထာဖြင့် ရွတ်ဆို၏—

"ရောက်နိုင်ခဲသော အကြင် အရဟတ္တဖိုလ်သို့ သူတော်ကောင်းတို့သည် ရောက်အပ်၏၊ သင်သည် မိန်းမ၏ လက်နှစ်သစ်မျှသော ပညာဖြင့် ထိုအရဟတ္တဖိုလ်သို့ ရောက်ခြင်းငှါ မတတ် နိုင်"ဟု ရွတ်ဆို၏။

ထိုအခါ သောမာဘိက္ခုနီမအား "ဂါထာကို ရွတ်ဆိုသော ဤသူသည် အဘယ်သူနည်း၊ လူလေလော နတ်လေလော"ဟု စဉ်းစားပြီးလျှင် "ဤသူသည် ယုတ်မာသော မာရ်နတ်တည်း၊ ငါ့အား ကြောက်ခြင်း ထိတ်လန့်ခြင်း ကြက်သီးမွေးညင်း ထခြင်းကို ဖြစ်စေလို၍ရင်း တည်ကြည် ခြင်း သမာဓိမှ ရွေလျောစေလို၍ရင်း ဂါထာကို ရွတ်ဆို၏"ဟု အကြံဖြစ်၏၊ ထိုအခါ သောမာ- ဘိက္ခုနီမအား "ဤသူသည်ကား ယုတ်မာသော မာရ်နတ်တည်း"ဟုသိ၍ ယုတ်မာသောမာရ်နတ်ကို ဂါထာတို့ဖြင့် ပြန်ပြော၏—

"ကောင်းစွာ တည်ကြည်သော စိတ်၌ ဖလသမာပတ်ဉာဏ် ဖြစ်သည်ရှိသော် တရားကို ကောင်းစွာ မြင်သောသူအား မိန်းမအဖြစ်သည် အဘယ်ပြုအံ့နည်း။

အကြင်သူအား ငါကား မိန်းမဟူ၍ရင်း ငါကား ယောကျ်ားဟူ၍ရင်း ငါကား တခြား တစုံတခုဖြစ်၏ ဟူ၍ရင်း (တဏှာ မာန ဒိဋ္ဌိ တို့ဖြင့်) ဤသို့ ဖြစ်ရာ၏၊ ထိုသူကိုသာလျှင် မာရ်နတ်သည် ဆိုခြင်းငှါထိုက်၏"ဟု (ပြန်ပြော၏)။

ထိုအခါ ယုတ်မာသော မာရ်နတ်သည် "သောမာဘိက္ခုနီမသည် ငါ့ကို သိ၏"ဟု ဆင်းရဲခြင်း နှလုံးမသာခြင်းရှိသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

## ၃–ကိသာဂေါတမီသုတ်

၁၆၃။ သာဝတ္ထိနိဒါန်း။ ထိုအခါ၌ ကိသာဂေါတမီဘိက္ခုနီမသည် နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်လေ၏၊ သာဝတ္ထိပြည်၌ ဆွမ်းခံဝင်ပြီး၍ ဆွမ်းစားပြီးနောက် ဆွမ်းခံရာမှ ဖဲခဲ့ပြီးလျှင် အန္ဓဝန်တောသို့ နေ့သန့်စင်ခြင်းငှါ ချဉ်းကပ်၍ အမှတ်မရှိသော သစ်ပင်ရင်း၌ ထိုင်နေ၏၊ ထိုအခါ ယုတ်မာသော မာရ်နတ်သည် "ကိသာဂေါတမီဘိက္ခုနီမအား ကြောက်ခြင်း ထိတ်လန့်ခြင်း ကြက်သီးမွေးညင်းထခြင်းကိုဖြစ်စေ လို၍ရင်း တည်ကြည်ခြင်း သမာဓိမှ ရွေလျောစေလို၍ရင်း ကိသာဂေါတမီဘိက္ခုနီမထံသို့ ချဉ်း ကပ်၍ ဂါထာဖြင့် ရွတ်ဆို၏—

"အသျှင်မ သင်သည် သားသေသောသူကဲ့သို့ ငိုသောမျက်နှာရှိသည်ဖြစ်၍အဘယ့်ကြောင့် တယောက်တည်းနေရသနည်း၊ တယောက်တည်း တောကြီးအလယ်သို့ ရောက်လာသည်ကား ယောကျ်ားကို ရှာသလော"ဟု ရွတ်ဆို၏။

ထိုအခါ၌ ကိသာဂေါတမီဘိက္ခုနီမအား "ဂါထာကို ရွတ်ဆိုသူသည် အဘယ်သူနည်း၊ လူလေ လော နတ်လေလော"ဟု စဉ်းစား၏၊ "ဤသူသည် ယုတ်မာသော မာရ်နတ်တည်း၊ ငါ့အား

http://www.dhammadownload.com



ကြောက်ခြင်း ထိတ်လန့်ခြင်း ကြက်သီးမွေးညင်းထခြင်းကို ဖြစ်စေလို၍ရှင်း တည်ကြည်ခြင်း သမာဓိမှ ရွေ့လျောစေလို၍ရှင်း ဂါထာကို ရွတ်ဆို၏”ဟု အကြံဖြစ်၏၊ ထိုအခါ၌ ကိသာဂေါတမီ ဘိက္ခုနီမသည် “ဤသူကား မာရ်နတ်တည်း”ဟု သိ၍ ဂါထာတို့ဖြင့် ပြန်ပြော၏—

“အချင်းမာရ်နတ် ငါသည် သေခြင်းမှလည်း လွန်မြောက်ပြီ၊ ယောကျ်ားကို ရှာခြင်းမှလည်း ဤအတူ လွန်မြောက်ပြီ၊ ငါသည်မူကား မစိုးရိမ် မငိုကြွေး၊ သင့်ကို မကြောက်။

အလုံးစုံသော ခန္ဓာစသည်တို့၌ နှစ်သက်မှု ကင်းပြီ၊ (အဝိဇ္ဇာတည်းဟူသော) အမိုက်တိုက်ကို ဖျက်ဆီးအပ်ပြီ၊ သေမင်း၏ စစ်သည်ကို အောင်ပြီး၍ အာသဝေါကင်းလျက် ငါ နေ၏”ဟု (ပြန်ပြော၏)။

ထိုအခါ၌ ယုတ်မာသော မာရ်နတ်သည်“ကိသာဂေါတမီဘိက္ခုနီမသည် ငါ့ကို သိ၏”ဟု ဆင်းရဲခြင်း နှလုံးမသာခြင်းရှိသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

## ၄-ဝိဇယာသုတ်

၁၆၅။ သာဝတ္ထိနိဒါန်း။ ထိုအခါ၌ ဝိဇယာဘိက္ခုနီမသည် နံနက်အခါ၌ သင်္ကန်းကိုပြင်ဝတ်၍။ပ။ နေ့သန့်စင်ခြင်းငှါ ချဉ်းကပ်ပြီးလျှင် တခုသော သစ်ပင်ရင်း၌ ထိုင်နေ၏၊ ထိုအခါ၌ ယုတ်မာသော မာရ်နတ်သည် ဝိဇယာဘိက္ခုနီမအား ကြောက်ခြင်း ထိတ်လန့်ခြင်း ကြက်သီးမွေးညင်းထခြင်းကို ဖြစ်စေလို၍ရှင်း တည်ကြည်ခြင်း သမာဓိမှ ရွေ့လျောစေလို၍ရှင်း ဝိဇယာဘိက္ခုနီမထံသို့ ချဉ်းကပ်၍ ဂါထာဖြင့် ရွတ်ဆို၏—

“(အရှင်မ) သင်သည် ငယ်သေး၏၊ အဆင်းလှ၏၊ ငါသည်လည်း ငယ်သေး၏၊ ပျိုမြစ်၏၊ အရှင်မ လာပါလှည့် အင်္ဂါငါးပါးရှိသော တူရိယာဖြင့် ငါတို့ မွေ့လျော် ပျော်ပါး ပါကုန်အံ့”ဟု ရွတ်ဆို၏။

ထိုအခါ ဝိဇယာဘိက္ခုနီမအား “ဂါထာကို ရွတ်ဆိုသော ထိုသူသည် အဘယ်သူနည်း၊ လူလေလော နတ်လေလော”ဟု စဉ်းစား၍ “ဤသူကား ယုတ်မာသော မာရ်နတ်တည်း၊ ငါ့အား ကြောက်ခြင်း ထိတ်လန့်ခြင်း ကြက်သီးမွေးညင်းထခြင်းကို ဖြစ်စေလို၍ရှင်း တည်ကြည်ခြင်း သမာဓိမှ ရွေ့လျောစေလို၍ရှင်း ဂါထာကို ရွတ်ဆို၏”ဟု အကြံဖြစ်၏၊ ထိုအခါ၌ ဝိဇယာဘိက္ခုနီမသည်“ဤသူကား ယုတ်မာသော မာရ်နတ်တည်း”ဟု သိ၍ ဂါထာတို့ဖြင့် ပြန်ပြော၏—

“မာရ်နတ် နှလုံးမွေ့လျော်ဖွယ်ရှိကုန်သော အဆင်း ‘ရူပါရုံ’ အသံ ‘သဒ္ဒါရုံ’ အနံ့ ‘ဂန္ဓာရုံ’ အရသာ ‘ရသာရုံ’ အတွေ့အထိ ‘ဖောဋ္ဌဗ္ဗာရုံ’ တို့ကို သင့်အားသာလျှင် အပ်နှင်းပါ၏၊ ငါမူကား ထိုအာရုံငါးပါးဖြင့် အလိုမရှိ။

ကွဲပျက်သော သဘောရှိသော မှုန့်မှုန့်ညက်ညက် ပျက်ခြင်းသဘောရှိသော ဤအကောင်ပုပ်ဖြင့် ငါ ငြီးငွေ့၏၊ ငါ ရှက်၏၊ ကာမဂုဏ်၌ တပ်မက်မှု ‘တဏှာ’ကို ငါ နုတ်ပြီးပြီ။

ရူပဘုံသို့ရောက်သော သတ္တဝါ အရူပဘုံသို့ ရောက်သော သတ္တဝါ ငြိမ်သက်သော သမာပတ်ဟူသော အရာဌာနအားလုံးတို့၌ အဝိဇ္ဇာအမိုက်ကို ငါ ပယ်ဖျောက်အပ်ပြီ”ဟု ပြန်ပြော၏။

ထိုအခါ ယုတ်မာသော မာရ်နတ်သည် “ဝိဇယာဘိက္ခုနီမသည် ငါ့ကို သိ၏”ဟု ဆင်းရဲခြင်း နှလုံးမသာခြင်း ရှိသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

http://www.dhammadownload.com



## ၅-ဥပ္ပလဝဏ္ဏာသုတ်

၁၆၆။ သာဝတ္ထိနိဒါန်း။ ထိုအခါ၌ ဥပ္ပလဝဏ်ဘိက္ခုနီမသည် နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်၍။ပ။ အဖျားမှစ၍ ကောင်းစွာ ပင်လုံးကျွတ်ပွင့်သော တခုသော အင်ကြင်းပင်ရင်း၌ ရပ်နေ၏၊ ထိုအခါ ယုတ်မာသော မာရ်နတ်သည် ဥပ္ပလဝဏ်ဘိက္ခုနီမအား ကြောက်ခြင်း ထိတ်လန့်ခြင်း ကြက်သီးမွေးညင်းထခြင်းကို ဖြစ်စေလို၍ရင်း တည်ကြည်ခြင်း သမာဓိမှ ရွေ့လျောစေလို၍ရင်း ဥပ္ပလဝဏ်ဘိက္ခုနီမထံသို့ ချဉ်းကပ်၍ ဂါထာဖြင့် ရွတ်ဆို၏—

"ရဟန်းမိန်းမ သင်သည် ပင်လုံးကျွတ် ပွင့်သော အင်ကြင်းပင်သို့ ချဉ်းကပ်၍ အင်ကြင်း ပင်ရင်း၌ တယောက်တည်း ရပ်တည်ဘိ၏၊ သင်၏အဆင်း ဓာတ်နှင့်တူသော နှစ်ခုမြောက်သော အဆင်းဓာတ်သည် မရှိ၊ အမိုက်မ သင်သည် လူဆိုးတို့ကို မကြောက်သလော"ဟု ရွတ်ဆို၏။

ထိုအခါ ဥပ္ပလဝဏ်ဘိက္ခုနီမအား "ဂါထာကို ရွတ်ဆိုသော ဤသူသည်ကား အဘယ်သူနည်း၊ လူလေလော နတ်လေလော"ဟု စဉ်းစား၏။ "ဤသူသည် ယုတ်မာသော မာရ်နတ်တည်း၊ ငါ့အား ကြောက်ခြင်း ထိတ်လန့်ခြင်း ကြက်သီးမွေးညင်းထခြင်းကို ဖြစ်စေလို၍ရင်း တည်ကြည်ခြင်း သမာဓိမှ ရွေ့လျောစေလို၍ရင်း ဂါထာကိုရွတ်ဆို၏"ဟု အကြံဖြစ်၏၊ ထိုအခါ ဥပ္ပလဝဏ်ဘိက္ခုနီမ သည် "ဤသူကား ယုတ်မာသော မာရ်နတ်တည်း"ဟု သိ၍ ဂါထာဖြင့် ပြန်ပြော၏—

"မာရ်နတ် သင့်ကဲ့သို့သဘောရှိသော လူဆိုး ရာထောင်တို့သည် ဤအရပ်သို့ လာစေကာမူ ငါသည် မွေးညင်းတချောင်းမျှ မတုန်လှုပ် မထိတ်လန့်၊ တယောက်တည်းပင် ဖြစ်သော်လည်း သင့်ကို ငါ မကြောက်။

ဤသို့ သဘောရှိသော ငါသည် ကွယ်ပျောက်အံ့၊ သင်၏ ဝမ်းတွင်းသို့ မူလည်း ဝင်အံ့၊ သင်၏ မျက်မှောင်ကြား၌ တည်သော ငါ့ကိုမူလည်း သင် မမြင်ရလတ္တံ့၊ ငါသည် စိတ်၌ အလေ့အလာပြုပြီး ဖြစ်၍ ဣဒ္ဓိပါဒ်တို့ကို ကောင်းစွာ ပွါးပြီးဖြစ်၏၊ အလုံးစုံသော အနှောင် အဖွဲ့မှ လွတ်ကင်းပြီး ဖြစ်၏၊ အချင်း မာရ်နတ် သင့်ကို ငါမကြောက်"ဟု ပြန်ပြော၏။

ထိုအခါ ယုတ်မာသော မာရ်နတ်သည် "ဥပ္ပလဝဏ်ဘိက္ခုနီမသည် ငါ့ကို သိ၏"ဟု ဆင်းရဲခြင်း နှလုံးမသာခြင်းရှိသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

## ၆-စာလာသုတ်

၁၆၇။ သာဝတ္ထိနိဒါန်း။ ထိုအခါ၌ စာလာဘိက္ခုနီမသည် နံနက်အခါ၌ သင်္ကန်းကိုပြင်ဝတ်၍။ပ။ နေ့သန့်စင်ခြင်းငှါ တခုသော သစ်ပင်ရင်း၌ ထိုင်နေ၏၊ ထိုအခါ ယုတ်မာသော မာရ်နတ်သည် စာလာဘိက္ခုနီမထံသို့ ချဉ်းကပ်ပြီးလျှင် "ရဟန်းမိန်းမ သင်သည် အဘယ်ကို မနှစ်သက်သနည်း" ဟု ပြောဆို၏၊ "အချင်းမာရ်နတ် ငါသည် ပဋိသန္ဓေနေခြင်းကို မနှစ်သက်" ဟု ပြောဆို၏။

"ရဟန်းမိန်းမ အဘယ့်ကြောင့် သင်သည် ပဋိသန္ဓေနေခြင်းကို မနှစ်သက်သနည်း၊ ပဋိသန္ဓေ နေသူသည် ကာမဂုဏ်တို့ကို ခံစားရ၏၊ ပဋိသန္ဓေနေခြင်းကို မနှစ်သက်လင့်ဟူသော ဤအယူကို အဘယ်သူက ယူစေသနည်း"ဟု ပြောဆို၏။

http://www.dhammadownload.com



(မာရ်နတ်ယုတ်)ပဋိသန္ထေနေသူအား သေခြင်းဖြစ်၏၊ ပဋိသန္ထေနေသူသည် (နှောင်ဖွဲ့ခြင်း သတ်ခြင်း အထူးထူး အပြားပြားသော ဘေးရန်ဟူသော) ဆင်းရဲတို့ကို တွေ့ထိရ၏၊ ထို့ကြောင့် ပဋိသန္ထေနေခြင်းကို ငါ မနှစ်သက်။

ပဋိသန္ထေနေခြင်းမှ လွန်မြောက်ကြောင်းတရားကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုမြတ်စွာဘုရားသည် အလုံးစုံသော ဆင်းရဲကို ပယ်ခြင်းငှါ ငါ့ကို ပရမတ္ထသစ္စာ၌ သက်ဝင်စေတော်မူ၏။

ရုပ်ဘုံသို့ ရောက်သော အကြင်သတ္တဝါတို့သည်၎င်း နာမ်ဘုံ၌တည်ကုန်သော အကြင်သတ္တဝါတို့သည်၎င်း ရှိကြကုန်၏။ ထိုသတ္တဝါတို့သည် ဒုက္ခချုပ်ရာ (နိဗ္ဗာန်)ကို မသိကုန်သောကြောင့် တဖန် ဘဝသစ်သို့ လာရကုန်၏ဟု (ပြန်ပြော၏)။

ထိုအခါ ယုတ်မာသော မာရ်နတ်သည် "စာလာဘိက္ခုနီမသည် ငါ့ကိုသိ၏"ဟု ဆင်းရဲခြင်း နှလုံးမသာခြင်း ရှိသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

## ၇-ဥပစာလာသုတ်

၁၆၈။ သာ ... နိဒါန်း။ ထိုအခါ၌ ဥပစာလာဘိက္ခုနီမသည် နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်၍။ပ။ နေ့သန့်စင်ခြင်းငှါ တခုသောသစ်ပင်ရင်း၌ ထိုင်နေ၏၊ ထိုအခါ ယုတ်မာသော မာရ်နတ်သည် ဥပစာလာဘိက္ခုနီမထံသို့ ချဉ်းကပ်ပြီးလျှင် ဥပစာလာဘိက္ခုနီမအား "ရဟန်းမိန်းမ သင်သည် အဘယ်ဘုံ၌ ဖြစ်ခြင်းငှါ အလိုရှိပါသနည်း"ဟု ပြောဆို၏။ အချင်းမာရ်နတ် ငါသည် တစုံတခုသောဘုံ၌ ဖြစ်ခြင်းငှါ အလိုမရှိ"ဟု ဆို၏။

အကြင်သို့သော တာဝတိံသာ နတ်တို့သည်၎င်း ယာမာနတ်တို့သည်၎င်း တုသိတာ နတ်တို့သည်၎င်း နိမ္မာနရတိနတ်တို့သည်၎င်း ဝသဝတ္တီနတ်တို့သည်၎င်း ရှိကုန်၏ ထိုနတ်တို့၏ နေရာဘုံ၌ သင်၏စိတ်ကို ညွတ်စေလော့၊ ထိုနတ်ဘုံတို့၌ မွေ့လျော်ခြင်းကို ခံစားရလတ္တံ့ဟု (ဆို၏)။

"အကြင်သို့သော တာဝတိံသာ နတ်တို့သည်၎င်း ယာမာနတ်တို့သည်၎င်း တုသိတာနတ်တို့သည်၎င်း နိမ္မာနရတိနတ်တို့သည်၎င်း ဝသဝတ္တီနတ်တို့သည်၎င်း ရှိကုန်၏၊ ထိုနတ်တို့သည် ကာမဂုဏ် အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ခံရကုန်လျက် တဖန် မာရ်နတ်၏ အလိုနိုင်ငံသို့ ရောက်ကုန်၏။

အလုံးစုံသော လောကသည် ရဲရဲ ပြောင်ပြောင် တောက်လောင်နေ၏၊ အလုံးစုံသော လောကသည် အခိုးတလူလူ ထနေ၏၊ အလုံးစုံသော လောကသည် မီးတောက် မီးလျှံထွက်နေ၏၊ အလုံးစုံသော လောကသည် တုန်လှုပ်နေ၏။

အကြင်အရပ်၌ မတုန်လှုပ်၊ အလျှံမထွက်၊ အရိယာတို့ မှီဝဲအပ်၏၊ မာရ်၏လားရာ မဟုတ်၊ ထို(နိဗ္ဗာန်)အရပ်၌ ငါ၏ စိတ်သည် မွေ့လျော်၏"ဟု ဆို၏။

ထိုအခါ ယုတ်မာသော မာရ်နတ်သည် "ဥပစာလာဘိက္ခုနီမသည် ငါ့ကို သိ၏"ဟု ဆင်းရဲခြင်း နှလုံးမသာခြင်း ရှိသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

http://www.dhammadownload.com



## ၈-သီသုပစာလာသုတ်

၁၆၉။ သာဝတ္ထိနိဒါန်း။ ထိုအခါ၌ သီသုပစာလာဘိက္ခုနီမသည် နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်၍။ပ။ နေ့သန့်စင်ခြင်းငှါ တခုသော သစ်ပင်ရင်း၌ ထိုင်နေ၏၊ ထိုအခါ ယုတ်မာသော မာရ်နတ်သည် သီသုပစာလာဘိက္ခုနီမထံသို့ ချဉ်းကပ်ပြီးလျှင် သီသုပစာလာဘိက္ခုနီမအား "ရဟန်းမိန်းမ သင်သည် အဘယ်သူ၏ အယူကို နှစ်သက်သနည်း"ဟု ဆို၏၊ အချင်းမာရ်နတ် ငါသည် တစုံတယောက်သောသူ၏ အယူကို မနှစ်သက်ဟု ဆို၏။

သင့်ကို ရဟန်းမိန်းမနှင့် တူစွာ တွေ့မြင်ရ၏၊ သင်သည် အဘယ်ပုဂ္ဂိုလ်ကို ရည်မှတ်၍ ဦးပြည်းသနည်း၊ အယူကို အကယ်၍ မနှစ်သက်အံ့၊ အဘယ့်ကြောင့် ယောင်ယောင် ဝါးဝါး ကျင့်ဘိသနည်းဟု ဆို၏။

မာရ်နတ် ဤသာသနာတော်မှအပ၌သာလျှင် ပါသဏ္ဍ(အယူ)တို့သည် ရှိကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် မိစ္ဆာအယူတို့၌ နှစ်မြုပ်ကုန်၏၊ ထိုသူတို့၏ တရားကို ငါ မနှစ်သက်၊ ထိုသူတို့သည် (သစ္စာလေးပါး)တရား၌ မလိမ္မာကုန်။

သာကီဝင် မင်းမျိုး၌ဖြစ်သော ပြိုင်ဘက်ကင်းသော အလုံးစုံ(ခန္ဓာစသည်)တို့ကို လွှမ်းမိုး၍ တည်သော မစ္စုမာရ် စသည်တို့ကို နုတ်ပြီးသော အလုံးစုံသော အရာဌာနတို့၌ (သူတပါးတို့) မအောင်နိုင်သော အလုံးစုံ (ခန္ဓာစသည်)တို့၌ လွတ်မြောက်တော်မူသော အလုံးစုံသော တဏှာဒိဋ္ဌိတို့သည် မမှီအပ်သော စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် အလုံးစုံသော တရားကို မြင်တော်မူ၏။

အလုံးစုံ ကံတို့၏ကုန်ရာ (အရဟတ္တဖိုလ်)သို့ ရောက်တော်မူ၏၊ ဥပဓိ၏ ကုန်ရာ (နိဗ္ဗာန်)၌ (အာရုံပြုသောအားဖြင့် ကိလေသာမှ) လွတ်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် ငါ၏ ဆရာ တည်း၊ ထိုဆရာ၏ အဆုံးအမကို ငါသည် နှစ်သက်၏ဟု ပြန်ပြော၏။

ထိုအခါ ယုတ်မာသော မာရ်နတ်သည် "သီသုပစာလာဘိက္ခုနီမသည် ငါ့ကို သိ၏"ဟု ဆင်းရဲခြင်း နှလုံးမသာခြင်း ရှိသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

## ၉-သေလာသုတ်

၁၇၀။ သာဝတ္ထိနိဒါန်း။ ထိုအခါ၌ သေလာဘိက္ခုနီမသည် နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်၍။ပ။ နေ့သန့်စင်ခြင်းငှါ တခုသောသစ်ပင်ရင်း၌ ထိုင်နေ၏၊ ထိုအခါ ယုတ်မာသော မာရ်နတ်သည် သေလာဘိက္ခုနီမအား ကြောက်ခြင်း ထိတ်လန့်ခြင်း ကြက်သီးမွေးညင်းထခြင်းကို ဖြစ်စေလို၍ရင်း တည်ကြည်ခြင်း သမာဓိမှ ရွေ့လျောစေလို၍ရင်း သေလာဘိက္ခုနီမကို ဂါထာဖြင့် ရွတ်ဆို၏—

"ဤရုပ်ပုံ(အတ္တဘော)ကို အဘယ်သူ ဖြစ်စေအပ်သနည်း၊ ဤရုပ်ပုံ(အတ္တဘော)ကို ပြုတတ်သူကား အဘယ်သူနည်း၊ အဘယ့်ကြောင့် ဤရုပ်ပုံ (အတ္တဘော)သည် ဖြစ်ပေါ်လာသနည်း၊ အဘယ့်ကြောင့် ဤရုပ်ပုံ (အတ္တဘော)သည် ချုပ်သနည်း"ဟု (ရွတ်ဆို၏)။

ထိုအခါ သေလာဘိက္ခုနီမအား "ဂါထာကိုရွတ်ဆိုသော ဤသူသည် အဘယ်သူနည်း၊ လူလေလော နတ်လေလော"ဟု စဉ်းစားပြီးလျှင် "ဤသူသည် ယုတ်မာသော မာရ်နတ်တည်း၊ ငါ့အား

http://www.dhammadownload.com



ကြောက်ခြင်း ထိတ်လန့်ခြင်း ကြက်သီးမွေးညင်းထခြင်းကို ဖြစ်စေလို၍ရှင်း တည်ကြည်ခြင်း သမာဓိမှ ရွေ့လျောစေလို၍ရှင်း ဂါထာကို ရွတ်ဆို၏ ဟု အကြံဖြစ်၏၊ ထိုအခါ သေလာဘိက္ခုနီမ သည် ဤသူကား ယုတ်မာသော မာရ်နတ်တည်း”ဟု သိ၍ ယုတ်မာသောမာရ်နတ်ကို ဂါထာ တို့ဖြင့် ပြန်ပြော၏—

“ဤအတ္တဘောကို မိမိကိုယ်တိုင်လည်း ပြုအပ်သည်မဟုတ်၊ သူတပါးလည်း ပြုအပ်သည် မဟုတ်၊ ဤအတ္တဘောသည် အကြောင်းကို စွဲ၍ ဖြစ်၏၊ အကြောင်းပျက်ခြင်းကြောင့် ချုပ်၏။

လယ်၌စိုက်ပျိုးအပ်သော တစုံတခုသော မျိုးစေ့သည် မြေဩဇာနှင့် အစေး ယင်းနှစ်ပါးကို စွဲ၍ ပေါက်သကဲ့သို့ -

ဤအတူ ခန္ဓာတို့ရှင်း ဓာတ်ခြောက်ပါးတို့ရှင်း အာယတနခြောက်ပါးတို့ရှင်း ဤတရား တို့သည် အကြောင်းကို စွဲ၍ ဖြစ်ကုန်၏၊ အကြောင်းပျက်ခြင်းကြောင့် ချုပ်ကုန်၏” ဟု (ပြန်ပြော၏)။

ထိုအခါ ယုတ်မာသော မာရ်နတ်သည် “သေလာဘိက္ခုနီမသည် ငါ့ကိုသိ၏” ဟု ဆင်းရဲခြင်း နှလုံးမသာခြင်း ရှိသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

## ၁၀-ဝဇိရာသုတ်

၁၇၁။ သာဝတ္ထိနိဒါန်း။ ထိုအခါ၌ ဝဇိရာဘိက္ခုနီမသည် နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကိုဆောင်ယူပြီးလျှင် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်လေ၏၊ သာဝတ္ထိပြည်၌ ဆွမ်းခံလှည့် လည်၍ ဆွမ်းစားပြီးနောက် ဆွမ်းခံရာမှဖဲခဲ့ပြီးလျှင် အန္ဓဝန်တောသို့ နေ့သန့်စင်ခြင်းငှာ ချဉ်းကပ်၍ တခုသော သစ်ပင်ရင်း၌ ထိုင်နေ၏၊ ထိုအခါ ယုတ်မာသော မာရ်နတ်သည် ဝဇိရာဘိက္ခုနီမအား ကြောက်ခြင်း ထိတ်လန့်ခြင်း ကြက်သီးမွေးညင်းထခြင်းကို ဖြစ်စေလို၍ရှင်း၊ တည်ကြည်ခြင်း သမာဓိမှ ရွေ့လျောစေလို၍ရှင်း ဝဇိရာဘိက္ခုနီမထံသို့ ချဉ်းကပ်ပြီးလျှင် ဂါထာဖြင့်ရွတ်ဆို၏—

“အဘယ်သူသည် ဤသတ္တဝါကို ဖြစ်စေသနည်း၊ သတ္တဝါကို ပြုတတ်သူကားအဘယ်သူနည်း၊ အဘယ့်ကြောင့် ဤသတ္တဝါ ဖြစ်ပေါ်လာသနည်း၊ အဘယ့်ကြောင့် သတ္တဝါ ချုပ်သနည်း”ဟု ရွတ်ဆို၏။

ထိုအခါ ဝဇိရာဘိက္ခုနီမအား “ဂါထာကို ရွတ်ဆိုသော ဤသူသည် အဘယ်သူနည်း၊ လူလေလော နတ်လေလော”ဟု စဉ်းစားပြီးလျှင်“ဤသူကား ယုတ်မာသောမာရ်နတ်တည်း၊ငါ့အား ကြောက်ခြင်း ထိတ်လန့်ခြင်း ကြက်သီးမွေးညင်းထခြင်းကို ဖြစ်စေလို၍ရှင်း၊ တည်ကြည်ခြင်း သမာဓိမှ ရွေ့လျောစေလို၍ရှင်း ဂါထာကို ရွတ်ဆို၏ ဟု အကြံဖြစ်၏၊ ထိုအခါ ဝဇိရာ ဘိက္ခုနီမသည် ဤသူကား ယုတ်မာသော မာရ်နတ်တည်း”ဟု သိ၍ ယုတ်မာသော မာရ်နတ်ကို ဂါထာဖြင့် ပြန်ပြော၏—

“မာရ်နတ် သင်သည် အဘယ်ကို သတ္တဝါဟူ၍ ယုံကြည်ဘိသနည်း၊ သင့်အား မကောင်း သော အမြင်သည် အစဉ်လိုက်၏၊ ဤသတ္တဝါဟူသည် သင်္ခါရအစု သက်သက်သာတည်း၊ ဤ သင်္ခါရ အစု၌ သဘောအားဖြင့် သတ္တဝါဟူသည်ကို မရအပ်။

အစိတ်အပိုင်း အဆောက်အဦရှိသောကြောင့် ရထားဟူ၍ ခေါ်ဝေါ် ပြောဆိုသော အသံ သည် ဖြစ်သကဲ့သို့ ထို့အတူ ခန္ဓာငါးပါးတို့ ထင်ရှားကုန်လတ်သော် သတ္တဝါဟူ၍ သမုတ်ခြင်း ဖြစ်၏။

http://www.dhammadownload.com



ထိုစကားမှန်၏၊ (ခန္ဓာငါးပါးဟူသော) ဆင်းရဲသည်သာလျှင် ဖြစ်၏၊ ဆင်းရဲသည် တည်လည်း တည်၏၊ ပျက်လည်းပျက်၏၊ (ခန္ဓာငါးပါး ဟူသော) ဆင်းရဲကို ဖယ်ထား၍ ခန္ဓာငါးပါးဟူသော ဆင်းရဲမှတပါး အခြားသော တရားသည် မဖြစ်၊ ဆင်းရဲကို ဖယ်ထား၍ ခန္ဓာငါးပါးဟူသော ဆင်းရဲမှတပါး အခြားသော တရားသည် မချုပ်"ဟု ပြန်ပြော၏။

ထိုအခါ ယုတ်မာသော မာရ်နတ်သည် "ဝဇိရာဘိက္ခုနီမသည် ငါ့ကို သိ၏"ဟု ဆင်းရဲခြင်း နှလုံးမသာခြင်းရှိသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

ဘိက္ခုနီသံယုတ် ပြီး၏။

http://www.dhammadownload.com

# ၆-မြဟ္မသံယုတ်

## ၁-ပဌမဝဂ် ၁-ဗြဟ္မာယာစနသုတ်

၁၇၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ရှေးဦးစွာ ဘုရားဖြစ်တော်မူပြီးစ ဥရုဝေလတော နေရဥ္စရာမြစ်ကမ်း ဆိတ်ကျောင်း ညောင်ပင်ရင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ ဆိတ်ကွယ်ရာအရပ်သို့ ကပ်လျက် တပါးတည်း ကိန်းအောင်း နေတော်မူစဉ် မြတ်စွာဘုရားအား ဤသို့ စိတ်အကြံဖြစ်တော်မူ၏–"ငါသိထားသော ဤတရားကား နက်နဲ၏၊ မြင်နိုင်ခဲ၏၊ သိနိုင်ခဲ၏၊ငြိမ်သက်၏၊ မွန်မြတ်၏၊ တက္ကီပုဂ္ဂိုလ်တို့၏ ကျက်စားရာ မဟုတ်၊ သိမ်မွေ့၏၊ ပညာရှိတို့သာ သိနိုင်၏၊ ဤသတ္တဝါများကား ကာမဂုဏ်တို့၌ မွေ့လျော်ကြကုန်၏၊ ကာမဂုဏ်တို့၌ ပျော်ပိုက်ကုန်၏၊ ကာမဂုဏ်တို့၌ အလွန်နှစ်ခြိုက်နေကုန်၏၊ ကာမဂုဏ်တို့၌ မွေ့လျော် ပျော်ပိုက် အလွန်နှစ်ခြိုက်နေကြသော ဤသတ္တဝါများသည် အကျိုးတရားတို့၏ အကြောင်း ဖြစ်သော ဤပဋိစ္စသမုပ္ပါဒ်တရားကို မြင်နိုင်ခဲ၏၊ ပြုပြင်မှုအားလုံး၏ ငြိမ်းရာ ဥပဓိအားလုံးကို ပယ်စွန့်ရာ တဏှာ၏ ကုန်ရာ ရာဂ၏ ကင်းရာ ချုပ်ရာ ငြိမ်းရာဖြစ်သော ဤ(နိဗ္ဗာန်)တရားကိုလည်း မြင်နိုင်ခဲ၏၊ ငါသည် တရားကို ဟောငြားအံ့၊ သူတပါးတို့သည် ငါ၏ တရားကိုမသိ နားမလည်နိုင်ရာ၊ သို့ဖြစ်လျှင် ထို(တရားဟောမှု)သည် ငါ့အား ပင်ပန်းရုံသာဖြစ်ရာ၏၊ ငါ့ကိုယ်(ငါ) ညှဉ်းဆဲရုံသာ ဖြစ်ရာ၏"ဟု (စိတ်အကြံဖြစ်တော်မူ၏။) ထို့အပြင် အလွန်အံ့ဩဖွယ်ကောင်းသော ဤဂါထာတို့ သည်လည်း ရှေးကမကြားဘူးပဲ မြတ်စွာဘုရား၏ စိတ်တော်၌ ထင်လာပြန်ကုန်၏—

"ငါသည် ခဲယဉ်းစွာ ကျင့်သဖြင့် သိထားသော တရားကို ယခုအခါ ဟောပြခြင်းငှာ မသင့် လျော်ချေ၊ ရာဂ ဒေါသ နှိပ်စက်ခံနေရသော သူတို့သည် ဤတရားကို လွယ်ကူစွာ သိနိုင် ကြမည် မဟုတ်ချေ။

အမှောင်ထု ဖုံးလွှမ်းလျက် ရာဂစွဲကပ်နေသော သူတို့သည် သိမ်မွေ့နက်နဲ၍ အဏုမြူသဖွယ် မြင်နိုင်ခဲသော (သံသရာ) အဆန်တရားကို မြင်နိုင်ကြမည် မဟုတ်ချေ"ဟု (စိတ်တော်၌ ထင်ပေါ်လာပြန်ကုန်၏)။

ဤသို့ဆင်ခြင်တော်မူစဉ် မြတ်စွာဘုရား၏ စိတ်နှလုံးတော်သည် တရားဟောရန် ညွတ်တော် မမူသေးဘဲ ကြောင့်ကြမဲ့နေရန် ညွတ်တော်မူ၏၊ထိုအခါ မြတ်စွာဘုရား၏ စိတ်အကြံကို မိမိစိတ်ဖြင့် သိ၍ သဟမ္ပတိဗြဟ္မာအား ဤသို့ အကြံဖြစ်ပေါ်လာ၏––"အချင်းတို့ လောကသည် ပျက်စီး တော့မည်တကား၊ အချင်းတို့ လောကသည် ပျက်စီးတော့မည်တကား၊ ပူဇော်အထူးကို ခံတော် မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာသိတော်မူသော မြတ်စွာဘုရား၏ စိတ်နှလုံးတော်သည် တရားဟောရန် ညွတ်တော်မမူသေးပဲ ကြောင့်ကြမဲ့နေရန် ညွတ်တော်မူ တုံဘိ၏"ဟု(အကြံဖြစ်ပေါ်လာ၏)၊ ထို့နောက် ခွန်အားရှိသော ယောကျ်ားသည် ကွေးထားသော လက်ရုံးကို ဆန့်သကဲ့သို့ရင်း၊ ဆန့်ထားသော လက်ရုံးကို ကွေးသကဲ့ရင်း သဟမ္ပတိ ဗြဟ္မာသည် ဗြဟ္မာ့ဘုံမှ ကွယ်ခဲ့ပြီးလျှင် မြတ်စွာဘုရား၏ရှေ့တော်၌ ထင်ရှား ပေါ်လာ၏၊ ထိုအခါ ထိုသဟမ္ပတိဗြဟ္မာသည် အပေါ်ရုံကို ပခုံးတဖက်၌တင်၍ လကျ်ာဒူးကို မြေ၌ထောက်လျက် မြတ်စွာဘုရားသို့ လက်အုပ်ချီပြီးလျှင် "မြတ်စွာဘုရား ဘုန်းတော်ကြီးတော်မူသော မြတ်စွာ ဘုရားသည် တရားဟောတော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာ ဘုရားသည် တရားဟောတော်မူပါလော့၊ (ပညာ)မျက်စိ၌ (ကိလေသာ)မြူနည်းပါးသော သတ္တဝါ

http://www.dhammadownload.com



တို့သည် ရှိပါကုန်၏၊ (ထိုသတ္တဝါတို့သည်) တရားကို မနာရသောကြောင့် ဆုတ်ယုတ်နေဝါကုန်၏၊ တရားကိုသိသူတို့သည် ရှိပါကုန်လတ္တံ့"ဟု လျှောက်၏၊ သဟမ္ပတိဗြဟ္မာသည် ဤစကားကို လျှောက်ပြီးနောက် ထိုမှတပါး ဤစကားကို လျှောက်ပြန်၏—

"ရှေးအခါက မဂဓတိုင်းတို့၌ (ရာဂ စသော) အညစ်အကြေးရှိသူ ဂိုဏ်းဆရာကြီးတို့သည် ကြံဆအပ်သော မစင်ကြယ်သော မိစ္ဆာအယူတရားသည် ထင်ရှားဖြစ်ပေါ်ခဲ့ပါသည်၊ အမြိုက် နိဗ္ဗာန်တံခါးကို ဖွင့်လှစ်တော်မူပါလော့၊ အညစ်အကြေး ကင်းတော်မူသော မြတ်စွာဘုရားသည် သဘာဝနှင့် အလျော် သိတော်မူအပ်သော (သစ္စာလေးပါး)တရားကို (သတ္တဝါအများ) နာကြား ကြပါစေကုန်လော့။

ကောင်းမြတ်သော ပညာရှင် ဖြစ်တော်မူသော မြတ်စွာဘုရား၊ ထက်ဝန်းကျင် (မြင်စွမ်း နိုင်သောဉာဏ်) မျက်စိရှိတော်မူသော မြတ်စွာဘုရား၊ ကျောက်တောင်ထိပ်၌ ရပ်တည်လျက် ရှိသော ယောကျ်ားသည် ထက်ဝန်းကျင် လူအပေါင်းကို ကြည့်ရှုသကဲ့သို့ ထိုအတူ စိုးရိမ်ပူဆွေး ကင်းဝေးတော်မူသော အသျှင်ဘုရားသည် ပညာ(ဓမ္မ)ဖြင့် ပြီးသော ပြာသာဒ်ထက်သို့ တက်တော်မူ၍ ပဋိသန္ဓေနေခြင်း အိုခြင်းတို့ အနှိပ်စက်ခံနေရသဖြင့် စိုးရိမ်ပူဆွေးခြင်းသို့ သက်ဆင်း ကျရောက်နေသော သတ္တဝါအပေါင်းကို ကြည့်ရှုတော်မူပါလော့။

ရဲရင့်တော်မူသော မြတ်စွာဘုရား အောင်ပွဲယင်တော်မူပြီးသော မြတ်စွာဘုရား၊ ထတော်မူပါလော့၊ ယာဉ်မှူးနှင့်တူတော်မူသော မြတ်စွာဘုရား၊ (ကိလေသာ)ကြွေး ကင်းဝေးတော်မူသော မြတ်စွာဘုရား၊ လောက၌ လှည့်လည်တော်မူပါလော့၊ ဘုန်းကြီးတော်မူသော မြတ်စွာဘုရား၊ တရားဟောတော်မူပါလော့၊ (တရားကို) သိသူတို့သည် ရှိပါကုန်လတ္တံ့"ဟု (လျှောက်ပြန်၏)။

ထိုအခါ မြတ်စွာဘုရားသည် ဗြဟ္မာ၏ တောင်းပန်ခြင်းကို အသိအမှတ်ပြုပြီးလျှင် သတ္တဝါတို့၌ သနားခြင်းကိုလည်း အကြောင်းပြု၍ ဗုဒ္ဓစက္ခုဖြင့်[1] လောကကို ကြည့်တော်မူ၏၊ မြတ်စွာဘုရားသည် ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်တော်မူလတ်သော် (ပညာ)မျက်စိ၌ (ကိလေသာ)မြူ နည်းပါးသူ (ပညာ)မျက်စိ၌ (ကိလေသာ)မြူ များပြားသူ ဣန္ဒြေရင့်ကျက်ပြီးသူ ဣန္ဒြေနု သေးသောသူ[2] ကောင်းသော အခြင်းအရာရှိသူ မကောင်းသော အခြင်းအရာရှိသူ သိစေရန် လွယ်ကူသူ သိစေရန် ခက်ခဲသူ တမလွန်လောက အပြစ်တို့ကို ဘေးဟုရှုလျက်နေလေ့ရှိသူအချို့နှင့် တမလွန်လောကအပြစ်တို့ကို ဘေးဟု မရှုပဲ နေလေ့ရှိသူအချို့ကို မြင်တော်မူ၏၊ ဥပမာသော်ကား ဥပ္ပလကြာ[3]တော၌ရင်း ပဒုမာကြာတော၌ရင်း ပုဏ္ဍရိက်ကြာတော၌ရင်း အချို့သော ဥပ္ပလကြာ ပဒုမာကြာ ပုဏ္ဍရိက်ကြာတို့သည် ရေ၌ ပေါက်ကုန်၏၊ ရေ၌ကြီးပွားကုန်၏၊ ရေမှ မပေါ်ထွက် သေးကုန်၊ ရေထဲ၌ မြုပ်၍ ဖွံ့ဖြိုးကုန်၏၊ အချို့သော ဥပ္ပလကြာ ပဒုမာကြာ ပုဏ္ဍရိက်ကြာတို့သည် ရေ၌ပေါက်ကုန်၏၊ ရေ၌ကြီးပွားကုန်၏၊ ရေနှင့်အညီတည်ကုန်၏၊ အချို့သော ဥပ္ပလကြာ ပဒုမာကြာ

---

၁- (က) သတ္တဝါတို့၏ ဣန္ဒြေအနုအရင့်ကို သိသော ဣန္ဒြိယပရောပရိယတ္တိဉာဏ်။
(ခ) သတ္တဝါတို့၏ စိတ်ဓာတ်ကိန်းဝပ်ရာ အာသယနှင့် အနုသယကိလေသာတို့ကို သိသော အာသယာနုသယဉာဏ် ဤဉာဏ်နှစ်ပါးကို ဗုဒ္ဓစက္ခုဟုခေါ်သည်။
၂-အခြားပါဠိတော်များ၌ ဒွါကာရေ ဒုဝိညာပယေ အပ္ပေကစ္စေ န ပရလောကဝဇ္ဇဘယဒဿာဝိနေ ဝိဟရန္တေ ပုဒ်များမပါ။
၃-ဥပ္ပလ=ကြာဖြူ ကြာနီ ကြာညို။

http://www.dhammadownload.com



ပုဏ္ဍရိက်ကြာတို့သည် ရေ၌ ပေါက်ကုန်၏၊ ရေ၌ ကြီးပွားကုန်၏၊ ရေပေါ်သို့ တက်၍ တည်ကုန်၏၊ ရေနှင့်မလိမ်းကပ်ကုန်၊ ဤအတူသာလျှင် မြတ်စွာဘုရားသည် ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်တော်မူလတ်သော် (ပညာ) မျက်စိ၌ (ကိလေသာ)မြူ နည်းပါးသူ (ပညာ)မျက်စိ၌ (ကိလေသာ) မြူ များပြားသူ ဣန္ဒြေရင့်ကျက်သူ ဣန္ဒြေနုသေးသူ ကောင်းသော အခြင်းအရာရှိသူ မကောင်းသော အခြင်းအရာရှိသူ သိစေရန် လွယ်ကူသူ သိစေရန် ခက်ခဲသူ တမလွန်လောက၌ အပြစ်တို့ကို ဘေးဟု ရှုလေ့ရှိသူအချို့နှင့် တမလွန်လောက အပြစ်တို့ကို ဘေးဟု မရှုပဲ နေလေ့ရှိသူ အချို့တို့ကို မြင်တော်မူသောကြောင့် သဟမ္ပတိဗြဟ္မာအား ဂါထာဖြင့် မိန့်တော်မူ၏—

"ဗြဟ္မာ လေ့လာပြီးသော တရားမြတ်ကို ပင်ပန်းရုံသာဟု အမှတ်ရှိသည်ဖြစ်၍ လူတို့အား မဟောခဲ့ပြီ၊ (မဟောဘဲနေရန် အကြံဖြစ်ခဲ့ပြီ)၊ (ပညာ)တည်းဟူသော နားနှင့် ပြည့်စုံသော သူတို့သည် ယုံကြည်ခြင်း (သဒ္ဓါတရား)ကို စေလွှတ်ကြကုန်လော့၊ ထိုသူတို့အတွက် နိဗ္ဗာန် တံခါးကို ငါ ဖွင့်ထားပြီ"ဟု- (မိန့်တော်မူ၏)။

ထိုအခါ သဟမ္ပတိဗြဟ္မာသည်"မြတ်စွာဘုရားသည် တရားဟောရန် ငါ့အား ခွင့်ပြုတော်မူပြီ"ဟု (သိသဖြင့်)မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုပြီးလျှင် ထိုနေရာ၌ပင် ကွယ်သွားလေ၏။

## ၂-ဂါရဝသုတ်

၁၇၃။ အကျွန်ုပ်သည် ဤသို့ ကြားနာ ခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ရှေးဦးစွာ ဘုရားဖြစ်တော်မူပြီးစ ဥရုဝေလတော နေရဉ္ဇရာမြစ်ကမ်း ဆိတ်ကျောင်း ညောင်ပင်ရင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ဆိတ်ငြိမ်ရာသို့ကပ်လျက် တပါးတည်း ကိန်းအောင်းနေတော်မူသော မြတ်စွာဘုရားအား ဤသို့ စိတ်အကြံသည် ထင်ရှားဖြစ်၏၊ "ရိုသေရာ မှီခိုရာ မရှိပဲ နေရခြင်းသည် ဆင်းရဲ၏၊ ငါသည် အဘယ်သို့သော သမဏကိုသော်၎င်း၊ ဗြာဟ္မဏကိုသော်၎င်း အရိုအသေ အလေးအမြတ် အမှီသဟဲပြုလျက် နေရပါအံ့နည်း"ဟု အကြံဖြစ်၏။

ထို့နောင် မြတ်စွာဘုရားအား ဤသို့သော အကြံသည် ဖြစ်ပြန်၏—"ငါသည် မပြည့်စုံသေးသော သီလအစုကို ပြည့်စုံစေခြင်းငှာ အခြားသောသမဏကိုသော်၎င်း ဗြာဟ္မဏကိုသော်၎င်း အရိုအသေ အလေးအမြတ် အမှီသဟဲပြုလျက် နေရာ၏၊ စင်စစ်သော်ကား အရိုအသေ အလေးအမြတ် အမှီသဟဲပြုလျက် နေနိုင်လောက်သော မိမိထက် အထူးသဖြင့် သီလနှင့်ပြည့်စုံသည့် အခြားသော သမဏကိုသော်၎င်း၊ ဗြာဟ္မဏကိုသော်၎င်း နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော နတ်လောကနှင့် သမဏ ဗြာဟ္မဏ မင်းများ လူများနှင့်တကွသော လူ့လောက၌ ငါ မမြင်။

မပြည့်စုံသေးသော သမာဓိအစုကို ပြည့်စုံစေခြင်းငှာ အခြားသော သမဏကိုသော်၎င်း ဗြာဟ္မဏကိုသော်၎င်း အရိုအသေ အလေးအမြတ် အမှီသဟဲပြုလျက် နေရာ၏၊ စင်စစ်သော်ကား အရိုအသေ အလေးအမြတ် အမှီသဟဲပြုလျက် နေနိုင်လောက်သော မိမိထက် အထူးသဖြင့် သမာဓိနှင့် ပြည့်စုံသည့် အခြားသော သမဏကိုသော်၎င်း၊ ဗြာဟ္မဏကိုသော်၎င်း နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့် တကွသော လူ့လောက၌ ငါ မမြင်။

မပြည့်စုံသေးသော ပညာအစုကို ပြည့်စုံစေခြင်းငှာ အခြားသော သမဏကိုသော်၎င်း ဗြာဟ္မဏကိုသော်၎င်း အရိုအသေ အလေးအမြတ် အမှီသဟဲပြုလျက် နေရာ၏၊ စင်စစ်သော်ကား အရိုအသေ အလေးအမြတ် အမှီသဟဲပြုလျက် နေနိုင်လောက်သော မိမိထက် အထူးသဖြင့်

http://www.dhammadownload.com



ပညာနှင့် ပြည့်စုံသည့် ငါမှတပါးသော သမဏကိုသော်ငင်း၊ ဗြာဟ္မဏကိုသော်ငင်း နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့် တကွသော လူ့လောက၌ ငါမမြင်။

မပြည့်စုံသေးသော ကိလေသာမှ လွတ်မြောက်မှု အရဟတ္တဖိုလ် အစုကို ပြည့်စုံစေခြင်းငှာ အခြားသော သမဏကိုသော်ငင်း၊ ဗြာဟ္မဏကိုသော်ငင်း အရိုအသေ အလေးအမြတ် အမှီသဟဲ ပြုလျက် နေရာ၏၊ စင်စစ်သော်ကား အရိုအသေ အလေးအမြတ် အမှီသဟဲပြုလျက် နေနိုင် လောက်သော မိမိထက် အထူးသဖြင့် ကိလေသာမှ လွတ်မြောက်မှု အရဟတ္တဖိုလ်နှင့်ပြည့်စုံသည့် အခြားသော သမဏကိုသော်ငင်း၊ ဗြာဟ္မဏကိုသော်ငင်း နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့်တကွသော လူ့လောက၌ ငါမမြင်။

မပြည့်စုံသေးသော ကိလေသာမှ လွတ်မြောက်မှု အရဟတ္တဖိုလ်ကို သိမြင်တတ်သည့် ပစ္စဝေက္ခဏာဉာဏ်ကို ပြည့်စုံစေခြင်းငှာ အခြားသော သမဏကိုသော်ငင်း၊ ဗြာဟ္မဏကိုသော်ငင်း အရိုအသေ အလေးအမြတ် အမှီသဟဲပြုလျက် နေရာ၏၊ စင်စစ်သော်ကား အရိုအသေ အလေး အမြတ် အမှီသဟဲပြုလျက် နေနိုင်လောက်သော မိမိထက် အထူးသဖြင့် ကိလေသာမှ လွတ်မြောက်မှု အရဟတ္တဖိုလ်ကို သိမြင်တတ်သည့် ပစ္စဝေက္ခဏာဉာဏ်နှင့် ပြည့်စုံသည့် အခြားသော သမဏကိုသော်ငင်း၊ ဗြာဟ္မဏကိုသော်ငင်း နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော နတ်လောကနှင့် သမဏ ဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူ့လောက၌ ငါ မမြင်။ ငါသည် အကြင် လောကုတ္တရာတရားကို ထိုးထွင်း၍ သိ၏၊ ငါသည် ထိုတရားကိုသာလျှင် အရိုအသေအလေးအမြတ် အမှီသဟဲပြုလျက် နေရမူကား ကောင်းလေစွ''ဟု ဤသို့သောအကြံသည် ဖြစ်၏။

ထိုအခါ သဟမ္ပတိဗြဟ္မာသည် မြတ်စွာဘုရား၏ စိတ်အကြံကို မိမိစိတ်ဖြင့်သိ၍ ခွန်အားရှိသော ယောကျ်ားသည် ကွေးသော လက်ရုံးကို ဆန့်သကဲ့သို့ငင်း၊ ဆန့်သော လက်ရုံးကို ကွေး သကဲ့သို့ ငင်း ဤအတူသာလျှင် ဗြဟ္မာ့ဘုံမှ ကွယ်ခဲ့၍ မြတ်စွာဘုရား၏ ရှေ့တော်၌ ထင်ရှား ဖြစ်၏၊ ထိုအခါ သဟမ္ပတိ ဗြဟ္မာသည် အပေါ်ရုံကို ပခုံးတဖက်၌ တင်လျက် မြတ်စွာ ဘုရားသို့ လက်အုပ်ချီပြီးလျှင် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏- ''မြတ်စွာဘုရား ဤအကြံသည် ဤအတိုင်း မှန်လှပါ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာ ဘုရား ဤအကြံသည် ဤအတိုင်း မှန်လှပါ၏၊ အသျှင်ဘုရား လွန်လေပြီးသော အတိတ်အခါတို့၌ ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော အကြင်မြတ်စွာဘုရားတို့သည်လည်း ပွင့်တော်မူကုန်၏၊ ထိုမြတ်စွာဘုရားတို့သည်လည်း တရားကိုသာလျှင် အရိုအသေ အလေးအမြတ် အမှီသဟဲပြုလျက် နေတော်မူကြကုန်၏။

အသျှင်ဘုရား လာလတ္တံ့သော အနာဂတ်အခါတို့၌ ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော အကြင်မြတ်စွာဘုရားတို့သည်လည်း ပွင့်တော်မူကုန်လတ္တံ့၊ ထိုမြတ်စွာဘုရားတို့သည်လည်း တရားကို သာလျှင် အရိုအသေ အလေးအမြတ် အမှီသဟဲပြုလျက် နေတော်မူကုန်လတ္တံ့၊ အသျှင်ဘုရား ယခု ပစ္စုပ္ပန်အခါ၌ ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည်လည်း တရားကိုသာလျှင် အရိုအသေ အလေးအမြတ် အမှီသဟဲ ပြုလျက် နေတော်မူပါလော့ ဟု ဤစကားကို လျှောက်၏၊ ဤစကားကို လျှောက်ပြီးလျှင် ထိုမှ တပါးသော ဤစကားကို လျှောက်ပြန်၏-

http://www.dhammadownload.com



"အတိတ်၌ ပွင့်တော်မူပြီးသော မြတ်စွာဘုရားတို့သည်၎င်း၊ အနာဂတ်၌ ပွင့်တော်မူလတ္တံ့သော မြတ်စွာဘုရားတို့သည်၎င်း၊ သတ္တဝါတို့၏ ပူဆွေးခြင်းကို ဖျောက်တတ်သော ယခုပစ္စုပ္ပန်၌ ပွင့်ဆဲ မြတ်စွာဘုရားသည်၎င်း ရှိ၏။

အလုံးစုံကုန်သော မြတ်စွာဘုရားတို့သည် သူတော်ကောင်းတရားကို အလေးအမြတ်ပြုကုန်သည်ဖြစ်၍ နေတော်မူကုန်ပြီ၊ နေတော်မူကုန်ဆဲ၊ နေတော်မူကုန်လတ္တံ့၊ ဤသို့ နေခြင်းသည်ကား မြတ်စွာဘုရားတို့၏ သဘောဓမ္မတာတည်း။

ထို့ကြောင့်သာလျှင် အကျိုးစီးပွားကို အလိုရှိသောသူသည် ကြီးမြတ်သည်၏ အဖြစ်ကို တောင့်တသည်ဖြစ်၍ မြတ်စွာဘုရားတို့၏ အဆုံးအမတော်ကို အောက်မေ့လျက် သူတော်ကောင်းတရားကို အလေးပြုအပ်သတည်း"ဟု လျှောက်ပြန်၏။

## ၃-ဗြဟ္မဒေဝသုတ်

၁၇၄။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည် – အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ တယောက်သောပုဏ္ဏေးမ၏ဗြဟ္မဒေဝမည်သော သားသည် မြတ်စွာဘုရား၏ အထံ၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရဟန်းပြု၏။

ထိုအခါ အသျှင်ဗြဟ္မဒေဝသည် တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့မလျော့ ပြင်းစွာအားထုတ်ကာ နိဗ္ဗာန်သို့စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော် မကြာမီပင် "အရဟတ္တဖိုလ် အကျိုးငှါ ကောင်းစွာသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် (ရဟန်းပြု) သော အမျိုးသားများ လိုလားအပ်သော အတုမရှိသော အကျင့်မြတ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်ကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက် ပြုလျက် ရောက်၍နေရ၏၊ ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်) ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်) ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိ၏၊ အသျှင်ဗြဟ္မဒေဝသည် ရဟန္တာတို့တွင် တပါးအပါအဝင်ဖြစ်၏။

ထိုအခါ အသျှင်ဗြဟ္မဒေဝသည် နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်လေ၏၊ သာဝတ္ထိပြည်၌ အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်သည်ရှိသော် မိမိ၏အမိအိမ်သို့ ချဉ်းကပ်၏၊ ထိုအခါ အသျှင်ဗြဟ္မဒေဝ၏အမိ ပုဏ္ဏေးမသည် ဗြဟ္မာအား အမြဲပသဖွယ်နို့ကို တင်ကိုး ပသ ၏၊ ထိုအခါ သဟမ္ပတိဗြဟ္မာကြီးအား ဤသို့သော အကြံဖြစ်၏၊ "အသျှင်ဗြဟ္မဒေဝ၏ အမိဖြစ်သော ဤပုဏ္ဏေးမသည် ဗြဟ္မာအား အမြဲ ပသဖွယ်နို့ကို တင်ကိုး ပသနေ၏၊ ငါသည် ထိုပုဏ္ဏေးမသို့ ချဉ်းကပ်၍ ထိတ်လန့်စေရမူကား ကောင်းလေစွ"ဟု အကြံဖြစ်၏။ ထို့နောက် သဟမ္ပတိဗြဟ္မာသည် ခွန်အားရှိသော ယောကျ်ားသည် ကွေးသောလက်ရုံးကို ဆန့်သကဲ့သို့၎င်း၊ ဆန့်သောလက်ရုံးကို ကွေးသကဲ့သို့၎င်း၊ ဤအတူပင်လျှင် ဗြဟ္မာ့ပြည်မှ ကွယ်ခဲ့၍ အသျှင်ဗြဟ္မဒေဝအမိအိမ်၌ ထင်ရှားဖြစ်၏၊ ထိုအခါ သဟမ္ပတိဗြဟ္မာသည် ကောင်းကင်၌ ရပ်လျက် အသျှင်ဗြဟ္မဒေဝ၏ အမိဖြစ်သော ပုဏ္ဏေးမကို ဂါထာဖြင့် ရွတ်ဆို ပြောကြား၏–

"ပုဏ္ဏေးမ အကြင်ဗြဟ္မာအား အမြဲပသဖွယ်နို့ကို တင်ကိုး ပသ၏၊ ထိုဗြဟ္မာ၏ ဗြဟ္မာ့ပြည်သည် ဤလူ့ပြည်မှ ဝေးလှ၏၊ ပုဏ္ဏေးမ ဤသို့ သဘောရှိသော ပသဖွယ်သည်

http://www.dhammadownload.com



ဗြဟ္မာ၏အစာမဟုတ်၊ ဗြဟ္မာတို့၏ ဖြစ်ကြောင်းကို မသိပဲ အဘယ့်ကြောင့် ယောင်ယမ်းမြည်တမ်းဘိသနည်း။

ပုဏ္ဏေးမ သင့်သားဖြစ်သော ထိုဗြဟ္မဒေဝထေရ်သည် သာလျှင်(ကိလေသာ)ဥပဓိကင်း၏၊ နတ်ဗြဟ္မာတို့ထက် လွန်သော နတ်ဗြဟ္မာ၏ အဖြစ်သို့ ရောက်၏၊ ကြောင့်ကြခြင်းမရှိသော သူတပါးတို့ကို မမွေးမြူတတ်သည့် ရဟန်းတည်း၊ ထိုဗြဟ္မဒေဝသည် ဆွမ်းအလို့ငှါ သင်၏အိမ်သို့ ဝင်၏။

ဆောင်ယူလာသော အလှူကို ခံထိုက်၏၊ မဂ်ပညာဖြင့် ဆင်းရဲ၏အဆုံးသို့ရောက်၏၊ မိမိကိုယ်ကို ပွားများလေ့လာပြီး ဖြစ်၏၊ လူ နတ်တို့၏ မြတ်သောအလှူကို ခံထိုက်၏၊ မကောင်းမှုတို့ကို အပပြုသောကြောင့် (တဏှာစသည်တို့ဖြင့်) မလိမ်းကျံ၊ အေးချမ်း သာယာစွာ ဖြစ်လျက် အစာရှာမှီး၏။

ထိုဗြဟ္မဒေဝရဟန်းအား နောက်အဘို့ ရှေ့အဘို့ မရှိ၊ ငြိမ်သက်၏၊ အမျက်တည်းဟူသော အခိုး ကင်း၏၊ ဆင်းရဲ မရှိ၊ ကပ်ငြိခြင်း မရှိ၊ ထိတ်လန့် တတ်သူနှင့် ကြံ့ခိုင် ရဲရင့်သူတို့၏ တုတ်လက်နက်ကို ပယ်ချထားပြီး ဖြစ်၏၊ထိုဗြဟ္မဒေဝသည် သင်၏ ပသဖွယ် ဆွမ်းဦး ဆွမ်းမြတ်ကို ဘုဉ်းပေးပါစေလော့။

ဂိုဏ်းသည်ကိုလေသာစစ်သည် ကင်းသည်သာဖြစ်သော ငြိမ်းအေးပြီးသော စိတ်ရှိသော ဗြဟ္မဒေဝရဟန်းသည် တဏှာကင်းသည်ဖြစ်၍ ယဉ်ကျေးသော ဆင်ပြောင်ကဲ့သို့ သွားလာ၏၊ ကောင်းသော သီလရှိသော (ကိလေသာတို့မှ) ကောင်းစွာလွတ်မြောက်သည့် အရဟတ္တဖိုလ်စိတ်ရှိသော ထိုဗြဟ္မဒေဝရဟန်းသည် သင်၏ ပသ ဖွယ်ဖြစ်သော ဆွမ်းဦး ဆွမ်းမြတ်ကို ဘုဉ်းပေးပါစေလော့။

မြတ်သောအလှူကို ခံထိုက်သော ထိုဗြဟ္မဒေဝရဟန်း၌ကြည်ညိုကာ တုန်လှုပ်ခြင်းမရှိမူ၍ မြတ်သော အလှူကိုဖြစ်ပါစေလော့၊ ပုဏ္ဏေးမ ဩဃလေးပါးမှ ကူးမြောက်ပြီးသောဗြဟ္မဒေဝရဟန်းကို ဖူးမြင်၍ နောက်အခါ၌ ချမ်းသာသောအကျိုးကို ဆောင်တတ်သော ကောင်းမှုကို ပြုပါလော့”ဟု (ရွတ်ဆို၏)။

ပုဏ္ဏေးမသည် မြတ်သောအလှူခံထိုက်သော ထိုဗြဟ္မဒေဝရဟန်း၌ ကြည်ညိုကာ တုန်လှုပ်ခြင်း မရှိမူ၍ မြတ်သောအလှူကို ဖြစ်စေ၏၊ ဩဃလေးပါးမှ ကူးမြောက်ပြီးသော ဗြဟ္မဒေဝရဟန်းကို ဖူးမြင်၍ နောက်အခါ၌ ချမ်းသာသောအကျိုးကို ဆောင်တတ်သော ကောင်းမှုကိုပြုပြီ။

## ၄-ဗကဗြဟ္မာသုတ်

၁၇၅။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည် – အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည်အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ၌ ဗကဗြဟ္မာအား ဤသို့ သဘောရှိသော ယုတ်ညံ့သော (သဿတဒိဋ္ဌိ) အယူဖြစ်၏– “ဤ(ကိုယ်နှင့်တကွသောဗြဟ္မာ့ပြည်သည်)ကား မြဲ၏၊ဤ(ကိုယ်နှင့်တကွသော ဗြဟ္မာ့ပြည်သည်)ကား ခိုင်ခံ့၏၊ ဤ(ကိုယ်နှင့်တကွသော ဗြဟ္မာ့ပြည်သည်)ကား အခါခပ်သိမ်းရှိ၏၊ဤ(ကိုယ်နှင့်တကွသော ဗြဟ္မာ့ပြည်သည်)ကား မပြတ်မစဲ တဆက်တည်း တည်၏၊ ဤ(ကိုယ်နှင့်စာတွဲသော

http://www.dhammadownload.com



ဗြဟ္မာ့ပြည်သည်)ကား ရွေ့လျောခြင်းသဘောမရှိ၊ မှန်၏၊ ဤ (ကိုယ်နှင့်တကွသော ဗြဟ္မာ့ပြည်သည်) ကား ပဋိသန္ဓေနေခြင်း မရှိ၊ အိုခြင်း မရှိ၊ သေခြင်း မရှိ၊ ရွေ့လျောခြင်းမရှိ၊ တဖန်ဖြစ်ခြင်း သဘောမရှိ၊ ဤ (ကိုယ်နှင့်တကွသော ဗြဟ္မာ့ပြည်) မှတပါး အခြား လွန်ကဲသော လွတ်မြောက်ရာ မရှိ”ဟု (အယူဖြစ်၏)။

ထိုအခါ မြတ်စွာဘုရားသည် ဗကဗြဟ္မာ၏ စိတ်အကြံကို မိမိစိတ်ဖြင့် သိ၍ ခွန်အားရှိသော ယောကျ်ားသည် ကွေးသောလက်ရုံးကို ဆန့်သကဲ့သို့ရင်း၊ ဆန့်သောလက်ရုံးကို ကွေးသကဲ့သို့ ၎င်း ဤအတူပင်လျှင် ဇေတဝန်ကျောင်းတော်မှ ကွယ်ခဲ့၍ ထိုဗြဟ္မာ့ဘုံ၌ ထင်ရှားဖြစ်၏၊ ဗကဗြဟ္မာသည် ကြွလာတော်မူသော မြတ်စွာဘုရားကို အဝေးကပင် မြင်၍ မြတ်စွာဘုရား အား ဤစကားကို လျှောက်၏ “အချင်း လာပါလော့၊ အချင်း သင်၏ လာခြင်းသည် ကောင်းသော လာခြင်းတည်း၊ အချင်း စင်စစ် ဤဗြဟ္မာ့ပြည်သို့ လာရန် အလှည့်အကြိမ်ကို ကြာမြင့်မှ ပြုဘိ၏၊ အချင်း ဤ(ကိုယ်နှင့်တကွသော ဗြဟ္မာ့ပြည်သည်) ကား မြဲ၏၊ ဤ (ကိုယ်နှင့်တကွသော ဗြဟ္မာ့ပြည်သည်)ကားခိုင်ခံ့၏၊ ဤ(ကိုယ်နှင့်တကွသော ဗြဟ္မာ့ပြည်သည်) ကား အခါခပ်သိမ်းရှိ၏၊ ဤ(ကိုယ်နှင့်တကွသော ဗြဟ္မာ့ပြည်သည်)ကား မပြတ်မစဲ တဆက်တည်း တည်၏၊ ဤ(ကိုယ်နှင့်တကွသော ဗြဟ္မာ့ပြည်သည်)ကား ရွေ့လျောခြင်းသဘော မရှိ။ မှန်၏၊ ဤ(ကိုယ်နှင့်တကွသော ဗြဟ္မာ့ပြည်သည်)ကား ပဋိသန္ဓေနေခြင်းမရှိ၊ အိုခြင်းမရှိ၊ သေခြင်းမရှိ၊ ရွေ့လျောခြင်းမရှိ၊တဖန် ဖြစ်ခြင်းသဘောမရှိ၊ ဤ(ကိုယ်နှင့်တကွသော ဗြဟ္မာ့ပြည်)မှတပါး အခြား လွန်ကဲသောထွက်မြောက်ရာ မရှိဟု လျှောက်၏၊ ဤသို့လျှောက်သော် မြတ်စွာဘုရားသည် ဗကဗြဟ္မာအား ဤစကားကို မိန့်တော်မူ၏—“အချင်းတို့ ဗကဗြဟ္မာသည် အဝိဇ္ဇာမှောင် ဖုံးလေပြီ ဟကား၊ အချင်းတို့ ဗကဗြဟ္မာသည်အဝိဇ္ဇာမှောင် ဖုံးလေပြီတကား၊ မမြဲသည်သာလျှင် ဖြစ်လျက် မြဲ၏ဟူ၍ ဆိုဘိ၏၊ မခိုင်ခံ့သည်သာလျှင် ဖြစ်လျက် ခိုင်ခံ့၏ဟူ၍ ဆိုဘိ၏၊ အခါခပ်သိမ်း ထင်ရှား မရှိသည်သာလျှင် ဖြစ်လျက် အခါခပ်သိမ်း ထင်ရှားရှိ၏ ဟူ၍ ဆိုဘိ၏၊ မပြတ်မစဲ တဆက်တည်း မတည်ပါလျက် မပြတ်မစဲ တဆက်တည်းတည်၏ ဟု ဆိုဘိ၏၊ ရွေ့လျောတတ်သော သဘောရှိသည် သာလျှင် ဖြစ်လျက် မရွေ့လျောတတ်သော သဘောရှိ၏ ဟူ၍ ဆိုဘိ၏၊ အကြင် ကိုယ်နှင့်တကွ သော ဗြဟ္မာ့ပြည်၌ ပဋိသန္ဓေနေခြင်းလည်း ရှိ၏၊ အိုခြင်းလည်းရှိ၏၊ သေခြင်းလည်း ရှိ၏၊ ရွေ့လျောခြင်းလည်း ရှိ၏၊ တဖန် ဖြစ်ခြင်းလည်း ရှိ၏၊ ထိုသို့ သဘောရှိသော ထိုဗြဟ္မာ့ပြည်သည် ပဋိသန္ဓေနေခြင်း မရှိ၊ အိုခြင်း မရှိ၊ သေခြင်း မရှိ၊ ရွေ့လျောခြင်း မရှိ၊ တဖန်ဖြစ်ခြင်း သဘော မရှိဟု ဆိုဘိ၏။ ဤ(ကိုယ်နှင့်တကွသော ဗြဟ္မာ့ပြည်)မှတပါး အခြား လွန်ကဲသော ထွက်မြောက် ရာ ရှိပါလျက် အခြားလွန်ကဲသော ထွက်မြောက်ရာ မရှိ၊ ဤသို့ ဆိုဘိ၏”ဟု မိန့်တော်မူ၏—

“အသျှင်ဂေါတမ ကောင်းမှု ပြုဖက်ဖြစ်ကုန်သော ခုနစ်ကျိပ်နှစ်ယောက်သော သူတို့သည် (သူတပါးတို့ကို) မိမိအလိုသို့ လိုက်စေဆောင်နိုင်ကုန်၏၊ ပဋိသန္ဓေ နေခြင်း အိုခြင်းကို လွန်ကုန်၏၊ ဉာဏ်တို့ဖြင့်(ဆင်းရဲ၏အဆုံးသို့)ရောက်သော ဤငါတို့ဘုရားသည် အဆုံးဖြစ်သော ဗြဟ္မာ့ဘုံ၌ ဖြစ်၏၊ များစွာကုန်သော သူတို့သည်လည်း ငါတို့ကို တောင့်တကုန်၏” ဟု (လျှောက်၏)။

ဗကဗြဟ္မာ သင်၏ နိရဗ္ဗုဒ တသိန်းအရေအတွက်ရှိကုန်သော အကြင်အသက်ကို ရှည်သော အသက်ဟူ၍ သင်အောက်မေ့ဘိ၏၊ ထိုအသက်သည် နည်းသည်သာလျှင်တည်း၊ ရှည်သော အသက် မဟုတ်၊ ဗကဗြဟ္မာ သင်၏အသက်ကို ငါသိ၏”ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



"မြတ်စွာဘုရား အသျှင်ဘုရားတို့သည် ပဋိသန္ဓေနေခြင်း အိုခြင်းကိုငှင်း ပူဆွေးခြင်းကိုငှင်း လွန်မြောက်ပြီး ဖြစ်၍ ငါသည် အဆုံးမရှိ မြင်သူဖြစ်၏ဟု ဆိုတော်မူကုန်၏၊ အကျွန်ုပ်၏ ရှေးဟောင်း အကျင့်သီလဝတ်သည် အဘယ်သို့ပါနည်း။ ထိုအကြောင်းအရာကို သိနိုင်လောက်အောင် အကျွန်ုပ်အား ပြောကြားတော်မူပါလော့" ဟု (လျှောက်၏)။

ဗကဗြဟ္မာ နွေလ၌ အပူဖြင့် နှိပ်စက်ခံရကုန်သော ရေမွတ်သိပ်ကုန်သော မျှားစွာကုန်သော လူတို့ကို သင်သည် ရေတိုက်ခဲ့ဘူးပြီ၊ ရေတိုက်ခဲ့ခြင်းဟူသော ထိုအကျင့်သည် သင်၏ ရှေးဟောင်း အကျင့်သီလတည်း၊ ငါသည် ထိုအကြောင်းကို အိပ်ပျော်ရာမှ နိုးသောသူကဲ့သို့ အစဉ် အောက်မေ့နိုင်၏။

ဂင်္ဂါမြစ်ကမ်း၌ ဖမ်းယူခံရသော သို့ ပန်းအပေါင်းကို သင်လွှတ်စေခဲ့ဘူးပြီ၊ ထိုလွှတ်စေခဲ့ခြင်းဟူသော အကျင့်သည် သင်၏ ရှေးဟောင်း အကျင့်သီလတည်း၊ ငါသည် ထိုအကြောင်းကို အိပ်ပျော်ရာမှ နိုးသောသူကဲ့သို့ အစဉ် အောက်မေ့နိုင်၏။

ကြမ်းကြုတ်သော နဂါးသည် လူတို့ကို အလိုရှိသောကြောင့် ဂင်္ဂါမြစ်၏အယဉ်၌ ဖမ်းယူအပ်သောလှေကို အဘိညာဏ်အားအစွမ်းဖြင့် လွှမ်းမိုးနှိမ်နင်း၍ သင်လွှတ်စေခဲ့ဘူးပြီ၊ ထိုလွှတ်စေခဲ့ခြင်း ဟူသော အကျင့်သည် သင်၏ရှေးဟောင်းအကျင့်သီလတည်း၊ငါသည်ထိုအကြောင်းကို အိပ်ပျော်ရာမှ နိုးသောသူကဲ့သို့ အစဉ် အောက်မေ့နိုင်၏။

"ငါသည် သင်၏ကပ္ပအမည်ရှိသော တပည့်ဖြစ်ခဲ့ဘူးပြီ၊ ဤအသျှင်ကား ကောင်းသော ပညာရှိ၏၊ အကျင့်နှင့် ပြည့်စုံ၏ဟု သိခဲ့၏၊ ထိုအကျင့်သည် သင်၏ ရှေးဟောင်း အကျင့်သီလတည်း၊ ငါသည် ထိုအကြောင်းကို အိပ်ပျော်ရာမှ နိုးသော သူကဲ့သို့ အစဉ်အောက်မေ့နိုင်၏"ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား အကျွန်ုပ်၏ ထိုအသက်ကို အမှန်စင်စစ် သိတော်မူပေ၏၊ တပါးသော အကြောင်းတို့ကိုလည်း သိတော်မူ၏၊ ထို့ကြောင့်သာလျှင် ဗုဒ္ဓ မည်တော်မူပါပေ၏၊ ထိုသို့ ဗုဒ္ဓမည်သည်၏အဖြစ်ကြောင့် သာလျှင် အသျှင်ဘုရား၏တောက်ပတော်မူသော ဤအာနုဘော်သည် ဗြဟ္မာ့ပြည်ကို ထွန်းလင်းစေလျက် တည်ပါ၏"ဟု (လျှောက်၏)။

## ၅-အညတရဗြဟ္မသုတ်

၁၇၆။ သာဝတ္ထိနိဒါန်း။ ထိုအခါ၌ တယောက်သော ဗြဟ္မာအား "ဤ ဗြဟ္မာ့ပြည်သို့ လာနိုင်သော သမဏသည်ငှင်း ဗြာဟ္မဏသည်ငှင်း မရှိ" ဟု ယူသော ဤသို့သဘောရှိသော ယုတ်ညံ့သော မိစ္ဆာအယူဖြစ်၏၊ ထိုအခါ မြတ်စွာဘုရားသည် ထိုဗြဟ္မာ၏အကြံကို မိမိစိတ်ဖြင့် သိတော်မူ၍ ခွန်အားရှိသော ယောကျ်ားသည်။ပ။ထိုဗြဟ္မာ့ပြည်၌ ထင်ရှားဖြစ်၏၊ ထို့နောက် မြတ်စွာဘုရားသည် ထိုဗြဟ္မာ၏ အထက်ကောင်းကင်၌ ထက်ဝယ်ဖွဲ့ ခွေသဖြင့် တေဇောကသိုဏ်းကို ဝင်စား၍ ထိုင်နေတော်မူ၏။

ထိုအခါ အသျှင်မဟာမောဂ္ဂလာန်အား "ယခုအခါ မြတ်စွာဘုရားသည် အဘယ်အရပ်၌ နေတော်မူသနည်း"ဟု အကြံဖြစ်၏၊ အသျှင်မဟာမောဂ္ဂလာန်သည် အထူးသဖြင့်စင်ကြယ်သော လူတို့၏မျက်စိအမြင်ကိုလွန်သောနတ်မျက်စိ'ဒိဗ္ဗစက္ခု'ဖြင့် ထိုဗြဟ္မာ၏အထက်ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေသဖြင့် တေဇောကသိုဏ်းကို ဝင်စားလျက် ထိုင်နေတော်မူသော မြတ်စွာဘုရားကို မြင်လေလျှင် ခွန်အားရှိသော ယောကျ်ားသည် ကွေးသော လက်ရုံးကို ဆန့်သကဲ့သို့ငှင်း

http://www.dhammadownload.com



ဆန့်သောလက်ရုံးကို ကွေးသကဲ့သို့ရင်း ဤအတူသာလျှင် ဇေတဝန်ကျောင်းမှ ကွယ်ခဲ့၍ ထိုဗြဟ္မာ့ပြည်၌ ထင်ရှားဖြစ်၏၊ ထို့နောက် အသျှင်မဟာမောဂ္ဂလာန်သည် အရှေ့အရပ်ကို မှီ၍ ထိုဗြဟ္မာ၏ အထက်ကောင်းကင်၌ မြတ်စွာဘုရား၏အောက် နိမ့်စွာ ထက်ဝယ်ဖွဲ့ခွေသဖြင့် တေဇောကသိုဏ်းကို ဝင်စား၍ ထိုင်နေ၏။

ထိုအခါ အသျှင်မဟာကဿပအား "ယခုအခါ မြတ်စွာဘုရားသည် အဘယ်အရပ်၌ နေတော်မူသနည်း"ဟု အကြံဖြစ်၏၊ "အသျှင်မဟာကဿပသည် အထူးသဖြင့် စင်ကြယ်သောလူတို့၏ မျက်စိအမြင်ကိုလွန်သော နတ်မျက်စိ 'ဒိဗ္ဗစက္ခု'ဖြင့် ။ပ။ တေဇောကသိုဏ်းကို ဝင်စား၍နေတော်မူသော မြတ်စွာဘုရားကို မြင်လေလျှင် ခွန်အားရှိသော ယောကျ်ားသည်။ပ။ ဤအတူသာလျှင် ဇေတဝန်ကျောင်းမှ ကွယ်ခဲ့၍ ဗြဟ္မာ့ပြည်၌ ထင်ရှားဖြစ်၏၊ ထို့နောက် အသျှင်မဟာကဿပသည် တောင်အရပ်ကို မှီ၍ ထိုဗြဟ္မာ၏ အထက်ကောင်းကင်၌ မြတ်စွာဘုရားအောက် နိမ့်စွာ ထက်ဝယ်ဖွဲ့ခွေသဖြင့် တေဇောကသိုဏ်းကို ဝင်စား၍ ထိုင်နေ၏။

ထိုအခါ အသျှင်မဟာကပ္ပိနအား "ယခုအခါ မြတ်စွာဘုရားသည် အဘယ်အရပ်၌ နေတော်မူသနည်း"ဟု အကြံ ဖြစ်၏၊ အရှင်မဟာကပ္ပိနသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိအမြင်ကို လွန်သော နတ်မျက်စိ 'ဒိဗ္ဗစက္ခု'ဖြင့် ။ပ။ တေဇောကသိုဏ်းကို ဝင်စား၍ နေသော မြတ်စွာဘုရားကို မြင်လေလျှင် ခွန်အားရှိသော ယောကျ်ားသည် ။ပ။ ဤအတူသာလျှင် ။ပ။ ဇေတဝန်ကျောင်းတော်မှ ကွယ်ခဲ့၍ ဗြဟ္မာ့ပြည်၌ ထင်ရှားဖြစ်၏၊ ထို အသျှင်မဟာကပ္ပိနသည် အနောက်အရပ်ကိုမှီ၍ ထိုဗြဟ္မာ၏ အထက်ကောင်းကင်၌ မြတ်စွာဘုရားအောက် နိမ့်စွာ ထက်ဝယ်ဖွဲ့ခွေသဖြင့် တေဇောကသိုဏ်းကို ဝင်စား၍ ထိုင်နေ၏။

ထိုအခါ အသျှင်အနုရုဒ္ဓါအား "ယခုအခါ မြတ်စွာဘုရားသည် အဘယ်အရပ်၌ နေတော်မူသနည်း"ဟု အကြံဖြစ်၏၊ "အသျှင်အနုရုဒ္ဓါသည်။ပ။ တေဇောကသိုဏ်းကို ဝင်စားလျက်နေသော မြတ်စွာဘုရားကို မြင်လေလျှင် ခွန်အားရှိသော ယောကျ်ားသည်။ပ။ ထိုဗြဟ္မာ့ပြည်၌ ထင်ရှားဖြစ်၏၊ ထိုအခါ အသျှင်အနုရုဒ္ဓါသည် မြောက်အရပ်ကို မှီ၍ ထိုဗြဟ္မာ၏ အထက်ကောင်းကင်၌ မြတ်စွာဘုရားအောက် နိမ့်စွာ ထက်ဝယ်ဖွဲ့ခွေသဖြင့် တေဇောကသိုဏ်းကို ဝင်စား၍ ထိုင်နေ၏။

ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် ထိုဗြဟ္မာကို ဂါထာဖြင့် ရွတ်ဆိုပြောကြား၏—

"အချင်းဗြဟ္မာ သင့်အား ရှေးဘဝ၌ အကြင် (မိစ္ဆာဒိဋ္ဌိ) အယူသည် ဖြစ်ခဲ့ပြီ၊ ယခုဘဝ၌လည်း သင့်အား ထို(မိစ္ဆာဒိဋ္ဌိ)အယူသည် ဖြစ်ပြန်၏၊ သင်သည် ဗြဟ္မာ့ဘုံ၌ အရောင်အားလုံးကို လွန်သော မြတ်စွာဘုရား၏ အရောင်ကို မြင်၏လော" ဟု ဆို၏၊

"အချင်း အကျွန်ုပ်အား ရှေး၌ အကြင်(မိစ္ဆာဒိဋ္ဌိ)အယူသည် ဖြစ်ဘူး၏၊ယခု ထိုအယူသည် အကျွန်ုပ်အား မဖြစ်တော့ပြီ၊ အကျွန်ုပ်သည် ဗြဟ္မာ့ဘုံ၌ အရောင်အားလုံးကို လွန်သော (မြတ်စွာဘုရား၏) အရောင်တော်ကို မြင်ပါ၏၊ ထိုအကျွန်ုပ်သည် "ယခုအခါ၌ ငါသည် အမြဲဖြစ်၏၊ ငါသည် အမြဲတည်သည်ဖြစ်၏" ဟု အဘယ့်ကြောင့် ပြောဆိုအံ့နည်း" ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် ထိုဗြဟ္မာကို ထိတ်လန့်စေပြီးသော် ခွန်အားရှိသော ယောကျ်ားသည် ကွေးသောလက်ရုံးကို ဆန့်သကဲ့သို့ရင်း ဆန့်သော လက်ရုံးကို ကွေးသကဲ့သို့ရင်း ဤအတူသာလျှင် ထိုဗြဟ္မာ့ပြည်မှ ကွယ်ခဲ့၍ ဇေတဝန်ကျောင်း၌ ထင်ရှား ဖြစ်တော်မူ၏၊ ထိုအခါ၌ ထိုဗြဟ္မာသည် အလုပ်အကျွေး ဗြဟ္မာတယောက်ကို ခေါ်၍ "အချင်း လာလော့၊ သင်သည်

http://www.dhammadownload.com



အသျှင်မဟာမောဂ္ဂလာန်ထံသို့ချဉ်းကပ်၍အသျှင်မဟာမောဂ္ဂလာန်အားဤသို့လျှောက်ဆိုလော့ အသျှင် အသျှင်မဟာမောဂ္ဂလာန်ကဲ့သို့ရင်း အသျှင်မဟာကဿပကဲ့သို့ရင်း အသျှင်မဟာကပ္ပိန ကဲ့သို့ရင်း အသျှင်အနုရုဒ္ဓါကဲ့သို့ရင်း ထိုအတူ ဤသို့ ကြီးသော တန်ခိုးအာနုဘော်ရှိကုန်သော ထိုမြတ်စွာဘုရား၏ အခြား တပည့်တို့သည် ရှိကုန်သေးသလော၊ ဤသို့လျှောက်လော" ဟု (မိန့်ဆို၏။) အသျှင်....ကောင်းပါပြီ ဟု ထို အလုပ်အကျွေးဗြဟ္မာသည် ထိုဗြဟ္မာ၏ (စကားကို) ဝန်ခံ၍ အသျှင်မဟာမောဂ္ဂလာန်ထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်မဟာမောဂ္ဂလာန်အား ဤစကား ကို လျှောက်၏၊ "အသျှင် အသျှင်မဟာမောဂ္ဂလာန် ကဲ့သို့ရင်း အသျှင်မဟာကဿပကဲ့သို့ရင်း အသျှင်မဟာကပ္ပိနကဲ့သို့ရင်း အသျှင်အနုရုဒ္ဓါကဲ့သို့ရင်း ထို့အတူ ဤသို့ ကြီးသော တန်ခိုး အာနုဘော်ရှိကုန်သော ထိုမြတ်စွာဘုရား၏ အခြားတပည့်တို့သည် ရှိကုန်သေးသလော" ဟု (လျှောက်၏)၊ ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် ထိုအလုပ်အကျွေး ဗြဟ္မာကို ဂါထာဖြင့် ရွတ်ဆိုပြောပြ၏—

> အသိဉာဏ် 'ဝိဇ္ဇာ' သုံးပါးနှင့် ပြည့်စုံကုန်သော ဣဒ္ဓိဝိဓဉာဏ်သို့ ရောက်ကုန်ပြီးသော သူတပါးတို့၏စိတ်ကို ပိုင်းခြား၍သိခြင်း၌ လိမ်မာကုန်သော အာသဝကုန်ပြီးကုန်သော ရဟန္တာ ဖြစ်ကုန်သော မြတ်စွာဘုရား၏ တပည့်တို့သည် များကုန်၏" ဟု (ရွတ်ဆိုပြောပြ၏)။

ထိုအခါ၌ ထိုအလုပ်အကျွေး ဗြဟ္မာသည် အသျှင်မဟာမောဂ္ဂလာန် မိန့်တော်မူသောစကားကို အလွန်နှစ်သက် ဝမ်းမြောက်၍ ထိုမဟာဗြဟ္မာထံသို့ ချဉ်းကပ်ပြီးလျှင် ထိုဗြဟ္မာအား ဤစကားကို ဆို၏၊ "အသျှင် အသျှင်မဟာမောဂ္ဂလာန်သည် ဤသို့ ဆိုပါ၏—

> အသိဉာဏ်'ဝိဇ္ဇာ'သုံးပါးနှင့် ပြည့်စုံကုန်သော ဣဒ္ဓိဝိဓဉာဏ်သို့ ရောက်ကုန်ပြီးသော သူတပါး တို့၏ စိတ်ကို ပိုင်းခြား၍ သိခြင်း၌ လိမ်မာကုန်သော အာသဝကုန်ပြီးကုန်သော ရဟန္တာ ဖြစ်ကုန်သော မြတ်စွာဘုရား၏ တပည့်တို့သည် များကုန်၏၊ ဤသို့ဆိုပါ၏" ဟု ပြန်ပြော၏။

ထိုအလုပ်အကျွေးဗြဟ္မာသည် ဤစကားကိုဆို၏၊ ထိုမဟာဗြဟ္မာသည်လည်း ထိုအလုပ်အကျွေး ဗြဟ္မာ ဆိုအပ်သော စကားကို နှစ်လိုသည်ဖြစ်၍ အလွန်ဝမ်းမြောက်၏။

## ၆-ဗြဟ္မာလောကသုတ်

၁၇၇။ သာဝတ္ထိနိဒါန်း။ ထိုအခါ မြတ်စွာဘုရားသည် တပါးတည်း ကိန်းအောင်းတော် မူလျက် နေ့သန့်စင်နေတော်မူ၏၊ ထိုအခါ သုဗြဟ္မာအမည်ရှိသော ပစ္စေကဗြဟ္မာသည်ရင်း သုဒ္ဓါဝါသမည်သော ပစ္စေကဗြဟ္မာသည်ရင်း မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍ အသီးအသီး ဂန္ဓကုဋိတိုက် တံခါးပေါင်ကို မှီ၍ ရပ်တည်ကုန်၏၊ ထိုအခါ သုဗြဟ္မာပစ္စေကဗြဟ္မာသည် သုဒ္ဓါဝါသပစ္စေကဗြဟ္မာအား ဤစကားကို ဆို၏—"အချင်း မြတ်စွာဘုရားကို ဆည်းကပ်ရန် အခါမဟုတ်သေး၊ မြတ်စွာဘုရားသည် တပါးတည်း ကိန်းအောင်းတော်မူလျက် နေ့သန့်စင် နေတော်မူသေး၏၊ ဤမည်သော ဗြဟ္မာ့ပြည်သည် ပြည့်လည်း ပြည့်စုံ၏၊ ဖွံ့လည်း ဖွံ့ဖြိုး၏၊ ထိုဗြဟ္မာ့ပြည်၌ ဗြဟ္မာသည်ကား မေ့လျော့၍ နေလျက်ရှိ၏၊ အချင်း သွားကြကုန်စို့၊ ထိုဗြဟ္မာ့ ထံသို့ ချဉ်းကပ်ကုန်ပြီးလျှင် ထိုဗြဟ္မာကို ထိတ်လန့်စေကုန်အံ့" ဟု ဆို၏၊ အချင်း ကောင်းပါပြီဟု သုဒ္ဓါဝါသပစ္စေကဗြဟ္မာသည် သုဗြဟ္မာပစ္စေကဗြဟ္မာအား ဝန်ခံ၏။

ထိုအခါ၌ သုဗြဟ္မာပစ္စေကဗြဟ္မာသည်ရင်း သုဒ္ဓါဝါသပစ္စေကဗြဟ္မာသည်ရင်း ခွန်အားရှိသော ယောကျ်ားသည်။ပ။ ဤအတူသာလျှင် မြတ်စွာဘုရား၏ ရှေ့မှ ကွယ်ခဲ့၍ ထိုဗြဟ္မာ့ပြည်၌ ထင်ရှား

http://www.dhammadownload.com



ဖြစ်ကုန်၏၊ထိုဗြဟ္မာသည် လာကုန်သော ထိုဗြဟ္မာတို့ကို အဝေးကပင် မြင်ပြီးနောက် ထိုဗြဟ္မာတို့အား "အချင်းတို့ ယခု သင်တို့သည် အဘယ်အရပ်မှ လာခဲ့ကုန်သနည်း"ဟု ဆို၏၊အချင်း ငါတို့သည် ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူပြီးသော ထိုမြတ်စွာဘုရား၏အထံမှ လာခဲ့ကုန်၏၊ အချင်း သင်သည် ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူပြီးသော မြတ်စွာဘုရားအား ဆည်းကပ် ခစားရန် သွားပါလော့"ဟု ဆိုကုန်၏။

ဤသို့ ဆိုကုန်သည်ရှိသော် ထိုဗြဟ္မာသည် ထိုစကားကို သည်းမခံနိုင်သည်ဖြစ်၍ အကြိမ် တထောင် မိမိကိုယ်ကို ဖန်ဆင်းလျက် သုဗြဟ္မာပစ္စေကဗြဟ္မာအား "အချင်း သင်သည် ဤသို့ သဘောရှိသော တန်ခိုးအာနုဘော်ကို မြင်၏လော"ဟု ဆို၏၊ အချင်း ငါသည် သင်၏ ဤသို့ သဘောရှိသော တန်ခိုး အာနုဘော်ကို မြင်ပါ၏ ဟု ဆို၏၊အချင်းငါသည် ဤသို့ ကြီးသော တန်ခိုး အာနုဘော်ရှိသူ ဖြစ်ပါလျက် အဘယ်မည်သော အခြား သမဏအားသော်၎င်း ဗြာဟ္မဏအား သော်၎င်း ဆည်းကပ် ခစားရန် သွားရအံ့နည်း ဟု ဆို၏။

ထိုအခါ၌ သုဗြဟ္မာပစ္စေကဗြဟ္မာသည် အကြိမ်နှစ်ထောင် မိမိကိုယ်ကို ဖန်ဆင်း၍ ထိုဗြဟ္မာအား "အချင်း သင်သည် ဤသို့ သဘောရှိသော တန်ခိုးအာနုဘော်ကို မြင်၏လော" ဟုဆို၏၊ အချင်း ငါသည် သင်၏ ဤသို့သဘောရှိသော တန်ခိုးအာနုဘော်ကို မြင်ပါ၏ ဟု ပြန်ပြော၏၊အချင်း စင်စစ် သင့်ထက်၎င်း ငါ့ထက်၎င်း ထိုမြတ်စွာဘုရားသည်သာလျှင် အထူးသဖြင့် တန်ခိုးအာနုဘော် ကြီးတော်မူ၏၊ အချင်း ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားအား ဆည်းကပ် ခစားရန် သွားပါလော့"ဟု ဆို၏၊ ထိုအခါ ထိုဗြဟ္မာသည် သုဗြဟ္မာပစ္စေကဗြဟ္မာကို ဂါထာဖြင့် ရွတ်ဆိုပြောပြ၏-

> ပစ္စေကဗြဟ္မာ စျာန်ဝင်စားသော ငါ၏ ဂဠုန်ရုပ် သုံးရာတို့သည်၎င်း ဟင်္သာရုပ် လေးရာတို့သည်၎င်း ကျားနှင့်တူသော အရုပ်ငါးရာတို့သည်၎င်း ထိုဗိမာန်သည်၎င်း (သင်တို့နေရာမှ) မြောက်အရပ်၌ ထွန်းလင်းလျက် တောက်ပသည်သာလျှင်တည်း ဟု (ရွတ်ဆိုပြောပြ၏)။
>
> ဗြဟ္မာ သင်၏ ထိုဗိမာန်သည် မြောက်အရပ်၌ ထွန်းလင်းလျက် အကယ်၍ကား တောက်ပ၏၊ ထိုသို့ပင်တောက်ပသော်လည်း အဆင်း၌ အပြစ်ကို မြင်၍ အခါခပ်သိမ်း တုန်လှုပ်၏၊ ထို့ကြောင့် ကောင်းသောပညာရှိသည် ရူပါရုံ၌ မမွေ့လျော်ဟု ရွတ်ဆို၏။

ထိုအခါ၌ သုဗြဟ္မာပစ္စေကဗြဟ္မာသည်၎င်း သုဒ္ဓါဝါသပစ္စေကဗြဟ္မာသည်၎င်း ထိုဗြဟ္မာကို ထိတ်လန့်စေပြီး၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်ကုန်၏၊ ထိုဗြဟ္မာသည် နောက်အခါ၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရားအား ဆည်းကပ်ရန် သွားရောက်သည် သာလျှင်တည်း။

## ၇-ကောကာလိကသုတ်

၁၇၈။ သာဝတ္ထိနိဒါန်း။ ထိုအခါ မြတ်စွာဘုရားသည် တပါးတည်း ကိန်းအောင်းတော်မူလျက် နေ့သန့်စင်နေတော်မူ၏၊ ထိုအခါ သုဗြဟ္မာပစ္စေကဗြဟ္မာသည်၎င်း သုဒ္ဓါဝါသပစ္စေကဗြဟ္မာသည် ၎င်း မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍ အသီးအသီး ဂန္ဓကုဋိတိုက် တံခါးပေါင်ကိုမှီလျက် ရပ်တည်ကုန်၏၊ ထိုအခါ သုဗြဟ္မာပစ္စေကဗြဟ္မာသည် ကောကာလိကရဟန်းကို အကြောင်းပြု၍ မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို ရွတ်ဆိုလျှောက်ထား၏

http://www.dhammadownload.com



"(ကောကာလိကသည်)မနှိုင်းရှည့်အပ်သော ပုဂ္ဂိုလ်ကို နှိုင်းရှည့်ဘိ၏၊ ဤအရာ၌ အဘယ် ပညာရှိသည် ကြံဆနိုင်အံ့နည်း၊ မနှိုင်းရှည့်အပ်သော ပုဂ္ဂိုလ်အား နှိုင်ရှည့်သော ထိုသူ့ကို အမြင်မှောက်သော ပုထုဇဉ်ဟူ၍ ထင်မှတ်ပါကုန်၏"ဟု လျှောက်၏။

## ၈-ကတမောဒကတိဿသုတ်

၁၇၉။ သာဝတ္ထိနိဒါန်း။ ထိုအခါ မြတ်စွာဘုရားသည် တပါးတည်း ကိန်းအောင်းတော်မူလျက် နေသန့်စင်တော်မူ၏၊ ထိုအခါ သုဗြဟ္မာပစ္စေကဗြဟ္မာသည်၎င်း သုဒ္ဓါဝါသပစ္စေက ဗြဟ္မာသည်၎င်း ထိုမြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍ အသီးအသီး ဂန္ဓကုဋိတိုက် တံခါးပေါင်ကိုမှီလျက် ရပ်တည် ကုန်၏၊ ထိုအခါ သုဒ္ဓါဝါသပစ္စေကဗြဟ္မာသည် ကတမောဒကတိဿက ရဟန်းကို အကြောင်းပြု၍ မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို ရွတ်ဆိုလျှောက်ထား၏-

"(ကတမောဒကတိဿကသည်) မနှိုင်းရှည့်အပ်သော ပုဂ္ဂိုလ်ကို နှိုင်းရှည့်ဘိ၏၊ ဤအရာ၌ အဘယ်ပညာရှိသည် ကြံဆနိုင်အံ့နည်း၊ မနှိုင်းရှည့်အပ်သော ပုဂ္ဂိုလ်အား နှိုင်းရှည့်သော ထိုသူ့ ကို ဉာဏ်အမြင် မှောက်မှားသော ပညာမဲ့သူဟူ၍ ထင်မှတ်ပါကုန်၏" ဟုလျှောက်၏။

## ၉-တုရူဗြဟ္မသုတ်

၁၈၀။ သာဝတ္ထိနိဒါန်း။ထိုအခါ ကောကာလိကရဟန်းသည် အဖူးပေါက်သော အနာရှိရကား ပြင်းစွာမကျန်းမာ၍ ဆင်းရဲခြင်းသို့ ရောက်၏၊ ပစ္စေကဗြဟ္မာသည် ညဉ့်ဦးယံ လွန်ပြီးသော (သန်ခေါင်ယံ)အချိန်၌အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန် တကျောင်းလုံး ကို ထွန်းလင်းစေလျက် ကောကာလိကရဟန်းထံသို့ ချဉ်းကပ်၍ ကောင်းကင်၌ ရပ်လျက် ကောကာ လိက "သာရိပုတြာ မောဂ္ဂလာန်တို့သည် သီလကို ချစ်ကုန်၏၊သာရိပုတြာ မောဂ္ဂလာန်တို့၌ စိတ်ကို ကြည်လင်စေလော့"ဟု ပြောဆို၏၊ အချင်း သင်သည်ကား အဘယ်သူ ဖြစ်သနည်းဟု ဆို၏၊ ငါသည် တုရူပစ္စေကဗြဟ္မာတည်း ဟု ပြန်ပြော၏၊ အချင်းဗြဟ္မာ သင့်ကို မြတ်စွာဘုရားသည် အနာဂါမ် ဟူ၍ မိန့်ကြားတော်မူသည် မဟုတ်လော၊ သို့ဖြစ်လျက် အဘယ့်ကြောင့် ဤအရပ်သို့ လာသနည်း၊ သင်၏ ဤမျှ အပြစ်ကိုရှုလော့ဟု ဆို၏။(ထို့နောက် တုရူဗြဟ္မာသည် ကောကာလိက ရဟန်းအား ဂါထာတို့ဖြင့်ရွတ်ဆို၏)-

"ဖြစ်လာသော ယောကျ်ား၏ပါးစပ်၌ ဓားမနှင့်တူသော ကြမ်းကြုတ်သော စကားသည် ဖြစ်၏၊ သူမိုက်သည် မကောင်းသဖြင့် ဆိုအပ်သော စကားကို ဆိုကာ ယင်းဓားမနှင့်တူသော ကြမ်းကြုတ်သော စကားဖြင့် မိမိကိုယ်ကို ဖြတ်၏။

အကြင်သူသည် ကဲ့ရဲ့သင့်သူကို ချီးမွမ်း၏၊ အကြင်သူသည်ကား ချီးမွမ်းသင့်သူကို ကဲ့ရဲ့၏၊ ထိုသူသည် ပါးစပ်ဖြင့် အပြစ်ကို ဆည်းပူးသည်မည်၏၊ ထိုအပြစ်ကြောင့် ချမ်းသာကို မရနိုင်။

ကြွေအန်လောင်းရာတို့၌ မိမိကိုယ်နှင့်တကွ အလုံးစုံသော စည်းစိမ်ဥစ္စာဆုံးရှုံးခြင်းဟူသော အပြစ်သည် အနည်းငယ်မျှ(မပြောပလောက်သော) အပြစ်သာတည်း၊အညီအညွတ် ဖြစ်သော ပုဂ္ဂိုလ်တို့၌ စိတ်ပြစ်မှားသော ဤအပြစ်သည်သာ ကြီးလေးသော အပြစ် မည်၏။

ယုတ်ညံ့သော စကားကို၎င်း စိတ်ကို၎င်း ဆောက်တည်၍ အရိယာကိုကဲ့ရဲ့သော သူမိုက် သည် တသိန်းသုံးဆယ့်ခြောက် နိရဗ္ဗုဒနှင့် ငါးအဗ္ဗုဒတို့ပတ်လုံး ငရဲသို့ ရောက်ရ၏ဟု ရွတ်ဆို၏။

http://www.dhammadownload.com



## ၁-ကောကာလိကသုတ်

၁၈၁။ သာဝတ္ထိနိဒါန်း။ ထိုအခါ ကောကာလိက ရဟန်းသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား "အသျှင်ဘုရား သာရိပုတြာ မောဂ္ဂလာန်တို့သည် အလိုဆိုး ရှိကုန်၏၊ အလိုဆိုး၏ အလိုသို့ လိုက်ကုန်၏"ဟု လျှောက်၏၊ ဤသို့ လျှောက်သည်ရှိသော် မြတ်စွာဘုရားသည် ကောကာလိက အမည်ရှိသော ရဟန်းအား ဤစကားကို မိန့်တော်မူ၏—"ကောကာလိက ဤသို့ မဆိုလင့်၊ ကောကာလိက ဤသို့ မဆိုလင့်၊ ကောကာလိက သာရိပုတြာ မောဂ္ဂလာန်တို့သည် သီလကို ချစ်မြတ်နိုးကုန်၏၊ သာရိပုတြာ မောဂ္ဂလာန်တို့၌ စိတ်ကို ကြည်လင်စေလော့"ဟု မိန့်တော်မူ၏၊ နှစ်ကြိမ်မြောက်လည်း ကောကာလိက ရဟန်းသည် မြတ်စွာဘုရားအား "အသျှင်ဘုရား သာရိ-ပုတြာ မောဂ္ဂလာန်တို့သည် အလိုဆိုးရှိကုန်၏၊ အလိုဆိုး၏ အလိုသို့ လိုက်ကုန်၏"ဟု လျှောက်၏၊ နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည် ကောကာလိကရဟန်းအား ဤစကားကို မိန့်တော်မူ၏ "ကောကာလိက ဤသို့ မဆိုလင့်၊ ကောကာလိက ဤသို့ မဆိုလင့်၊ ကောကာလိက သာရိပုတြာ မောဂ္ဂလာန်တို့သည် သီလကို ချစ်မြတ်နိုးကုန်၏၊ သာရိပုတြာ မောဂ္ဂလာန်တို့၌ စိတ်ကို ကြည်လင်စေလော့"ဟု မိန့်တော်မူ၏၊ သုံးကြိမ်မြောက်လည်း ကောကာလိက ရဟန်းသည် မြတ်စွာဘုရားအား။ပ။ အလိုဆိုး၏ အလိုသို့ လိုက်ကုန်၏ ဟု လျှောက်၏၊ သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားသည် ကောကာလိကရဟန်းအား။ပ။သာရိပုတြာ မောဂ္ဂလာန်တို့သည် သီလကို ချစ်မြတ်နိုးကုန်၏ ဟု မိန့်တော်မူ၏။

ထိုအခါ ကောကာလိကရဟန်းသည် နေရာမှထ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေ ပြုကာ ဖဲသွားလေ၏၊ ဖဲသွား၍ မကြာမြင့်မီပင် ကောကာလိကရဟန်းအား မုံညင်းစေ့မျှလောက် ရှိကုန်သော အဖုတို့သည် တကိုယ်လုံးနှံ့၍ ဖြစ်ပေါ်ကုန်၏၊ မုံညင်းစေ့ပမာဏမှ ပဲနောက်စေ့ မျှလောက်၊ ပဲနောက်စေ့ ပမာဏမှ ကုလားပဲမျှလောက်၊ ကုလားပဲပမာဏမှ ဆီးစေ့မျှလောက်၊ ဆီးစေ့ပမာဏမှ ဆီးသီးမျှလောက်၊ ဆီးသီးပမာဏမှ သျှိသျှားသီးမျှလောက်၊ သျှိသျှားသီး ပမာဏမှ ဥသျှစ်သီးနုမျှလောက်၊ ဥသျှစ်သီးနုပမာဏမှ ဥသျှစ်သီးကြီးမျှလောက် ဖြစ်ကုန်၏၊ ဥသျှစ်သီးကြီး မျှလောက်ဖြစ်၍ ပေါက်ကွဲကုန်ပြီးလျှင် ပြည်သွေးတို့ ယိုစီးကုန်၏၊ ထိုအခါ ကောကာလိကရဟန်းသည် ထိုအနာကြောင့်သာလျှင် သေလေ၏၊ သေပြီးသော ကောကာလိက ရဟန်းသည် သာရိပုတြာ မောဂ္ဂလာန်တို့၌ စိတ်ပြစ်မှားသောကြောင့်ပဒုမငရဲ၌ ဖြစ်လေ၏၊ ထိုအခါ သဟမ္ပတိဗြဟ္မာသည် ညဉ့်ဦးယံ လွန်ပြီးသော (သန်းကောင်ယံ)အချိန်၌ အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန် တကျောင်းလုံးကို ထွန်းလင်းစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဘုရား ကောကာလိကရဟန်းသည် သေပါပြီ၊ အသျှင်ဘုရား သေပြီးသော ကောကာလိက ရဟန်းသည် သာရိပုတြာ မောဂ္ဂလာန်တို့၌ စိတ်ပြစ်မှားမိသော ကြောင့် ပဒုမငရဲ၌ ဖြစ်လေ၏"ဟု လျှောက်၏၊ ဤစကားကို လျှောက်ပြီးနောက် သဟမ္ပတိဗြဟ္မာ သည် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

ထို့နောက် မြတ်စွာဘုရားသည် ထိုညဉ့်လွန်သောအခါ ရဟန်းတို့ကို မိန့်တော်မူ၏—"ရဟန်းတို့ ဤညဉ့်၌ သဟမ္ပတိဗြဟ္မာသည် ညဉ့်ဦးယံ လွန်ပြီးသော (သန်းကောင်ယံ)အချိန်၌ အလွန်နှစ်သက်

http://www.dhammadownload.com



ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဇေတဝန်တကျောင်းလုံးကို ထွန်းလင်းစေလျက် ငါဘုရားထံသို့ ချဉ်းကပ်၍ ငါ့ကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်ပြီးသော် ငါ့အား ဤစကားကို လျှောက်၏- "အသျှင်ဘုရား ကောကာလိကရဟန်းသည် သေပါပြီ၊ အသျှင်ဘုရား သေပြီးသော ကောကာလိက ရဟန်းသည် သာရိပုတြာ မောဂ္ဂလာန်တို့၌ စိတ်ပြစ်မှားမိသောကြောင့် ပဒုမငရဲ၌ ဖြစ်လေ၏"ဟု လျှောက်၏၊ ရဟန်းတို့ သဟမ္ပတိဗြဟ္မာသည် ဤစကားကို လျှောက်၏၊ ဤစကားကို လျှောက်ပြီး၍ ငါဘုရားကို ရှိခိုး၍ အရိုအသေပြုပြီးလျှင် ထိုအရပ်၌ပင် ကွယ်ပျောက်လေ၏"ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသည်ရှိသော် ရဟန်းတပါးသည် မြတ်စွာဘုရားအား အသျှင်ဘုရား ပဒုမငရဲ၌ အသက်အတိုင်းအရှည်သည် အဘယ်မျှရှည်ပါသနည်းဟု လျှောက်၏၊ ရဟန်း ပဒုမငရဲ၌ အသက်အတိုင်း အရှည်သည် ရှည်လျားလှ၏၊ ထိုပဒုမငရဲ၏ အသက်အတိုင်းအရှည်ကို ဤမျှကုန်သော နှစ်တို့ဟူ၍ရင်း ဤမျှကုန်သော နှစ်အရာတို့ဟူ၍ရင်း ဤမျှကုန်သော နှစ်အထောင်တို့ဟူ၍ရင်း ဤမျှကုန်သော နှစ်အသိန်းတို့ဟူ၍ရင်း ရေတွက်ခြင်းငှါ မလွယ်ကူဟု (မိန့်တော်မူ၏)၊ အသျှင်ဘုရား ဥပမာပြုရန် တတ်ကောင်းပါသလောဟု လျှောက်၏၊ ရဟန်း တတ်ကောင်း၏ ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။

ရဟန်း ကောသလတိုင်းဖြစ် တို့နှစ်ဆယ်ဝင်သော နှမ်းလှည်းတစီးသည် ရှိရာ၏၊ ယောကျ်ား တယောက်သည် ထိုနှမ်းလှည်းမှ အနှစ်တရာ အနှစ်တရာ လွန်သောအခါ၌ တစေ့တစေ့သော နှမ်းကို ထုတ်ပစ်ရာ၏၊ ရဟန်း ကောသလတိုင်းဖြစ် တို့နှစ်ဆယ်ဝင်သော ထိုနှမ်းလှည်းသည် ဤလုံ့လဖြင့် လျင်မြန်စွာသာလျှင် ကုန်ခန်းခြင်းသို့ ရောက်ရာ၏၊ တခုသော အဗ္ဗုဒငရဲသည် ကုန်ခန်းခြင်းသို့ မရောက်ရာ။ ရဟန်း အဗ္ဗုဒငရဲနှစ်ဆယ်သည် နိရဗ္ဗုဒငရဲတခုဖြစ်၏၊ ရဟန်း နိရဗ္ဗုဒ ငရဲနှစ်ဆယ်သည် အဗဗငရဲတခု ဖြစ်၏၊ ရဟန်း အဗဗငရဲနှစ်ဆယ်သည် အဋဋငရဲတခု ဖြစ်၏၊ ရဟန်း အဋဋငရဲနှစ်ဆယ်သည် အဟဟငရဲတခု ဖြစ်၏၊ ရဟန်း အဟဟငရဲနှစ်ဆယ်သည် ကုမုဒငရဲတခု ဖြစ်၏၊ ရဟန်း ကုမုဒငရဲနှစ်ဆယ်သည် သောဂန္ဓိကငရဲတခုဖြစ်၏၊ ရဟန်း သောဂန္ဓိကငရဲ နှစ်ဆယ်သည် ဥပ္ပလငရဲတခု ဖြစ်၏၊ ရဟန်း ဥပ္ပလငရဲနှစ်ဆယ်သည် ပုဏ္ဍရိကငရဲတခု ဖြစ်၏၊ ရဟန်း ပုဏ္ဍရိကငရဲနှစ်ဆယ်သည် ပဒုမငရဲတခု ဖြစ်၏၊ ရဟန်း ကောကာလိကရဟန်းသည် သာရိပုတြာ မောဂ္ဂလာန်တို့၌ စိတ်ပြစ်မှားမိသောကြောင့် ပဒုမငရဲ၌ဖြစ်၏ဟု မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူပြီး၍ မြတ်စွာဘုရားသည် ထို့နောက်၌ ဤစကားတော်ကို မိန့်တော်မူပြန်၏—

ဖြစ်လာသော ယောကျ်ား၏ ပါးစပ်၌ ခါးမနှင့်တူသော ကြမ်းကြုတ်သော စကားသည် ဖြစ်၏၊ လူမိုက်သည် မကောင်းသဖြင့် ဆိုအပ်သောစကားကို ပြောဆိုကာ ယင်းခါးမနှင့် တူသော ကြမ်းကြုတ်သော စကားဖြင့် မိမိကိုယ်ကို ဖြတ်၏။

အကြင်သူသည် ကဲ့ရဲ့ထိုက်သောသူကို ချီးမွမ်း၏၊ ချီးမွမ်းထိုက်သောသူကို ကဲ့ရဲ့၏၊ ထိုသူမိုက်သည် ပါးစပ်ဖြင့် အပြစ်ကို ဆည်းပူးသည်မည်၏၊ ထိုသူမိုက်သည် ထိုအပြစ်ကြောင့် ချမ်းသာကို မရနိုင်။

ကြွေအန်လောင်းရာတို့၌ မိမိကိုယ်နှင့်တကွ အလုံးစုံသော စည်းစိမ်ဥစ္စာ ဆုံးရှုံးခြင်းသည် အနည်းငယ်မျှ (မပြောပလောက်သော) အပြစ်သာတည်း၊ အညီအညွတ်ဖြစ်သော သူတို့၌ ပြစ်မှားသော ဤအပြစ်သာလျှင် ကြီးလေးသော အပြစ်မည်၏။

http://www.dhammadownload.com



ယုတ်မာသောစကားကိုရင်း စိတ်ကိုရင်း ဆောက်တည်၍ အရိယာကိုကဲ့ရဲ့သေသောသူမိုက်သည် တသိန်းသုံးဆယ့်ခြောက် နိရဗ္ဗုဒနှင့် ငါးအဗ္ဗုဒတို့ပတ်လုံး ငရဲသို့ရောက်ရ၏ဟု (မိန့်တော်မူ၏)။

ပဌမဝဂ် ပြီး၏။

## ၂-ဒုတိယဝဂ် ၁-သနင်္ကုမာရသုတ်

၁၈၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်–အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် သပ္ပိနီမြစ်ကမ်းနား၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ သနင်္ကုမာရဗြဟ္မာသည် ညဉ့်ဦးယံ လွန်ပြီးသော (သန်ကောင်ယံ)အချိန်၌ အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ သပ္ပိနီမြစ်ကမ်း တဝှန်းလုံးကို ထွန်းလင်းစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ရပ်ပြီးသော် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို ရွတ်ဆို လျှောက်ထား၏—

"လူများအပေါင်း၌ အမျိုးအနွယ်ကို စိစစ်လေ့ရှိသော သူတို့တွင် မင်းမျိုးသည် မြတ်၏၊ နတ်လူအပေါင်းတို့တွင် အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံသော သူသည် မြတ်၏"ဟု (လျှောက်၏)။

သနင်္ကုမာရဗြဟ္မာသည် ဤဂါထာကို ရွတ်ဆိုလျှောက်ထားသည်ရှိသော် မြတ်စွာဘုရားသည် နှစ်သက်(လက်ခံ)တော်မူ၏၊ထိုအခါ သနင်္ကုမာရဗြဟ္မာသည်"ငါ့စကားကို မြတ်စွာဘုရား နှစ်သက် (လက်ခံ)တော်မူ၏"ဟု သိ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏။

## ၂-ဒေဝဒတ္တသုတ်

၁၈၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်–အခါတပါး၌ ဒေဝဒတ် (ဝေဠုဝန် ကျောင်းတော်မှ ဂယာသီသသို့) ထွက်ခွါသွား၍ မကြာမြင့်မီ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌(သီတင်းသုံး)နေတော်မူ၏၊ထိုအခါ သဟမ္ပတိဗြဟ္မာသည် ညဉ့်ဦးယံ လွန်ပြီးသော (သန်ကောင်ယံ)အချိန်၌ အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍ ဂိဇ္ဈကုဋ်တောင်အလုံးကို ထွန်းလင်းစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်ပြီးသော် ဒေဝဒတ်ကို အကြောင်းပြု၍ မြတ်စွာဘုရား ထံတော်ပါး၌ ဤဂါထာကို ရွတ်ဆိုလျှောက်ထား၏–

"ငှက်ပျောပင်ကို ငှက်ပျောသီးသည် ဖျက်ဆီးသကဲ့သို့ရင်း ဝါးပင်ကို ဝါးသီးသည် ဖျက်ဆီးသကဲ့သို့ရင်း ကျူပင်ကို ကျူသီးသည် ဖျက်ဆီးသကဲ့သို့ရင်း ကိုယ်ဝန်သည် အဿတိုရ်မြင်းမကို သတ်ဖြတ်ဖျက်ဆီးသကဲ့သို့ရင်း ပူဇော်သက္ကာရသည် သူယုတ်ကို ဖျက်ဆီး၏" ဟု (လျှောက်၏)။

## ၃-အန္ဓကဝိန္ဒသုတ်

၁၈၄။ အခါတပါး၌ မြတ်စွာဘုရားသည် မဂဓတိုင်း အန္ဓကဝိန္ဒရွာ၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် အလွန်မှောင်မိုက်သော ညဉ့်အခါ လွင်တီးခေါင်၌ နေတော်မူသည်ဖြစ်၍ မိုးသည်လည်း တပေါက်တပေါက် ဆွတ်ဖျန်း၏၊ ထိုအခါ သဟမ္ပတိဗြဟ္မာ

http://www.dhammadownload.com



သည် ညဉ့်ဦးယံ လွန်ပြီးသော (သန်ကောင်ယံ)အချိန်၌ အလွန်နူးညံ့သက်ဖွယ်သော အဆင်းရှိသည် ဖြစ်၍ အန္ဓကဝိန္ဒ တရွာလုံးကို ထွန်းလင်းစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်ပြီးသော် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာတို့ကို ရွတ်ဆို လျှောက်ထား၏—

"ရဟန်းသည် အစွန်အဖျားကျသော ကျောင်း အိပ်ရာ နေရာတို့ကို မှီဝဲရာ၏၊ သံယောဇဉ်ဆယ်ပါးမှ လွတ်ရန်အလို့ငှါ ကျင့်ရာ၏၊ ထိုကျောင်း အိပ်ရာ နေရာ၌ မွေ့လျော် ခြင်းကို အကယ်၍ မရသည်ဖြစ်အံ့၊ စောင့်ရှောက်သော ကိုယ်စိတ်ရှိသည်ဖြစ်၍ သတိနှင့် ပြည့်စုံလျက် သံဃာ့ဘောင်၌ နေရာ၏။

ဣန္ဒြေကို စောင့်ရှောက်ကာ ရင့်ကျက်သော ပညာ သတိနှင့် ပြည့်စုံသည်ဖြစ်၍ အိမ်တိုင်း အိမ်တိုင်း ဆွမ်းခံလှည့်လည်သော ရဟန်းသည် ဝဋ်ဆင်းရဲဘေးမှ လွတ်လိုသော စိတ်ရှိသည်ဖြစ်၍ ဘေးကင်းရာ (နိဗ္ဗာန်)၌ နှလုံးသွင်းလျက် အစွန်အဖျားကျသော ကျောင်းတို့ကို မှီဝဲရာ၏။

အကြင်အရပ်၌ (ခြသေ့် သစ်ကျား သစ်ငုတ် စသော) ကြောက်မက်ဖွယ် ဘေးရန် တို့သည်ရှင်း မြွေတို့သည်ရှင်း ရှိကုန်၏၊ အလွန်မှောင်မိုက်သော ညဉ့်၌ လျှပ်စစ်ပျက်၏၊ မိုးထစ်ချုန်း၏၊ ထိုအရပ်၌ ရဟန်းသည် ကြက်သီး မွေးညင်းထခြင်း ကင်းသည်ဖြစ်၍ နေ၏။

ဤစကားကို အကျွန်ုပ်သည် တဆင့်ကြားဖြင့် စိတ်ကူး၍ ပြောသည်မဟုတ်၊ သေခြင်း သဘောကို စွန့်ပြီးဖြစ်သော ရဟန္တာတထောင့်ငါးရာကျော် သေက္ခပုဂ္ဂိုလ်တရာ့တဆယ် အပါယ်သို့ လားမည်မဟုတ်သော သောတာပန်ပုဂ္ဂိုလ်အားလုံးတို့သည် တခုတည်းသော သာသနာတော်၌ ရှိနေသည်ကို စင်စစ် အကျွန်ုပ်ကိုယ်တိုင် မြင်ရပါ၏။

ဤမှတပါးသော ဤသတ္တဝါ အပေါင်းကား ကောင်းမှု အဘို့ရှိ၏ ဟု အကျွန်ုပ်၏ စိတ်ဖြင့် ရေတွက်ခြင်းငှာ မတတ်နိုင်ပါ၊ (အကြောင်းသော်ကား) မုသာဝါဒမှ ကြောက်သောကြောင့်ပါတည်း"ဟု လျှောက်၏။

## ၄-အရုဏဝတီသုတ်

၁၈၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်–အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏ ။ပ။ ထိုအခါ၌ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟူ၍ ခေါ်တော်မူ၏၊ "အသျှင်ဘုရား"ဟူ၍ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ ရှေးကဖြစ်ဘူးသည်ကား အရုဏဝါမည်သော မင်းဖြစ်ဘူးလေပြီ၊ ရဟန်းတို့ အရုဏဝါ မင်း၏ အရုဏဝတီမည်သော မင်းနေပြည်သည် ဖြစ်ဘူးပြီ၊ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက် သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော သိခီမြတ်စွာဘုရားသည် အရုဏဝတီ မင်းနေပြည်ကိုမှီ၍ (သီတင်းသုံး)နေတော်မူဘူးပြီ၊ ရဟန်းတို့ ပူဇော်အထူးကို ခံတော် မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာသိတော်မူသော သိခီမြတ်စွာဘုရားအား အဘိဘူ သမ္ဘဝ အမည်ရှိသော ကောင်းမြတ်သော သာဝကအစုံဖြစ်၏၊ ရဟန်းတို့ ပူဇော်အထူးကို

http://www.dhammadownload.com



ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုသိခီမြတ်စွာဘုရားသည် အဘိဘူရဟန်းအား "မကောင်းမှုကို အပပြုပြီးသော ရဟန်း သွားကြကုန်စို့၊တခုသော ဗြဟ္မာ့ဘုံသို့ ဆွမ်းစားချိန်တိုင်ခအောင် ချဉ်းကပ်ကြကုန်စို့"ဟု မိန့်တော်မူ၏၊ ရဟန်းတို့ အဘိဘူရဟန်းသည်"အသျှင်ဘုရား ကောင်းလှပါပြီ"ဟု ပူဇော်အထူးကိုခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော သိခီမြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏၊ ရဟန်းတို့ ထိုအခါပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော သိခီမြတ်စွာဘုရားသည်ငှင်း အဘိဘူရဟန်းသည်ငှင်း ခွန်အားရှိသော ယောကျ်ားသည်ကွေးသောလက်ရုံးကို ဆန့်တန်းသကဲ့သို့ငှင်း ဆန့်တန်းသောလက်ရုံးကို ကွေးသကဲ့သို့ငှင်း ဤအတူသာလျှင် အရုဏဝတီ မင်းနေပြည်တော်မှ ကွယ်ခဲ့ကုန်၍ ထိုဗြဟ္မာ့ပြည်၌ ထင်ရှားဖြစ်ကုန်၏။

ရဟန်းတို့ ထိုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော သိခီမြတ်စွာဘုရားသည် အဘိဘူရဟန်းကို မိန့်တော်မူ၏– "မကောင်းမှုကို အပပြုပြီးသောရဟန်း ဗြဟ္မာအားငှင်း ဗြဟ္မာပရိသတ်အားငှင်း အလုပ်အကျွေး ဗြဟ္မာတို့အားငှင်း တရားဟောခြင်းသည် သင်၏ ဉာဏ်၌ ထင်စေလော့"ဟု မိန့်တော်မူ၏၊ ရဟန်းတို့ အဘိဘူရဟန်းသည် "အသျှင်ဘုရား ကောင်းပါပြီ"ဟု ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသောတရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော သိခီမြတ်စွာဘုရားအား ဝန်ခံပြီး၍ ဗြဟ္မာတို့ကိုငှင်း ဗြဟ္မာပရိသတ်ကိုငှင်း အလုပ်အကျွေး ဗြဟ္မာတို့ကိုငှင်း တရားစကားဖြင့် အကျိုးစီးပွားကို ပြလျက် တရားကို ဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန်ရွှင်လန်းစေ၏၊ ရဟန်းတို့ ထိုအခါ၌ ဗြဟ္မာသည်ငှင်း ဗြဟ္မာပရိသတ်သည်ငှင်း အလုပ်အကျွေးဗြဟ္မာတို့သည်ငှင်း "အချင်းတို့ အံ့ဖွယ်ရှိစွတကား၊ အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်စွတကား၊အဘယ့်ကြောင့်လျှင် တပည့်သာဝကသည် ဆရာဖြစ်သော မြတ်စွာဘုရား၏ မျက်မှောက်၌ တရားဟောတိသနည်း"ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ ပြစ်တင် ပြောဆိုကုန်၏။

ရဟန်းတို့ ထိုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော သိခီမြတ်စွာဘုရားသည် အဘိဘူရဟန်းကို မိန့်တော်မူ၏–"မကောင်းမှုကို အပပြုပြီးသော ရဟန်း သင့်အား ဗြဟ္မာသည်ငှင်း ဗြဟ္မာပရိသတ်သည်ငှင်း အလုပ်အကျွေး ဗြဟ္မာတို့သည်ငှင်း 'အချင်းတို့ အံ့ဖွယ်ရှိစွတကား၊ အချင်းတို့ မဖြစ်ဘူးမြဲဖြစ်စွတကား၊ အဘယ့်ကြောင့် တပည့်သာဝကသည် ဆရာဖြစ်သော မြတ်စွာဘုရား၏ မျက်မှောက်၌ တရားဟောဘိသနည်း'ဟု ကဲ့ရဲ့ကုန်၏၊ မကောင်းမှုကို အပပြုပြီးသော ရဟန်း ထိုသို့ ကဲ့ရဲ့ကုန်မူကား သင်သည် အတိုင်းထက်အလွန် ဗြဟ္မာကိုငှင်း ဗြဟ္မာပရိသတ်ကိုငှင်း အလုပ်အကျွေး ဗြဟ္မာတို့ကိုငှင်း ထိတ်လန့်စေလော့"ဟု မိန့်တော်မူ၏၊ ရဟန်းတို့ အဘိဘူရဟန်းသည် အသျှင်ဘုရား ကောင်းပါပြီဟု ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော သိခီမြတ်စွာဘုရားအားဝန်ခံပြီး၍ ထင်ရှားမြင်ရသော ကိုယ်ဖြင့်လည်း တရားကိုဟော၏၊ ထင်ရှားမမြင်ရသော ကိုယ်ဖြင့်လည်း တရားကိုဟော၏၊ ထင်ရှားမြင်ရသော အောက် ထက်ဝက်သော ကိုယ်ဖြင့်ငှင်း ထင်ရှားမမြင်ရသောအထက် ထက်ဝက်သော ကိုယ်ဖြင့်ငှင်း တရားကိုဟော၏၊ ထင်ရှားမြင်ရသော အထက် ထက်ဝက်သော ကိုယ်ဖြင့်ငှင်း ထင်ရှားမမြင်ရသော အောက် ထက်ဝက်သော ကိုယ်ဖြင့်ငှင်း တရားကို ဟော၏။

http://www.dhammadownload.com



ရဟန်းတို့ ထိုအခါ ဗြဟ္မာသည်၎င်း ဗြဟ္မာပရိသတ်သည်၎င်း အလုပ်အကျွေး ဗြဟ္မာတို့သည်၎င်း "အချင်းတို့ ရဟန်း၏ ကြီးသောတန်ခိုးရှိသည်၏အဖြစ် ကြီးသောအာနုဘော်ရှိသည်၏ အဖြစ်သည် အံ့ဖွယ်ရှိစွတကား၊ အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်စွတကား" ဟုအံ့ဖွယ်သရဲ မဖြစ်ဘူးမြဲဖြစ်သော စိတ်သဘောတို့သည် ဖြစ်ကုန်၏။

ထိုအခါ၌ အဘိဘူရဟန်းသည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော သိခီမြတ်စွာဘုရားအား "အသျှင်ဘုရား အကျွန်ုပ်သည် ဗြဟ္မာ့ပြည်၌ ရပ်တည်လျက် လောကဓာတ်တထောင်ကို အသံဖြင့် သိစေခြင်းငှာ စွမ်းနိုင်ပါ၏" ဟု ရဟန်းအပေါင်း၏ အလယ်၌ ဤသို့ သဘောရှိသော စကားကို လျှောက်ဘူးသည်ကို သိပါသည်ဟု လျှောက်၏၊ မကောင်းမှုကို အပပြုပြီးသော ရဟန်း သင်သည် ဗြဟ္မာ့ပြည်၌ ရပ်တည်လျက် လောကဓာတ်တထောင်ကို အသံဖြင့် သိစေရန် အချိန်တန်ပြီ၊ သိစေရန် အခါတန်ပြီဟု မိန့်တော်မူ၏၊ ရဟန်းတို့ အဘိဘူရဟန်းသည် အသျှင်ဘုရား ကောင်းပါပြီဟု ပူဇော်အထူးကိုခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော သိခီမြတ်စွာဘုရားအား ဝန်ခံပြီး၍ ဗြဟ္မာ့ပြည်၌ ရပ်တည်လျက် ဤဂါထာတို့ကို ရွတ်ဆို၏—

"မြတ်စွာဘုရား သာသနာတော်၌ အားထုတ်ကြကုန်လော့၊ ထွက်မြောက်ကြောင်း လုံ့လကို ပြုကြကုန်လော့၊ ဘာဝနာနှင့် ယှဉ်သော လုံ့လကို ကြိုးပမ်းကြကုန်လော့၊ ဆင်ပြောင်ကြီးသည် ကျူအိမ်ကို ဖျက်ဆီးသကဲ့သို့ သေမင်း၏စစ်သည်ကို ချေဖျက်ကြကုန်လော့။

အကြင်သူသည် ဤဓမ္မဝိနယ(သာသနာတော်)၌ မမေ့မလျော့သည်ဖြစ်၍ နေလတ္တံ့၊ ထိုသူသည် ပဋိသန္ဓေနေခြင်း ဟု ဆိုအပ်သော သံသရာကို ပယ်၍ ဆင်းရဲ၏အဆုံးကို ပြုလတ္တံ့" ဟု ရွတ်ဆို၏။

ရဟန်းတို့ ထိုအခါ၌ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော သိခီမြတ်စွာဘုရားသည်၎င်း အဘိဘူရဟန်းသည်၎င်း ဗြဟ္မာ့ကို၎င်း ဗြဟ္မာပရိသတ်ကို၎င်း အလုပ်အကျွေး ဗြဟ္မာတို့ကို၎င်း ထိတ်လန့်စေပြီး၍ ။ပ။ ထိုဗြဟ္မာ့ပြည်မှ ကွယ်ခဲ့ကုန်၍ အရုဏဝတီမင်းနေပြည်တော်၌ ထင်ရှားဖြစ်ကုန်၏။ ရဟန်းတို့ ထိုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော သိခီမြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏ "ရဟန်းတို့ ဗြဟ္မာ့ပြည်၌ တည်ရှိနေစဉ် ဟောသော အဘိဘူရဟန်း၏ ဂါထာတို့ကို သင်တို့ ကြားကြကုန်၏လော ဟု (မိန့်တော်မူ၏)၊ "အသျှင်ဘုရား ဗြဟ္မာ့ပြည်၌ တည်ရှိနေစဉ် ဟောသော အဘိဘူရဟန်း၏ ဂါထာတို့ကို အကျွန်ုပ်တို့ ကြားပါကုန်၏" ဟု လျှောက်ကုန်၏၊ ရဟန်းတို့ ဗြဟ္မာ့ပြည်၌ တည်ရှိနေစဉ် ဟောသော အဘိဘူရဟန်း၏ ဂါထာတို့ကို သင်တို့ အဘယ်သို့လျှင် ကြားကုန်သနည်းဟု (မေးတော်မူ၏)၊ အသျှင်ဘုရား ဗြဟ္မာ့ပြည်၌ တည်ရှိနေစဉ် ဟောသော အဘိဘူရဟန်း၏ ဂါထာတို့ကို အကျွန်ုပ်တို့သည် ဤသို့ ကြားပါကုန်၏—

"မြတ်စွာဘုရားသာသနာတော်၌ အားထုတ်ကြကုန်လော့၊ ထွက်မြောက်ကြောင်း လုံ့လကို ပြုကြကုန်လော့၊ ဘာဝနာနှင့်ယှဉ်သော လုံ့လကို ကြိုးပမ်းကြကုန်လော့၊ ဆင်ပြောင်ကြီးသည် ကျူအိမ်ကို ဖျက်ဆီးသကဲ့သို့ သေမင်း၏ စစ်သည်ကို ချေဖျက်ကြကုန်လော့။

http://www.dhammadownload.com



အကြင်သူသည် ဤမေ့ဝိနယ(သာသနာတော်၌)မမေ့မလျော့သည်ဖြစ်၍ နေလတ္တံ့၊ ထိုသူသည် ပဋိသန္ဓေနေခြင်းဟု ဆိုအပ်သော သံသရာကို ပယ်ဋနှ်၍ ဝဋ်ဆင်းရဲ၏အဆုံးကို ပြုလတ္တံ့'' ဟု ကြားရပါကုန်၏။

အသျှင်ဘုရား အကျွန်ုပ်တို့သည် ဖြပ္ပာပြည့်၌ တည်ရှိနေစဉ် ဟောသော အဘိဘူရဟန်း၏ ဂါထာတို့ကို ဤအတိုင်း ကြားရပါကုန်၏ ဟု(လျှောက်ကုန်၏)၊ ရဟန်းတို့ ကောင်းပေစွ ကောင်းပေစွ၊ ရဟန်းတို့ ဖြဟ္မာ့ပြည့်၌ တည်ရှိနေစဉ် ဟောသော အဘိဘူရဟန်း၏ ဂါထာတို့ကို သင်တို့ ကြားကုန်သည်ကား ကောင်းသည်သာလျှင်တည်း။

မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏၊ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်သက်ဝမ်းမြောက်ကြကုန်ပြီ။

၁၈၆။ အခါတပါး၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုခါနီး အချိန် ကုသိနာရုံပြည် အကွေ့ မလ္လာမင်းတို့ အင်ကြင်းဥယျာဉ်တော အင်ကြင်းပင်ပျိုတို့၏ အကြား၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏''ရဟန်းတို့ သင်တို့အား ယခု (ငါ) မိန့်မှာတော်မူခဲ့အံ့၊ ပြုပြင်အပ်သော'သင်္ခါရ'တရားတို့သည် ပျက်စီးခြင်းသဘော ရှိကုန်၏၊ မမေ့မလျော့သော သတိတရားဖြင့် ကိစ္စပြီးစီးအောင် အားထုတ်ကြကုန်လော့၊ ဤကား မြတ်စွာဘုရား၏ နောက်ဆုံး မိန့်ခွန်းတော်ပေတည်း''ဟု မိန့်တော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် ပဌမစျာန်ကို ဝင်စွားတော်၏၊ ပဌမစျာန်မှ ထတော်မူ၍ ဒုတိယစျာန်ကို ဝင်စားတော်မူ၏၊ ဒုတိယစျာန်မှ ထတော်မူ၍ တတိယစျာန်ကို ငင်စားတော်မူ၏၊ တတိယစျာန်မှ ထတော်မူ၍ စတုတ္ထစျာန်ကို ဝင်စားတော်မူ၏၊ စတုတ္ထစျာန်မှ ထတော်မူ၍ အာကာသာနဉ္စာယတနစျာန်ကို ဝင်စားတော်မူ၏၊ အာကာသာနဉ္စာယတနစျာန်မှ ထတော်မူ၍ ဝိညာဏဉ္စာယတနစျာန်ကို ဝင်စားတော်မူ၏။ ဝိညာဏဉ္စာယတနစျာန်မှ ထတော်မူ၍ အာကိဉ္စညာယတနစျာန်ကို ဝင်စားတော်မူ၏၊ အာကိဉ္စညာယတနစျာန်မှ ထတော်မူ၍ နေဝသညာနာသညာယကနစျာန်ကို ဝင်စားတော်မူ၏၊ နေဝသညာနာသညာယတနစျာန်မှထတော်မူ၍ အာကိဉ္စညာယတနစျာန်ကို ဝင်စားတော်မူ၏၊ အာကိဉ္စညာယတနစျာန်မှထတော်မူ၍ဝိညာဏဉ္စာယတနစျာန်ကို ဝင်စားတော်မူ၏၊ ဝိညာဏဉ္စာယတနစျာန်မှ ထတော်မူ၍ အာကာသာနဉ္စာယတနစျာန်ကို ဝင်စားတော်မူ၏၊ အာကာသာနဉ္စာယတနစျာန်မှ ထတော်မူ၍ စတုတ္ထစျာန်ကို ဝင်စားတော်မူ၏၊ စတုတ္ထစျာန်မှ ထတော်မူ၍ တတိယစျာန်ကို ဝင်စားတော်မူ၏၊ တတိယစျာန်မှ ထတော်မူ၍ ဒုတိယစျာန်ကို ဝင်စားတော်မူ၏၊ ဒုတိယစျာန်မှ ထတော်မူ၍ ပဌမစျာန်ကို ဝင်စားတော်မူ၏၊ ပဌမစျာန်မှ ထတော်မူ၍ ဒုတိယစျာန်ကို ဝင်စားတော်မူ၏၊ ဒုတိယစျာန်မှထတော်မူ၍ တတိယစျာန်ကို ဝင်စားတော်မူ၏၊ တတိယစျာန်မှ ထတော်မူ၍ စတုတ္ထစျာန်ကို ဝင်စားတော်မူ၏၊ စတုတ္ထစျာန်မှ ထတော်မူပြီးသည်၏ အခြားမဲ့၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူ၏၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် ပရိနိဗ္ဗာန်ပြုသည်နှင့်တပြိုင်နက် သဟမ္ပတိဗြဟ္မာသည် ဤဂါထာကို ရွတ်ဆို၏—

''အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော အားဆယ်ပါးနှင့်ပြည့်စုံတော်မူသော ဤသို့သော ဆရာသခင် အတုမဲ့ဘုရားသျှင်သော်လည်း အကြင်လောက၌ ပရိနိဗ္ဗာန်

http://www.dhammadownload.com



ပြုတော်မူရ ချေသေး၏၊ ထိုလောကထဲ၌ အားလုံးရှိသမျှ သတ္တဝါတို့သည် ရုပ်နာမ်အစု အတ္တဘောကို စွန့်ပစ်ကြရကုန်မည်ချည်းသာတည်း”ဟု ရွတ်ဆို၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် ပရိနိဗ္ဗာန်ပြုသည်နှင့် တပြိုင်နက် နတ်တို့ အရှင် သိကြားမင်းသည် ဤဂါထာကို ရွတ်ဆို၏—

“ပြုပြင်အပ်သော သင်္ခါရတရားတို့သည် ဖြစ်ခြင်း ပျက်ခြင်းသဘောရှိကုန်သည်ဖြစ်၍ မမြဲ လေကုန်စွတကား၊ ဖြစ်ပေါ်ပြီးနောက် ချုပ်ပျောက်လေကုန်စွတကား၊ ထိုသင်္ခါရတရားတို့၏ ငြိမ်းခြင်းသည်သာလျှင် ချမ်းသာပေလိမ့်တကား” ဟု (ရွတ်ဆို၏)။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် ပရိနိဗ္ဗာန်ပြုသည်နှင့် တပြိုင်နက် အသျှင် အာနန္ဒာသည် ဤဂါထာကို ရွတ်ဆို၏—

“မွန်မြတ်သော ဂုဏ်တော်အားလုံးတို့နှင့် ပြည့်စုံတော်မူသော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူလတ်သော် ထိုအခိုက်ဝယ် ကြောက်မက်ဖွယ်(မြေလှုပ်ခြင်း)သည် ဖြစ်လေပြီတကား၊ ကြက်သီးမွေးညင်း ထစေတတ် သော(မြေလှုပ်ခြင်း)သည် ဖြစ်လေပြီတကား”ဟု (ရွတ်ဆို၏)။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် ပရိနိဗ္ဗာန် ပြုတော်မူသည်နှင့် တပြိုင်နက် အသျှင်အနုရုဒ္ဓါသည် ဤဂါထာတို့ကို ရွတ်ဆို၏—

“တဏှာကင်းတော်မူသော စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ငြိမ်းအေးသော နိဗ္ဗာန်သို့ (ကြွရန်) ရည်စူး၍ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ၊ (ထို့ကြောင့်) စိတ်ခတ်ကြံခိုင်၍ ကောင်းဆိုးနှစ်ပါးကို အတူထားလျက် ရှုတော်မူနိုင်သော မြတ်စွာဘုရား၏ ထွက်လေဝင်လေ မရှိတော့ပြီတကား။

(မြတ်စွာဘုရားသည်) ညှိုးငယ်ခြင်းမရှိသောစိတ်ဖြင့် ဝေဒနာကို သည်းခံတော်မူလေပြီ၊ ထိုမြတ်စွာဘုရား၏ စိတ်တော်သည် ဆီမီးလျှံ ငြိမ်းသကဲ့သို့ပင် (ချုပ်ငြိမ်း)လွတ်မြောက်တော် မူလေပြီတကား” ဟု ရွတ်ဆို၏။

ဒုတိယဝဂ် ပြီး၏။

ဗြဟ္မသံယုတ် ပြီး၏။

http://www.dhammadownload.com

# ၇-ဗြာဟ္မဏသံယုတ်

## ၁-အရဟန္တဝဂ် ၁ ဓနဉ္ဇာနီသုတ်

၁၇၇။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်– အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ဘာရဒွါဇအနွယ်ဖြစ်သော ပုဏ္ဏားတယောက်၏ ဓနဉ္ဇာနီမည်သော ပုဏ္ဏေးမသည် ဘုရား၌ရင်း တရားတော်၌ရင်း သံဃာတော်၌ရင်း အလွန်ကြည်ညို၏၊ ထိုအခါ ဓနဉ္ဇာနီ-ပုဏ္ဏေးမသည် ဘာရဒွါဇအနွယ်ဖြစ်သော ပုဏ္ဏားအား ထမင်းကို ဆောင်ယူပေးသည်ရှိသော် ချွတ်ချော်ခြင်းကြောင့် "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"ဟု သုံးကြိမ် ဥဒါန်းကျူးရင့်၏။

ဤသို့ ဥဒါန်းကျူးရင့်သည်ရှိသော် ဘာရဒွါဇအနွယ် ဖြစ်သော ပုဏ္ဏားသည် ဓနဉ္ဇာနီပုဏ္ဏေးမအား– "ဤသူယုတ်မသည် ဤသို့သာလျှင် အရာရာ၌ ထိုဦးပြည်းရဟန်း၏ ဂုဏ်ကျေးဇူးကို ဆိုခဲ့၏၊ သူယုတ်မ ယခုအခါ သင်၏ ဆရာဖြစ်သော ထိုဘုရားအား ငါသည် အယူဝါဒကို တင်အံ့"ဟု ဆို၏၊ "ပုဏ္ဏား နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော နတ်လောကနှင့် သမဏ ဗြာဟ္မဏ မင်းများ လူများနှင့် တကွသော လူ့လောက၌ ပူဇော်အထူးကို မံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားအား အယူဝါဒကို တင်နိုင်သော သူကို စင်စစ် အကျွန်ုပ် မမြင်၊ သို့သော်လည်း ပုဏ္ဏား သင် သွားပါလော့၊ သွားလျှင် သင် သိရပါလိမ့်မည်"ဟု ပြောဆို၏။

ထိုအခါ ဘာရဒွါဇအနွယ်ဖြစ်သော ပုဏ္ဏားသည် အမျက်ထွက်သည် နှလုံးမသာသည်ဖြစ်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေပြီး၍ တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဂါထာဖြင့် ရွတ်ဆိုလျှောက်ထား၏—

"ဂေါတမ အဘယ်ကိုဖြတ်တောက်သော် ချမ်းသာစွာ နေရသနည်း၊ အဘယ်ကို ဖြတ်တောက်သော် မစိုးရိမ်ရသနည်း၊ အဘယ်မည်သော တခုသော တရားအား ဖြတ်တောက်ခြင်းကို နှစ်သက်ပါသနည်း"ဟု (လျှောက်၏)။

ပုဏ္ဏား အမျက်ဒေါသကို ဖြတ်တောက်သော် ချမ်းသာစွာ နေရ၏၊ အမျက်ဒေါသကို ဖြတ်တောက်သော် မစိုးရိမ်ရ၊ အဆိပ်လျှင် အရင်းအမြစ်ရှိသော ချိုမြိန်ခြင်းလျှင် အဖျားရှိသော အမျက်ဒေါသအား ဖြတ်တောက်ခြင်းကို အရိယာတို့သည် ချီးမွမ်းကုန်၏၊ ထို အမျက်ဒေါသကိုပင်လျှင် ဖြတ်တောက်သည်ရှိသော် မစိုးရိမ်ရ ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသည်ရှိသော် ဘာရဒွါဇအနွယ်ဖြစ်သော ပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏– "အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်ဂေါတမ (တရားတော်သည်) အထွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်ဂေါတမ ဥပမာ သော်ကား မှောက်ထားသော ဝတ္ထုကို လှန်ဘိသကဲ့သို့ရင်း ဖုံးလွှမ်းထားသော ဝတ္ထုကို ဖွင့်လှစ်ဘိသကဲ့သို့ရင်း မျက်စိလည်သော သူအား လမ်းကို ပြောကြားဘိသကဲ့သို့ရင်း 'မျက်စိ အမြင်ရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်'ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရင်း ဤ အတူသာလျှင် အသျှင်ဂေါတမသည် အကြောင်းအမျိုးမျိုးဖြင့်

http://www.dhammadownload.com



တရားတော်ကို ပြတော်မူ၏၊ အသျှင်ဘုရား ထိုအကျွန်ုပ်သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုရင်း သံဃာတော်ကိုရင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အကျွန်ုပ်သည် အသျှင်ဂေါတမ၏ အထံ၌ ရှင်သာမဏေအဖြစ်ကို ရလိုပါ၏၊ ပဉ္စင်းအဖြစ်ကို ရလိုပါ၏''ဟု လျှောက်၏။

ဘာရဒွါဇအနွယ်ဖြစ်သော ပုဏ္ဏားသည် မြတ်စွာဘုရား၏အထံ၌ ရဟန်းအဖြစ်ကို ရသည် သာလျှင်တည်း၊ ပဉ္စင်းဖြစ်၍ မကြာမြင့်သေးသော အသျှင်ဘာရဒွါဇသည် တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့မလျော့ ပြင်းစွာအားထုတ်ကာ နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိသည်ဖြစ်၍နေသည်ရှိသော် မကြာမြင့်မီပင်လျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြုကြသော အမျိုးသားများ လိုလားတောင့်တအပ်သော အတုမရှိသော အကျင့်မြတ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်ကို မကြာမီ မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် ကောင်းစွာ မျက်မှောက်ပြုလျက် ရောက်၍ နေရ၏၊ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်) ကိစ္စအလို့ငှာ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏၊ အသျှင်ဘာရဒွါဇသည် ရဟန္တာပုဂ္ဂိုလ်တို့တွင် တပါး အပါအဝင် ဖြစ်လေသတည်း။

## ၂-အက္ကောသသုတ်

၁၈၈။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ''ဘာရဒွါဇအနွယ်ဖြစ်သော ပုဏ္ဏားသည် ရဟန်းဂေါတမ၏ အထံ၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြုသတတ်'' ဟု အက္ကောသက ဘာရဒွါဇပုဏ္ဏား ကြားသောကြောင့် အမျက်ထွက်သည် နှလုံးမသာသည်ဖြစ်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် မလျောက်ပက်ကုန်သော ကြမ်းကြုတ်ကုန်သော စကားတို့ဖြင့် မြတ်စွာဘုရားကို ဆဲရေး၏ ခြိမ်းခြောက်၏။

ဤသို့ ဆဲရေးခြိမ်းခြောက်သည်ရှိသော် မြတ်စွာဘုရားသည် အက္ကောသကဘာရဒွါဇပုဏ္ဏားကို ''ပုဏ္ဏား ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ သင်၏ ဧည့်သည်ဖြစ်သည့် အဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့သည် လာကုန်၏လော''ဟု မိန့်တော်မူ၏၊ အသျှင်ဂေါတမ တရံတခါ အကျွန်ုပ်၏ ဧည့်သည်ဖြစ်သော အဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့သည် လာပါကုန်၏''ဟု (လျှောက်၏)။ ''ပုဏ္ဏား ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ သင်သည် ထိုအဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့အား ခဲဖွယ်ကိုရင်း စားဖွယ်ကိုရင်း လျက်ဖွယ်ကိုရင်း ပေးသည် မဟုတ်လော''ဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ တရံတခါ အကျွန်ုပ်သည် အဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့အား ခဲဖွယ်ကိုရင်း စားဖွယ်ကိုရင်း လျက်ဖွယ်ကိုရင်း ပေးပါ၏ ဟု (လျှောက်၏)။ ပုဏ္ဏား ထိုသူတို့သည် အကယ်၍ မခံယူကုန်သည် ဖြစ်အံ့၊ ထိုဥစ္စာသည် အဘယ်သူအား ရောက်သနည်းဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ ထိုသူတို့သည် အကယ်၍ မခံယူကုန်သည် ဖြစ်အံ့၊ ထိုဥစ္စာသည် အကျွန်ုပ်တို့အားသာလျှင် ရောက်ပါ၏ ဟု (လျှောက်၏)။ ပုဏ္ဏား ဤအတူသာလျှင် အကြင်အကြောင်းကြောင့် သင်သည် မဆဲရေးထိုက်ကုန်သော ငါတို့ကို ဆဲရေး၏၊ မချုတ်ချယ် ထိုက်ကုန်သော ငါတို့ကို ချုတ်ချယ်၏၊ မခြောက်ချား ထိုက်ကုန်သော ငါတို့ကို ခြောက်ချား၏၊ သင်၏ ထိုဆဲရေးခြင်း စသည်တို့ကို ငါတို့ မခံယူကုန်၊ ပုဏ္ဏား ဤဆဲရေးခြင်း စသည်သည် သင့်အားသာလျှင် ရောက်၏၊ ပုဏ္ဏား ဤဆဲရေးခြင်း စသည်သည် သင့်အားသာလျှင် ရောက်၏။

http://www.dhammadownload.com



ပုဏ္ဏား စင်စစ် အကြင်သူသည် ဆဲရေးတတ်သောသူကို ပြန်၍ ဆဲရေး၏၊ ချုတ်ချယ်တတ်သော သူကို ပြန်၍ ချုတ်ချယ်၏၊ ချောက်ချားတတ်သော သူကို ပြန်၍ ချောက်ချား၏၊ ပုဏ္ဏား ဤသူကို အတူခံစားသည့် ပြုတုံ့ပြုသည် မည်၏ ဟု ဆိုအပ်၏၊ ထိုငါတို့သည် သင်နှင့်အတူ ခံစားဖက် မဟုတ်ကုန်၊ ပြုတုံ့ မပြုကုန်၊ ပုဏ္ဏား ဤဆဲရေးခြင်း စသည်သည် သင့်အားသာလျှင် ရောက်၏၊ ပုဏ္ဏား ဤဆဲရေးခြင်း စသည်သည် သင့်အားသာလျှင် ရောက်၏ ဟု (မိန့်တော်မူ၏)၊ မင်းနှင့် တကွသော ပရိသတ်သည် အသျှင်ဂေါတမကို "ရဟန်းဂေါတမသည် ပူဇော်အထူးကို ခံတော်မူထိုက်၏" ဟု သိ၏၊ ယင်းသို့သိလျက် အသျှင်ဂေါတမသည် အမျက်ထွက်ဘိ၏ ဟု ဆို၏။

"ပုဏ္ဏား ယဉ်ကျေးသော တရားနှင့်အညီ အသက်မွေးလေ့ရှိသော သစ္စာလေးပါးတရားကို ကောင်းစွာသိ၍ ကိလေသာမှ လွတ်သော စိတ်ရှိသော ငြိမ်သက်သော စိတ်ရှိသော ကာဒိဂုဏ်နှင့် ပြည့်စုံသော အမျက်မထွက်သော ပုဂ္ဂိုလ်အား အမျက်ထွက်ခြင်းသည် အဘယ်အကျိုးရှိအံ့နည်း။

အကြင်သူသည် အမျက်ထွက်သူကို ပြန်၍ အမျက်ထွက်၏၊ ထိုသူသည်သာ ထိုအမျက်ထွက်သော သူကို ပြန်၍ အမျက်ထွက်ခြင်းကြောင့် ယုတ်မာ၏၊ အမျက်ထွက်သူကို ပြန်၍ အမျက်မထွက်သူသည် အောင်နိုင်ခဲသော ရန်စစ်သည်ကို အောင်နိုင်သည် မည်၏။

အကြင်သူသည် အမျက်ထွက်သော သူတပါးကို သိသည်ရှိသော် သတိနှင့် ပြည့်စုံသည် ဖြစ်၍ အမျက်ကို ငြိမ်းအေးစေ၏၊ (ထိုအမျက်ကို မတုံ့ပြန်သောသူသည်) မိမိသူတပါး နှစ်ဦးသားတို့၏ အကျိုးစီးပွားကို ကျင့်သည်မည်၏။

အကြင်သူတို့သည် (သစ္စာလေးပါး) တရား၌ မသိ မလိမ္မာကြကုန်၊ (ထို သူတို့သည်) မိမိ သူတပါး နှစ်ဦးသားတို့အား အမျက်ငြိမ်းစေသော ကုစားခြင်းအားဖြင့် ကုစားသူကို သူမိုက်ဟူ၍ မှတ်ထင်ကုန်၏" ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသည်ရှိသော် အက္ကောသကဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားအား အသျှင်ဂေါတမ (တရားတော်သည်)အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ပ။ ထိုအကျွန်ုပ်သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုရင်း သံဃာတော်ကိုရင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် အသျှင်ဂေါတမ၏ အထံ၌ ရှင်ရဟန်းအဖြစ်ကို ရလိုပါ၏ ဟု လျှောက်၏။ပ။ အက္ကောသကဘာရဒွါဇပုဏ္ဏားလည်း မြတ်စွာဘုရား၏ အထံ၌ ရှင်သာမဏေအဖြစ်ကို ရလေ၏၊ ရဟန်းအဖြစ်ကို ရလေ၏။

ရဟန်းဖြစ်၍ မကြာမြင့်သေးသော အသျှင်အက္ကောသကဘာရဒွါဇသည် တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့မလျော့ ပြင်းစွာ အားထုတ်ကာ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော် ကောင်းစွာသာလျှင် လူ့ဘောင်မှ(ရဟန်းဘောင်)သို့ ဝင်ရောက် (ရဟန်း)ပြုကြသော အမျိုးသားများ လိုလားတောင့်တအပ်သော အတုမရှိသော အကျင့်မြတ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်ကို မကြာမီ မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် ကောင်းစွာ မျက်မှောက်ပြုလျက် ရောက်၍ နေ၏၊ ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအလို့ငှါ တပါးသောပြုဖွယ် မရှိတော့ပြီဟု သိ၏၊ အသျှင်ဘာရဒွါဇသည် ရဟန္တာပုဂ္ဂိုလ်တို့တွင် တပါး အပါအဝင် ဖြစ်လေသတည်း။

http://www.dhammadownload.com



## ၃-အသုရိန္ဒကသုတ်

၁၈၉။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေး၍ မွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌(သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ "ဘာရဒွါဇအနွယ် ဖြစ်သော ပုဏ္ဏားသည် ရဟန်းဂေါတမ၏ အထံ၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် (ရဟန်းပြု) သတတ် ဟု အသုရိန္ဒကဘာရဒွါဇပုဏ္ဏား ကြားသောကြောင့် အမျက်ထွက်သည် နှလုံးမသာသည် ဖြစ်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် မလျောက်ပတ်ကုန်သော ကြမ်းကြုတ်ကုန်သော စကားတို့ဖြင့် မြတ်စွာဘုရားကို ဆဲရေး၏၊ ခြိမ်းချောက်၏၊ ဤသို့ ဆဲရေးခြိမ်းချောက်သည်ရှိသော် မြတ်စွာဘုရားသည် ဆိတ်ဆိတ် နေတော်မူ၏၊ ထိုအခါ၌ အသုရိန္ဒကဘာရဒွါဇပုဏ္ဏားသည် မြတ်စွာ ဘုရားအား "ရဟန်း အောင်ပြီ ရဟန်း အောင်ပြီ"ဟု ဆို၏—

"ပုဏ္ဏား ကြမ်းကြုတ်သော စကားကို ဆိုသော သူမိုက်သည် စကားမျှဖြင့် (သူတပါးကို) အောင်ပြီ ဟူ၍ အောက်မေ့၏၊ ပညာရှိပုဂ္ဂိုလ်၏ အကြင်သည်းခံမှုသည် ရှိ၏၊ ထိုသည်းခံမှု သည်သာ ထိုပညာရှိအား အောင်မြင်ခြင်း ဖြစ်၏။

အကြင်သူသည် အမျက်ထွက်သူကို ပြန်၍ အမျက်ထွက်၏၊ ထိုသူသည်သာ ထိုအမျက် ထွက်သောသူကို ပြန်၍ အမျက်ထွက်ခြင်းကြောင့် ယုတ်မာ၏၊ အမျက်ထွက်သူကို ပြန်၍ အမျက်မထွက်သူသည် အောင်နိုင်ခဲသော ရန်စစ်သည်ကို အောင်နိုင်သည် မည်၏။

အကြင်သူသည် အမျက်ထွက်သော သူတပါးကို သိသည်ရှိသော် သတိနှင့် ပြည့်စုံသည် ဖြစ်၍ အမျက်ကို ငြိမ်းအေးစေ၏၊ (ထိုအမျက်ကို မတုံ့ပြန်သော သူသည်) မိမိသူတပါး နှစ်ဦးသားတို့၏ အကျိုးစီးပွားကို ကျင့်သည်မည်၏။

အကြင် သူတို့သည် (သစ္စာလေးပါး) တရား၌ မသိ မလိမ္မာကြကုန်၊ (ထိုသူတို့သည်) မိမိသူတပါး နှစ်ဦးသားတို့အား အမျက်ငြိမ်းစေသော ကုစားခြင်းအားဖြင့် ကုစားသူကို လူမိုက်ဟူ၍ မှတ်ထင်ကုန်၏"ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသည်ရှိသော် အသုရိန္ဒကဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားအား "အသျှင်ဂေါတမ (တရားတော်သည်) ဇလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ပ။"ဟု လျှောက်၏၊ အသျှင်ဘာရဒွါဇသည် ရဟန္တာပုဂ္ဂိုလ်တို့တွင် တပါးအပါအဝင် ဖြစ်၏။

## ၄-ဗိလင်္ဂိကသုတ်

၁၉၀။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေး၍ မွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ "ဘာရဒွါဇ အနွယ်ဖြစ်သော ပုဏ္ဏားသည် ရဟန်းဂေါတမ အထံ၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် (ရဟန်းပြု) သတတ်ဟု ဗိလင်္ဂိက-ဘာရဒွါဇပုဏ္ဏား ကြားသောကြောင့် အမျက်ထွက်သည် နှလုံးမသာသည်ဖြစ်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ဆိတ်ဆိတ်နေလျက် တခုသောနေရာ၌ ရပ်တည်၏၊ မြတ်စွာဘုရားသည် ဗိလင်္ဂိကဘာရဒွါဇပုဏ္ဏား၏ စိတ်အကြံကို မိမိစိတ်ဖြင့် သိတော်မူ၍ ဗိလင်္ဂိကဘာရဒွါဇပုဏ္ဏားကို ဂါထာဖြင့် မိန့်တော်မူ၏—

http://www.dhammadownload.com



"အကြင်သူမိုက်သည် မပြစ်မှားထိုက်သော စင်ကြယ်၍ ကိလေသာမရှိသော ရဟန္တာ ပုဂ္ဂိုလ်အား ပြစ်မှား၏၊(ထိုသူ၏) မကောင်းမှုသည် လေညာသို့ လွှင့်အပ်သော သိမ်မွေ့သော မြူကဲ့သို့ ထိုသူမိုက်ထံသို့သာလျှင် ပြန်ရောက်ရ၏" ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသည်ရှိသော် ဗိလင်္ဂိကဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏၊ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါ၏။ပ။ သိ၏။ အသျှင်ဘာရဒွါဇသည် ရဟန္တာပုဂ္ဂိုလ်တို့တွင် တပါးအပါအဝင် ဖြစ်၏။

## ၅-အဟိံသကသုတ်

၁၉၁။ သာဝတ္ထိနိဒါန်း။ ထိုအခါ အဟိံသကဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား "အသျှင်ဂေါတမ အကျွန်ုပ်သည် အဟိံသကပါတည်း၊ အသျှင်ဂေါတမ အကျွန်ုပ်သည် အဟိံသက ပါတည်း" ဟု လျှောက်၏—

အကြင်သူသည် ကိုယ်နှုတ်စိတ်ဖြင့် သူတပါးကို မသတ်ဖြတ် မညှဉ်းဆဲ၊ ထိုသူသည် အဟိံသကဖြစ်၏၊ သင်သည် အဟိံသကဖြစ်ခဲ့မူ အမည်အားလျော်စွာ မညှဉ်းဆဲသူ ဖြစ်ပါလေ လော့၊ မှန်၏ အကြင်သူသည် သူတပါးကို မသတ်ဖြတ် မညှဉ်းဆဲ၊ ထိုသူသည်သာလျှင် အဟိံသက အမှန်ဖြစ်၏" ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသည်ရှိသော် အဟိံသကဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏၊ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါ၏။ပ။ သိ၏၊ အသျှင်အဟိံသကဘာရဒွါဇသည် ရဟန္တာပုဂ္ဂိုလ်တို့တွင် တပါးအပါအဝင် ဖြစ်၏။

## ၆-ဇဋ္ဌာသုတ်

၁၉၂။ သာဝတ္ထိနိဒါန်း။ ထိုအခါ ဇဋ္ဌာဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ် ပြီးလျှင် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆို ပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရား အား ဂါထာဖြင့် ရွတ်ဆို လျှောက်ထား၏—

ကိုယ်တွင်းသန္တာန်၌ ဖွဲ့ယှက်တတ်သောတဏှာ ကိုယ်ပသန္တာန်၌ ဖွဲ့ယှက်တတ်သောတဏှာ ယင်း (ကိုယ်တွင်း ကိုယ်ပ၌ဖြစ်သော) ဖွဲ့ယှက်တတ်သော တဏှာသည် သတ္တဝါအပေါင်းကို ဖွဲ့ယှက်အပ်ပါ၏၊ ဂေါတမမြတ်စွာဘုရား အသျှင်ဘုရားအား ထိုအကြောင်းကို မေးလျှောက် ပါ၏ ။ ဤဖွဲ့ယှက်တတ်သော တဏှာကို အဘယ်သူသည် ဖြေရှင်းနိုင်ပါအံ့နည်း" ဟု (လျှောက်၏)။

ပဋိသန္ဓေ ပညာရှိ၍ ပြင်းစွာ အားထုတ်မှုရှိသော ရင့်ကျက်သည့် ပညာရှိသော(သံသရာ ဘေးကို) ရှုလေ့ရှိသည့် ပုဂ္ဂိုလ်သည် သီလ၌တည်၍ (သမာဓိ) စိတ်ကိုရင်း (ဝိပဿနာ) ပညာကိုရင်း ပွားစေလျက် ဤဖွဲ့ယှက်တတ်သော တဏှာကို ဖြေရှင်းနိုင်၏။

http://www.dhammadownload.com



အကြင်ပုဂ္ဂိုလ်အား တပ်စွန်းမှု'ရာဂ'အမျက်ထွက်မှု 'ဒေါသ' မသိမှု'အဝိဇ္ဇာ'တို့သည် ကင်းပြတ်ကုန်၏၊ အာသဝကုန်ပြီးဖြစ်၍ ရဟန္တာဖြစ်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် ဖွဲ့ယှက်တတ်သော တဏှာကို ဖြေရှင်းအပ်ပြီ။

အကြင် နိဗ္ဗာန်၌ နာမ်သည်၎င်း ရုပ်သည်၎င်း ထိပါးမှုဟူသော အမှတ် 'ပဋိဃသညာ' သည်၎င်း ရုပ်၌ဖြစ်သောအမှတ် 'ရူပသညာ'သည်၎င်း အကြွင်းမဲ့ချုပ်၏၊ ဤနိဗ္ဗာန်၌ ဖွဲ့ယှက်တတ်သော တဏှာသည် ကင်းပြတ်၏ ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသည်ရှိသော် ဇဋာဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏၊ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါ၏။ပ။ အသျှင်ဘာရဒွါဇသည် ရဟန္တာပုဂ္ဂိုလ်တို့တွင် တပါးအပါအဝင် ဖြစ်၏။

## ၇-သုဒ္ဓိကသုတ်

၁၉၃။ သာဝတ္ထိနိဒါန်း။ ထိုအခါ သုဒ္ဓိကဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေပြီးလျှင် တခုသောနေရာ၌ထိုင်နေပြီးသော် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို ရွတ်ဆို လျှောက်ထား၏-

"လောက၌ မည်သည့် ဗြာဟ္မဏမျိုးမဆို ပြင်းထန်သော အကျင့်ကို ကျင့်လျက် သီလရှိပါသော်လည်း စင်ကြယ်သည်မဟုတ်၊ ဗေဒင်သုံးပုံ 'ဝိဇ္ဇာ' ဒ-ကျင့် 'စရဏ'နှင့် ပြည့်စုံ၍ အမျိုးသန့်သော ဗြာဟ္မဏသည် စင်ကြယ်၏၊ ဝိဇ္ဇာ စရဏကို မသိသော ဤမှတပါး အခြားသတ္တဝါသည် မစင်ကြယ် ဟု လျှောက်၏။

ပုဏ္ဏား စင်ကြယ်၏ ဟူသော စကားကို များစွာ ဆိုပါသော်လည်း ယောက်သွားပုပ်ကဲ့သို့ ကိလေသာအတွင်းပုပ်သော ညစ်ညူးခြင်းရှိသော ဟန်ဆောင်မှုကို မှီသူသည် အမျိုးဇာတ်ကြောင့် ဗြာဟ္မဏ မဖြစ်နိုင်။

မင်းဖြစ်စေ ပုဏ္ဏားဖြစ်စေ ကုန်သည်ဖြစ်စေ သူဆင်းရဲဖြစ်စေ ဒွန်းစဏ္ဍား ပန်းမှိုက်သွန်ပင်ဖြစ်စေ ထက်သန်သော ဝီရိယရှိ၍ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိကာ မြဲမြံသော အားထုတ်မှုရှိသူသည်သာ မြင့်မြတ်သော စင်ကြယ်ခြင်းသို့ ရောက်နိုင်၏၊ ပုဏ္ဏား ဤသို့ သိလော့ ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသည်ရှိသော် သုဒ္ဓိကဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏၊ အသျှင်ဂေါတမ တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါ၏။ပ။ အသျှင်ဘာရဒွါဇသည် ရဟန္တာပုဂ္ဂိုလ်တို့တွင် တပါးအပါအဝင် ဖြစ်၏။

## ၈-အဂ္ဂိကသုတ်

၁၉၄။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ အဂ္ဂိကဘာရဒွါဇပုဏ္ဏားသည် 'မီးကို ပူဇော်အံ့၊ မီးပူဇော်ခြင်းဖြင့် လုပ်ကျွေးအံ့'' ဟု ထောပတ်နှင့် နို့ဃနာကို ရောစပ်စီရင်အပ်၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူ၏၊ ရာဇဂြိုဟ်ပြည်၌ အိမ်စဉ်အတိုင်း ဆွမ်းခံ လှည့်လည်တော်မူသော မြတ်စွာဘုရားသည် အဂ္ဂိကဘာရဒွါဇပုဏ္ဏားအိမ်သို့ ချဉ်းကပ်၍ တခုသောနေရာ၌ ရပ်တော်မူ၏၊ အဂ္ဂိကဘာရဒွါဇပုဏ္ဏားသည် ဆွမ်းအလို့ငှါ ရပ်တည်နေသော မြတ်စွာဘုရားကို မြင်သောကြောင့် မြတ်စွာဘုရားကို ဂါထာဖြင့် ရွတ်ဆိုလျှောက်ထား၏—

"(အသျှင်ဂေါတမ) ဗေဒင်သုံးပုံ 'ဝိဇ္ဇာ'တို့နှင့် ပြည့်စုံ၍ အမျိုးသန့်သော များသော အကြားအမြင်နှင့်လည်း ပြည့်စုံလျက် ဗေဒင်သုံးပုံ 'ဝိဇ္ဇာ' အကြားအမြင် 'စရဏ'နှင့် ပြည့်စုံသော သူသည် ဤနို့ဃနာဆွမ်းကို သုံးဆောင်ထိုက်ရာ၏"ဟု လျှောက်၏။

ပုဏ္ဏား ဇာတိ သုတ ဝိဇ္ဇာ စရဏ ဟူသော စကားကို များစွာ ဆိုသော်လည်း ယောက်သွားပုပ်ကဲ့သို့ ကိလေသာ အတွင်းပုပ်သော ညစ်ညူးခြင်း ရှိသော ဟန်ဆောင်မှုတို့ဖြင့် ခြံရံသူသည် အမျိုးဇာတ်ကြောင့် ဗြာဟ္မဏ မဖြစ်နိုင်။

"အကြင် ရဟန်းသည် ရှေး၌ နေခဲ့ဘူးသော ခန္ဓာအစဉ်ကို သိ၏၊ နတ်ပြည်ကိုရင်း အပါယ်ကိုရင်း မြင်၏၊ ထို့မှတပါး ဇာတိ၏ကုန်ရာ (အရဟတ္တဖိုလ်)သို့ ရောက်၏၊ ထိုရဟန်းသည်သာ ထူးသော ဉာဏ်ဖြင့် သိ၍ ဘဝ၏ အဆုံးသို့ ရောက်၏။

ဤသုံးပါးသော အသိဉာဏ် 'ဝိဇ္ဇာ'တို့ဖြင့် ဝိဇ္ဇာသုံးပါးရှိသူသည် ဗြာဟ္မဏ မည်၏၊ ဝိဇ္ဇာစရဏနှင့် ပြည့်စုံသော ထိုဗြာဟ္မဏသည် ဤနို့ဃနာဆွမ်းကို စားထိုက်၏"ဟု (မိန့်တော်မူ၏)။

"အသျှင်သည် ဗြာဟ္မဏမည်တော်မူပါပေ၏၊ အသျှင်ဂေါတမသည် ဘုဉ်းပေးတော်မူပါလော့"ဟု လျှောက်၏—

"ပုဏ္ဏား ဂါထာဖြင့် သီဆို၍ ရအပ်သော ဆွမ်းကို ငါဘုရား မသုံးဆောင်၊ ပုဏ္ဏား(အကျိုးအကြောင်းကို) သိမြင်ကုန်သော သူတော်ကောင်းတို့အား ဤသုံးဆောင်ခြင်းသည် တရားသဘောသို့ မသက်ဝင်၊ ဘုရားသျှင်တို့သည် ဂါထာတို့ဖြင့် သီဆို၍ ရသောဆွမ်းကို ပယ်ကုန်၏။ ပုဏ္ဏား ဤသည်လျှင် သူတော်ကောင်းတရား၌ တည်ကုန်သော ဘုရားသျှင်တို့၏ အသက်မွေးခြင်းတည်း။

ပုဏ္ဏား ဂုဏ်ကျေးဇူးကို ရှာမှီးတတ်သော နောင်တ ပူပန်မှု ငြိမ်းပြီးသော အလုံးစုံကိစ္စပြီးပြီးသော ရဟန္တာပုဂ္ဂိုလ်ကို ဂါထာဖြင့် သီဆို၍ရသော ဆွမ်းမှတပါး အခြားသော ဆွမ်းဖြင့်ရင်း အဖျော်ဖြင့်ရင်း လုပ်ကျွေးလော့၊ ထိုရဟန္တာပုဂ္ဂိုလ်သည် ကောင်းမှုကို အလိုရှိသော သူ၏ လယ်မြေကောင်းသဖွယ် ဖြစ်၏"ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူအည်ရှိသော် အဂ္ဂိကဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားအား "အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ"ဟု လျှောက်၏။ပ။ အသျှင်အဂ္ဂိကဘာရဒွါဇသည် ရဟန္တာပုဂ္ဂိုလ်တို့တွင် တပါးအပါအဝင် ဖြစ်၏။

## ၉-သုန္ဒရိကသုတ်

၁၉၅။ အခါတပါး၌ မြတ်စွာဘုရားသည် ကောသလတိုင်း သုန္ဒရိကမြစ်၏ ကမ်းနား၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ သုန္ဒရိကဘာရဒွါဇပုဏ္ဏားသည် မီးကို ပူဇော်၏၊ မီးပူဇော်ခြင်းဖြင့် လုပ်ကျွေး၏၊ ထိုအခါ၌ သုန္ဒရိကဘာရဒွါဇပုဏ္ဏားသည် မီးကို ပူဇော်ပြီး၍ မီးပူဇော်

http://www.dhammadownload.com



ခြင်းဖြင့် လုပ်ကျွေးပြီး၍ နေရာမှ ထလျက် "အဘယ်သူသည် ဤမီးပူဇော်ကြွင်း (ဃနာသထမင်း)ကို စားရာအံ့နည်း"ဟု ထက်ဝန်းကျင် အရပ်လေးမျက်နှာကို လှည့်၍ ကြည့်၏။ သုန္ဒရိကဘာရဒွါဇ ပုဏ္ဏားသည် တခုသော သစ်ပင်ရင်း၌ ခေါင်းမြီးခြုံလျက် ထိုင်နေတော်မူသော မြတ်စွာဘုရားကို မြင်သောကြောင့် လက်ဝဲလက်ဖြင့် မီးပူဇော်ကြွင်း(ဃနာသထမင်း)ကို ယူ၍ လက်ျာလက်ဖြင့် ရေကရားကို ယူလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်လေ၏၊ ထိုအခါ မြတ်စွာဘုရားသည် သုန္ဒရိကဘာရဒွါဇပုဏ္ဏား၏ ခြေသံကြောင့် ဦးခေါင်းကို ဖွင့်တော်မူ၏၊ ထိုအခါ၌ သုန္ဒရိကဘာရဒွါဇ ပုဏ္ဏားသည် "ဤအသျှင်သည် ဦးပြည်းပါတကား၊ ဤအသျှင်သည် ဦးပြည်းပါတကား"ဟု ထို အရပ်မှ ပြန်ဆုတ်လို၏၊ ထို့နောက် သုန္ဒရိကဘာရဒွါဇပုဏ္ဏားအား "ဤလောက၌ ဦးပြည်းကုန်သော ဗြာဟ္မဏအချို့တို့သည်လည်း ရှိတတ်ကုန်သေး၏၊ ငါသည် ထိုဦးပြည်းဖြစ်သောသူကို ကပ်၍ ဇာတ်ကို မေးရမူကား ကောင်းလေစွ"ဟု အကြံဖြစ်၏။

ထိုအခါ သုန္ဒရိကဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားအား "အသျှင်သည် အဘယ်ဇာတ်ရှိသနည်း"ဟူ၍ ဤစကားကို လျှောက်၏—

"ပုဏ္ဏား ဇာတ်ကို မမေးလင့်၊ အကျင့်'စရဏ'ကိုသာ မေးလော့၊ မီးသည် ထင်းမှ ဖြစ်၏၊ အမျိုးပေ ယုတ်သော်လည်း ရဟန်းသည် တည်ကြည်ခြင်းရှိ၏၊ အကြောင်းဟုတ်သည် မဟုတ် သည်ကို သိတတ်၏၊ အရှက်ဖြင့် (မကောင်းမှုတို့ကို) တားမြစ်တတ်၏။

မှန်ကန်မှု သစ္စာဖြင့် ယဉ်ကျေး၏၊ ဣန္ဒြေကို ဆုံးမခြင်းနှင့် ပြည့်စုံ၏၊ ဉာဏ်တို့၏ အဆုံးသို့ ရောက်၏၊ အကျင့်မြတ်ကို သုံးပြီးဖြစ်၏၊ ဆောင်အပ်ပြီးသော ပူဇော်မှု ယဇ်လည်း ရှိ၏၊ ထိုရဟန်းကို လျှောက်ပတ်သော အခါ၌ ပင့်ခေါ်ရာ၏။ ထိုပင့်ခေါ်တတ်သူသည် မြတ်သော အလှူခံတို့ကို ပူဇော်သည်မည်၏"ဟု မိန့်တော်မူ၏။

အကြင်ပူဇော်ခြင်း ဟူသော အကြောင်းကြောင့် ကိုယ့်သဘောရှိသော ဉာဏ်တို့၏ အဆုံးသို့ ရောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်ကို ဖူးမြင်ရပါ၏၊ ထို့ကြောင့် မချွတ် ဤပူဇော်ခြင်းသည် အကျွန်ုပ်အား ကောင်းစွာ ပူဇော်ခြင်း ဖြစ်လတ္တံ့၊ ကောင်းစွာ လုပ်ကျွေးခြင်း ဖြစ်လတ္တံ့၊ မှန်၏- အသျှင်ဘုရားတို့ကဲ့သို့သော ပုဂ္ဂိုလ်တို့ကို မဖူးမြော်ရသောကြောင့် မီးပူဇော်ကြွင်း (ဃနာသထမင်းကို) တပါးသော သူသည် စား၏ ဟု (လျှောက်၏)။

အသျှင်ဂေါတမသည် ဗြာဟ္မဏ ဖြစ်ပါပေ၏၊ အသျှင်သည် ဘုဉ်းပေးတော်မူပါလော့ ဟု လျှောက်၏။

ပုဏ္ဏား ဂါထာဖြင့် သီဆို၍ ရအပ်သော ဆွမ်းကို ငါဘုရား မသုံးဆောင်၊ ပုဏ္ဏား(အကျိုး အကြောင်း)ကို သိမြင်ကုန်သော သူတော်ကောင်းတို့အား ဤသုံးဆောင်ခြင်းသည် တရား သဘောသို့ မသက်ဝင်၊ ဘုရားသျှင်တို့သည် ဂါထာတို့ဖြင့် သီဆို၍ရသော ဆွမ်းကို ပယ်ကုန်၏၊ ပုဏ္ဏား ဤသည်လျှင် သူတော်ကောင်းတရား၌ တည်ကုန်သော ဘုရားသျှင်တို့၏ အသက် မွေးခြင်းတည်း။

ပုဏ္ဏား ဂုဏ်ကျေးဇူးကို ရှာမှီးတတ်သော နောင်တပူပန်မှု ငြိမ်းပြီးသော အလုံးစုံကိစ္စ ပြီးပြီးသော ထိုရဟန္တာ ပုဂ္ဂိုလ်ကို ဂါထာဖြင့် သီဆို၍ ရသော ဆွမ်းမှတပါး အခြားသော ဆွမ်း ဖြင့်ရင်း အဖျော်ဖြင့်ရင်း လုပ်ကျွေးလော့၊ ထိုရဟန္တာပုဂ္ဂိုလ်သည် ကောင်းမှုကို အလိုရှိ သောသူ၏ လယ်မြေကောင်းသဖွယ် ဖြစ်၏"ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အသျှင်ဂေါတမ သို့ဖြစ်လျှင် အကျွန်ုပ်သည် ဤမီးပူဇော်ကြွင်း(ဃနာထမင်း)ကိုအဘယ်သူ အား ပေးရအံ့နည်းဟု(လျှောက်၏)၊ "ပုဏ္ဏား နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောက နှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့်တကွသော လူ့လောက၌ ငါဘုရားကိုရှင်း ငါဘုရား၏ တပည့်သာဝကကိုရှင်း ဖယ်ထား၍ မီးပူဇော်ကြွင်း (ဃနာထမင်း)ကိုစားသည်ရှိသော် ကောင်းစွာ ကြေညက်ခြင်းသို့ ရောက်ရသောသူကို ငါမမြင်၊ သို့ဖြစ်သောကြောင့် သင်သည် ထိုမီးပူဇော်ကြွင်း (ဃနာထမင်း)ကို စိမ်းသော မြက်သစ်ပင်မရှိရာ၌မူလည်း စွန့်လော့၊ ပိုးမရှိသော ရေ၌မူလည်း မျှောလော့"ဟု မိန့်ဆို၏။

ထိုအခါ၌ သုန္ဒရိကဘာရဒွါဇပုဏ္ဏားသည် ထိုမီးပူဇော်ကြွင်း (ဃနာထမင်း)ကို ပိုးမရှိသော ရေ၌မျှော၏၊ ထိုအခါ၌ ထိုမီးပူဇော်ကြွင်း(ဃနာထမင်း)သည် ရေ၌ မျှောအပ်သည်ရှိသော် စိတ်စိတ် စိတ်စိတ်မည်၏၊ ထက်ဝန်းကျင် အခိုးထ၏၊ ထက်ဝန်းကျင် ပြင်းစွာ အခိုးထ၏၊ တနေ့လုံး ပူသော သံတွေခဲကို ရေ၌ ထည့်သည်ရှိသော် စိတ်စိတ် စိတ်စိတ်မည်သကဲ့သို့ ထက်ဝန်းကျင် အခိုးထသကဲ့သို့ ထက်ဝန်းကျင် ပြင်းစွာ အခိုးထသကဲ့သို့ ထို့အတူ ထိုမီးပူဇော်ကြွင်း (ဃနာထမင်း)သည် ရေ၌ ထည့်သည်ရှိသော် စိတ်စိတ် စိတ်စိတ်မြည်၍ အခိုးထ၏၊ ထက်ဝန်းကျင် အခိုးထ၏၊ ထက်ဝန်းကျင် ပြင်းစွာ အခိုးထ၏။

ထိုအခါ သုန္ဒရိကဘာရဒွါဇပုဏ္ဏားသည် ထိတ်လန့်သည် ကြက်သီးမွေးညင်း ထသည်ဖြစ်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် တခုသော နေရာ၌ ရပ်တည်နေ၏၊ တခုသော နေရာ၌ရပ်တည် နေသော သုန္ဒရိကဘာရဒွါဇပုဏ္ဏားကို မြတ်စွာဘုရားသည် ဂါထာတို့ဖြင့် ရွတ်ဆိုဟောကြား၏—

"ပုဏ္ဏား ထင်းကို မီးရှို့သောသင်သည် မီးရှို့ကာမျှဖြင့် စင်ကြယ်၏ဟု မအောက်မေ့လင့်၊ အဘယ့်ကြောင့်နည်း၊ ထိုထင်းကို မီးရှို့ခြင်းသည် အပ၌သာဖြစ်၏၊ ထိုစကားသည် မှန်၏၊ အကြင်သူသည် အပဖြစ်သော မီးရှို့ခြင်းဖြင့် စင်ကြယ်ခြင်းကို အလိုရှိ၏၊ ထိုသူကို ထိုမီးရှို့ ခြင်းကြောင့် စင်ကြယ်၏ဟု ပညာရှိတို့ မဆိုကုန်။

ပုဏ္ဏား ငါသည် ထင်းကို မီးရှို့ခြင်းကိုပယ်၍ ကိုယ်တွင်းသန္တာန်၌သာလျှင် ဉာဏ်မီးကို တောက်ပစေ၏၊ မပြတ် တောက်ပသော(ဉာဏ်)မီးရှိသော အမြဲမပြတ် တည်ကြည်သော စိတ်ရှိသော ရဟန္တာဖြစ်သော ငါသည် မြတ်သောအကျင့်ကို ကျင့်၏။

ပုဏ္ဏား သင်၏ထောင်လွှားခြင်း မာနသည် ထမ်းပိုးဝန်သဖွယ် ဖြစ်၏၊ အမျက်ဒေါသသည် မီးခိုးသဖွယ် ဖြစ်၏၊ မမှန်ချွတ်ယွင်း ပြောဆိုခြင်းသည် ပြာသဖွယ်ဖြစ်၏၊ ပုဏ္ဏား (ငါ၏) လျှာသည်(တရားတည်းဟူသော ယဇ်ကို ပူဇော်ခြင်း၌) ယဇ်ယောက်မသဖွယ် ဖြစ်၏၊ (သတ္တဝါတို့၏) နှလုံးသည် (တရားတည်းဟူသော) ယဇ်၏ မီးတောက်ရာ ဌာနသဖွယ် ဖြစ်၏၊ သတ္တဝါအပေါင်း၏ ကောင်းစွာယဉ်ကျေးသော စိတ်သည် မီးသဖွယ် ဖြစ်၏။

ပုဏ္ဏား(အဋ္ဌင်္ဂိကမဂ်)တရားသည် ထုံးအိုင်သဖွယ်ဖြစ်၏၊ သီလဟူသော ရေချိုးဆိပ်ရှိ၏၊ မနောက်ကျု၊ သူတော်ကောင်းတို့သည် သူတော်ကောင်းတို့အား ချီးမွမ်းအပ်၏၊ အကြင် ထုံးအိုင်၌ စင်စစ် ဉာဏ်၏အဆုံးသို့ ရောက်ကြသူ(ရဟန္တာပုဂ္ဂိုလ်တို့သည်) ရေချိုးကုန်၏၊ ထိုထုံးအိုင်၌ မစွတ်သော ကိုယ် ရှိကုန်သည်ဖြစ်၍သာလျှင် တဖက်ကမ်း (နိဗ္ဗာန်)သို့ ကူးကုန်၏။

ပုဏ္ဏား မှန်ကန်သောစကား တရား 'ဓမ္မ' စောင့်စည်းမှု ဟူသော ဤဗြဟ္မစရိယသည် မဇ္ဈိမပဋိပဒါကို မှီသည်ဖြစ်၍ မြတ်သောအဖြစ်သို့ ရောက်၏၊ ထိုသင်သည် ဖြောင့်မတ်ကုန်

http://www.dhammadownload.com



သော(ရဟန္တာ)ပုဂ္ဂိုလ်တို့၌ ရှိခိုးခြင်းကိုပြုလော့၊ ထိုသူကို တရားအနှစ်ရှိ၏၊ ဤသို့ ငါဟော၏''ဟု (ရွတ်ဆိုဟောကြား၏)။

ဤသို့ ဟောကြားတော်မူသည်ရှိသော် သုန္ဒရိကဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားကို ဤသို့လျှောက်၏၊ အသျှင်ဂေါတမ (တရားတော်သည်) အလွန် နှစ်သက်ဖွယ်ရှိပါ၏ ။ပ။ အသျှင်ဘာရဒွါဇသည် ရဟန္တာပုဂ္ဂိုလ်တို့တွင် တပါးအပါအဝင် ဖြစ်၏။

## ၁၀-ဗဟုဓီတရသုတ်

၁၉၆။ အခါတပါး၌ မြတ်စွာဘုရားသည် ကောသလတိုင်း တောအုပ်တခု၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ဘာရဒွါဇအနွယ်ဖြစ်သော ပုဏ္ဏားတယောက်အား ခိုင်းနွားတဆယ့်လေးကောင်တို့သည် ပျောက်ကုန်၏၊ ထိုအခါ၌ ဘာရဒွါဇအနွယ်ဖြစ်သော ပုဏ္ဏားသည် ထိုနွားတို့ကို ရှာသည်ရှိသော် ထိုတောအုပ်သို့ ချဉ်းကပ်ပြီးလျှင် တောအုပ်အတွင်း၌ ထက်ဝယ်ဖွဲ့ခွေ၍ ကိုယ်ကို ဖြောင့်မတ်စွာထားလျက် ကမ္မဋ္ဌာန်းသို့ ရှေးရှု သတိကိုဖြစ်စေကာ ထိုင်နေတော်မူသော မြတ်စွာဘုရားကို မြင်သောကြောင့် မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာတို့ကို ရွတ်ဆိုလျှောက်ထား၏—

"ဤရဟန်းအား နွားပျောက်၍ ခြောက်ရက်ရှိလာသော ဤယနေ့၌ ခိုင်းနွား တဆယ့်လေးကောင်တို့ မပျောက်လေကုန်သလော၊ထိုသို့ မပျောက်သောကြောင့် ဤရဟန်းသည် ချမ်းသာစွာ နေရယောင်တကား။

ဤရဟန်းအား နှမ်းခင်း၌ တရွက် နှစ်ရွက်သာ ကြွင်းကျန်ရစ်ကုန်သော နှမ်းငုတ်တို့ မရှိလေကုန်သလော၊ထိုသို့မရှိသောကြောင့် ဤရဟန်းသည် ချမ်းသာစွာနေရယောင်တကား။

ဤရဟန်းအား အချည်းနှီးသောကျီ၌ ကြွက်တို့ လှည့်လည်လျက် မမြူးထူးကုန်သလော၊ ထိုသို့ မမြူးထူးသောကြောင့် ဤရဟန်းအား ချမ်းသာစွာ နေရယောင်တကား။

ဤရဟန်းအား ခုနစ်လပတ်လုံး သုတ်သင်မှုကင်းသော မြက်အခင်းသည် ဥပ္ပါဠကပိုးတို့ဖြင့် မဖုံးလွှမ်းလေသလော၊ ထိုသို့ မဖုံးလွှမ်းသောကြောင့် ဤရဟန်းသည် ချမ်းသာစွာ နေရယောင်တကား။

ဤရဟန်းအား သားတယောက် နှစ်ယောက်စီရှိကုန်သော မုဆိုးမဖြစ်သည့် သမီးခုနစ်ယောက်တို့ မရှိကုန်သလော၊ ထိုသို့ မရှိသောကြောင့် ဤရဟန်းသည် ချမ်းသာစွာ နေရယောင်တကား။

ဤရဟန်းအား မျက်စိနီကြောင်၍ မှည့်မည်းရှိသော မိန်းမသည် အိပ်နေသူကို ခြေဖြင့် ကျောက်ကန်၍ မနှိုးလေသလော၊ ထိုသို့မနှိုးသောကြောင့် ဤရဟန်းသည် ချမ်းသာစွာ နေရယောင်တကား။

ဤရဟန်းအား မိုးသောက်ထအခါ၌ မြီရှင်တို့သည် 'ပေးကုန်လော့၊ ပေးကုန်လော့'ဟု မတောင်းကုန်လေသလော၊ထိုသို့မတောင်းသောကြောင့်ဤရဟန်းသည် ချမ်းသာစွာနေရယောင်တကား''ဟု (ရွတ်ဆိုလျှောက်ထား၏)။

http://www.dhammadownload.com



ပုဏ္ဏား ငါ့အား နွားပျောက်၍ ခြောက်ရက်ရှိလာသော ဤယနေ့၌ ခိုင်းနွား တဆယ့်လေးကောင်တို့ မပျောက်ကုန်၊ ပုဏ္ဏား ထိုကြောင့် ငါသည် ချမ်းသာစွာ နေရ၏။

ပုဏ္ဏား ငါ့အား နှမ်းခင်း၌ တရွက် နှစ်ရွက်သာ ကြွင်းကျန်ရစ်ကုန်သော နှမ်းငုတ်တို့ မရှိကုန်၊ ပုဏ္ဏား ထို့ကြောင့် ငါသည် ချမ်းသာစွာ နေရ၏။

ပုဏ္ဏား ငါ့အား အချည်းနှီးသော ကျီ၌ ကြွက်တို့ လှည့်လည်သျက် မမြူးထူးကုန်၊ ပုဏ္ဏား ထို့ကြောင့် ငါသည် ချမ်းသာစွာ နေရ၏။

ပုဏ္ဏား ငါ့အား ခုနစ်လပတ်လုံး သုတ်သင်မှုကင်းသော မြက်အခင်းသည် ဥပ္ပါဠ္ဌာပိုးတို့ဖြင့် မဖုံးလွှမ်း၊ ပုဏ္ဏား ထို့ကြောင့် ငါသည် ချမ်းသာစွာ နေရ၏။

ပုဏ္ဏား ငါ့အား သားတယောက် နှစ်ယောက်စီ ရှိကုန်သော မုဆိုးမဖြစ်သည့် သမီးခုနစ်ယောက်တို့ မရှိကုန်၊ ပုဏ္ဏား ထို့ကြောင့် ငါသည် ချမ်းသာစွာ နေရ၏။

ပုဏ္ဏား ငါ့အား မျက်စိနီကြောင်၍ မှည့်မည်းရှိသော မိန်းမသည် အိပ်နေသည်ကို ခြေဖြင့်ကျောက်ကန်၍ မနှိုး၊ ပုဏ္ဏား ထို့ကြောင့် ငါသည် ချမ်းသာစွာ နေရ၏။

ပုဏ္ဏား ငါ့အား မိုးသောက်သအခါ၌ မြီရှင်တို့သည် 'ပေးကုန်လော့၊ ပေးကုန်လော့' ဟု မတောင်းကုန်၊ ပုဏ္ဏား ထို့ကြောင့် ငါသည် ချမ်းသာစွာ နေရ၏''ဟု(မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသည်ရှိသော် ဘာရဒွါဇအနွယ်ဖြစ်သော ပုဏ္ဏားသည် မြတ်စွာဘုရားအား ဤသို့ လျှောက်၏ ''အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိစွတကား၊ အသျှင်ဂေါတမ(တရားတော်သည်)အလွန်နှစ်သက်ဖွယ် ရှိစွတကား၊အသျှင်ဂေါတမ ဥပမာသော်ကား မှောက်၍ ထားအပ်သောဝတ္ထုကို လှန်၍ ပြရာသကဲ့သို့၎င်း ဖုံးလွှမ်း၍ထားသော ဝတ္ထုကို ဖွင့်လှစ်၍ပြရာသကဲ့သို့၎င်း ခရီးမှားသောသူအား လမ်းမှန်ကို ပြောကြားရာသကဲ့သို့၎င်း 'မျက်စိအမြင်ရှိကုန်သော သူတို့သည်ရူပါရုံတို့ကို မြင်ကုန်လတ္တံ့'ဟုအမိုက်မှောင်၌မီးတိုင်ဆီမီးတန်ဆောင်ကို ဆောင်ပြရာသကဲ့သို့၎င်း ဤအတူသာလျှင် အသျှင်ဂေါတမသည် များစွာသောအကြောင်းဖြင့် တရားတော်ကို ပြတော်မူ၏၊ ထိုအကျွန်ုပ်သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကို၎င်း သံဃာတော်ကို၎င်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အကျွန်ုပ်သည် အသျှင်ဂေါတမ၏အထံ၌ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရလိုပါ၏''ဟု လျှောက်၏၊ ဘာရဒွါဇအနွယ်ဖြစ်သောပုဏ္ဏားသည် မြတ်စွာဘုရား၏ အထံ၌ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရသည်သာလျှင်တည်း။

ရဟန်းဖြစ်၍မကြာမြင့်သေးသော အသျှင်ဘာရဒွါဇသည် တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့မလျော့ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိကာ နေသည်ရှိသော် မကြာမြင့်မီပင်လျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရဟန်းပြုကြသော အမျိုးသားများ လိုလားတောင့်တအပ်သော အတုမရှိသော အကျင့်မြတ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်ကို မျက်မှောက်သော ကိုယ်၏အဖြစ်၌သာလျှင်ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် ကောင်းစွာသိ၍ မျက်မှောက်ပြုလျက် ရောက်၍နေ၏၊ ''ပဋိသန္ဓေနေမှုကုန်ပြီ၊မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်)ကိစ္စအလို့ငှါ တပါးသောပြုဖွယ်မရှိတော့ပြီ''ဟုသိ၏၊အသျှင်ဘာရဒွါဇသည် ရဟန္တာပုဂ္ဂိုလ်တို့တွင်တပါးအပါအဝင်ဖြစ်လေသတည်း။

ရှေးဦးစွာသော အရဟန္တဝဂ် ပြီး၏။

http://www.dhammadownload.com



## ၂-ဥပါသကဝဂ် ၁-ကသိဘာရဒွါဇသုတ်

၁၉၇။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်–အခါတပါး၌ မြတ်စွာဘုရားသည် မဂဓတိုင်း ဒက္ခိဏာဂိရိဇနပုဒ် ဧကနာဠ ပုဏ္ဏားရွာ၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ကသိဘာရဒွါဇပုဏ္ဏားအား ပျိုးကြဲသောအခါ၌ ထွန်ငါးရာတို့ကို နွားတို့ဖြင့် ကအပ်ကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ဆောင်ယူပြီးလျှင် ကသိဘာရဒွါဇပုဏ္ဏား၏ အလုပ်ရှင်သို့ ချဉ်းကပ်တော်မူ၏။

ထိုအခါ ကသိဘာရဒွါဇပုဏ္ဏားသည် (လုပ်သားတို့အား) ကျွေးမွေးဆဲဖြစ်၏၊ မြတ်စွာဘုရားသည် ထိုကျွေးမွေးရာ အရပ်သို့ ချဉ်းကပ်တော်မူပြီးလျှင် တခုသောအရပ်၌ ရပ်တော်မူ၏၊ ကသိဘာရဒွါဇအမည်ရှိသော ပုဏ္ဏားသည် ဆွမ်းအလို့ငှါ ရပ်တော်မူသော မြတ်စွာဘုရားကို မြင်လေလျှင် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ "ရဟန်း အကျွန်ုပ်သည် ထွန်လည်း ထွန်၏၊ စိုက်ပျိုးလည်း စိုက်ပျိုး၏၊ ထွန်၍၎င်း စိုက်ပျိုး၍၎င်း စား၏၊ ရဟန်း သင်သည်လည်း ထွန်လည်းထွန်လော့၊ စိုက်ပျိုးလည်း စိုက်ပျိုးလော့၊ ထွန်း၍၎င်း စိုက်ပျိုး၍၎င်း စားလော့"ဟု လျှောက်၏။ "ပုဏ္ဏား ငါသည် ထွန်လည်း ထွန်၏၊ စိုက်ပျိုးလည်း စိုက်ပျိုး၏၊ ထွန်၍၎င်း စိုက်ပျိုး၍၎င်း စား၏"ဟု မိန့်တော်မူ၏၊ အကျွန်ုပ်တို့သည် ရဟန်းဂေါတမ၏ ထမ်းပိုးကို၎င်း ထွန်တုံးကို၎င်း ထွန်သွားကို၎င်း နှင်တံကို၎င်း နွားလားတို့ကို၎င်း မတွေ့မြင်ရပါကုန်၊ သို့ဖြစ်လျက် အသျှင်ဂေါတမသည် "ပုဏ္ဏား ငါသည် ထွန်လည်း ထွန်၏၊ စိုက်ပျိုးလည်းစိုက်ပျိုး၏၊ ထွန်၍၎င်း စိုက်ပျိုး၍၎င်း စား၏"ဟု မိန့်ဆိုဘိ၏ဟု လျှောက်၏၊ ထိုအခါ ကသိဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားကို ဂါထာဖြင့် ရွတ်ဆိုလျှောက်၏–

"သင်သည် လယ်ထွန်သူဟူ၍ ဝန်ခံ၏၊ သင်၏လယ်ထွန်မှုကို အကျွန်ုပ်မမြင်ရ၊ အကျွန်ုပ် မေးအပ်သော လယ်ထွန်သောသင်သည် ဖြေကြားပါလော့၊ ထိုလယ်ထွန်မှုကို အဘယ် သို့လျှင် သိရကုန်အံ့နည်း"ဟု (လျှောက်၏)။

"ပုဏ္ဏား ငါ၏ ယုံကြည်မှု သဒ္ဓါသည် မျိုးစေ့မည်၏၊ ငါ၏ ဣန္ဒြိယသံဝရသီလသည် မိုးရေမည်၏၊ ငါ၏ပညာသည် ထမ်းပိုး ထွန်တုံး မည်၏၊ ငါ၏ ရှက်မှု ဟိရီတရားသည် ထွန်သံမည်၏၊ ငါ၏စိတ်သည် ကြိုးမည်၏၊ ငါ၏အောက်မေ့မှု သတိသည် ထွန်သွား နှင်တံမည်၏။

ကာယသုစရိုက်သုံးပါးဖြင့် လုံခြုံ၏၊ ဝစီသုစရိုက် လေးပါးဖြင့်လည်း လုံခြုံ၏၊ အာဟာရ (ရှာမှီးရာ)၌၎င်း ဝမ်းရေး (သုံးဆောင်ရာ)၌၎င်း စောင့်ရှောက်၏၊ ဝစီသစ္စာဖြင့် ရိတ်ဖြတ်ခြင်းကို ပြု၏၊ ကောင်းသော နိဗ္ဗာန်၌ မွေ့လျော်သည်၏အဖြစ်ဟု ဆိုအပ်သော အရဟတ္တဖိုလ်သည် ငါ၏လွတ်မြောက်ခြင်း ဖြစ်၏။

ငါဘုရား၏ ဝီရိယသည် နိဗ္ဗာန်သို့ ဆောင်ရွက် ရုန်းသည်ဖြစ်၍ ဝန်ရုန်းနွားမည်၏၊ အကြင် နိဗ္ဗာန်အရပ်သို့ရောက်သော် မစိုးရိမ်ရ၊ ထိုနိဗ္ဗာန်အရပ်သို့ မဆုတ်မနစ် ရုန်းသွား၏။

ပုဏ္ဏား ဤသို့လျှင် လယ်ထွန်မှုဖြစ်၏၊ ထိုလယ်ထွန်ခြင်းသည်ကား အမြိုက်နိဗ္ဗာန် အသီးရှိ၏၊ ဤသို့သော လယ်ထွန်ခြင်းကို ထွန်ပြီးသည်ရှိသော် အလုံးစုံသော ဆင်းရဲမှ လွတ်မြောက်၏"ဟု မိန့်တော်မူ၏။

"အသျှင်ဂေါတမသည် အမြိုက်နိဗ္ဗာန်အသီးရှိသော လယ်ထွန်သောကြောင့် လယ်ထွန် ယောကျ်ားဖြစ်တော်မူပါပေ၏၊ အသျှင်ဂေါတမသည် ဘုဉ်းပေးတော်မူပါလော့"ဟု (လျှောက်၏)။

http://www.dhammadownload.com



"ပုဏ္ဏား ဂါထာဖြင့် သီဆို၍ ရသော ဆွမ်းကို ငါမသုံးဆောင်၊ပုဏ္ဏားအကျိုးအကြောင်းကို သိမြင်ကုန်သော သူတို့အား ဤသုံးဆောင်ခြင်းသည် တရားသဘောသို့ မသက်ဝင်၊ ဘုရားရှင်တို့သည်ဂါထာဖြင့်သီဆို၍ ရသောဆွမ်းကို ပယ်ကုန်၏၊ ပုဏ္ဏား ဤသည်လျှင် သူတော်ကောင်းတရား၌ တည်ကုန်သော ဘုရားရှင်တို့၏ အသက်မွေးခြင်းတည်း။

ပုဏ္ဏား ဂုဏ်ကျေးဇူးကို ရှာမှီးတတ်သော နောင်တ ပူပန်မှု ငြိမ်းပြီးသော အလုံးစုံကိစ္စ ပြီးပြီးသော ရဟန္တာပုဂ္ဂိုလ်ကို (ဂါထာဖြင့်) ရွတ်ဆို၍ ရသောဆွမ်းမှတပါး အခြားသော ဆွမ်းဖြင့်၎င်း အဖျော်ဖြင့်၎င်း လုပ်ကျွေးလော့၊ ထိုရဟန္တာပုဂ္ဂိုလ်သည် ကောင်းမှုကို အလိုရှိသော သူ၏ လယ်မြေသဖွယ် ဖြစ်၏"ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသည်ရှိသော် ကသိဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏၊ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါ၏။ပ။ ယနေ့မှစ၍ ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်သော ဥပါသကာဟု မှတ်တော်မူပါလော့ ဟု (လျှောက်၏)။

## ၂-ဥဒယသုတ်

၁၉၇။ သာဝတ္ထိနိဒါန်း။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် ဥဒယပုဏ္ဏား၏ အိမ်သို့ ချဉ်းကပ်တော်မူ၏၊ ထိုအခါ ဥဒယပုဏ္ဏားသည် မြတ်စွာဘုရား၏ သပိတ်ကို ဆွမ်းဖြင့် ပြည့်စေ၏၊ နှစ်ကြိမ်မြောက်လည်း၊ မြတ်စွာဘုရားသည် နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် ဥဒယပုဏ္ဏား၏ အိမ်သို့ ချဉ်းကပ်တော်မူ၏ ။ပ။ သုံးကြိမ်မြောက်လည်း ဥဒယပုဏ္ဏားသည် မြတ်စွာဘုရား၏ သပိတ်ကို ဆွမ်းဖြင့် ပြည့်စေ၍ မြတ်စွာဘုရားအား "ဤရဟန်းဂေါတမသည် အရသာ၌ တပ်မက်မောသည် ဖြစ်၍ အဖန်တလဲလဲ လာ၏"ဟု လျှောက်၏—

"ပုဏ္ဏား မျိုးစေ့ကို အဖန်တလဲလဲပင် စိုက်ပျိုးကုန်၏၊မိုးမင်းသည် အဖန်တလဲလဲ ရွာသွန်း၏၊ လယ်ထွန်ယောကျ်ားတို့သည် အဖန်တလဲလဲ လယ်ထွန်ကုန်၏၊ တိုင်းနိုင်ငံသည် အဖန်တလဲလဲ စပါးအလို့ငှာ ကပ်ရောက်၏။

ဖုန်းတောင်းယာစကာတို့သည် အဖန်တလဲလဲ တောင်းကုန်၏၊ အလှူရှင်တို့သည် အဖန်တလဲလဲ ပေးလှူကုန်၏၊ အလှူရှင်သည် အဖန်တလဲလဲ ပေးလှူ၍ အဖန်တလဲလဲ နတ်ပြည်ဌာနသို့ ရောက်ရ၏။

နို့ညှစ်သမားတို့သည် အဖန်တလဲလဲ နို့ညှစ်ကုန်၏၊ နွားငယ်သည် အဖန်အလဲလဲ အမိနွားမသို့ ကပ်၏၊ အဖန်တလဲလဲ ပင်ပန်း၏၊ ကုန်လှုပ်လည်း တုန်လှုပ်၏၊ ပညာနုံ့သော သူသည် အဖန်တလဲလဲ အမိဝမ်းသို့ ရောက်ရ၏။

အဖန်တလဲလဲ ပဋိသန္ဓေလည်း နေရ၏၊ သေလည်း သေရ၏၊ အဖန်တလဲလဲ သင်းချိုင်းသို့ ဆောင်ကုန်၏၊ပညာကြီးသူသည် အဖန်တလဲလဲမဖြစ်ခြင်း၏ အကြောင်း နိဗ္ဗာန်ကိုရ၍ အဖန်တလဲလဲ ပဋိသန္ဓေ မနေရ" ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသည်ရှိသော် ဥဒယပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကိုလျှောက်၏၊ "အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါ၏။ ပ။ အသျှင်ဂေါတမသည်

http://www.dhammadownload.com



အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သူ ဥပါသကာ ဟူ၍ မှတ်တော်မူလော့''ဟု (လျှောက်၏)။

## ၃-ဒေဝဟိတသုတ်

၁၉၉။ သာဝတ္ထိနိဒါန်း။ ထိုအခါ၌ မြတ်စွာဘုရားသည်လေနာစွဲကပ်တော်မူ၏။အသျှင်ဥပဝါဏသည်လည်းမြတ်စွာဘုရား၏ အလုပ်အကျွေး ဖြစ်၏၊ထိုအခါ မြတ်စွာဘုရားသည် အသျှင်ဥပဝါဏကို "ဥပဝါဏ ငါဘုရား တိုက်တွန်းတော်မူ၏၊သင်သည် ငါ့အတွက် ရေနွေးကိုသိလော့''ဟုမိန့်တော်မူ၏၊ အသျှင်ဘုရား ကောင်းပါပြီ ဟု အသျှင်ဥပဝါဏသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် ဒေဝဟိတပုဏ္ဏား၏ အိမ်သို့ ချဉ်းကပ်၍ ဆိတ်ဆိတ်နေလျက် တခုသော နေရာ၌ ရပ်၏၊ ဒေဝဟိတပုဏ္ဏားသည် ဆိတ်ဆိတ်နေလျက် တခုသော နေရာ၌ ရပ်သော အသျှင်ဥပဝါဏကို မြင်လေလျှင် ဂါထာဖြင့် ရွတ်ဆိုလျှောက်ထား၏-

"ဦးပြည်းသည်ဖြစ်၍ ဒုကုဋ်သင်္ကန်းကိုရုံလျက် ဆိတ်ဆိတ်ရပ်နေသော အသျှင်သည် အဘယ်ကို တောင့်တလျက် အဘယ်ကို ရှာမှီးလိုသည်ဖြစ်၍ အဘယ်ကို တောင်းခံခြင်းငှါ လာသနည်း''ဟု လျှောက်၏၊

"ပုဏ္ဏား လောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် လေနာစွဲကပ်တော်မူ၏၊ ပုဏ္ဏား သင့်အား အကယ်၍ရေနွေး ရှိသည်ဖြစ်အံ့၊ မြတ်စွာဘုရားအား လှူလော့။

ပူဇော်ထိုက်ကုန်သော သူတို့၏ အပူဇော်ကို ခံရသော အလေးအမြတ် ပြုထိုက်ကုန်သော သူတို့၏ အလေးအမြတ်ပြုခံရသော အရိုအသေပြုထိုက်ကုန်သော သူတို့၏ အရိုအသေပြုခံရသော ထိုမြတ်စွာဘုရားအတွက် ထိုရေနွေးကို ဆောင်ရန် အလိုရှိ၏'' ဟု (မိန့်ဆို၏)။

ထိုအခါ၌ ဒေဝဟိတပုဏ္ဏားသည် ရေနွေးထမ်းကိုယောကျ်ားအား ယူစေ၍ တင်လဲထုပ်ကိုလည်းအသျှင်ဥပဝါဏအား လှူ၏၊ ထိုအခါ၌အသျှင်ဥပဝါဏသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားအား ရေနွေးဖြင့် ရေချိုးစေပြီးလျှင် ရေနွေးဖြင့် တင်လဲကို ဖျော်ကာ မြတ်စွာဘုရားအား ဆက်ကပ်၏၊ ထိုအခါ၌ မြတ်စွာဘုရား၏ လေနာသည် ငြိမ်းလေ၏။

ထိုအခါ ဒေဝဟိတပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် ပြောဆို၏၊ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားကို ဂါထာဖြင့် ရွတ်ဆိုလျှောက်ထား၏-

"အဘယ်ပုဂ္ဂိုလ်၌ လှူဖွယ်ဝတ္ထုကို လှူရအံ့နည်း၊ အဘယ်ပုဂ္ဂိုလ်၌ လှူအပ်သော အလှူသည် အကျိုးကြီးပါသနည်း၊ အဘယ်သို့လျှင် ပေးလှူပူဇော်သောသူအား အဘယ်သို့လျှင် အလှူသည် ပြည့်စုံသနည်း'' ဟု လျှောက်၏။

ပုဏ္ဏား အကြင်ရဟန်းသည် ရှေး၌နေခဲ့ဘူးသော ခန္ဓာအစဉ်ကို သိ၏၊ နတ်ပြည်ကိုရင်း အပါယ်ကိုရင်း မြင်၏၊ ထိုမှတပါး ဇာတိ၏ကုန်ရာ (အရဟတ္တဖိုလ်) သို့ ရောက်၏၊ ထူးသော ဉာဏ်ဖြင့် သိပြီး၍ မြတ်သောအကျင့်ကို ကျင့်သုံးပြီး ဖြစ်၏၊

http://www.dhammadownload.com



ဤရဟန္တာပုဂ္ဂိုလ်၌ လှူဖွယ်ကို လှူရာ၏၊ ဤရဟန္တာပုဂ္ဂိုလ်၌ ပေးလှူအပ်သောအလှူသည် အကျိုးကြီး၏၊ ဤသို့လျှင် ပေးလှူပူဇော်သော သူအား ဤသို့လျှင် အလှူသည် ပြည့်စုံ၏”ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသည်ရှိသော် ဒေဝဟိတပုဏ္ဏားသည် မြတ်စွာဘုရားအား ဤသို့လျှောက်၏၊ “အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါ၏။ပ။ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်သော ဥပါသကာဟူ၍ မှတ်တော်မူပါလော့”ဟု (လျှောက်၏)။

## ၄-မဟာသာလသုတ်

၂၀၀။ သာဝတ္ထိနိဒါန်း။ ထိုအခါ၌ အိုမင်းသည်ဖြစ်၍ ဟောင်းနွမ်းသော အဝတ်အရုံ ရှိသော ပြာဟ္မဏမဟာသာလ ပုဏ္ဏားတယောက်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေ၍ တခုသောနေရာ၌ထိုင်နေ၏၊ တခုသောနေရာ၌ထိုင်နေသော ထိုပြာဟ္မဏမဟာသာလပုဏ္ဏားအား မြတ်စွာဘုရားသည်— ပုဏ္ဏား သင်သည် အဘယ့်ကြောင့် အိုမင်းသည်ဖြစ်၍ ဟောင်းနွမ်းသော အဝတ်အရုံရှိသနည်းဟု မိန့်တော်မူ၏၊ အသျှင်ဂေါတမ ဤအရပ်၌ အကျွန်ုပ်အား သားလေးယောက် ရှိပါကုန်၏၊ ထိုသားတို့သည် မယားတို့နှင့် တိုင်ပင်၍ အကျွန်ုပ်ကို အိမ်မှနှင်ထုတ်ပါကုန်၏ဟု (လျှောက်၏)၊ “ပုဏ္ဏား သို့ဖြစ်လျှင် သင်သည် ဤဂါထာတို့ကို သင်ယူ၍ လူအပေါင်းစုဝေးရာ အစည်းအဝေးသဘင်၌ သားတို့ အတူတကွထိုင်နေကုန်သည် ရှိသော် ရွတ်လော့”ဟု မိန့်ဆို၏—

“အကြင်သားတို့ဖြင့် အကျွန်ုပ် နှစ်သက်ဝမ်းမြောက်ခဲ့ရ၏၊ အကြင်သားတို့၏ ကြီးပွားခြင်းကိုလည်း အလိုရှိခဲ့၏၊ ခွေးတို့သည် ဝက်ကို (ဟောင်၍) နှင်ထုတ်ကုန်သကဲ့သို့ ထိုသားတို့သည် မယားတို့နှင့်အတူ တိုင်ပင်ကာ ငါ့ကို (မြည်တမ်းဟောက်အော်၍) နှင်ထုတ်ကုန်၏။

သူတော်မဟုတ် ယုတ်မာသော ရက္ခိုသ်တို့သည် သားတို့၏ အသွင်အပြင်ဖြင့် ငါ့ကို ‘ဖခင် ဖခင်’ဟုခေါ်ကုန်၏၊ ထိုရက္ခိုသ်တို့သည် အရွယ်လွန်သော ငါ့ကို စွန့်ကုန်ယောင်တကား။

အိုမင်းသည်ဖြစ်၍ အသုံးမပြုနိုင်သော မြင်းကိုအစာမကျွေးဘဲ ဖယ်ထားဘိသကဲ့သို့ သူမိုက်တို့၏ အဖအိုသည် သူတပါးအိမ်တို့၌ တောင်းစားရ၏။

ငါ၏ လက်စွဲတောင်ဝှေးသည်ကား မြတ်သေး၏၊ ငါ့အား မရှိသေ မတုပ်ဝပ်သော သားတို့သည် မမြတ်ကုန်၊ တောင်ဝှေးသည် ကြမ်းသော နွားကိုလည်း တားမြစ်နိုင်၏၊ ထို့ပြင် ကြမ်းသောခွေးကိုလည်း တားမြစ်နိုင်၏။

တောင်ဝှေးသည် မှောင်ထဲ၌ ရှေ့သွားဖြစ်နိုင်၏၊ နက်သောရေ၌ ထောက်တည်ရာကို ရနိုင်၏၊ ချော်ကျသော်လည်း တောင်ဝှေး၏ အစွမ်းကြောင့် ရပ်တည်နိုင်ရ၏၊ ထို့ကြောင့် တောင်ဝှေးသည် သားတို့ထက် မြတ်သေး၏”ဟု ဤသို့ (ရွတ်ဆိုလော့ဟု မိန့်ဆို၏)။

ထိုအခါ ပြာဟ္မဏမဟာသာလ ပုဏ္ဏားသည် မြတ်စွာဘုရားအထံ၌ ဤဂါထာတို့ကို သင်ယူ၍ လူ့အပေါင်းစုဝေးရာ အစည်းအဝေးသဘင်၌ သားတို့ အတူတကွ ထိုင်နေကုန်သည်ရှိသော် ရွတ်ဆို၏—

http://www.dhammadownload.com



"အကြင်သားတို့ဖြင့် အကျွန်ုပ် နှစ်သက်ဝမ်းမြောက်ခဲ့ရ၏၊ အကြင်သားတို့၏ ကြီးပွားခြင်းကိုလည်း အလိုရှိခဲ့၏၊ ခွေးတို့သည် ဝက်ကို(ဟောင်၍) နှင်ထုတ်ကုန်သကဲ့သို့ ထိုသားတို့သည် မယားတို့နှင့်အတူ တိုင်ပင်ကာ ငါ့ကို(မြည်တမ်း ဝေါက်အော်၍) နှင်ထုတ်ကုန်၏။

သူတော်မဟုတ် ယုတ်မာသော ရက္ခိုဋ်တို့သည် သားတို့၏ အသွင်အပြင်ဖြင့် ငါ့ကို 'ဖခင် ဖခင်'ဟု ခေါ်ကုန်၏၊ ထိုရက္ခိုဋ်တို့သည် အရွယ်လွန်သော ငါ့ကို စွန့်ကုန်ယောင်တကား။

အိုမင်းသည် ဖြစ်၍ အသုံးမပြုနိုင်သော မြင်းကို အစာမကျွေးဘဲ ဖယ်ထားဘိသကဲ့သို့ သူမိုက်တို့၏ အဖအိုသည် သူတပါးအိမ်တို့၌ တောင်းစားရ၏။

ငါ၏ လက်စွဲ တောင်ဝှေးသည်သာလျှင် မြတ်သေး၏၊ ငါ့အား မရိုသေ မတုပ်ဝပ်သော သားတို့သည် မမြတ်ကုန်၊ တောင်ဝှေးသည် ကြမ်းသော နွားကိုလည်း တားမြစ်နိုင်၏၊ ထို့ပြင်ကြမ်းသော ခွေးကိုလည်း တားမြစ်နိုင်၏။

တောင်ဝှေးသည် မှောင်ထဲ၌ မြွေသွားဖြစ်နိုင်၏၊ နက်သော ရေ၌ ထောက်တည်ရာကို ရနိုင်၏၊ ချော်ကျသော်လည်း တောင်ဝှေး၏အစွမ်းကြောင့် ရပ်တည်နိုင်ရ၏၊ ထို့ကြောင့် တောင်ဝှေးသည် သားတို့ထက် မြတ်သေး၏"ဟု ဤသို့ ရွတ်ဆို၏။

ထိုအခါ၌ ထိုဗြာဟ္မဏမဟာသာလပုဏ္ဏားကို သားတို့သည် အိမ်သို့ခေါ်ဆောင်ကာ ရေချိုးစေ၍ အသီးအသီး ပုဆိုးအစုံကို ပေးကုန်၏၊ ထိုအခါ ထိုဗြာဟ္မဏမဟာသာလ ပုဏ္ဏားသည် တခုသော ပုဆိုးအစုံကို ယူ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေပြီးနောက်တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား "အသျှင်ဂေါတမ အကျွန်ုပ်တို့ ပုဏ္ဏားတို့မည်သည်ကား ဆရာအတွက် ဆရာစားဥစ္စာကို ရှာရပါကုန်၏၊ အသျှင်ဂေါတမသည် အကျွန်ုပ်၏ ဆရာစား ဥစ္စာကို အလှူခံတော်မူပါ"ဟု လျှောက်၏၊ မြတ်စွာဘုရားသည် သနားသမှု အကြောင်းပြု၍ အလှူခံတော်မူ၏၊ ထို့နောက် ထိုဗြာဟ္မဏမဟာသာလ ပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ "အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိ၏။ပ။ ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်သော ဥပါသကာဟူ၍ မှတ်တော်ပါလော့"ဟု လျှောက်၏။

## ၅-မာနတ္ထဒ္ဓသုတ်

၂၀၁။ သာဝတ္ထိနိဒါန်း။ ထိုအခါ မာနတ္ထဒ္ဓပုဏ္ဏားသည် သာဝတ္ထိပြည်၌နေ၏၊ ထိုပုဏ္ဏားသည် အမိကို ရှိမခိုး၊ အဖကိုရှိမခိုး၊ ဆရာကိုရှိမခိုး၊ အစ်ကိုကိုရှိမခိုး၊ ထိုအခါ မြတ်စွာဘုရားသည် ပရိသတ်များစွာ ခြံရံလျက် တရားဟောတော်မူ၏၊ ထိုအခါ မာနတ္ထဒ္ဓပုဏ္ဏားအား ဤအကြံသည် ဖြစ်၏ — "ဤရဟန်းဂေါတမသည် ပရိသတ်များစွာ ခြံရံလျက် တရားဟော၏၊ ငါသည် ရဟန်းဂေါတမထံသို့ ချဉ်းကပ်ရမူ ကောင်းလေစွ၊ ရဟန်းဂေါတမသည် အကယ်၍ ငါနှင့်အတူ စကားပြောဆိုသည်ဖြစ်အံ့၊ ငါသည်လည်း ထိုရဟန်းဂေါတမနှင့်အတူ စကားပြောဆိုအံ့၊ ရဟန်းဂေါတမသည်အကယ်၍ ငါနှင့်အတူ စကားမပြောဆိုသည်ဖြစ်အံ့၊ ငါသည်လည်း ထိုရဟန်းဂေါတမနှင့် အတူစကားမပြောဆိုအံ့"ဟု အကြံဖြစ်၏။ ထိုအခါ မာနတ္ထဒ္ဓပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ဆိတ်ဆိတ်နေလျက် တခုသောနေရာ၌ ရပ်တည်နေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ထိုမာနတ္ထဒ္ဓပုဏ္ဏားကို စကားပြောဆိုတော်မမူ၊ ထိုအခါ၌ မာနတ္ထဒ္ဓပုဏ္ဏားသည် "ဤရဟန်းဂေါတမသည် တစုံတရာဘာမျှ

http://www.dhammadownload.com



မသိ''ဟု အကြံဖြစ်၍ ထိုအရပ်မှသာလျှင် တဖန်ပြန်ဆုတ်လိုသော စိတ်ရှိ၏၊ ထိုအခါ မြတ်စွာဘုရားသည် မာနတ္ထဒ္ဓပုဏ္ဏား၏ စိတ်အကြံကို မိမိစိတ်ဖြင့် သိ၍ မာနတ္ထဒ္ဓပုဏ္ဏားကို ဂါထာဖြင့် ရွတ်ဆို၏—

''ပုဏ္ဏား ဤလောက၌ မာန်မူခြင်းသည် မကောင်း၊ ပုဏ္ဏား အကျိုးစီးပွါးကို အလိုရှိသော သူအား အကြင်အကျိုးစီးပွါးကြောင့် ငါ့ထံသို့ လာ၏၊ ထိုအလိုရှိသော အကျိုးစီးပွါးကို သာလျှင် ပွါးစေရာ၏''ဟု ရွတ်ဆို၏။

ထိုအခါ၌ မာနတ္ထဒ္ဓပုဏ္ဏားသည်''ငါ၏စိတ်ကို ရဟန်းဂေါတမ သိ၏''ဟု ထိုခဏ၌ပင်လျှင်မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် တိုက်၍ ခံတွင်းဖြင့် စုတ်၏၊ လက်တို့ဖြင့်လည်း ဆုပ်နယ်၏၊ ''အသျှင်ဂေါတမ အကျွန်ုပ်သည်မာနတ္ထဒ္ဓပုဏ္ဏားပါတည်း၊အသျှင်ဂေါတမ အကျွန်ုပ်သည် မာနတ္ထဒ္ဓပုဏ္ဏားပါတည်း''ဟု အမည်ကိုလည်း လျှောက်ကြား၏၊ ထိုအခါ၌ ထိုပရိသတ်သည် ''အချင်းတို့ အံ့ဖွယ်ရှိစွတကား၊ အချင်းတို့ မဖြစ်ဘူးမြဲဖြစ်စွတကား။မှန်၏၊ အချင်းတို့ ဤမာနတ္ထဒ္ဓပုဏ္ဏားသည် အမိကို ရှိမခိုး၊ အဖကို ရှိမခိုး၊ ဆရာကို ရှိမခိုး၊ အစ်ကိုယ်ကို ရှိမခိုး၊ သို့ဖြစ်လျက် ရဟန်းဂေါတမ၌ ဤသို့သဘောရှိသော လွန်ကဲသော အရိုအသေပြုခြင်းကို ပြုဘိ၏''ဟု ရှေးကမဖြစ်ဘူးသော နှစ်သက် ဝမ်းမြောက်မှု ဖြစ်၏၊ ထို့နောက် မြတ်စွာဘုရားသည် မာနတ္ထဒ္ဓပုဏ္ဏားအား ''ပုဏ္ဏား ငါ့အပေါ်၌ သင်၏ စိတ်ကြည်ညိုခြင်း ဖြစ်ခဲ့လေပြီ၊ သင့်တော်လောက်ပြီ၊ ထလော့ မိမိနေရာ၌ ထိုင်လော့''ဟု မိန့်တော်မူ၏၊ ထိုအခါ မာနတ္ထဒ္ဓပုဏ္ဏားသည် မိမိနေရာ၌ ထိုင်လျက် မြတ်စွာဘုရားကို ဂါထာဖြင့် ရွတ်ဆိုလျှောက်ထား၏—

''အသျှင်ဂေါတမ အဘယ်ပုဂ္ဂိုလ်တို့၌မာန်မာနကိုမပြုရာသနည်း၊အဘယ်ပုဂ္ဂိုလ်တို့၌အလေးအမြတ်ပြုရာသနည်း၊အဘယ်ပုဂ္ဂိုလ်တို့ကို အရိုအသေ ပြုအပ်ကုန်သနည်း၊ အဘယ်ပုဂ္ဂိုလ်တို့ကို ကောင်းစွာ ပူဇော် အပ်ကုန်သနည်း''ဟု ရွတ်ဆို၏။

ပုဏ္ဏား အမိ၌၎င်း အဖ၌၎င်း အစ်ကို၌၎င်း ဆရာ၌၎င်း ထိုပုဂ္ဂိုလ်တို့၌ မာန်မာနကို မပြုရာ၊ ထိုပုဂ္ဂိုလ်တို့၌ အလေးအမြတ်ပြုရာ၏၊ ထိုပုဂ္ဂိုလ်တို့ကို အရိုအသေပြုအပ်ကုန်ရာ၏၊ ထိုပုဂ္ဂိုလ်တို့ကို ကောင်းစွာ ပူဇော်အပ်ကုန်ရာ၏။

ပူဇော်အထူးကို ခံတော်မူထိုက်လျက် ငြိမ်းအေးကုန်သော အာသဝကင်း၍ပြုအပ်ပြီးသော ကိစ္စရှိကုန်သော အတုမဲ့ဖြစ်သည့် ထို(ရဟန္တာ) ပုဂ္ဂိုလ်တို့ကို မာန်နှိမ်ချလျက် မခက်ထန်သည် ဖြစ်၍ သင် ရှိခိုးရာ၏''ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသည်ရှိသော် မာနတ္ထဒ္ဓပုဏ္ဏားသည် မြတ်စွာဘုရားအား ''အသျှင်ဂေါတမ (တရားတော်သည်)အလွန်နှစ်သက်ဖွယ် ရှိပါ၏၊ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်သော ဥပါသကာဟူ၍ မှတ်တော်မူပါလော့'' ဟု (လျှောက်၏)။

## ၆-ပစ္စနီကသုတ်

၂၀၂။ သာဝတ္ထိနိဒါန်း။ထိုအခါ၌ ပစ္စနီကသာတမည်သော ပုဏ္ဏားသည်သာဝတ္ထိပြည်၌ နေ၏၊ ထိုအခါ၌ ပစ္စနီကသာတပုဏ္ဏားအား ''ငါသည် ရဟန်းဂေါတမထံသို့ ချဉ်းကပ်၍ ရဟန်းဂေါတမ ဆိုတိုင်း ဆိုတိုင်းသော စကားကို ဆန့်ကျင်ဖက်ပြုရမူ ကောင်းလေစွ''ဟု အကြံဖြစ်၏၊ ထိုအခါ၌ မြတ်စွာဘုရားသည် လွင်တီးခေါင်၌ စင်္ကြံကြွနေတော်မူ၏၊ ထိုအခါ ပစ္စနီကသာတပုဏ္ဏားသည်

http://www.dhammadownload.com



မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ စကြံသွားနေသော မြတ်စွာဘုရားအား "အသျှင်ရဟန်း တရားကို ဟောလော့"ဟု ဤစကားကို လျှောက်၏—

"ဆန့်ကျင်ဖက်ပြုမှုကို သာယာသော စိတ်ဖြင့်၎င်း ညစ်နွမ်းသော စိတ်ဖြင့်၎င်း ချုတ်ချယ်မှု များသောစိတ်ဖြင့်၎င်း နားထောင်သူသည် ကောင်းစွာဆိုအပ်သော စကားကို မသိနိုင်ရာ။

အကြင်သူသည် ချုတ်ချယ်လိုစိတ်ကို၎င်း စိတ်၏မကြည်လင်ခြင်းကို၎င်း ပယ်ဖျောက်၍ အမျက်ဒေါသကိုစွန့်လျက် (ကြားနာ၏)၊ ထိုသူသည်သာ ကောင်းစွာဆိုအပ်သော စကားကို စင်စစ် သိနိုင်ရာ၏"ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသည်ရှိသော် ပစ္စနီကသာတပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏"အသျှင်ဂေါတမ (တရားတော်သည်)အလွန်နှစ်သက်ဖွယ် ရှိပါ၏။ပ။ အသျှင်ဂေါတမ သည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်ခြင်းသို့ရောက်သောဥပါသကာ ဟူ၍ မှတ်တော်မူပါလော့"ဟု (လျှောက်၏)။

## ၇-နဝကမ္မိကသုတ်

၂၀၃။ အခါတပါး၌ မြတ်စွာဘုရားသည် ကောသလတိုင်း တောအုပ်တခု၌ (သီတင်းသုံး)နေ တော်မူ၏၊ ထိုအခါ နဝကမ္မိကဘာရဒွါဇပုဏ္ဏားသည် ထိုတောအုပ်၌ အလုပ်ကိစ္စကို ပြုလုပ်စေ၏၊ နဝကမ္မိကဘာရဒွါဇပုဏ္ဏားသည် တခုသော အင်ကြင်းပင်ရင်း၌ ထက်ဝယ်ဖွဲ့ခွေ၍ကိုယ်ကိုဖြောင့်မတ်စွာ ထားလျက် ကမ္မဋ္ဌာန်းသို့ ရှေးရှု သတိကို ဖြစ်စေကာ ထိုင်နေတော်မူသော မြတ်စွာဘုရားကို မြင်လျှင် ထိုပုဏ္ဏားအား "ငါသည် ဤတောအုပ်၌ အလုပ်ကိစ္စကို ပြုလုပ်စေလျက် မွေ့လျော်၏၊ ဤရဟန်း ဂေါတမသည် အဘယ်အမှုကို ပြုစေလျက် မွေ့လျော်သနည်း"ဟု အကြံဖြစ်၏၊ ထို့နောက် နဝကမ္မိကဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် မြတ်စွာဘုရားကို ဂါထာဖြင့် ရွတ်ဆိုလျှောက်ထား၏—

"ရဟန်း သင်သည် အင်ကြင်းတော၌ အဘယ်မည်သော အမှုတို့ကို ပြုအပ်ကုန်သနည်း၊ တော၌ တယောက်တည်း နေသော အသျှင် ဂေါတမသည် မွေ့လျော်မှုကို ရပါ၏လော" ဟု လျှောက်၏။

"ပုဏ္ဏား ငါ့အား တော၌ ပြုဖွယ်ကိစ္စမရှိ၊ ငါသည် တောကို၎င်း ငြောင့်ကို၎င်း အမြစ်ရင်းနှင့်တကွ ဖြတ်အပ်ပြီးပြီ၊ ထိုငါသည် ကိလေသာတော မရှိသည် ကိလေသာငြောင့် တံသင်းမရှိသည်ဖြစ်၍ မမွေ့လျော်ခြင်းကို ပယ်လျက် တော၌ တယောက်တည်းမွေ့လျော်၏"ဟု (မိန့်တော်မူ၏)။

ဤသို့မိန့်တော်မူသည်ရှိသော် နဝကမ္မိကဘာရဒွါဇပုဏ္ဏားသည်မြတ်စွာဘုရားအား ဤစကားကို လျှောက်၏၊ "အသျှင်ဂေါတမ(တရားတော်သည်)အလွန် နှစ်သက်ဖွယ်ရှိပါ၏။ပ။အသျှင်ဂေါတမ သည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခြင်းသို့ရောက်သော ဥပါသကာ ဟူ၍ မှတ်တော်မူပါလော့"ဟု လျှောက်၏။

http://www.dhammadownload.com



## ၈-ကဋ္ဌဟာရသုတ်

၂၀၄။ အခါထပါး၌ မြတ်စွာဘုရားသည် ကောသလတိုင်း တောအုပ်တခု၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ဘာရဒွါဇအနွယ်ဖြစ်သော ပုဏ္ဏားတယောက်၏ များစွာကုန်သော တပည့်ဖြစ်ကုန်သော ထင်းခွေလုလင်တို့သည် တောအုပ်ရှိရာသို့ ချဉ်းကပ်ကြကုန်သည် ရှိသော် ထိုတောအုပ်၌ ထက်ဝယ်ဖွဲ့ခွေ၍ ကိုယ်ကို ဖြောင့်မတ်စွာထားလျက် ကမ္မဋ္ဌာန်းသို့ ရှေးရှု သတိကို ဖြစ်စေကာ ထိုင်နေတော်မူသော မြတ်စွာဘုရားကို မြင်ကြကုန်လျှင် ဘာရဒွါဇအနွယ်ဖြစ်သော ပုဏ္ဏားထံသို့ ချဉ်းကပ်၍ ဘာရဒွါဇအနွယ်ဖြစ်သော ပုဏ္ဏားအား "အရှင်ပုဏ္ဏား သိတော်မူပါလော့၊ ဤမည်သောတောအုပ်၌ ရဟန်းသည် ထက်ဝယ်ဖွဲ့ခွေ၍ ကိုယ်ကို ဖြောင့်မတ်စွာထားလျက် ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိကို ဖြစ်စေကာ ထိုင်နေပါ၏" ဟု ပြောဆိုကြကုန်၏၊ ထိုအခါ ဘာရဒွါဇ အနွယ်ဖြစ်သော ပုဏ္ဏားသည် ထိုလုလင်တို့နှင့်အတူ တောအုပ်သို့ ချဉ်းကပ်လေ၏၊ ထိုတောအုပ်၌ ထက်ဝယ်ဖွဲ့ခွေ၍ ကိုယ်ကို ဖြောင့်မတ်စွာထားလျက် ကမ္မဋ္ဌာန်းသို့ ရှေးရှု သတိကို ဖြစ်စေကာ ထိုင်နေတော်မူသော မြတ်စွာဘုရားကို မြင်လေလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် ဂါထာကို့ဖြင့် ရွတ်ဆိုလျှောက်ထား၏—

"ရဟန်း သင်သည် နက်ရှိုင်းသော သဘောရှိ၍ ကြောက်ဖွယ် ဘေးဘျမ်း များပြားသော တောအုပ်ကြီးအတွင်းဝယ် ဆိတ်ငြိမ်၍ လူသူကင်းသော တောသို့ဝင်ကာ မတုန်မလှုပ် တည်တံ့ပြေပြစ်သော ကိုယ်ဖြင့် ဈာန်ဝင်စား၏၊ (သင်ကား) အလွန်ကောင်းသော သဘောရှိစွတကား။

အကြင်တော၌ သီဆိုခြင်းလည်း မရှိ၊ တီးမှုတ်ခြင်းလည်း မရှိ၊ ရဟန်းသည် ထိုတောအုပ်ကြီး အတွင်းဝယ် တယောက်တည်း တောကိုမှီ၍ နေ၏၊ တပါးတည်း နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ တော၌နေတော်မူခြင်းဟူသော ဤအံ့ဩဖွယ်သဘောသည် အကျွန်ုပ်ဉာဏ်အား ရှေးရှု ထင်ပါ၏။

"အသျှင်သည် အတုမရှိသော ဗြဟ္မာ့ပြည်၌ လောက၏ အကြီးအမှူး ဗြဟ္မာ၏ အသင်းဝင်အဖြစ်ကို လိုလားတောင့်တသည်" ဟု အကျွန်ုပ် မှတ်ထင်ပါ၏၊ အဘယ့်ကြောင့် အသျှင်သည် လူသူကင်းသော တောကို မှီတော်မူပါသနည်း၊ ဗြဟ္မာ့ပြည်သို့ ရောက်ခြင်းငှာ ဤတော၌ အကျင့်ကို ကျင့်တော်မူသလော" ဟု လျှောက်၏။

"ပုဏ္ဏား တပ်မက်မှု, အလွန်နှစ်သက်မှု, အထူးထူး အပြားပြားသော အာရုံတို့၌ အခါခပ်သိမ်း မှီနေသော များစွာသော ကိလေသာ မသိခြင်းလျှင် အရင်းအမွန်ရှိသော တဏှာဟူသော ဤတရားအားလုံးကို အမြစ်နှင့်တကွ ငါဖျက်ဆီးအပ်ပြီ။

ထို ငါဘုရားသည် အလိုမရှိပဲ မမှီပဲ အစဉ်မလိုက်ပဲ အလုံးစုံသော တရားတို့၌ စင်ကြယ်သော အမြင် ရှိသည်ဖြစ်၍ အတုမရှိသော ချမ်းသော အရဟတ္တမဂ်ဉာဏ်သို့ ရောက်ပြီး ဖြစ်ရကား ဆိတ်ငြိမ်သော တောကြီး၌ ရဲရဲရင့်ရင့် ဈာန်ဖြင့် နေ၏" ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသည်ရှိသော် ဘာရဒွါဇအနွယ်ဖြစ်သော ပုဏ္ဏားသည် မြတ်စွာဘုရားကို ဤသို့ လျှောက်၏ "အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါ၏၊ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါ၏။ပ။ ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ် ဆည်းကပ်ခြင်းသို့ ရောက်သော ဥပါသကာဟူ၍ မှတ်တော်မူပါလော့" ဟု (လျှောက်၏)။

http://www.dhammadownload.com



## ၉-မာတုပေါသကသုတ်

၂၀၅။ သာဝတ္ထိနိဒါန်း။ ထိုအခါ၌ အမိကို လုပ်ကျွေးသော ပုဏ္ဏားသည် မြတ်စွာဘုရား ထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်နေပြီးသော မြတ်စွာဘုရား အား ဤစကားကို လျှောက်၏ "အသျှင်ဂေါတမ အကျွန်ုပ်သည် တရားသဖြင့် ထမင်းကို ရှာမှီးပါ၏၊ တရားသဖြင့် ထမင်းကို ရှာမှီး၍ အမိအဖတို့ကို လုပ်ကျွေးပါ၏၊ အသျှင်ဂေါတမ အသို့နည်း၊ ဤသို့ ပြုလေ့ရှိသော အကျွန်ုပ်သည် ပြုဖွယ်ကိစ္စကို ပြုလေ့ရှိသူ ဖြစ်ပါသလော"ဟု လျှောက်၏၊ "ပုဏ္ဏား ဤသို့ပြုလေ့ရှိသော သင်သည် ပြုဖွယ်ကိစ္စကို ပြုလေ့ရှိသူဖြစ်ပေ၏၊ ပုဏ္ဏား အကြင်သူသည် တရားသဖြင့် ထမင်းကိုရှာမှီး၏၊ တရားသဖြင့် ထမင်းကို ရှာမှီး၍ အမိအဖတို့ကို လုပ်ကျွေး၏၊ ထိုသူသည် များသောကောင်းမှုတို့ကို ဖြစ်ပွားစေ၏"ဟု (မိန့်တော်မူ၏)။

"အကြင်သူသည် အမိကိုရင်း, အဖကိုရင်း တရားသဖြင့် လုပ်ကျွေး၏၊ အမိအဖတို့၌ လုပ်ကျွေးခြင်းကြောင့် ထိုလုပ်ကျွေးသောသူကို ပညာရှိတို့သည် ဤဘဝ၌ ပင်လျှင် ချီးမွမ်း ကုန်၏၊ တမလွန်ဘဝဝယ် နတ်ပြည်၌ မွေ့လျော်ရ၏"ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသည်ရှိသော် မာတုပေါသကပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏၊ "အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါ၏၊ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါ၏။ပ။ အသျှင်ဂေါတမ အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သောဥပါသကာဟူ၍ မှတ်တော်မူပါလော့"ဟု(လျှောက်၏)။

## ၁၀-ဘိက္ခကသုတ်

၂၀၆။ သာဝတ္ထိနိဒါန်း။ ထိုအခါ ဘိက္ခကပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ် ပြီးလျှင် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာ ဘုရားအား "အသျှင်ဂေါတမ အကျွန်ုပ်သည်လည်း တောင်းသူဖြစ်ပါ၏၊ အသျှင်သည်လည်း တောင်းသူဖြစ်ပါ၏၊ ဤသို့ တောင်းတတ်ခြင်း၌ အကျွန်ုပ်တို့၏ ထူးသော အကြောင်းသည် အဘယ်ပါနည်း"ဟု လျှောက်၏။

"ပုဏ္ဏား အနံ့မကောင်းသော အကုသိုလ်တရားကို ဆောက်တည်၍ သူတပါးတို့ကို တောင်းတတ်ကာမျှဖြင့် ဘိက္ခုကမမည်၊ တောင်းစားတတ်၍ ဘိက္ခုအမည်ခံသူ ရှိသမျှ သည်လည်း တောင်းတတ်ကာမျှဖြင့် ဘိက္ခုမည်သည် မဟုတ်။

ဤလောက၌ အကြင်သူသည် ကောင်းမှုကိုရင်း, မကောင်းမှုကိုရင်း ပယ်၍ မြတ်သောအကျင့်ကို ပညာဖြင့် ဆင်ခြင်လျက် ကျင့်၏၊ ထိုသူကိုသာ စင်စစ် ဘိက္ခုဟူ၍ ဆိုအပ်၏"ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသည်ရှိသော် ဘိက္ခကအမည်ရှိသော ပုဏ္ဏားသည် မြတ်စွာဘုရားကို ဤသို့လျှောက်၏၊ "အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါ၏၊ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါ၏။ပ။ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံးကိုးကွယ် ဆည်းကပ်သောဥပါသကာဟူ၍ မှတ်တော်မူပါလော့"ဟု(လျှောက်၏)။

http://www.dhammadownload.com



## ၁၁-သင်္ဂါရဝသုတ်

၂၀၇။ သာဝတ္ထိနိဒါန်း။ ထိုအခါ၌ သင်္ဂါရဝမည်သော ပုဏ္ဏားသည် သာဝတ္ထိပြည်၌ နေ၏၊ ရေဖြင့် စင်ကြယ်၏ဟု အယူရှိသည်ဖြစ်၍ ရေဖြင့် စင်ကြယ်ခြင်းကို ယုံကြည်၏၊ ညနံနက်တိုင်း ရေသို့ ဆင်းသက်အားထုတ်မှုကို အားထုတ်သည် ဖြစ်၍ နေ၏၊ ထိုအခါ၌ အသျှင်အာနန္ဒာသည် နံနက်အခါ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်၏၊ သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်လည်၍ဆွမ်းစားပြီးသည့်နောက် ဆွမ်းခံရွာမှဖဲခဲ့၍မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးပြီးလျှင် တခုသော နေရာ၌ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— "အသျှင်ဘုရား သင်္ဂါရဝမည်သော ပုဏ္ဏားသည် သာဝတ္ထိပြည်၌ နေပါ၏၊ ရေဖြင့် စင်ကြယ်၏ ဟု အယူရှိသည်ဖြစ်၍ ရေဖြင့် စင်ကြယ်ခြင်းကို ယုံကြည် ပါ၏၊ ညနံနက်တိုင်း ရေသို့ဆင်းသက်အားထုတ်မှုကိုအားထုတ်သည်ဖြစ်၍နေပါ၏၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် သနားသမှုအကြောင်းပြု၍ သင်္ဂါရဝပုဏ္ဏားအိမ်သို့ ချဉ်းကပ်တော်မူပါလော့" ဟု လျှောက်၏၊ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏၊ ထို့နောက် မြတ်စွာဘုရားသည် နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကိုဆောင်ယူပြီးလျှင် သင်္ဂါရဝပုဏ္ဏား၏ အိမ်သို့ ချဉ်းကပ်လျက် ခင်းထားသော နေရာ၌ ထိုင်နေတော်မူ၏။

ထိုအခါ၌ သင်္ဂါရဝပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံး စေ၍ တခုသောနေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော သင်္ဂါရဝပုဏ္ဏားအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏၊ "ပုဏ္ဏား သင်သည် ရေဖြင့်စင်ကြယ်၏ဟု အယူရှိသည်ဖြစ်၍ ရေဖြင့် စင်ကြယ်ခြင်းကို ယုံကြည်၏၊ ညနံနက်တိုင်း ရေသို့ဆင်းသက် အားထုတ်မှုကို အားထုတ် သည်ဖြစ်၍ နေ၏ ဟူသည် မှန်သလော" ဟု (မိန့်တော်မူ၏)၊ အသျှင်ဂေါတမ ဤအတိုင်းမှန်ပါ၏ဟု (လျှောက်၏)၊ ပုဏ္ဏား သင်သည် အဘယ်အကျိုးထူးကို မြင်သည်ဖြစ်၍ ရေဖြင့် စင်ကြယ်၏ ဟု အယူရှိသည် ဖြစ်၍ ရေဖြင့် စင်ကြယ်ခြင်းကို ယုံကြည်သနည်း၊ ညနံနက်တိုင်း ရေသို့ ဆင်းသက် အားထုတ်မှုကို အားထုတ်လျက်နေသနည်းဟု (မိန့်တော်မူ၏)။ အသျှင်ဂေါတမ အကျွန်ုပ်သည် အကြင်မကောင်းမှုကို နေ့အခါ၌ပြုမိအံ့၊ ထိုမကောင်းမှုကို ညဥ့်အခါ၌ ရေချိုးခြင်းဖြင့်မျှော၏၊ ညဥ့်အခါ၌ အကြင်မကောင်းမှုကို ပြုမိအံ့၊ ထိုမကောင်းမှုကို နံနက် အခါ၌ ရေချိုးခြင်းဖြင့် မျှော၏၊ အသျှင်ဂေါတမ အကျွန်ုပ်သည် ဤအကျိုးထူးကို မြင်သောကြောင့် ရေဖြင့် စင်ကြယ်၏ဟု အယူရှိသည်ဖြစ်၍ ရေဖြင့်စင်ကြယ်ခြင်းကို ယုံကြည်ပါ၏၊ ယခုအခါ ညနံနက်တိုင်း ရေသို့ဆင်းသက် အားထုတ်မှုကို အားထုတ်သည်ဖြစ်၍ နေပါ၏ဟု လျှောက်၏—

"(အဋ္ဌင်္ဂိကမဂ်) တရားသည် ထုံးအိုင်သဖွယ်ဖြစ်၏၊ သီလဟူသော ရေချိုးဆိပ်ရှိ၏၊ မနောက်ကျု၊ သူတော်ကောင်းတို့သည် သူတော်ကောင်းတို့အား ချီးမွမ်းအပ်၏၊ အကြင် ထုံးအိုင်၌ စင်စစ် ဉာဏ်၏ အဆုံးသို့ ရောက်ကြသူ(ရဟန္တာပုဂ္ဂိုလ်) တို့သည် ရေချိုးကုန်၏ ထိုထုံးအိုင်၌ မစွတ်သော ကိုယ်ရှိကုန်သည်ဖြစ်၍ သာလျှင် ဟဖက်ကမ်း (နိဗ္ဗာန်)သို့ ကူးကုန် ၏" ဟု(မိန့်တော်မူ၏)။

http://www.dhammadownload.com



ဤသို့ မိန့်တော်မူသည် ရှိသော် သင်္ဂါရဝပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ "အသျှင်ဂေါတမ (တရားတော်သည်)အလွန် နှစ်သက်ဖွယ် ရှိပါ၏၊ အသျှင်ဂေါတမ (တရားတော်သည်)အလွန် နှစ်သက်ဖွယ် ရှိပါ၏ ။ပ။အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါလော့"ဟု(လျှောက်၏)၊

## ၁၂-ခေါမဒုဿသုတ်

၂၀၈။ အကျွန်ုပ်သည် ဤသို့ ကြားနာ ခဲ့ရပါသည်–အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ခေါမဒုဿမည်သော သာကီဝင်တို့၏ နိဂုံး၌ နေတော်မူ၏၊ထိုအခါ မြတ်စွာဘုရားသည် နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် ခေါမဒုဿနိဂုံးသို့ ဆွမ်းခံ စင်တော်မူ၏၊ထိုအခါ၌ ခေါမဒုဿနိဂုံး၌ နေကုန်သော ပုဏ္ဏားနှင့် အမျိုးသားတို့သည် စည်းဝေးရာ သဘင်၌ တစုံတခုပြုဖွယ် ကိစ္စကြောင့် စုဝေးကုန်၏၊မိုးသည်လည်း တပေါက်တပေါက် ဆွတ်ဖြန်း၏၊ ထိုအခါ မြတ်စွာဘုရားသည် စည်းဝေးရာသို့ ချဉ်းကပ်တော်မူ၏၊ ခေါမဒုဿနိဂုံးနေ ပုဏ္ဏားနှင့် အမျိုးသားတို့သည် ကြွလာတော်မူသော မြတ်စွာဘုရားကို အဝေးမှ မြင်ကြကုန်လျှင် "ဦးပြည်းရဟန်းယုတ်တို့သည်ကား အဘယ်တို့နည်း၊ အဘယ်ဦးပြည်းရဟန်းယုတ်တို့သည် အစည်းအဝေးကို သိနိုင်ကုန်လတ္တံ့နည်း"ဟု ဆိုကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ခေါမဒုဿနိဂုံးနေ ပုဏ္ဏားနှင့် အမျိုးသားတို့ကို ဂါထာဖြင့် ရွတ်ဆိုဟောကြား၏–

> "အကြင်အစည်းအဝေး၌ သူတော်ကောင်းတို့သည် မရှိကုန်၊ ဤအစည်းအဝေးသည် သဘင်မမည်၊ အကြင်သူတို့သည် တရားကို မပြောဆိုတတ်ကုန်၊ ထိုသူတို့သည် သူတော်ကောင်းမမည်ကုန်၊ တပ်မက်မှု "ရာဂ"ကိုလည်း အမျက်ထွက်မှု 'ဒေါသ'ကိုလည်း တွေဝေမှု 'မောဟ'ကိုလည်း ပယ်၍ တရားကို ဟောပြောတတ်သူတို့သာ သူတော်ကောင်း ဖြစ်ကုန်၏"ဟု ဟောတော်မူ၏။

ဤသို့ မိန့်တော်မူသည် ရှိသော် ခေါမဒုဿနိဂုံးနေ ပုဏ္ဏားနှင့် အမျိုးသားတို့သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကြကုန်၏ "အသျှင်ဂေါတမ (တရားတော်သည်)အလွန်နှစ်သက်ဖွယ်ရှိစွတကား၊အသျှင်ဂေါတမ(တရားတော်သည်)အလွန်နှစ်သက်ဖွယ်ရှိစွတကား၊အသျှင်ဂေါတမ ဥပမာသော်ကား မှောက်ထားသော ဝတ္ထုကို လှန်ဘိသကဲ့သို့လည်း ဖုံးလွှမ်းထားသော ဝတ္ထုကို ဖွင့်လှစ်ဘိသကဲ့သို့လည်း မျက်စိလည်သော သူအား လမ်းမှန်ကိုပြောကြားဘိသကဲ့သို့လည်း မျက်စိရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့လည်း ဤအတူသာလျှင် အသျှင်ဂေါတမသည် အကြောင်းအမျိုးမျိုးဖြင့် တရားတော်ကို ပြတော်မူပါ၏၊ ထိုအကျွန်ုပ်တို့သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊တရားတော်ကိုလည်း သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ အသျှင်ဂေါတမသည် အကျွန်ုပ်တို့ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာတို့ ဟူ၍ မှတ်တော်မူပါလော့"(လျှောက်ကုန်၏)။

နှစ်ခုမြောက် ဥပါသကဝဂ်ပြီး၏။

ဗြာဟ္မဏသံယုတ် ပြီး၏။

http://www.dhammadownload.com

# ၈-ဝင်္ဂီသသံယုတ်

## ၁-နိက္ခန္တသုတ်

၂၀၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ အသျှင်ဝင်္ဂီသသည် အာဠဝီပြည် အဂ္ဂါဠဝစေတီကျောင်း၌ အသျှင်နိဂြောဓကပ္ပမည်သော ဥပဇ္ဈာယ်ဆရာနှင့်အတူ နေ၏၊ ထိုအခါ အသျှင်ဝင်္ဂီသသည် ရဟန်းပြု၍ မကြာသေးသည်ဖြစ်ရကား ကျောင်းစောင့်နေရစ်ခဲ့ရသော ရဟန်းငယ်ဖြစ်၏၊ ထိုအခါ များစွာသောမိန်းမတို့သည် အထိုက်အလျောက်နေသာ တန်ဆာဖြင့် ဆင်ယင်ကုန်၍ အဂ္ဂါဠဝကျောင်းသို့ ကျောင်းကြည့် လာကြကုန်၏၊ ထိုအခါ ဝင်္ဂီသသည် ထိုမိန်းမတို့ကို မြင်သောကြောင့် မမွေ့လျော်ခြင်းဖြစ်၏၊ တပ်မက်ခြင်း ရာဂသည် စိတ်ကိုဖျက်ဆီး၏၊ထိုအခါ အသျှင်ဝင်္ဂီသအား ဤအကြံသည်ဖြစ်၏“အကြင် ငါ့အားမမွေ့လျော်ခြင်းသည်ဖြစ်၍ တပ်မက်ခြင်း‘ရာဂ’သည် စိတ်ကို ဖျက်ဆီး၏၊ ထို ငါ့အား အရ မတော်စွတကား၊ ငါ့အား ကောင်းစွာ ရခြင်း မဖြစ်လေစွတကား၊ ငါ့အား ရဟန်းအဖြစ်ကို မကောင်းသဖြင့် ရခြင်းဖြစ်လေစွတကား၊ ငါ့အား ရဟန်းအဖြစ်ကို ကောင်းစွာရခြင်း မဖြစ်လေစွတကား၊ ဤရာဂဖြစ်ပေါ်လာရာ၌ ငါ့အား မမွေ့လျော်ခြင်းကို ဖျောက်၍ မွေ့လျော်ခြင်းကို ဖြစ်စေနိုင်ရာသော တပါးသူကို အဘယ်မှာ ရနိုင်ပါအံ့နည်း၊ ငါသည် ကိုယ်တိုင်ပင်လျှင် မိမိ၏ မမွေ့လျော်ခြင်းကို ဖျောက်၍ မွေ့လျော်ခြင်းကိုဖြစ်စေနိုင်ရမူကား ကောင်းလေစွတကား”ဟုအကြံဖြစ်၏၊ထိုအခါ အသျှင်ဝင်္ဂီသသည်ကိုယ်တိုင်ပင်လျှင် မိမိ၏မမွေ့လျော်ခြင်းကို ဖျောက်၍ မွေ့လျော်ခြင်းကို ဖြစ်စေပြီးသော် ထိုအချိန်၌ ဤဂါထာတို့ကို ရွတ်ဆို၏—

“လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ ငြိမ်သက်နေသော ငါ့ကို ကာမဝိတက်တို့သည် ပြေးဝင်လာကုန်ပြီတကား။ ဤခက်ထန်ကြမ်းကြုတ်မှုတို့သည် မည်းနက်သောမာရ်၏ အသင်းအပင်းမှ ပြေးဝင်လာကုန်ပြီတကား။

သင်ပြီးသော လေးအတတ်ရှိကုန်သော ခိုင်ခံ့သောလေးကို စွဲကိုင်ကုန်သော လေးသမားကြီးဖြစ်ကုန်သော မပြေးတတ်ကုန်သော တထောင်မျှသော ထင်ရှားသော မင်းသားတို့သည် ထက်ဝန်းကျင်မှ ဝိုင်းအုံပစ်ကြကုန်ရာ၏။

ဤမျှ လေးသည်တော်တထောင်ထက် အလွန်(ရူပါရုံစသော မြားငါးစင်းတို့ကို တပြိုင်နက်ပစ်ခြင်းငှါ စွမ်းနိုင်ကုန်သော) မိန်းမတို့သည် အကယ်၍ လာကုန်လတ္တံ့၊ (ဤသို့ လာကုန်သော်လည်း) မိမိတရား၌တည်နေသော ငါ့ကိုတုန်လှုပ်စေခြင်းငှါ မစွမ်းနိုင်ကုန်လတ္တံ့။

ထိုစကားမှန်၏၊ ငါသည် နိဗ္ဗာန်ကိုရကြောင်း ဝိပဿနာကို နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရား၏(မျက်မှောက်တော်မှ)ဤသို့ ကြားနာဘူး၏၊ ထိုနိဗ္ဗာန်ကို ရကြောင်းဖြစ်သော ဝိပဿနာ၌ ငါ၏စိတ်သည် မွေ့လျော်ခြင်းရှိ၏။

ဟယ် ကိလေသာယုတ် ဤသို့နေသောငါ့ကို အကယ်၍ ကပ်လာငြားအံ့၊ ဤသို့ ကပ်လာသည်ရှိသော် ဟယ် ဒုစေတတ်သော ကိလေသာယုတ် အကြင် အခြင်းအရာဖြင့် ပြုသည်ရှိသော် ငါ၏သွားရာလမ်းကို မမြင်ရလတ္တံ့၊ထိုအခြင်းအရာဖြင့် ငါပြုလတ္တံ့”ဟု (ရွတ်ဆို၏)။

http://www.dhammadownload.com



## ၂-အရတိသုတ်

၂၁၀။ အခါတပါး၌။ ပ။ အသျှင်ဝင်္ဂီသသည် အာဠဝီပြည် အဂ္ဂါဠဝ စေတီကျောင်း၌ အသျှင်နိဂြောဓကပ္ပမည်သော ဥပဇ္ဈာယ်ဆရာနှင့်အတူနေ၏၊ ထိုအခါ အသျှင်နိဂြောဓကပ္ပသည် ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှဖဲခဲ့၍ ကျောင်းသို့ဝင်၏၊ ညချမ်း၌လည်းကောင်း၊ နောက်တနေ့၌လည်းကောင်း ထွက်၏၊ထိုအခါ အသျှင်ဝင်္ဂီသအား မမွေ့လျော်ခြင်းသည် ဖြစ်၏၊ တပ်မက်ခြင်း 'ရာဂ'သည် စိတ်ကို ဖျက်ဆီး၏၊ထိုအခါ အသျှင်ဝင်္ဂီသအား ဤသို့ အကြံဖြစ်၏ "အကြင် ငါ့အား မမွေ့လျော်ခြင်းသည်ဖြစ်၏၊ တပ်မက်ခြင်း'ရာဂ'သည် စိတ်ကိုဖျက်ဆီး၏။ထိုငါ့အား အရမတော်စွတကား၊ငါ့အား ကောင်းစွာရခြင်း မဖြစ်ရလေစွတကား၊ ငါ့အား ရဟန်းအဖြစ်ကို မကောင်းသဖြင့် ရခြင်းဖြစ်လေစွတကား၊ ငါ့အား ကောင်းစွာရခြင်းမဖြစ်လေစွတကား၊ ဤ ရာဂဖြစ်ပေါ်လာရာ၌ ငါ့အား မမွေ့လျော်ခြင်းကိုဖျောက်၍ မွေ့လျော်ခြင်းကိုဖြစ်စေနိုင်ရာသော တပါးသူကို အဘယ်မှာ ရနိုင်ပါအံ့နည်း၊ ငါသည် ကိုယ်တိုင်ပင်လျှင် မိမိ၏မမွေ့လျော်ခြင်းကို ဖျောက်၍ မွေ့လျော်ခြင်းကို ဖြစ်စေနိုင်ရမူကား ကောင်းလေစွတကား"ဟု အကြံဖြစ်၏၊ ထိုအခါ အသျှင်ဝင်္ဂီသသည် ကိုယ်တိုင်ပင်လျှင် မိမိ၏ မမွေ့လျော်ခြင်းကို ဖျောက်၍ မွေ့လျော်ခြင်းကို ဖြစ်စေပြီးသော် ထိုအချိန်၌ ဤဂါထာတို့ကို ရွတ်ဆို၏ -

အကြင် ပုဂ္ဂိုလ်သည် ( သာသနာတော်၌ ) မမွေ့လျော်ခြင်းကိုရင်း၊ ကာမဂုဏ်ငါးပါးတို့၌ မွေ့လျော်ခြင်းကိုရင်း ကာမဂုဏ်ငါးပါးဟု ဆိုအပ်သော အိမ်၌မှီသော ကြံစည်ခြင်း 'ဝိတက်'ကိုရင်း၊ အချင်းခပ်သိမ်းပယ်၍ တစုံတခုသော အာရုံ၌ ကိလေသာတောအုပ်ကြီးကို မပြုရာ၊ ကိလေသာတည်းဟူသော တောအုပ်ကြီးမရှိသော တဏှာကင်းသော ထိုပုဂ္ဂိုလ်သည် ဘိက္ခုမည်၏။

ဤလောကဝယ် မြေ၌တည်သော အကြင် ရုပ်ရုံတို့သည်ရင်း၊ ကောင်းကင်၌တည်သော အကြင်ရုပ်ရုံသည်ရင်း၊ မြေအောက်၌ဖြစ်သော အကြင်ရုပ်ရုံသည်ရင်း၊ ရှိ၏။ ထိုရုပ်ရုံအားလုံးသည် ဆွေးမြေ့သည်ဖြစ်၍ မမြဲ၊ အတ္တဘောကိုသိသော (သူတော်ကောင်းတို့သည်) ဤသို့ ဉာဏ်ဖြင့် သက်ဝင်လျက်နေကြကုန်၏။

လူတို့သည် တည်ရာဥပဓိတို့ဝယ် မြင်အပ် ကြားအပ်သော အာရုံ၌ရင်း နမ်းအပ် လျက်အပ်သော အာရုံ၌ရင်း တွေ့ထိအပ်သော အာရုံ၌ရင်း မက်မောကုန်၏၊ အကြင် ပုဂ္ဂိုလ်သည် ဤဥပဓိတို့၌ အလိုဆန္ဒကို ပယ်ဖျောက်၍ တဏှာမရှိသူဖြစ်၏၊ ဤဥပဓိတို့၌(တဏှာဒိဋ္ဌိတို့ဖြင့်) မကပ်ငြိ၊ ထိုပုဂ္ဂိုလ်ကို မုနိမည်၏ဟူ၍ ဆိုကုန်၏။

များစွာကုန်သော ကြံစည်မှု အဓမ္မဝိတက်တို့သည် အာရုံခြောက်ပါးကို မှီကုန်လျက် လူအပေါင်း၌ သက်ဝင်၍ တည်ကုန်၏၊ အကြင်ပုဂ္ဂိုလ်သည်ကား တစုံတရာ၌ ကိလေသာအသင်းအပင်းသို့ ဝင်ရောက်သူ မဖြစ်ရာ၊ ရုန့်ရင်းသောစကားကို ဆိုသူမဖြစ်ရာ၊ ထိုပုဂ္ဂိုလ်သည် ဘိက္ခုမည်၏။

ပညာရှိသော ရှည်မြင့်စွာသော ကာလပတ်လုံး တည်ကြည်သောစိတ်ရှိသော ဟန်ဆောင်မှုမရှိသော ရင့်ကျက်သော ပညာရှိသော တပ်ခြင်း တဏှာလည်းကင်းသော ထိုရဟန်းသည် ငြိမ်းချမ်းသော နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ရောက်ပြီ၊ ပရိနိဗ္ဗာန်ပြုရန် အခါကိုငံ့လင့်နေ၏ ဟု (ရွတ်ဆို၏)။

http://www.dhammadownload.com



## ၃-ပေသလသုတ်

၂၁၁။ အခါတပါး၌ အသျှင်ဝင်္ဂီသသည် အာဠဝီပြည် အဂ္ဂါဠဝစေတီကျောင်း၌ အသျှင်နိဂြောဓကပ္ပမည်သော ဥပဇ္ဈာယ်ဆရာနှင့် အတူနေ၏၊ ထိုအခါ အသျှင်ဝင်္ဂီသသည် မိမိ၏ ပဋိဘာန် ဉာဏ်ပညာဖြင့် သီလကို ချစ်မြတ်နိုးကုန်သော အခြားရဟန်းတို့ကို မထေမဲ့မြင် ပြု၏၊ ထိုအခါ အသျှင်ဝင်္ဂီသအား "ငါသည် မိမိ၏ ပဋိဘာန် ဉာဏ်ပညာဖြင့် သီလကို ချစ်မြတ်နိုးကုန်သော အခြားရဟန်းတို့ကို မထေမဲ့မြင် ပြုမိ၏၊ ငါ့အား (လူ၏အဖြစ်ကို)အရ မတော်စွတကား၊ ငါ့အား(လူ၏အဖြစ်ကို) ရခြင်းမဖြစ်၊ ငါ့အား ရဟန်း၏အဖြစ်ကို မကောင်းသဖြင့် ရစွတကား၊ ငါ့အား ရဟန်း၏အဖြစ်ကို ကောင်းစွာ ရအပ်သည် မဖြစ်"ဟု အကြံ ဖြစ်၏။ ထို့နောက် အသျှင်ဝင်္ဂီသသည် ကိုယ်တိုင်ပင်လျှင် မိမိ၏ နှလုံးမသာယာခြင်းကို ဖြစ်စေရကား ထိုအချိန်၌ ဤဂါထာတို့ကို ရွတ်ဆို၏—

"ဂေါတမအနွယ် ဖြစ်သော ဟယ်ဝင်္ဂီသ မာနကို ပယ်ဘိလော့၊ မာန၏သွားရာခရီးကိုလည်း အကြွင်းမဲ့ ပယ်လော့၊ မာနသွားရာခရီး၌ တွေဝေသည်ဖြစ်၍ ရှည်စွာသော ကာလပတ်လုံး နှလုံးမသာမယာ ဖြစ်ရပြီ။

ကျေးဇူးကို ချေဖျက်ခြင်းဖြင့် ချေဖျက်ကုန်သော သတ္တဝါတို့သည် မာနနှိပ်စက်အပ်ကုန်သည် ဖြစ်၍ ငရဲသို့ ကျရကုန်၏၊ မာနနှိပ်စက်အပ်ကုန်သည်ဖြစ်၍ ငရဲ၌ ဖြစ်ရကုန်သော သတ္တဝါတို့သည် ရှည်မြင့်စွာသော ကာလပတ်လုံး စိုးရိမ်ရကုန်၏။

မဂ်ဖြင့် (ကိလေသာကို)အောင်ပြီးသော ကောင်းစွာ ကျင့်သော ရဟန်းသည် တရံတဆစ်မျှ မစိုးရိမ်ရ၊ ကျော်စောခြင်းကိုရင်း၊ ချမ်းသာခြင်းကိုရင်း ခံစားရ၏၊ နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိသော ထိုပုဂ္ဂိုလ်ကို တရားကို မြင်သူဟု ဆိုအပ်၏။

ထို့ကြောင့် ဤသာသနာတော်၌(ဒေါသတည်းဟူသော)ငြောင့်တံသင်း ကင်းသော ဝီရိယနှင့် ပြည့်စုံသော စင်ကြယ်သော ပုဂ္ဂိုလ်သည် အပိတ်အပင် နီဝရဏတို့ကို ပယ်၍ မာနကိုလည်း အကြွင်းမဲ့ပယ်ကာ ငြိမ်းပြီး ဖြစ်ရကား အသိဉာဏ် မဂ်ဝိဇ္ဇာဖြင့် (ကိလေသာတို့၏) အဆုံးကို ပြု၏"ဟု ရွတ်ဆို၏။

## ၄-အာနန္ဒသုတ်

၂၁၂။ အခါတပါး၌ အသျှင်အာနန္ဒာသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အသျှင်အာနန္ဒာသည် နံနက်အခါ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် သာဝတ္ထိပြည်သို့ နောက်လိုက်ရဟန်းဖြစ်သော အသျှင်ဝင်္ဂီသနှင့်အတူ ဆွမ်းခံဝင်၏၊ ထိုအခါ အသျှင်ဝင်္ဂီသအား မမွေ့လျော်ခြင်း ဖြစ်၏၊ တပ်မက်ခြင်းရာဂသည် စိတ်ကို ဖျက်ဆီး၏၊ ထိုအခါ အသျှင်ဝင်္ဂီသသည် အသျှင်အာနန္ဒာကို ဂါထာဖြင့် ရွတ်ဆိုလျှောက်၏—

"ဂေါတမအနွယ် ဖြစ်သော အသျှင်အာနန္ဒာ ကာမဂုဏ်၌ တပ်မက်မှု 'ကာမရာဂ'မီးသည် အကျွန်ုပ်အား လောင်ပါ၏၊ အကျွန်ုပ်၏ စိတ်သည် ထက်ဝန်းကျင်မှ လောင်မြိုက်ပါ၏၊ တောင်းပန်ပါ၏၊ အကျွန်ုပ်အား အစဉ်သနားသဖြင့် ရာဂငြိမ်းကြောင်းတရားကို ဟောတော်မူပါလော့"ဟု ရွတ်ဆို၏။

http://www.dhammadownload.com



သညာဖောက်ပြန်ခြင်းကြောင့် သင်၏စိတ်သည် ထက်ဝန်းကျင်မှ လောင်မြိုက်ခံနေရ၏၊ တင့်တယ်၏ ဟူသော ရာဂနှင့် စပ်သော အမှတ်နိမိတ်ကို ကြဉ်ဘိလော့။

သင်္ခါရတရားတို့ကို အနိစ္စအားဖြင့် ရှုလော့၊ ဒုက္ခအားဖြင့် ရှုလော့၊ အတ္တအားဖြင့် မရှုလင့်၊ ပြင်းစွာ တပ်မက်မှု'ရာဂ'ကို ငြိမ်းစေလော့၊ အဖန်တလဲလဲ မလောင်မြိုက်စေလင့်။

တင့်တယ်သော သဘောဖြင့် စိတ်ကိုပွားလော့၊တခုတည်းသော အာရုံရှိသော တည်ကြည်မှု 'သမာဓိ'ကို ပွားစေလော့၊ ကိုယ်အစုဌ ဖြစ်သော သတိကို ဖြစ်စေလော့၊ရာဂဌ ငြီးငွေ့မှုများသူ ဖြစ်ပါလေလော့။

နိမိတ်ကင်းသောအားဖြင့် ဝိပဿနာကိုလည်း ပွားများလော့၊ကိန်းအောင်းနေသော ထောင်လွှားမှု'မာန'ကို ပယ်စွန့်လော့၊ ထိုထောင်လွှားမှု'မာန'ကို ပယ်စွန့်ခြင်းကြောင့် (ရာဂစသည်မှ) ငြိမ်းသည်ဖြစ်၍ လှည့်လည်ရလတ္တံ့ ဟု (မိန့်ဆို၏)။

## ၅-သုဘာသိတသုတ်

၂၁၃။ သာဝတ္ထိနိဒါန်း။ ထိုအခါဌ မြတ်စွာဘုရားသည် ရဟန်းတို့ကို ရဟန်းတို့ ဟူ၍ ခေါ်တော်မူ၏၊ အသျှင်ဘုရားဟူ၍ ရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ အင်္ဂါလေးပါးနှင့် ပြည့်စုံသော စကားသည် ကောင်းစွာ ဆိုအပ်သော စကားမည်၏၊ မကောင်းသဖြင့် ဆိုအပ်သော စကားမမည်၊ အပြစ်လည်း မရှိ၊ ပညာရှိတို့သည် မကဲ့ရဲ့အပ်၊ အဘယ်လေးပါးတို့နည်း— ရဟန်းတို့ ဤသာသနာတော်ဌရဟန်းသည် ကောင်းစွာ ဆိုအပ်သော စကားကိုသာလျှင် ဆို၏၊ မကောင်းသဖြင့် ဆိုအပ်သော စကားကို မဆို၊ တရားနှင့်ညီသော စကားကို သာလျှင် ဆို၏၊ တရားနှင့် မညီသော စကားကို မဆို၊ ချစ်ခင်ဖွယ်သော စကားကိုသာလျှင် ဆို၏၊ မချစ်ခင်သော စကားကို မဆို၊ မှန်သော စကားကိုသာလျှင် ဆို၏၊ မမှန်သော စကားကို မဆို။ ရဟန်းတို့ ဤသို့ အင်္ဂါလေးပါးတို့နှင့် ပြည့်စုံသော စကားသည် ကောင်းစွာ ဆိုအပ်သော စကားမည်၏၊ မကောင်းသဖြင့် ဆိုအပ်သောစကား မမည်၊ အပြစ်လည်း မရှိ၊ ပညာရှိတို့သည် မကဲ့ရဲ့အပ်၊ ဤစကားကို မြတ်စွာဘုရားသည် မိန့်တော်မူ၏။ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မပြီး၍ ထို့ပြင် ဤစကားကို မိန့်တော်မူ၏—

"ကောင်းစွာ ဆိုအပ်သော စကားကို မြတ်၏ဟူ၍ သူတော်ကောင်းတို့သည် ဆိုကုန်ပြီ၊ တရားနှင့် လျော်သော စကားကိုသာ ဆိုရာ၏၊ တရားနှင့်မလျော်သော ထိုစကားကို မဆိုရာ၊ ထိုစကားကို ဒုတိယအမြတ်ဆုံးစကား ဟု ဆို၏၊ ချစ်ခင်ဖွယ်စကားကိုသာ ဆိုရာ၏၊ ချစ်ခင်ဖွယ် မဟုတ်သော စကားကို မဆိုရာ၊ ထိုစကားကို တတိယ အမြတ်ဆုံး စကားဟု ဆို၏၊ မှန်သော စကားကိုသာ ဆိုရာ၏၊ မမှန်သော စကားကို မဆိုရာ၊ ထိုစကားကို စတုတ္ထအမြတ်ဆုံး စကားဟု ဆို၏"ဟု မိန့်တော်မူ၏။

ထိုအခါဌ အသျှင်ဝင်္ဂီသသည် နေရာမှထ၍ ပခုံးတဖက်ဌ အပေါ်ရုံကို တင်၍ မြတ်စွာဘုရား ရှိတော်မူရာသို့ လက်အုပ်ချီက၊ "မြတ်စွာဘုရား အကျွန်ုပ်၏ ဉာဏ်ဌ ရှေးရှုထင်ပါ၏၊ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား အကျွန်ုပ်၏ ဉာဏ်ဌ ရှေးရှုထင်ပါ၏"ဟု လျှောက်၏၊ "ဝင်္ဂီသ သင်၏ ဉာဏ်ဌ ရှေးရှုထင်စေလော့"ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏၊ထိုအခါ အသျှင်ဝင်္ဂီသသည် မြတ်စွာဘုရားကို မျက်မှောက်တော်ဌ သင့်လျော်ကုန်သော ဂါထာတို့ဖြင့် ချီးကျူး၏—

http://www.dhammadownload.com



"အကြင်စကားဖြင့် မိမိကိုယ်ကို မပူပန်စေရ၊ သူတပါးတို့ကိုလည်း မညှဉ်းဆဲရာ၊ စင်စစ် ထိုစကားကိုသာ ဆိုရာ၏၊ ထိုစကားသည်သာ ကောင်းစွာ ဆိုအပ်သော စကားမည်၏။

ချစ်ဖွယ်သော စကားကိုသာလျှင် ဆိုရာ၏၊ အကြင်စကားသည် နှစ်လိုဖွယ် ဖြစ်၏၊ ထို စကားကိုသာ ဆိုရာ၏၊ သူတပါးတို့အား ဆိုသည်ရှိသော် မနှစ်မြို့ဖွယ် ယုတ်မာသော စကား တို့ကို မယူမူ၍ ချစ်ဖွယ်သော စကားကိုသာ ဆိုရာ၏။

မှန်သော စကားတို့သည် စင်စစ် အမြိုက်သုခဘုတ်နှင့် တူကုန်၏၊ ဤမှန်သော စကားကို ပြောခြင်းသဘောသည် ရှေးရိုးစဉ်လာ ဖြစ်၏၊ မှန်သောစကား၌ရင်း အကျိုး၌ရင်း အကြောင်း ၌ရင်း တည်ကုန်၏ ဟု သူတော်ကောင်းတို့ ဆိုကုန်ပြီ။

မြတ်စွာဘုရားသည် နိဗ္ဗာန်သို့ ရောက်ခြင်းငှါ ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှါ ဘေးမရှိသော အကြင်စကားကို ဆိုတော်မူ၏၊ ထိုစကားသည် စင်စစ် စကားတကာတို့ထက် မြတ်၏" ဟု (ရွတ်ဆိုချီးကျူး၏)။

## ၆-သာရိပုတ္တသုတ်

၂၁၄။ အခါတပါး၌ အသျှင်သာရိပုတြာသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ် သော ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ အသျှင်သာရိပုတြာသည် ရဟန်းတို့ ကို အနက်ကိုသိစေနိုင်သော သန့်ရှင်းသော မလုံးထွေးသော အပြည့်အစုံဖြစ်သော တရားစကားဖြင့် (အကျိုးစီးပွါးကို) ကောင်းစွာပြလျက် (တရားကို)ဆောက်တည်စေကာ (တရား ကျင့်သုံးရန်)ထက် သန်ရှင်သန်းစေတော်မူ၏၊ ထိုရဟန်းတို့သည်လည်း အရိုအသေပြုကာ နှလုံးသွင်းလျက် အလုံးစုံကို စိတ်ဖြင့် ကောင်းစွာ မှတ်ပြီးလျှင် နားထောင်ကုန်သည်ဖြစ်၍ တရားနာကုန်၏၊ ထိုအခါ၌ အသျှင် ဝင်္ဂီသအား "ဤအသျှင်သာရိပုတြာသည် ရဟန်းတို့ကို အနက်ကို သိစေနိုင်သော သန့်ရှင်းသော မလုံးထွေးသော အပြည့်အစုံဖြစ်သော တရားစကားဖြင့် (အကျိုးစီးပွားကို) ကောင်းစွာပြလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရှင်လန်းစေတော်မူ၏၊ ထိုရဟန်းတို့ သည်လည်း အရိုအသေပြုကာ နှလုံးသွင်းလျက် အလုံးစုံကို စိတ်ဖြင့် ကောင်းစွာ မှတ်ပြီးလျှင် နားထောင်ကုန်သည်ဖြစ်၍ တရားနာကုန်၏၊ ငါသည် အသျှင်သာရိပုတြာ၏ မျက်မှောက်၌ သင့်လျော်ကုန်သော ဂါထာတို့ဖြင့် ချီးကျူးရမူကား ကောင်းလေစွ" ဟု အကြံဖြစ်၏၊ ထို့နောက် အသျှင်ဝင်္ဂီသသည် နေရာမှထ၍ လက်ဝဲတဖက် ပခုံးထက်၌ အပေါ်ရုံကို တင်လျက် အသျှင်သာရိ- ပုတြာ ရှိရာသို့ လက်အုပ်ချီ၍ "ငါ့သျှင်သာရိပုတြာ အကျွန်ုပ်၏ ဉာဏ်၌ ရှေးရှုထင်ပါ၏၊ ငါ့သျှင် သာရိပုတြာ အကျွန်ုပ်၏ ဉာဏ်၌ ရှေးရှုထင်ပါ၏" ဟု လျှောက်၏၊ ငါ့သျှင်ဝင်္ဂီသ သင်၏ ဉာဏ်၌ ရှေးရှု ထင်စေလော့ ဟု မိန့်ဆို၏။ ထိုအခါ အသျှင်ဝင်္ဂီသသည် အသျှင်သာရိပုတြာ၏ မျက်မှောက်၌ သင့်လျော်သော ဂါထာတို့ဖြင့် ချီးကျူး၏—

"နက်နဲသော ပညာရှိတော်မူသော အကျိုးအကြောင်းကို သိသော ပညာလည်းရှိတော်မူ သော အကြောင်း ဟုတ်သည် မဟုတ်သည်တို့၌ လိမ္မာတော်မူပြီးသော ကြီးမြတ်သော ပညာ လည်း ရှိတော်မူသော သာရိပုတြာသည် ရဟန်းတို့အား တရားကို ဟောတော်မူ၏။

သာရိပုတြာသည် သာလိကာမ၏ (သာယာ) ကြွေးကြော်သံကဲ့သို့ သစ္စာလေးပါးတရားကို အကျဉ်းအားဖြင့်လည်း ဟောတော်မူ၏၊ အကျယ်အားဖြင့်လည်း ဟောတော်မူ၏၊ ပညာကို ထုတ်ဆောင်တော်မူပြီ။

http://www.dhammadownload.com



ရဟန်းတို့သည် ထိုတရားကို ဟောသော အသျှင်သာရိပုတြာ၏ သာယာသော အသံကို နာကြားရကုန်၏၊ တပ်မက်ဖွယ်ရှိသော နာပျော်ဖွယ်ရှိသော သာယာသော အသံကြောင့် တက်ကြွသော စိတ်ရှိကြကုန်သည် ဝမ်းမြောက်သော စိတ်ရှိကုန်သည်ဖြစ်၍ နားစိုက်ထောင်ကုန်၏" ဟု (ချီးကျူး၏)။

## ၇-ပဝါရဏာသုတ်

၂၁၅။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း မိဂါရမာတာ ဝိသာခါ၏ ပြာသာဒ်၌ အလုံးစုံ ရဟန္တာချည်း ဖြစ်ကုန်သော ငါးရာအတိုင်းအရှည်ရှိသော များစွာသော ရဟန်းသံဃာနှင့်အတူ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် တဆဲ့ငါးရက်မြောက် ဥပုသ်နေ့၌ ပဝါရဏာ ပြုအံ့သောငှါ ရဟန်းအပေါင်း ခြံရံလျက် လွင်တီးခေါင်၌ နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသော ရဟန်းသံဃာကို စောင်းငဲ့ကြည့်ရှုတော်မူ၍ ရဟန်းတို့အား "ရဟန်းတို့ ယခုအခါ၌ ငါဘုရားသည် သင်တို့အား ဖိတ်ကြား၏၊ ငါ၏ တစုံတခုသော ကိုယ်အမူအရာ နှုတ်အမူအရာကို သင်တို့ ကဲ့ရဲ့လိုကုန်သလော" ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသော် အသျှင်သာရိပုတြာသည် နေရာမှ ထ၍ ပခုံးတဖက်၌ အပေါ်ရုံကိုတင်ကာ မြတ်စွာဘုရားရှိတော်မူရာသို့ လက်အုပ်ချီလျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ "အသျှင်ဘုရား အကျွန်ုပ်တို့သည် မြတ်စွာဘုရား၏ တစုံတခုသော ကိုယ်အမူအရာ နှုတ်အမူအရာကို မကဲ့ရဲ့လိုပါကုန်၊ အသျှင်ဘုရား မှန်ပါ၏၊ မြတ်စွာဘုရားသည် (သူတပါးတို့) မဖြစ်စေနိုင်သော မဂ်ကို ဖြစ်စေတော်မူပါ၏၊ မသိစေနိုင်သော မဂ်ကို သိစေတော်မူနိုင်ပါ၏၊ မဟောနိုင်သော မဂ်တရားကို ဟောတော်မူနိုင်ပါ၏၊ မဂ်ကို ထိုးထွင်းသိတော်မူ၏၊ မဂ်ကို သိမြင်တော်မူပါ၏၊ မဂ်၌ လိမ္မာတော်မူပါ၏၊အသျှင်ဘုရား (ရှေးသွားဖြစ်သော မြတ်စွာဘုရား၏) နောက်လိုက်တပည့်တို့သည် မဂ်သို့ အစဉ်လိုက်ကုန်သည် ဖြစ်၍သာလျှင် နေကြပါကုန်၏၊ အသျှင်ဘုရား အကျွန်ုပ်သည်လည်း မြတ်စွာဘုရားကို ဖိတ်ကြားပါ၏၊ အကျွန်ုပ်၏ တစုံတခုသော ကိုယ်အမူအရာ နှုတ်အမူအရာကို မြတ်စွာဘုရားသည် ကဲ့ရဲ့တော် မူလိုပါသလော" ဟု လျှောက်၏။

သာရိပုတြာ "ငါဘုရားသည် သင်၏ တစုံတခုသော ကိုယ်အမူအရာ နှုတ်အမူအရာကို မကဲ့ရဲ့လို၊ သာရိပုတြာ သင်သည် ပညာရှိ၏၊ သာရိပုတြာ သင်သည် ကြီးသော ပညာရှိ၏၊ သာရိပုတြာ သင်သည် မြေကြီးအထုနှင့်တူသော ပညာရှိ၏၊ သာရိပုတြာ သင်သည် ရွှင်သောပညာရှိ၏၊ သာရိပုတြာ သင်သည် လျင်မြန်သော ပညာရှိ၏၊ သာရိပုတြာ သင်သည် ထက်သောပညာရှိ၏၊ သာရိပုတြာ သင်သည် ထိုးထွင်းနိုင်သော ပညာရှိ၏။ သာရိပုတြာ စကြဝတေးမင်း၏ သားကြီးသည် အဖလည်စေအပ်သော အာဏာစက်ကို သင့်သော အကြောင်းဖြင့်သာလျှင် အတုလိုက်၍ လည်စေသကဲ့သို့ သာရိပုတြာ ဤအတူသာလျှင် သင်သည် ငါဘုရား လည်စေအပ်သော အတုမရှိသော ဓမ္မစက်ကို သင့်သောအကြောင်းဖြင့်သာလျှင် အတုလိုက်၍ လည်စေ၏" ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်၏ တစုံတခုသော ကိုယ်အမူအရာ နှုတ်အမူအရာကို အကယ်၍ မကဲ့ရဲ့လိုသည်ဖြစ်အံ့၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ဤငါးရာသောရဟန်းတို့၏ တစုံ

http://www.dhammadownload.com



တခုသော ကိုယ်အမူအရာ နှုတ်အမူအရာကို ကဲ့ရဲ့တော်မူလိုပါသလော''ဟု လျှောက်၏၊ ''သာရိပုတြာ ငါဘုရားသည် ဤငါးရာသော ရဟန်းတို့၏ တစုံတခုသော ကိုယ်အမူအရာ နှုတ်အမူအရာကို မကဲ့ရဲ့လို၊ သာရိပုတြာ မှန်၏၊ ဤငါးရာသော ရဟန်းတို့တွင် ခြောက်ကျိပ်ကုန်သော ရဟန်းတို့သည် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံကုန်၏၊ ခြောက်ကျိပ်ကုန်သော ရဟန်းတို့သည် အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံကုန်၏၊ ခြောက်ကျိပ်ကုန်သော ရဟန်းတို့သည် နှစ်ပါးသော အဘို့မှ လွတ်မြောက်သူ 'ဥဘတောဘာဂဝိမုတ္တ' ဖြစ်ကုန်၏၊ ဤမှတပါးကုန်သော ရဟန်းတို့သည် ပညာဖြင့် လွတ်မြောက်သူ 'ပညာဝိမုတ္တ'ဖြစ်ကုန်၏''ဟု (မိန့်တော်မူ၏)။

ထိုအခါ အသျှင်ဝင်္ဂီသသည် နေရာမှထ၍ ပခုံးတဖက်၌ အပေါ်ရုံကိုတင်လျက် မြတ်စွာဘုရား ရှိတော်မူရာသို့ လက်အုပ်ချီကာ မြတ်စွာဘုရားအား ''အသျှင်ဘုရား အကျွန်ုပ်၏ဉာဏ်၌ ရှေးရှုထင်ပါ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား အကျွန်ုပ်၏ဉာဏ်၌ ရှေးရှုထင်ပါ၏''ဟု လျှောက်၏။ ''ဝင်္ဂီသ သင်၏ဉာဏ်၌ ရှေးရှုထင်စေလော့'' ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏၊ ထိုအခါ အသျှင်ဝင်္ဂီသသည် မြတ်စွာဘုရား၏ မျက်မှောက်၌ သင့်လျော်သော ဂါထာတို့ဖြင့် ချီးကျူး၏—

''သံယောဇဉ်အနှောင်အဖွဲ့တို့ကိုဖြတ်ကုန်သော ဆင်းရဲမရှိကုန်သောကုန်ပြီးသော ဘဝသစ်ရှိကုန်သော ရဟန္တာချည်း ဖြစ်ကုန်သော ငါးရာကုန်သော ရဟန်းတို့သည် တဆဲ့ငါးရက်မြောက်ဖြစ်သော ဤနေ့၌ စင်ကြယ်စွာ ပဝါရဏာပြုခြင်းငှါ အညီအညွတ် စည်းဝေးကုန်၏။

အမတ်အပေါင်း ဝန်းရံအပ်သော စကြဝတေးမင်းသည် သမုဒ္ဒရာအဆုံးရှိသော ဤမြေကြီးကို အစဉ်လှည့်လည်သကဲ့သို့ ထို့အတူ အောင်အပ်ပြီးသော (ရာဂ ဒေါသ မောဟ ဟု ဆိုအပ်သော) စစ်မြေပြင်ရှိသော ယာဉ်မှူးသဖွယ်လည်းဖြစ်သော အတုမရှိသော မြတ်စွာဘုရားကို ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံကုန်သော မစ္စုမာရ်ကို ပယ်ကုန်ပြီးသော တပည့်တို့သည် ဆည်းကပ်ကြကုန်၏။

အလုံးစုံသော ပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား၏ သားတော်တို့တည်း၊ ဤသားတော်တို့ အတွင်းဝယ် (သီလမရှိသူ)အဖျင်းမရှိ၊ တဏှာဟူသော ငြောင့်တံသင်းကို ပယ်နုတ်တော်မူပြီးသော နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏'' ဟု (ချီးကျူး၏)။

## ၈-ပဝါရဏာသုတ်

၂၁၆။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံ ဇေတဝန်ကျောင်း၌ တထောင့်နှစ်ရာ့ငါးကျိပ်ကုန်သော များစွာသော ရဟန်းသံဃာနှင့်အတူ(သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို နိဗ္ဗာန်နှင့်စပ်သောတရားစကားဖြင့်(အကျိုးစီးပွါးကို) ကောင်းစွာပြလျက်(တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေတော်မူ၏၊ ထိုရဟန်းတို့သည်လည်းအရိုအသေပြုကာနားလုံးသွင်းကုန်လျက်အလုံးစုံသော စိတ်ဖြင့် ကောင်းစွာ မှတ်သားပြီးလျှင် နားစိုက်ထောင်ကုန်သည် ဖြစ်၍ တရားနာကုန်၏၊ ထိုအခါ အသျှင်ဝင်္ဂီသအား ဤသို့သော အကြံဖြစ်၏ ''ဤမြတ်စွာဘုရားသည် ရဟန်းတို့အား နိဗ္ဗာန်နှင့်

http://www.dhammadownload.com



စပ်သော တရားစကားဖြင့် အကျိုးစီးပွားကို ကောင်းစွာပြလျက် တရားကို ဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန် ရွှင်လန်းစေတော်မူ၏၊ ထိုရဟန်းတို့သည်လည်း အရိုအသေပြုကာ နှလုံးသွင်းကုန်လျက်အလုံးစုံသောစိတ်ဖြင့် ကောင်းစွာမှတ်သားပြီးလျှင် နားစိုက်ထောင်ကုန်သည် ဖြစ်၍ တရားနာကုန်၏၊ ငါသည် မြတ်စွာဘုရား၏ မျက်မှောက်၌ သင့်လျော်သော ဂါထာတို့ဖြင့် ချီးကျူးရမူကား ကောင်းလေစွ''ဟု အကြံဖြစ်၏။

ထိုအခါ အသျှင်ဝင်္ဂီသသည် နေရာမှထ၍ ပခုံးတဖက်၌ အပေါ်ရုံကို တင်ကာ မြတ်စွာဘုရား ရှိတော်မူရာသို့ လက်အုပ်ချီ၍ မြတ်စွာဘုရားအား ''မြတ်စွာဘုရား အကျွန်ုပ်၏ ဉာဏ်၌ ရှေးရှု ထင်ပါ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သောမြတ်စွာဘုရား အကျွန်ုပ်၏ဉာဏ်၌ ရှေးရှုထင်ပါ၏''ဟု လျှောက်၏။ ''ဝင်္ဂီသ သင်၏ဉာဏ်၌ ရှေးရှုထင်စေလော့''ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏၊ ထိုအခါ အသျှင်ဝင်္ဂီသသည် မြတ်စွာဘုရား၏ မျက်မှောက်၌သင့်လျော်သော ဂါထာတို့ဖြင့် ချီးကျူး၏—

''ကိလေသာမှကင်းသော တရံတဆစ်မျှ ဘေးမရှိသော နိဗ္ဗာန်ဟု ဆိုအပ်သောတရားကို ဟောတော်မူတတ်သော မြတ်စွာဘုရားကို ရဟန်းတထောင်ကျော်သည် ဆည်းကပ်၏။

မြတ်စွာဘုရား ဟောတော်မူသော အညစ်အကြေးကင်းသော တရားကို ရဟန်းတို့သည် နာကုန်၏၊ရဟန်းအပေါင်းတို့ဖြင့် ခြံရံအပ်သော မြတ်စွာဘုရားသည် တင့်တယ်တော်မူပေစွ တကား။ဘုရားတို့တွင် ခုနစ်ဆူမြောက်ဘုရားဖြစ်တော်မူသော မြတ်စွာဘုရားသည် နာဂအမည် ရှိတော်မူ၏၊ မိုးကြီးသဖွယ်ဖြစ်၍ တပည့်သားတို့ကို ရွာသွန်းတော်မူ၏။

ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား အသျှင်ဘုရား၏တပည့် ဝင်္ဂီသသည် မြတ်စွာဘုရားကို ဖူးမြင်လိုသောကြောင့်နေ့သန့်စင်ရာမှထွက်၍ အသျှင်ဘုရား၏ခြေတော်တို့ကို ရှိခိုး၏''ဟု ချီးကျူး၏။

''ဝင်္ဂီသ အသို့နည်း သင့်အား ဤဂါထာကိုရှေးက ကြံထားအပ်ကုန်သလော၊ ထိုသို့မဟုတ် တခဏခြင်းပင်လျှင် သင်၏ဉာဏ်၌ ရှေးရှုထင်ကုန်သလော''ဟု မိန့်တော်မူ၏၊''အသျှင်ဘုရား ဤ ဂါထာတို့ကို ရှေးကကြံမထားပါ၊ စင်စစ်သော်ကား တခဏခြင်းပင် အကျွန်ုပ်၏ဉာဏ်၌ ရှေးရှု ထင်ကုန်ပါ၏''ဟု လျှောက်၏၊ ဝင်္ဂီသ သို့ဖြစ်လျှင် ရှေးက ကြံမထားကုန်သော ဂါထာတို့သည် သင်၏ ဉာဏ်၌ ရှေးရှု ပိုလွန်၍ ထင်စေကုန်ဦးလော့''ဟု မိန့်တော်မူ၏။အသျှင်ဘုရား ကောင်း ပါပြီ''ဟု အသျှင်ဝင်္ဂီသသည် မြတ်စွာဘုရားအား ဝန်ခံပြီး၍ မြတ်စွာဘုရားကိုရှေးကကြံမထားဘူး ကုန်သော ဂါထာတို့ဖြင့် အတိုင်းထက်အလွန် ချီးကျူးပြန်၏—

''(အကြင်မြတ်စွာဘုရားသည်) မာရ်၏ လမ်းမှားကို လွှမ်းမိုးဖိနှိပ်ပြီးလျှင် ငြောင့်တို့ကို ချိုးဖျက်၍ ကြွသွားတော်မူ၏၊(ရာဂစသည်တို့သည်) မမှီအပ်သော အဘို့အားဖြင့် တရားကို ခွဲခြားဝေဖန်၍ ဟောတော်မူတတ်သော အနှောင်အဖွဲ့မှ လွတ်ခြင်းကို ပြုတော်မူတတ်သော ထိုမြတ်စွာဘုရားကို ရှုကြကုန်လော့။

မြတ်စွာဘုရားသည် အကယ်၍ သြဃလေးပါးမှ ကူးမြောက်ခြင်းအကျိုးငှါ များသော အပြားရှိသော မဂ်ကို ဟောကြားတော်မူ၏၊ ထိုမဂ်တရားကို ဟောကြားတော်မူသည် ရှိသော် တရားကို မြင်သောသူတို့သည် မရွေ့လျောသည်ဖြစ်၍ တည်ကုန်၏။

http://www.dhammadownload.com



ထွန်းတောက်ပခြင်းကို ပြုတတ်သော ထိုမြတ်စွာဘုရားသည် အလုံးစုံသော ဒိဋ္ဌိတည်ရာတို့၏ လွန်မြောက်ရာ နိဗ္ဗာန်ကို မြင်တော်မူပြီ၊ ထိုမြတ်စွာဘုရားသည် မြတ်သောတရားကို သိတော်မူ၍ရင်း မျက်မှောက်ပြုတော်မူ၍ရင်း ပဉ္စဝဂ္ဂီငါးဦးတို့အား ဟောကြားတော်မူပြီ။

ဤသို့ တရားတော်ကို ကောင်းစွာ ဟောသည်ရှိသော် တရားကို သိကုန်သောပညာရှိတို့အား အဘယ်မှာ မေ့လျော့နိုင်အံ့နည်း၊ ထို့ကြောင့်သာလျှင် အကျွန်ုပ်သည် ထိုမြတ်စွာဘုရား၏ သာသနာတော်၌ အခါခပ်သိမ်း မေ့လျော့ခြင်း ကင်းသည်ဖြစ်၍ ရှိခိုးလျက် ကျင့်ပါအံ့”ဟု (ချီးကျူး၏)

## ၄-ကောဏ္ဍညသုတ်

၂၁၇။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေး၍ မွေးရာဖြစ်သောဝေဠုဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါအသျှင်အညာသိကောဏ္ဍညသည် အလွန်ကြာမြင့်မှသာလျှင်မြတ်စွာဘုရားထံသို့ချဉ်းကပ်၍ မြတ်စွာဘုရား၏ခြေတော်စုံတို့၌ဦးခေါင်းဖြင့် ပျပ်ဝပ်လျက် မြတ်စွာဘုရား၏ခြေတော်စုံတို့ကို ခံတွင်းဖြင့်စုပ်၏၊ လက်တို့ဖြင့်လည်းဆုပ်နယ်၏၊ “အသျှင်ဘုရား အကျွန်ုပ်သည် ကောဏ္ဍညပါတည်း၊ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား အကျွန်ုပ်သည် ကောဏ္ဍညပါတည်း” ဟု အမည်ကိုလည်း လျှောက်ကြား၏။

ထိုအခါ၌ အသျှင်ဝင်္ဂီသအား ဤသို့သော အကြံသည် ဖြစ်၏ “ဤအသျှင် အညာသိကောဏ္ဍညသည် အလွန်ကြာမြင့်မှသာလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီး၍ မြတ်စွာဘုရား၏ ခြေတော်စုံတို့၌ ဦးခေါင်းဖြင့် ပျပ်ဝပ်လျက် မြတ်စွာဘုရား၏ ခြေတော်စုံတို့ကို ခံတွင်းဖြင့် စုပ်၏၊ လက်တို့ဖြင့်လည်း ဆုပ်နယ်၏၊“အသျှင်ဘုရား အကျွန်ုပ်သည် ကောဏ္ဍညပါတည်း၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား အကျွန်ုပ်သည် ကောဏ္ဍညပါတည်း” ဟု အမည်ကိုလည်း ကြား၏၊ ငါသည် အသျှင်အညာသိကောဏ္ဍညကို မြတ်စွာဘုရား၏ မျက်မှောက်၌ သင့်လျော်ကုန်သော ဂါထာတို့ဖြင့် ချီးကျူးရမူကား ကောင်းလေစွ”ဟု အကြံဖြစ်၏၊ ထို့နောက် အသျှင်ဝင်္ဂီသသည် နေရာမှထ၍ ပခုံးတဖက်၌အပေါ်ရုံကို တင်ကာ မြတ်စွာဘုရားရှိတော်မူရာသို့ လက်အုပ်ချီလျက် မြတ်စွာဘုရားအား “အသျှင်ဘုရား အကျွန်ုပ်၏ဉာဏ်၌ ရှေးရှုထင်ပါ၏ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား အကျွန်ုပ်၏ဉာဏ်၌ ရှေးရှုထင်ပါ၏”ဟု လျှောက်၏၊ ဝင်္ဂီသ သင်၏ဉာဏ်၌ ရှေးရှုထင်စေလော့ ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏၊ ထိုအခါ အသျှင်ဝင်္ဂီသသည် အသျှင်အညာသိကောဏ္ဍညကို မြတ်စွာဘုရား၏ မျက်မှောက်၌ သင့်လျော်ကုန်သော ဂါထာတို့ဖြင့် ချီးကျူး၏။──

“ကောဏ္ဍအမည်ရှိသော ထိုမထေရ်သည် မြတ်စွာဘုရားကို အတုလိုက်၍ သစ္စာလေးပါးတရားကို သိတော်မူ၏၊ ထက်သော လုံ့လနှင့်လည်း ပြည့်စုံ၏၊ (ဈာန်သမာပတ်ကို) ရတော်မူ၏၊ ချမ်းသာစွာ နေလေ့ရှိကုန်သော သူတို့တွင် အမြဲမပြတ် ချမ်းသာစွာနေလေ့ရှိ၏၊ ဆိတ်ငြိမ်စွာ နေလေ့ရှိကုန်သော သူတို့တွင် အမြဲမပြတ် ဆိတ်ငြိမ်စွာ နေလေ့ရှိ၏။

မြတ်စွာဘုရား ဆုံးမတော်မူတိုင်း ပြုကျင့်လေ့ရှိသော တပည့်သည်ရောက်အပ်သော အကြင်လောကုတ္တရာတရားသည်ရှိ၏၊ မမေ့မလျော့ ကျင့်ပြီးသော အသျှင်ကောဏ္ဍညသည် အလုံးစုံသော ထိုလောကုတ္တရာတရားသို့ အစဉ်ရောက်တော်မူ၏။

http://www.dhammadownload.com



မြတ်စွာဘုရား၏ အမွေခံဖြစ်တော်မူသော ကြီးသော အာနုဘော်ရှိသော ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသော စေတောပရိယအဘိညာဉ်၌ လိမ္မာသော ကောဏ္ဍညသည် မြတ်စွာဘုရား၏ ခြေတော်ကို ရှိခိုး၏''ဟု(ချီးကျူး၏)။

## ၁၀-မောဂ္ဂလာနသုတ်

၂၁၀။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဣသိဂိလိတောင် နံပါး မည်းနက်သော ကျောက်ဖျာ၌ ရဟန္တာချည်းသာလျှင်ဖြစ်ကုန်သောငါးရာအတိုင်းအရှည်ရှိကုန်သောများစွာသောရဟန်းသံဃာနှင့်အတူ(သီတင်းသုံး)နေတော်မူ၏၊ အသျှင်မဟာမောဂ္ဂလာန်သည် ထိုရဟန်းတို့၏(ဥပမိ)မရှိသော ကိလေသာမှ လွတ်သောစိတ်ကို မိမိ၏ စိတ်ဖြင့် ကောင်းစွာ ဆင်ခြင်၏၊ ထိုအခါ အသျှင်ဝင်္ဂီသအား ဤအကြံသည် ဖြစ်၏ ''ဤမြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဣသိဂိလိတောင် နံပါး မည်းနက်သောကျောက်ဖျာ၌ ရဟန္တာချည်းသာလျှင် ဖြစ်ကုန်သောငါးရာ အတိုင်းအရှည် ရှိကုန်သော များစွာသော ရဟန်းသံဃာနှင့်အတူ (သီတင်းသုံး) နေတော်မူ၏၊ အသျှင်မဟာမောဂ္ဂလာန်သည် ထိုရဟန်းတို့၏ (ဥပမိ) မရှိသော ကိလေသာမှလွတ်သော စိတ်ကို မိမိစိတ်ဖြင့် ကောင်းစွာ ဆင်ခြင်၏၊ ငါသည် အသျှင်မဟာမောဂ္ဂလာန်ကို မြတ်စွာဘုရား၏ မျက်မှောက်၌သင့်လျော်သော ဂါထာတို့ဖြင့် ချီးကျူးရမူကား ကောင်းလေစွ'' ဟု အကြံဖြစ်၏၊ ထိုအခါ အသျှင်ဝင်္ဂီသသည် နေရာမှထ၍ လက်ဝဲပခုံးတဖက်၌ အပေါ်ရုံကိုတင်ကာ မြတ်စွာဘုရားအား ''မြတ်စွာဘုရား အကျွန်ုပ်၏ဉာဏ်၌ ရှေးရှုထင်ပါ၏၊ ကောင်းသောစကားကိုဆိုတော်မူတတ်သော မြတ်စွာဘုရား အကျွန်ုပ်၏ဉာဏ်၌ ရှေးရှုထင်ပါ၏''ဟု လျှောက်၏''ဝင်္ဂီသ သင်၏ ဉာဏ်၌ ရှေးရှုထင်စေလော့'' ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏၊ ထိုအခါ အသျှင်ဝင်္ဂီသသည် အသျှင်မဟာမောဂ္ဂလာန်ကို မြတ်စွာဘုရား၏ မျက်မှောက်၌ သင့်လျော်သော ဂါထာတို့ဖြင့် ချီးကျူး၏—

''ဣသိဂိလိတောင်နံပါး၌ သီတင်းသုံးနေတော်မူသော ဝဋ်ဆင်းရဲ၏ ကမ်းတဖက်သို့ ရောက်တော်မူသောမြတ်စွာဘုရားကို ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံကုန်သော မစ္စုမာရ်ကို ပယ်စွန့်ကုန်ပြီးသော ငါးရာသော တပည့်ရဟန္တာတို့သည် ဆည်းကပ်ကုန်၏။

ကြီးသော တန်ခိုးရှိတော်မူသော မောဂ္ဂလာန်သည်ထိုရဟန္တာတို့၏ကိလေသာမှလွတ်သော ဥပမိမရှိသော စိတ်ကို ဆင်ခြင်သည်ရှိသော် ထိုရဟန္တာတို့ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ သိ၏။

တပည့်အပေါင်းတို့သည် ဤသို့အလုံးစုံအင်္ဂါကြီးငယ်နှင့် ပြည့်စုံသော ဝဋ်ဆင်းရဲ၏ ကမ်းတဖက်သို့ ရောက်တော်မူသော များစွာသော အကြောင်း ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူသော ဂေါတမအနွယ်ဖြစ်တော်မူသော မြတ်စွာဘုရားကို ဆည်းကပ်ကုန်၏''ဟု(ချီးကျူး၏)။

## ၁၁-ဂဂ္ဂရာသုတ်

၂၁၉။အခါတပါး၌ မြတ်စွာဘုရားသည် စမ္ပာပြည် ဂဂ္ဂရာရေကန်၏ ကမ်းနား၌ ငါးရာအတိုင်းအရှည်ရှိသောများစွာသောရဟန်းသံဃာတို့နှင့်၎င်းခုနစ်ရာသောဥပါသကာ ယောကျ်ားတို့နှင့်၎င်း ခုနစ်ရာသော ဥပါသိကာမတို့နှင့်၎င်း အထောင်မကများကုန်သော နတ်တို့နှင့်၎င်း အတူ(သီတင်းသုံး) နေတော်မူ၏၊ ထိုရဟန်း နတ် လူတို့ထက် မြတ်စွာဘုရားသည်အဆင်းတော်ဖြင့်၎င်းအခြံအရံဖြင့်၎င်း သာလွန်၍ တင့်တယ်တော်မူ၏။ ထိုအခါ၌ အသျှင်ဝင်္ဂီသအား ဤအကြံသည် ဖြစ်၏

http://www.dhammadownload.com



"ဤမြတ်စွာဘုရားသည် စမ္ပာပြည် ဂဂ္ဂရာမည်ရေကန်၏ ကမ်းနားဌ် ငါးရာ အတိုင်းအရှည်ရှိသော များစွာသော ရဟန်းသံဃာတို့နှင့်၎င်း ခုနစ်ရာသော ဥပါသကာယောကျ်ားတို့နှင့်၎င်း ခုနစ်ရာသော ဥပါသိကာမတို့နှင့်၎င်း အထောင်မကများစွာကုန်သော နတ်တို့နှင့်၎င်း အတူ(သီတင်းသုံး)နေတော်မူ၏၊ ထိုရဟန်း နတ်လူတို့ထက် မြတ်စွာဘုရားသည် အဆင်းတော်ဖြင့်၎င်း အခြံအရံဖြင့်၎င်း အလွန် တင့်တယ်တော်မူ၏၊ ငါသည် မြတ်စွာဘုရားကို မျက်မှောက်၌ သင့်လျော်သော ဂါထာဖြင့် ချီးကျူး ရမူကား ကောင်းလေစွ"ဟု အကြံဖြစ်၏၊ ထို့နောက် အသျှင်ဝင်္ဂီသသည် နေရာမှထ၍ ပခုံးတဖက်၌ အပေါ်ရုံကို စမွယ်တင်၍ "မြတ်စွာဘုရား အကျွန်ုပ်၏ဉာဏ်၌ ရှေးရှု ထင်ပါ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သောမြတ်စွာဘုရား အကျွန်ုပ်၏ဉာဏ်၌ ရှေးရှု ထင်ပါ၏"ဟု လျှောက်၏၊ "ဝင်္ဂီသ သင်၏ဉာဏ်၌ ရှေးရှုထင်စေလော့"ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏၊ ထိုအခါ အသျှင်ဝင်္ဂီသသည် မြတ်စွာဘုရား၏ မျက်မှောက်၌ သင့်လျော်သော ဂါထာဖြင့် ချီးကျူး၏—

တိမ်တိုက်ကင်းသော ကောင်းကင်၌ လမင်းသည် တင့်တယ်သကဲ့သို့၎င်း အညစ်အကြေး ကင်းသော နေမင်းသည် တင့်တယ်သကဲ့သို့၎င်း ဤအတူ မုနိအပေါင်းတို့ထက် မြတ်တော်မူသော ကိုယ်တော်မှ ပြိုးပြိုးပြက်ပြက် ထွက်သော ရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရား အသျှင်ဘုရားသည် အခြံအရံဖြင့် အလုံးစုံသော လောကကို လွန်၍ တင့်တယ်တော်မူ၏"ဟု (ချီးကျူး၏)။

## ၁၂-ဝင်္ဂီသသုတ်

၂၂၀။ အခါတပါး၌ အသျှင်ဝင်္ဂီသသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အသျှင်ဝင်္ဂီသသည် ရဟန်းဖြစ်၍ မကြာမြင့်မီ အရဟတ္တဖိုလ်သို့ ရောက်သည်ဖြစ်၍ အရဟတ္တဖိုလ် ချမ်းသာကို ခံစား၏၊ ထိုအချိန်၌ ဤဂါထာတို့ကို ရွတ်ဆို၏—

"(ငါတို့သည်)ရှေးအခါက တရွာမှ တရွာသို့ တပြည်မှတပြည်သို့ ကဗျာဖွဲ့ခြင်းမျှ အတိုင်း အရှည်ရှိကုန်သည်ဖြစ်၍ လှည့်လည်ကြကုန်၏၊ ထိုစဉ်အခါ မြတ်စွာဘုရားကို ငါတို့ ဖူးမြင်ကြရ ကုန်၏၊ ငါတို့အား ယုံကြည်မှု ဖြစ်နကုန်၏။

ထိုမြတ်စွာဘုရားသည် ခန္ဓာအာယတနဓာတ်တို့ကို (ပြတော်မူလျက်) ငါ့အား တရားဟော တော်မူ၏၊ ငါသည် ထိုမြတ်စွာဘုရား၏ တရားကို ကြားနာရ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်း ပြုခဲ့ရ၏၊

အကြင်သူတို့သည် အမြဲချဉ်းကပ်၍ ဖူးမြင်ရကုန်၏၊ များစွာကုန်သော ထိုရဟန်းယောကျ်ား ရဟန်းမိန်းမတို့၏ အကျိုးငှါ မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်ကို ရတော်မူပေ၏ တကား။

ငါ၏ မြတ်စွာဘုရား အထံတော်သို့(လာခြင်းသည်) ငါ့အား ကောင်းသော လာခြင်းဖြစ်ပေ စွတကား၊ သုံးပါးကုန်သောဝိဇ္ဇာတို့သို့ အစဉ်ရောက်ရပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ ပြုလုပ်ရပေပြီ။

ငါသည် ရှေး၌ နေခဲ့ဘူးသော ခန္ဓာအစဉ်ကို သိပြီ၊ မြတ်သော ဒိဗ္ဗစက္ခုဉာဏ်ကို သုတ်သင် အပ်ပြီးပြီ၊ (အသိဉာဏ်) ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူ ဖြစ်၍ (ဣဒ္ဓိဝိဓ) အဘိညာဏ်ကို ရပြီ၊ သူတပါး စိတ်ကို ပိုင်းခြား၍ သိသော ဉာဏ်၌ လိမ္မာ၏"ဟု (ရွတ်ဆို၏)။

ဝင်္ဂီသသံယုတ် ပြီး၏။

http://www.dhammadownload.com

# ၉-ဝနသံယုတ်

## ၁-ဝိဝေကသုတ်

၂၂၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်–အခါတပါး၌ ရဟန်းတပါးသည် ကောသလ တိုင်း တောအုပ်တခု၌ နေ၏၊ ထိုအခါ ထိုရဟန်းသည် နေ့သန့်စင်ရာသို့ ကပ်သည်ရှိသော် ယုတ်ညံ့ သောတဏှာအိမ်ကို မှီ၍ ဖြစ်သော အကုသိုလ် အကြံအစည်တို့ကို ကြံ၏၊ ထိုအခါ ထိုတောအုပ်၌ စိုးအုပ်၍နေသော နတ်သည် ထိုရဟန်းအား အစဉ်အနားသည်ဖြစ်၍ အကျိုးစီးပွါးကို လိုသော ကြောင့် ထိုရဟန်းကို ထိတ်လန့်စေလိုရကား ထိုရဟန်းထံသို့ ချဉ်းကပ်ပြီးလျှင် ဂါထာတို့ဖြင့် ရွတ်ဆို လျှောက်ထား၏—

"(ရဟန်း) သင်သည် ဆိတ်ငြိမ်မှု 'ဝိဝေက' ကိုတောင့်တသည်ဖြစ်၍ တောသို့ ဝင်၏၊ သို့ဖြစ်လျက် သင်၏စိတ်သည် အပဖြစ်သော အာရုံတို့၌ ကျက်စားဘိ၏၊ လူဖြစ်သော သင်သည် (အခြား)လူ ဖြစ်သောသူ၌ အလို'ဆန္ဒ'ကို ပယ်ဖျောက်လော့၊ ယင်းသို့ ပယ်ဖျောက်ခြင်း ကြောင့် ရာဂကင်းသည် ဖြစ်၍ ချမ်းသာခြင်းရှိသူ ဖြစ်ရလတ္တံ့။

သင်သည် မမွေ့လျော်မှုကို စွန့်ပါလော့၊သတိရှိသူ ဖြစ်ပါလော့၊သတိနှင့် ပြည့်စုံသော သင့်ကို ငါတို့ အောက်မေ့လိုပါကုန်၏၊ ထိုစကားမှန်၏၊ တည်ရာမရှိသော ကိလေသာမြူကို လွှန်နိုင်ခဲ၏၊ သင့်ကို ကာမမြူသည် အပါယ်သို့ မဆောင်ပါစေလင့်။

မြေမှုန့်ကပ်သော ငှက်သည် ကပ်သောမြူကို ခါတွက်၍ ကျစေသကဲ့သို့ထိုအတူ ရဟန်းသည် လုံ့လနှင့်ပြည့်စုံသည် သတိနှင့်ပြည့်စုံသည်ဖြစ်၍ ကပ်သော ကိလေသာမြူကို ခါတွက်လျက် ကျစေပါလော့ ဟု (ရွတ်ဆို လျှောက်ထား၏)။

ထိုနတ် ထိတ်လန့်စေအပ်သော ထိုရဟန်းသည် ထိတ်လန့်ခြင်းသို့ ရောက်၏။

## ၂-ဥပဋ္ဌာနသုတ်

၂၂၂။ အခါတပါး၌ ရဟန်းတပါးသည် ကောသလတိုင်း တောအုပ်တခု၌ နေ၏၊ ထိုအခါ ထို ရဟန်းသည် နေ့သန့်စင်ရာသို့ ကပ်လျက် အိပ်၏၊ ထိုအခါ ထိုတောအုပ်၌ စိုးအုပ်၍ နေသော နတ်သည် ထိုရဟန်းအား အစဉ်သနားသည်ဖြစ်၍ အကျိုးစီးပွါးကို လိုသောကြောင့် ထိုရဟန်းကို ထိတ်လန့်စေလိုရကား ထိုရဟန်းထံသို့ ချဉ်းကပ်ပြီးလျှင် ဂါထာတို့ဖြင့် ရွတ်ဆို လျှောက်ထား၏—

"ရဟန်း ထလော့၊ အဘယ့်ကြောင့် အိပ်ဘိသနည်း၊ သင့်အား အိပ်ခြင်းဖြင့် အဘယ် အကျိုးရှိအံ့နည်း၊ ထိုစကားမှန်၏၊ ကိလေသာဟူသော နာကျင်ခြင်းရှိသော တဏှာမြှား စူးဝင်အပ်သည်ဖြစ်၍ ထိခိုက်သော သင့်အား အိပ်ခြင်းသည် အဘယ်အကျိုးရှိအံ့နည်း။

အကြင်ယုံကြည်မှု သဒ္ဓါတရားဖြင့် လူ၏ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြု၏၊ ထိုယုံကြည်မှု သဒ္ဓါတရားကိုသာလျှင် ပွါးစေလော့၊ အိပ်ခြင်း၏ အလိုနိုင်ငံသို့ မလိုက်ပါလင့်" ဟု ရွတ်ဆို လျှောက်ထား၏။

(နတ်သား) ကာမဂုဏ်တို့သည် အမြဲမရှိကုန်၊ မခိုင်မြဲကုန်၊ ယင်း ကာမဂုဏ်တို့၌ ပညာ နည်းသော သူသည်သာ ပြင်းစွာ တွေဝေ၏၊ အနှောင်အဖွဲ့တို့မှ လွတ်ပြီးသော (တဏှာ ဒိဋ္ဌိ အမှီဖြင့်) မမှီသော ရဟန်းကို (နေ့၌အိပ်ခြင်းသည်) အဘယ့်ကြောင့် ပူပန်စေနိုင်အံ့နည်း။

http://www.dhammadownload.com



(နတ်သား) ပြင်းစွာ တပ်မက်မှု 'ဆန္ဒရာဂကို' ပယ်ခြင်းကြောင့် မသိမှု 'အဝိဇ္ဇာ' ကို လွန်မြောက်ခြင်းကြောင့် လွန်စွာ စင်ကြယ်ခြင်းရှိသော စတုသစ္စာဉာဏ်နှင့် ပြည့်စုံသော ထိုရဟန်းကို (နေ့၌ အိပ်ခြင်းသည်) အဘယ့်ကြောင့် ပူပန်စေနိုင်အံ့နည်း။

(နတ်သား) မသိမှု'အဝိဇ္ဇာ'ကို အသိဉာဏ်'ဝိဇ္ဇာ'ဖြင့် ဖြတ်တောက်၍ အာသဝတရားတို့၏ ကုန်ခြင်းကြောင့် ပူဆွေးမှုမရှိသော ပြင်းစွာ ပင်ပန်းမှု မရှိသော ရဟန်းကို(နေ့၌အိပ်ခြင်းသည်) အဘယ့်ကြောင့် ပူပန်စေနိုင်အံ့နည်း။

(နတ်သား) ထက်သန်သော လုံ့လရှိသော နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသော မြဲမြံကြံ့ခိုင်သော လုံ့လရှိသော နိဗ္ဗာန်ကို တောင့်တသော ရဟန်းကို (နေ့၌ အိပ်ခြင်းသည်) အဘယ့်ကြောင့် ပူပန်စေနိုင်အံ့နည်း" ဟု(မိန့်ဆို၏)။

## ၃-ကဿပဂေါတ္တသုတ်

၂၂၃။ အခါတပါး၌ အသျှင်ကဿပဂေါတ္တသည် ကောသလတိုင်း တောအုပ်တခု၌ နေ၏၊ ထိုအခါ အသျှင်ကဿပဂေါတ္တသည် နေ့သန့်စင်ရာသို့ ကပ်၍ သားမုဆိုးတယောက်ကို ဆုံးမ၏၊ ထိုအခါ ထိုတောအုပ် စိုးအုပ်၍ နေသော နတ်သည် အသျှင်ကဿပဂေါတ္တအား ထိတ်လန့်စေလိုသည်ဖြစ်၍ ထိုအသျှင်ကဿပဂေါတ္တထံသို့ ချဉ်းကပ်ပြီးလျှင် ဂါထာတို့ဖြင့် ရွတ်ဆို၏—

"ရဟန်း တောင်ချောက်ကြား၌ သွားလာနေသော ပညာမဲ့၍ အကြောင်းအကျိုး သိနိုင်သည့် စိတ်မရှိသော မုဆိုးကို အခါမဟုတ်သည်၌ ဆုံးမသော ရဟန်းသည် နွံ့နှေးမိုက်မဲသူကဲ့သို့ အကျွန်ုပ်(ဉာဏ်၌) ထင်ပါ၏။

မုဆိုးမိုက်သည် နားထောင်၏ သိကား မသိ၊ ကြည့်၏၊ မြင်ကား မမြင်၊ တရားဟောသော်လည်း အနက်အဓိပ္ပာယ်ကို မသိနိုင်။

ကဿပ သင်သည် ဆယ်တိုင်သော မီးတိုင်ကို ညှိထွန်းစေကာမူ (ထိုသားမုဆိုးသည်)အဆင်းတို့ကို မမြင်ရလတ္တံ့၊ ထိုတောမုဆိုးအား (ပညာ) မျက်စိ မရှိသည်သာတည်း" ဟု ရွတ်ဆို၏။

ထိုအခါ၌ အသျှင်ကဿပဂေါတ္တသည် ထိုနတ် ထိတ်လန့်စေအပ်သည်ဖြစ်၍ ထိတ်လန့်ခြင်းသို့ ရောက်၏။

## ၄-သမ္ဗဟုလသုတ်

၂၂၄။ အခါတပါး၌ များစွာကုန်သော ရဟန်းတို့သည် ကောသလတိုင်း တောအုပ်တခု၌ နေကုန်၏၊ ထိုအခါ ရဟန်းတို့သည် ဝါကျွတ်ကုန်ပြီးသော် သုံးလကို လွန်သဖြင့် ဒေသစာရီ ဖဲသွားကြကုန်၏၊ထိုအခါ ထိုတောအုပ်၌ စိုးအုပ်၍နေသောနတ်သည် ထိုရဟန်းတို့ကို မမြင်သည်ဖြစ်ရကား ငိုကြွေးလျက် ထိုအချိန်၌ ဤဂါထာကို ရွတ်ဆို၏—

"များစွာကုန်သော ဆိတ်ငြိမ်သော နေရာတို့ကို မြင်ရသောကြောင့် ငါ့အား ယနေ့ မမွေ့လျော်သကဲ့သို့ ထင်၏။ ထိုရဟန်းတို့သည် ဆန်းကြယ်သော တရားစကားရှိကုန်၏၊ များစွာသော အကြားအမြင်ရှိကုန်၏၊ ဤဂေါတမဘုရား၏ တပည့်ဖြစ်ကုန်သော ထိုရဟန်းတို့သည် အဘယ်အရပ်သို့ သွားကုန်သနည်း" ဟု ရွတ်ဆို၏။

http://www.dhammadownload.com



ဤသို့ ရွတ်ဆိုအပ်သည်ရှိသော် နတ်သားတယောက်သည် ထိုဆိုသော နတ်သားကို ဂါထာဖြင့် ပြန်ပြော၏—

အချို့သော ရဟန်းတို့သည်ကား မဂဓတိုင်းသို့ သွားကုန်၏၊ အချို့သော ရဟန်းတို့သည်ကား ကောသလတိုင်းသို့ သွားကုန်၏၊အချို့သော ရဟန်းတို့သည်ကား ဝဇ္ဇီတိုင်းသို့ သွားကုန်၏၊ ကပ်ငြိခြင်းမရှိပဲ သွားလေ့ရှိကုန်သော သားသမင်နှင့် တူကုန်သော ရဟန်းတို့သည် အိမ်မရှိကုန်သည်ဖြစ်၍ နေကြကုန်၏''ဟု (ပြန်ပြော၏)။

## ၅-အာနန္ဒသုတ်

၂၂၅။ အခါတပါး၌ အသျှင်အာနန္ဒာသည် ကောသလတိုင်း တောအုပ်တခု၌ နေ၏၊ ထိုအခါ အသျှင်အာနန္ဒာသည် လူတို့ကို သိစေခြင်း များသည်ဖြစ်၍ အချိန်လွန်စွာနေ၏၊ ထိုအခါ ထိုတောအုပ်၌ စိုးအုပ်၍နေသော နတ်သည် အသျှင်အာနန္ဒာအား အစဉ်သနားသည်ဖြစ်၍ အကျိုးစီးပွားကို လိုသောကြောင့် အသျှင်အာနန္ဒာကို ထိတ်လန့်စေလိုရကား အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်လျက် ဂါထာဖြင့် ရွတ်ဆိုလျှောက်ထား၏—

"ဂေါတမအနွယ်ဖြစ်သော အသျှင်အာနန္ဒာ သစ်ပင်ရင်း တောချုံသို့ သက်ဝင်ကာ နိဗ္ဗာန်ကို စိတ်နှလုံး၌ ထည့်သွင်းထား၍ ဈာန်ဝင်စားပါလော့၊ မေ့လျော့ခြင်း မဖြစ်ပါစေလင့်၊ အသျှင်ဘုရားအား ဗလစ်ဗလစ် ပြောဆိုခြင်းသည် အဘယ်ပြုလတ္တံ့နည်း"ဟု လျှောက်၏။

ထိုအခါ အသျှင်အာနန္ဒာသည် ထိုနတ် ထိတ်လန့်စေအပ်သည်ဖြစ်၍ ထိတ်လန့်ခြင်းသို့ရောက်၏။

## ၆-အနုရုဒ္ဓသုတ်

၂၂၆။ အခါတပါး၌ အသျှင်အနုရုဒ္ဓါသည် ကောသလတိုင်း တောအုပ်တခု၌ နေ၏၊ထိုအခါ အသျှင်အနုရုဒ္ဓါ၏ ရှေးကမယားဖြစ်ဘူးသော တာဝတိံသာနတ်ပြည်၌ဖြစ်သော ဇာလိနီမည်သော နတ်သမီးတယောက်သည် ထိုအသျှင်အနုရုဒ္ဓါထံသို့ ချဉ်းကပ်လျက် ဂါထာဖြင့် ရွတ်ဆိုလျှောက်ထား၏—

"အကြင်အရပ်၌ ရှေးအခါက သင်နေဘူး၏၊ ထိုအရပ်၌ စိတ်ကို တောင့်တလော့၊ အလုံးစုံသော ကာမဂုဏ်တို့နှင့် ပြည့်စုံသော တာဝတိံသာနတ်ပြည်တို့၌ နတ်သမီး အပေါင်းတို့ဖြင့် ဝိုင်းအုံ ခြံရံအပ်သည်ဖြစ်၍ တင့်တယ်ခဲ့ဘူး၏"ဟု လျှောက်၏။

နတ်သမီးတို့သည်ကား သက္ကာယဒိဋ္ဌိ၌ တည်ကုန်သည်ဖြစ်၍ မကောင်းသော လားရာ ရှိကုန်၏၊ ထိုနတ်သမီးတို့သည်လည်း ဒုဂ္ဂတိဘုံသို့ ရောက်ကုန်သေး၏၊ အကြင် တာဝတိံသာနတ်တို့ကို နတ်သမီးတို့ တောင့်တအပ်ကုန်၏။ ထို(တာဝတိံသာ) သတ္တဝါတို့သည်လည်း ဒုဂ္ဂတိဘုံသို့ ရောက်ရကုန်သေး၏''ဟု မိန့်ဆို၏။

အကြင်သူတို့သည် များစွာသော အခြံအရံရှိသော တာဝတိံသာ နတ်ပြည်၌ နေကုန်သော နတ်သားတို့၏ နေရာဖြစ်သော နန္ဒဝန်ဉယျာဉ်ကို မမြင်ဘူးကုန်၊ ထိုသူတို့သည် ချမ်းသာကို မသိကုန် ဟု(ဆို၏)။

http://www.dhammadownload.com



အမိုက်မ အကြင်အခြင်းအရာဖြင့် ရဟန္တာပုဂ္ဂိုလ်တို့၏စကားသည်ရှိ၏၊ ထိုစကားကို သင်မသိ၊ အလုံးစုံသော သခ်ါရတို့သည် အမြဲ မရှိကုန်၊ ဖြစ်တတ် ပျက်တတ်သော သဘောရှိကုန်၏၊ ဖြစ်ကုန်ပြီး၍ ချုပ်ကုန်၏၊ ထိုသခ်ါရတရားတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည်သာ ချမ်းသာ၏၊ (ဤသို့သော စကားကို သင်မသိ)။

ဇာလိနီနတ်သမီး နတ်ပြည်၌ ယခုအခါ (ငါ၏) တဖန် နေခြင်းသည် မရှိတော့ပြီ။ ပဋိသန္ဓေနေခြင်း သံသရာသည် ကုန်ပြီးပြီ၊ ယခုအခါ တဖန် ဘဝသစ်၌ ဖြစ်ခြင်းသည် မရှိတော့ပြီဟု (ဆို၏)။

## ၇-နာဂဒတ္တသုတ်

၂၂၇။ အခါတပါး၌ အသျှင်နာဂဒတ္တသည် ကောသလတိုင်း တောအုပ်တခု၌နေ၏၊ ထိုအခါ၌ အသျှင်နာဂဒတ္တသည် အလွန်စောလွန်းစွာ ရွာသို့ဝင်၏၊ အလွန်နေမြင့်မှ ပြန်ခဲ့၏၊ ထိုအခါ ထိုတောအုပ်၌ စိုးအုပ်၍ နေသောနတ်သည် အသျှင်နာဂဒတ္တအား အစဉ်သနားခြင်း ရှိသည်ဖြစ်၍ အကျိုးစီးပွါးကို လိုသောကြောင့် အသျှင်နာဂဒတ္တကို ထိတ်လန့်စေလိုရကား ထိုအသျှင်နာဂဒတ္တထံသို့ ချဉ်းကပ်ပြီးလျှင် ဂါထာဖြင့် ရွတ်ဆို လျှောက်ထား၏——

"နာဂဒတ္တ နံနက်စောစော(ရွာသို့)ဝင်၏၊နေမြင့်မှ ပြန်လာသည့်ပြင်အချိန်လွန်အကျင့်ကို ကျင့်လေ့ရှိကာ လူတို့နှင့်တူမျှသော ချမ်းသာ ဆင်းရဲရှိသည်ဖြစ်၍ လူတို့နှင့် ရောနှောဘိ၏။

ဒါယကာတို့၌ ဖွဲ့သောစိတ်ရှိသော လွန်စွာခက်ထန်သော နာဂဒတ္တကို အကျွန်ုပ်ကြောက်လှပါ၏၊ (တခုသော ဘဝ၏) အဆုံးကို ပြုတတ်သော ခွန်အားကြီးသော သေမင်းကို အလိုနိုင်ငံသို့ မလိုက်ပါလင့်"ဟု ရွတ်ဆို၏။

ထိုအခါ၌ အသျှင်နာဂဒတ္တသည် ထိုနတ် ထိတ်လန့်စေအပ်သည် ဖြစ်၍ ထိတ်လန့်ခြင်းသို့ ရောက်၏။

## ၈-ကုလဃရဏီသုတ်

၂၂၈။ အခါတပါး၌ ရဟန်းတပါးသည် ကောသလတိုင်း တောအုပ်တခု၌ နေ၏၊ ထိုအခါ၌ ထိုရဟန်းသည် အမျိုးတဦး၌ အလွန်ခင်မင် သက်ဝင်ခြင်းသို့ ရောက်သည်ဖြစ်၍ အချိန်ကြာမြင့်စွာ နေ၏၊ထိုအခါ ထိုတောအုပ်၌ အုပ်စိုး၍နေသောနတ်သည် ထိုရဟန်းအား အစဉ်သနားခြင်းရှိသည် ဖြစ်၍ အကျိုးစီးပွါးကို လိုသောကြောင့် ထိုရဟန်းကို ထိတ်လန့်စေလိုရကား ထိုအမျိုး၌ ရှိသော အိမ်ရှင်မ၏ အသွင်ကို ဖန်ဆင်း၍ ထိုရဟန်းထံသို့ ချဉ်းကပ်ပြီးလျှင်ဂါထာဖြင့် ရွတ်ဆိုလျှောက်ထား၏—

"ရဟန်း မြစ်ကမ်းနားတို့၌၎င်း အပန်းဖြေနားနေရာ အရပ်၌၎င်း ပွဲသဘင်တို့၌၎င်း လမ်းမတို့၌၎င်း လူအပေါင်းတို့သည် စုရုံးကြကုန်၍ အကျွန်ုပ်ကို၎င်း အကျွန်ုပ်၏ အကြောင်းကို၎င်း သင့်အကြောင်းကို၎င်း တိုးတိုး ပြောဆိုတိုင်ပင်ကြကုန်၏၊ အဘယ်ကဲ့သို့သော အကြောင်းမျိုး ဖြစ်ပါလိမ့်မည်နည်း"ဟု ဆို၏။

http://www.dhammadownload.com



အိမ်ရှင်မ လောက၌ ဆန့်ကျင်ဖက် ပြောဆိုသော အသံတို့သည် များပြားကုန်သည်သာ တည်း၊ ခြိုးခြံစွာ ကျင့်လေ့ရှိသူသည် သည်းခံအပ်၏၊ ထိုအကြောင်းကြောင့် မျက်နှာမသာ မဖြစ်ရာ၊ ထိုသို့ ပြောခြင်းကြောင့် မညစ်နွမ်းလတ္တံ့။

အိမ်ရှင်မ အကြင်သူသည် တော၌ ဝါတမိဂမည်သော သားကောင်ကဲ့သို့ စကားသံဖြင့် ထိတ်လန့်၏၊ ထိုသူကို ပေါ့သော စိတ်ရှိသော ပုဂ္ဂိုလ်ဟူ၍ (ပညာရှိတို့) ဆိုကုန်၏၊ ထိုပုဂ္ဂိုလ် အား အကျင့် မပြည့်စုံရာ"ဟု (မိန့်ဆို၏)။

## ၉-ဝဇ္ဇီပုတ္တသုတ်

၂၂၉။ အခါတပါး၌ ဝဇ္ဇီတိုင်းသား ရဟန်းတပါးသည်ဝေသာလီပြည် တောအုပ်တခု၌နေ၏၊ ထိုအခါ ဝေသာလီပြည် ဝဇ္ဇီတိုင်းသားအပေါင်းသည်(နက္ခတ်ပွဲသဘင်အလို့ငှါ) တညဉ့်လုံးတီးမှုတ် လှည့်လည်၏၊ ထိုအခါ ထိုရဟန်းသည် ဝေသာလီမြို့၌တူရိယာ တီးမှုတ်သံ ကြွေးကြော်သံကိုကြား၍ ငိုကြွေးလျက် ဤဂါထာကို ရွတ်ဆို၏—

"ငါတို့သည် တောအုပ်၌ အသုံးမဝင်သော သစ်သားဆွေးကဲ့သို့ တယောက်တည်း တော၌ နေရကုန်၏၊ ဤသို့သော ညဉ့်၌ ငါတို့ထက် အထူးသဖြင့် ယုတ်ညံ့သော အဘယ် မည်သောသူ ရှိပါအံ့နည်း"ဟု ရွတ်ဆို၏။

ထိုအခါ ထိုတောအုပ်၌ စိုးအုပ်နေသော နတ်သည် ထိုရဟန်းအား အစဉ်သနားခြင်း ရှိသည်ဖြစ်၍ အကျိုးစီးပွါးကို လိုသောကြောင့် ထိုရဟန်းကို ထိတ်လန့်စေလိုရကား ထိုရဟန်း ထံသို့ ချဉ်းကပ်လျက် ဂါထာဖြင့် ရွတ်ဆို လျှောက်ထား၏—

"ရဟန်း သင်သည် တောအုပ်၌ အသုံးမဝင်သော သစ်သားဆွေးကဲ့သို့ တယောက်တည်း သာလျှင် တော၌ နေ၏၊ သို့ပင် ဖြစ်သော်လည်း ငရဲသူ သတ္တဝါတို့သည် နတ်ရွာသုဂတိသို့ သွားသောသူ တောင့်တကုန်သကဲ့သို့ ထို့အတူ များစွာကုန်သော သူတို့သည် သင့်အား တောင့်တကုန်၏"ဟု လျှောက်၏။

ထိုအခါ ထိုရဟန်းသည် ထိုနတ် ထိတ်လန့်စေအပ်သည်ဖြစ်၍ ထိတ်လန့်ခြင်းသို့ ရောက်၏။

## ၁၀-သဇ္ဈာယသုတ်

၂၃၀။ အခါတပါး၌ ရဟန်းတပါးသည် ကောသလတိုင်း တောအုပ်တခု၌နေ၏၊ ထိုအခါ၌ ထိုရဟန်းသည် ရှေးက သရဇ္ဈာယ်ခြင်းများသည်ဖြစ်၍ အချိန်ကြာမြင့်စွာနေခဲ့ပြီးမှ နောက်အခါ၌ ကြောင့်ကြမဲ့ ဆိတ်ဆိတ်နေလျက် ဖလသမာပတ် ချမ်းသာဖြင့် ကာလကို လွန်စေ၏၊ ထိုအခါ ထိုတောအုပ်၌ စိုးအုပ်၍နေသော နတ်သည် ထိုရဟန်း၏ သရဇ္ဈာယ်သော တရားတော်ကို မကြားရသည်ဖြစ်၍ ထိုရဟန်းထံသို့ ချဉ်းကပ်ပြီးလျှင် ဂါထာဖြင့် ရွတ်ဆို လျှောက်ထား၏—

"ရဟန်း အဘယ့်ကြောင့် သင်သည် တရားတော်တို့ကို မသရဇ္ဈာယ်သနည်း၊ရဟန်းတို့နှင့် ပေါင်းဖော်သောသူသည် တရားကို နာရသောကြောင့် မျက်မှောက်ဘဝ၌ ကြည်ညိုခြင်း ကိုလည်း ရပါ၏၊ ချီးမွမ်းခြင်းကိုလည်း ခံရပါ၏"ဟု လျှောက်၏။

http://www.dhammadownload.com



ငါတို့သည် အရိယာမဂ်သို့ မရောက်သေးမီ ရှေးအခါက တရားတော်တို့၌ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း ဆန္ဒဖြစ်ပေါ်ခဲ့ပြီ၊ အရိယာမဂ်သို့ ရောက်ပြီးသောအခါ၌မူကား မြင်အပ် ကြားအပ် တွေ့ထိအပ်သော တရားအားလုံးကို သိ၍ စွန့်လွှတ်ခြင်းကို သူတော်ကောင်းတို့ ချီးမွမ်းကုန်၏" ဟု (မိန့်ဆို၏)။

## ၁၁ အကုသလဝိတက္ကသုတ်

၂၃၁။ အခါတပါး၌ ရဟန်းတပါးသည် ကောသလတိုင်း တောအုပ်တခု၌ နေ၏၊ ထိုအခါ ထိုရဟန်းသည် နေ့သန့်စင်ရာသို့ ကပ်သည်ရှိသော် ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသာဝိတက်ဟူသော ယုတ်ညံ့သော အကုသိုလ် ဝိတက်တို့ကို ကြံစည်၏၊ ထိုအခါ တောအုပ်၌ စိုးအုပ်၍နေသော နတ်သည် ထိုရဟန်းအား အစဉ်သနားခြင်း ရှိသည်ဖြစ်၍ အကျိုးစီးပွားကို အလိုရှိသောကြောင့် ထိုရဟန်းကို ထိတ်လန့်စေလိုရကား ထိုရဟန်းထံသို့ ချဉ်းကပ်ပြီးလျှင် ဂါထာဖြင့် ရွတ်ဆိုလျှောက်ထား၏။

"မသင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် ထိုသင့်ကို ဝိတက်တို့ ကိုက်ခဲအပ်၏၊ မသင့်လျော်သော နှလုံးသွင်းခြင်းကို စွန့်လော့၊ သင့်လျော်သောအားဖြင့် အဖန်တလဲလဲ ကြံစည်လော့။

မြတ်စွာဘုရားကိုငင်း တရားတော်ကိုငင်း သံဃာတော်ကိုငင်း မိမိ၏သီလတို့ကိုငင်း အာရုံပြု၍ ဝမ်းမြောက်ခြင်းကိုငင်း နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ကိုငင်း ယုံမှား မရှိမူ၍ ရလတ္တံ့၊ ထိုနောက် များစွာ ဝမ်းမြောက်ခြင်းရှိသည် ဖြစ်၍ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုရလတ္တံ့" ဟု လျှောက်၏။

ထိုအခါ ထိုရဟန်းသည် ထိုနတ် ထိတ်လန့်စေအပ်သည်ဖြစ်၍ ထိတ်လန့်ခြင်းသို့ ရောက်၏။

## ၁၂-မဇ္ဈန္ဟိကသုတ်

၂၃၂။ အခါတပါး၌ ရဟန်းတပါးသည် ကောသလတိုင်း တောအုပ်တခု၌ နေ၏၊ ထိုအခါ ထိုတောအုပ်၌ စိုးအုပ်၍ နေသော နတ်သည် ထိုရဟန်းထံသို့ ချဉ်းကပ်ပြီးလျှင် ထိုရဟန်း၏ အထံ၌ ဤဂါထာကို ရွတ်ဆို လျှောက်ထား၏—

"မွန်းတည့်ချိန်အခါ၌ ငှက်အပေါင်းတို့သည် အပန်းဖြေ နားနေကုန်သည်ရှိသော် တောအုပ်ကြီးသည် ပြင်းထန်သော အသံကို ပြုသကဲ့သို့ ဖြစ်၏၊ ထို(အသံ) သည် ကြောက်မက်ဖွယ်ဟု အကျွန်ုပ်အား ရှေးရှုထင်လာ၏" ဟု (ရွတ်ဆို၏)။

"မွန်းတည့်ချိန်အခါ၌ ငှက်အပေါင်းတို့သည် အပန်းဖြေနားနေကုန်သည်ရှိသော် တောအုပ်ကြီးသည် ပြင်းထန်သော အသံကို ပြုသကဲ့သို့ ဖြစ်၏၊ ထို (အသံ) သည် မွေ့လျော်ဖွယ်ဟု ငါ့အား ရှေးရှုထင်လာ၏"ဟု (မိန့်ဆို၏)။

## ၁၃-ပါကတိန္ဒြိယသုတ်

၂၃၃။ အခါ တပါး၌ များစွာကုန်သော ရဟန်းတို့သည် ကောသလတိုင်း တောအုပ်တခု၌ ပျံ့လွင့်သော စိတ်ရှိကုန်သည် တက်ကြွထောင်လွှားကုန်သည် လျှပ်ပေါ်ကုန်သည် နှုတ်ကြမ်းကုန်သည်

http://www.dhammadownload.com



ဖရိုဖရဲ ကြဲသော စကားရှိကုန်သည် သတိလွတ်ကုန်သည် အဆင်အခြင်မရှိကုန်သည် မတည်ကြည်ကုန်သည် တုန်လှုပ်သော စိတ်ရှိကုန်သည် ပေါ် လွင်သောဣန္ဒြေ ရှိကုန်သည်ဖြစ်၍ နေကုန်၏၊ ထိုအခါ ထိုတောအုပ်၌ စိုးအုပ်၍နေသော နတ်သည် ထိုရဟန်းတို့အား အစဉ်သနားခြင်း ရှိသည်ဖြစ်၍ အကျိုးစီးပွားကို လိုသောကြောင့် ထိုရဟန်းတို့ကို ထိတ်လန့်စေလိုရကား ထိုရဟန်းတို့ထံသို့ ချဉ်းကပ်ပြီးလျှင် ရဟန်းတို့ကို ဂါထာတို့ဖြင့် ရွတ်ဆို လျှောက်ထား၏—

"ရှေးအခါက ဂေါတမမြတ်စွာဘုရား၏ တပည့်ဖြစ်ကုန်သော ရဟန်းတို့သည် ချမ်းသာစွာ အသက်မွေးလေ့ ရှိကုန်၏၊ တပ်မက်ခြင်း မရှိကုန်သည်ဖြစ်၍ ဆွမ်းကို ရှာမှီးကုန်၏၊ တပ်မက်ခြင်း မရှိကုန်သည်ဖြစ်၍ အိပ်ရာနေရာကို ရှာမှီးကုန်၏၊ ထိုရဟန်းတို့သည် လောက၌ မမြဲခြင်းကို သိကုန်၍ ဆင်းရဲ၏ အဆုံးကို ပြုကုန်၏။

ဤသာသနာတော်၌ အချို့သော ရဟန်းတို့သည် ရွာ၌ ရွာသူကြီးတို့ကဲ့သို့ မိမိကိုယ်ကို မကောင်းသဖြင့် အသက်မွေးမြူ၍ လွန်စွာ စားကုန်၍ သူတပါးအိမ်ရာဟို၌ မိန်းမောကုန်သည် ဖြစ်၍ အိပ်ကုန်၏။

သံဃာတော်အား လက်အုပ်ချီ၍ အကျွန်ုပ် လျှောက်ထားလိုပါ၏၊ သူသေကောင်တို့ကို စွန့်အပ်ကုန်သကဲ့သို့ ထိုအတူ ထောက်တည်ရာမရှိသော ထိုရဟန်းတို့ကို စွန့်အပ်ကုန်၏။

အကြင်ရဟန်းတို့သည် မေ့လျော့ကုန်သည်ဖြစ်၍ နေကုန်၏၊ ထိုရဟန်းတို့ကို ရည်ညွှန်း၍ အကျွန်ုပ် ဆိုပါ၏၊ အကြင်ရဟန်းတို့သည် မမေ့လျော့ကုန်သည်ဖြစ်၍ နေကုန်၏၊ ထိုရဟန်းတို့အား အကျွန်ုပ်သည် ရှိခိုးပါ၏"ဟု (လျှောက်၏)။ ထိုအခါ ထိုရဟန်းတို့သည် ထိုနတ် ထိတ်လန့်စေအပ်သည်ဖြစ်၍ ထိတ်လန့်ခြင်းသို့ ရောက်ကုန်၏။

## ၁၄-ဂန္ဓတ္ထေနသုတ်

၂၃၄။ အခါတပါး၌ ရဟန်းတပါးသည် ကောသလတိုင်း တောအုပ်တခု၌ နေ၏၊ ထိုအခါ ထိုရဟန်းသည် ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခဲ့သည်ရှိသော် ရေကန်သို့ သက်ဆင်း၍ ပဒုမာကြာကို နမ်း၏၊ ထိုအခါ ထိုတောအုပ်၌ စိုးအုပ်၍နေသော နတ်သည် ထိုရဟန်းအား အစဉ်သနားခြင်း ရှိသည်ဖြစ်၍ အကျိုးစီးပွားကို လိုသောကြောင့် ထိုရဟန်းကို ထိတ်လန့်စေလိုရကာ ထိုရဟန်းထံသို့ ချဉ်းကပ်ပြီးလျှင် ဂါထာဖြင့် ရွတ်ဆို လျှောက်ထား၏—

"အချင်း သင်သည် အရှင် မပေးအပ်သော ကြာပန်းကို နမ်းဘိ၏၊ ထို နမ်းခြင်းသည် ခိုးခြင်းတို့တွင် အင်္ဂါတပါးတည်း၊ အချင်း သင်သည် အနံ့သူခိုး ဖြစ်၏"ဟု လျှောက်၏။

"နတ်သား ငါသည် ပဒုမာကြာကို ယူလည်း မယူ၊ ချိုးလည်း မချိုး၊ အဝေးမှကား နမ်းမိ၏၊ သို့ဖြစ်လျက် အဘယ်အကြောင်းကြောင့် ငါ့ကို အနံ့သူခိုးဟူ၍ ဆိုအပ်သနည်း။

အကြင်သူသည် ကြာစွယ်တို့ကို တူး၏၊ ကြာဖူးပွင့်တို့ကို ချိုးဖွဲ့ဖျက်ဆီး၏၊ မစင်ကြယ်သော အကျင့်ရှိသော ထိုသူကိုမူကား ကြာသူခိုးဟူ၍ အဘယ့်ကြောင့် မဆိုသနည်း" ဟု ပြန်ပြော၏

http://www.dhammadownload.com



"ယောကျ်ားသည် မကောင်းမှုအမျိုးမျိုးဖြင့် ပြွမ်း၍ နေ၏၊ နို့ထိန်းသည်၏ အဝတ်ကဲ့သို့ အညစ်အကြေးတို့ဖြင့် အလိမ်းလိမ်း ကပ်နေ၏၊ ထိုသူ၌ ငါ့အား ဆိုဖွယ်စကား မရှိ၊ သင့်ကို သာလျှင် ဆိုထိုက်၏။

ကိလေသာမရှိသော အမြဲစင်ကြယ်ခြင်းကို ရှာမှီးလေ့ရှိသော ယောကျ်ားအား သားမြီးဖျားမျှလောက်ရှိသော မကောင်းမှုသည် တိမ်တိုက်ကဲ့သို့ ထင်၏" ဟု (လျှောက်၏)။

တောစောင့်နတ် စင်စစ် သင်သည် ငါ့ကို (စင်ကြယ်၏ ဟု) သိပေ၏၊ သင်သည် ငါ့ကို အစဉ်သနား စောင့်ရှောက်ပေ၏၊ အကြင်အခါ ဤသို့သဘောရှိသော အမှုကို သင် မြင်၏၊ ထိုအခါ၌လည်း နောက်ထပ် ဆိုလှည့်ပါလော့" ဟု (ဆို၏)။

"ရဟန်း၊ ငါတို့သည် သင့်ကိုမှီ၍ အသက်မမွေးကုန်၊ သင်၏ အခစား မဟုတ်ကုန်၊ အကြင် အမှုဖြင့် သုဂတိဘုံသို့ ရောက်ရာ၏၊ ထိုအမှုကို သင်သည်သာလျှင် သိလေလော့" ဟု (လျှောက်၏)။

ထိုအခါ ထိုရဟန်းသည် ထိုနတ် ထိတ်လန့်စေအပ်သည်ဖြစ်၍ ထိတ်လန့်ခြင်းသို့ ရောက်၏။

ဝနသံယုတ် ပြီး၏။

http://www.dhammadownload.com

# ၁၀-ယက္ခသံယုတ်

## ၁-ဣန္ဒကသုတ်

၂၃၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည် — အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဣန္ဒကူဋတောင် ဣန္ဒကဘီလူး၏ ဗိမာန်၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ဣန္ဒက ဘီလူးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် ဂါထာဖြင့် ရွတ်ဆိုလျှောက်ထား၏—

"အသျှင်ဘုရား မြတ်စွာဘုရားတို့သည် ရုပ်ကို ဇီဝဟူ၍ ဆိုတော်မမူကုန်၊ အဘယ်အကြောင်းကြောင့် ဤသတ္တဝါသည် ဤကိုယ်ကို ရသနည်း၊ ထိုသတ္တဝါအား အရိုးစု အသားစိုင်သည် အဘယ်မှ ရောက်လာသနည်း၊ အဘယ်အကြောင်းကြောင့် ဤသတ္တဝါသည် အမိဝမ်း၌ ကပ်ငြိသနည်း"ဟု လျှောက်၏။

ဘီလူး ရှေးဦးစွာကလလရေကြည်ဖြစ်၏၊ ကလလရေကြည်မှ အမြှုပ်ဖြစ်၏၊ အမြှုပ်မှ သားတစ် ဖြစ်၏၊ သားတစ်မှ အခဲဖြစ်၏၊ အခဲမှ ခက်မငါးဖြာတို့ ဖြစ်ကုန်၏၊ ဆံ အမွေး ခြေသည်း လက်သည်းတို့လည်း ဖြစ်ကုန်၏။

ဤသတ္တဝါ၏ အမိသည် အကြင်ထမင်းကိုရင်း အဖျော်ကိုရင်း စားဖွယ်ကိုရင်း စား၏၊ အမိ၏ဝမ်း၌ တည်သော ထိုသတ္တဝါသည် ထို(အမိစားသော) အစာဖြင့် ထိုအမိဝမ်း၌ မျှတ၏" ဟု (မိန့်တော်မူ၏)။

## ၂-သက္ကနာမသုတ်

၂၃၆။ အခါတပါး၌ မြတ်စွာဘုရားသည် ဂိဇ္ဈကုဋ်တောင်၌ (သီတင်းသုံး) နေတော်မူ၏ ထိုအခါ သက္ကမည်သောဘီလူးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် ဂါထာဖြင့် ရွတ်ဆိုလျှောက်ထား၏–

"အသျှင်ဘုရား အလုံးစုံသော အထုံးအဖွဲ့'ဂန္ထ'ကို ပယ်ပြီးဖြစ်၍ဘဝသုံးပါးတို့မှ လွတ်တော်မူပြီးဖြစ်ပါလျက် ရဟန်းဖြစ်သော အသျှင်ဘုရားအား သူတပါးကို ပြောဟောဆုံးမနေခြင်းသည် မကောင်းပါ" ဟု လျှောက်၏။

"သက္ကဘီလူး တစုံတရာအကြောင်းကြောင့် အကြင်သူနှင့်အတူတကွ နေခြင်းသည် ဖြစ်ပေါ်လာ၏၊ ထိုသူကို ကောင်းသော ပညာရှိသည် စိတ်ဖြင့်သာ စောင့်ရှောက်ခြင်းငှါ မထိုက်။

ကြည်လင်သောစိတ်ဖြင့် သူတပါးကို အကယ်၍ သွန်သင် ဆုံးမငြားအံ့၊ထိုသို့ သွန်သင်ဆုံးမခြင်းကြောင့် အတူတကွ စပ်ယှဉ်မှု မဖြစ်နိုင်၊ အကြောင်းသော်ကား အစဉ်စောင့်ရှောက်ခြင်း အစဉ်အနားခြင်း ရှိနေသောကြောင့်တည်း" ဟု(မိန့်တော်မူ၏)။

## ၃-သူစိလောမသုတ်

၂၃၇။ အခါတပါး၌မြတ်စွာဘုရားသည် ဂယာရွာ သူစိလောမဘီလူး၏ဗိမာန် ညောင်စောင်းရှည်၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ ခရလောမဘီလူး သူစိလောမဘီလူးတို့သည်မြတ်စွာဘုရား၏ အနီး၌ သွားကုန်၏၊ ထိုအခါ ခရလောမဘီလူးသည် သူစိလောမဘီလူးအား "ဤသူသည်

http://www.dhammadownload.com



ရဟန်းတည်း''ဟု ဆို၏၊ ''ဤသူကား ရဟန်းမဟုတ် ရဟန်းတုတည်း၊ ထိုသူအညွှ ရဟန်းလော ရဟန်း တုလောဟု သိရအံ့''ဟု (သူစိလောမ ဘီလူးက ပြောဆို၏)။

ထို့နောက် သူစိလောမဘီလူးသည် ထိုမြတ်စွာဘုရားထံသို့ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရား၏ ကိုယ်တော်သို့ ကပ်၏၊ ထိုအခါ မြတ်စွာဘုရားသည် ကိုယ်တော်ကို ဖယ်ဆုတ်တော်မူ၏၊ ထိုအခါ သူစိလောမဘီလူးသည် မြတ်စွာဘုရားအား ''ရဟန်း(သင်သည်)ငါ့ကို ကြောက်သလော''ဟု ဆို၏၊ ''ဘီလူး ငါဘုရားသည် သင့်ကို မကြောက်၊ စင်စစ်သော်ကား သင်၏ အတွေ့သည် ကြမ်းထမ်း ယုတ်မာ၏''ဟု (မိန့်တော်မူ၏)၊ ''ရဟန်း သင့်အား ပြဿနာမေးအံ့၊ ငါ့အား အကယ်၍မဖြေနိုင်အံ့၊ သင်၏ စိတ်ကိုသော်လည်း ပျံ့လွင့်စေအံ့၊ သင်၏ နှလုံးကိုသော်လည်း ခွဲအံ့၊ ခြေတို့၌ ကိုင်၍ ဂင်္ဂါမြစ် တဖက်ကမ်းသို့သော်လည်း ပစ်လိုက်အံ့''ဟု (ဆို၏)၊ ဘီလူး နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့် တကွသော လူ့လောက၌ ငါ၏စိတ်ကိုမူလည်း ပျံ့လွင့်စေနိုင်သော နှလုံးကိုမူလည်း ခွဲစေနိုင်သော ခြေတို့၌မူလည်း ကိုင်၍ ဂင်္ဂါမြစ် တဖက်ကမ်းသို့ ပစ်နိုင်သော သူကို ငါမမြင်၊ ဘီလူး သို့သော်လည်း သင်သည် အကယ်၍ အလိုရှိအံ့၊ မေးလော့'' ဟု (မိန့်တော်မူ၏)။

ရဟန်း တပ်မက်မှု'ရာဂ'သည်၎င်း အမျက်ထွက်မှု'ဒေါသ'သည်၎င်း အဘယ်လျှင်အကြောင်း ရင်းရှိကုန်သနည်း၊ မမွေ့လျော်မှုသည်၎င်း မွေ့လျော်မှုသည်၎င်း ကြက်သီးမွေးညင်းထမှုသည်၎င်း အဘယ်မှ ဖြစ်သနည်း၊ သူငယ်တို့သည် ကျီးကိုဖမ်း၍ ကြိုးဖြင့်ချည်ကာ လွှတ်ကုန်သကဲ့သို့ မနောဝိတက်တို့သည် အဘယ်မှ ဖြစ်သောကြောင့် အဘယ်ကို စွန့်လွှတ်ကုန်သနည်း''ဟု (မေး၏)။

ဘီလူး တပ်မက်မှု 'ရာဂ'သည်၎င်း အမျက်ထွက်မှု 'ဒေါသ'သည်၎င်း ဤအတ္တဘောလျှင် အကြောင်းရင်းရှိကုန်၏၊ မမွေ့လျော်မှုသည်၎င်း မွေ့လျော်မှုသည်၎င်း ကြက်သီးမွေးညင်း ထမှုသည်၎င်း ဤအတ္တဘောမှ ဖြစ်ကုန်၏။ သူငယ်တို့သည် ကျီးကိုဖမ်း၍ ကြိုးဖြင့် ချည်ကာ လွှတ်ကုန်သကဲ့သို့ ထို့အတူ မနောဝိတက်တို့သည် ဤအတ္တဘောမှ ဖြစ်သောကြောင့် (စိတ်ကို) စွန့်လွှတ်ကုန်၏။

အတ္တဘော၌ ဖြစ်သောတရားတို့သည် ပညောင်ပင်၏ မြစ်ပျဉ်းကဲ့သို့ တဏှာမှဖြစ်ကုန်၏၊ တော၌ဖြစ်သော မာလောနွယ်သည်(မိမိနွယ်သော သစ်ပင်ကို) ထက်ဝန်းကျင် ရစ်ပတ်ပိတ်ဆို့ သကဲ့သို့ များစွာသော ကိလေသာတို့သည် ကာမဂုဏ်တို့၌ များစွာငြိတွယ်ကုန်၏။

ဘီလူး နားထောင်လော့။အကြင်သူတို့သည် အတ္တဘောကို သိကုန်၏၊ ယင်းအတ္တဘောလျှင် အကြောင်းရှိသော တဏှာကိုလည်း သိကုန်၏၊ ထိုသူတို့သည် အတ္တဘော၏ အကြောင်း ဖြစ်သော ထိုတဏှာကို ပယ်ကုန်၏၊ တဖန် ဘဝသစ်၌ မဖြစ်စေခြင်းငှာ မကူးမြောက်သေးသော ကူးခပ်နိုင်ခဲသော ဤဩဃကို ကူးမြောက်ကုန်၏''ဟု (မိန့်တော်မူ၏)။

## ၄-မဏိဘဒ္ဒသုတ်

၂၃၈။ အခါတပါး၌ မြတ်စွာဘုရားသည် မဂဓတိုင်း မဏိဘဒ္ဒဘီလူး၏ ဗိမာန်ဖြစ်သော မဏိမာလိကနတ်ကုန်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မဏိဘဒ္ဒဘီလူးသည် မြတ်စွာဘုရား ထံသို့ ချဉ်းကပ်လျက် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို ရွတ်ဆိုလျှောက်ထား၏—

http://www.dhammadownload.com



"သတိရှိသောသူအား အခါခပ်သိမ်းကောင်းမြတ်၏၊ သတိရှိသောသူသည် ချမ်းသာကိုရ၏၊ သတိရှိသောသူအား အမြဲသာလျှင်မြတ်၏' ရန်မှလည်းလွတ်၏''ဟု လျှောက်၏။

သတိရှိသောသူအား အခါခပ်သိမ်း ကောင်းမြတ်၏၊ သတိရှိသောသူသည် ချမ်းသာကိုရ၏၊ သတိရှိသောသူအား အမြဲသာလျှင်မြတ်၏၊ ရန်မှကား မလွတ်သေး။

"အကြင် (ရဟန္တာ) ပုဂ္ဂိုလ်အား အလုံးစုံသော နေ့ညဥ့်ပတ်လုံး မညှဉ်းဆဲခြင်း၌ မွေ့လျော်သော စိတ်ရှိကာ အလုံးစုံသော သတ္တဝါတို့၌ မေတ္တာအစုရှိသည်ဖြစ်၍ နေ၏၊ ထိုပုဂ္ဂိုလ်အား တစ်ဦးတစ်ယောက်သော ပုဂ္ဂိုလ်နှင့်မျှ ရိုက်ရန်မရှိ''ဟု (မိန့်တော်မူ၏)။

## ၅-သာနုသုတ်

၂၃၉။ တခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ တစ်ယောက်သော ဥပါသိကာမ၏ သာနုမည်သော သား(သာမဏေ)ကို ဘီလူးသည် ဖမ်းစားအပ်၏၊ ထိုအခါ ထိုဥပါသိကာမသည် ငိုကြွေးလျက် ဤဂါထာတို့ကို ရွတ်ဆိုမြည်တမ်း၏—

"အကြင်သူတို့သည် တဆယ့်လေးရက် မြောက်သောနေ့၌၎င်း, တဆယ့်ငါးရက်မြောက်သောနေ့၌၎င်း, လဆန်းပက္ခ လဆုတ်ပက္ခ၏ ရှစ်ရက်မြောက်သောနေ့၌၎င်း, ပါဋိဟာရိယပက္ခ၌၎င်း, အင်္ဂါရှစ်ပါးနှင့် ကောင်းစွာ ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးကုန်၏၊ မြတ်သောအကျင့်ကို ကျင့်ကုန်၏၊ ထိုသီလနှင့် ပြည့်စုံသောလူတို့ကို ဘီလူးတို့သည် မပင်ပန်းစေကုန်ဟု ရဟန္တာတို့၏ စကားကို ငါကြားဖူး၏၊ ယခုအခါ ဘီလူးတို့သည် သာနုမည်သော ငါ့သား သာမဏေအား ပင်ပန်းစေသည်ကို ယနေ့ ငါတွေ့မြင်ရ၏''ဟု (မြည်တမ်း၏)။

ဥပါသိကာမ အကြင်သူတို့သည် တဆယ့်လေးရက်မြောက်သော နေ့၌၎င်း, တဆယ့်ငါးရက် မြောက်သော နေ့၌၎င်း, လဆန်းပက္ခ လဆုတ်ပက္ခ၏ ရှစ်ရက်မြောက်သော နေ့၌၎င်း, ပါဋိဟာရိယပက္ခ၌၎င်း, အင်္ဂါရှစ်ပါးနှင့် ကောင်းစွာ ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးကုန်၏၊ မြတ်သောအကျင့်ကို ကျင့်ကုန်၏၊ ထိုသူတို့ကို ဘီလူးတို့သည် မပင်ပန်းစေကုန်ဟု ရဟန္တာတို့ ထံမှ ကြားဖူးသော သင့်စကားသည် ကောင်းပါပေ၏၊ နိုးကြား သတိရလာသော သာနု (သာမဏေ)အား ပြောကြား လိုက်ပါလော့။

"သင်သည် မျက်မှောက်၌ဖြစ်စေ မျက်ကွယ်၌ဖြစ်စေ မကောင်းသော အမှုကို မပြုလင့်၊ သင်သည် မကောင်းသောအမှုကို အကယ်၍ ပြုလိမ့်ငြားအံ့ (အကယ်၍မူလည်း) ပြုနေငြားအံ့၊ ကောင်းကင်သို့ ပျံတက်၍ ပြေးသော်လည်း သင့်အား ဆင်းရဲမှ မလွတ်နိုင်ဟု ဘီလူးတို့၏ ဤစကားကို ပြောကြားလိုက်ပါလော့''ဟု (ဘီလူး ပူးကပ်ပြောဆို၏)။

"မိခင် လောက၌ သေသောသူကိုသော်လည်း (ရည်မှန်း၍)ငိုကြွေးကုန်၏၊ အသက်ရှင်လျက် ပျောက်ဆုံးနေသူကိုသော်လည်း (ရည်မှန်း၍) ငိုကြွေးကုန်၏၊ မိခင် အသက်ရှင်သော ငါ့ကို မြင်ရလျက် အဘယ့်ကြောင့် ငိုကြွေးဘိသနည်း''ဟု (သာနုသာမဏေက ဆို၏)။

ချစ်သား လောက၌ သေသောသူကိုသော်လည်း (ရည်မှန်း၍) ငိုကြွေးကုန်၏၊ အသက် ရှင်လျက် ပျောက်ဆုံးနေသူကိုသော်လည်း (ရည်မှန်း၍) ငိုကြွေးကုန်၏၊ အကြင်သူသည် ဝတ္ထုကာမဂုဏ်တို့ကို စွန့်ပြီးဖြစ်လျက် တစ်ဖန် ဤလူ့ဘောင်သို့ ပြန်လည် လူထွက်လာ၏၊ ထို

http://www.dhammadownload.com



သူကိုလည်း(ရည်မှန်း၍) ငိုကြွေးကုန်၏။ ဤစကားမှန်၏ တဖန် ထိုလူ့ဘောင်သို့ ဝင်သော သူသည် အသက်ရှင်သော်လည်း သူသေနှင့် တူ၏။

ချစ်သား(အိမ်ရာတည်ထောင်ခြင်းဟူသော)ပြာပူမှ တက်ပြီး၍ ပြာပူသို့ ဆင်းခြင်းငှါ အလို ရှိဘိ၏။ ချစ်သား ချောက်မှတက်ပြီးဖြစ်လျက် ချောက်သို့ကျခြင်းငှါ အလိုရှိဘိ၏။

သားမောင်တို့သည် ပြေးသွားပါကုန်လော့၊ ချစ်သားအား ကောင်းခြင်းသည် ဖြစ်စေ သတည်း၊ (ဘီလူး ဖမ်းစား၍ ဤသို့သော ဖောက်ပြန်မှုကို) အဘယ်သူအား အပြစ်စကား ပြောကြား တိုင်တည်ရကုန်အံ့နည်း၊ သင်သည် မီးလောင်အိမ်မှ ထုတ်အပ်သော ဘဏ္ဍာကို တဖန် လောင်မြိုက်ခြင်းငှါ အလိုရှိဘိတကား”ဟု (အမိသည် ရွတ်ဆို၏)။

## ၆-ပိယင်္ကရသုတ်

၂၄၀။ အခါတပါး၌ အသျှင်အနုရုဒ္ဓါသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ အသျှင်အနုရုဒ္ဓါသည်ညဉ့်၏မိုးသောက်ယံ အချိန်၌ စောစောထ၍ ဓမ္မအစုတို့ကိုရွတ်ဆို၏၊ ထိုအခါ ပိယင်္ကရမာတာဘီလူးမသည် သားငယ်ကို ဤသို့ နှစ်သိမ့်စေ၏—

“ပိယင်္ကရ အသံမပြုလင့်၊ ရဟန်းသည် ဓမ္မအစုဘို့ကိုရွတ်ဆိုနေ၏၊ ငါတို့သည် တရားအစုကို သိ၍ ကျင့်နိုင်ကုန်ငြားအံ့လည်း မသိ၊ ငါတို့အား စီးပွါးခြင်းငှါ ဖြစ်တန်ရာ၏။

သတ္တဝါတို့၌လည်း စောင့်စည်းကြရကုန်အံ့၊ သိလျက် မမှန်စကားကိုလည်းမဆိုကြရကုန်အံ့၊ မိမိ၏ ကောင်းသော အကျင့်သီလကိုလည်း ကျင့်သုံးကြရကုန်အံ့၊ မြေဖုတ်ဘီလူးဘဝမှလွတ်ကြ ကောင်းတန်ရာ၏”ဟု (နှစ်သိမ့်စေ၏)။

## ၇-ပုနဗ္ဗသုသုတ်

၂၄၁။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကိုနိဗ္ဗာန်နှင့် စပ်သောတရားစကားဖြင့် အကျိုးစီးပွါးကိုကောင်းစွာပြလျက် တရားကိုဆောက်တည်စေကာ တရား ကျင့်သုံးရန်ထက်သန်ရွှင်လန်းစေ၏၊ ထိုရဟန်းတို့သည်လည်း အရိုအသေပြုကာနှလုံးသွင်းကုန်လျက် စိတ်ဖြင့်အလုံးစုံ တရားစကားကို ကောင်းစွာမှတ်သားပြီးလျှင် နားစိုက်ထောင်ကုန်၍ တရား နာကုန်၏၊ ထိုအခါ၌ ပုနဗ္ဗသုမာတာ ဘီလူးမသည် သားငယ်တို့ကို ဤသို့ နှစ်သိမ့်စေ၏—

“ချစ်သမီးဥတ္တရိကာ နတ်လူတို့ကို ဆုံးမတော်မူတတ်သော ဘုရားမြတ်၏တရားကို ငါသည် နာနေသမျှအတွင်း ဆိတ်ဆိတ်နေပါလော့၊ချစ်သား ပုနဗ္ဗသု ဆိတ်ဆိတ်နေပါလော့။

မြတ်စွာဘုရားသည် အလုံးစုံသော အထုံးအဖွဲ့(ဂန္ထ)မှ လွတ်မြောက်စေသော နိဗ္ဗာန်နှင့် စပ်သော တရားစကားကိုဟောတော်မူ၏၊ ဤတရားတော်၌မြတ်နိုးခြင်းသည် ငါ့အားကြာမြင့် မှလာလျှင် ဖြစ်ရ၏။

လောက၌ မိမိသားသမီးကိုချစ်အပ်၏၊ လောက၌ မိမိ၏ခင်ပွန်းလင်ကိုချစ်အပ်၏၊ ငါ့အား သားသမီး ခင်ပွန်းလင်ကို ချစ်သည်ထက် ဤတရား တောင့်တရှာမှီးမှုကို ပို၍လွန်၍ ချစ်မြတ် နိုးပါ၏။

http://www.dhammadownload.com



သူတော်ကောင်းတို့၏ တရားကို နာကြားခြင်းသည် သတ္တဝါတို့အား ဆင်းရဲမှ လွတ်စေသကဲ့သို့ ချစ်ခင်အပ်သော သားသမီးသည်ရှင်း ခင်ပွန်းလင်သည်ရှင်း ဆင်းရဲမှ မလွတ်စေနိုင်။

ဆင်းရဲဖြင့် နှိပ်စက်အပ်သော အိုခြင်း သေခြင်းနှင့် ဧပ်သော လောက၌ အိုခြင်းသေခြင်းမှ လွတ်ခြင်းငှါ(မြတ်စွာဘုရား)ထိုးထွင်း၍ သိတော်မူသော တရားကို နာခြင်းငှါ ငါသည် အလိုရှိပါ၏၊ ချစ်သား ပုနဗ္ဗသု ဆိတ်ဆိတ်နေပါလော့”ဟု နှစ်သိမ့်စေ၏။

“မိခင် ငါသည် စကားမပြော ဆိတ်ဆိတ်နေအံ့၊ဤဥတ္တရာသည်လည်း ဆိတ်ဆိတ်နေပါ၏၊ တရားကိုသာလျှင် နှလုံးသွင်းပါလော့၊သူတော်ကောင်းတို့၏ တရားကို နာကြားရခြင်းသည် ချမ်းသာပါ၏။

မိခင် သူတော်ကောင်းတို့၏ တရားကို မသိသောကြောင့် ဆင်းရဲငြိုငြင်စွာ လှည့်လည်နေရကုန်၏၊ ပြင်းစွာ တွေဝေကုန်သော နတ်လူတို့အား အရောင်ကိုပြုတတ်သော အဆုံးစွန်သော ကိုယ်တော်နှင့်လည်း ယှဉ်တော်မူသော စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော ဤမြတ်စွာဘုရားသည် တရားကို ဟောတော်မူ၏”ဟု(ဆို၏)။

ရင်၌ဖြစ်သော သားသည် ပညာရှိဖြစ်၍ ကောင်း၏၊ ငါ့သားသည် ဘုရားမြတ်၏စင်ကြယ်စွာသော တရားကို ချစ်မြတ်နိုး၏။

ချစ်သား ပုနဗ္ဗသု ယခုငါသည် ဝဋ်မှ ထွက်မြောက်ပြီ၊ သင်ချစ်သားသည်လည်း ချမ်းသာခြင်း ရှိသည်ဖြစ်လော့၊ အရိယာသစ္စာတို့ကို (ငါတို့ သားအမိတစုတို့သည်) မြင်အပ်ကုန်ပြီ။ ငါ၏ ဥတ္တရာမည်သော ချစ်သမီးသည်လည်း(တရားကို)နာပါလော့ ဟု (နှစ်သိမ့်စေ၏)။

## ၈-သုဒတ္တသုတ်

၂၄၂။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ယင်းတိုက်တော၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ အနာထပိဏ်သူဌေးသည် တစုံတခုသော ပြုဖွယ်ကိစ္စဖြင့်သာလျှင်ရာဇဂြိုဟ်ပြည်သို့ရောက်လာ၏အနာထပိဏ်သူဌေးသည်လောက၌ဘုရားပွင့်တော်မူလာသတတ်ဟုကြားသည်သာလျှင်တည်း၊ ထိုကြားသောခဏ၌ပင်လျှင် မြတ်စွာဘုရားကို ဖူးမြင်ရန်ဆည်းကပ်ခြင်းငှါ အလိုရှိ၏၊ ထိုအခါ အနာထပိဏ်သူဌေးအား “ယခု မြတ်စွာဘုရားကို ဖူးမြင်ရန် ဆည်းကပ်ခြင်းငှါ အခါမဟုတ်သေး၊ ငါသည် နက်ဖြန် နံနက်အခါ၌ မြတ်စွာဘုရားကို ဖူးမြင်ရန် သွားအံ့”ဟု အကြံဖြစ်၏၊ ဤသို့ ကြံပြီး၍ ဘုရား၌ ရောက်သော သတိဖြင့် အိပ်လတ်သော် ညဉ့်အခါ၌ မိုးသောက်ပြီဟု မှတ်ထင်သည်ဖြစ်၍ သုံးကြိမ်တိုင် ထ၏၊ ထိုအခါ အနာထပိဏ်သူဌေးသည် သင်းချိုင်းတံခါးဆီသို့ ချဉ်းကပ်လေလျှင် ဘီလူးတို့သည်တံခါးကို ဖွင့်ကုန်၏၊ထို့နောက်အနာထပိဏ်သူဌေးအား မြို့မှ ထွက်စဉ် အရောင်အလင်းကွယ်၍ အမိုက်မှောင် ထင်ရှားဖြစ်၏၊ကြောက်ခြင်း တုန်လှုပ်ခြင်း ကြက်သီးမွေးညင်းထခြင်းသည်ထင်ရှားဖြစ်၏၊ထိုအရပ်မှလည်းတဖန်ပြန်ဆုတ်ခြင်းငှါ အလိုရှိ၏၊ ထိုအခါ သုသာန်စောင့် နတ်သည် မိမိကိုယ်ကိုကွယ်စေလျက် အသံကိုကြားစေ၏—

“သူဌေး ဆင်တသိန်းတို့သည်ရှင်း မြင်းတသိန်းတို့သည်ရှင်း အဿတိုရ်မြင်းကဲသောရထားတသိန်းတို့သည်ရှင်း ပတ္တမြားနားဒောင်းဝတ်ကုန်သော သတို့သမီးကညာတသိန်းတို့သည်ရှင်း

http://www.dhammadownload.com



( ကျောင်းသို့ တရားနာအံ့ဟု သွားသောသူ၏ ) ဘဝါးတလှမ်း၏ တဆယ့်ခြောက်စိတ် တစိတ်လောက်မျှ တန်ဘိုးမရှိကုန်။

သူဌေး ရှေ့သို့တက်လော့၊ သူဌေး ရှေ့သို့တက်လော့၊ သင့်အား ရှေ့သို့တက်ခြင်းသည် မြတ်၏ နောက်သို့ဆုတ်ခြင်းသည် မမြတ်''ဟု (အသံကို ကြားစေ၏)။

ထိုအခါအနာထပိဏ်သူဌေးအား အမိုက်မှောင်သည်ကွယ်၍ အရောင်အလင်း ထင်ရှားဖြစ်၏ ကြောက်ခြင်း ကိုယ်တုန်လှုပ်ခြင်း ကြက်သီးမွေးညင်းထခြင်းသည် ငြိမ်းလေ၏၊ နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း။ပ။ ကြောက်ခြင်းကိုယ်တုန်လှုပ်ခြင်းကြက်သီးမွေးညင်းထခြင်းသည် ငြိမ်းလေ၏၊ ထို့နောက်အနာထပိဏ်သူဌေးသည် ထိုယင်းတိုက်တော မြတ်စွာဘုရားထံသို့ ချဉ်းကပ်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ညဉ့်၏မိုးသောက်အချိန်ဝယ် စောစောထ၍ လွင်တီးခေါင်၌ စင်္ကြံကြွတော်မူစဉ် လာနေသော အနာထပိဏ်သူဌေးကို အဝေးမှပင် မြင်လေလျှင် စင်္ကြံမှ ဆင်းသက်၍ ခင်းထားသောနေရာ၌ ထိုင်တော်မူပြီးသော် အနာထပိဏ်သူဌေးအား ''သုဒတ္တ ဤနေရာသို့ လာခဲ့လော့'' ဟု မိန့်တော်မူ၏၊ ထိုအခါ အနာထပိဏ်သူဌေးသည် ''မြတ်စွာဘုရားသည် ငါ့ကို သုဒတ္တဟူသော ငယ်နာမည်ဖြင့်ခေါ်တော်မူ၏'' ဟု ဝမ်းမြောက်သည် တက်ကြွသောစိတ်ရှိသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် မြတ်စွာဘုရား၏ ခြေတော်တို့၌ ဦးခေါင်းဖြင့်ပျပ်ဝပ်၍ ''အသျှင်ဘုရား အသို့ပါနည်း ချမ်းသာစွာ အိပ်ရ နေရပါ၏လော''ဟု လျှောက်၏။

''သုဒတ္တ အကြင်သူသည် ကာမဂုဏ်တို့၌မလိမ်းကျံ၊ ဥပဓိမရှိသည်ဖြစ်၍ ငြိမ်းအေးခြင်းသို့ ရောက်၏၊ ထိုသူသည် မကောင်းမှုအားပပ်ပြီးသူ ကိလေသာ ငြိမ်းအေးပြီးသူဖြစ်၍ အခါခပ်သိမ်း ချမ်းသာစွာ အိပ်ရနေရ၏။

ထိုသူသည် အလုံးစုံကုန်သော တပ်စွန်းတတ်သော 'တဏှာ'တို့ကို ဖြတ်ပြီးလျှင် စိတ်နှလုံး၌ ပူပန်ခြင်းကို ဖျောက်လျက် စိတ်ဖြင့် ငြိမ်းချမ်းခြင်းသို့ ရောက်ကာ ငြိမ်သက်သည်ဖြစ်၍ ချမ်းသာစွာ အိပ်ရ နေရ၏'' ဟု (မိန့်တော်မူ၏)။

## ၉-ပဌမ သုက္ကာသုတ်

၂၄၃။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေး၍မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ သုက္ကာဘိက္ခုနီမသည် ပရိသတ်များစွာခြံရံလျက် တရားဟော၏၊ ထိုအခါ သုက္ကာဘိက္ခုနီမ၌ အလွန်ကြည်ညိုသော ဘီလူးသည် ရာဇဂြိုဟ်ပြည် လမ်းမတခုမှ လမ်းမတခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ ချဉ်းကပ်ပြီးလျှင် ဤဂါထာတို့ကို ရွတ်ဆို၏ —

''အကြင်လူတို့သည် သေခြင်းကင်းသောနိဗ္ဗာန်တရားကိုဟောနေသော သုက္ကာဘိက္ခုနီမသို့ မဆည်းကပ်ကုန်၊ ဤလူတို့သည် ရာဇဂြိုဟ်ပြည်၌ အရက်ချိုကို သောက်ကုန်သကဲ့သို့ အဘယ်အမှုကို ပြုကြကုန်သည်ဖြစ်၍ အိပ်နေကြလေကုန်သလော။

တိမ်တိုက်မှထွက်သောရေကို ခရီးသွားတို့ သောက်ကုန်သကဲ့သို့ တားမြစ်ခြင်းငှာ မထိုက်သော ဩဇာရှိ၍ တစုံတခုဖြင့် မသွန်းလောင်းအပ်သော ထိုတရားကိုလည်း ပညာရှိတို့သာ သောက်ကြကုန်ယောင်တကား'' ဟု (ရွတ်ဆို၏)။

http://www.dhammadownload.com



## ၁၀-တိဒုယ သုက္ကာသုတ်

၂၄၄။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေး၍မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံးနေတော်မူ၏၊ ထိုအခါ ဥပါသကာတဦးသည် သုက္ကာဘိက္ခုနီမအား စားဖွယ်ကိုလှူ၏၊ ထိုအခါ သုက္ကာဘိက္ခုနီမ၌ အလွန်ကြည်ညိုသော ဘီလူးသည် ရာဇဂြိုဟ်ပြည် လမ်းမတခုမှလမ်းမတခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ ချဉ်းကပ်ပြီးလျှင် ဤဂါထာကိုရွတ်ဆို၏—

"အကြင်ဥပါသကာသည် သုက္ကာဘိက္ခုနီမအား အလုံးစုံသောအထုံးအဖွဲ့ 'ဂန္ထ'တို့မှ ကင်းလွတ်ခြင်းငှါ စားဖွယ်ကိုပေးလှူ၏၊ ဤဥပါသကာသည် များစွာသော ကောင်းမှုကိုပွားစေ၏ တကား၊ ပညာရှိပေစွတကား" ဟု (ရွတ်ဆို၏)။

## ၁၁-စီရာသုတ်

၂၄၄။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်–အခါတပါး၌ မြတ်စွာဘုရားသည်ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေး၍မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ ဥပသကာဘဦးသည် စီရာဘိက္ခုနီမအား သင်္ကန်းကိုလှူ၏၊ ထိုအခါ စီရာဘိက္ခုနီမ၌ အလွန်ကြည်ညိုသော ဘီလူးသည် ရာဇဂြိုဟ်ပြည် လမ်းမတခုမှ လမ်းမတခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ ချဉ်းကပ်ပြီးလျှင် ဤဂါထာကို ရွတ်ဆို၏—

"အကြင် ဥပါသကာသည် စီရာဘိက္ခုနီမအား (ယောဂ) တရားတို့မှ ကင်းလွတ်ခြင်းငှာ သင်္ကန်းကိုလှူ၏၊ ဤဥပါသကာသည် များသောကောင်းမှုကို ပွားစေ၏ တကား၊ ပညာရှိပေစွတကား" ဟု (ရွတ်ဆို၏)။

## ၁၂-အာဠဝကသုတ်

၂၄၆။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် အာဠဝီပြည် အာဠဝကဘီလူး၏ ဗိမာန်၌ နေတော်မူ၏၊ ထိုအခါ အာဠဝကဘီလူးသည် မြတ်စွာဘုရားထံသို့ချဉ်းကပ်လျက် မြတ်စွာဘုရားအား "ရဟန်း ထွက်လော့" ဟု ဤစကားကို ဆို၏၊ "ဘီလူး ကောင်းပြီ" ဟု မြတ်စွာဘုရားသည် ထွက်တော်မူ၏၊ "ရဟန်း ဝင်လော့" ဟု ဆို၏ "ဘီလူး ကောင်းပြီ" ဟု မြတ်စွာဘုရားသည်ဝင်တော်မူ၏၊ ဤနည်းအတိုင်း သုံးကြိမ်တိုင်တိုင် ထွက်လော့ ဝင်လော့ ဟု အာဠဝက ဘီလူးက ဆို၏၊ မြတ်စွာဘုရားသည် သုံးကြိမ်တိုင်တိုင် ထွက်ချည်ဝင်ချည် ပြုတော်မူ၏၊ လေးကြိမ်မြောက်ကား အာဠဝကဘီလူးသည် မြတ်စွာဘုရားအား "ရဟန်းထွက်လော့" ဟု ဤစကားကိုဆို၏၊ "ဘီလူး ငါသည် မထွက်တော့အံ့၊ သင့်အားပြုဖွယ်ကိစ္စရှိအံ့၊ ပြုဖွယ်ကိစ္စကို သာပြုလော့" ဟု မိန့်တော်မူ၏၊ ရဟန်း သင့်အား ပြဿနာကိုမေးအံ့၊ ငါ့အားအကယ်၍ မဖြေနိုင်ခဲ့အံ့၊ သင်၏စိတ်ကိုသော်လည်း ပျံ့လွင့်စေအံ့၊ သင်၏နှလုံးကိုသော်လည်းခွဲအံ့၊ ခြေတို့၌ကိုင်၍ ဂင်္ဂါမြစ်တဖက်ကမ်းသို့သော်လည်း ပစ်လိုက်အံ့ ဟု (ဆို၏)၊ ဘီလူး နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသောနတ်လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့် တကွသော လူ့လောက၌ ငါဘုရား၏စိတ်ကိုမူလည်းပျံ့လွင့်စေနိုင်သော နှလုံးကိုမူလည်း ခွဲစေနိုင်သော ခြေတို့၌မူလည်းကိုင်၍ ဂင်္ဂါမြစ် တဖက်ကမ်းသို့ ပစ်နိုင်သော သူကို စင်စစ် ငါမမြင်၊ ဘီလူး သို့သော်လည်း သင် အကယ်၍ အလိုရှိသည်ဖြစ်အံ့ မေးလော့"ဟု(မိန့်တော်မူ၏)။

http://www.dhammadownload.com



ဤလောက၌ ယောကျ်ား၏မြတ်သော ဥစ္စာကား အဘယ်နည်း၊ ကောင်းစွာ လေ့ကျက်အပ်သော အဘယ်တရားသည် ချမ်းသာကို ရွက်ဆောင်တတ်သနည်း၊ အရသာတို့တွင် အဘယ်အရသာသည် စင်စစ် အကောင်းမြတ်ဆုံးသော အရသာ ဖြစ်သနည်း၊ အဘယ်မည်သော အသက်မွေးခြင်းကို မြတ်သော အသက်မွေးခြင်းဟူ၍ ဆိုကုန်သနည်း''ဟု (မေး၏)။

''ဘီလူး ဤလောက၌ ယောကျ်ား၏ မြတ်သော ဥစ္စာကား ယုံကြည်မှု 'သဒ္ဓါ'တရားတည်း၊ ကောင်းစွာ လေ့ကျက်အပ်သော (ဆယ်ပါးသော ကုသိုလ်ကမ္မပထ)တရားသည် ချမ်းသာကို ရွက်ဆောင်တတ်၏၊ အရသာတို့တွင် (နိဗ္ဗာန်ဟူသော) ပရမတ္ထသစ္စာနှင့် ဝစီသစ္စာသည် စင်စစ် အကောင်းမြတ်ဆုံးသော အရသာတည်း၊ ပညာဖြင့် အသက်မွေးခြင်းကို မြတ်သော အသက်မွေးခြင်းဟူ၍ ဆိုကုန်၏''ဟု (ဖြေတော်မူ၏)။

''အဘယ်မည်သော တရားဖြင့် သံသရာအယဉ်'ဩဃ'ကို ကူးမြောက်သနည်း၊ အဘယ်မည်သော တရားဖြင့် သံသရာ သမုဒ္ဒရာကို ကူးမြောက်သနည်း၊ အဘယ်မည်သော တရားဖြင့် ကာမဂုဏ် ဆင်းရဲကို လွန်မြောက်သနည်း၊ အဘယ်မည်သော တရားဖြင့် စင်ကြယ်သနည်း''ဟု (မေး၏)။

ဘီလူး ယုံကြည်မှု 'သဒ္ဓါ'တရားဖြင့် သံသရာအယဉ်ကို ကူးမြောက်၏၊ မမေ့မလျော့မှု 'အပ္ပမာဒ'တရားဖြင့် သံသရာသမုဒ္ဒရာကို ကူးမြောက်၏၊ အားထုတ်မှု 'ဝီရိယ'ဖြင့် ဆင်းရဲကို လွန်မြောက်၏၊ ပညာဖြင့်စင်ကြယ်၏ဟု (ဖြေတော်မူ၏)။

''အဘယ်သို့သောသူသည် ပညာကို ရသနည်း၊ အဘယ်သို့သောသူသည် ဥစ္စာကို ရသနည်း၊ အဘယ်တရားဖြင့် ကျော်စောခြင်းသို့ ရောက်သနည်း၊ အဘယ်သူသည် အဆွေခင်ပွန်းတို့ကို ယူသနည်း၊အဘယ်သူသည် ဤလောကမှ တမလွန်လောကသို့ ရောက်၍ မစိုးရိမ်ရသနည်း''ဟု (မေး၏)။

ဘီလူး မမေ့လျော့သော ပညာရှိသောသူသည် နိဗ္ဗာန်သို့ ရောက်ခြင်းငှါ ရဟန္တာပုဂ္ဂိုလ်တို့၏ တရားကို ယုံကြည်စွာ နာသည်ဖြစ်၍ ပညာကိုရ၏၊ လျောက်ပတ်သောအမှုကို ပြုလေ့ရှိသော (ဝီရိယဟူသော)ဝန်ရှိသော ထကြွလုံ့လရှိသော သူသည် ဥစ္စာကိုရ၏၊ မှန်သော စကားဖြင့် ကျော်စောခြင်းသို့ ရောက်၏၊ ပေးကမ်းသောသူသည် အဆွေခင်ပွန်းတို့ကို ရ၏၊ ဤဆိုလတ္တံ့သော အကြောင်းကြောင့် ဤလောကမှ တမလွန်လောကသို့ ရောက်၍ မစိုးရိမ်ရ။

ယုံကြည်မှု'သဒ္ဓါ'တရားရှိသော အိမ်ထောင်မှုကို ရှာမှီးလေ့ရှိသော အကြင်သူအား မှန်ကန်မှု'သစ္စာ' ပညာရကြောင်း 'ဓမ္မ' အားထုတ်မှု 'ဓိတိ' စွန့်ကြဲမှု 'စာဂ' ဤတရား လေးပါးတို့သည် အကယ်၍ ရှိကုန်အံ့၊ ထိုသူသည် စင်စစ် တမလွန်ဘဝသို့ ရောက်၍ မစိုးရိမ်ရ။

ဘီလူး ဤလောက၌ မှန်ကန်မှု'သစ္စာ'ထက်ရင်း ပညာရကြောင်း 'ဒမ'ထက်ရင်း စွန့်ကြဲမှု 'စာဂ'ထက်ရင်း အားထုတ်မှု 'ဓိတိ'ထက်ရင်း လွန်ကဲသော တရားသည် အကယ်၍ ရှိသည် ဖြစ်အံ့၊ ငါတိုက်တွန်း၏၊ အခြားသော များစွာသော သမဏဗြာဟ္မဏတို့ကို မေးလေဦးလော့'' ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



မြတ်စွာဘုရား တမလွန်ဘဝ၌ ဖြစ်သော အကြောင်းတရားကို အကျွန်ုပ်သည် ယနေ့ သိရပါ၏။ ယခုအခါ၌ အဘယ်အကြောင်းကြောင့် များစွာသော သမဏဗြာဟ္မဏတို့ကို မေးရပါတော့အံ့နည်း။

မြတ်စွာဘုရားသည် အကျွန်ုပ်၏အကျိုးငှါသာ အာဠဝီမြို့တော်သို့ သီတင်းသုံးရန် ကြွလာတော်မူပေစွတကား၊ အကြင်ပုဂ္ဂိုလ်၌ ပေးလှူအပ်သော အလှူသည် ကြီးသောအကျိုးရှိ၏၊ (ထိုအလှူခံပုဂ္ဂိုလ်ကို) ယနေ့ အကျွန်ုပ် သိရပါ၏၊

ထိုအကျွန်ုပ်သည် မြတ်စွာဘုရားကို ရှိခိုးလျက်ငင်း တရားတော်၏ ကောင်းသော တရား၏ အဖြစ်ကို ချီးမွမ်းလျက်ငင်း တရွာမှ တရွာ တပြည်မှ တပြည်သို့ လှည့်လည်ပါအံ့” ဟု (လျှောက်၏)။

**ယက္ခသံယုတ် ပြီး၏။**

http://www.dhammadownload.com

# ၁၁-သက္ကသံယုတ်

## ၁-ပဌမဝဂ်  ၁-သုဝီရသုတ်

၂၄၇။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်–အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည်အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ရဟန်းတို့ဟူ၍ ခေါ်တော်မူ၏၊အသျှင်ဘုရားဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကြကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ ရှေးကဖြစ်ဘူးသည်ကား အသုရာတို့သည် နတ်ပြည်သို့ ချီတက်လာကုန်၏၊ ရဟန်းတို့ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် သုဝီရနတ်သားအား "အမောင်သုဝီရ ထိုအသုရာတို့သည် နတ်တို့ကို တိုက်ခိုက်ရန် ချီတက်လာကုန်၏၊ အမောင်သုဝီရ သွားပါချေ၊အသုရာတို့ကို တိုက်ခိုက်ရန် ကြိုတင်ချီတက်လော့"ဟု သိစေ၏။ သုဝီရနတ်သားသည် "အရှင်သိကြားမင်း ကောင်းပါပြီ"ဟု သိကြားမင်းအား ဝန်ခံပြီးမှ မေ့လျော့ခြင်းသို့ ရောက်၏၊ သုံးကြိမ်တိုင်အောင် သိကြားမင်း ပြောသည်ကို ဝန်ခံပြီးမှ သုဝီရနတ်သားသည် သုံးကြိမ်တိုင်အောင် မေ့လျော့ခြင်းသို့ ရောက်၏၊ ရဟန်းတို့ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် သုဝီရနတ်သားကို ဂါထာဖြင့် ရွတ်ဆို၏—

"သုဝီရ အကြင်အရပ်၌ ထကြွမှု မရှိပဲ အားမထုတ်ပဲ ချမ်းသာကို ရနိုင်၏၊ ထိုအရပ်သို့သင် သွားလော့၊ ငါ့ကိုလည်း ထိုအရပ်သို့ သာလျှင် ပို့ပါလော့"ဟု ရွတ်ဆို၏။

(အကြင်အရပ်၌ နေသောသူသည်) ပျင်းရိလျက် ထကြွလုံ့လမရှိသူ ဖြစ်ရာ၏၊ အမှုကိစ္စတို့ကိုလည်း မပြုလုပ်ရရာ၊ အလိုရှိသမျှ အားလုံးနှင့် ပြည့်စုံသူ ဖြစ်ရာ၏၊ သိကြားမင်း အကျွန်ုပ်အား ထိုမြတ်သော အရပ်ကို ညွှန်ကြားပါလော့"ဟု (သုဝီရနတ်သားသည်) ဤသို့ ပြောဆို၏။

သုဝီရ အကြင်အရပ်၌ နေသောသူသည်ပျင်းရိလျက် ထကြွလုံ့လမရှိပဲ စင်စစ် ချမ်းသာကို ရနိုင်၏၊ ထိုအရပ်သို့ သင် သွားလော့၊ ငါ့ကိုလည်း ထိုအရပ်သို့ပင်လျှင် ပို့ပါလော့ ဟု ဆို၏။

နတ်တို့ထက် မြတ်သော သိကြားမင်း အကြင်အရပ်၌ အမှုကိစ္စမပြုလုပ်ပဲ ငါတို့သည် ချမ်းသာကို ရကုန်ရာ၏၊ စိုးရိမ်မှု ပင်ပန်းမှု မရှိသော ထိုမြတ်သော အရပ်ကို အကျွန်ုပ်အား ညွှန်ကြားပါလော့ ဟု (သုဝီရနတ်သားသည်) ဤသို့ ရွတ်ဆို၏။

အကြင်အရပ်၌ တဦးတယောက်သော သူသည် အမှုကိစ္စ မပြုလုပ်ရပဲ အသက်မွေးမှု မပြုလုပ်ရ၊ တစုံတခုသော ထိုအရပ်သည် အကယ်၍ ရှိပါမူ ထိုအရပ်သည် နိဗ္ဗာန်၏ လမ်းခရီးတည်း၊ သုဝီရ ထိုကြောင့် ထိုအရပ်သို့ သင် သွားလော့၊ ငါ့ကိုလည်း ထိုအရပ်သို့ပင်လျှင် ပို့ပါလော့"ဟု ဤသို့ ရွတ်ဆို၏။

ရဟန်းတို့ နတ်တို့အရှင် သိကြားမင်းပင်လျှက်လည်း မိမိကောင်းမှု၏ အကျိုးကို မှီ၍ အသက်မွေးကာ တာဝတိံသာဘုံ၌ ဖြစ်ကုန်သော နတ်တို့ကို အစိုးရသော မင်းပင်ဖြစ်လျက် ထကြွလုံ့လရှိသော သူ၏ ကျေးဇူးကို ဆိုလေ့ရှိဘိသေး၏၊ ရဟန်းတို့ သင်တို့သည် ဤသို့ ကောင်းစွာ

http://www.dhammadownload.com



ဟောကြားထားသော ဤသာသနာတော်၌ ရဟန်းပြုသူတို့ ဖြစ်ကုန်ရကား ဝီရိယကို တင့်တယ်စေကုန်လော့၊ မရောက်သေးသော တရားသို့ ရောက်ရန် မရသေးသော တရားကိုရရန် မျက်မှောက်မပြုရသေးသော တရားကို မျက်မှောက်ပြုရန် သင်တို့ အားထုတ်ကုန်လော့၊ စေ့ဆော်ကုန်လော့၊ လုံ့လပြုကုန်လော့ ဟု (မိန့်တော်မူ၏)။

## ၂-သုသိမသုတ်

၂၄၁။ သာဝတ္ထိနိဒါန်း၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ရဟန်းတို့ဟူ၍ ခေါ်တော်မူ၏၊ အသျှင်ဘုရားဟူ၍ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထား ကြကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ ရှေးကဖြစ်ဘူးသည်ကား အသုရာတို့သည် နတ်ပြည်သို့ ချီတက်လာကုန်၏၊ ရဟန်းတို့ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် သုသိမနတ်သားအား အမောင် သုသိမ ထိုအသုရာတို့သည် နတ်တို့ကို တိုက်ခိုက်ရန် ချီတက်လာကုန်၏၊ အမောင်သုသိမ သွားပါချေ၊ အသုရာတို့ကို တိုက်ခိုက်ရန် ကြိုတင်ချီတက်လော့ ဟု သိစေ၏။ သုသိမနတ်သားသည် "အရှင်သိကြားမင်း ကောင်းပါပြီ"ဟု သိကြားမင်းအား ဝန်ခံပြီးမှ မေ့လျော့ခြင်းသို့ ရောက်၏၊ သုံးကြိမ်တိုင်အောင် သိကြားမင်း ပြောဆိုသည်ကို ဝန်ခံပြီးမှ သုသိမနတ်သားသည်သုံးကြိမ်တိုင်အောင် မေ့လျော့ခြင်းသို့ ရောက်၏၊ ရဟန်းတို့ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် သုသိမနတ်သားကို ဂါထာဖြင့် ရွတ်ဆို၏—

"သုသိမ အကြင်အရပ်၌ ထကြွမှု မရှိပဲ အားမထုတ်ပဲ ချမ်းသာကို ရနိုင်၏၊ ထိုအရပ်သို့ သင်သွားလော့၊ ငါ့ကိုလည်း ထိုအရပ်သို့သာလျှင် ပို့ပါလော့ ဟု ရွတ်ဆို၏။

အကြင်အရပ်၌ နေသူသည် ပျင်းရိလျက် ထကြွလုံ့လမရှိသူ ဖြစ်ရာ၏၊ အမှုကိစ္စတို့ကိုလည်း မပြုလုပ်ရရာ၊ အလိုရှိသမျှအားလုံးနှင့် ပြည့်စုံသူ ဖြစ်ရာ၏၊ သိကြားမင်း အကျွန်ုပ်အား ထိုမြတ်သော အရပ်ကို ညွှန်ကြားပါလော့ ဟု (သုသိမ နတ်သားသည်) ဤသို့ ပြောဆို၏။

သုသိမ အကြင်အရပ်၌ နေသောသူသည် ပျင်းရိလျက် ထကြွလုံ့လမရှိပဲ ဧကန် ချမ်းသာကို ရနိုင်၏၊ ထိုအရပ်သို့ သင်သွားလော့၊ ငါ့ကိုလည်း ထိုအရပ်သို့သာလျှင် ပို့ပါလော့ ဟု (သိကြားမင်းသည်) ရွတ်ဆို၏။

နတ်တို့ထက် မြတ်သော သိကြားမင်း အကြင်အရပ်၌ အမှုကိစ္စမပြုလုပ်ပဲ ငါတို့သည် ချမ်းသာကို ရကုန်ရာ၏၊ စိုးရိမ်မှု ပင်ပန်းမှု မရှိသော ထိုမြတ်သော အရပ်ကို အကျွန်ုပ်အား ညွှန်ကြားပါလော့ ဟု (သုသိမ နတ်သားသည်) ဤသို့ ရွတ်ဆို၏။

အကြင်အရပ်၌ တဦးတယောက်သောသူသည် အမှုကိစ္စကို မပြုလုပ်ရပဲ အသက်မွေးမှု မပြုလုပ်ရ၊ တစုံတခုသော ထိုအရပ်သည် အကယ်၍ ရှိပါမူ ထိုအရပ်သည် နိဗ္ဗာန်၏ လမ်းခရီး တည်း၊ သုသိမ ထို့ကြောင့် ထိုအရပ်သို့ သင်သွားလော့၊ ငါ့ကိုလည်း ထိုအရပ်သို့ သာလျှင် ပို့ပါလော့ ဟု (သိကြားမင်းသည်) ဤသို့ ရွတ်ဆို၏။

ရဟန်းတို့ နတ်တို့အရှင် သိကြားမင်းပင်လျှင်လည်း မိမိကောင်းမှု၏အကျိုးကိုမှီ၍အသက်မွေးကာ တာဝတိံသာဘုံ၌ ဖြစ်ကုန်သော နတ်တို့ကို အစိုးရသော မင်းပင်ဖြစ်လျက် ထကြွလုံ့လရှိသော

http://www.dhammadownload.com



သူ၏ကျေးဇူးကို ဆိုလေ့ရှိသိသေး၏၊ ရဟန်းတို့ သင်တို့သည် ဤသို့ကောင်းစွာ ဟောကြားထားသော ဤသာသနာတော်၌ ရဟန်းပြုသူတို့ ဖြစ်ကုန်ရကား ဝီရိယကိုတင့်တယ်စေကုန်လော့၊ မရောက်သေးသော တရားသို့ရောက်ရန် မရသေးသောတရားကို ရရန် မျက်မှောက်မပြုရသေးသော တရားကိုမျက်မှောက်ပြုရန် သင်တို့ အားထုတ်ကုန်လော့၊ စေ့ဆော်ကုန်လော့၊ လုံ့လပြုကုန်လော့ဟု (မိန့်တော်မူ၏)။

## ၃-ဓဇဂ္ဂသုတ်

၂၄၉။ သာဝတ္ထိနိဒါန်း။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ရဟန်းတို့ ဟူ၍ ခေါ်တော်မူ၏၊ အသျှင်ဘုရားဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ ရှေးကဖြစ်ဘူးသည်ကား နတ်နှင့် အသုရာတို့၏ စစ်ပွဲသည် ရင်ဆိုင်မိဘူးပြီ၊ ရဟန်းတို့ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် ဘာဝတိံသာနတ်တို့ကိုခေါ်၍ မိန့်ဆို၏—အချင်းတို့ စစ်မြေပြင်သို့ သွားကုန်သောနတ်တို့အား ကြောက်ခြင်း တုန်လှုပ်ခြင်း ကြက်သီးမွေးညင်းထခြင်း ဖြစ်ခဲ့မူ ထိုအခါ၌ ငါ၏ အလံတော်ကိုသာလျှင် ကြည့်ကြကုန်လော့၊ အကြောင်းမူကား ငါ၏ အလံတော်ကို ကြည့်ကုန်သော သင်တို့အား ကြောက်ခြင်း တုန်လှုပ်ခြင်း ကြက်သီးမွေးညင်းထခြင်းသည် ပျောက်ကင်းလိမ့်မည်၊ ငါ၏အလံတော်ကိုအကယ်၍မကြည့်မိခဲ့ကြမူ ပဇာပတိနတ်မင်း၏အလံတော်ကို ကြည့်ကြကုန်လော့၊ အကြောင်းမူကား ပဇာပတိနတ်မင်း၏ အလံတော်ကို ကြည့်ကြကုန်သော သင်တို့အား ကြောက်ခြင်း တုန်လှုပ်ခြင်း ကြက်သီးမွေးညင်းထခြင်းသည် ပျောက်ကင်းလိမ့်မည်၊ ပဇာပတိနတ်မင်း၏ အလံတော်ကို အကယ်၍ မကြည့်မိခဲ့ကြမူ ဝရုဏနတ်မင်း၏အလံတော်ကို ကြည့်ကြကုန်လော့၊အကြောင်းမူကား ဝရုဏနတ်မင်း၏ အလံတော်ကို ကြည့်ကြကုန်သော သင်တို့အား ကြောက်ခြင်း တုန်လှုပ်ခြင်း ကြက်သီးမွေးညင်း ထခြင်းသည် ပျောက်ကင်းလိမ့်မည်၊ ဝရုဏနတ်မင်း၏ အလံတော်ကို အကယ်၍ မကြည့်မိခဲ့ကြမူ ဤသာန နတ်မင်း၏ အလံတော်ကို ကြည့်ကြကုန်လော့၊ အကြောင်းမူကား ဤသာနနတ်မင်း၏ အလံတော်ကို ကြည့်ကြကုန်သော သင်တို့အား ကြောက်ခြင်း တုန်လှုပ်ခြင်း ကြက်သီးမွေးညင်းထခြင်းသည် ပျောက်ကင်းလိမ့်မည်ဟု (မိန့်ဆို၏)။

ရဟန်းတို့ နတ်တို့အရှင် သိကြားမင်း၏ အလံတော်ကို ကြည့်ကုန်သော နတ်တို့အားငင်း ပဇာပတိနတ်မင်း၏ အလံတော်ကိုကြည့်ကုန်သော နတ်တို့အားငင်း ဝရုဏနတ်မင်း၏ အလံတော်ကို ကြည့်ကုန်သောနတ်တို့အားငင်း ဤသာနနတ်မင်း၏ အလံတော်ကိုကြည့်ကုန်သောနတ်တို့အားငင်း ကြောက်ခြင်း တုန်လှုပ်ခြင်း ကြက်သီးမွေးညင်း ထခြင်းသည် ပျောက်ကင်းသည်မူလည်း ရှိရာ၏၊ မပျောက်ကင်းသည်မူလည်း ရှိရာ၏၊ ယင်းသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ရဟန်းတို့နတ်တို့ အရှင်သိကြားမင်းသည် တပ်မက်မှု'ရာဂ'မကင်းသေး အမျက်ထွက်မှု'ဒေါသ'မကင်းသေး တွေဝေမှု 'မောဟ' မကင်းသေးရကား ကြောက်တတ်သူ ကိုယ်ခက်တရော်ရှိတတ်သူ ထိတ်လန့်တတ်သူ ပြေးတတ်သူ ဖြစ်သောကြောင့်တည်း။

ရဟန်းတို့ ငါသည်လည်း ဤသို့ဆိုအံ့''ရဟန်းတို့ တောသို့ဖြစ်စေ သစ်ပင်ရင်း၌ဖြစ်စေ ဆိတ်ငြိမ်ရာ၌ ဖြစ်စေ နေကြကုန်သော သင်တို့အား ကြောက်ခြင်း တုန်လှုပ်ခြင်း ကြက်သီးမွေးညင်းထခြင်းသည် အကယ်၍ ဖြစ်ခဲ့မူ ထိုအခါ ငါ့ကိုသာလျှင် 'ထိုမြတ်စွာဘုရားသည် ဤသို့ ပူဇော်အထူးကို

http://www.dhammadownload.com



ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊(အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သော သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိမည်တော်မူ၏၊ နတ်လူတို့၏ဆရာဖြစ်တော်မူသောအကြောင်းကြောင့် လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊သစ္စာလေးပါးတရားတို့ကို သိတော်မူသောအကြောင်း ကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏" ဟု အောက်မေ့ကြကုန်လော့၊ အကြောင်းမူကား ရဟန်းတို့ ငါ့ကိုအောက်မေ့ ကုန်သော သင်တို့အား ကြောက်ခြင်း တုန်လှုပ်ခြင်း ကြက်သီးမွေးညင်းထခြင်းသည် ပျောက်ကင်း လိမ့်မည်။

ငါ့ကို အကယ်၍ မအောက်မေ့မိကုန်မူ တရားတော်ကို "တရားတော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောကြားထားသော တရားတော်ပါပေတည်း၊ ကိုယ်တိုင်သိမြင်နိုင်သောတရားတော် ပါပေတည်း၊ အခါမလင့် အကျိုးပေးသော တရားတော်ပါပေတည်း၊ လာလှည့်ရှုလှည့်ဟု ပြထိုက် သော တရားတော်ပါပေတည်း။ မိမိ၏ ကိုယ်၌ စိတ်ထဲ၌ ဆောင်ယူထားထိုက်သော တရားတော် ပါပေတည်း၊(အရိယာ) ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင်ခံစားနိုင်သော တရားတော်ပါပေ တည်း"ဟု အောက်မေ့ကြကုန်လော့၊ အကြောင်းမူကား ရဟန်းတို့ တရားတော်၏ ဂုဏ်ကို အောက်မေ့ကုန်သော သင်တို့အား ကြောက်ခြင်း တုန်လှုပ်ခြင်း ကြက်သီးမွေးညင်းထခြင်းသည် ပျောက်ကင်းလိမ့်မည်။

တရားတော်ကို အကယ်၍ မအောက်မေ့မိကုန်မူ သံဃာတော်ကို "မြတ်စွာဘုရား၏တပည့်သား သံဃာတော်သည် ကောင်းသော အကျင့် ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ဖြောင့်မတ်သော အကျင့် ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့် သား သံဃာတော်သည် မှန်သော အကျင့် ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် လျော်ကန်သော အကျင့် ရှိတော်မူပါပေ၏၊ ထိုစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ် အားဖြင့် ရှစ်ပါး အရေအတွက် ရှိသော မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် (အရပ်ဝေးမှ)ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်တော်မူပါပေ၏၊ဧည့်သည်တို့ အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ခံတော်မူထိုက်ပါပေ၏၊ ကမ္မလွန် အတွက် ရည်မြော် သော အလှူကို ခံတော်မူထိုက်ပါပေ၏၊ လက်အုပ်ချီခြင်းကို ခံတော်မူထိုက်ပါပေ၏၊ သတ္တဝါ အပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံးလယ်မြေ ဖြစ်ပါပေ၏"ဟု အောက်မေ့ကြကုန်လော့၊ အကြောင်းမူကား ရဟန်းတို့သံဃာတော်၏ဂုဏ်ကိုအောက်မေ့ကုန်သော သင်တို့အားကြောက်ခြင်း တုန်လှုပ်ခြင်း ကြက်သီးမွေးညင်း ထခြင်းသည် ပျောက်ကင်းလိမ့်မည်။

ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်း၊ ရဟန်းတို့ ပူဇော်အထူးကိုခံတော်မူထိုက် သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာသိတော်မူသော မြတ်စွာဘုရားသည် တပ်မက်မှု 'ရာဂ'အမျက်ထွက်မှု 'ဒေါသ'တွေဝေမှု 'မောဟ' ကင်းရကား မကြောက်သူ မတုန်လှုပ်သူ မထိတ်လန့်သူ မပြေးတတ်သူ ဖြစ်သောကြောင့်တည်း ဟု (မိန့်တော်မူ၏)။ မြတ်စွာဘုရားသည် ဤစကားကို

http://www.dhammadownload.com



မိန့်တော်မူ၏၊ ကောင်းသော စကားကို ချီးတော်မူတတ်သော မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူပြီး၍ ထိုမှတပါး ဤစကားကို မိန့်တော်မူပြန်၏—

"ရဟန်းတို့ တောသို့ ဖြစ်စေ သစ်ပင်ရင်း၌ ဖြစ်စေ ဆိတ်ငြိမ်ရာအရပ်၌ ဖြစ်စေ သင်တို့သည် မြတ်စွာဘုရားကို အောက်မေ့ကြကုန်လော့၊ ထိုသို့အောက်မေ့နိုင်ခဲ့မူ သင်တို့အား ကြောက်ခြင်းသည် မဖြစ်ရာ။

လောက၏အကြီးဖြစ်သော လူတို့ထက် မြတ်သော မြတ်စွာဘုရားကို အကယ်၍ မအောက်မေ့မိကုန်မူ ထွက်မြောက်ကြောင်း ဖြစ်သော ကောင်းစွာ ဟောတော်မူသော တရားတော်ကို အောက်မေ့ကြကုန်လော့။

ထွက်မြောက်ကြောင်း ဖြစ်သော ကောင်းစွာ ဟောတော်မူသော တရားတော်ကို အကယ်၍ မအောက်မေ့မိကုန်မူ ကောင်းမှု၏ စိုက်ပျိုးရာ အတုမဲ့ လယ်မြေဖြစ်သော သံဃာတော်ကို အောက်မေ့ကြကုန်လော့။

ရဟန်းတို့ ဤသို့ ဘုရား တရား သံဃာတော်ကို အောက်မေ့ကုန်သော သင်တို့အား ကြောက်ခြင်း တုန်လှုပ်ခြင်း ကြက်သီးမွေးညှင်းထခြင်း မဖြစ်လတ္တံ့"ဟု (မိန့်တော်မူ၏)။

## ၄-ဝေပစိတ္တိသုတ်

၂၅၀။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရှေးကဖြစ်ဘူးသည်ကား နတ်နှင့် အသုရာတို့၏ စစ်ပွဲသည် ရင်ဆိုင်မိဘူးပြီ၊ ရဟန်းတို့ ထိုအခါ ဝေပစိတ္တိ အသုရိန်သည် အသုရာတို့ကို မိန့်ဆို၏ "အချင်းတို့ နတ်တို့နှင့် အသုရာစစ်ပွဲသည် ရင်ဆိုင်မိသည်ရှိသော် အသုရာတို့ အောင်နိုင်၍ နတ်တို့ရှုံးခဲ့ကုန်မူ နတ်တို့အရှင် သိကြားမင်းကို လည်ပင်းလျှင် ငါးခုမြောက်¹ အနှောင်အဖွဲ့တို့ဖြင့် ဖွဲ့၍ အသုရာနတ်ပြည် ငါ့ထံသို့ ဆောင်ခဲ့ကြကုန်လော့"ဟု (ဆို၏)၊ ရဟန်းတို့ စင်စစ် နတ်တို့အရှင် သိကြားမင်းသည်လည်း တာဝတိံသာ နတ်တို့ကို မိန့်ဆို၏ "အချင်းတို့ နတ်နှင့် အသုရာတို့၏ စစ်ပွဲသည် ရင်ဆိုင်မိသည်ရှိသော် နတ်တို့ အောင်နိုင်၍ အသုရာတို့ရှုံးခဲ့ကုန်မူ ထိုဝေပစိတ္တိအသုရိန်ကို လည်ပင်းလျှင် ငါးခုမြောက်သော အနှောင်အဖွဲ့တို့ဖြင့် နှောင်ဖွဲ့၍ သုဓမ္မာသဘင် ငါ့ထံသို့ ဆောင်ခဲ့ကြကုန်လော့"ဟု (ဆို၏)၊ ရဟန်းတို့ ထိုစစ်ပွဲ၌ နတ်တို့ အောင်နိုင်ကုန်၍ အသုရာတို့ ရှုံးကုန်၏၊ ရဟန်းတို့ ထိုအခါ တာဝတိံသာ နတ်တို့သည် ဝေပစိတ္တိ အသုရိန်ကို လည်ပင်းလျှင် ငါးခုမြောက်သော အနှောင်အဖွဲ့တို့ဖြင့် နှောင်ဖွဲ့၍ သုဓမ္မာသဘင် နတ်တို့အရှင် သိကြားမင်း၏အထံသို့ ဆောင်လာကုန်၏၊ ရဟန်းတို့ ထိုအခါ လည်ပင်းလျှင် ငါးခုမြောက် အနှောင်အဖွဲ့တို့ဖြင့် နှောင်ဖွဲ့ထားသော ဝေပစိတ္တိအသုရိန်သည် သုဓမ္မာသဘင်သို့ ဝင်ကာ ထွက်ကာနေသော နတ်တို့အရှင် သိကြားမင်းကို မလျောက်ပတ်ကုန်ကြမ်းထမ်းကုန်သော စကားတို့ဖြင့် ဆဲရေး၏၊ ခြိမ်းခြောက်၏၊ ရဟန်းတို့ ထိုအခါ အကူအညီဖြစ်သည့် မာတလိနတ်သားသည် နတ်တို့အရှင် သိကြားမင်းကို ဂါထာတို့ဖြင့် ပြောဆို၏—

"မဃဝ မည်သော သိကြားမင်း-ဝေပစိတ္တိအသုရိန်၏ ကြမ်းထမ်းသော စကားကို ကိုယ်တိုင် ကြားရပါလျက် ကြောက်သောကြောင့် သည်းခံသလော၊ ခွန်အားနည်းခြင်းကြောင့် သည်းခံသလော"ဟု (ပြောဆို၏)။

---

၁-လက်နှစ်ဖက်၊ ခြေနှစ်ဖက်နှင့် လည်ပင်းကို တုတ်နှောင်ခြင်း ။

http://www.dhammadownload.com



"အမောင်မာတလိ ငါသည် ဝေပစိတ္တိအသုရိန်အား ကြောက်ခြင်းကြောင့် သည်းခံသည် မဟုတ်၊ ခွန်အား နည်းခြင်းကြောင့် သည်းခံသည် မဟုတ်၊ ထိုစကားမှန်၏၊ အဘယ်သို့သော အကြောင်းကြောင့် ငါကဲ့သို့သော ပညာရှိသည် သူမိုက်နှင့် ဖက်ပြိုင်ရာ အံ့နည်း" ဟု ဤသို့ ပြောဆို၏။

"သိကြားမင်း ထိုသူမိုက်အား အကယ်၍ မတားမြစ်သည် ဖြစ်ပါမူ သူမိုက်တို့သည် လွန်စွာ ချုတ်ယှင်းပျက်စီးကုန်ရာ၏၊ ထို့ကြောင့် ပညာရှိသည် ပြင်းစွာသော ဒဏ်ဖြင့်သာ သူမိုက်ကို နှိပ်ကွပ်တားမြစ်ရာ၏" ဟု (ပြောဆို၏)။

"အမောင်မာတလိ အကြင်ပညာရှိသည် သူတပါး ဒေါမျက်ထွက်သည်ကို သိ၍ သတိနှင့် ပြည့်စုံလျက် ငြိမ်းအေး၏၊ ဤသို့ ငြိမ်းအေးခြင်းကိုသာလျှင် သူမိုက်အား တားမြစ်ခြင်း ဟူ၍ ငါမှတ်ယူ၏" ဟု ပြောဆို၏။

"သိကြားမင်း သည်းခံခြင်း၌ အပြစ်ကိုသာလျှင် အကျွန်ုပ် မြင်ပါ၏၊ မိုက်သောသူသည် ထိုသည်းခံသူကို 'ဤသူသည် ငါ့အား ကြောက်ခြင်းကြောင့် သည်းခံ၏'ဟု အကြင်အခါ မှတ်ထင်အောက်မေ့၏၊ ထိုအခါ ပြေးသော နွားကို နွားအပေါင်းသည် လွန်စွာလွှမ်းမိုးသကဲ့သို့ ထို့အတူ ပညာမဲ့သော သူသည် အလွန်လွှမ်းမိုး၏" ဟု (ပြောဆို၏)။

အမောင်မာတလိ ဤသူသည် 'ငါ့အား ကြောက်ခြင်းကြောင့် သည်းခံ၏' ဟု အကယ်၍ မှတ်ထင်အောက်မေ့သည်မူလည်း ဖြစ်စေ၊ မမှတ်ထင် မအောက်မေ့သည်မူလည်း ဖြစ်စေ၊ အကျိုးတို့သည် မိမိအကျိုးလျှင် ဒေါလွန် အမြတ်ရှိကုန်၏၊ သည်းခံခြင်းထက် လွန်ကဲသော အကျိုးကား မရှိ။

အကြင်သူသည် စင်စစ် ခွန်အားရှိသူ ဖြစ်လျက် ခွန်အားနည်းသူအား သည်းခံ၏၊ ထိုသူ၏ သည်းခံခြင်းကိုသာ မြတ်သော သည်းခံခြင်းဟု ဆိုကုန်၏၊ (မှန်၏) ခွန်အား နည်းသူမူကား အမြဲ သည်းခံနေရ၏။

အကြင်သူ၌ လူမိုက်အားဟူသော အားသည်ရှိ၏၊ ထိုလူမိုက်၏ အားကို အားအစစ်မဟုတ်ဟု ဆိုကုန်၏၊ အကြင်သူသည် အားရှိလျက် တရားစောင့်သူအား တုံ့ပြန်ပြောဆိုမှု မရှိ။ (ထိုသူ၏ အားကိုသာလျှင် အားအစစ်ဟု ဆိုကုန်၏)။

အကြင်သူသည် အမျက်ထွက်သူကို ပြန်၍ အမျက်ထွက်၏၊ ထိုသူအားသာလျှင် ထိုအမျက်ကြောင့် အလွန်ယုတ်မာ၏၊ အမျက်ထွက်သူကို ပြန်၍ အမျက်မထွက်သူသည် အောင်နိုင်ခဲသော စစ်ပွဲကို အောင်၏။

အကြင်သူသည် သူတပါး အမျက်ထွက်သည်ကို သိပြီး၍ သတိနှင့် ပြည့်စုံလျက် ငြိမ်းအေး၏၊ ထိုသို့ ငြိမ်းအေးသူသည် မိမိ သူတပါး နှစ်ဦးစုံတို့၏ အကျိုးစီးပွားကို ကျင့်သည် မည်၏။

အကြင်သူတို့သည် သူတော်ကောင်း တရား၌ မလိမ္မာကုန်၊ ထိုသူတို့သည် မိမိသူတပါး နှစ်ဦးစုံတို့၏ အကျိုးပြီးစေသူကို သူမိုက် ဟူ၍ အောက်မေ့မှတ်ထင်ကုန်၏။

ရဟန်းတို့ နတ်တို့အရှင် သိကြားမင်း ပင်လျှင်လျက်လည်း မိမိ ကောင်းမှု၏ အကျိုးကို မှီ၍ အသက်မွေးကာ တာဝတိံသာ ဘုံ၌ဖြစ်သောနတ်တို့ကို အစိုးရသော မင်းပင်ဖြစ်လျက် သည်းခံခြင်း

http://www.dhammadownload.com



တရား၌ မွေ့လျော်ခြင်း၏ ဂုဏ်ကျေးဇူးကို ဆိုလေ့ရှိဘိသေး၏၊ ရဟန်းတို့ သင်တို့သည် ဤသို့ ကောင်းစွာ ဟောကြားထားသော ဤသာသနာတော်၌ ရဟန်းပြုသူတို့ ဖြစ်ကုန်ရကား သည်းခံနိုင်ကုန် တရား၌မွေ့လျော်နိုင်ကုန်သည် ဖြစ်ကုန်လော့၊ တင့်တယ်စေကုန်လော့"ဟု (မိန့်တော်မူ၏)။

## ၅-သုဘာသိတဇယသုတ်

၂၅၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရှေး၌ ဖြစ်ဘူးသည်ကား နတ်နှင့် အသုရာတို့၏ စစ်ပွဲသည် ရင်ဆိုင်မိဘူးပြီ၊ ရဟန်းတို့ ထိုအခါ၌ ဝေပစိတ္တိအသုရိန်သည် နတ်တို့အရှင် သိကြားမင်းအား "နတ်တို့အရှင် သိကြားမင်း ကောင်းစွာဆိုအပ်သော စကားဖြင့် အောင်ခြင်းသည်ဖြစ်စေလော့"ဟု ဆို၏၊ ဝေပစိတ္တိ "ကောင်းစွာ ဆိုအပ်သော စကားဖြင့် အောင်ခြင်းသည် ဖြစ်စေလော့"ဟု သိကြားမင်းက ဆို၏၊ ရဟန်းတို့ ထိုအခါ နတ်တို့သည်၎င်း, အသုရာတို့သည်၎င်း အလုပ်အကျွေး နတ်တို့ကို "ဤနတ်တို့သည် ငါတို့၏ ကောင်းစွာ ဆိုအပ်သော စကားကို၎င်း မကောင်းသဖြင့် ဆိုအပ်သောစကားကို၎င်း သိနိုင်ကုန်လိမ့်မည်"ဟု သက်သေထားကြကုန်၏၊ ရဟန်းတို့ ထိုအခါ ဝေပစိတ္တိအသုရိန်သည် နတ်တို့အရှင် သိကြားမင်းအား "နတ်တို့အရှင် သိကြားမင်း ဂါထာကို ဆိုလော့"ဟု ပြော၏၊ ရဟန်းတို့ ဤသို့ ပြောသည်ရှိသော် နတ်တို့အရှင် သိကြားမင်းသည် ဝေပစိတ္တိအသုရိန်ကို "ဤတာဝတိံသာနတ်ပြည်၌ သင်တို့သည်သာလျှင် ရှေးဦးနတ် ဖြစ်ကုန်၏၊ ဝေပစိတ္တိအသုရိန် ဂါထာကို ရွတ်ဆိုလော့"ဟု ဤစကားကို ဆို၏၊ ရဟန်းတို့ ဤသို့ ဆိုသည်ရှိသော် ဝေပစိတ္တိအသုရိန်သည် ဤဂါထာကို ရွတ်ဆို၏—

> "သိကြားမင်း ထိုသူမိုက်အား အကယ်၍ မတားမြစ်သည် ဖြစ်ပါမူ သူမိုက်တို့သည် လွန်စွာ ချွတ်ယွင်းပျက်စီးကုန်ရာ၏၊ ထို့ကြောင့် ပညာရှိသည် ပြင်းစွာသော ဒဏ်ဖြင့်သာ သူမိုက်ကို နှိပ်ကွပ်တားမြစ်ရာ၏"ဟု (ရွတ်ဆို၏)။

ရဟန်းတို့ ဝေပစိတ္တိအသုရိန်သည် ဤဂါထာကို ရွတ်ဆိုသည်ရှိသော် အသုရာတို့ ဝမ်းမြောက်ကုန်၏၊ နတ်တို့ ဆိတ်ဆိတ်ဖြစ်ကုန်၏၊ ရဟန်းတို့ ထိုအခါ၌ ဝေပစိတ္တိအသုရိန်သည် နတ်တို့အရှင် သိကြားမင်းအား "သိကြားမင်း ဂါထာကို ရွတ်ဆိုလော့"ဟု ဤစကားကို ဆို၏၊ ရဟန်းတို့ ဤသို့ ဆိုသည်ရှိသော် နတ်တို့အရှင် သိကြားမင်းသည် ဤဂါထာကို ရွတ်ဆို၏—

> ဝေပစိတ္တိအသုရိန် အကြင်သူသည် သူတပါး အမျက်ထွက်သည်ကို သိပြီး၍ သတိနှင့်ပြည့်စုံလျက် ငြိမ်းအေး၏၊ ထိုသူ၏ ဤသို့ ငြိမ်းအေးခြင်းကိုသာလျှင် သူမိုက်အား တားမြစ်နိုင်၏ ဟု ငါအောက်မေ့၏"ဟု (ရွတ်ဆို၏)။

ရဟန်းတို့ နတ်တို့အရှင် သိကြားမင်းသည် ဤဂါထာကို ရွတ်ဆိုသည်ရှိသော် နတ်တို့ဝမ်းမြောက်ကုန်၏၊ အသုရာတို့ ဆိတ်ဆိတ် ဖြစ်ကုန်၏၊ ရဟန်းတို့ ထိုအခါ၌ နတ်တို့အရှင် သိကြားမင်းသည် ဝေပစိတ္တိအသုရိန်အား "ဝေပစိတ္တိ ဂါထာကို ရွတ်ဆိုလော့"ဟု ဤစကားကို ဆို၏၊ ရဟန်းတို့ ဤသို့ ဆိုသည်ရှိသော် ဝေပစိတ္တိအသုရိန်သည် ဤဂါထာကို ရွတ်ဆို၏—

> "သိကြားမင်း အကြင်အခါ မိုက်သော သူသည် ထိုသည်းခံသော သူကို ဤသူကား ငါ့အား ကြောက်သောကြောင့် သည်းခံ၏ ဟု အောက်မေ့မှတ်ထင်၏၊ ထိုအခါ ပြေးသော

http://www.dhammadownload.com



နွားကို နွားအပေါင်းသည် လွန်စွာ လွှမ်းမိုးသကဲ့သို့ ထို့အတူ ပညာမဲ့သူသည် အလွန်လွှမ်းမိုး၏ ဟု သည်းခံခြင်း၌ ဤအပြစ်ကိုသာလျှင် ငါမြင်မိ၏''ဟု (ရွတ်ဆို၏)။

ရဟန်းတို့ ဝေပစိတ္တိအသုရိန်သည် ဂါထာကို ရွတ်ဆိုသည်ရှိသော် အသုရာတို့ ဝမ်းမြောက်ကုန်၏၊ နတ်တို့ ဆိတ်ဆိတ်ဖြစ်ကုန်၏၊ ရဟန်းတို့ ထိုအခါ၌ ဝေပစိတ္တိအသုရိန်သည် နတ်တို့အရှင် သိကြားမင်းအား ''သိကြားမင်း ဂါထာကို ရွတ်ဆိုလော''ဟု ဤစကားကို ဆို၏၊ ရဟန်းတို့ ဤသို့ ဆိုသည်ရှိသော် နတ်တို့အရှင် သိကြားမင်းသည် ဤဂါထာကို ရွတ်ဆို၏—

''ဝေပစိတ္တိအသုရိန် ဤသူကား ငါ့အား ကြောက်သောကြောင့်သာ သည်းခံ၏ ဟု အကယ်၍ မှတ်ထင် အောက်မေ့သည်မူလည်း ဖြစ်စေ၊ မမှတ်ထင် မအောက်မေ့သည်မူလည်း ဖြစ်စေ၊ အကျိုးတို့သည် မိမိအကျိုးလျှင် အမွန်အမြတ် ရှိကုန်၏၊ သည်းခံခြင်းထက် လွန်ကဲသော အကျိုးကား မရှိ။

အကြင်သူသည် စင်စစ် ခွန်အားရှိသူ ဖြစ်လျက် ခွန်အားနည်းသူအား သည်းခံ၏၊ ထိုသူ၏ သည်းခံခြင်းကိုသာ မြတ်သော သည်းခံခြင်းဟူ၍ ဆိုကုန်၏၊ ခွန်အား နည်းသူသည်ကား အမြဲ သည်းခံနေရ၏။

အကြင်သူအား လူမိုက်၏ အားဟူသော အားသည်ရှိ၏၊ ထိုလူမိုက်၏ အားကို အားမဟုတ်ဟု ပညာရှိတို့ ဆိုကုန်၏၊ အားရှိ၍ တရားကို စောင့်သောသူအား တုံ့ပြန်ပြောဆိုလေ့မရှိ။

အကြင်သူသည် အမျက်ထွက်သူကို ပြန်၍ အမျက်ထွက်၏၊ ထိုသူအားသာလျှင် ထိုအမျက်ထွက်မှုကြောင့် အလွန်ယုတ်မာ၏၊ အမျက်ထွက်သူကို ပြန်၍ အမျက်မထွက်သူသည် အောင်နိုင်ခဲသော စစ်ကို အောင်နိုင်၏။

အကြင်သူသည် သူတပါး အမျက်ထွက်သည်ကို သိ၍ သတိနှင့်ပြည့်စုံလျက် ငြိမ်းအေး၏၊ ထိုသူသည် မိမိ သူတပါး နှစ်ဦးစုံတို့၏ အကျိုးစီးပွါးကို ကျင့်သည် မည်၏။

အကြင်သူတို့သည် တရား၌ မလိမ္မာကုန်၊ ထိုသူတို့သည် မိမိသူတပါး နှစ်ဦးစုံတို့၏ အကျိုးကို ပြီးစေသူကို သူမိုက်ဟူ၍ အောက်မေ့မှတ်ထင်ကုန်၏''ဟု ရွတ်ဆို၏။

ရဟန်းတို့ နတ်တို့အရှင် သိကြားမင်းသည် ဂါထာတို့ကို ရွတ်ဆိုသည် ရှိသော် နတ်တို့ ဝမ်းမြောက်ကုန်၏၊ အသုရာတို့ ဆိတ်ဆိတ် ဖြစ်ကုန်၏၊ ရဟန်းတို့ ထိုအခါ နတ်တို့၏ရင်း အသုရာတို့၏ရင်း အလုပ်အကျွေး (ပရိသတ်)တို့သည် ဤစကားကို ဆိုကုန်၏၊ ဝေပစိတ္တိအသုရိန် ရွတ်ဆိုသော ဂါထာတို့သည် ဒဏ်နှင့်တကွ ဖြစ်ကုန်၏၊ လက်နက်နှင့်တကွ ဖြစ်၏၊ ဤသို့ ငြင်းခုံခြင်းရှိ၏၊ ဤသို့ ခိုက်ရန်ရှိ၏၊ လက်ရောက်ကျူးလွန်ခြင်း ရှိ၏၊ နတ်တို့အရှင် သိကြားမင်း ရွတ်ဆိုသော ဂါထာတို့သည်ကား ဒဏ်နှင့်တကွ မဖြစ်ကုန်၊ လက်နက်နှင့်တကွ မဖြစ်ကုန်၊ ဤသို့ ငြင်းခုံခြင်း မရှိကုန်၊ ဤသို့ ခိုက်ရန်မရှိကုန်၊ ဤသို့ လက်ရောက်ကျူးလွန်ခြင်း မရှိကုန်၊ နတ်တို့အရှင် သိကြားမင်းသည် ကောင်းစွာ ဆိုအပ်သောကြောင့် အောင်နိုင်၏ ဟု ဆိုကုန်၏။ ရဟန်းတို့ ဤသို့လျှင် နတ်တို့အရှင် သိကြားမင်းအား ကောင်းစွာ ဆိုအပ်သော စကားကြောင့် အောင်နိုင်ခြင်း ဖြစ်ဘူးပြီ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၆-ကုလာဝကသုတ်

၂၅၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရှေးက ဖြစ်ဘူးသည်ကား နတ်နှင့် အသုရာတို့၏ စစ်သည် ရင်ဆိုင်မိဘူးပြီ၊ ရဟန်းတို့ ထိုစစ်ပွဲ၌ အသုရာတို့ အောင်၍ နတ်တို့ ရှုံးကုန်၏၊ ရဟန်းတို့ နတ်တို့သည် ရှုံးကုန်သည်ဖြစ်၍သာလျှင် မြောက်အရပ်သို့ လှည့်၍ ပြေးကုန်ရကား အသုရာတို့သည် ထိုနတ်တို့ကို ရှေးရှု လိုက်ကုန်သည်သာလျှင်တည်း၊ ရဟန်းတို့ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် အကူအညီ ဖြစ်သည့် မာတလိနတ်သားအား ဂါထာဖြင့် ရွတ်ဆို၏—

"မာတလိ လက်ပံတောဝ၌ (ဂဠုန်ငှက်တို့၏)အသိုက်တို့ ရှိကုန်၏၊ ထိုအသိုက်တို့ကို ရထားဦးမှ ရှောင်လွှဲပါလေ၊ ငါတို့သည် အသုရာတို့၌ အသက်ကို စွန့်ကြရစေကာမူ ဤ(ဂဠုန်)ငှက်တို့သည် အသိုက်မှ ကင်းကုန်သည် မဖြစ်စေကုန်လင့်"ဟု (ရွတ်ဆို၏)။

"အရှင်သိကြားမင်း ကောင်းပါပြီ"ဟု အကူအညီဖြစ်သည့် မာတလိနတ်သားသည် နတ်တို့အရှင် သိကြားမင်းအား ဝန်ခံ၍ အာဇာနည် မြင်းတထောင်ကသော ရထားကို တဖန် ပြန်လှည့်စေ၏၊ ရဟန်းတို့ ထိုရထားဦး ပြန်လှည့်သောအခါ၌ အသုရာတို့အား ဤသို့သော အကြံသည် ဖြစ်၏ "ယခုအခါ နတ်တို့အရှင် သိကြားမင်း၏ အာဇာနည် မြင်းတထောင် ကသော ရထားသည် တဖန် ပြန်လှည့်လာ၏၊ နှစ်ကြိမ်မြောက်လည်း နတ်တို့သည် အသုရာတို့နှင့် စစ်ထိုးကြကုန်လိမ့်မည်"ဟု ကြောက်ကုန်သည်ဖြစ်၍ အသုရာပြည်သို့သာလျှင် ပြေးဝင်ကြကုန်၏၊ ရဟန်းတို့ ဤသို့လျှင် နတ်တို့ အရှင် သိကြားမင်းအား တရားသဖြင့် အောင်ခြင်းသည် ဖြစ်ခဲ့ဘူး၏ ဟု (မိန့်တော်မူ၏)။

## ၇-နဒုဗ္ဘိယသုတ်

၂၅၃။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရှေးက ဖြစ်ဘူးသည်ကား ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်လျက် တယောက်တည်း ကိန်းအောင်းနေသော နတ်တို့အရှင် သိကြားမင်းအား "အကြင် သူသည် ငါ၏ရန်သူ ဖြစ်ငြားအံ့၊ ထိုသူအားလည်း ငါ မပြစ်မှားတော့အံ့"ဟု အကြံဖြစ်၏၊ ရဟန်းတို့ ထိုအခါ၌ ဝေပစိတ္တိအသုရိန်သည် နတ်တို့အရှင် သိကြားမင်း၏ စိတ်အကြံကို မိမိ၏စိတ်ဖြင့်သိ၍ နတ်တို့အရှင် သိကြားမင်းထံသို့ ချဉ်းကပ်လေ၏၊ ရဟန်းတို့ နတ်တို့အရှင် သိကြားမင်းသည် လာနေသော ဝေပစိတ္တိအသုရိန်ကို အဝေးမှပင် မြင်သောကြောင့် ဝေပစိတ္တိအသုရိန်အား "ဝေပစိတ္တိ ရပ်လော့၊ ငါသည် သင့်ကို ဖမ်းအပ်ပြီ"ဟု ဆို၏။

"အချင်း သိကြားနတ်မင်း သင့်အား ရှေး၌ ရန်ငြိုးဖွဲ့သော စိတ်သည် ရှိခဲ့၏၊ ထိုစိတ်ကို သင် မစွန့်သေး"ဟု ဆို၏၊ "ဝေပစိတ္တိ ငါ၌ မပြစ်မှားစိမ့်သောငှာ ကျိန်စာဆိုပါလော့"ဟု (သိကြားမင်းက)ဆို၏။

သိကြားမင်း အကြင်သူသည် သင့်အား ပြစ်မှားအံ့၊ ချွတ်ယွင်းသော စကားကို ပြောဆိုသူ၏ မကောင်းမှုမျိုးသည်ရင်း အရိယာကို စွပ်စွဲသော သူ၏ မကောင်းမှု မျိုးသည်ရင်း အဆွေခင်ပွန်းကို ပြစ်မှားသောသူ၏ မကောင်းမှု မျိုးသည်ရင်း သူ့ကျေးဇူးကို မသိတတ်သောသူ၏ မကောင်းမှုမျိုးသည်ရင်း ထိုသူအား တွေ့စေသတည်းဟု ဤသို့ ကျိန်စာ ဆို၏။

http://www.dhammadownload.com



## ၈-ဝေရောစနအသုရိန္ဒသုတ်

၂၅၄။ သာဝတ္ထိနိဒါန်း။ ထိုအခါ မြတ်စွာဘုရားသည် နေ့သန့်စင်ရာသို့ ကပ်လျက် တပါးတည်း ကိန်းအောင်းတော်မူ၏၊ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည်၎င်း ဝေရောစနအသုရိန်သည်၎င်း မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်ပြီးလျှင် အသီးသီး တံခါးပေါင်ကို မှီ၍ ရပ်တည်ကြကုန်၏၊ ထိုအခါ ဝေရောစနအသုရိန်သည် မြတ်စွာဘုရား၏ အထံ၌ ဤဂါထာကို ရွတ်ဆိုလျှောက်ထား၏—

"ယောကျ်ားသည် အကျိုးကိစ္စ ပြီးသည်တိုင်အောင် အားထုတ်အပ်သည် သာလျှင်တည်း၊ အကျိုးကိစ္စသည် ပြီးမြောက်မှသာလျှင် တင့်တယ်၏၊ ဤစကားသည် ဝေရောစနအသုရိန်၏ စကားတည်း"ဟု (လျှောက်ဆို၏)။

ယောကျ်ားသည် အကျိုးကိစ္စ ပြီးသည်တိုင်အောင် အားထုတ်အပ်သည်သာလျှင်တည်း၊ အကျိုးကိစ္စသည် ပြီးမြောက်မှသာလျှင် တင့်တယ်၏၊သည်းခံခြင်းထက် လွန်ကဲသော အကျိုးကား မရှိ၊ ဤစကားသည် သိကြားမင်း၏ စကားတည်း။

အလုံးစုံသော သတ္တဝါတို့သည် ထိုထိုအရပ်၌ ထိုက်သည်အားလျော်စွာ အကျိုးကိစ္စ ဖြစ်ကုန်၏၊အလုံးစုံသော သတ္တဝါတို့အား သုံးဆောင်ဖွယ် ဝတ္ထုတို့သည် ကောင်းစွာ စီရင်ရခြင်းလျှင် အမှန်အမြတ်ရှိ၏၊ အကျိုးကိစ္စသည် ပြီးမြောက်မှသာလျှင် တင့်တယ်၏၊ ဤစကားသည် ဝေရောစနအသုရိန်၏ စကားတည်း။

အလုံးစုံသော သတ္တဝါတို့သည် ထိုထိုအရပ်၌ ထိုက်သည်အားလျော်စွာ အကျိုးကိစ္စ ဖြစ်ကုန်၏၊ အလုံးစုံသော သတ္တဝါတို့အား သုံးဆောင်ဖွယ် ဝတ္ထုတို့သည် စီရင်ရခြင်းလျှင် အမှန်အမြတ်ရှိကုန်၏၊ အကျိုးကိစ္စသည် ပြီးမြောက်မှသာလျှင် တင့်တယ်၏၊ သည်းခံခြင်းထက် လွန်ကဲသော တရားကား မရှိ၊ ဤစကားသည် သိကြားမင်း၏ စကားတည်း။

## ၉-အရညာယတနဣသိသုတ်

၂၅၅။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရှေးက ဖြစ်ဘူးသည်ကား သီလရှိကုန် ကောင်းသော သဘောရှိကုန်သော များစွာသော ရသေ့တို့သည် တောအရပ် သစ်ရွက်မိုးကုဋိတို့၌ ငြိမ်းချမ်းစွာ နေကုန်၏၊ ရဟန်းတို့ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည်၎င်း ဝေပစိတ္တိအသုရိန်သည်၎င်း သီလရှိကုန် ကောင်းသောသဘောရှိကုန်သော များစွာသော ထိုရသေ့တို့သို့ ချဉ်းကပ်ကြကုန်၏၊ ရဟန်းတို့ ထိုအခါ၌ ဝေပစိတ္တိအသုရိန်သည် အထပ်များသော ဘိနပ်တို့ကို စီး၍ သန်လျက်ကို လွယ်ကာ ထီးကိုဆောင်းလျက် တံခါးဦးဖြင့်သာ သခ်မ်းကျောင်းသို့ဝင်၍ သီလရှိကုန် ကောင်းသော သဘောရှိကုန်သော ထိုရသေ့တို့ကို မကိုင်းမညွှတ် ပြုလျက်သွား၏၊ရဟန်းတို့ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် အထပ်များသော ဘိနပ်တို့ကို ချွတ်၍ သန်လျက်ကို သူတပါးတို့အား ပေး၍ ထီးကို ပိတ်ကာ တံခါးဦးဖြင့်သာလျှင် သခ်မ်းကျောင်းသို့ ဝင်၍ သီလရှိကုန် ကောင်းသောသဘော ရှိကုန်သော ထိုရသေ့တို့ကို လေအောက်မှ လက်အုပ်ချီလျက် ရှိခိုး၍ ရပ်၏၊ ရဟန်းတို့ ထိုအခါ၌ သီလရှိကုန် ကောင်းသော သဘောရှိကုန်သော ထိုရသေ့တို့သည် နတ်တို့အရှင် သိကြားမင်းကို ဂါထာဖြင့် ရွတ်ဆိုကုန်၏——

http://www.dhammadownload.com



"မျက်စိတထောင် အမြင်ဆောင်သော သိကြားမင်း ရှည်မြင့်စွာ ဆောက်တည်အပ်သော အကျင့်ရှိကုန်သော ရသေ့တို့၏ အနံ့သည် ကိုယ်မှ လေကြောင့် လွင့်၍ သွား၏၊ ဤအရပ်မှ ဖဲလေလော့၊ သိကြားမင်း ရသေ့တို့ အနံ့သည် မစင်ကြယ်"ဟု (ရွတ်ဆိုကုန်၏)။

"အသျှင်ဘုရားတို့ ရှည်မြင့်စွာ ဆောက်တည်အပ်သော အကျင့်ရှိကုန်သော ရသေ့တို့၏ လွင့်သော အနံ့သည် ကိုယ်မှ လေကြောင့် လွင့်၍ သွားသည်ဖြစ်စေ၊ အလွန်ဆန်းကြယ်သော အပွင့်ရှိသော အနံ့နှင့် ပြည့်စုံသော ပန်းကို ဦးခေါင်း၌ (ပန်ဆင်ရန်) အလိုရှိသကဲ့သို့ ဤအသျှင်ဘုရားတို့ အနံ့ကို အလိုရှိပါကုန်၏၊ ထိုစကားမှန်ပါ၏၊ ဤ(သီလရှိကုန်သော သူတို့၏) အနံ့၌ နတ်တို့သည် စက်ဆုပ်ဖွယ် မထင်မှတ်ပါကုန်"ဟု (လျှောက်၏)။

## ၁၀-သမုဒ္ဒကသုတ်

၂၅၆။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရှေးက ဖြစ်ဘူးသည်ကား သီလရှိကုန် ကောင်းသော သဘောရှိကုန်သော များစွာသော ရသေ့တို့သည် သမုဒ္ဒရာကမ်းနားဝယ် သစ်ရွက်မိုး ကုဋိကျောင်းတို့၌ ငြိမ်းချမ်းစွာ နေကုန်၏၊ ထိုအခါ နတ်နှင့်အသုရာတို့၏ စစ်ပွဲသည် ရင်ဆိုင်ခဲ့ဘူးပြီ၊ ရဟန်းတို့ ထိုအခါ သီလရှိကုန် ကောင်းသော သဘောရှိကုန်သော ထိုရသေ့တို့အား ဤသို့သော အကြံဖြစ်၏ "နတ်တို့သည် တရားကို စောင့်ကုန်၏၊ အသုရာတို့သည် တရားကို မစောင့်ကုန်၊ ငါတို့အား အသုရာအပေါင်းမှ ဘေးဖြစ်ရာသည်သာလျှင်တည်း၊ ငါတို့သည် သမ္ဗရအသုရိန်သို့ ချဉ်းကပ်ကုန်၍ ဘေးမဲ့အလှူကို တောင်းပန်ရကုန်မူကား ကောင်းလေစွ"ဟု အကြံဖြစ်၏၊ ရဟန်းတို့ ထိုအခါ၌ သီလရှိကုန် ကောင်းသော သဘောရှိကုန်သော ထိုရသေ့တို့သည် အားရှိသော ယောကျ်ားသည် ကွေးသော လက်မောင်းကို ဆန့်သကဲ့သို့ငှင်း ဆန့်သော လက်မောင်းကို ကွေးသကဲ့သို့ငှင်း ဤအတူသာလျှင် သမုဒ္ဒရာကမ်းနား သစ်ရွက်မိုး ကုဋိကျောင်းတို့မှ ကွယ်ခဲ့ကုန်သည်ဖြစ်၍ သမ္ဗရအသုရိန်၏ မျက်မှောက်၌ ထင်ရှားဖြစ်ကုန်၏၊ ရဟန်းတို့ ထိုအခါ သီလရှိကုန်သော ကောင်းသော သဘောရှိကုန်သော ထိုရသေ့တို့သည် သမ္ဗရအသုရိန်ကို ဂါထာဖြင့် ရွတ်ဆိုကုန်၏—

"သမ္ဗရအသုရိန်ထံသို့ ရောက်ကုန်သော ရသေ့တို့သည် ဘေးမဲ့အလှူကို တောင်းပန်ကုန်၏၊ သင်သည် ဘေးကိုငှင်း ဘေးမဲ့ကိုငှင်း ပေးရန် အလိုရှိတိုင်း ပြုနိုင်ပါ၏"ဟု (ရွတ်ဆိုကုန်၏)။

သိကြားမင်းက ဆည်းကပ်၍(ငါတို့နှင့်)ဆန့်ကျင်ဖက် ဖြစ်ကုန်သော ရသေ့တို့အား ဘေးမဲ့အလှူသည် မရှိ၊ ဘေးမဲ့အလှူကို တောင်းကုန်သော သင်တို့အား ဘေးအလှူကိုသာလျှင် ငါပေးအံ့ဟု (ဆို၏)။

ဘေးမဲ့အလှူကို တောင်းကုန်သော ငါတို့အား ဘေးအလှူကိုသာလျှင် သင်သည် ပေးလှူ၏၊ သင်၏ ထိုအလှူကို ငါတို့ ခံယူကုန်၏၊ သင့်အား ဘေးသည် မကုန်နိုင်စေသတည်း။

အကြင်သို့ သဘောရှိသော မျိုးစေ့ကို စိုက်ပျိုး၏၊ ထိုမျိုးစေ့နှင့်တူသော အသီးကို ဆောင်၏၊ ကောင်းမှုကို ပြုလေ့ရှိသူသည် ကောင်းကျိုးကို ခံစားရ၏၊ မကောင်းမှုကို ပြုလေ့ရှိသူသည် မကောင်းကျိုးကို ခံစားရ၏၊ အမောင် သင်သည် မျိုးစေ့ကို စိုက်ပျိုးအပ်ပြီ၊ အသီးကို သုံးဆောင်ရလတ္တံ့ ဟု ရသေ့တို့သည် ရွတ်ဆိုကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ ယိုအခါ၌ သီလရှိကုန် ကောင်းသော သဘောရှိကုန်သော ရသေ့တို့သည် သမ္ဗရအသုရိန်ကို ကျိန်ဆဲကုန်၍ အားရှိသော ယောကျ်ားသည် ကွေးသော လက်မောင်းကို ဆန့်သကဲ့သို့ရင်း၊ ဆန့်သော လက်မောင်းကို ကွေးသကဲ့သို့ရင်း ဤအတူသာလျှင် သမ္ဗရအသုရိန်၏ မျက်မှောက်၌ ကွယ်ခဲ့ကုန်သည်ဖြစ်၍ သမုဒ္ဒရာကမ်းနား သစ်ရွက်မိုး ကုဋီကျောင်းတို့၌ ထင်ရှားဖြစ်ကုန်၏၊ ရဟန်းတို့ ထိုအခါ၌ သမ္ဗရအသုရိန်သည် သီလရှိကုန် ကောင်းသောသဘော ရှိကုန်သော ယိုရသေ့တို့ ကျိန်ဆဲအပ်သည်ဖြစ်၍ ညဉ့်၌ သုံးကြိမ် ထိတ်လန့်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမဝဂ် ပြီး၏။

---

## ၂-ဒုတိယဝဂ် ၁-ဝတပဒသုတ်

၂၅၇။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ နတ်တို့အရှင် သိကြားမင်းသည် ရှေးလူဖြစ်စဉ်က ခုနစ်ပါးသော ကျင့်ဝတ်အစုတို့ကို အပြည့်အစုံ ကောင်းစွာဆောက်တည်အပ်ကုန်ပြီ၊ ယင်းခုနစ်ပါးသော ကျင့်ဝတ်အစုတို့ကို သိကြားမင်းသည် ကောင်းစွာ ဆောက်တည်သည်၏ အဖြစ်ကြောင့် သိကြားမင်း၏ အဖြစ်ကို ရပြီ၊ ခုနစ်ပါးသော ကျင့်ဝတ်အစုတို့ဟူသည် အဘယ်တို့နည်း။ အသက်ထက်ဆုံး အမိအဖကို လုပ်ကျွေး မွေးမြူသူ ဖြစ်ပါအံ့၊ အသက်ထက်ဆုံး အမျိုးထဲ၌ ကြီးသောသူတို့ကို အရိုအသေ ပြုလေ့ရှိသူ ဖြစ်ပါအံ့၊ အသက်ထက်ဆုံး သိမ်မွေ့သောစကားကို ဆိုလေ့ရှိသူ ဖြစ်ပါအံ့၊ အသက်ထက်ဆုံး ကုန်းစကားကို [illegible]လေ့မရှိသူ ဖြစ်ပါအံ့၊ အသက်ထက်ဆုံး လွတ်လွတ် စွန့်ကြဲခြင်းရှိသူ ပေးလှူရန် အခါခပ်သိမ်း စင်ကြယ်သော လက်ရှိသူ စွန့်လှူခြင်း၌ မွေ့လျော်သူ တောင်းခံခြင်းငှာ ထိုက်သူ ပေးကမ်းလှူဒါန်း ဝေဖန်ခြင်း၌ မွေ့လျော်သူ ဖြစ်၍ ဝန်တိုခြင်းကင်းသော စိတ်ဖြင့် အိမ်ကို အုပ်စိုးနေသူ ဖြစ်ပါအံ့၊ အသက်ထက်ဆုံး မှန်သော စကားကို ဆိုလေ့ရှိသူ ဖြစ်ပါအံ့၊ အသက်ထက်ဆုံး အမျက်ထွက်ခြင်း မရှိသူ အကယ်၍ ငါ့အား အမျက်ထွက်ခြင်း ဖြစ်စေကာမူ ထိုအမျက်ကို လျင်စွာသာလျှင် ပယ်ဖျောက်နိုင်သူ ဖြစ်ပါအံ့၊ ဤသည်တို့တည်း။ ရဟန်းတို့ နတ်တို့အရှင် သိကြားမင်းသည် ရှေးလူဖြစ်စဉ်က ခုနစ်ပါးကုန်သော ဤကျင့်ဝတ်အစုတို့ကို အပြည့်အစုံ ကောင်းစွာ ဆောက်တည်အပ်ကုန်ပြီ။ ယင်းခုနစ်ပါးသော ကျင့်ဝတ်အစုတို့ကို သိကြားမင်းသည် ကောင်းစွာ ဆောက်တည်သည်၏ အဖြစ်ကြောင့် သိကြား၏ အဖြစ်ကို ရပြီ ဟု ဟောတော်မူ၏။

အမိအဖတို့ကို လုပ်ကျွေးမွေးမြူသော အမျိုးထဲ၌ ကြီးသောသူတို့ကို အရိုအသေပြုလေ့ရှိသော သိမ်မွေ့နူးညံ့သော စကားကို ပြောဆိုတတ်သော ကုန်းစကားကို ပယ်လေ့ရှိသော ဝန်တိုခြင်းကို ပယ်၍ ဆုံးမခြင်းနှင့်ယှဉ်သော မှန်သော စကားရှိသော အမျက်ကို နှိပ်စက်တတ်သော ထိုလူသတ္တဝါကို စင်စစ် တာဝတိံသာနတ်တို့သည် 'သူတော်ကောင်း'ဟု ဆိုကုန်၏ ဟု (ဟောတော်မူ၏)။

## ၂-သက္ကနာမသုတ်

၂၅၈။ သာဝတ္ထိနိဒါန်း။ [illegible] ရဟန်းတို့အား ဤစကားကို မိန့်တော်မူ၏၊ ရဟန်းတို့ နတ်တို့အရှင် သိကြားမင်းသည် ရှေးလူဖြစ်စဉ်[illegible] လုလင် ဖြစ်၏၊ ထို့ကြောင့် ထိုသိကြားကို "မဃဝ" ဟု ဆိုအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ နတ်တို့အရှင် သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါက ရှေးဦးစွာ အလှူကို ပေးလှူ၏၊ ထို့ကြောင့်''ပုရိန္ဒဒ''ဟု ဆိုအပ်၏။

ရဟန်းတို့ နတ်တို့အရှင် သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါက ရိုသေစွာ ပေးလှူ၏၊ ထို့ကြောင့်''သက္က''ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ နတ်တို့အရှင် သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါက တည်းခိုရာ စရပ်ကို ပေးလှူဘူး၏၊ ထို့ကြောင့်''ဝါသဝ''ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ နတ်တို့အရှင် သိကြားမင်းသည် တထောင်သော အကြောင်းအရာကိုလည်း တမုဟုတ်ခြင်းဖြင့် ကြံနိုင်၏၊ ထို့ကြောင့်''သဟဿက္ခ''ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ နတ်တို့အရှင် သိကြားမင်းအား အသုရာ၏သမီး သုဇာမည်သော မယားရှိ၏၊ ထို့ကြောင့်''သုဇမ္ပတိ''ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ နတ်တို့အရှင် သိကြားမင်းသည် တာဝတိံသာနတ်တို့ကို အစိုးရသည်၏ အဖြစ် အကြီးအမှူး၏ အဖြစ်ဟူသော မင်းအဖြစ်ကို ပြုစေ၏၊ ထို့ကြောင့်''ဒေဝါနမိန္ဒ''ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ နတ်တို့အရှင် သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါက ခုနစ်ပါးကုန်သော ကျင့်ဝတ်အစုတို့ကို အပြည့်အစုံ ကောင်းစွာဆောက်တည်အပ်ကုန်၏၊ ယင်းခုနစ်ပါးသော ကျင့်ဝတ်အစုတို့ကို သိကြားသည် ကောင်းစွာ ဆောက်တည် အပ်သည်၏ အဖြစ်ကြောင့် သိကြားမင်း၏ အဖြစ်ကို ရ၏၊ ခုနစ်ပါးသော ကျင့်ဝတ်အစုတို့သည် အဘယ်တို့နည်း ဟူမူကား-အသက်ထက်ဆုံး အမိအဖကို လုပ်ကျွေးမွေးမြူသူ ဖြစ်အံ့၊ အသက်ထက်ဆုံး အမျိုးထဲ၌ ကြီးသောသူတို့ကို အရိုအသေပြုလေ့ရှိသူ ဖြစ်အံ့၊ အသက်ထက်ဆုံး သိမ်မွေ့သော စကားကို ဆိုလေ့ရှိသူ ဖြစ်အံ့၊ အသက်ထက်ဆုံး ကုန်းစကားကို ဆိုလေ့မရှိသူ ဖြစ်အံ့၊ အသက်ထက်ဆုံး လွတ်လွတ် စွန့်ကြဲခြင်းရှိသူ ပေးလှူရန် အခါခပ်သိမ်း စင်ကြယ်သောလက်ရှိသူ စွန့်လှူခြင်း၌မွေ့လျော်သူ သူတပါးတို့ တောင်းခံခြင်းငှါထိုက်သူ ပေးကမ်းလှူဒါန်းဝေဖန်ခြင်း၌ မွေ့လျော်သူဖြစ်၍ ဝန်တိုခြင်းကင်းသောစိတ်ဖြင့် အိမ်ကို အုပ်စိုး၍ နေသူ ဖြစ်အံ့၊ အသက်ထက်ဆုံး မှန်သောစကားကို ဆိုလေ့ရှိသူ ဖြစ်အံ့၊ အသက်ထက်ဆုံး အမျက်ထွက်ခြင်း မရှိသူ အကယ်၍ငါ့အားအမျက်ထွက်ခြင်းဖြင်စေကာမူ ထိုအမျက်ကို လျင်စွာသာလျှင် ပယ်ဖျောက်နိုင်သူ ဖြစ်အံ့၊ ဤခုနစ်ပါးတို့တည်း။

ရဟန်းတို့ နတ်တို့အရှင် သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါက ခုနစ်ပါးသော ကျင့်ဝတ်အစုတို့ကို အပြည့်အစုံ ကောင်းစွာ ဆောက်တည်အပ်ကုန်၏၊ ယင်း ခုနစ်ပါးသော ကျင့်ဝတ်အစုတို့ကို သိကြားမင်းသည် ကောင်းစွာ ဆောက်တည်သည်၏ အဖြစ်ကြောင့် သိကြား၏ အဖြစ်ကို ရ၏ ဟု မိန့်တော်မူ၏။

အမိအဖတို့ကို လုပ်ကျွေး မွေးမြူသော အမျိုးထဲ၌ ကြီးသောသူတို့ကို အရိုအသေပြုလေ့ရှိသော သိမ်မွေ့နူးညံ့သော စကားကို ပြောဆိုတတ်သော ကုန်းစကားကို ပယ်လေ့ရှိသော ဝန်တိုခြင်းကို ပယ်၍ ဆုံးမခြင်းနှင့်ယှဉ်သော မှန်သော စကားရှိသော အမျက်ကို နှိပ်စက်တတ်သော ထိုလူသတ္တဝါကို စင်စစ် တာဝတိံသာနတ်တို့သည် သူတော်ကောင်း ဟူ၍ ဆိုကုန်၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၃-မဟာလိသုတ်

၂၅၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်–အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင် ပေါ်ကသော ကျောင်း၌(သီတင်းသုံး) နေတော်မူ၏။

ထိုအခါ မဟာလိလိစ္ဆဝီမင်းသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား "အသျှင်ဘုရား မြတ်စွာဘုရားသည် နတ်တို့အရှင် သိကြားမင်းကို မြင်ဘူးပါသလော"ဟု လျှောက်၏၊ မဟာလိ ငါဘုရားသည် နတ်တို့အရှင် သိကြားမင်းကို မြင်ဘူးသည်သာလျှင်တည်း ဟုမိန့်ဆို၏၊ အသျှင်ဘုရား ထိုအရှင်သိကြားသည် သိကြားတု အယောင်ဆောင် ဖြစ်ပါလိမ့်မည်၊ အသျှင်ဘုရား ထိုစကားမှန်၏၊နတ်တို့အရှင် သိကြားမင်းကို တွေ့မြင်နိုင်ခဲ၏ဟု လျှောက်၏၊မဟာလိ ငါဘုရားသည် သိကြား၏ အဖြစ်ကိုလည်း သိ၏၊ သိကြားအဖြစ်ကို ပြုတတ်သော တရားတို့ကိုလည်း သိ၏၊ ယင်းတရားတို့ကို သိကြားသည် ကောင်းစွာ ဆောက်တည်ခြင်းကြောင့် သိကြား၏ အဖြစ်ကို ရ၏၊ ထိုတရားကိုလည်း ငါသိ၏။

မဟာလိ နတ်တို့အရှင် သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါက မဃ မည်သော လုလင် ဖြစ်ဘူးပြီ၊ ထို့ကြောင့်"မဃဝ"ဟူ၍ ဆိုအပ်၏။

မဟာလိ နတ်တို့အရှင် သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါက ရိုသေစွာ ပေးလှူ၏၊ ထို့ကြောင့်"သက္က"ဟူ၍ ဆိုအပ်၏။

မဟာလိ နတ်တို့အရှင် သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါက ရှေးဦးစွာ အလှူကို ပေးလှူ၏၊ ထို့ကြောင့်"ပုရိန္ဒဒ"ဟူ၍ ဆိုအပ်၏။

မဟာလိ နတ်တို့အရှင် သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါက တည်းခိုရာ စရပ်ကို ပေးလှူဘူး၏၊ ထို့ကြောင့်"ဝါသဝ"ဟူ၍ ဆိုအပ်၏။

မဟာလိ နတ်တို့အရှင် သိကြားမင်းသည် တထောင်သော အကြောင်းအရာတို့ကို တမုဟုတ်ခြင်းဖြင့် ကြံနိုင်၏၊ ထို့ကြောင့်"သဟဿက္ခ"ဟူ၍ ဆိုအပ်၏။

မဟာလိ နတ်တို့အရှင် သိကြားမင်းအား အသုရာ၏သမီး သုဇာမည်သော မယားရှိ၏၊ ထို့ကြောင့်"သုဇမ္ပတိ"ဟူ၍ ဆိုအပ်၏။

မဟာလိ နတ်တို့အရှင် သိကြားမင်းသည် တာဝတိံသာနတ်တို့ကို အစိုးရသည်၏ အဖြစ် အကြီးအမှူး၏ အဖြစ်ဟူသော မင်းအဖြစ်ကို ပြုစေ၏၊ ထို့ကြောင့်"ဒေဝါနမိန္ဒ"ဟူ၍ ဆိုအပ်၏။

မဟာလိ နတ်တို့အရှင်သိကြားမင်းသည်ရှေးလူဖြစ်စဉ်အခါက ခုနစ်ပါးသောကျင့်ဝတ်အစုတို့ကို အပြည့်အစုံကောင်းစွာ ဆောက်တည်အပ်ကုန်၏၊ယင်း ခုနစ်ပါးသော ကျင့်ဝတ်အစုတို့ကို သိကြားသည် ကောင်းစွာ ဆောက်တည်အပ်သည်၏ အဖြစ်ကြောင့် သိကြား၏ အဖြစ်ကို ရ၏၊ ခုနစ်ပါးသော ကျင့်ဝတ်အစုတို့သည် အဘယ်တို့နည်းဟူမူ–အသက်ထက်ဆုံး အမိအဖကို လုပ်ကျွေးမွေးမြူသူ ဖြစ်အံ့၊အသက်ထက်ဆုံး အမျိုးထဲ၌ ကြီးသောသူတို့ကို အရိုအသေပြုလေ့ရှိသူ ဖြစ်အံ့၊ အသက်ထက်ဆုံး သိမ်မွေ့သောစကားကို ဆိုလေ့ရှိသူ ဖြစ်အံ့၊အသက်ထက်ဆုံး ကုန်းစကားကို ဆိုလေ့မရှိသူ ဖြစ်အံ့၊အသက်ထက်ဆုံး လွတ်လွတ်စွန့်ကြဲခြင်းရှိသူ ပေးလှူရန်အခါခပ်သိမ်းစင်ကြယ်သောလက်ရှိသူ စွန့်လှူခြင်း၌ မွေ့လျော်သူ သူတပါးတို့ တောင်းခံခြင်းငှါထိုက်သူ ပေးကမ်းလှူဒါန်းဝေဖန်ခြင်း၌ မွေ့လျော်သူဖြစ်၍ ဝန်တိုခြင်းကင်းသောစိတ်ဖြင့် အိမ်ကို အုပ်စိုးနေသူဖြစ်အံ့၊ အသက်ထက်ဆုံး

http://www.dhammadownload.com



မှန်သောစကားကို ဆိုလေ့ရှိသူ ဖြစ်အံ့၊ အသက်ထက်ဆုံး အမျက်ထွက်ခြင်းမရှိသူ အကယ်၍ ငါ့အား အမျက်ထွက်ခြင်းဖြစ်စေကာမူ ထိုအမျက်ကို လျင်စွာသာလျှင် ပယ်ဖျောက်နိုင်သူ ဖြစ်အံ့၊ ဤခုနစ်ပါးတို့တည်း။

မဟာလိ နတ်တို့အရှင် သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါက ခုနစ်ပါးသော ဤကျင့်ဝတ် အစုတို့ကို အပြည့်အစုံ ကောင်းစွာ ဆောက်တည်အပ်ကုန်၏၊ ယင်းခုနစ်ပါးသော ကျင့်ဝတ်အစု တို့ကို သိကြားသည် ကောင်းစွာ ဆောက်တည်အပ်သည်၏ အဖြစ်ကြောင့် သိကြား၏ အဖြစ်ကို ရ၏ ဟု မိန့်တော်မူ၏။

အမိ အဖတို့ကို လုပ်ကျွေးမွေးမြူသော အမျိုးထဲ၌ ကြီးသောသူတို့ကို အရိုအသေပြုလေ့ ရှိသော သိမ်မွေ့နူးညံ့သော စကားကို ပြောဆိုတတ်သော ကုန်းစကားကို ပယ်လေ့ရှိသော ဝန်တိုခြင်းကို ပယ်၍ ဆုံးမခြင်းနှင့်ယှဉ်သော မှန်သော စကားရှိသော အမျက်ကို နှိပ်စက် တတ်သော ထိုလူသတ္တဝါကို စင်စစ် တာဝတိံသာနတ်တို့သည် သူတော်ကောင်းဟူ၍ ဆိုကုန် ၏ ဟု (မိန့်တော်မူ၏)။

## ၄-ဒလိဒ္ဒသုတ်

၂၆၀။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေး၍မွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်း တို့ကို ရဟန်းတို့ဟူ၍ ခေါ်တော်မူ၏၊ အသျှင်ဘုရားဟူ၍ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ ရှေးက ဖြစ်ဘူးသည်ကား ယောကျ်ားတယောက်သည် ဤရာဇဂြိုဟ်မြို့၌သာလျှင် လူဆင်းရဲ လူသနားဖွယ် လူအောက်တန်းစား ဖြစ်ခဲ့၏၊ ထိုယောကျ်ားသည် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သာသနာတော်၌ ယုံကြည်မှု သဒ္ဓါတရားကို ဆောက်တည်၏၊ သီလကို ဆောက်တည်၏၊ အကြားအမြင် 'သုတ' ကို ဆောက်တည်၏၊ စွန့်ကြဲခြင်း 'စာဂ' ကို ဆောက်တည်၏၊ ပညာကို ဆောက်တည်၏၊ ထိုယောကျ်ားသည် မြတ်စွာဘုရားဟောကြားတော်မူအပ်သောဓမ္မဝိနယ (သာသနာတော်)၌ သဒ္ဓါ သီလ သုတ စာဂ ပညာကို ဆောက်တည်ရကား ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်၌ တာဝတိံသာနတ်တို့၏ အသင်းဝင် အဖြစ်သို့ ရောက်၏၊ ထိုနတ်သည် တပါးသောနတ်တို့ကို အဆင်းဖြင့်ငှင်း၊အခြံအရံဖြင့်ငှင်း လွန်၍ တင့်တယ်၏၊ ရဟန်းတို့ ထိုသို့ ဖြစ်ရာ၌ တာဝတိံသာနတ်တို့သည် ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ ပြစ်တင်ပြောဆိုကုန်၏၊ အချင်းတို့ အံ့ဖွယ်ရှိစွတကား၊ မဖြစ်ဘူးမြဲ ဖြစ်စွတကား၊ ထိုစကားမှန်၏၊ ဤနတ်သားသည် ရှေးလူဖြစ်စဉ်အခါက လူဆင်းရဲ လူသနားဖွယ် လူအောက်တန်းစား ဖြစ်ခဲ့၏၊ ထိုသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာဖြစ်သောနတ်ပြည်၌ တာဝတိံသာနတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်၏၊ ထိုနတ်သားသည် တပါးသော နတ်တို့ကို အဆင်းဖြင့်ငှင်း အခြံအရံဖြင့်ငှင်း လွန်၍ တင့်တယ်ဘိ၏ဟု ကဲ့ရဲ့ကုန်၏။

ရဟန်းတို့ ထိုအခါ နတ်တို့အရှင်သိကြားမင်းသည် တာဝတိံသာနတ်တို့ကိုခေါ်၍ မိန့်ဆို၏ "အချင်းတို့ သင်တို့သည် ထိုနတ်သားအားမကဲ့ရဲ့ကုန်လင့်၊အချင်းတို့ ဤနတ်သားသည်ရှေးလူဖြစ် စဉ်အခါက မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဓမ္မဝိနယ(သာသနာတော်)၌ သဒ္ဓါ သီလ သုတ စာဂ ပညာကို ဆောက်တည်ခဲ့၏၊ ထိုသူသည် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော

http://www.dhammadownload.com



ဓမ္မဝိနယ(သာသနာတော်)၌ သဒ္ဓါ သီလ သုတ စာဂ ပညာကို ဆောက်တည်ခဲ့သောကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်၌ တာဝတိံသာနတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်၏၊ ထိုနတ်သားသည် တပါးသောနတ်တို့ကို အဆင်းဖြင့်၎င်း အခြံအရံဖြင့်၎င်း လွန်၍ တင့်တယ်၏''ဟု မိန့်ဆို၏။ ရဟန်းတို့ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် တာဝတိံသာနတ်တို့ကို ပြောဆိုဆုံးမလိုသည်ဖြစ်၍ ဤဂါထာတို့ကို ရွတ်ဆို၏—

''အချင်း နတ်တို့ အကြင်သူအား မြတ်စွာဘုရား၌ ယုံကြည်မှု သဒ္ဓါတရားသည် မတုန်လှုပ်၊ ကောင်းစွာ တည်၏၊ အကြင်ပုဂ္ဂိုလ်အား အရိယာတို့သည် နှစ်သက်အပ် ချီးမွမ်းအပ်သော ကောင်းသော သီလလည်း ရှိ၏။

အကြင်ပုဂ္ဂိုလ်အား သံဃာ၌ ကြည်ညိုမှု ရှိ၏၊ ဖြောင့်မတ်သော အမြင်လည်း ရှိ၏၊ ထိုပုဂ္ဂိုလ်ကို သူဆင်းရဲမဟုတ်ဟူ၍ ဆိုကုန်၏၊ ထိုသူ၏ အသက်ရှင်ခြင်းသည် အချည်းနှီးမဟုတ်။

ထို့ကြောင့် မြတ်စွာဘုရား၏ အဆုံးအမ (သာသနာ)ကို အောက်မေ့သော ပညာရှိသည် သဒ္ဓါကိုင်း သီလကိုင်း ကြည်ညိုမှုကိုင်း တရားသိမြင်မှုကိုင်း အဖန်ဖန် အားထုတ်ရာ၏''ဟု (ရွတ်ဆို၏)။

## ၅-ရာမဏေယျကသုတ်

၂၆၁။ သာဝတ္ထိနိဒါန်း။ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ရပ်တည်ပြီးသော် မြတ်စွာဘုရားအား ''အသျှင်ဘုရား အဘယ်သို့သော အရပ်သည် မွေ့လျော်ဖွယ် ရှိပါသနည်း''ဟု ဤစကားကို လျှောက်၏—

(သိကြားမင်း) ကောင်းစွာ ဖန်တီး စီမံအပ်ကုန်သော အရှိအသေပြုရာ အရံတို့သည်၎င်း အရှိအသေပြုရာ တောသစ်ပင်တို့သည်၎င်း ကောင်းစွာ ဖန်တီးစီမံအပ်ကုန်သော ရေကန်တို့သည်၎င်း လူတို့နှစ်သက်ဖွယ်ရာ မြေအရပ်၏ တဆယ့်ခြောက်စိတ် စိတ်၍ တစိတ်ကိုမျှ မမှီနိုင်ကုန်။

ရွာဖြစ်စေ တောဖြစ်စေ ချိုင့်ဝှမ်းရာ အရပ်ဖြစ်စေ ကြည်းကုန်းဖြစ်စေ အကြင်အရပ်၌ ရဟန္တာတို့ နေကုန်၏၊ ထိုရဟန္တာတို့နေရာ မြေအရပ်သည် မွေ့လျော်ဖွယ် အရပ်မည်၏ ဟု (မိန့်တော်မူ၏)။

## ၆-ယဇမာနသုတ်

၂၆၂။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ရပ်တည်ပြီးသော် မြတ်စွာဘုရားအား ဂါထာဖြင့် ရွတ်ဆို လျှောက်ထား၏—

''အသျှင်ဘုရား ပူဇော်ကုန်သော လူတို့၏၎င်း ကောင်းမှုကို အလိုရှိသည်ဖြစ်၍ ပြုလုပ်ကုန်သော သတ္တဝါတို့၏၎င်း ဥပဓိအကျိုးရှိသော ကောင်းမှုသည် အဘယ်ပုဂ္ဂိုလ်၌ လှူသည်ရှိသော် အကျိုးကြီးပါသနည်း''ဟု လျှောက်၏။

http://www.dhammadownload.com



ကျင့်ဆဲ ဖြစ်ကုန်သော (မဂ္ဂဋ္ဌာန်) ပုဂ္ဂိုလ်လေးယောက်တို့သည်၎င်း ဖိုလ်၌ တည်ကုန်သော (ဖလဋ္ဌာန်) ပုဂ္ဂိုလ်လေးယောက်တို့သည်၎င်း ဤရှစ်ယောက်သော (အရိယာ) သံဃာသည် ဖြောင့်မတ်စွာ ဖြစ်၏၊ ပညာ သီလ သမာဓိနှင့် ပြည့်စုံ၏။

ပူဇော်ကုန်သော လူတို့၏၎င်း ကောင်းမှုကို အလိုရှိသည်ဖြစ်၍ ပြုလုပ်ကုန်သော သတ္တဝါတို့၏၎င်း ဥပဓိအကျိုးရှိသော ကောင်းမှုသည် (အရိယာ) သံဃာ၌ လှူသည်ရှိသော် အကျိုးကြီး၏ ဟု (မိန့်တော်မူ၏)။

## ၇-ဗုဒ္ဓဝန္ဒနာသုတ်

၂၆၃။ သာဝတ္ထိနိဒါန်း။ ထိုအခါ မြတ်စွာဘုရားသည် နေ့သန့်စင်ရာ အရပ်သို့ ကပ်သည်ဖြစ်၍ တပါးတည်း ကိန်းအောင်းတော်မူ၏၊ ထိုအခါ၌ နတ်တို့အရှင် သိကြားမင်းသည်၎င်း သဟမ္ပတိဗြဟ္မာသည်၎င်း မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ အသီးအသီး တံခါးပေါင်ကို မှီလျက် ရပ်တည်ကုန်၏၊ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် မြတ်စွာဘုရား၏ ထံတော်ပါး၌ ဤဂါထာကို ရွတ်ဆို၏----

"လုံ့လရှိတော်မူသော မြတ်စွာဘုရား ထတော်မူပါလော့၊ အောင်အပ်ပြီးသော မာရ်စစ်သည် ရှိတော်မူသော ချအပ်သော ခန္ဓာဝန်ရှိတော်မူသော ကိလေသာကြွေးမြီ ကင်းတော်မူသော မြတ်စွာဘုရား လောက၌ လှည့်လည်တော်မူပါလော့၊ တဆယ့်ငါးရက် လပြည့်နေ့ ညဥ့်အခါ၌ လပြည့်ဝန်းကဲ့သို့ အသျှင်ဘုရား၏ စိတ်သည်ကား (ရာဂ စသော အညစ်အကြေးမှ) ကောင်းစွာ ကင်းလွတ်တော်မူပါ၏"ဟု ရွတ်ဆို၏။

သိကြားမင်း မြတ်စွာဘုရားတို့ကို ဤသို့ ရှိမခိုးအပ်ကုန်၊ သိကြားမင်း မြတ်စွာဘုရားတို့ကို ဤသို့သာလျှင် ရှိခိုးအပ်ကုန်၏။

"လုံ့လရှိတော်မူသော မြတ်စွာဘုရား ထတော်မူပါလော့၊ အောင်အပ်ပြီးသော မာရ်စစ်သည် ရှိတော်မူသော ယာဉ်မှူးသဖွယ် ဖြစ်တော်မူသော ကိလေသာကြွေးမြီ ကင်းတော်မူသော မြတ်စွာဘုရား လောက၌ လှည့်လည်တော်မူပါလော့၊ မြတ်စွာဘုရားသည် တရားကို ဟောတော်မူပါလော့၊ သိလွယ်သော သတ္တဝါတို့သည် ရှိပါကုန်လတ္တံ့"ဟု ရှိခိုးအပ်ကုန်၏ ဟု သဟမ္ပတိဗြဟ္မာ (ရွတ်ဆို၏)။

## ၈-ဂဟဋ္ဌဝန္ဒနာသုတ်

၂၆၄။ သာဝတ္ထိနိဒါန်း။ ထိုအခါ။ပ။ မိန့်တော်မူ၏။ ရဟန်းတို့ ရှေးကဖြစ်ဘူးသည်ကား နတ်တို့အရှင် သိကြားမင်းသည် အကူအညီ ဖြစ်သော မာတလိနတ်သားအား "အချင်း မာတလိ အာဇာနည်မြင်းတထောင်ကသော ရထားကို ပြင်လော့၊ မြေကောင်းရာ အရပ်ကို ကြည့်ရှုခြင်းငှါ ဥယျာဉ်မြေသို့ သွားကုန်အံ့"ဟု ဆို၏၊ "အရှင်သိကြားမင်း ကောင်းပါပြီ"ဟု မာတလိနတ်သားသည် နတ်တို့အရှင် သိကြားမင်းအား ဝန်ခံ၍ အာဇာနည်မြင်းတထောင်ကသော ရထားကိုပြင်ဆင်ပြီးလျှင် နတ်တို့အရှင် သိကြားမင်းအား လျှောက်၏- "အရှင်သိကြားမင်း အရှင်၏ အာဇာနည်မြင်းတထောင်ကသော ရထားကို ပြင်ဆင်ပြီးပါပြီ၊ သွားရန် အချိန်ကို သိ၏၊ (သွားရန်မှာ အရှင်သိကြားမင်း အလိုအတိုင်း ဖြစ်ပါသည်)"ဟု ဆို၏၊ ရဟန်းတို့ ထိုအခါ နတ်တို့အရှင် သိကြားမင်း

http://www.dhammadownload.com



သည် ဝေဇယန္တာ ပြာသာဒ်မှ ဆင်းသက်သည်ရှိသော် လက်အုပ်ချီ၍ အရပ်လေးမျက်နှာတို့ကို ရှိခိုး၏၊ ရဟန်းတို့ ထိုအခါ၌ အကူအညီ ဖြစ်သော မာတလိသည် နတ်တို့အရှင် သိကြားမင်းကို ဂါထာဖြင့် ရွတ်ဆို၏—

"သိကြားမင်း ဗေဒင်သုံးပုံတတ်သူ ပြာဟ္မဏတို့သည်၎င်း မြေ၌နေသူ အားလုံးတို့သည်၎င်း မင်းတို့သည်၎င်း နတ်မင်းကြီး လေးယောက်တို့သည်၎င်း များသော အခြံအရံရှိသော တာဝတိံသာ နတ်တို့သည်၎င်း အရှင်သိကြားမင်းကို ရှိခိုးကုန်၏၊ သိကြားမင်း ထိုသို့ ဖြစ်ပါလျက် အရှင်သိကြားမင်း ရှိခိုးသော နတ်မင်းကြီးသည်ကား အဘယ်အမည်ရှိသော နတ်မင်းနည်း''ဟု (ရွတ်ဆို၏)။

မာတလိ ဗေဒင်သုံးပုံတတ်သော ပြာဟ္မဏတို့သည်၎င်း မြေ၌နေသူ အားလုံးတို့သည်၎င်း မင်းတို့သည်၎င်း နတ်မင်းကြီးလေးယောက်တို့သည်၎င်း များသော အခြံအရံရှိကုန်သော တာဝတိံသာနတ်တို့သည်၎င်း ငါ့ကို ရှိခိုးကြကုန်၏။

ငါသည်ကား သီလနှင့် ပြည့်စုံကုန်သော ရှည်စွာသော ညဉ့်တို့ပတ်လုံး တည်ကြည်ခြင်း ရှိကုန်သော မြတ်သောအကျင့်လျှင် လည်းလျောင်းရာ ရှိကုန်သော ရဟန်းတော်တို့ကို ကောင်းစွာ ရှိခိုး၏။

မာတလိ အကြင်သူတို့သည် အိမ်၌ တည်ကုန်၍ ကောင်းမှုကို ပြုကုန်၏၊ သီလရှိကုန်၏၊ ရတနာသုံးပါးကို ဆည်းကပ်ကုန်၏၊ တရားနှင့်အညီ သားမယားကို မွေးမြူကုန်၏၊ ထိုသူတို့ကို (ငါသည်)ရှိခိုး၏ ဟု (မိန့်ဆို၏)။

သိကြားမင်း အရှင်သိကြားမင်းသည် အကြင်သူတို့ကို ရှိခိုး၏၊ ထိုသူတို့သည် လောက၌ မြတ်ကုန်သတတ်၊ သိကြားမင်း (အရှင်သိကြားမင်းသည်) အကြင်သူတို့ကို ရှိခိုး၏၊ ထိုသူတို့ကို အကျွန်ုပ်သည်လည်း ရှိခိုးပါ၏ ဟု ပြောဆို၏။

မဃလုလင် ဖြစ်ဘူးသော သုဇာ၏ခင်ပွန်းဖြစ်သော အကြီးအမှူးဖြစ်သော သိကြားမင်း သည်ဤစကားကို ဆိုပြီး၍ အရပ်လေးမျက်နှာတို့ကို ရှိခိုးပြီးလျှင်ရထားထက်သို့တက်စီးလေ၏။

## ၉-သတ္ထာရဝန္ဒနာသုတ်

၂၆၅။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရှေးကဖြစ်ဘူးသည်ကား နတ်တို့အရှင် သိကြားမင်းသည် အကူအညီဖြစ်သော မာတလိနတ်သားအား"အချင်း မာတလိ အာဇာနည် မြင်းတထောင်ကသော ရထားကို ပြင်လော့၊ မြေကောင်းရာအရပ်ကို ကြည့်ရှုခြင်းငှာ ဥယျာဉ်မြေသို့ သွားကုန်အံ့"ဟု မိန့်ဆို၏၊ ရဟန်းတို့ အကူအညီ မာတလိ နတ်သားသည် အရှင်သိကြားမင်း ကောင်းပါပြီ ဟု နတ်တို့အရှင် သိကြားမင်းအားဝန်ခံ၍ အာဇာနည်မြင်းတထောင်ကသောရထားကိုပြင်ဆင်ပြီးလျှင် "အရှင်သိကြားမင်း အရှင်၏အာဇာနည် မြင်းတထောင်ကသော ရထားကို ပြင်ပြီးပါပြီ၊ယခုအခါ၌ သွားရန် အချိန်ကို သိ၏၊(သွားရန်မှာ အရှင်သိကြားမင်း အလိုအတိုင်း ဖြစ်ပါသည်)"ဟု ကြားလျှောက်၏။ရဟန်းတို့ ထိုအခါ၌ နတ်တို့အရှင် သိကြားမင်းသည် ဝေဇယန္တာ ပြာသာဒ်မှ ဆင်းသက်သည်ရှိသော် လက်အုပ်ချီ၍ မြတ်စွာဘုရားကို ရှိခိုး၏၊ ရဟန်းတို့ ထိုအခါ၌ အကူအညီ ဖြစ်သော မာတလိ နတ်သားသည် နတ်တို့အရှင် သိကြားမင်းကို ဂါထာဖြင့် ရွတ်ဆို၏—

http://www.dhammadownload.com



"သိကြားမင်း နတ်တို့သည်၎င်း လူတို့သည်၎င်း ထိုအရှင်သိကြားမင်းကို ရှိခိုးကြကုန်၏၊ ထိုသို့ ရှိခိုးကုန်လျက် သိကြားမင်း ရှိခိုးသော နတ်သည်ကား အဘယ်အမည် ရှိပါသနည်း" ဟု (ရွတ်ဆို၏)။

မာတလိ နတ်နှင့်တကွသော ဤလောက၌ ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြင်မြတ်စွာဘုရားသည် ရှိတော်မူ၏၊ မယုတ်သော အမည်ရှိတော်မူသော ထိုမြတ်စွာဘုရားကို ငါသည် ရှိခိုး၏။

မာတလိ အကြင်ပုဂ္ဂိုလ်တို့အား တပ်မက်မှု 'ရာဂ' အမျက်ထွက်မှု 'ဒေါသ' မသိမှု 'အဝိဇ္ဇာ' သည် ငြိတွယ်ခြင်း ကင်းကုန်၏၊ ကုန်ပြီးသော အာသဝရှိကုန်၏၊ မြတ်သောအလှူကို ခံထိုက်ကုန်၏၊ ထိုရဟန္တာပုဂ္ဂိုလ်တို့ကို ငါသည် ရှိခိုးပါ၏။

မာတလိ အကြင်ကျင့်ဆဲ ဖြစ်သူ 'သေက္ခ'တို့သည် ရာဂဒေါသကို ပယ်ဖျောက်ကုန်၏၊ အဝိဇ္ဇာကို လွန်မြောက်ကုန်၏၊ (ဝဋ်ဆင်းရဲကို)ဖျက်ဆီးခြင်း၌ မွေ့လျော်ကုန်သည် ဖြစ်၍ မမေ့မလျော့ လျော်စွာ ကျင့်ဆဲ ဖြစ်ကုန်၏၊ ထိုကျင့်ဆဲ ဖြစ်သူ 'သေက္ခ'ပုဂ္ဂိုလ် ခုနစ်ယောက်တို့ကို ငါသည် ရှိခိုး၏ ဟု (မိန့်ဆို၏)။

သိကြားမင်း အရှင်သိကြားမင်းသည် အကြင်သူတို့ကို ရှိခိုး၏၊ ထိုသူတို့သည် လောက၌ မြတ်ကုန်သတတ်၊ သိကြားမင်း အကြင်သူတို့ကို အရှင်သိကြားမင်းသည် ရှိခိုး၏၊ ထိုသူတို့ကို အကျွန်ုပ်သည်လည်း ရှိခိုးပါ၏ ဟု (ရွတ်ဆို၏)။

မဃလုလင် ဖြစ်ဘူးသော သုဇာ၏ ခင်ပွန်းဖြစ်သော အကြီးအမှူးဖြစ်သော သိကြားမင်းသည်ဤစကားကို ဆိုပြီး၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ရထားထက်သို့ တက်စီးလေ၏။

## ၁၀-သံဃာဝန္ဒနာသုတ်

၂၆၆။ သာဝတ္ထိနိဒါန်း၊ ထိုအခါက ။ပ။ မိန့်တော်မူ၏။ ရဟန်းတို့ ရှေးကဖြစ်ဘူးသည်ကား နတ်တို့အရှင် သိကြားမင်းသည် အကူအညီ မာတလိနတ်သားအား "အချင်းမာတလိ အာဇာနည်မြင်းတထောင်ကသော ရထားကို ပြင်လော့၊ မြေကောင်းရာအရပ်ကို ကြည့်ရှုခြင်းငှာ ဥယျာဉ်မြေသို့ သွားကုန်အံ့"ဟု မိန့်ဆို၏။ အရှင်သိကြားမင်း ကောင်းပါပြီဟု အကူအညီ မာတလိသည် နတ်တို့အရှင် သိကြားမင်းအား ဝန်ခံ၍ အာဇာနည်မြင်းတထောင်ကသော ရထားကို ပြင်ဆင်ပြီးလျှင် နတ်တို့အရှင် သိကြားမင်းအား "အရှင်သိကြားမင်း အရှင်၏ အာဇာနည်မြင်းတထောင်ကသော ရထားကို ပြင်ဆင်ပြီးပါပြီ၊ ယခုအခါ သွားရန် အချိန်ကို သိ၏၊ (သွားရန်မှာ အရှင်သိကြားမင်း အလိုအတိုင်း ဖြစ်ပါသည်)"ဟု ကြားလျှောက်၏၊ ရဟန်းတို့ ထိုအခါ၌ နတ်တို့အရှင် သိကြားမင်းသည် ဝေဇယန္တာပြာသာဒ်မှ ဆင်းသက်သည်ရှိသော် လက်အုပ်ချီ၍ ရဟန်းသံဃာကို ရှိခိုး၏၊ ရဟန်းတို့ ထိုအခါ အကူအညီ မာတလိသည် နတ်တို့အရှင် သိကြားမင်းကို ဂါထာဖြင့် ရွတ်ဆို၏—

"သိကြားမင်း အကြင်လူတို့သည် ပုပ်သော အမိဝမ်း၌ ကိန်းကုန်၏၊အမိဝမ်းတည်းဟူသော အပုပ်၌ နစ်မြုပ်ကုန်၏၊ မွတ်သိပ် ဆာလောင်ခြင်းနှင့် ပြည့်စုံကုန်၏။ ထိုလူတို့ကသာ အရှင်သိကြားမင်းကို ရှိခိုးကုန်ရာ၏။

အိမ်ရာမထောင်သော ထိုလူတို့သည် အဘယ်အရာကို ချစ်ဘိသနည်း၊ ရသေ့ ရဟန်းတို့၏ အကျင့်ကို မိန့်ဆိုတော်မူပါလော့၊ အရှင်သိကြားမင်း၏ ထိုစကားကို နာပါကုန်အံ့" ဟု (ရွတ်ဆို၏)။

http://www.dhammadownload.com



မာတလိ ထိုရဟန်းတို့သည် အကြင်ရွာမှ ဖဲသွားကုန်၏၊ ငဲ့ကွက်ခြင်း မရှိကုန်သည်ဖြစ်၍ (ထိုရွာမှ) သွားကုန်၏၊ အိမ်ရာမထောင်ကုန်သော ထိုရဟန်းတို့၏ ဤအကျင့်ကို ချစ်၏။

ထိုရဟန်းတို့အား ကျီ၌ ဥစ္စာစပါးကို ထည့်သွင်းမထားကုန်၊ အိုးတို့၌ရင်း ခြင်းတောင်းတို့၌ ရင်း မသိုမှီးကုန်၊ သူတပါးတို့ ချက်ပြုတ်၍ ပြီးသော ဆွမ်းကိုသာလျှင် ရှာမှီးကုန်၏၊ ကောင်းသောအကျင့်ရှိသော ရဟန်းတို့သည် ရှားမှီးအပ်သော ထိုဆွမ်းတို့ဖြင့် မျှတကုန်၏။

ပညာတို့သည် ကောင်းသော အဘိုင်အပင်ဖြင့် တိုင်ပင်ခြင်း ရှိကုန်၏၊ ဆိတ်ဆိတ်နေခြင်း ရှိကုန်သည်ဖြစ်၍ အညီအညွတ်သွားကြကုန်၏၊ နတ်တို့အားမှုကား အသုရာတို့နှင့် ဆန့်ကျင်ကြကုန်၏၊ များစွာသော သတ္တဝါတို့သည်လည်း (အချင်းချင်း) ဆန့်ကျင်ကြကုန်၏။

မာတလိ ဆန့်ကျင်ကုန်သော သူတို့အလယ်၌ ဆန့်ကျင်ခြင်း မရှိကုန်၊ လက်နက်ရှိကုန်သော သူတို့အလယ်၌ လက်နက်ကို စွန့်လွှတ်ပြီး ဖြစ်ကုန်၏၊ ဘဝယောနိ စသည်တို့ကို ယူခြင်းရှိကုန်သော သူတို့အလယ်၌ ဘဝယောနိ တခုခုကို ယူခြင်းမရှိကုန်၊ ထိုရဟန်းတို့ကို ငါသည် ရှိခိုး၏ ဟု မိန့်ဆို၏။

သိကြားမင်း အရှင်သိကြားမင်းသည် အကြင်သူတို့ကို ရှိခိုး၏၊ ထိုသူတို့သည် လောက၌ မြတ်ကုန်သတတ်၊ သိကြားမင်း(အရှင်သိကြားမင်းသည်) အကြင်သူတို့ကို ရှိခိုး၏၊ ထိုသူတို့ကို အကျွန်ုပ်သည်လည်း ရှိခိုးပါ၏ ဟု ရွတ်ဆို၏။

မဃလုလင် ဖြစ်ဘူးသော သုဇာ၏ ခင်ပွန်းဖြစ်သော အကြီးအမှူးဖြစ်သော သိကြားမင်းသည် ဤစကားကို ဆိုပြီး၍ ရဟန်းသံဃာကို ရှိခိုးပြီးလျှင် ရထားထက်သို့ တက်စီးလေ၏။

ဒုတိယဝဂ် ပြီး၏။

---

## ၃ တတိယဝဂ် ၁-ဆေတွာသုတ်

၂၆၇။ သာဝတ္ထိနိဒါန်း။ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီး၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ရပ်တည်၏၊ တခုသော နေရာ၌ ရပ်တည်ပြီးသော် နတ်တို့အရှင် သိကြားမင်းသည် မြတ်စွာဘုရားအား ဂါထာဖြင့် မှတ်ဆို လျှောက်ထား၏—

"အဘယ်အရာကို ဖြတ်တောက်သော် ချမ်းသာစွာ နေရပါသနည်း၊ အဘယ်အရာကို ဖြတ်တောက်သော် မစိုးရိမ်ရပါသနည်း၊ ဂေါတမအနွယ် ဖြစ်တော်မူသော မြတ်စွာဘုရား အဘယ်မည်သော တခုသော တရားကို ဖြတ်တောက်ခြင်းကို နှစ်သက်တော်မူပါသနည်း ဟု (လျှောက်၏)။

သိကြားမင်း အမျက်ထွက်ခြင်းဒေါသကို ဖြတ်တောက်သော် ချမ်းသာစွာ နေရ၏၊ အမျက် ဒေါသကို ဖြတ်တောက်သော် မစိုးရိမ်ရ၊ အဆိပ်လျှင် အရင်းအမြစ်ရှိသော ချိုမြိန်ခြင်းလျှင် အဖျားရှိသော အမျက်ဒေါသအား ဖြတ်တောက်ခြင်းကို အရိယာတို့သည် ချီးမွမ်းကုန်၏၊ ထိုအမျက်ဒေါသကိုပင်လျှင် ဖြတ်တောက်သည်ရှိသော် မစိုးရိမ်ရ" ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၂-ဒုဗ္ဗဏ္ဏိယသုတ်

၂၆၇။ သာဝတ္ထိနိဒါန်း။ ထိုအခါ။ပ။ မိန့်တော်မူ၏၊ ရဟန်းတို့ ရှေးကဖြစ်ဘူးသည်ကား ရုပ်ဆင်းမလှ ပုက္ကသော နတ်သားတယောက်သည် နတ်တို့အရှင် သိကြားမင်း၏ နေရာ၌ ထိုင်နေ၏၊ ရဟန်းတို့ ထိုအခါ၌ တာဝတိံသာနတ်တို့သည် အချင်းတို့ အံ့ဖွယ်ဖြစ်စွတကား၊အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်စွတကား၊ရုပ်ဆင်းမလှ ပုက္ကသော ဤနတ်သည် နတ်တို့အရှင် သိကြားမင်း၏ နေရာ၌ ထိုင်နေဘိ၏”ဟု ကဲ့ရဲ့ကုန်၏၊ရှုတ်ချကုန်၏၊ ပြစ်တင်ပြောဆိုကုန်၏။ရဟန်းတို့ တာဝတိံသာနတ်တို့ ကဲ့ရဲ့တိုင်း ရှုတ်ချတိုင်း အပြစ်ပြောဆိုတိုင်း ထိုနတ်သားသည် ပို၍ အဆင်းလှလာ၏၊ပို၍ရှု ချင်ဖွယ် ရှိလာ၏၊ ပို၍ ကြည်ညိုဖွယ် ရှိလာ၏။

ရဟန်းတို့ ထိုအခါ တာဝတိံသာနတ်တို့သည် နတ်တို့အရှင် သိကြားမင်းထံသို့ ချဉ်းကပ်ကုန်၍ သိကြားမင်းအား ဤစကားကို လျှောက်ကြကုန်၏–“အရှင်သိကြားမင်း ရုပ်ဆင်းမလှ ပုက္ကသော နတ်သားတယောက်သည် နတ်တို့အရှင် သိကြားမင်း၏ နေရာ၌ထိုင်နေ၏၊အရှင်သိကြားမင်း ထိုသို့နေရာ၌ တာဝတိံသာနတ်တို့သည် အချင်းတို့ အံ့ဖွယ်ဖြစ်စွတကား၊မဖြစ်ဘူးမြဲ ဖြစ်စွတကား၊ ရုပ်ဆင်းမလှ ပုက္ကသော ဤနတ်သားသည် နတ်တို့အရှင် သိကြားမင်း၏ နေရာ၌ ထိုင်နေဘိ၏ဟု ကဲ့ရဲ့ကုန်၏၊ရှုတ်ချကုန်၏၊ပြစ်တင်ပြောဆိုကုန်၏၊အရှင်သိကြားမင်း နတ်တို့ကဲ့ရဲ့ တိုင်း ရှုတ်ချတိုင်း အပြစ်ပြောဆိုတိုင်း ထိုနတ်သားသည် ပို၍ အဆင်းလှလာ၏၊ ပို၍ ရှုချင်ဖွယ်ရှိလာ၏၊ ပို၍ ကြည်ညိုဖွယ် ရှိလာ၏” ဟု ဆိုကုန်၏၊ အချင်းနတ်တို့ ထိုနတ်သည် ကောဓဘက္ခအမည်ရှိသော နတ်ဖြစ်လိမ့်မည် ထင်၏ ဟု ဆို၏။

ရဟန်းတို့ ထိုအခါ၌ နတ်တို့အရှင် သိကြားမင်းသည် ထိုကောဓဘက္ခနတ်သားထံသို့ ချဉ်းကပ်၍ ပခုံးတဖက်၌ အပေါ်ရုံကို စမွယ်တင်လျက် လကျာ်ဒူးကို မြေ၌ထောက်ကာထိုကောဓဘက္ခနတ်သားထံသို့ လက်အုပ်ချီလျက်“အချင်း အကျွန်ုပ်သည် နတ်တို့အရှင် သိကြားမင်းတည်း၊အချင်း အကျွန်ုပ်သည် နတ်တို့အရှင် သိကြားမင်းတည်း”ဟု သုံးကြိမ်တိုင် အမည်ကို ပြောကြား၏၊ ရဟန်းတို့ နတ်တို့အရှင် သိကြားမင်းသည် အမည်ကို ပြောကြားတိုင်း ပြောကြားတိုင်း ထိုနတ်သည် ပို၍ အဆင်းမလှသည့် ပို၍ အရုပ်ဆိုးသည် ပို၍ပုက္ကသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်ပျောက်လေ၏၊ ရဟန်းတို့ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် မိမိနေရာ၌ ထိုင်၍ တာဝတိံသာနတ်တို့ကို ဆုံးမလိုရကား ဤဂါထာတို့ကို ရွတ်ဆို၏—

“ငါသည် ထိပါးလိုစိတ် မရှိ၊ အမျက်၏ အလိုသို့ လိုက်စေရန် မလွယ်ကူ၊ ငါသည် ကြာမြင့်စွာသော ကာလပတ်လုံး အမျက်မထွက်၊ ငါ၌ အမျက်ဒေါသ မတည်။

ငါသည် အမျက်ထွက်သောကြောင့် ကြမ်းထမ်းသော စကားကို မဆို၊အကုသိုလ်တရားတို့ကို မပြောကြားရာ၊ မိမိအကျိုးကို ကောင်းစွာမြင်သည်ဖြစ်၍ မိမိကိုယ်ကို ကောင်းစွာ နှိမ်၏” ဟု (ရွတ်ဆို၏)။

## ၃-သမ္ဗရိမာယာသုတ်

၂၆၉။ သာဝတ္ထိနိဒါန်း။ မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏၊ ရဟန်းတို့ ရှေးကဖြစ်ဘူးသည်ကား ဝေပစိတ္တိအသုရိန်သည် ဆင်းရဲခြင်းသို့ ရောက်ကာ ပြင်းစွာ နာကျင်သည်ဖြစ်၍

http://www.dhammadownload.com



အနာရောဂါ ရခဲ့လေ၏၊ရဟန်းတို့ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် ဝေပစိတ္တိ အသုရိန်ထံသို့ သူနာမေးလိုသည်ဖြစ်၍ ချဉ်းကပ်၏၊ ရဟန်းတို့ ဝေပစိတ္တိအသုရိန်သည် နတ်တို့အရှင် သိကြားမင်း လာသည်ကို အဝေးကပင်လျှင် မြင်၍ သိကြားမင်း ငါ့ကို ဆေးကုပါလော့ ဟု ဤသို့ စကားကို ဆို၏၊ သမ္ဗရိအသုရာ၏ လှည့်စားမှု မာယာကို ငါ့အား သင်ဦးလော ဟု (သိကြားမင်း) ဆို၏၊ အချင်း သိကြားမင်း အသုရာတို့ကို ငါမေးမြန်းပြီးသည်တိုင်အောင် ဆိုင်းငံ့ဦးလော့ ဟု ဆို၏၊ ရဟန်းတို့ ထိုအချိန်၌ ဝေပစိတ္တိအသုရိန်သည် အသုရာတို့ကို"အချင်းအသုရာတို့ငါသည် နတ်တို့အရှင် သိကြားမင်းအား သမ္ဗရိအသုရာ၏ လှည့်စားမှု မာယာကို သင်ပေးရအံ့လော"ဟု မေး၏၊ အချင်း ဝေပစိတ္တိအသုရိန် သင်သည် နတ်တို့အရှင် သိကြားမင်းအား သမ္ဗရိအသုရာတို့၏ လှည့်စားမှု မာယာကို မသင်ပေးလင့်ဟု ဆိုကုန်၏။ ရဟန်းတို့ ထိုအခါ ဝေပစိတ္တိ အသုရိန်သည် နတ်တို့အရှင် သိကြားမင်းအား ဂါထာဖြင့် ရွတ်ဆိုပြောကြား၏—

"သိကြားမင်း သုဇာ၏ ခင်ပွန်းဖြစ်သော သိကြားနတ်မင်း သိကြားမင်းသည် သမ္ဗရိမည်သော အသုရာ၏ မာယာကို တတ်သည်ရှိသော် သမ္ဗရိအသုရာကဲ့သို့ အနှစ်တရာ ပတ်လုံး ကြမ်းကြုတ်သော ငရဲသို့ ရောက်ရာ၏"ဟု (ရွတ်ဆိုပြောကြား၏)။

## ၄-အစ္စယသုတ်

၂၇၀။ သာဝတ္ထိနိဒါန်း။ ထိုအခါ ရဟန်းနှစ်ပါးတို့သည် ငြင်းခုံကြကုန်၏၊ ထိုရဟန်းနှစ်ပါး တို့တွင် ရဟန်းတပါးသည် အလွန်အကျူးပြောဆို၏၊ ထိုအခါ ထိုလွန်ကျူးသော ရဟန်းသည် ထိုရဟန်း၏ အထံ၌ အပြစ်ကို အပြစ်အလျောက် ပြောကြား၏၊ ထိုရဟန်းသည်သည်းမခံ၊ ထိုအခါ များစွာကုန်သောရဟန်းတို့သည် ထိုမြတ်စွာဘုရားထံသို့ ချဉ်းကပ်၍မြတ်စွာဘုရားကို ရှိခိုးကုန်လျက် တခုသောနေရာ၌ ထိုင်နေကုန်ပြီးသော် မြတ်စွာဘုရားအား "အသျှင်ဘုရား ရဟန်းနှစ်ပါးသည် ငြင်းခုန်ကြကုန်၏၊ ထိုရဟန်းတို့တွင် ရဟန်းတပါးသည် အလွန်အကျူး ပြောဆိုပါ၏၊အသျှင်ဘုရား ထိုအခါ ထိုလွန်ကျူးသော ရဟန်းသည် ရဟန်း၏ အထံ၌ အပြစ်ကို အပြစ်အလျောက် ပြောကြား ၏၊ ထိုရဟန်းသည် သည်းမခံပါ"ဟု လျှောက်ကုန်၏။

ရဟန်းတို့ သူမိုက်တို့သည် ဤနှစ်မျိုးတို့တည်း။ အပြစ်အလျောက် အပြစ်ကို မမြင်သူ အပြစ်ကို ပြောကြားသည်ရှိသော် တရားအလျောက် သည်းမခံသူတို့တည်း၊ ရဟန်းတို့ သူမိုက်တို့သည် ဤနှစ်မျိုးတို့တည်း၊ ရဟန်းတို့ ပညာရှိတို့သည် ဤနှစ်မျိုးတို့တည်း၊ အပြစ်ကို အပြစ်အလျောက် မြင်သူ၊ အပြစ်ကို ပြောကြားသည်ရှိသော် တရားအလျောက် လက်ခံသူတို့တည်း။ ရဟန်းတို့ ပညာရှိ တို့သည် ဤနှစ်မျိုးတို့တည်း။

ရဟန်းတို့ရှေးကဖြစ်ဘူးသည်ကားနတ်တို့အရှင်သိကြားမင်းသည်သုဓမ္မာသဘင်၌တာဝတိံသာ နတ်တို့ကို ဆုံးမလိုသည်ဖြစ်၍ ဤဂါထာကို ရွတ်ဆို၏—

"အမျက်ဒေါသသည် သင်နတ်တို့၏ အလိုသို့ မလိုက်ပါစေလင့်၊ သင်နတ်တို့အား အဆွေ ခင်ပွန်းတို့ဖြင့် မိတ်မပျက်စေလင့်၊ မကဲ့ရဲ့ထိုက်သူကို မကဲ့ရဲ့ကြကုန်လင့်၊ ကုန်းတိုက်စကားကို မဆိုကြကုန်လင့်၊ ထိုသို့ မဟုတ်ခဲ့သော် အမျက်သည် လူယုတ်ကို တောင်ကဲ့သို့ လွှမ်းမိုးနှိပ်နင်း နိုင်၏"ဟု (ရွတ်ဆို၏)။

http://www.dhammadownload.com



## ၅-အက္ကောသသုတ်

၂၇၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား။ ပ။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏၊ ရဟန်းတို့ ရှေး၌ဖြစ်ဘူးသည်ကား နတ်တို့အရှင် သိကြားမင်းသည် သုဓမ္မာသဘင်၌ တာဝတိံသာနတ်တို့ကို ဆုံးမလိုသည်ဖြစ်၍ ဤဂါထာကို ရွတ်ဆို၏—

"အချင်းနတ်တို့ သင်တို့အား အမျက်ဒေါသသည် မလွှမ်းမိုးစေလင့်၊ အမျက်ထွက်သူတို့အား ပြန်၍ အမျက်မထွက်ကုန်လင့်၊ အမျက်မထွက်ခြင်းသည်၎င်း မညှဉ်းဆဲခြင်းသည်၎င်း အရိယာတို့၏ အကျင့်တည်း၊ ထိုသို့ မဟုတ်ခဲ့သော် အမျက်သည် လူယုတ်ကို တောင်ကဲ့သို့ လွှမ်းမိုးနှိပ်နင်းနိုင်၏" ဟု (ရွတ်ဆို၏)။

**တတိယဝဂ် ပြီး၏။**

သက္ကသံယုတ် ပြီး၏။

# သဂါထာဝဂ္ဂသံယုတ် ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

# သံယုတ္တနိကာယ်
## နိဒါနဝဂ္ဂ

# သံယုတ်ပါဠိတော်
# မြန်မာပြန်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-နိဒါနသံယုတ်

### ၁-ဗုဒ္ဓဝဂ် ၁-ပဋိစ္စသမုပ္ပါဒသုတ်

၁။ အကျွန်ုပ်သည် ဤသို့ကြားနာ ခဲ့ရပါသည်–အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို“ရဟန်းတို့” ဟူ၍ခေါ်တော်မူ၏၊ထိုရဟန်းတို့သည်“အသျှင်ဘုရား” ဟုမြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏၊မြတ်စွာဘုရားသည် ဤစကားကိုမိန့်တော်မူ၏၊ “ရဟန်းတို့ အကြောင်းကြောင့်ဖြစ်သော ‘ပဋိစ္စသမုပ္ပါဒ်’တရားကို သင်တို့အား ဟောကြားအံ့၊ ထိုတရားကို နာကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောကြားအံ့” ဟုမိန့်တော်မူ၏။ “ကောင်းပါပြီ အသျှင်ဘုရား”ဟူ၍ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား ကြကုန်၏၊ မြတ်စွာဘုရားသည် ဤတရားစကားကို ဟောတော်မူ၏––

ရဟန်းတို့ အကြောင်းကြောင့် ဖြစ်သော ‘ပဋိစ္စသမုပ္ပါဒ်’ ဟူသည် အဘယ်နည်း၊ ရဟန်းတို့ မသိမှု ‘အဝိဇ္ဇာ’ အကြောင်းခံကြောင့် ပြုစီရင်မှု ‘သင်္ခါရ’တို့ ဖြစ်ရကုန်၏၊ ပြုစီရင်မှု ‘သင်္ခါရ’ အကြောင်းခံကြောင့် သိမှု ‘ဝိညာဏ်’ဖြစ်ရ၏၊ သိမှု ‘ဝိညာဏ်’အကြောင်းခံကြောင့် နာမ်ရုပ်ဖြစ်ရ၏၊ နာမ်ရုပ်အကြောင်းခံကြောင့် တည်ရာ ‘အာယတန’ ခြောက်ပါးဖြစ်ရ၏၊ အာယတနခြောက်ပါး အကြောင်းခံကြောင့် တွေ့ထိမှု ‘ဖဿ’ ဖြစ်ရ၏၊ တွေ့ထိမှု ‘ဖဿ’ အကြောင်းခံကြောင့် ခံစားမှု

http://www.dhammadownload.com



ဝေဒနာ'ဖြစ်ရ၏၊ ခံစားမှု'ဝေဒနာ' အကြောင်းခံကြောင့် တပ်မက်မှု 'တဏှာ'ဖြစ်ရ၏၊ တပ်မက်မှု "တဏှာ'အကြောင်းခံကြောင့် ပြင်းစွာ စွဲလမ်းမှု 'ဥပါဒါန်' ဖြစ်ရ၏၊ ပြင်းစွာ စွဲလမ်းမှု 'ဥပါဒါန်' အကြောင်းခံကြောင့် ဘဝဖြစ်ရ၏၊ ဘဝအကြောင်းခံကြောင့် ပဋိသန္ဓေနေမှု 'ဇာတိ' ဖြစ်ရ၏၊ ဇာတိအကြောင်းခံကြောင့် အိုမှု 'ဇရာ' သေမှု 'မရဏ' စိုးရိမ်မှု 'သောက' ငိုကြွေးမှု 'ပရိဒေဝ' ဆင်းရဲမှု 'ဒုက္ခ' နှလုံးမသာမှု 'ဒေါမနဿ' ပြင်းစွာပင်ပန်းမှု 'ဥပါယာသ'တို့ ဖြစ်ကြရကုန်၏၊ ဤသို့လျှင် အလုံးစုံသော ထိုဆင်းရဲအစု ဖြစ်ပွါး၏၊ ရဟန်းတို့ ဤတရားကို ပဋိစ္စသမုပ္ပါဒ်ဟု ဆိုအပ်၏။

မသိမှု 'အဝိဇ္ဇာ'၏ သာလျှင် (အရဟတ္တမဂ်ဖြင့်) အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ပြုစီရင်မှု 'သင်္ခါရ'ချုပ်ရ၏၊ ပြုစီရင်မှု 'သင်္ခါရ' ချုပ်ခြင်းကြောင့် သိမှု 'ဝိညာဏ်' ချုပ်ရ၏၊ သိမှု 'ဝိညာဏ်' ချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်ရ၏၊ နာမ်ရုပ် ချုပ်ခြင်းကြောင့် တည်ရာ 'အာယတန' ခြောက်ပါး ချုပ်ရ၏၊တည်ရာ'အာယတန'ခြောက်ပါး ချုပ်ခြင်းကြောင့်တွေ့ထိမှု'ဖဿ'ချုပ်ရ၏၊ တွေ့ထိမှု'ဖဿ' ချုပ်ခြင်းကြောင့် ခံစားမှု 'ဝေဒနာ' ချုပ်ရ၏၊ ခံစားမှု 'ဝေဒနာ' ချုပ်ခြင်းကြောင့် တပ်မက်မှု 'တဏှာ'ချုပ်ရ၏၊ တပ်မက်မှု 'တဏှာ' ချုပ်ခြင်းကြောင့် ပြင်းစွာစွဲလမ်းမှု 'ဥပါဒါန်' ချုပ်ရ၏၊ ပြင်းစွာစွဲလမ်းမှု 'ဥပါဒါန်' ချုပ်ခြင်းကြောင့် ဘဝချုပ်ရ၏၊ ဘဝချုပ်ခြင်းကြောင့် ပဋိသန္ဓေနေမှု 'ဇာတိ' ချုပ်ရ၏၊ ဇာတိ ချုပ်ခြင်းကြောင့် အိုမှု 'ဇရာ' သေမှု 'မရဏ' စိုးရိမ်မှု 'သောက' ငိုကြွေးမှု 'ပရိဒေဝ'ဆင်းရဲမှု'ဒုက္ခ' နှလုံးမသာမှု'ဒေါမနဿ' ပြင်းစွာပင်ပန်းမှု'ဥပါယာသ'တို့သည် ချုပ်ကြရကုန်၏၊ဤသို့လျှင် အလုံးစုံသော ထိုဆင်းရဲအစု၏ ချုပ်ပျောက်ခြင်း ဖြစ်၏ဟု ဤတရားတော်ကို မြတ်စွာဘုရားသည် ဟောကြားတော်မူ၏၊ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူအပ်သော တရားတော်ကို အလွန်နှစ်သက် ဝမ်းမြောက်ကုန်၏။

ပဌမသုတ်။

---

## ၂-ဝိဘင်္ဂသုတ်

၂။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏။ပ။ ရဟန်းတို့ သင်တို့အား အကြောင်းကြောင့်ဖြစ်သော 'ပဋိစ္စသမုပ္ပါဒ်'တရားကို ခွဲခြားဝေဖန်၍ ဟောကြားအံ့၊ထိုပဋိစ္စသမုပ္ပါဒ်တရားကို နာကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောကြားအံ့ ဟု မိန့်တော်မူ၏ "ကောင်းပါပြီ အသျှင်ဘုရား"ဟူ၍ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏၊ မြတ်စွာဘုရားသည် ဤတရားစကားကို ဟောတော်မူ၏။

ရဟန်းတို့ ပဋိစ္စသမုပ္ပါဒ် ဟူသည် အဘယ်နည်း၊ ရဟန်းတို့ မသိမှု'အဝိဇ္ဇာ' အကြောင်းခံကြောင့် ပြုစီရင်မှု 'သင်္ခါရ' တို့ ဖြစ်ရကုန်၏၊ ပြုစီရင်မှု 'သင်္ခါရ' အကြောင်းခံကြောင့် သိမှု 'ဝိညာဏ်' ဖြစ်ရ၏၊ သိမှု 'ဝိညာဏ်' အကြောင်းခံကြောင့် နာမ်ရုပ် ဖြစ်ရ၏၊ နာမ်ရုပ် အကြောင်းခံကြောင့် တည်ရာ 'အာယတန' ခြောက်ပါး ဖြစ်ရ၏၊ တည်ရာ 'အာယတန' ခြောက်ပါးအကြောင်းခံကြောင့် တွေ့ထိမှု 'ဖဿ' ဖြစ်ရ၏၊ တွေ့ထိမှု 'ဖဿ' အကြောင်းခံကြောင့် ခံစားမှု'ဝေဒနာ'ဖြစ်ရ၏၊ ခံစားမှု 'ဝေဒနာ'အကြောင်းခံကြောင့် တပ်မက်မှု 'တဏှာ'ဖြစ်ရ၏၊ တပ်မက်မှု'တဏှာ'အကြောင်းခံကြောင့် ပြင်းစွာစွဲလမ်းမှု 'ဥပါဒါန်' ဖြစ်ရ၏၊ ပြင်းစွာစွဲလမ်းမှု 'ဥပါဒါန်' အကြောင်းခံကြောင့်ဘဝ ဖြစ်ရ၏၊ဘဝအကြောင်းခံကြောင့် ပဋိသန္ဓေနေမှု'ဇာတိ'ဖြစ်ရ၏၊ ဇာတိ အကြောင်းခံကြောင့် အိုမှု

http://www.dhammadownload.com



'ဇရာ' သေမှု'မရဏ' စိုးရိမ်မှု'သောက'ငိုကြွေးမှု 'ပရိဒေဝ'ဆင်းရဲမှု 'ဒုက္ခ'နှလုံးမသာမှု 'ဒေါမနဿ' ပြင်းစွာပင်ပန်းမှု'ဥပါယာသ' တို့ ဖြစ်ကြရကုန်၏၊ ဤသို့လျှင်အလုံးစုံသော ဆင်းရဲအစုဖြစ်ပွား၏။

ရဟန်းတို့ အိုမှု 'ဇရာ' သေမှု'မရဏ'ဟူသည် အဘယ်နည်း၊ထိုထိုသတ္တဝါတို့၏ ထိုထိုဘုံဘဝ၌ အိုမင်းခြင်း အိုမင်းသည်၏အဖြစ် သွားကျိုးခြင်း ဆံဖြူခြင်း အရေတွန့်ခြင်း အသက်၏ ယုတ်လျော့ခြင်း ဣန္ဒြေတို့၏ရင့်ကျက်ခြင်း ဟူသော ဤသဘောတရားကို အိုမှု 'ဇရာ' ဟု ဆိုအပ်၏၊ ထိုထို သတ္တဝါတို့၏ ထိုထိုဘုံဘဝမှ ရွေ့လျောခြင်း ရွေ့လျောသည်၏အဖြစ် ပျက်ခြင်း ကွယ်ပျောက်ခြင်း အသက်ကို စွန့်ခြင်း သေခြင်း ဘဝအဆုံးပြုခြင်း ခန္ဓာတို့၏ပျက်စီးခြင်း ကိုယ်ကောင်ကို ပစ်ချရခြင်းဟူသော ဤသဘောတရားကို သေမှု 'မရဏ'ဟူ၍ဆိုအပ်၏၊ ရဟန်းတို့ ဤကား အိုမှု'ဇရာ' တည်း၊ ဤကား သေမှု'မရဏ'တည်း၊ ရဟန်းတို့ ဤသဘောတရားကို ဇရာမရဏ ဟုဆိုအပ်၏။

ရဟန်းတို့ ပဋိသန္ဓေနေမှု 'ဇာတိ' ဟူသည် အဘယ်နည်း။ ထိုထိုသတ္တဝါတို့၏ ထိုထိုဘုံဘဝ၌ ဖြစ်ပေါ်လာခြင်း အပြည့်အစုံဖြစ်ပေါ်လာခြင်း အမိဝမ်းသို့ ဝင်ရောက်ခြင်း ထင်ရှားဖြစ်ပေါ်ခြင်း ခန္ဓာတို့၏ ထင်ရှားဖြစ်ခြင်း တည်ရာ 'အာယတန' တို့ကို ရခြင်းဟူသော ဤသဘောတရားကို ဇာတိ ဟု ဆိုအပ်၏။

ရဟန်းတို့ ဘဝဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဘဝတို့သည် ကာမဘဝ ရူပဘဝ အရူပဘဝ ဤသုံးပါးတို့တည်း၊ ဤတရားသုံးပါးကို ဘဝ ဟု ဆိုအပ်၏။

ရဟန်းတို့ ပြင်းစွာစွဲလမ်းမှု 'ဥပါဒါန်' ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ပြင်းစွာစွဲလမ်းမှု ဥပါဒါန်' တို့သည် ကာမတို့ကို ပြင်းစွာစွဲလမ်းမှု 'ကာမုပါဒါန်' အယူကို ပြင်းစွာ စွဲလမ်းမှု 'ဒိဋ္ဌုပါဒါန်' အလေ့အကျင့်ကို ပြင်းစွာစွဲလမ်းမှု 'သီလဗ္ဗတုပါဒါန်' အတ္တကို ပြင်းစွာစွဲလမ်းမှု 'အတ္တဝါဒုပါဒါန်' ဤလေးပါးတို့တည်း၊ ရဟန်းတို့ ဤတရားလေးပါးကို ပြင်းစွာစွဲလမ်းမှု'ဥပါဒါန်' ဟု ဆိုအပ်၏။

ရဟန်းတို့ တဏှာဟူသည် အဘယ်နည်း၊ ရဟန်းတို့ တဏှာအပေါင်းတို့သည် အဆင်းကို တပ်မက်မှု 'ရူပတဏှာ' အသံကိုတပ်မက်မှု 'သဒ္ဒတဏှာ' အနံ့ကိုတပ်မက်မှု 'ဂန္ဓတဏှာ' အရသာကို တပ်မက်မှု 'ရသတဏှာ' အတွေ့ကိုတပ်မက်မှု 'ဖောဋ္ဌဗ္ဗတဏှာ' သဘောကို တပ်မက်မှု'ဓမ္မတဏှာ' ဤခြောက်ပါးတို့တည်း၊ ရဟန်းတို့ ဤတရားခြောက်ပါးကို တပ်မက်မှု 'တဏှာ'ဟု ဆိုအပ်၏။

ရဟန်းတို့ ခံစားမှု ဝေဒနာဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဝေဒနာအပေါင်းတို့သည် မျက်စိအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'စက္ခုသမ္ဖဿဇာဝေဒနာ' နားအတွေ့ကြောင့် ဖြစ်သော ခံစားမှု 'သောတသမ္ဖဿဇာဝေဒနာ' နှာခေါင်းအတွေ့ကြောင့်ဖြစ်သောခံစားမှု 'ဃာနသမ္ဖဿဇာ ဝေဒနာ' လျှာအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'ဇိဝှါသမ္ဖဿဇာဝေဒနာ' ကိုယ်အတွေ့ကြောင့် ဖြစ်သောခံစားမှု 'ကာယသမ္ဖဿဇာဝေဒနာ' စိတ်အတွေ့ကြောင့် ဖြစ်သော ခံစားမှု 'မနော-သမ္ဖဿဇာဝေဒနာ' ဤခြောက်ပါးတို့တည်း ရဟန်းတို့ ဤတရားခြောက်ပါးကို ခံစားမှုဝေဒနာ ဟု ဆိုအပ်၏။

ရဟန်းတို့ တွေ့ထိမှု'ဖဿ' ဟူသည်အဘယ်နည်း၊ ရဟန်းတို့ ဖဿ အပေါင်းတို့သည် မျက်စိဖြင့်တွေ့ထိမှု'စက္ခုသမ္ဖဿ' နားဖြင့်တွေ့ထိမှု'သောတသမ္ဖဿ'နှာခေါင်းဖြင့် တွေ့ထိမှု'ဃာနသမ္ဖဿ' လျှာဖြင့် တွေ့ထိမှု'ဇိဝှါသမ္ဖဿ'ကိုယ်ဖြင့် တွေ့ထိမှု'ကာယသမ္ဖဿ' စိတ်ဖြင့်တွေ့ထိမှု'မနောသမ္ဖဿ' ဤခြောက်ပါးတို့တည်း၊ ရဟန်းတို့ ဤတရားခြောက်ပါးကို တွေ့ထိမှု'ဖဿ' ဟု ဆိုအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ တည်ရာ 'အာယတန' ခြောက်ပါး သဠာယတန ဟူသည် အဘယ်နည်း၊ မျက်စိ၊ ဟူသောတည်ရာ 'စက္ခာယတန' နားဟူသောတည်ရာ 'သောတာယတန' နှာခေါင်းဟူသော တည်ရာ 'ဃာနာယတန' လျှာဟူသောတည်ရာ 'ဇိဝှာယတန' ကိုယ်ဟူသောတည်ရာ 'ကာယာယတန' စိတ်ဟူသောသည်ရာ 'မနာယတန' ဤခြောက်ပါးတို့တည်း၊ ရဟန်းတို့ ဤတရားခြောက်ပါးကို တည်ရာ 'အာယတန'ခြောက်ပါးဟု ဆိုအပ်၏။

ရဟန်းတို့ နာမ်ရုပ်ဟူသည့်အဘယ်နည်း၊ ခံစားမှု'ဝေဒနာ' မှတ်သားမှု 'သညာ' စေ့ဆော်မှု 'စေတနာ'တွေ့ထိမှု 'ဖဿ' နှလုံးသွင်းမှု 'မနသိကာရ' ဤတရားကို နာမ်ဟုဆိုအပ်၏၊ မဟာဘုတ်လေးပါးတို့ရင်း မဟာဘုတ်လေးပါးတို့ကို မှီ၍ဖြစ်သော ရုပ်ရင်း ဤတရားကို ရုပ်ဟု ဆိုအပ်၏၊ ရဟန်းတို့ဤသည်ကား နာမ်တည်း ဤသည်ကား ရုပ်တည်း၊ ဤသဘောတရားကို နာမ်ရုပ်ဟု ဆိုအပ်၏။

ရဟန်းတို့ သိမှု'ဝိညာဏ်' ဟူသည် အဘယ်နည်း၊ ရဟန်းတို့ သိမှု'ဝိညာဏ်'အပေါင်းတို့သည် မျက်စိကိုမှီ၍သိမှု 'စက္ခုဝိညာဏ်' နားကိုမှီ၍ သိမှု 'သောတဝိညာဏ်' နှာခေါင်းကို မှီ၍ သိမှု 'ဃာနဝိညာဏ်' လျှာကိုမှီ၍ သိမှု'ဇိဝှါဝိညာဏ်' ကိုယ်ကိုမှီ၍သိမှု ကာယဝိညာဏ်' စိတ်ကိုမှီ၍ သိမှု 'မနောဝိညာဏ်' ဤခြောက်ပါးတို့တည်း၊ ရဟန်းတို့ ဤတရားခြောက်ပါးကို သိမှု'ဝိညာဏ်'ဟု ဆိုအပ်၏။

ရဟန်းတို့ သင်္ခါရတို့ဟူသည် အဘယ်တို့နည်း၊ ရဟန်းတို့ သင်္ခါရတို့သည် ကိုယ်ဖြင့် ပြုစီရင်မှု 'ကာယသင်္ခါရ' နှုတ်ဖြင့်ပြုစီရင်မှု 'ဝစီသင်္ခါရ' စိတ်ဖြင့်ပြုစီရင်မှု 'စိတ္တသင်္ခါရ' ဤသုံးပါးတို့တည်း၊ ရဟန်းတို့ ဤတရားသုံးပါးကို ပြုစီရင်မှု'သင်္ခါရ'တို့ဟု ဆိုအပ်ကုန်၏။

ရဟန်းတို့ မသိမှု'အဝိဇ္ဇာ' ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဆင်းရဲ၌မသိမှု ဆင်းရဲဖြစ်ပေါ်ကြောင်း၌မသိမှု ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)၌မသိမှု ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်၌မသိမှုတည်း၊ ရဟန်းတို့ ဤတရားကို မသိမှု'အဝိဇ္ဇာ'ဟု ဆိုအပ်၏။

ရဟန်းတို့ ဤသို့လျှင် မသိမှု 'အဝိဇ္ဇာ'အကြောင်းခံကြောင့် ပြုစီရင်မှု 'သင်္ခါရ' တို့ ဖြစ်ကြရကုန်၏၊ပြုစီရင်မှု'သင်္ခါရ'အကြောင်းခံကြောင့် သိမှုဝိညာဏ်'ဖြစ်ရ၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစုဖြစ်ပွားရ၏။ မသိမှု 'အဝိဇ္ဇာ'၏သာလျှင် (အရဟတ္တမဂ်ဖြင့်) အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ပြုစီရင်မှု 'သင်္ခါရ'တို့ ချုပ်ကုန်၏၊ ပြုစီရင်မှု 'သင်္ခါရ' တို့ အကြွင်းမဲ့ ချုပ်ခြင်းကြောင့် သိမှု'ဝိညာဏ်'ချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု၏ ချုပ်ပျောက်ခြင်းဖြစ်၏ ဟု (ဟောတော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ပဋိပဒါသုတ်

၃။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏။ပ။ ရဟန်းတို့ မှားယွင်းသော အကျင့် 'မိစ္ဆာပဋိပဒါ' ကိုရင်း မှန်ကန်သောအကျင့် 'သမ္မာပဋိပဒါ'ကိုရင်း သင်တို့အား ဟောကြားပေအံ့ ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောကြားအံ့ ဟု မိန့်တော်

http://www.dhammadownload.com



မူ၏ "ကောင်းပါပြီ အသျှင်ဘုရား"ဟူ၍ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကြကုန်၏၊ မြတ်စွာဘုရားသည် ဤတရားစကားကို ဟောကြားတော်မူ၏—

ရဟန်းတို့ မှားယွင်းသောအကျင့်'မိစ္ဆာပဋိပဒါ'ဟူသည် အဘယ်နည်း၊ရဟန်းတို့ မသိမှု'အဝိဇ္ဇာ' အကြောင်းခံကြောင့် သင်္ခါရတို့ဖြစ်ရကုန်၏၊ ပြုစီရင်မှု'သင်္ခါရ'အကြောင်းခံကြောင့် သိမှု'ဝိညာဏ်' ဖြစ်ရ၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်ပွါးရ၏၊ ရဟန်းတို့ ဤသဘောတရားကို မှားယွင်းသော အကျင့် 'မိစ္ဆာပဋိပဒါ'ဟု ဆိုအပ်၏။

ရဟန်းတို့ မှန်ကန်သောအကျင့် 'သမ္မာပဋိပဒါ'ဟူသည် အဘယ်နည်း၊ မသိမှု 'အဝိဇ္ဇာ'၏ အကြွင်းမဲ့ ချုပ်ခြင်းကြောင့် သင်္ခါရတို့ ချုပ်ကုန်၏၊သင်္ခါရတို့ ချုပ်ခြင်းကြောင့် သိမှု'ဝိညာဏ်'ချုပ်ရ၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်ပျောက်ခြင်း ဖြစ်၏၊ ရဟန်းတို့ ဤသဘောတရားကို မှန်ကန်သော အကျင့် 'သမ္မာပဋိပဒါ'ဟု ဆိုအပ်၏။

တတိယသုတ်။

---

## ၄-ဝိပဿီသုတ်

၄။ သာဝတ္ထိပြည်၌ (သီတင်းသုံး)နေတော်မူ၏။ပ။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာသိတော်မူသော ဝိပဿီမြတ်စွာဘုရားအား သစ္စာလေးပါးကိုမသိမီ သစ္စာလေးပါး တရားကို မသိသေးသော ဘုရားလောင်းသာ ဖြစ်လျက် ဤအကြံသည် ဖြစ်၏ "ဤသတ္တလောကသည် ဆင်းရဲခြင်းသို့ ရောက်လေစွ တကား၊ပဋိသန္ဓေလည်း နေရ၏၊ အိုလည်း အိုရ၏၊ သေလည်း သေရ၏၊ စုတေလည်း စုတေရ၏၊ တဖန် ပဋိသန္ဓေလည်း နေရ၏၊ထိုသို့ဖြစ်လျက် ဤအိုမှုဆင်းရဲ သေမှုဆင်းရဲ၏ ထွက်မြောက်ရာကို မသိနိုင်၊ အဘယ်အခါမှ ဤအိုမှုဆင်းရဲ သေမှုဆင်းရဲ၏ ထွက်မြောက်ရာသည် ထင်ရှားပါမည်နည်း"ဟု အကြံဖြစ်၏။

ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား "အဘယ်တရားရှိသော် အိုမှု'ဇရာ' သေမှု'မရဏ' ဖြစ်သနည်း၊အဘယ်အကြောင်းခံကြောင့် အိုမှု'ဇရာ' သေမှု'မရဏ' ဖြစ်သနည်း' ဟု အကြံဖြစ်၏၊ ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် ပဋိသန္ဓေနေမှု'ဇာတိ'ရှိသော် အိုမှု သေမှု ဖြစ်၏၊ ပဋိသန္ဓေနေမှု'ဇာတိ' အကြောင်းခံကြောင့်အိုမှု သေမှုသည် ဖြစ်၏ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရား ရှိသော် ပဋိသန္ဓေနေမှု'ဇာတိ' ဖြစ်သနည်း၊ အဘယ်အကြောင်းခံကြောင့် ပဋိသန္ဓေနေမှု 'ဇာတိ' ဖြစ်သနည်း"ဟု ဤအကြံသည် ဖြစ်ပြန်၏၊ ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် ဘဝရှိခဲ့သော် ဇာတိဖြစ်၏၊ ဘဝအကြောင်းခံကြောင့် ဇာတိဖြစ်၏ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားရှိသော် ဘဝဖြစ်သနည်း၊ အဘယ်အကြောင်းခံကြောင့် ဘဝဖြစ်သနည်း"ဟု ဤအကြံသည် ဖြစ်ပြန်၏၊ ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် ဥပါဒါန်ရှိခဲ့သော် ဘဝဖြစ်၏၊ ဥပါဒါန် အကြောင်းခံကြောင့် ဘဝဖြစ်၏ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

http://www.dhammadownload.com



ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားရှိသော် ဥပါဒါန်ဖြစ်သနည်း၊ အဘယ်အကြောင်းခံကြောင့် ပြင်းစွာစွဲလမ်းမှု 'ဥပါဒါန်'ဖြစ်သနည်း"ဟု ဤအကြံသည် ဖြစ်ပြန်၏၊ ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် တပ်မက်မှု'တဏှာ'ရှိခဲ့သော် ပြင်းစွာစွဲလမ်းမှု'ဥပါဒါန်' ဖြစ်၏၊တဏှာ အကြောင်းခံကြောင့် ဥပါဒါန်ဖြစ်၏ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားရှိသော် တပ်မက်မှု 'တဏှာ' ဖြစ်သနည်း၊ အဘယ်အကြောင်းခံကြောင့် တပ်မက်မှု 'တဏှာ' ဖြစ်သနည်း"ဟု ဤအကြံသည် ဖြစ်ပြန်၏၊ ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း ကြောင့် ခံစားမှု'ဝေဒနာ'ရှိသော် တပ်မက်မှုတဏှာ'ဖြစ်၏၊ ဝေဒနာအကြောင်းခံကြောင့် တဏှာ ဖြစ်၏ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည်ဖြစ်၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားရှိသော် ခံစားမှု'ဝေဒနာ'ဖြစ် သနည်း၊ အဘယ်အကြောင်းခံကြောင့် ဝေဒနာဖြစ်သနည်း"ဟု ဤအကြံသည် ဖြစ်ပြန်၏၊ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား သင့်လျော်သော အားဖြင့် နှလုံးသွင်းခြင်းကြောင့် တွေ့ထိမှု 'ဖဿ'ရှိသော် ခံစားမှု 'ဝေဒနာ'ဖြစ်၏၊ ဖဿအကြောင်းခံကြောင့် ဝေဒနာဖြစ်၏ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားရှိသော် တွေ့ထိမှု 'ဖဿ ဖြစ်သနည်း၊အဘယ်အကြောင်းခံကြောင့် တွေ့ထိမှု'ဖဿ'ဖြစ်သနည်း"ဟုဤအကြံသည် ဖြစ်ပြန်၏၊ ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် တည်ရာ 'အာယတန' ခြောက်ပါး သဠာယတနရှိသော် တွေ့ထိမှု 'ဖဿ' ဖြစ်၏၊ သဠာယတန အကြောင်းခံကြောင့် ဖဿဖြစ်၏ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားရှိသော် တည်ရာ 'အာယတန' ခြောက်ပါး သဠာယတနဖြစ်သနည်း၊အဘယ်အကြောင်းခံကြောင့် တည်ရာ'အာယတန'ခြောက်ပါး သဠာယတန ဖြစ်သနည်း"ဟုဤအကြံသည်ဖြစ်ပြန်၏၊ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် နာမ်ရုပ်ရှိသော် တည်ရာ 'အာယတန'ခြောက်ပါး သဠာယတနဖြစ်၏၊နာမ်ရုပ်အကြောင်းခံကြောင့် အာယတနဖြစ်၏ဟု ပညာဖြင့်ထိုးထွင်း၍ သိခြင်း သည် ဖြစ်၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားရှိသော် နာမ်ရုပ်ဖြစ်သနည်း၊ အဘယ်အကြောင်းခံကြောင့် နာမ်ရုပ်ဖြစ်သနည်း"ဟု ဤအကြံသည် ဖြစ်ပြန်၏၊ ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့်သိမှု 'ဝိညာဏ်'ရှိသော် နာမ်ရုပ်ဖြစ်၏၊ သိမှု'ဝိညာဏ်'အကြောင်းခံကြောင့် နာမ်ရုပ်ဖြစ်၏ဟု ပညာဖြင့် ထိုးထွင်း၍သိခြင်း သည် ဖြစ်၏။

http://www.dhammadownload.com



ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားရှိသော် သိမှု 'ဝိညာဏ်' ဖြစ်သနည်း၊အဘယ်အကြောင်းခံကြောင့် သိမှု'ဝိညာဏ်'ဖြစ်သနည်း"ဟုဤအကြံသည် ဖြစ်ပြန်၏၊ ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် ပြုစီရင်မှု'သင်္ခါရ'တို့ရှိသော် သိမှု 'ဝိညာဏ်'ဖြစ်၏၊ သင်္ခါရ အကြောင်းကြောင့် ဝိညာဏ်ဖြစ်၏ ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားရှိသော် ပြုစီရင်မှု'သင်္ခါရ'တို့ ဖြစ်ကုန်သနည်း၊ အဘယ်အကြောင်းခံကြောင့် သင်္ခါရတို့ ဖြစ်ကုန်သနည်း"ဟု ဤအကြံသည် ဖြစ်ပြန်၏၊ ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် မသိမှု'အဝိဇ္ဇာ'ရှိသော် ပြုစီရင်မှု'သင်္ခါရ'တို့ ဖြစ်ကုန်၏၊ အဝိဇ္ဇာ အကြောင်းခံကြောင့် သင်္ခါရတို့ ဖြစ်ကုန်၏ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ဤသို့လျှင် မသိမှု 'အဝိဇ္ဇာ'အကြောင်းခံကြောင့် ပြုစီရင်မှု 'သင်္ခါရ'တို့ ဖြစ်ကုန်၏၊ ပြုစီရင်မှု 'သင်္ခါရ' အကြောင်းခံကြောင့် သိမှု'ဝိညာဏ်' ဖြစ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်ပွါး၏၊ ရဟန်းတို့ "ဖြစ်ပေါ်၏၊ ဖြစ်ပေါ်၏"ဟု ဝိပဿီဘုရားလောင်းအား ရှေးက မကြားဘူးကုန်သော တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်၏၊ အပြားအားဖြင့်သိမှု 'ပညာ'သည် ထင်ရှား ဖြစ်ပေါ်၏၊ ထိုးထွင်း၍သိမှု 'ဝိဇ္ဇာ'သည် ထင်ရှား ဖြစ်ပေါ်၏၊ အရောင် အလင်း 'အာလောက'သည် ထင်ရှားဖြစ်ပေါ်၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရား မရှိသော် အိုမှု 'ဇရာ' သေမှု 'မရဏ' မဖြစ်သနည်း၊ အဘယ်တရားချုပ်ခြင်းကြောင့် အိုမှု'ဇရာ' သေမှု'မရဏ'ချုပ်သနည်း" ဟု ဤအကြံသည် ဖြစ်ပြန်၏၊ ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား သင့်လျော်သော အားဖြင့် နှလုံးသွင်းခြင်းကြောင့် ပဋိသန္ဓေနေမှု 'ဇာတိ'မရှိသော် အိုမှု'ဇရာ'သေမှု'မရဏ'မဖြစ်၊ ဇာတိချုပ်ခြင်းကြောင့် ဇရာ မရဏချုပ်၏ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားမရှိသော် ပဋိသန္ဓေနေမှု 'ဇာတိ' မဖြစ်သနည်း၊ အဘယ်တရားချုပ်ခြင်းကြောင့် ဇာတိချုပ်သနည်း"ဟု ဤအကြံသည် ဖြစ်ပြန်၏၊ ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် ဘဝမရှိသော် ပဋိသန္ဓေနေမှု 'ဇာတိ' မဖြစ်၊ ဘဝချုပ်ခြင်းကြောင့် ဇာတိချုပ်၏ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားမရှိသော် ဘဝ မဖြစ်သနည်း၊ အဘယ်တရားချုပ်ခြင်းကြောင့် ဘဝ ချုပ်သနည်း"ဟု ဤအကြံသည် ဖြစ်ပြန်၏၊ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် ပြင်းစွာ စွဲလမ်းမှု 'ဥပါဒါန်' မရှိသော် ဘဝ မဖြစ်၊ ဥပါဒါန် ချုပ်ခြင်းကြောင့် ဘဝချုပ်၏ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားမရှိသော် ပြင်းစွာ စွဲလမ်းမှု 'ဥပါဒါန်' မဖြစ်သနည်း၊ အဘယ်တရား ချုပ်ခြင်းကြောင့် ဥပါဒါန် ချုပ်သနည်း"ဟု ဤအကြံသည်

http://www.dhammadownload.com



ဖြစ်ပြန်၏၊ ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် တပ်မက်မှု 'တဏှာ' မရှိသော် ပြင်းစွာစွဲလမ်းမှု 'ဥပါဒါန်' မဖြစ်၊ တဏှာချုပ်ခြင်းကြောင့် ဥပါဒါန်ချုပ်၏ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားမရှိသော် တပ်မက်မှု'တဏှာ' မဖြစ်သနည်း၊ အဘယ်တရား ချုပ်ခြင်းကြောင့် တဏှာချုပ်သနည်း"ဟု ဤအကြံသည် ဖြစ်ပြန်၏၊ ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် ခံစားမှု 'ဝေဒနာ' မရှိသော် တပ်မက်မှု 'တဏှာ'မဖြစ်၊ ဝေဒနာချုပ်ခြင်းကြောင့် တဏှာချုပ်၏ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားမရှိသော် ခံစားမှု ဝေဒနာ မဖြစ်သနည်း၊ အဘယ်တရားချုပ်ခြင်းကြောင့် ဝေဒနာချုပ်သနည်း"ဟု ဤအကြံသည် ဖြစ်ပြန်၏၊ ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် တွေ့ထိမှု 'ဖဿ' မရှိသော် ခံစားမှု 'ဝေဒနာ' မဖြစ်၊ ဖဿချုပ်ခြင်းကြောင့် ဝေဒနာချုပ်၏ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရား မရှိသော် တွေ့ထိမှု'ဖဿ' မဖြစ်သနည်း၊ အဘယ်တရားချုပ်ခြင်းကြောင့် ဖဿချုပ်သနည်း"ဟု ဤအကြံသည် ဖြစ်ပြန်၏၊ ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် တည်ရာ'အာယတန'ခြောက်ပါး သဠာယတန မရှိသော် တွေ့ထိမှု ဖဿမဖြစ်၊ သဠာယတန ချုပ်ခြင်းကြောင့် ဖဿချုပ်၏ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားမရှိသော် တည်ရာ'အာယတန' ခြောက်ပါး သဠာယတန မဖြစ်သနည်း၊ အဘယ်တရားချုပ်ခြင်းကြောင့် သဠာယတနချုပ်သနည်း" ဟု ဤအကြံသည် ဖြစ်ပြန်၏၊ ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် နာမ်ရုပ် မရှိသော် အာယတနခြောက်ပါး သဠာယတန မဖြစ်၊ နာမ်ရုပ်ချုပ်ခြင်းကြောင့် သဠာယတနချုပ်၏ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရား မရှိသော် နာမ်ရုပ် မဖြစ်သနည်း၊ အဘယ်တရားချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်သနည်း"ဟု ဤအကြံသည် ဖြစ်ပြန်၏၊ ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် သိမှု 'ဝိညာဏ်'မရှိသော် နာမ်ရုပ်မဖြစ်၊ ဝိညာဏ်ချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်၏ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား "အဘယ်တရားမရှိသော် သိမှု'ဝိညာဏ်' မဖြစ်သနည်း၊ အဘယ်တရားချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်သနည်း"ဟုဤအကြံသည် ဖြစ်ပြန်၏၊ ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် ပြုစီရင်မှု 'သင်္ခါရ'တို့ မရှိသော် သိမှု 'ဝိညာဏ်'မဖြစ်၊ သင်္ခါရတို့ချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်၏ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

http://www.dhammadownload.com



ရဟန်းတို့ ထို့နောက် ဝိပဿီဘုရားလောင်းအား"အဘယ်တရားမရှိသော် ပြုစီရင်မှု'သင်္ခါရ'တို့ မဖြစ်ကုန်သနည်း၊ အဘယ်တရားချုပ်ခြင်းကြောင့် သင်္ခါရတို့ ချုပ်ကုန်သနည်း"ဟု ဤအကြံသည် ဖြစ်ပြန်၏၊ ရဟန်းတို့ ထိုအခါ ဝိပဿီဘုရားလောင်းအား သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် မသိမှု'အဝိဇ္ဇာ'မရှိသော် ပြုစီရင်မှု'သင်္ခါရ'တို့မဖြစ်၊ ဒီ.ဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရတို့ ချုပ်ကုန်၏ဟု ပညာဖြင့်ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ဤသို့လျှင် မသိမှု 'အဝိဇ္ဇာ' ချုပ်ခြင်းကြောင့် ပြုစီရင်မှု သင်္ခါရ' ချုပ်၏၊ ပြုစီရင်မှု 'သင်္ခါရ' ချုပ်ခြင်းကြောင့် သိမှု 'ဝိညာဏ်' ချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်ပျောက်ရ၏။ ရဟန်းတို့ "ချုပ်၏ ချုပ်၏"ဟု ဝိပဿီဘုရားလောင်းအား ရှေးက မကြားဘူးကုန်သော တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်၏၊ အပြားအားဖြင့် သိမှု 'ပညာ'သည် ထင်ရှားဖြစ်ပေါ်၏၊ ထိုးထွင်းသိမှု 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်ပေါ်၏၊ အရောင်အလင်း'အာလောက'သည် ထင်ရှားဖြစ်ပေါ်၏။

စတုတ္ထသုတ်။

[ခုနစ်ဆူသော ဘုရားသျှင်တို့၏လည်း ဤအတူ ချဲ့အပ်၏]။

## ၅-သိခီသုတ်

၅။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော သိခီမြတ်စွာဘုရားအား။ပ။

## ၆-ဝေဿဘူသုတ်

၆။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝေဿဘူ မြတ်စွာဘုရားအား။ပ။

## ၇-ကကုသန္ဓသုတ်

၇။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကကုသန် မြတ်စွာဘုရားအား။ပ။

## ၈-ကောဏာဂမနသုတ်

၈။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကောဏာဂုံ မြတ်စွာဘုရားအား။ပ။

## ၉-ကဿပသုတ်

၉။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားအား။ပ။

http://www.dhammadownload.com



## ၁၀-ဂေါတမသုတ်

၁၀။ ရဟန်းတို့ သစ္စာလေးပါးကို မသိမီ သစ္စာလေးပါးတရားကို မသိသေးသော ဘုရားလောင်း သာလျှင် ဖြစ်သော ငါ့အား ဤအကြံသည် ဖြစ်၏— "ဤသတ္တလောကသည် ဆင်းရဲခြင်းသို့ ရောက်လေစွတကား၊ ပဋိသန္ဓေလည်း နေရ၏၊ အိုလည်း အိုရ၏၊ သေလည်း သေရ၏၊ စုတေလည်း စုတေရ၏၊ တဖန် ပဋိသန္ဓေလည်းနေရ၏၊ ထိုသို့ဖြစ်လျက် အိုမှုဆင်းရဲ သေမှုဆင်းရဲ၏ ထွက်မြောက် ရာကို မသိနိုင်၊ အဘယ်အခါမှ ဤ အိုမှုဆင်းရဲ သေမှုဆင်းရဲ၏ ထွက်မြောက်ရာသည် ထင်ရှားပါမည် နည်း"ဟု အကြံဖြစ်၏။

ရဟန်းတို့ ထိုငါ့အား "အဘယ်တရားရှိသော် အိုမှု'ဇရာ' သေမှု'မရဏ'ဖြစ်သနည်း၊ အဘယ် အကြောင်းခံကြောင့် အိုမှု'ဇရာ' သေမှု'မရဏ'ဖြစ်သနည်း"ဟု ဤသို့ အကြံဖြစ်၏၊ ရဟန်းတို့ ထို ငါ့အား သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် ပဋိသန္ဓေနေမှု'ဇာတိ'ရှိသော် အိုမှု'ဇရာ' သေမှု'မရဏ'ဖြစ်၏၊ ဇာတိ အကြောင်းခံကြောင့် ဇရာမရဏ ဖြစ်၏ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ရဟန်းတို့ ထိုငါ့အား "အဘယ်တရားရှိသော် ပဋိသန္ဓေနေမှု 'ဇာတိ'ဖြစ်သနည်း။ပ။ ဘဝ။ ပြင်းစွာ စွဲလမ်းမှု'ဥပါဒါန်'။တပ်မက်မှု'တဏှာ'။ခံစားမှု'ဝေဒနာ'။တွေ့ထိမှု'ဖဿ'။တည်ရာ 'အာယ တန' ခြောက်ပါး သဠာယတန။ နာမ်ရုပ်၊ သိမှု'ဝိညာဏ်'။ ပြုစီရင်မှု 'သင်္ခါရ'တို့ ဖြစ်ကုန်သနည်း၊ အဘယ်အကြောင်းခံကြောင့် ပြုစီရင်မှု 'သင်္ခါရ'တို့ ဖြစ်ကုန်သနည်း"ဟု ဤအကြံသည် ဖြစ်၏၊ ရဟန်းတို့ ထိုငါ့အား သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် မသိမှု 'အဝိဇ္ဇာ'ရှိသော် ပြုစီရင်မှု 'သင်္ခါရ'တို့ ဖြစ်ကုန်၏၊ မသိမှု 'အဝိဇ္ဇာ' အကြောင်းခံကြောင့် ပြုစီရင်မှု 'သင်္ခါရ'တို့ ဖြစ်ကုန်၏ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏၊ ဤသို့လျှင် မသိမှု 'အဝိဇ္ဇာ'အကြောင်း ခံကြောင့် ပြုစီရင်မှု 'သင်္ခါရ'တို့ ဖြစ်ကုန်၏၊ ပြုစီရင်မှု 'သင်္ခါရ'အကြောင်းခံကြောင့် သိမှု'ဝိညာဏ်' ဖြစ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်ပွား၏။

ရဟန်းတို့ 'ဖြစ်ပေါ်၏ ဖြစ်ပေါ်၏'ဟု ရှေးက မကြားဘူးကုန်သော တရားတို့၌ ငါ့အား ပညာမျက်စိသည် ထင်ရှား ဖြစ်ပေါ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်၏၊ အပြားအားဖြင့်သိမှု 'ပညာ'သည် ထင်ရှားဖြစ်ပေါ်၏၊ ထိုးထွင်းသိမှု'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်ပေါ်၏၊ အရောင်အလင်း 'အာလောက'သည် ထင်ရှား ဖြစ်ပေါ်၏။

ရဟန်းတို့ ထိုငါ့အား အဘယ်တရား မရှိသော် အိုမှု'ဇရာ' သေမှု'မရဏ' မဖြစ်သနည်း၊ အဘယ်တရားချုပ်ခြင်းကြောင့် အိုမှု'ဇရာ' သေမှု'မရဏ'ချုပ်သနည်းဟု ဤအကြံသည် ဖြစ်ပြန်၏၊ ရဟန်းတို့ ထိုငါ့အား သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် ပဋိသန္ဓေနေမှု ဇာတိ မရှိသော် အိုမှု'ဇရာ' သေမှု'မရဏ'မဖြစ်၊ ဇာတိချုပ်ခြင်းကြောင့် ဇရာမရဏချုပ်၏ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ရဟန်းတို့ ထိုငါ့အား "အဘယ်တရားမရှိသော် ပဋိသန္ဓေနေမှု'ဇာတိ' မဖြစ်သနည်း။ပ။ ဘဝ။ ပြင်းစွာ စွဲလမ်းမှု 'ဥပါဒါန်'။ တပ်မက်မှု'တဏှာ'။ ခံစားမှု 'ဝေဒနာ'။ တွေ့ထိမှု ဖဿ'။ တည်ရာ 'အာယတန' ခြောက်ပါးသဠာယတန။ နာမ်ရုပ်။ သိမှု 'ဝိညာဏ်'။ ပြုစီရင်မှု 'သင်္ခါရ'တို့ မဖြစ်ကုန် သနည်း၊ အဘယ်တရားချုပ်ခြင်းကြောင့် ပြုစီရင်မှု'သင်္ခါရ'တို့ ချုပ်ကုန်သနည်း"ဟု ဤအကြံသည် ဖြစ်ပြန်၏၊ ရဟန်းတို့ ထိုငါ့အား သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် မသိမှု'အဝိဇ္ဇာ'

http://www.dhammadownload.com



မရှိသော် ပြုစီရင်မှု 'သင်္ခါရ' တို့သည် မဖြစ်ကုန်၊ မသိမှု 'အဝိဇ္ဇာ' ချုပ်ခြင်းကြောင့် သင်္ခါရတို့ ချုပ်ကုန်၏ ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ဤသို့လျှင် မသိမှု 'အဝိဇ္ဇာ' ချုပ်ခြင်းကြောင့် ပြုစီရင်မှု 'သင်္ခါရ' တို့ ချုပ်၏၊ ပြုစီရင်မှု 'သင်္ခါရ'တို့ ချုပ်ခြင်းကြောင့် သိမှု 'ဝိညာဏ်' ချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲ အစု ချုပ်ပျောက်၏၊ ရဟန်းတို့ "ချုပ်၏ ချုပ်၏"ဟု ရှေးက မကြားဘူးကုန်သော တရားတို့၌ ငါ့အား ပညာမျက်စိသည် ထင်ရှား ဖြစ်ပေါ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်၏၊ အပြားအားဖြင့် သိမှု'ပညာ'သည် ထင်ရှား ဖြစ်ပေါ်၏၊ ထိုးထွင်းသိမှု 'ဝိဇ္ဇာ' သည် ထင်ရှား ဖြစ်ပေါ်၏၊ အရောင် အလင်း 'အာလောက'သည် ထင်ရှားဖြစ်ပေါ်၏။

ဒသမသုတ်။

ဗုဒ္ဓဝဂ် ပြီး၏။

---

## ၂-အာဟာရဝဂ် ၁-အာဟာရသုတ်

၁၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်---အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ဖြစ်ပြီးသတ္တဝါတို့အားရင်း ဖြစ်ဆဲသတ္တဝါတို့အားရင်း တည်နေခြင်းငှါ ချီးမြှောက်ခြင်းငှါ ဆောင်တတ်သောသဘော အာဟာရတို့သည် ဤလေးပါးတို့တည်း၊ အဘယ်လေးပါးတို့နည်းဟူမူ---

ကြမ်းထမ်းသည်လည်းဖြစ်စေ နူးညံ့သည်လည်းဖြစ်စေ အလုပ်အလွေးပြု၍ မျိုအပ်သော 'ကဗဠီကာရအာဟာရ'၊ နှစ်ခုမြောက် တွေ့ထိမှု 'ဖဿာဟာရ'၊ သုံးခုမြောက် စိတ်ကို လှုံ့ဆော်မှု 'မနောသဉ္စေတနာဟာရ'၊ လေးခုမြောက် အထူးသိမှု 'ဝိညာဏာဟာရ'တို့တည်း၊ ရဟန်းတို့ ဖြစ်ပြီး သတ္တဝါတို့အားရင်း ဖြစ်ဆဲသတ္တဝါတို့အားရင်း တည်နေခြင်းငှါ ချီးမြှောက်ခြင်းငှါ ဆောင်တတ်သော သဘော 'အာဟာရ'တို့သည် ဤလေးပါးတို့တည်း။

ရဟန်းတို့ ဤလေးပါးသော အာဟာရတို့သည် အဘယ်တရားလျှင် အကြောင်းရှိကုန်သနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်းရှိကုန်သနည်း၊ အဘယ်တရားလျှင် ဖြစ်ကြောင်းရှိကုန်သနည်း၊ အဘယ်တရားလျှင် အမွန်အစရှိကုန်သနည်း၊ ဤလေးပါးသော အာဟာရတို့သည် တပ်မက်မှု 'တဏှာ'လျှင် အကြောင်းရှိကုန်၏၊ တပ်မက်မှု 'တဏှာ'လျှင် ဖြစ်ပေါ်ကြောင်းရှိကုန်၏၊ တပ်မက်မှု 'တဏှာ'လျှင် ဖြစ်ကြောင်းရှိကုန်၏၊ တပ်မက်မှု 'တဏှာ'လျှင် အမွန်အစရှိကုန်၏၊ ရဟန်းတို့ ဤ တပ်မက်မှု 'တဏှာ'သည် အဘယ်တရားလျှင် အကြောင်းရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်း ရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ကြောင်းရှိသနည်း၊ အဘယ်တရားလျှင် အမွန်အစရှိသနည်း၊ တပ်မက်မှု 'တဏှာ'သည် ခံစားမှု 'ဝေဒနာ'လျှင် အကြောင်းရှိ၏၊ ခံစားမှု 'ဝေဒနာ'လျှင် ဖြစ်ပေါ်ကြောင်း ရှိ၏၊ ခံစားမှု'ဝေဒနာ'လျှင် ဖြစ်ကြောင်းရှိ၏၊ ခံစားမှု 'ဝေဒနာ'လျှင် အမွန်အစရှိ၏၊ ရဟန်းတို့ ဤ ခံစားမှု 'ဝေဒနာ' သည် အဘယ်တရားလျှင် အကြောင်းရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်း ရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ကြောင်းရှိသနည်း၊ အဘယ်တရားလျှင် အမွန်အစရှိသနည်း၊ ခံစားမှု 'ဝေဒနာ'သည် တွေ့ထိမှု 'ဖဿ'လျှင် အကြောင်းရှိ၏၊ တွေ့ထိမှု'ဖဿ'လျှင် ဖြစ်ပေါ်ကြောင်းရှိ၏၊ တွေ့ထိမှု 'ဖဿ'လျှင် ဖြစ်ကြောင်းရှိ၏၊တွေ့ထိမှု 'ဖဿ

http://www.dhammadownload.com



လျှင် အမှန်အစရှိ၏၊ ရဟန်းတို့ ဤတွေ့ထိမှု 'ဖဿ'သည် အဘယ်တရားလျှင် အကြောင်းရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်းရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ကြောင်းရှိသနည်း၊ အဘယ်တရားလျှင် အမှန်အစရှိသနည်း၊ တွေ့ထိမှု 'ဖဿ'သည် တည်ရာ'အာယတန'ခြောက်ပါးလျှင် အကြောင်းရှိ၏၊ တည်ရာ'အာယတန'ခြောက်ပါးလျှင် ဖြစ်ပေါ်ကြောင်း ရှိ၏၊ တည်ရာ'အာယတန' ခြောက်ပါးလျှင် ဖြစ်ကြောင်းရှိ၏၊ တည်ရာ 'အာယတန' ခြောက်ပါးလျှင် အမှန်အစရှိ၏၊ ရဟန်းတို့ ဤတည်ရာ 'အာယတန' ခြောက်ပါးသည် အဘယ်တရားလျှင် အကြောင်းရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်း ရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ကြောင်းရှိသနည်း၊ အဘယ်တရားလျှင် အမှန်အစရှိသနည်း၊ တည်ရာ 'အာယတန' ခြောက်ပါးသည် နာမ်ရုပ်လျှင် အကြောင်းရှိ၏၊ နာမ်ရုပ်လျှင် ဖြစ်ပေါ်ကြောင်းရှိ၏၊ နာမ်ရုပ်လျှင် ဖြစ်ကြောင်းရှိ၏၊ နာမ်ရုပ်လျှင် အမှန်အစရှိ၏၊ ရဟန်းတို့ ဤနာမ်ရုပ်သည် အဘယ်တရားလျှင် အကြောင်းရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ် ကြောင်း ရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ကြောင်းရှိသနည်း၊ အဘယ်တရားလျှင် အမှန်အစရှိသနည်း၊ နာမ်ရုပ်သည် သိမှု'ဝိညာဏ်'လျှင် အကြောင်းရှိ၏၊ သိမှု'ဝိညာဏ်'လျှင် ဖြစ်ပေါ်ကြောင်း ရှိ၏၊ သိမှု'ဝိညာဏ်'လျှင် ဖြစ်ကြောင်းရှိ၏၊ သိမှု'ဝိညာဏ်'လျှင် အမှန်အစရှိ၏၊ ရဟန်းတို့ ဤသိမှု 'ဝိညာဏ်'သည် အဘယ်တရားလျှင် အကြောင်းရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်း ရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ကြောင်းရှိသနည်း၊ အဘယ်တရားလျှင် အမှန်အစရှိသနည်း၊ သိမှု'ဝိညာဏ်'သည် ပြုစီရင်မှု 'သင်္ခါရ'လျှင် အကြောင်းရှိ၏၊ ပြုစီရင်မှု 'သင်္ခါရ'လျှင် ဖြစ်ပေါ် ကြောင်း ရှိ၏၊ ပြုစီရင်မှု 'သင်္ခါရ'လျှင် ဖြစ်ကြောင်းရှိ၏၊ ပြုစီရင်မှု'သင်္ခါရ'လျှင် အမှန်အစရှိ၏၊ ရဟန်းတို့ ဤပြုစီရင်မှု 'သင်္ခါရ'တို့သည် အဘယ်တရားလျှင် အကြောင်းရှိကုန်သနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်းရှိကုန်သနည်း၊ အဘယ်တရားလျှင် ဖြစ်ကြောင်းရှိကုန်သနည်း၊ အဘယ်တရားလျှင် အမှန်အစရှိကုန်သနည်း၊ ပြုစီရင်မှု 'သင်္ခါရ'တို့သည် မသိမှု 'အဝိဇ္ဇာ'လျှင် အကြောင်းရှိကုန်၏၊ မသိမှု 'အဝိဇ္ဇာ'လျှင် ဖြစ်ပေါ်ကြောင်း ရှိကုန်၏၊ မသိမှု 'အဝိဇ္ဇာ'လျှင် ဖြစ်ကြောင်းရှိကုန်၏၊ မသိမှု 'အဝိဇ္ဇာ'လျှင် အမှန်အစရှိကုန်၏။

ရဟန်းတို့ ဤသို့လျှင် မသိမှု 'အဝိဇ္ဇာ' အကြောင်းခံကြောင့် ပြုစီရင်မှု 'သင်္ခါရ'တို့ ဖြစ်ကုန်၏၊ ပြုစီရင်မှု'သင်္ခါရ အကြောင်းခံကြောင့် သိမှု'ဝိညာဏ်'ဖြစ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်ပွါး၏၊ မသိမှု'အဝိဇ္ဇာ'၏သာလျှင် (အရဟတ္တမဂ်ဖြင့်) အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ပြုစီရင်မှု 'သင်္ခါရ' ချုပ်၏။ ပြုစီရင်မှု 'သင်္ခါရ'တို့ ချုပ်ခြင်းကြောင့် သိမှု 'ဝိညာဏ်' ချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်ပျောက်၏။

ပဉ္စမသုတ်။

---

## ၂-မောဠိယဖဂ္ဂုနသုတ်

၁၂။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ဖြစ်ပြီးသတ္တဝါတို့အားရင်း ဖြစ်ဆဲသတ္တဝါတို့အားရင်း တည်နေခြင်းငှါ ချီးမြှောက်ခြင်းငှါ ဆောင်တတ်သော သဘော အာဟာရတို့သည် ဤလေးပါးတို့တည်း၊ အဘယ်လေးပါးတို့နည်းဟူမူ—ကြမ်းတမ်းသည်လည်း ဖြစ်စေ နူးညံ့သည်လည်း ဖြစ်စေ အလုတ်အလွေးပြု၍ မျိုအပ်သော 'ကဗဠီကာရအာဟာရ'၊ နှစ်ခုမြောက် တွေ့ထိမှု'ဖဿာဟာရ'၊ သုံးခုမြောက် စိတ်ကို လှုံ့ဆော်မှု 'မနောသဉ္စေတနာဟာရ'၊

http://www.dhammadownload.com



လေးခုမြောက် အထူး သိမှု 'ဝိညာဏာဟာရ' ဤလေးပါးတို့တည်း၊ ရဟန်းတို့ ဖြစ်ပြီးသတ္တဝါတို့အားရင်း ဖြစ်ဆဲသတ္တဝါတို့အားရင်း တည်နေခြင်းငှါ ချီးမြှောက်ခြင်းငှါ ဆောင်တတ်သော သဘောအာဟာရတို့သည် ဤလေးပါးတို့တည်း။

ဤသို့ ဟောတော်မူသည်ရှိသော် အသျှင်မောဠိယဖဂ္ဂုနသည် မြတ်စွာဘုရားအား "အသျှင်ဘုရား အဘယ်သူသည် သိမှုဟူသော ဆောင်တတ်သော သဘော'ဝိညာဏာဟာရ'ကို ဆောင်ပါသနည်း" ဟု လျှောက်၏၊ အမေးသည် မသင့်လျော်ချေ၊ ဆောင်၏ဟူ၍ ငါ မဟော၊ ဆောင်၏ဟု အကယ်၍ ငါဟောခဲ့မူ ထိုအရာ၌"အသျှင်ဘုရား အဘယ်သူသည် ဆောင်ပါသနည်း" ဟူသော အမေးသည် သင့်လျော်သည်ဖြစ်ရာ၏၊ ဤသို့ကား ငါမဟော၊ဤသို့ မဟောသော ငါ့ကို အကြင်သူသည်"အသျှင်ဘုရား သိမှုဟူသော ဆောင်တတ်သော သဘော'ဝိညာဏာဟာရ'သည် အဘယ်တရား၏ အကြောင်းဖြစ်သနည်း"ဟု ဤသို့မေးခဲ့မူထိုသူ၏ ဤအမေးကား သင့်လျော်၏၊ ဝိညာဏာဟာရသည် နောင်တဖန် ဘဝသစ်၌ ဖြစ်ကြောင်းဖြစ်၏၊ ထိုဝိညာဏာဟာရဖြစ်သည်ရှိသော် တည်ရာ'အာယတန'ခြောက်ပါးဖြစ်၏၊တည်ရာ'အာယတန'အကြောင်းခံကြောင့်တွေ့ထိမှု 'ဖဿ'ဖြစ်၏ဟု ထိုအမေး၌ ဤအဖြေသည် သင့်လျော်၏ဟု မြတ်စွာဘုရား ဟောတော်မူ၏။

"အသျှင်ဘုရား အဘယ်သူသည်တွေ့ထိပါသနည်း"ဟုလျှောက်၏၊အမေးသည်မသင့်လျော်ချေ၊ တွေ့ထိ၏ဟု ငါမဟော၊တွေ့ထိ၏ဟု အကယ်၍ငါဟောခဲ့မူထိုအရာ၌"အသျှင်ဘုရားအဘယ်သူသည် တွေ့ထိပါသနည်း"ဟူသော အမေးသည် သင့်လျော်သည် ဖြစ်ရာ၏၊ ဤသို့ကား ငါမဟော ၊ဤသို့ မဟောသော ငါ့ကို အကြင်သူသည်"အသျှင်ဘုရား အဘယ်အကြောင်းခံကြောင့် တွေ့ထိမှု'ဖဿ' ဖြစ်ပါသနည်း"ဟု ဤသို့မေးခဲ့မူထိုသူ၏ဤအမေးကားသင့်လျော်၏၊တည်ရာ'အာယတန'ခြောက်ပါး အကြောင်းခံကြောင့် တွေ့ထိမှု'ဖဿ'ဖြစ်၏၊ ဖဿအကြောင်းခံကြောင့် ခံစားမှု'ဝေဒနာ'ဖြစ်၏၊ ထိုအမေး၌ ဤအဖြေသည် သင့်လျော်၏"ဟု မြတ်စွာဘုရား ဟောတော်မူ၏။

"အသျှင်ဘုရား အဘယ်သူသည် ခံစားပါသနည်း"ဟု လျှောက်၏၊ အမေးသည် မသင့်လျော်ချေ၊ခံစား၏ဟု ငါမဟော၊ခံစား၏ဟု အကယ်၍ ငါဟောခဲ့မူ ထိုအရာ၌ "အသျှင်ဘုရား အဘယ်သူသည် ခံစားပါသနည်း"ဟူသော အမေးသည် သင့်လျော်သည် ဖြစ်ရာ၏၊ ဤသို့ကားငါမဟော၊ ဤသို့ မဟောသော ငါ့ကို အကြင်သူသည်"အသျှင်ဘုရား အဘယ်အကြောင်းခံကြောင့် ခံစားမှု 'ဝေဒနာ'ဖြစ်ပါသနည်း"ဟု ဤသို့ မေးခဲ့မူ ထိုသူ၏ ဤအမေးကား သင့်လျော်၏၊ တွေ့ထိမှု'ဖဿ' အကြောင်းခံကြောင့်ခံစားမှု'ဝေဒနာ'ဖြစ်၏၊ဝေဒနာအကြောင်းခံကြောင့်တပ်မက်မှု'တဏှာ'ဖြစ်၏ ဟု ထိုအမေး၌ ဤအဖြေသည် သင့်လျော်၏"ဟု မြတ်စွာဘုရား ဟောတော်မူ၏။

"အသျှင်ဘုရား အဘယ်သူသည် တပ်မက်ပါသနည်း"ဟု လျှောက်၏၊အမေးသည်မသင့်လျော်ချေ၊ တပ်မက်၏ဟု ငါမဟော၊ တပ်မက်၏ဟု အကယ်၍ ငါဟောခဲ့မူ ထိုအရာ၌ "အသျှင်ဘုရား အဘယ်သူသည် တပ်မက်ပါသနည်း"ဟူသော အမေးသည် သင့်လျော်သည် ဖြစ်ရာ၏၊ဤသို့ကား ငါမဟော၊ဤသို့မဟောသော ငါ့ကို အကြင်သူသည်"အသျှင်ဘုရား အဘယ်အကြောင်းခံကြောင့် တပ်မက်မှု ဖြစ်ပါသနည်း"ဟု ဤသို့မေးခဲ့မူ ထိုသူ၏ ဤအမေးသည် သင့်လျော်၏၊ခံစားမှု'ဝေဒနာ' အကြောင်းခံကြောင့် တပ်မက်မှု'တဏှာ'ဖြစ်၏၊ တပ်မက်မှု'တဏှာ'အကြောင်းခံကြောင့် ပြင်းစွာစွဲလမ်းမှု'ဥပါဒါန်'ဖြစ်၏ဟု ထိုအမေး၌ဤအဖြေသည် သင့်လျော်၏"ဟု မြတ်စွာဘုရားဟောတော်မူ၏။

http://www.dhammadownload.com



"အသျှင်ဘုရား အဘယ်သူသည် ပြင်းစွာစွဲလမ်းပါသနည်း"ဟု လျှောက်၏၊အမေးသည်မသင့်လျှော်ချေ၊ပြင်းစွာစွဲလမ်း၏ဟူ၍ ငါမဟော၊ပြင်းစွာစွဲလမ်း၏ဟု အကယ်၍ ငါဟောခဲ့မူ ထိုအရာ၌ "အသျှင်ဘုရား အဘယ်သူသည် ပြင်းစွာစွဲလမ်းပါသနည်း"ဟူသော အမေးသည် သင့်လျော်သည် ဖြစ်ရာ၏၊ဤသို့ကား ငါမဟော၊ဤသို့ မဟောသော ငါ့ကို အကြင်သူသည်"အသျှင်ဘုရားအဘယ် အကြောင်းခံကြောင့် ပြင်းစွာစွဲလမ်းမှု'ဥပါဒါန်'ဖြစ်ပါသနည်း"ဟု ဤသို့မေးခဲ့မူထိုသူ၏ဤအမေး သည်ကား သင့်လျော်၏၊တပ်မက်မှု'တဏှာ'အကြောင်းခံကြောင့်ပြင်းစွာစွဲလမ်းမှု'ဥပါဒါန်'ဖြစ်၏၊ ဥပါဒါန်အကြောင်းခံကြောင့် ဘဝဖြစ်၏ဟု ထိုအမေး၌ ဤအဖြေသည် သင့်လျော်၏ဟု မြတ်စွာ ဘုရားဟောတော်မူ၏။ပ။ဤသို့လျှင် အလုံးစုံသော ထိုဆင်းရဲအစု ဖြစ်ပေါ်၏။

ဖဂ္ဂုန ခြောက်ပါးသော တွေ့ထိမှု၏တည်ရာ 'ဖဿာယတန'တို့၏သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် တွေ့ထိမှု'ဖဿ'ချုပ်၏၊ တွေ့ထိမှု'ဖဿ'ချုပ်ခြင်းကြောင့် ခံစားမှု 'ဝေဒနာ'ချုပ်၏၊ခံစားမှု'ဝေဒနာ'ချုပ်ခြင်းကြောင့် တပ်မက်မှု'တဏှာ'ချုပ်၏၊တပ်မက်မှု'တဏှာ' ချုပ်ခြင်းကြောင့် ပြင်းစွာစွဲလမ်းမှု'ဥပါဒါန်'ချုပ်၏၊ ပြင်းစွာစွဲလမ်းမှု'ဥပါဒါန်'ချုပ်ခြင်းကြောင့် ဘဝချုပ်၏၊ ဘဝချုပ်ခြင်းကြောင့် ပဋိသန္ဓေနေမှု'ဇာတိ'ချုပ်၏၊ ပဋိသန္ဓေနေမှု 'ဇာတိ'ချုပ်ခြင်း ကြောင့် အိုမှု'ဇရာ'သေမှု'မရဏ'စိုးရိမ်မှု'သောက'ငိုကြွေးမှု'ပရိဒေဝ'ဆင်းရဲမှု'ဒုက္ခ' နှလုံးမသာမှု 'ဒေါမနဿ'ပြင်းစွာပင်ပန်းမှု'ဥပါယာသ'တို့ ချုပ်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏ဟု မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။

ဒုတိယသုတ်။

---

## ၃-သမဏဗြာဟ္မဏသုတ်

၁၃။ သာဝတ္ထိပြည်၌(သီတင်းသုံး)နေတော်မူ၏၊ရဟန်းတို့မည်သည့်သမဏတို့ဖြစ်စေမည်သည့် ဗြာဟ္မဏတို့ဖြစ်စေ အိုမှု'ဇရာ'သေမှု'မရဏ'ကိုမသိကုန်၊အိုမှု'ဇရာ'သေမှု'မရဏ'၏ဖြစ်ပေါ်ကြောင်း ကို မသိကုန်၊အိုမှု'ဇရာ'သေမှု'မရဏ'၏ချုပ်ငြိမ်းရာ(နိဗ္ဗာန်)ကို မသိကုန်၊အိုမှု'ဇရာ'သေမှု'မရဏ'၏ ချုပ်ငြိမ်းရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ကိုမသိကုန်၊ ပဋိသန္ဓေနေမှု'ဇာတိ'ကို။ပ။ ဘဝကို။ ပြင်းစွာစွဲလမ်းမှု'ဥပါဒါန်'ကို။တပ်မက်မှု'တဏှာ'ကို။ခံစားမှု'ဝေဒနာ'ကို။ တွေ့ထိမှု'ဖဿ'ကို။တည် ရာ'အာယတန'ခြောက်ပါးကို။နာမ်ရုပ်ကို။ သိမှု'ဝိညာဏ်'ကို။ ပြုစီရင်မှု'သင်္ခါရ'တို့ကို မသိကုန်၊ ပြုစီရင်မှု'သင်္ခါရ'တို့၏ ဖြစ်ပေါ်ကြောင်းကို မသိကုန်၊ပြုစီရင်မှု'သင်္ခါရ'တို့၏ချုပ်ငြိမ်းရာ(နိဗ္ဗာန်)ကို မသိကုန်၊ ပြုစီရင်မှု'သင်္ခါရ'တို့၏ ချုပ်ငြိမ်းရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ကို မသိကုန်။ ရဟန်းတို့ ထိုသမဏတို့ကိုရင်း ထိုဗြာဟ္မဏတို့ကိုရင်း သမဏတို့၌မူလည်း သမဏဟူ၍ မသမုတ်အပ် ကုန်၊ ဗြာဟ္မဏတို့၌မူလည်း ဗြာဟ္မဏဟူ၍ မသမုတ်အပ်ကုန်၊ ထိုအသျှင်တို့သည် သမဏအဖြစ် ဟူသော အကျိုးကိုရင်း ဗြာဟ္မဏအဖြစ်ဟူသော အကျိုးကိုရင်း မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ မနေရကုန်။

ရဟန်းတို့ မည်သည့်သမဏတို့ဖြစ်စေ မည်သည့်ဗြာဟ္မဏတို့ဖြစ်စေ အိုမှု'ဇရာ'သေမှု'မရဏ'ကို သိကုန်၏၊အိုမှု'ဇရာ'သေမှု'မရဏ'၏ ဖြစ်ပေါ်ကြောင်းကို သိကုန်၏၊အိုမှု'ဇရာ'သေမှု'မရဏ'၏ချုပ် ငြိမ်းရာ(နိဗ္ဗာန်)ကို သိကုန်၏၊အိုမှု'ဇရာ'သေမှု'မရဏ'၏ ချုပ်ငြိမ်းရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း

http://www.dhammadownload.com



အကျင့်ကို သိကုန်၏၊ပဋိသန္ဓေနေမှု'ဇာတိ'ကို။ပ။ ဘဝကို။ပြင်းစွာစွဲလမ်းမှု 'ဥပါဒါန်'ကို။တပ်မက်မှု 'တဏှာ'ကို။ခံစားမှု'ဝေဒနာ'ကို။တွေ့ထိမှု'ဖဿ'ကို။တည်ရာ'အာယတန'ခြောက်ပါးကို။နာမ်ရုပ်ကို။ သိမှု'ဝိညာဏ်'ကို။ပြုစီရင်မှု'သင်္ခါရ'တို့ကို သိကုန်၏၊ ပြုစီရင်မှု'သင်္ခါရ'တို့၏ ဖြစ်ပေါ်ကြောင်းကို သိကုန်၏၊ပြုစီရင်မှု'သင်္ခါရ'တို့၏ချုပ်ငြိမ်းရာ(နိဗ္ဗာန်)ကိုသိကုန်၏၊ပြုစီရင်မှု'သင်္ခါရ'တို့၏ ချုပ်ငြိမ်းရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ကို သိကုန်၏၊ ရဟန်းတို့ ထိုသမဏတို့ကိုပင်း၊ ထိုဗြာဟ္မဏတို့ ကိုပင်း သမဏတို့၌မူလည်း သမဏဟူ၍ သမုတ်အပ်ကုန်၏၊ ဗြာဟ္မဏတို့၌မူလည်း ဗြာဟ္မဏဟူ၍ သမုတ်အပ်ကုန်၏၊ ထိုအသျှင်တို့သည် သမဏအဖြစ်ဟူသော အကျိုးကိုပင်း ဗြာဟ္မဏအဖြစ် ဟူသော အကျိုးကိုပင်း မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရကုန်၏ ဟု (ဟောတော်မူ၏)။

တတိယသုတ်။

---

## ၄-ဒုတိယ သမဏ ဗြာဟ္မဏသုတ်

၁၄။ သာဝတ္ထိပြည်၌ (သီတင်းသုံး)နေတော်မူ၏၊ရဟန်းတို့ မည်သည့်သမဏတို့ဖြစ်စေ မည်သည့် ဗြာဟ္မဏတို့ဖြစ်စေ ဤတရားတို့ကို မသိကုန်၊ ဤတရားတို့၏ ဖြစ်ပေါ်ကြောင်းကို မသိကုန်၊ ဤတရားတို့၏ ချုပ်ငြိမ်းရာ (နိဗ္ဗာန်)ကို မသိကုန်၊ ဤတရားတို့၏ ချုပ်ငြိမ်းရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို မသိကုန်၊ အဘယ်တရားတို့ကို မသိကုန်သနည်း၊ အဘယ်တရားတို့၏ ဖြစ်ပေါ်ကြောင်းကို မသိကုန်သနည်း၊အဘယ်တရားတို့၏ ချုပ်ငြိမ်းရာ(နိဗ္ဗာန်)ကို မသိကုန်သနည်း၊ အဘယ်တရားတို့၏ ချုပ်ငြိမ်းရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ကို မသိကုန်သနည်း။

အိုမှု'ဇရာ'သေမှု'မရဏ'ကို မသိကုန်၊အိုမှု'ဇရာ'သေမှု'မရဏ'၏ ဖြစ်ပေါ်ကြောင်းကို မသိကုန်၊ အိုမှု'ဇရာ'သေမှု'မရဏ'၏ချုပ်ငြိမ်းရာ(နိဗ္ဗာန်)ကို မသိကုန်၊အိုမှု'ဇရာ'သေမှု'မရဏ'၏ ချုပ်ငြိမ်းရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို မသိကုန်၊ ပဋိသန္ဓေနေမှု 'ဇာတိ'ကို။ပ။ဘဝကို။ ပြင်းစွာ စွဲလမ်းမှု 'ဥပါဒါန်'ကို။ တပ်မက်မှု'တဏှာ'ကို။ ခံစားမှု'ဝေဒနာ'ကို။ တွေ့ထိမှု'ဖဿ'ကို။ တည်ရာ 'အာယတန'ခြောက်ပါးကို။ နာမ်ရုပ်ကို။ သိမှု'ဝိညာဏ်'ကို။ ပြုစီရင်မှု 'သင်္ခါရ'တို့ကို မသိကုန်၊ ပြုစီရင်မှု'သင်္ခါရ'ဖြစ်ပေါ်ကြောင်းကို မသိကုန်၊ ပြုစီရင်မှု 'သင်္ခါရ'တို့၏ ချုပ်ငြိမ်းရာ (နိဗ္ဗာန်)ကို မသိကုန်၊ ပြုစီရင်မှု'သင်္ခါရ'တို့၏ချုပ်ငြိမ်းရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို မသိကုန်၊ ဤ တရားတို့ကို မသိကုန်၊ဤတရားတို့၏ ဖြစ်ပေါ်ကြောင်းကို မသိကုန်၊ ဤတရားတို့၏ ချုပ်ငြိမ်းရာ (နိဗ္ဗာန်)ကို မသိကုန်၊ဤတရားတို့၏ ချုပ်ငြိမ်းရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ကို မသိကုန် ရဟန်းတို့ ထိုသမဏတို့ကိုပင်း ထိုဗြာဟ္မဏ တို့ကိုပင်း သမဏတို့၌မူလည်း သမဏဟူ၍ မသမုတ်အပ် ကုန်၊ ဗြာဟ္မဏတို့၌မူလည်း ဗြာဟ္မဏဟူ၍ မသမုတ်အပ်ကုန်၊ ထိုအသျှင်တို့သည် သမဏအဖြစ် ဟူသော အကျိုးကိုပင်း ဗြာဟ္မဏအဖြစ်ဟူသော အကျိုးကိုပင်း မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ မနေရကုန်။

ရဟန်းတို့ မည်သည့်သမဏတို့ဖြစ်စေ မည်သည့်ဗြာဟ္မဏတို့ဖြစ်စေ ဤတရားတို့ကို သိကုန်၏၊ ဤတရားတို့၏ ဖြစ်ပေါ်ကြောင်းကို သိကုန်၏၊ ဤတရားတို့၏ ချုပ်ငြိမ်းရာ(နိဗ္ဗာန်)ကို သိကုန်၏၊ ဤတရားတို့၏ ချုပ်ငြိမ်းရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ကို သိကုန်၏၊ အဘယ်တရားတို့ကို

http://www.dhammadownload.com



သိကုန်သနည်း၊အဘယ်တရားတို့၏ ဖြစ်ပေါ်ကြောင်းကို သိကုန်သနည်း၊အဘယ်တရားတို့၏ ချုပ်ငြိမ်းရာ(နိဗ္ဗာန်)ကို သိကုန်သနည်း၊ အဘယ်တရားတို့၏ ချုပ်ငြိမ်းရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို သိကုန်သနည်း။

အိုမှု'ဇရာ' သေမှု'မရဏ'တို့ကို သိကုန်၏၊ အိုမှု'ဇရာ' သေမှု'မရဏ'တို့၏ဖြစ်ပေါ်ကြောင်းကို သိကုန်၏၊အိုမှု'ဇရာ' သေမှု'မရဏ'တို့၏ချုပ်ငြိမ်းရာ(နိဗ္ဗာန်)ကို သိကုန်၏၊ အိုမှု'ဇရာ'သေမှု'မရဏ' တို့၏ ချုပ်ငြိမ်းရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို သိကုန်၏၊ ပဋိသန္ဓေနေမှု'ဇာတိ'ကို။ပ။ ဘဝကို၊ပြင်းစွာစွဲလမ်းမှု'ဥပါဒါန်'ကို၊တပ်မက်မှု'တဏှာ'ကို၊ခံစားမှု'ဝေဒနာ'ကို၊ တွေ့ထိမှု'ဖဿ'ကို၊ တည်ရာ'အာယတန'ခြောက်ပါးကို၊နာမ်ရုပ်ကို၊သိမှု'ဝိညာဏ်'ကို၊ပြုစီရင်မှု'သင်္ခါရ'တို့ကို သိကုန်၏၊ ပြုစီရင်မှု'သင်္ခါရ'တို့၏ ဖြစ်ပေါ်ကြောင်းကို သိကုန်၏၊ပြုစီရင်မှု'သင်္ခါရ'တို့၏ချုပ်ငြိမ်းရာ(နိဗ္ဗာန်)ကို သိကုန်၏၊ ပြုစီရင်မှု'သင်္ခါရ'တို့၏ ချုပ်ငြိမ်းရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ကို သိကုန်၏၊ ဤတရားတို့ကို သိကုန်၏၊ ဤတရားတို့၏ ဖြစ်ပေါ်ကြောင်းကို သိကုန်၏၊ ဤတရားတို့၏ချုပ်ငြိမ်းရာ (နိဗ္ဗာန်)ကို သိကုန်၏၊ ဤတရားတို့၏ချုပ်ငြိမ်းရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ကို သိကုန်၏။ ရဟန်းတို့ ထိုသမဏတို့ကိုလည်းကောင်း ထိုဗြာဟ္မဏတို့ကိုလည်းကောင်း သမဏတို့၌မူလည်း သမဏဟူ၍ သမုတ်အပ်ကုန်၏၊ ဗြာဟ္မဏတို့၌မူလည်း ဗြာဟ္မဏဟူ၍ သမုတ်အပ်ကုန်၏၊ထိုအသျှင်တို့သည် သမဏအဖြစ်ဟူသော အကျိုးကိုလည်းကောင်း ဗြာဟ္မဏအဖြစ်ဟူသော အကျိုးကိုလည်းကောင်း မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရကုန်၏။

စတုတ္ထသုတ်။

---

## ၃-ကစ္စာနဂေါတ္တသုတ်

၁၅။ သာဝတ္ထိပြည်၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ အသျှင်ကစ္စာနဂေါတ္တသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား "အသျှင်ဘုရား မှန်သောအမြင် 'သမ္မာဒိဋ္ဌိ'မှန်သောအမြင် 'သမ္မာဒိဋ္ဌိ'ဟူ၍ ဆိုပါ၏၊ အသျှင်ဘုရား အဘယ်မျှဖြင့် မှန်သောအမြင် 'သမ္မာဒိဋ္ဌိ'ဖြစ်ပါသနည်း "ဟု ဤစကားကို လျှောက်၏။

ကစ္စာန ဤသတ္တဝါအပေါင်းသည် များသောအားဖြင့် ရှိသည်၏အဖြစ်ကိုလည်းကောင်း မရှိသည်၏ အဖြစ်ကိုလည်းကောင်း နှစ်ပါးကို မှီ၏၊ ကစ္စာန သင်္ခါရလောက၏ ဖြစ်ပေါ်ကြောင်းကို ဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့် မြင်သောသူအား သင်္ခါရလောက၌ မရှိဟူသော အယူသည် မဖြစ်၊ကစ္စာန သင်္ခါရလောက၏ ချုပ်ငြိမ်းရာကို ဟုတ်မှန်သောအတိုင်း ကောင်းသော ပညာဖြင့် မြင်သောသူအား (သင်္ခါရ)လောက၌ ရှိ၏ ဟူသော အယူသည် မဖြစ်။ကစ္စာန ဤသတ္တဝါအပေါင်းကို ကပ်ရောက်မှု 'ဥပယ' ပြင်းစွာစွဲလမ်းမှု 'ဥပါဒါန်' နှစ်မြုပ်စူးဝင်မှု 'အဘိနိဝေသ' တို့သည် သတ္တဝါအပေါင်းကို များသောအားဖြင့် နှောင်ဖွဲ့အပ်၏၊ ဤအရိယာတပည့်သည်ကား စိတ်၏တည်ရာ နှစ်မြုပ်စူးဝင်ရာ ကိန်းအောင်းရာဖြစ်သော ထိုကပ်ရောက်မှု'ဥပယ' ပြင်းစွာစွဲလမ်းမှု'ဥပါဒါန်'ကို "ငါ၏အတ္တတည်း" ဟု မကပ်ရောက်၊ မစွဲလမ်း၊မဆောက်တည်၊ ဖြစ်ခဲ့သော် ဆင်းရဲသာဖြစ်၏၊ချုပ်ခဲ့သော် ဆင်းရဲသာ

http://www.dhammadownload.com



ချုပ်၏ဟု ယုံမှားမှုမရှိ၊ တွေးတောမှုမရှိ၊ ဤအရာ၌ ထိုပုဂ္ဂိုလ်အား သူတပါးကို အားထား၍ ယုံကြည်သည်မဟုတ်၊ (ကိုယ်တိုင်)သိခြင်းသာဖြစ်၏၊ ကစ္စာန ဤမျှဖြင့် မှန်သောအမြင် 'သမ္မာဒိဋ္ဌိ' ဖြစ်၏။

ကစ္စာန "အလုံးစုံသည် ရှိ၏"ဟူသော ဤအယူသည် တခုသော အစွန်းပေတည်း၊ "အလုံးစုံသည်မရှိ"ဟူသော ဤအယူသည်လည်း နှစ်ခုမြောက်ဖြစ်သော အစွန်းပေတည်း၊ ကစ္စာန ဤနှစ်ပါးသော အစွန်းတို့သို့ မကပ်ရောက်မူ၍ အလယ်အလတ်အားဖြင့် မြတ်စွာဘုရားသည် တရားဟောတော်မူ၏၊ အဝိဇ္ဇာအကြောင်းခံကြောင့် ပြုစီရင်မှု'သင်္ခါရ'တို့ ဖြစ်ကုန်၏၊ ပြုစီရင်မှု 'သင်္ခါရ' အကြောင်းခံကြောင့် ဝိညာဏ်ဖြစ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်ပေါ်၏၊ မသိမှု'အဝိဇ္ဇာ'၏သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ပြုစီရင်မှု'သင်္ခါရ'တို့ချုပ်ကုန်၏၊ ပြုစီရင်မှု'သင်္ခါရ'တို့ ချုပ်ခြင်းကြောင့် သိမှု'ဝိညာဏ်'ချုပ်၏။ပ။ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏ ဟု (ဟောတော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ဓမ္မကထိကသုတ်

၁၆။ သာဝတ္ထိနိဒါန်း။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏- "အသျှင်ဘုရား တရားဟောသူ'ဓမ္မကထိက' တရားဟောသူ'ဓမ္မကထိက'ဟူ၍ ဆိုအပ်ပါ၏၊ အသျှင်ဘုရား အဘယ်မျှဖြင့် တရားဟောသူ 'ဓမ္မကထိက'ဖြစ်ပါသနည်းဟု (လျှောက်၏)။

ရဟန်း အကယ်၍ အိုမှု'ဇရာ' သေမှု'မရဏ'ကို ငြီးငွေ့ရန် တပ်မက်မှုကင်းရန် ချုပ်ငြိမ်းရန် တရားဟောခဲ့မူ တရားဟောသူ'ဓမ္မကထိက' ရဟန်းဟူ၍ ဆိုခြင်းငှါ သင့်၏၊ ရဟန်း အကယ်၍ အိုမှု 'ဇရာ'သေမှု'မရဏ'ကို ငြီးငွေ့ရန် တပ်မက်မှု ကင်းရန် ချုပ်ငြိမ်းရန်ကျင့်ခဲ့မူ တရားအားလျော်သော အကျင့်ကို ကျင့်သော ရဟန်းဟူ၍ ဆိုခြင်းငှါ သင့်၏၊ ရဟန်း အိုမှု 'ဇရာ' သေမှု 'မရဏ'ကို ငြီးငွေ့ခြင်းကြောင့် တပ်မက်မှု ကင်းခြင်းကြောင့် ချုပ်ငြိမ်းခြင်းကြောင့် မစွဲလမ်းမူ၍(ကိလေသာတို့မှ) လွတ်မြောက်သည် ဖြစ်ခဲ့မူ မျက်မှောက်ဘဝ၌ နိဗ္ဗာန်သို့ ရောက်သော ရဟန်းဟူ၍ ဆိုခြင်းငှါ သင့်၏။

ရဟန်း ပဋိသန္ဓေနေမှု'ဇာတိ'ကို ။ပ။ ဘဝကို။ စွဲလမ်းမှု'ဥပါဒါန်'ကို။ တပ်မက်မှု'တဏှာ'ကို။ ခံစားမှု'ဝေဒနာ'ကို။ တွေ့ထိမှု 'ဖဿ'ကို။ တည်ရာ'အာယတန' ခြောက်ပါးကို။ နာမ်ရုပ်ကို။ သိမှု 'ဝိညာဏ်'ကို။ ပြုစီရင်မှု'သင်္ခါရ'တို့ကို။ ရဟန်း မသိမှု'အဝိဇ္ဇာ'ကို ငြီးငွေ့ရန် တပ်မက်မှု ကင်းရန် ချုပ်ငြိမ်းရန် တရားဟောခဲ့မူ တရားဟောသူ 'ဓမ္မကထိက' ရဟန်းဟူ၍ ဆိုခြင်းငှါ သင့်၏။ ရဟန်း မသိမှု 'အဝိဇ္ဇာ'ကို ငြီးငွေ့ရန် တပ်မက်မှု ကင်းရန် ချုပ်ငြိမ်းရန် ကျင့်ခဲ့မူ တရားအားလျော်သော အကျင့်ကို ကျင့်သောရဟန်းဟူ၍ ဆိုခြင်းငှါ သင့်၏၊ ရဟန်း မသိမှု 'အဝိဇ္ဇာ'ကို ငြီးငွေ့ခြင်းကြောင့် တပ်မက်မှုကင်းခြင်းကြောင့် ချုပ်ငြိမ်းခြင်းကြောင့် မစွဲလမ်းမူ၍ (ကိလေသာတို့မှ) လွတ်မြောက်သူဖြစ်ခဲ့မူ မျက်မှောက်ဘဝ၌ နိဗ္ဗာန်သို့ ရောက်သော ရဟန်းဟူ၍ ဆိုခြင်းငှါ သင့်၏။

ဆဋ္ဌသုတ်။

http://www.dhammadownload.com



## ၇-အစေလကဿပသုတ်

၁၇။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် နံနက်အခါ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူ၏၊ အစေလကဿပသည် ကြွလာသော မြတ်စွာဘုရားကို အဝေးမှ မြင်လေလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေပြီးလျှင် တခုသော နေရာ၌ ရပ်တည်ပြီးသော် "အသျှင်ဂေါတမသည် အကျွန်ုပ်တို့၏ အမေးကို ဖြေကြားခြင်းငှါ ခွင့်ပြုခဲ့ပါမူ အကျွန်ုပ်တို့သည် အသျှင်ဂေါတမအား တစုံတခုသောအကြောင်းအရာကို မေးလိုပါကုန်၏"ဟု လျှောက်၏။

ကဿပ မေးချိန်မဟုတ်သေး၊ ရွာတွင်းသို့ ဝင်ဆဲ ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)၊ နှစ်ကြိမ်မြောက်လည်း အစေလကဿပသည် မြတ်စွာဘုရားအား "အသျှင်ဂေါတမသည် အကျွန်ုပ်တို့၏ အမေးကို ဖြေကြားခြင်းငှါ ခွင့်ပြုခဲ့ပါမူ အကျွန်ုပ်တို့သည် အသျှင်ဂေါတမအား တစုံတခုသော အကြောင်းအရာကို မေးလိုပါကုန်၏"ဟု လျှောက်၏၊ ကဿပ မေးချိန်မဟုတ်သေး၊ ရွာတွင်းသို့ ဝင်ဆဲ ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)၊ သုံးကြိမ်မြောက်လည်း အစေလကဿပသည်။ပ။ရွာတွင်းသို့ ဝင်ဆဲ ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)၊ ဤသို့ မိန့်တော်မူသည်ရှိသော် အစေလကဿပသည် မြတ်စွာဘုရားအား "အကျွန်ုပ်တို့သည် အသျှင်ဂေါတမကို များစွာ မမေးလိုပါကုန်"ဟု လျှောက်၏၊ ကဿပ မေးလိုသော အကြောင်းအရာကို မေးလော့ ဟု ခွင့်ပြုတော်မူ၏။

အသျှင်ဂေါတမ အသို့ပါနည်း၊ ဆင်းရဲကို ကိုယ်တိုင်ပြုအပ်ပါသလော၊ ကဿပ ဤသို့ မဆိုလင့်၊ ဟု မြတ်စွာဘုရား မိန့်တော်မူ၏။အသျှင်ဂေါတမ အသို့ပါနည်း၊ဆင်းရဲကို သူတပါးပြုအပ်ပါသလော၊ ကဿပ ဤသို့ မဆိုလင့်ဟု မြတ်စွာဘုရား မိန့်တော်မူ၏။ အသျှင်ဂေါတမ အသို့ပါနည်း၊ ဆင်းရဲကို ကိုယ်တိုင်လည်းပြုအပ် သူတပါးလည်း ပြုအပ်ပါသလော ဟု မေးလျှောက်ပြန်၏။ ကဿပ ဤသို့ မဆိုလင့်ဟု မြတ်စွာဘုရား မိန့်တော်မူ၏။ အသျှင်ဂေါတမ အသို့ပါနည်း၊ ဆင်းရဲသည် ကိုယ်တိုင် ပြုအပ်သည်လည်း မဟုတ်၊ သူတပါး ပြုအပ်သည်လည်း မဟုတ်၊ အကြောင်းမဲ့ ဖြစ်ပါသလော။ ကဿပ ဤသို့ မဆိုလင့်ဟု မြတ်စွာဘုရား မိန့်တော်မူ၏။ အသျှင်ဂေါတမ အသို့ပါနည်း၊ ဆင်းရဲသည် မရှိပါသလော၊ ကဿပ ဆင်းရဲမရှိသည်မဟုတ်၊ ကဿပ ဆင်းရဲရှိသည်သာတည်း။ သို့ဖြစ်လျှင် အသျှင်ဂေါတမသည် ဆင်းရဲကို မသိမမြင်ပါသလော၊ ကဿပ ငါသည် ဆင်းရဲကို မသိမမြင်သည် မဟုတ်၊ ကဿပ ငါသည် ဆင်းရဲကို သိ၏၊ ဆင်းရဲကို မြင်၏။

အသျှင်ဂေါတမ အသို့ပါနည်း၊ ဆင်းရဲကို ကိုယ်တိုင်ပြုအပ်ပါသလောဟု ဤသို့ မေးသည်ရှိသော် ကဿပ ဤသို့ မဆိုလင့်ဟု ဆိုဘိ၏၊ အသျှင်ဂေါတမ ဆင်းရဲကို သူတပါး ပြုအပ်ပါသလောဟု မေးသည်ရှိသော် ကဿပ ဤသို့ မဆိုလင့် ဟု ဆိုဘိ၏၊အသျှင်ဂေါတမ ဆင်းရဲကို ကိုယ်တိုင်လည်း ပြုအပ် သူတပါးလည်း ပြုအပ်ပါသလောဟု ဤသို့ မေးသည်ရှိသော် ကဿပ ဤသို့ မဆိုလင့် ဟု ဆိုဘိ၏၊ အသျှင်ဂေါတမ ဆင်းရဲသည် ကိုယ်တိုင်လည်း ပြုအပ်သည်မဟုတ်၊ သူတပါးလည်း ပြုအပ်သည် မဟုတ်, အကြောင်းမဲ့ ဖြစ်ပါသလော ဟု ဤသို့မေးသည်ရှိသော် ကဿပ ဤသို့ မဆိုလင့်ဟုဆိုဘိ၏၊ အသျှင်ဂေါတမ ဆင်းရဲဟူသည် မရှိပါသလော ဟု ဤသို့မေးသည်ရှိသော် ကဿပ ဆင်းရဲသည်

http://www.dhammadownload.com



မရှိသည် မဟုတ်၊ ဆင်းရဲသည် ရှိသည်သာတည်း ဟု ဆိုဘိ၏၊ သို့ဖြစ်လျှင် အသျှင်ဂေါတမသည် ဆင်းရဲကို မသိ မမြင်ပါသလော ဟု ဤသို့ မေးသည်ရှိသော် ကဿပ ငါသည် ဆင်းရဲကို မသိ မမြင်သည် မဟုတ်၊ ကဿပ ငါသည် ဆင်းရဲကို သိ၏။ ဆင်းရဲကို မြင်၏ ဟု ဆိုဘိ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်အား ဆင်းရဲကို ပြောကြားတော်မူပါလော့၊ အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်အား ဆင်းရဲကို ဟောတော်မူပါလော့ ဟု (လျှောက်၏)။

ကဿပ "ထိုသူသည် ပြု၏၊ ထိုသူသည် ခံစား၏" ဟူ၍ အစကပင် ရှိခဲ့သော် ဆင်းရဲကို ကိုယ်တိုင် ပြုအပ်၏ဟူ၍ ဆိုသောသူသည် သဿတအယူသို့ ရောက်၏၊ ကဿပ သူတပါးပြု၏၊ သူတပါး ခံစား၏ဟု အစကပင် ရှိခဲ့သော် ဝေဒနာနှိပ်စက်စဉ် ဆင်းရဲကို သူတပါးပြုအပ်၏ဟူ၍ ဆိုသောသူသည် ဥစ္ဆေဒဒိဋ္ဌိသို့ ရောက်၏၊ ကဿပ ထိုနှစ်ပါးသော အစွန်းတို့သို့ မကပ်ရောက်မူ၍ အလယ်အလတ်အားဖြင့် မြတ်စွာဘုရား တရားဟောတော်မူ၏၊ မသိမှု'အဝိဇ္ဇာ'အကြောင်းခံကြောင့် ပြုစီရင်မှု'သင်္ခါရ'တို့ ဖြစ်ကုန်၏၊ ပြုစီရင်မှု'သင်္ခါရ'အကြောင်းခံကြောင့် သိမှု'ဝိညာဏ်'ဖြစ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်ပေါ်၏။' မသိမှု'အဝိဇ္ဇာ'၏သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့် ပြုစီရင်မှု'သင်္ခါရ'တို့ချုပ်ကုန်၏၊ ပြုစီရင်မှု'သင်္ခါရ'တို့ချုပ်ခြင်းကြောင့် သိမှု'ဝိညာဏ်'ချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏။

ဤသို့ ဟောတော်မူသည်ရှိသော် အစေလကဿပသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ "အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိစွာကား၊ အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိစွတကား၊ အသျှင်ဘုရား မှောက်၍ထားသော ဝတ္ထုကို လှန်ဘိသကဲ့သို့ရင်း။ပ။ 'မျက်စိအမြင်ရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြကုန်လတ္တံ့'ဟု အမိုက်မှောင် ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရင်း ဤအတူသာလျှင် မြတ်စွာဘုရားသည် အကြောင်းအမျိုးမျိုးဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အသျှင်ဘုရား ထိုအကျွန်ုပ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊တရားတော်ကိုရင်း သံဃာတော်ကိုရင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏ အထံတော်၌ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရလိုပါ၏"ဟု လျှောက်၏။

"ကဿပ သာသနာတော်မှ တပါးသော အယူကို ယူဘူး သူသည် ဤဓမ္မဝိနယ(သာသနာတော်)၌ ရှင့်အဖြစ်ကို ရလို ပဉ္စင်းအဖြစ်ကို ရလိုမူ လေးလတို့ပတ်လုံး သီးခြား ကျင့်ရာ၏၊ လေးလ လွန်သောအခါ သီးခြား(ပရိဝါသ်)နေပြီးသော သူကို ရဟန်းတို့သည် နှစ်သက်သော စိတ်ရှိကြကုန်သော် ရှင်ပြုပေးကြကုန်၏၊ ရဟန်းဖြစ်ရန် ပဉ္စင်းပြုပေးကြကုန်၏၊ စင်စစ်သော်ကား ဤအရာ၌ ငါဘုရားသည် ပုဂ္ဂိုလ်၏ ထူးခြားသည့် အဖြစ်ကို သိတော်မူ၏"ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား သာသနာတော်မှတပါးသောအယူကို ယူဘူးသူသည် ဤဓမ္မဝိနယ(သာသနာတော်)၌ ရှင့်အဖြစ်ကို ရလိုမူ ပဉ္စင်းအဖြစ်ကို ရလိုမူ လေးလပတ်လုံး သီးခြား(ပရိဝါသ်)ကျင့်ရမည်၊ လေးလလွန်သောအခါ သီးခြား(ပရိပါသ်)နေပြီးသော သူကို ရဟန်းတို့သည် နှစ်သက်သော စိတ်ရှိကြကုန်သော အကယ်၍ ရှင်ပြုပေးကြကုန်မူ၊ ရဟန်းဖြစ်ရန် ပဉ္စင်းပြုပေးကြကုန်မူ၊ အကျွန်ုပ်သည် လေးနှစ်တို့ပတ်လုံး သီးခြား(ပရိဝါသ်)ကျင့်ပါမည်၊ လေးနှစ်လွန်ပြီးသောအခါ ရဟန်းတို့သည် နှစ်သက်သော စိတ်ရှိကြကုန်သော် ရှင်ပြုပေးတော်မူကြပါကုန်၊ ရဟန်းဖြစ်ရန် ပဉ္စင်းပြုပေးတော်မူကြပါကုန်"ဟု လျှောက်၏။

http://www.dhammadownload.com



အစေလကဿပသည် မြတ်စွာဘုရား၏ အထံတော်၌ ရှင်အဖြစ်ကို ရလေ၏၊ ပဉ္စင်းအဖြစ်ကို ရလေ၏၊ ပဉ္စင်းဖြစ်၍ မကြာသေးသော အသျှင်ကဿပသည် တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့မလျော့ ပြင်းစွာ အားထုတ်သည်ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိလျက် နေသည်ရှိသော် ကောင်းစွာသာလျှင် အိမ်ရာထောင်လူ့ဘောင်မှ အိမ်ရာမထောင်သော ရဟန်းဘောင်သို့ ဝင်ရောက်ကြသော အမျိုးသားများ လိုလားအပ်သော အတုမရှိသော အကျင့်မြတ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်ကို မကြာမီ ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရ၏၊ ပဋိသန္ဓေနေမှု 'ဇာတိ' ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ ဤ(မဂ်)ကိစ္စအလို့ငှါ တဖန် ပြုဖွယ်မရှိတော့ပြီ ဟု သိ၏၊ အသျှင်ကဿပသည် ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်၏။

သတ္တမသုတ်။

## ၈-တိမ္ဗရုကသုတ်

၁၈။ သာဝတ္ထိပြည်၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ တိမ္ဗရုကပရိဗိုဇ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးသော် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အောက်မေ့ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆို ပြီးဆုံးစေပြီး၍ တခုသော နေရာ၌ ထိုင်နေပြီးသော တိမ္ဗရုကပရိဗိုဇ်သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဂေါတမ အသို့ပါနည်း၊ ချမ်းသာ ဆင်းရဲကို ကိုယ်တိုင် ပြုအပ်ပါသလော"ဟု လျှောက်ထား၏၊ တိမ္ဗရုက ဤသို့ မဆိုလင့်ဟု မြတ်စွာဘုရား မိန့်တော်မူ၏၊ အသျှင်ဂေါတမ အသို့ပါနည်း၊ ချမ်းသာဆင်းရဲကို သူတပါး ပြုအပ်ပါသလော ဟု လျှောက်ပြန်၏၊ တိမ္ဗရုက ဤသို့ မဆိုလင့် ဟု မြတ်စွာဘုရား မိန့်တော်မူ၏၊ အသျှင်ဂေါတမ အသို့ပါနည်း၊ ချမ်းသာ ဆင်းရဲကို ကိုယ်တိုင်လည်းပြုအပ် သူတပါးလည်း ပြုအပ်ပါသလော ဟု လျှောက်ပြန်၏၊ တိမ္ဗရုက ဤသို့ မဆိုလင့်ဟု မြတ်စွာဘုရား မိန့်တော်မူ၏။ အသျှင်ဂေါတမ အသို့ပါနည်း၊ ချမ်းသာဆင်းရဲကို ကိုယ်တိုင်လည်း ပြုအပ်သည်မဟုတ် သူတပါးလည်း ပြုအပ်သည်မဟုတ်၊ အကြောင်းမဲ့ဖြစ်ပါသလော ဟု လျှောက်ပြန်၏။ တိမ္ဗရုက ဤသို့ မဆိုလင့် ဟု မြတ်စွာဘုရား မိန့်တော်မူ၏။

"အသျှင်ဂေါတမ အသို့ပါနည်း၊ ချမ်းသာဆင်းရဲသည် မရှိပါသလော"ဟု လျှောက်ပြန်၏၊ တိမ္ဗရုက ချမ်းသာဆင်းရဲသည် မရှိသည်မဟုတ်၊ တိမ္ဗရုက ချမ်းသာဆင်းရဲသည် ရှိသည်သာတည်း ဟု မိန့်တော်မူ၏၊ သို့ဖြစ်လျှင် အသျှင်ဂေါတမသည် ချမ်းသာဆင်းရဲကို မသိပါသလော၊ မမြင်ပါသလောဟု လျှောက်ပြန်၏။ တိမ္ဗရုက ငါဘုရားသည် ချမ်းသာဆင်းရဲကို မသိသည်မဟုတ် မမြင်သည်မဟုတ်၊ တိမ္ဗရုက ငါဘုရားသည် ချမ်းသာ ဆင်းရဲကို သိ၏၊ ချမ်းသာ ဆင်းရဲကို မြင်၏ဟု မိန့်တော်မူ၏။

အသျှင်ဂေါတမ အသို့ပါနည်း၊ ချမ်းသာ ဆင်းရဲကို ကိုယ်တိုင်ပြုအပ်ပါသလော ဟု ဤသို့ မေးအပ်သည်ရှိသော် တိမ္ဗရုက ဤသို့မဆိုလင့်ဟု မိန့်ဆိုတော်မူဘိ၏၊ အသျှင်ဂေါတမ အသို့ပါနည်း၊ ချမ်းသာ ဆင်းရဲကို သူတပါးသည် ပြုအပ်ပါသလောဟု မေးအပ်သည်ရှိသော် တိမ္ဗရုက ဤသို့ မဆိုလင့် ဟူ၍ မိန့်ဆိုတော်မူဘိ၏၊ အသျှင်ဂေါတမ အသို့ပါနည်း၊ ချမ်းသာဆင်းရဲကို ကိုယ်တိုင်လည်း

http://www.dhammadownload.com



ပြုအပ် သူတပါးလည်း ပြုအပ်ပါသလောဟု မေးသည်ရှိသော် တိမ္ဗရုက ဤသို့ မဆိုလင့်ဟု မိန့်ဆို တော်မူဘိ၏။ အသျှင်ဂေါတမ အသို့ပါနည်း၊ ချမ်းသာ ဆင်းရဲကို ကိုယ်တိုင်လည်း ပြုအပ်သည် မဟုတ်၊ သူတပါးလည်း ပြုအပ်သည်မဟုတ်၊ အကြောင်းမဲ့ ဖြစ်ပါသလောဟု မေးလျှောက်သည် ရှိသော် တိမ္ဗရုက ဤသို့ မဆိုလင့်ဟု မိန့်ဆိုတော်မူဘိ၏၊ အသျှင်ဂေါတမ အသို့ပါနည်း၊ ချမ်းသာ ဆင်းရဲသည် မရှိပါသလောဟု ‌ေမးလျှောက်သည်ရှိသော် တိမ္ဗရုက ချမ်းသာ ဆင်းရဲသည် မရှိ သည်မဟုတ်၊ တိမ္ဗရုက ချမ်းသာ ဆင်းရဲသည် ရှိ၏ဟု မိန့်ဆိုတော်မူဘိ၏။ သို့ဖြစ်လျှင် အသျှင် ဂေါတမသည် ချမ်းသာ ဆင်းရဲကို မသိမမြင်ပါသလောဟု ဤသို့ မေးလျှောက်သည်ရှိသော် တိမ္ဗရုက စင်စစ် ငါဘုရားသည် ချမ်းသာ ဆင်းရဲကို မသိသည်မဟုတ်၊ မမြင်သည်မဟုတ်၊ တိမ္ဗရုက ငါဘုရားသည် ချမ်းသာ ဆင်းရဲကို သိ၏၊ ချမ်းသာဆင်းရဲကို မြင်၏ဟု မိန့်ဆိုတော်မူဘိ၏၊ အသျှင်ဂေါတမသည် အကျွန်ုပ်အား ချမ်းသာဆင်းရဲကို ပြောကြားတော်မူပါလော့၊ အသျှင်ဂေါတမ သည် အကျွန်ုပ်အား ချမ်းသာ ဆင်းရဲကို ဟောတော်မူပါလော့ဟု လျှောက်၏။

တိမ္ဗရုက ထိုအရာသည်ပင် ဝေဒနာတည်း၊ ထိုဝေဒနာသည်ပင် ခံစား၏ဟူ၍ အစကပင် ရှိခဲ့မူ ချမ်းသာဆင်းရဲကို ကိုယ်တိုင် ပြုအပ်၏ဟူသော အယူသည် ဖြစ်ခဲ့၏၊ ဤသို့ ထိုအရာသည်ပင် ဝေဒနာ၊ ထိုဝေဒနာသည်ပင် ခံစား၏ဟူ၍လည်း ငါမဆို၊ တိမ္ဗရုက ဝေဒနာသည် တခြားတည်း၊ ခံစားသူသည် တခြားတည်းဟူ၍ အစကပင် ရှိခဲ့မူ ဝေဒနာနှိပ်စက်မှု ဖြစ်လတ်သော် ချမ်းသာ ဆင်းရဲကို သူတပါးပြုအပ်၏ဟူသော အယူသည် ဖြစ်ခဲ့၏၊ ဤသို့ ဝေဒနာသည်တခြား ခံစားသူ သည် တခြားတည်းဟူ၍လည်း ငါမဆို၊ တိမ္ဗရုက ထိုနှစ်ပါးသော အစွန်းတို့သို့ မကပ်ရောက်မူ၍ အလယ်အလတ်အားဖြင့် ငါဘုရား တရားဟောတော်မူ၏၊ အဝိဇ္ဇာ အကြောင်းခံကြောင့် သင်္ခါရတို့ ဖြစ်ကုန်၏၊ သင်္ခါရ အကြောင်းခံကြောင့် ဝိညာဏ်ဖြစ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏၊ အဝိဇ္ဇာ၏သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့် သင်္ခါရတို့ ချုပ်ကုန်၏၊ သင်္ခါရတို့ ချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏ ဟု ဟောတော်မူ၏။

ဤသို့ ဟောတော်မူသည်ရှိသော် တိမ္ဗရုက ပရိဗိုဇ်သည် မြတ်စွာဘုရားအား ဤသို့သော စကားကို လျှောက်၏— "အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိစွတကား။ပ။ ထိုအကျွန်ုပ်သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း သံဃာ တော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှ အစပြု၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ လော့"ဟု (လျှောက်၏)။

အဋ္ဌမသုတ်။

## ၉-ဗာလပဏ္ဍိတသုတ်

၁၉။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ မသိမှု 'အဝိဇ္ဇာ' အပိတ်ပင် ခံရသော တပ်မက်မှု 'တဏှာ'နှင့် ယှဉ်သော သူမိုက်အား ဤသို့ ဤကိုယ်သည် ဖြစ်ပေါ်လာ၏၊ ဤသို့လျှင် ဤကိုယ်ရင်း အပြင်ပသန္တာန်၌ နာမ်ရုပ်ရင်း ဤသို့ အားဖြင့် ဤနှစ်ပါးစုံသည် ဖြစ်၏၊ နှစ်ပါးစုံကိုရင်း အာယတန ခြောက်ပါးတို့ကိုရင်း စွဲ၍ တွေ့ထိမှု 'ဖဿ'ဖြစ်၏၊ ယင်း ဖဿာယတန

http://www.dhammadownload.com



ခြောက်ပါးတို့ဖြင့်ရင်း ထိုခြောက်ပါးတို့တွင် တပါးပါးဖြင့်ရင်း တွေ့ထိသော သူမိုက်သည် ချမ်းသာ ဆင်းရဲကို ခံစား၏။

ရဟန်းတို့ မသိမှု'အဝိဇ္ဇာ'ဖြင့် အပိတ်ပင်ခံရသော တပ်မက်မှု 'တဏှာ' နှင့်ယှဉ်သော ပညာရှိအား ဤသို့ ဤကိုယ်သည် ဖြစ်ပေါ်၏၊ ဤသို့လျှင် ဤကိုယ်ရင်း အပသန္တာန်၌ နာမ်ရုပ်ရင်း ဤသို့အားဖြင့် ဤနှစ်ပါးစုံသည်ဖြစ်၏၊ နှစ်ပါးစုံကိုရင်း အာယတနခြောက်ပါးတို့ကိုရင်း စွဲ၍ တွေ့ထိမှု 'ဖဿ' ဖြစ်၏၊ ယင်း ဖဿာယတနခြောက်ပါးတို့ဖြင့်ရင်း ထိုခြောက်ပါးတို့တွင် တပါးပါးဖြင့်ရင်း တွေ့ထိသော ပညာရှိသည် ချမ်းသာ ဆင်းရဲကို ခံစား၏။

ရဟန်းတို့ ထိုပုဂ္ဂိုလ်နှစ်ယောက်တို့တွင် သူမိုက်နှင့် ပညာရှိ၏ ထူးခြားချက်ကား အဘယ်နည်း၊ ကွဲလွဲချက်ကား အဘယ်နည်း၊ထူးသောအကြောင်းကား အဘယ်နည်း ဟု(မေးတော်မူ၏)၊အသျှင်ဘုရား ဤတရားတော်တို့သည် အကျွန်ုပ်တို့အား မြတ်စွာဘုရားသာလျှင် အရင်းမူလ ရှိပါကုန်၏၊ မြတ်စွာဘုရားသာလျှင် ထုတ်ဆောင်သူ ရှိပါကုန်၏၊မြတ်စွာဘုရားသာလျှင် လည်းလျောင်းရာ ရှိပါကုန်၏၊ အသျှင်ဘုရား တောင်းပန်ပါကုန်၏၊ ဟောတော်မူအပ်သော ထိုတရားတော်၏ အနက်ကို မြတ်စွာဘုရား၏ ဉာဏ်၌ ထင်စေတော်မူပါလော့၊ မြတ်စွာဘုရားထံမှ ကြားနာရ၍ ရဟန်းတို့သည် ဆောင်ထားကြရပါကုန်လတ္တံ့ ဟု (လျှောက်ကုန်၏)။

ရဟန်းတို့ သို့ဖြစ်လျှင် နာကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောကြားအံ့ ဟု (မိန့်တော်မူ၏)၊ အသျှင်ဘုရား ကောင်းပါပြီ ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ကြကုန်၏၊ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏—

ရဟန်းတို့ အဝိဇ္ဇာ အပိတ်ပင်ခံရသော တပ်မက်မှု'တဏှာ'နှင့် ယှဉ်သော သူမိုက်အား ဤကိုယ်သည် ဖြစ်ပေါ်လာ၏၊ သူမိုက်သည် ထိုအဝိဇ္ဇာကိုလည်း မပယ်အပ်သေး၊ ထိုတဏှာသည်လည်း မကုန်ခန်းသေး၊ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ— ရဟန်းတို့ သူမိုက်သည် ဝဋ်ဆင်းရဲကုန်ရန် မြတ်သောအကျင့်ကို ကောင်းစွာမကျင့်၊ထို့ကြောင့် သူမိုက်သည် ခန္ဓာကိုယ် ပျက်စီးသော်ခန္ဓာကိုယ်ကို ရပြန်၏၊ ထိုသူမိုက်သည် ခန္ဓာကိုယ်ကို ရသည်ရှိသော် ပဋိသန္ဓေနေမှု 'ဇာတိ' အိုမှု'ဇရာ'သေမှု'မရဏ'စိုးရိမ်မှု'သောက'ငိုကြွေးမှု'ပရိဒေဝ'ဆင်းရဲမှု'ဒုက္ခ'နှလုံးမသာမှု'ဒေါမနဿ' ပြင်းစွာ ပင်ပန်းမှု'ဥပါယာသ'တို့မှ မလွတ်၊ ဆင်းရဲမှ မလွတ်မြောက် ဟု ငါဆို၏။

ရဟန်းတို့ မသိမှု 'အဝိဇ္ဇာ' အပိတ်ပင်ခံရသည်ဖြစ်၍ တပ်မက်မှု 'တဏှာ'နှင့် ယှဉ်သော ပညာရှိအား ဤကိုယ်သည် ဖြစ်ပေါ်လာ၏၊ ပညာရှိအား ထိုအဝိဇ္ဇာကိုလည်း ပယ်အပ်ပြီးပြီ၊ ထိုတဏှာသည်လည်း ကုန်ခန်းပြီ၊ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ—ရဟန်းတို့ ပညာရှိသည် ဝဋ်ဆင်းရဲကုန်ရန် မြတ်သောအကျင့်ကို ကောင်းစွာကျင့်၏၊ ထို့ကြောင့် ပညာရှိသည် ခန္ဓာကိုယ်ပျက်စီးပြီးသော် ခန္ဓာကိုယ်ကို တဖန်မရ၊ ထိုပညာရှိသည် ခန္ဓာကိုယ်ကို တဖန်မရခဲ့သည်ရှိသော် ပဋိသန္ဓေနေမှု'ဇာတိ' အိုမှု'ဇရာ'သေမှု'မရဏ'စိုးရိမ်မှု'သောက'ငိုကြွေးမှု'ပရိဒေဝ' ဆင်းရဲမှု'ဒုက္ခ'နှလုံးမသာမှု'ဒေါမနဿ'ပြင်းစွာ ပင်ပန်းမှု'ဥပါယာသ'တို့မှ လွတ်၏၊ ဆင်းရဲမှ လွတ်မြောက်၏ဟု ငါဆို၏၊ ရဟန်းတို့ ဤမြတ်သော အကျင့်ကို ကျင့်သုံးခြင်းသည် သူမိုက်နှင့် ပညာရှိ၏ ထူးခြားချက်တည်း၊ ကွဲလွဲချက်တည်း၊ ထူးသော အကြောင်းတည်း ဟု (ဟောတော်မူ၏)။

နဝမသုတ်။

http://www.dhammadownload.com



## ၁၀-ပစ္စယသုတ်

၂၀။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ သင်တို့အား အကြောင်း 'ပဋိစ္စသမုပ္ပါဒ်' တရားတို့ကိုလည်း စွဲ၍ဖြစ်သော အကျိုး (ပဋိစ္စသမုပ္ပန္န) တရားတို့ကိုလည်း ဟောအံ့၊ ထိုတရားကို နာကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့ ဟု မိန့်တော်မူ၏၊ အသျှင်ဘုရား ကောင်းပါပြီဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ကုန်၏၊ မြတ်စွာဘုရား သည် ဤတရားစကားကို ဟောတော်မူ၏——

ရဟန်းတို့ အကြောင်း 'ပဋိစ္စသမုပ္ပါဒ်' တရားသည် အဘယ်နည်း၊ ပဋိသန္ဓေနေမှု 'ဇာတိ' အကြောင်းခံကြောင့် အိုမှု'ဇရာ'သေမှု 'မရဏ'ဖြစ်၏၊ အကြောင်းတရားတို့၏ တည်သည်၏အဖြစ် အကြောင်းတရားတို့၏မြဲသည်၏အဖြစ် အကျိုးတို့၏အကြောင်းတရား၏အဖြစ်ဟူသော ဤသဘော သည် မြတ်စွာဘုရားတို့ ပွင့်သော်လည်း မပွင့်သော်လည်း တည်ရှိနေသည်သာတည်း၊ ထိုအကြောင်း တရားကို မြတ်စွာဘုရားသည် ထိုးထွင်း၍ သိတော်မူ၏၊ (ဉာဏ်ဖြင့်) သက်ဝင်တော်မူ၏၊ သိတော်မူ ပြီး၍ (ဉာဏ်ဖြင့်) သက်ဝင်တော်မူ၍ ဟောကြားတော်မူ၏၊ ဟောတော်မူ၏၊ သိစေတော်မူ၏၊ ဖြစ်စေတော်မူ၏၊ ဖွင့်ပြတော်မူ၏၊ ဝေဖန်တော်မူ၏၊ပေါ်လွင်အောင်ပြုတော်မူ၏၊ ရှုကုန်လော့ဟူ၍ လည်း ဟောတော်မူ၏။ ရဟန်းတို့ ပဋိသန္ဓေနေမှု 'ဇာတိ' အကြောင်းခံကြောင့် အိုမှု'ဇရာ'သေမှု 'မရဏ' ဖြစ်၏။

ရဟန်းတို့ ဘဝအကြောင်းခံကြောင့် ပဋိသန္ဓေနေမှု'ဇာတိ'ဖြစ်၏။ပ။ရဟန်းတို့ ပြင်းစွာစွဲလမ်းမှု 'ဥပါဒါန်'အကြောင်းခံကြောင့် ဘဝဖြစ်၏။ ရဟန်းတို့ တပ်မက်မှု 'တဏှာ' အကြောင်းခံကြောင့် ဥပါဒါန်ဖြစ်၏။ ရဟန်းတို့ ခံစားမှု'ဝေဒနာ'အကြောင်းခံကြောင့် တဏှာဖြစ်၏။ ရဟန်းတို့ တွေ့ထိမှု 'ဖဿ'အကြောင်းခံကြောင့် ဝေဒနာဖြစ်၏၊ ရဟန်းတို့ တည်ရာ'အာယတန' ခြောက်ပါးအကြောင်း ခံကြောင့် ဖဿဖြစ်၏။ ရဟန်းတို့ နာမ်ရုပ်အကြောင်းခံကြောင့် သဠာယတနဖြစ်၏။ ရဟန်းတို့ သိမှု 'ဝိညာဏ်' အကြောင်းခံကြောင့် နာမ်ရုပ်ဖြစ်၏၊ ရဟန်းတို့ ပြုစီရင်မှု'သင်္ခါရ' အကြောင်းခံကြောင့် သိမှု 'ဝိညာဏ်' ဖြစ်၏။ ရဟန်းတို့ မသိမှု 'အဝိဇ္ဇာ'အကြောင်းခံကြောင့် သင်္ခါရတို့ ဖြစ်ကုန်၏၊ အကြောင်းတရားတို့သည် တည်သည်၏အဖြစ် အကြောင်းတရားတို့၏မြဲသည်၏အဖြစ် အကျိုးတို့၏ အကြောင်းတရား၏အဖြစ်ဟူသော ဤသဘောသည် မြတ်စွာဘုရားတို့ ပွင့်သော်လည်း မပွင့်သော်လည်း တည်ရှိနေသည်သာတည်း။ ထိုအကြောင်းတရားကို မြတ်စွာဘုရားသည် ထိုးထွင်း၍ သိတော်မူ၏၊ (ဉာဏ်ဖြင့်) သက်ဝင်တော်မူ၏၊ သိတော်မူပြီး၍ (ဉာဏ်ဖြင့်) သက်ဝင်တော်မူပြီး၍ ဟောကြား တော်မူ၏၊ ဟောတော်မူ၏၊ သိစေတော်မူ၏၊ ဖြစ်စေတော်မူ၏၊ ဖွင့်ပြတော်မူ၏၊ ဝေဖန်တော်မူ၏၊ ပေါ်လွင်အောင် ပြုတော်မူ၏၊ ရှုကုန်လော့ ဟူ၍လည်း ဟောတော်မူ၏။ ရဟန်းတို့ မသိမှု'အဝိဇ္ဇာ' အကြောင်းခံကြောင့် ပြုစီရင်မှု'သင်္ခါရ'တို့ ဖြစ်ကုန်၏၊ ရဟန်းတို့ ဤသို့လျှင် ဇာတိကြောင့် ဇရာမရဏဖြစ်၏ စသည်တို့၌ မှန်သည်၏အဖြစ် မချွတ်ယွင်းသည်၏အဖြစ် တပါးသော သဘော အားဖြင့် မဖြစ်သည်၏ အဖြစ် အကျိုးတို့၏ အကြောင်းတရား၏ အဖြစ်ကို ပဋိစ္စသမုပ္ပါဒ် ဟု ဆိုအပ်၏။

ရဟန်းတို့ အကျိုး'ပဋိစ္စသမုပ္ပန္န' တရားတို့ဟူသည် အဘယ်နည်း၊ ရဟန်းတို့ အိုမှု 'ဇရာ' သေမှု'မရဏ'သည် မမြဲ ပြုစီရင်ခံရ၏၊ အကြောင်းကို စွဲ၍ ဖြစ်၏၊ ကုန်ခြင်းသဘောရှိ၏၊ ပျက်ခြင်း

http://www.dhammadownload.com



သဘောရှိ၏၊ ကင်းပြတ်ခြင်းသဘောရှိ၏၊ ချုပ်ခြင်းသဘောရှိ၏၊ရဟန်းတို့ပဋိသန္ဓေနေမှု 'ဇာတိ' သည် မမြဲ ပြုစီရင်ခံရ၏၊ အကြောင်းကိုစွဲ၍ ဖြစ်၏၊ ကုန်ခြင်းသဘောရှိ၏၊ ပျက်ခြင်းသဘောရှိ၏၊ ကင်းပြတ်ခြင်းသဘောရှိ၏၊ ချုပ်ခြင်းသဘောရှိ၏၊ ရဟန်းတို့ ဘဝသည် မမြဲ ပြုစီရင်ခံရ၏၊ အကြောင်းကိုစွဲ၍ ဖြစ်၏၊ကုန်ခြင်းသဘောရှိ၏၊ ပျက်ခြင်းသဘောရှိ၏၊ ကင်းပြတ်ခြင်းသဘောရှိ၏၊ ချုပ်ခြင်းသဘောရှိ၏၊ ရဟန်းတို့ ပြင်းစွာစွဲလမ်းမှု 'ဥပါဒါန်'သည်။ရဟန်းတို့ တပ်မက်မှု'တဏှာ' သည်။ ရဟန်းတို့ တွေ့ထိမှု'ဖဿ'သည်။ ရဟန်းတို့ တည်ရာ'အာယတန'ခြောက်ပါး 'သဠာယတန' သည်။ရဟန်းတို့ နာမ်ရုပ်သည်။ရဟန်းတို့ သိမှု'ဝိညာဏ်'သည်။ရဟန်းတို့ ပြုစီရင်မှု 'သင်္ခါရ'တို့သည်။ ရဟန်းတို့ မသိမှု'အဝိဇ္ဇာ'သည် မမြဲ ပြုစီရင်ခံရ၏။ အကြောင်းတရားကို စွဲ၍ ဖြစ်၏၊ ကုန်ခြင်း သဘောရှိ၏၊ပျက်ခြင်းသဘောရှိ၏၊ကင်းပြတ်ခြင်းသဘောရှိ၏၊ ချုပ်ခြင်းသဘောရှိ၏၊ ရဟန်းတို့ ဤတရားတို့ကို အကြောင်းကိုစွဲ၍ ဖြစ်သောအကျိုး'ပဋိစ္စသမုပ္ပန္န' တရားတို့ဟူ၍ ဆိုအပ်ကုန်၏။

ရဟန်းတို့ အကြင်အခါ၌ အရိယာတပည့်အား ဤသည်ကား အကြောင်း 'ပဋိစ္စသမုပ္ပါဒ်' တရားတည်း၊ဤသည်တို့ကား အကျိုး 'ပဋိစ္စသမုပ္ပန္န' တရားတို့တည်းဟု ဟုတ်မှန်သော အတိုင်း မှန်ကန်သော ပညာဖြင့် ကောင်းစွာ မြင်အပ်ကုန်၏၊ ထိုအခါ ထိုအရိယာ တပည့်သည် ငါသည် လွန်ခဲ့သော ကာလက ဖြစ်ဘူးပြီလော၊ လွန်ခဲ့သော ကာလက မဖြစ်ဘူးသလော၊ လွန်ခဲ့သော ကာလက အဘယ်သို့ ဖြစ်ခဲ့သနည်း၊ လွန်ခဲ့သော ကာလက အဘယ်ပုံဖြစ်ခဲ့သနည်း၊ ငါသည် လွန်ခဲ့ သော ကာလက အဘယ်သို့ ဖြစ်ပြီး၍ အဘယ်သို့ဖြစ်ခဲ့သနည်းဟု ရှေးအဘို့သို့လည်း ပြေးဝင်လတ္တံ့။ ငါသည် နောင်ကာလ၌ ဖြစ်လတ္တံ့လော၊ နောင်ကာလ၌ မဖြစ်လတ္တံ့လော၊ နောင်ကာလ၌ အဘယ်သို့ ဖြစ်လတ္တံ့နည်း၊ နောင်ကာလ၌ အဘယ်ပုံ ဖြစ်လတ္တံ့နည်း၊ ငါသည် နောင်ကာလ၌ အဘယ်သို့ဖြစ်၍ အဘယ်သို့ ဖြစ်လတ္တံ့နည်းဟု နောက်အဘို့သို့လည်း ပြေးဝင်လတ္တံ့။ ငါသည် ဖြစ်နေ သလော၊ မဖြစ်နေသလော၊အဘယ်သို့ ဖြစ်နေသနည်း၊ အဘယ်ပုံ ဖြစ်နေသနည်း၊ဤသတ္တဝါသည် အဘယ်အရပ်မှ လာခဲ့သနည်း၊ ထိုသတ္တဝါသည် အဘယ်အရပ်ကို သွားလတ္တံ့နည်း ဟု ဤယခု မျက်မှောက်လောက၌လည်း မိမိခန္ဓာကိုယ်၌ သို့လောသို့လော(ယုံမှားခြင်း) ဖြစ်လတ္တံ့ ဟူသော ထိုအကြောင်းသည် မရှိ။ ထိုသို့မရှိခြင်းသည် အဘယ်ကြောင့်နည်း၊ ရဟန်းတို့ အရိယာတပည့်အား ဤသည်ကား အကြောင်း 'ပဋိစ္စသမုပ္ပါဒ်' တရားတည်း၊ ဤသည်တို့ကား အကျိုး 'ပဋိစ္စသမုပ္ပန္န' တရားတို့တည်းဟု ဟုတ်မှန်သောအတိုင်း မှန်ကန်သောပညာဖြင့် ကောင်းစွာ မြင်သောကြောင့်ပင် တည်း ဟု (ဟောတော်မူ၏)။

ဒသမသုတ်။

နှစ်ခုမြောက်အာဟာရဝဂ် ပြီး၏။

---

### ၃-ဒသဗလဝဂ် ၁-ဒသဗလသုတ်

၂၁။ သာဝတ္ထိပြည်၌(သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ မြတ်စွာဘုရားသည် အားတော် ဆယ်ပါးနှင့် ပြည့်စုံတော်မူခြင်းကြောင့်ရင်း လေးပါးသော ရဲရင့်ခြင်းတို့နှင့် ပြည့်စုံတော်မူခြင်း ကြောင့်ရင်း မြတ်သောအရာ၌ တည်၏ဟု ဝန်ခံတော်မူ၏၊ ပရိသတ်တို့၌ ခြင်္သေ့သံကဲ့သို့ ကြုံးဝါး

http://www.dhammadownload.com



တော်မူ၏၊ မြတ်သော တရားစက်ကို လည်စေတော်မူ၏၊ ဤသည်ကား ရုပ်တည်း၊ ဤသို့ ရုပ်ဖြစ်ပေါ်၏၊ ဤသို့ ရုပ်ချုပ်၏၊ ဤသည်ကား ဝေဒနာတည်း၊ ဤသို့ ဝေဒနာ ဖြစ်ပေါ်၏၊ ဤသို့ ဝေဒနာချုပ်၏၊ ဤသည်ကား သညာတည်း၊ ဤသို့ သညာ ဖြစ်ပေါ်၏၊ ဤသို့ သညာချုပ်၏၊ ဤသည်ကား သင်္ခါရတို့တည်း၊ ဤသို့ သင်္ခါရဖြစ်ပေါ်၏၊ ဤသို့ သင်္ခါရတို့ ချုပ်ကုန်၏၊ ဤသည်ကား ဝိညာဏ်တည်း၊ ဤသို့ ဝိညာဏ် ဖြစ်ပေါ်၏၊ ဤသို့ ဝိညာဏ် ချုပ်၏၊ဤသို့ ဤအကြောင်းတရားရှိခဲ့သော် ဤအကျိုးတရားဖြစ်၏၊ဤအကြောင်းတရား ဖြစ်ခြင်းကြောင့် ဤအကျိုးတရား ဖြစ်၏၊ဤအကြောင်းတရား မရှိခဲ့သော် ဤအကျိုးတရား မဖြစ်၊ ဤအကြောင်းတရား ချုပ်ခြင်းကြောင့် ဤအကျိုးတရားချုပ်၏၊ ယင်းသို့ အကြောင်း အကျိုးဖြစ်ပုံ ချုပ်ပုံကား မသိမှု 'အဝိဇ္ဇာ' အကြောင်းခံကြောင့် ပြုစီရင်မှု 'သင်္ခါရ' တို့ ဖြစ်ကုန်၏၊ ပြုစီရင်မှု 'သင်္ခါရ'အကြောင်းခံကြောင့် သိမှု 'ဝိညာဏ်'ဖြစ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်ပေါ်၏။ မသိမှု'အဝိဇ္ဇာ'၏သာလျှင် (အရဟတ္တမဂ်ဖြင့်) အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ပြုစီရင်မှု 'သင်္ခါရ'တို့ ချုပ်ကုန်၏၊ပြုစီရင်မှု'သင်္ခါရ'တို့ ချုပ်ခြင်းကြောင့် သိမှု'ဝိညာဏ်'ချုပ်၏။ပ။ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏ ဟု (ကြုံးဝါးတော်မူ၏)။

ပဌမသုတ်။

---

## ၂-ဒုတိယ ဒသဗလသုတ်

၂၂။ သာဝတ္ထိပြည်၌(သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ မြတ်စွာဘုရားသည် အားတော် ဆယ်ပါးနှင့် ပြည့်စုံတော်မူခြင်းကြောင့်၎င်း လေးပါးသော ရဲရင့်ခြင်းတို့နှင့် ပြည့်စုံတော်မူခြင်း ကြောင့်၎င်း မြတ်သော အရာ၌ တည်၏ဟု ဝန်ခံတော်မူ၏၊ ပရိသတ်တို့၌ ခြင်္သေ့သံကဲ့သို့ ကြုံးဝါးတော်မူ၏၊မြတ်သောတရားစက်ကို လည်စေတော်မူ၏၊ ဤသည်ကား ရုပ်တည်း၊ ဤသို့ ရုပ်ဖြစ်ပေါ်၏၊ ဤသို့ ရုပ်ချုပ်၏၊ဤသည်ကား ဝေဒနာတည်း၊ဤသို့ ဝေဒနာ ဖြစ်ပေါ်၏၊ ဤသို့ ဝေဒနာချုပ်၏၊ ဤသည်ကား သညာတည်း၊ ဤသို့ သညာ ဖြစ်ပေါ်၏၊ ဤသို့ သညာချုပ်၏၊ ဤသည်ကား သင်္ခါရတို့တည်း၊ဤသို့ သင်္ခါရတို့ ဖြစ်ပေါ်ကုန်၏၊ဤသို့ သင်္ခါရတို့ ချုပ်ကုန်၏၊ ဤသည်ကား ဝိညာဏ်တည်း၊ဤသို့ ဝိညာဏ်ဖြစ်ပေါ်၏၊ဤသို့ ဝိညာဏ်ချုပ်၏၊ဤသို့ ဤအကြောင်း တရား ရှိခဲ့သော် ဤအကျိုးတရားဖြစ်၏၊ဤအကြောင်းတရား ဖြစ်ခြင်းကြောင့် ဤအကျိုးတရား ဖြစ်၏၊ ဤအကြောင်းတရား မရှိခဲ့သော် ဤအကျိုးတရား မဖြစ်၊ ဤအကြောင်းတရား ချုပ်ခြင်း ကြောင့် ဤအကျိုးတရားချုပ်၏၊ ယင်းသို့ အကြောင်း အကျိုးဖြစ်ပုံ ချုပ်ပုံကား မသိမှု'အဝိဇ္ဇာ' အကြောင်းခံကြောင့် ပြုစီရင်မှု 'သင်္ခါရ'တို့ ဖြစ်ကုန်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏၊ မသိမှု'အဝိဇ္ဇာ'၏ သာလျှင် (အရဟတ္တမဂ်ဖြင့်) အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ပြုစီရင်မှု 'သင်္ခါရ'တို့ ချုပ်ကုန်၏၊ပြုစီရင်မှု'သင်္ခါရ'တို့ ချုပ်ခြင်းကြောင့် သိမှု 'ဝိညာဏ်'ချုပ်၏။ပ။ဤသို့ လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏။

ရဟန်းတို့ ငါဘုရားသည် တရားကို ဤသို့ ကောင်းစွာ ဟောအပ်၏၊ ပေါ်လွင်စေအပ်၏၊ ဖွင့်လှစ်အပ်၏၊ အစုတ်အပြတ် အချုပ်အဖာ မရှိသော ပုဆိုးသစ်ကဲ့သို့ ဝေဖန်ပြအပ်၏၊ ရဟန်းတို့ ငါသည် ဤသို့ ပဋိစ္စသမုပ္ပါဒ် တရားကို ကောင်းစွာ ဟောအပ် ပေါ်လွင်စေအပ် ဖွင့်လှစ်အပ် အစုတ်

http://www.dhammadownload.com



အပြတ် အချုပ်အဖွဲ့ မရှိသော ပုဆိုးသစ်ကဲ့သို့ ဝေဖန်အပ်သည်ရှိသော် သဒ္ဓါတရားဖြင့် ရဟန်းပြုသော အမျိုးကောင်းသားသည် အရေအကြော အရိုးသာ ကြွင်း၍ ကိုယ်၌ အသားအသွေး ကုန်ခန်းခြောက်သွေ့စေဦးတော့၊ ယောကျ်ားတို့ အားအစွမ်း ယောကျ်ားတို့၏ လုံ့လ ယောကျ်ားတို့၏ အားထုတ်မှုဖြင့် ရောက်အပ်သော အရဟတ္တဖိုလ်သို့ မရောက်မူ၍ လုံ့လ၏ ရပ်တံ့ခြင်း မဖြစ်အံ့ဟု အားထုတ်ခြင်းငှါ သင့်သည်သာလျှင်တည်း။

ရဟန်းတို့ ပျင်းရိသော သူသည် ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့ဖြင့် ရောပြွမ်းသည်ဖြစ်၍ ဆင်းရဲစွာ နေရ၏၊ ကြီးမားလှသော မိမိအကျိုးကိုလည်း ဆုတ်ယုတ်စေ၏၊ရဟန်းတို့ ထက်သန်သော လုံ့လရှိသူသည်ကား ယုတ်ညံ့ကုန်သောအကုသိုလ်တရားတို့မှလည်း ကင်းဆိတ်သည်ဖြစ်၍ ချမ်းသာစွာ နေရ၏၊ ကြီးမားလှသော မိမိအကျိုးကိုလည်း ပြည့်စုံစေ၏။ ရဟန်းတို့ ယုတ်သော လုံ့လဖြင့် မြတ်သော(အရဟတ္တဖိုလ်)သို့ မရောက်နိုင်၊မြတ်သောလုံ့လဖြင့်သာ မြတ်သော(အရဟတ္တဖိုလ်)သို့ ရောက်နိုင်၏၊ရဟန်းတို့ ဤမြတ်သော အကျင့်သည် ကြည်လင်သော သောက်ဖွယ် ဖြစ်၏၊မြတ်စွာဘုရားသည်လည်း မျက်မှောက်ရှိ၏၊ရဟန်းတို့ ထို့ကြောင့်ဤသာသနာတော်၌ မရောက်သေးသည့် အရဟတ္တဖိုလ် (နိဗ္ဗာန်)သို့ ရောက်ရန် မရသေးသည်ကို ရရန် မျက်မှောက်မပြုရသေးသည်ကို မျက်မှောက်ပြုရန် လုံ့လကို အားထုတ်ကြကုန်လော့၊ ဤသို့လျှင် ငါတို့၏ ဤရဟန်းအဖြစ်သည် ငါတို့အား မမြုံသည် အကျိုးရှိသည် ကြီးပွါးခြင်းရှိသည် ဖြစ်လတ္တံ့၊ အကြင်သူတို့၏ သင်္ကန်းဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်ကို ငါတို့ သုံးဆောင်မှီဝဲအပ်ကုန်၏၊ငါတို့၌ ပြုအပ်ကုန်သော ထိုသူတို့၏ ကောင်းမှုတို့သည်လည်း ကြီးသော အကျိုးအာနိသင် ရှိကုန်လတ္တံ့ဟု အားထုတ်ကြကုန်လော့၊ရဟန်းတို့ ဤသို့ ကျင့်ရမည်၊ရဟန်းတို့ မိမိ၏ အကျိုးကိုရှုငြင်း သူတပါးတို့၏ အကျိုးကိုရှုငြင်း မိမိအကျိုး သူတပါးအကျိုး နှစ်ပါးစုံကိုရှုငြင်း ကောင်းစွာ မြင်သော သူသည် မမေ့မလျော့မှု အပ္ပမာဒတရားနှင့် ပြည့်စုံစေခြင်းငှါ သင့်သည်သာလျှင်တည်းဟု (ဟောတော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ဥပနိသသုတ်

၂၃။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ သိသောသူ မြင်သောသူအားသာ အာသဝတို့၏ ကုန်ခြင်းကို ငါဆို၏၊မသိသောသူ မမြင်သောသူအား အာသဝတို့၏ ကုန်ခြင်းကို ငါမဆို၊ ရဟန်းတို့ အဘယ်ကို သိသောသူ မြင်သောသူအား အာသဝတို့ကုန်ခြင်း ဖြစ်သနည်း၊ ဤသည်ကား ရုပ်တည်း၊ဤသို့ ရုပ်ဖြစ်ပေါ်၏၊ ဤသို့ ရုပ်ချုပ်၏၊ ဤသည်ကား ဝေဒနာတည်း။ပ။ ဤသည်ကား သညာတည်း။ ဤသည်ကား သင်္ခါရတို့တည်း။ဤသည်ကား ဝိညာဏ်တည်း၊ ဤသို့ ဝိညာဏ်ဖြစ်ပေါ်၏၊ဤသို့ ဝိညာဏ်ချုပ်၏ဟု ဤသို့ သိသူ ဤသို့မြင်သူအား အာသဝတို့ ကုန်ခြင်း ဖြစ်၏။

ရဟန်းတို့ ထိုသိသူ မြင်သူအား အာသဝတို့၏ကုန်ရာ အရဟတ္တဖိုလ် ဖြစ်လတ်သော် အာသဝတို့ကုန်ရာ အရဟတ္တဖိုလ်၌ သိသော ပစ္စဝေက္ခဏာဉာဏ်ကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ဟု ငါဆို၏၊ အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။ ရဟန်းတို့ အာသဝတို့ကုန်ရာ အရဟတ္တဖိုလ်၌ သိသော

http://www.dhammadownload.com



(ပစ္စဝေက္ခဏာဉာဏ်)၏ အကြောင်းကား အဘယ်နည်းဟု(မေးသော်)အာသဝတို့မှလွတ်မြောက်မှု အရဟတ္တဖိုလ် ဟူ၍ ဆိုရာ၏၊ရဟန်းတို့ လွတ်မြောက်မှု အရဟတ္တဖိုလ်ကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ဟု ငါဆို၏။ အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။ ရဟန်းတို့ လွတ်မြောက်မှု အရဟတ္တဖိုလ်၏ အကြောင်းကား အဘယ်နည်း၊တပ်ခြင်း ကင်းမှု အရဟတ္တမဂ်တည်း။ ရဟန်းတို့ တပ်ခြင်းကင်းမှု (အရဟတ္တမဂ်)ကိုလည်း အကြောင်းနှင့်တကွဖြစ်၏ဟု ငါဆို၏။အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။ ရဟန်းတို့ တပ်ခြင်းကင်းမှု(အရဟတ္တမဂ်)၏ အကြောင်းကား အဘယ်နည်း၊ငြီးငွေ့မှု 'နိဗ္ဗိဒါဉာဏ်' တည်း။ ရဟန်းတို့ ငြီးငွေ့မှု 'နိဗ္ဗိဒါဉာဏ်'ကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ ဟု ငါဆို၏။ အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။ရဟန်းတို့ ငြီးငွေ့မှု'နိဗ္ဗိဒါဉာဏ်'၏အကြောင်းကား အဘယ်နည်း၊ ဟုတ်တိုင်းမှန်စွာ သိမြင်သော ဉာဏ်အမြင်တည်း။ ရဟန်းတို့ ဟုတ်တိုင်းမှန်စွာ သိမြင်သောဉာဏ် အမြင်ကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ဟု ငါဆို၏။ အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။ ရဟန်းတို့ ဟုတ်တိုင်းမှန်စွာသိမြင်သော ဉာဏ်အမြင်၏ အကြောင်းကား အဘယ်နည်း၊တည်ကြည်မှု 'သမာဓိ'တည်း။ ရဟန်းတို့ တည်ကြည်မှု'သမာဓိ'ကိုလည်း အကြောင်းနှင့် တကွဖြစ်၏ဟု ငါဆို၏၊ အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။ရဟန်းတို့ တည်ကြည်မှု'သမာဓိ'၏အကြောင်းကား အဘယ် နည်း၊ ချမ်းသာခြင်း 'သုခ'တည်း။ ရဟန်းတို့ ချမ်းသာခြင်း 'သုခ'ကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ဟု ငါဆို၏။ အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။ရဟန်းတို့ ချမ်းသာခြင်း'သုခ'၏ အကြောင်း ကား အဘယ်နည်း၊ ငြိမ်းချမ်းမှု'ပဿဒ္ဓိ'တည်း၊ ရဟန်းတို့ ငြိမ်းချမ်းမှု'ပဿဒ္ဓိ'ကိုလည်း အကြောင်း နှင့်တကွ ဖြစ်၏ဟု ငါဆို၏၊ အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။ ရဟန်းတို့ ငြိမ်းချမ်းမှု 'ပဿဒ္ဓိ'၏ အကြောင်းကား အဘယ်နည်း၊ နှစ်သက်မှု 'ပီတိ'တည်း။ ရဟန်းတို့ နှစ်သက်မှု 'ပီတိ'ကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ ဟု ငါဆို၏၊ အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။ ရဟန်းတို့ နှစ်သက်မှု 'ပီတိ'၏ အကြောင်းကား အဘယ်နည်း၊ ဝမ်းမြောက်မှု'ပါမောဇ္ဇ'တည်း။ရဟန်းတို့ ဝမ်းမြောက်မှု 'ပါမောဇ္ဇ'ကိုလည်း အကြောင်းနှင့်တကွဖြစ်၏ဟု ငါဆို၏၊ အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။ ရဟန်းတို့ ဝမ်းမြောက်မှု 'ပါမောဇ္ဇ'၏ အကြောင်းကား အဘယ်နည်း၊ ယုံကြည်မှု'သဒ္ဓါ'တည်း။ ရဟန်းတို့ ယုံကြည်မှု'သဒ္ဓါ'ကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ဟု ငါဆို၏၊ အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။

ရဟန်းတို့ ယုံကြည်မှု'သဒ္ဓါ'၏ အကြောင်းကား အဘယ်နည်း၊ ဆင်းရဲခြင်း 'ဒုက္ခ'တည်း၊ ရဟန်းတို့ ဆင်းရဲခြင်း'ဒုက္ခ'ကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ဟု ငါဆို၏၊ အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။ရဟန်းတို့ ထိုဆင်းရဲခြင်း'ဒုက္ခ'၏ အကြောင်းကား အဘယ်နည်း၊ ပဋိသန္ဓေနေမှု ဇာတိတည်း၊ ရဟန်းတို့ ဇာတိကိုလည်း အကြောင်းနှင့်တကွဖြစ်၏ဟု ငါဆို၏၊ အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။ ရဟန်းတို့ 'ဇာတိ'၏ အကြောင်းကား အဘယ်နည်း၊ ဘဝတည်း။ ရဟန်းတို့ ဘဝကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ဟု ငါဆို၏၊ အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။ရဟန်းတို့ ဘဝ၏ အကြောင်းကား အဘယ်နည်း၊ ပြင်းစွာ စွဲလမ်းမှု'ဥပါဒါန်'တည်း။ ရဟန်းတို့ ပြင်းစွာ စွဲလမ်းမှု'ဥပါဒါန်'ကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ဟု ငါဆို၏၊ အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။ ရဟန်းတို့ ပြင်းစွာ စွဲလမ်းမှု'ဥပါဒါန်'၏ အကြောင်းကား အဘယ်နည်း၊ တပ်မက်မှု 'တဏှာ'တည်း။ ရဟန်းတို့ တပ်မက်မှု'တဏှာ'ကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ဟု ငါဆို၏၊ အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။

http://www.dhammadownload.com



ရဟန်းတို့ တပ်မက်မှု'တဏှာ'၏ အကြောင်းကား အဘယ်နည်း၊ ခံစားမှု'ဝေဒနာ'တည်း။ပ။ တွေ့ထိမှု'ဖဿ'တည်း။ တည်ရာ'အာယတန'ခြောက်ပါးတည်း။ နာမ်ရုပ်တည်း။ ဝိညာဏ်တည်း။ 'သင်္ခါရ'တို့တည်း။ ရဟန်းတို့ ပြုစီရင်မှု 'သင်္ခါရ'တို့ကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ဟု ငါဆို၏၊ အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။ သင်္ခါရတို့၏ အကြောင်းကား အဘယ်နည်း၊ မသိမှု 'အဝိဇ္ဇာ'တည်း။

ရဟန်းတို့ ဤသို့လျှင် ပြုစီရင်မှု'သင်္ခါရ'တို့သည် မသိမှု 'အဝိဇ္ဇာ'လျှင် အကြောင်းရှိကုန်၏၊ သိမှု'ဝိညာဏ်'သည် သင်္ခါရတို့လျှင် အကြောင်းရှိ၏၊ နာမ်ရုပ်သည် ဝိညာဏ်လျှင် အကြောင်းရှိ၏၊ တည်ရာ 'အာယတန'ခြောက်ပါး 'သဠာယတန'သည် နာမ်ရုပ်လျှင် အကြောင်းရှိ၏။ ဖဿသည် သဠာယတနလျှင် အကြောင်းရှိ၏၊ ခံစားမှု'ဝေဒနာ'သည် တွေ့ထိမှု 'ဖဿ'လျှင် အကြောင်းရှိ၏၊ တပ်မက်မှု 'တဏှာ'သည်ဝေဒနာလျှင် အကြောင်းရှိ၏၊ ပြင်းစွာစွဲလမ်းမှု 'ဥပါဒါန်'သည် တဏှာလျှင်အကြောင်းရှိ၏၊ဘဝသည် ဥပါဒါန်လျှင် အကြောင်းရှိ၏၊ ပဋိသန္ဓေနေမှု'ဇာတိ'သည်ဘဝလျှင် အကြောင်းရှိ၏၊ ဆင်းရဲခြင်းဒုက္ခသည် ပဋိသန္ဓေနေမှု 'ဇာတိ'လျှင် အကြောင်းရှိ၏၊ ယုံကြည်မှု 'သဒ္ဓါ'သည် ဆင်းရဲခြင်း'ဒုက္ခ'လျှင် အကြောင်းရှိ၏၊ ဝမ်းမြောက်ခြင်း'ပါမောဇ္ဇ'သည် သဒ္ဓါလျှင် အကြောင်းရှိ၏၊ နှစ်သက်ခြင်း'ပီတိ'သည် ပါမောဇ္ဇလျှင် အကြောင်းရှိ၏၊ ငြိမ်းအေးခြင်း 'ပဿဒ္ဓိ' သည် ပီတိလျှင် အကြောင်းရှိ၏၊ ချမ်းသာခြင်း 'သုခ'သည် ပဿဒ္ဓိလျှင် အကြောင်းရှိ၏၊ တည်ကြည်မှု'သမာဓိ'သည် သုခလျှင် အကြောင်းရှိ၏၊ ယထာဘူတဉာဏ်အမြင်သည် သမာဓိလျှင် အကြောင်းရှိ၏၊ နိဗ္ဗိဒါဉာဏ်သည် ယထာဘူတဉာဏ်လျှင် အကြောင်းရှိ၏၊ တပ်ခြင်းကင်းမှု (အရဟတ္တမဂ်)သည် နိဗ္ဗိဒါဉာဏ်လျှင် အကြောင်းရှိ၏၊ ဝိမုတ္တိ (ဟူသော အရဟတ္တဖိုလ်) သည် တပ်ခြင်းကင်းမှု (အရဟတ္တမဂ်)လျှင် အကြောင်းရှိ၏၊ အာသဝေါတရားတို့ ကုန်ခြင်း၌ သိသော ပစ္စဝေက္ခဏာ ဉာဏ်သည် ဝိမုတ္တိ(ဟူသော အရဟတ္တဖိုလ်)လျှင် အကြောင်းရှိ၏။

ရဟန်းတို့ ဥပမာသော်ကား တောင်ထိပ်၌ တခဲနက် မိုးသည်းထန်စွာ ရွာသွန်းသည်ရှိသော် ထိုရေသည် နိမ့်ရာနိမ့်ရာသို့ စီးသွား၍ တောင်ချောက် ပပ်ကြားကွဲ မြောင်းငယ် မြောင်းကြီးတို့ကို ပြည့်စေ၏၊တောင်ချောက်ပပ်ကြားကွဲ မြောင်းငယ် မြောင်းကြီးတို့ ပြည့်လတ်သော် အိုင်ငယ်တို့ကို ပြည့်စေကုန်၏၊ အိုင်ငယ်တို့ ပြည့်လတ်သော် အိုင်ကြီးတို့ကို ပြည့်စေကုန်၏၊အိုင်ကြီးတို့ ပြည့်လတ်သော် မြစ်ငယ်တို့ကို ပြည့်စေကုန်၏၊ မြစ်ငယ်တို့ ပြည့်လတ်သော် မြစ်ကြီးတို့ကို ပြည့်စေကုန်၏၊ မြစ်ကြီးတို့ ပြည့်လတ်သော် မဟာသမုဒ္ဒရာကို ပြည့်စေကုန်၏။

ရဟန်းတို့ ဤဥပမာ အတူသာလျှင် သင်္ခါရတို့သည် အဝိဇ္ဇာလျှင် အကြောင်းရှိကုန်၏၊ဝိညာဏ်သည် သင်္ခါရလျှင်အကြောင်းရှိ၏၊နာမ်ရုပ်သည် ဝိညာဏ်လျှင် အကြောင်းရှိ၏၊အာယတနခြောက်ပါးသည် နာမ်ရုပ်လျှင် အကြောင်းရှိ၏၊ ဖဿသည် အာယတနခြောက်ပါးလျှင် အကြောင်းရှိ၏၊ ဝေဒနာသည် ဖဿလျှင်အကြောင်းရှိ၏၊ တဏှာသည် ဝေဒနာလျှင် အကြောင်းရှိ၏၊ဥပါဒါန်သည် တဏှာလျှင် အကြောင်းရှိ၏၊ ဘဝသည် ဥပါဒါန်လျှင် အကြောင်းရှိ၏၊ ဇာတိသည် ဘဝလျှင် အကြောင်းရှိ၏၊ဆင်းရဲခြင်း'ဒုက္ခ'သည်ဇာတိလျှင်အကြောင်းရှိ၏၊သဒ္ဓါသည်ဆင်းရဲခြင်း'ဒုက္ခ'လျှင် အကြောင်းရှိ၏၊ ဝမ်းမြောက်ခြင်း'ပါမောဇ္ဇ'သည် သဒ္ဓါလျှင် အကြောင်းရှိ၏၊ပီတိသည် ပါမောဇ္ဇလျှင် အကြောင်းရှိ၏၊ ပဿဒ္ဓိသည် ပီတိလျှင် အကြောင်းရှိ၏၊ သုခသည် ပဿဒ္ဓိလျှင် အကြောင်းရှိ၏၊ သမာဓိသည် သုခလျှင် အကြောင်းရှိ၏၊ ယထာဘူတဉာဏ်အမြင်သည် သမာဓိလျှင်

http://www.dhammadownload.com



အကြောင်း ရှိ၏၊ နိဗ္ဗိဒါဉာဏ်သည် ယထာဘူတဉာဏ် အမြင်လျှင် အကြောင်းရှိ၏၊ တပ်ခြင်း ကင်းမှု(အရဟတ္တမဂ်)သည် နိဗ္ဗိဒါဉာဏ်လျှင် အကြောင်းရှိ၏၊ဝိမုတ္တိ(ဟူသော အရဟတ္တဖိုလ်)သည် တပ်ခြင်းကင်းမှု (အရဟတ္တမဂ်)လျှင် အကြောင်းရှိ၏၊ အာသဝေါတရားတို့ ကုန်ခြင်း၌ သိသော စ္စဝေက္ခဏာဉာဏ်သည် ဝိမုတ္တိ(ဟူသော အရဟတ္တဖိုလ်)လျှင် အကြောင်းရှိ၏ ဟု (ဟောတော် ၏)။

တတိယသုတ်။

---

## ၄-အညတိတ္ထိယသုတ်

၂၄။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ အသျှင် သာရိပုတြာသည် နံနက်အခါ သင်္ကန်းကို ကောင်းစွာ ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ဆောင်ယူပြီး လျှင် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူ၏၊ ထိုအခါ အသျှင်သာရိပုတြာအား– "ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံခြင်းငှါ အလွန်စောသေး၏၊သာသနာတော် ပြင်ပဖြစ်သည့် တိတ္ထိပရိဗိုဇ်တို့ကျောင်းတိုက်သို့ ငါ ချဉ်းကပ်ရမူ ကောင်းလေစွ"ဟု အကြံဖြစ်၏။

ထို့နောက် အသျှင်သာရိပုတြာသည် သာသနာပြင်ပ တိတ္ထိပရိဗိုဇ်တို့ ကျောင်းတိုက်သို့ ချဉ်းကပ်ပြီး၍ တိတ္ထိပရိဗိုဇ်တို့နှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို ပြီးဆုံးစေပြီးလျှင် တခုသောနေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေပြီးသော အသျှင်သာရိပုတြာအား တိတ္ထိ ပရိဗိုဇ်တို့သည် ဤသို့ ဆိုကြကုန်၏—

"ငါ့သျှင်သာရိပုတြာ ဆင်းရဲကို ကိုယ်တိုင် ပြုအပ်၏ဟု ပညတ်ကြသည့် ကမ္မဝါဒီ သမဏ ဗြာဟ္မဏအချို့တို့ ရှိကုန်၏၊ ငါ့သျှင် သာရိပုတြာ ဆင်းရဲကို သူတပါး ပြုအပ်၏ဟု ပညတ်ကြသည့် ကမ္မဝါဒီ သမဏဗြာဟ္မဏအချို့တို့ ရှိကုန်၏၊ ငါ့သျှင်သာရိပုတြာ ဆင်းရဲကို ကိုယ်တိုင်လည်းပြုအပ် သူတပါးလည်း ပြုအပ်၏ဟု ပညတ်ကြသည့် ကမ္မဝါဒီ သမဏဗြာဟ္မဏအချို့တို့ ရှိကုန်၏၊ ငါ့သျှင် သာရိပုတြာ ဆင်းရဲကို ကိုယ်တိုင်လည်း ပြုအပ်သည်လည်း မဟုတ်၊ သူတပါးတို့ ပြုအပ်သည်လည်း မဟုတ်ဟု ပညတ်ကြသည့် ကမ္မဝါဒီ သမဏဗြာဟ္မဏအချို့တို့ ရှိကုန်၏၊ငါ့သျှင်သာရိပုတြာ ဤအရာ၌ ရဟန်းဂေါတမသည် အဘယ်သို့ အယူရှိပါသနည်း၊ အဘယ်သို့ ဟောကြားပါသနည်း၊အကျွန်ုပ်တို့ သည် အဘယ်သို့ ပြောကြားသည်ရှိသော် ရဟန်းဂေါတမ(ဆိုသော)စကားကိုပင် အတုလိုက်၍ ဆိုသည် မည်ပါကုန်သနည်း၊ ရဟန်း ဂေါတမကို မဟုတ်မမှန်သော စကားဖြင့် မစွပ်စွဲသည် မည်ပါကုန်အံ့နည်း၊ အသျှင်ဂေါတမ၏ တရားနှင့်လျော်သော တရားကိုလည်း ပြောကြားသည် မည်ပါကုန်အံ့နည်း၊ အကြောင်းနှင့်တကွ အယူသို့ ကျရောက်ခြင်းသည် တစုံတရာ ကဲ့ရဲ့ဖွယ် အကြောင်းသို့ မရောက်ပဲ ရှိပါကုန်အံ့နည်း"ဟု ဆိုကြကုန်၏။

ငါ့သျှင်တို့ ဆင်းရဲဒုက္ခကို စွဲ၍ဖြစ်သော ပဋိစ္စသမုပ္ပန္နတရားဟု မြတ်စွာဘုရား ဟောတော်မူ အပ်၏၊ အဘယ်ကို စွဲ၍ ဖြစ်သနည်း၊ တွေ့ထိမှု'ဖဿ'ကို စွဲ၍ ဖြစ်၏၊ဤသို့ဆိုသော သူသည် မြတ်စွာ ဘုရား ဆိုသော စကားကိုပင် အတုလိုက်၍ ဆိုသည်မည်၏၊ မြတ်စွာဘုရားကို မဟုတ်မမှန်သော စကားဖြင့် မစွပ်စွဲသည်မည်၏၊ မြတ်စွာဘုရား၏ တရားနှင့်လျော်သော တရားကိုလည်း ပြောကြား

http://www.dhammadownload.com



သည်မည်၏၊ အကြောင်းနှင့်တကွ အယူသို့ ကျရောက်ခြင်းသည် တစုံတရာကဲ့ရဲ့ဖွယ် အကြောင်းသို့ မရောက်ပဲ ရှိရာ၏။

ငါ့သျှင်တို့ ထိုအယူလေးပါးတို့တွင် အကြင်ကမ္မဝါဒီ သမဏဗြာဟ္မဏတို့သည် ဆင်းရဲဒုက္ခကို ကိုယ်တိုင် ပြုအပ်၏ဟူ၍ ပညတ်ကုန်၏၊ထိုသမဏဗြာဟ္မဏတို့၏ ဝေဒနာသည်လည်း တွေ့ထိမှု 'ဖဿ' အကြောင်းခံကြောင့် ဖြစ်၏၊ အကြင်ကမ္မဝါဒီသမဏဗြာဟ္မဏတို့သည် ဆင်းရဲဒုက္ခကို သူတပါး ပြုအပ်၏ဟူ၍ ပညတ်ကုန်၏၊ထိုသမဏဗြာဟ္မဏတို့၏ဝေဒနာသည်လည်း ဖဿအကြောင်းခံကြောင့် ဖြစ်၏၊ အကြင်ကမ္မဝါဒီသမဏဗြာဟ္မဏတို့သည် ဆင်းရဲဒုက္ခကို ကိုယ်တိုင်လည်း ပြုအပ်၏၊ သူတပါး လည်း ပြုအပ်၏ဟူ၍ ပညတ်ကုန်၏၊ ထိုသမဏဗြာဟ္မဏတို့၏ ဝေဒနာသည်လည်း ဖဿအကြောင်း ခံကြောင့် ဖြစ်၏၊ အကြင်ကမ္မဝါဒီသမဏဗြာဟ္မဏတို့သည် ဆင်းရဲဒုက္ခကို ကိုယ်တိုင် ပြုသည်လည်း မဟုတ်၊ သူတပါးတို့ ပြုသည်လည်း မဟုတ် အကြောင်းမဲ့ဖြစ်၏ဟု ပညတ်ကုန်၏၊ထိုသမဏဗြာဟ္မဏ တို့၏ ဝေဒနာသည်လည်း ဖဿ အကြောင်းခံကြောင့် ဖြစ်၏။

ငါ့သျှင်တို့ ထိုအယူလေးပါးတို့တွင် ဆင်းရဲဒုက္ခကို ကိုယ်တိုင်ပြုအပ်၏ဟုပညတ်ကုန်သော ကမ္မဝါဒီသမဏဗြာဟ္မဏတို့သည်စင်စစ်အားဖြင့် တွေ့ထိမှု'ဖဿ'ကိုကြဉ်ထား၍ ဆင်းရဲဒုက္ခကို ခံစားကုန်လတ္တံ့ဟူသော ဤအကြောင်းသည် မရှိ၊ဆင်းရဲဒုက္ခကို သူတပါးတို့ ပြုအပ်၏ဟုပညတ်ကုန်သော ကမ္မဝါဒီ သမဏဗြာဟ္မဏတို့သည် စင်စစ်အားဖြင့် ဖဿကိုကြဉ်ထား၍ ဆင်းရဲကို ခံစားကုန်လတ္တံ့ ဟူသောဤအကြောင်းသည် မရှိ။ ဆင်းရဲဒုက္ခကို ကိုယ်တိုင်လည်း ပြုအပ်၏၊သူတပါးလည်းပြုအပ်၏ ဟူ၍ပညတ်ကုန်သော ကမ္မဝါဒီ သမဏဗြာဟ္မဏတို့သည် စင်စစ်အားဖြင့် ဖဿကိုကြဉ်ထား၍ ဆင်းရဲကို ခံစားကုန်လတ္တံ့ ဟူသော ဤအကြောင်းသည်မရှိ၊ဆင်းရဲဒုက္ခတို့ကို ကိုယ်တိုင်လည်းပြုအပ်သည် မဟုတ် သူတပါးလည်း ပြုအပ်သည်မဟုတ်၊ အကြောင်းမဲ့ဖြစ်၏ ဟူ၍ ပညတ်ကုန်သော ကမ္မဝါဒီ သမဏဗြာဟ္မဏတို့သည် စင်စစ်အားဖြင့် ဖဿကို ကြဉ်ထား၍ ခံစားကုန်လတ္တံ့ ဟူသော ဤ အကြောင်းသည် မရှိဟု ဟောတော်မူ၏။

အသျှင်အာနန္ဒာသည် သာသနာပြင်ပ အယူရှိသော တိတ္ထိပရိဗိုဇ်တို့နှင့်အတူ အသျှင် သာရိပုတြာ၏ ဤစကား ပြောဟောနေသည်ကို ကြားလေသော် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံပြီးလျှင် ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခဲ့၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကာ မြတ်စွာဘုရားကို ရှိခိုးပြီး လျှင် တခုသော နေရာ၌ ထိုင်ပြီးသော် သာသနာတော်ပြင်ပအယူရှိသော တိတ္ထိပရိဗိုဇ်တို့နှင့် အတူ အသျှင်သာရိပုတြာ၏ ပြောသမျှ စကား အလုံးစုံကို မြတ်စွာဘုရားအား လျှောက်ကြား၏။

အာနန္ဒာ ကောင်းစွာ ဖြေကြားလိုသူသည် သာရိပုတြာဖြေကြားသကဲ့သို့ ဖြေကြားရာ၏၊ အာနန္ဒာ ဆင်းရဲဒုက္ခကို စွဲ၍ဖြစ်သော ပဋိစ္စသမုပ္ပန္နတရားဟူ၍ ငါဘုရား ဟော၏၊ အဘယ်ကို စွဲ၍ ဖြစ်သနည်း၊ ဖဿကို စွဲ၍ ဖြစ်၏၊ ဤသို့ ဆိုသော သူသည် ငါဘုရားဆိုသော စကားကိုပင် အတု လိုက်၍ ဆိုသည် မည်ရာ၏၊ ငါဘုရားကိုလည်း မဟုတ်မမှန်သော စကားဖြင့် မစွပ်စွဲသည် ဖြစ်ရာ၏၊ ငါဘုရား၏ တရားနှင့် လျော်သော တရားကိုလည်း ပြောကြားသည် မည်ရာ၏၊ အကြောင်းနှင့် တကွ အယူသို့ ကျရောက်ခြင်းသည် တစုံတရာ ကဲ့ရဲ့ဖွယ် အကြောင်းသို့ မရောက်ပဲ ရှိရာ၏။

အာနန္ဒာ ထိုအယူလေးပါးတို့တွင် အကြင် ကမ္မဝါဒီ သမဏဗြာဟ္မဏတို့သည် ဆင်းရဲဒုက္ခကို ကိုယ်တိုင် ပြုအပ်၏ဟူ၍ ပညတ်ကုန်၏၊ထိုသမဏဗြာဟ္မဏတို့၏ ဝေဒနာသည်လည်း တွေ့ထိမှု 'ဖဿ' အကြောင်းခံကြောင့် ဖြစ်၏။ပ။ အကြင်ကမ္မဝါဒီသမဏဗြာဟ္မဏတို့သည်။ပ။ အကြင်ကမ္မဝါဒီ

http://www.dhammadownload.com



သမဏဗြာဟ္မဏတို့သည်ကား။ပ။ အကြင်ကမ္မဝါဒီသမဏဗြာဟ္မဏတို့သည် ဆင်းရဲဒုက္ခကို ကိုယ်တိုင် ပြုအပ်သည်လည်း မဟုတ်၊ သူတပါးတို့ ပြုအပ်သည်လည်း မဟုတ်၊ အကြောင်းမဲ့ ဖြစ်၏ဟု ပညတ်ကုန်၏၊ ထိုသမဏဗြာဟ္မဏတို့၏ ဝေဒနာသည်လည်း တွေ့ထိမှု ဖဿအကြောင်းခံကြောင့် ဖြစ်၏။

အာနန္ဒာ ထိုအယူလေးပါးတို့တွင် ဆင်းရဲဒုက္ခကို ကိုယ်တိုင် ပြုအပ်သည်ဟူ၍ ပညတ်ကြကုန်သော ကမ္မဝါဒီသမဏဗြာဟ္မဏတို့သည် ဖဿကို ကြဉ်ထား၍ ဆင်းရဲကို ခံစားကုန်လတ္တံ့ဟူသော ဤအကြောင်းသည် မရှိ၊ သမဏဗြာဟ္မဏတို့သည်။ပ။ သမဏဗြာဟ္မဏတို့သည်။ပ။ ဆင်းရဲဒုက္ခကို ကိုယ်တိုင်လည်းပြုသည်လည်းမဟုတ်၊ သူတပါးတို့ပြုသည်လည်းမဟုတ်၊ အကြောင်းမဲ့ဖြစ်၏ဟု ပညတ်ကုန်သော ကမ္မဝါဒီ သမဏဗြာဟ္မဏတို့သည် စင်စစ်အားဖြင့် ဖဿကိုကြဉ်ထား၍ ဆင်းရဲကို ခံစားကုန်လတ္တံ့ဟူသော ဤအကြောင်းသည်မရှိ။

အာနန္ဒာ အခါတပါး၌ ငါဘုရားသည် ဤရာဇဂြိုဟ်ပြည်၌ ပင်လျှင် နှံ့ခွံနက်စားကို အစာကျွေး၍ မွေးရာဖြစ်သောဝေဠုဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ အာနန္ဒာ ထိုအခါ ငါဘုရားသည် နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံဝင်၏၊ အာနန္ဒာ ထိုငါဘုရားအား“ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံခြင်းငှါအလွန်စောသေး၏၊ ငါသည် သာသနာတော်ပြင်ပ အယူရှိကုန်သော တိတ္ထိပရိဗိုဇ်တို့၏ အရံသို့ ချဉ်းကပ်ရမူကား ကောင်းရာ၏” ဟု အကြံဖြစ်၏။

အာနန္ဒာ ထိုအခါ ငါဘုရားသည် သာသနာတော်ပြင်ပ အယူရှိကုန်သော တိတ္ထိပရိဗိုဇ်တို့၏ အရံသို့ ချဉ်းကပ်ပြီးလျှင် ထိုသာသနာတော်ပြင်ပ အယူရှိကုန်သော တိတ္ထိပရိဗိုဇ်တို့နှင့် အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် ပြောဆိုပြီးလျှင် တခုသော နေရာ၌ထိုင်နေ၏၊ အာနန္ဒာ တခုသော နေရာ၌ ထိုင်နေပြီးသော ငါဘုရားအား ထိုသာသနာပြင်ပ အယူရှိကုန်သော တိတ္ထိပရိဗိုဇ်တို့သည် ဤစကားကို လျှောက်ကုန်၏—

“ငါ့သျှင်ဂေါတမ ဆင်းရဲကို ကိုယ်တိုင်ပြုအပ်၏ဟု ပညတ်ကြသည့် ကမ္မဝါဒီ သမဏဗြာဟ္မဏ အချို့တို့ရှိကုန်၏၊ ငါ့သျှင်ဂေါတမ ဆင်းရဲကို သူတပါး ပြုအပ်၏ဟု ပညတ်ကြသည့် ကမ္မဝါဒီသမဏဗြာဟ္မဏ အချို့တို့ရှိကုန်၏၊ ငါ့သျှင်ဂေါတမ ဆင်းရဲကို ကိုယ်တိုင်လည်း ပြုအပ် သူတပါးလည်း ပြုအပ်၏ဟု ပညတ်ကြသည့် ကမ္မဝါဒီသမဏဗြာဟ္မဏအချို့တို့ရှိကုန်၏၊ ငါ့သျှင်ဂေါတမ ဆင်းရဲကို ကိုယ်တိုင်လည်း ပြုအပ်သည်မဟုတ်၊သူတပါးလည်း ပြုအပ်သည်မဟုတ်ဟု ပညတ်ကြသည့် ကမ္မဝါဒီ သမဏဗြာဟ္မဏ အချို့တို့ရှိကုန်၏။ ဤအရာ၌ အသျှင်ဂေါတမသည် အဘယ်သို့ အယူရှိပါသနည်း၊ အဘယ်သို့ ဟောကြားပါသနည်း၊ အဘယ်သို့ ပြောကြားသည်ရှိသော် အသျှင်ဂေါတမ ဆိုသောစကားကိုပင် အတုလိုက်၍ ဆိုသည် မည်ပါကုန်အံ့နည်း၊ အသျှင်ဂေါတမကို မဟုတ်မမှန်သောစကားဖြင့် မစွပ်စွဲသည် မည်ပါကုန်အံ့နည်း၊ အသျှင်ဂေါတမ တရားနှင့်လျော်သော တရားကိုလည်းပြောကြားသည် မည်ပါကုန်အံ့နည်း၊အကြောင်းနှင့်တကွ အယူသို့ ကျရောက်ခြင်းသည် တစုံတရာ ကဲ့ရဲ့ဖွယ် အကြောင်းသို့ မရောက်ပဲ ရှိပါကုန်အံ့နည်း”ဟု (လျှောက်၏)။

အာနန္ဒာ ဤသို့ ဆိုအပ်သည်ရှိသော် ငါသည် သာသနာတော်ပြင်ပ အယူရှိကုန်သော ထိုပရိဗိုဇ်တို့အား ဤသို့သောစကားကိုမိန့်ဆို၏ “ငါ့သျှင်တို့ ဆင်းရဲဒုက္ခကိုစွဲ၍ဖြစ်သော ပဋိစ္စသမုပ္ပန္နတရားဟူ၍ ငါဟောအပ်၏၊အဘယ်ကိုစွဲ၍ ဖြစ်သနည်း၊ဖဿကို စွဲ၍ဖြစ်၏၊ ဤသို့ဆိုသောသူသည် ငါဆိုသောစကားကိုပင် အတုလိုက်၍ ဆိုသည်မည်ရာ၏၊ ငါ့ကိုလည်း မဟုတ်မမှန်သော

http://www.dhammadownload.com



စကားဖြင့် မစွပ်စွဲသည် မည်၏၊ ငါ၏ တရားနှင့်လျော်သော တရားကိုလည်း ပြောကြားသည် မည်၏၊ အကြောင်းနှင့်တကွ အယူသို့ ကျရောက်ခြင်းသည် တစုံတရာ ကဲ့ရဲ့ဖွယ်အကြောင်းသို့ မရောက်ပဲ ရှိရာ၏ ဟု (မိန့်ဆို၏)။

ငါ့သျှင်တို့ ထိုအယူလေးပါးတို့တွင် အကြင် ကမ္မဝါဒီ သမဏဗြာဟ္မဏတို့သည် ဆင်းရဲဒုက္ခကို ကိုယ်တိုင် ပြုအပ်၏ဟူ၍ပညတ်ကုန်၏၊ ထိုသမဏဗြာဟ္မဏတို့၏ ဝေဒနာသည်လည်း ဖဿအကြောင်း ခံကြောင့် ဖြစ်၏၊ အကြင် သမဏဗြာဟ္မဏတို့သည်လည်း ။ပ။ အကြင် သမဏဗြာဟ္မဏတို့သည် လည်း။ပ။ အကြင်ကမ္မဝါဒီသမဏဗြာဟ္မဏတို့သည်ကား ဆင်းရဲဒုက္ခကို ကိုယ်တိုင်ပြုအပ်သည်လည်း မဟုတ်၊ သူတပါး ပြုအပ်သည်လည်း မဟုတ်၊ အကြောင်းမဲ့ဖြစ်၏ဟူ၍ ပညတ်ကုန်၏၊ ထိုသမဏ ဗြာဟ္မဏတို့၏ ဝေဒနာသည်လည်း ဖဿအကြောင်းခံကြောင့် ဖြစ်၏။

ငါ့သျှင်တို့ ထိုအယူလေးပါးတို့တွင် ဆင်းရဲဒုက္ခကို ကိုယ်တိုင် ပြုအပ်၏ဟူ၍ ပညတ်ကုန်သော ကမ္မဝါဒီ သမဏဗြာဟ္မဏတို့သည် စင်စစ်အားဖြင့် ဖဿကိုကြဉ်ထား၍ ဆင်းရဲကို ခံစား ကုန်လတ္တံ့ဟူသော ဤအကြောင်းသည် မရှိ၊ သမဏဗြာဟ္မဏတို့သည်။ပ။ သမဏဗြာဟ္မဏတို့ သည်ကား။ပ။ ဆင်းရဲဒုက္ခကို ကိုယ်တိုင်ပြုအပ်သည်လည်း မဟုတ်၊ သူတပါးပြုအပ်သည်လည်း မဟုတ်၊အကြောင်းမဲ့ဖြစ်၏ဟု ပညတ်ကုန်သော ကမ္မဝါဒီ သမဏဗြာဟ္မဏတို့သည် စင်စစ် အားဖြင့် ဖဿကို ကြဉ်ထား၍ ဆင်းရဲကို ခံစားကုန်လတ္တံ့ ဟူသောဤအကြောင်းသည် မရှိဟု ဟောတော် မူ၏။ အသျှင်ဘုရား အံ့ဖွယ်ရှိပါ၏၊ အသျှင်ဘုရား မဖြစ်ဘူးမြဲ ဖြစ်ပါ၏၊ ယင်းသို့သော အရာ၌ တခုသော ပုဒ်ဖြင့် အလုံးစုံသော အနက်ကို ဟောအပ်သည် ဖြစ်ဘိ၏၊အသျှင်ဘုရား ဤအနက်ကို ပင်လျှင် အကျယ်အားဖြင့် ဟောသည်ရှိသော် နက်နဲသည်လည်း ဖြစ်ရာ၏၊နက်နဲသော အသွင် ရှိသည်လည်း ဖြစ်ရာ၏ဟု လျှောက်၏။

အာနန္ဒာ သို့ဖြစ်လျှင် ဤအရာဝယ် သင့်ဉာဏ်၌ ထင်စေလော့ဟု မိန့်တော်မူ၏၊ အသျှင်ဘုရား အကျွန်ုပ်ကို ငါ့သျှင်အာနန္ဒာ အိုခြင်း'ဇရာ'သေခြင်း'မရဏ'သည် အဘယ်တရားလျှင် အကြောင်းခံ ရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်း ရှိသနည်း၊ အဘယ်တရားကြောင့် ဖြစ်သနည်း၊ အဘယ်တရားလျှင် အမွန်အစ ရှိသနည်း ဟု မေးလာကြကုန်မူ ငါ့သျှင်တို့ အိုခြင်း 'ဇရာ' သေခြင်း 'မရဏ'သည် စင်စစ် 'ဇာတိ'လျှင် အကြောင်းခံရှိ၏၊ဇာတိလျှင် ဖြစ်ပေါ်ကြောင်းရှိ၏၊ 'ဇာတိ'ကြောင့်ဖြစ်၏၊ 'ဇာတိ'လျှင် အမွန်အစရှိ၏ ဟု ဤသို့ဖြေကြားပါအံ့။

အသျှင်ဘုရား အကျွန်ုပ်ကို ငါ့သျှင်အာနန္ဒာ ပဋိသန္ဓေနေမှု 'ဇာတိ'သည် အဘယ်တရားလျှင် အကြောင်းခံရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်းရှိသနည်း၊ အဘယ်တရားကြောင့် ဖြစ်သနည်း၊အဘယ်တရားလျှင် အမွန်အစရှိသနည်း ဟု မေးလာကြကုန်မူ ပဋိသန္ဓေနေမှု'ဇာတိ' သည် ဘဝလျှင်အကြောင်းခံရှိ၏၊ ဘဝလျှင် ဖြစ်ပေါ်ကြောင်း ရှိ၏၊ ဘဝကြောင့် ဖြစ်၏၊ဘဝလျှင် အမွန်အစရှိ၏ ဟု ဤသို့ဖြေကြားပါအံ့။

အသျှင်ဘုရား အကျွန်ုပ်ကို ငါ့သျှင်အာနန္ဒာ ဘဝသည် အဘယ်တရားလျှင် အကြောင်းခံ ရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်း ရှိသနည်း၊ အဘယ်တရားကြောင့် ဖြစ်သနည်း၊ အဘယ်တရားလျှင် အမွန်အစရှိသနည်း ဟု မေးလာကြကုန်မူ ဘဝသည် ပြင်းစွာ စွဲလမ်းမှု'ဥပါဒါန်' တရားလျှင် အကြောင်းခံရှိ၏၊ ဥပါဒါန်လျှင် ဖြစ်ပေါ်ကြောင်းရှိ၏ ဥပါဒါန်ကြောင့် ဖြစ်၏၊ ဥပါဒါန်လျှင် အမွန်အစရှိ၏ ဟု ဤသို့ ဖြေကြားပါအံ့။

http://www.dhammadownload.com



အသျှင်ဘုရား အကျွန်ုပ်ကို ငါ့သျှင်အာနန္ဒာ ပြင်းစွာစွဲလမ်းမှု'ဥပါဒါန်'သည်။ပ။ငါ့သျှင် တပ်မက်မှု'တဏှာ'သည်။ပ။ငါ့သျှင် ခံစားမှု'ဝေဒနာသည်။ပ၊ အသျှင်ဘုရား အကျွန်ုပ်ကို ငါ့သျှင်အာနန္ဒာ တွေ့ထိမှု 'ဖဿ'သည် အဘယ်တရားလျှင် အကြောင်းခံရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်းရှိသနည်း၊ အဘယ်တရားကြောင့် ဖြစ်သနည်း၊ အဘယ်တရားလျှင် အမွန်အစရှိသနည်း ဟု မေးလာကြကုန်မူ တွေ့ထိမှု'ဖဿ'သည် တည်ရာ 'အာယတန' ခြောက်ပါးလျှင် အကြောင်းခံရှိ၏၊ အာယတနခြောက်ပါးလျှင် ဖြစ်ပေါ်ကြောင်းရှိ၏၊ အာယတန ခြောက်ပါးကြောင့် ဖြစ်၏၊ အာယတန ခြောက်ပါးလျှင် အမွန်အစရှိ၏ဟု ဤသို့ ဖြေကြားပါအံ့။ ငါ့သျှင် ဖဿ၏ တည်ရာ 'အာယတန'ခြောက်ပါးတို့၏ (အရဟတ္တမဂ်ဖြင့်) အကြွင်းမဲ့ ချုပ်ခြင်းကြောင့် တွေ့ထိမှု 'ဖဿ' ချုပ်၏၊ ဖဿချုပ်ခြင်းကြောင့် ခံစားမှု 'ဝေဒနာ'ချုပ်၏၊ ခံစားမှု'ဝေဒနာ' ချုပ်ခြင်းကြောင့် တပ်မက်မှု'တဏှာ' ချုပ်၏၊ တပ်မက်မှု 'တဏှာ' ချုပ်ခြင်းကြောင့် ပြင်းစွာစွဲလမ်းမှု 'ဥပါဒါန်' ချုပ်၏၊ ပြင်းစွာစွဲလမ်းမှု 'ဥပါဒါန်'ချုပ်ခြင်းကြောင့် ဘဝချုပ်၏၊ ဘဝချုပ်ခြင်းကြောင့်ပဋိသန္ဓေနေမှု'ဇာတ်'ချုပ်၏၊ ဇာတိချုပ်ခြင်းကြောင့် အိုခြင်း'ဇရာ' သေခြင်း'မရဏ'စိုးရိမ်ခြင်း 'သောက' ငိုကြွေးခြင်း'ပရိဒေဝ' ဆင်းရဲခြင်း'ဒုက္ခ' နှလုံးမသာခြင်း'ဒေါမနဿ' ပြင်းစွာပင်ပန်းခြင်း 'ဥပါယာသ'တို့ ချုပ်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစုချုပ်၏ဟု ဤသို့ဖြေကြားပါအံ့ဟု (လျှောက်၏)။

စတုတ္ထသုတ်။

---

## ၅-ဘူမိဇသုတ်

၂၅။ သာဝတ္ထိပြည်၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ အသျှင်ဘူမိဇသည် ညနေချမ်းအခါ တပါးတည်း ကိန်းအောင်းရာမှ ထလျက် အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်၍ အသျှင်သာရိပုတြာနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောဆိုပြီးလျှင် တခုသော နေရာ၌ ထိုင်နေပြီးသော် အသျှင်သာရိပုတြာအား ဤစကားကိုလျှောက်၏—

ငါ့သျှင်သာရိပုတြာ ချမ်းသာဆင်းရဲကို ကိုယ်တိုင် ပြုအပ်၏ဟူ၍ ပညတ်ကုန်သော ကမ္မဝါဒီ သမဏဗြာဟ္မဏအချို့တို့ ရှိကြကုန်၏၊ငါ့သျှင်သာရိပုတြာ ချမ်းသာဆင်းရဲကို သူတပါးပြုအပ်၏ဟူ၍ ပညတ်ကုန်သော ကမ္မဝါဒီ သမဏဗြာဟ္မဏအချို့တို့ရှိကြကုန်၏၊ချမ်းသာဆင်းရဲကို ကိုယ်တိုင်လည်း ပြုအပ်သူတပါးလည်းပြုအပ်၏ဟူ၍ ပညတ်ကုန်သောကမ္မဝါဒီ သမဏဗြာဟ္မဏအချို့တို့ရှိကြကုန်၏။ ငါ့သျှင်သာရိပုတြာ ချမ်းသာဆင်းရဲကို ကိုယ်တိုင်ပြုအပ်သည်လည်း မဟုတ် သူတပါးပြုအပ်သည်လည်း မဟုတ် အကြောင်းမဲ့ ဖြစ်၏ ဟူ၍ ပညတ်ကုန်သော ကမ္မဝါဒီသမဏဗြာဟ္မဏ အချို့တို့ ရှိကြကုန်၏။ ငါ့သျှင်သာရိပုတြာ ဤအရာ၌ ကျွန်ုပ်တို့၏ မြတ်စွာဘုရားသည် အဘယ်သို့ အယူရှိပါသနည်း၊ အဘယ်သို့ ဟောကြားပါသနည်း၊ အဘယ်သို့ ပြောကြားသည်ရှိသော် မြတ်စွာဘုရား၏ ဟောသောစကားကိုပင်အတုလိုက်၍ ဆိုသည်မည်ပါကုန်အံ့နည်း။မြတ်စွာဘုရားကိုလည်း မဟုတ်မမှန်သော စကားဖြင့် မစွပ်စွဲသည်မည်ပါကုန်အံ့နည်း၊ မြတ်စွာဘုရား၏ တရားနှင့်လည်း လျော်သောတရားကိုလည်း ပြောကြားသည် မည်ပါကုန်အံ့နည်း၊ အကြောင်းနှင့်တကွ အယူသို့ ကျရောက်ခြင်းသည် တစုံတရာ ကဲ့ရဲ့ဖွယ်သို့ မရောက်ပဲ ရှိပါအံ့နည်း ဟု လျှောက်၏။

http://www.dhammadownload.com



ငါ့သျှင် ချမ်းသာဆင်းရဲကိုစွဲ၍ဖြစ်သော ပဋိစ္စသမုပ္ပန္နတရားဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏၊ အဘယ်ကို စွဲ၍ ဖြစ်သနည်း၊ ဖဿကိုစွဲ၍ ဖြစ်၏၊ ဤသို့ ဆိုသောသူသည် မြတ်စွာဘုရား ဟောတော်မူအပ်သော စကားကိုပင် အတုလိုက်၍ဆိုသည်မည်ရာ၏၊ မြတ်စွာဘုရားကို မဟုတ်မမှန်သော စကားဖြင့် မစွပ်စွဲသည်မည်ရာ၏၊ မြတ်စွာဘုရား၏တရားနှင့် လျော်သောတရားကိုလည်း ပြောကြားသည် မည်ရာ၏၊ အကြောင်းနှင့်တကွ အယူသို့ကျရောက်ခြင်းသည် တစုံတရာ ကဲ့ရဲ့ဖွယ်သို့ မရောက်ပဲ ရှိရာ၏။

ငါ့သျှင် ထိုအယူလေးပါးတို့တွင် အကြင်ကမ္မဝါဒီသမဏဗြာဟ္မဏတို့သည် ချမ်းသာဆင်းရဲကို ကိုယ်တိုင်ပြုအပ်၏ ဟူ၍ ပညတ်ကုန်၏၊ ထို သမဏဗြာဟ္မဏတို့၏ ဝေဒနာသည်လည်း ဖဿအကြောင်းခံကြောင့် ဖြစ်၏၊ သမဏဗြာဟ္မဏတို့သည်ကား။ပ။ အကြင်ကမ္မဝါဒီ သမဏဗြာဟ္မဏတို့သည်ကား ချမ်းသာဆင်းရဲကို ကိုယ်တိုင်လည်း ပြုအပ်သည်မဟုတ် သူတပါး ပြုအပ်သည်လည်း မဟုတ် အကြောင်းမဲ့ ဖြစ်၏ ဟူ၍ ပညတ်ကုန်၏၊ ထိုသမဏဗြာဟ္မဏတို့၏ ဝေဒနာသည်လည်း ဖဿ အကြောင်းခံကြောင့်ဖြစ်၏။

ငါ့သျှင် ထိုအယူလေးပါးတို့တွင် ချမ်းသာဆင်းရဲကို ကိုယ်တိုင်ပြုအပ်၏ဟူ၍ ပညတ်ကုန်သော ကမ္မဝါဒီသမဏဗြာဟ္မဏတို့သည် စင်စစ်အားဖြင့် ဖဿကို ကြဉ်ထား၍ ချမ်းသာဆင်းရဲကို ခံစားကြကုန်လတ္တံ့ ဟူသော ဤအကြောင်းသည်မရှိ၊ အကြင်သမဏ ဗြာဟ္မဏတို့သည်ကား။ပ။ အကြင်သမဏဗြာဟ္မဏတို့သည်ကား။ပ။ ချမ်းသာဆင်းရဲကို ကိုယ်တိုင်လည်း ပြုအပ်သည် မဟုတ် သူတပါးလည်းပြုအပ်သည်မဟုတ်၊ အကြောင်းမဲ့ ဖြစ်၏ ဟူ၍ပညတ်ကုန်သော ကမ္မဝါဒီ သမဏဗြာဟ္မဏတို့သည် စင်စစ်အားဖြင့် ဖဿကို ကြဉ်ထား၍ ချမ်းသာဆင်းရဲကို ခံစားကြကုန်လတ္တံ့ ဟူသော ဤအကြောင်းသည် မရှိဟု မိန့်ဆို၏။

အသျှင်အာနန္ဒာသည် အသျှင်ဘူမိဇနှင့်အတူ အသျှင်သာရိပုတြာ၏ ဟောသမျှ စကားအလုံးစုံကို ကြားလေ၏၊ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေပြီးသော် အသျှင်ဘူမိဇနှင့်အတူ အသျှင်သာရိပုတြာ၏ ပြောဟောသမျှ စကားအလုံးစုံကို မြတ်စွာဘုရားအား လျှောက်ကြား၏။

အာနန္ဒာ ကောင်းစွ ကောင်းစွ၊ ကောင်းစွာ ဖြေကြားလိုသူသည် သာရိပုတြာဖြေကြားသကဲ့သို့ ဖြေကြားရာ၏၊ အာနန္ဒာ စင်စစ် ချမ်းသာဆင်းရဲကို စွဲ၍ ဖြစ်သော ပဋိစ္စသမုပ္ပန္န တရားဟူ၍ ငါဟောအပ်၏။ အဘယ်ကိုစွဲ၍ ဖြစ်သနည်း၊ ဖဿကိုစွဲ၍ ဖြစ်၏၊ ဤသို့ဆိုသောသူသည် ငါဘုရားဟောအပ်သော စကားကိုပင် အတုလိုက်၍ ဆိုသည်မည်ရာ၏၊ ငါဘုရားကိုလည်းမဟုတ်မမှန်သောစကားဖြင့် မစွပ်စွဲသည်မည်ရာ၏၊ ငါဘုရား၏ တရားနှင့်လျော်သော တရားကိုလည်း ပြောကြားသည် မည်ရာ၏၊ အကြောင်းနှင့်တကွ အယူသို့ ကျရောက်ခြင်းသည် တစုံတရာကဲ့ရဲ့ဖွယ်အကြောင်းသို့ မရောက်ပဲ ရှိရာ၏။

အာနန္ဒာ ထိုအယူလေးပါးတို့တွင် အကြင်ကမ္မဝါဒီ သမဏဗြာဟ္မဏတို့သည် ချမ်းသာဆင်းရဲကို ကိုယ်တိုင်ပြုအပ်၏ဟူ၍ ပညတ်ကုန်၏၊ ထိုသမဏဗြာဟ္မဏတို့၏ ဝေဒနာသည်လည်း ဖဿအကြောင်းခံကြောင့်ဖြစ်၏၊ အကြင် သမဏဗြာဟ္မဏတို့သည်ကား။ပ။ အကြင်သမဏဗြာဟ္မဏတို့သည်ကား။ပ။ အကြင်ကမ္မဝါဒီ သမဏဗြာဟ္မဏတို့သည်ကား၊ ဆင်းရဲကိုကိုယ်တိုင်လည်း ပြုအပ်သည်

http://www.dhammadownload.com



မဟုတ်၊ သူတပါးလည်း ပြုအပ်သည်မဟုတ်၊ အကြောင်းကိုစွဲ၍ ဖြစ်၏ ဟူ၍ ပညတ်ကုန်၏၊ ထို သမဏဗြာဟ္မဏတို့၏ ဝေဒနာသည်လည်း ဖဿအကြောင်းခံကြောင့် ဖြစ်၏။

အာနန္ဒာ ထိုအယူလေးပါးတို့တွင် ချမ်းသာဆင်းရဲကို ကိုယ်တိုင်ပြုအပ်၏ ဟူ၍ ပညတ်ကြကုန်သော ကမ္မဝါဒီ သမဏဗြာဟ္မဏတို့သည် စင်စစ်အားဖြင့် ဖဿကို ကြဉ်ထား၍ ချမ်းသာဆင်းရဲကို ခံစားကုန်လတ္တံ့ ဟူသော ဤအပကြောင်းသည် မရှိ၊ အကြင်သမဏဗြာဟ္မဏတို့သည်ကား ။ပ။ အကြင်သမဏဗြာဟ္မဏတို့သည်ကား ။ပ။ ချမ်းသာ ဆင်းရဲကို ကိုယ်တိုင်လည်း ပြုအပ်သည် မဟုတ်၊ သူတပါးလည်း ပြုအပ်သည် မဟုတ်၊ အကြောင်းမဲ့ ဖြစ်၏ဟူ၍ ပညတ်ကြကုန်သော ကမ္မဝါဒီ သမဏဗြာဟ္မဏတို့သည် စင်စစ်အားဖြင့် ဖဿကိုကြဉ်ထား၍ ချမ်းသာဆင်းရဲကို ခံစားကုန်လတ္တံ့ ဟူသော ဤအကြောင်းသည် မရှိ။

အာနန္ဒာ ကိုယ်'ကာယ'ရှိခဲ့သော် ကိုယ်၌ဖြစ်သော စေ့ဆော်မှု'ကာယသဉ္စေတနာ'ဟူသော အကြောင်းကြောင့် အတွင်းသန္တာန်၌ ချမ်းသာဆင်းရဲဖြစ်၏၊ အာနန္ဒာ နှုတ်'ဝါစာ'ရှိခဲ့သော် နှုတ်၌ ဖြစ်သော စေ့ဆော်မှု 'ဝစီသဉ္စေတနာ'ဟူသော အကြောင်းကြောင့် အတွင်းသန္တာန်၌ ချမ်းသာဆင်းရဲဖြစ်၏။ အာနန္ဒာ စိတ်'မနော'ရှိခဲ့သော် စိတ်၌ဖြစ်သော စေ့ဆော်မှု'မနောသဉ္စေတနာ'ဟူသော အကြောင်းကြောင့် အတွင်းသန္တာန်၌ ချမ်းသာဆင်းရဲဖြစ်၏။ ဤစေတနာသည် မသိမှု 'အဝိဇ္ဇာ'အကြောင်းကြောင့်လည်း ဖြစ်၏။

အာနန္ဒာ အကြင်ကိုယ်ဖြင့် ပြုစီရင်မှု'ကာယသင်္ခါရ'ဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာဆင်းရဲသည် ဖြစ်၏၊ ထိုကိုယ်ဖြင့် ပြုစီရင်မှု'ကာယသင်္ခါရ'ကို ကိုယ်တိုင်မှုလည်း ပြုစီရင်၏၊ အာနန္ဒာ အကြင်ကိုယ်ဖြင့် ပြုစီရင်မှု 'ကာယသင်္ခါရ'ဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာဆင်းရဲသည် ဖြစ်၏။ ထိုကိုယ်ဖြင့် ပြုစီရင်မှု'ကာယသင်္ခါရ'ကို သူတပါးတို့မှုလည်း ပြုစီရင်ကုန်၏၊ အာနန္ဒာ အကြင်ကိုယ်ဖြင့် ပြုစီရင်မှု'ကာယသင်္ခါရဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာဆင်းရဲသည် ဖြစ်၏၊ ထိုကိုယ်ဖြင့် ပြုစီရင်မှု 'ကာယသင်္ခါရ'ကို ကောင်းစွာ သိသည်ဖြစ်၍မှုလည်း ပြုစီရင်၏၊ အာနန္ဒာ အကြင်ကိုယ်ဖြင့် ပြုစီရင်မှု 'ကာယသင်္ခါရ'ဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာဆင်းရဲသည် ဖြစ်၏၊ ထိုကိုယ်ဖြင့် ပြုစီရင်မှု'ကာယသင်္ခါရကို မသိမှု၍လည်း ပြုစီရင်၏။

အာနန္ဒာ အကြင်နှုတ်ဖြင့် ပြုစီရင်မှု'ဝစီသင်္ခါရ'ဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာဆင်းရဲသည် ဖြစ်၏၊ ထိုနှုတ်ဖြင့် ပြုစီရင်မှု 'ဝစီသင်္ခါရ'ကို ကိုယ်တိုင်မှုလည်း ပြုစီရင်၏၊ အာနန္ဒာ အကြင်နှုတ်ဖြင့် ပြုစီရင်မှု'ဝစီသင်္ခါရ'ဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာဆင်းရဲသည်ဖြစ်၏၊ ထိုနှုတ်ဖြင့် ပြုစီရင်မှု'ဝစီသင်္ခါရ'ကို သူတပါးတို့မှုလည်း ပြုစီရင်ကုန်၏၊ အာနန္ဒာ အကြင်နှုတ်ဖြင့် ပြုစီရင်မှု'ဝစီသင်္ခါရ'ဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ချမ်းသာဆင်းရဲသည် ဖြစ်၏၊ ထိုနှုတ်ဖြင့် ပြုစီရင်မှု'ဝစီသင်္ခါရ'ကို ကောင်းစွာ သိသည်ဖြစ်၍မှုလည်း ပြုစီရင်၏။ပ။မသိမှု၍လည်း ပြုစီရင်၏။

အာနန္ဒာ အကြင်စိတ်ဖြင့် ပြုစီရင်မှု'မနောသင်္ခါရ'ဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာဆင်းရဲသည်ဖြစ်၏၊ ထိုစိတ်ဖြင့် ပြုစီရင်မှု'မနောသင်္ခါရ'ကို ကိုယ်တိုင်မှုလည်း ပြုစီရင်၏၊ အာနန္ဒာ အကြင်စိတ်ဖြင့် ပြုစီရင်မှု 'မနောသင်္ခါရ'ဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာဆင်းရဲသည်ဖြစ်၏၊ ထိုစိတ်ဖြင့် ပြုစီရင်မှု'မနောသင်္ခါရ'ကို သူတပါးတို့မှုလည်း ပြုစီရင်

http://www.dhammadownload.com



ကုန်၏၊ အာနန္ဒာ အကြင်စိတ်ဖြင့် ပြုစီရင်မှု 'မနောသင်္ခါရ' ဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာဆင်းရဲသည် ဖြစ်၏၊ ထိုစိတ်ဖြင့် ပြုစီရင်မှု'မနောသင်္ခါရ'ကို ကောင်းစွာသိသည် ဖြစ်၍မူလည်း ပြုစီရင်၏ ။ပ။ မသိမူ၍လည်း ပြုစီရင်၏။

အာနန္ဒာ ဤတရားတို့၌ မသိမှု'အဝိဇ္ဇာ'သည် ကျရောက်၏၊ အာနန္ဒာ အကြင် စေတနာကာယ ဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာဆင်းရဲသည် ဖြစ်၏၊မသိမှု'အဝိဇ္ဇာ'၏သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ထိုစေတနာကာယသည် မဖြစ်။ အကြင် စေတနာဝါစာ ဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာ ဆင်းရဲသည် ဖြစ်၏၊ မသိမှု 'အဝိဇ္ဇာ'၏ သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့် ထိုစေတနာဝါစာသည် မဖြစ်၊ အကြင် မနော ဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာ ဆင်းရဲသည် ဖြစ်၏၊ မသိမှု 'အဝိဇ္ဇာ'၏သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ထိုမနောကံသည် မဖြစ်၊ ထိုစေတနာသည် (ချမ်းသာဆင်းရဲ၏)ပေါက်ရောက်ရာလယ်မြေမဟုတ်။ပ။ထိုစေတနာသည် (ချမ်းသာဆင်းရဲ၏) တည်ရာ ယာမြေမဟုတ်၊ ထိုစေတနာသည် (ချမ်းသာဆင်းရဲ၏) တည်ရာ အာယတနမဟုတ် ။ပ။ အကြင် မနောဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာ ဆင်းရဲသည် ဖြစ်၏၊ ထိုစေတနာသည် ချမ်းသာဆင်းရဲ၏ အကြောင်းမဟုတ်ဟု (ဟောတော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ဥပဝါဏသုတ်

၂၆။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အသျှင်ဥပဝါဏသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

“အသျှင်ဘုရား ဆင်းရဲကို ကိုယ်တိုင်ပြုအပ်၏ဟု ပညတ်ကုန်သော အချို့သော သမဏဗြာဟ္မဏတို့ရှိကုန်၏၊ ဆင်းရဲကို သူတပါးပြုအပ်၏ဟု ပညတ်ကုန်သော အချို့သော သမဏဗြာဟ္မဏတို့ ရှိကုန်၏၊ ဆင်းရဲကို ကိုယ်တိုင်လည်း ပြုအပ်၏ သူတပါးလည်း ပြုအပ်၏ဟု ပညတ်ကုန်သော အချို့သော သမဏဗြာဟ္မဏတို့ ရှိကုန်၏၊ ဆင်းရဲကို ကိုယ်တိုင်လည်း ပြုအပ်သည် မဟုတ် သူတပါးလည်း ပြုအပ်သည်မဟုတ် အကြောင်းမဲ့ဖြစ်၏ ဟူ၍ ပညတ်ကုန်သော အချို့သော သမဏဗြာဟ္မဏတို့ ရှိကုန်၏၊ ဤအရာ၌ အကျွန်ုပ်တို့၏ မြတ်စွာဘုရားသည် အဘယ်သို့ အယူရှိပါသနည်း၊ အဘယ်သို့ ဟောကြားပါသနည်း၊ အကျွန်ုပ်တို့သည် အဘယ်သို့ ပြောကြားသည် ရှိသော် မြတ်စွာဘုရားဟောသော စကားကိုပင် အတုလိုက်၍ဆိုသည် မည်ပါကုန်အံ့နည်း၊ မြတ်စွာဘုရားကိုလည်း မဟုတ်မမှန်သော စကားဖြင့် မစွပ်စွဲသည် မည်ပါကုန်အံ့နည်း၊ မြတ်စွာဘုရား ဟောသော တရားနှင့် လျော်သောတရားကိုလည်း ပြောသည် မည်ပါကုန်အံ့နည်း၊ အကြောင်းနှင့် တကွ အယူသို့ ကျရောက်ခြင်းသည် တစုံတရာ ကဲ့ရဲ့ဖွယ်သို့ မရောက်ပဲ ရှိပါအံ့နည်း”ဟု လျှောက်၏။

http://www.dhammadownload.com



ဥပဝါဏ ဆင်းရဲကိုစွဲ၍ ဖြစ်သော ပဋိစ္စသမုပ္ပန္နတရားဟူ၍ ငါဘုရားဟောတော်မူ၏၊ အဘယ်ကို စွဲ၍ဖြစ်သနည်း၊ တွေ့ထိမှု 'ဖဿ' ကိုစွဲ၍ဖြစ်၏၊ ဤသို့ဆိုသောသူသည် ငါဘုရား ဟောသောစကား ကိုပင် အဘုလိုက်၍ဆိုသည်မည်၏၊ ငါဘုရားကိုလည်းမဟုတ်မမှန်သော စကားဖြင့်မစွပ်စွဲသည်မည် ရာ၏၊ ငါဘုရား၏လည်းတရားနှင့်လျော်သောတရားကိုလည်း ပြောကြားသည်မည်ရာ၏၊ အကြောင်း နှင့်တကွ အယူသို့ကျရောက်ခြင်းသည် ကဲ့ရဲ့ဖွယ် တစုံတရာသို့ မရောက်ပဲ ရှိရာ၏။

ဥပဝါဏ ထိုအယူလေးပါးတို့တွင် အကြင်သမဏဗြာဟ္မဏတို့သည် ဆင်းရဲကို ကိုယ်တိုင်လည်း ပြုအပ်၏ဟု ပညတ်ကြကုန်၏၊ ထိုသမဏဗြာဟ္မဏတို့၏ ဝေဒနာသည် တွေ့ထိမှု 'ဖဿ' အကြောင်း ခံကြောင့် ဖြစ်၏၊ အကြင်သမဏ ဗြာဟ္မဏတို့သည်။ပ။ အကြင် သမဏဗြာဟ္မဏတို့သည်ကား။ပ။ အကြင် သမဏဗြာဟ္မဏတို့သည် ဆင်းရဲကို ကိုယ်တိုင်ပြုအပ်သည်လည်းမဟုတ်၊သူတပါးပြုအပ်သည် လည်းမဟုတ်၊ အကြောင်းမဲ့ဖြစ်၏ဟူ၍ ပညတ်ကုန်၏၊ ထိုသမဏဗြာဟ္မဏတို့၏ ဝေဒနာသည်လည်း တွေ့ထိမှု 'ဖဿ' အကြောင်းခံကြောင့် ဖြစ်၏။

ဥပဝါဏ ထိုအယူလေးပါးတို့တွင် ဆင်းရဲကို ကိုယ်တိုင်ပြုအပ်၏ဟု ပညတ်ကုန်သော သမဏ ဗြာဟ္မဏတို့သည် စင်စစ်အားဖြင့် တွေ့ထိမှု 'ဖဿ' ကို ကြဉ်ထား၍ ဆင်းရဲကို ခံစားကုန်လတ္တံ့ ဟူသော ဤအကြောင်းမျိုးသည်မရှိ။ အကြင် သမဏဗြာဟ္မဏတို့သည်ကား။ပ။ အကြင် သမဏ ဗြာဟ္မဏတို့သည်။ပ။ဆင်းရဲကို ကိုယ်တိုင်လည်း ပြုအပ်သည်မဟုတ် သူတပါးလည်း ပြုအပ်သည် မဟုတ်၊ အကြောင်းမဲ့ဖြစ်၏ ဟု ပညတ်ကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည် စင်စစ် တွေ့ထိမှု 'ဖဿ' ကို ကြဉ်ထား၍ ဆင်းရဲကို ခံစားကြကုန်လတ္တံ့ ဟူသော ဤအကြောင်းမျိုးသည် မရှိဟု (ဟော တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ပစ္စယသုတ်

၂၇။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ မသိမှု 'အဝိဇ္ဇာ' အကြောင်း ခံကြောင့် ပြုစီရင်မှု 'သင်္ခါရ' တို့ ဖြစ်ကုန်၏၊ ပြုစီရင်မှု 'သင်္ခါရ'အကြောင်းခံကြောင့် သိမှု 'ဝိညာဏ်'ဖြစ်၏။ပ။ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်ပေါ်၏။

ရဟန်းတို့ အိုခြင်း 'ဇရာ' သေခြင်း 'မရဏ' သည် အဘယ်နည်း၊ ထိုထိုသတ္တဝါတို့အား ထိုထိုဘုံ ဘဝ၌ အကြင်အိုခြင်း အိုသည်၏ အဖြစ် သွားကျိုးခြင်း ဆံဖြူခြင်း အရေတွန့်ခြင်း အသက်၏ ဆုတ်ယုတ်ခြင်း ဣန္ဒြေတို့၏ ရင့်ကျက်ခြင်း ဟူသော ဤသဘောတရားကို အိုခြင်း'ဇရာ'ဟူ၍ဆိုအပ် ၏။ ထိုထို သတ္တဝါတို့၏ ထိုထို ဘုံဘဝမှ ရွေ့လျောခြင်း ရွေ့လျောသည်၏အဖြစ် ပျက်ခြင်း ကွယ်ပျောက်ခြင်း အသက်ကို စွန့်ခြင်း သေခြင်း ဘဝအဆုံးကိုပြုခြင်း ခန္ဓာတို့၏ ပျက်ခြင်း ကိုယ် ကောင်ကို ပစ်ချရခြင်းဟူသော သဘောတရားကို သေခြင်း'မရဏ'ဟူ၍ ဆိုအပ်၏၊ ဤအိုခြင်း 'ဇရာ'သည်၎င်း သေခြင်း'မရဏ'သည်၎င်း ရှိ၏၊ ရဟန်းတို့ ဤသဘောတရားကို ဇရာမရဏဟူ၍ ဆို အပ်၏။ ဇာတိဖြစ်ပေါ်ခြင်းကြောင့် အိုခြင်း 'ဇရာ' 'သေခြင်း'မရဏ'ဖြစ်ပေါ်၏၊ ဇာတိချုပ် ခြင်းကြောင့်ဇရာမရဏချုပ်၏၊ အင်္ဂါရှစ်ပါးရှိသောဤအရိယမဂ်သည်ဇရာမရဏ၏ချုပ်ရာ(နိဗ္ဗာန်)

http://www.dhammadownload.com



သို့ရောက်ကြောင်း အကျင့်ပေတည်း။ ဤသည်ကား အဘယ်နည်း။ မှန်ကန်သောအမြင် မှန်ကန်သောအကြံ မှန်ကန်သောစကား မှန်ကန်သောအလုပ် မှန်ကန်သောအသက်မွေးမှု မှန်ကန်သောအားထုတ်မှု မှန်ကန်သောအောက်မေ့မှု မှန်ကန်သော တည်ကြည်မှုတည်း။

ရဟန်းတို့ ပဋိသန္ဓေနေမှု'ဇာတိ'ဟူသည် အဘယ်နည်း။ပ။ရဟန်းတို့ ဘဝဟူသည် အဘယ်နည်း။ ရဟန်းတို့ ပြင်းစွာစွဲလမ်းမှု'ဥပါဒါန်'ဟူသည် အဘယ်နည်း။ရဟန်းတို့ တပ်မက်မှု 'တဏှာ' ဟူသည် အဘယ်နည်း။ ရဟန်းတို့ ခံစားမှု'ဝေဒနာ'ဟူသည် အဘယ်နည်း။ ရဟန်းတို့ တွေ့ထိမှု 'ဖဿ'ဟူသည် အဘယ်နည်း။ ရဟန်းတို့ တည်ရာ'အာယတန'ခြောက်ပါးဟူသည် အဘယ်နည်း။ ရဟန်းတို့ နာမ်ရုပ်ဟူသည် အဘယ်နည်း။ရဟန်းတို့ သိမှု'ဝိညာဏ်'ဟူသည် အဘယ်နည်း။

ရဟန်းတို့ ပြုပြင်မှု'သင်္ခါရ'တို့ဟူသည် အဘယ်နည်း။ ရဟန်းတို့ပြုပြင်မှု'သင်္ခါရ'တို့သည် ဤသုံးပါးတို့တည်း၊ ကိုယ်ဖြင့် ပြုပြင်မှု'ကာယသင်္ခါရ'နှုတ်ဖြင့် ပြုပြင်မှု 'ဝစီသင်္ခါရ'စိတ်ဖြင့် ပြုပြင်မှု'စိတ္တသင်္ခါရ'တို့တည်း၊ ရဟန်းတို့ ဤတရားသုံးပါးတို့ကို ပြုပြင်မှု 'သင်္ခါရ'တို့ဟူ၍ဆိုအပ်ကုန်၏။ မသိမှု'အဝိဇ္ဇာ'ဖြစ်ခြင်းကြောင့် ပြုပြင်မှု'သင်္ခါရ'တို့ဖြစ်ကုန်၏၊ အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရတို့ချုပ်ကုန်၏၊အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်သည် သင်္ခါရတို့၏ချုပ်ရာ(နိဗ္ဗာန်) သို့ရောက်ကြောင်း အကျင့်တည်း။ ဤသည်ကား အဘယ်နည်း။ မှန်ကန်သောအမြင်။ပ။မှန်ကန်သောတည်ကြည်မှုတည်း။

ရဟန်းတို့ အရိယာတပည့်သည် ဤသို့ အကြောင်းကို သိ၏၊ ဤသို့ အကြောင်းတရားတို့၏ ဖြစ်ပေါ်ကြောင်းကို သိ၏၊ ဤသို့ အကြောင်းတရားတို့၏ ချုပ်ရာကို သိ၏၊ ဤသို့ အကြောင်းတရားတို့၏ချုပ်ရာ(နိဗ္ဗာန်)သို့ရောက်ကြောင်း အကျင့်ကိုသိ၏၊ထို့ကြောင့်ဤအရိယာတပည့်ကို အယူနှင့်ပြည့်စုံသူဟူ၍ရင်း ဉာဏ်အမြင်နှင့်ပြည့်စုံသူဟူ၍ရင်း ဤသူတော်ကောင်း တရားသို့ရောက်လာသူဟူ၍ရင်း ဤသူတော်ကောင်းတရားကို မြင်သူဟူ၍ရင်း ကျင့်ဆဲ သေက္ခဉာဏ်နှင့်ပြည့်စုံသူဟူ၍ရင်း ကျင့်ဆဲသေက္ခဝိဇ္ဇာနှင့်ပြည့်စုံသူဟူ၍ရင်း တရားအယဉ်သို့ရောက်သူဟူ၍ရင်း (ကိလေသာကို)ဖောက်ခွဲနိုင်သော အရိယာပညာရှိဟူ၍ရင်း အမြိုက်(နိဗ္ဗာန်)တံခါးသို့ ရောက်၍ တည်သူဟူ၍ရင်း ဆိုအပ်၏။

သတ္တမသုတ်။

---

## ၈-ဘိက္ခုသုတ်

၂၈။ သာဝတ္ထိပြည်၌(သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အိုခြင်း'ဇရာ'သေခြင်း'မရဏ'ကို သိ၏၊ အိုခြင်း'ဇရာ'သေခြင်း'မရဏ' ဖြစ်ပေါ်ကြောင်းကို သိ၏၊ အိုခြင်း 'ဇရာ'သေခြင်း မရဏ'၏ ချုပ်ရာကိုသိ၏၊ အိုခြင်း 'ဇရာ' သေခြင်း 'မရဏ'၏ ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို သိ၏။ ပဋိသန္ဓေနေမှု'ဇာတိ'ကို သိ၏။ပ။ဘဝကို သိ၏။ပြင်းစွာစွဲလမ်းမှု 'ဥပါဒါန်'ကို သိ၏။တပ်မက်မှု'တဏှာ'ကို သိ၏။ခံစားမှု'ဝေဒနာ'ကို သိ၏။ တွေ့ထိမှု'ဖဿ'ကို သိ၏။ တည်ရာ'အာယတန'ခြောက်ပါး သဠာယတနကိုသိ၏၊ နာမ်ရုပ်ကို သိ၏။ သိမှု'ဝိညာဏ်'ကို သိ၏၊ပြုပြင်မှု'သင်္ခါရ'တို့ကို သိ၏။ပြုပြင်မှု'သင်္ခါရ'တို့၏ ဖြစ်ပေါ်ကြောင်းကို သိ၏။ ပြုပြင်မှု 'သင်္ခါရ'တို့၏ ချုပ်ရာကို သိ၏၊ ပြုပြင်မှု'သင်္ခါရ'တို့၏ ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို သိ၏။

http://www.dhammadownload.com



ရဟန်းတို့ အိုခြင်း 'ဇရာ' သေခြင်း 'မရဏ' သည် အဘယ်နည်း။ ထိုထို သတ္တဝါတို့အား ထိုထိုဘုံဘဝ၌ အိုခြင်း အိုသည်၏အဖြစ် သွားကျိုးခြင်း ဆံဖြူခြင်း အရေတွန့်ခြင်း အသက်၏ ဆုတ်ယုတ်ခြင်း ဣန္ဒြေတို့၏ ရင့်ကျက်ခြင်းဟူသော ဤသဘောတရားကို အိုခြင်း 'ဇရာ'ဟု ဆိုအပ်၏။ ထိုထိုသတ္တဝါတို့၏ ထိုထိုဘုံဘဝမှ ရွေ့လျောခြင်း ရွေ့လျောသည်၏အဖြစ် ပျက်ခြင်း ကွယ်ပျောက်ခြင်း အသက်ကို စွန့်ခြင်း သေခြင်း ဘဝအဆုံးကိုပြုခြင်း ခန္ဓာတို့၏ ပျက်ခြင်း ကိုယ်ကောင်ကို ပစ်ချခြင်း ဟူသော ဤသဘောတရားကို မရဏဟူ၍ ဆိုအပ်၏၊ ဤအိုခြင်း 'ဇရာ' သေခြင်း 'မရဏ' သည် ရှိ၏၊ ရဟန်းတို့ ဤသဘောတရားကို အိုခြင်း 'ဇရာ' သေခြင်း 'မရဏ' ဟူ၍ ဆိုအပ်၏။ ဇာတိဖြစ်ပေါ်ခြင်းကြောင့် အိုခြင်း'ဇရာ' သေခြင်း'မရဏ'ဖြစ်၏၊ဇာတ်ချုပ်ခြင်းကြောင့် ဇရာမရဏ ချုပ်၏၊ အင်္ဂါရှစ်ပါးရှိသော ဤအရိယာမဂ်သည် ဇရာမရဏ ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း။ ဤသည်ကား အဘယ်နည်း။ မှန်ကန်သောအမြင်။ပ။ မှန်ကန်သောတည်ကြည်မှု တည်း။

ရဟန်းတို့ ဇာတိဟူသည် အဘယ်နည်း။ပ။ ရဟန်းတို့ ဘဝဟူသည် အဘယ်နည်း။ ရဟန်းတို့ ဥပါဒါန်ဟူသည် အဘယ်နည်း။ ရဟန်းတို့ တဏှာဟူသည် အဘယ်နည်း။ ဝေဒနာဟူသည်။ ဖဿဟူသည်။ သဠာယတနဟူသည်၊ နာမ်ရုပ်ဟူသည်။ ဝိညာဏ်ဟူသည် အဘယ်နည်း။

ရဟန်းတို့ သင်္ခါရတို့ဟူသည် အဘယ်တို့နည်း။ ရဟန်းတို့ ပြုစီရင်မှု'သင်္ခါရ'တို့သည် ဤသုံးပါး တို့တည်း၊ ကိုယ်ဖြင့် ပြုစီရင်မှု 'ကာယသင်္ခါရ' နှုတ်ဖြင့် ပြုစီရင်မှု 'ဝစီသင်္ခါရ' စိတ်ဖြင့် ပြုစီရင်မှု 'စိတ္တသင်္ခါရ'တည်း၊ ရဟန်းတို့ ဤသည်တို့ကို သင်္ခါရတို့ဟူ၍ ဆိုအပ်ကုန်၏၊ အဝိဇ္ဇာ ဖြစ်ပေါ်ခြင်း ကြောင့် သင်္ခါရတို့ ဖြစ်ပေါ်ကုန်၏၊ အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရတို့ ချုပ်ကုန်၏၊ အင်္ဂါရှစ်ပါး ရှိသော ဤအရိယာမဂ်သည်ပင်လျှင် သင်္ခါရတို့ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း၊ ဤသည်ကား အဘယ်နည်း။ မှန်ကန်သောအမြင်။ပ။ မှန်ကန်သော တည်ကြည်မှုတည်း။

ရဟန်းတို့ ရဟန်းသည် ဤသို့ ဇရာမရဏကို သိ၏၊ ဤသို့ ဇရာမရဏဖြစ်ပေါ်ကြောင်းကို သိ၏၊ ဤသို့ ဇရာမရဏ၏ချုပ်ရာကို သိ၏၊ဤသို့ ဇရာမရဏ၏ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့် ကို သိ၏၊ ဤသို့ ဇာတိကို သိ၏။ပ။ ဘဝကို။ ဥပါဒါန်ကို။ တဏှာကို။ ဝေဒနာကို။ ဖဿကို။ သဠာယတနကို။ နာမ်ရုပ်ကို။ ဝိညာဏ်ကို။ သင်္ခါရတို့ကို၊ သင်္ခါရတို့၏ ဖြစ်ပေါ်ကြောင်းကို။ သင်္ခါရတို့၏ချုပ်ရာကို။ သင်္ခါရတို့၏ ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ကို သိ၏၊ရဟန်းတို့ ဤရဟန်းကို ကောင်းသောအယူနှင့် ပြည့်စုံသူဟူ၍လည်း ဉာဏ်အမြင်နှင့် ပြည့်စုံသူဟူ၍လည်း ဤသူတော်ကောင်းတရားသို့ ရောက်လာသူဟူ၍လည်း ဤသူတော်ကောင်းတရားကို ရှုမြင်သူ ဟူ၍လည်း ကျင့်ဆဲ သေက္ခဉာဏ်နှင့် ပြည့်စုံသောသူဟူ၍လည်း ကျင့်ဆဲသေက္ခဝိဇ္ဇာနှင့် ပြည့်စုံသူ ဟူ၍လည်းတရားအယဉ်သို့ရောက်သူဟူ၍လည်း (ကိလေသာကို) ဖောက်ခွဲနိုင်သော အရိယာပညာရှိ ဟူ၍လည်း အမြိုက်နိဗ္ဗာန်၏ တံခါးသို့ရောက်၍တည်သူဟူ၍လည်း ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

http://www.dhammadownload.com



## ၉-သမဏဗြာဟ္မဏသုတ်

၂၉။ သာဝတ္ထိပြည်၌ (သိတင်းသုံး) နေတော်မူ၏၊ ထိုအခါ၌။ပ။ ရဟန်းတို့ အကြင် သမဏတို့သည်၎င်း ဗြာဟ္မဏတို့သည်၎င်း အိုခြင်း‘ဇရာ’ သေခြင်း ‘မရဏ’ကို မသိကုန်၊အိုခြင်း‘ဇရာ’ သေခြင်း ‘မရဏ’၏ ဖြစ်ပေါ်ကြောင်းကို မသိကုန်၊ အိုခြင်း ‘ဇရာ’ သေခြင်း‘ မရဏ၏’၏ ချုပ်ရာကို မသိကုန်၊ အိုခြင်း ‘ဇရာ’ သေခြင်း ‘မရဏ’၏ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို မသိကုန်။ ပဋိသန္ဓေနေမှု ‘ဇာတိ’ကို မသိကုန်။ပ။ ဘဝကို။ ပြင်းစွာ စွဲလမ်းမှု ‘ဥပါဒါန်’ကို။ တပ်မက်မှု ‘တဏှာ’ကို။ ခံစားမှု ‘ဝေဒနာ’ကို။ တွေ့ထိမှု ‘ဖဿ’ကို။ တည်ရာ ‘အာယတန’ ခြောက်ပါး သဠာယတနကို။ နာမ်ရုပ်ကို။ သိမှု ‘ဝိညာဏ်’ကို။ ပြုစီရင်မှု ‘သင်္ခါရ’တို့ကို ပြုစီရင်မှု ‘သင်္ခါရ’တို့၏ ဖြစ်ပေါ်ကြောင်းကို။ ပြုစီရင်မှု ‘သင်္ခါရ’တို့၏ ချုပ်ရာကို။ ပြုစီရင်မှု ‘သင်္ခါရ’တို့ ချုပ်ရာ ‘နိဗ္ဗာန်’သို့ ရောက်ကြောင်းအကျင့်ကို မသိကုန်။ ရဟန်းတို့ ထို သမဏတို့ကို၎င်း ဗြာဟ္မဏတို့ကို၎င်း သမဏတို့၌မူလည်း သမဏဟူ၍ မသမုတ်အပ်ကုန်၊ ဗြာဟ္မဏတို့၌မူလည်း ဗြာဟ္မဏဟူ၍ မသမုတ်အပ်ကုန်၊ ထိုအသျှင်တို့သည် သမဏ၏အဖြစ်ကို၎င်း ဗြာဟ္မဏ၏အဖြစ်ကို၎င်း မျက်မှောက် ဘဝ၌ပင် ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ မနေရကုန်။

ရဟန်းတို့ အကြင် သမဏတို့သည်၎င်း ဗြာဟ္မဏတို့သည်၎င်း ဇရာမရဏကို သိကုန်၏၊ ဇရာမရဏ၏ ဖြစ်ပေါ်ကြောင်းကို သိကုန်၏၊ ဇရာမရဏ၏ချုပ်ရာကို သိကုန်၏၊ ဇရာမရဏ၏ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို သိကုန်၏၊ ဇာတိကို သိကုန်၏။ပ။ ဘဝကို။ ဥပါဒါန်ကို။ တဏှာကို။ ဝေဒနာကို။ ဖဿကို။ သဠာယတနကို။ နာမ်ရုပ်ကို။ ဝိညာဏ်ကို။ သင်္ခါရတို့ကို သိကုန်၏၊ သင်္ခါရတို့ ဖြစ်ပေါ်ကြောင်းကို သိကုန်၏၊ သင်္ခါရတို့၏ ချုပ်ရာကို သိကုန်၏၊ သင်္ခါရတို့၏ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို သိကုန်၏။ ရဟန်းတို့ ထိုသမဏတို့ကို၎င်း ဗြာဟ္မဏတို့ကို၎င်း သမဏတို့၌မူလည်း သမဏတို့ဟူ၍ သမုတ်အပ်ကုန်၏၊ ဗြာဟ္မဏတို့၌မူလည်း ဗြာဟ္မဏတို့ဟူ၍ သမုတ်အပ်ကုန်၏၊ ထိုအသျှင်တို့သည် သမဏအဖြစ်ကို၎င်း ဗြာဟ္မဏအဖြစ်ကို၎င်း မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရကုန်၏ဟု (ဟောတော်မူ၏။)

နဝမသုတ်။

---

## ၁၀-ဒုတိယ သမဏဗြာဟ္မဏသုတ်

၃၀။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ။ပ။ ရဟန်းတို့ အကြင် သမဏ ဗြာဟ္မဏတို့သည် အိုခြင်း‘ဇရာ’ သေခြင်း ‘မရဏ’တို့ကို မသိကုန်၊ အိုခြင်း ‘ဇရာ’ သေခြင်း ‘မရဏ’ ဖြစ်ပေါ်ကြောင်းကို မသိကုန်၊ အိုခြင်း ‘ဇရာ’ သေခြင်း‘မရဏ’၏ ချုပ်ရာကို မသိကုန်၊ အိုခြင်း‘ဇရာ’ သေခြင်း‘ မရဏ’၏ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို မသိကုန်၊ ထိုသမဏဗြာဟ္မဏတို့သည် အိုခြင်း ‘ဇရာ’ သေခြင်း ‘မရဏ’ကို လွန်၍ တည်ကုန်လတ္တံ့ ဟူသော ဤအကြောင်းမျိုးသည် မရှိ။ ပဋိသန္ဓေနေမှု ‘ဇာတိ’ကို မသိကုန်။ပ။ဘဝကို။ပြင်းစွာ စွဲလမ်းမှု ‘ဥပါဒါန်’ကို။ တပ်မက်မှု ‘တဏှာ’ကို။ခံစားမှု‘ဝေဒနာ’ကို။ တွေ့ထိမှု‘ဖဿ’ကို။ တည်ရာ‘အာယတန’ ခြောက်ပါးသဠာယတနကို။ နာမ်ရုပ်ကို။ သိမှု ‘ဝိညာဏ’ကို။ ပြုစီရင်မှု ‘သင်္ခါရ’တို့ကို မသိကုန်၊ ပြုစီရင်မှု ‘သင်္ခါရ’ တို့၏

http://www.dhammadownload.com



ဖြစ်ပေါ်ကြောင်းကို မသိကုန်၊ ပြုစီရင်မှု'သင်္ခါရ'တို့ချုပ်ရာကို မသိကုန်၊ ပြုစီရင်မှု'သင်္ခါရ'တို့ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို မသိကုန်၊ ထိုသမဏဗြာဟ္မဏတို့သည် ပြုစီရင်မှု 'သင်္ခါရ' တို့ကို လွန်၍ တည်ကုန်လတ္တံ့ဟူသော ဤအကြောင်းမျိုးသည် မရှိနိုင်ဟု ဟောတော်မူ၏။

ရဟန်းတို့ အကြင် သမဏဗြာဟ္မဏတို့သည်- ဇရာမရဏကို သိကုန်၏၊ ဇရာ မရဏတို့၏ ဖြစ်ပေါ်ကြောင်းကို သိကုန်၏၊ ဇရာမရဏချုပ်ရာကို သိကုန်၏၊ ဇရာမရဏချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်ကို သိကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည် ဇရာမရဏကို လွန်၍ တည်ကုန်လတ္တံ့ဟူသော ဤအကြောင်းမျိုးသည် ရှိနိုင်၏။

ဇာတိကို သိကုန်၏။ပ။ ဘဝကို။ ဥပါဒါန်ကို။ တဏှာကို။ ဝေဒနာကို။ ဖဿကို။ သဠာယတနကို။ နာမ်ရုပ်ကို။ဝိညာဏ်ကို၊သင်္ခါရတို့ကို သိကုန်၏၊သင်္ခါရတို့၏ဖြစ်ပေါ်ကြောင်းကို သိကုန်၏၊သင်္ခါရတို့ ချုပ်ရာကို သိကုန်၏၊ သင်္ခါရတို့ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို သိကုန်၏၊ထိုသမဏ ဗြာဟ္မဏတို့သည် သင်္ခါရတို့ကို လွန်၍ တည်ကုန်လတ္တံ့ဟူသော ဤအကြောင်းမျိုးသည် ရှိနိုင်၏ ဟု (ဟောတော်မူ၏)။

ဒသမသုတ်။

သုံးခုမြောက် ဒသဗလဝဂ် ပြီး၏။

---

## ၄-ကဋ္ဌာရစတ္တိယဝဂ် ၁-ဘူတသုတ်

၃၁။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် အသျှင်သာရိပုတြာကို ခေါ်တော်မူ၏၊ သာရိပုတြာ ပါရာယနဝဂ် အဇိတ လုလင်မေးအပ်သော အမေး၌—

"(အသျှင်ဘုရား)ဤသာသနာတော်၌ အကြင်ပုဂ္ဂိုလ်တို့သည် သိအပ်ပြီးသော တရား ရှိကုန်၏၊ များစွာသော အကြင်ပုဂ္ဂိုလ်တို့သည်လည်း ကျင့်ဆဲဖြစ်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့၏ အကျင့်ကို အကျွန်ုပ်မေးအပ်သော ရင့်ကျက်သော ပညာရှိတော်မူသော မြတ်စွာဘုရား သည် ဟောတော်မူပါလော့"ဟု ဤတရားစကားကို ဟောအပ်ပြီ။

သာရိပုတြာ အကျဉ်းအားဖြင့် ဟောအပ်သော ဤတရား၏ အနက်ကို အကျယ်အားဖြင့် အဘယ်သို့ မှတ်အပ်သနည်းဟု မိန့်တော်မူ၏၊ ဤသို့ မိန့်တော်မူသည်ရှိသော် အသျှင်သာရိပုတြာ သည် ဆိတ်ဆိတ်နေ၏၊နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည် အသျှင်သာရိပုတြာကို မိန့်တော် မူ၏။ပ။ နှစ်ကြိမ်မြောက်လည်း အသျှင်သာရိပုတြာသည် ဆိတ်ဆိတ်နေ၏၊ သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားသည် အသျှင်သာရိပုတြာကို မိန့်တော်မူ၏၊ သာရိပုတြာ ပါရာယနဝဂ် အဇိတလုလင် မေးအပ်သော အမေး၌—

"(အသျှင်ဘုရား) ဤသာသနာတော်၌ အကြင်ပုဂ္ဂိုလ်တို့သည် သိအပ်ပြီးသောတရား ရှိကုန်၏၊ များစွာသော အကြင်ပုဂ္ဂိုလ်တို့သည်လည်း ကျင့်ဆဲဖြစ်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့၏ အကျင့်ကို အကျွန်ုပ် မေးအပ်သော ရင့်ကျက်သော ပညာရှိတော်မူသော မြတ်စွာဘုရား သည် ဟောတော်မူပါလော့"ဟု ဤတရားစကားကို ဟောအပ်ပြီ။

http://www.dhammadownload.com



သာရိပုတြာ အကျဉ်းအားဖြင့် ဟောအပ်သော ဤတရား၏ အနက်ကို အကျယ်အားဖြင့် အဘယ်သို့ မှတ်အပ်သနည်းဟု မေးတော်မူပြန်၏၊ သုံးကြိမ်မြောက်လည်း အသျှင်သာရိပုတြာသည် ဆိတ်ဆိတ်နေ၏။

သာရိပုတြာ "ဤသည်ကား ခန္ဓာငါးပါးတည်း"ဟု ရှုလေ့ဟု(မိန့်တော်မူ၏။)အသျှင်ဘုရား "ဤသည်ကား ခန္ဓာငါးပါးတည်း"ဟု ဟုတ်မှန်သော အတိုင်း ကောင်းသောပညာဖြင့် ရှု၏၊ "ဤသည်ကား ခန္ဓာငါးပါးတည်း"ဟု ဟုတ်မှန်သော အတိုင်း ကောင်းသော ပညာဖြင့် ရှုပြီး၍ ခန္ဓာငါးပါးကို ငြီးငွေ့ခြင်းငှါ တပ်မက်မှု ကင်းခြင်းငှါ ချုပ်ငြိမ်းခြင်းငှါ ကျင့်၏ဟု (မိန့်တော်မူ၏)။ "ထိုခန္ဓာငါးပါးသည် အာဟာရလျှင် ဖြစ်ကြောင်းရှိ၏"ဟု ဟုတ်မှန်သောအတိုင်း ကောင်းသော ပညာဖြင့် ရှု၏၊ "ထိုခန္ဓာငါးပါးသည် အာဟာရလျှင် ဖြစ်ကြောင်းရှိ၏"ဟု ဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့် ရှုပြီး၍ အာဟာရလျှင်ဖြစ်ကြောင်းရှိသော ခန္ဓာငါးပါးကို ငြီးငွေ့ခြင်းငှါ တပ်မက်မှုကင်းခြင်းငှါ ချုပ်ငြိမ်းခြင်းငှါ ကျင့်၏၊ "ထိုအာဟာရချုပ်ခြင်းကြောင့် ခန္ဓာငါးပါးသည် ချုပ်ခြင်းသဘောရှိ၏"ဟု ဟုတ်မှန်သော အတိုင်း ကောင်းသောပညာဖြင့် ရှု၏၊ "ထိုအာဟာရချုပ်ခြင်းကြောင့် ခန္ဓာငါးပါးသည် ချုပ်ခြင်းသဘောရှိ၏"ဟု ဟုတ်မှန်သော အတိုင်း ကောင်းသော ပညာဖြင့် ရှု၍ ချုပ်ခြင်းသဘောရှိသော ခန္ဓာငါးပါးကို ငြီးငွေ့ခြင်းငှါ တပ်ခြင်း ကင်းခြင်းငှါ ချုပ်ခြင်းငှါ ကျင့်ပါ၏။ အသျှင်ဘုရား ဤသို့လျှင် ကျင့်ဆဲ'သေက္ခ'ဖြစ်ပါ၏။

အသျှင်ဘုရား အဘယ်သို့လျှင် သိအပ်ပြီးသော တရားရှိသူဖြစ်သနည်း အသျှင်ဘုရား "ဤသည်ကား ခန္ဓာငါးပါးတည်း"ဟု ဟုတ်မှန်သော အတိုင်း ကောင်းသောပညာဖြင့် ရှု၏၊ "ဤသည်ကား ခန္ဓာငါးပါးတည်း"ဟု ဟုတ်မှန်သော အတိုင်း ကောင်းသော ပညာဖြင့် ရှုပြီး၍ ခန္ဓာငါးပါးကို ငြီးငွေ့ခြင်းကြောင့် တပ်မက်မှုကင်းခြင်းကြောင့် ချုပ်ငြိမ်းခြင်းကြောင့် မစွဲလမ်းမူ၍ (ကိလေသာတို့မှ)လွတ်ခြင်းသည် ဖြစ်၏၊ "ထိုခန္ဓာငါးပါးသည် အာဟာရလျှင် ဖြစ်ကြောင်းရှိ၏"ဟု ဟုတ်မှန်သော အတိုင်း ကောင်းသောပညာဖြင့် ရှု၏၊ "ထိုခန္ဓာငါးပါးသည် အာဟာရလျှင် ဖြစ်ကြောင်းရှိ၏"ဟု ဟုတ်မှန်သောအတိုင်း ကောင်းသော ပညာဖြင့် ရှုပြီး၍ အာဟာရလျှင် ဖြစ်ကြောင်းရှိသော ခန္ဓာငါးပါးကို ငြီးငွေ့ခြင်းကြောင့် တပ်မက်မှုကင်းခြင်းကြောင့် ချုပ်ငြိမ်းခြင်းကြောင့် မစွဲလမ်းမူ၍ (ကိလေသာတို့မှ) လွတ်ခြင်းသည် ဖြစ်၏။ "ထိုအာဟာရ၏ ချုပ်ခြင်းကြောင့် ခန္ဓာငါးပါးသည် ချုပ်ခြင်းသဘောရှိ၏"ဟု ဟုတ်မှန်သောအတိုင်း ကောင်းသော ပညာဖြင့် ရှု၏၊ "ထိုအာဟာရ၏ ချုပ်ခြင်းကြောင့် ခန္ဓာငါးပါးသည် ချုပ်ခြင်းသဘောရှိ၏"ဟု ဟုတ်မှန်သော အတိုင်း ကောင်းသောပညာဖြင့် မြင်၍ ချုပ်ငြိမ်းမှုသဘောရှိသော ခန္ဓာငါးပါးကို ငြီးငွေ့ခြင်းကြောင့် တပ်မက်မှု ကင်းခြင်းကြောင့် ချုပ်ငြိမ်းခြင်းကြောင့် မစွဲလမ်းမူ၍(ကိလေသာတို့မှ) လွတ်မြောက်ခြင်းသည် ဖြစ်၏။ အသျှင်ဘုရား ဤသို့လျှင် သိအပ်ပြီးသော တရားရှိသူ ဖြစ်ပါ၏။ အသျှင်ဘုရား ဤသို့လျှင် ပါရာယနဝဂ် အဇိတလုလင် မေးအပ်သော အမေး၌—

> "(အသျှင်ဘုရား) ဤသာသနာတော်၌ အကြင်ပုဂ္ဂိုလ်တို့သည် သိအပ်ပြီးသော တရားရှိကုန်၏၊ များစွာသော အကြင်ပုဂ္ဂိုလ်တို့သည်လည်း ကျင့်ဆဲဖြစ်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့၏ အကျင့်ကို အကျွန်ုပ် မေးအပ်သော ရင့်ကျက်သော ပညာရှိတော်မူသော မြတ်စွာဘုရားသည် ဟောတော်မူပါလော့"ဟု ဤတရားစကားကို ဟောအပ်ပြီ။

http://www.dhammadownload.com



အသျှင်ဘုရား အကျဉ်းအားဖြင့် ဟောတော်မူအပ်သော ဤတရား၏ အနက်ကို ဤသို့လျှင် အကျယ်အားဖြင့် အကျွန်ုပ် သိပါ၏ ဟု (လျှောက်၏)။

သာရိပုတြာ ကောင်းစွ ကောင်းစွ၊ သာရိပုတြာ "ဤသည်ကား ခန္ဓာငါးပါးတည်း" ဟု ဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့် မြင်၏၊ "ဤသည်ကား ခန္ဓာငါးပါးတည်း" ဟု ဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့် မြင်၍ ခန္ဓာငါးပါးကို ငြီးငွေ့ခြင်းငှာ တပ်မက်မှု ကင်းခြင်းငှါ ချုပ်ငြိမ်းခြင်းငှာ ကျင့်၏။ "ထိုခန္ဓာငါးပါးသည် အာဟာရလျှင် ဖြစ်ကြောင်းရှိ၏" ဟု ဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့် မြင်၏၊ "ထိုခန္ဓာငါးပါးသည် အာဟာရလျှင် ဖြစ်ကြောင်းရှိ၏" ဟု ဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့် မြင်၍ အာဟာရကြောင့် ဖြစ်သော ခန္ဓာငါးပါးကို ငြီးငွေ့ခြင်းငှာ တပ်မက်မှုကင်းခြင်းငှါ ချုပ်ငြိမ်းခြင်းငှါ ကျင့်၏။ "ထိုအာဟာရချုပ်ခြင်းကြောင့် ခန္ဓာငါးပါးသည် ချုပ်ခြင်းသဘောရှိ၏" ဟု ဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့် မြင်၏၊ "ထိုအာဟာရချုပ်ခြင်းကြောင့် ခန္ဓာငါးပါးသည် ချုပ်ခြင်းသဘောရှိ၏" ဟု ဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့် မြင်၍ ချုပ်ခြင်း သဘောရှိသော ခန္ဓာငါးပါးကို ငြီးငွေ့ခြင်းငှါ တပ်မက်မှု ကင်းခြင်းငှါ ချုပ်ငြိမ်းခြင်းငှါ ကျင့်၏။ သာရိပုတြာ ဤသို့လျှင် ကျင့်ဆဲဖြစ်၏။

သာရိပုတြာ အဘယ်သို့လျှင် သိအပ်ပြီးသော တရားရှိသူဖြစ်သနည်း။ သာရိပုတြာ "ဤသည်ကား ခန္ဓာငါးပါးတည်း" ဟု ဟုတ်မှန်သောအတိုင်း ကောင်းသော ပညာဖြင့် မြင်၏၊ "ဤသည်ကား ခန္ဓာငါးပါးတည်း" ဟု ဟုတ်မှန်သောအတိုင်း ကောင်းသော ပညာဖြင့်မြင်၍ ခန္ဓာငါးပါးကို ငြီးငွေ့ခြင်းကြောင့် တပ်မက်မှုကင်းခြင်းကြောင့် ချုပ်ငြိမ်းခြင်းကြောင့် မစွဲလမ်းမှု၍ (ကိလေသာတို့မှ) လွတ်မြောက်ခြင်းသည်ဖြစ်၏၊ "ထိုခန္ဓာငါးပါးသည် အာဟာရလျှင် ဖြစ်ကြောင်းရှိ၏" ဟု ဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့် မြင်၏၊ "ထိုခန္ဓာငါးပါးသည် အာဟာရလျှင် ဖြစ်ကြောင်းရှိ၏" ဟု ဟုတ်မှန်သောအတိုင်း ကောင်းသော ပညာဖြင့် မြင်၍ အာဟာရလျှင် ဖြစ်ကြောင်းရှိသော ခန္ဓာငါးပါးကို ငြီးငွေ့ခြင်းကြောင့် တက်မက်မှု ကင်းခြင်းကြောင့် ချုပ်ငြိမ်းခြင်းကြောင့် မစွဲလမ်းမှု၍ (ကိလေသာတို့မှ) လွတ်ခြင်းသည်ဖြစ်၏၊ "ထိုအာဟာရချုပ်ခြင်းကြောင့် ခန္ဓာငါးပါးသည် ချုပ်ခြင်းသဘောရှိ၏" ဟု ဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့် မြင်၏၊ "ထိုအာဟာရ ချုပ်ခြင်းကြောင့် ခန္ဓာငါးပါးသည် ချုပ်ခြင်းသဘောရှိ၏" ဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့် မြင်၍ ချုပ်ခြင်းသဘောရှိသော ခန္ဓာငါးပါးကို ငြီးငွေ့ခြင်းကြောင့် တပ်မက်မှု ကင်းခြင်းကြောင့် ချုပ်ငြိမ်းခြင်းကြောင့် မစွဲလမ်းမှု၍ (ကိလေသာတို့မှ) လွတ်ခြင်းသည် ဖြစ်၏။ သာရိပုတြာ ဤသို့လျှင် သိအပ်ပြီးသော တရားရှိသူ ဖြစ်၏။ သာရိပုတြာ ဤသို့လျှင် ပါရာယနဝဂ် အဇိတလုလင် မေးအပ်သော အမေး၌—

"(အသျှင်ဘုရား) ဤသာသနာတော်၌ အကြင်ပုဂ္ဂိုလ်တို့သည် သိအပ်ပြီးသော တရားရှိကုန်၏၊ များစွာသော အကြင်ပုဂ္ဂိုလ်တို့သည် ကျင့်ဆဲဖြစ်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့၏အကျင့်ကို အကျွန်ုပ် မေးအပ်သော ရင့်ကျက်သော ပညာရှိတော်မူသော မြတ်စွာဘုရားသည် အကျွန်ုပ်အား ဟောတော်မူပါလော့" ဟု ဤတရားစကားကို ဟောအပ်ပြီ။

သာရိပုတြာ အကျဉ်းအားဖြင့်ဟောအပ်သော ဤတရား၏ အနက်ကို ဤသို့လျှင် အကျယ်အားဖြင့် မှတ်အပ်၏ ဟု (ဟောတော်မူ၏)။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-ကဠာရသုတ်

၃၂။ သာဝတ္ထိပြည်၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါကဠာရခတ္တိယမည်သော ရဟန်းသည် အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်၍ အသျှင်သာရိပုတြာနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေ၍ တခုသော နေရာ၌ ထိုင်နေပြီးသော် အသျှင်သာရိပုတြာအား ဤစကားကိုလျှောက်၏"ငါ့သျှင်သာရိပုတြာ မောဠိယဖဂ္ဂုနမည်သောရဟန်းသည် သိက္ခာကိုချ၍ လူထွက်၏"ဟု လျှောက်၏။ ထိုအသျှင်သည် ဤဓမ္မဝိနယ (သာသနာတော်)၌ သက်သာရာကို မရခဲ့လေတကားဟု မိန့်တော်မူ၏။ သို့ဖြစ်လျှင် အသျှင်သာရိပုတြာသည် ဤဓမ္မဝိနယ(သာသနာတော်)၌ သက်သာရာကို ရပါသလောဟု (မေးလျှောက်ပြန်၏)။ ငါ့သျှင်ငါသည် ယုံမှားမရှိဟု (မိန့်ဆို၏)။ ငါ့သျှင်နောင်အခါ၌လည်းသက်သာရာ ရပါမည်လောဟု လျှောက်ပြန်၏။ ငါ့သျှင် ငါသည် တွေးတောခြင်းမရှိဟု (မိန့်ဆို၏) ထိုအခါ ကဠာရခတ္တိယရဟန်းသည် နေရာမှထ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်က ာ မြတ်စွာဘုရားကိုရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤသို့သော စကားကို လျှောက်၏ "အသျှင်ဘုရား အသျှင်သာရိပုတြာသည် ပဋိသန္ဓေနေမှု 'ဇာတိ'ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ တဖန်ပြုဖွယ်ကိစ္စ မရှိတော့ပြီဟု သိ၏ ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြားပါ၏"ဟု လျှောက်၏။

ထိုအခါမြတ်စွာဘုရားသည် ရဟန်းတပါးကို"ရဟန်း သင်သည်လာခဲ့လော့၊ငါဘုရား၏စကားဖြင့် ငါ့သျှင်သာရိပုတြာမြတ်စွာဘုရားသည်သင့်ကို ခေါ်တော်မူ၏ဟုဆို၍ သာရိပုတြာကို ခေါ်ချေလော့"ဟု မိန့်တော်မူ၏၊ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်၍ အသျှင်သာရိပုတြာကို "ငါ့သျှင်သာရိပုတြာ မြတ်စွာဘုရားသည် သင့်ကိုခေါ်တော်မူ၏"ဟု ဤစကားကို လျှောက်၏ "ငါ့သျှင် ကောင်းပြီ"ဟု အသျှင်သာရိပုတြာသည် ထိုရဟန်းအား ဝန်ခံ၍ မြတ်စွာဘုရားထံသို့ချဉ်းကပ်ကာမြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေ၏၊တခုသောနေရာ၌ ထိုင်နေသော အသျှင်သာရိပုတြာအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏ "သာရိပုတြာ သင်သည် ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤအရဟတ္တဖိုလ် အကျိုးငှါ တဖန်ပြုဖွယ် မရှိတော့ပြီဟု သိ၏"ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြား၏ဟူသည် မှန်သလောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား အကျွန်ုပ်သည် ထိုပုဒ် ထိုသဒ္ဒါတို့ဖြင့် အဓိပ္ပါယ်ကို(တိုက်ရိုက်)မဆိုပါဟု လျှောက်၏၊သာရိပုတြာမည်သည့်ပရိယာယ်မျိုးဖြင့်မဆိုအမျိုးကောင်းသားသည်အရဟတ္တဖိုလ်ကို ပြောကြား၏၊ မည်သို့ပင် ဖြစ်စေ ပြောကြားသည်ကို ပြောကြားသောအားဖြင့် မှတ်အပ်၏ဟုမိန့်တော်မူ၏၊အသျှင်ဘုရား အကျွန်ုပ်သည်လည်း ထိုပုဒ် ထိုသဒ္ဒါတို့ဖြင့် အဓိပ္ပါယ်ကို(တိုက်ရိုက်) မသိပါဟု ဤသို့လျှောက်ထားပြီးသည်မဟုတ်ပါလောဟု လျှောက်၏။

ငါ့သျှင်သာရိပုတြာ သင်သည် အဘယ်သို့ သိသောကြောင့် အဘယ်သို့ မြင်သောကြောင့် ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ပြုဖွယ်ကိစ္စကိုပြုပြီးပြီ၊ ဤအရဟတ္တဖိုလ် အကျိုးငှါ တဖန်ပြုဖွယ် မရှိတော့ပြီဟု သိ၏ ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြားသနည်းဟု သင့်ကို မေးကြမူ သင် အဘယ်သို့ ဖြေကြားမည်နည်းဟု မေးတော်မူ၏။ ငါ့သျှင်သာရိပုတြာ သင်သည်

http://www.dhammadownload.com



အဘယ်သို့ သိသောကြောင့် အဘယ်သို့ မြင်သောကြောင့် ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤအရဟတ္တဖိုလ် အကျိုးငှါ တဖန် ပြုဖွယ်မရှိတော့ပြီဟု သိ၏ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြားသနည်းဟု အကျွန်ုပ်ကို မေးကြကုန်မူ အကျွန်ုပ်သည် ဤဆိုလတ္တံ့သောအတိုင်း ဖြေကြားပါအံ့။ ငါ့သျှင်တို့ အကြင်အကြောင်းကြောင့်ပဋိသန္ဓေနေမှု'ဇာတိ'ဖြစ်၏၊ထိုအကြောင်း၏ ကုန်ခြင်းကြောင့်(ပဋိသန္ဓေနေမှု)ကုန်ရာ၌(ငါသည် ပဋိသန္ဓေနေမှု)ကုန်၏ဟူ၍ သိအပ်ပြီ၊ (ငါသည် ပဋိသန္ဓေနေမှု)ကုန်၏ ဟူ၍သိပြီးသော် ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤအရဟတ္တဖိုလ်အကျိုးငှါ တဖန် ပြုဖွယ်မရှိတော့ပြီ ဟု သိပါ၏ ဟု အကျွန်ုပ်သည် ဤသို့ ဖြေကြားပါအံ့ ဟု လျှောက်၏။

ငါ့သျှင်သာရိပုတြာ ပဋိသန္ဓေနေမှု'ဇာတိ'သည် အဘယ်တရားလျှင် အကြောင်း ရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်း ရှိသနည်း၊ အဘယ်ကြောင့် ဖြစ်သနည်း၊အဘယ်တရားလျှင် အမွန်အစရှိသနည်းဟု ဤသို့ သင့်ကို မေးကြကုန်မူ သင်အဘယ်သို့ဖြေကြားမည်နည်းဟုမိန့်တော်မူ၏၊ ငါ့သျှင်သာရိပုတြာ ပဋိသန္ဓေနေမှု'ဇာတိ'သည် အဘယ်တရားလျှင် အကြောင်းရှိသနည်း။ပ။ အဘယ်တရားလျှင်အမွန်အစရှိသနည်းဟု ဤသို့မေးကြကုန်မူငါ့သျှင်တို့ ပဋိသန္ဓေနေမှု'ဇာတိ'သည် ဘဝလျှင် အကြောင်းရှိ၏၊ဘဝလျှင် ဖြစ်ပေါ်ကြောင်းရှိ၏၊ဘဝကြောင့်ဖြစ်၏၊ဘဝလျှင် အမွန်အစရှိ၏ ဟူ၍ အကျွန်ုပ်သည် ဤသို့ ဖြေကြားပါအံ့ဟု လျှောက်၏။

ငါ့သျှင်သာရိပုတြာ ဘဝသည် အဘယ်တရားလျှင် အကြောင်းရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်း ရှိသနည်း၊အဘယ်ကြောင့်ဖြစ်သနည်း၊အဘယ်တရားလျှင် အမွန်အစရှိသနည်းဟု မေးကြကုန်မူသင်အဘယ်သို့ဖြေကြားမည်နည်းဟုမေးတော်မူ၏။အသျှင်ဘုရား ငါ့သျှင်သာရိပုတြာ ဘဝသည် အဘယ်တရားလျှင် အကြောင်းရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်းရှိသနည်း၊ အဘယ်ကြောင့်ဖြစ်သနည်း၊ အဘယ်တရားလျှင် အမွန်အစရှိသနည်းဟု မေးကြကုန်မူ ငါ့သျှင်တို့ ဘဝသည် ဥပါဒါန်လျှင် အကြောင်းရှိ၏၊ ဥပါဒါန်လျှင် ဖြစ်ပေါ်ကြောင်းရှိ၏၊ဥပါဒါန်ကြောင့် ဖြစ်၏၊ ဥပါဒါန်လျှင် အမွန်အစရှိ၏ ဟူ၍ အကျွန်ုပ်သည် ဤသို့ ဖြေကြားပါအံ့ဟု လျှောက်၏။

ငါ့သျှင်သာရိပုတြာ စွဲလမ်းမှု 'ဥပါဒါန်'သည်။ပ။ ဤသို့ သင့်ကို မေးကြကုန်မူ သာရိပုတြာ ငါ့သျှင်သာရိပုတြာ တပ်မက်မှု'တဏှာ'သည် အဘယ်တရားလျှင် အကြောင်းရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်း ရှိသနည်း၊ အဘယ်တရားကြောင့် ဖြစ်သနည်း၊အဘယ်တရားလျှင် အမွန်အစရှိသနည်းဟု သင့်ကို မေးကြကုန်မူ သင်အဘယ်သို့ ဖြေကြားမည်နည်းဟု မိန့်တော်မူ၏၊

အသျှင်ဘုရား ငါ့သျှင်သာရိပုတြာ တပ်မက်မှု'တဏှာ'သည် အဘယ်တရားလျှင် အကြောင်းရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်းရှိသနည်း၊ အဘယ်တရားကြောင့် ဖြစ်သနည်း၊ အဘယ်တရားလျှင်အမွန်အစရှိသနည်းဟူ၍မေးကြကုန်မူ ငါ့သျှင်တို့တပ်မက်မှု'တဏှာ'သည်ခံစားမှု 'ဝေဒနာ'လျှင် အကြောင်းရှိ၏၊ ဝေဒနာလျှင် ဖြစ်ပေါ်ကြောင်း ရှိ၏၊ ဝေဒနာကြောင့် ဖြစ်၏၊ ဝေဒနာလျှင် အမွန်အစရှိ၏ဟူ၍ အကျွန်ုပ်သည် ဤသို့ဖြေကြားပါအံ့ဟု လျှောက်၏။

ငါ့သျှင်သာရိပုတြာ သင်သည် အဘယ်သို့ သိသောကြောင့် အဘယ်သို့ မြင်သောကြောင့် ဝေဒနာတို့၌ နှစ်သက်ခြင်း မထင်ပါသနည်းဟု ဤသို့ မေးကြကုန်မူ သင်အဘယ်သို့ ဖြေကြားမည်

http://www.dhammadownload.com



နည်းဟု မိန့်တော်မူ၏။ ငါ့သျှင်သာရိပုတြာ သင်သည် အဘယ်သို့ သိသောကြောင့် အဘယ်သို့ မြင်သောကြောင့် ဝေဒနာတို့၌ နှစ်သက်ခြင်း မထင်ပါသနည်းဟု ဤသို့ မေးကြကုန်မူ ငါ့သျှင်တို့ခံစားမှု'ဝေဒနာ'တို့သည် ဤသုံးပါးတို့တည်း၊အဘယ်သုံးပါးတို့နည်း ဟူမူ–သုခဝေဒနာ ဒုက္ခဝေဒနာ အဒုက္ခမသုခဝေဒနာတို့တည်း၊ငါ့သျှင်တို့ ဤဝေဒနာသုံးပါးတို့သည် ဧင်စစ် မမြဲကုန်၊ အကြင် တရားသည် မမြဲ၊ ထိုတရားသည် ဆင်းရဲဒုက္ခတည်း၊ ဤသို့ သိသည်ရှိသော် ဝေဒနာတို့၌ နှစ်သက်ခြင်း မထင်ဟူ၍ အကျွန်ုပ် ဤသို့ ဖြေကြားပါအံ့၊ ဤသို့ မေးသည်ရှိသော် ဤသို့ ဖြေကြားပါအံ့ဟု လျှောက်၏။

သာရိပုတြာ ကောင်းစွ ကောင်းစွ၊ ဝေဒနာဟူသမျှ အားလုံးသည် ဒုက္ခ ဖြစ်၏ ဟူသော ဤစကားသည် ထိုတရား၏ အနက်ကိုပင် အကျဉ်းအားဖြင့် ဖြေကြားခြင်းငှါ အကြောင်း ပရိယာယ်ပင် ဖြစ်၏။

ငါ့သျှင်သာရိပုတြာ သင်သည် အဘယ်သို့ လွတ်မြောက်ခြင်းကြောင့် ပစ္စုပ္ပန်သန္တာန်၌ 'ဇာတိ' ကုန်ပြီ၊မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ဤအရဟတ္တဖိုလ်အကျိုးငှါတဖန် ပြုဖွယ် မရှိတော့ပြီဟု သိ၏ ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြားပါသနည်းဟု မေးလာကြကုန်မူ သင်အဘယ်သို့ ဖြေကြားမည်နည်းဟု မိန့်တော်မူ၏။ ငါ့သျှင်သာရိပုတြာ သင်သည် အဘယ်သို့ လွတ်မြောက်ခြင်းကြောင့် ပစ္စုပ္ပန်သန္တာန်၌'ဇာတိ'ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤအရဟတ္တဖိုလ်အကျိုးငှါ တဖန်ပြုဖွယ် မရှိပြီဟု ဤသို့ သိ၏ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြားသနည်းဟု မေးလာကြကုန်မူ ငါ့သျှင်တို့ ငါသည် အဇ္ဈတ္တသန္တာန်၌ ဖြစ်သော လွတ်မြောက်ခြင်းကြောင့် ပြင်းစွာ စွဲလမ်းမှု'ဥပါဒါန်' ဟူသမျှအားလုံးတို့၏ ကုန်ခြင်းကြောင့် အကြင် အခြင်းအရာအားဖြင့် သတိရှိသည်ဖြစ်၍ နေသော အကျွန်ုပ်ကို အာသဝေါ တရားတို့သည် မစီးဝင်နိုင်ကုန်၊မိမိကိုယ်ကိုလည်း အယုတ်အားဖြင့် မသိ၊ ထိုအခြင်းအရာအားဖြင့် သတိနှင့် ပြည့်စုံသူဖြစ်၍ နေပါ၏ဟု လျှောက်၏။

သာရိပုတြာ ကောင်းစွ ကောင်းစွ၊ သမဏဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောကြား အပ်သော အာသဝတရားတို့၌ ငါယုံမှားမရှိ၊ ထိုအာသဝတရားတို့ကို ငါပယ်ပြီးပြီလော ဟူ၍လည်း တွေးတောမှု မဖြစ်ဟူသော ဤစကားသည် ထိုတရား၏ အနက်ကိုပင် အကျဉ်းအားဖြင့် ဖြေကြားခြင်းငှါ အကြောင်း ပရိယာယ်ဖြစ်ပေ၏ဟု မိန့်တော်မူ၏၊မြတ်စွာဘုရားသည်ဤစကားကို ဟောတော်မူပြီး၍ နေရာမှထကာ ကျောင်းသို့ ဝင်တော်မူ၏။

ထိုအခါ အသျှင်သာရိပုတြာသည် မြတ်စွာဘုရား ကြွသွား၍ မကြာမြင့်မီပင် ရဟန်းတို့ကို မိန့်ဆိုတော်မူ၏–"ငါ့သျှင်တို့ ဤအရာကို မေးလိမ့်မည်ဟု ကြိုတင်၍ မသိသေးသော ငါ့အားမြတ်စွာ ဘုရားသည် ပဌမပြဿနာကို မေးတော်မူ၏၊ထိုငါ့အား နှောင့်နှေးခြင်းဖြစ်၏၊ ငါ့သျှင်တို့ငါ့အား မြတ်စွာဘုရားသည် ပဌမပြဿနာကို ဝမ်းမြောက်တော်မူ၏၊ ငါ့သျှင်တို့ ထိုငါ့အား ဤသို့သောအကြံ သည် ဖြစ်၏၊ တနေ့လုံးလည်း မြတ်စွာဘုရားသည် ငါ့အား တမျိုးတမျိုးသော ပုဒ်တို့ဖြင့် တမျိုးတမျိုး သော ပရိယာယ်တို့ဖြင့် ထိုအနက်ကို အကယ်၍ မေးငြားအံ့၊ တနေ့လုံးလည်း ငါသည်မြတ်စွာဘုရား အား တမျိုးတမျိုးသော ပုဒ်တို့ဖြင့် တမျိုးတမျိုးသောပရိယာယ်တို့ဖြင့် ထိုအနက်ကိုဖြေကြားအံ့၊ တညဉ့်လုံးလည်း မြတ်စွာဘုရားသည် ငါ့အား တမျိုးတမျိုးသော ပုဒ်တို့ဖြင့် တမျိုးတမျိုးသော

http://www.dhammadownload.com



ပရိယာယ်တို့ဖြင့် ထိုအနက်ကို အကယ်၍ မေးငြားအံ့၊ တညဉ့်လုံးလည်း ငါသည် မြတ်စွာဘုရားအား တမျိုးတမျိုးသော ပုဒ်တို့ဖြင့် တမျိုးတမျိုးသော ပရိယာယ်တို့ဖြင့် ထိုအနက်ကို ဖြေကြားအံ့၊ တညဉ့်တနေ့ပတ်လုံးလည်း မြတ်စွာဘုရားသည် ငါ့အား တမျိုးတမျိုးသော ပုဒ်တို့ဖြင့် တမျိုးတမျိုးသော ပရိယာယ်တို့ဖြင့် ထိုအနက်ကို အကယ်၍ မေးငြားအံ့၊ တညဉ့်တနေ့ပတ်လုံးလည်း ငါသည် မြတ်စွာဘုရားအား တမျိုးတမျိုးသော ပုဒ်တို့ဖြင့် တမျိုးတမျိုးသော ပရိယာယ်တို့ဖြင့် ထိုအနက်ကို ဖြေကြားအံ့။ နှစ်ညဉ့်နှစ်နေ့တို့ပတ်လုံးလည်း မြတ်စွာဘုရားသည် ငါ့ကို တမျိုးတမျိုးသော ပုဒ်တို့ဖြင့် တမျိုးတမျိုးသော ပရိယာယ်တို့ဖြင့် ထိုအနက်ကို အကယ်၍ မေးငြားအံ့၊ နှစ်ညဉ့်နှစ်နေ့တို့ပတ်လုံးလည်း ငါသည် မြတ်စွာဘုရားအား ထိုအနက်ကို ဖြေကြားအံ့။ သုံးညဉ့် သုံးနေ့တို့ပတ်လုံးလည်း မြတ်စွာဘုရားသည် ငါ့အား။ပ။ ထိုအနက်ကို အကယ်၍ မေးငြားအံ့၊ သုံးညဉ့်သုံးနေ့တို့ပတ်လုံးလည်း ငါသည် မြတ်စွာဘုရားအား ။ပ။ ထိုအနက်ကို ဖြေကြားအံ့။ လေးညဉ့်လေးနေ့တို့ပတ်လုံးလည်း မြတ်စွာဘုရားသည် ငါ့အား ထိုအနက်ကို အကယ်၍ မေးငြားအံ့၊ လေးညဉ့်လေးနေ့တို့ပတ်လုံးလည်း ငါသည် မြတ်စွာဘုရားအား ထိုအနက်ကို ဖြေကြားအံ့၊ ငါးညဉ့် ငါးနေ့တို့ပတ်လုံးလည်း မြတ်စွာဘုရားသည် ငါ့အား ထိုအနက်ကို အကယ်၍ မေးငြားအံ့၊ ငါးညဉ့် ငါးနေ့တို့ပတ်လုံးလည်း ငါသည် မြတ်စွာဘုရားအား ထိုအနက်ကို ဖြေကြားအံ့။ ခြောက်ညဉ့် ခြောက်နေ့တို့ပတ်လုံးလည်း မြတ်စွာဘုရားသည် ငါ့အား ထိုအနက်ကို အကယ်၍ မေးငြားအံ့၊ ခြောက်ညဉ့်ခြောက်နေ့တို့ပတ်လုံးလည်း ငါသည် မြတ်စွာဘုရားအား ထိုအနက်ကို ဖြေကြားအံ့။ ခုနစ်ညဉ့်ခုနစ်နေ့တို့ပတ်လုံးလည်း မြတ်စွာဘုရားသည် ငါ့အား တမျိုးတမျိုးသော ပုဒ်တို့ဖြင့် တမျိုးတမျိုးသော ပရိယာယ်တို့ဖြင့် ထိုအနက်ကို အကယ်၍ မေငြားအံ့၊ ခုနစ်ညဉ့်ခုနစ်နေ့တို့ပတ်လုံးလည်း ငါသည် မြတ်စွာဘုရားအား တမျိုးတမျိုးသော ပုဒ်တို့ဖြင့် တမျိုးတမျိုးသော ပရိယာယ်တို့ဖြင့် ထိုအနက်ကို ဖြေကြားအံ့ဟု အကြံသည်ဖြစ်၏”ဟု မိန့်ဆို၏။

ထိုအခါ ကဏ္ဍရာခတ္ထိယရဟန်းသည် နေရာမှထကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— “အသျှင်ဘုရား အသျှင်သာရိပုတြာသည် ခြင်္သေ့မင်း၏ ကြုံးဝါးခြင်းကဲ့သို့ ကြုံးဝါးပါ၏၊ ငါ့သျှင်တို့ ဤအရာကို မေးလိမ့်မည်ဟု ကြိုတင်၍ မသိသေးသော ငါ့အား မြတ်စွာဘုရားသည် ပဌမပြဿနာကို မေးတော်မူ၏၊ ထိုငါ့အား နှောင့်နှေးခြင်း ဖြစ်ခဲ့၏၊ ငါ့သျှင်တို့ ငါ့အား မြတ်စွာဘုရားသည် ပဌမပြဿနာကို ဝမ်းမြောက်တော်မူ၏၊ ငါ့သျှင်တို့ ထိုငါ့အား ဤသို့သော အကြံသည် ဖြစ်၏။ တနေ့လုံးလည်း မြတ်စွာဘုရားသည် ငါ့ကို တမျိုးတမျိုးသော ပုဒ်တို့ဖြင့် တမျိုးတမျိုးသော ပရိယာယ်တို့ဖြင့် ထိုအနက်ကို အကယ်၍ မေးငြားအံ့၊ တနေ့လုံးလည်း ငါသည် မြတ်စွာဘုရားအား တမျိုးတမျိုးသော ပုဒ်တို့ဖြင့် တမျိုးတမျိုးသော ပရိယာယ်တို့ဖြင့် ထိုအနက်ကို ဖြေကြားအံ့။ တညဉ့်ပတ်လုံးလည်း။ပ။ တညဉ့်တနေ့တို့ပတ်လုံးလည်း မြတ်စွာဘုရားသည် ငါ့ကို ။ပ။ နှစ်ညဉ့်နှစ်နေ့တို့ပတ်လုံးလည်း မြတ်စွာဘုရားသည် ငါ့ကို။ပ။ သုံးညဉ့်သုံးနေ့တို့ပတ်လုံးလည်း မြတ်စွာဘုရားသည် ငါ့ကို။ပ။ လေးညဉ့် လေးနေ့တို့ပတ်လုံးလည်း။ ငါးညဉ့် ငါးနေ့တို့ပတ်လုံးလည်း။ ခြောက်ညဉ့် ခြောက်နေ့တို့ပတ်လုံးလည်း။ ခုနစ်ညဉ့် ခုနစ်နေ့တို့ပတ်လုံးလည်း မြတ်စွာဘုရားသည် ငါ့ကို တမျိုးတမျိုးသော ပုဒ်တို့ဖြင့် တမျိုးတမျိုးသော ပရိယာယ်တို့ဖြင့် ထိုအနက်ကို အကယ်၍ မေးငြားအံ့၊ ခုနစ်ညဉ့် ခုနစ်နေ့တို့ပတ်လုံးလည်း ငါသည် မြတ်စွာဘုရားအား တမျိုး

http://www.dhammadownload.com



တမျိုးသော ပုဒ်တို့ဖြင့် တမျိုးတမျိုးသော ပရိယာယ်တို့ဖြင့် ထိုအနက်ကို ဖြေကြားအံ့ဟု အကြံသည် ဖြစ်၏ ဟု ကြုံးဝါးပါ၏”ဟု (လျှောက်၏)။

ရဟန်း သာရိပုတြာအား အကြင်ဓမ္မဓာတ် သာဝကပါရမီဉာဏ်၌ ထိုးထွင်း၍ သိသည်၏အဖြစ် ကြောင့် တနေ့လုံးလည်း ငါဘုရားသည် သာရိပုတြာအား တမျိုးတမျိုးသော ပုဒ်တို့ဖြင့် တမျိုး တမျိုးသောပရိယာယ်တို့ဖြင့် ထိုအနက်ကို အကယ်၍ မေးငြားအံ့၊တနေ့လုံးလည်း သာရိပုတြာသည် ငါဘုရားအား တမျိုးတမျိုးသော ပုဒ်တို့ဖြင့် တမျိုးတမျိုးသော ပရိယာယ်တို့ဖြင့် ထိုအနက်ကို ဖြေကြားရာ၏။ တညဉ့်ပတ်လုံးလည်း ငါဘုရားသည် သာရိပုတြာအား တမျိုးတမျိုးသော ပုဒ်တို့ဖြင့် တမျိုးတမျိုးသော ပရိယာယ်တို့ဖြင့် ထိုအနက်ကို အကယ်၍ မေးငြားအံ့၊ တညဉ့်ပတ်လုံးလည်း သာရိပုတြာသည် ငါဘုရားအား ထိုအနက်ကို ဖြေကြားရာ၏၊တညဉ့်တနေ့တို့ပတ်လုံးလည်း ငါဘုရား သည် သာရိပုတြာအား ထိုအနက်ကို အကယ်၍ မေးငြားအံ့၊ တညဉ့်တနေ့တို့ပတ်လုံးလည်း သာရိ-ပုတြာသည် ငါဘုရားအား ထိုအနက်ကို ဖြေကြားရာ၏။နှစ်ညဉ့်နှစ်နေ့တို့ပတ်လုံးလည်း ငါဘုရားသည် သာရိပုတြာအား ထိုအနက်ကို အကယ်၍ မေးငြားအံ့၊ နှစ်ညဉ့်နှစ်နေ့တို့ပတ်လုံးလည်း သာရိပုတြာ သည် ငါဘုရားအား ထိုအနက်ကို ဖြေကြားရာ၏၊ သုံးညဉ့်သုံးနေ့တို့ပတ်လုံးလည်း ငါဘုရားသည် သာရိပုတြာအား ထိုအနက်ကို အကယ်၍ မေးငြားအံ့၊သုံးညဉ့်သုံးနေ့တို့ပတ်လုံးလည်း သာရိပုတြာ သည် ငါဘုရားအား ထိုအနက်ကို ဖြေကြားရာ၏၊ လေးညဉ့်လေးနေ့တို့ပတ်လုံးလည်း ငါဘုရားသည် သာရိပုတြာအားထိုအနက်ကို အကယ်၍မေးငြားအံ့၊လေးညဉ့်လေးနေ့တို့ပတ်လုံးလည်းသာရိပုတြာ သည် ငါဘုရားအား ထိုအနက်ကို ဖြေကြားရာ၏၊ ငါးညဉ့်ငါးနေ့တို့ပတ်လုံးလည်း ငါဘုရားသည် သာရိပုတြာအား ထိုအနက်ကိုအကယ်၍ မေးငြားအံ့၊ ငါးညဉ့်ငါးနေ့တို့ပတ်လုံးလည်း သာရိပုတြာ သည် ငါဘုရားအား ထိုအနက်ကို ဖြေကြားရာ၏၊ ခြောက်ညဉ့်ခြောက်နေ့တို့ပတ်လုံးလည်း ငါဘုရား သည် သာရိပုတြာအား ထိုအနက်ကို အကယ်၍ မေးငြားအံ့၊ ခြောက်ညဉ့်ခြောက်နေ့တို့ပတ်လုံး လည်း သာရိပုတြာသည် ငါဘုရားအား ထိုအနက်ကို ဖြေကြားရာ၏၊ ခုနစ်ညဉ့် ခုနစ်နေ့တို့ ပတ်လုံးလည်း ငါဘုရားသည် သာရိပုတြာအား တမျိုးတမျိုးသော ပုဒ်တို့ဖြင့် တမျိုးတမျိုးသော ပရိယာယ်တို့ဖြင့် ထိုအနက်ကို အကယ်၍ မေးငြားအံ့၊ ခုနစ်ညဉ့် ခုနစ်နေ့တို့ပတ်လုံးလည်း သာရိပုတြာသည် ငါဘုရားအား တမျိုးတမျိုးသော ပုဒ်တို့ဖြင့် တမျိုးတမျိုးသော ပရိယာယ်တို့ဖြင့် ထိုအနက်ကို ဖြေကြားရာ၏၊ထိုဓမ္မဓာတ် သာဝကပါရမီဉာဏ်ကို ထိုးထွင်း၍ သိပြီ ဟု(မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ဉာဏဝတ္ထုသုတ်

၃၃။ သာဝတ္ထိပြည်၌ (သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ သင်တို့အား လေးဆယ့်လေးပါး ကုန်သော ဉာဏ်ဟူသော တည်ရာ ‘ဉာဏဝတ္ထု’ တို့ကို ဟောကြားပေအံ့၊ ထိုတရားကို နာကြ ကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ ဟောကြားအံ့ဟု မိန့်တော်မူ၏၊ “အသျှင်ဘုရား ကောင်းပါပြီ” ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကြကုန်၏၊ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏—

http://www.dhammadownload.com



ရဟန်းတို့ လေးဆယ့်လေးပါးကုန်သော ဉာဏ်ဟူသော တည်ရာ 'ဉာဏဝတ္ထု'တို့သည် အဘယ်တို့နည်း၊ အိုခြင်း 'ဇရာ' သေခြင်း'မရဏ'၌ သိသောဉာဏ်၊ အိုခြင်း 'ဇရာ' သေခြင်း 'မရဏ ၏ ဖြစ်ပေါ်ကြောင်း၌ သိသောဉာဏ်၊ အိုခြင်း 'ဇရာ' သေခြင်း 'မရဏ'၏ ချုပ်ရာ၌ သိသောဉာဏ်၊ အိုခြင်း'ဇရာ' သေခြင်း'မရဏ'၏ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်၌ သိသောဉာဏ်၊ ပဋိသန္ဓေနေမှု'ဇာတိ'၌ သိသောဉာဏ်၊ ပဋိသန္ဓေနေမှု'ဇာတိ' ဖြစ်ပေါ်ကြောင်း၌ သိသောဉာဏ်၊ ပဋိသန္ဓေနေမှု'ဇာတိ'၏ ချုပ်ရာ၌ သိသောဉာဏ်၊ ပဋိသန္ဓေနေမှု 'ဇာတိ'၏ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်၌ သိသောဉာဏ်၊ ဘဝ၌ သိသောဉာဏ်၊ ဘဝ၏ ဖြစ်ပေါ်ကြောင်း၌ သိသောဉာဏ်၊ ဘဝ၏ချုပ်ရာ၌သိသောဉာဏ်၊ ဘဝ၏ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်၌ သိသောဉာဏ်၊ ပြင်းစွာစွဲလမ်းမှု 'ဥပါဒါန်'၌သိသောဉာဏ်၊ ဥပါဒါန်ဖြစ်ပေါ်ကြောင်း၌ သိသောဉာဏ်၊ ဥပါဒါန်၏ ချုပ်ရာ၌ သိသောဉာဏ်၊ ဥပါဒါန်၏ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်၌ သိသောဉာဏ်၊ တပ်မက်မှု'တဏှာ'၌ သိသောဉာဏ်၊ တဏှာဖြစ်ပေါ်ကြောင်း၌ သိသောဉာဏ်၊ တဏှာချုပ်ရာ၌ သိသောဉာဏ်၊ တဏှာချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်၌ သိသောဉာဏ်၊ ခံစားမှု 'ဝေဒနာ'၌ သိသောဉာဏ်၊ ဝေဒနာ ဖြစ်ပေါ်ကြောင်း၌ သိသောဉာဏ်၊ ဝေဒနာချုပ်ရာ၌ သိသောဉာဏ်၊ ဝေဒနာချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်၌ သိသောဉာဏ်၊ တွေ့ထိမှု'ဖဿ'၌သိသောဉာဏ်။ပ။တည်ရာ 'အာယတန' ခြောက်ပါး သဠာယတန၌ သိသောဉာဏ်။ နာမ်ရုပ်၌ သိသောဉာဏ်။ သိမှု 'ဝိညာဏ်'၌ သိသောဉာဏ်။ ပြုစီရင်မှု 'သင်္ခါရ'တို့၌ သိသောဉာဏ်၊ သင်္ခါရတို့၌ ဖြစ်ပေါ်ကြောင်း၌ သိသောဉာဏ်၊ သင်္ခါရတို့ ချုပ်ရာ၌ သိသောဉာဏ်၊ သင်္ခါရတို့ ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်၌ သိသောဉာဏ်တို့တည်း၊ ရဟန်းတို့ ဤသည်တို့ကို လေးဆယ့်လေးပါးကုန်သော ဉာဏ်ဟူသော တည်ရာ 'ဉာဏဝတ္ထု'တို့ ဟူ၍ ဆိုအပ်ကုန်၏။

ရဟန်းတို့ အိုခြင်း'ဇရာ' သေခြင်း 'မရဏ'ဟူသည် အဘယ်နည်း၊ ထိုထိုသတ္တဝါတို့အား ထိုထိုဘုံဘဝ၌ အိုခြင်းအိုသည်၏အဖြစ် သွားကျိုးခြင်း ဆံဖြူခြင်း အရေတွန့်ခြင်း အသက်၏ဆုတ်ယုတ်ခြင်း ဣန္ဒြေတို့၏ ရင့်ကျက်ခြင်းဟူသော ဤသဘောတရားကို အိုခြင်း'ဇရာ' ဟူ၍ ဆိုအပ်၏။ ထိုထိုသတ္တဝါတို့၏ ထိုထိုဘုံဘဝမှ ရွေ့လျောခြင်း ရွေ့လျောသည်၏အဖြစ် ပျက်ခြင်းကွယ်ပျောက်ခြင်း အသက်ကိုစွန့်ခြင်း သေခြင်း ဘဝအဆုံးကိုပြုခြင်း ခန္ဓာတို့၏ပျက်ခြင်း ကိုယ်ကောင်ကို ပစ်ချခြင်း ဟူသော သဘောကို မရဏဟူ၍ဆိုအပ်၏၊ ဤသည်ကား အိုခြင်း 'ဇရာ'တည်း၊ ဤသည်ကား သေခြင်း'မရဏ'တည်း။ရဟန်းတို့ ဤသဘောတရားကို အိုခြင်း'ဇရာ'သေခြင်း'မရဏ'ဟုဆိုအပ်၏။

ပဋိသန္ဓေနေမှု'ဇာတိ'ဖြစ်ခြင်းကြောင့် အိုမှု 'ဇရာ'သေမှု 'မရဏ' ဖြစ်၏၊ ပဋိသန္ဓေနေမှု ချုပ်ခြင်းကြောင့် အိုမှု'ဇရာ' သေမှု'မရဏ'ချုပ်၏၊ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်သည်ပင် အိုမှု'ဇရာ'သေမှု 'မရဏ'ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်၏၊ ဤသည်တို့ကား အဘယ်တို့နည်း။ မှန်ကန်သောအမြင်။ပ။ မှန်ကန်သောတည်ကြည်မှုတည်း။

ရဟန်းတို့ အရိယာ တပည့်သည် ဤသို့ အိုခြင်း'ဇရာ' သေခြင်း 'မရဏ'ကို သိ၏၊ ဤသို့ အိုခြင်း သေခြင်း၏ ဖြစ်ပေါ်ကြောင်းကို သိ၏၊ ဤသို့ အိုခြင်း သေခြင်း၏ ချုပ်ရာကိုသိ၏၊ ဤသို့ အိုခြင်းသေခြင်း၏ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကိုသိ၏၊ ဤသည်ကား ထိုအရိယာ တပည့်၏ တရား၌ သိသောဉာဏ်တည်း၊ ထိုအရိယာ တပည့်သည် မြင်အပ် သိအပ် အခါမလင့်

http://www.dhammadownload.com



အကျိုးကို ပေးတတ် ရောက်အပ် ဉာဏ်ဖြင့်သက်ဝင်၍ ယူအပ်သော ဤသစ္စာလေးပါးတရားတို့ဖြင့် အတိတ်အနာဂတ်၌ နည်းကို ဆောင်၏။

လွန်ပြီးသော 'အတိတ်'ကာလ၌ အကြင် သမဏဗြာဟ္မဏတို့သည် အိုခြင်း'ဇရာ' သေခြင်း 'မရဏ'ကိုသိကုန်၏၊ အိုခြင်းသေခြင်း၏ ဖြစ်ပေါ်ကြောင်းကိုသိကုန်၏၊ အိုခြင်းသေခြင်း၏ချုပ်ရာကို သိကုန်၏၊ အိုခြင်းသေခြင်း၏ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကိုသိကုန်၏၊ ထိုသမဏ ဗြာဟ္မဏ အားလုံးတို့သည် ယခုအခါ၌ ငါသိသကဲ့သို့ ဤအတူသာလျှင် သိကုန်၏။

နောင် 'အနာဂတ်' ကာလ၌ အကြင် သမဏဗြာဟ္မဏတို့သည် အိုခြင်း'ဇရာ' သေခြင်း 'မရဏ'ကိုသိကုန်လတ္တံ့၊ အိုခြင်းသေခြင်း၏ ဖြစ်ပေါ်ကြောင်းကို သိကုန်လတ္တံ့၊ အိုခြင်းသေခြင်း၏ ချုပ်ရာကို သိကုန်လတ္တံ့၊ အိုခြင်း သေခြင်း၏ ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို သိကုန်လတ္တံ့၊ ထိုသမဏဗြာဟ္မဏ အားလုံးတို့သည် ယခုအခါ၌ ငါသိသကဲ့သို့ ဤအတူသာလျှင် သိကြကုန်လတ္တံ့ဟု အတိတ်အနာဂတ်တို့၌ နည်းကိုဆောင်၏၊ ဤသည်ကား ထိုအရိယာတပည့်၏ (မဂ်ဉာဏ်သို့) အစဉ်လိုက်ခြင်း၌ ဖြစ်သောဉာဏ်တည်း။

ရဟန်းတို့ အကြင်အခါ၌ အရိယာတပည့်အား(သစ္စာလေးပါး)တရား၌ သိသောဉာဏ်ရင်း မဂ်ဉာဏ်သို့ အစဉ်လိုက်ခြင်း၌ သိသော(ပစ္စဝေက္ခဏာဉာဏ်)ရင်း ဤနှစ်ပါးသော ဉာဏ်တို့သည် စင်ကြယ်ကုန်၏၊ ဖြူစင်ကုန်၏။ ရဟန်းတို့ ထိုအခါ ဤအရိယာ တပည့်ကို "မှန်ကန်သော အယူနှင့် ပြည့်စုံသူ" ဟူ၍ရင်း "မှန်ကန်သော ဉာဏ်အမြင်နှင့် ပြည့်စုံသူ" ဟူ၍ရင်း "ဤသူတော်ကောင်း တရားသို့ ရောက်လာသူ" ဟူ၍ရင်း "ဤသူတော်ကောင်းတရားကိုမြင်သူ"ဟူ၍ရင်း"ကျင့်ဆဲသေက္ခ ဉာဏ်နှင့်ပြည့်စုံသူ" ဟူ၍ရင်း "ကျင့်ဆဲသေက္ခဝိဇ္ဇာနှင့် ပြည့်စုံသူ" ဟူ၍ရင်း "တရားအယဉ်သို့ ကောင်းစွာ ရောက်သူ" ဟူ၍ရင်း "(ကိလေသာကို) ဖေါက်ခွဲသော အရိယာပညာရှိ" ဟူ၍ရင်း "အမြိုက်နိဗ္ဗာန် တံခါးဝသို့ ရောက်၍ တည်သူ" ဟူ၍ရင်း ဆိုအပ်၏။

ရဟန်းတို့ ပဋိသန္ဓေနေမှု'ဇာတိ'ဟူသည်အဘယ်နည်း။ ရဟန်းတို့ဘဝဟူသည် အဘယ်နည်း။ ရဟန်းတို့ ပြင်းစွာစွဲလမ်းမှု 'ဥပါဒါန်' ဟူသည် အဘယ်နည်း။ ရဟန်းတို့ တပ်မက်မှု'တဏှာ'ဟူသည် အဘယ်နည်း။ ရဟန်းတို့ ခံစားမှု'ဝေဒနာ'ဟူသည် အဘယ်နည်း။ ရဟန်းတို့တွေ့ထိမှု'ဖဿ'ဟူသည် အဘယ်နည်း။ ရဟန်းတို့ တည်ရာ 'အာယတန' ခြောက်ပါး သဠာယတနဟူသည် အဘယ်နည်း။ ရဟန်းတို့ 'နာမ်ရုပ်' ဟူသည် အဘယ်နည်း။ ရဟန်းတို့ 'ဝိညာဏ်' ဟူသည် အဘယ်နည်း။ ရဟန်းတို့ပြုစီရင်မှု'သင်္ခါရ'တို့ဟူသည် အဘယ်နည်း။ ရဟန်းတို့ ပြုစီရင်မှု'သင်္ခါရ'တို့သည် ကိုယ်ဖြင့် ပြုစီရင်မှု'ကာယသင်္ခါရ' နှုတ်ဖြင့် ပြုစီရင်မှု 'ဝစီသင်္ခါရ' စိတ်ဖြင့် ပြုစီရင်မှု 'စိတ္တသင်္ခါရ' တို့တည်း၊ ရဟန်းတို့ ဤတရားတို့ကို သင်္ခါရတို့ဟူ၍ ဆိုအပ်ကုန်၏။

မသိမှု'အဝိဇ္ဇာ'ဖြစ်ခြင်းကြောင့် သင်္ခါရတို့ ဖြစ်ပေါ်၏၊ အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရတို့ ချုပ်၏၊ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်တရားသည်ပင် သင်္ခါရတို့၏ ချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်းအကျင့်တည်း၊ ဤသည်ကား အဘယ်နည်း။ မှန်ကန်သောအမြင်။ပ။ မှန်ကန်သော တည်ကြည်မှုတည်း။

ရဟန်းတို့ အကြင်အခါ၌ အရိယာတပည့်သည် ဤသို့ ပြုစီရင်မှု'သင်္ခါရ'တို့ကိုသိ၏၊ ဤသို့ သင်္ခါရတို့ဖြစ်ပေါ်ကြောင်းကိုသိ၏၊ဤသို့ သင်္ခါရတို့၏ချုပ်ရာကို သိ၏၊ဤသို့ သင်္ခါရတို့၏ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ကို သိ၏၊ ဤသည်ကား ထိုအရိယာတပည့်၏ သစ္စာလေးပါး

http://www.dhammadownload.com



တရား၌ သိသောဉာဏ်တည်း၊ ထိုအရိယာတပည့်သည် မြင်အပ် သိအပ် အခါမလင့် အကျိုးကို ပေးတတ် ရောက်အပ် ဉာဏ်ဖြင့် သက်ဝင်၍ ယူအပ်သော ဤသစ္စာလေးပါးတရားဖြင့် အတိတ် အနာဂတ်၌ နည်းကို ဆောင်၏။

လွန်ပြီးသော 'အတိတ်' ကာလ၌ အကြင် သမဏဗြာဟ္မဏတို့သည် ပြုစီရင်မှု 'သင်္ခါရ'တို့ကို သိကုန်၏၊ သင်္ခါရတို့ ဖြစ်ပေါ်ကြောင်းကို သိကုန်၏၊ သင်္ခါရတို့၏ ချုပ်ရာကို သိကုန်၏၊ သင်္ခါရတို့၏ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ကို သိကုန်၏၊ ထိုသမဏဗြာဟ္မဏအားလုံးတို့သည် ယခုအခါ ငါသိသကဲ့သို့ ဤအတူသာလျှင် သိကုန်၏။

နောင် 'အနာဂတ်' ကာလ၌ အကြင် သမဏဗြာဟ္မဏတို့သည် ပြုစီရင်မှု 'သင်္ခါရ'တို့ကို သိကုန်လတ္တံ့၊ သင်္ခါရတို့၏ ဖြစ်ပေါ်ကြောင်းကို သိကုန်လတ္တံ့၊ သင်္ခါရတို့၏ ချုပ်ရာကို သိကုန်လတ္တံ့၊ သင်္ခါရတို့၏ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို သိကုန်လတ္တံ့၊ ထိုသမဏဗြာဟ္မဏအားလုံးတို့သည် ယခုအခါ ငါသိသကဲ့သို့ သိကုန်လတ္တံ့ဟု နည်းကို ဆောင်၏၊ ဤသည်ကား ထိုအရိယာတပည့်၏ (မဂ်ဉာဏ်သို့) အစဉ်လိုက်ခြင်း၌ ဖြစ်သော ဉာဏ်တည်း။

ရဟန်းတို့ အကြင်အခါ၌ အရိယာတပည့်အား (သစ္စာလေးပါး)တရား၌ သိသောဉာဏ်ရင်း မဂ်ဉာဏ်သို့ အစဉ်လိုက်ခြင်း၌ သိသောဉာဏ်ရင်း ဤနှစ်ပါးသော ဉာဏ်တို့သည် စင်ကြယ်ကုန်၏၊ ဖြူစင်ကုန်၏။ ရဟန်းတို့ ထိုအခါ ဤအရိယာတပည့်ကို "မှန်ကန်သောအယူနှင့် ပြည့်စုံသူ"ဟူ၍ရင်း "မှန်ကန်သော အမြင်နှင့် ပြည့်စုံသူ"ဟူ၍ရင်း "ဤသူတော်ကောင်းတရားသို့ ရောက်လာသူ"ဟူ၍ရင်း "ဤသူတော်ကောင်းတရားကို မြင်သူ"ဟူ၍ရင်း "ကျင့်ဆဲ သေက္ခဉာဏ်နှင့် ပြည့်စုံသူ"ဟူ၍ရင်း "ကျင့်ဆဲ သေက္ခ ဝိဇ္ဇာနှင့် ပြည့်စုံသူ"ဟူ၍ရင်း "တရားအယဉ်သို့ ရောက်သူ"ဟူ၍ရင်း "(ကိလေသာကို) ဖောက်ခွဲနိုင်သော အရိယာပညာရှိ" ဟူ၍ရင်း "အမြိုက်နိဗ္ဗာန် တခါးဝသို့ ရောက်၍ တည်သူ"ဟူ၍ရင်း ဆိုအပ်၏ ဟု(ဟောတော်မူ၏)။

တတိယသုတ်။

---

## ၄-ဒုတိယ ဉာဏဝတ္ထုသုတ်

၃၄။ သာဝတ္ထိပြည်၌ (သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ သင်တို့အား ခုနစ်ဆယ့်ခုနစ်ပါး ကုန်သော ဉာဏ်ဟူသော တည်ရာ 'ဉာဏဝတ္ထု'တို့ကို ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ ဟောပေအံ့ဟု မိန့်တော်မူ၏၊ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏၊ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏—

ရဟန်းတို့ ခုနစ်ဆယ့်ခုနစ်ပါးသော ဉာဏ်ဟူသော တည်ရာ 'ဉာဏဝတ္ထု'တို့သည် အဘယ်တို့နည်း၊ ပဋိသန္ဓေနေမှု 'ဇာတိ'အကြောင်းခံကြောင့် အိုမှု 'ဇရာ' သေမှု(မရဏ)ဖြစ်၏ဟူ၍ သိသော ဉာဏ်၊ ပဋိသန္ဓေနေမှု မရှိခဲ့သော် အိုမှု သေမှု မရှိဟု သိသောဉာဏ်၊ လွန်ပြီး 'အတိတ်'ကာလ၌ လည်း ပဋိသန္ဓေနေမှု အကြောင်းခံကြောင့် အိုမှု သေမှု ဖြစ်၏ဟု သိသောဉာဏ်၊ ပဋိသန္ဓေနေမှု မရှိသော် အိုမှု သေမှု မရှိဟု သိသောဉာဏ်၊ နောင် 'အနာဂတ်' ကာလ၌လည်း ပဋိသန္ဓေနေမှု 'ဇာတိ'အကြောင်းခံကြောင့် အိုမှု သေမှု ဖြစ်၏ဟု သိသောဉာဏ်၊ ပဋိသန္ဓေနေမှု မရှိသော် အိုမှု

http://www.dhammadownload.com



သေမှု မရှိဟု သိသောဉာဏ် ထိုပုဂ္ဂိုလ်အား ဖြစ်ပေါ်လာသည့် ဓမ္မဋ္ဌိတိဉာဏ်သည်လည်း ကုန်ခြင်း သဘောရှိ၏၊ ပျက်ခြင်း သဘောရှိ၏၊ ကင်းပြတ်ခြင်း သဘောရှိ၏၊ ချုပ်ခြင်း သဘောရှိ၏ဟု သိသောဉာဏ်။

ဘဝအကြောင်းခံကြောင့် ဇာတိ ဖြစ်၏ဟု သိသောဉာဏ်။ပ။ ဥပါဒါန်အကြောင်းခံကြောင့် ဘဝဖြစ်၏ဟု သိသောဉာဏ်၊ တဏှာအကြောင်းခံကြောင့် ဥပါဒါန်ဖြစ်၏ဟု သိသောဉာဏ်။ ဝေဒနာအကြောင်းခံကြောင့် တဏှာဖြစ်၏ဟု သိသောဉာဏ်။ ဖဿအကြောင်းခံကြောင့် ဝေဒနာဖြစ်၏ဟု သိသောဉာဏ်။ သဠာယတနအကြောင်းခံကြောင့် ဖဿဖြစ်၏ဟု သိသောဉာဏ်။ နာမ်ရုပ်အကြောင်းခံကြောင့် သဠာယတနဖြစ်၏ဟု သိသောဉာဏ်။ ဝိညာဏ်အကြောင်းခံကြောင့် နာမ်ရုပ်ဖြစ်၏ဟု သိသောဉာဏ်။ သင်္ခါရအကြောင်းခံကြောင့် ဝိညာဏ်ဖြစ်၏ဟု သိသောဉာဏ်။ အဝိဇ္ဇာအကြောင်းခံကြောင့် သင်္ခါရဖြစ်ကုန်၏ဟု သိသောဉာဏ်၊ အဝိဇ္ဇာမရှိခဲ့သော် သင်္ခါရတို့သည် မရှိကုန်ဟု သိသောဉာဏ် လွန်ပြီး အတိတ်ကာလ၌လည်း အဝိဇ္ဇာအကြောင်းခံကြောင့် သင်္ခါရတို့ ဖြစ်ကုန်၏ဟု သိသောဉာဏ်၊ အဝိဇ္ဇာမရှိသော် သင်္ခါရတို့ မရှိကုန်ဟု သိသောဉာဏ်၊ နောင် အနာဂတ်ကာလ၌လည်း အဝိဇ္ဇာအကြောင်းခံကြောင့် သင်္ခါရတို့ ဖြစ်ကုန်၏ဟု သိသောဉာဏ်၊ အဝိဇ္ဇာမရှိသော် သင်္ခါရတို့မရှိကုန်ဟု သိသောဉာဏ်၊ ထိုပုဂ္ဂိုလ်အား ဖြစ်ပေါ်လာသည့် ဓမ္မဋ္ဌိတိဉာဏ်သည်လည်း ကုန်ခြင်းသဘောရှိ၏၊ ပျက်ခြင်းသဘောရှိ၏၊ ကင်းပြတ်ခြင်းသဘောရှိ၏၊ ချုပ်ခြင်းသဘောရှိ၏ဟု သိသောဉာဏ်တို့တည်း၊ ရဟန်းတို့ ဤဉာဏ်တို့ကို ခုနစ်ဆယ့် ခုနစ်ပါးသော ဉာဏ်ဟူသော တည်ရာ 'ဉာဏဝတ္ထု'တို့ ဟူ၍ ဆိုအပ်ကုန်၏ဟူ (ဟောတော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-အဝိဇ္ဇာပစ္စယသုတ်

၃၅။ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ မသိမှု 'အဝိဇ္ဇာ' အကြောင်းခံကြောင့် ပြုစီရင်မှု 'သင်္ခါရ'တို့ ဖြစ်ကုန်၏၊ သင်္ခါရအကြောင်းခံကြောင့် ဝိညာဏ်ဖြစ်၏ ။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစုဖြစ်၏ဟု ဟောတော်မူ၏။ ဤသို့ ဟောတော်မူသည်ရှိသော် ရဟန်းတပါးသည် မြတ်စွာဘုရားအား "အသျှင်ဘုရား အိုခြင်း 'ဇရာ' သေခြင်း 'မရဏ' ဟူသည် အဘယ်ပါနည်း၊ ဤဇရာမရဏသည် အဘယ်သူ၏ ဇရာမရဏ ပါနည်း"ဟု ဤစကားကို လျှောက်၏။ အမေးပြဿနာသည် မသင့်လျော်ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။ ရဟန်း အကြင်သူသည် ဇရာမရဏဟူသည် အဘယ်ပါနည်း၊ ဤဇရာမရဏသည် အဘယ်သူ၏ ဇရာမရဏပါတည်းဟု ဤသို့မူလည်း ဆိုငြားအံ့၊ ရဟန်း အကြင်သူသည် ဇရာမရဏသည် တမျိုးတခြားတည်း၊ ဤဇရာမရဏသည် တပါးသူ၏ ဇရာမရဏတည်းဟု ဤသို့မူလည်း ဆိုငြားအံ့၊ (ထိုသူနှစ်ယောက်တို့၏) ထိုနှစ်မျိုးသည် အနက်အားဖြင့် တူ၏၊ သဒ္ဒါသည်သာလျှင် ထူးခြား၏။ ရဟန်း ထိုအသက်သည် ထိုကိုယ်ပင်တည်း ဟူ၍လည်း အယူမှား ရှိခဲ့မူ မြတ်သော အကျင့်ကို ကျင့်သုံးမှု မဖြစ်၊ ရဟန်း အသက်သည်တခြား ကိုယ်သည်တခြားဟူ၍လည်း အယူမှား ရှိခဲ့မူ မြတ်သော အကျင့်ကို ကျင့်သုံးမှု မဖြစ်၊ ရဟန်း ထိုနှစ်ပါးသော အစွန်းတို့သို့ မကပ်ရောက်မူ၍ အလယ်အလတ်ဖြင့် ဇာတိ အကြောင်းခံကြောင့် ဇရာမရဏဖြစ်၏ဟု မြတ်စွာဘုရားသည် တရားကို ဟောတော်မူ၏။

http://www.dhammadownload.com



"အသျှင်ဘုရား ဇာတိ ဟူသည် အဘယ်ပါနည်း၊ ဤဇာတိသည် အဘယ်သူ၏ ဇာတိပါနည်း" ဟု လျှောက်၏။ အမေးသည်ကား မသင့်လျော်ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။ ရဟန်း အကြင်သူသည် ဇာတိဟူသည် အဘယ်ပါနည်း၊ ဤဇာတိသည် အဘယ်သူ၏ ဇာတိပါနည်း ဟု ဤသို့မူလည်း ဆိုငြားအံ့၊ ရဟန်း အကြင်သူသည် ဇာတိသည် တမျိုးတခြားတည်း၊ ဤဇာတိသည် တပါးသူ၏ ဇာတိတည်းဟု ဤသို့မူလည်း ဆိုငြားအံ့၊ (ထိုသူနှစ်ယောက်တို့၏) ထိုနှစ်မျိုးသည် အနက်အားဖြင့် တူ၏၊ သဒ္ဒါသာလျှင် ထူးခြား၏။ ရဟန်း ထိုအသက်သည် ထိုကိုယ်ပင်တည်း ဟူ၍လည်း အယူမှားရှိခဲ့မူ မြတ်သော အကျင့်ကို ကျင့်သုံးမှု မဖြစ်၊ ရဟန်း အသက်သည်တခြား ကိုယ်သည်တခြားတည်း ဟူ၍လည်း အယူမှားရှိခဲ့မူ မြတ်သော အကျင့်ကို ကျင့်သုံးမှု မဖြစ်၊ ရဟန်း ထိုနှစ်ပါးသော အစွန်းတို့သို့ မကပ်ရောက်မူ၍ အလယ်အလတ်ဖြင့် ဘဝအကြောင်းခံကြောင့် ဇာတိဖြစ်၏ဟု မြတ်စွာဘုရားသည် တရားကို ဟောတော်မူ၏။

"အသျှင်ဘုရား ဘဝဟူသည် အဘယ်ပါနည်း၊ ဤဘဝသည် အဘယ်သူ၏ ဘဝပါနည်း" ဟု လျှောက်၏။ အမေးသည်ကား မသင့်လျော်ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။ ရဟန်း အကြင်သူသည် ဘဝဟူသည် အဘယ်နည်း၊ ဤဘဝသည် အဘယ်သူ၏ ဘဝပါနည်းဟူ၍ ဤသို့မူလည်း ဆိုငြားအံ့၊ ရဟန်း အကြင်သူသည် ဘဝသည် တမျိုးတခြားတည်း၊ ဤဘဝသည် တပါးသူ၏ ဘဝတည် ဟု ဤသို့မူလည်း ဆိုငြားအံ့၊ (ထိုသူနှစ်ယောက်တို့၏) ထိုနှစ်မျိုးသည် အနက်အားဖြင့် တူ၏၊ သဒ္ဒါသာလျှင် ထူးခြား၏။ ရဟန်း ထိုအသက်သည် ထိုကိုယ်ပင်တည်းဟူ၍လည်း အယူမှားရှိခဲ့မူ မြတ်သော အကျင့်ကို ကျင့်သုံးမှုမဖြစ်၊ ရဟန်း အသက်သည်တခြား ကိုယ်သည် တခြားတည်းဟူ၍လည်း အယူမှားရှိခဲ့မူ မြတ်သော အကျင့်ကို ကျင့်သုံးမှု မဖြစ်၊ ရဟန်း ထိုနှစ်ပါးသော အစွန်းတို့သို့ မကပ်ရောက်မူ၍ အလယ် အလတ်ဖြင့် ဥပါဒါန်အကြောင်းခံကြောင့် ဘဝဖြစ်၏ဟူ၍ မြတ်စွာဘုရားသည် တရားကို ဟောတော်မူ၏။ပ။ တဏှာအကြောင်းခံကြောင့် ဥပါဒါန်ဖြစ်၏ဟူ၍။ ဝေဒနာအကြောင်းခံကြောင့် တဏှာဖြစ်၏ဟူ၍။ ဖဿအကြောင်းခံကြောင့် ဝေဒနာဖြစ်၏ဟူ၍။ သဠာယတနအကြောင်းခံကြောင့် ဖဿဖြစ်၏ဟူ၍။ နာမ်ရုပ်အကြောင်းခံကြောင့် သဠာယတနဖြစ်၏ဟူ၍။ ဝိညာဏ်အကြောင်းခံကြောင့် နာမ်ရုပ်ဖြစ်၏ဟူ၍။ သင်္ခါရအကြောင်းခံကြောင့် ဝိညာဏ်ဖြစ်၏ဟူ၍ မြတ်စွာဘုရားသည် တရားကို ဟောတော်မူ၏။

"အသျှင်ဘုရား သင်္ခါရဟူသည် အဘယ်တို့ပါနည်း၊ ဤသင်္ခါရတို့သည် အဘယ်သူ၏ သင်္ခါရတို့ပါနည်း" ဟု လျှောက်၏၊ အမေးသည်ကား မသင့်လျော်ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏၊ ရဟန်း အကြင်သူသည် သင်္ခါရတို့ဟူသည် အဘယ်တို့ပါနည်း၊ ဤသင်္ခါရတို့သည် အဘယ်သူ၏ သင်္ခါရတို့ပါနည်းဟု ဤသို့မူလည်း ဆိုငြားအံ့၊ ရဟန်း အကြင်သူသည် သင်္ခါရတို့သည် တမျိုးတခြားတည်း၊ ဤသင်္ခါရတို့သည် တပါးသူ၏ သင်္ခါရတို့တည်းဟု ဤသို့မူလည်း ဆိုငြားအံ့၊ (ထိုသူနှစ်ယောက်တို့၏) ထိုနှစ်မျိုးသည် အနက်အားဖြင့် တူ၏၊ သဒ္ဒါသာလျှင် ထူးခြား၏။ ရဟန်း ထိုအသက်သည် ထိုကိုယ်ပင်တည်းဟူ၍လည်း အယူမှားရှိခဲ့မူ မြတ်သော အကျင့်ကို ကျင့်သုံးမှု မဖြစ်၊ ရဟန်း အသက်သည်တခြား ကိုယ်သည် တခြားတည်းဟူ၍လည်း အယူမှားရှိခဲ့မူ မြတ်သော အကျင့်ကို ကျင့်သုံးမှု မဖြစ်၊ ရဟန်း ထိုနှစ်ပါးသော အစွန်းတို့သို့ မကပ်ရောက်မူ၍ အလယ် အလတ်ဖြင့် အဝိဇ္ဇာ အကြောင်းခံကြောင့် သင်္ခါရတို့ ဖြစ်ကုန်၏ဟူ၍ မြတ်စွာဘုရားသည် တရားကို ဟောတော်မူ၏။

http://www.dhammadownload.com



ရဟန်း မသိမှု 'အဝိဇ္ဇာ'၏သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့်— ဇရာမရဏ သည် အဘယ်ပါနည်း၊ ဤဇရာမရဏသည် အဘယ်သူ၏ ဇရာမရဏပါနည်းဟူ၍ရင်း ဇရာမရဏသည် တမျိုးတခြားတည်း၊ ဤဇရာမရဏသည် တပါးသူ၏ ဇရာမရဏတည်းဟူ၍ရင်း ထိုအသက် သည် ထိုကိုယ်ပင်တည်း ဟူ၍ရင်း အသက်သည်တခြား ကိုယ်သည်တခြားတည်းဟူ၍ရင်း ငြောင့် တံကျင်ကဲ့သို့ စူးဝင်ကုန်သော ဆန့်ကျင်ဘက် ဖြစ်ကုန်သော တုန်လှုပ်ကုန်သော မိစ္ဆာအယူဟူသမျှ အားလုံးတို့ကို ပယ်အပ်ကုန်၏၊ အမြစ်အရင်းကို အကြွင်းမဲ့ ဖြတ်အပ်ကုန်၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုအပ်ကုန်၏၊ တဖန် မဖြစ်ခြင်းကို ပြုအပ်ကုန်၏၊ နောင်အခါ မဖြစ်ခြင်း သဘောရှိကုန်၏။

ရဟန်းတို့ အဝိဇ္ဇာ၏သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့်— ဇာတိသည် အဘယ်ပါနည်း၊ ဤဇာတိသည် အဘယ်သူ၏ ဇာတိပါနည်းဟူ၍ရင်း ဇာတိသည် တမျိုးတခြား တည်း၊ ဤဇာတိသည် တပါးသူ၏ဇာတိတည်းဟူ၍ရင်း ထိုအသက်သည် ထိုကိုယ်ပင်တည်းဟူ၍ရင်း အသက်သည်တခြား ကိုယ်သည်တခြား တည်းဟူ၍ရင်း ငြောင့်တံကျင်ကဲ့သို့ စူးဝင်ကုန်သော ဆန့်ကျင်ဖက်ဖြစ်ကုန်သော တုန်လှုပ်ကုန်သော မိစ္ဆာအယူဟူသမျှ အားလုံးတို့ကို ပယ်အပ်ကုန်၏၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်အပ်ကုန်၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုအပ်ကုန်၏၊ တဖန် မဖြစ်ခြင်းကို ပြုအပ်ကုန်၏၊ နောင်အခါ မဖြစ်ခြင်း သဘောရှိကုန်၏။

ရဟန်းတို့ အဝိဇ္ဇာ၏သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့်— ဘဝသည် အဘယ်နည်း ။ပ။ ဥပါဒါန်သည် အဘယ်နည်း။ တဏှာသည် အဘယ်နည်း။ ဝေဒနာသည် အဘယ် နည်း။ ဖဿသည် အဘယ်နည်း။ သဠာယတနသည် အဘယ်နည်း။ နာမ်ရုပ်သည် အဘယ်နည်း။ ဝိညာဏ်သည် အဘယ်နည်း။ပ။

ရဟန်း အဝိဇ္ဇာ၏သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့်— သင်္ခါရတို့သည် အဘယ်နည်း၊ ဤသင်္ခါရတို့သည် အဘယ်သူ၏ သင်္ခါရတို့နည်းဟူ၍ရင်း သင်္ခါရတို့သည် တမျိုး တခြားတို့တည်း၊ ဤသင်္ခါရတို့သည် တပါးသူ၏ သင်္ခါရတို့တည်းဟူ၍ရင်း ထိုအသက်သည် ထိုကိုယ် ပင်တည်းဟူ၍ရင်း အသက်သည်တခြား ကိုယ်သည်တခြားတည်း ဟူ၍ရင်း ငြောင့်တံကျင်ကဲ့သို့ စူးဝင်ကုန်သော ဆန့်ကျင်ဖက်ဖြစ်ကုန်သော တုန်လှုပ်ကုန်သော မိစ္ဆာအယူဟူသမျှ အားလုံးတို့ကို ပယ်အပ်ကုန်၏၊ အမြစ်အရင်းကို အကြွင်းမဲ့ ဖြတ်အပ်ကုန်၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုအပ်ကုန်၏၊ တဖန် မဖြစ်ခြင်းကို ပြုအပ်ကုန်၏၊ နောင်အခါ မဖြစ်ခြင်းသဘော ရှိကုန်၏ ဟု(ဟောတော်မူ၏)။

ပဌမသုတ်။

---

## ၆-ဒုတိယ အဝိဇ္ဇာပစ္စယသုတ်

၃၆။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ မသိမှု 'အဝိဇ္ဇာ' အကြောင်း ခံကြောင့် ပြုစီရင်မှု 'သင်္ခါရ'တို့ ဖြစ်ကုန်၏၊ သင်္ခါရအကြောင်းခံကြောင့် သိမှု'ဝိညာဏ်'ဖြစ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏။

ရဟန်းတို့ အကြင်သူသည် အိုခြင်း 'ဇရာ'သေခြင်း 'မရဏ'သည် အဘယ်နည်း၊ ဤဇရာမရဏ သည် အဘယ်သူ၏ ဇရာမရဏနည်းဟူ၍မူလည်း ဆိုငြားအံ့၊ ရဟန်းတို့ အကြင်သူသည် ဇရာမရဏ သည် တမျိုးတခြားတည်း၊ ဤဇရာမရဏသည် တပါးသူ၏ ဇရာမရဏတည်းဟူ၍မူလည်း ဆိုငြားအံ့၊

http://www.dhammadownload.com



(ထိုသူနှစ်ယောက်တို့၏)ထိုနှစ်မျိုးသည် အနက်အားဖြင့်တူ၏၊ သဒ္ဒါသာလျှင် ထူးခြား၏။ ရဟန်းတို့ ထိုအသက်သည် ထိုကိုယ်ပင်တည်းဟူ၍လည်း အယူမှားရှိခဲ့မူ မြတ်သောအကျင့်ကို ကျင့်သုံးမှုမဖြစ်၊ ရဟန်းတို့ အသက်သည်တခြား ကိုယ်သည်တခြားတည်းဟူ၍လည်း အယူမှားရှိခဲ့မူ မြတ်သော အကျင့်ကို ကျင့်သုံးမှု မဖြစ်၊ ရဟန်းတို့ ထိုနှစ်ပါးသော အစွန်းတို့သို့ မကပ်ရောက်မူ၍ အလယ် အလတ်ဖြင့် ပဋိသန္ဓေနေမှု'ဇာတိ'အကြောင်းခံကြောင့် အိုခြင်း'ဇရာ'သေခြင်း 'မရဏ' ဖြစ်၏ဟု မြတ်စွာဘုရားသည် တရားကို ဟောတော်မူ၏။

ပဋိသန္ဓေနေမှု 'ဇာတိ'သည် အဘယ်နည်း ။ပ။ ဘဝသည် အဘယ်နည်း။ ပြင်းစွာစွဲလမ်းမှု 'ဥပါဒါန်'သည် အဘယ်နည်း။ တပ်မက်မှု 'တဏှာ'သည် အဘယ်နည်း။ ခံစားမှု 'ဝေဒနာ'သည် အဘယ်နည်း။တွေ့ထိမှု'ဖဿ'သည် အဘယ်နည်း။ တည်ရာ 'အာယတန'ခြောက်ပါး သဠာယတန သည် အဘယ်နည်း။ နာမ်ရုပ်သည် အဘယ်နည်း။ သိမှု 'ဝိညာဏ်'သည် အဘယ်နည်း။ ရဟန်းတို့ အကြွင်းသူသည် ပြုစီရင်မှု'သင်္ခါရ'တို့သည် အဘယ်နည်း၊ ဤသင်္ခါရတို့သည် အဘယ်သူ၏သင်္ခါရတို့ နည်း ဟူ၍မူလည်း ဆိုငြားအံ့၊ ရဟန်းတို့ အကြွင်းသူသည် သင်္ခါရတို့သည် တမျိုးတခြားတည်း၊ ဤသင်္ခါရတို့သည် တပါးသူ၏ သင်္ခါရတို့တည်း ဟူ၍မူလည်း ဆိုငြားအံ့၊ (ထိုသူနှစ်ယောက်တို့၏) ထိုနှစ်မျိုးသည် အနက်အားဖြင့် တူ၏၊ သဒ္ဒါသာလျှင် ထူးခြား၏။ ရဟန်းတို့ ထိုအသက်သည် ထိုကိုယ်ပင်တည်း ဟူ၍လည်း အယူမှားရှိခဲ့မူ မြတ်သော အကျင့်ကို ကျင့်သုံးမှု မဖြစ်၊ ရဟန်းတို့ အသက်သည်တခြား ကိုယ်သည် တခြားတည်းဟူ၍လည်း အယူမှားရှိခဲ့မူ မြတ်သော အကျင့်ကို ကျင့်သုံးမှု မဖြစ်၊ ရဟန်းတို့ ထိုနှစ်ပါးသော အစွန်းတို့သို့ မကပ်ရောက်မူ၍ အလယ် အလတ်ဖြင့် မသိမှု'အဝိဇ္ဇာ' အကြောင်းခံကြောင့် သင်္ခါရတို့ ဖြစ်ကုန်၏ဟူ၍ မြတ်စွာဘုရားသည် တရားကို ဟောတော်မူ၏။

ရဟန်းတို့ မသိမှု'အဝိဇ္ဇာ'၏သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့်—အိုခြင်း 'ဇရာ'သေခြင်း'မရဏ'သည် အဘယ်နည်း၊ ဤဇရာမရဏသည် အဘယ်သူ၏ ဇရာမရဏနည်းဟူ၍ရင်း ဇရာမရဏသည် တမျိုးတခြားတည်း၊ ဤဇရာမရဏသည် တပါးသောသူ၏ ဇရာမရဏတည်းဟူ၍ရင်း ထိုအသက်သည် ထိုကိုယ်ပင်တည်းဟူ၍ရင်း အသက်သည်တခြား ကိုယ်သည်တခြားဟူ၍ရင်း ခြောင့် တံကျင်ကဲ့သို့ စူးဝင်ကုန်သော ဆန့်ကျင်ဖက် ဖြစ်ကုန်သော တုန်လှုပ်ကုန်သော မိစ္ဆာအယူ ဟူသမျှ အားလုံးတို့ကို ပယ်အပ်ကုန်၏၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်အပ်ကုန်၏၊ ထန်းပင်ငုတ် ကဲ့သို့ ပြုအပ်ကုန်၏၊ ထဖန်မဖြစ်ခြင်းကို ပြုအပ်ကုန်၏၊ နောင်အခါ မဖြစ်ခြင်း သဘောရှိကုန်၏။

ရဟန်းတို့ မသိမှု'အဝိဇ္ဇာ'၏သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့်—ဇာတိ သည် အဘယ်နည်း ။ပ။ ဘဝသည် အဘယ်နည်း။ ဝေဒနာသည် အဘယ်နည်း။ ဖဿသည် အဘယ် နည်း။ သဠာယတနသည် အဘယ်နည်း။ နာမ်ရုပ်သည် အဘယ်နည်း။ ဝိညာဏ်သည် အဘယ်နည်း။ သင်္ခါရတို့သည် အဘယ်တို့နည်း။ သင်္ခါရတို့သည် အဘယ်သူ၏ သင်္ခါရတို့နည်းဟူ၍ရင်း သင်္ခါရတို့သည် တမျိုးတခြားတို့တည်း၊ ဤသင်္ခါရတို့သည် တပါးသူ၏ သင်္ခါရတို့တည်းဟူ၍ရင်း ထိုအသက်သည် ထိုကိုယ်ပင်တည်းဟူ၍ရင်း အသက်သည် တခြား ကိုယ်သည် တခြားတည်းဟူ၍ရင်း ခြောင့်တံကျင်ကဲ့သို့ စူးဝင်ကုန်သော ဆန့်ကျင်ဖက် ဖြစ်ကုန်သော တုန်လှုပ်ကုန်သော မိစ္ဆာအယူ ဟူသမျှ အားလုံးတို့ကို ပယ်အပ်ကုန်၏၊ အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်အပ်ကုန်၏၊ ထန်းပင်ငုတ်ကဲ့သို့

http://www.dhammadownload.com



ပြုအပ်ကုန်၏၊ တဖန် မဖြစ်ခြင်းကို ပြုအပ်ကုန်၏၊ နောင်အခါ မဖြစ်ခြင်း သဘောရှိကုန်၏ ဟူ၍ (ဟောတော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-နတုမှသုတ်

၃၇။ သာဝတ္ထိပြည်၌ (သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ ဤကိုယ်သည် သင်တို့၏ ဥစ္စာ မဟုတ်၊ သူတပါးတို့၏ ဥစ္စာလည်းမဟုတ်၊ ရဟန်းတို့ ဤကိုယ်သည် ကံဟောင်းကြောင့် ဖြစ်၏၊ (အကြောင်းတရားတို့) ပြုစီရင်အပ်သော တရားတည်း၊ စေတနာကံသျှင် အရင်းခံရှိ၏၊ ခံစားမှု 'ဝေဒနာ'၏ တည်ရာဖြစ်၏ဟူ၍ မှတ်အပ်၏၊ ရဟန်းတို့ ထိုအရာ၌ အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်သည် ပဋိစ္စသမုပ္ပါဒ်ကိုသာလျှင် ကောင်းစွာ သင့်လျော်သောအားဖြင့် နှလုံးသွင်း၏။ ဤသို့ ဤအကြောင်းတရား ရှိခဲ့သော် ဤအကျိုးတရား ဖြစ်၏၊ ဤအကြောင်းတရား၏ ဖြစ်ခြင်းကြောင့် ဤအကျိုးတရား ဖြစ်၏၊ ဤအကြောင်းတရား မရှိခဲ့သော် ဤအကျိုးတရား မဖြစ်၊ ဤအကြောင်းတရား၏ ချုပ်ခြင်းကြောင့် ဤအကျိုးတရားချုပ်၏၊ အကြင်မသိမှု 'အဝိဇ္ဇာ' အကြောင်းခံကြောင့် ပြုစီရင်မှု 'သင်္ခါရ'တို့ ဖြစ်ကုန်၏၊ သင်္ခါရ အကြောင်းခံကြောင့် သိမှု 'ဝိညာဏ်' ဖြစ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏။ မသိမှု 'အဝိဇ္ဇာ' ၏သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ပြုစီရင်မှု 'သင်္ခါရ' တို့ ချုပ်ကုန်၏၊ သင်္ခါရတို့ ချုပ်ခြင်းကြောင့် သိမှု 'ဝိညာဏ်' ချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစုဖြစ်၏ ဟု (ဟောတော်မူ၏)။

သတ္တမသုတ်။

---

## ၈-စေတနာသုတ်

၃၈။ သာဝတ္ထိပြည်၌(သီတင်းသုံး)နေတော်မူ၏၊ရဟန်းတို့ အကြင်စေ့ဆော်မှုကိုစေ့ဆော်၏၊ အကြင်ကြံစည်မှုထို ကြံစည်၏၊အကြင် ကိန်းအောင်းတတ်သော တရားသည်လည်း ကိန်းအောင်း၏၊ ဤစေ့ဆော်မှု စသည်သည် ဝိညာဏ်တည်ရန် အကြောင်း ဖြစ်၏၊ အကြောင်းရှိသော် ဝိညာဏ် တည်မှု ဖြစ်၏၊ ထိုကမ္မဝိညာဏ် တည်သည်ရှိသော် စည်ပင်သည်ရှိသော် နောင်တဖန် ဘဝသစ် ဖြစ်၏၊ နောက်တဖန် ဘဝသစ် ဖြစ်ခြင်းရှိခဲ့သော် နောင်အခါ၌ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့ ဖြစ်ကုန်၏။ ဤသို့လျှင် အလုံး စုံသော ဆင်းရဲအစု ဖြစ်၏။

ရဟန်းတို့ အကယ်၍ မစေ့ဆော်စေကာမူ၊အကယ်၍ မကြံစည်စေကာမူ၊ အကယ်၍(အနုသယ) ကိန်းအောင်းခဲ့ငြားအံ့၊ ဤ(အနုသယ)ကိန်းအောင်းခြင်းသည်ပင် ဝိညာဏ်တည်ရန် အကြောင်း ဖြစ်၏၊ အကြောင်းရှိသော် ဝိညာဏ်တည်မှုဖြစ်၏၊ ထိုကမ္မဝိညာဏ် တည်သည်ရှိသော် စည်ပင်သည် ရှိသော် နောင်တဖန် ဘဝသစ် ဖြစ်၏၊ နောင်တဖန် ဘဝသစ် ဖြစ်ခြင်း ရှိခဲ့သော် နောင်အခါ၌ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့ ဖြစ်ကုန်၏၊ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏။

http://www.dhammadownload.com



ရဟန်းတို့ အကြင်အခါ၌ စေ့လည်းမစေ့ဆော်၊ကြံလည်း မကြံစည်၊ (အနုသယ)လည်း မကိန်းအောင်း၊ (ထိုအခါ)ဤသို့ အနုသယ မကိန်းအောင်းခြင်းသည်ပင် ဝိညာဏ်တည်ရန် အကြောင်း မဖြစ်၊ အကြောင်းမရှိသော် ဝိညာဏ်တည်မှု မဖြစ်၊ ထိုကမ္မဝိညာဏ် မတည်သည်ရှိသော် မစည်ပင်သည်ရှိသော် နောင်တဖန် ဘဝသစ်မဖြစ်၊ နောင်တဖန် ဘဝသစ်ဖြစ်ခြင်း မရှိသော် နောင်အခါ၌ ပဋိသန္ဓေနေခြင်း,အိုခြင်း,သေခြင်း, စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း,နှလုံးမသာခြင်း,ပြင်းစွာပင်ပန်းခြင်းတို့ ချုပ်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏ ဟု(ဟောတော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ဒုတိယ စေတနာသုတ်

၃၉။ သာဝတ္ထိပြည်၌(သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ အကြင်စေ့ဆော်မှုကို စေ့ဆော်၏၊ အကြင်ကြံစည်မှုကို ကြံစည်၏၊အကြင်ကိန်းအောင်းတတ်သော တရားသည်လည်း ကိန်းအောင်း၏၊ ဤစေ့ဆော်မှု စသည်သည် ဝိညာဏ်တည်ရန် အကြောင်း ဖြစ်၏၊ အကြောင်းရှိသော် ဝိညာဏ်တည်မှု ဖြစ်၏၊ထိုကမ္မဝိညာဏ်တည်သည်ရှိသော် စည်ပင်သည်ရှိသော် နာမ်ရုပ်၏ သက်ဝင်ခြင်းသည် ဖြစ်၏၊ နာမ်ရုပ် အကြောင်းခံကြောင့် တည်ရာ'အာယတန'ခြောက်ပါး သဠာယတနဖြစ်၏၊သဠာယတန အကြောင်းခံကြောင့် တွေ့ထိမှု'ဖဿ'ဖြစ်၏၊ဖဿ အကြောင်းခံကြောင့် ခံစားမှု 'ဝေဒနာ' ဖြစ်၏။ပ။တပ်မက်မှု'တဏှာ'။ ပြင်းစွာစွဲလမ်းမှု'ဥပါဒါန်' ။ဘဝ။ ပဋိသန္ဓေနေမှု 'ဇာတိ'။ အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာပင်ပန်းခြင်းတို့ ဖြစ်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏။

ရဟန်းတို့ အကယ်၍ မစေ့ဆော်စေကာမူ၊ အကယ်၍ မကြံစည်စေကာမူ၊ အကယ်၍ (အနုသယ) ကိန်းအောင်းငြားအံ့၊ ဤ(အနုသယ) ကိန်းအောင်းခြင်းသည် ဝိညာဏ်တည်ရန် အကြောင်းဖြစ်၏၊ အကြောင်းရှိသော် ဝိညာဏ်၏ တည်မှုဖြစ်၏၊ထိုကမ္မဝိညာဏ် တည်သည်ရှိသော် စည်ပင်သည်ရှိသော် နာမ်ရုပ်၏ သက်ဝင်ခြင်း ဖြစ်၏၊ နာမ်ရုပ်အကြောင်းခံကြောင့် သဠာယတန ဖြစ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏။

ရဟန်းတို့ အကြင်အခါ၌ စေ့လည်းမစေ့ဆော်၊ ကြံလည်း မကြံစည်၊ (အနုသယ)လည်း မကိန်းအောင်း၊(ထိုအခါ)ဤသို့ အနုသယ မကိန်းအောင်းခြင်းသည် ဝိညာဏ်တည်ရန် အကြောင်း မဖြစ်၊ အကြောင်းမရှိသော် ဝိညာဏ်တည်မှု မဖြစ်၊ထိုကမ္မဝိညာဏ် မတည်သည်ရှိသော် မစည်ပင်သည်ရှိသော် နာမ်ရုပ်၏ သက်ဝင်ခြင်း မဖြစ်၊ နာမ်ရုပ် ချုပ်ခြင်းကြောင့် သဠာယတနချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏ ဟု(ဟောတော်မူ၏)။

နဝမသုတ်။

## ၁၀-တတိယ စေတနာသုတ်

၄၀။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ အကြင် စေ့ဆော်မှုကို စေ့ဆော်၏၊ အကြင် ကြံစည်မှုကို ကြံစည်၏၊ အကြင် ကိန်းအောင်းတတ်သော တရားသည်လည်း ကိန်းအောင်း၏၊ ဤစေ့ဆော်မှု စသည်သည် ဝိညာဏ်တည်ရန် အကြောင်းဖြစ်၏၊ အကြောင်းရှိသော် ဝိညာဏ်တည်မှု ဖြစ်၏၊ ထိုကမ္မဝိညာဏ် တည်သည်ရှိသော် စည်ပင်သည်ရှိသော် ညွတ်ခြင်း

http://www.dhammadownload.com



တဏှာ ဖြစ်၏၊ ညွတ်ခြင်းတဏှာရှိသော် လားရာဂတိ ဖြစ်၏၊ လားရာဂတိရှိသော် စုတိပဋိသန္ဓေ ဖြစ်၏၊ စုတိပဋိသန္ဓေရှိသော် နောင်အခါ၌ ပဋိသန္ဓေခြင်း အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာပင်ပန်းခြင်းတို့ ဖြစ်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏။

ရဟန်းတို့ အကယ်၍ မစေ့ဆော်စေကာမူ အကယ်၍ မကြံစည်စေကာမူ၊အကယ်၍(အနုသယ) ကိန်းအောင်းငြားအံ့၊ ဤအနုသယ ကိန်းအောင်းခြင်းသည်ပင် ဝိညာဏ်တည်ရန် အကြောင်း ဖြစ်၏၊ အကြောင်းရှိသော် ဝိညာဏ်တည်မှု ဖြစ်၏၊ ထိုကမ္မဝိညာဏ် တည်သည်ရှိသော် စည်ပင်သည် ရှိသော် ညွတ်ခြင်း တဏှာဖြစ်၏၊ ညွတ်ခြင်း တဏှာရှိသော် လားရာဂတိ ဖြစ်၏၊ လားရာဂတိ ရှိသော် စုတိပဋိသန္ဓေဖြစ်၏၊ စုတိပဋိသန္ဓေရှိသော် နောင်အခါ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာပင်ပန်းခြင်းတို့ ဖြစ်ကုန်၏၊ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏။

ရဟန်းတို့ အကြင် အခါ၌ စေ့လည်းမစေ့ဆော်၊ ကြံလည်း မကြံစည်၊ (အနုသယ)လည်း မကိန်းအောင်း၊ ထိုအခါ ဤသို့အနုသယ မကိန်းအောင်းခြင်းသည်ပင် ဝိညာဏ်တည်ရန်အကြောင်း မဖြစ်၊ အကြောင်းမရှိသော် ဝိညာဏ်တည်မှု မဖြစ်၊ ထိုကမ္မဝိညာဏ် မတည်သည်ရှိသော် မစည်ပင် သည်ရှိသော် ညွတ်ခြင်း တဏှာမဖြစ်၊ ညွတ်ခြင်း တဏှာမဖြစ်သော် လားရာဂတိ မရှိ၊လားရာဂတိ မရှိသော် စုတိပဋိသန္ဓေ မဖြစ်၊ စုတိပဋိသန္ဓေ မဖြစ်သော် နောင်အခါ၌ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာပင်ပန်းခြင်းတို့ ချုပ်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏ ဟု (ဟောတော်မူ၏)။

ဒသမသုတ်။

လေးခုမြောက် ကဠာရခတ္တိယဝဂ် ပြီး၏။

---

## ၅-ဂဟပတိဝဂ် ၁-ပဉ္စဝေရဘယသုတ်

၄၁။ သာဝတ္ထိပြည်၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ အနာထပိဏ်သူဌေးသည် မြတ်စွာ ဘုရားထံသို့ ချဉ်းကပ်ပြီး၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေ၏၊တခုသော နေရာ၌ ထိုင်နေသော အနာထပိဏ်သူဌေးအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏–

သူကြွယ် အကြင်အခါ၌ အရိယာတပည့်အား ငါးပါးသောဘေး ငါးပါးသော ရန်တို့သည် ငြိမ်းကုန်၏၊ လေးပါးသော သောတာပတ္တိအင်္ဂါနှင့် ပြည့်စုံ၏၊ ထိုအခါ ထိုအရိယာတပည့်သည် အပြစ်ကင်းသော သိအပ်သော တရားကို ပညာဖြင့် ကောင်းစွာ မြင်အပ်၏၊ ကောင်းစွာထိုးထွင်း၍ သိအပ်၏၊ထိုအရိယာ တပည့်သည် အလိုရှိခဲ့သော် ငါ့အား ငရဲ၌ ကျရောက်မှု ကုန်ပြီ၊ တိရစ္ဆာန်မျိုး၌ ဖြစ်မှုကုန်ပြီ၊ ပြိတ္တာဘုံ၌ ဖြစ်မှုကုန်ပြီ၊ မကောင်းသော လားရာ အပါယ်ဘုံသို့ ကျရောက်မှု ကုန်ပြီ၊ ငါသည် သောတာပန် ဖြစ်၏၊ ပျက်စီး၍ ကျရောက်ခြင်း သဘောမရှိ၊ ကိန်းသေ မြဲ၏၊ အထက် မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိ ၏ဟု မိမိသည်ပင်လျှင် မိမိကိုယ်ကို ပြောကြားနိုင်ရာ၏။

http://www.dhammadownload.com



အဘယ် ငါးပါးကုန်သောဘေး ငါးပါးကုန်သော ရန်တို့သည် ငြိမ်းကုန်သနည်း၊ သူကြွယ် သူ့အသက်ကို သတ်လေ့ရှိသူသည် သူ့အသက်ကို သတ်ခြင်း အကြောင်းကြောင့် မျက်မှောက်၌ ဖြစ်သော ဘေးရန်သည် ပွါးစီး၏၊ တမလွန်၌ ဖြစ်သော ဘေးရန်သည် ပွါးစီး၏၊ စိတ်၌ ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း ခံစားရ၏၊ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်သော သူအား ဤသို့သော ဘေးရန်သည် ငြိမ်း၏။ (၁)

သူကြွယ် မပေးသည်ကို ခိုးယူလေ့ရှိသူသည် မပေးသည်ကို ခိုးယူခြင်း အကြောင်းကြောင့် မျက်မှောက်၌ ဖြစ်သော ဘေးရန်သည် ပွါးစီး၏၊ တမလွန်၌ ဖြစ်သော ဘေးရန်သည် ပွါးစီး၏၊ စိတ်၌ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း ခံစားရ၏၊ မပေးသည်ကို ခိုးယူခြင်းမှ ရှောင်ကြဉ်သော သူအား ဤသို့သော ဘေးရန်သည် ငြိမ်း၏။ (၂)

သူကြွယ် ကာမတို့၌ မှားသောအားဖြင့် ကျင့်လေ့ရှိသော သူသည် ကာမတို့၌ မှားသော အားဖြင့် ကျင့်ခြင်းအကြောင်းကြောင့် မျက်မှောက်၌ ဖြစ်သော ဘေးရန်သည် ပွါးစီး၏၊ တမလွန်၌ ဖြစ်သော ဘေးရန်သည် ပွါးစီး၏၊ စိတ်၌ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း ခံစားရ၏၊ ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်သောသူအား ဤသို့သော ဘေးရန်သည် ငြိမ်း၏။ (၃)

သူကြွယ် မမှန်သောစကားကို ပြောလေ့ရှိသူသည် မမှန်စကားကို ပြောခြင်းအကြောင်းကြောင့် မျက်မှောက်၌ ဖြစ်သော ဘေးရန်သည် ပွါးစီး၏၊ တမလွန်၌ ဖြစ်သော ဘေးရန်သည် ပွါးစီး၏၊ စိတ်၌ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း ခံစားရ၏၊ မဟုတ် မမှန်သော စကားကို ပြောခြင်းမှ ရှောင်ကြဉ်သူအား ဤသို့သော ဘေးရန်သည် ငြိမ်း၏။ (၄)

သူကြွယ် မေ့လျော့ကြောင်းဖြစ်သော သေအရက်ကို သောက်လေ့ရှိသူသည် မူးယစ်မေ့လျော့ ကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်း အကြောင်းကြောင့် မျက်မှောက်၌ ဖြစ်သော ဘေးရန်သည် ပွါးစီး၏၊ တမလွန်၌ဖြစ်သော ဘေးရန်သည် ပွါးစီး၏၊ စိတ်၌ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကိုလည်း ခံစားရ၏၊ မေ့လျော့ကြောင်း ဖြစ်သော သေအရက်ကို သောက်စား ခြင်းမှ ရှောင်ကြဉ်သူအား ဤသို့သော ဘေးရန်သည် ငြိမ်း၏။ ဤငါးပါးကုန်သော ဘေးရန် တို့သည် ငြိမ်းကုန်၏။ (၅)

အဘယ်လေးပါးကုန်သော သောတာပတ္တိအင်္ဂါတို့နှင့် ပြည့်စုံသနည်း၊ သူကြွယ် ဤသာသနာ တော်၌ အရိယာတပည့်သည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'တို့နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ဆုံးမထိုက်သော သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသ ဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာ ဒေဝမနုဿာနံ မည်တော်မူ၏၊ သစ္စာလေးပါး တရားတို့ကို သိစေတော်မူသော အကြောင်းကြောင့် လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်သည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၌ သက်ဝင် ယုံကြည်ခြင်းနှင့် ပြည့်စုံ၏။ (၁)

http://www.dhammadownload.com



"မြတ်စွာဘုရား ဟောထားသော တရားတော်သည် ကောင်းစွာ ဟောထားသော တရားတော် ပါပေတည်း၊ ကိုယ်တိုင်သိမြင်နိုင်သော တရားတော်ပါပေတည်း၊ အခါမလင့် အကျိုးပေးတတ်သော တရားတော်ပါပေတည်း၊ လာလှည့် ရှုလှည့်ဟု ပြထိုက်သော တရားတော်ပါပေတည်း၊ မိမိ၏ကိုယ်၌ စိတ်ထဲ၌ ဆောင်ယူထားထိုက်သော တရားတော်ပါပေတည်း၊ (အရိယာ) ပညာရှိတို့သာ ကိုယ်စီ ကိုယ်ငှ သိနိုင် ခံစားနိုင်သော တရားတော်ပါပေတည်း"ဟု တရားတော်၌ သက်ဝင် ယုံကြည်ခြင်းနှင့် ပြည့်စုံ၏။ (၂)

"မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းသော အကျင့် ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ဖြောင့်မတ်သော အကျင့် ရှိတော်မူပါ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် မှန်သော အကျင့် ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် လျော်ကန်သော အကျင့် ရှိတော်မူပါပေ၏၊ အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါး အရေအတွက်ရှိသော မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် အရပ်ဝေးမှ ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်တော်မူပါပေ၏၊ ဧည့်သည် အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်တော်မူပါပေ၏၊ တမလွန် အတွက် ရည်မြှော်သော အလှူကို ခံတော်မူထိုက်ပါပေ၏၊ လက်အုပ်ချီခြင်းငှါ ထိုက်တော်မူပါပေ၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်တော်မူပါပေ၏"ဟု သံဃာတော်၌ သက်ဝင်ယုံကြည်ခြင်းနှင့် ပြည့်စုံ၏။ (၃)

မကျိုးမပေါက် မပြောက်မကျားကုန်သော တဏှာကျွန် အဖြစ်မှ လွတ်မြောက်ကုန်သော ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော မှားသောအားဖြင့် မသုံးသပ်အပ်ကုန်သော တည်ကြည်မှု သမာဓိကို ဖြစ်စေတတ်ကုန်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံ၏။ဤလေးပါး ကုန်သော သောတာပတ္တိ အင်္ဂါတို့နှင့် ပြည့်စုံ၏။ (၄)

ထိုပုဂ္ဂိုလ်သည် အပြစ်ကင်းသော သိအပ်သော အဘယ်မည်သော တရားကို ပညာဖြင့် ကောင်းစွာ မြင်အပ်သနည်း၊ ကောင်းစွာ ထိုးထွင်း၍ သိအပ်သနည်း၊ သူကြွယ် ဤသာသနာတော်၌ အရိယာတပည့်သည် ပဋိစ္စသမုပ္ပါဒ်ကိုသာလျှင် ကောင်းစွာ သင့်သောအားဖြင့် နှလုံးသွင်း၏၊ ဤသို့ ဤအကြောင်းတရားရှိသော် ဤအကျိုးတရားဖြစ်၏၊ ဤအကြောင်းတရား မရှိသော် ဤအကျိုး တရား မဖြစ်၊ ဤအကြောင်းတရား ဖြစ်ခြင်းကြောင့် ဤအကျိုးတရား ဖြစ်၏၊ ဤအကြောင်း တရားချုပ်ခြင်းကြောင့် ဤအကျိုးတရား ချုပ်၏၊ ယင်းအကြောင်းကြောင့် အကျိုးဖြစ်ပုံကား မသိမှု 'အဝိဇ္ဇာ' အကြောင်းခံကြောင့် ပြုစီရင်မှု 'သင်္ခါရ'တို့ ဖြစ်ကုန်၏၊ သင်္ခါရ အကြောင်းခံ ကြောင့် သိမှု 'ဝိညာဏ်' ဖြစ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစုဖြစ်၏၊ မသိမှု 'အဝိဇ္ဇာ'၏ သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် 'သင်္ခါရ'တို့ ချုပ်ကုန်၏၊ သင်္ခါရချုပ်ခြင်း ကြောင့် သိမှု'ဝိညာဏ်' ချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏။ ဤသည်ကား အရိယာတပည့်သည် ပညာဖြင့် ကောင်းစွာ မြင်အပ် ကောင်းစွာ ထိုးထွင်း၍ သိအပ်သော အပြစ် ကင်းသော တရားတည်း။

သူကြွယ် အကြင်အခါ၌ အရိယာတပည့်အား ဤငါးပါးကုန်သောဘေး ဤငါးပါးကုန်သော ရန်တို့သည် ငြိမ်းကုန်၏၊လေးပါးကုန်သော ဤသောတာပတ္တိ အင်္ဂါတို့နှင့်ပြည့်စုံ၏၊အပြစ်ကင်းသော သိအပ်သော တရားကိုလည်း ပညာဖြင့် ကောင်းစွာ မြင်အပ်၏၊ ကောင်းစွာ ထိုးထွင်း၍ သိအပ်၏။

http://www.dhammadownload.com



ထိုအခါ ထိုအရိယာ တပည့်သည် အလိုရှိခဲ့မူ "ငါ့အား ငရဲကျရောက်မှု ကုန်ပြီ၊ တိရစ္ဆာန်မျိုး၌ ကျရောက်မှု ကုန်ပြီ၊ ပြိတ္တာဘုံ၌ ဖြစ်မှုကုန်ပြီ၊ မကောင်းသော လားရာ အပါယ်ဘုံသို့ ကျရောက်မှု ကုန်ပြီ၊ငါသည် သောတာပန် ဖြစ်၏၊ ပျက်စီး၍ ကျရောက်ခြင်း မရှိ၊ ကိန်းသေမြဲ၏၊ အထက် မဂ် သုံးပါးလျှင် လည်းလျောင်းရာ ရှိ၏"ဟု မိမိသည်ပင်လျှင် မိမိကိုယ်ကို ပြောကြားနိုင်၏ဟု (ဟော တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဒုတိယ ပဉ္စဝေရဘယသုတ်

၄၂။ သာဝတ္ထိပြည်၌ ( သီတင်းသုံး )နေတော်မူ၏၊ ရဟန်းတို့ အကြင်အခါ၌ အရိယာ တပည့်အား ငါးပါးကုန်သောဘေး ငါးပါးကုန်သော ရန်တို့သည် ငြိမ်းကုန်၏၊ လေးပါးကုန်သော သောတာပတ္တိအင်္ဂါတို့နှင့်လည်း ပြည့်စုံ၏၊ ထိုအရိယာတပည့်သည် အပြစ်ကင်းသော သိအပ်သော တရားကို ပညာဖြင့် ကောင်းစွာ မြင်အပ်၏၊ ကောင်းစွာ ထိုးထွင်း၍ သိအပ်၏၊ထိုအရိယာ တပည့်သည် အလိုရှိခဲ့သော်"ငါ့အား ငရဲသို့ ကျရောက်မှု ကုန်ပြီ။ပ။ပျက်စီး၍ ကျရောက်ခြင်း မရှိ။ ကိန်းသေ မြဲ၏၊ အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာ ရှိ၏"ဟု မိမိသည်ပင်လျှင် မိမိကိုယ်ကို ပြောကြားနိုင်ရာ၏။

အဘယ်ငါးပါးသော ဘေးရန်တို့ ငြိမ်းကုန်သနည်း၊ ရဟန်းတို့ သူ့အသက်ကို သတ်လေ့ ရှိသူသည် ။ပ။ ရဟန်းတို့ မပေးသည်ကို ခိုးယူလေ့ရှိသူသည်။ ရဟန်းတို့ ကာမတို့၌ မှားသော အားဖြင့် ကျင့်လေ့ရှိသူသည်၊ ရဟန်းတို့ မမှန်သော စကားကို ပြောလေ့ ရှိသူသည်။ ရဟန်းတို့ မေ့လျော့ကြောင်း ဖြစ်သော သေအရက်ကို သောက်လေ့ရှိသူသည် ။ပ။ ဤငါးပါးကုန်သော ဘေးရန်တို့သည် ငြိမ်းကုန်၏။

အဘယ်လေးပါးသော သောတာပတ္တိအင်္ဂါတို့နှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤသာသနာ တော်၌ အရိယာတပည့်သည် မြတ်စွာဘုရား၌။ပ။ တရားတော်၌။ သံဃာတော်၌ သက်ဝင်ယုံကြည် ခြင်းနှင့် ပြည့်စုံ၏၊ အရိယာတို့ နှစ်သက်အပ်ကုန်သော သီလတို့နှင့် ပြည့်စုံ၏၊ ဤလေးပါးကုန်သော သောတာပတ္တိအင်္ဂါတို့နှင့် ပြည့်စုံ၏။ အပြစ်ကင်းသော သိအပ်သော အဘယ်မည်သော တရားကို ပညာဖြင့် ကောင်းစွာ မြင်အပ်သနည်း၊ ကောင်းစွာ ထိုးထွင်း၍ သိအပ်သနည်း။ ရဟန်းတို့ ဤ သာသနာတော်၌ အရိယာတပည့်သည် ပဋိစ္စသမုပ္ပါဒ်ကိုသာလျှင် ကောင်းစွာ သင့်လျော်သော အားဖြင့် နှလုံးသွင်း၏ ။ပ။ ဤသည်ကား ထိုအရိယာတပည့်သည် ပညာဖြင့် ကောင်းစွာ မြင်အပ် ကောင်းစွာ ထိုးထွင်း၍ သိအပ်သော အပြစ်ကင်းသော တရားတည်း။

ရဟန်းတို့ အကြင်အခါ၌ အရိယာတပည့်အား ဤငါးပါးကုန်သော ဘေးရန်တို့သည် ငြိမ်းကုန် ၏၊လေးပါးကုန်သော သောတာပတ္တိအင်္ဂါတို့နှင့် ပြည့်စုံ၏၊ ဤအပြစ်ကင်းသော သိအပ်သော တရားကို ပညာဖြင့် ကောင်းစွာ မြင်အပ်၏၊ ကောင်းစွာ ထိုးထွင်း၍ သိအပ်၏။ ထိုအရိယာတပည့် သည် အလိုရှိခဲ့သော် "ငါ့အား ငရဲဘုံ၌ ကျရောက်မှု ကုန်ပြီ၊ တိရစ္ဆာန်မျိုး၌ ဖြစ်မှုကုန်ပြီ၊မကောင်း

http://www.dhammadownload.com



မသောလားရာ အပါယ်တို့သို့ ကျရောက်မှု ကုန်ပြီ၊ ငါသည် သောတာပန်ဖြစ်၏၊ ပျက်စီး၍ ကျရောက်ခြင်းမရှိ၊ ကိန်းသေမြဲ၏၊ အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိ၏''ဟု မိမိသည်ပင်လျှင် မိမိကိုယ်ကို ပြောကြားနိုင်ရာ၏ ဟု (ဟောတော်မူ၏)။

ဒုတိယသုတ်။

## ၃-ဒုက္ခသုတ်

၄၃။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ဆင်းရဲ ဖြစ်ပေါ်ခြင်းကိုလည်းကောင်း ချုပ်ခြင်းကိုလည်းကောင်း ဟောအံ့၊ ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ ဟောကြားအံ့ဟု မိန့်တော်မူ၏၊ ''အသျှင်ဘုရား ကောင်းပါပြီ''ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကြကုန်၏၊ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏—

ရဟန်းတို့ ဆင်းရဲဖြစ်ပေါ်ခြင်းဟူသည် အဘယ်နည်း။ မျက်စိကိုလည်းကောင်း အဆင်းတို့ကိုလည်းကောင်း စွဲ၍ မျက်စိ၌ မှီသော သိမှု စက္ခုဝိညာဏ် ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံမိခြင်းကြောင့် တွေ့ထိမှု 'ဖဿ' ဖြစ်၏၊ ဖဿ အကြောင်းခံကြောင့် ခံစားမှု 'ဝေဒနာ' ဖြစ်၏၊ ဝေဒနာ အကြောင်းခံကြောင့် တပ်မက်မှု 'တဏှာ' ဖြစ်၏၊ ရဟန်းတို့ ဤသည်ကား ဆင်းရဲဖြစ်ပေါ်ခြင်းတည်း။

နားကိုလည်းကောင်း အသံတို့ကိုလည်းကောင်း စွဲ၍ နား၌ မှီသော သိမှု 'သောတဝိညာဏ်' ဖြစ်၏။ပ။ နှာခေါင်းကိုလည်းကောင်း အနံ့တို့ကိုလည်းကောင်း စွဲ၍။ပ။ လျှာကိုလည်းကောင်း အရသာတို့ကိုလည်းကောင်း စွဲ၍။ပ။ ကိုယ်ကိုလည်းကောင်း အတွေ့အထိတို့ကိုလည်းကောင်း စွဲ၍။ပ။ စိတ်ကိုလည်းကောင်း သဘောတရား 'ဓမ္မာရုံ' တို့ကိုလည်းကောင်း စွဲ၍ စိတ်ဟူသော 'မနောဝိညာဏ်' ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံမိခြင်းကြောင့် ဖဿ ဖြစ်၏၊ ဖဿ အကြောင်းခံကြောင့် ဝေဒနာ ဖြစ်၏၊ ဝေဒနာ အကြောင်းခံကြောင့် တဏှာဖြစ်၏၊ ရဟန်းတို့ ဤသည်ကား ဆင်းရဲ ဖြစ်ပေါ်ခြင်းတည်း။

ရဟန်းတို့ ဆင်းရဲချုပ်ခြင်း ဟူသည် အဘယ်နည်း။ မျက်စိကိုလည်းကောင်း အဆင်းတို့ကိုလည်းကောင်း စွဲ၍ မျက်စိ၌ မှီသော သိမှု 'စက္ခုဝိညာဏ်'ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံမိခြင်းကြောင့် ဖဿဖြစ်၏၊ ဖဿ အကြောင်းခံကြောင့် ဝေဒနာ ဖြစ်၏၊ ဝေဒနာ အကြောင်းခံကြောင့် တဏှာ ဖြစ်၏၊ ထိုတဏှာ၏သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ဥပါဒါန်ချုပ်၏၊ ဥပါဒါန် ချုပ်ခြင်းကြောင့် ဘဝချုပ်၏၊ ဘဝချုပ်ခြင်းကြောင့် ဇာတိချုပ်၏၊ ဇာတိချုပ်ခြင်းကြောင့် အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာပင်ပန်းခြင်းတို့ ချုပ်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏၊ ရဟန်းတို့ ဤသည်ကား ဆင်းရဲ၏ ချုပ်ခြင်းတည်း။

နားကိုလည်းကောင်း အသံတို့ကိုလည်းကောင်း စွဲ၍နား၌ မှီသော သိမှု 'သောတဝိညာဏ်' ဖြစ်၏။ပ။ နှာခေါင်းကိုလည်းကောင်း အနံ့တို့ကိုလည်းကောင်း စွဲ၍။ပ။ လျှာကိုလည်းကောင်း အရသာတို့ကိုလည်းကောင်း စွဲ၍။ပ။ ကိုယ်ကိုလည်းကောင်း အတွေ့အထိတို့ကိုလည်းကောင်း စွဲ၍။ပ။ စိတ်ကိုလည်းကောင်း သဘောတရားတို့ကိုလည်းကောင်း စွဲ၍ စိတ်ဟူသော 'မနောဝိညာဏ်'ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံမိခြင်းကြောင့် ဖဿ ဖြစ်၏၊ ဖဿ အကြောင်းခံကြောင့် ဝေဒနာ ဖြစ်၏၊ ဝေဒနာ အကြောင်းခံကြောင့် တဏှာ ဖြစ်၏၊ ထိုတဏှာ၏သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ဥပါဒါန် ချုပ်၏၊ ဥပါဒါန် ချုပ်ခြင်းကြောင့် ဘဝချုပ်၏၊ ဘဝချုပ်ခြင်းကြောင့် ဇာတိချုပ်၏၊ ဇာတိချုပ်ခြင်းကြောင့် အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း

http://www.dhammadownload.com



နှလုံးမသာခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့ ချုပ်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစုချုပ်၏၊ ရဟန်းတို့ ဤသည်ကား ဆင်းရဲ၏ ချုပ်ငြိမ်းခြင်းတည်းဟု (ဟောတော်မူ၏)။

တတိယသုတ်။

---

## ၄-လောကသုတ်

၄၄။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ လောက ဖြစ်ခြင်းကိုလည်း ချုပ်ခြင်းကိုလည်း ဟောအံ့၊ ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့ ဟု မိန့်တော်မူ၏၊ အသျှင်ဘုရား ကောင်းပါပြီဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏၊ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏—

ရဟန်းတို့ လောကဖြစ်ခြင်းဟူသည် အဘယ်နည်း။ မျက်စိကိုလည်း အဆင်းတို့ကိုလည်း စွဲ၍ မျက်စိ၌ မှီသောသိမှု 'စက္ခုဝိညာဏ်' ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံမိခြင်းကြောင့် ဖဿ ဖြစ်၏၊ ဖဿ အကြောင်းခံကြောင့် ဝေဒနာဖြစ်၏၊ ဝေဒနာအကြောင်းခံကြောင့် တဏှာဖြစ်၏၊ တဏှာ အကြောင်းခံကြောင့် ဥပါဒါန်ဖြစ်၏၊ ဥပါဒါန်အကြောင်းခံကြောင့် ဘဝဖြစ်၏၊ ဘဝအကြောင်း ခံကြောင့် ဇာတိဖြစ်၏၊ ဇာတိအကြောင်းခံကြောင့် အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့ ဖြစ်ကုန်၏၊ ရဟန်းတို့ ဤသည်ကား လောက ဖြစ်ခြင်းတည်း။

နားကိုလည်း အသံတို့ကိုလည်း စွဲ၍။ပ။ နှာခေါင်းကိုလည်း အနံ့တို့ကိုလည်း စွဲ၍။ လျှာကိုလည်း အရသာ တို့ကိုလည်း စွဲ၍။ ကိုယ်ကိုလည်း အတွေ့အထိတို့ကိုလည်း စွဲ၍။ စိတ်ကိုလည်း သဘောတရား 'ဓမ္မာရုံ' တို့ကိုလည်း စွဲ၍ စိတ်ဟူသော 'မနောဝိညာဏ်' ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံမိခြင်းကြောင့် ဖဿ ဖြစ်၏၊ ဖဿအကြောင်းခံကြောင့် ဝေဒနာဖြစ်၏။ပ။ဇာတိအကြောင်းခံကြောင့် အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာပင်ပန်းခြင်းတို့ ဖြစ်ကုန်၏၊ ရဟန်းတို့ ဤသည်ကား လောက ဖြစ်ခြင်းတည်း။

ရဟန်းတို့ လောက ချုပ်ခြင်း ဟူသည် အဘယ်နည်း၊ မျက်စိကိုလည်း အဆင်းတို့ကိုလည်း စွဲ၍ မျက်စိ၌ မှီသော သိမှု 'စက္ခုဝိညာဏ်' ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံမိခြင်းကြောင့် ဖဿ ဖြစ်၏၊ ဖဿ အကြောင်းခံကြောင့် ဝေဒနာဖြစ်၏၊ ဝေဒနာအကြောင်းခံကြောင့် တဏှာဖြစ်၏၊ ထိုတဏှာ၏သာ လျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ဥပါဒါန်ချုပ်၏၊ ဥပါဒါန်ချုပ်ခြင်းကြောင့် ဘဝ ချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏၊ ရဟန်းတို့ ဤသည်ကား လောက ချုပ်ခြင်းတည်း။

နားကိုလည်း အသံတို့ကိုလည်း စွဲ၍။ပ။ နှာခေါင်းကိုလည်း အနံ့တို့ကိုလည်း စွဲ၍။ လျှာကိုလည်း အရသာတို့ကိုလည်း စွဲ၍။ ကိုယ်ကိုလည်း အတွေ့အထိတို့ကိုလည်း စွဲ၍။ စိတ်ကိုလည်း သဘောတရား 'ဓမ္မာရုံ'တို့ကိုလည်း စွဲ၍ စိတ်ဟူသော 'မနောဝိညာဏ်'ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံမိခြင်းကြောင့် ဖဿဖြစ်၏၊ ဖဿအကြောင်းခံကြောင့် ဝေဒနာဖြစ်၏၊ ဝေဒနာအကြောင်းခံကြောင့် တဏှာဖြစ်၏၊

http://www.dhammadownload.com



ထိုတဏှာ၏သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ဥပါဒါန် ချုပ်၏၊ ဥပါဒါန် ချုပ်ခြင်းကြောင့် ဘဝချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏၊ ရဟန်းတို့ ဤသည်ကား လောက ချုပ်ခြင်းတည်းဟု (ဟောတော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ဉာတိကသုတ်

၄၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်— အခါတပါး၌ မြတ်စွာဘုရားသည် ဉာတိကရွာ အုတ်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ဆိတ်ငြိမ်ရာသို့ ကပ်သည် ဖြစ်၍ တပါးတည်း ကိန်းအောင်းတော်မူသော မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူ၏— မျက်စိကိုင်း အဆင်းတို့ကိုင်း စွဲ၍ မျက်စိ၌ မှီသော သိမှု 'စက္ခုဝိညာဏ်' ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံမိခြင်းကြောင့် ဖဿဖြစ်၏၊ ဖဿ အကြောင်းခံကြောင့် ဝေဒနာ ဖြစ်၏၊ ဝေဒနာ အကြောင်းခံကြောင့် တဏှာဖြစ်၏၊ တဏှာအကြောင်းခံကြောင့် ဥပါဒါန်ဖြစ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏။

နားကိုင်း အသံတို့ကိုင်း။ပ။ နှာခေါင်းကိုင်း အနံ့တို့ကိုင်း။ လျှာကိုင်း အရသာတို့ကိုင်း။ ကိုယ်ကိုင်း အတွေ့အထိတို့ကိုင်း။ စိတ်ကိုင်း သဘောတရား 'ဓမ္မာရုံ' တို့ကိုင်း စွဲ၍ စိတ်ဟူသော 'မနောဝိညာဏ်' ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံမိခြင်းကြောင့် ဖဿဖြစ်၏၊ ဖဿ အကြောင်းခံကြောင့် ဝေဒနာဖြစ်၏၊ ဝေဒနာအကြောင်းခံကြောင့် တဏှာဖြစ်၏၊ တဏှာ အကြောင်းခံကြောင့် ဥပါဒါန်ဖြစ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏။

မျက်စိကိုင်း အဆင်းတို့ကိုင်း စွဲ၍ မျက်စိ၌မှီသော သိမှု 'စက္ခုဝိညာဏ်'ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံမိခြင်းကြောင့် ဖဿဖြစ်၏၊ ဖဿအကြောင်းခံကြောင့် ဝေဒနာဖြစ်၏၊ ဝေဒနာအကြောင်းခံကြောင့် တဏှာဖြစ်၏၊ ထိုတဏှာ၏သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့် ဥပါဒါန် ချုပ်၏၊ ဥပါဒါန်ချုပ်ခြင်းကြောင့် ဘဝချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစုချုပ်၏။ နားကိုင်း အသံတို့ကိုင်း စွဲ၍။ပ။ စိတ်ကိုင်း သဘောတရား'ဓမ္မာရုံ'တို့ကိုင်းစွဲ၍ စိတ်ဟူသော 'မနောဝိညာဏ်'ဖြစ်၏၊ သုံးပါးတို့၏ ပေါင်းဆုံမိခြင်းကြောင့် ဖဿဖြစ်၏၊ ဖဿအကြောင်းခံကြောင့် ဝေဒနာဖြစ်၏၊ ဝေဒနာအကြောင်းခံကြောင့် တဏှာဖြစ်၏၊ ထိုတဏှာ၏သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့် ဥပါဒါန်ချုပ်၏၊ ဥပါဒါန်ချုပ်ခြင်းကြောင့် ဘဝချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏ဟု (ဟောတော်မူ၏)။

ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရား၏ အသံတော်ကို ကြားလောက်ရာ အရပ်၌ ရပ်တည်နေ၏၊ မြတ်စွာဘုရားသည် အနီး၌နေသော ထိုရဟန်းကို မြင်တော်မူသောကြောင့် ထိုရဟန်းအား "ရဟန်း သင်သည် ငါဘုရား ဟောတော်မူအပ်သော ဤတရားကို ကြားသည် မဟုတ်လော"ဟု ဤစကားကို မိန့်တော်မူ၏၊ အသျှင်ဘုရား ကြားပါ၏ဟု လျှောက်၏၊ ရဟန်း သင်သည် ဤ

http://www.dhammadownload.com



တရားတော်ကို သင်ယူလော့၊ သင်သည် ဤတရားတော်ကို လေ့ကျက်လော့၊ ရဟန်း သင်သည် ဤတရားတော်ကို ဆောင်လော့၊ ရဟန်း ဤတရားတော်သည် အကျိုးစီးပွါးနှင့်စပ်၍ မြတ်သော အကျင့်၏ အစဖြစ်၏ဟု (မိန့်တော်မူ၏)။

ပဥ္စမသုတ်။

## ၆-အညတရဗြာဟ္မဏသုတ်

၄၆။ သာဝတ္ထိပြည်၌(သီတင်းသုံး)နေတော်မူ၏၊ထိုအခါပုဏ္ဏားတစ်ယောက်သည်မြတ်စွာဘုရား ထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်စကား ပြောဆိုပြီးလျှင် တခုသောနေရာ၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား "အသျှင်ဂေါတမ အသို့ပါနည်း၊ ထိုသူသည် ပြုလုပ်၏၊ ထိုပြုလုပ်သူသည် ခံစားသလော"ဟု (ဤစကားကို လျှောက်၏။)ပုဏ္ဏား ထိုသူသည် ပြုလုပ်၏၊ ထိုပြုလုပ်သူသည် ခံစားအပ်၏ ဟူသော ဤအယူသည် တခုသော အစွန်းတည်း ဟု (မိန့်တော်မူ၏)။

"အသျှင်ဂေါတမ အသို့ပါနည်း၊ တပါးသောသူသည် ပြုလုပ်၏၊ပြုလုပ်သူမှ တပါးသောသူသည် ခံစားသလော"ဟု လျှောက်ပြန်၏။ ပုဏ္ဏား တပါးသောသူသည် ပြုလုပ်၏၊ပြုလုပ်သူမှ တပါးသော သူသည် ခံစား၏ဟူသော ဤအယူသည်ကား ဒုတိယအစွန်းတည်း၊ ပုဏ္ဏား ထိုနှစ်ပါးသော အစွန်းတို့သို့ မကပ်ရောက်မူ၍ အလယ်အလတ်ဖြင့် မြတ်စွာဘုရားသည် တရားကို ဟောတော်မူ၏၊ အဝိဇ္ဇာ အကြောင်းခံကြောင့် သင်္ခါရတို့ ဖြစ်ကုန်၏၊ သင်္ခါရ အကြောင်းခံကြောင့် ဝိညာဏ် ဖြစ်၏။ပ။ဤသို့လျှင် အလုံးစုံသော ဆင်းရဲ အစုဖြစ်၏၊ အဝိဇ္ဇာ၏သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် သင်္ခါရတို့ ချုပ်ကုန်၏၊ သင်္ခါရတို့ချုပ်ခြင်းကြောင့်။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏ဟု (ဟောတော်မူ၏)။

ဤသို့ ဟောတော်မူသည်ရှိသော် ထိုပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကိုလျှောက်၏၊ "အသျှင်ဂေါတမ(တရားတော်သည်) အလွန် နှစ်သက်ဖွယ်ရှိပါ၏၊ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါ၏။ပ။ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှအစပြု၍အသက် ထက်ဆုံး ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်သော ဥပါသကာဟူ၍ မှတ်တော်မူပါလော့"ဟု (လျှောက်ကြားလေ၏)။

ဆဋ္ဌသုတ်။

## ၆-ဇာဏုဿောဏိသုတ်

၄၇။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ဇာဏုဿောဏိပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ နှုတ်ဆက် ပြောဆိုပြီး၍။ပ။တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား 'အသျှင်ဂေါတမ အသို့ပါနည်း၊အလုံးစုံသည် ရှိပါ သလော"ဟု (ဤစကားကိုလျှောက်၏)။ ပုဏ္ဏားအလုံးစုံသည် ရှိ၏ဟူသော ဤအယူသည် တခု သော အစွန်းတည်း ဟု (မိန့်တော်မူ၏)။

"အသျှင်ဂေါတမ အသို့ပါနည်း၊ အလုံးစုံသည် မရှိပါသလော"ဟု မေးလျှောက်ပြန်၏၊ ပုဏ္ဏား အလုံးစုံသည် မရှိ ဟူသော ဤအယူသည်လည်း ဒုတိယ အစွန်းတည်း၊ ပုဏ္ဏား ထိုနှစ်ပါးသော

http://www.dhammadownload.com



အစွန်းတို့သို့ မကပ်ရောက်မူ၍ အလယ်အလတ်ဖြင့် မြတ်စွာဘုရားသည် တရားကိုဟောတော်မူ၏၊ မသိမှု 'အဝိဇ္ဇာ'အကြောင်းခံကြောင့်ပြုစီရင်မှု'သင်္ခါရ'တို့ဖြစ်ကုန်၏။ သင်္ခါရအကြောင်းခံကြောင့် သိမှု 'ဝိညာဏ်' ဖြစ်၏၊ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစုဖြစ်၏။ မသိမှု 'အဝိဇ္ဇာ'၏ သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် သင်္ခါရတို့ ချုပ်ကုန်၏၊ သင်္ခါတို့ ချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်၏။ပ။ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏ဟု (ဟောတော်မူ၏)။

ဤသို့ ဟောတော်မူသည်ရှိသော် ဇာဏုဿောဏိပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏"အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါ၏။ပ။အသက်ထက်ဆုံး ကိုးကွယ် ဆည်းကပ်ခြင်းသို့ ရောက်သော ဥပါသကာဟူ၍မှတ်တော်မူပါလော့"ဟု (လျှောက်၏)။

သတ္တမသုတ်။

---

## ၈-လောကာယတိကသုတ်

၄၈။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ လောကာယတိက ပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား "အသျှင်ဂေါတမ အသို့ပါနည်း၊အလုံးစုံသည် ရှိပါသလော"ဟု (ဤစကားကိုလျှောက်၏)၊ပုဏ္ဏား အလုံးစုံသည်ရှိ၏ဟူသော ဤအယူသည် တခုသောလောကချဲ့ တရားပေတည်း(ဟု မိန့်တော်မူ၏)။

အသျှင်ဂေါတမ အသို့ပါနည်း၊ အလုံးစုံသည် မရှိပါသလောဟု မေးလျှောက်ပြန်၏။ ပုဏ္ဏား အလုံးစုံသည် မရှိဟူသော ဤအယူသည် ဒုတိယ လောကချဲ့ တရားတည်း (ဟု မိန့်တော်မူ၏)။

အသျှင်ဂေါတမ အသို့ပါနည်း၊ အလုံးစုံသည် တူသောသဘောရှိပါသလောဟု မေးလျှောက် ပြန်၏၊ ပုဏ္ဏား အလုံးစုံသည် တူသောသဘောရှိ၏ဟူသော ဤအယူသည် တတိယ လောကချဲ့ တရားပေတည်း (ဟု မိန့်တော်မူ၏)။

အသျှင်ဂေါတမ အသို့ပါနည်း၊ အလုံးစုံသည် ထူးခြားသော သဘောရှိပါသလောဟုလျှောက် ပြန်၏၊ ပုဏ္ဏား အလုံးစုံသည် ထူးခြားသောသဘောရှိ၏ဟူသော ဤအယူသည် စတုတ္ထလောကချဲ့ တရားပေတည်း(ဟု မိန့်တော်မူ၏)။ ပုဏ္ဏား ထိုနှစ်ပါးသော အစွန်းတို့သို့ မကပ်ရောက်မူ၍အလယ် အလတ်ဖြင့် မြတ်စွာဘုရားသည် တရားတော်ကို ဟောတော်မူ၏၊မသိမှု 'အဝိဇ္ဇာ' အကြောင်းခံ ကြောင့် ပြုစီရင်မှု'သင်္ခါရ'တို့ ဖြစ်ကုန်၏၊သင်္ခါရ အကြောင်းခံကြောင့် သိမှု 'ဝိညာဏ်'ဖြစ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏၊ အဝိဇ္ဇာ၏သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် သင်္ခါရတို့ ချုပ်ကုန်၏၊ သင်္ခါရတို့ ချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏ဟု (ဟောတော်မူ၏)။

ဤသို့ ဟောတော်မူသည်ရှိသော် လောကာယတိက ပုဏ္ဏားသည် မြတ်စွာဘုရားအား ဤ စကားကိုလျှောက်၏——"အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါ၏။ပ။ အကျွန်ုပ်ကို ယနေ့မှအစပြု၍ အသက်ထက်ဆုံးကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်သော ဥပါသကာ ဟု မှတ်တော်မူပါလော"ဟု (လျှောက်၏)။

အဋ္ဌမသုတ်။

http://www.dhammadownload.com



## ၉-အရိယသာဝကသုတ်

၄၉။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်အား ဤသို့သော အကြံမဖြစ်— "အသို့နည်း— အဘယ်တရားရှိသော် အဘယ်တရားဖြစ်သနည်း၊ အဘယ်တရား ဖြစ်ခြင်းကြောင့် အဘယ်တရား ဖြစ်သနည်း၊ အဘယ်တရားရှိသော် ပြုစီရင်မှု 'သင်္ခါရ'တို့ဖြစ်ကုန်သနည်း၊ အဘယ်တရားရှိသော် သိမှု 'ဝိညာဏ်'ဖြစ်သနည်း၊ အဘယ်တရားရှိသော် နာမ်ရုပ်ဖြစ်သနည်း၊ အဘယ်တရားရှိသော် တည်ရာ'အာယတန'ခြောက်ပါး သဠာယတန ဖြစ်သနည်း၊ အဘယ်တရားရှိသော် တွေ့ထိမှု 'ဖဿ'ဖြစ်သနည်း၊ အဘယ်တရားရှိသော် ခံစားမှု'ဝေဒနာ'ဖြစ်သနည်း၊ အဘယ်တရားရှိသော် တပ်မက်မှုတဏှာဖြစ်သနည်း၊အဘယ်တရားရှိသော် ပြင်းစွာ စွဲလမ်းမှု 'ဥပါဒါန်'ဖြစ်သနည်း၊ အဘယ်တရားရှိသော် ဘဝ ဖြစ်သနည်း၊ အဘယ်တရားရှိသော် ပဋိသန္ဓေနေမှု 'ဇာတိ'ဖြစ်သနည်း၊ အဘယ်တရားရှိသော် အိုခြင်း 'ဇရာ' သေခြင်း'မရဏ'ဖြစ်သနည်း" ဟု (အကြံမဖြစ်)။

ရဟန်းတို့ စင်စစ်သော်ကား အကြားအမြင်နှင့်ပြည့်စုံသော အရိယာတပည့်အား မိမိမှတပါး အားထား ယုံကြည်အပ်သူ မရှိမူ၍ ဤအရာ၌ (ပဋိစ္စသမုပ္ပါဒ်) ဉာဏ်သည်သာလျှင် ဖြစ်၏၊ ဤအကြောင်းတရားရှိသော် ဤအကျိုးတရားဖြစ်၏၊ ဤအကြောင်းတရား၏ ဖြစ်ခြင်းကြောင့် ဤအကျိုးတရားဖြစ်၏၊ အဝိဇ္ဇာရှိသော် သင်္ခါရတို့ဖြစ်ကုန်၏၊ သင်္ခါရတို့ရှိကုန်သော် ဝိညာဏ် ဖြစ်၏၊ ဝိညာဏ်ရှိသော် နာမ်ရုပ်ဖြစ်၏၊ နာမ်ရုပ်ရှိသော် သဠာယတနဖြစ်၏၊ သဠာယတနရှိသော် ဖဿ ဖြစ်၏၊ ဖဿရှိသော် ဝေဒနာဖြစ်၏။ ဝေဒနာရှိသော် တဏှာဖြစ်၏၊ တဏှာရှိသော် ဥပါဒါန် ဖြစ်၏၊ ဥပါဒါန်ရှိသော် ဘဝဖြစ်၏၊ဘဝရှိသော် ဇာတိဖြစ်၏၊ ဇာတိရှိသော် ဇရာမရဏဖြစ်၏ ဟု အသိဉာဏ်သာလျှင်ဖြစ်၏၊ ထိုအရိယာတပည့်သည် "ဤလောကသည် ဤသို့ဖြစ်၏"ဟု သိ၏။

ရဟန်းတို့ အကြားအမြင်နှင့်ပြည့်စုံသော အရိယာတပည့်အား ဤသို့သော အကြံမဖြစ်— "အသို့နည်း—အဘယ်တရားမရှိသော် အဘယ်တရား မဖြစ်သနည်း၊ အဘယ်တရား ချုပ်ခြင်းကြောင့် အဘယ်ရား ချုပ်သနည်း၊ အဘယ်တရားမရှိသော် သင်္ခါရတို့ မဖြစ်ကုန်သနည်း၊ အဘယ်တရားမရှိသော် ဝိညာဏ်မဖြစ်သနည်း၊အဘယ်တရားမရှိသော် နာမ်ရုပ်မဖြစ်သနည်း၊အဘယ်တရားမရှိသော် သဠာယတန မဖြစ်သနည်း၊ အဘယ်တရားမရှိသော်ဖဿမဖြစ်သနည်း၊ အဘယ်တရားမရှိသော်ဝေဒနာမဖြစ်သနည်း၊ အဘယ်တရားမရှိသော် တဏှာမဖြစ်သနည်း၊ အဘယ်တရားမရှိသော် ဥပါဒါန် မဖြစ်သနည်း၊ အဘယ်တရားမရှိသော် ဘဝမဖြစ်သနည်း၊ အဘယ်တရားမရှိသော် ဇာတိ မဖြစ်သနည်း၊ အဘယ်တရားမရှိသော် ဇရာမရဏ မဖြစ်သနည်း"ဟု(အကြံမဖြစ်)။

ရဟန်းတို့ စင်စစ်သော်ကား အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်အား မိမိမှတပါး အားထား ယုံကြည်အပ်သူ မရှိမူ၍ ဤအရာ၌ (ပဋိစ္စသမုပ္ပါဒ်) ဉာဏ်သည်သာလျှင် ဖြစ်၏၊ ဤအကြောင်းတရားသည် မရှိသော် ဤအကျိုးတရားမဖြစ်၊ဤအကြောင်းတရားချုပ်ခြင်းကြောင့် ဤအကျိုးတရားချုပ်၏၊ အဝိဇ္ဇာမရှိသော် သင်္ခါရတို့မဖြစ်ကုန်၊ သင်္ခါရတို့မရှိကုန်သော် ဝိညာဏ် မဖြစ်၊ဝိညာဏ်မရှိသော်နာမ်ရုပ်မဖြစ်၊နာမ်ရုပ်မရှိသော် သဠာယတနမဖြစ်၊ပ။ဘဝမဖြစ် ဇာတိမဖြစ်၊ ဇာတိမရှိသော် ဇရာမရဏမဖြစ်ဟု အသိဉာဏ်ဖြစ်၏၊ ထိုအရိယာတပည့်သည်"ဤလောက၌ဤသို့ ချုပ်၏"ဟုသိ၏။ ရဟန်းတို့ အကြင်အခါ၌ အရိယာတပည့်သည် ဤသို့ လောကဖြစ်ခြင်းကိုရင်း

http://www.dhammadownload.com



လောကချုပ်ခြင်းကိုရင်း ဟုတ်မှန်သောအတိုင်း သိ၏၊ ရဟန်းတို့ ထိုအခါ ဤအရိယာတပည့်ကို ကောင်းသောအယူနှင့် ပြည့်စုံသူဟူ၍ရင်း။ပ။ အမြိုက်နိဗ္ဗာန်တံခါးသို့ ရောက်၍တည်သူဟူ၍ရင်း ဆိုအပ်၏ဟု (ဟောတော်မူ၏)။

နဝမသုတ်။

---

### ၁၀-ဒုတိယ အရိယသာဝကသုတ်

၅၀။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်အား ဤသို့သော အကြံမဖြစ်–"အသို့နည်း–အဘယ်တရားရှိသော် အဘယ်တရား ဖြစ်သနည်း၊ အဘယ်တရားဖြစ်ခြင်းကြောင့် အဘယ်တရား ဖြစ်သနည်း၊ အဘယ်တရားရှိသော် ပြုစီရင်မှု 'သင်္ခါရ'တို့ ဖြစ်ကုန်သနည်း၊ အဘယ်တရားရှိသော် ဝိညာဏ်ဖြစ်သနည်း၊ အဘယ်တရား ရှိသော် နာမ်ရုပ်ဖြစ်သနည်း၊ အဘယ်တရားရှိသော် တည်ရာ'အာယတန'ခြောက်ပါး သဠာယတန ဖြစ်သနည်း၊ အဘယ်တရားရှိသော် တွေ့ထိမှု'ဖဿ'ဖြစ်သနည်း၊ အဘယ်တရားရှိသော် ခံစားမှု 'ဝေဒနာ'ဖြစ်သနည်း၊ အဘယ်တရားရှိသော် တပ်မက်မှု 'တဏှာ'ဖြစ်သနည်း၊အဘယ်တရားရှိသော် ပြင်းစွာ စွဲလမ်းမှု 'ဥပါဒါန်'ဖြစ်သနည်း၊ အဘယ်တရားရှိသော် ဘဝဖြစ်သနည်း၊ အဘယ်တရား ရှိသော် ပဋိသန္ဓေနေမှု 'ဇာတိ' ဖြစ်သနည်း၊ အဘယ်တရားရှိသော် ဇရာမရဏ ဖြစ်သနည်း" ဟု (အကြံ မဖြစ်)။

ရဟန်းတို့ စင်စစ်သော်ကား အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်အားမိမိမှတပါး အားထားယုံကြည်အပ်သူ မရှိမူ၍ ဤအရာ၌ (ပဋိစ္စသမုပ္ပါဒ်) ဉာဏ်သည်သာလျှင် ဖြစ်၏၊ ဤ အကြောင်းတရားရှိသော် ဤအကျိုးတရားဖြစ်၏၊ဤအကြောင်းတရားဖြစ်ခြင်းကြောင့် ဤအကျိုး တရားဖြစ်၏၊ အဝိဇ္ဇာရှိသော် သင်္ခါရတို့ ဖြစ်ကုန်၏၊ သင်္ခါရတို့ရှိကုန်သော် ဝိညာဏ် ဖြစ်၏၊ ဝိညာဏ်ရှိသော် နာမ်ရုပ် ဖြစ်၏၊ နာမ်ရုပ်ရှိသော် သဠာယတန ဖြစ်၏၊ သဠာယတနရှိသော် ဖဿ ဖြစ်၏၊ ဖဿရှိသော် ဝေဒနာဖြစ်၏၊ ဝေဒနာရှိသော် တဏှာဖြစ်၏၊ တဏှာရှိသော် ဥပါဒါန်ဖြစ်၏၊ ဥပါဒါန်ရှိသော် ဘဝဖြစ်၏၊ ဘဝရှိသော် ဇာတိဖြစ်၏၊ဇာတိရှိသော် ဇရာမရဏ ဖြစ်၏ဟု အသိဉာဏ် ဖြစ်၏၊ ထိုအရိယာတပည့်သည် "ဤလောကသည် ဤသို့ ဖြစ်၏"ဟု သိ၏။

ရဟန်းတို့ အကြားအမြင်နှင့်ပြည့်စုံသော အရိယာတပည့်အား ဤသို့သော အကြံမဖြစ်––"အသို့နည်း–အဘယ်တရား မရှိသော် အဘယ်တရားမဖြစ်သနည်း၊ အဘယ်တရား ချုပ်ခြင်း ကြောင့် အဘယ်တရားချုပ်သနည်း၊ အဘယ်တရားမရှိသော် သင်္ခါရတို့ မဖြစ်ကုန်သနည်း၊ အဘယ် တရားမရှိသော် ဝိညာဏ်မဖြစ်သနည်း၊ အဘယ်တရားမရှိသော် နာမ်ရုပ် မဖြစ်သနည်း၊ အဘယ် တရားမရှိသော် သဠာယတန မဖြစ်သနည်း၊အဘယ်တရားမရှိသော် ဖဿ မဖြစ်သနည်း၊ အဘယ် တရားမရှိသော် ဝေဒနာမဖြစ်သနည်း အဘယ်တရားမရှိသော် တဏှာမဖြစ်သနည်း။ပ။ ဥပါဒါန် သည်။ဘဝသည်။ ဇာတိသည်မဖြစ်သနည်း၊အဘယ်တရားမရှိသော် ဇရာမရဏသည် မဖြစ်သနည်း" ဟု (အကြံမဖြစ်)။

ရဟန်းတို့ စင်စစ်သော်ကား အကြားအမြင်နှင့်ပြည့်စုံသော အရိယာတပည့်အား မိမိမှ တပါး အားထား ယုံကြည်အပ်သူ မရှိမူ၍ ဤအရာ၌ (ပဋိစ္စသမုပ္ပါဒ်) ဉာဏ်သည်သာလျှင် ဖြစ်၏၊

http://www.dhammadownload.com



ဤအကြောင်းတရားမရှိသော် ဤအကျိုးတရား မဖြစ်၊ ဤအကြောင်းတရား ချုပ်ခြင်းကြောင့် ဤအကျိုးတရားချုပ်၏၊ အဝိဇ္ဇာမရှိသော် သင်္ခါရတို့ မဖြစ်ကုန်၊ သင်္ခါရတို့ မရှိကုန်သော် ဝိညာဏ် မဖြစ်၊ ဝိညာဏ်မရှိသော် နာမ်ရုပ်မဖြစ်၊ နာမ်ရုပ်မရှိသော် သဠာယတနမဖြစ်။ပ။ ဇာတိမရှိသော် ဇရာမရဏ မဖြစ်ဟု အသိဉာဏ် ဖြစ်၏၊ ထိုအရိယာတပည့်သည် "ဤလောကသည် ဤသို့ချုပ်၏" ဟုသိ၏။

ရဟန်းတို့ အကြင်အခါ၌ အရိယာတပည့်သည် ဤသို့ လောကဖြစ်ခြင်းကိုငင်း ချုပ်ခြင်းကိုငင်း ဟုတ်မှန်သောအတိုင်းသိ၏၊ ရဟန်းတို့ ထိုအခါ ဤအရိယာတပည့်ကို မှန်ကန်သောအယူနှင့် ပြည့်စုံသူ ဟူ၍ငင်း မှန်ကန်သော ဉာဏ်နှင့် ပြည့်စုံသူ ဟူ၍ငင်း ဤသူတော်ကောင်း တရားသို့ ရောက်လာသူဟူ၍ငင်း ဤသူတော်ကောင်းတရားကို မြင်သူဟူ၍ငင်း ကျင့်ဆဲ'သေက္ခ' ဉာဏ်နှင့် ပြည့်စုံသူဟူ၍ငင်း ကျင့်ဆဲ သေက္ခဝိဇ္ဇာနှင့် ပြည့်စုံသူ ဟူ၍ငင်း တရားအယဉ်သို့ ကောင်းစွာ ရောက်သူဟူ၍ငင်း(ကိလေသာကို) ဖောက်ခွဲနိုင်သော အရိယာပညာရှိ ဟူ၍ငင်း အမြိုက်နိဗ္ဗာန် တံခါးဝသို့ ရောက်၍ တည်သူ ဟူ၍ငင်း ဆိုအပ်၏ဟု (ဟောတော်မူ၏)။

ဒသမသုတ်။

ငါးခုမြောက် ဂဟပတိဝဂ် ပြီး၏။

---

## ၆-ဒုက္ခဝဂ် ၁-ပရိဝီမံသနသုတ်

၅၁။ အကျွန်ုပ်သည် ဤသို့ ကြားနာ ခဲ့ရပါသည် – အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟူ၍ ခေါ်တော်မူ၏၊ အသျှင်ဘုရား ဟူ၍ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏၊မြတ်စွာဘုရားသည်ဤစကားကိုမိန့်တော်မူ၏——

ရဟန်းတို့ ရဟန်းသည် အခြင်းခပ်သိမ်း ဝဋ်ဆင်းရဲကုန်ခြင်းငှါ စူးစမ်းသည်ရှိသော် အဘယ်မျှလောက်ဖြင့် စူးစမ်းဆင်ခြင်ရာသနည်း ဟု (မိန့်တော်မူ၏) အသျှင်ဘုရား တပည့်တော်တို့အား တရားတော်တို့သည် မြတ်စွာဘုရားသာလျှင် အရင်းခံရှိပါကုန်၏၊ မြတ်စွာဘုရားသာလျှင် ထုတ်ဆောင်သူရှိပါကုန်၏၊ မြတ်စွာဘုရားသာလျှင်မှီခိုရာ ရှိပါကုန်၏၊ အသျှင်ဘုရား တောင်းပန်ပါကုန်၏၊ ဟောတော်မူအပ်သော ထိုတရား၏ အနက်သည် မြတ်စွာဘုရား၏ဉာဏ်၌သာလျှင်ထင်ပါစေလော၊ မြတ်စွာဘုရားထံမှ ကြားနာရ၍ ရဟန်းတို့သည် ဆောင်ထား ရပါကုန်လတ္တံ့ ဟု လျှောက်ကြကုန်၏၊ ရဟန်းတို့ သို့ဖြစ်လျှင် ထိုတရားကို နာကုန်လော့၊ ကောင်းစွာ နှစ်လုံးသွင်းကုန်လော့၊ ဟောပေအံ့ဟု (မိန့်တော်မူ၏)၊ အသျှင်ဘုရား ကောင်းပါပြီ ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏၊ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏——

ရဟန်းတို့ ဤသာသနာတော်၌ရဟန်းသည် စူးစမ်းဆင်ခြင်လတ်သော် အထူးထူးအပြားပြား များလှစွာသော အိုခြင်း'ဇရာ' သေခြင်း'မရဏ'ဟု ဆိုအပ်သော အကြင်ဆင်းရဲသည် လောက၌ ဖြစ်၏၊ ဤဆင်းရဲသည် အဘယ်တရားလျှင် အကြောင်းရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်းရှိသနည်း၊ အဘယ်တရားကြောင့်ဖြစ်သနည်း၊ အဘယ်တရားလျှင် အမှန်အစရှိသနည်း။

http://www.dhammadownload.com



အဘယ်တရားရှိသော် ဇရာမရဏ ဖြစ်သနည်း၊ အဘယ်တရားမရှိသော် ဇရာမရဏ မဖြစ်သနည်းဟု စူးစမ်းဆင်ခြင်၏၊ ထိုရဟန်းသည် စူးစမ်းဆင်ခြင်သည်ရှိသော် ဤသို့ သိ၏။ အထူးထူး အပြားပြား များလှစွာသော အိုခြင်း'ဇရာ' သေခြင်း'မရဏ' ဟုဆိုအပ်သော အကြင်ဆင်းရဲသည် လောက၌ ဖြစ်၏၊ ဤဆင်းရဲသည်ကား ပဋိသန္ဓေနေမှု'ဇာတိ' လျှင် အကြောင်းရှိ၏၊ ဇာတိလျှင် ဖြစ်ပေါ် ကြောင်းရှိ၏၊ ဇာတိကြောင့်ဖြစ်၏၊ ဇာတိလျှင်အမွန်အစရှိ၏၊ ဇာတိရှိသော် ဇရာမရဏဖြစ်၏၊ ဇာတိ မရှိသော် ဇရာ မရဏ မဖြစ်ဟု (သိ၏)။

ထိုရဟန်းသည် အိုခြင်း'ဇရာ' သေခြင်း'မရဏ' ကိုလည်းသိ၏၊ ဇရာမရဏ ဖြစ်ပေါ်ကြောင်း ကိုလည်းသိ၏၊ ဇရာမရဏ၏ ချုပ်ရာကိုလည်းသိ၏၊ ဇရာမရဏ၏ချုပ်ရာ(နိဗ္ဗာန်)သို့ရောက်ခြင်းငှါ လျောက်ပတ်သော အကျင့်ကိုလည်းသိ၏၊ ထိုသိသောအတိုင်း တရားသို့ အစဉ်လိုက်သည် ဖြစ်၍ ကျင့်၏၊ ရဟန်းတို့ ဤရဟန်းကို အချင်းခပ်သိမ်း ဝဋ္ဋဆင်းရဲ ကုန်ခြင်းငှါ အိုခြင်း'ဇရာ'သေခြင်း 'မရဏ' ချုပ်ခြင်းငှါ ကောင်းစွာကျင့်သော ရဟန်းဟူ၍ ဆိုအပ်၏။

ထိုမှတပါး(ရဟန်းသည်) စူးစမ်းဆင်ခြင်သည်ရှိသော် ဤပဋိသန္ဓေနေမှု'ဇာတိ'သည် အဘယ် တရားလျှင်အကြောင်းရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်းရှိသနည်း၊ အဘယ်တရား ကြောင့် ဖြစ်သနည်း၊ အဘယ်တရားလျှင် အမွန်အစရှိသနည်း၊ အဘယ်တရားရှိသော် ဇာတိ ဖြစ်သနည်း၊ အဘယ်တရားမရှိသော် ဇာတိမဖြစ်သနည်း ဟု စူးစမ်း ဆင်ခြင်၏၊ ထိုရဟန်းသည် စူးစမ်း ဆင်ခြင်သည်ရှိသော် ဤသို့ သိ၏၊ ပဋိသန္ဓေနေမှု'ဇာတိ'သည် ဘဝလျှင် အကြောင်းရှိ၏၊ ဘဝလျှင်ဖြစ်ပေါ်ကြောင်းရှိ၏၊ ဘဝကြောင့်ဖြစ်၏၊ ဘဝလျှင် အမွန်အစရှိ၏၊ ဘဝရှိသော် ဇာတိ ဖြစ်၏၊ ဘဝမရှိသော် ဇာတိ မဖြစ် ဟု (သိ၏)။

ထိုရဟန်းသည် ဇာတိကိုလည်းသိ၏၊ ဇာတိ၏ ဖြစ်ပေါ်ကြောင်းကိုလည်း သိ၏၊ ဇာတိ၏ ချုပ်ရာကိုလည်းသိ၏၊ ဇာတိ၏ ချုပ်ရာ(နိဗ္ဗာန်)သို့ရောက်ခြင်းငှါ လျောက်ပတ်သော အကျင့်ကို လည်း သိ၏၊ ထိုသိသောအတိုင်း တရားသို့ အစဉ်လိုက်သည် ဖြစ်၍ ကျင့်၏၊ ရဟန်းတို့ ဤရဟန်းကို အခြင်းခပ်သိမ်း ဝဋ္ဋဆင်းရဲကုန်ခြင်းငှါ ဇာတိချုပ်ခြင်းငှါ ကောင်းစွာ ကျင့်သော ရဟန်းဟူ၍ ဆိုအပ်၏။

ထိုမှတပါး (ရဟန်းသည်) စူးစမ်းဆင်ခြင်သည်ရှိသော် ဤဘဝသည် အဘယ်တရားလျှင် အကြောင်းရှိသနည်း။ပ။ ဤပြင်းစွာ စွဲလမ်းမှု'ဥပါဒါန်'သည် အဘယ်တရားလျှင် အကြောင်း ရှိသနည်း။ ဤတပ်မက်မှု' တဏှာ'သည်အဘယ်တရားလျှင် အကြောင်းရှိသနည်း။ ခံစားမှု'ဝေဒနာ' သည်။တွေ့ထိမှု 'ဖဿ'သည်။ ဤတည်ရာ'အာယတန'ခြောက်ပါး သဠာယတနသည် အဘယ်တရား လျှင်အကြောင်းရှိသနည်း။ဤနာမ်ရုပ်သည်။ ဤသိမှု'ဝိညာဏ်'သည်။ ဤပြုစီရင်မှု'သင်္ခါရ' တို့သည် အဘယ်တရားလျှင် အကြောင်းရှိကုန်သနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်းရှိကုန်သနည်း၊ အဘယ်တရားကြောင့်ဖြစ်ကုန်သနည်း၊ အဘယ်တရားလျှင် အမွန်အစရှိကုန်သနည်း၊ အဘယ်တရား ရှိသော်ပြုစီရင်မှု 'သင်္ခါရ'တို့ ဖြစ်ကုန်သနည်း၊ အဘယ်တရား မရှိသော် ပြုစီရင်မှု 'သင်္ခါရ' တို့ မဖြစ်ကုန်သနည်းဟုစူးစမ်းဆင်ခြင်၏၊ ထိုရဟန်းသည်စူးစမ်းဆင်ခြင်သည်ရှိသော် ပြုစီရင်မှု'သင်္ခါရ' တို့သည် မသိမှု'အဝိဇ္ဇာ'လျှင်အကြောင်းရှိကုန်၏၊ အဝိဇ္ဇာလျှင် ဖြစ်ပေါ်ကြောင်းရှိကုန်၏၊ အဝိဇ္ဇာ ကြောင့် ဖြစ်ကုန်၏။ အဝိဇ္ဇာလျှင် အမွန်အစရှိကုန်၏၊ အဝိဇ္ဇာရှိသော် သင်္ခါရတို့ဖြစ်ကုန်၏၊ အဝိဇ္ဇာ မရှိသော် သင်္ခါရတို့ မဖြစ်ကုန်ဟု(သိ၏)။

http://www.dhammadownload.com



ထိုရဟန်းသည် သင်္ခါရတို့ကိုလည်း သိ၏၊ သင်္ခါရတို့၏ ဖြစ်ပေါ်ကြောင်းကိုလည်း သိ၏၊ သင်္ခါရတို့၏ ချုပ်ရာကိုလည်း သိ၏၊ သင်္ခါရတို့၏ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ခြင်းငှါ လျောက်ပတ်သော အကျင့်ကိုလည်း သိ၏၊ ထိုသိသောအတိုင်း တရားသို့ အစဉ်လိုက်သည်ဖြစ်၍လည်း ကျင့်၏၊ ရဟန်းတို့ ဤရဟန်းကို အချင်းခပ်သိမ်း ဝဋ်ဆင်းရဲ ကုန်ခြင်းငှါ သင်္ခါရတို့ ချုပ်ခြင်းငှါ ကောင်းစွာ ကျင့်သော ရဟန်းဟူ၍ ဆိုအပ်၏။

ရဟန်းတို့ အဝိဇ္ဇာရှိသော ပုဂ္ဂိုလ်သည် ကုသိုလ်သင်္ခါရကို ပြုစီရင်သည် ဖြစ်အံ့၊ ကုသိုလ် ဝိညာဏ်ဖြစ်၏၊ အကုသိုလ် သင်္ခါရကို ပြုစီရင်သည်ဖြစ်အံ့၊ အကုသိုလ်ဝိညာဏ် ဖြစ်၏၊ (အရူပ) ကုသိုလ်သင်္ခါရကို ပြုစီရင်သည် ဖြစ်အံ့၊ အရူပဝိညာဏ် ဖြစ်၏။ ရဟန်းတို့ ရဟန်းသည် အကြင်အခါ မသိမှု 'အဝိဇ္ဇာ'ကို ပယ်အပ်ပြီ၊ အသိညာဏ် 'ဝိဇ္ဇာ'ဖြစ်ပေါ်လာပြီ၊ ထိုအခါ ထိုရဟန်းသည် မသိမှု 'အဝိဇ္ဇာ'ကင်း၍ အသိဉာဏ် 'ဝိဇ္ဇာ'ဖြစ်ပေါ်ခြင်းကြောင့် ပုညာဘိသင်္ခါရကို မပြု၊ အပုညာဘိသင်္ခါရကို မပြု၊ အာနေဉ္ဇာဘိသင်္ခါရကို မပြု၊ မပြုသည်ရှိသော် မစေ့ဆော်သည်ရှိသော် လောက၌ တစုံတခုကိုမျှ (တဏှာဒိဋ္ဌိတို့ဖြင့်)မစွဲလမ်း၊ မစွဲလမ်းသည်ရှိသော် မတပ်မက်၊ မတပ်မက်သည်ရှိသော် မျက်မှောက် ဘဝ၌ပင်လျှင် ကိလေသာချုပ်ငြိမ်း၏၊ ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ မဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏။

ထိုရဟန်းသည် သုခဝေဒနာကို အကယ်၍ ခံစားအံ့၊ ထိုသုခဝေဒနာသည် အမြဲမရှိဟု သိ၏၊ တဏှာဖြင့် မစွဲယူအပ်ဟု သိ၏၊ မနှစ်သက်အပ်ဟု သိ၏၊ ဒုက္ခဝေဒနာကို အကယ်၍ ခံစားအံ့၊ ထို ဒုက္ခဝေဒနာသည် အမြဲမရှိဟု သိ၏၊ တဏှာအားဖြင့် မစွဲယူအပ်ဟု သိ၏၊ မနှစ်သက်အပ်ဟု သိ၏။ ဥပေက္ခာဝေဒနာကို အကယ်၍ ခံစားအံ့၊ ထိုဥပေက္ခာဝေဒနာသည် အမြဲမရှိဟု သိ၏၊ တဏှာအားဖြင့် မစွဲယူအပ်ဟု သိ၏၊ မနှစ်သက်အပ်ဟု သိ၏။ ထိုရဟန်းသည် သုခဝေဒနာကို အကယ်၍ ခံစားအံ့၊ ထိုသုခဝေဒနာကို (တဏှာဒိဋ္ဌိတို့နှင့်) မယှဉ်မူ၍ ခံစား၏၊ ဒုက္ခဝေဒနာကို အကယ်၍ ခံစားအံ့၊ ထိုဒုက္ခဝေဒနာကို (တဏှာဒိဋ္ဌိတို့နှင့်)မယှဉ်မူ၍ ခံစား၏၊ ဥပေက္ခာဝေဒနာကို အကယ်၍ ခံစားအံ့၊ ထိုဥပေက္ခာဝေဒနာကို (တဏှာဒိဋ္ဌိတို့နှင့်) မယှဉ်မူ၍ ခံစား၏။

ထိုရဟန်းသည် ကိုယ်ဖြင့်ပိုင်းခြားအပ်သော ပဉ္စဒွါရိကဝေဒနာကို ခံစားသည်ရှိသော် ကိုယ်ဖြင့် ပိုင်းခြားအပ်သော ဝေဒနာကို ခံစား၏ဟု သိ၏၊ ဇီဝိတဖြင့် ပိုင်းခြားအပ်သော မနောဒွါရိက ဝေဒနာကို ခံစားသည်ရှိသော် ဇီဝိတဖြင့် ပိုင်းခြားအပ်သော ဝေဒနာကို ခံစား၏ဟု သိ၏၊ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ အလုံးစုံသောခံစားမှုတို့သည် မနှစ်သက်အပ်ကုန်သည် ဖြစ်၍ ဤဘဝ၌ပင်လျှင် ငြိမ်းအေးကုန်လတ္တံ့၊ ကိုယ်ကောင်တို့သာ ကြွင်းကျန်ကုန်လတ္တံ့ဟု သိ၏။

ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် အိုးဖုတ်ရာဖိုမှ ပူသောအိုးကိုထုတ်၍ ညီညွတ်သော မြေအပြင်၌ အအေးခံထားရာ၏၊ ထိုထားရာအရပ်၌ အပူငွေ့သည် ထိုအရပ်၌ပင်လျှင် ငြိမ်းအေးရာ၏၊ အိုးခွက်တို့သာ ကြွင်းကျန်ကုန်ရာ၏၊ ဤအတူသာလျှင် ရဟန်းသည် ကိုယ်ဖြင့် ပိုင်းခြားအပ်သော ပဉ္စဒွါရိက ဝေဒနာကို ခံစားသည်ရှိသော် ကိုယ်ဖြင့် ပိုင်းခြားအပ်သော ဝေဒနာကို ခံစား၏ဟု သိ၏၊ ဇီဝိတဖြင့် ပိုင်းခြားအပ်သော မနောဒွါရိက ဝေဒနာကို ခံစားသည် ရှိသော် ဇီဝိတဖြင့် ပိုင်းခြားအပ်သော ဝေဒနာကို ခံစား၏ဟု သိ၏၊ ကိုယ်ခန္ဓာပျက်စီး၍ သေပြီး သည်မှ နောက်၌ အလုံးစုံသော ခံစားမှုတို့သည် မနှစ်သက်အပ်ကုန်သည်ဖြစ်၍ ဤဘဝ၌ပင်လျှင် ငြိမ်းအေးကုန်လတ္တံ့၊ ကိုယ်ကောင်တို့သာ ကြွင်းကျန်ကုန်လတ္တံ့ဟု သိ၏။

http://www.dhammadownload.com



ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်သင်ကုန်သနည်း၊ အာသဝကုန်ပြီးသော ရဟန်းသည် ပုညာဘိသင်္ခါရကိုမူလည်း ပြုရသေးသလော၊ အပုညာဘိသင်္ခါရကိုမူလည်း ပြုရသေးသလော၊ အာနေဥ္စာဘိသင်္ခါရကိုမူလည်း ပြုရသေးသလောဟု မေးတော်မူ၏။ အသျှင်ဘုရား မပြုရပါဟု လျှောက်ကုန်၏၊ အချင်းခပ်သိမ်း ပြုစီရင်မှု 'သင်္ခါရ'တို့ မရှိသော် သင်္ခါရတို့ ချုပ်ခြင်းကြောင့် ဝိညာဏ်သည် ထင်သေးသလော၊ အသျှင်ဘုရား မထင်ရပါ။ အချင်းခပ်သိမ်း ဝိညာဏ်သည် မရှိခဲ့သော် ဝိညာဏ်၏ ချုပ်ခြင်းကြောင့် နာမ်ရုပ်သည် ထင်သေးသလော၊ အသျှင်ဘုရား မထင်ရပါ။ အချင်းခပ်သိမ်း နာမ်ရုပ်မရှိသော် နာမ်ရုပ်ချုပ်ခြင်းကြောင့် သဠာယတနသည် ထင်ရသေးသလော၊ အသျှင်ဘုရား မထင်ရပါ။ အချင်းခပ်သိမ်း သဠာယတနမရှိသော် သဠာယတန ချုပ်ခြင်းကြောင့် ဖဿသည် ထင်ရသေးသလော၊ အသျှင်ဘုရား မထင်ရပါ။ အချင်းခပ်သိမ်း ဖဿမရှိသော် ဖဿချုပ်ခြင်းကြောင့် ဝေဒနာသည် ထင်ရသေးသလော၊ အသျှင်ဘုရား မထင်ရပါ။ အချင်းခပ်သိမ်း ဝေဒနာ မရှိသော် ဝေဒနာချုပ်ခြင်းကြောင့် တဏှာသည် ထင်ရသေးသလော၊ အသျှင်ဘုရား မထင်ရပါ။ အချင်းခပ်သိမ်း တဏှာမရှိသော် တဏှာချုပ်ခြင်းကြောင့် ဥပါဒါန်သည် ထင်ရသေးသလော၊ အသျှင်ဘုရား မထင်ရပါ။ အချင်းခပ်သိမ်း ဥပါဒါန်မရှိသော် ဥပါဒါန်ချုပ်ခြင်းကြောင့် ဘဝသည် ထင်ရသေးသလော၊ အသျှင်ဘုရား မထင်ရပါ။ အချင်းခပ်သိမ်း ဘဝမရှိသော် ဘဝချုပ်ခြင်းကြောင့် ဇာတိသည် ထင်ရသေးသလော၊ အသျှင်ဘုရား မထင်ရပါ။ အချင်းခပ်သိမ်း ဇာတိမရှိသော် ဇာတိချုပ်ခြင်းကြောင့် ဇရာမရဏသည် ထင်ရသေးသလော၊ အသျှင်ဘုရား မထင်ရပါ။

ရဟန်းတို့ ကောင်းစွ ကောင်းစွ၊ ရဟန်းတို့ ဤတရားသည် ဤအတိုင်းပင်တည်း၊ ဤတရားတော်သည် တပါးသော အခြင်းအရာအားဖြင့် မဖြစ်၊ ရဟန်းတို့ ဤတရားတော်ကို ယုံမှားမရှိမူ၍ ယုံကြည်ကြကုန်လော့၊ သက်ဝင်ကြကုန်လော့၊ ဤတရားတော်၌ သို့လော သို့လော တွေးတောမှု ကင်းကုန်လော့၊ ဤသည်လျှင် ဝဋ်ဆင်းရဲ၏ အဆုံးတည်းဟု (ဟောတော်မူ၏)။

ပဉ္စမသုတ်။

---

## ၂-ဥပါဒါနသုတ်

၅၂။ သာဝတ္ထိပြည်၌(ဆီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ ဥပါဒါန်တို့၏ အကြောင်းဖြစ်သော (တေဘူမိက)တရားတို့၌ သာယာဖွယ်ဟု ရှုသည်ဖြစ်၍နေသော သူအား တပ်မက်မှု'တဏှာ' ပွား၏၊ တပ်မက်မှု'တဏှာ' အကြောင်းခံကြောင့် ပြင်းစွာစွဲလမ်းမှု 'ဥပါဒါန်'ဖြစ်၏၊ ဥပါဒါန်အကြောင်းခံကြောင့် ဘဝဖြစ်၏၊ ဘဝအကြောင်းခံကြောင့် ပဋိသန္ဓေနေမှု 'ဇာတိ'ဖြစ်၏၊ ဇာတိအကြောင်းခံကြောင့် အိုခြင်း'ဇရာ' သေခြင်း'မရဏ' စိုးရိမ်ခြင်း'သောက' ငိုကြွေးခြင်း'ပရိဒေဝ' ဆင်းရဲခြင်း 'ဒုက္ခ' နှလုံးမသာယာခြင်း'ဒေါမနဿ' ပြင်းစွာပင်ပန်းခြင်း'ဥပါယာသ'တို့ ဖြစ်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏။

ရဟန်းတို့ ဥပမာသော်ကား လည်းဆယ်စီးတိုက် အစီးနှစ်ဆယ်တိုက် အစီးသုံးဆယ်တိုက် အစီးလေးဆယ်တိုက် ထင်းတို့၏မီးပုံကြီးသည် တောက်လောင်နေရာ၏၊ ထိုမီးပုံကြီး၌ ယောကျ်ားသည်

http://www.dhammadownload.com



မြက်ခြောက်တို့ကိုရင်း နွားချေးခြောက်တို့ကိုရင်း ထင်းခြောက်တို့ကိုရင်း အခါအားလျော်စွာ ထည့်ရာ၏၊ရဟန်းတို့ ဤသို့ထည့်သော် ထိုမီးပုံကြီးသည် ထိုမြက်ခြောက်စသော အစာရှိသည်ဖြစ်၍ မြက်ခြောက်စသော လောင်စာ ရှိသည်ဖြစ်၍ ကြာမြင့်စွာသော ကာလပတ်လုံး တောက်လောင် နေရာ၏၊ ရဟန်းတို့ ဤအတူသာလျှင် ဥပါဒါန်၏ အကြောင်းဖြစ်သော တေဘူမိက တရားတို့၌ သာလျှင် သာယာဖွယ်ဟု ရှုသည်ဖြစ်၍ နေသောသူအား တပ်မက်မှု 'တဏှာ'ပွါး၏၊ တဏှာ အကြောင်းခံကြောင့် ပြင်းစွာ စွဲလမ်းမှု'ဥပါဒါန်'ဖြစ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏။

ရဟန်းတို့ ဥပါဒါန်တို့၏အကြောင်းဖြစ်သော တေဘူမိကတရားတို့၌ အပြစ်ဟု ရှုသည်ဖြစ်၍ နေသော သူအား တဏှာ ချုပ်၏၊ တဏှာချုပ်ခြင်းကြောင့် ပြင်းစွာ စွဲလမ်းမှု 'ဥပါဒါန်'ချုပ်၏၊ ဥပါဒါန် ချုပ်ခြင်းကြောင့် ဘဝ ချုပ်၏၊ ဘဝ ချုပ်ခြင်းကြောင့် ပဋိသန္ဓေနေမှု 'ဇာတိ'ချုပ်၏၊ ဇာတိချုပ်ခြင်းကြောင့်အိုခြင်း'ဇရာ' သေခြင်း'မရဏ' စိုးရိမ်ခြင်း'သောက' ငိုကြွေးခြင်း'ပရိဒေဝ' ဆင်းရဲခြင်း 'ဒုက္ခ' နှလုံးမသာခြင်း 'ဒေါမနဿ' ပြင်းစွာ ပင်ပန်းခြင်း 'ဥပါယာသ'တို့ ချုပ်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏။

ရဟန်းတို့ ဥပမာသော်ကား လုည်းဆယ်စီးတိုက် အစီးနှစ်ဆယ်တိုက် အစီးသုံးဆယ်တိုက် အစီးလေးဆယ်တိုက် ထင်းတို့၏ မီးပုံကြီးသည် တောက်လောင်နေရာ၏၊ ထိုမီးပုံကြီး၌ ယောကျ်ားသည် မြက်ခြောက်တို့ကိုရင်း နွားချေးခြောက်တို့ကိုရင်း ထင်းခြောက်တို့ကိုရင်း အခါအားလျော်စွာ မထည့်တော့ချေ၊ ရဟန်းတို့ ဤသို့ မထည့်သည်ရှိသော် ထိုမီးပုံကြီးသည် ရှေးဖြစ်သော မီးစွဲငြိရာ ထင်း၏ ကုန်ခြင်းကြောင့်ရင်း အခြားလောင်စာကိုလည်း မရခြင်းကြောင့်ရင်း လောင်စာ မရှိမူ၍ ငြိမ်းအေးလေရာ၏၊ ရဟန်းတို့ ဤအတူသာလျှင် ဥပါဒါန်၏ အကြောင်းဖြစ်သော တေဘူမိက တရားတို့၌ အပြစ်ဟု ရှုသည်ဖြစ်၍ နေသောသူအား တပ်မက်မှု 'တဏှာ'ချုပ်၏၊ တဏှာ ချုပ်ခြင်းကြောင့် ပြင်းစွာ စွဲလမ်းမှု 'ဥပါဒါန်'ချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏ဟု (ဟောတော်မူ၏)။

ဒုတိယသုတ်။

---

## ၃-သံယောဇနသုတ်

၅၃။ သာဝတ္ထိပြည်၌(သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ နှောင်ဖွဲ့ကြောင်း'သံယောဇဉ်'၏ အကြောင်း ဖြစ်သော တေဘူမိက တရားတို့၌ သာယာဖွယ်ဟု ရှုသည်ဖြစ်၍ နေသောသူအား တပ်မက်မှု 'တဏှာ' ပွါး၏၊ တဏှာ အကြောင်းခံကြောင့် ပြင်းစွာ စွဲလမ်းမှု 'ဥပါဒါန်' ဖြစ်၏၊ ဥပါဒါန် အကြောင်းခံကြောင့် 'ဘဝ'ဖြစ်၏၊ ဘဝအကြောင်းခံကြောင့် ပဋိသန္ဓေနေမှု 'ဇာတိ' ဖြစ်၏၊ဇာတိအကြောင်းခံကြောင့် အိုခြင်း'ဇရာ'သေခြင်း 'မရဏ'စိုးရိမ်ခြင်း'သောက'ငိုကြွေးခြင်း 'ပရိဒေဝ' ဆင်းရဲခြင်း 'ဒုက္ခ' နှလုံးမသာခြင်း 'ဒေါမနဿ' ပြင်းစွာပင်ပန်းခြင်း 'ဥပါယာသ'တို့ ဖြစ်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏။

ရဟန်းတို့ ဥပမာသော်ကား ဆီကိုရင်း မီးစာကိုရင်း စွဲ၍ ဆီမီးသည် တောက်လောင်နေရာ၏၊ ထိုဆီမီး၌ ယောကျ်ားသည် အခါအားလျော်စွာဆီကို သွန်းလောင်းရာ၏၊ မီးစာကိုလည်း ထည့်အေး

http://www.dhammadownload.com



ရာ၏၊ ရဟန်းတို့ ဤသို့ ဖြစ်သည်ရှိသော် ထိုဆီမီးသည် ထိုအစာရှိသည်ဖြစ်၍ငင်း ထိုမီးစာလျှင် စွဲလောင်ရာရှိသည်ဖြစ်၍ငင်း ကြာရှည်စွာသော ကာလပတ်လုံး တောက်လောင်နေရာ၏၊ ရဟန်းတို့ ဤအတူသာလျှင် သံယောဇဉ်၏ အကြောင်းဖြစ်သော တေဘူမိကတရားတို့၌ သာယာဖွယ်ဟု ရှုသည်ဖြစ်၍ နေသောသူအား တဏှာပွါး၏၊ တဏှာအကြောင်းခံကြောင့် ဥပါဒါန်ဖြစ်၏၊ ဥပါဒါန် အကြောင်းခံကြောင့် ဘဝဖြစ်၏၊ ဘဝအကြောင်းခံကြောင့် 'ဇာတိ'ဖြစ်၏၊ ဇာတိအကြောင်း ခံကြောင့် အိုခြင်း'ဇရာ' သေခြင်း'မရဏ' စိုးရိမ်ခြင်း'သောက' ငိုကြွေးခြင်း'ပရိဒေဝ' ဆင်းရဲခြင်း 'ဒုက္ခ' နှလုံးမသာခြင်း 'ဒေါမနဿ' ပြင်းစွာ ပင်ပန်းခြင်း 'ဥပါယာသ'တို့ ဖြစ်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏။

ရဟန်းတို့ သံယောဇဉ်၏အကြောင်းဖြစ်သော တေဘူမိကတရားတို့၌ အပြစ်ဟု ရှုသည်ဖြစ်၍ နေသော သူအား တဏှာသည်ချုပ်၏၊ တဏှာချုပ်ခြင်းကြောင့် ဥပါဒါန်ချုပ်၏၊ ဥပါဒါန်ချုပ်ခြင်း ကြောင့် ဘဝချုပ်၏၊ ဘဝချုပ်ခြင်းကြောင့် ဇာတိချုပ်၏၊ ဇာတိချုပ်ခြင်းကြောင့် အိုခြင်း 'ဇရာ' သေခြင်း 'မရဏ'စိုးရိမ်ခြင်း 'သောက' ငိုကြွေးခြင်း 'ပရိဒေဝ' ဆင်းရဲခြင်း 'ဒုက္ခ' နှလုံးမသာခြင်း 'ဒေါမနဿ' ပြင်းစွာ ပင်ပန်းခြင်း 'ဥပါယာသ'တို့ ချုပ်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော ဆင်းရဲ အစု ချုပ်၏။

ရဟန်းတို့ ဥပမာသော်ကား ဆီကိုငင်း မီးစာကိုငင်း စွဲ၍ ဆီမီးသည် တောက်လောင်နေရာ၏၊ ထိုဆီမီး၌ ယောကျ်ားသည် အခါအားလျော်စွာ ဆီကို မသွန်းလောင်း၊ မီးစာကိုလည်း ထည့်မပေး တော့ချေ၊ ရဟန်းတို့ ဤသို့ ဖြစ်သည်ရှိသော် ထိုဆီမီးသည် ရှေးဖြစ်သော မီးစာ၏ ကုန်ခြင်း ကြောင့်ငင်း တပါးသော မီးစာကို မရခြင်းကြောင့်ငင်း လောင်စာ မရှိသည်ဖြစ်၍ ငြိမ်းအေးရာ၏၊ ရဟန်းတို့ ဤအတူသာလျှင် သံယောဇဉ်၏ အကြောင်းဖြစ်သော တေဘူမိကတရားတို့၌ အပြစ်ဟု ရှုသည်ဖြစ်၍ နေသောသူအား တဏှာချုပ်၏၊ တဏှာ ချုပ်ခြင်းကြောင့် ဥပါဒါန်ချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏ဟု (ဟောတော်မူ၏)။

တတိယသုတ်။

---

## ၄-ဒုတိယသံယောဇနသုတ်

၅၄။ သာဝတ္ထိပြည်၌(သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ ဥပမာသော်လည်း ဆီကိုငင်း မီးစာ ကိုငင်း စွဲ၍ ဆီမီးသည် တောက်လောင်နေရာ၏၊ ထိုဆီမီး၌ ယောကျ်ားသည် အခါအားလျော်စွာ ဆီကို သွန်းလောင်းရာ၏၊ မီးစာကိုလည်း ထည့်ပေးရာ၏၊ ရဟန်းတို့ ဤသို့ ဖြစ်သည်ရှိသော် ထိုဆီမီးသည် ထိုအစာရှိသည်ဖြစ်၍ငင်း ထိုမီးစာလျှင် စွဲလောင်ရာ ရှိသည်ဖြစ်၍ငင်း ကြာရှည် စွာသော ကာလပတ်လုံး တောက်လောင်နေရာ၏၊ ရဟန်းတို့ ဤအတူသာလျှင် သံယောဇဉ်၏ အကြောင်းဖြစ်သော တေဘူမိက တရားတို့၌ သာယာဖွယ်ဟု ရှုသည်ဖြစ်၍ နေသောသူအား တပ်မက်မှု 'တဏှာ' ပွါး၏၊ တဏှာအကြောင်းခံကြောင့် ပြင်းစွာ စွဲလမ်းမှု 'ဥပါဒါန်' ဖြစ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏။

ရဟန်းတို့ ဥပမာသော်ကား ဆီကိုငင်း မီးစာကိုငင်း စွဲ၍ ဆီမီးသည် တောက်လောင်နေရာ၏၊ ထိုဆီမီး၌ ယောကျ်ားသည် အခါအားလျော်စွာ ဆီကို မသွန်းလောင်း၊ မီးစာကိုလည်း ထည့်မပေး တော့ချေ၊ ရဟန်းတို့ဤသို့ ဖြစ်သည်ရှိသော် ထိုဆီမီးသည် ရှေးဖြစ်သော မီးစာ၏ ကုန်ခြင်းကြောင့်

http://www.dhammadownload.com



ၵင်း တပါးသော မီးစာကို မရခြင်းကြောင့်ၵင်း လောင်စာ မရှိသည်ဖြစ်၍ ငြိမ်းအေးရာ၏။ ရဟန်းတို့ ဤအတူသာလျှင် သံယောဇဉ်၏ အကြောင်းဖြစ်သော တေဘူမိက တရားတို့၌ အပြစ်ဟု ရှုသည်ဖြစ်၍ နေသောသူအား တဏှာချုပ်၏၊ တဏှာချုပ်ခြင်းကြောင့် ဥပါဒါန်ချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏ဟု (ဟောတော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-မဟာရုက္ခသုတ်

၅၅။ သာဝတ္ထိပြည်၌ (ဃဝိတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ ဥပါဒါန်၏ အကြောင်းဖြစ်သော တေဘူမိကတရားတို့၌ သာယာဖွယ်ဟု ရှုသည်ဖြစ်၍ နေသောသူအား တဏှာပွါး၏၊ တဏှာ အကြောင်းခံကြောင့် ဥပါဒါန်ဖြစ်၏၊ ဥပါဒါန်အကြောင်းခံကြောင့် ဘဝဖြစ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏။

ရဟန်းတို့ ဥပမာသော်ကား သစ်ပင်ကြီးသည် ရှိရာ၏၊ ထိုသစ်ပင်ကြီး၏ အောက်သို့ၵင်း ဖီလာ (ကန့်လန့်)သို့ၵင်း သွားကုန်သော အလုံးစုံသော အမြစ်တို့သည် အထက်သို့ ဩဇာဓာတ်ကို ဆောင် ကုန်၏၊ ရဟန်းတို့ ဤသို့ဆောင်သည်ရှိသော် ထိုသစ်ပင်ကြီးသည် ထိုဩဇာဓာတ်လျှင် အစာရှိသည် ဖြစ်၍ ထိုဩဇာဓာတ်လျှင် စွဲယူရာရှိသည်ဖြစ်၍ ကြာရှည်စွာသော ကာလပတ်လုံး တည်ရာ၏၊ ရဟန်းတို့ ဤအတူသာလျှင် ဥပါဒါန်၏အကြောင်းဖြစ်သော တေဘူမိကတရားတို့၌ သာယာဖွယ်ဟု ရှုသည် ဖြစ်၍ နေသောသူအား တဏှာ ပွါး၏၊ တဏှာအကြောင်းခံကြောင့် ဥပါဒါန်ဖြစ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏။

ရဟန်းတို့ ဥပါဒါန်၏ အကြောင်းဖြစ်သော တေဘူမိကတရားတို့၌ အပြစ်ဟု ရှုသည်ဖြစ်၍ နေသောသူအား တဏှာ ချုပ်၏၊ တဏှာချုပ်ခြင်းကြောင့် ဥပါဒါန်ချုပ်၏၊ ဥပါဒါန်ချုပ်ခြင်းကြောင့် ဘဝ ချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏။

ရဟန်းတို့ ဥပမာသော်ကား သစ်ပင်ကြီးသည် ရှိရာ၏၊ ထိုအခါ ယောကျ်ားသည် ပေါက်တူး ခြင်းတောင်းကို ယူ၍ လာပြီးသော် ထိုသစ်ပင်ကို အၵင်း၌ ဖြတ်ရာ၏၊ အၵင်းကို ဖြတ်ပြီး၍ မြေကို တူးရာ၏၊ မြေကိုတူးပြီး၍ အမြစ်တို့ကို ထုတ်ရာ၏၊ အယုတ်သဖြင့် ပန်းၵင်းရိုးမျှလောက်သော အမြစ် သျှောက်ကလေးတို့ကိုသော်လည်း နုတ်ပစ်ရာ၏၊ ထိုယောကျ်ားသည် ထိုသစ်ပင်ကို အပိုင်းအပိုင်း ဖြတ်ရာ၏၊ အပိုင်း အပိုင်း ဖြတ်ပြီး၍ ခွဲရာ၏၊ ခွဲပြီး၍ အစိတ်စိတ် ပြုရာ၏၊ အစိတ်အစိတ် ပြုပြီး၍ လေ နေပူ၌ ခြောက်သွေ့စေရာ၏၊ လေ နေပူ၌ ခြောက်သွေ့စေပြီး၍ မီးဖြင့် ရှို့ရာ၏ ၊ မီးဖြင့် ရှို့ပြီး၍ ပြာကို ပြုရာ၏၊ ပြာဖြစ်အောင် ပြုပြီး၍ ပြင်းစွာလာသော လေ၌မူလည်း လွှင့်ရာ၏၊ လျှင်မြန်သော ရေအယဉ်ရှိသော မြစ်၌သော်လည်း မျှောရာ၏၊ ရဟန်းတို့ ဤသို့ ပြုသည်ရှိသော် ထိုသစ်ပင်ကြီး သည် အၵင်းပြတ်သည်မူလည်း ဖြစ်ရာ၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုပြီးသည် တဖန်မဖြစ်ခြင်းကို ပြုပြီး သည် နောင်အခါ၌ တဖန် မဖြစ်ခြင်းသဘောရှိသည် ဖြစ်ရာ၏၊ ရဟန်းတို့ ဤအတူသာလျှင် ဥပါဒါန်၏ အကြောင်းဖြစ်သော တေဘူမိကတရားတို့၌ အပြစ်ဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေသောသူအား တဏှာချုပ်၏၊ တဏှာချုပ်ခြင်းကြောင့် ဥပါဒါန်ချုပ်၏၊ ဥပါဒါန် ချုပ်ခြင်း ကြောင့် ဘဝချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏ ဟု (ဟောတော်မူ၏)။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-ဒုတိယ မဟာရုက္ခသုတ္တ

၅၆။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ဥပမာသော်ကား သစ်ပင်ကြီးသည် ရှိရာ၏၊ ထိုသစ်ပင်ကြီး၏ အောက်သို့ရင်း ဖီလာ (ထန့်လန့်)သို့ရင်း သွားကုန်သော အလုံးစုံသော အမြစ်တို့သည် အထက်သို့ ဩဇာဓာတ်ကို ဆောင်ကုန်၏၊ ရဟန်းတို့ ဤသို့လျှင် ထိုသစ်ပင်ကြီးသည် ထိုဩဇာဓာတ်ကို ဆောင်သည်ဖြစ်၍ ထိုဩဇာဓာတ်လျှင် စွဲမှီရာ ရှိသည် ဖြစ်၍ ကြာရှည်သော ကာလပတ်လုံး တည်ရာ၏၊ ရဟန်းတို့ ဤအတူသာလျှင် ဥပါဒါန်၏ အကြောင်းဖြစ်သော တေဘူမိကတရားတို့၌ သာယာဖွယ်ဟု ရှုသည်ဖြစ်၍ နေသောသူအား တဏှာ ပွါး၏၊ တဏှာအကြောင်းခံကြောင့် ပြင်းစွာ စွဲလမ်းမှု 'ဥပါဒါန်' ဖြစ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏။

ရဟန်းတို့ ဥပမာသော်ကား သစ်ပင်ကြီးသည် ရှိရာ၏၊ ထိုအခါ ယောကျ်ားသည် ပေါက်တူး ခြင်းတောင်းကို ယူ၍ လာရာ၏၊ ထိုယောကျ်ားသည် ထိုသစ်ပင်ကို အရင်း၌ ဖြတ်ရာ၏၊ အရင်း၌ ဖြတ်ပြီး၍ မြေကို တူးရာ၏၊ မြေကို တူးပြီး၍ အမြစ်တို့ကို ထုတ်ရာ၏။ပ။ လျှင်မြန်သော ရေ အယဉ်ရှိသော မြစ်၌မူလည်း မျှောရာ၏၊ ရဟန်းတို့ ဤသို့လျှင် ထိုသစ်ပင်ကြီးသည် အမြစ် အရင်းကို ဖြတ်ပြီးသည် ဖြစ်ရာ၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုပြီးသည် တဖန် မဖြစ်ခြင်းကို ပြုပြီးသည် နောင်အခါ၌ တဖန် မဖြစ်ခြင်းသဘောရှိသည် ဖြစ်ရာ၏၊ ရဟန်းတို့ ဤအတူသာလျှင် ဥပါဒါန်၏ အကြောင်းဖြစ်သော တေဘူမိကတရားတို့၌ အပြစ်ဟု ရှုသည်ဖြစ်၍ နေသောသူအား တဏှာ ချုပ်၏၊ တဏှာ ချုပ်ခြင်းကြောင့် ဥပါဒါန် ချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏ ဟု (ဟောတော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-တရုဏရုက္ခသုတ်

၅၇။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ သံယောဇဉ်၏ အကြောင်းဖြစ် သော တေဘူမိကတရားတို့၌ သာယာဖွယ်ဟု ရှုသည်ဖြစ်၍ နေသောသူအား တဏှာ ပွါး၏၊တဏှာ အကြောင်းခံကြောင့် ဥပါဒါန်ဖြစ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစုဖြစ်၏။

ရဟန်းတို့ ဥပမာသော်ကား ပျိုနုသော သစ်ပင်သည် ရှိရာ၏၊ ပျိုနုသော သစ်ပင်အား ယောကျ်ားသည် အခါအားလျော်စွာ အမြစ်တို့ကို သန့်စင်စေရာ၏၊ အခါအားလျော်စွာ မြေစာ ကျွေးရာ၏၊ အခါအားလျော်စွာ ရေပေးရာ၏၊ ဤသို့ ဖြစ်သည်ရှိသော် သစ်ပင်ပျိုသည် ထိုမြေရေ လျှင် အစာရှိသည်ဖြစ်၍ ထိုမြေရေလျှင် စွဲယူရာရှိသည် ဖြစ်၍ ကြီးပွားခြင်း စည်ပင်ခြင်း ပြန့်ပြော ခြင်းသို့ ရောက်ရာ၏။

ရဟန်းတို့ ဤအတူသာလျှင် သံယောဇဉ်၏ အကြောင်းဖြစ်သော တေဘူမိကတရားတို့၌ သာယာဖွယ်ဟု ရှုသည်ဖြစ်၍ နေသောသူအား တဏှာပွါး၏၊ တဏှာအကြောင်းခံကြောင့် ဥပါဒါန် ဖြစ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏၊ ရဟန်းတို့ သံယောဇဉ်၏အကြောင်း ဖြစ်သော တေဘူမိကတရားတို့၌ အပြစ်ဟု ရှုသည်ဖြစ်၍ နေသောသူအား တဏှာချုပ်၏၊ တဏှာ

http://www.dhammadownload.com



ချုပ်ခြင်းကြောင့် ဥပါဒါန် ချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏၊ ရဟန်းတို့ ဥပမာသော်ကား ပျိုနုသော သစ်ပင်သည် ရှိရာ၏၊ ထိုအခါ၌ ယောကျ်ားသည် ပေါက်တူး ခြင်းတောင်းကို ယူ၍ လာရာ၏။ပ။လျင်မြန်သော ရေအယဉ်ရှိသော မြစ်၌မျှလည်း မျှောရာ၏၊ ရဟန်းတို့ ဤသို့ ဖြစ်သည်ရှိသော် ထိုသစ်ပင်ပျိုသည် ဖြတ်ပြီးသော အရင်းအမြစ် ရှိသည် ဖြစ်ရာ၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုပြီးသည် တဖန် မဖြစ်ခြင်းကို ပြုပြီးသည် နောင်အခါ၌ တဖန် မဖြစ်ခြင်း သဘောရှိသည်ဖြစ်ရာ၏၊ ရဟန်းတို့ ဤအတူသာလျှင် သံယောဇဉ်၏ အကြောင်းဖြစ်သော တေဘူမိကတရားတို့၌ အပြစ်ဟု ရှုသည်ဖြစ်၍ နေသောသူအား တဏှာ ချုပ်၏၊ တဏှာ ချုပ်ခြင်းကြောင့် ဥပါဒါန်ချုပ်၏။ပ။ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏ဟု(ဟောတော်မူ၏)။

သတ္တမသုတ်။

## ၈-နာမရူပသုတ်

၅၈။ သာဝတ္ထိပြည်၌ (သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ သံယောဇဉ်၏ အကြောင်း ဖြစ်သော တေဘူမိက တရားတို့၌ သာယာဖွယ်ဟု ရှုသည်ဖြစ်၍ နေသောသူအား နာမ်ရုပ်၏ သက်ဝင်ခြင်းသည် ဖြစ်၏၊ နာမ်ရုပ်အကြောင်းခံကြောင့် တည်ရာ 'အာယတန'ခြောက်ပါး သဠာ ယတန ဖြစ်၏။ပ။ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏။

ရဟန်းတို့ ဥပမာသော်ကား သစ်ပင်ကြီးသည် ရှိရာ၏၊ ထိုသစ်ပင်ကြီး၏ အောက်သို့ငုင်း ဖီလာ(ကန့်လန့်)သို့ငုင်း သွားကုန်သော အလုံးစုံသော အမြစ်တို့သည် အထက်သို့ ဩဇာဓာတ်ကို ဆောင်ကုန်၏၊ ရဟန်းတို့ ဤသို့လျှင် ထိုသစ်ပင်ကြီးသည် ထိုဩဇာဓာတ်လျှင် အစာရှိသည်ဖြစ်၍ ထိုဩဇာဓာတ်လျှင် စွဲယူရာ ရှိသည်ဖြစ်၍ ကြာရှည်စွာသော ကာလပတ်လုံး တည်ရာ၏၊ ရဟန်းတို့ ဤအတူသာလျှင် သံယောဇဉ်၏ အကြောင်းဖြစ်သော တေဘူမိကတရားတို့၌ သာယာဖွယ်ဟု ရှုသည်ဖြစ်၍ နေသောသူအား နာမ်ရုပ်၏ သက်ဝင်ခြင်းသည် ဖြစ်၏။ပ။

ရဟန်းတို့ သံယောဇဉ်၏ အကြောင်းဖြစ်သော တေဘူမိကတရားတို့၌ အပြစ်ဟု ရှုသည်ဖြစ်၍ နေသောသူအား နာမ်ရုပ်၏သက်ဝင်ခြင်းသည်မဖြစ်၊ နာမ်ရုပ် ချုပ်ခြင်းကြောင့် သဠာယတန ချုပ်၏။ပ။ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏။

ရဟန်းတို့ ဥပမာသော်ကား သစ်ပင်ကြီးသည် ရှိရာ၏၊ ထိုအခါ၌ ယောကျ်ားသည် ပေါက်တူး ခြင်းတောင်းကို ယူ၍ လာရာ၏။ပ။ နောင်အခါ၌ တဖန် မဖြစ်ခြင်း သဘောရှိ၏၊ ရဟန်းတို့ ဤဥပမာ အတူသာလျှင် သံယောဇဉ်၏ အကြောင်းဖြစ်သော တေဘူမိကတရားတို့၌ အပြစ်ကို ရှုသည်ဖြစ်၍ နေသောသူအား နာမ်ရုပ်၏ သက်ဝင်ခြင်းသည် မဖြစ်၊ နာမ်ရုပ်ချုပ်ခြင်းကြောင့် သဠာယတနချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏ ဟု (ဟောတော်မူ၏)။

အဋ္ဌမသုတ်။

http://www.dhammadownload.com



## ၉-ဝိညာဏသုတ်

၅၉။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ သံယောဇဉ်၏ အကြောင်း ဖြစ်သော တေဘူမိကတရားတို့၌ သာယာဖွယ်ဟု ရှုသည်ဖြစ်၍ နေသောသူအား ဝိညာဏ်၏ သက်ဝင်ခြင်းဖြစ်၏၊ ဝိညာဏ် အကြောင်းခံကြောင့် နာမ်ရုပ်ဖြစ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏။

ရဟန်းတို့ ဥပမာသော်ကား သစ်ပင်ကြီးသည် ရှိရာ၏၊ ထိုသစ်ပင်ကြီး၏ အမြစ်တို့သည်။ပ။ ရဟန်းတို့ ဤအတူသာလျှင် သံယောဇဉ်၏ အကြောင်းဖြစ်သော တေဘူမိကတရားတို့၌ သာယာဖွယ်ဟု ရှုသည်ဖြစ်၍ နေသောသူအား ဝိညာဏ်၏သက်ဝင်ခြင်းသည် ဖြစ်၏။ပ။ရဟန်းတို့ သံယောဇဉ်၏အကြောင်းဖြစ်သော တေဘူမိကတရားတို့၌ အပြစ်ဟု ရှုသည်ဖြစ်၍ နေသောသူအား ဝိညာဏ်၏သက်ဝင်ခြင်းသည် မဖြစ်၊ ဝိညာဏ်ချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏။

ရဟန်းတို့ ဥပမာသော်ကား သစ်ပင်ကြီးသည် ရှိရာ၏၊ ထိုအခါ၌ ယောကျ်ားသည် ပေါက်တူး ခြင်းတောင်းကို ယူ၍ လာရာ၏။ပ။ နောင်အခါ၌ တဖန် ဖြစ်ခြင်း သဘောရှိ၏၊ ရဟန်းတို့ ဤအတူသာလျှင်သံယောဇဉ်၏အကြောင်းဖြစ်သောတေဘူမိကတရားတို့၌ အပြစ်ဟု ရှုသည်ဖြစ်၍ နေသောသူအား ဝိညာဏ်၏သက်ဝင်ခြင်းသည် မဖြစ်၊ဝိညာဏ်ချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏ ဟု (ဟောတော်မူ၏)။

နဝမသုတ်။

---

## ၁၀-နိဒါနသုတ်

၆၀။ အခါတပါး၌ မြတ်စွာဘုရားသည် ကုရုတိုင်း ကမ္မာသဓမ္မမည်သော ကုရုတိုင်းသူတို့၏ နိဂုံး၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအားဤစကားကို လျှောက်၏—"အသျှင်ဘုရား အံ့ဖွယ် ရှိစွတကား၊ အသျှင်ဘုရား မဖြစ်ဘူးမြဲ ဖြစ်စွတကား၊ အသျှင်ဘုရား ဤ(ပဋိစ္စသမုပ္ပါဒ်)သည် အလွန်လည်း နက်နဲပါ၏၊နက်နဲသော အရိပ်အရောင်လည်း ထင်ပါ၏၊ ထိုသို့ပင်ဖြစ်ပါသော်လည်း အကျွန်ုပ်အား တိမ်သကဲ့သို့ ထင်ပါ၏"ဟု(လျှောက်၏)။

အာနန္ဒာ ဤသို့ မဆိုလင့်၊ အာနန္ဒာ ဤသို့ မဆိုလင့်၊ အာနန္ဒာ ဤ (ပဋိစ္စသမုပ္ပါဒ်)သည် နက်လည်း နက်နဲ၏၊ နက်နဲသော အရိပ်အရောင်လည်း ရှိ၏၊ အာနန္ဒာ ဤ(ပဋိစ္စသမုပ္ပါဒ်)တရားကို လျှော်စွာမသိနိုင်သောကြောင့်ထိုးထွင်း၍မသိနိုင်သောကြောင့် ဤသတ္တဝါအပေါင်းသည်ရက်ကန်း ချည်ထွေးကဲ့သို့ရင်း စာပေါင်းသိုက်ကဲ့သို့ရင်း ဖြူဆံမြက် ပြိန်းမြက်ကဲ့သို့ရင်း ဖြစ်၍ ချမ်းသာကင်း သော မကောင်းသောလားရာ ပျက်စီးကျရောက်ရာဖြစ်သော သံသရာကို မလွန်မြောက်နိုင်။

အာနန္ဒာ ဥပါဒါန်၏အကြောင်းဖြစ်သော တေဘူမိကတရားတို့၌ သာယာဖွယ်ဟု ရှုသည်ဖြစ်၍ နေသောသူအား တပ်မက်မှု'တဏှာ'သည် ပွါး၏၊ တဏှာအကြောင်းခံကြောင့် ပြင်းစွာစွဲလမ်းမှု 'ဥပါဒါန်'ဖြစ်၏၊ဥပါဒါန် အကြောင်းခံကြောင့် ဘဝဖြစ်၏၊ဘဝအကြောင်းခံကြောင့် ပဋိသန္ဓေနေမှု

http://www.dhammadownload.com



'ဇာတိ'ဖြစ်၏၊ ဇာတိအကြောင်းခံကြောင့် အိုခြင်း 'ဇရာ' သေခြင်း 'မရဏ' စိုးရိမ်ခြင်း'သောက' ငိုကြွေးခြင်း 'ပရိဒေဝ' ဆင်းရဲခြင်း 'ဒုက္ခ' နှလုံးမသာခြင်း 'ဒေါမနဿ' ပြင်းစွာ ပင်ပန်းခြင်း 'ဥပါယာသ'တို့ ဖြစ်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏။

အာနန္ဒာ ဥပမာသော်ကား သစ်ပင်ကြီးသည် ရှိရာ၏၊ ထိုသစ်ပင်၏ အောက်သို့ရင်း ဖီလာ (ကန့်လန့်)သို့ရင်း သွားကုန်သော အလုံးစုံသော အမြစ်တို့သည် အထက်သို့ ဩဇာဓာတ်ကို ဆောင်ကုန်၏၊ အာနန္ဒာ ဤသို့ ဖြစ်သည်ရှိသော် ထိုသစ်ပင်ကြီးသည် ထိုဩဇာခေါပ[illegible]စာ ရှိသည်ဖြစ်၍ ထိုဩဇာဓာတ်လျှင် စွဲယူရာ ရှိသည်ဖြစ်၍ ကြာရှည်စွာသော ကာလပတ်လုံး တည်ရာ၏။ အာနန္ဒာ ဤအတူသာလျှင် ဥပါဒါန်၏အကြောင်းဖြစ်သော တေဘူမိကတရားတို့၌ သာယာဖွယ်ဟု ရှုသည်ဖြစ်၍ နေသော သူအား တဏှာပွါး၏၊ တဏှာအကြောင်းခံကြောင့် ဥပါဒါန်ဖြစ်၏၊ ဥပါဒါန် အကြောင်းခံကြောင့် ဘဝဖြစ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏။

အာနန္ဒာ ဥပါဒါန်၏ အကြောင်းဖြစ်သော တေဘူမိကတရားတို့၌ အပြစ်ဟု ရှုသည်ဖြစ်၍ နေသော သူအား တဏှာချုပ်၏၊ တဏှာချုပ်ခြင်းကြောင့် ဥပါဒါန်ချုပ်၏၊ဥပါဒါန်ချုပ်ခြင်းကြောင့် ဘဝချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏။

အာနန္ဒာ ဥပမာသော်ကား သစ်ပင်ကြီးသည် ရှိရာ၏၊ ထိုအခါ၌ ယောကျ်ားသည် ပေါက်တူး ခြင်းတောင်းကို ယူ၍ လာရာ၏၊ ထိုယောကျ်ားသည် ထိုသစ်ပင်ကို အရင်း၌ ဖြတ်ရာ၏၊ အရင်း၌ ဖြတ်ပြီး၍ မြေကို တူးရာ၏၊ မြေကို တူးပြီး၍ အမြစ်တို့ကို ထုတ်ရာ၏၊ အယုတ်သဖြင့် ပန်းရင်းရိုး မျှလောက်ဖြစ်သော အမြစ်သွေ့ကလေးကိုပင်သော်လည်း နုတ်ရာ၏၊ ထိုယောကျ်ားသည် သစ်ပင်ကို အပိုင်းပိုင်း ဖြတ်ရာ၏၊ အပိုင်းပိုင်း ဖြတ်ပြီး၍ ခွဲရာ၏၊ ခွဲပြီး၍ အစိတ် အစိတ်ပြုရာ၏၊ အစိတ် အစိတ် ပြုပြီး၍ လေ နေပူ၌ ခြောက်သွေ့စေရာ၏၊ လေ နေပူ၌ ခြောက်သွေ့စေပြီး၍ မီးဖြင့်ရှို့ရာ၏၊ မီးဖြင့် ရှို့ပြီး၍ ပြာပြုရာ၏၊ ပြာဖြစ်အောင်ပြုပြီး၍ ပြင်းစွာလာသော လေ၌မူလည်း လွှင့်ရာ၏၊ လျင်မြန်သော ရေအယဉ်ရှိသော မြစ်၌မူလည်း မျှောရာ၏။ အာနန္ဒာ ဤသို့ ပြုသည် ရှိသော် ထိုသစ်ပင်ကြီးသည် အရင်းပြတ်သည်မူလည်း ဖြစ်ရာ၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုပြီးသည် တဖန် မဖြစ်ခြင်းကို ပြုပြီးသည် နောင်အခါ၌ တဖန် မဖြစ်ခြင်း သဘောရှိသည် ဖြစ်ရာ၏၊ အာနန္ဒာ ဤအတူသာလျှင် ဥပါဒါန်၏ အကြောင်းဖြစ်သော တေဘူမိကတရားတို့၌ အပြစ်ဟု ရှုသည်ဖြစ်၍ နေသောသူအား တဏှာချုပ်၏၊ တဏှာချုပ်ခြင်းကြောင့် ဥပါဒါန်ချုပ်၏၊ ဥပါဒါန်ချုပ်ခြင်း ကြောင့် ဘဝချုပ်၏၊ ဘဝချုပ်ခြင်းကြောင့် ဇာတိချုပ်၏၊ ဇာတိချုပ်ခြင်းကြောင့် အိုခြင်း'ဇရာ' သေခြင်း 'မရဏ' စိုးရိမ်ခြင်း 'သောက' ငိုကြွေးခြင်း 'ပရိဒေဝ' ဆင်းရဲခြင်း 'ဒုက္ခ' နှလုံးမသာခြင်း 'ဒေါမနဿ' ပြင်းစွာ ပင်ပန်းခြင်း 'ဥပါယာသ'တို့ ချုပ်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏ ဟု (ဟောတော်မူ၏)။

ဒသမသုတ်။

ခြောက်ခုမြောက် ဒုက္ခဝဂ် ပြီး၏။

---

## ၇-မဟာဝဂ် ၁-အဿုတဝါသုတ်

၆၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိ ပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ရဟန်းတို့

http://www.dhammadownload.com



အကြားအမြင် မရှိသော ပုထုဇဉ်သည် မဟာဘုတ်လေးပါးဖြင့် ပြီးသော ဤကိုယ်၌ ငြီးငွေ့မှုလည်း ငြီးငွေ့ရာ၏၊ တပ်ခြင်း ကင်းမှုလည်း ကင်းရာ၏၊ လွတ်လိုခြင်းဖြစ်မှုလည်း ဖြစ်ရာ၏၊ ထိုသို့ ဖြစ်ခြင်း သည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ မဟာဘုတ်လေးပါးဖြင့် ပြီးသော ဤကိုယ်၏ တိုးပွါး ခြင်းသည်၎င်း ဆုတ်ယုတ်ခြင်းသည်၎င်း ဖြစ်ခြင်းသည်၎င်း ပျက်ခြင်းသည်၎င်း ထင်၏၊ ထို့ကြောင့် အကြားအမြင်မရှိသော ပုထုဇဉ်သည် ထိုကိုယ်၌ ငြီးငွေ့မှုလည်း ငြီးငွေ့ရာ၏၊တပ်ခြင်းကင်းမှုလည်း ကင်းရာ၏၊ လွတ်လိုခြင်းဖြစ်မှုလည်း ဖြစ်ရာ၏။

ရဟန်းတို့ အကြားအမြင်မရှိသော ပုထုဇဉ်သည် စိတ်ဟူ၍၎င်း မနောဟူ၍၎င်း ဝိညာဏ် ဟူ၍၎င်း ဆိုအပ်သော သဘောတရား၌ ငြီးငွေ့ခြင်းငှါ မစွမ်းနိုင်၊ တပ်ခြင်းကင်းခြင်းငှါ မစွမ်းနိုင်၊ လွတ်လိုခြင်းငှါ မစွမ်းနိုင်၊ထိုသို့ မစွမ်းနိုင်ခြင်းသည် အဘယ့်ကြောင့်နည်း၊ရဟန်းတို့ အကြားအမြင် မရှိသော ပုထုဇဉ်သည် ဤစိတ်ဟူသောသဘောတရားကို ဤသည်ကား ငါ၏ဥစ္စာဖြစ်၏၊ဤသည် ကား ငါဖြစ်၏၊ဤသည်ကား ငါ၏ အတ္တတည်းဟု ရှည်စွာသော ကာလပတ်လုံး (တဏှာဒိဋ္ဌိ တို့ဖြင့်) စွဲယူအပ်၏၊ မြတ်နိုးအပ်၏၊ မှားသောအားဖြင့် သုံးသပ်အပ်၏၊ ထို့ကြောင့် အကြား အမြင်မရှိသော ပုထုဇဉ်သည် ထိုစိတ်ဟူသော သဘောတရား၌ ငြီးငွေ့ခြင်းငှါ မစွမ်းနိုင်၊ တပ်ခြင်း ကင်းခြင်းငှါ မစွမ်းနိုင်၊ လွတ်လိုခြင်းငှါ မစွမ်းနိုင်။

ရဟန်းတို့ အကြားအမြင်မရှိသော ပုထုဇဉ်သည် အလိုရှိခဲ့သော် မဟာဘုတ်လေးပါးဖြင့် ပြီးသော ဤကိုယ်ကို အတ္တဟူ၍ ကပ်ရောက်ရာ၏၊ စိတ်ကိုမူ မကပ်ရောက်သည်သာလျှင်တည်း။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ဤမဟာဘုတ်လေးပါးဖြင့် ပြီးသော ဤကိုယ်သည် တနှစ်ပတ်လုံး တည်သည်ကို၎င်း နှစ်နှစ်ပတ်လုံး တည်သည်ကို၎င်း သုံးနှစ်ပတ်လုံး တည်သည်ကို၎င်း လေးနှစ်ပတ်လုံး တည်သည်ကို၎င်း ငါးနှစ်ပတ်လုံး တည်သည်ကို၎င်း ဆယ်နှစ် ပတ်လုံး တည်သည်ကို၎င်း အနှစ် နှစ်ဆယ်ပတ်လုံး တည်သည်ကို၎င်း အနှစ် သုံးဆယ် ပတ်လုံး တည်သည်ကို၎င်း အနှစ် လေးဆယ်ပတ်လုံး တည်သည်ကို၎င်း အနှစ် ငါးဆယ်ပတ်လုံး တည်သည် ကို၎င်း အနှစ် တရာပတ်လုံး တည်သည်ကို၎င်း အနှစ်တရာထက် အလွန်တည်သည်ကို၎င်း ထင်မြင် အပ်၏။

ရဟန်းတို့ စိတ်ဟူ၍၎င်း မနောဟူ၍၎င်း ဝိညာဏ်ဟူ၍၎င်း ဆိုအပ်သော သဘောတရားသည် ညဉ့်၌၎င်း နေ့၌၎င်း တခြားတပါးသာလျှင် ဖြစ်၏၊ တခြားတပါးသည် ချုပ်၏၊ ရဟန်းတို့ ဥပမာ သော်ကား ကြီးစွာသော တောအုပ်၌ လှည့်လည်သော မျောက်သည် သစ်ကိုင်းကို ကိုင်ရာ၏၊ ထို သစ်ကိုင်းကို လွတ်၍ တပါးသော သစ်ကိုင်းကို ကိုင်ရာ၏၊ ထိုသစ်ကိုင်းကိုပင် လွှတ်ပြန်၍ တပါး သော သစ်ကိုင်းကို ကိုင်ယူပြန်ရာ၏၊ ရဟန်းတို့ ဤအတူသာလျှင် စိတ်ဟူ၍၎င်း မနောဟူ၍၎င်း ဝိညာဏ်ဟူ၍၎င်း ဆိုအပ်သော သဘောတရားသည် ညဉ့်၌၎င်း နေ့၌၎င်း တခြားတပါးသာလျှင် ဖြစ်၏၊ တခြားတပါးသည် ချုပ်၏။

ရဟန်းတို့ ထိုသို့ဖြစ်ရာ၌ အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်သည် ပဋိစ္စသမုပ္ပါဒ် ကို သာလျှင် ကောင်းစွာ သင့်လျော်သောအားဖြင့် နှလုံးသွင်း၏၊ ဤအကြောင်းတရားရှိခဲ့သော် ဤအကျိုးတရား ဖြစ်၏၊ ဤအကြောင်းတရား၏ ဖြစ်ခြင်းကြောင့် ဤအကျိုးတရားဖြစ်၏၊ ဤ အကြောင်းတရားသည် မရှိသော် ဤအကျိုးတရားမဖြစ်၊ ဤအကြောင်းတရားချုပ်ခြင်းကြောင့် ဤအကျိုးတရား ချုပ်၏၊ ယင်းအကြောင်းတရားကြောင့် အကျိုးဖြစ်ပုံကား အဝိဇ္ဇာအကြောင်းခံ

http://www.dhammadownload.com



ကြောင့် ပြုစီရင်မှု 'သင်္ခါရ'တို့ ဖြစ်ကုန်၏၊ သင်္ခါရအကြောင်းခံကြောင့် သိမှု'ဝိညာဏ်' ဖြစ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစုဖြစ်၏။

မသိမှု'အဝိဇ္ဇာ၏'သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့် ပြုစီရင်မှု 'သင်္ခါရ'တို့ ချုပ်ကုန်၏၊ပြုစီရင်မှု'သင်္ခါရ'တို့ ချုပ်ခြင်းကြောင့် သိမှု'ဝိညာဏ်'ချုပ်၏ ။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏။

ရဟန်းတို့ အကြားအမြင်နှင့်ပြည့်စုံသော အရိယာတပည့်သည် ဤသို့ မြင်သော် ရုပ်၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏၊သညာ၌လည်း ငြီးငွေ့၏၊ သင်္ခါရတို့၌လည်း ငြီးငွေ့၏၊ ဝိညာဏ်၌လည်း ငြီးငွေ့၏၊ငြီးငွေ့သည်ရှိသော် တပ်မက်မှုကင်း၏၊တပ်မက်မှု ကင်းခြင်းကြောင့် ကိလေသာမှ လွတ်၏၊ ကိလေသာမှ လွတ်ရာ၌ ကိလေသာမှ လွတ်၏ဟု အသိဉာဏ်ဖြစ်၏၊ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ အရဟတ္တဖိုလ်ဟူသော အကျိုးငှါ တဖန် ပြုဖွယ်ကိစ္စ မရှိတော့ပြီဟု သိ၏ ဟု (ဟောတော်မူ၏)။

ပဌမသုတ်။

---

## ၂-ဒုတိယ အဿုတဝါသုတ်

၆၂။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ အကြားအမြင် မရှိသော ပုထုဇဉ်သည် မဟာဘုတ်လေးပါးတို့ဖြင့် ပြီးသော ဤကိုယ်၌ ငြီးငွေ့မှုလည်း ငြီးငွေ့ရာ၏၊ တပ်ခြင်း ကင်းမှုလည်း ကင်းရာ၏၊ လွတ်လိုခြင်းဖြစ်မှုလည်း ဖြစ်ရာ၏၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ မဟာဘုတ်လေးပါးဖြင့် ပြီးသော ဤကိုယ်၏ ၊တိုးပွါးခြင်းသည်၎င်း ဆုတ်ယုတ်ခြင်းသည်၎င်း ဖြစ်ခြင်းသည်၎င်း ပျက်ခြင်းသည်၎င်း ထင်၏၊ ထို့ကြောင့် အကြားအမြင်မရှိသော ပုထုဇဉ်သည် ထိုကိုယ်၌ငြီးငွေ့မှုလည်း ငြီးငွေ့ရာ၏၊ တပ်ခြင်းကင်းမှုလည်း ကင်းရာ၏။လွတ်လိုခြင်း ဖြစ်မှုလည်း ဖြစ်ရာ၏။ ရဟန်းတို့ စိတ်ဟူ၍၎င်း မနောဟူ၍၎င်း ဝိညာဏ်ဟူ၍၎င်း ဆိုအပ်သော သဘောတရား၌ အကြားအမြင်မရှိသော ပုထုဇဉ်သည် ငြီးငွေ့ခြင်းငှါ မစွမ်းနိုင်၊ တပ်ခြင်းကင်းခြင်း ငှါ မစွမ်းနိုင်။ လွတ်လိုခြင်းငှါ မစွမ်းနိုင်၊ ထိုသို့ မစွမ်းနိုင်ခြင်းသည် အဘယ့်ကြောင့်နည်း၊ရဟန်းတို့ အကြားအမြင်မရှိသော ပုထုဇဉ်သည် ဤစိတ်ဟူသော သဘောတရားကို ဤသည်ကား ငါ၏ ဥစ္စာတည်း၊ ဤသည်ကား ငါဖြစ်၏၊ ဤသည်ကား ငါ၏ကိုယ် အတ္တတည်းဟူ၍ ရှည်စွာသော ကာလပတ်လုံး (တဏှာဒိဋ္ဌိတို့ဖြင့်) စွဲယူအပ်၏၊ မြတ်နိုးအပ်၏၊ မှားသောအားဖြင့် သုံးသပ်အပ်၏၊ ထို့ ကြောင့် အကြားအမြင် မရှိသော ပုထုဇဉ်သည် ထိုစိတ်ဟူသော သဘောတရား၌ ငြီးငွေ့ခြင်းငှါ မစွမ်းနိုင်၊ တပ်ခြင်း ကင်းခြင်းငှါ မစွမ်းနိုင်၊ လွတ်လိုခြင်းငှါ မစွမ်းနိုင်။

ရဟန်းတို့ အကြားအမြင်မရှိသော ပုထုဇဉ်သည် အလိုရှိခဲ့သော် မဟာဘုတ်လေးပါးဖြင့် ပြီးသော ဤကိုယ်ကို အတ္တဟူ၍ ကပ်ရောက်ရာ၏။ စိတ်ကိုမူ မကပ်ရောက်နိုင်သည်သာတည်း၊ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း။ ရဟန်းတို့ ဤမဟာဘုတ် လေးပါးဖြင့် ပြီးသော ကိုယ်သည် တနှစ်ပတ်လုံး တည်သည်ကို၎င်း နှစ်နှစ်ပတ်လုံး တည်သည်ကို၎င်း သုံးနှစ်ပတ်လုံး တည်သည်ကို၎င်း လေးနှစ်ပတ်လုံး တည်သည်ကို၎င်း ငါးနှစ်ပတ်လုံး တည်သည်ကို၎င်း ဆယ်နှစ်ပတ်လုံး တည်သည် ကို၎င်း အနှစ်နှစ်ဆယ်ပတ်လုံး တည်သည်ကို၎င်း အနှစ်သုံးဆယ်ပတ်လုံး တည်သည်ကို၎င်း အနှစ်

http://www.dhammadownload.com



လေးဆယ်ပတ်လုံး တည်သည်ကိုရင်း အနှစ်ငါးဆယ်ပတ်လုံး တည်သည်ကိုရင်း အနှစ်တရာပတ်လုံး တည်သည်ကိုရင်း အနှစ်တရာထက် အလွန်တည်သည်ကိုရင်း ထင်မြင်အပ်၏၊ ရဟန်းတို့ စိတ်ဟူ၍ရင်း မနောဟူ၍ရင်း ဝိညာဏ်ဟူ၍ရင်း ဆိုအပ်သောသဘောတရားသည် ညဉ့်၌ရင်း နေ့၌ရင်း တခြားတပါးသာလျှင် ဖြစ်၏၊ တခြားတပါးသည် ချုပ်၏။

ရဟန်းတို့ ထိုသို့ဖြစ်ရာ၌ အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်သည် (ပဋိစ္စသမုပ္ပါဒ်)ကိုသာလျှင် သင့်လျော်သောအားဖြင့် ကောင်းစွာနှလုံးသွင်း၏။ဤသို့ဤအကြောင်းတရားရှိသော် ဤအကျိုးတရားသည် ဖြစ်၏၊ ဤအကြောင်းတရားဖြစ်ခြင်းကြောင့် ဤအကျိုးတရားသည်ဖြစ်၏၊ ဤအကြောင်းတရားမရှိသော် ဤအကျိုးတရား မဖြစ်၊ ဤအကြောင်းတရားချုပ်ခြင်းကြောင့် ဤအကျိုးတရား ချုပ်၏၊ ရဟန်းတို့ ချမ်းသာခံစားမှု 'သုခဝေဒနာ'၏ အကြောင်းဖြစ်သော တွေ့ထိမှု 'ဖဿ'ကို စွဲ၍ ချမ်းသာခံစားမှု 'သုခဝေဒနာ' ဖြစ်၏၊ ထိုသုခဝေဒနာ၏ အကြောင်းဖြစ်သော ဖဿချုပ် ခြင်းကြောင့်သာလျှင် ဖဿအားလျော်စွာ ခံစားအပ်သော သုခဝေဒနာ၏ အကြောင်းဖြစ်သော ဖဿကို စွဲ၍ ဖြစ်သော သုခဝေဒနာသည် ချုပ်၏၊ ငြိမ်း၏။ ရဟန်းတို့ ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'၏ အကြောင်းဖြစ်သော တွေ့ထိမှု 'ဖဿ'ကိုစွဲ၍ ဆင်းရဲခံစားမှု'ဒုက္ခဝေဒနာ' ဖြစ်၏၊ထိုဒုက္ခဝေဒနာ၏အကြောင်းဖြစ်သော ဖဿ၏ချုပ်ခြင်းကြောင့်သာလျှင်ဖဿအားလျော်စွာ ခံစားအပ်သော ဒုက္ခဝေဒနာ၏ အကြောင်းဖြစ်သော ဖဿကို စွဲ၍ဖြစ်သော ဒုက္ခဝေဒနာချုပ်၏၊ ငြိမ်း၏။ ရဟန်းတို့ ဆင်းရဲ'ဒုက္ခ'လည်း မဟုတ် ချမ်းသာ'သုခ'လည်း မဟုတ်သောခံစားမှု'ဥပေက္ခာဝေဒနာ'၏ အကြောင်းဖြစ်သော တွေ့ထိမှု 'ဖဿ'ကို စွဲ၍ ဆင်းရဲ 'ဒုက္ခ'လည်းမဟုတ် ချမ်းသာ 'သုခ'လည်းမဟုတ်သော ခံစားမှု'ဥပေက္ခာဝေဒနာ'ဖြစ်၏၊ ထိုဒုက္ခလည်းမဟုတ် သုခလည်းမဟုတ်သော ဥပေက္ခာဝေဒနာ၏အကြောင်းဖြစ်သော ဖဿချုပ်ခြင်းကြောင့်သာလျှင် ဖဿအားလျော်စွာ ခံစားအပ်သော ဒုက္ခလည်းမဟုတ် သုခလည်းမဟုတ်သော ဥပေက္ခာဝေဒနာ၏ အကြောင်းဖြစ်သော ဖဿကိုစွဲ၍ ဖြစ်သော ဥပေက္ခာဝေဒနာသည် ချုပ်၏၊ ငြိမ်း၏။

ရဟန်းတို့ ဥပမာသော်ကား ထင်းချောင်းနှစ်ချောင်းတို့၏ ပွတ်တိုက်ပေါင်းဆုံခြင်းကြောင့် အပူဓာတ်ငွေ့သည် ဖြစ်၏၊ မီးဖြစ်ပေါ်လာ၏၊ ထိုထင်းချောင်း နှစ်ချောင်းတို့ကိုပင်လျှင် အထူးထူးပြု၍ သုံးဆောင်ခြင်းကြောင့် ထင်းချောင်းအားလျော်သော အပူဓာတ်ငွေ့ ချုပ်၏၊ ငြိမ်း၏၊ ရဟန်းတို့ ဤအတူပင်လျှင် ချမ်းသာခံစားမှု'သုခဝေဒနာ'၏ အကြောင်းဖြစ်သော တွေ့ထိမှု'ဖဿ'ကို စွဲ၍ ချမ်းသာခံစားမှု'သုခဝေဒနာ'ဖြစ်၏၊ ထိုသုခဝေဒနာ၏ အကြောင်းဖြစ်သော 'ဖဿ'ချုပ်ခြင်းကြောင့်သာလျှင် ဖဿအားလျော်စွာ ခံစားအပ်သော သုခဝေဒနာချုပ်၏၊ ငြိမ်း၏။ပ။ ဆင်းရဲခံစားမှု'ဒုက္ခဝေဒနာ'၏ အကြောင်းဖြစ်သော တွေ့ထိမှု'ဖဿ'ကိုစွဲ၍။ပ။ ဆင်းရဲ'ဒုက္ခ'လည်းမဟုတ် ချမ်းသာ'သုခ'လည်းမဟုတ်သော ခံစားမှု'ဥပေက္ခာဝေဒနာ'၏ အကြောင်းဖြစ်သော ဖဿကို စွဲ၍ ဆင်းရဲ'ဒုက္ခ'လည်းမဟုတ်သော ချမ်းသာ'သုခ'လည်းမဟုတ်သော ခံစားမှု'ဥပေက္ခာဝေဒနာ'သည် ဖြစ်၏၊ ထိုဒုက္ခလည်းမဟုတ် သုခလည်းမဟုတ်သော ဥပေက္ခာဝေဒနာ၏ အကြောင်းဖြစ်သော ဖဿ ချုပ်ခြင်းကြောင့်သာလျှင် ဖဿအားလျော်စွာ ခံစားအပ်သော ဒုက္ခလည်းမဟုတ် သုခလည်းမဟုတ်သော ဥပေက္ခာဝေဒနာ၏ အကြောင်းဖြစ်သော ဖဿကိုစွဲ၍ ဖြစ်သော ဒုက္ခလည်းမဟုတ် သုခလည်းမဟုတ်သော ဥပေက္ခာဝေဒနာသည် ချုပ်၏၊ ငြိမ်း၏။

ရဟန်းတို့ အကြား အမြင်နှင့် ပြည့်စုံသော အရိယာတပည့်သည် ဤသို့မြင်သည်ရှိသော် ဖဿ၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏၊ သညာ၌လည်း ငြီးငွေ့၏၊ သင်္ခါရတို့၌လည်း ငြီးငွေ့၏၊

http://www.dhammadownload.com



ဝိညာဏ်၌လည်း ငြိုးငွေ့၏၊ငြီးငွေ့သည်ရှိသော် တပ်ခြင်းကင်း၏၊တပ်ခြင်းကင်းခြင်းကြောင့် ကိလေသာမှ လွတ်၏၊ ကိလေသာမှလွတ်ရာ၌ ကိလေသာမှ လွတ်၏ဟု အသိဉာဏ်သည် ဖြစ်၏၊ ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ အရဟတ္တဖိုလ် ဟူသော အကျိုးငှါ တဖန်ပြုဖွယ်ကိစ္စ မရှိတော့ပြီဟု သိ၏ဟု(ဟောတော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ပုတ္တမံသူပမသုတ်

၆၃။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဖြစ်ပြီးသတ္တဝါတို့ တည်ခြင်းငှါရင်း ဖြစ်ဆဲသတ္တဝါတို့အား ချီးမြှောက်(ထောက်ပံ့)ခြင်းငှါရင်း ဖြစ်ကုန်သော ဆောင်တတ်သော သဘော'အာဟာရ'တို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်း ဟူမူ—ကြမ်းထမ်းသည်လည်းဖြစ်စေ နူးညံ့သည်လည်းဖြစ်စေ အလုတ်အလွေးကိုပြု၍ မျိုအပ်သော 'ကဗဠီကာရ အာဟာရ'၊ နှစ်ခုမြောက်သော ဖဿာဟာရ၊ သုံးခုမြောက်သော မနောသဥ္စေတနာဟာရ၊ လေးခုမြောက်သော ဝိညာဏာဟာရ တို့တည်း၊ ရဟန်းတို့ ဖြစ်ပြီးသတ္တဝါတို့ တည်ခြင်းငှါရင်း ဖြစ်ဆဲသတ္တဝါတို့အား ချီးမြှောက် ထောက်ပံ့ခြင်းငှါရင်း ဖြစ်ကုန်သော ဆောင်တတ်သော သဘော'အာဟာရ'တို့သည် ဤလေးမျိုး တို့တည်း။

ရဟန်းတို့ ကဗဠီကာရ အာဟာရကို အဘယ်သို့ မှတ်အပ်သနည်း၊ ရဟန်းတို့ ဥပမာသော်ကား လင်မယားနှစ်ယောက်တို့သည် အနည်းငယ်သော ရိက္ခာကို ယူ၍ (သွားလာမှုခက်သော) ခရီးခဲသို့ သွားကုန်ရာ၏၊ထိုလင်မယားနှစ်ယောက်တို့အား ချစ်ခင်အပ် နှလုံးကို ပွါးစေတတ်သောတယောက် တည်းသော သားငယ်သည်လည်း ရှိရာ၏၊ရဟန်းတို့ ထိုအခါ ခရီးခဲသို့သွားကုန်သော ထိုလင်မယား နှစ်ယောက်တို့အား အနည်းငယ်သော စားနပ်ရိက္ခာသည် ကုန်ခြင်းသို့ ရောက်ရာ၏၊ထိုလင်မယား နှစ်ယောက်တို့အား မကူးမြောက်ကြရသေးသော ဤခရီးခဲသည်လည်း ကြွင်းကျန်သေး၏၊ရဟန်း တို့ ထိုအခါ ထိုလင်မယားနှစ်ယောက်တို့အား ဤသို့သော အကြံ ဖြစ်၏—"ငါတို့အား အနည်းငယ် မျှသော ရိက္ခာသည်လည်း ကုန်ခန်းပြီ၊ မကူးမြောက်ကြရသေးသော ခရီးခဲသည်လည်းကြွင်းကျန် သေး၏၊ အကယ်၍ ငါတို့သည် ချစ်ခင်အပ် နှလုံးကို ပွါးစေတတ်သော တယောက်တည်းသော သားငယ်ကို သတ်၍ အသားညှင်း အသားကုံး ပြုပြီးလျှင် သားငယ်၏ အသားတို့ကို စားကြ ကုန်လျက် ထိုကြွင်းကျန်သေးသော ခရီးခဲကိုကူးမြောက်ကြရမူကား ကောင်းလေရာ၏၊သုံးယောက် စလုံး မပျက်စီးပါစေကုန်လင့်"ဟု(အကြံဖြစ်၏)၊ရဟန်းတို့ ထိုအခါ လင်မယားနှစ်ယောက်တို့သည် ချစ်ခင်အပ် နှလုံးကိုပွါးစေတတ်သော ထိုတယောက်တည်းသော သားငယ်ကိုသတ်၍ အသားညှင်း အသားတုံးပြုပြီးလျှင် သားငယ်၏ အသားတို့ကို စားကုန်လျက် ဤသို့ ကြွင်းကျန်သေးသော ထိုခရီးခဲကို ကူးမြောက်ကုန်ရာ၏၊ ထိုလင်မယားနှစ်ယောက်တို့သည် သားငယ်၏ အသားတို့ကို စားလည်း စားကုန်၏၊ "တယောက်တည်းသော သားကလေး အဘယ်မှာနည်း၊တယောက်တည်း သော သားကလေး အဘယ်မှာနည်း"ဟု ဆို၍ ရင်တို့ကိုလည်း ထုကုန်ရာ၏။

ရဟန်းတို့ ထိုအရာကို အဘယ်သို့မှတ်ထင်ကုန်သနည်း၊ထိုလင်မယားနှစ်ယောက်တို့သည် မြူးထူး ခြင်းငှါလည်း အာဟာရကို သုံးဆောင်ကုန်ရာသလော၊ မာန်ယစ်ခြင်းငှါလည်း အာဟာရကို သုံး

http://www.dhammadownload.com



ဆောင်ကုန်ရာသလော၊ တန်ဆာဆင်ခြင်းငှါလည်း အာဟာရကို သုံးဆောင်ကုန်ရာသလော၊အပြေ အပြစ်ပြုခြင်းငှါလည်း အာဟာရကို သုံးဆောင်ကုန်ရာသလောဟု မေးတော်မူ၏၊ အသျှင်ဘုရား ဤသို့ မဟုတ်ပါ။ ရဟန်းတို့ ထိုလင်မယားနှစ်ယောက်တို့သည် ခရီးခဲကို ကူးမြောက်ရှင့်ငှါသာလျှင် အာဟာရကို သုံးဆောင်ကြကုန်သည် မဟုတ်လောဟု(မေးတော်မူ၏)။ အသျှင်ဘုရား ဟုတ်ပါ၏။ ရဟန်းတို့ ဤအတူသာလျှင် ကဗဠီကာရ အာဟာရကို မှတ်အပ်၏ ဟူ၍ ငါဘုရား ဟော တော်မူ၏၊ ရဟန်းတို့ ကဗဠီကာရ အာဟာရကို ပိုင်းခြား၍ သိသည်ရှိသော် ကာမဂုဏ်ငါးပါး၌ တပ်မက်မှု ကာမရာဂကို ပိုင်းခြားသိနိုင်၏၊ ကာမဂုဏ်ငါးပါး၌ တပ်မက်မှု ကာမရာဂကို ပိုင်းခြား၍ သိသည်ရှိသော် အရိယာတပည့်သည် အကြင်ကာမဂုဏ်၌တပ်မက်နှောင်ဖွဲ့မှု'ကာမရာဂသံယောဇဉ် နှင့် ယှဉ်သည်ဖြစ်၍ တဖန် ဤကာမဘုံလောကသို့ လာရောက်၏၊ ထိုနှောင်ဖွဲ့မှု သံယောဇဉ်သည် မရှိ။

ရဟန်းတို့ ဖဿာဟာရကို အဘယ်သို့ မှတ်အပ်သနည်း၊ ရဟန်းတို့ ဥပမာသော်ကား အရေ မရှိသော နွားမသည် နံရံကိုမှီ၍ တည်ငြားအံ့၊ နံရံကို မှီနေကုန်သော သတ္တဝါတို့သည် ထိုနွားမကို ကိုက်ခဲကုန်ရာ၏၊ အကယ်၍ သစ်ပင်ကို မှီ၍ တည်ငြားအံ့၊သစ်ပင်ကိုမှီ၍ နေကုန်သော သတ္တဝါတို့ သည် ထိုနွားမကို ကိုက်ခဲကုန်ရာ၏၊အကယ်၍ ရေကို မှီ၍ တည်ငြားအံ့၊ ရေကိုမှီ၍ နေကုန်သော သတ္တဝါတို့သည် ထိုနွားမကို ကိုက်ခဲကုန်ရာ၏၊ အကယ်၍ လဟာပြင်ကိုမှီ၍ တည်ငြားအံ့၊လဟာပြင် ကို မှီ၍နေကုန်သော သတ္တဝါတို့သည် ထိုနွားမကို ကိုက်ခဲကုန်ရာ၏၊ ရဟန်းတို့ မည်သည့်အရပ် မဆို တခုခုသော အရပ်ကိုမှီ၍တည်ငြားအံ့၊ထိုအရပ်ကိုမှီ၍ နေကုန်သော သတ္တဝါတို့သည် ထိုနွားမ ကို ကိုက်ခဲကုန်ရာ၏၊ ရဟန်းတို့ ဤအတူသာလျှင် ဖဿာဟာရကို မှတ်အပ်၏ ဟူ၍ ငါဘုရား ဟောတော်မူ၏၊ ရဟန်းတို့ ဖဿာဟာရကို ပိုင်းခြား၍ သိသည်ရှိသော် ဝေဒနာသုံးပါးတို့ကို ပိုင်းခြား၍ သိနိုင်၏၊ ဝေဒနာသုံးပါးတို့ကို ပိုင်းခြား၍ သိသည်ရှိသော် အရိယာတပည့်အား အထက်၌ ပြုဖွယ်ကိစ္စ တစုံတခုမျှ မရှိတော့ပြီဟု ငါဘုရား ဟောတော်မူ၏။

ရဟန်းတို့ မနောသဉ္စေတနာဟာရကို အဘယ်သို့ မှတ်အပ်သနည်း၊ ရဟန်းတို့ ဥပမာ သော်ကား တသူ(လက်ခုပ်တဖောင်)ကျော်မျှရှိသော မီးကျီးတွင်းသည် အခိုးအလျှံ ကင်းသော မီးကျီးတို့ဖြင့် ပြည့်ရာ၏၊ ထိုအခါ အသက်ရှည်လိုသော မသေလိုသော ချမ်းသာကို အလိုရှိသော ဆင်းရဲကို စက်ဆုပ်သော ယောကျ်ားသည် လာရာ၏၊ ထိုယောကျ်ားကို အားကြီးကုန်သော ယောကျ်ားနှစ်ယောက်တို့သည် လက်မောင်းအသီးသီးတို့၌ ကိုင်၍ ထိုမီးကျီးတွင်းသို့ ဆွဲငင် ကုန်ရာ၏၊ ရဟန်းတို့ ထိုအခါ ထိုယောကျ်ားအား မီးကျီးစုမှ ဝေးလိုသောစေတနာ ဝေးလိုသော တောင့်တမှု ဝေးလိုသော ဆောက်တည်မှုသည်ဖြစ်ရာ၏၊ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ထိုယောကျ်ားအား—ငါသည် အကယ်၍ ဤမီးကျီးတွင်းသို့ ကျအံ့၊ ထိုမီးကျီးတွင်းသို့ ကျခြင်းကြောင့် သေခြင်းသို့သော်ငင်း သေလောက်နီးပါး ဆင်းရဲသို့သော်ငင်း ရောက်လိမ့်မည်ဟု ဤအကြံသည် ဖြစ်ရာသောကြောင့်တည်း၊ ရဟန်းတို့ ဤအတူသာလျှင် မနောသဉ္စေတနာဟာရကို မှတ်အပ်၏ ဟူ၍ ငါဘုရား ဟောတော်မူ၏၊ ရဟန်းတို့ မနောသဉ္စေတနာဟာရကို ပိုင်းခြား၍ သိသည်ရှိသော် တဏှာသုံးပါးတို့ကို ပိုင်းခြား၍ သိနိုင်၏၊ တဏှာသုံးပါးတို့ကို ပိုင်းခြား၍သိသည် ရှိသော် အရိယာ ႊပည့်အား အထက်၌ ပြုဖွယ်ကိစ္စတစုံတခုမျှ မရှိတော့ပြီဟု ငါဘုရား ဟောတော် မူ၏။

http://www.dhammadownload.com



ရဟန်းတို့ ဝိညာဏာဟာရကို အဘယ်သို့ မှတ်အပ်သနည်း၊ ရဟန်းတို့ ဥပမာသော်ကား ယုတ်ညံ့သော အကျင့်ရှိသော သူခိုးကို ဖမ်း၍ အရှင်မင်းကြီး ဤသူသည် ယုတ်ညံ့သောအကျင့်ရှိသော သူခိုးပါတည်း၊ဤသူအား အရှင်မင်းကြီး အလိုရှိတိုင်းသော ဒဏ်ကို စီရင်တော်မူပါလော့ဟု မင်းအား ပြကုန်ရာ၏၊ ထိုမင်းချင်းယောကျ်ားတို့ကို မင်းသည် မင်းချင်းတို့ သွားကြကုန်လော့၊ ဤယောကျ်ားကို နံနက်အခါ၌ လှံပေါင်းတရာတို့ဖြင့် ထိုးသတ်ကုန်လော့ဟု ဆို၏၊ ထိုယောကျ်ားကို နံနက်အခါ၌ လှံပေါင်းတရာဖြင့် ထိုးသတ်ကုန်ရာ၏၊ထိုအခါမင်းကြီးသည် နေ့လယ်အခါ၌ မင်းချင်းတို့ ထိုယောကျ်ားသည် အဘယ်သို့ ရှိလေသနည်းဟု မေးရာ၏၊ မင်းမြတ် ထိုအတိုင်းပင်လျှင် အသက်ရှင်လျက် နေပါ၏ဟု လျှောက်ကုန်၏၊ ထိုမင်းချင်းယောကျ်ားတို့ကို မင်းသည် မင်းချင်းတို့ သွားကြကုန်၊ ထိုယောကျ်ားကို နေ့လယ်အခါ၌ လှံပေါင်းတရာတို့ဖြင့် ထိုးသတ်ကြကုန်ဦးလော့ ဟု ဆိုရာ၏၊ ထိုယောကျ်ားကို နေ့လယ်အခါ၌ လှံပေါင်းတရာဖြင့် ထိုးသတ်ကုန်ရာ၏၊ ထို့နောက် မင်းသည် ညချမ်းအခါ၌ မင်းချင်းတို့ ထိုယောကျ်ားသည် အဘယ်သို့ ရှိလေသနည်းဟု မေးရာ၏၊ မင်းမြတ် ထိုအတိုင်းပင်လျှင် အသက်ရှင်လျက် နေပါ၏ဟု လျှောက်ကုန်၏၊ ထိုမင်းချင်းယောကျ်ားတို့ကို မင်းသည် မင်းချင်းတို့ သွားကြကုန်၊ ညချမ်းအခါ၌ လှံပေါင်းတရာဖြင့် ထိုးသတ်ကုန်ဦးလော့ ဟု ဤသို့ ဆိုရာ၏၊ ထိုယောကျ်ားကို ညချမ်းအခါ၌ လှံပေါင်းတရာဖြင့် ထိုးသတ်ကုန်ရာ၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း၊ တနေ့တည်း၌ လှံပေါင်းသုံးရာတို့ဖြင့် ထိုးသတ်ညှဉ်းဆဲအပ်သည်ရှိသော် ထိုလှံပေါင်း သုံးရာဖြင့် ထိုးခြင်းတည်းဟူသော အကြောင်းကြောင့် ထိုယောကျ်ားသည် ဆင်းရဲခြင်း နှလုံးမသာခြင်း ဒုက္ခဝေဒနာကို ခံစားရာသလော၊ အသျှင်ဘုရား တချောင်းသော လှံဖြင့်ပင်လည်း ထိုးသတ်ညှဉ်းဆဲသည်ရှိသော် ထိုအကြောင်းကြောင့် ဆင်းရဲခြင်း နှလုံးမသာခြင်း ဝေဒနာကို ခံစားရရာ၏၊ လှံပေါင်း သုံးရာတို့ဖြင့် ထိုးသတ်ညှဉ်းဆဲအပ်သော်ကား အဘယ်မှာ ဆိုဖွယ်ရာ ရှိပါတော့အံ့နည်းဟု လျှောက်ကြကုန်၏၊ ရဟန်းတို့ ဤအတူပင်လျှင် ဝိညာဏာဟာရကို မှတ်အပ်၏ဟူ၍ ငါဘုရား ဟောတော်မူအပ်၏။ ရဟန်းတို့ ဝိညာဏာဟာရကို ပိုင်းခြား၍ သိအပ်သည်ရှိသော် နာမ်ရုပ်ကို ပိုင်းခြား၍သိနိုင်၏၊နာမ်ရုပ်ကို ပိုင်ခြား၍သိသည်ရှိသော် အရိယာတပည့်အား အထက်၌ ပြုဖွယ်ကိစ္စ တစုံတခုမျှမရှိတော့ပြီဟု ငါဘုရား ဟော၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-အတ္ထိရာဂသုတ်

၆၄။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ဖြစ်ပြီး သတ္တဝါတို့တည် ခြင်းငှာရင်း ဖြစ်ဆဲသတ္တဝါတို့အား ချီးမြှောက် (ထောက်ပံ့) ခြင်းငှါရင်း ဖြစ်ကုန်သော ဆောင်တတ်သော သဘော'အာဟာရ' တို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်းဟူမူ—ကြမ်းထမ်းသည်လည်းဖြစ်စေ နူးညံ့သည်လည်းဖြစ်စေ အလုတ်အလွေးပြု၍ မျိုးအပ်သော 'ကဗဠီကာရအာဟာရ'၊ နှစ်ခုမြောက်သော ဖဿာဟာရ၊ သုံးခုမြောက်သော မနောသဉ္စေတနာဟာရ၊ လေးခုမြောက်သော ဝိညာဏာဟာရတို့တည်း၊ရဟန်းတို့ ဖြစ်ပြီးသတ္တဝါတို့တည်ခြင်းငှာရင်း ဖြစ်ဆဲသတ္တဝါတို့အား ချီးမြှောက်ထောက်ပံ့ခြင်းငှာရင်း ဖြစ်ကုန်သော ဆောင်တတ်သောသဘော 'အာဟာရ'တို့သည် ဤလေးမျိုးတို့တည်း။

http://www.dhammadownload.com



ရဟန်းတို့ ကဗဠီကာရအာဟာရ၌ တပ်စွန်းမှု 'ရာဂ' နှစ်သက်မှု 'နန္ဒီ' တပ်မက်မှု 'တဏှာ' ရှိခဲ့မူ ထိုတေဘူမိကဝဋ်၌ ဝိညာဏ်သည် တည်၏၊ စည်ပင်၏၊ အကြင်တေဘူမိကဝဋ်၌ ဝိညာဏ်သည် တည်၏၊ စည်ပင်၏၊ ထိုတေဘူမိကဝဋ်၌ နာမ်ရုပ် သက်ဝင်၏၊ အကြင် တေဘူမိကဝဋ်၌ နာမ်ရုပ်သက်ဝင်၏၊ ထိုတေဘူမိကဝဋ်၌ သင်္ခါရတို့ ကြီးပွါးကုန်၏၊ အကြင် တေဘူမိကဝဋ်၌ သင်္ခါရတို့ ကြီးပွါးကုန်၏၊ ထိုတေဘူမိကဝဋ်၌ နောင်တဖန် ဘဝသစ်၌ ဖြစ်ခြင်းရှိ၏၊ အကြင် တေဘူမိကဝဋ်၌ နောင်တဖန် ဘဝသစ်၌ ဖြစ်ခြင်းရှိ၏၊ ထိုတေဘူမိကဝဋ်၌ နောင်အခါ ပဋိသန္ဓေနေမှု အိုမှု သေမှုရှိ၏၊ အကြင် တေဘူမိကဝဋ်၌ နောင်အခါ ပဋိသန္ဓေနေမှု အိုမှု သေမှုသည်ရှိ၏၊ ရဟန်းတို့ ထိုတေဘူမိကဝဋ်သည် စိုးရိမ်ခြင်းနှင့်တကွ ဖြစ်၏၊ ပူပန်ခြင်းနှင့်တကွ ဖြစ်၏၊ ပြင်းစွာပင်ပန်းခြင်းနှင့်တကွ ဖြစ်၏ ဟူ၍ ငါဘုရား ဟောတော်မူ၏။

ရဟန်းတို့ ဖဿာဟာရ၌ ။ပ။ ရဟန်းတို့ မနောသဉ္စေတနာဟာရ၌ ။ပ။ ရဟန်းတို့ ဝိညာဏာဟာရ၌ တပ်စွန်းမှု 'ရာဂ' နှစ်သက်မှု 'နန္ဒီ' တပ်မက်မှု 'တဏှာ' ရှိခဲ့မူ ထိုတေဘူမိကဝဋ်၌ ဝိညာဏ်သည် တည်၏၊ စည်ပင်၏၊ အကြင်တေဘူမိကဝဋ်၌ ဝိညာဏ်သည် တည်၏၊ စည်ပင်၏၊ ထိုတေဘူမိကဝဋ်၌ နာမ်ရုပ် သက်ဝင်၏၊ အကြင် တေဘူမိကဝဋ်၌ နာမ်ရုပ်သက်ဝင်၏၊ ထိုတေဘူမိကဝဋ်၌ သင်္ခါရတို့ ကြီးပွါးကုန်၏၊ အကြင်တေဘူမိကဝဋ်၌ သင်္ခါရတို့ ကြီးပွါးကုန်၏၊ ထိုတေဘူမိကဝဋ်၌ နောင်တဖန်ဘဝသစ်၌ ဖြစ်ခြင်းရှိ၏၊ အကြင် တေဘူမိကဝဋ်၌ နောင်တဖန် ဘဝသစ်၌ ဖြစ်ခြင်းရှိ၏၊ ထိုတေဘူမိကဝဋ်၌ နောင်အခါ ပဋိသန္ဓေနေမှု အိုမှု သေမှုရှိ၏၊ အကြင် တေဘူမိကဝဋ်၌ နောင်အခါ ပဋိသန္ဓေနေမှု အိုမှု သေမှုရှိ၏၊ ရဟန်းတို့ ထိုတေဘူမိကဝဋ်သည် စိုးရိမ်ခြင်းနှင့်တကွ ဖြစ်၏၊ ပူပန်ခြင်းနှင့်တကွ ဖြစ်၏၊ ပြင်းစွာပင်ပန်းခြင်းနှင့်တကွ ဖြစ်၏ ဟူ၍ ငါဘုရား ဟောတော်မူ၏။

ရဟန်းတို့ ဥပမာသော်ကား ပန်းဆိုးသမားသည်ရင်း ပန်းချီဆေးရေးသမားသည်ရင်း ဆိုးရည် ချိပ်ရည် နနွင်း မဲနယ် ပန်းရောင်ဆေးရှိခဲ့သော် ကောင်းစွာ ပြေပြစ်သော ပျဉ်၌ဖြစ်စေ နံရံ၌ ဖြစ်စေ အဝတ်ကား၌ဖြစ်စေ အလုံးစုံသော အင်္ဂါကြီးငယ်တို့နှင့် ပြည့်စုံသော မိန်းမရုပ်ကိုရင်း ယောကျ်ားရုပ်ကိုရင်း ဖန်တီး ရေးခြယ်ရာ၏၊ ရဟန်းတို့ ဤဥပမာ အတူသာလျှင် ကဗဠီကာရ အာဟာရ၌ တပ်စွန်းမှု 'ရာဂ' နှစ်သက်မှု 'နန္ဒီ' တပ်မက်မှု 'တဏှာ' ရှိခဲ့မူ ထိုတေဘူမိကဝဋ်၌ ဝိညာဏ် သည် တည်၏။ စည်ပင်၏၊ အကြင်တေဘူမိကဝဋ်၌ ဝိညာဏ်သည် တည်၏၊ စည်ပင်၏၊ ထိုတေဘူမိက ဝဋ်၌ နာမ်ရုပ်သက်ဝင်၏၊ အကြင်တေဘူမိကဝဋ်၌ နာမ်ရုပ်သက်ဝင်၏၊ ထိုတေဘူမိကဝဋ်၌ သင်္ခါရ တို့ ကြီးပွါးကုန်၏။ အကြင်တေဘူမိကဝဋ်၌ သင်္ခါရတို့ ကြီးပွါးကုန်၏။ ထိုတေဘူမိကဝဋ်၌ နောင်တဖန် ဘဝသစ်၌ ဖြစ်ခြင်းရှိ၏၊ အကြင်တေဘူမိကဝဋ်၌ နောင်တဖန် ဘဝသစ်၌ ဖြစ်ခြင်းရှိ၏၊ ထိုတေဘူမိကဝဋ်၌ နောင်အခါ ပဋိသန္ဓေနေမှု အိုမှု သေမှု ရှိ၏၊ အကြင်တေဘူမိကဝဋ်၌ နောင် တဖန် ပဋိသန္ဓေနေမှု အိုမှု သေမှု ရှိ၏၊ ရဟန်းတို့ ထိုတေဘူမိကဝဋ်သည် စိုးရိမ်ခြင်းနှင့်တကွဖြစ်၏၊ ပူပန်ခြင်းနှင့် တကွဖြစ်၏၊ ပြင်းစွာ ပင်ပန်းခြင်းနှင့်တကွ ဖြစ်၏ဟူ၍ ငါဘုရား ဟောတော်မူ၏။

ရဟန်းတို့ ဖဿာဟာရ၌ ။ပ။ ရဟန်းတို့ မနောသဉ္စေတနာဟာရ၌ ။ပ။ ရဟန်းတို့ ဝိညာဏာဟာရ၌ တပ်စွန်းမှု 'ရာဂ' နှစ်သက်မှု 'နန္ဒီ' တပ်မက်မှု 'တဏှာ' ရှိခဲ့မူ ထိုတေဘူမိကဝဋ်၌ ဝိညာဏ်သည် တည်၏၊ စည်ပင်၏၊ အကြင်တေဘူမိကဝဋ်၌ ဝိညာဏ်သည် တည်၏၊ စည်ပင်၏၊ ထိုတေဘူမိကဝဋ်၌ နာမ်ရုပ်သက်ဝင်၏၊ အကြင်တေဘူမိကဝဋ်၌ နာမ်ရုပ်သက်ဝင်၏၊ ထိုတေဘူမိက ဝဋ်၌ သင်္ခါရတို့ ကြီးပွါးကုန်၏၊ အကြင်တေဘူမိကဝဋ်၌ သင်္ခါရတို့ ကြီးပွါးကုန်၏၊ ထိုတေဘူမိက

http://www.dhammadownload.com



ဝင့်၌ နောင်အခါ ဘဝသစ်၌ ဖြစ်ခြင်းရှိ၏၊ အကြင်တေမိဘူမိကဝင့်၌ နောင်အခါ ဘဝသစ်၌ ဖြစ်ခြင်း ရှိ၏၊ ထိုတေဘူမိကဝင့်၌ နောင်အခါ ပဋိသန္ဓေနေမှု အိုမှု သေမှုရှိ၏၊ အကြင်တေဘူမိကဝင့်၌ နောင်အခါ ပဋိသန္ဓေနေမှု အိုမှု သေမှုရှိ၏၊ ရဟန်းတို့ ထိုတေဘူမိကဝင့်ကို စိုးရိမ်ခြင်းနှင့်တကွ ဖြစ်၏၊ ပူပန်ခြင်းနှင့်တကွဖြစ်၏၊ ပြင်းစွာပင်ပန်းခြင်းနှင့် တကွဖြစ်၏ဟူ၍ ငါဘုရား ဟောတော်မူ၏။

ရဟန်းတို့ ကဗဠီကာရအာဟာရ၌ တပ်စွန်းမှု 'ရာဂ' နှစ်သက်မှု 'နန္ဒီ' တပ်မက်မှု 'တဏှာ' မရှိခဲ့မူ ထိုတေဘူမိကဝင့်၌ ဝိညာဏ်သည် မတည်၊ မစည်ပင်၊ အကြင်တေဘူမိကဝင့်၌ ဝိညာဏ်သည် မတည်၊ မစည်ပင်၊ ထိုတေဘူမိကဝင့်၌ နာမ်ရုပ် မသက်ဝင်၊ အကြင်တေဘူမိကဝင့်၌ နာမ်ရုပ် မသက်ဝင်၊ ထိုတေဘူမိကဝင့်၌ သင်္ခါရတို့ ကြီးပွါးခြင်း မရှိ၊ အကြင်တေဘူမိကဝင့်၌ သင်္ခါရတို့ ကြီးပွါးခြင်း မရှိ၊ ထိုတေဘူမိကဝင့်၌ နောင်အခါ ဘဝသစ်၌ ဖြစ်ခြင်းမရှိ၊ အကြင်တေဘူမိကဝင့်၌ နောင်တဖန် ဘဝသစ်၌ ဖြစ်ခြင်းမရှိ၊ ထိုတေဘူမိကဝင့်၌ နောင်အခါ ပဋိသန္ဓေနေမှု အိုမှု သေမှုမရှိ၊ အကြင် တေဘူမိကဝင့်၌ နောင်အခါ ပဋိသန္ဓေနေမှု အိုမှု သေမှု မရှိ၊ ရဟန်းတို့ ထိုတေဘူမိကဝင့်ကို စိုးရိမ်ခြင်း မရှိ၊ ပူပန်ခြင်းမရှိ၊ ပြင်းစွာပင်ပန်းခြင်း မရှိဟူ၍ ငါဘုရား ဟောတော်မူ၏။

ရဟန်းတို့ ဖဿာဟာရ၌ ။ပ။ ရဟန်းတို့ မနောသဉ္စေတနာဟာရ၌ ။ပ။ ရဟန်းတို့ ဝိညာဏာဟာရ၌ တပ်စွန်းမှု 'ရာဂ' နှစ်သက်မှု 'နန္ဒီ' တပ်မက်မှု 'တဏှာ' မရှိခဲ့မူ ထိုတေဘူမိကဝင့်၌ ဝိညာဏ်သည် မတည်၊ မစည်ပင်၊ အကြင်တေဘူမိကဝင့်၌ ဝိညာဏ်သည် မတည်၊ မစည်ပင်၊ ထိုတေဘူမိကဝင့်၌ နာမ်ရုပ် မသက်ဝင်၊ အကြင်တေဘူမိကဝင့်၌ နာမ်ရုပ် မသက်ဝင်၊ ထိုတေဘူမိကဝင့်၌ သင်္ခါရတို့ ကြီးပွါးခြင်း မရှိ၊ အကြင်တေဘူမိကဝင့်၌ သင်္ခါရတို့ ကြီးပွါးခြင်း မရှိ၊ ထိုတေဘူမိကဝင့်၌ နောင်တဖန် ဘဝသစ်၌ ဖြစ်ခြင်း မရှိ၊ အကြင်တေဘူမိကဝင့်၌ နောင်တဖန် ဘဝသစ်၌ ဖြစ်ခြင်း မရှိ၊ ထိုတေဘူမိကဝင့်၌ နောင်အခါ ပဋိသန္ဓေနေမှု အိုမှု သေမှု မရှိ၊ အကြင်တေဘူမိကဝင့်၌ နောင်အခါ ပဋိသန္ဓေနေမှု အိုမှု သေမှု မရှိ၊ ရဟန်းတို့ ထိုတေဘူမိကဝင့်ကို စိုးရိမ်ခြင်းမရှိ၊ ပူပန်ခြင်း မရှိ၊ ပြင်းစွာပင်ပန်းခြင်းမရှိဟူ၍ ငါဘုရား ဟောတော်မူ၏။

ရဟန်းတို့ ဥပမာသော်ကား အထွတ်တပ်သော အိမ်၌ဖြစ်စေ အထွတ်တပ်သော စရပ်၌ဖြစ်စေ မြောက်မျက်နှာမှုရင်း တောင်မျက်နှာမှုရင်း အရှေ့မျက်နှာမှုရင်း လေသွန်တံခါးသည် ရှိရာ၏၊ နေတက်လတ်သော် လေသွန်တံခါးပေါက်ဖြင့် နေရောင်ခြည်သည် ဝင်၍ အဘယ်၌ တည်ရာသနည်း။ အသျှင်ဘုရား အနောက်နံရံ၌ တည်ရာပါ၏၊ ရဟန်းတို့ အနောက်နံရံသည် အကယ်၍ မရှိသော် အဘယ်၌ တည်ရာသနည်း။ အသျှင်ဘုရား မြေ၌ တည်ရာပါ၏။ ရဟန်းတို့ မြေသည် အကယ်၍ မရှိသော် အဘယ်၌ တည်ရာသနည်း။ အသျှင်ဘုရား ရေ၌ တည်ရာပါ၏။ ရဟန်းတို့ ရေသည် အကယ်၍ မရှိသော် အဘယ်၌ တည်ရာသနည်း။ အသျှင်ဘုရား တည်ရာ မရှိတော့ရာပါ။ ရဟန်းတို့ ဤအတူသာလျှင် ကဗဠီကာရအာဟာရ၌ တပ်စွန်းမှု 'ရာဂ' နှစ်သက်မှု 'နန္ဒီ' တပ်မက်မှု 'တဏှာ' မရှိခဲ့မူ။ပ။

ရဟန်းတို့ ဖဿာဟာရ၌ ။ပ။ ရဟန်းတို့ မနောသဉ္စေတနာဟာရ၌ ။ပ။ ရဟန်းတို့ ဝိညာဏာဟာရ၌ တပ်စွန်းမှု 'ရာဂ' နှစ်သက်မှု 'နန္ဒီ' တပ်မက်မှု 'တဏှာ' မရှိခဲ့မူ ထိုတေဘူမိကဝင့်၌ ဝိညာဏ်သည် မတည် မစည်ပင်၊ အကြင် တေဘူမိကဝင့်၌ ဝိညာဏ်သည် မတည်၊ မစည်ပင်၊ ထိုတေဘူမိကဝင့်၌ နာမ်ရုပ်သက်ဝင်ခြင်းမရှိ၊ အကြင်တေဘူမိကဝင့်၌ နာမ်ရုပ်သက်ဝင်ခြင်းမရှိ၊ ထိုတေဘူမိကဝင့်၌ သင်္ခါရတို့ ကြီးပွါးခြင်းမရှိ၊ အကြင်တေဘူမိကဝင့်၌ သင်္ခါရတို့ ကြီးပွါးခြင်းမရှိ၊

http://www.dhammadownload.com



ထိုတောဘုမိကဝင့်၌ နောင်အခါ ဘဝသစ်၌ ဖြစ်ခြင်းမရှိ၊ အကြင်တောဘုမိကဝင့်၌ နောင်တဖန် ဘဝသစ်၌ ဖြစ်ခြင်းမရှိ၊ထိုတောဘုမိကဝင့်၌ နောင်အခါ ပဋိသန္ဓေနေမှု အိုမှု သေမှုသည် မရှိ၊ အကြင်တောဘုမိကဝင့်၌ နောင်အခါ ပဋိသန္ဓေနေမှု အိုမှု သေမှုမရှိ၊ရဟန်းတို့ ထိုတောဘုမိကဝင့်ကို စိုးရိမ်ခြင်း မရှိ၊ ပူပန်ခြင်းမရှိ၊ ပြင်းစွာပင်ပန်းခြင်း မရှိဟူ၍ ငါဘုရား ဟောတော်မူ၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-နဂရသုတ်

၆၅။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ သစ္စာလေးပါးတရားကို မသိမီ သစ္စာလေးပါးကို မသိသေးသော ဘုရားလောင်းသာလျှင် ဖြစ်သော ငါ့အား ဤအကြံသည် ဖြစ်၏—"ဤသတ္တလောကသည် ဆင်းရဲခြင်းသို့ ရောက်စွတကား၊ ပဋိသန္ဓေနေလည်း နေရ၏၊ အိုလည်း အိုရ၏၊ သေလည်း သေရ၏၊ စုတေလည်း စုတေရ၏၊ တဖန်ပဋိသန္ဓေနေလည်း နေရ၏၊ ထိုသို့ဖြစ်ပါလျက် အိုခြင်း သေခြင်း ဆင်းရဲခြင်း၏ ထွက်မြောက်ရာကို မသိ၊ အဘယ်အခါမှ အိုခြင်း သေခြင်း ဆင်းရဲခြင်း၏ ထွက်မြောက်ရာသည် ထင်ရှားပါလတ္တံ့နည်း"ဟု အကြံဖြစ်၏၊ရဟန်းတို့ ထိုငါ့အား အဘယ်တရားရှိသော် အိုခြင်း သေခြင်း ဖြစ်သနည်း၊ အိုခြင်း သေခြင်းသည် အဘယ် အကြောင်းခံကြောင့် ဖြစ်သနည်း"ဟု အကြံဖြစ်ပြန်၏၊ ရဟန်းတို့ ထိုငါ့အား သင့်လျော်သော အားဖြင့် နှလုံးသွင်းခြင်းကြောင့် ပဋိသန္ဓေနေမှု ဇာတိရှိခဲ့သော် အိုမှု'ဇရာ' သေမှု 'မရဏ'ဖြစ်၏၊ ပဋိသန္ဓေနေမှု 'ဇာတိ' အကြောင်းခံကြောင့် အိုမှု'ဇရာ' သေမှု'မရဏ'သည် ဖြစ်၏ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ရဟန်းတို့ ထိုငါ့အား ဤသို့သော အကြံသည် ဖြစ်ပြန်၏ "အဘယ်တရားရှိသော် ပဋိသန္ဓေ နေမှု ဖြစ်သနည်း။ပ။ ဘဝသစ် ဖြစ်သနည်း။ ဥပါဒါန် ဖြစ်သနည်း။ တဏှာ ဖြစ်သနည်း။ ဝေဒနာ ဖြစ်သနည်း။ ဖဿဖြစ်သနည်း။ သဠာယတနဖြစ်သနည်း။ နာမ်ရုပ်ဖြစ်သနည်း။အဘယ်အကြောင်း ခံကြောင့် နာမ်ရုပ်သည် ဖြစ်သနည်း"ဟု အကြံဖြစ်ပြန်၏။ ရဟန်းတို့ ထိုငါ့အား သင့်လျော်သော အားဖြင့် နှလုံးသွင်းခြင်းကြောင့် "ဝိညာဏ်ရှိသော် နာမ်ရုပ်ဖြစ်၏၊ ဝိညာဏ်အကြောင်းခံ ကြောင့် နာမ်ရုပ်သည် ဖြစ်၏" ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏၊ ရဟန်းတို့ ထိုငါ့အား အဘယ်တရားရှိသော် ဝိညာဏ်ဖြစ်သနည်း၊ အဘယ်အကြောင်းခံကြောင့် ဝိညာဏ်ဖြစ် သနည်းဟု အကြံဖြစ်ပြန်၏၊ ရဟန်းတို့ ထိုငါ့အား သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် နာမ်ရုပ်ရှိသော ဝိညာဏ်ဖြစ်၏၊ နာမ်ရုပ်အကြောင်းခံကြောင့် ဝိညာဏ်ဖြစ်၏"ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ရဟန်းတို့ ထိုငါ့အား ဤအကြံသည် ဖြစ်၏၊ ဤဝိညာဏ်သည် တဖန်နစ်ခဲ့၏၊ နာမ်ရုပ်မှ တပါးသို့ မရောက်၊ ဤမျှလောက်ဖြင့် ပဋိသန္ဓေလည်း နေရ၏၊ အိုလည်း အိုရ၏၊ သေလည်း သေရ၏၊ စုတေလည်း စုတေရ၏၊ တဖန် ပဋိသန္ဓေနေခြင်းလည်း ဖြစ်ရ၏၊ယင်းနာမ်ရုပ် အကြောင်းခံကြောင့် ဝိညာဏ်ဖြစ်၏၊ ဝိညာဏ်အကြောင်းခံကြောင့် နာမ်ရုပ်ဖြစ်၏၊ နာမ်ရုပ် အကြောင်းခံကြောင့် သဠာယတနဖြစ်၏၊ သဠာယတနအကြောင်းခံကြောင့် ဖဿဖြစ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစုဖြစ်၏။ ရဟန်းတို့ ငါ့အား "ဖြစ်၏ ဖြစ်၏"ဟူ၍ ရှေးက မကြားဘူးသေးကုန်သော တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ ပညာသည် ထင်ရှား ဖြစ်၏၊ အသိဉာဏ် 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏၊ အရောင်အလင်းသည် ထင်ရှားဖြစ်၏။

http://www.dhammadownload.com



ရဟန်းတို့ ထိုငါ့အား''အဘယ်တရားမရှိသော် ဇရာမရဏ မဖြစ်သနည်း၊ အဘယ်တရားချုပ်ခြင်းကြောင့် ဇရာမရဏ ချုပ်သနည်း'' ဟု အကြံဖြစ်ပြန်၏။ ရဟန်းတို့ ထိုငါ့အား သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် ဇာတိမရှိသော် ဇရာမရဏမဖြစ်၊ ဇာတိချုပ်ခြင်းကြောင့် ဇရာမရဏသည် ချုပ်၏ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။ ရဟန်းတို့ ထိုငါ့အား အဘယ်တရား မရှိသော် ဇာတိ မဖြစ်သနည်း။ပ။ ဘဝ ဖြစ်သနည်း။ ဥပါဒါန် မဖြစ်သနည်း။ တဏှာ မဖြစ်သနည်း။ ဝေဒနာ မဖြစ်သနည်း။ ဖဿ မဖြစ်သနည်း။ သဠာယတန မဖြစ်သနည်း။ နာမ်ရုပ် မဖြစ်သနည်း။အဘယ်တရားချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်သနည်းဟု အကြံဖြစ်ပြန်၏။ရဟန်းတို့ ထိုငါ့အား သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် ဝိညာဏ် မရှိသော် နာမ်ရုပ် မဖြစ်၊ ဝိညာဏ် ချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်၏ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ရဟန်းတို့ ထိုငါ့အား အဘယ်တရားမရှိသော် ဝိညာဏ် မဖြစ်သနည်း၊ အဘယ်တရားချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်သနည်း ဟု အကြံဖြစ်ပြန်၏။ ရဟန်းတို့ ထိုငါ့အား သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် နာမ်ရုပ် မရှိသော် ဝိညာဏ် မဖြစ်၊ နာမ်ရုပ်ချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်၏ ဟု ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ရဟန်းတို့ ထိုငါ့အား ဤအကြံသည် ဖြစ်၏၊အကြင်နာမ်ရုပ်ချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်၏၊ ဝိညာဏ်ချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်၏၊ နာမ်ရုပ်ချုပ်ခြင်းကြောင့် သဠာယတနချုပ်၏၊သဠာယတန ချုပ်ခြင်းကြောင့် ဖဿချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏ဟု သိခြင်းငှါ ဤမဂ်ကို ငါသည် ရအပ်ပြီ။ ရဟန်းတို့ ငါ့အား ချုပ်၏ချုပ်၏ဟူ၍ ရှေးက မကြားဘူးကုန်သေးသော တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ ပညာသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏၊ အရောင်အလင်းသည် ထင်ရှားဖြစ်၏။

ရဟန်းတို့ ဥပမာသော်ကား တောအုပ်ကြီး၌လှည့်လည်သော ယောကျ်ားသည် ရှေးလူတို့သွားအပ်ပြီးသော လမ်းခရီးဟောင်းကို တွေ့မြင်ရာ၏၊ ထိုယောကျ်ားသည် ထိုလမ်းခရီးဟောင်းသို့ အစဉ်လိုက်၍ သွားရာ၏၊ ထိုသို့ သွားသည်ရှိသော် ရှေးလူတို့ နေထိုင်ဘူးသော အရံ ဥယျာဉ် တော ရေကန်နှင့်ပြည့်စုံသော တံတိုင်း ပြအိုးဖြင့် ခြံရံအပ်သောမွေ့လျော်ဖွယ်ကောင်းသော မင်းနေပြည်ဟောင်းဖြစ်သောမြို့ဟောင်းကို တွေ့မြင်ရာ၏၊ရဟန်းတို့ ထိုအခါ၌ ထိုယောကျ်ားသည် မင်းအားလည်းကောင်း မင်းအမတ်အားလည်းကောင်း ပြောကြားရာ၏''အရှင် တိုက်တွန်းပါ၏၊ သိမှတ်ပါလော့၊ အကျွန်ုပ်သည် တောအုပ်ကြီး၌ လှည့်လည်သည်ရှိသော် ရှေးလူတို့သွားအပ်ပြီးသော လမ်းခရီးဟောင်းကို တွေ့မြင်ပါ၏၊ အကျွန်ုပ်သည် ထိုလမ်းခရီးဟောင်းသို့ အစဉ်လိုက်သွားပါ၏၊ ထိုသို့ လိုက်သွားသည်ရှိသော် ရှေးလူတို့ နေထိုင်ဘူးသော အရံ ဥယျာဉ် တော ရေကန်နှင့်ပြည့်စုံသော တံတိုင်းပြအိုးဖြင့် ခြံရံအပ်သော မွေ့လျော်ဖွယ်ကောင်းသော မင်းနေပြည်ဟောင်းဖြစ်သော မြို့ဟောင်းကို တွေ့မြင်ပါ၏၊ အရှင် ထိုမြို့ဟောင်းကို မြို့ (သစ်)ဖန်ဆင်းတော်မူပါလော့''ဟု (ပြောကြားရာ၏)။ ရဟန်းတို့ ထိုအခါ၌ မင်းသည်လည်းကောင်း မင်းအမတ်သည်လည်းကောင်း ထိုမြို့ဟောင်းကို မြို့(သစ်) ဖန်ဆင်းရာ၏၊ ထိုမင်း၏ မြို့သည် နောင်အခါ၌ စည်ပင်ဝပြော၏၊ များစွာကုန်သော လူတို့ သိအပ်၏၊ လူတို့ဖြင့် ပြွမ်း၏၊ ကြီးကျယ် ပြန့်ပြောခြင်းသို့ ရောက်၏၊ ရဟန်းတို့ ဤအတူသာလျှင် ငါဘုရားသည် ရှေးဘုရားတို့ ကြွသွားတော်မူအပ်ပြီးသော လမ်းခရီးဟောင်းကို မြင်၏။

http://www.dhammadownload.com



ရဟန်းတို့ ရှေးဘုရားတို့ ကြွသွားတော်မူကြသော ထိုလမ်းခရီးဟောင်းသည် အဘယ်နည်း ဟူမူ—အင်္ဂါရှစ်ပါးရှိသော ဤအရိယာမဂ်လမ်း ခရီးပင်တည်း၊ ဤသည်ကား အဘယ်နည်း။ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သောတည်ကြည်ခြင်း'သမ္မာသမာဓိ'တည်း၊ ရဟန်းတို့ ဤသည်ကား ရှေးဘုရားတို့ ကြွသွားတော်မူအပ်ပြီးသော လမ်းခရီးဟောင်းပေတည်း၊ထိုလမ်းခရီး ဟောင်းသို့ အစဉ်လိုက်သော ငါသည် အိုမှု သေမှုကို သိ၏၊ အိုမှု သေမှု၏ အကြောင်းကို သိ၏၊အိုမှု သေမှု၏ ချုပ်ရာကို သိ၏၊ အိုမှုသေမှု၏ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ကို သိ၏၊ ထိုလမ်းခရီးဟောင်းသို့ အစဉ်လိုက်သော ငါသည် ဇာတိကို သိ၏။ပ။ဘဝကို သိ၏။ဥပါဒါန်ကို သိ၏။ တဏှာကို သိ၏။ ဝေဒနာကို သိ၏။ဖဿကို သိ၏။ သဠာယတနကို သိ၏။နာမ်ရုပ်ကို သိ၏။ဝိညာဏ် ကို သိ၏။ ထိုလမ်းခရီးဟောင်းသို့ အစဉ်လိုက်သော ငါသည် သင်္ခါရတို့ကို သိ၏၊ သင်္ခါရတို့၏ အကြောင်းကို သိ၏၊ သင်္ခါရတို့၏ချုပ်ရာကို သိ၏၊ သင်္ခါရတို့၏ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို သိ၏၊ ရဟန်းတို့ အကြင်မျှလောက် ထိုမဂ္ဂင်ရှစ်ပါးတည်းဟူသော အကျင့်မြတ်သည် စည်ပင်၏၊ ကျယ်လည်းကျယ်ဝန်း၏၊ များစွာသော လူတို့သည်လည်း သိအပ်၏၊ နတ်လူတို့အား ကောင်းစွာ ပြအပ်၏၊ (ထိုမျှလောက်) မဂ္ဂင်ရှစ်ပါးတည်းဟူသော အကျင့်မြတ်ကို သိခြင်းငှါ ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာယောကျ်ား ဥပါသိကာမိန်းမတို့အား ဟောကြားခဲ့ပြီ။

ပဉ္စမသုတ်။

---

## ၆-သမ္မသသုတ်

၆၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ကုရုတိုင်း ကမ္မာသဒမ္မမည်သော ကုရုတိုင်းသူတို့၏ နိဂုံး၌(သီတင်းသုံး)နေတော်မူ၏၊ထိုအခါ မြတ်စွာဘုရား သည် ရဟန်းတို့ကို "ရဟန်းတို့"ဟု ခေါ်တော်မူ၏၊"အသျှင်ဘုရား" ဟု ထိုရဟန်းတို့သည် မြတ်စွာ ဘုရားအား ပြန်ကြားလျှောက်ကြကုန်၏၊ မြတ်စွာဘုရားသည် "ရဟန်းတို့ သင်တို့သည် အတွင်း၌ သုံးသပ်ခြင်းကို သုံးသပ်ကုန်၏လော"ဟု (မိန့်တော်မူ၏)၊ ဤသို့ မိန့်တော်မူသည်ရှိသော် ရဟန်း တပါးသည် မြတ်စွာဘုရားအား— အသျှင်ဘုရား အကျွန်ုပ်သည် အတွင်း၌ သုံးသပ်ခြင်းကို သုံးသပ်ပါ၏"ဟု လျှောက်၏၊ ရဟန်း သင်သည် အဘယ်သို့လျှင် အတွင်း၌ သုံးသပ်ခြင်းကို သုံးသပ်သနည်းဟု (မေးတော်မူ၏)။ ထိုအခါ ထိုရဟန်းသည် ဖြေကြား၏၊ ထိုရဟန်း ဖြေကြား သော အခြင်းအရာ ဟူသမျှသည် မြတ်စွာဘုရား၏ စိတ်ကို မနှစ်သက်စေနိုင်။

ဤသို့ ဆိုသည်ရှိသော် အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား—"မြတ်စွာဘုရား ထိုတရား တော်ကိုဟောအပ်သော အခါပါတည်း၊ကောင်းသောစကားကို ဆိုတော်မူတတ်သောမြတ်စွာဘုရား ထိုတရားတော်ကို ဟောအပ်သော အခါပါတည်း၊ မြတ်စွာဘုရားဟောမည့် အတွင်း၌ သုံးသပ်မှု အခြင်းအရာကို မြတ်စွာဘုရားထံမှနာ၍ ရဟန်းတို့သည် ဆောင်ထားကြရပါကုန်လတ္တံ့"ဟုလျှောက် ၏၊အာနန္ဒာ သို့ဖြစ်လျှင် နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ ဟောပေအံ့ ဟု မိန့်တော်မူ၏၊ "အသျှင်ဘုရား ကောင်းပါပြီ"ဟူ၍ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်လျှောက်ကြကုန်၏၊ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏—

http://www.dhammadownload.com



ရဟန်းတို့ သုံးသပ်သော ရဟန်းသည် လောက၌ များသော အပြားရှိသော အထူးထူး အပြားပြားသော အိုမှု သေမှုဟူသော ဤဆင်းရဲသည် ဖြစ်၏၊ ဤဆင်းရဲသည် အဘယ်တရားလျှင် အကြောင်းရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်းရှိသနည်း၊ အဘယ်တရားကြောင့် ဖြစ်သနည်း၊အဘယ်တရားလျှင် အမွန်အစရှိသနည်း၊အဘယ်တရားရှိသော် ဇရာ မရဏဖြစ်သနည်း၊ အဘယ်တရားမရှိသော် ဇရာ မရဏ မဖြစ်သနည်းဟု အတွင်း၌ သုံးသပ်ခြင်းကို သုံးသပ်၏။ သုံးသပ်သော ထိုရဟန်းသည် များပြားသော အပြားရှိသော အထူးထူး အပြားပြားသော အိုမှု သေမှုဟူသော လောက၌ ဖြစ်ပေါ်သည့် ဤဆင်းရဲသည်ကား (ခန္ဓာဟူသော)ဥပဓိလျှင် အကြောင်းရှိ၏၊ ဥပဓိလျှင် ဖြစ်ပေါ်ကြောင်းရှိ၏၊ ဥပဓိကြောင့် ဖြစ်၏၊ဥပဓိလျှင် အမွန်အစရှိ၏၊ (ခန္ဓာဟူသော)ဥပဓိရှိသော် အိုမှု သေမှုဖြစ်၏၊(ခန္ဓာဟူသော)ဥပဓိ မရှိသော် အိုမှု သေမှုမဖြစ်ဟု သိ၏။ ထိုရဟန်းသည် ဇရာမရဏကိုလည်းသိ၏၊ ဇရာမရဏ၏အကြောင်းကိုလည်း သိ၏၊ ဇရာ မရဏ၏ ချုပ်ရာကိုလည်း သိ၏၊ဇရာမရဏ၏ ချုပ်ရာသို့ ရောက်ခြင်းငှါ လျောက်ပတ်သော အကျင့်ကိုလည်း သိ၏၊ ထိုသို့ သိသောအတိုင်းလည်း ကျင့်၏၊ တရားသို့ အစဉ်လိုက်၍ ကျင့်လေ့ရှိ၏၊ ရဟန်းတို့ ဤရဟန်းကို အချင်းခပ်သိမ်း အိုခြင်း သေခြင်း၏ ချုပ်ခြင်းငှါ ဝဋ်ဆင်းရဲ၏ ကုန်ခြင်းငှါ ကောင်းစွာကျင့်သူဟု ဆိုအပ်၏။

ထိုမှတပါး သုံးသပ်သော ရဟန်းသည် ဤ (ခန္ဓာဟူသော)ဥပဓိသည်ကား အဘယ်တရားလျှင် အကြောင်းရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်းရှိသနည်း၊ အဘယ်တရားကြောင့် ဖြစ်သနည်း၊ အဘယ်တရားလျှင် အမွန်အစရှိသနည်း၊ အဘယ်တရားရှိသော် ဥပဓိ ဖြစ်သနည်း၊ အဘယ်တရား မရှိသော် ဥပဓိ မဖြစ်သနည်းဟု အတွင်း၌ သုံးသပ်ခြင်းကို သုံးသပ်၏။သုံးသပ်သော ထိုရဟန်းသည်(ခန္ဓာဟူသော) ဥပဓိသည် တဏှာလျှင် အကြောင်းရှိ၏၊ တဏှာလျှင် ဖြစ်ပေါ်ကြောင်းရှိ၏၊ တဏှာကြောင့် ဖြစ်၏၊ တဏှာလျှင် အမွန်အစရှိ၏။ တဏှာရှိသော် (ခန္ဓာဟူသော) ဥပဓိ ဖြစ်၏၊ တဏှာ မရှိသော် ဥပဓိ မဖြစ်ဟု သိ၏၊ ထိုရဟန်းသည် (ခန္ဓာဟူသော)ဥပဓိကိုလည်း သိ၏၊ ဥပဓိ၏ အကြောင်းကိုလည်း သိ၏၊ ဥပဓိ၏ ချုပ်ရာကိုလည်း သိ၏၊ ဥပဓိ၏ ချုပ်ရာသို့ ရောက်ခြင်းငှါ လျောက်ပတ်သော အကျင့်ကိုလည်း သိ၏၊ ထိုသို့ သိသောအတိုင်းလည်း ကျင့်၏၊ တရားသို့ အစဉ်လိုက်၍ ကျင့်လေ့ရှိ၏၊ ရဟန်းတို့ ဤရဟန်းကို အချင်းခပ်သိမ်း ဥပဓိချုပ်ခြင်းငှါ ဝဋ်ဆင်းရဲ၏ ကုန်ခြင်းငှါ ကောင်းစွာ ကျင့်သူဟု ဆိုအပ်၏။

ထိုမှတပါး သုံးသပ်သော ရဟန်းသည် ဤတဏှာ ဖြစ်သည်ရှိသော် အဘယ်၌ ဖြစ်သနည်း၊ တည်သည်ရှိသော် အဘယ်၌ တည်သနည်းဟု အတွင်း၌ သုံးသပ်ခြင်းကို သုံးသပ်၏၊ သုံးသပ်သော ထိုရဟန်းသည် လောက၌ ချစ်အပ် သာယာအပ်သော သဘောသည် ရှိ၏၊ ဤတဏှာသည် ဖြစ်သည်ရှိသော် ဤချစ်အပ် သာယာအပ်သော သဘော၌ ဖြစ်၏၊တည်သည်ရှိသော် ဤချစ်အပ် သာယာအပ်သော သဘော၌ တည်၏။ လောက၌ ချစ်အပ် သာယာအပ်သော သဘောသည် အဘယ်နည်း။ လောက၌ မျက်စိသည် ချစ်အပ် သာယာအပ်သော သဘောတည်း၊ ဤတဏှာ ဖြစ်သည်ရှိသော် ဤချစ်အပ် သာယာအပ်သော သဘော၌ ဖြစ်၏၊ တည်သည်ရှိသော် ဤချစ်အပ် သာယာအပ်သော သဘော၌ တည်၏။ လောက၌ နားသည် ချစ်အပ် သာယာအပ်သော သဘောတည်း။ပ။ လောက၌ နှာခေါင်းသည် ချစ်အပ် သာယာအပ်သော သဘောတည်း။ လောက၌ လျှာသည် ချစ်အပ် သာယာအပ်သော သဘောတည်း။ လောက၌ ကိုယ်သည် ချစ်အပ် သာယာအပ်သော သဘောတည်း။ လောက၌ စိတ်သည် ချစ်အပ် သာယာအပ်သော သဘောတည်း။

http://www.dhammadownload.com



ဤတဏှာသည် ဖြစ်သည်ရှိသော် ဤချစ်အပ် သာယာအပ်သော သဘော၌ ဖြစ်၏၊ တည်သည်ရှိသော် ဤချစ်အပ် သာယာအပ်သော သဘော၌ တည်၏။

ရဟန်းတို့ လွန်ပြီး'အတိတ်'ကာလ၌ လောက၌ ချစ်အပ် သာယာအပ်သော သဘောကို မြဲသောအားဖြင့် ရှုကုန် ချမ်းသာသောအားဖြင့် ရှုကုန် အနှစ်သာရအားဖြင့် ရှုကုန် အနာကင်းသောအားဖြင့် ရှုကုန် ဘေးကင်းသောအားဖြင့် ရှုကုန်ပြီးဖြစ်သော သမဏဗြာဟ္မဏဟူသမျှတို့သည် တဏှာကို ပွါးစေကုန်၏၊ တဏှာကို ပွါးစေကုန်သော ထိုသူတို့သည်(ခန္ဓာဟူသော)ဥပဓိကို ပွါးစေကုန်၏၊ ဥပဓိကို ပွါးစေကုန်သော ထိုသူတို့သည် ဆင်းရဲကို ပွါးစေကုန်၏၊ ဆင်းရဲကို ပွါးစေကုန်သော ထိုသူတို့သည် ပဋိသန္ဓေနေမှု အိုမှု သေမှု စိုးရိမ်မှု ငိုကြွေးမှု ဆင်းရဲမှု နှလုံးမသာမှု ပြင်းစွာပင်ပန်းမှုတို့မှ မလွတ်နိုင်ကုန်၊ ဆင်းရဲအပေါင်းမှ မလွတ်နိုင်ကုန်ဟု ငါဘုရား ဟောတော်မူ၏။

ရဟန်းတို့ နောင်'အနာဂတ်'ကာလ၌ လောက၌ ချစ်အပ် သာယာအပ်သော သဘောကို မြဲသောအားဖြင့်ရှုကုန် ချမ်းသာသောအားဖြင့်ရှုကုန် အနှစ်သာရအားဖြင့်ရှုကုန် အနာကင်းသောအားဖြင့် ရှုကုန် ဘေးကင်းသောအားဖြင့် ရှုကုန်မည့် သမဏဗြာဟ္မဏဟူသမျှတို့သည် တဏှာကို ပွါးစေကုန်လတ္တံ့၊ တဏှာကို ပွါးစေကုန်မည့် ထိုသူတို့သည် (ခန္ဓာဟူသော)ဥပဓိကို ပွါးစေကုန်လတ္တံ့၊ ဥပဓိကို ပွါးစေကုန်မည့် ထိုသူတို့သည် ဆင်းရဲကို ပွါးစေကုန်လတ္တံ့၊ ဆင်းရဲကို ပွါးစေကုန်မည့် ထိုသူတို့သည် ပဋိသန္ဓေနေမှု အိုမှု သေမှု စိုးရိမ်မှု ငိုကြွေးမှု ဆင်းရဲမှု နှလုံးမသာမှု ပြင်းစွာပင်ပန်းမှုတို့မှ မလွတ်နိုင်ကုန်လတ္တံ့၊ ဆင်းရဲအပေါင်းမှ မလွတ်နိုင်ကုန်လတ္တံ့ဟု ငါဘုရားဟောတော်မူ၏။

ရဟန်းတို့ ယခု'ပစ္စုပ္ပန်'အခါ၌ လောက၌ ချစ်အပ် သာယာအပ်သော သဘောကို မြဲသောအားဖြင့် ရှုကုန် ချမ်းသာသောအားဖြင့် ရှုကုန် အနှစ်သာရအားဖြင့် ရှုကုန် အနာကင်းသောအားဖြင့် ရှုကုန် ဘေးကင်းသောအားဖြင့် ရှုကုန်ဆဲ ဖြစ်သော သမဏဗြာဟ္မဏ ဟူသမျှတို့သည် တဏှာကို ပွါးစေကုန်၏၊ တဏှာကို ပွါးစေကုန်သော ထိုသူတို့သည် (ခန္ဓာဟူသော) ဥပဓိကို ပွါးစေကုန်၏၊ ဥပဓိကို ပွါးစေကုန်သော ထိုသူတို့သည် ဆင်းရဲကို ပွါးစေကုန်၏၊ ဆင်းရဲကို ပွါးစေကုန်သော ထိုသူတို့သည် ပဋိသန္ဓေနေမှု အိုမှု သေမှု စိုးရိမ်မှု ငိုကြွေးမှု ဆင်းရဲမှု နှလုံးမသာမှု ပြင်းစွာပင်ပန်းမှုတို့မှ မလွတ်နိုင်ကုန်၊ ဆင်းရဲအပေါင်းမှ မလွတ်နိုင်ကုန်ဟု ငါဘုရားဟောတော်မူ၏။

ရဟန်းတို့ ဥပမာသော်ကား ကြေးခွက်တွင်းရှိ အရက်သည် အဆင်းနှင့် ပြည့်စုံ၏၊ အနံ့နှင့် ပြည့်စုံ၏၊ အရသာနှင့် ပြည့်စုံ၏၊ သို့ပင်ဖြစ်သော်လည်း ထိုအရက်သည် အဆိပ်နှင့် ရောနှောနေ၏၊ ထိုအခါ ယောကျ်ားသည် အလွန်ပူသော ကိုယ်ရှိသည်ဖြစ်၍ အပူဖြင့် နှိပ်စက်အပ်သောကြောင့် ပင်ပန်းသည် ဖြစ်ရကား ရေမွတ်သိပ်ဆာသည် ဖြစ်၍ လာရာ၏၊ ထိုယောကျ်ားကို ဤသို့ ဆိုကုန်ရာ၏--အချင်းယောကျ်ား ကြေးခွက်တွင်းရှိ အရက်သည် အဆင်းနှင့် ပြည့်စုံ၏၊ အနံ့နှင့်ပြည့်စုံ၏၊ အရသာနှင့် ပြည့်စုံ၏၊ သို့ပင် ဖြစ်သော်လည်း ထိုအရက်သည် အဆိပ်နှင့် ရောနှောနေ၏၊ သင်သည် အကယ်၍ အလိုရှိခဲ့မူ သောက်လော့၊ သောက်သည်ရှိသော် သင့်ကို အဆင်းအားဖြင့်ရင်း အနံ့အားဖြင့်ရင်း အရသာအားဖြင့်ရင်း နှစ်သက်စေလတ္တံ့၊ သောက်ပြီးသော်ကား ထိုသေအရက်ကိုသောက်ခြင်း အကြောင်းကြောင့် သေခြင်းသို့သော်လည်း ရောက်ရလတ္တံ့၊ သေလောက်သော ဆင်းရဲသို့သော်လည်း ရောက်ရလတ္တံ့ဟု(ဆိုကုန်ရာ၏)။ ထိုယောကျ်ားသည် ထိုကြေးခွက်တွင်းရှိ အရက်ကို အဆောတလျင် မဆင်ခြင်မူ၍ သောက်ရာ၏၊ မစွန့်လွှတ်ရာ၊ ထိုယောကျ်ားသည် ထိုသေအရက်

http://www.dhammadownload.com



ကို သောက်ခြင်းအကြောင်းကြောင့် သေခြင်းသို့ဖြစ်စေ သေလောက်သော ဆင်းရဲသို့ ဖြစ်စေ ရောက်ရာ၏။

ရဟန်းတို့ ဤအတူသာလျှင် လွန်ပြီး 'အတိတ်'ကာလဝယ် လောက၌ ချစ်အပ် သာယာအပ်သော သဘောကို။ပ။ နောင် 'အနာဂတ်' ကာလဝယ်။ပ။ ယခု 'ပစ္စုပ္ပန်'အခါဝယ် လောက၌ ချစ်အပ်သာယာအပ်သော သဘောကို မြဲသောအားဖြင့် ရှုကုန် ချမ်းသာသောအားဖြင့် ရှုကုန် အနှစ်သာရအားဖြင့် ရှုကုန် အနာကင်းသောအားဖြင့် ရှုကုန် ဘေးကင်းသောအားဖြင့် ရှုကုန်သော သမဏဗြာဟ္မဏဟူသမျှတို့သည် တဏှာကို ပွားစေကုန်၏၊ တဏှာကို ပွားစေကုန်သော ထိုသူတို့သည် (ခန္ဓာဟူသော) ဥပဓိကို ပွားစေကုန်၏၊ ဥပဓိကို ပွားစေကုန်သော ထိုသူတို့သည် ဆင်းရဲကို ပွားစေကုန်၏၊ ဆင်းရဲကို ပွားစေကုန်သော ထိုသူတို့သည် ပဋိသန္ဓေနေမှု အိုမှု သေမှု စိုးရိမ်မှု ငိုကြွေးမှု ဆင်းရဲမှု နှလုံးမသာမှု ပြင်းစွာ ပင်ပန်းမှုတို့မှ မလွတ်ကုန်၊ ဆင်းရဲအပေါင်းမှ မလွတ်ကုန်ဟူ၍ ငါဘုရား ဟောတော်မူ၏။

ရဟန်းတို့ လွန်ပြီး 'အတိတ်'ကာလဝယ် လောက၌ ချစ်အပ် သာယာအပ်သော သဘောကို မမြဲသောအားဖြင့် ရှုကုန် ဆင်းရဲသောအားဖြင့် ရှုကုန် အနှစ်သာရ မရှိသောအားဖြင့် ရှုကုန် အနာရောဂါအားဖြင့် ရှုကုန် ဘေးအားဖြင့် ရှုကုန်သော သမဏဗြာဟ္မဏဟူသမျှတို့သည် တဏှာကို ပယ်စွန့်ကုန်၏၊ တဏှာကို ပယ်စွန့်ကုန်သော ထိုသူတို့သည် (ခန္ဓာဟူသော)ဥပဓိကို ပယ်စွန့်ကုန်၏၊ ဥပဓိကို ပယ်စွန့်ကုန်သောထိုသူတို့သည် ဆင်းရဲကို ပယ်စွန့်ကုန်၏၊ဆင်းရဲကိုပယ်စွန့်ကုန်သော ထိုသူတို့သည် ပဋိသန္ဓေနေမှု အိုမှု သေမှု စိုးရိမ်မှု ငိုကြွေးမှု ဆင်းရဲမှု နှလုံးမသာမှု ပြင်းစွာ ပင်ပန်းမှုတို့မှ လွတ်မြောက်ကုန်၏၊ ဆင်းရဲအပေါင်းမှ လွတ်မြောက်ကုန်၏ဟူ၍ ငါဘုရား ဟောတော်မူ၏။

ရဟန်းတို့ နောင်'အနာဂတ်'ကာလဝယ် လောက၌ ချစ်အပ် သာယာအပ်သော သဘောကို မမြဲသောအားဖြင့် ရှုကုန် ဆင်းရဲသော အားဖြင့် ရှုကုန် အနှစ်သာရ မရှိသောအားဖြင့် ရှုကုန် အနာရောဂါအားဖြင့် ရှုကုန် ဘေးအားဖြင့် ရှုကုန်မည့် သမဏဗြာဟ္မဏဟူသမျှတို့သည် တဏှာကို ပယ်စွန့်ကုန်လတ္တံ့။ပ။ ဆင်းရဲအပေါင်းမှ လွတ်မြောက်ကုန်လတ္တံ့ဟူ၍ ငါဘုရား ဟောတော်မူ၏။

ရဟန်းတို့ ယခု'ပစ္စုပ္ပန်'အခါဝယ် ချစ်အပ် သာယာအပ်သော သဘောကို မမြဲသောအားဖြင့် ရှုကုန် ဆင်းရဲသောအားဖြင့် ရှုကုန် အနှစ်သာရ မရှိသောအားဖြင့် ရှုကုန် အနာရောဂါအားဖြင့် ရှုကုန် ဘေးအားဖြင့် ရှုဆဲဖြစ်ကုန်သော သမဏဗြာဟ္မဏဟူသမျှတို့သည် တဏှာကို ပယ်စွန့်ကုန်၏၊ တဏှာကို ပယ်စွန့်ကုန်သော ထိုသူတို့သည်(ခန္ဓာဟူသော)ဥပဓိကို ပယ်စွန့်ကုန်၏၊ ဥပဓိကို ပယ်စွန့်ကုန်သော ထိုသူတို့သည် ဆင်းရဲကို ပယ်စွန့်ကုန်၏၊ ဆင်းရဲကို ပယ်စွန့်ကုန်သော ထိုသူတို့သည် ပဋိသန္ဓေနေမှု အိုမှု သေမှု စိုးရိမ်မှု ငိုကြွေးမှု ဆင်းရဲမှု နှလုံးမသာမှု ပြင်းစွာပင်ပန်းမှုတို့မှ လွတ်မြောက်ကုန်၏၊ ဆင်းရဲအပေါင်းမှ လွတ်မြောက်ကုန်၏ဟူ၍ ငါဘုရား ဟောတော်မူ၏။

ရဟန်းတို့ ဥပမာသော်ကား ကြေးခွက်တွင်းရှိ အရက်သည် အဆင်းနှင့် ပြည့်စုံ၏၊ အနံ့နှင့် ပြည့်စုံ၏၊ အရသာနှင့်ပြည့်စုံ၏၊ သို့ပင်ဖြစ်သော်လည်း ထိုအရက်သည် အဆိပ်နှင့် ရောနှောနေ၏၊ ထိုအခါ ယောကျ်ားသည် အလွန်ပူသော ကိုယ်ရှိသည် ဖြစ်၍ အပူဖြင့် နှိပ်စက်အပ်သောကြောင့် ပင်ပန်းသည်ဖြစ်ရကား ရေမွတ်သိပ်သည် ဖြစ်၍ လာရာ၏၊ ထိုယောကျ်ားကို ဤသို့ ဆိုကုန်ရာ၏—အချင်းယောကျ်ား ကြေးခွက်တွင်းရှိ အရက်သည် အဆင်းနှင့်ပြည့်စုံ၏၊ အနံ့နှင့် ပြည့်စုံ၏၊ အရသာနှင့်ပြည့်စုံ၏၊ သို့ပင်ဖြစ်သော်လည်း ထိုအရက်သည် အဆိပ်နှင့် ရောနှောနေ၏၊ သင်သည်

http://www.dhammadownload.com



အလိုရှိခဲ့မူ သောက်လော့၊ သောက်သည်ရှိသော် သင့်ကို အဆင်းအားဖြင့်ရင်း အနံ့အားဖြင့်ရင်း အရသာအားဖြင့်ရင်း နှစ်သက်စေလတ္တံ့ ၊ သောက်ပြီးသော်ကား ထိုသေအရက်ကို သောက်ခြင်း အကြောင်းကြောင့် သေခြင်းသို့သော်လည်း ရောက်ရလတ္တံ့ ၊ သေလောက်သော ဆင်းရဲသို့သော်လည်း ရောက်ရလတ္တံ့ ဟု ဆိုကုန်ရာ၏။ ရဟန်းတို့ ထိုအခါ ထိုယောကျ်ားအား ဤသို့ အကြံဖြစ်ရာ၏-ငါသည် မွတ်သိပ်ခြင်းကို ရေဖြင့်သော်ရင်း နို့ဓမ်းကြည်ဖြင့်သော်ရင်း ဆားနှင့်ရောသော မုန့်ညက်ရေဖြင့်သော်ရင်း လောဏသောဝီရကမည်သော ဆေးဖြင့်သော်ရင်း ပယ်ဖျောက်ခြင်းငှာ တတ်နိုင်၏၊ ငါ့အား ရှည်စွာသောကာလပတ်လုံး အစီးအပွားရှိခြင်းငှာ ချမ်းသာခြင်းငှာ မဖြစ်စေနိုင်သော ထိုအရက်ကို ငါမသောက်တော့အံ့ဟု အကြံဖြစ်ရာ၏၊ ထိုယောကျ်ားသည် ထိုကြေးခွက်တွင်းရှိအရက်ကို ဆင်ခြင်ပြီးလျှင် မသောက်မူ၍ စွန့်ပစ်ရာ၏၊ ထိုယောကျ်ားသည် ထိုအကြောင်းကြောင့် သေခြင်းသို့သော်လည်းမရောက်ရာ၊ သေလောက်သောဆင်းရဲသို့သော်လည်း မရောက်ရာ၊ ရဟန်းတို့ ဤအတူသာလျှင် လွန်ပြီး 'အတိတ်'ကာလ၀ယ် လောက၌ ချစ်အပ် သာယာအပ်သော သဘောကို မမြဲသောအားဖြင့် ရှုကုန် ဆင်းရဲသောအားဖြင့် ရှုကုန် အနှစ်သာရ မရှိသောအားဖြင့် ရှုကုန် အနာရောဂါအားဖြင့် ရှုကုန် ဘေးအားဖြင့် ရှုကုန်သော သမဏဗြာဟ္မဏဟူသမျှတို့သည် တဏှာကို ပယ်စွန့်ကုန်၏၊ တဏှာကို ပယ်စွန့်ကုန်သော ထိုသူတို့သည် (ခန္ဓာဟူသော) ဥပဓိကို ပယ်စွန့်ကုန်၏၊ ဥပဓိကို ပယ်စွန့်ကုန်သော ထိုသူတို့သည် ဆင်းရဲကို ပယ်စွန့်ကုန်၏၊ ဆင်းရဲကို ပယ်စွန့်ကုန်သော ထိုသူတို့သည် ပဋိသန္ဓေနေမှု အိုမှု သေမှု စိုးရိမ်မှု ငိုကြွေးမှု ဆင်းရဲမှု နှလုံးမသာမှု ပြင်းစွာ ပင်ပန်းမှုတို့မှ လွတ်မြောက်ကုန်၏၊ ဆင်းရဲအပေါင်းမှ လွတ်မြောက်ကုန်၏ဟူ၍ ငါဘုရား ဟောတော်မူ၏။

ရဟန်းတို့ နောင် 'အနာဂတ်' ကာလ၀ယ် ။ပ။ ယခု 'ပစ္စုပ္ပန်'အခါ၀ယ် လောက၌ ချစ်အပ် သာယာအပ်သော သဘောကို မမြဲသောအားဖြင့် ရှုကုန် ဆင်းရဲသောအားဖြင့် ရှုကုန် အနှစ်သာရ မရှိသောအားဖြင့် ရှုကုန် အနာရောဂါအားဖြင့် ရှုကုန် ဘေးအားဖြင့် ရှုကုန်သော သမဏဗြာဟ္မဏ ဟူသမျှတို့သည် တဏှာကို ပယ်စွန့်ကုန်၏၊ တဏှာကို ပယ်စွန့်ကုန်သော ထိုသူတို့သည် (ခန္ဓာဟူသော)ဥပဓိကို ပယ်စွန့်ကုန်၏၊ ဥပဓိကို ပယ်စွန့်ကုန်သော ထိုသူတို့သည် ဆင်းရဲကို ပယ်စွန့်ကုန်၏၊ ဆင်းရဲကို ပယ်စွန့်ကုန်သော ထိုသူတို့သည် ပဋိသန္ဓေနေမှု အိုမှု သေမှု စိုးရိမ်မှု ငိုကြွေးမှု ဆင်းရဲမှု နှလုံးမသာမှု ပြင်းစွာ ပင်ပန်းမှုတို့မှ လွတ်မြောက်ကုန်၏၊ ဆင်းရဲအပေါင်းမှ လွတ်မြောက်ကုန်၏ဟူ၍ ငါဘုရား ဟောတော်မူ၏ ဟု(မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-နဠကလာပီသုတ်

၆၇။ အခါတပါး၌ အသျှင်သာရိပုတြာနှင့် အသျှင်မဟာကောဋ္ဌိကတို့သည် ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ (သီတင်းသုံး) နေကုန်၏၊ ထိုအခါ အသျှင်မဟာကောဋ္ဌိကသည် ညနေချမ်းအခါ၌ တပါးတည်း ကိန်းအောင်းရာမှထ၍ အသျှင်သာရိပုတြာရှိရာသို့ ချဉ်းကပ်ပြီးလျှင် အသျှင်သာရိပုတြာနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို ပြီးဆုံးစေပြီး၍ တခုသော နေရာ၌ထိုင်ပြီးသော်အသျှင်သာရိပုတြာအား ဤစကားကိုလျှောက်၏-"ငါ့သျှင်သာရိပုတြာ အဘယ်သို့နည်း၊ အိုမှု 'ဇရာ'သေမှု'မရဏ'ကို မိမိပြုအပ်ပါသလော၊ သူတပါး ပြုအပ်ပါသလော၊ မိမိသူတပါး

http://www.dhammadownload.com



နှစ်ဦးသားတို့ပြုအပ်ပါသလော၊ သို့မဟုတ် ဇရာမရဏသည် မိမိသူတပါးနှစ်ဦးသားတို့ ပြုအပ်သည် မဟုတ်ပဲ အကြောင်းမဲ့ ဖြစ်ပါသလောဟု လျှောက်၏။ငါ့သျှင်ကောဋ္ဌိက အိုမှု 'ဇရာ' သေမှု'မရဏ' ကို မိမိပြုအပ်သည်မဟုတ်၊ သူတပါးပြုအပ်သည်မဟုတ်၊ မိမိသူတပါးနှစ်ဦးသားတို့ပြုအပ်သည်လည်း မဟုတ်၊ ဇရာမရဏသည် မိမိသူတပါး နှစ်ဦးသားတို့ ပြုအပ်သည်မဟုတ်ပဲ အကြောင်းမဲ့ ဖြစ်သည် လည်း မဟုတ်၊ စင်စစ်သော်ကား ပဋိသန္ဓေနေမှု အကြောင်းကြောင့် အိုမှု 'ဇရာ' သေမှု'မရဏ' ဖြစ်၏''ဟု (မိန့်ဆို၏)။

ငါ့သျှင်သာရိပုတြာ အသို့ပါနည်း၊ဇာတိကို မိမိပြုအပ်ပါသလော၊သူတပါး ပြုအပ်ပါသလော၊ မိမိသူတပါး နှစ်ဦးသားတို့ ပြုအပ်ပါသလော၊ သို့မဟုတ် ဇာတိသည် မိမိ သူတပါး နှစ်ဦးသားတို့ ပြုအပ်သည်မဟုတ်ပဲ အကြောင်းမဲ့ ဖြစ်ပါသလောဟု မေးလျှောက်ပြန်၏။ ငါ့သျှင်ကောဋ္ဌိက ဇာတိကို မိမိပြုအပ်သည်မဟုတ်၊ သူတပါး ပြုအပ်သည်မဟုတ်၊ မိမိ သူတပါး နှစ်ဦးသားတို့ ပြုအပ်သည် မဟုတ်၊ မိမိသူတပါး နှစ်ဦးသားတို့ ပြုအပ်သည်မဟုတ်ပဲ အကြောင်းမဲ့ ဖြစ်သည်လည်း မဟုတ်၊ စင်စစ်သော်ကား ဘဝအကြောင်းကြောင့် ဇာတိဖြစ်၏ ဟု (မိန့်ဆို၏)။

ငါ့သျှင်သာရိပုတြာ အသို့ပါနည်း၊ ဘဝကို မိမိ ပြုအပ်ပါသလော ။ပ။ဥပါဒါန်ကို မိမိ ပြုအပ်ပါသလော။တဏှာကို မိမိ ပြုအပ်ပါသလော။ဝေဒနာကို မိမိပြုအပ်ပါသလော။ဖဿကို မိမိပြုအပ်ပါသလော။ သဠာယတနကို မိမိ ပြုအပ်ပါသလော။ နာမ်ရုပ်ကို မိမိ ပြုအပ်ပါသလော။ သူတပါး ပြုအပ်ပါသလော၊ မိမိ သူတပါး နှစ်ဦးသားတို့ ပြုအပ်ပါသလော၊ မိမိ သူတပါး နှစ်ဦးသားတို့ ပြုအပ်သည်မဟုတ်ပဲ အကြောင်းမဲ့ ဖြစ်ပါသလောဟု မေးလျှောက်ပြန်၏။ငါ့သျှင် ကောဋ္ဌိက နာမ်ရုပ်ကို မိမိပြုအပ်သည်မဟုတ် သူတပါးပြုအပ်သည်မဟုတ်၊ မိမိ သူတပါး နှစ်ဦးသားတို့ပြုအပ်သည် မဟုတ်၊ မိမိ သူတပါး နှစ်ဦးသားတို့ ပြုအပ်သည် မဟုတ်ပဲ အကြောင်းမဲ့ ဖြစ်သည်လည်း မဟုတ်၊ စင်စစ်သော်ကား ဝိညာဏ်အကြောင်းကြောင့် နာမ်ရုပ်ဖြစ်၏ဟု (မိန့်ဆို၏)။

ငါ့သျှင်သာရိပုတြာ အသို့ပါနည်း၊ သိမှု'ဝိညာဏ်'ကို မိမိပြုအပ်ပါသလော၊သူတပါး ပြုအပ်ပါသလော၊ မိမိ သူတပါး နှစ်ဦးသားတို့ ပြုအပ်ပါသလော၊ သို့မဟုတ် မိမိ သူတပါး နှစ်ဦးသားတို့ ပြုအပ်သည် မဟုတ်ပဲ အကြောင်းမဲ့ ဖြစ်ပါသလောဟု မေး၏။ ငါ့သျှင် ကောဋ္ဌိက ဝိညာဏ်ကို မိမိ ပြုအပ်သည်မဟုတ်၊ သူတပါးပြုအပ်သည်မဟုတ်၊မိမိ သူတပါး နှစ်ဦးသားတို့ ပြုအပ်သည် မဟုတ်၊ မိမိ သူတပါး နှစ်ဦးသားတို့ ပြုအပ်သည်မဟုတ်ပဲ အကြောင်းမဲ့ ဖြစ်သည်လည်း မဟုတ်၊ စင်စစ်သော်ကား နာမ်ရုပ်အကြောင်းကြောင့် ဝိညာဏ်ဖြစ်၏ဟု မိန့်ဆို၏။ ငါ့သျှင်ကောဋ္ဌိက နာမ်ရုပ်ကို မိမိပြုအပ်သည်မဟုတ်၊သူတပါး ပြုအပ်သည်မဟုတ်၊မိမိ သူတပါး နှစ်ဦးသားတို့ပြုအပ်သည်မဟုတ်၊ မိမိ သူတပါး နှစ်ဦးသားတို့ ပြုအပ်သည်မဟုတ်ပဲ အကြောင်းမဲ့ ဖြစ်သည်လည်း မဟုတ်၊ စင်စစ်သော်ကား ဝိညာဏ်အကြောင်းကြောင့် နာမ်ရုပ်ဖြစ်၏ဟု အသျှင်သာရိပုတြာ ဟောသော စကားကို အကျွန်ုပ်တို့သည် ယခုပင် သိရပါကုန်၏။

ငါ့သျှင်ကောဋ္ဌိက ဝိညာဏ်ကို မိမိ ပြုအပ်သည်မဟုတ်၊ သူတပါး ပြုအပ်သည်မဟုတ်၊ မိမိ သူတပါး နှစ်ဦးသားတို့ ပြုအပ်သည် မဟုတ်၊ မိမိ သူတပါး နှစ်ဦးသားတို့ ပြုအပ်သည်မဟုတ်ပဲ အကြောင်းမဲ့ ဖြစ်သည်လည်းမဟုတ်၊ စင်စစ်သော်ကား နာမ်ရုပ်အကြောင်းကြောင့် ဝိညာဏ်ဖြစ်၏ ဟု အသျှင်သာရိပုတြာ ဟောသောစကားကို ယခု(တချီး)သိရပြန်ပါ၏။

http://www.dhammadownload.com



ငါ့သျှင်  ျပုတြာ ဟောအပ်သော ဤတရား၏ အနက်ကို အဘယ်သို့ မှတ်ရပါမည်နည်းဟု လျှောက်၏။ ငါ့သျှင် သို့ဖြစ်လျှင် သင့်အား ဥပမာကို ပြုအံ့၊ ဤ ခလောက၌ အချို့သော ပညာရှိသူတို့သည် ပြောအပ်သောစကား၏ အနက်အဓိပ္ပါယ်ကို ဥပမာအားဖြင့် သိကုန်၏၊ ငါ့သျှင် ဥပမာသော်ကား ကျူစည်း နှစ်စည်းတို့သည် အချင်းချင်း မှီ၍ တည်ကုန်ရာ၏၊ ငါ့သျှင်ဤအတူသာလျှင် နာမ်ရုပ် အကြောင်းကြောင့် ဝိညာဏ်ဖြစ်၏၊ ဝိညာဏ် အကြောင်းခံကြောင့်နာမ်ရုပ်ဖြစ်၏၊ နာမ်ရုပ် အကြောင်းခံကြောင့် သဠာယတနဖြစ်၏၊ သဠာယတန အကြောင်းခံကြောင့် ဖဿဖြစ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစုဖြစ်၏၊ ငါ့သျှင် ထိုကျူစည်းတို့တွင် တစည်းကို အကယ်၍ ဆွဲငင်ငြားအံ့၊ တစည်းသည် လဲကျရာ၏၊ အခြားအစည်းကို အကယ်၍ ဆွဲငင်ငြားအံ့၊ အခြားတစည်းသည် လဲကျရာ၏၊ ငါ့သျှင် ဤအတူသာလျှင် နာမ်ရုပ်ချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်၏၊ ဝိညာဏ် ချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်၏၊ နာမ်ချုပ် ချုပ်ခြင်းကြောင့် သဠာယတန ချုပ်၏။ပ။ သဠာယတန ချုပ်ခြင်းကြောင့် ဖဿချုပ်၏၊ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစုချုပ်၏ ဟု (မိန့်ဆို၏)။

ငါ့သျှင်သာရိပုတြာ (တရားတော်သည်) အံ့ဖွယ်ရှိပါ၏၊ ငါ့သျှင်သာရိပုတြာ (တရားတော်သည်)မဖြစ်ဘူးမြဲဖြစ်ပါ၏၊အသျှင်သာရိပုတြာသည် ဤတရားတော်ကိုအလွန်ကောင်းစွာဟောအပ်ပါ၏၊ အကျွန်ုပ်တို့သည် အသျှင်သာရိပုတြာ ဟောအပ်သော ဤတရားတော်ကိုလည်းဤသုံးဆယ့်ခြောက်ပါးသော ဝတ္ထုတို့ဖြင့် အနုမောဒနာ ပြုပါ၏။

ငါ့သျှင်သာရိပုတြာ ရဟန်းသည် အကယ်၍ ဇရာမရဏကို ငြီးငွေ့ခြင်းငှါ တပ်ခြင်းကင်းခြင်းငှါ ချုပ်ခြင်းငှါ တရားကိုဟောခဲ့မူ ဓမ္မကထိကရဟန်းဟူ၍ ဆိုထိုက်၏၊ငါ့သျှင်သာရိပုတြာ ရဟန်းသည် ဇရာမရဏကို ငြီးငွေ့ခြင်းငှါ တပ်ခြင်းကင်းခြင်းငှါ ချုပ်ခြင်းငှါ ကျင့်ခဲ့မူ တရားအားလျော်သော အကျင့်ကို ကျင့်သော ရဟန်းဟူ၍ ဆိုထိုက်၏။ ငါ့သျှင်သာရိပုတြာ ရဟန်းသည် ဇရာမရဏကို ငြီးငွေ့ခြင်းကြောင့် တပ်ခြင်းကင်းခြင်းကြောင့် ချုပ်ခြင်းကြောင့်(တဏှာဒိဋ္ဌိတို့ဖြင့်) မစွဲလမ်းမူ၍ (ကိလေသာတို့မှ)လွတ်ခဲ့မူ မျက်မှောက်နိဗ္ဗာန်သို့ ရောက်သောရဟန်းဟူ၍ ဆိုထိုက်၏။ရဟန်းသည် ဇာတိကို။ ဘဝကို။ ဥပါဒါန်ကို။ တဏှာကို။ ဖဿကို။ သဠာယတနကို။ နာမ်ရုပ်ကို။ ဝိညာဏ်ကို။ သင်္ခါရတို့ကို။ အဝိဇ္ဇာကို ငြီးငွေ့ခြင်းငှါ တပ်ခြင်းကင်းခြင်းငှါ ချုပ်ခြင်းငှါ ၊ တရားကို ဟောခဲ့မူ ဓမ္မကထိကရဟန်းဟူ၍ ဆိုထိုက်၏။ ငါ့သျှင်သာရိပုတြာ ရဟန်းသည် အဝိဇ္ဇာကို ငြီးငွေ့ခြင်းငှါ တပ်ခြင်း ကင်းခြင်းငှါ ချုပ်ခြင်းငှါ ကျင့်ခဲ့မူ (လောကုတ္တရာ)တရားအားလျော်သော အကျင့်ကို ကျင့်သော ရဟန်းဟူ၍ ဆိုထိုက်၏၊ ငါ့သျှင်သာရိပုတြာ ရဟန်းသည် အဝိဇ္ဇာကို ငြီးငွေ့ခြင်းကြောင့် တပ်ခြင်း ကင်းခြင်းကြောင့် ချုပ်ခြင်းကြောင့်(တဏှာဒိဋ္ဌိတို့ဖြင့်)မစွဲလမ်းမူ၍ (ကိလေသာတို့မှ) လွတ်ခဲ့မူ မျက်မှောက်နိဗ္ဗာန်သို့ ရောက်သော ရဟန်းဟူ၍ ဆိုထိုက်၏ဟု(မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ကောသမ္ဗိသုတ်

၆၈။ အခါတပါး၌ အသျှင်မုသိလ အသျှင်ပဝိဋ္ဌ အသျှင်နာရဒနှင့် အသျှင်အာနန္ဒာတို့သည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ (သီတင်းသုံး) နေကုန်၏၊ ထိုအခါ အသျှင်ပဝိဋ္ဌသည်

http://www.dhammadownload.com



အသျှင်မုသိလအား ဤစကားကို လျှောက်၏—"ငါ့သျှင်မုသိလ သူတပါးကို ယုံကြည်မှု'သဒ္ဓါ'မိမိအလို 'ရုစိ' တဆင့်ကြား'အနုဿဝ'အခြင်းအရာကို ကြံဆမှု'အာကာရပရိဝိတက္က'အယူကို စူးစိုက်ကြံစည်၍ နှစ်သက်မှု'ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ'မှတပါး အသျှင်မုသိလအား ဇာတိအကြောင်းခံကြောင့်ဇရာမရဏ ဖြစ်၏ဟူ၍ သိသော ကိုယ်ပိုင်ဉာဏ် ရှိပါသလော"ဟု (လျှောက်၏)။ ငါ့သျှင်ပဝိဋ္ဌ သူတပါးကို ယုံကြည်မှု'သဒ္ဓါ' မိမိအလို'ရုစိ' တဆင့်ကြား'အနုဿဝ' အခြင်းအရာကို ကြံဆမှု 'အာကာရပရိဝိတက္က' အယူကိုစူးစိုက်ကြံစည်၍ နှစ်သက်မှု 'ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ' မှတပါး ဇာတိအကြောင်းခံကြောင့် ဇရာမရဏ ဖြစ်၏ဟူသော ဤအကြောင်းကို ငါသိ၏၊ ငါမြင်၏ဟု ဆို၏။

ငါ့သျှင်မုသိလ သူတပါးကိုယုံကြည်မှု'သဒ္ဓါ'မိမိအလို'ရုစိ' တဆင့်ကြား'အနုဿဝ'အခြင်းအရာကိုကြံဆမှု 'အာကာရပရိဝိတက္က'အယူကိုစူးစိုက်ကြံစည်၍နှစ်သက်မှု'ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ'မှတပါးအသျှင်မုသိလအား ဘဝအကြောင်းခံကြောင့် ဇာတိဖြစ်၏ဟူ၍ သိသောကိုယ်ပိုင်ဉာဏ် ရှိပါသလော။ပ။ ဥပါဒါန်အကြောင်းခံကြောင့် ဘဝဖြစ်၏ဟူ၍။ တဏှာအကြောင်းခံကြောင့် ဥပါဒါန်ဖြစ်၏ဟူ၍။ ဝေဒနာအကြောင်းခံကြောင့် တဏှာဖြစ်၏ဟူ၍၊ ဖဿအကြောင်းခံကြောင့် ဝေဒနာဖြစ်၏ဟူ၍။ သဠာယတနအကြောင်းခံကြောင့် ဖဿဖြစ်၏ဟူ၍။ နာမ်ရုပ်အကြောင်းခံကြောင့် သဠာယတနဖြစ်၏ဟူ၍။ ဝိညာဏ် အကြောင်းခံကြောင့် နာမ်ရုပ်ဖြစ်၏ဟူ၍။ သင်္ခါရအကြောင်းခံကြောင့် ဝိညာဏ် ဖြစ်၏ဟူ၍။အဝိဇ္ဇာအကြောင်းခံကြောင့် သင်္ခါရတို့ ဖြစ်ကုန်၏ဟူ၍ သိသော ကိုယ်ပိုင်ဉာဏ်ရှိပါသလော။ ငါ့သျှင်ပဝိဋ္ဌ သူတပါးကို ယုံကြည်မှု'သဒ္ဓါ' မိမိအလို'ရုစိ' တဆင့်ကြား 'အနုဿဝ'အခြင်းအရာကို ကြံဆမှု'အာကာရပရိဝိတက္က' အယူကို စူးစိုက်ကြံစည်၍ နှစ်သက်မှု 'ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ'မှတပါး အဝိဇ္ဇာအကြောင်းခံကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏ ဟူသော ဤအကြောင်းကို ငါသိ၏။ ငါမြင်၏ဟု ဆို၏။

ငါ့သျှင်မုသိလ သူတပါးကို ယုံကြည်မှု'သဒ္ဓါ' မိမိအလို 'ရုစိ' တဆင့်ကြား'အနုဿဝ' အခြင်းအရာကို ကြံဆမှု'အာကာရပရိဝိတက္က'အယူကိုစူးစိုက်ကြံစည်၍ နှစ်သက်မှု'ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ' မှတပါး အသျှင်မုသိလအား ဇာတိ ချုပ်ခြင်းကြောင့် ဇရာ မရဏချုပ်၏ဟု သိသော ကိုယ်ပိုင်ဉာဏ်သည် ရှိပါသလော။ ငါ့သျှင်ပဝိဋ္ဌ သူတပါးကို ယုံကြည်မှု'သဒ္ဓါ'မိမိအလို'ရုစိ' တဆင့်ကြား 'အနုဿဝ' အခြင်းအရာကို ကြံဆမှု'အာကာရပရိဝိတက္က'အယူကို စူးစိုက် ကြံစည်၍ နှစ်သက်မှု'ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ' မှတပါး ဇာတိချုပ်ခြင်းကြောင့် ဇရာမရဏချုပ်၏ ဟူသော ဤအကြောင်းကို ငါသိ၏၊ ငါမြင်၏။

ငါ့သျှင်မုသိလ သူတပါးကို ယုံကြည်မှု'သဒ္ဓါ' မိမိအလို'ရုစိ' တဆင့်ကြား'အနုဿဝ' အခြင်းအရာကို ကြံဆမှု'အာကာရပရိဝိတက္က'အယူကို စူးစိုက် ကြံစည်၍ နှစ်သက်မှု'ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ'မှတပါး အသျှင်မုသိလအား ဘဝချုပ်ခြင်းကြောင့် ဇာတိ ချုပ်၏ဟူ၍။ပ။ဥပါဒါန်ချုပ်ခြင်းကြောင့် ဘဝ ချုပ်၏ဟူ၍ တဏှာချုပ်ခြင်းကြောင့် ဥပါဒါန်ချုပ်၏ဟူ၍။ ဝေဒနာချုပ်ခြင်းကြောင့် တဏှာ ချုပ်၏ဟူ၍။ ဖဿချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏ဟူ၍။ သဠာယတနချုပ်ခြင်းကြောင့် ဖဿ ချုပ်၏ဟူ၍။နာမ်ရုပ်ချုပ်ခြင်းကြောင့် သဠာယတနချုပ်၏ဟူ၍။ဝိညာဏ်ချုပ်ခြင်းကြောင့် နာမ်ရုပ် ချုပ်၏ဟူ၍။ သင်္ခါရတို့ ချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်၏ ဟူ၍။ အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်၏ဟူ၍ သိသော ကိုယ်ပိုင်ဉာဏ်သည် ရှိပါသလော။ ငါ့သျှင်ပဝိဋ္ဌ သူတပါးကိုယုံကြည်မှု'သဒ္ဓါ' မိမိအလို 'ရုစိ' တဆင့်ကြား 'အနုဿဝ' အခြင်းအရာကို ကြံဆမှု 'အာကာရပရိဝိတက္က' အယူကို စူးစိုက် ကြံစည်၍ နှစ်သက်မှု 'ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ'မှတပါး အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရချုပ်၏ ဟူသော ဤအကြောင်းကို ငါသိ၏ ငါမြင်၏။

http://www.dhammadownload.com



ငါ့သျှင်မုသိလ သူတပါးကိုယုံကြည်မှု 'သဒ္ဓါ' မိမိအလို 'ရုစိ' တဆင့်ကြား 'အနုဿဝ' အခြင်းအရာကို ကြံဆမှု 'အာကာရပရိဝိတက္က' အယူကို စူးစိုက်ကြံစည်၍ နှစ်သက်မှု 'ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ' မှတပါး အသျှင်မုသိလအား ဘဝချုပ်ခြင်းသည် နိဗ္ဗာန်တည်းဟူ၍ သိသော ကိုယ်ပိုင်ဉာဏ်သည် ရှိပါသလော။ ငါ့သျှင်ပဝိဋ္ဌ သူတပါးကို ယုံကြည်မှု 'သဒ္ဓါ' မိမိအလို 'ရုစိ' တဆင့်ကြား 'အနုဿဝ' အခြင်းအရာကိုကြံဆမှု 'အာကာရပရိဝိတက္က' အယူကို စူးစိုက်ကြံစည်၍ နှစ်သက်မှု 'ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ' မှတပါး ဘဝချုပ်ခြင်းသည် နိဗ္ဗာန်တည်းဟူသော ဤအကြောင်းကို ငါသိ၏၊ ငါမြင်၏။

သို့ဖြစ်လျှင် အသျှင်မုသိလသည် အာသဝ ကုန်ပြီးသော ရဟန္တာ ပါလောဟု မေး၏။ ဤသို့ မေးသည်ရှိသော် အသျှင်မုသိလသည် ဆိတ်ဆိတ်နေ၏။ ထိုအခါ အသျှင်နာရဒသည် အသျှင်ပဝိဋ္ဌအား ငါ့သျှင်ပဝိဋ္ဌ တောင်းပန်ပါ၏၊ ငါသည် ဤအမေးကို ရလိုပါ၏၊ ငါ့အား ဤအမေးကို မေးလော့၊ ငါသည် သင့်အား ဤအမေးကို ဖြေအံ့ ဟု ဆို၏။ အသျှင်နာရဒသည် ဤအမေးကို ရပါစေလော့၊ အကျွန်ုပ်သည် အသျှင်နာရဒအား ဤအမေးကို မေးပါအံ့၊ အသျှင်နာရဒသည် အကျွန်ုပ်၏အမေးကို ဖြေပါလော့။

ငါ့သျှင်နာရဒ သူတပါးကိုယုံကြည်မှု 'သဒ္ဓါ' မိမိအလို 'ရုစိ' တဆင့်ကြား 'အနုဿဝ' အခြင်းအရာကို ကြံဆမှု 'အာကာရပရိဝိတက္က' အယူကို စူးစိုက်ကြံစည်၍ နှစ်သက်မှု 'ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ' မှတပါး အသျှင်နာရဒအား ဇာတိအကြောင်းခံကြောင့် ဇရာမရဏဖြစ်၏ဟူ၍ သိသော ကိုယ်ပိုင်ဉာဏ် ရှိပါသလော။ ငါ့သျှင်ပဝိဋ္ဌ သူတပါးကို ယုံကြည်မှု 'သဒ္ဓါ' မိမိအလို 'ရုစိ' တဆင့်ကြား 'အနုဿဝ' အခြင်းအရာကို ကြံဆမှု 'အာကာရပရိဝိတက္က' အယူကိုစူးစိုက် ကြံစည်၍ နှစ်သက်မှု 'ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ' မှတပါး ဇာတိအကြောင်းခံကြောင့် ဇရာမရဏ ဖြစ်၏ဟူသော ဤအကြောင်းကို ငါသိ၏။ ငါမြင်၏။

ငါ့သျှင်နာရဒ သူတပါးကို ယုံကြည်မှု 'သဒ္ဓါ' မိမိအလို 'ရုစိ' တဆင့်ကြား 'အနုဿဝ' အခြင်းအရာကို ကြံဆမှု 'အာကာရပရိဝိတက္က' အယူကို စူးစိုက်ကြံစည်၍ နှစ်သက်မှု 'ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ' မှတပါး အသျှင်နာရဒအား ဘဝအကြောင်းခံကြောင့် ဇာတိဖြစ်၏ဟူ၍ သိသော ကိုယ်ပိုင်ဉာဏ် ရှိပါသလော။ပ။ အဝိဇ္ဇာအကြောင်းခံကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏ဟူ၍သိသော ကိုယ်ပိုင်ဉာဏ်ရှိပါသလော။ ငါ့သျှင်ပဝိဋ္ဌ သူတပါးကို ယုံကြည်မှု 'သဒ္ဓါ' မိမိအလို 'ရုစိ' တဆင့်ကြား 'အနုဿဝ' အခြင်းအရာကို ကြံဆမှု 'အာကာရပရိဝိတက္က' အယူကို စူးစိုက်ကြံစည်၍ နှစ်သက်မှု 'ဒိဋ္ဌိဇ္ဈာနက္ခန္တိ' မှတပါး အဝိဇ္ဇာအကြောင်းခံကြောင့် သင်္ခါရတို့ ဖြစ်ကုန်၏ဟူသော ဤအကြောင်းကို ငါသိ၏၊ ငါမြင်၏။

ငါ့သျှင်နာရဒ သူတပါးကို ယုံကြည်မှု 'သဒ္ဓါ' မိမိအလို 'ရုစိ' တဆင့်ကြား 'အနုဿဝ' အခြင်းအရာကို ကြံဆမှု 'အာကာရပရိဝိတက္က' အယူကိုစူးစိုက်ကြံစည်၍ နှစ်သက်မှု 'ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ' မှတပါး အသျှင်နာရဒအား ဇာတိ ချုပ်ခြင်းကြောင့် ဇရာမရဏ ချုပ်၏ဟု သိသော ကိုယ်ပိုင်ဉာဏ်ရှိပါသလော။ ငါ့သျှင်ပဝိဋ္ဌ သူတပါးကို ယုံကြည်မှု 'သဒ္ဓါ' မိမိအလို 'ရုစိ' တဆင့်ကြား 'အနုဿဝ' အခြင်းအရာ ကို ကြံဆမှု 'အာကာရပရိဝိတက္က' အယူကို စူးစိုက် ကြံစည်၍ နှစ်သက်မှု 'ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ' မှတပါး ဇာတိချုပ်ခြင်းကြောင့် ဇရာမရဏချုပ်၏ဟူသော ဤအကြောင်းကို ငါသိ၏၊ ငါမြင်၏။

ငါ့သျှင်နာရဒ သူတပါးကိုယုံကြည်မှု 'သဒ္ဓါ' မိမိအလို 'ရုစိ' တဆင့်ကြား 'အနုဿဝ' အခြင်းအရာကို ကြံဆမှု 'အာကာရပရိဝိတက္က' အယူကို စူးစိုက် ကြံစည်၍ နှစ်သက်မှု 'ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ' မှ

http://www.dhammadownload.com



တပါး အသျှင်နာရဒအား ဘဝချုပ်ခြင်းကြောင့် ဇာတိချုပ်၏။ပ။အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရတို့ချုပ်၏ ဟု သိသော ကိုယ်ပိုင်ဉာဏ်သည် ရှိပါသလော။ ငါ့သျှင်ပဝိဋ္ဌ သူတပါးကို ယုံကြည်မှု 'သဒ္ဓါ' မိမိအလို 'ရုစိ'တဆင့်ကြား 'အနုဿဝ' အခြင်းအရာကို ကြံဆမှု 'အာကာရပရိဝိတက္က' အယူကို စူးစိုက်ကြံစည်၍ နှစ်သက်မှု'ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ' မှတပါး အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရတို့ချုပ်ကုန်၏ဟူသော ဤအကြောင်းကို ငါသိ၏၊ ငါမြင်၏။

ငါ့သျှင်နာရဒ သူတပါးကို ယုံကြည်မှု 'သဒ္ဓါ' မိမိအလို'ရုစိ' တဆင့်ကြား'အနုဿဝ'အခြင်းအရာကို ကြံဆမှု'အာကာရပရိဝိတက္က'အယူကို စူးစိုက်ကြံစည်၍ နှစ်သက်မှု'ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ'မှတပါး အသျှင်နာရဒအား ဘဝ ချုပ်ခြင်းသည် နိဗ္ဗာန်တည်း ဟူ၍ သိသော ကိုယ်ပိုင်ဉာဏ်သည် ရှိပါသလော။ ငါ့သျှင်ပဝိဋ္ဌ သူတပါးကို ယုံကြည်ခြင်း'သဒ္ဓါ' မိမိအလို 'ရုစိ' တဆင့်ကြား'အနုဿဝ' အခြင်းအရာကို ကြံဆမှု'အာကာရပရိဝိတက္က'အယူကို စူးစိုက်ကြံစည်၍ နှစ်သက်မှု'ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ' မှတပါး ဘဝ၏ချုပ်ခြင်းသည် နိဗ္ဗာန်တည်းဟူသော ဤအကြောင်းကို ငါသိ၏၊ ငါမြင်၏။

သို့ဖြစ်လျှင် အသျှင်နာရဒသည် အာသဝေါကုန်ပြီးသော ရဟန္တာလော။ ငါ့သျှင် ဘဝချုပ်ခြင်းသည် နိဗ္ဗာန်တည်းဟူ၍ ဟုတ်မှန်သောအတိုင်း ကောင်းသောအသိဉာဏ်(မဂ်)ပညာဖြင့် မြင်အပ်၏၊ အာသဝေါကုန်ပြီးသော ရဟန္တာကား မဟုတ်ပါသေး။ ငါ့သျှင် ဥပမာသော်ကား ခရီးခဲ၌ ရေတွင်းရှိရာ၏၊ထိုရေတွင်း၌ ကြိုးသည်ငှင်း ရေပုံးသည်ငှင်း မရှိရာ၊ထိုအခါ ယောကျ်ားသည် ပူလောင်သော ကိုယ်ရှိသည် အပူဖြင့်နှိပ်စက်အပ်သောကြောင့် ပင်ပန်းသည်ဖြစ်ရကား ရေမွတ်သိပ်သည်ဖြစ်၍ လာရာ၏၊ ထိုယောကျ်ားသည် ထိုရေတွင်းကို ငုံ့ကြည့်ရာ၏၊ ထိုယောကျ်ားအား ရေဟူ၍သာလျှင် အသိဉာဏ်ဖြစ်၏၊ ကိုယ်ဖြင့်မူကား တွေ့ထိ၍မနေရ၊ ငါ့သျှင် ဤအတူသာလျှင် ဘဝချုပ်ခြင်းသည် နိဗ္ဗာန်တည်းဟူ၍ ဟုတ်မှန်သောအတိုင်း ကောင်းသော အသိဉာဏ် (မဂ်) ပညာဖြင့် မြင်အပ်၏၊ အာသဝေါကုန်ပြီးသော ရဟန္တာသော်ကား မဟုတ်ပါသေးဟု ဆို၏။

ဤသို့ဆိုသည်ရှိသော် အသျှင်အာနန္ဒာသည် အသျှင်ပဝိဋ္ဌအား ငါ့သျှင်ပဝိဋ္ဌ ဤသို့ပြောဆိုသောအသျှင်နာရဒကို သင် အဘယ်သို့ဆိုမည်နည်းဟု ဆို၏။ ငါ့သျှင်အာနန္ဒာ ဤသို့ပြောဆိုသော အသျှင်နာရဒကို ကောင်းမြတ်သည်မှတပါး အပြစ်မရှိသည်မှတပါး တစုံတရာဘာကိုမျှ အကျွန်ုပ် မဆိုလိုတော့ပါ ဟု (လျှောက်၏)။

အဋ္ဌမသုတ်။

---

## ၉-ဥပယန္တိသုတ်

၆၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်–အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဇေတဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ။ပ။ ရဟန်းတို့ မဟာသမုဒ္ဒရာသည် ရေပြည့်လျှံသည်ရှိသော် မြစ်ကြီးတို့ကို ပြည့်လျှံစေ၏၊ မြစ်ကြီးတို့ ပြည့်လျှံကုန်သည် ရှိသော် မြစ်ငယ်တို့ကို ပြည့်လျှံစေကုန်၏၊ မြစ်ငယ်တို့ ပြည့်လျှံကုန်သည် ရှိသော် အိုင်ကြီးတို့ကို ပြည့်လျှံစေကုန်၏၊ အိုင်ကြီးတို့ ပြည့်လျှံကုန်သည်ရှိသော် အိုင်ငယ်တို့ကို ပြည့်လျှံစေကုန်၏။ ရဟန်းတို့ ဤအတူသာလျှင် အဝိဇ္ဇာ ပြည့်လျှံသည်ရှိသော် သင်္ခါရတို့ကို ပြည့်လျှံစေ၏၊ သင်္ခါရတို့ ပြည့်လျှံကုန်သည်ရှိသော် ဝိညာဏ်ကို ပြည့်လျှံစေကုန်၏၊ဝိညာဏ်ပြည့်လျှံ

http://www.dhammadownload.com



သည်ရှိသော် နာမ်ရုပ်ကို ပြည့်လျှံစေ၏၊ နာမ်ရုပ်ပြည့်လျှံသည်ရှိသော် သဠာယတနကို ပြည့်လျှံစေ၏၊ သဠာယတန ပြည့်လျှံသည်ရှိတော် ဖဿကို ပြည့်လျှံစေ၏၊ ဖဿပြည့်လျှံသည်ရှိသော် ဝေဒနာကို ပြည့်လျှံစေ၏၊ ဝေဒနာပြည့်လျှံသည်ရှိသော် တဏှာကို ပြည့်လျှံစေ၏၊ တဏှာ ပြည့်လျှံသည်ရှိသော် ဥပါဒါန်ကိုပြည့်လျှံစေ၏၊ ဥပါဒါန်ပြည့်လျှံသည်ရှိသော် ဘဝကို ပြည့်လျှံစေ၏၊ ဘဝပြည့်လျှံသည်ရှိသော် ဇာတိကို ပြည့်လျှံစေ၏၊ ဇာတိပြည့်လျှံသည်ရှိသော် ဇရာမရဏကို ပြည့်လျှံစေ၏။

ရဟန်းတို့ မဟာသမုဒ္ဒရာရေ လျော့ကျသည်ရှိသော် မြစ်ကြီးတို့ကိုလျော့ကျစေ၏၊ မြစ်ကြီးတို့ လျော့ကျကုန်သည်ရှိသော် မြစ်ငယ်တို့ကို လျော့ကျစေကုန်၏၊ မြစ်ငယ်တို့ လျော့ကြကုန်သည် ရှိသော် အိုင်ကြီးတို့ကို လျော့ကြစေကုန်၏၊ အိုင်ကြီးတို့ လျော့ကျကုန်သည်ရှိသော် အိုင်ငယ်တို့ကို လျော့ကျစေကုန်၏၊ ရဟန်းတို့ ဤအတူသာလျှင် အဝိဇ္ဇာလျော့ကျသည်ရှိသော် သင်္ခါရတို့ကို လျော့ကျစေ၏၊ သင်္ခါရတို့ လျော့ကျကုန်သည်ရှိသော် ဝိညာဏ်ကို လျော့ကျစေကုန်၏၊ ဝိညာဏ် လျော့ကျသည်ရှိသော် နာမ်ရုပ်ကို လျော့ကျစေ၏၊ နာမ်ရုပ်လျော့ကျသည်ရှိသော် သဠာယတနကို လျော့ကျစေ၏၊ သဠာယတနလျော့ကျသည်ရှိသော် ဖဿကို လျော့ကျစေ၏၊ ဖဿလျော့ကျသည် ရှိသော် ဝေဒနာကို လျော့ကျစေ၏၊ ဝေဒနာ လျော့ကျသည်ရှိသော် တဏှာကို လျော့ကျစေ၏၊ တဏှာလျော့ကျသည်ရှိသော် ဥပါဒါန်ကို လျော့ကျစေ၏၊ ဥပါဒါန်လျော့ကျသည်ရှိသော် ဘဝကို လျော့ကျစေ [illegible] လျော့ကျသည်ရှိသော် ဇာတိကို လျော့ကျစေ၏၊ ဇာတိ လျော့ကျသည် ရှိသော် ဇရာမရဏကို လျော့ကျစေ၏ ဟု (ဟောတော်မူ၏)။

နဝမသုတ်။

---

## ၁၀. သုသိမသုတ်

၇၀။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်–အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ် ပြည် ရှဉ့်နက်တို့ကို အစာကျွေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါမြတ်စွာဘုရားသည် အရိုအသေပြုခံရ၏၊ အလေးပြုခံရ၏၊ အမြတ်နိုးခံရ၏၊ အပူဇော်ခံရ၏၊ ဆည်းကပ်ခံရ၏၊သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာတို့၏ အထောက်အပံ့ ဆေး အသုံး အဆောင်တို့ကိုရ၏။ ရဟန်းသံဃာသည်လည်း အရိုအသေပြုခံရ၏၊ အလေးပြုခံရ၏၊ အမြတ်နိုး ခံရ၏၊ အပူဇော်ခံရ၏၊ အဆည်းကပ်ခံရ၏၊ သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာတို့၏ အထောက်အပံ့ ဖြစ်သော ဆေးအသုံးအဆောင်တို့ကို ရ၏။ သာသနာတော်ပြင်ပ အယူရှိကုန် သော ပရိဗိုဇ်တို့သည်ကား အရိုအသေပြု မခံရကုန်၊ အလေးပြုမခံရကုန်၊ အမြတ်နိုး မခံရကုန်၊ အပူဇော် မခံရကုန်၊ အဆည်းကပ်မခံရကုန်၊ သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာတို့၏ အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်တို့ကို မရကုန်။

ထိုအခါ သုသိမပရိဗိုဇ်သည် များစွာသော ပရိဗိုဇ်ပရိသတ်နှင့်အတူ ရာဇဂြိုဟ်ပြည်၌ နေ၏၊ ထိုအခါ သုသိမပရိဗိုဇ်၏ ပရိသတ်တို့သည် သုသိမပရိဗိုဇ်အား ဤစကားကို ဆိုကုန်၏၊ ''ဒါ့သျှင်သုသိမ သင်လာဦးလော့၊ ရဟန်းဂေါတမအထံ၌ မြတ်သောအကျင့်ကို ကျင့်ချေလော့၊ သင်သည် တရားကိုသင်ခဲ့၍ ငါတို့ကို ပို့ချလော့၊ ငါတို့သည် ထိုတရားကို သင်ယူ၍ လူတို့အား ဟော ကုန်အံ့၊ဤသို့ ဟောပြောသည်ရှိသော် ငါတို့သည်လည်း အရိုအသေပြု ခံရကုန်လိမ့်မည်၊အလေးပြု

http://www.dhammadownload.com



ခံရကုန်လိမ့်မည်၊ အမြတ်နိုး ခံရကုန်လိမ့်မည်၊ အပူဇော် ခံရကုန်လိမ့်မည်၊ အဆည်းကပ် ခံရကုန်လိမ့်မည်၊ သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာတို့၏အထောက်အပံ့ဖြစ်သောဆေးအသုံးအဆောင်တို့ကို ရကုန်လိမ့်မည်''ဟု ဆိုကြကုန်၏။ ငါ့သျှင်တို့ ကောင်းပြီဟု ဆို၍ သုသိမပရိဗိုဇ်သည် မိမိ၏ ပရိဗိုဇ်ပရိသတ်ကို ဝန်ခံပြီးလျှင် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ အသျှင်အာနန္ဒာနှင့်အတူ ဝမ်းမြောက်ဝမ်းသာနှုတ်ဆက်ပြောဆိုပြီးလျှင် တခုသောနေရာ၌ထိုင်နေပြီးသော် အသျှင်အာနန္ဒာအား ငါ့သျှင်အာနန္ဒာ အကျွန်ုပ်သည် ဤဓမ္မဝိနယ(သာသနာတော်)၌မြတ်သောအကျင့်ကို ကျင့်ခြင်းငှါ အလိုရှိပါ၏ ဆို၏။

ထိုအခါ အသျှင်အာနန္ဒာသည် သုသိမပရိဗိုဇ်ကို ခေါ်ယူကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုနေပြီးသော် မြတ်စွာဘုရားအား အသျှင်ဘုရား ဤသုသိမပရိဗိုဇ်သည် ငါ့သျှင်အာနန္ဒာ အကျွန်ုပ်သည် ဤဓမ္မဝိနယ(သာသနာတော်)၌မြတ်သောအကျင့်ကို ကျင့်ခြင်းငှါ အလိုရှိပါ၏ဟု ဤသို့ ဆိုပါသည်ဟု လျှောက်၏။ အာနန္ဒာ သို့ဖြစ်လျှင် သုသိမကို ရှင်ပြုပေးလော့ဟု မိန့်တော်မူ၏။ သုသိမပရိဗိုဇ်သည် မြတ်စွာဘုရား၏ အထံ၌ ရှင့်အဖြစ်ကိုရလေ၏၊ ရဟန်းအဖြစ်ကိုရလေ၏။ ထိုအခါ များစွာကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားအထံ၌ ပဋိသန္ဓေနေမှု ကုန်ပါပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပါပြီ၊ ပြုဖွယ်ကိစ္စကိုပြုပြီးပါပြီ၊ အရဟတ္တဖိုလ်အကျိုးငှါ တဖန်ပြုဖွယ်ကိစ္စ မရှိတော့ပါပြီဟု သိကြပါ၏ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြားကုန်၏။ အသျှင်သုသိမသည် များစွာသော ရဟန်းတို့သည် မြတ်စွာဘုရား၏ အထံ၌ ပဋိသန္ဓေနေမှု ကုန်ပါပြီ။ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပါပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပါပြီ၊ အရဟတ္တဖိုလ်အကျိုးငှါ တဖန် ပြုဖွယ်ကိစ္စ မရှိတော့ပါပြီဟု သိကြပါကုန်၏ဟူ၍ အရဟတ္တဖိုလ်ကို ကြားလျှောက်ကုန်သတဲ့ဟု ကြားလေ၏၊ ထိုအခါ အသျှင်သုသိမသည် ရဟန်းတို့ထံသို့ချဉ်းကပ်ပြီးကာ ထိုရဟန်းတို့နှင့်အတူ ဝမ်းမြောက်ဝမ်းသာနှုတ်ဆက်ပြောဆိုပြီးလျှင် တခုသောနေရာ၌ထိုင်နေပြီးသော် ထိုရဟန်းတို့အား အသျှင်တို့သည် မြတ်စွာဘုရား အထံ၌ ပဋိသန္ဓေနေမှုကုန်ပါပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပါပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပါပြီ၊ အရဟတ္တဖိုလ်အကျိုးငှါ တဖန် ပြုဖွယ်ကိစ္စ မရှိတော့ပါပြီဟု သိကြပါ၏ဟူ၍ အရဟတ္တဖိုလ်ကို ကြားလျှောက်ကုန်၏ ဟူသည် မှန်ပါသလောဟု ဆို၏။ ငါ့သျှင် မှန်ပါ၏ဟု ဆိုကုန်၏။

အသျှင်တို့ ဤသို့ သိကုန် ဤသို့မြင်ကုန်သော သင်တို့သည် များသောအပြားရှိသောတန်ခိုးဖန်ဆင်းခြင်းကို ခံစားကုန်သလော၊ တစ်ယောက်တည်းဖြစ်လျက်လည်း အများ ဖြစ်ကုန်သလော၊ အများဖြစ်လျက်လည်း တစ်ယောက်တည်း ဖြစ်ကုန်သလော၊ ကိုယ်ထင်ရှား ဖြစ်စေကာ ကိုယ်ပျောက်စေကာ နံရံတဖက် တံတိုင်းတဖက် တောင်တဖက်သို့ မထိ မငြိပဲ ကောင်းကင်၌ကဲ့သို့ သွားကုန်သလော။ မြေ၌လည်း ငုပ်ခြင်း ပေါ်ခြင်းကို ရေ၌ကဲ့သို့ ပြုကုန်သလော၊ ရေ၌လည်း မကွဲစေပဲမြေ၌ကဲ့သို့သွားကုန်သလော၊ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက်အတောင်ရှိသောငှက်ကဲ့သို့ သွားကုန်သလော၊ ဤသို့ တန်ခိုးကြီးကုန်သော ဤသို့ အာနုဘော်ကြီးကုန်သော ဤလနေတို့ကိုလည်း လက်ဖြင့် သုံးသပ်ကုန်သလော၊ ဆုပ်ကိုင်နိုင်ကုန်သလော၊ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို မိမိအံလိုအတိုင်း ဖြစ်စေနိုင်ကုန်သလောဟု လျှောက်၏။ ငါ့သျှင် မဖြစ်နိုင်ပါဟု ဆိုကုန်၏။

အသျှင်တို့ ဤသို့ သိကုန် ဤသို့ မြင်ကုန်သော သင်တို့သည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ နားထက်သာလွန်သော နတ်တို့၏ နားနှင့်တူသော နား 'ဒိဗ္ဗသောတ' ဉာဏ်ဖြင့်

http://www.dhammadownload.com



နတ်၌လည်းဖြစ်ကုန် လူ၌လည်းဖြစ်ကုန်သော ဝေးသည်လည်းဖြစ်ကုန် နီးသည်လည်းဖြစ်ကုန်သော နှစ်မျိုးသော အသံတို့ကို ကြားနိုင်ကုန်သလောဟု မေးလျှောက်ပြန်၏။ ငါ့သျှင် ဤသို့ မကြား နိုင်ပါ။

အသျှင်တို့ ဤသို့ သိကုန် ဤသို့ မြင်ကုန်သော သင်တို့သည် သူတပါးတို့၏ စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ သိကုန်သလော၊ စွဲမက်ခြင်း 'ရာဂ'နှင့် တကွသောစိတ်ကိုလည်း စွဲမက်ခြင်း 'ရာဂ'နှင့် တကွသော စိတ်ဟု သိကုန်သလော၊ စွဲမက်ခြင်း 'ရာဂ'ကင်းသော စိတ်ကိုလည်း စွဲမက်ခြင်း 'ရာဂ'ကင်းသော စိတ်ဟု သိကုန်သလော။ အမျက်ထွက်ခြင်း 'ဒေါသ' နှင့်တကွသော စိတ်ကိုလည်း အမျက်ထွက်ခြင်း 'ဒေါသ' နှင့်တကွသော စိတ်ဟုသိကုန်သလော၊ အမျက်ထွက်ခြင်း 'ဒေါသ' ကင်းသော စိတ်ကိုလည်း အမျက်ထွက်ခြင်း 'ဒေါသ' ကင်းသော စိတ်ဟု သိကုန်သလော။ တွေဝေခြင်း 'မောဟ' နှင့်တကွသော စိတ်ကိုလည်း တွေဝေခြင်း 'မောဟ'နှင့်တကွသော စိတ်ဟု သိကုန်သလော၊ တွေဝေခြင်း 'မောဟ'ကင်းသော စိတ်ကိုလည်း တွေဝေခြင်း 'မောဟ'ကင်းသော စိတ်ဟု သိကုန်သလော။ ကျုံ့သော စိတ်ကိုလည်း ကျုံ့သောစိတ်ဟု သိကုန်သလော၊ပျံ့လွင့်သော စိတ်ကိုလည်း ပျံ့လွင့်သော စိတ်ဟု သိကုန်သလော။ မြတ်သည်၏ အဖြစ်သို့ ရောက်သော စိတ်ကိုလည်း မြတ်သည်၏အဖြစ်သို့ ရောက်သော စိတ်ဟု သိကုန်သလော။ မြတ်သည်၏ အဖြစ်သို့ မရောက်သော စိတ်ကိုလည်း မြတ်သည်၏ အဖြစ်သို့ မရောက်သော စိတ်ဟု သိကုန်သလော။ သာလွန်သော တရားရှိသော စိတ်ကိုလည်း သာလွန်သောတရားရှိသော စိတ်ဟု သိကုန်သလော။ သာလွန်သော တရားမရှိသော စိတ်ကိုလည်းသာလွန်သော တရားမရှိသောစိတ်ဟု သိကုန်သလော။ တည်ကြည်သော စိတ်ကိုလည်း တည်ကြည်သောစိတ်ဟု သိကုန်သလော၊ မတည်ကြည်သော စိတ်ကိုလည်း မတည်ကြည်သောစိတ်ဟု သိကုန်သလော။ လွတ်မြောက်သောစိတ်ကိုလည်း လွတ်မြောက်သောစိတ်ဟု သိကုန်သလော၊ မလွတ်မြောက်သောစိတ်ကိုလည်း မလွတ်မြောက်သောစိတ်ဟု သိကုန်သလောဟု မေးလျှောက်ပြန်၏။ ငါ့သျှင် ဤသို့ မသိပါ။

အသျှင်တို့ ဤသို့ သိကုန်၊ ဤသို့မြင်ကုန်သော သင်တို့သည် များပြားသော ရှေး၌ဖြစ်ဘူးသောဘဝကို အောက်မေ့နိုင်ကုန်သလော၊ ဤသည်ကား အဘယ်နည်း။ တဘဝကိုရင်း နှစ်ဘဝတို့ကိုရင်း သုံးဘဝတို့ကိုရင်း လေးဘဝတို့ကိုရင်း၊ ငါးဘဝတို့ကိုရင်း ဆယ်ဘဝတို့ကိုရင်း ဘဝနှစ်ဆယ်တို့ကိုရင်း ဘဝသုံးဆယ်တို့ကိုရင်း ဘဝလေးဆယ်တို့ကိုရင်း ဘဝငါးဆယ်တို့ကိုရင်း ဘဝတရာကိုရင်း ဘဝတထောင်ကိုရင်း ဘဝတသိန်းကိုရင်း များပြားသော ပျက်ကပ်ကိုရင်း များပြားသော ဖြစ်ကပ်ကိုရင်း များပြားသောပျက်ကပ် ဖြစ်ကပ်တို့ကိုရင်း ဤမည်သောဘဝ၌ ငါသည်ဤသို့သော အမည် ဤသို့သောအနွယ် ဤသို့သော အဆင်း ဤသို့သော အစာ ရှိခဲ့၏။ ဤသို့သောချမ်းသာ ဆင်းရဲကို ခံစားခဲ့၏၊ ဤသို့ အသက်အပိုင်းအခြား ရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤ မည်သော ဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း ဤသို့သောအမည် ဤသို့သောအနွယ် ဤသို့သော အဆင်း ဤသို့သော အစာ ဤသို့သော ချမ်းသာ ဆင်းရဲခံစားခြင်း ဤသို့ အသက်အပိုင်းအခြား ရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ဖြစ်ပြန်၏ဟု အခြင်းအရာနှင့်တကွ ညွှန်းပြဖွယ် အမည်အနွယ်နှင့်တကွ များပြားသော ရှေး၌ဖြစ်ဘူးသောဘဝကို အောက်မေ့နိုင်ကုန်သလောဟု မေးလျှောက်ပြန်၏။ ငါ့သျှင် ဤသို့မအောက်မေ့နိုင်ပါ။

အသျှင်တို့ ဤသို့ သိကုန် ဤသို့ မြင်ကုန်သော သင်တို့သည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်တို့၏မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု'ဖြင့် သေဆဲသတ္တဝါ

http://www.dhammadownload.com



ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ၊ ကောင်းသောလားရာရှိသော သတ္တဝါ မကောင်းသောလားရာရှိသောသတ္တဝါတို့ကို မြင်ကုန်သလော၊ ကံအားလျော်စွာ ဖြစ်ပေါ်သော သတ္တဝါတို့ကို သိကုန်သလော။ အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ကာယဒုစရိုက်'နှင့် ပြည့်စုံကုန်၏။ နှုတ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ဝစီဒုစရိုက်'၊ စိတ်ဖြင့် ပြုသော မကောင်းသောအကျင့် 'မနောဒုစရိုက်'တို့နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲတတ်ကုန်၏၊ မှားသော အယူရှိကုန်၏၊ မှားသောအယူဖြင့် ပြုကျင့်သောကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီးကျရောက်ရာ ငရဲသို့ရောက်ကုန်၏။ အချင်းတို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့်ပြုသော ကောင်းသောအကျင့် 'ကာယသုစရိုက်' နှုတ်ဖြင့် ပြုသော ကောင်းသောအကျင့် 'ဝစီသုစရိုက်' စိတ်ဖြင့် ပြုသော ကောင်းသောအကျင့် 'မနောသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို မစွပ်စွဲကုန်၊ မှန်သော အယူရှိကုန်၏၊ မှန်သော အယူဖြင့် ပြုကျင့်သောကံ ရှိကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်၌ ဖြစ်ပေါ်ကုန်၏ ဟု သိကုန်သလော၊ ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သောလူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော မျက်စိ 'ဒိဗ္ဗစက္ခု'ဖြင့် သေဆဲ သတ္တဝါ ဖြစ်ဆဲသတ္တဝါ ယုတ်သော သတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသော လားရာရှိသောသတ္တဝါ မကောင်းသော လားရာရှိသောသတ္တဝါတို့ကို မြင်ကုန်သလော၊ ကံအားလျော်စွာ ဖြစ်သောသတ္တဝါတို့ကို သိကုန်သလောဟု မေးလျှောက်ပြန်၏။ ငါ့သျှင် ဤသို့ မသိပါ။

အသျှင်တို့ ဤသို့ သိကုန် ဤသို့ မြင်ကုန်သော သင်တို့သည် ရူပဈာန်တို့ကို လွန်၍ ငြိမ်သက်သော အရူပဝိမောက္ခဈာန်တို့ကို နာမကာယဖြင့် တွေ့ထိ၍ နေကုန်သလော ဟု မေးလျှောက်ပြန်၏။ ငါ့သျှင် ဤသို့ မနေပါကုန်။ အသျှင်တို့ ဤအရာ၌ ဤအဖြေသည်ကား ဤတရားတို့သို့လည်း မရောက်ချေ၊ အသျှင်တို့ မသင့်ဟူသော ဤအဖြေသည် အသို့နည်း။ ငါ့သျှင်သုသိမ ငါတို့သည် ပညာဖြင့်လွန်မြောက်ကုန်သော 'ပညာဝိမုတ္တ' ပုဂ္ဂိုလ်တို့တည်းဟု ဆိုကုန်၏။

အကျွန်ုပ်သည် အသျှင်တို့၏ အကျဉ်းအားဖြင့် ဟောအပ်သော ဤစကား၏ အနက်ကို အကျယ်အားဖြင့် မသိပါ၊ တောင်းပန်ပါ၏၊ အသျှင်တို့သည် အကျဉ်းအားဖြင့် ဟောအပ်သော စကား၏အနက်ကို အကျယ်အားဖြင့် သိနိုင်ရာသော အခြင်းအရာအားဖြင့် အကျွန်ုပ်အား ဆိုပါကုန်လော့ ဟု (လျှောက်ပြန်၏)။ ငါ့သျှင် သုသိမ သင်သည် သိသည်မူလည်း ဖြစ်စေ၊မသိသည်မူလည်း ဖြစ်စေ၊ စင်စစ်သော်ကား ငါတို့သည် ပညာဖြင့် လွတ်မြောက်ကုန်သော 'ပညာဝိမုတ္တ' ပုဂ္ဂိုလ်တို့တည်းဟု (ဆိုကုန်၏)။

ထိုအခါ အသျှင်သုသိမသည် နေရာမှထကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တစ်ခုသောနေရာ၌ ထိုင်နေပြီးသော် ထိုရဟန်းတို့နှင့်အတူပြောခဲ့သမျှ စကားအလုံးစုံကို မြတ်စွာဘုရားအား လျှောက်၏။ သုသိမ တရား၌ တည်သော ဝိပဿနာဉာဏ်သည် ရှေးဦးဖြစ်၏၊ နိဗ္ဗာန်ကိုမြင်သော မဂ်ဉာဏ်သည် နောက်မှဖြစ်၏ဟု မိန့်တော်မူ၏။

အသျှင်ဘုရား မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် ဟောအပ်သော ဤတရား၏အနက်ကို အကျယ်အားဖြင့် အကျွန်ုပ် မသိပါ၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် အကျဉ်း

http://www.dhammadownload.com



အားဖြင့် ဟောအပ်သော ဤတရားတော်၏ အနက်ကိုအကျယ်အားဖြင့် သိနိုင်ရာသောအခြင်းအရာဖြင့် အကျွန်ုပ်အား ဟောတော်မူပါလော့ဟု (လျှောက်၏)။ သုသိမ သင်သည် သိသည်မူလည်းဖြစ်စေ၊ မသိသည်မူလည်းဖြစ်စေ၊ စင်စစ်သော်ကား တရား၌တည်သော (ဝိပဿနာ) ဉာဏ်သည် ရှေးဦး ဖြစ်၏။ နိဗ္ဗာန်ကိုမြင်သော မဂ်ဉာဏ်သည် နောက်မှဖြစ်၏။

သုသိမ ထိုအရာကို အဘယ်သို့ မှတ်ထင်ဘိသနည်း၊ ရုပ်သည် မြဲသလော မမြဲသလော။ အသျှင်ဘုရား မမြဲပါ။ မမြဲသော ရုပ်သည် ဆင်းရဲလော ချမ်းသာလော။ အသျှင်ဘုရား ဆင်းရဲဖြစ်ပါ၏၊ မမြဲသော ဆင်းရဲသော ဖောက်ပြန်သောသဘောရှိသော ရုပ်ကို ဤရုပ်သည် ငါ၏ဥစ္စာပည်း၊ ဤရုပ်သည် ငါဖြစ်၏၊ ဤရုပ်သည် ငါ၏အတ္တတည်းဟု ရှုခြင်းငှါ သင့်ပါမည်လော။ အသျှင်ဘုရား (ဤသို့ ရှုခြင်းငှါ) မသင့်ပါ။ ဝေဒနာသည် မြဲသလော မမြဲသလော။အသျှင်ဘုရား မမြဲပါ။ မမြဲသော ဝေဒနာသည် ဆင်းရဲလော၊ ချမ်းသာလော။ အသျှင်ဘုရား ဆင်းရဲဖြစ်ပါ၏။ မမြဲသော ဆင်းရဲသော ဖောက်ပြန်သော သဘောရှိသော ဝေဒနာကို ဤဝေဒနာသည် ငါ၏ ဥစ္စာတည်း၊ ဤဝေဒနာသည် ငါဖြစ်၏၊ ဤဝေဒနာသည် ငါ၏ အတ္တတည်းဟု ရှုခြင်းငှါ သင့်မည်လော။ အသျှင်ဘုရား မသင့်ပါ။ သညာသည် မြဲသလော မမြဲသလော။ အသျှင်ဘုရားမမြဲပါ။ပ။ သင်္ခါရတို့သည် မြဲကုန်သလော၊ မမြဲကုန်သလော။ အသျှင်ဘုရား မမြဲကုန်ပါ။ မမြဲသောထိုသင်္ခါရသည် ဆင်းရဲလော ချမ်းသာလော။ အသျှင်ဘုရား ဆင်းရဲဖြစ်ပါ၏၊ မမြဲသော ဆင်းရဲသော ဖောက်ပြန်သော သဘောရှိသော ဤသင်္ခါရတို့သည် ငါ၏ဥစ္စာတည်း၊ ဤသင်္ခါရသည် ငါဖြစ်၏။ ဤသင်္ခါရတို့သည် ငါ၏ကိုယ်တည်းဟု ရှုခြင်းငှါသင့်မည်လော။ အသျှင်ဘုရား မသင့်ပါ။ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ အသျှင်ဘုရား မမြဲပါ။ မမြဲသောဝိညာဏ်သည် ဆင်းရဲလော၊ ချမ်းသာလော။ အသျှင်ဘုရား ဆင်းရဲဖြစ်ပါ၏။ မမြဲသော ဆင်းရဲသော ဖောက်ပြန်သော သဘောရှိသော ဝိညာဏ်ကို ဤဝိညာဏ်သည် ငါ၏ဥစ္စာတည်း၊ ဤဝိညာဏ်သည် ငါဖြစ်၏၊ ဤဝိညာဏ်သည် ငါ၏ အတ္တတည်းဟု ရှုခြင်းငှါ သင့်ပါမည်လော။ အသျှင်ဘုရား မသင့်ပါ။

သုသိမ ထို့ကြောင့် ဤ သာသနာတော်၌ လွန်ပြီး 'အတိတ်' နှောင် 'အနာဂတ်' ယခု 'ပစ္စုပ္ပန်' ဖြစ်သော အတွင်း 'အဇ္ဈတ္တ' အပ 'ဗဟိဒ္ဓ' ၌လည်းဖြစ်သော ကြမ်းထမ်းသည်လည်းဖြစ် နူးညံ့သည်လည်းဖြစ်သော ယုတ်သည်လည်းဖြစ် မြတ်သည်လည်းဖြစ်သော ဝေးသည်လည်းဖြစ် နီးသည်လည်းဖြစ်သော ရုပ်အားလုံးကို ဤရုပ်သည် ငါ၏ဥစ္စာမဟုတ်၊ ဤရုပ်သည် ငါ မဟုတ်၊ ဤရုပ်သည် ငါ၏အတ္တမဟုတ်ဟု ဤသို့ ဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့် ရှုအပ်၏။ လွန်ပြီး 'အတိတ်' နှောင် 'အနာဂတ်' ယခု 'ပစ္စုပ္ပန်' ဖြစ်သော အတွင်း 'အဇ္ဈတ္တ' အပ 'ဗဟိဒ္ဓ' ၌လည်းဖြစ်သော ကြမ်းထမ်းသည်လည်းဖြစ် နူးညံ့သည်လည်းဖြစ်သော ယုတ်သည်လည်းဖြစ် မြတ်သည်လည်းဖြစ်သော ဝေးသည်လည်းဖြစ် နီးသည်လည်းဖြစ်သော ဝေဒနာအားလုံးကို ဤဝေဒနာသည် ငါ၏ဥစ္စာမဟုတ်၊ ဤဝေဒနာသည် ငါမဟုတ်၊ ဤဝေဒနာသည် ငါ၏အတ္တမဟုတ်ဟု ဤသို့ ဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့် ရှုအပ်၏။ သညာသည်။ပ။ လွန်ပြီး 'အတိတ်' နှောင် 'အနာဂတ်' ယခု 'ပစ္စုပ္ပန်' ဖြစ်သော အတွင်း 'အဇ္ဈတ္တ' အပ 'ဗဟိဒ္ဓ' ၌လည်းဖြစ်သော ကြမ်းထမ်းသည်လည်းဖြစ် နူးညံ့သည်လည်းဖြစ်သော ယုတ်သည်လည်းဖြစ် မြတ်သည်လည်း ဖြစ်သော ဝေးသည်လည်းဖြစ် နီးသည်လည်းဖြစ်သော သင်္ခါရ အားလုံးတို့ကို ဤ သင်္ခါရတို့သည် ငါမဟုတ်၊ ဤသင်္ခါရတို့သည် ငါ၏အတ္တမဟုတ်ဟု ဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့် ရှုအပ်၏။ လွန်ပြီး 'အတိတ်' နှောင် 'အနာဂတ်' ယခု 'ပစ္စုပ္ပန်' ဖြစ်သော အတွင်း 'အဇ္ဈတ္တ' အပ

http://www.dhammadownload.com



'ဗဟိဒ္ဓ'၌လည်းဖြစ်သော ကြမ်းထမ်းသည်လည်းဖြစ် နူးညံ့သည်လည်းဖြစ်သောယုတ်ဆည်လည်းဖြစ် မြတ်သည်လည်း ဖြင်သော ဝေးသည်လည်းဖြစ် နီးသည်လည်း ဖြစ်သော ဝိညာဏ်အားလုံးကို ဤဝိညာဏ်သည် ငါ၏ ဥစ္စာမဟုတ်၊ ဤဝိညာဏ်သည် ငါမဟုတ်၊ ဤဝိညာဏ်သည် ငါ၏ အတ္တမဟုတ် ဟု ဤသို့ ဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့် ရှုအပ်၏။

သုသိမ ဤသို့ ရှုသည်ရှိသော် အကြားအမြင်နှင့်ပြည့်စုံသော အရိယာတပည့်သည် ရုပ်၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်းငြီးငွေ့၏၊ သညာ၌လည်းငြီးငွေ့၏၊ သင်္ခါရတို့၌လည်းငြီးငွေ့၏၊ဝိညာဏ်၌လည်းငြီးငွေ့၏၊ ငြီးငွေ့သည်ရှိသော် တပ်မက်ခြင်း ကင်း၏၊ တပ်မက်ခြင်း ကင်းခြင်းကြောင့် လွတ်မြောက်၏၊ လွတ်မြောက်ရာ၌ လွတ်မြောက်ပြီဟု သိသော ဉာဏ်သည် ဖြစ်၏၊ ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ အရဟတ္တဖိုလ် အကျိုးငှါ တဖန်ပြုဖွယ်ကိစ္စ မရှိတော့ပြီဟု သိ၏။

သုသိမ ဇာတိအကြောင်းခံကြောင့် ဇရာမရဏဖြစ်၏ ဟုရှုလော့။ အသျှင်ဘုရား ကောင်းပါပြီ။ သုသိမ ဘဝအကြောင်းခံကြောင့် ဇာတိဖြစ်၏ဟု ရှုလော့။ အသျှင်ဘုရားကောင်းပါပြီ။ သုသိမ ဥပါဒါန်အကြောင်းခံကြောင့် ဘဝဖြစ်၏ဟု ရှုလော့။ အသျှင်ဘုရားကောင်းပါပြီ။ သုသိမ တဏှာ အကြောင်းခံကြောင့် ဥပါဒါန်ဖြစ်၏ဟု ရှုလော့။ အသျှင်ဘုရား ကောင်းပါပြီ။ဝေဒနာအကြောင်းခံ ကြောင့်တဏှာဖြစ်၏ဟု။ ဖဿအကြောင်းခံကြောင့် ဝေဒနာဖြစ်၏ဟု။ သဠာယတန အကြောင်းခံ ကြောင့်ဖဿ ဖြစ်၏ဟု။ နမ်ရုပ်အကြောင်းခံကြောင့် သဠာယတနဖြစ်၏ဟု။ ဝိညာဏ် အကြောင်းခံ ကြောင့် နာမ်ရုပ်ဖြစ်၏ဟု။ သင်္ခါရအကြောင်းခံကြောင့် ဝိညာဏ်ဖြစ်၏ဟု။ သုသိမ အဝိဇ္ဇာ အကြောင်းခံကြောင့် သင်္ခါရတို့ ဖြစ်ကုန်၏ ဟု ရှုလော့။ အသျှင်ဘုရား ကောင်းပါပြီ။

သုသိမ ဇာတိချုပ်ခြင်းကြောင့် ဇရာမရဏချုပ်၏ ဟု ရှုလော့၊ အသျှင်ဘုရားကောင်းပါပြီ။ သုသိမ ဘဝချုပ်ခြင်းကြောင့် ဇာတိချုပ်၏ဟု ရှုလော့၊ အသျှင်ဘုရားကောင်းပါပြီ။ ဥပါဒါန် ချုပ်ခြင်းကြောင့် ဘဝချုပ်၏ဟု။ တဏှာချုပ်ခြင်းကြောင့် ဥပါဒါန်ချုပ်၏ ဟု။ ဝေဒနာချုပ်ခြင်း ကြောင့် တဏှာချုပ်၏ဟု။ဖဿချုပ်ခြင်းကြောင့်ဝေဒနာချုပ်၏ဟု။ သဠာယတနချုပ်ခြင်းကြောင့် ဖဿချုပ်၏ ဟု။ နာမ်ရုပ်ချုပ်ခြင်းကြောင့် သဠာယတနချုပ်၏ ဟု။ ဝိညာဏ်ချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်၏ဟု။ သင်္ခါရချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်၏ဟု။ သုသိမ အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရတို့ ချုပ်ကုန်၏ ဟု ရှုလော့၊ အသျှင်ဘုရား ကောင်းပါပြီ။

သုသိမ သင်သည် ဤသို့ သိသည် ဤသို့ မြင်သည် ရှိသော် များစွာသော တန်ခိုးဖန်ဆင်း ခြင်းကို ခံစားသလော၊ တယောက်တည်း ဖြစ်လျက်လည်း အများဖြစ်စေနိုင်သလော၊ အများ ဖြစ်လျက်လည်း တယောက်တည်း ဖြစ်စေနိုင်သလော၊ ကိုယ်ထင်ရှားဖြစ်စေကာ ကိုယ်ပျောက် စေကာ နံရံတဖက် တံတိုင်းတဖက် တောင်တဖက်သို့ မထိမငြိပဲ ကောင်းကင်၌ကဲ့သို့ သွားလာ နိုင်သလော၊ ရေ၌ကဲ့သို့ မြေ၌လည်း ငုပ်ခြင်း ပေါ်ခြင်းကို ပြုနိုင်သလော၊ ရေ၌လည်း မကွဲစေပဲ မြေ၌ကဲ့သို့ သွားနိုင်သလော၊ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက် အတောင်ရှိသောငှက်ကဲ့သို့ သွားလာနိုင်သလော၊ ဤသို့ တန်ခိုးကြီးကုန်သော ဤသို့ အာနုဘော်ကြီးကုန်သော ဤလနေတို့ ကိုလည်း လက်ဖြင့်သုံးသပ်နိုင်သလော။ ဆုပ်ကိုင်နိုင်သလော၊ဗြဟ္မာ့ ပြည်တိုင်အောင်လည်းကိုယ်ကို မိမိအလိုအတိုင်း ဖြစ်စေနိုင်သလော ဟု မေးတော်မူ၏။ အသျှင်ဘုရား မဖြစ်စေနိုင်ပါ။

http://www.dhammadownload.com



သုသိမ သင်သည် ဤသို့ သိသည် ဤသို့မြင်သည်ရှိသော် အထူးသဖြင့် စင်ကြယ်သော လူတို့၏နားထက်သာလွန်သော နတ်တို့၏နားနှင့်တူသော 'ဒိဗ္ဗသောတ' ဉာဏ်ဖြင့်နတ်၌လည်းဖြစ်ကုန် လူ၌လည်းဖြစ်ကုန်သော ဝေးသည်လည်းဖြစ်ကုန် နီးသည်လည်းဖြစ်ကုန်သော နှစ်မျိုးသော အသံတို့ကိုကြားနိုင်သလော။ အသျှင်ဘုရား မကြားနိုင်ပါ။

သုသိမ သင်သည် ဤသို့ သိသည် ဤသို့မြင်သည်ရှိသော် တပါးသော သတ္တဝါ တပါးသော ပုဂ္ဂိုလ်တို့၏ စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ သိနိုင်သလော၊ စွဲမက်ခြင်း 'ရာဂ'နှင့်တကွ ဖြစ်သော စိတ်ကိုလည်း စွဲမက်ခြင်း'ရာဂ'နှင့် တကွဖြစ်သောစိတ်ဟု သိနိုင်သလော ။ပ။ လွတ်မြောက်သော စိတ်ကိုလည်း(ကိလေသာမှ)လွတ်မြောက်သော စိတ်ဟု သိနိုင်သလော။ အသျှင်ဘုရား မသိနိုင်ပါ။

သုသိမ သင်သည် ဤသို့ သိသည် ဤသို့မြင်သည်ရှိသော် များပြားစွာသော ရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့နိုင်သလော။ ဤသည်ကားအဘယ်နည်း။ တဘဝကို။ပ။ ဤသို့ အခြင်းအရာနှင့် တကွ ညွှန်းပြဖွယ် အမည်အနွယ်နှင့်တကွ များပြားသော ရှေး၌နေဘူးသော ဘဝကို အောက်မေ့နိုင်သလော။ အသျှင်ဘုရား မအောက်မေ့နိုင်ပါ။

သုသိမ သင်သည် ဤသို့သိသည် ဤသို့မြင်သည်ရှိသော် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော မျက်စိ 'ဒိဗ္ဗစက္ခုဉာဏ်' ဖြင့် သေဆဲ သတ္တဝါတို့ကို။ပ။ ကံအားလျော်စွာဖြစ်ပေါ်သော သတ္တဝါတို့ကို သိနိုင်သလော။ အသျှင်ဘုရား မသိနိုင်ပါ။

သုသိမ သင်သည် ဤသို့သိသည် ဤသို့မြင်သည်ရှိသော် ရူပစျာန်တို့ကို လွန်၍ ငြိမ်သက်သော အရူပဝိမောက္ခစျာန်တို့ကို နာမကာယဖြင့် တွေ့ထိ၍ နေနိုင်သလော။ အသျှင်ဘုရား မနေနိုင်ပါ။

သုသိမ ယခု ဤအရာ၌ ဤအဖြေသည်ကား ဤတရားတို့သို့လည်း မရောက်ချေ၊ ဤအဖြေ သည် အသို့နည်းဟု မေးတော်မူ၏။

ထိုအခါ၌ အသျှင်သုသိမသည် မြတ်စွာဘုရား၏ ခြေတော်တို့၌ ဦးခိုက်လျက် မြတ်စွာဘုရား အား ဤစကားကိုလျှောက်၏—"အသျှင်ဘုရား မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့်အလျောက် အကျွန်ုပ်ကို အပြစ်သည် လွှမ်းမိုးခဲ့ပါ၏၊ ထိုအကျွန်ုပ်သည် ဤသို့ ကောင်းစွာဟောအပ်သော ဓမ္မဝိနယ (သာသနာတော်)၌ တရားကို ခိုးလို၍ ရဟန်းပြုခဲ့ပါ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ထိုအကျွန်ုပ်၏အပြစ်ကိုအပြစ်အားဖြင့် နောင်အခါ၌စောင့်စည်း ခြင်းငှါ သည်းခံတော်မူပါလော့" ဟုလျှောက်၏။

သုသိမ စင်စစ်သော်ကား မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့် အလျောက် အပြစ်သည်လွှမ်းမိုးနေ၏၊ အကြင်သင်သည် ဤသို့ ကောင်းစွာ ဟောအပ်သော ဓမ္မဝိနယ(သာသနာတော်)၌ တရားကိုခိုးလို၍ရဟန်းပြု၏၊ သုသိမ ဥပမာသော်ကား ယုတ်မာသော အကျင့်ရှိသော ခိုးသူကိုဖမ်း၍ "မင်းမြတ် ဤသူသည် ယုတ်မာသောအကျင့်ရှိသော ခိုးသူပါတည်း၊ ဤခိုးသူအား မင်းမြတ်အလိုရှိသော အပြစ်ဒဏ်ကို စီရင်ပါလော့" ဟု မင်းအား ပြကုန်ရာ၏၊ ထိုမင်းချင်းတို့ကို မင်းသည် "အချင်းတို့ သွားကုန်လော့၊ ဤယောကျ်ားကို ခိုင်သော ကြိုးဖြင့်

http://www.dhammadownload.com



လက်ပြန် မြဲစွာချည်တုပ်၍ သင်ခုန်းဖြင့် ခေါင်းတုံးရိတ်ပြီ၊ လျှင် ကြမ်းထမ်းသော အသံရှိသော ထက်စည်တီးကာ လမ်းမတခုမှ လမ်းမတခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ ဆွဲဆောင်၍ တောင်တံခါးမှထုတ်ပြီးလျှင်မြို့၏တောင်အရပ်၌ ဦးခေါင်းကိုဖြတ်ကုန်လော့''ဟု ဆိုရာ၏၊ထိုခိုးသူကို မင်းချင်းတို့သည် ခိုင်သောကြိုးဖြင့် လက်ပြန်မြဲစွာ ချည်တုပ်၍ သင်ခုန်းဖြင့် ခေါင်းတုံးရိပ်လျက် ကြမ်းထမ်းသော အသံရှိသော ထက်စည်ဖြင့် လမ်းမတခုမှ လမ်းမတခုသို့ လမ်းဆုံတခုမှ လမ်းဆုံ တခုသို့ ဆွဲဆောင်၍ တောင်တံခါးမှ ထုတ်ပြီးလျှင် မြို့၏တောင်အရပ်၌ ဦးခေါင်းကို ဖြတ်ကုန်ရာ၏၊ သုသိမ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ စင်စစ်အားဖြင့် ထိုခိုးသူ ယောကျ်ားသည် ထိုသို့ ပြင်းထန်သော ဒဏ်ပေးခြင်းအမကြောင်းကြောင့် ဆင်းရဲခြင်း နှလုံးမသာခြင်းကို ခံစားရာသည် မဟုတ်လော။ မှန်ပါသည် အသျှင်ဘုရား။

သုသိမ ထိုယောကျ်ားသည် ထိုခိုးမှု အပြစ်ဒဏ်ကြောင့် ဆင်းရဲခြင်း နှလုံးမသာခြင်း ဒေါမနဿကို ခံစားရရာ၏၊ ဤသို့ ကောင်းစွာ ဟောအပ်သော ဓမ္မဝိနယ (သာသနာတော်)၌ တရားကို ခိုးလို၍ ရဟန်းပြုခြင်းသည် ထိုခိုးသူ၏ ဆင်းရဲထက်လွန်ကဲသော ဆင်းရဲခြင်း အကျိုးလည်း ရှိ၏၊ လွန်ကဲသော စပ်ရှားခြင်း အကျိုးလည်း ရှိ၏၊ စင်စစ်အားဖြင့် ပျက်စီးကျရောက်ခြင်းငှါ ဖြစ်၏။ သုသိမ အကြင့်ကြောင့် သင်သည် အပြစ်ကို အပြစ်အားဖြင့် မြင်၍ အပြစ်အားလျော်စွာကုစား၏၊ ထို့ကြောင့် သင်၏ ထိုအပြစ် ဝန်ခံချက်ကို ငါတို့ သည်းခံကုန်၏၊ သုသိမ အကြင်သူသည် အပြစ်ကို အပြစ်အလျောက်မြင်၏၊ အပြစ်အားလျော်စွာ ကုစား၏၊ နောင်အခါ၌လည်း စောင့်စည်းခြင်းသို့ ရောက်၏၊ ဤသည်ကား ဘုရားအစရှိသော သူတော်ကောင်းတို့၏ အဆုံးအမ၌ ထိုသူ၏ ကြီးပွားကြောင်းတည်း ဟု (ဟောတော်မူ၏)။

ဒသမသုတ်။

**ခုနစ်ခုမြောက် မဟာဝဂ် ပြီး၏။**

---

## ဂ-သမဏဗြာဟ္မဏဝဂ် ၁—ဇရာမရဏသုတ်

၇၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သောဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ထိုအခါ မြတ်စွာဘုရားသည်။ပ။ရဟန်းတို့ အကြင်သမဏဗြာဟ္မဏတို့သည် အိုခြင်း'ဇရာ'သေခြင်း'မရဏ'ကို မသိကုန်၊ အိုခြင်း သေခြင်း၏ အကြောင်းကို မသိကုန်၊ အိုခြင်း သေခြင်း၏ ချုပ်ရာကို မသိကုန်၊ အိုခြင်း သေခြင်း၏ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို မသိကုန်၊ ရဟန်းတို့ ထိုသမဏဗြာဟ္မဏတို့ကို သမဏတို့၌မူလည်း သမဏဟူ၍ မသမုတ်အပ်ကုန်၊ ဗြာဟ္မဏတို့၌မူလည်း ဗြာဟ္မဏဟူ၍ မသမုတ်အပ်ကုန်၊ ထိုအသျှင်တို့သည် သမဏအဖြစ်ကိုဖြစ်ရင်း ဗြာဟ္မဏအဖြစ်ကိုဖြစ်ရင်း ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကုန်လျက် ရောက်၍ မနေရကုန်။

ရဟန်းတို့ အကြင် သမဏဗြာဟ္မဏတို့သည် အိုခြင်း'ဇရာ'သေခြင်း'မရဏ'ကို သိကုန်၏။ပ။ အကျင့်ကို သိကုန်၏၊ ရဟန်းတို့ ထိုသမဏဗြာဟ္မဏတို့ကို သမဏတို့၌မူလည်း သမဏဟူ၍ သမုတ်အပ်ကုန်၏၊ ဗြာဟ္မဏတို့၌မူလည်း ဗြာဟ္မဏဟူ၍ သမုတ်အပ်ကုန်၏၊ ထိုအသျှင်တို့သည်

http://www.dhammadownload.com



ကား သမဏ၏အဖြစ်ကိုရင်း ဗြာဟ္မဏ၏ အဖြစ်ကိုရင်း ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရကုန်၏ဟု(ဟောတော်မူ၏)။ (သုတ္တန်တခုတည်း)။

ပဉ္စမသုတ်

---

## ၂-၁၁-ဇာတိသုတ် အစရှိသော ဆယ်သုတ်

၃၂။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ပဋိသန္ဓေနေခြင်း'ဇာတိ'ကို မသိကုန်။ပ။ ဘဝကို မသိကုန်။ပ။ဥပါဒါန် မသိကုန်။ပ။ တဏှာကို မသိကုန်။ပ။ ဝေဒနာကို မသိကုန်။ပ။ ဖဿကို မသိကုန်။ပ။သဠာယတနကို မသိကုန်။ပ။နာမ်ရုပ်ကို မသိကုန်။ပ။ဝိညာဏ်ကို မသိကုန်။ပ။ သင်္ခါရတို့ကို မသိကုန်၊သင်္ခါရတို့၏ ဖြစ်ပေါ်ကြောင်းကို မသိကုန်၊ သင်္ခါရတို့၏ချုပ်ရာကို မသိကုန်၊ သင်္ခါရတို့၏ ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို မသိကုန်။ပ။သိကုန်၏။ပ။ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရကုန်၏ ဟု (ဟောတော်မူ၏)။

ဧကာဒသမသုတ်။

ရှစ်ခုမြောက် သမဏဗြာဟ္မဏဝဂ် ပြီး၏။

---

## ၉-အန္တရပေယျာလ ၁-သတ္ထုသုတ်

၃၃။ သာဝတ္ထိပြည်၌(သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ အိုခြင်း'ဇရာ'သေခြင်း'မရဏ'ကို ဟုတ်မှန်သောအတိုင်း မသိသူ မမြင်သူသည် အိုခြင်း'ဇရာ'သေခြင်း'မရဏ'၌ ဟုတ်မှန်သောအတိုင်း သိခြင်းငှါ ဆရာကို ရှာအပ်၏၊ အိုခြင်း'ဇရာ'သေခြင်း'မရဏ'၌ ဖြစ်ပေါ်ကြောင်းကို ဟုတ်မှန်သောအတိုင်း မသိသူ မမြင်သူသည် အိုခြင်း'ဇရာ' သေခြင်း 'မရဏ' ၏ ဖြစ်ပေါ်ကြောင်း၌ ဟုတ်မှန်သောအတိုင်း သိခြင်းငှါ ဆရာကို ရှာအပ်၏။ အိုခြင်း'ဇရာ'သေခြင်း'မရဏ'၏ ချုပ်ရာကို ဟုတ်မှန်သော အတိုင်း မသိသူ မမြင်သူသည် အိုခြင်း'ဇရာ'သေခြင်း'မရဏ'၏ ချုပ်ရာ၌ ဟုတ်မှန်သောအတိုင်းသိခြင်းငှါ ဆရာကို ရှာအပ်၏၊ အိုခြင်း'ဇရာ'သေခြင်း'မရဏ'၏ ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို ဟုတ်မှန်သော အတိုင်း မသိသူ မမြင်သူသည် အိုခြင်း'ဇရာ'သေခြင်း 'မရဏ'၏ ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်၌ ဟုတ်မှန်သော အတိုင်းသိခြင်းငှါဆရာကို ရှာအပ်၏ ဟူ၍ (ဟောတော်မူ၏)။ (သုတ္တန်တခုတည်း)

ပဉ္စမသုတ်။

[ဤသုတ်အတူ အလုံးစုံသောသုတ်တို့၏ ပေယျာလကို ချဲ့အပ်၏]။

---

## ၂-၁၁-ဒုတိယသတ္ထုသုတ် စသည် ဆယ်သုတ်

(၂) ရဟန်းတို့ ပဋိသန္ဓေနေမှု'ဇာတိ'ကို ဟုတ်မှန်သောအတိုင်း မသိသူ မမြင်သူသည်။ပ။
(၃) ရဟန်းတို့ ဘဝကို ဟုတ်မှန်သော အတိုင်း မသိသူ မမြင်သူသည်။ပ။

http://www.dhammadownload.com



(၄) ရဟန်းတို့ ပြင်းစွာစွဲလမ်းမှု 'ဥပါဒါန်' ကို ဟုတ်မှန်သောအတိုင်းမသိသူ မမြင်သူသည်။ပ။

(၅) ရဟန်းတို့ တပ်မက်မှု 'တဏှာ'ကို ဟုတ်မှန်သော အတိုင်း မသိသူ မမြင်သူသည်။ပ။

(၆) ရဟန်းတို့ ခံစားမှု 'ဝေဒနာ' ကို ဟုတ်မှန်သောအတိုင်း မသိသူ မမြင်သူသည်။ပ။

(၇) ရဟန်းတို့ တွေ့ထိမှု 'ဖဿ'ကို ဟုတ်မှန်သောအတိုင်း မသိသူ မမြင်သူသည်။ပ။

(၈) ရဟန်းတို့ သဠာယတနကို ဟုတ်မှန်သောအတိုင်း မသိသူ မမြင်သူသည်။ပ။

(၉) ရဟန်းတို့ နာမ်ရုပ်ကို ဟုတ်မှန်သောအတိုင်း မသိသူ မမြင်သူသည်။ပ။

(၁၀) ရဟန်းတို့ ဝိညာဏ်ကို ဟုတ်မှန်သောအတိုင်း မသိသူ မမြင်သူသည်။ပ။

(၁၁) ရဟန်းတို့ သင်္ခါရတို့ကို ဟုတ်မှန်သောအတိုင်း မသိသူ မမြင်သူသည် သင်္ခါရတို့၌ ဟုတ်မှန်သောအတိုင်းသိခြင်းငှါ ဆရာကိုရှာအပ်၏၊ သင်္ခါရတို့၏အကြောင်းကို ဟုတ်မှန်သော အတိုင်းမသိသူ မမြင်သူသည် သင်္ခါရတို့၏အကြောင်း၌ ဟုတ်မှန်သော အတိုင်း သိခြင်းငှါဆရာကို ရှာအပ်၏၊ သင်္ခါရတို့ချုပ်ရာကို ဟုတ်မှန်သောအတိုင်း မသိသူ မမြင်သူသည် သင်္ခါရတို့၏ချုပ်ရာ၌ ဟုတ်မှန်သောအတိုင်း သိခြင်းငှါဆရာကိုရှာအပ်၏၊ သင်္ခါရတို့၏ချုပ်ရာ(နိဗ္ဗာန်)သို့ရောက်ကြောင်း အကျင့်ကို ဟုတ်မှန်သောအတိုင်း မသိသူ မမြင်သူသည် သင်္ခါရတို့၏ ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်၌ ဟုတ်မှန်သောအတိုင်း သိခြင်းငှါ ဆရာကို ရှာအပ်၏ ဟု(မိန့်တော်မူ၏)။

ကောဒသမသုတ်။

[အလုံးစုံသော သုတ်တို့ကို သစ္စာလေးပါးဖြင့် ခွဲဝေခြင်းကို ပြုအပ်၏]

---

## ၂-၁၂-သိက္ခာသုတ်စသော ပေယျာလတဆယ့်တသုတ်

(၂) ရဟန်းတို့ အိုခြင်း'ဇရာ' သေခြင်း'မရဏ'ကို ဟုတ်မှန်သောအတိုင်း မသိသူ မမြင်သူသည် အိုခြင်း'ဇရာ'သေခြင်း'မရဏ'ကို ဟုတ်မှန်သောအတိုင်း သိခြင်းငှါ အကျင့်ကို ကျင့်အပ်၏။

[ပေယျာလ။ သစ္စာလေးပါးဖြင့် ခွဲဝေခြင်းကို ပြုအပ်၏]။

(၃) ရဟန်းတို့ ဇရာ မရဏကို မသိသူ။ပ။ အားထုတ်ခြင်းကို ပြုအပ်၏။ပ။

(၄) ရဟန်းတို့ ဇရာ မရဏကို မသိသူ။ပ။ အလိုဆန္ဒကို ပြုအပ်၏။ပ။

(၅) ရဟန်းတို့ ဇရာ မရဏကို မသိသူ။ပ။ လွန်ကဲသော လုံ့လကို ပြုအပ်၏။ပ။

(၆) ရဟန်းတို့ ဇရာ မရဏကို မသိသူ။ပ။ မဆုတ်မနစ်သော လုံ့လကို ပြုအပ်၏။ပ။

(၇) ရဟန်းတို့ ဇရာ မရဏကို မသိသူ။ပ။ ပြင်းစွာအားထုတ်မှုကို ပြုအပ်၏။ပ။

(၈) ရဟန်းတို့ ဇရာ မရဏကို မသိသူ။ပ။ လုံ့လကို ပြုအပ်၏။ပ။

(၉) ရဟန်းတို့ ဇရာ မရဏကို မသိသူ။ပ။ မြဲသော လုံ့လကို ပြုအပ်၏။ပ။

http://www.dhammadownload.com



(၁၀) ရဟန်းတို့ ဇရာ မရဏကို မသိသူ။ပ။ သတိကိုပြုအပ်၏။ပ။

(၁၁) ရဟန်းတို့ ဇရာ မရဏကို မသိသူ။ပ။ သမ္ပဇဉ်ကို ပြုအပ်၏။ပ။

(၁၂) ရဟန်းတို့ ဇရာ မရဏကို မသိသူ။ပ။ မမေ့မလျော့ခြင်းကို ပြုအပ်၏။ပ။

ကိုးခုမြောက် အန္တရပေယျာလ ပြီး၏။

**နိဒါနသံယုတ် ပြီး၏။**

---

http://www.dhammadownload.com

# ၂-အဘိသမယသံယုတ်

## ၁-နခသိခါသုတ်

၇၄။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်— အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် လက်သည်းဖျား၌ မြေမှုန့် အနည်းငယ်ကို တင်၍ ရဟန်းတို့ကို မိန့်တော်မူ၏— "ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ လက်သည်းဖျား၌ ငါတင်ထားအပ်သော မြေမှုန့်အနည်းငယ်နှင့် ဤမြေကြီးသည် အဘယ်က များသနည်း" ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ထိုမြေကြီးသည်သာလျှင် အလွန်များလှပါ၏၊ လက်သည်းဖျား၌ မြတ်စွာဘုရား တင်ထားအပ်သော နည်းပါးလှသော မြေမှုန့်သည် အနည်းငယ်မျှသာတည်း၊ မြတ်စွာဘုရား လက်သည်းဖျား၌ တင်ထားအပ်သော မြေမှုန့်အနည်းငယ်သည် ဤမြေကြီးကို ထောက်ထားလျှင် အစိတ်တရာ စိတ်၍ တစိတ်ကိုမျှ မမီနိုင်၊ အစိတ်တထောင် စိတ်၍ တစိတ်ကိုမျှ မမီနိုင်၊ အစိတ်တသိန်းစိတ်၍ တစိတ်ကိုမျှ မမီနိုင်ပါ။ ရဟန်းတို့ ဤအတူသာလျှင် အရိယာတပည့်ဖြစ်သော ဉာဏ်အမြင်နှင့် ပြည့်စုံသော(သစ္စာလေးပါးတရားကို) ထိုးထွင်း၍ သိပြီးသော ပုဂ္ဂိုလ်အား ကုန်ပြီး ဆုံးပြီးသော ဆင်းရဲဒုက္ခသည်သာလျှင် အလွန်များ၏၊ကြွင်းကျန်သောဆင်းရဲဒုက္ခသည်အနည်းငယ်သာတည်း။ခုနစ်ဘဝ အတိုင်းအရှည်ရှိသော ဆင်းရဲအစုသည် ရှေး၌ ကုန်ဆုံးပြီးသော ဆင်းရဲအစုကို ထောက်ထားလျှင် အစိတ်တရာ စိတ်၍ တစိတ်ကိုမျှ မမီနိုင်၊ အစိတ်တထောင်စိတ်၍ တစိတ်ကိုမျှ မမီနိုင်၊ အစိတ်တသိန်း စိတ်၍ တစိတ်ကိုမျှ မမီနိုင်။ ရဟန်းတို့ (သစ္စာလေးပါးတရားကို)ထိုးထွင်း၍ သိခြင်းသည် ဤသို့ အကျိုးကြီးလှ၏၊ရဟန်းတို့(တရားမျက်စိ)သောတာပတ္တိမဂ်ဉာဏ် ဓမ္မစက္ခုကို ရခြင်းသည် ဤသို့ အကျိုးကြီးလှ၏ ဟု (ဟောတော်မူ၏)။

ပဌမသုတ်။

---

## ၂-ပေါက္ခရဏီသုတ်

၇၅။ သာဝတ္ထိပြည်၌(သီတင်းသုံး)နေတော်မူ၏၊ရဟန်းတို့ ဥပမာသော်ကား အလျားယူဇနာ ငါးဆယ် အနံယူဇနာငါးဆယ် အစောက်ယူဇနာ ငါးဆယ်ရှိသော ရေကန်သည် ရေဖြင့် ပြည့်၏၊ ကမ်းနှင့် အမျှ ဖြစ်၏၊ ကျီး သောက်နိုင်လောက်၏၊ ယောကျ်ားသည် ထိုရေကန်မှ ရေကို သမန်း မြက်ဖျားဖြင့် ထုတ်ယူရာ၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ သမန်းမြက် ဖျားဖြင့် ထုတ်ယူအပ်သော ရေနှင့် ရေကန်တွင်း၌ရှိသော ရေသည် အဘယ်က ပို၍များသနည်း ဟု(မိန့်တော်မူ၏)။

အသျှင်ဘုရား ရေကန်တွင်း၌ ရှိသော ရေသည်သာလျှင် များလှပါ၏၊ သမန်းမြက်ဖျားဖြင့် ထုတ်ယူအပ်သော ရေသည် နည်းလှပါ၏၊သမန်းမြက်ဖျားဖြင့် ထုတ်ယူအပ်သောရေသည် ရေကန်၌ ရှိသော ရေကို ထောက်ထားလျှင် အစိတ်တရာ စိတ်၍ တစိတ်ကိုမျှ မမီနိုင်၊အစိတ်တထောင်စိတ်၍

http://www.dhammadownload.com



တစိတ်ကိုမျှ မမီနိုင်၊ အစိတ်တသိန်းစိတ်၍ တစိတ်ကိုမျှ မမီနိုင်ပါ။ ရဟန်းတို့ ဤအတူသာလျှင် အရိယာတပည့်ဖြစ်သော ဉာဏ်အမြင်နှင့်ပြည့်စုံသော (သစ္စာလေးပါးတရားကို) ထိုးထွင်း၍ သိပြီးသော ပုဂ္ဂိုလ်အား ပြီးဆုံးပြီးသော ဆင်းရဲဒုက္ခသည်သာလျှင် အလွန်များ၏၊ ကြွင်းကျန်သော ဆင်းရဲဒုက္ခသည် အနည်းငယ်မျှသာတည်း။ ခုနစ်ဘဝ အတိုင်းအရှည်ရှိသော ဆင်းရဲအစုသည် ရှေး၌ကုန်ဆုံးပြီးသော ဆင်းရဲအစုကို ထောက်ထားလျှင် အစိတ်တရာစိတ်၍ တစိတ်ကိုမျှ မမီနိုင်၊ အစိတ်တထောင်စိတ်၍ တစိတ်ကိုမျှ မမီနိုင်၊ အစိတ်တသိန်းစိတ်၍ တစိတ်ကိုမျှ မမီနိုင်၊ ရဟန်းတို့ (သစ္စာလေးပါးတရားကို) သိခြင်းသည် ဤသို့ အကျိုးကြီးလှ၏၊ (တရားမျက်စိ) သောတာပတ္တိမဂ်ဉာဏ်ဓမ္မစက္ခုကို ရခြင်းသည် ဤသို့ အကျိုးကြီးလှ၏ ဟု (ဟောတော်မူ၏)။

ဒုတိယသုတ်။

## ၃-သံဘေဇ္ဇဥဒကသုတ်

၇၆။ သာဝတ္ထိပြည်၌(သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ဥပမာသော်ကား ဂင်္ဂါ ယမုနာ အစိရဝတီ သရဘူ မဟီဟူသော မြစ်ကြီးတို့သည် အကြင်အရပ်၌ အတူတကွ ပေါင်းဆုံစီးဆင်းကြကုန်၏၊ ယောကျ်ားသည် ထိုမြစ်ကြီးငါးသွယ်တို့ပေါင်းဆုံစီးဆင်းရာအရပ်မှ ရေနှစ်စက်သုံးစက်တို့ကို ထုတ်ယူရာ၏။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ထုတ်ယူအပ်သော ရေနှစ်စက် သုံးစက်နှင့် မကွဲမပျက်(ရောနှောနေ)သော ရေသည် အဘယ်က ပို၍ များသနည်းဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား မကွဲမပျက်(ရောနှောနေ)သော ရေသည်သာလျှင် များလှပါ၏၊ ထုတ်ယူအပ်သော ရေနှစ်စက် သုံးစက်သည်ကား အနည်းငယ်မျှသာတည်း။ ထုတ်ယူအပ်သော ရေနှစ်စက် သုံးစက်တို့သည် မကွဲမပျက်(ရောနှောနေ)သော ရေကို ထောက်ထားလျှင် အစိတ်တရာ စိတ်၍ တစိတ်ကိုမျှ မမီနိုင်၊ အစိတ်တထောင် စိတ်၍ တစိတ်ကိုမျှ မမီနိုင်၊အစိတ် တသိန်းစိတ်၍ တစိတ်ကိုမျှ မမီနိုင်ပါ။ ရဟန်းတို့ ဤအတူသာလျှင်။ပ။ (တရားမျက်စိ) သောတာပတ္တိမဂ်ဉာဏ် ဓမ္မစက္ခုကို ရခြင်းသည် ဤသို့ အကျိုးကြီးလှ၏ ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ဒုတိယ သံဘေဇ္ဇဥဒကသုတ်

၇၇။ သာဝတ္ထိပြည်၌ (သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ ဥပမာသော်ကား ဂင်္ဂါ ယမုနာ အစိရဝတီ သရဘူ မဟီ ဟူသော မြစ်ကြီးတို့သည် အကြင်အရပ်၌ အတူတကွ ပေါင်းဆုံစီးဆင်းကုန်၏ ပေါင်းဆုံရာအရပ်ရှိ ထိုမြစ်ရေသည် ရေနှစ်စက် သုံးစက်တို့သာ ကြွင်းကျန်၍ ကုန်ခန်းခြင်းသို့ ရောက်ရာ၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ကုန်ခန်းခြင်းသို့ ရောက်ကုန်သော ရေနှင့် ကြွင်းကျန်သော ရေနှစ်စက် သုံးစက်တို့သည် အဘယ်က ပို၍ များသနည်း ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရား ကုန်ခန်းသော ရေသည်သာလျှင် များလှပါ၏၊ ကြွင်းကျန်သော ရေနှစ်စက် သုံးစက်တို့သည် အနည်းငယ်မျှသာတည်း၊ ကြွင်းကျန်သော ရေနှစ်စက် သုံးစက်တို့သည် ကုန်ခန်းသောရေကို ထောက်ထားလျှင် အစိတ်တရာ စိတ်၍ တစိတ်ကိုမျှ မမီနိုင်၊ အစိတ်တထောင် စိတ်၍ တစိတ်ကိုမျှ မမီနိုင်၊ အစိတ်တသိန်းစိတ်၍ တစိတ်ကိုမျှ မမီနိုင်ပါ။ ရဟန်းတို့ ဤအတူသာလျှင်။ပ။ (တရားမျက်စိ) သောတာပတ္တိမဂ်ဉာဏ် ဓမ္မစက္ခုကို ရခြင်းသည် ဤသို့ အကျိုးကြီးလှ၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ပထဝီသုတ်

၇၈။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် မြေကြီးပေါ်၌ ဆီးစေ့မျှလောက်သော မြေစိုင်ခဲခုနစ်ခုတို့ကို ချထားရာ၏၊ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ တနေရာ၌ ချထားအပ်သော ဆီးစေ့မျှလောက်သော မြေစိုင်ခဲ ခုနစ်ခုတို့နှင့် မဟာပထဝီမြေကြီးသည် အဘယ်က ပို၍ များသနည်း ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား မဟာပထဝီမြေကြီးသည်သာလျှင် များလှပါ၏၊ တနေရာ၌ ချထားအပ်သော ဆီးစေ့မျှလောက်သော မြေစိုင်ခဲခုနစ်ခုတို့သည် နည်းလှပါကုန်၏၊ တနေရာ၌ ချထားအပ်သော ဆီးစေ့မျှလောက်သော မြေစိုင်ခဲခုနစ်ခုတို့သည် (မဟာပထဝီ)မြေကြီးကို ထောက်ထားလျှင် အစိတ်တရာစိတ်၍ တစိတ်ကိုမျှ မမီနိုင်ကုန်၊ အစိတ်တထောင် စိတ်၍ တစိတ်ကိုမျှ မမီနိုင်ကုန်၊ အစိတ်တသိန်းစိတ်၍ တစိတ်ကိုမျှ မမီနိုင်ကုန်၊ ရဟန်းတို့ ဤအတူသာလျှင်။ပ။ (တရားမျက်စိ) သောတာပတ္တိမဂ်ဉာဏ် ဓမ္မစက္ခုကို ရခြင်းသည် ဤသို့ အကျိုးကြီးလှ၏ ဟု (မိန့်တော်မူ၏)။

ပဥ္စမသုတ်။

## ၆-ဒုတိယ ပထဝီသုတ်

၇၉။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ဥပမာသော်ကား ဆီးစေ့မျှလောက်သော မြေစိုင်ခဲခုနစ်ခုတို့သာ ကြွင်းကျန်၍ (မဟာပထဝီ)မြေကြီးသည် ကုန်ဆုံးခြင်းသို့ ရောက်ရာ၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း။ ကုန်ခန်းသော မဟာပထဝီမြေကြီးနှင့် ကြွင်းကျန်သော ဆီးစေ့မျှလောက်သော မြေစိုင်ခဲခုနစ်ခုတို့သည် အဘယ်က ပို၍ များသနည်း ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ကုန်ခန်းသော မဟာပထဝီမြေကြီးသည် သာလျှင် ပို၍ များလှပါ၏၊ ကြွင်းကျန်သော ဆီးစေ့မျှလောက်သော မြေစိုင်ခဲခုနစ်ခုတို့သည် အနည်းငယ်မျှသာတည်း၊ ကြွင်းကျန်သော ဆီးစေ့မျှလောက်သော မြေစိုင်ခဲခုနစ်ခုတို့သည် ကုန်ခန်းသော မဟာပထဝီမြေကြီးကို ထောက်ထားလျှင် အစိတ်တရာ စိတ်၍ တစိတ်ကိုမျှ မမီနိုင်ကုန်၊ အစိတ်တထောင် စိတ်၍ တစိတ်ကိုမျှ မမီနိုင်ကုန်၊ အစိတ်တသိန်းစိတ်၍ တစိတ်ကိုမျှ မမီနိုင်ပါကုန်။ ရဟန်းတို့ ဤအတူသာလျှင်။ပ။ (တရားမျက်စိ) သောတာပတ္တိမဂ်ဉာဏ် ဓမ္မစက္ခုကို ရခြင်းသည် ဤသို့ အကျိုးကြီးလှ၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

http://www.dhammadownload.com



## ၇-သမုဒ္ဒသုတ်

၈၀။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် မဟာသမုဒ္ဒရာမှ ရေနှစ်စက် သုံးစက်တို့ကို ထုတ်ယူရာ၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း။ ထုတ်ယူအပ်သော ရေနှစ်စက် သုံးစက်တို့နှင့် မဟာသမုဒ္ဒရာရှိ ရေသည် အဘယ်က ပို၍ များသနည်း ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား မဟာသမုဒ္ဒရာရှိ ရေတို့သည်သာလျှင် များလှပါ၏၊ ထုတ်ယူအပ်သော ရေနှစ်စက် သုံးစက်တို့သည် အနည်းငယ်မျှသာတည်း၊ ထုတ်ယူအပ်သော ရေနှစ်စက် သုံးစက်တို့သည် မဟာသမုဒ္ဒရာရှိ ရေကို ထောက်ထားလျှင် အစိတ်တရာစိတ်၍ အစိတ်ကိုမျှ မမီနိုင်ကုန်၊ အစိတ်တထောင် စိတ်၍ တစိတ်ကိုမျှ မမီနိုင်ကုန်၊ အစိတ်တသိန်းစိတ်၍ အစိတ်ကိုမျှ မမီနိုင်ပါကုန်။ ရဟန်းတို့ ဤအတူသာလျှင် ။ပ။ (တရားမျက်စိ) သောတာပတ္တိမဂ်ဉာဏ် ဓမ္မစက္ခုကို ရခြင်းသည် ဤသို့ အကျိုးကြီးလှ၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ဒုတိယသမုဒ္ဒသုတ်

၈၁။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ဥပမာသော်ကား မဟာသမုဒ္ဒရာသည် ရေနှစ်စက် သုံးစက်တို့သာ ကြွင်းကျန်၍ ကုန်ခန်းခြင်းသို့ ရောက်ရာ၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ မဟာသမုဒ္ဒရာ၌ ကုန်ခန်းသော ရေနှင့် ကြွင်းကျန်သော ရေနှစ်စက် သုံးစက်တို့သည် အဘယ်က ပို၍ များသနည်း ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား မဟာသမုဒ္ဒရာ၌ ကုန်ခန်းသော ရေသည်သာလျှင် များလှပါ၏၊ ကြွင်းကျန်သော ရေနှစ်စက် သုံးစက်တို့သည်ကား အနည်းငယ်မျှသာတည်း၊ ကြွင်းကျန်သော ရေနှစ်စက် သုံးစက်တို့သည် မဟာသမုဒ္ဒရာ၌ ကုန်ခန်းသောရေကို ထောက်ထားလျှင် အစိတ်တရာစိတ်၍ တစိတ်ကိုမျှ မမီနိုင်ကုန်၊ အစိတ်တထောင်စိတ်၍ တစိတ်ကိုမျှ မမီနိုင်ကုန်၊ အစိတ်တသိန်းစိတ်၍ တစိတ်ကိုမျှ မမီနိုင်ပါကုန်၊ ရဟန်းတို့ ဤအတူသာလျှင် ။ပ။ (တရားမျက်စိ) သောတာပတ္တိမဂ်ဉာဏ် ဓမ္မစက္ခုကို ရခြင်းသည် ဤသို့ အကျိုးကြီးလှ၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ပဗ္ဗတသုတ်

၈၂။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် မုန်ညင်းစေ့မျှလောက်သော ကျောက်စရစ်ခဲ ခုနစ်ခုတို့ကို ဟိမဝန္တာတောင်မင်း၏ အနီး၌ ချထားရာ၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ အနီး၌ ချထားအပ်သော မုန်ညင်းစေ့မျှလောက်သော ကျောက်စရစ်ခဲ ခုနစ်ခုတို့နှင့် ဟိမဝန္တာတောင်မင်းသည် အဘယ်က ပို၍ များသနည်း ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရား ဟိမဝန္တာတောင်မင်းသည်သာလျှင် များလှပါ၏၊ အနီး၌ ချထားအပ်သော မုန်ညင်းစေ့မျှလောက်သော ကျောက်စရစ်ခဲ ခုနစ်ခုတို့သည် နည်းလှပါကုန်၏၊ အနီး၌ ချထား အပ်သော မုန်ညင်းစေ့မျှလောက်သော ကျောက်စရစ်ခဲ ခုနစ်ခုတို့သည် ဟိမဝန္တာတောင်မင်းကို ထောက်ထားလျှင် အစိတ်တရာစိတ်၍ တစိတ်ကိုမျှ မမီနိုင်ကုန်၊ အစိတ်တထောင်စိတ်၍ တစိတ်ကိုမျှ မမီနိုင်ကုန်၊ အစိတ်တသိန်းစိတ်၍ တစိတ်ကိုမျှ မမီနိုင်ပါကုန်၊ ရဟန်းတို့ ဤအတူသာလျှင် ။ပ။ (တရားမျက်စိ) သောတာပတ္တိမဂ်ဉာဏ် ဓမ္မစက္ခုကို ရခြင်းသည် ဤသို့ အကျိုးကြီးလှ၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဒုတိယ ပဗ္ဗတသုတ်

၇၃။ သာဝတ္ထိပြည်၌ (သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ ဥပမာသော်ကား မုန်ညင်းစေ့ မျှလောက်သော ကျောက်စရစ်ခဲ ခုနစ်ခုတို့သာ ကြွင်းကျန်၍ ဟိမဝန္တာတောင်မင်းသည် ကုန်ခန်း ရာ၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ဟိမဝန္တာတောင်မင်း၏ ကုန်ခန်းပြီး မြေနှင့် ကြွင်းကျန်သော မုန်ညင်းစေ့မျှလောက်သော ကျောက်စရစ်ခဲခုနစ်ခုတို့သည် အဘယ်က ပို၍ များသနည်းဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ဟိမဝန္တာတောင်မင်း၏ ကုန်ခန်းသော မြေသည်သာလျှင် များလှပါ၏၊ ကြွင်းကျန်သော မုန်ညင်းစေ့မျှလောက်သော ကျောက်စရစ်ခဲ ခုနစ်ခုတို့သည် နည်းပါးကုန်၏၊ ကြွင်းကျန်သော မုန်ညင်းစေ့မျှလောက်သော ကျောက်စရစ်ခဲ ခုနစ်ခုတို့သည် ဟိမဝန္တာတောင်မင်း ၏ ကုန်ခန်းသော မြေကို ထောက်ထားလျှင် အစိတ်တရာ စိတ်၍ တစိတ်ကိုမျှ မမီနိုင်ကုန်၊ အစိတ်တထောင်စိတ်၍ တစိတ်ကိုမျှ မမီနိုင်ကုန်၊ အစိတ်တသိန်းစိတ်၍ တစိတ်ကိုမျှ မမီနိုင်ပါကုန်။

ရဟန်းတို့ ဤအတူသာလျှင် အရိယာတပည့်ဖြစ်သော ဉာဏ်အမြင်နှင့် ပြည့်စုံသော သစ္စာ လေးပါးတရားကို ထိုးထွင်း၍ သိသော ပုဂ္ဂိုလ်အား ကုန်ဆုံးခြင်းသို့ ရောက်သော ဆင်းရဲဒုက္ခသည် သာလျှင် များ၏၊ ကြွင်းကျန်သော ဆင်းရဲဒုက္ခသည်ကား အနည်းငယ်မျှသာတည်း၊ ခုနစ်ဘဝ အတိုင်းအရှည်ရှိသော ဆင်းရဲအစုသည် ရှေး၌ ကုန်ဆုံးပြီးသော ဆင်းရဲအစုနှင့် နှိုင်းစာသော် အစိတ်တရာစိတ်၍ တစိတ်ကိုမျှ မမီနိုင်ကုန်၊ အစိတ်တထောင်စိတ်၍ တစိတ်ကိုမျှ မမီနိုင်ကုန်၊ အစိတ်တသိန်းစိတ်၍ တစိတ်ကိုမျှ မမီနိုင်ပါကုန်။ ရဟန်းတို့ သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိခြင်းသည် ဤသို့ အကျိုးကြီးလှ၏၊ (တရားမျက်စိ) သောတာပတ္တိမဂ်ဉာဏ် ဓမ္မစက္ခုကို ရခြင်းသည် ဤသို့ အကျိုးကြီးလှ၏ဟု (ဟောတော်မူ၏)။

ဒသမသုတ်။

---

## ၁၁-တတိယ ပဗ္ဗတသုတ်

၇၄။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် ပဲနောက်စေ့ မျှလောက်သော ကျောက်စရစ်ခဲ ခုနစ်ခုတို့ကို မြင်းမိုရ်တောင်မင်း၏ အနီး၌

http://www.dhammadownload.com



ချထားရာ၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း။ အနီး၌ ချထားအပ်သော ပဲနောက်စေ့မျှလောက်သော ကျောက်စရစ်ခဲ ခုနစ်ခုတို့နှင့် မြင်းမိုရ်တောင်မင်းသည် အဘယ်က ပို၍ များသနည်းဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား မြင်းမိုရ်တောင်မင်းသည် သာလျှင် များလှပါ၏။ အနီး၌ ချထားအပ်သော ပဲနောက်စေ့မျှလောက်သော ကျောက်စရစ်ခဲခုနစ်ခုတို့သည်ကား အနည်းငယ်မျှသာတည်း၊ အနီး၌ ချထားအပ်သော ပဲနောက်စေ့မျှလောက်သော ကျောက်စရစ်ခဲခုနစ်ခုတို့သည် မြင်းမိုရ်တောင်မင်းကို ထောက်ထားလျှင် အစိတ်တရာစိတ်၍ တစိတ်ကိုမျှ မမီနိုင်ကုန်၊ အစိတ်တထောင်စိတ်၍ တစိတ်ကိုမျှ မမီနိုင်ကုန်၊ အစိတ်တသိန်း စိတ်၍ တစိတ်ကိုမျှ မမီနိုင်ပါကုန်၊ ရဟန်းတို့ ဤအတူသာလျှင် အရိယာဘာပည့်ဖြစ်သော ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ ရအပ်သော တရားကို ထောက်ထားလျှင် သာသနာတော်ပြင်ပ အယူရှိသည့် ရဟန်း ပုဏ္ဏား ပရိဗိုဇ်တို့ ရအပ်သော တရားသည် အစိတ်တရာ စိတ်၍ တစိတ်ကိုမျှ မမီနိုင်၊ အစိတ်တထောင်စိတ်၍ တစိတ်ကိုမျှ မမီနိုင်၊ အစိတ်တသိန်း စိတ်၍ တစိတ်ကိုမျှ မမီနိုင်ပါ၊ ရဟန်းတို့ ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဤသို့ ကြီးကျယ်စွာ ရအပ် ရောက်အပ်သော တရားရှိ၏၊ ဤသို့ ကြီးကျယ်စွာ ထိုးထွင်း၍ သိအပ်သော ပညာရှိ၏ ဟု (ဟောတော်မူ၏)။

ကောဒသမသုတ်။

အဘိသမယသံယုတ်ပြီး၏။

http://www.dhammadownload.com

# ၃-ဓာတုသံယုတ်

## ၁-နာနတ္တဝဂ် ၁-ဓာတုနာနတ္တသုတ်

၈၅။ သာဝတ္ထိပြည်၌ (သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ သင်တို့အား ဓာတ်အမျိုးမျိုးကို ဟောကြားအံ့၊ ထိုတရားကို နာကြကုန်လော့၊ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ ဟောပေအံ့ဟု မိန့်တော်မူ၏၊ အသျှင်ဘုရား ကောင်းပါပြီဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏—

ရဟန်းတို့ ဓာတ်အမျိုးမျိုးဟူသည် အဘယ်နည်း။ စက္ခုဓာတ် ရူပဓာတ် စက္ခုဝိညာဏဓာတ်၊ သောတဓာတ် သဒ္ဒဓာတ် သောတဝိညာဏဓာတ်၊ ဃာနဓာတ် ဂန္ဓဓာတ် ဃာနဝိညာဏဓာတ်၊ ဇိဝှါဓာတ် ရသဓာတ် ဇိဝှါဝိညာဏဓာတ်၊ ကာယဓာတ် ဖောဋ္ဌဗ္ဗဓာတ် ကာယဝိညာဏဓာတ်၊ မနောဓာတ် ဓမ္မဓာတ် မနောဝိညာဏဓာတ်တို့တည်း။ ရဟန်းတို့ ဤသည်ကို ဓာတ်အမျိုးမျိုးဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဖဿနာနတ္တသုတ်

၈၆။ သာဝတ္ထိပြည်၌ (သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ ဓာတ်အမျိုးမျိုးကို စွဲ၍ ဖဿ အမျိုးမျိုးဖြစ်၏၊ ရဟန်းတို့ ဓာတ်အမျိုးမျိုးဟူသည် အဘယ်နည်း။ စက္ခုဓာတ် သောတဓာတ် ဃာနဓာတ် ဇိဝှါဓာတ် ကာယဓာတ် မနောဓာတ်တို့တည်း။ ရဟန်းတို့ ဤသည်ကို ဓာတ်အမျိုးမျိုး ဟု ဆိုအပ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ဓာတ်အမျိုးမျိုးကို စွဲ၍ ဖဿအမျိုးမျိုး ဖြစ်သနည်း။ ရဟန်းတို့ စက္ခုဓာတ်ကို စွဲ၍ စက္ခုသမ္ဖဿ ဖြစ်၏။ သောတဓာတ်ကို စွဲ၍။ ဃာနဓာတ်ကို စွဲ၍။ ဇိဝှါဓာတ်ကိုစွဲ၍။ ကာယဓာတ်ကို စွဲ၍။ မနောဓာတ်ကို စွဲ၍ မနောသမ္ဖဿဖြစ်၏၊ ရဟန်းတို့ ဤသို့လျှင် ဓာတ် အမျိုးမျိုးကို စွဲ၍ ဖဿအမျိုးမျိုး ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-နောဖဿနာနတ္တသုတ်

၈၇။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ဓာတ်အမျိုးမျိုးကို စွဲ၍ ဖဿ အမျိုးမျိုးဖြစ်၏၊ ဖဿအမျိုးမျိုးကို စွဲ၍ ဓာတ်အမျိုးမျိုး မဖြစ်၊ ရဟန်းတို့ ဓာတ်အမျိုးမျိုး ဟူသည် အဘယ်နည်း၊ စက္ခုဓာတ်။ပ။မနောဓာတ်တို့တည်း၊ ရဟန်းတို့ ဤသည်ကို ဓာတ်အမျိုးမျိုး ဟု ဆိုအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ အဘယ်သို့လျှင် ဓာတ်အမျိုးမျိုးကို စွဲ၍ ဖဿအမျိုးမျိုး ဖြစ်သနည်း၊ ဖဿအမျိုးမျိုးကို စွဲ၍ ဓာတ်အမျိုးမျိုး မဖြစ်သနည်း၊ ရဟန်းတို့ စက္ခုဓာတ်ကို စွဲ၍ စက္ခုသမ္ဖဿဖြစ်၏၊ စက္ခုသမ္ဖဿကို စွဲ၍ စက္ခုဓာတ် မဖြစ်။ပ။မနောဓာတ်ကို စွဲ၍ မနောသမ္ဖဿဖြစ်၏၊မနောသမ္ဖဿကို စွဲ၍ မနောဓာတ် မဖြစ်၊ ရဟန်းတို့ ဤသို့လျှင် ဓာတ်အမျိုးမျိုးကို စွဲ၍ ဖဿအမျိုးမျိုး ဖြစ်၏၊ ဖဿအမျိုးမျိုးကို စွဲ၍ ဓာတ်အမျိုးမျိုး မဖြစ် ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ဝေဒနာနာနတ္တသုတ်

၈၈။ သာဝတ္ထိပြည်၌ (သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ ဓာတ်အမျိုးမျိုးကို စွဲ၍ ဖဿအမျိုးမျိုး ဖြစ်၏၊ ဖဿ အမျိုးမျိုးကို စွဲ၍ ဝေဒနာအမျိုးမျိုး ဖြစ်၏၊ ရဟန်းတို့ ဓာတ်အမျိုးမျိုး ဟူသည်အဘယ်နည်း။စက္ခုဓာတ်။ပ။ မနောဓာတ်တို့တည်း၊ ရဟန်းတို့ ဤသည်ကို ဓာတ်အမျိုးမျိုး ဟု ဆိုအပ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ဓာတ်အမျိုးမျိုးကို စွဲ၍ ဖဿ အမျိုးမျိုး ဖြစ်သနည်း၊ ဖဿအမျိုးမျိုးကို စွဲ၍ ဝေဒနာအမျိုးမျိုး ဖြစ်သနည်း၊ ရဟန်းတို့ စက္ခုဓာတ်ကို စွဲ၍ စက္ခုသမ္ဖဿ ဖြစ်၏၊ စက္ခုသမ္ဖဿကို စွဲ၍ စက္ခုသမ္ဖဿဇာဝေဒနာ ဖြစ်၏ ။ပ။ မနောဓာတ်ကို စွဲ၍ မနောသမ္ဖဿ ဖြစ်၏၊ မနောသမ္ဖဿကို စွဲ၍ မနောသမ္ဖဿဇာဝေဒနာ ဖြစ်၏၊ ရဟန်းတို့ ဤသို့လျှင် ဓာတ်အမျိုးမျိုးကို စွဲ၍ ဖဿအမျိုးမျိုး ဖြစ်၏၊ ဖဿအမျိုးမျိုးကို စွဲ၍ ဝေဒနာအမျိုးမျိုး ဖြစ်၏ ဟု (ဟောတော်မူ၏)။

စတုတ္ထသုတ်။

## ၅-ဒုတိယ ဝေဒနာနာနတ္တသုတ်

၈၉။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ဓာတ်အမျိုးမျိုးကို စွဲ၍ ဖဿအမျိုးမျိုး ဖြစ်၏၊ ဖဿအမျိုးမျိုးကို စွဲ၍ ဝေဒနာ အမျိုးမျိုး ဖြစ်၏၊ ဝေဒနာအမျိုးမျိုးကို စွဲ၍ ဖဿအမျိုးမျိုး မဖြစ်၊ ဖဿအမျိုးမျိုးကို စွဲ၍ ဓာတ်အမျိုးမျိုး မဖြစ်၊ရဟန်းတို့ ဓာတ်အမျိုးမျိုး ဟူသည် အဘယ်နည်း ၊စက္ခုဓာတ်။ပ။မနောဓာတ်တို့တည်း၊ ရဟန်းတို့ ဤသည်ကို ဓာတ်အမျိုးမျိုး ဟု ဆိုအပ်၏။

ရဟန်တို့ အဘယ်သို့လျှင် ဓာတ်အမျိုးမျိုးကို စွဲ၍ ဖဿအမျိုးမျိုး ဖြစ်သနည်း၊ ဖဿအမျိုးမျိုးကို စွဲ၍ ဝေဒနာ အမျိုးမျိုး ဖြစ်သနည်း၊ ဝေဒနာအမျိုးမျိုးကို စွဲ၍ ဖဿအမျိုးမျိုး မဖြစ်သနည်း၊ ဖဿ အမျိုးမျိုးကို စွဲ၍ ဓာတ်အမျိုးမျိုး မဖြစ်သနည်း၊ ရဟန်းတို့ စက္ခုဓာတ်ကို စွဲ၍ စက္ခုသမ္ဖဿ ဖြစ်၏၊ စက္ခုသမ္ဖဿကို စွဲ၍ စက္ခုသမ္ဖဿဇာဝေဒနာ ဖြစ်၏၊ စက္ခုသမ္ဖဿဇာဝေဒနာကို စွဲ၍ စက္ခုသမ္ဖဿ မဖြစ်၊ စက္ခုသမ္ဖဿကို စွဲ၍ စက္ခုဓာတ်မဖြစ်။ပ။ မနောဓာတ်ကို စွဲ၍ မနောသမ္ဖဿဖြစ်၏၊ မနောသမ္ဖဿကို စွဲ၍ မနောသမ္ဖဿဇာဝေဒနာဖြစ်၏၊ မနောသမ္ဖဿဇာဝေဒနာကို စွဲ၍ မနောသမ္ဖဿ မဖြစ်၊ မနောသမ္ဖဿကို စွဲ၍ မနောဓာတ်မဖြစ်၊ ရဟန်းတို့ ဤသို့လျှင်

http://www.dhammadownload.com



ဓာတ်အမျိုးမျိုးကို စွဲ၍ ဖဿအမျိုးမျိုး ဖြစ်၏၊ ဖဿအမျိုးမျိုးကို စွဲ၍ ဝေဒနာအမျိုးမျိုး ဖြစ်၏၊ ဝေဒနာအမျိုးမျိုးကို စွဲ၍ ဖဿအမျိုးမျိုး မဖြစ်၊ ဖဿအမျိုးမျိုးကို စွဲ၍ ဓာတ်အမျိုးမျိုး မဖြစ်ဟု (ဟောတော်မူ၏)။

ပဉ္စမသုတ်။

## ၆-ဗာဟိရဓာတုနာနတ္တသုတ်

၉၀။ သာဝတ္ထိပြည်၌ (သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ သင်တို့အား ဓာတ်အမျိုးမျိုးကို ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ပ။ ရဟန်းတို့ ဓာတ်အမျိုးမျိုး ဟူသည် အဘယ်နည်း၊ ရူပဓာတ် သဒ္ဒဓာတ် ဂန္ဓဓာတ် ရသဓာတ် ဖောဋ္ဌဗ္ဗဓာတ် ဓမ္မဓာတ်တို့တည်း၊ ရဟန်းတို့ ဤသည်ကို ဓာတ်အမျိုးမျိုးဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-သညာနာနတ္တသုတ်

၉၁။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ဓာတ်အမျိုးမျိုးကို စွဲ၍ သညာအမျိုးမျိုး ဖြစ်၏၊ သညာအမျိုးမျိုးကို စွဲ၍ ကြံစည်မှု 'သင်္ကပ္ပ'အမျိုးမျိုး ဖြစ်၏၊ ကြံစည်မှု'သင်္ကပ္ပ' အမျိုးမျိုးကို စွဲ၍ အလိုဆန္ဒ အမျိုးမျိုး ဖြစ်၏၊ အလိုဆန္ဒ အမျိုးမျိုးကို စွဲ၍ ပူပန်မှု 'ပရိဋ္ဌာဟ' အမျိုးမျိုး ဖြစ်၏၊ ပူပန်မှု 'ပရိဋ္ဌာဟ'အမျိုးမျိုးကို စွဲ၍ ရှာမှီးမှု 'ပရိယေသန' အမျိုးမျိုး ဖြစ်၏၊ ရဟန်းတို့ ဓာတ်အမျိုးမျိုး ဟူသည် အဘယ်နည်း၊ ရူပဓာတ်။ပ။ ဓမ္မဓာတ်တို့တည်း။ ရဟန်းတို့ ဤသည်ကို ဓာတ်အမျိုးမျိုးဟု ဆိုအပ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ဓာတ်အမျိုးမျိုးကို စွဲ၍ သညာအမျိုးမျိုး ဖြစ်သနည်း၊ သညာအမျိုးမျိုးကို စွဲ၍ ကြံစည်မှု 'သင်္ကပ္ပ' အမျိုးမျိုး ဖြစ်သနည်း၊ ကြံစည်မှု 'သင်္ကပ္ပ' အမျိုးမျိုးကို စွဲ၍ အလိုဆန္ဒ အမျိုးမျိုးဖြစ်သနည်း၊ အလိုဆန္ဒ အမျိုးမျိုးကို စွဲ၍ ပူပန်မှု 'ပရိဋ္ဌာဟ' အမျိုးမျိုး ဖြစ်သနည်း၊ ပူပန်မှု 'ပရိဋ္ဌာဟ' အမျိုးမျိုးကို စွဲ၍ ရှာမှီးမှု 'ပရိယေသန'အမျိုးမျိုး ဖြစ်သနည်း။

ရဟန်းတို့ ရူပဓာတ်ကို စွဲ၍ ရူပသညာ ဖြစ်၏၊ ရူပသညာကို စွဲ၍ ရုပ်၌ ကြံစည်မှု 'ရူပသင်္ကပ္ပ' ဖြစ်၏၊ ရူပသင်္ကပ္ပကို စွဲ၍ ရုပ်၌ဖြစ်သော အလိုဆန္ဒ ဖြစ်၏၊ ရူပသင်္ကပ္ပကို စွဲ၍ ရုပ်၌ ပူပန်မှု 'ရူပပရိဋ္ဌာဟ' ဖြစ်၏၊ ရူပပရိဋ္ဌာဟကို စွဲ၍ ရုပ်ကို ရှာမှီးမှု 'ရူပပရိယေသန' ဖြစ်၏။ပ။ ဓမ္မဓာတ်ကို စွဲ၍ ဓမ္မသညာ ဖြစ်၏၊ ဓမ္မသညာကို စွဲ၍ ဓမ္မသင်္ကပ္ပ ဖြစ်၏၊ ဓမ္မသင်္ကပ္ပကို စွဲ၍ ဓမ္မစ္ဆန္ဒ ဖြစ်၏၊ ဓမ္မစ္ဆန္ဒကို စွဲ၍ ဓမ္မပရိဋ္ဌာဟ ဖြစ်၏၊ ဓမ္မပရိဋ္ဌာဟကို စွဲ၍ ဓမ္မပရိယေသန ဖြစ်၏။

ရဟန်းတို့ ဤသို့လျှင် ဓာတ်အမျိုးမျိုးကို စွဲ၍ သညာအမျိုးမျိုး ဖြစ်၏၊ သညာအမျိုးမျိုးကို စွဲ၍ သင်္ကပ္ပအမျိုးမျိုး ဖြစ်၏၊ သင်္ကပ္ပအမျိုးမျိုးကို စွဲ၍ အလိုဆန္ဒ အမျိုးမျိုး ဖြစ်၏၊ အလိုဆန္ဒ အမျိုးမျိုးကို စွဲ၍ ပရိဋ္ဌာဟအမျိုးမျိုး ဖြစ်၏၊ ပရိဋ္ဌာဟအမျိုးမျိုးကို စွဲ၍ ပရိယေသန အမျိုးမျိုး ဖြစ်၏ ဟု (ဟောတော်မူ၏)။

သတ္တမသုတ်။

http://www.dhammadownload.com



## ၈-နောပရိယေသနာ နာနတ္တသုတ်

၉၂။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ဓာတ်အမျိုးမျိုးကို စွဲ၍ သညာအမျိုးမျိုး ဖြစ်၏။ သညာအမျိုးမျိုးကို စွဲ၍ သင်္ကပ္ပအမျိုးမျိုး ဖြစ်၏၊ သင်္ကပ္ပအမျိုးမျိုးကို စွဲ၍ ဆန္ဒအမျိုးမျိုး ဖြစ်၏၊ ဆန္ဒအမျိုးမျိုးကို စွဲ၍ ပရိဋ္ဌာဟအမျိုးမျိုး ဖြစ်၏၊ ပရိဋ္ဌာဟအမျိုးမျိုးကို စွဲ၍ ပရိယေသန အမျိုးမျိုး ဖြစ်၏၊ ပရိယေသနအမျိုးမျိုးကို စွဲ၍ ပရိဋ္ဌာဟ အမျိုးမျိုး မဖြစ်၊ ပရိဋ္ဌာဟ အမျိုးမျိုးကို စွဲ၍ ဆန္ဒအမျိုးမျိုး မဖြစ်၊ ဆန္ဒအမျိုးမျိုးကို စွဲ၍ သင်္ကပ္ပအမျိုးမျိုး မဖြစ်၊ သင်္ကပ္ပ အမျိုးမျိုးကို စွဲ၍ သညာ အမျိုးမျိုး မဖြစ်၊ သညာ အမျိုးမျိုးကို စွဲ၍ ဓာတ် အမျိုးမျိုး မဖြစ်၊ ရဟန်းတို့ ဓာတ်အမျိုးမျိုး ဟူသည် အဘယ်နည်း။ ရူပဓာတ်။ပ။ ဓမ္မဓာတ်တို့တည်း။ ရဟန်းတို့ ဤသည်ကို ဓာတ်အမျိုးမျိုး ဟု ဆိုအပ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ဓာတ်အမျိုးမျိုးကို စွဲ၍ သညာအမျိုးမျိုး ဖြစ်သနည်း၊ သညာအမျိုးမျိုးကို စွဲ၍။ပ။ ပရိယေသနအမျိုးမျိုး ဖြစ်သနည်း။ ပရိယေသန အမျိုးမျိုးကို စွဲ၍ ပရိဋ္ဌာဟ အမျိုးမျိုး မဖြစ်သနည်း၊ ပရိဋ္ဌာဟ အမျိုးမျိုးကို စွဲ၍ ဆန္ဒအမျိုးမျိုး မဖြစ်သနည်း၊ ဆန္ဒအမျိုးမျိုးကို စွဲ၍ သင်္ကပ္ပအမျိုးမျိုး မဖြစ်သနည်း၊ သင်္ကပ္ပအမျိုးမျိုးကို စွဲ၍ သညာအမျိုးမျိုး မဖြစ်သနည်း၊ သညာအမျိုးမျိုးကို စွဲ၍ ဓာတ်အမျိုးမျိုး မဖြစ်သနည်း။

ရဟန်းတို့ ရူပဓာတ်ကို စွဲ၍ ရုပ်၌ဖြစ်သော မှတ်သားမှု 'ရူပသညာ' ဖြစ်၏။ပ။ ဓမ္မဓာတ်ကို စွဲ၍ သဘောတရား သဘာဝ၌ မှတ်သားမှု 'ဓမ္မသညာ' ဖြစ်၏၊ ဓမ္မသညာကို စွဲ၍။ပ။ သဘောတရားတို့ကို ရှာမှီးခြင်း 'ဓမ္မပရိယေသန' ဖြစ်၏၊ဓမ္မပရိယေသနကို စွဲ၍ သဘောတရားတို့၌ ဖြစ်သော ပူပန်မှု 'ဓမ္မပရိဋ္ဌာဟ' မဖြစ်၊ ဓမ္မပရိဋ္ဌာဟကို စွဲ၍ကား သဘောတရားတို့၌ အလို'ဓမ္မစ္ဆန္ဒ' မဖြစ်၊ ဓမ္မစ္ဆန္ဒကို စွဲ၍ သဘောတရားတို့ကို ကြံစည်မှု 'ဓမ္မသင်္ကပ္ပ' မဖြစ်၊ ဓမ္မသင်္ကပ္ပကို စွဲ၍ သဘောတရားတို့၌ မှတ်သားမှု'ဓမ္မသညာ'မဖြစ်၊ ဓမ္မသညာကို စွဲ၍ သဘောတရား 'ဓမ္မဓာတ်' မဖြစ်။

ရဟန်းတို့ ဤသို့လျှင် ဓာတ်အမျိုးမျိုးကို စွဲ၍ သညာအမျိုးမျိုး ဖြစ်၏၊ သညာအမျိုးမျိုးကို စွဲ၍ ။ပ။ ပရိယေသန အမျိုးမျိုးဖြစ်၏၊ ပရိယေသန အမျိုးမျိုးကို စွဲ၍ ပရိဋ္ဌာဟအမျိုးမျိုး မဖြစ်။ ပရိဋ္ဌာဟ အမျိုးမျိုးကို စွဲ၍ ဆန္ဒအမျိုးမျိုး မဖြစ်၊ ဆန္ဒအမျိုးမျိုးကို စွဲ၍ သင်္ကပ္ပ အမျိုးမျိုး မဖြစ်၊ သင်္ကပ္ပအမျိုးမျိုးကိုစွဲ၍ သညာအမျိုးမျိုး မဖြစ်၊ သညာအမျိုးမျိုးကို စွဲ၍ ဓာတ်အမျိုးမျိုး မဖြစ် ဟု (ဟောတော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ဗာဟိရဖဿနာနတ္တသုတ်

၉၃။ သာဝတ္ထိပြည်၌ (သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ ဓာတ်အမျိုးမျိုးကို စွဲ၍ သညာအမျိုးမျိုး ဖြစ်၏၊ သညာအမျိုးမျိုးကို စွဲ၍ ကြံစည်မှု 'သင်္ကပ္ပ' အမျိုးမျိုး ဖြစ်၏၊ ကြံစည်မှု 'သင်္ကပ္ပ'အမျိုးမျိုးကို စွဲ၍ 'ဖဿ'အမျိုးမျိုး ဖြစ်၏၊ 'ဖဿ'အမျိုးမျိုးကိုစွဲ၍ ခံစားမှု 'ဝေဒနာ' အမျိုးမျိုး ဖြစ်၏၊ ခံစားမှု'ဝေဒနာ' အမျိုးမျိုးကို စွဲ၍ အလို'ဆန္ဒ'အမျိုးမျိုး ဖြစ်၏၊ အလို'ဆန္ဒ' အမျိုးမျိုးကို စွဲ၍ ပူပန်မှု 'ပရိဋ္ဌာဟ' အမျိုးမျိုး ဖြစ်၏၊ ပူပန်မှု 'ပရိဋ္ဌာဟ' အမျိုးမျိုးကို စွဲ၍

http://www.dhammadownload.com



ရှာမှီးမှု'ပရိယေသန'အမျိုးမျိုး ဖြစ်၏၊ရှာမှီးမှု'ပရိယေသန'အမျိုးမျိုးကို စွဲ၍ ရခြင်း အမျိုးမျိုး ဖြစ်၏။ ရဟန်းတို့ ဓာတ်အမျိုးမျိုးဟူသည် အဘယ်နည်း။ ရူပဓာတ်။ပ။ ဓမ္မဓာတ်တို့တည်း ရဟန်းတို့ ဤသည်ကို ဓာတ်အမျိုးမျိုးဟု ဆိုအပ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ဓာတ်အမျိုးမျိုးကို စွဲ၍ သညာအမျိုးမျိုး ဖြစ်သနည်း၊ သညာအမျိုးမျိုးကို စွဲ၍။ပ။ ရခြင်း အမျိုးမျိုး ဖြစ်သနည်း။ ရဟန်းတို့ ရူပဓာတ်ကို စွဲ၍ ရူပဓာတ်၌ မှတ်သားမှု 'ရူပသညာ'သည် ဖြစ်၏၊ ရူပသညာကို စွဲ၍ ရူပသင်္ကပ္ပ ဖြစ်၏၊ ရူပသင်္ကပ္ပကို စွဲ၍ ရူပသမ္ဖဿ ဖြစ်၏၊ ရူပသမ္ဖဿကို စွဲ၍ ရူပသမ္ဖဿဇာဝေဒနာ ဖြစ်၏၊ ရူပသမ္ဖဿဇာဝေဒနာကို စွဲ၍ ရူပစ္ဆန္ဒ ဖြစ်၏၊ ရူပစ္ဆန္ဒကို စွဲ၍ ရူပဓာတ်၌ ပူလောင်မှု'ရူပပရိဠာဟ'သည် ဖြစ်၏၊ရူပပရိဠာဟကို စွဲ၍ ရူပါရုံကို ရှာမှီးမှု 'ရူပပရိယေသန'ဖြစ်၏၊ ရူပပရိယေသနကို စွဲ၍ ရူပါရုံကို ရခြင်း 'ရူပလာဘ' ဖြစ်၏။ပ။ဓမ္မဓာတ်ကို စွဲ၍ သဘောတရား ဓမ္မကို မှတ်သားမှု 'ဓမ္မသညာ' ဖြစ်၏၊ ဓမ္မသညာကို စွဲ၍ ဓမ္မကို ကြံစည်မှု 'ဓမ္မသင်္ကပ္ပ' ဖြစ်၏၊ သဘောတရားကို ကြံစည်မှု ဓမ္မသင်္ကပ္ပကို စွဲ၍ သဘောတရားကို တွေ့ထိမှု 'ဓမ္မသမ္ဖဿ' ဖြစ်၏၊ ဓမ္မသမ္ဖဿကို စွဲ၍ ဓမ္မသမ္ဖဿဇာဝေဒနာ ဖြစ်၏၊ ဓမ္မသမ္ဖဿဇာဝေဒနာကို စွဲ၍ သဘောတရားဖြစ်သော အလို ဓမ္မစ္ဆန္ဒ ဖြစ်၏၊ ဓမ္မစ္ဆန္ဒကို စွဲ၍ သဘောတရား၌ ဖြစ်သော ပူလောင်မှု'ဓမ္မပရိဠာဟ' ဖြစ်၏၊ဓမ္မပရိဠာဟကို စွဲ၍ သဘောတရားကို ရှာမှီးမှု'ဓမ္မပရိယေသန' ဖြစ်၏၊ ဓမ္မပရိယေသနကို စွဲ၍ သဘောတရားကို ရခြင်း 'ဓမ္မလာဘ'ဖြစ်၏။

ရဟန်းတို့ ဤသို့လျှင် ဓာတ်အမျိုးမျိုးကို စွဲ၍ သညာအမျိုးမျိုး ဖြစ်၏၊ သညာအမျိုးမျိုးကို စွဲ၍။ပ။ ရှာမှီးမှု အမျိုးမျိုး ဖြစ်၏၊ ရှာမှီးမှု အမျိုးမျိုးကို စွဲ၍ ရခြင်း အမျိုးမျိုး ဖြစ်၏ ဟု (ဟောတော်မူ၏)။

နဝမသုတ်။

## ၁၀-ဒုတိယ ဗာဟိရဖဿနာနတ္တသုတ်

၉၄။ သာဝတ္ထိပြည်၌(သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ ဓာတ်အမျိုးမျိုးကို စွဲ၍ သညာအမျိုးမျိုး ဖြစ်၏၊ သညာအမျိုးမျိုးကို စွဲ၍ ကြံစည်မှု'သင်္ကပ္ပ'အမျိုးမျိုး ဖြစ်၏၊ ဖဿအမျိုးမျိုး။ ဝေဒနာအမျိုးမျိုး။ ဆန္ဒအမျိုးမျိုး။ ပရိဠာဟအမျိုးမျိုး ဖြစ်၏။ ပရိယေသန အမျိုးမျိုးကို စွဲ၍ ရခြင်း အမျိုးမျိုး ဖြစ်၏၊ ရခြင်း အမျိုးမျိုးကို စွဲ၍ ပရိယေသန အမျိုးမျိုး မဖြစ်၊ ပရိယေသန အမျိုးမျိုးကို စွဲ၍ ပရိဠာဟ အမျိုးမျိုး မဖြစ်၊ ပရိဠာဟ အမျိုးမျိုးကို စွဲ၍ ။ပ။ ဆန္ဒအမျိုးမျိုး မဖြစ်၊ ဝေဒနာအမျိုးမျိုး။ ဖဿအမျိုးမျိုး။ သင်္ကပ္ပအမျိုးမျိုး။ သညာအမျိုးမျိုး မဖြစ်၊သညာအမျိုးမျိုးကို စွဲ၍ ဓာတ်အမျိုးမျိုး မဖြစ်။ ရဟန်းတို့ ဓာတ်အမျိုးမျိုးတို့သည် အဘယ်နည်း၊ ရူပဓာတ်။ပ။ ဓမ္မဓာတ်တို့တည်း။ ရဟန်းတို့ ဤသည်ကို ဓာတ်အမျိုးမျိုး ဟု ဆိုအပ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ဓာတ်အမျိုးမျိုးကို စွဲ၍ သညာအမျိုးမျိုး ဖြစ်သနည်း။ သညာအမျိုးမျိုးကို စွဲ၍ သင်္ကပ္ပ အမျိုးမျိုး ဖြစ်သနည်း။ ဖဿအမျိုးမျိုး။ ဝေဒနာအမျိုးမျိုး။ ဆန္ဒအမျိုးမျိုး။ ပရိဠာဟအမျိုးမျိုး။ ပရိယေသန အမျိုးမျိုး။ ရခြင်းအမျိုးမျိုး ဖြစ်သနည်း။ ရခြင်း အမျိုးမျိုးကို စွဲ၍ ပရိယေသန အမျိုးမျိုး မဖြစ်သနည်း၊ ပရိယေသန အမျိုးမျိုးကို စွဲ၍ ပရိဠာဟ အမျိုးမျိုး မဖြစ်သနည်း။ ဆန္ဒ အမျိုးမျိုး။ ဝေဒနာအမျိုးမျိုး။ ဖဿအမျိုးမျိုး။ သင်္ကပ္ပ

http://www.dhammadownload.com



အမျိုးမျိုးကို စွဲ၍ သညာအမျိုးမျိုး မဖြစ်သနည်း၊ သညာအမျိုးမျိုးကို စွဲ၍ ဓာတ်အမျိုးမျိုး မဖြစ်သနည်း။

ရဟန်းတို့ ရူပဓာတ်ကို စွဲ၍ အဆင်းကို မှတ်သားမှု 'ရူပသညာ' ဖြစ်၏။ပ။ သဘောတရား ဓမ္မဓာတ်ကို စွဲ၍ သဘောတရားကို မှတ်သားမှု 'ဓမ္မသညာ' ဖြစ်၏၊ သဘောတရား မှတ်သားမှု 'ဓမ္မသညာ'ကို စွဲ၍ ။ပ။ တရားကို ရှာမှီးမှု 'ဓမ္မပရိယေသန' ဖြစ်၏၊ တရားကို ရှာမှီးမှု 'ဓမ္မပရိယေသန'ကို စွဲ၍ တရားကို ရခြင်း 'ဓမ္မလာဘ' ဖြစ်၏၊ တရားကို ရခြင်း 'ဓမ္မလာဘ'ကို စွဲ၍ တရားကို ရှာမှီးခြင်း 'ဓမ္မပရိယေသန'မဖြစ်၊ တရားကို ရှာမှီးခြင်း 'ဓမ္မပရိယေသန'ကို စွဲ၍ တရား၌ဖြစ်သော ပူလောင်မှု'ဓမ္မပရိဠာဟ'မဖြစ်၊တရား၌ ဖြစ်သော ပူလောင်မှု'ဓမ္မပရိဠာဟ'ကို စွဲ၍ တရား၌ ဖြစ်သော အလို 'ဓမ္မဆန္ဒ'မဖြစ်၊ တရား၌ ဖြစ်သော အလို 'ဓမ္မဆန္ဒ'ကို စွဲ၍ တရားကို တွေ့ထိမှုကြောင့် ဖြစ်သော ခံစားမှု 'ဓမ္မသမ္ဖဿဇာဝေဒနာ' မဖြစ်၊ တရားကို တွေ့ထိမှုကြောင့် ဖြစ်သော ခံစားမှု 'ဓမ္မသမ္ဖဿဇာဝေဒနာ' ကို စွဲ၍ တရားကို တွေ့ထိခြင်း 'ဓမ္မသမ္ဖဿ' မဖြစ်၊ တရားကို တွေ့ထိခြင်း'ဓမ္မသမ္ဖဿ'ကို စွဲ၍ သဘောတရား၌ ကြံစည်မှု 'ဓမ္မသင်္ကပ္ပ' မဖြစ်၊သဘောတရား၌ ကြံစည်မှု 'ဓမ္မသင်္ကပ္ပ'ကို စွဲ၍ သဘောသရား 'ဓမ္မသညာ'သည် မဖြစ်၊ သဘောတရား 'ဓမ္မသညာ'ကို စွဲ၍ သဘောတရား ဓမ္မဓာတ်သည် မဖြစ်။

ရဟန်းတို့ ဤသို့လျှင် ဓာတ်အမျိုးမျိုးကို စွဲ၍ သညာအမျိုးမျိုး ဖြစ်၏၊ သညာအမျိုးမျိုးကို စွဲ၍။ပ။သင်္ကပ္ပအမျိုးမျိုး။ ဖဿအမျိုးမျိုး။ ဝေဒနာအမျိုးမျိုး။ ဆန္ဒအမျိုးမျိုး။ ပရိဠာဟအမျိုးမျိုး။ ပရိယေသနအမျိုးမျိုး။ ရခြင်းအမျိုးမျိုး ဖြစ်၏၊ ရခြင်း အမျိုးမျိုးကို စွဲ၍ ပရိယေသန အမျိုးမျိုး မဖြစ်၊ ပရိယေသနအမျိုးမျိုးကို စွဲ၍ ပရိဠာဟအမျိုးမျိုး မဖြစ်၊ ပရိဠာဟအမျိုးမျိုး ကို စွဲ၍ ဆန္ဒအမျိုးမျိုး မဖြစ်၊ ဆန္ဒအမျိုးမျိုးကို စွဲ၍ ဝေဒနာအမျိုးမျိုး မဖြစ်၊ ဝေဒနာအမျိုးမျိုးကို စွဲ၍ ဖဿ အမျိုးမျိုး မဖြစ်၊ ဖဿအမျိုးမျိုးကို စွဲ၍ သင်္ကပ္ပအမျိုးမျိုး မဖြစ်၊ သင်္ကပ္ပအမျိုးမျိုးကို စွဲ၍ သညာအမျိုးမျိုး မဖြစ်၊ သညာအမျိုးမျိုးကို စွဲ၍ဓာတ်အမျိုးမျိုး မဖြစ် ဟု (ဟောတော်မူ၏)။

ဒသမသုတ်။

ရှေးဦးစွာသော နာနတ္တဝဂ် ပြီး၏။

## ၂-ဒုတိယဝဂ် ၁-သတ္တဓာတုသုတ်

၉၅။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ဓာတ်တို့သည် ဤခုနစ်မျိုးတို့တည်း၊ အဘယ်ခုနစ်မျိုးတို့နည်း၊ အရောင်အလင်း'အာဘာဓာတ်'၊ တင့်တယ်ခြင်းဟူသော'သုဘ' ဓာတ်၊ ကောင်းကင် ပညတ်လျှင် တည်ရာ 'အာကာသာနဉ္စာယတန'ဓာတ်၊ ပဌမာရုပ္ပဝိညာဏ်လျှင် တည်ရာ 'ဝိညာဏဉ္စာယတန'ဓာတ်၊ ပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်း(နတ္ထိဘော)ပညတ်လျှင် တည်ရာ 'အာကိဉ္စညာယတန'ဓာတ်၊ ရုန့်ရင်းသော သညာကား မရှိ သိမ်မွေ့သောသညာ မရှိသည် မဟုတ်သော တည်ရာ 'နေဝသညာနာသညာယတန' ဓာတ်၊ သညာဝေဒနာတို့၏ ချုပ်ခြင်း 'သညာဝေဒယိတနိရောဓ'ဓာတ်တို့တည်း၊ ရဟန်းတို့ ဓာတ်တို့သည် ဤခုနစ်မျိုးတို့တည်း။

ဤသို့ ဟောတော်မူသည်ရှိသော် ရဟန်းတပါးသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဘုရား အရောင်အလင်း'အာဘာဓာတ်'၊တင့်တယ်ခြင်းဟူသော'သုဘ'ဓာတ်

http://www.dhammadownload.com



ကောင်းကင်ပညတ်လျှင် တည်ရာ'အာကာသာနဉ္စာယတန'ဓာတ်၊ ပဌမာရုပ္ပဝိညာဏ်လျှင် တည်ရာ 'ဝိညာဏဉ္စာယတန'ဓာတ်၊ ပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်း (နတ္ထိဘော) ပညတ်လျှင် တည်ရာ 'အာကိဉ္စညာယတန'ဓာတ်၊ ရုန့်ရင်းသော သညာကားမရှိ သိမ်မွေ့သော သညာမရှိသည် မဟုတ်သော တည်ရာ 'နေဝသညာနာသညာယတန' ဓာတ်၊ သညာဝေဒနာတို့၏ ချုပ်ခြင်း သညာဝေဒယိတနိရောဓဓာတ်ဟူသော ဤဓာတ်တို့သည် အဘယ်ကို စွဲ၍ ထင်ရှားပါကုန်သနည်း'' ဟု (လျှောက်၏)။

ရဟန်း အရောင်အလင်း 'အာဘာ' ဓာတ်သည် အမိုက်မှောင်ကို စွဲ၍ ထင်ရှား၏၊ ရဟန်း တင့်တယ်ခြင်း'သုဘ'ဓာတ်သည် မတင့်တယ်ခြင်း'အသုဘ'ကို စွဲ၍ ထင်ရှား၏၊ ရဟန်း ကောင်းကင် ပညတ်လျှင် တည်ရာ'အာကာသာနဉ္စာယတန' ဓာတ်သည် ရုပ်ကို စွဲ၍ ထင်ရှား၏။ ရဟန်း ပဌမာရုပ္ပ ဝိညာဏ်လျှင်တည်ရာ ဝိညာဏဉ္စာယတနဓာတ်သည် ကောင်းကင်ပညတ်ဟူသော တည်ရာ'အာကာသာနဉ္စာယတန'ကိုစွဲ၍ထင်ရှား၏၊ ရဟန်း ပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်း(နတ္ထိဘော)ပညတ်လျှင် တည်ရာ 'အာကိဉ္စညာယတန' ဓာတ်သည် ဝိညာဏဉ္စာယတနကို စွဲ၍ ထင်ရှား၏၊ ရဟန်း ရုန့်ရင်းသောသညာကားမရှိ သိမ်မွေ့သော သညာမရှိသည် မဟုတ်သော တည်ရာ'နေဝသညာနာသညာယတန'ဓာတ်သည် ပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်း(နတ္ထိဘော) ပညတ်ဟူသော တည်ရာ 'အာကိဉ္စညာယတနကို စွဲ၍ ထင်ရှား၏၊ ရဟန်း သညာဝေဒနာတို့၏ ချုပ်ခြင်း 'သညာဝေဒယိတ နိရောဓ' ဓာတ်သည် ချုပ်ငြိမ်းမှုကို စွဲ၍ ထင်ရှား၏ ဟု(မိန့်တော်မူ၏)။

အသျှင်ဘုရား အာဘာဓာတ် သုဘဓာတ် အာကာသာနဉ္စာယတနဓာတ် ဝိညာဏဉ္စာယတန ဓာတ် အာကိဉ္စညာယတနဓာတ် နေဝသညာနာသညာယတနဓာတ် သညာဝေဒယိတနိရောဓ ဓာတ် ဟူသော ဤဓာတ်တို့သည် အဘယ်မည်သော သမာပတ်သို့ ရောက်အပ်ပါကုန်သနည်းဟု (လျှောက်၏)။

ရဟန်း အာဘာဓာတ် သုဘဓာတ် အာကာသာနဉ္စာယတနဓာတ် အာကိဉ္စညာယတနဓာတ် ဟူသော ဤဓာတ်တို့သည် သညာသမာပတ်သို့ ရောက်အပ်ကုန်၏၊ နေဝသညာနာသညာယတန ဓာတ်သည် သင်္ခါရမှ ကြွင်းသော သမာပတ်သို့ ရောက်အပ်၏၊ ရဟန်း သညာဝေဒယိတနိရောဓ ဓာတ်သည် နိရောဓသမာပတ်သို့ ရောက်အပ်၏ ဟု (ဟောတော်မူ၏)။

ပဌမသုတ်။

## ၂-သနိဒါနသုတ်

၉၆။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ကာမကို ကြံစည်မှု'ကာမဝိတက်'သည် အကြောင်းနှင့်တကွ ဖြစ်၏၊ အကြောင်းမရှိမူ၍ မဖြစ်၊ ပျက်စီးစေရန် ကြံစည်မှု 'ဗျာပါဒဝိတက်'သည် အကြောင်းနှင့်တကွ ဖြစ်၏၊အကြောင်းမရှိမူ၍ မဖြစ်၊ ရဟန်းတို့ ညှဉ်းဆဲရန် ကြံစည်မှု'ဝိဟိံသာဝိတက်'သည် အကြောင်းနှင့်တကွ ဖြစ်၏၊ အကြောင်းမရှိမူ၍ မဖြစ်။

ရဟန်းတို့ အဘယ်သို့လျှင် ကာမကို ကြံစည်မှု 'ကာမဝိတက်'သည် အကြောင်းနှင့်တကွ ဖြစ်သနည်း၊ အကြောင်းမရှိမူ၍ မဖြစ်သနည်း။ ပျက်စီးစေရန် ကြံစည်မှု 'ဗျာပါဒဝိတက်' သည် အကြောင်းနှင့်တကွ ဖြစ်သနည်း၊ အကြောင်းမရှိမူ၍ မဖြစ်သနည်း၊ ညှဉ်းဆဲရန် ကြံစည်မှု 'ဝိဟိံသာဝိတက်'သည် အကြောင်းနှင့်တကွ ဖြစ်သနည်း၊ အကြောင်းမရှိမူ၍ မဖြစ်သနည်း၊

http://www.dhammadownload.com



ရဟန်းတို့ ကာမဓာတ်ကို စွဲ၍ ကာမဥ္စ မှတ်သားမှု 'ကာမသညာ' သည် ဖြစ်၏၊ ကာမဥ္စ မှတ်သားမှု 'ကာမသညာ'ကို စွဲ၍ ကာမကို ကြံစည်မှု 'ကာမသင်္ကပ္ပ'သည် ဖြစ်၏၊ ကာမကို ကြံစည်မှု 'ကာမသင်္ကပ္ပ'ကို စွဲ၍ ကာမဥ္စ ဖြစ်သောအလို 'ကာမစ္ဆန္ဒ' သည် ဖြစ်၏၊ ကာမဥ္စ ဖြစ်သောအလို 'ကာမစ္ဆန္ဒ'ကို စွဲ၍ ကာမဥ္စ ပူလောင်မှု 'ကာမပရိဠာဟ' သည် ဖြစ်၏၊ ကာမဥ္စ ပူလောင်မှု 'ကာမပရိဠာဟ'ကို စွဲ၍ ကာမကိုရှာမှီးမှု 'ကာမပရိယေသန'သည် ဖြစ်၏၊ ရဟန်းတို့ ကာမကို ရှာမှီးမှု'ကာမပရိယေသန'ကို ရှာမှီးသော အကြားအမြင် မရှိသော ပုထုဇဉ်သည် ကိုယ် နှုတ်စိတ်ဟူသော သုံးပါးသောအကြောင်းတို့ဖြင့် မှားသောအကျင့်ကို ကျင့်၏။

ရဟန်းတို့ ဗျာပါဒဓာတ်ကို စွဲ၍ ဗျာပါဒသညာသည် ဖြစ်၏၊ ဗျာပါဒသညာကို စွဲ၍ ဗျာပါဒ သင်္ကပ္ပသည် ဖြစ်၏။ပ။ ဗျာပါဒဆန္ဒသည် ဖြစ်၏။ ဗျာပါဒပရိဠာဟသည် ဖြစ်၏။ ဗျာပါဒပရိ-ယေသနသည် ဖြစ်၏။ ရဟန်းတို့ ဗျာပါဒပရိယေသနကို ရှာမှီးသော အကြားအမြင်မရှိသော ပုထုဇဉ်သည်ကိုယ် နှုတ် စိတ် ဟူသော သုံးပါးသောအကြောင်းတို့ဖြင့် မှားသောအကျင့်ကို ကျင့်၏။

ရဟန်းတို့ ဝိဟိံသာဓာတ်ကို စွဲ၍ 'ဝိဟိံသာသညာ' သည် ဖြစ်၏၊ ဝိဟိံသာသညာကို စွဲ၍ ဝိဟိံသာသင်္ကပ္ပသည် ဖြစ်၏။ပ။ ဝိဟိံသာ ဆန္ဒသည် ဖြစ်၏။ ဝိဟိံသာပရိဠာဟသည် ဖြစ်၏။ ဝိဟိံသာပရိယေသနသည် ဖြစ်၏။ ရဟန်းတို့ ဝိဟိံသာပရိယေသနကို ရှာမှီးသော အကြားအမြင် မရှိသော ပုထုဇဉ်သည် ကိုယ် နှုတ် စိတ် ဟူသော သုံးပါးသော အကြောင်းတို့ဖြင့် မှားသော အကျင့်ကို ကျင့်၏။

ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် တောက်လောင်နေသော မြက်မီးရှူးကို ခြောက်သွေ့သော မြက်တော၌ ပြစ်ချရာ၏၊ ထိုမီးကို လက်တို့ဖြင့်ငှင်း ခြေတို့ဖြင့်ငှင်း လျင်မြန်စွာ မငြိမ်းသတ်ခဲ့မူ မြက်ထင်းကို မှီ၍ နေသော သတ္တဝါတို့သည် အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်ကုန်ရာ၏၊ ရဟန်းတို့ ဤအတူပင်လျှင် မည်သည့် သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ ဖြစ်ပေါ်လာသော ဖောက်ပြန်ခြင်းသို့ ရောက်သော မှတ်သားမှု 'သညာကို' လျင်မြန်စွာ မစွန့်ခဲ့မူ မပယ်ဖျောက်ခဲ့မူ ကင်းအောင်မပြုခဲ့မူ တဖန် မဖြစ်ခြင်းသဘောသို့ မရောက်စေခဲ့မူ ထိုသူသည် မျက်မှောက် ဘဝ၌ပင် ပင်ပန်းခြင်း ပူဆွေးခြင်း ပူလောင်ခြင်းနှင့်တကွ ဆင်းရဲစွာ နေရ၏၊ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌လည်း မကောင်းသော လားရာ 'ဂတိ' သို့ မချွတ်ရောက်လိမ့်မည်ဟု မြော်လင့်အပ်၏။

ရဟန်းတို့ ကာမတို့မှ ထွက်မြောက်ရန် ကြံစည်မှု 'နေက္ခမ္မဝိတက်' သည် အကြောင်းနှင့် တကွ ဖြစ်၏၊ အကြောင်းမရှိမူ၍ မဖြစ်၊ မပျက်စီးစေရန် ကြံစည်မှု 'အဗျာပါဒဝိတက်'သည် အကြောင်း နှင့်တကွဖြစ်၏၊ အကြောင်းမရှိမူ၍ မဖြစ်၊ မညှဉ်းဆဲရန် ကြံစည်မှု 'အဝိဟိံသာဝိတက်'သည် အကြောင်းနှင့် တကွ ဖြစ်၏၊ အကြောင်းမရှိမူ၍ မဖြစ်။

ရဟန်းတို့ အဘယ်သို့လျှင် ကာမမှထွက်မြောက်ရန် ကြံစည်မှု 'နေက္ခမ္မဝိတက်'သည် အကြောင်းနှင့်တကွ ဖြစ်သနည်း၊ အကြောင်းမရှိမူ၍ မဖြစ်သနည်း၊ မပျက်စီးစေရန် ကြံစည်မှု 'အဗျာပါဒဝိတက်'သည် အကြောင်းနှင့်တကွ ဖြစ်သနည်း၊ အကြောင်းမရှိမူ၍ မဖြစ်သနည်း၊ မညှဉ်းဆဲရန် ကြံစည်မှု'အဝိဟိံသာဝိတက်'သည် အကြောင်းနှင့်တကွ ဖြစ်သနည်း၊ အကြောင်း မရှိမူ၍ မဖြစ်သနည်း။

http://www.dhammadownload.com



ရဟန်းတို့ ကာမမှ ထွက်မြောက်ရန် ကြံစည်မှု နေက္ခမ္မဓာတ်ကို စွဲ၍ နေက္ခမ္မသညာသည် ဖြစ်၏၊ နေက္ခမ္မသညာကို စွဲ၍ နေက္ခမ္မသင်္ကပ္ပသည် ဖြစ်၏၊ နေက္ခမ္မသင်္ကပ္ပကို စွဲ၍ နေက္ခမ္မဆန္ဒသည် ဖြစ်၏၊ နေက္ခမ္မဆန္ဒကို စွဲ၍ နေက္ခမ္မပရိဠာဟသည် ဖြစ်၏၊ နေက္ခမ္မပရိဠာဟကို စွဲ၍ နေက္ခမ္မပရိယေသနသည်ဖြစ်၏၊ ရဟန်းတို့ နေက္ခမ္မပရိယေသနကို ရှာမှီးသော အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်သည် ကိုယ် နှုတ် စိတ် ဟူသော သုံးပါးသော အကြောင်းတို့ဖြင့် ကောင်းစွာ ကျင့်၏။

ရဟန်းတို့ အဗျာပါဒဓာတ်ကို စွဲ၍ အဗျာပါဒသညာသည် ဖြစ်၏၊ အဗျာပါဒသညာကို စွဲ၍ အဗျာပါဒသင်္ကပ္ပသည် ဖြစ်၏။ပ။ အဗျာပါဒဆန္ဒသည် ဖြစ်၏၊ အဗျာပါဒပရိဠာဟသည် ဖြစ်၏၊ အဗျာပါဒပရိယေသနသည် ဖြစ်၏၊ ရဟန်းတို့ အဗျာပါဒပရိယေသနကို ရှာမှီးသော အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်သည် ကိုယ် နှုတ် စိတ် ဟူသော သုံးပါးသော အကြောင်းတို့ဖြင့် ကောင်းစွာ ကျင့်၏။

ရဟန်းတို့ အဝိဟိံသာဓာတ်ကို စွဲ၍ အဝိဟိံသာ သညာသည် ဖြစ်၏၊ အဝိဟိံသာသညာကို စွဲ၍ အဝိဟိံသာသင်္ကပ္ပသည် ဖြစ်၏၊ အဝိဟိံသာသင်္ကပ္ပကို စွဲ၍ အဝိဟိံသာဆန္ဒသည် ဖြစ်၏၊ အဝိဟိံသာဆန္ဒကို စွဲ၍ အဝိဟိံသာပရိဠာဟသည်ဖြစ်၏၊အဝိဟိံသာပရိဠာဟကိုစွဲ၍ အဝိဟိံသာပရိယေသနသည် ဖြစ်၏၊ ရဟန်းတို့ အဝိဟိံသာပရိယေသနကို ရှာမှီးသော အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်သည် ကိုယ် နှုတ် စိတ်ဟူသော သုံးပါးသော အကြောင်းတို့ဖြင့် ကောင်းစွာ ကျင့်၏။

ရဟန်းတို့ ဥပမာသော်ကား ယောကျာ်းသည် တောက်လောင်သော မြက်မီးရှူးကို ခြောက်သွေ့သော မြက်တော၌ ပစ်ချရာ၏၊ ထိုမီးကို လက်တို့ဖြင့်ရင်း ခြေတို့ဖြင့်ရင်း လျင်မြန်စွာ ငြိမ်းသတ်ခဲ့မူ မြက်ထင်းကို မှီ၍ နေကုန်သော သတ္တဝါတို့သည် အကျိုးမဲ့ ပျက်စီးခြင်းသို့ မရောက်ကုန်ရာ ရဟန်းတို့ ဤအတူသာလျှင် မည်သည့် သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ ဖြစ်ပေါ်လာသော ဖောက်ပြန်ခြင်းသို့ ရောက်သော မှတ်သားမှု 'သညာ'ကို လျင်မြန်စွာ စွန့်ခဲ့မူ ဖျောက်ခဲ့မူ ကင်းအောင် ပြုခဲ့မူ တဖန်မဖြစ်ခြင်းသဘောသို့ ရောက်စေခဲ့မူ ထိုသူသည် မျက်မှောက်ဘဝ၌ပင် ပင်ပန်းခြင်း ပူဆွေးခြင်း ပူလောင်ခြင်း မရှိသည်ဖြစ်၍ ချမ်းသာစွာ နေရ၏၊ ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌လည်း ကောင်းသော လားရာ 'ဂတိ'သို့ မချွတ်ရောက်လိမ့်မည်ဟု မြော်လင့်အပ်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ဂိဉ္ဇကာဝသထသုတ်

၉၇။ အခါတပါး၌ မြတ်စွာဘုရားသည် ဉာတိကရွာ အုတ်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ရဟန်းတို့ဟူ၍ ခေါ်တော်မူ၏၊ ထိုရဟန်းတို့သည် အသျှင်ဘုရားဟူ၍ မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၏—

http://www.dhammadownload.com



ရဟန်းတို့ ဓာတ်ကိုစွဲ၍ မှတ်သားမှု 'သညာ'သည် ဖြစ်၏၊ အယူ 'ဒိဋ္ဌိ' သည် ဖြစ်၏၊ ကြံစည်မှု 'ဝိတက်'သည် ဖြစ်၏ဟု မိန့်တော်မူ၏၊ ဤသို့ မိန့်တော်မူသည်ရှိသော် အသျှင်ကစ္စာနသည် မြတ်စွာဘုရားအား—အသျှင်ဘုရား ဘုရားမဟုတ်ကုန်သော သူတို့၌ ဘုရားဟုတ်၏ဟူသော ဤအယူသည် အဘယ်ကို စွဲ၍ ထင်ရှားပါသနည်း ဟု (လျှောက်၏)။

ကစ္စာန မသိမှု 'အဝိဇ္ဇာ'ဓာတ်သည် ကြီးမားသည်သာတည်း၊ ကစ္စာန ယုတ်ညံ့သောဓာတ်ကို စွဲ၍ ယုတ်ညံ့သော မှတ်သားမှု 'သညာ' ယုတ်ညံ့သောအယူ ယုတ်ညံ့သောအကြံ ယုတ်ညံ့သော စေ့ဆော်မှု ယုတ်ညံ့သော တောင့်တမှု ယုတ်ညံ့သောဆောက်တည်မှု ယုတ်ညံ့သောပုဂ္ဂိုလ် ယုတ်ညံ့သောစကား ဖြစ်၏၊ ယုတ်ညံ့သည်ကို ပြောကြား၏၊ဟော၏၊ပညတ်၏၊ဖြစ်စေ၏၊ဖွင့်ပြ၏၊ဝေဖန်၏၊ ပေါ်လွင်အောင် ပြု၏၊ ထိုသူ၏ ဖြစ်ခြင်းကို ယုတ်ညံ့၏ ဟု (ငါ)ဟော၏။

ကစ္စာန အလယ်အလတ်ဖြစ်သော ဓာတ်ကို စွဲ၍ အလယ်အလတ်ဖြစ်သော မှတ်သားမှု 'သညာ' အလယ်အလတ်ဖြစ်သော အယူ အလယ်အလတ်ဖြစ်သောအကြံ အလယ်အလတ်ဖြစ်သောစေ့ဆော်မှု အလယ်အလတ်ဖြစ်သော တောင့်တမှု အလယ်အလတ်ဖြစ်သော ဆောက်တည်မှု အလယ်အလတ်ဖြစ်သောပုဂ္ဂိုလ် အလယ်အလတ်ဖြစ်သောစကား ဖြစ်၏၊ အလယ်အလတ်ကို ပြောကြား၏၊ဟော၏၊ ပညတ်၏၊ဖြစ်စေ၏၊ ဖွင့်ပြ၏၊ ဝေဖန်၏၊ ပေါ်လွင်အောင် ပြု၏၊ထိုသူ၏ ဖြစ်ခြင်းကို အလယ်အလတ် ဖြစ်၏ဟူ၍ (ငါ) ဟော၏။

ကစ္စာန မြင့်မြတ်သော ဓာတ်ကို စွဲ၍ မြင့်မြတ်သော မှတ်သားမှု 'သညာ' မြင့်မြတ်သောအယူ မြင့်မြတ်သောအကြံ မြင့်မြတ်သောစေ့ဆော်မှု မြင့်မြတ်သောတောင့်တမှု မြင့်မြတ်သော ဆောက်တည်မှု မြင့်မြတ်သောပုဂ္ဂိုလ် မြင့်မြတ်သောစကား ဖြစ်၏၊ အမြတ်ကို ပြောကြား၏၊ ဟော၏၊ ပညတ်၏၊ ဖြစ်စေ၏၊ ဖွင့်ပြ၏၊ ဝေဖန်၏၊ ပေါ်လွင်အောင် ပြု၏၊ ထိုသူ၏ ဖြစ်ခြင်းကို မြင့်မြတ်၏ ဟူ၍ (ငါ) ဟော၏။

**တတိယသုတ်။**

---

## ၄-ဟီနာဓိမုတ္တိကသုတ်

၉၈။ သာဝတ္ထိပြည်၌ (သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်း ဖြစ်ကုန်၏၊ တသားတည်း ဖြစ်ကုန်၏၊ ယုတ်ညံ့သော နှလုံးသွင်းရှိသောသူတို့သည် ယုတ်ညံ့သော နှလုံးသွင်းရှိသောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ကောင်းသော နှလုံးသွင်းရှိသောသူတို့သည် ကောင်းသော နှလုံးသွင်းရှိသောသူတို့နှင့် အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။

ရဟန်းတို့ လွန်ပြီး 'အတိတ်' အခါ၌လည်း သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်း ဖြစ်ကုန်ပြီ၊ ယုတ်ညံ့သော နှလုံးသွင်းရှိသော သူတို့သည် ယုတ်ညံ့သော နှလုံးသွင်းရှိသောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်ပြီ၊ ကောင်းသော နှလုံးသွင်း ရှိသောသူတို့သည် ကောင်းသော နှလုံးသွင်းရှိသောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်ပြီ။

http://www.dhammadownload.com



ရဟန်းတို့ နောင်'အနာဂတ်'အခါ၌လည်း သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်း ဖြစ်ကုန်လတ္တံ့, ယုတ်ညံ့သော နှလုံးသွင်းရှိသော သူတို့သည် ယုတ်ညံ့သော နှလုံးသွင်းရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်လတ္တံ့၊ ကောင်းသော နှလုံးသွင်းရှိသောသူတို့သည် ကောင်းသော နှလုံးသွင်း ရှိသောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်လတ္တံ့။

ရဟန်းတို့ ယခု'ပစ္စုပ္ပန်'အခါ၌လည်း သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊ ယုတ်ညံ့သောနှလုံးသွင်း ရှိသောသူတို့သည် ယုတ်ညံ့သော နှလုံးသွင်း ရှိသောသူတို့နှင့်အတူ တပေါင်းတည်းတသားတည်း ဖြစ်ကုန်၏၊ ကောင်းသောနှလုံးသွင်းရှိသော သူတို့သည် ကောင်းသော နှလုံးသွင်းရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏ ဟု(ဟောတော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-စင်္ကမသုတ်

၉၉။ အခါတပါး၌မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်ဂိဇ္ဈကုဋ်တောင်၌(သိတင်းသုံး)နေတော်မူ၏၊ ထိုအခါ အသျှင်သာရိပုတြာသည် များစွာသော ရဟန်းတို့နှင့်အတူ မြတ်စွာဘုရား၏ မနီးမဝေး၌ စင်္ကြံသွား၏၊ အသျှင်မဟာမောဂ္ဂလာန်သည်လည်း များစွာသော ရဟန်းတို့နှင့်အတူ မြတ်စွာဘုရား၏ မနီးမဝေး၌ စင်္ကြံသွား၏၊ အသျှင်မဟာကဿပသည်လည်း များစွာသောရဟန်းတို့နှင့်အတူ မြတ်စွာဘုရား၏ မနီးမဝေး၌ စင်္ကြံသွား၏။ အသျှင်အနုရုဒ္ဓါသည်လည်း များစွာသော ရဟန်းတို့နှင့်အတူ မြတ်စွာဘုရား၏ မနီးမဝေး၌ စင်္ကြံသွား၏၊ မန္တာနီပုဏ္ဏေးမ၏သားဖြစ်သော အသျှင်ပုဏ္ဏသည်လည်း များစွာသော ရဟန်းတို့နှင့်အတူ မြတ်စွာဘုရား၏ မနီးမဝေး၌ စင်္ကြံသွား၏၊ အသျှင်ဥပါလိသည်လည်း များစွာသော ရဟန်းတို့နှင့်အတူ မြတ်စွာဘုရား၏ မနီးမဝေး၌ စင်္ကြံသွား၏၊ အသျှင်အာနန္ဒာသည်လည်း များစွာသော ရဟန်းတို့နှင့်အတူ မြတ်စွာဘုရား၏ မနီးမဝေး၌ စင်္ကြံသွား၏၊ ဒေဝဒတ်သည်လည်း များစွာသော ရဟန်းတို့နှင့်အတူ မြတ်စွာဘုရား၏ မနီးမဝေး၌ စင်္ကြံသွား၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏—ရဟန်းတို့ များစွာသော ရဟန်းတို့နှင့်အတူ စင်္ကြံသွားသော သာရိပုတြာကို သင်တို့ မြင်ကုန်၏လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရားမြင်ပါ၏ ဟု (လျှောက်ကုန်၏)၊ ရဟန်းတို့ အလုံးစုံသော ထိုရဟန်းတို့သည် ကြီးသောပညာရှိကုန်၏။ရဟန်းတို့ များစွာသောရဟန်းတို့နှင့်အတူစင်္ကြံသွားသော မောဂ္ဂလာန်ကို သင်တို့မြင်ကုန်၏လော ဟု (မေးတော်မူ၏)၊ အသျှင်ဘုရား မြင်ပါကုန်၏ ဟု (လျှောက်ကုန်၏)၊ ရဟန်းတို့ အလုံးစုံသော ထိုရဟန်းတို့သည် ကြီးသော တန်ခိုးရှိကုန်၏၊ ရဟန်းတို့ များစွာသော ရဟန်းတို့နှင့်အတူ စင်္ကြံသွားသော ကဿပကို သင်တို့မြင်ကုန်၏လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရားမြင်ပါကုန်၏ ဟု (လျှောက်ကုန်၏)၊ ရဟန်းတို့ အလုံးစုံသော ထိုရဟန်းတို့သည် ဓုတင်ကို ဆောင်ကုန်၏။ ရဟန်းတို့ များစွာသော ရဟန်းတို့နှင့်အတူ စင်္ကြံသွားသောအနုရုဒ္ဓါကို သင်တို့မြင်ကုန်၏လော ဟု (မေးတော်မူ၏)။ အသျှင်ဘုရား မြင်ပါကုန်၏ ဟု(လျှောက်ကုန်၏)။

http://www.dhammadownload.com



ရဟန်းတို့ အလုံးစုံသော ထိုရဟန်းတို့သည် နတ်မျက်စိနှင့်တူသော မျက်စိ'ဒိဗ္ဗစက္ခု'ကို ရကုန်၏။ ရဟန်းတို့ များစွာသော ရဟန်းတို့နှင့်အတူ စင်္ကြံသွားသော မန္တာနိပုဏ္ဏေးမ၏သား ပုဏ္ဏကို သင်တို့မြင်ကုန်၏လောဟု (မေးတော်မူ၏)၊ အသျှင်ဘုရား မြင်ပါကုန်၏ ဟု (လျှောက်ကုန်၏)။ မှဟန်းတို့ အလုံးစုံသော ထိုမှဟန်းတို့သည် တရားဟော 'ဓမ္မကထိက' ဟူ၍ ဖြစ်ကုန်၏။ ရဟန်းတို့ များစွာသော ရဟန်းတို့နှင့်အတူ စင်္ကြံသွားသော ဥပါလိကို သင်တို့မြင်ကုန်၏လော ဟု (မေးတော်မူ၏)၊ အသျှင်ဘုရားမြင်ပါကုန်၏ ဟု (လျှောက်ကုန်၏)၊ ရဟန်းတို့ အလုံးစုံသော ထိုရဟန်းတို့သည် ဝိနည်းကိုဆောင်ကုန်၏။ ရဟန်းတို့ များစွာသော ရဟန်းတို့နှင့်အတူ စင်္ကြံသွားသော အာနန္ဒာကို သင်တို့မြင်ကုန်၏လော ဟု (မေ တော်မူ၏)၊ အသျှင်ဘုရား မြင်ပါကုန်၏ဟု (လျှောက်ကုန်၏)၊ ရဟန်းတို့ အလုံးစုံသော ထိုရဟန်းတို့သည် များသော အကြားအမြင်ရှိကုန်၏။ ရဟန်းတို့ များစွာသော ရဟန်းတို့နှင့်အတူ စင်္ကြံသွားသော ဒေဝဒတ်ကို သင်တို့ မြင်ကုန်၏လော ဟု (မေးတော်မူ၏)၊ အသျှင်ဘုရား မြင်ပါကုန်၏ ဟု (လျှောက်ကုန်၏)၊ ရဟန်းတို့ အလုံးစုံသော ထိုရဟန်းတို့သည် အလိုဆိုးရှိကုန်၏။

ရဟန်းတို့ သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊ ယုတ်ညံ့သောနှလုံးသွင်းရှိကုန်သော သူတို့သည် ယုတ်ညံ့သော နှလုံးသွင်းရှိကုန်သော သူတို့နှင့် အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ကောင်းသော နှလုံးသွင်းရှိကုန်သောသူတို့သည် ကောင်းသော နှလုံးသွင်းရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။

မှဟန်းတို့ လွန်ပြီး 'အတိတ်'အခါ၌လည်း သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်းဖြစ်ကုန်ပြီ၊ ယုတ်ညံ့သော နှလုံးသွင်းရှိကုန်သော သူတို့သည် ယုတ်ညံ့သော နှလုံးသွင်းရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်းတသားတည်း ဖြစ်ကုန်ပြီ၊ ကောင်းသော နှလုံးသွင်းရှိကုန်သော သူတို့သည် ကောင်းသော နှလုံးသွင်းရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်ပြီ။

ရဟန်းတို့ နောင်'အနာဂတ်'အခါ၌လည်း သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်းတသားတည်း ဖြစ်ကုန်လတ္တံ့၊ ယုတ်ညံ့သော နှလုံးသွင်းရှိကုန်သော သူတို့သည် ယုတ်ညံ့သောနှလုံးသွင်းရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်လတ္တံ့၊ ကောင်းသောနှလုံးသွင်းရှိကုန်သောသူတို့သည် ကောင်းသော နှလုံးသွင်းရှိကုန်သော သူတို့နှင့် အတူ တပေါင်းတည်းတသားတည်း ဖြစ်ကုန်လတ္တံ့။

ရဟန်းတို့ ယခု'ပစ္စုပ္ပန်'အခါ၌လည်း သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊ ယုတ်ညံ့သော နှလုံးသွင်းရှိကုန်သော သူတို့သည် ယုတ်ညံ့သောနှလုံးသွင်းရှိကုန်သောသူတို့နှင့်အတူ တပေါင်းတည်းတသားတည်း ဖြစ်ကုန်၏၊ ကောင်းသောနှလုံးသွင်းရှိကုန်သော သူတို့သည် ကောင်းသော နှလုံးသွင်းရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်းတသားတည်း ဖြစ်ကုန်၏ ဟု(မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

http://www.dhammadownload.com



## ၆-သဂါထာသုတ်

၁၀၀။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ သတ္တဝါတို့သည် ဓာတ်အားဖြင့် သာလျှင် တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊ယုတ်ညံ့သော နှလုံးသွင်းရှိကုန်သောသူတို့သည် ယုတ်ညံ့သော နှလုံးသွင်းရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ရဟန်းတို့ လွန်ပြီး'အတိတ်' အခါ၌လည်း သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်း ဖြစ်ကုန်ပြီ၊ ယုတ်ညံ့သော နှလုံးသွင်းရှိကုန်သော သူတို့သည် ယုတ်ညံ့သောနှလုံးသွင်း ရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်ပြီ။

ရဟန်းတို့ နောင် 'အနာဂတ်' အခါ၌လည်း သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်း တည်း တသားတည်း ဖြစ်ကုန်လတ္တံ့၊ ယုတ်ညံ့သော နှလုံးသွင်းရှိကုန်သော သူတို့သည် ယုတ်ညံ့ သော နှလုံးသွင်းရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်လတ္တံ့။

ရဟန်းတို့ ယခု 'ပစ္စုပ္ပန်'အခါ၌လည်း သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ယုတ်ညံ့သော နှလုံးသွင်းရှိကုန်သောသူတို့သည် ယုတ်ညံ့သောနှလုံးသွင်း ရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။

ရဟန်းတို့ ဥပမာသော်ကား မစင်ကျင်ကြီးသည် မစင်ကျင်ကြီးနှင့် တပေါင်းတည်း တသား တည်း ဖြစ်၏၊ ကျင်ငယ်သည် ကျင်ငယ်နှင့် တပေါင်းတည်း တသားတည်းဖြစ်၏၊ တံထွေးသည် တံထွေးနှင့် တပေါင်းတည်း တသားတည်းဖြစ်၏၊ပြည်သည် ပြည်နှင့် တပေါင်းတည်းတသားတည်း ဖြစ်၏၊ သွေးသည် သွေးနှင့် တပေါင်းတည်း တသားတည်းဖြစ်၏။ ရဟန်းတို့ ဤအတူသာလျှင် သတ္တဝါတို့သည် ဓာတ်အားဖြင့် သာလျှင် တပေါင်းတည်းတသားတည်း ဖြစ်ကုန်၏၊ ယုတ်ညံ့သော နှလုံးသွင်းရှိကုန်သောသူတို့သည် ယုတ်ညံ့သော နှလုံးသွင်းရှိကုန်သော သူတို့နှင့်အတူ တပေါင်း တည်း တသားတည်း ဖြစ်ကုန်၏၊ လွန်ပြီး 'အတိတ်'အခါ၌လည်း။ပ။ နောင် 'အနာဂတ်' အခါ၌ လည်း ။ပ။ ယခု'ပစ္စုပ္ပန်' အခါ၌လည်း သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ယုတ်ညံ့သော နှလုံးသွင်းရှိကုန်သော သူတို့သည် ယုတ်ညံ့သောနှလုံးသွင်း ရှိကုန်သောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။

ရဟန်းတို့ သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊ ကောင်းသောနှလုံးသွင်းရှိကုန်သော သူတို့သည် ကောင်းသောနှလုံးသွင်းရှိကုန်သောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ရဟန်းတို့လွန်ပြီး 'အတိတ်'အခါ၌လည်း သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်းဖြစ်ကုန်ပြီ၊ ကောင်းသောနှလုံးသွင်းရှိကုန် သော သူတို့သည် ကောင်းသော နှလုံးသွင်းရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသား တည်း ဖြစ်ကုန်ပြီ။

ရဟန်းတို့ နောင် 'အနာဂတ်' အခါ၌လည်း။ပ။ရဟန်းတို့ ယခု 'ပစ္စုပ္ပန်'အခါ၌လည်း သတ္တဝါ တို့သည် ဓာတ်အားဖြင့်သာလျှင်တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊ကောင်းသောနှလုံးသွင်း ရှိကုန်သော သူတို့သည် ကောင်းသော နှလုံးသွင်းရှိကုန်သောသူတို့နှင့်အတူ တပေါင်းတည်းတသား တည်း ဖြစ်ကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ ဥပမာသော်ကား နို့ရည်သည် နို့ရည်နှင့် တပေါင်းတည်း တသားတည်းဖြစ်၏၊ ဆီသည် ဆီနှင့် တပေါင်းတည်း တသားတည်းဖြစ်၏၊ထောပတ်သည် ထောပတ်နှင့်တပေါင်းတည်း တသားတည်းဖြစ်၏၊ပျားရည်သည် ပျားရည်နှင့်တပေါင်းတည်း တသားတည်းဖြစ်၏၊တင်လဲသည် တင်လဲနှင့် တပေါင်းတည်း တသားတည်းဖြစ်၏။ ရဟန်းတို့ ဤအတူသာလျှင် သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ကောင်းသော နှလုံးသွင်း ရှိကုန်သော သူတို့သည် ကောင်းသော နှလုံးသွင်းရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊ လွန်ပြီး 'အတိတ်'အခါ၌လည်း။ပ။နောင် 'အနာဂတ်' အခါ၌လည်း။ပ။ ယခု 'ပစ္စုပ္ပန်'အခါ၌လည်း သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်းတသားတည်း ဖြစ်ကုန်၏၊ ကောင်းသော နှလုံးသွင်းရှိကုန်သောသူတို့သည် ကောင်းသော နှလုံးသွင်းရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏ဟု မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူ၏၊ မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူပြီး၍ ထိုမှ နောက်၌ ဤဂါထာတို့ကို မိန့်တော်မူ၏—

ရဟန်းတို့ တဏှာဖြင့် ကပ်ငြိခြင်းကြောင့် ကိလေသာတောကြီးသည် ပေါက်ရောက်ဖြစ်ပေါ်လာ၏၊ မကပ်ငြိခြင်းကြောင့် ပြတ်၏၊ မဟာသမုဒ္ဒရာ၌ သေးငယ်သောသစ်တုံးကို တက်စီးမိ၍ နစ်မြုပ်ရလေသကဲ့သို့ ဤအတူ ပျင်းရိသောသူကို အစွဲပြု၍ ကောင်းသော အသက်မွေးမှု ရှိသောသူသော်မှလည်း နစ်မြုပ်ရ၏၊ ထို့ကြောင့်ယုတ်ညံ့သော လုံ့လရှိသော ပျင်းရိသော ထိုသူကို ရှောင်ကြဉ်ရာ၏။

ဆိတ်ငြိမ်ရာသို့ ကပ်ကုန်သော ဖြူစင်ကုန်သော နိဗ္ဗာန်သို့စေလွှတ်အပ်သော စိတ်ရှိကုန်သော ဈာန်ဝင်စားလေ့ရှိကုန်သော ထက်သန်သော လုံ့လရှိကုန်သော ပညာရှိတို့နှင့်သာလျှင် အတူတကွ ပေါင်းဖော်နေထိုင်ရာ၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-အဿဒ္ဓသံသန္ဒနသုတ်

၁၀၁။ သာဝတ္ထိပြည်၌ (သီတင်းသုံး)နေတော်မူ၏၊ရဟန်းတို့ သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊(ရတနာသုံးပါးဂုဏ်ကို)ယုံကြည်မှုမရှိကုန်သော သူတို့သည် (ရတနာသုံးပါးဂုဏ်ကို) ယုံကြည်မှု မရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊ မကောင်းမှုမှ မရှက်တတ်သော သူတို့သည် မကောင်းမှုမှမရှက်တတ်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မကောင်းမှုမှ မကြောက်လန့်သောသူတို့သည် မကောင်းမှုမှ မကြောက်လန့်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊ နည်းသော အကြားအမြင်ရှိသော သူတို့သည် နည်းသော အကြားအမြင်ရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊ ပျင်းရိသော သူတို့သည် ပျင်းရိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊ သတိလွတ်ကင်းသောသူတို့သည် သတိလွတ်ကင်းသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ပညာမဲ့ကုန်သော သူတို့သည် ပညာမဲ့ကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ လွန်ပြီး'အတိတ်' အခါ၌လည်း သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ သဒ္ဓါတရားမရှိသော သူတို့သည် သဒ္ဓါတရားမရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မကောင်းမှုမှ မရှက်တတ်သော သူတို့သည် မကောင်းမှုမှ မရှက်တတ်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မကောင်းမှုမှ မကြောက်လန့်သောသူတို့သည် မကောင်းမှုမှ မကြောက်လန့်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ နည်းသော အကြားအမြင်ရှိသော သူတို့သည် နည်းသော အကြားအမြင်ရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊ ပျင်းရိသော သူတို့သည် ပျင်းရိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ သတိလွတ်ကင်းသောသူတို့သည် သတိလွတ်ကင်းသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ပညာမဲ့သောသူတို့သည် ပညာမဲ့သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။

ရဟန်းတို့ နောင် 'အနာဂတ်' အခါ၌လည်း သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်း ဖြစ်ကုန်လတ္တံ့၊ သဒ္ဓါတရားမရှိသော သူတို့သည် သဒ္ဓါတရား မရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်လတ္တံ့၊ မကောင်းမှုမှ မရှက်သော သူတို့သည် မကောင်းမှုမှ မရှက်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်လတ္တံ့၊ မကောင်းမှုမှ မကြောက်လန့်သော သူတို့သည် မကောင်းမှုမှ မကြောက်လန့်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်လတ္တံ့။ပ။နည်းသော အကြားအမြင်ရှိသော သူတို့သည် နည်းသောအကြားအမြင်ရှိသော သူတို့နှင့်အတူ။ပ။ ပျင်းရိသောသူတို့သည် ပျင်းရိသော သူတို့နှင့်အတူ။ပ။ သတိလွတ်ကင်းသော သူတို့သည် သတိလွတ်ကင်းသော သူတို့နှင့်အတူ။ပ။ ပညာမဲ့သော သူတို့သည် ပညာမဲ့သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်လတ္တံ့။

ရဟန်းတို့ ယခု'ပစ္စုပ္ပန်' အခါ၌လည်း သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ သဒ္ဓါတရားမရှိသော သူတို့သည် သဒ္ဓါတရားမရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မကောင်းမှုမှ မရှက်သော သူတို့သည် မကောင်းမှုမှ မရှက်သော သူတို့နှင့်အတူ ။ပ။ မကောင်းမှုမှ မကြောက်လန့်သောသူတို့သည် မကောင်းမှုမှ မကြောက်လန့်သော သူတို့နှင့်အတူ။ပ။ နည်းသော အကြားအမြင်ရှိသော သူတို့သည် နည်းသော အကြားအမြင်ရှိသော သူတို့နှင့်အတူ။ပ။ ပျင်းရိသော သူတို့သည် ပျင်းရိသော သူတို့နှင့်အတူ။ပ။ သတိလွတ်ကင်းသော သူတို့သည် သတိလွတ်ကင်းသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ပညာမဲ့သော သူတို့သည် ပညာမဲ့သောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။

ရဟန်းတို့ သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ သဒ္ဓါတရားရှိသော သူတို့သည် သဒ္ဓါတရားရှိသောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မကောင်းမှုမှ ရှက်တတ်သော စိတ်ရှိသော သူတို့သည် မကောင်းမှုမှ ရှက်တတ်သော စိတ်ရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မကောင်းမှုမှ ကြောက်လန့်တတ်သော သူတို့သည် မကောင်းမှုမှ ကြောက်လန့်တတ်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။ များသော အကြားအမြင်ရှိသော သူတို့သည် များသော အကြားအမြင်ရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ထက်သန်သော လုံ့လရှိသော သူတို့သည် ထက်သန်သော လုံ့လရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊ ထင်သော သတိရှိသောသူတို့သည် ထင်သော သတိရှိသောသူတို့နှင့်အတူ တပေါင်းတည်း

http://www.dhammadownload.com



တသားတည်း ဖြစ်ကုန်၏၊ ပညာရှိသော သူတို့သည် ပညာရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။ ရဟန်းတို့ လွန်ပြီး'အတိတ်'အခါ၌လည်း။ပ။ ရဟန်းတို့နောင်'အနာဂတ်' အခါ၌လည်း။ပ။ ရဟန်းတို့ ယခု'ပစ္စုပ္ပန်' အခါ၌လည်း သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ သဒ္ဓါတရားရှိသူတို့သည် သဒ္ဓါတရားရှိသူတို့နှင့်အတူ။ပ။ ပညာရှိသောသူတို့သည် ပညာရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏ဟု (ဟောတော်မူ၏)။

သတ္တမသုတ်။

## ၈-အဿဒ္ဓမူလကသုတ်

၁၀၂။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ သတ္တဝါတို့သည် ဓာတ်အားဖြင့် သာလျှင် တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ သဒ္ဓါတရားမရှိသော သူတို့သည် သဒ္ဓါတရား မရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မကောင်းမှုမှ မရှက်တတ်ကုန် သော သူတို့သည် မကောင်းမှုမှ မရှက်တတ်ကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ပညာမဲ့သော သူတို့သည် ပညာမဲ့သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။သဒ္ဓါတရားရှိသောသူတို့သည် သဒ္ဓါတရားရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသား တည်း ဖြစ်ကုန်၏၊ မကောင်းမှုမှ ရှက်တတ်သော သူတို့သည် မကောင်းမှုမှ ရှက်တတ်သောသူတို့နှင့် အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ပညာရှိသော သူတို့သည် ပညာရှိသော သူတို့နှင့် အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။ ရဟန်းတို့ လွန်ပြီး'အတိတ်'အခါ၌လည်း သတ္တဝါ တို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်း ဖြစ်ကုန်ပြီ။ပ။ ရဟန်းတို့ နောင် 'အနာဂတ်' အခါ၌လည်း သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်း ဖြစ်ကုန်လတ္တံ့။ပ။

ရဟန်းတို့ ယခု'ပစ္စုပ္ပန်'အခါ၌လည်း သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ သဒ္ဓါတရားမရှိသော သူတို့သည် သဒ္ဓါတရားမရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မကောင်းမှုမှ မရှက်တတ်သော သူတို့သည် မကောင်းမှုမှ မရှက်တတ်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ပညာမဲ့သော သူတို့ သည် ပညာမဲ့သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ သဒ္ဓါတရားရှိသော သူတို့သည် သဒ္ဓါတရားရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မကောင်း မှုမှ ရှက်တတ်သော သူတို့သည် မကောင်းမှုမှ ရှက်တတ်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ပညာရှိသော သူတို့သည် ပညာရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။ (၁)

ရဟန်းတို့ သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ သဒ္ဓါတရားမရှိသော သူတို့သည် သဒ္ဓါတရားမရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မကောင်းမှုမှ မကြောက်လန့်သော သူတို့သည် မကောင်းမှုမှ မကြောက်လန့်သော သူတို့နှင့် အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ပညာမဲ့သော သူတို့သည် ပညာမဲ့

http://www.dhammadownload.com



သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။ သဒ္ဓါတရားရှိသော သူတို့သည် သဒ္ဓါတရားရှိသော သူတို့နှင့် အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မကောင်းမှုမှ ကြောက်လန့်သော သူတို့သည် မကောင်းမှုမှ ကြောက်လန့်သော သူတို့နှင့် အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ပညာရှိကုန်သော သူတို့သည် ပညာရှိကုန်သော သူတို့နှင့်အတူတပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။ပ။[ပဉ္စမဝါရကဲ့သို့ ချဲ့အပ်၏] (၂)

ရဟန်းတို့ သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင်။ပ။ သဒ္ဓါတရားမရှိသော သူတို့သည် သဒ္ဓါတရားမရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊နည်းသော အကြားအမြင်ရှိသော သူတို့သည် နည်းသော အကြားအမြင်ရှိသော သူတို့နှင့်အတူ တပေါင်းတည်းတသားတည်း ဖြစ်ကုန်၏၊ ပညာမဲ့ကုန်သော သူတို့သည် ပညာမဲ့ကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏။သဒ္ဓါတရားရှိသောသူတို့သည် သဒ္ဓါတရားရှိသောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊များသောအကြားအမြင်ရှိကုန်သောသူတို့သည်များသောအကြားအမြင်ရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ပညာရှိကုန်သော သူတို့သည် ပညာရှိကုန်သောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။ပ။ (၃)

ရဟန်းတို့ သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင်။ပ။သဒ္ဓါတရားမရှိသောသူတို့သည် သဒ္ဓါတရားမရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊ ပျင်းရိကုန်သောသူတို့သည် ပျင်းရိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏။ပညာမဲ့သော သူတို့သည် ပညာမဲ့သောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏။သဒ္ဓါတရားရှိသောသူတို့သည် သဒ္ဓါတရားရှိသောသူတို့နှင့်အတူ တပေါင်းတည်းတသားတည်း ဖြစ်ကုန်၏၊ထက်သန်သောလုံ့လရှိကုန်သော သူတို့သည် ထက်သန်သောလုံ့လရှိကုန်သောသူတို့နှင့်အတူ တပေါင်းတည်းတသားတည်း ဖြစ်ကုန်၏။ ပညာရှိကုန်သောသူတို့သည် ပညာရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်းတသားတည်း ဖြစ်ကုန်၏။ပ။ (၄)

ရဟန်းတို့ သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင်။ပ။ သဒ္ဓါတရားမရှိသော သူတို့သည် သဒ္ဓါတရားမရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊သတိလွတ်ကင်းကုန်သော သူတို့သည် သတိလွတ်ကင်းကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ပညာမဲ့ကုန်သောသူတို့သည် ပညာမဲ့ကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊သဒ္ဓါတရားရှိသောသူတို့သည် သဒ္ဓါတရားရှိသောသူတို့နှင့်အတူ တပေါင်းတည်းတသားတည်းဖြစ်ကုန်၏၊ ထင်သော သတိရှိကုန်သော သူတို့သည် ထင်သော သတိရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊ပညာရှိကုန်သော သူတို့သည် ပညာရှိကုန်သောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။ပ။ဟု (မိန့်တော်မူ၏)။ (၅)

အဋ္ဌမသုတ်။

## ၉-အဟိရိကမူလကသုတ်

၁၀၃။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင်။ပ။မကောင်းမှုမှ မရှက်တတ်သောသူတို့သည် မကောင်းမှုမှ မရှက်တတ်သော သူတို့နှင့်အတူ

http://www.dhammadownload.com



**တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊** မကောင်းမှုမှ မကြောက်လန့်ကုန်သော သူတို့သည် မကောင်းမှုမှ မကြောက်လန့်ကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ပညာမဲ့ကုန်သောသူတို့သည် ပညာမဲ့ကုန်သော သူတို့နှင့်အတူ တပေါင်းတည်းတသားတည်း ဖြစ်ကုန်၏။မကောင်းမှုမှရှက်တတ်သောစိတ်ရှိသောသူတို့သည် မကောင်းမှုမှရှက်တတ်သောစိတ်ရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မကောင်းမှုမှ ကြောက်လန့်တတ်သော သူတို့သည် မကောင်းမှုမှ ကြောက်လန့်တတ်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ပညာရှိကုန်သော သူတို့သည် ပညာရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။ပ။ (၁)

မကောင်းမှုမှ မရှက်တတ်သော သူတို့သည် မကောင်းမှုမှ မရှက်တတ်သောသူတို့နှင့် အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ နည်းသော အကြားအမြင်ရှိကုန်သော သူတို့သည် နည်းသောအကြားအမြင်ရှိကုန်သော သူတို့နှင့် အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊ ပညာမဲ့ကုန်သော သူတို့သည် ပညာမဲ့ကုန်သော သူတို့နှင့်အတူ တပေါင်းတည်းတသားတည်းဖြစ်ကုန်၏။ မကောင်းမှုမှ ရှက်တတ်သော စိတ်ရှိသောသူတို့သည် မကောင်းမှုမှ ရှက်တတ်သော စိတ်ရှိသော သူတို့နှင့်အတူ တပေါင်းတည်းတသားတည်းဖြစ်ကုန်၏၊များသောအကြားအမြင်ရှိသောသူတို့သည် များသော အကြားအမြင်ရှိသောသူတို့နှင့် အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ပညာရှိကုန်သော သူတို့သည်ပညာရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။ပ။ (၂)

မကောင်းမှုမှ မရှက်တတ်သော သူတို့သည် မကောင်းမှုမှ မရှက်တတ်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ပျင်းရိကုန်သောသူတို့သည် ပျင်းရိကုန်သောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ပညာမဲ့ကုန်သောသူတို့သည် ပညာမဲ့ကုန်သောသူတို့နှင့် အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏။မကောင်းမှုမှ ရှက်တတ်သော စိတ်ရှိသောသူတို့သည် မကောင်းမှုမှ ရှက်တတ်သောစိတ်ရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ထက်သန်သော လုံ့လရှိကုန်သော သူတို့သည် ထက်သန်သော လုံ့လရှိကုန်သောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ပညာရှိကုန်သော သူတို့သည် ပညာရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။ပ။ (၃)

မကောင်းမှုမှ မရှက်တတ်ကုန်သောသူတို့သည် မကောင်းမှုမှ မရှက်တတ်ကုန်သော သူတို့နှင့် အတူ တပေါင်းတည်း တသားတည် ဖြစ်ကုန်၏၊ သတိလွတ်ကင်းသော သူတို့သည် သတိလွတ်ကင်းသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ပညာမဲ့သောသူတို့သည် ပညာမဲ့သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။မကောင်းမှုမှ ရှက်တတ်သောစိတ်ရှိသောသူတို့သည် မကောင်းမှုမှ ရှက်တတ်သော စိတ်ရှိသောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ထင်သော သတိရှိသောသူတို့သည် ထင်သော သတိရှိသောသူတို့နှင့်အတူတပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ပညာရှိကုန်သော သူတို့သည် ပညာရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။ပ။ဟု (မိန့်တော်မူ၏)။ (၄)

နဝမသုတ်။

http://www.dhammadownload.com



### ၁၀-အနောတ္တပ္ပမူလကသုတ်

၁၀၄။ သာဝတ္ထိပြည်၌(သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်းတသားတည်း ဖြစ်ကုန်၏၊ မကောင်းမှုမှ မကြောက်လန့်တတ်သော သူတို့သည် မကောင်းမှုမှ မကြောက်လန့်တတ်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊ နည်းသောအကြားအမြင်ရှိသောသူတို့သည် နည်းသောအကြားအမြင်ရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ပညာမဲ့ကုန်သောသူတို့သည် ပညာမဲ့ကုန်သောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏။ မကောင်းမှုမှကြောက်လန့်တတ်ကုန်သောသူတို့သည် မကောင်းမှုမှကြောက်လန့်တတ်ကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊ များသောအကြားအမြင် ရှိကုန်သော သူတို့သည် များသောအမြင်ရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ပညာရှိကုန်သောသူအကြားတို့သည် ပညာရှိကုန်သောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏။ပ။(၁)

မကောင်းမှုမှ မကြောက်လန့် တတ်ကုန်သောသူတို့သည် မကောင်းမှုမှ မကြောက်လန့်တတ်ကုန်သောသူတို့နှင့် အတူ တပေါင်းတည်းတသားတည်း ဖြစ်ကုန်၏၊ ပျင်းရိကုန်သော သူတို့သည် ပျင်းရိကုန်သောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏ ပညာမဲ့ကုန်သောသူတို့သည် ပညာမဲ့ကုန်သော သူတို့နှင့်အတူ တပေါင်းတည်းတသားတည်း ဖြစ်ကုန်၏။ မကောင်းမှုမှ ကြောက်လန့်တတ်ကုန်သော သူတို့သည် မကောင်းမှုမှကြောက်လန့်တတ်ကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊ ထက်သန်သော လုံ့လရှိကုန်သောသူတို့သည် ထက်သန်သော လုံ့လရှိကုန်သောသူတို့နှင့်အတူ တပေါင်းတည်းတသားတည်းဖြစ်ကုန်၏၊ ပညာရှိကုန်သော သူတို့သည် ပညာရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။ပ။ (၂)

မကောင်းမှုမှ မကြောက်လန့်တတ်ကုန်သော သူတို့သည် မကောင်းမှုမှ မကြောက်လန့်တတ်ကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ သတိလွတ်ကင်းသောသူတို့သည် သတိလွတ်ကင်းသောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ပညာမဲ့ကုန်သော သူတို့သည် ပညာမဲ့ကုန်သောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏။ မကောင်းမှုမှ ကြောက်လန့်တတ်ကုန်သော သူတို့သည် မကောင်းမှုမှကြောက်လန့်တတ်ကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ထင်သော သတိရှိကုန်သောသူတို့သည် ထင်သော သတိရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ပညာရှိကုန်သောသူတို့သည် ပညာရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။ပ။ ဟု (မိန့်တော်မူ၏)။ (၃)

ဒသမသုတ်။

---

### ၁၁-အပ္ပဿုတမူလကသုတ်

၁၀၅။ သာဝတ္ထိပြည်၌(သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊ နည်းသောအကြားအမြင်ရှိသော သူတို့သည်

http://www.dhammadownload.com



နည်းသော အကြားအမြင်ရှိသောသူတို့နှင့်အတူ တပေါင်းတည်းတသားတည်း ဖြစ်ကုန်၏၊ ပျင်းရိကုန်သောသူတို့သည် ပျင်းရိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ပညာမဲ့ကုန်သောသူတို့သည် ပညာမဲ့ကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။ များသောအကြားအမြင်ရှိကုန်သောသူတို့သည် များသောအကြားအမြင်ရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊ ထက်သန်သော လုံ့လရှိကုန်သောသူတို့သည် ထက်သန်သော လုံ့လရှိကုန်သော သူတို့နှင့်အတူတပေါင်းတည်း တသားတည်းဖြစ်ကုန်၏။ ပညာရှိကုန်သော သူတို့သည် ပညာရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။ပ။ (၁)

နည်းသော အကြားအမြင်ရှိကုန်သော သူတို့သည် နည်းသောအကြားအမြင်ရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊ သတိလွတ်ကင်းသောသူတို့သည် သတိလွတ်ကင်းသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ပညာမဲ့ကုန်သော သူတို့သည် ပညာမဲ့ကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။ များသောအကြားအမြင်ရှိကုန်သော သူတို့သည် များသောအကြားအမြင်ရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်းတသားတည်း ဖြစ်ကုန်၏၊ ထင်သောသတိရှိကုန်သောသူတို့သည် ထင်သော သတိရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ပညာရှိကုန်သော သူတို့သည် ပညာရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။ပ။ ဟု (မိန့်တော်မူ၏)။ (၂)

**ကောဒသမသုတ်။**

---

## ၁၂- ကုသီတမူလကသုတ်

၁၀၆။ သာဝတ္ထိပြည်၌(သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ပျင်းရိကုန်သောသူတို့သည် ပျင်းရိကုန်သောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ သတိလွတ်ကင်းသော သူတို့သည် သတိလွတ်ကင်းသောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊ ပညာမဲ့ကုန်သော သူတို့သည် ပညာမဲ့ကုန်သောသူတို့နှင့်အတူ တပေါင်းတည်းတသားတည်း ဖြစ်ကုန်၏။ ထက်သန်သောလုံ့လရှိကုန်သောသူတို့သည် ထက်သန်သောလုံ့လရှိကုန်သောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊ ထင်သော သတိရှိကုန်သော သူတို့သည် ထင်သောသတိရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်းတသားတည်းဖြစ်ကုန်၏၊ ပညာရှိကုန်သောသူတို့သည် ပညာရှိကုန်သောသူတို့နှင့်အတူ တပေါင်းတည်းတသားတည်း ဖြစ်ကုန်၏။ပ။ ဟု(မိန့်တော်မူ၏)။

**ဒွါဒသမသုတ်။**

[အလုံးစုံသော သုတ်တို့၌ အတိတ် အနာဂတ် ပစ္စုပ္ပန်ကို ပြုအပ်၏]။

**ဒုတိယဝဂ် ပြီး၏။**

http://www.dhammadownload.com



## ၃-ကမ္မပထဝဂ် ၁-အသမာဟိတသုတ်

၁၀၇။ သာဝတ္ထိပြည်၌ (သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ သတ္တဝါတို့သည် ဓာတ်အားဖြင့် သာလျှင် တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ သဒ္ဓါတရားမရှိသူတို့သည် သဒ္ဓါတရားမရှိသူ တို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မကောင်းမှုမှ မရှက်တတ်ကုန်သော သူတို့ သည် မကောင်းမှုမှ မရှက်တတ်ကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။ မကောင်းမှုမှ မကြောက်လန့်တတ်ကုန်သော သူတို့သည် မကောင်းမှုမှ မကြောက်လန့်တတ်ကုန် သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏။ မတည်ကြည်ကုန်သောသူတို့သည် မတည်ကြည်ကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ပညာမဲ့ကုန်သော သူတို့သည် ပညာမဲ့ကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။

သဒ္ဓါတရားရှိသူတို့သည် သဒ္ဓါတရားရှိသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မကောင်းမှုမှ ရှက်တတ်ကုန်သော စိတ်ရှိသူတို့သည် မကောင်းမှုမှ ရှက်တတ်ကုန်သော စိတ်ရှိသူတို့နှင့် အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။ မကောင်းမှုမှ ကြောက်လန့်တတ်ကုန်သော သူတို့သည် မကောင်းမှုမှ ကြောက်လန့်တတ်ကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ တည်ကြည်သောသူတို့သည် တည်ကြည်သော သူတို့နှင့်အတူ တပေါင်းတည်း တသား တည်းဖြစ်ကုန်၏၊ ပညာရှိကုန်သောသူတို့သည် ပညာရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏ဟု (ဟောတော်မူ၏)။

ပဌမသုတ်။

## ၂-ဒုဿီလသုတ်

၁၀၈။ သာဝတ္ထိပြည်၌ (သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ သတ္တဝါတို့သည် ဓာတ်အားဖြင့် သာလျှင် တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ သဒ္ဓါတရား မရှိသူတို့သည် သဒ္ဓါတရားမရှိသူ တို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မကောင်းမှုမှ မရှက်တတ်ကုန်သော သူတို့သည် မကောင်းမှုမှ မရှက်တတ်ကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။ မကောင်းမှုမှ မကြောက်လန့်တတ်ကုန်သော သူတို့သည် မကောင်းမှုမှ မကြောက် လန့်တတ်ကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ သီလမရှိကုန်သော သူတို့သည် သီလမရှိကုန်သောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ပညာမဲ့ ကုန်သော သူတို့သည် ပညာမဲ့ကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။

သဒ္ဓါတရားရှိသူတို့သည် သဒ္ဓါတရား ရှိသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မကောင်းမှုမှ ရှက်တတ်ကုန်သော စိတ်ရှိသူတို့သည် မကောင်းမှုမှ ရှက်တတ်သော စိတ်ရှိသူတို့နှင့် အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။ မကောင်းမှုမှ ကြောက်လန့်တတ်သော သူတို့ သည် မကောင်းမှုမှ ကြောက်လန့်တတ်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ သီလရှိသောသူတို့သည် သီလရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း

http://www.dhammadownload.com



ဖြစ်ကုန်၏၊ ပညာရှိသော သူတို့သည် ပညာရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ပဉ္စသိက္ခာပဒသုတ်

၁၀၉။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ သူ့အသက်ကို သတ်လေ့ရှိကုန်သော သူတို့သည် သူ့အသက်ကို သတ်လေ့ရှိကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မပေးသည်ကို ခိုးယူလေ့ရှိကုန်သော သူတို့သည် မပေးသည်ကို ခိုးယူလေ့ရှိကုန်သောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ကာမတို့၌ မှားသောအားဖြင့် ကျင့်လေ့ရှိသော သူတို့သည် ကာမတို့၌ မှားသောအားဖြင့် ကျင့်လေ့ရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊မဟုတ်မမှန် ပြောလေ့ရှိသူတို့သည် မဟုတ်မမှန်ပြောလေ့ရှိသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ယစ်မူးမေ့လျော့ကြောင်း ဖြစ်သော သေအရက်ကို သောက်လေ့ရှိသော သူတို့သည် ယစ်မူးမေ့လျော့ကြောင်းဖြစ်သော သေအရက်ကို သောက်လေ့ရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။

သူ့အသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်သော သူတို့သည် သူ့အသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်သောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မပေးသည်ကို ခိုးယူခြင်းမှ ကြဉ်ရှောင်ကုန်သောသူတို့သည် မပေးသည်ကို ခိုးယူခြင်းမှ ကြဉ်ရှောင်ကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ကြဉ်ရှောင်ကုန်သောသူတို့သည် ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ကြဉ်ရှောင်ကုန်သောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မဟုတ်မမှန် ပြောဆိုခြင်းမှ ကြဉ်ရှောင်သော သူတို့သည် မဟုတ်မမှန် ပြောဆိုခြင်းမှ ကြဉ်ရှောင်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ယစ်မူးမေ့လျော့ကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ ကြဉ်ရှောင်ကုန်သော သူတို့သည် ယစ်မူးမေ့လျော့ကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ ကြဉ်ရှောင်ကုန်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏ ဟု (ဟောတော်မူ၏)။

တတိယသုတ်။

## ၄-သတ္တကမ္မပထသုတ်

၁၁၀။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ သူ့အသက်ကို သတ်လေ့ရှိသော သူတို့သည် သူ့အသက်ကို သတ်လေ့ရှိသောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မပေးသည်ကိုခိုးယူလေ့ရှိသောသူတို့သည်မပေးသည်ကိုခိုးယူလေ့ရှိသောသူတို့နှင့်အတူတပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ကာမတို့၌ မှားသောအားဖြင့် ကျင့်လေ့ရှိသောသူတို့သည် ကာမတို့၌

http://www.dhammadownload.com



မှားသောအားဖြင့် ကျင့်လေ့ရှိသောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မဟုတ်မမှန် ပြောလေ့ရှိသောသူတို့သည် မဟုတ်မမှန် ပြောလေ့ရှိသောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ကုန်းစကားကို ပြောဆိုတတ်သောသူတို့သည် ကုန်းစကားကို ပြောဆိုတတ်သောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ကြမ်းထမ်းသောစကားကို ပြောဆိုတတ်သောသူတို့သည် ကြမ်းထမ်းသောစကားကို ပြောဆိုတတ်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ပြိန်ဖျင်းသောစကားကို ပြောဆိုလေ့ရှိသောသူတို့သည် ပြိန်ဖျင်းသောစကားကို ပြောဆိုလေ့ရှိသောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။

သူ့အသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်သောသူတို့သည်။ပ။ မပေးသည်ကို ခိုးယူခြင်းမှ ကြဉ်ရှောင်သောသူတို့သည်။ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ကြဉ်ရှောင်သောသူတို့သည်။ မမှန်ပြောဆိုခြင်းမှ ကြဉ်ရှောင်သောသူတို့သည်။ ကုန်းစကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်သော သူတို့သည် ကုန်းစကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်သော သူတို့နှင့် အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ကြမ်းထမ်းသောစကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်သောသူတို့သည် ကြမ်းထမ်းသောစကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်သော သူတို့နှင့် အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်သော သူတို့သည် ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်သော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ဒသကမ္မပထသုတ်

၁၃၁။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ သတ္တဝါတို့သည် ဓာတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊ သူ့အသက်ကို သတ်လေ့ရှိသောသူတို့သည် သူ့အသက်ကို သတ်လေ့ရှိသောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်းဖြစ်ကုန်၏၊ မပေးသည်ကို ခိုးယူလေ့ရှိသော သူတို့သည်။ပ။ ကာမတို့၌ မှားသောအားဖြင့် ကျင့်လေ့ရှိသောသူတို့သည်။ မဟုတ်မမှန် ပြောဆိုလေ့ရှိသောသူတို့သည်။ ကုန်းစကားကို ပြောဆိုလေ့ရှိသောသူတို့သည်။ ကြမ်းထမ်းသောစကားကို ပြောဆိုလေ့ရှိသောသူတို့သည်။ ပြိန်ဖျင်းသောစကားကို ပြောဆိုလေ့ရှိသောသူတို့သည် ပြိန်ဖျင်းသောစကားကို ပြောဆိုလေ့ရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ (သူတပါးတို့၏စည်းစိမ်ကို) မက်မောစိတ် ရှိသောသူတို့သည်(သူတပါးတို့၏ စည်းစိမ်ကို) မက်မောစိတ် ရှိသောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ဖျက်ဆီးလိုသော စိတ်ရှိသောသူတို့သည် ဖျက်ဆီးလိုသောစိတ် ရှိသောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မှားသောအယူရှိသော သူတို့သည် မှားသော အယူရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။

သူ့အသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်သော သူတို့သည် သူ့အသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်သောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မပေးသည်ကို ခိုးယူခြင်းမှ ကြဉ်ရှောင်သော သူတို့သည်။ပ။ ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ကြဉ်ရှောင်သောသူတို့

http://www.dhammadownload.com



သည်။ မဟုတ်မမှန်ပြောဆိုခြင်းမှ ကြဉ်ရှောင်သော သူတို့သည်။ ကုန်းစကားကို ပြောဆိုခြင်းမှ။ ကြမ်းထမ်းသောစကားကို ပြောဆိုခြင်းမှ။ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်သော သူတို့သည် ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်သောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။ (သူတပါးတို့၏ ဥစ္စာကို) မက်မောစိတ် မရှိသော သူတို့သည် (သူတပါးတို့၏ ဥစ္စာကို) မက်မောစိတ် မရှိသောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ဖျက်ဆီးလိုသော စိတ်မရှိသော သူတို့သည် ဖျက်ဆီးလိုသော စိတ်မရှိသော သူတို့နှင့် အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ကောင်းသော အယူရှိသော သူတို့သည် ကောင်းသော အယူရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-အဋ္ဌင်္ဂိကသုတ်

၁၁၂။ သာဝတ္ထိပြည်၌(သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ သတ္တဝါတို့သည် ဓာတ်အားဖြင့် သာလျှင် တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မှားယွင်းသော အယူရှိသောသူတို့သည် မှားယွင်းသော အယူရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မှားယွင်းသော အကြံရှိသော သူတို့သည်။ပ။ မှားယွင်းသော စကားရှိသော သူတို့သည်။ မှားယွင်းသော အလုပ်ရှိသော သူတို့သည်။ မှားယွင်းသော အသက်မွေးမှုရှိသော သူတို့သည်။ မှားယွင်းသော အားထုတ်မှုရှိသော သူတို့သည်။ မှားယွင်းသော အောက်မေ့မှုရှိသော သူတို့သည်။ မှားယွင်းသော တည်ကြည်မှုရှိသော သူတို့သည် မှားယွင်းသော တည်ကြည်မှုရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မှန်ကန်သော အယူရှိသောသူတို့သည် မှန်ကန်သော အယူရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မှန်ကန်သောအကြံရှိသော သူတို့သည်။ပ။ မှန်ကန်သော စကားရှိသော သူတို့သည်။ မှန်ကန်သော အလုပ်ရှိသောသူတို့သည်။ မှန်ကန်သော အသက်မွေးမှုရှိသော သူတို့သည်။ မှန်ကန်သော အားထုတ်မှုရှိသော သူတို့သည်။ မှန်ကန်သော အောက်မေ့မှုရှိသော သူတို့သည်။ မှန်ကန်သော တည်ကြည်မှုရှိသော သူတို့သည် မှန်ကန်သော တည်ကြည်မှုရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏ဟု(ဟောတော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ဒသင်္ဂသုတ်

၁၁၃။ သာဝတ္ထိပြည်၌(သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ သတ္တဝါတို့သည် ဓာတ်အားဖြင့် သာလျှင် တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မှားယွင်းသော အယူရှိသောသူတို့သည် မှားယွင်းသော အယူရှိသောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မှားယွင်းသော အကြံရှိသော သူတို့သည်။ မှားယွင်းသော စကားရှိသောသူတို့သည်။ မှားယွင်းသော အလုပ်ရှိသောသူတို့သည်။ မှားယွင်းသော အသက်မွေးမှုရှိသော သူတို့သည်။ မှားယွင်းသော အားထုတ်မှုရှိသော သူတို့သည်။ မှားယွင်းသော အောက်မေ့မှုရှိသော သူတို့သည်။ မှားယွင်းသော

http://www.dhammadownload.com



တည်ကြည်မှုရှိသော သူတို့သည် မှားယွင်းသော တည်ကြည်မှုရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊မှားယွင်းသော ဉာဏ်ရှိသော သူတို့သည် မှားယွင်းသော ဉာဏ်ရှိသောသူတို့နှင့်အတူ တပေါင်းတည်းတသားတည်း ဖြစ်ကုန်၏၊ ဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်း မဟုတ်သော မိစ္ဆာဝိမုတ္တိရှိသော သူတို့သည် ဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်း မဟုတ်သော မိစ္ဆာဝိမုတ္တိရှိသော သူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏။

မှန်ကန်သော အယူရှိသောသူတို့သည် မှန်ကန်သောအယူရှိသောသူတို့နှင့်အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ မှန်ကန်သောအကြံရှိသောသူတို့သည်။ပ။မှန်ကန်သော စကားရှိသော သူတို့သည်။ မှန်ကန်သောအလုပ်ရှိသော သူတို့သည်။ မှန်ကန်သော အသက်မွေးမှုရှိသော သူတို့သည်။ မှန်ကန်သောအားထုတ်မှုရှိသော သူတို့သည်။ မှန်ကန်သောအောက်မေ့မှုရှိသော သူတို့သည်။ မှန်ကန်သော တည်ကြည်မှုရှိသော သူတို့သည်။ မှန်ကန်သော ဉာဏ်ရှိသော သူတို့သည် မှန်ကန်သော ဉာဏ်ရှိသောသူတို့နှင့် အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော သမ္မာဝိမုတ္တိရှိသောသူတို့သည်ဝဋ်ဆင်းရဲမှထွက်မြောက်ကြောင်းဖြစ်သော သမ္မာဝိမုတ္တိရှိသောသူတို့နှင့် အတူ တပေါင်းတည်း တသားတည်း ဖြစ်ကုန်၏ဟု (ဟောတော်မူ၏)။

သတ္တမသုတ်။

[အလုံးစုံသော သုတ်တို့၌ အတိတ် အနာဂတ် ပစ္စုပ္ပန်ကို ပြုအပ်၏။]

သုံးခုမြောက် ကမ္မပထဝဂ်ပြီး၏။

## ၄-စတုတ္ထဝဂ် ၁-စတုဓာတုသုတ်

၁၁၄။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌(သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ဓာတ်တို့သည် ဤလေးပါးတို့တည်း အဘယ်လေးပါးတို့နည်းဟူမူ—ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ်တို့တည်း၊ ရဟန်းတို့ ဓာတ်တို့သည် ဤလေးပါးတို့တည်း ဟု(မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ပုဗ္ဗေသမ္ဗောဓသုတ်

၁၁၅။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ သစ္စာလေးပါးကို မသိမီ သစ္စာလေးပါးကို မသိသေးသော ဘုရားလောင်းဖြစ်စဉ်ကပင် ငါ့အား ဤအကြံသည် ဖြစ်၏ "ပထဝီဓာတ်၏ သာယာဖွယ်သည် အဘယ်နည်း၊ အပြစ်သည် အဘယ်နည်း၊ ထွက်မြောက်ကြောင်းသည် အဘယ်နည်း၊ အာပေါဓာတ်၏ သာယာဖွယ်သည် အဘယ်နည်း၊ အပြစ်သည် အဘယ်နည်း၊ ထွက်မြောက်ကြောင်းသည် အဘယ်နည်း၊ တေဇောဓာတ်၏ သာယာဖွယ်သည် အဘယ်နည်း၊

http://www.dhammadownload.com



အပြစ်သည် အဘယ်နည်း၊ ထွက်မြောက်ကြောင်းသည် အဘယ်နည်း၊ ဝါယောဓာတ်၏ သာယာဖွယ်သည် အဘယ်နည်း၊ အပြစ်သည် အဘယ်နည်း၊ ထွက်မြောက်ကြောင်းသည် အဘယ်နည်း"ဟု (အကြံဖြစ်၏)။

ရဟန်းတို့ ငါ့အား ဤအကြံသည် ဖြစ်ပြန်၏"ပထဝီဓာတ်ကို စွဲ၍ ဖြစ်သော ချမ်းသာမှုနှင့် ဝမ်းမြောက်မှုသည် ပထဝီဓာတ်၏ သာယာဖွယ်တည်း၊ပထဝီဓာတ်၏ အမြဲမရှိခြင်း ဆင်းရဲခြင်း ဖောက်ပြန်တတ်သော သဘောရှိခြင်းသည်ကား ပထဝီဓာတ်၏ အပြစ်တည်း၊ ပထဝီဓာတ်၌ တပ်မက်မှု 'ဆန္ဒရာဂ'ကို ပယ်ဖျောက်ခြင်းသည် ပထဝီဓာတ်၏ ထွက်မြောက်ကြောင်းတည်း။ အာပေါဓာတ်ကို စွဲ၍။ပ။ တေဇောဓာတ်ကိုစွဲ၍။ပ။ ဝါယောဓာတ်ကိုစွဲ၍ ဖြစ်သော ချမ်းသာမှုနှင့် ဝမ်းမြောက်မှုသည် ဝါယောဓာတ်၏ သာယာဖွယ်တည်း၊ ဝါယောဓာတ်၏ အမြဲမရှိခြင်း ဆင်းရဲခြင်း ဖောက်ပြန်တတ်သော သဘောရှိခြင်းသည်ကား ဝါယောဓာတ်၏ အပြစ်တည်း၊ ဝါယောဓာတ်၌ တပ်မက်မှု 'ဆန္ဒရာဂ'ကို ပယ်ဖျောက်ခြင်းသည် ဝါယောဓာတ်၏ ထွက်မြောက်ကြောင်းတည်း။

ရဟန်းတို့ ဓာတ်လေးပါးတို့၏ ဤသို့သော သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ကြောင်းကိုလည်း ထွက်မြောက်ကြောင်းအားဖြင့် ဟုတ်မှန်သောအတိုင်း မသိသေးသမျှ ကာလပတ်လုံး နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏ ဗြာဟ္မဏ မင်းများ လူများနှင့်တကွသောလူ့လောက၌ အတုမရှိ မြတ်သော အရဟတ္တမဂ်ဉာဏ်ကို ထိုးထွင်း၍ သိပြီဟူ၍ ငါ ဝန်မခံသေး။

ရဟန်းတို့ ဓာတ်လေးပါးတို့၏ ဤသို့သော သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ကြောင်းကိုလည်း ထွက်မြောက်ကြောင်းအားဖြင့် ဟုတ်မှန်သောအတိုင်း သိသော အခါ၌ကား ၊နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏ ဗြာဟ္မဏ မင်းများ လူများနှင့်တကွသော လူ့လောက၌ အတုမရှိ မြတ်သော အရဟတ္တမဂ်ဉာဏ်ကို ထိုးထွင်း၍ သိပြီဟူ၍ ငါဝန်ခံ၏၊ ငါ့အား ဉာဏ်အမြင်သည် ထင်ရှားဖြစ်ပြီ၊ ငါ၏ (ကိလေသာ)တို့မှ လွတ်သော စိတ်သည် မပျက်စီးပြီ၊ ဤကိုယ်၏အဖြစ်သည် အဆုံးစွန်သော ကိုယ်၏ အဖြစ်တည်း၊ ယခုအခါ တဖန် ဘဝသစ်၌ ပဋိသန္ဓေနေဖွယ် မရှိတော့ပြီ"ဟု ထိုငါ့အား အကြံဖြစ်၏။

ဒုတိယသုတ်။

## ၃-အစရိံသုတ်

၁၀၆။ သာဝတ္ထိပြည်၌ (သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ ငါသည် ပထဝီဓာတ်၏ သာယာဖွယ်ကို ရှာမှီးလျက် လှည့်လည်ခဲ့ပြီ၊ ပထဝီဓာတ်၏သာယာဖွယ်ကို သိခဲ့ပြီ၊ ပထဝီဓာတ်၏သာယ ာဖွယ်ဟူသမျှကို ပညာဖြင့် ကောင်းစွာ မြင်ခဲ့ပြီ။ ရဟန်းတို့ ငါသည် ပထဝီဓာတ်၏ အပြစ်ကို ရှာမှီးလျက် လှည့်လည်ခဲ့ပြီ၊ ပထဝီဓာတ်၏ အပြစ်ကို သိခဲ့ပြီ။ ပထဝီဓာတ်၏ အပြစ်ဟူသမျှကို ပညာဖြင့် ကောင်းစွာ မြင်ခဲ့ပြီ။ ရဟန်းတို့ ငါသည် ပထဝီဓာတ်၏ထွက်မြောက်ကြောင်းကို ရှာမှီးလျက် လှည့်လည်ခဲ့ပြီ၊ ပထဝီဓာတ်၏ထွက်မြောက်ကြောင်းကို သိခဲ့ပြီ၊ ပထဝီဓာတ်၏ထွက်မြောက်ကြောင်း ဟူသမျှကို ပညာဖြင့် ကောင်းစွာ မြင်ခဲ့ပြီ။

http://www.dhammadownload.com



ရဟန်းတို့ ငါသည် အာပေါဓာတ်၏။ပ။ ရဟန်းတို့ ငါသည် တေဇောဓာတ်၏ ။ပ။ ရဟန်းတို့ ငါသည် ဝါယောဓာတ်၏ သာယာဖွယ်ကို ရှာမှီးလျက် လှည့်လည်ခဲ့ပြီ၊ဝါယောဓာတ်၏ သာယာဖွယ်ကို သိခဲ့ပြီ၊ ဝါယောဓာတ်၏ သာယာဖွယ် ဟူသမျှကို ပညာဖြင့် ကောင်းစွာ မြင်ခဲ့ပြီ။ ရဟန်းတို့ ငါသည် ဝါယောဓာတ်၏ အပြစ်ကို ရှာမှီးလျက် လှည့်လည်ခဲ့ပြီ၊ဝါယောဓာတ်၏ အပြစ်ကို သိခဲ့ပြီ၊ ဝါယောဓာတ်၏ အပြစ်ဟူသမျှကို ပညာဖြင့် ကောင်းစွာ မြင်ခဲ့ပြီ။

ရဟန်းတို့ ငါသည် ဝါယောဓာတ်၏ ထွက်မြောက်ကြောင်းကို ရှာမှီးလျက် လှည့်လည်ခဲ့ပြီ၊ ဝါယောဓာတ်၏ ထွက်မြောက်ကြောင်းကို သိခဲ့ပြီ၊ ဝါယောဓာတ်၏ ထွက်မြောက်ကြောင်းဟူသမျှကို ပညာဖြင့် ကောင်းစွာ မြင်ခဲ့ပြီ။ ရဟန်းတို့ ငါသည် ဤဓာတ်လေးပါးတို့၏ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ကြောင်းကိုလည်း ထွက်မြောက်ကြောင်းအားဖြင့် ဟုတ်မှန်သောအတိုင်း မသိသေးသမျှကာလပတ်လုံး နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏ ဗြာဟ္မဏ မင်းများ လူများနှင့် တကွသော ဤလူ့လောက၌ အတုမရှိ မြတ်သော အရဟတ္တမဂ်ဉာဏ်ကို ထိုးထွင်း၍ သိပြီ ဟူ၍ ငါ ဝန်မခံသေး။

ရဟန်းတို့ ဓာတ်လေးပါး၏ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ကြောင်းကိုလည်း ထွက်မြောက်ကြောင်းအားဖြင့် ဟုတ်မှန်သောအတိုင်း သိသောအခါ၌ကား နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့်တကွသော လူ့လောက၌ အတုမရှိ မြတ်သော အရဟတ္တမဂ်ဉာဏ်ကို ထိုးထွင်း၍ သိပြီဟူ၍ ငါ ဝန်ခံ၏၊ ငါ့အား ဉာဏ်အမြင်သည် ထင်ရှားဖြစ်ပြီ၊ ငါ၏(ကိလေသာတို့မှ)လွတ်သော စိတ်သည် မချက်စီးတော့ပြီ၊ ဤကိုယ်၏အဖြစ်သည် အဆုံးစွန်သော ကိုယ်၏ အဖြစ်တည်း၊ယခုအခါ တဖန် ဘဝသစ်၌ ပဋိသန္ဓေနေဖွယ် မရှိတော့ပြီ ဟု (ဟောတော်မူ၏)။

တတိယသုတ်။

---

## ၄-နောစေဒ်သုတ်

၁၁၇။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ပထဝီဓာတ်၏ သာယာဖွယ်သည် မဖြစ်ခဲ့မူ သတ္တဝါတို့သည် ဤပထဝီဓာတ်၌ မတပ်မက်ကုန်ရာ၊ရဟန်းတို့ ပထဝီဓာတ်၌ သာယာဖွယ်ရှိသောကြောင့်သာလျှင် သတ္တဝါတို့သည် ပထဝီဓာတ်၌ တပ်မက်ကုန်၏၊ရဟန်းတို့ ပထဝီဓာတ်၏ အပြစ်သည် အကယ်၍ မဖြစ်ခဲ့မူ သတ္တဝါတို့သည် ဤပထဝီဓာတ်၌ မငြီးငွေ့ကုန်ရာ၊ ရဟန်းတို့ ပထဝီဓာတ်၌ အပြစ်ရှိသောကြောင့်သာလျှင် သတ္တဝါတို့သည် ပထဝီဓာတ်၌ ငြီးငွေ့ကုန်၏၊ရဟန်းတို့ ပထဝီဓာတ်၏ ထွက်မြောက်ကြောင်း မဖြစ်ခဲ့မူ သတ္တဝါတို့သည် ဤပထဝီဓာတ်မှ မထွက်မြောက်ကုန်ရာ၊ ရဟန်းတို့ ပထဝီဓာတ်၏ ထွက်မြောက်ကြောင်း ရှိသောကြောင့်သာလျှင် သတ္တဝါတို့သည် ပထဝီဓာတ်မှ ထွက်မြောက်ကုန်၏။

ရဟန်းတို့ အာပေါဓာတ်၏ သာယာဖွယ်သည် မဖြစ်ခဲ့မူ။ ရဟန်းတို့ တေဇောဓာတ်၏ သာယာဖွယ်သည် မဖြစ်ခဲ့မူ။ရဟန်းတို့ ဝါယောဓာတ်၏ သာယာဖွယ်သည် မဖြစ်ခဲ့မူ သတ္တဝါတို့သည် ဤဝါယောဓာတ်၌ မတပ်မက်ကုန်ရာ၊ ရဟန်းတို့ ဝါယောဓာတ်၌ သာယာဖွယ် ရှိသောကြောင့်သာလျှင် သတ္တဝါတို့သည် ဝါယောဓာတ်၌ တပ်မက်ကုန်၏၊ ရဟန်းတို့ ဝါယောဓာတ်၏ အပြစ်သည်

http://www.dhammadownload.com



မဖြစ်ခဲ့မူ သတ္တဝါတို့သည် ဝါယောဓာတ်၌ မငြီးငွေ့ကုန်ရာ၊ ရဟန်းတို့ ဝါယောဓာတ်၌ အပြစ်ရှိသော ကြောင့်သာလျှင် သတ္တဝါတို့သည် ဤဝါယောဓာတ်၌ ငြီးငွေ့ကုန်၏၊ ရဟန်းတို့ ဝါယောဓာတ်၏ ထွက်မြောက်ကြောင်းမဖြစ်ခဲ့မူ သတ္တဝါတို့သည် ဤဝါယောဓာတ်မှ မထွက်မြောက်ကုန်ရာ၊ရဟန်းတို့ ဝါယောဓာတ်၏ ထွက်မြောက်ကြောင်းရှိသောကြောင့်သာလျှင် သတ္တဝါတို့သည် ဝါယောဓာတ်မှ ထွက်မြောက်ကုန်၏။

ရဟန်းတို့ ဤသတ္တဝါတို့သည် ဤဓာတ်လေးပါးတို့၏ သာယာဖွယ်ကိုလည်း သာယာဖွယ် အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ကြောင်းကိုလည်း ထွက်မြောက်ကြောင်း အားဖြင့် ဟုတ်မှန်သောအတိုင်း မသိသေးသမျှကာလပတ်လုံး နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့် တကွသော ဤလူ့လောကမှ ထွက်မြောက် ကုန် မယှဉ်ကုန် ကင်းလွတ်ကုန်သည်ဖြစ်၍ အပိုင်းအခြားကို မလွန်သော စိတ်ဖြင့် မနေရကုန်။

ရဟန်းတို့ သတ္တဝါတို့သည် ဤဓာတ်လေးပါးတို့၏ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ကြောင်းကိုလည်း ထွက်မြောက်ကြောင်းအားဖြင့် ဟုတ်မှန်သော အတိုင်း သိကြကုန်သောအခါ၌ကား နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ် လောကနှင့် သမဏဗြာဟ္မဏ မင်းများလူများနှင့်တကွသော ဤလူ့လောကမှ ထွက်မြောက်ကုန် မယှဉ်ကုန် ကင်းလွတ်ကုန်သည် ဖြစ်၍ အပိုင်းအခြားကို လွန်သော စိတ်ဖြင့် နေရကုန်၏ ဟု (ဟောတော်မူ၏)။

**စတုတ္ထသုတ်။**

---

## ၅-ဧကန္တဒုက္ခသုတ်

၁၁၈။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ဤပထဝီဓာတ်သည် ဆင်းရဲ သည် ဆင်းရဲသို့ အစဉ်ကျသည် ဆင်းရဲသို့ သက်ဝင်သည် ချမ်းသာသို့ မသက်ဝင်သည် ဖြစ်ခဲ့မူ သတ္တဝါတို့သည် ဤပထဝီဓာတ်၌ မတပ်မက်ကုန်ရာ၊ ရဟန်းတို့ ပထဝီဓာတ်၏ ချမ်းသာသည် ချမ်းသာသို့ အစဉ်ကျသည် ချမ်းသာသို့ သက်ဝင်သည် ဆင်းရဲသို့ မသက်ဝင်သည်၏ အဖြစ်ကြောင့် သတ္တဝါတို့သည် ပထဝီဓာတ်၌ တပ်မက်ကုန်၏။

ရဟန်းတို့ ဤအာပေါဓာတ်သည် ။ပ။ ရဟန်းတို့ ဤတေဇောဓာတ်သည်။ ရဟန်းတို့ ဤ ဝါယောဓာတ်သည် ဆင်းရဲသည် ဆင်းရဲသို့အစဉ်ကျသည် ဆင်းရဲသို့ သက်ဝင်သည် ချမ်းသာသို့ မသက်ဝင်သည် ဖြစ်ခဲ့မူ သတ္တဝါတို့သည် ဤဝါယောဓာတ်၌ မတပ်မက်ကုန်ရာ။ရဟန်းတို့ ဝါယော ဓာတ်၏ ချမ်းသာသည် ချမ်းသာသို့ အစဉ်ကျသည် ချမ်းသာသို့ သက်ဝင်သည် ဆင်းရဲသို့ မသက် ဝင်သည်၏ အဖြစ်ကြောင့် သတ္တဝါတို့သည် ဝါယောဓာတ်၌ တပ်မက်ကုန်၏။

ရဟန်းတို့ ဤပထဝီဓာတ်သည် ချမ်းသာသည် ချမ်းသာသို့ အစဉ်ကျသည် ချမ်းသာသို့ သက်ဝင်သည် ဆင်းရဲသို့ မသက်ဝင်သည် ဖြစ်ခဲ့မူ သတ္တဝါတို့သည် ဤပထဝီဓာတ်၌ မငြီးငွေ့ကုန်ရာ၊ ရဟန်းတို့ ပထဝီဓာတ်၏ ဆင်းရဲသည် ဆင်းရဲသို့ အစဉ်ကျသည် ဆင်းရဲသို့ သက်ဝင်သည် ချမ်းသာ သို့ မသက်ဝင်သည်၏ အဖြစ်ကြောင့် သတ္တဝါတို့သည် ပထဝီဓာတ်၌ ငြီးငွေ့ကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ ဤအာပေါဓာတ်သည်။ပ။ ရဟန်းတို့ ဤတေဇောဓာတ်သည်။ ရဟန်းတို့ ဤဝါယောဓာတ်သည် ချမ်းသာသည် ချမ်းသာသို့ အစဉ်ကျသည် ချမ်းသာသို့ သက်ဝင်သည် ဆင်းရဲသို့ မသက်ဝင်သည် ဖြစ်ခဲ့မူ သတ္တဝါတို့သည် ဤဝါယောဓာတ်၌ မငြီးငွေ့ကုန်ရာ၊ ရဟန်းတို့ ဝါယောဓာတ်၏ ဆင်းရဲသည် ဆင်းရဲသို့ အစဉ်ကျသည် ဆင်းရဲသို့ သက်ဝင်သည် ချမ်းသာသို့ မသက်ဝင်သည်၏ အဖြစ်ကြောင့် သတ္တဝါတို့သည် ဝါယောဓာတ်၌ ငြီးငွေ့ကုန်၏ ဟု (ဟောတော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-အဘိနန္ဒသုတ်

၁၁၉။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ပထဝီဓာတ်ကို အလွန်နှစ်သက်သော သူသည် ဆင်းရဲကို အလွန်နှစ်သက်၏၊ ဆင်းရဲကို အလွန်နှစ်သက်သော သူသည် ဆင်းရဲမှ မလွတ်နိုင်ဟူ၍ ငါဆို၏၊ အာပေါဓာတ်ကို အလွန်နှစ်သက်သော သူသည်။ပ။ တေဇောဓာတ်ကို။ ဝါယောဓာတ်ကို အလွန်နှစ်သက်သော သူသည် ဆင်းရဲကို အလွန်နှစ်သက်၏၊ ဆင်းရဲကို အလွန်နှစ်သက်သော သူသည် ဆင်းရဲမှ မလွတ်နိုင်ဟူ၍ ငါဆို၏။

ရဟန်းတို့ ပထဝီဓာတ်ကို မနှစ်သက်သောသူသည် ဆင်းရဲကို မနှစ်သက်၊ ဆင်းရဲကို မနှစ်သက်သော သူသည် ဆင်းရဲမှ လွတ်၏ဟူ၍ ငါဆို၏၊ အာပေါဓာတ်။ပ။ တေဇောဓာတ်ကို။ ဝါယောဓာတ်ကို မနှစ်သက်သော သူသည် ဆင်းရဲကို မနှစ်သက်၊ ဆင်းရဲကို မနှစ်သက်သောသူသည် ဆင်းရဲမှ လွတ်မြောက်၏ဟူ၍ ငါဆို၏ ဟု (ဟောတော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ဥပ္ပါဒသုတ်

၁၂၀။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ပထဝီဓာတ်၏ ဖြစ်ခြင်းသည် တည်ခြင်းသည် အထူးသဖြင့် ဖြစ်ခြင်းသည် ထင်ရှားဖြစ်ခြင်းသည် ဆင်းရဲ ဖြစ်ခြင်းသာတည်း၊ ရောဂါတို့၏တည်ရာ ဖြစ်ခြင်းသာတည်း၊ အိုမှု သေမှု၏ ထင်ရှားဖြစ်ပေါ်ခြင်းသာတည်း။ အာပေါဓာတ်၏ ဖြစ်ခြင်းသည်။ပ။ တေဇောဓာတ်၏ ဖြစ်ခြင်းသည်။ ဝါယောဓာတ်၏ ဖြစ်ခြင်းသည် တည်ခြင်းသည် အထူးသဖြင့် ဖြစ်ခြင်းသည် ထင်ရှားဖြစ်ခြင်းသည် ဆင်းရဲဖြစ်ခြင်းသာတည်း၊ ရောဂါတို့၏တည်ရာ ဖြစ်ခြင်းသာတည်း၊ အိုမှု သေမှု၏ ထင်ရှားဖြစ်ပေါ်ခြင်းသာတည်း။

ရဟန်းတို့ ပထဝီဓာတ်၏ ချုပ်ခြင်းသည် ငြိမ်းခြင်းသည် ကွယ်ပျောက်ခြင်းသည် ဆင်းရဲချုပ်ခြင်းသာတည်း၊ ရောဂါတို့ ငြိမ်းခြင်းသာတည်း၊ အိုမှု သေမှု၏ ကွယ်ပျောက်ခြင်းသို့ ရောက်ခြင်းသာတည်း။ အာပေါဓာတ်၏ ချုပ်ခြင်းသည်။ပ။ တေဇောဓာတ်၏ ချုပ်ခြင်းသည်။ ဝါယောဓာတ်၏ ချုပ်ခြင်းသည် ငြိမ်းခြင်းသည် ကွယ်ပျောက်ခြင်းသည် ဆင်းရဲချုပ်ခြင်းသာတည်း၊ ရောဂါတို့၏ ငြိမ်းခြင်းသာတည်း၊ အိုမှု သေမှု၏ ကွယ်ပျောက်ခြင်းသာတည်း ဟု (ဟောတော်မူ၏)။

သတ္တမသုတ်။

http://www.dhammadownload.com



## ၈-သမဏဗြာဟ္မဏသုတ်

၁၂၁။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ဓာတ်တို့သည် ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ် ဤလေးမျိုးတို့တည်း။ ရဟန်းတို့ ဤဓာတ်လေးမျိုး တို့၏ သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ကြောင်းကိုရင်း ဟုတ်မှန်သောအတိုင်း မသိ ကုန်သော သမဏဗြာဟ္မဏတို့ကို သမဏတို့၌လည်း သမဏဟု မသမုတ်အပ်ကုန်၊ ဗြာဟ္မဏတို့၌လည်း ဗြာဟ္မဏဟု မသမုတ်အပ်ကုန်၊ ထိုအသျှင်တို့သည် သမဏ၏အဖြစ်ကိုရင်း ဗြာဟ္မဏ၏အဖြစ်ကိုရင်း ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ မနေရကုန်။

ရဟန်းတို့ ဤဓာတ်လေးပါးတို့၏ သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ကြောင်း ကိုရင်း ဟုတ်မှန်သောအတိုင်း သိကုန်သော သမဏဗြာဟ္မဏတို့ကို သမဏတို့၌လည်း သမဏဟု သမုတ်အပ်ကုန်၏၊ ဗြာဟ္မဏတို့၌လည်း ဗြာဟ္မဏဟု သမုတ်အပ်ကုန်၏၊ ထိုအသျှင်တို့သည် သမဏ၏ အဖြစ်ကိုရင်း ဗြာဟ္မဏ၏အဖြစ်ကိုရင်းယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု လျက် ရောက်၍ နေရကုန်၏ ဟု (ဟောတော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ဒုတိယသမဏဗြာဟ္မဏသုတ်

၁၂၂။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ဓာတ်တို့သည် ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ် ဤလေးမျိုးတို့တည်း။ ရဟန်းတို့ ဤဓာတ်လေးမျိုး တို့၏ ဖြစ်ကြောင်းကိုရင်း ချုပ်ကြောင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက် ကြောင်းကိုရင်း ဟုတ်မှန်သောအတိုင်း မသိကုန်သော သမဏဗြာဟ္မဏတို့ကို။ပ။ [အကျယ်ချဲ့အပ်၏။] သိကုန်၏။ပ။ ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရကုန်၏ ဟု (ဟောတော်မူ၏)။

နဝမသုတ်။

## ၁၀-တတိယ သမဏဗြာဟ္မဏသုတ်

၁၂၃။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ပထဝီဓာတ်ကို မသိကုန်သော ပထဝီဓာတ်၏ ဖြစ်ကြောင်းကို မသိကုန်သော ပထဝီဓာတ်၏ ချုပ်ရာကို မသိကုန်သော ပထဝီ ဓာတ်၏ ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ကို မသိကုန်သော သမဏဗြာဟ္မဏတို့ကို။ပ။ အာပေါဓာတ်ကို မသိကုန်သော။ တေဇောဓာတ်ကို မသိကုန်သော။ ဝါယောဓာတ်ကို မသိကုန်သော ဝါယောဓာတ်၏ ဖြစ်ကြောင်းကို မသိကုန်သော ဝါယောဓာတ်၏ ချုပ်ရာကို မသိကုန်သော ဝါယောဓာတ်၏ ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ကို မသိကုန်သော သမဏဗြာဟ္မဏတို့ကို သမဏတို့၌လည်း သမဏဟု မသမုတ်အပ်ကုန်၊ ဗြာဟ္မဏတို့၌လည်း ဗြာဟ္မဏဟု မသမုတ်အပ်ကုန်၊

http://www.dhammadownload.com



ထိုအသျှင်တို့သည် သမဏ၏ အဖြစ်ကိုရင်း ဗြာဟ္မဏ၏ အဖြစ်ကိုရင်း ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ မနေရကုန်။

ရဟန်းတို့ ပထဝီဓာတ်ကို သိကုန်သော ပထဝီဓာတ်၏ ဖြစ်ကြောင်းကို သိကုန်သော ပထဝီဓာတ်၏ ချုပ်ရာကို သိကုန်သော ပထဝီဓာတ်၏ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ကို သိကုန်သော သမဏဗြာဟ္မဏကို။ပ။ အာပေါဓာတ်ကို သိကုန်သော။ တေဇောဓာတ်ကို သိကုန်သော။ ဝါယောဓာတ်ကို သိကုန်သော ဝါယောဓာတ်၏ ဖြစ်ကြောင်းကို သိကုန်သော ဝါယောဓာတ်၏ ချုပ်ရာကို သိကုန်သော ဝါယောဓာတ်၏ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို သိကုန်သော သမဏဗြာဟ္မဏတို့ကို သမဏတို့၌လည်း သမဏဟု သမုတ်အပ်ကုန်၏၊ ဗြာဟ္မဏတို့၌လည်း ဗြာဟ္မဏဟု သမုတ်အပ်ကုန်၏၊ ထိုအသျှင်တို့သည် သမဏ၏ အဖြစ်ကိုရင်း ဗြာဟ္မဏ၏ အဖြစ်ကိုရင်း ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရကုန်၏ ဟု (ဟောတော်မူ၏)။

ဒသမသုတ်။

စတုတ္ထဝဂ် ပြီး၏။

ဓာတုသံယုတ် ပြီး၏။

http://www.dhammadownload.com

# ၄-အနမတဂ္ဂသံယုတ်

## ၁-ပဌမဝဂ် ၁-တိဏကဋ္ဌသုတ်

၁၂၄။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်တော ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ရဟန်းတို့ဟူ၍ ခေါ်တော်မူ၏၊ အသျှင်ဘုရားဟူ၍ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင်၊ မသိမှု'အဝိဇ္ဇာ'ဖြင့် ပိတ်ဖုံးအပ်ကုန်သည် တဏှာ နှောင်ကြိုးဖြင့် ဖွဲ့ချည်အပ်ကုန်သည်ဖြစ်၍ ဤဘဝမှ ထိုဘဝ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည် ကြရကုန်သော သတ္တဝါတို့၏ ရှေ့အစွန်းသည် မထင်၊ ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် ဤဇမ္ဗူဒိပ်ကျွန်း၌ ရှိသမျှ မြက် ထင်း သစ်ခက် သစ်ရွက်ကို ဖြတ်၍ တပေါင်းတည်း စုရုံးပြီးလျှင် လက်လေးသစ် လက်လေးသစ် အစိတ်ကိုပြု၍ ဤသည်ကား ငါ၏ အမိတည်း၊ ဤသည်ကား ငါ့ အမိ၏ အမိတည်း စသည်ဖြင့် တခုစီ ချထားရာ၏၊ ရဟန်းတို့ ထိုယောကျ်ား၏ အမိအဆက်ဆက်တို့ သည် မကုန်မဆုံးနိုင်သည်သာလျှင် ဖြစ်ကုန်ရာ၏၊ စင်စစ်သော်ကား ဤဇမ္ဗူဒိပ်ကျွန်း၌ ရှိသမျှ မြက် ထင်း သစ်ခက် သစ်ရွက်သည် ကုန်ဆုံးခြင်းသို့ ရောက်ရာ၏၊ ထိုသို့ ဖြစ်ခြင်းသည် အဘယ့် ကြောင့်နည်း— ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင်၊ မသိမှု'အဝိဇ္ဇာ'ဖြင့် ပိတ်ဖုံးအပ်ကုန်သည် တဏှာတည်းဟူသော နှောင်ကြိုးဖြင့် ဖွဲ့ချည်အပ်ကုန်သည်ဖြစ်၍ ဤဘဝမှ ထိုဘဝ ထိုဘဝမှ ဤဘဝ သို့ ပြေးသွားကျင်လည်ကြရကုန်သော သတ္တဝါတို့၏ ရှေ့အစွန်းသည် မထင်နိုင်သောကြောင့်ပင် တည်း။ရဟန်းတို့ ဤသို့ ရှည်လျားကြာမြင့်သော နေ့ညဉ့်ဘို့ပတ်လုံး ဆင်းရဲကို ခံစားရဘူးလေပြီ၊ ပြင်းထန်သော ဆင်းရဲကို ခံစားရဘူးလေပြီ၊ ပျက်စီးခြင်းကို ခံစားရဘူးလေပြီ၊ သင်းချိုင်း မြေပုံသည် တိုးပွားလေပြီ၊ ရဟန်းတို့ ဤအလုံးစုံသော သင်္ခါရတို့၌ ငြီးငွေ့ခြင်းငှါ သင့်လှသည် သာလျှင်တည်း၊ တပ်ခြင်းကင်းခြင်းငှါ သင့်လှသည်သာလျှင်တည်း၊ လွတ်မြောက်ခြင်းငှါ သင့်လှ သည်သာလျှင်တည်းဟု (ဟောတော်မူ၏)။

ပဌမသုတ်။

---

## ၂-ပထဝီသုတ်

၁၂၅။ သာဝတ္ထိပြည်၌(သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင်၊ မသိမှု'အဝိဇ္ဇာ'ဖြင့် ပိတ်ဖုံးအပ်ကုန်သည် တဏှာနှောင်ကြိုးဖြင့် ဖွဲ့ချည်အပ်ကုန်သည်ဖြစ်၍ ဤဘဝမှ ထိုဘဝ ထိုဘဝမှ ဤဘဝသို့ ပြေးသွား ကျင်လည်ကြရကုန်သော သတ္တဝါတို့၏ ရှေ့အစွန်းသည် မထင်၊ ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် ဤမြေကြီးကို ဆီးစေ့မျှလောက် ဆီးစေ့ မျှလောက် မြေဆိုင်ခဲလုံးကို ပြု၍ ဤသည်ကား ငါ၏ အဖတည်း၊ ဤသည်ကား ငါ့အဖ၏ အဖိုး တည်း စသည်ဖြင့် တခုစီ ချထားရာ၏။ ရဟန်းတို့ ထိုယောကျ်ား၏ အဖအဆက်ဆက်တို့သည်

http://www.dhammadownload.com



မကုန်မဆုံး နိုင်သည်သာ ဖြစ်ကုန်ရာ၏၊စင်စစ်သော်ကား ဤမဟာပထဝီမြေကြီးသည် ကုန်ဆုံးခြင်းသို့ ရောက်ရာ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း—ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင်၊ မသိမှု'အဝိဇ္ဇာ'ဖြင့် ပိတ်ဖုံးအပ်ကုန်သည် တဏှာနှောင်ကြိုးဖြင့် ဖွဲ့ချည်အပ်ကုန်သည်ဖြစ်၍ ဤဘဝမှထိုဘဝ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည် ကြရကုန်သော သတ္တဝါတို့၏ ရှေးအစွန်းသည် မထင်နိုင်သောကြောင့်တည်း။ ရဟန်းတို့ ဤသို့ ရှည်လျားကြာမြင့်သော နေ့ညဉ့်တို့ပတ်လုံး ဆင်းရဲကို ခံစားရဘူးလှလေပြီ၊ ပြင်းထန်သော ဆင်းရဲကို ခံစားရဘူးလှလေပြီ၊ ပျက်စီးခြင်းကို ခံစားရဘူးလှလေပြီ၊ သင်းချိုင်းမြေပုံသည် တိုးပွါးလှလေပြီ၊ ရဟန်းတို့ ဤသို့လျှင် အလုံးစုံသော သင်္ခါရတို့၌ ငြီးငွေ့ခြင်းငှါ သင့်လှသည်သာလျှင်တည်း၊ တပ်ခြင်းကင်းခြင်းငှါ သင့်လှသည်သာလျှင်တည်း၊ လွတ်မြောက်ခြင်းငှါ သင့်လှသည်သာလျှင်တည်း ဟု(ဟောတော်မူ၏)။

ဒုတိယသုတ်။

---

## ၃-အဿုသုတ်

၁၂၆။ သာဝတ္ထိပြည်၌ (သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင်၊ မသိမှု'အဝိဇ္ဇာ'ဖြင့် ပိတ်ဖုံးအပ်ကုန်သည် တဏှာနှောင်ကြိုးဖြင့် ဖွဲ့ချည်အပ်ကုန်သည်ဖြစ်၍ ဤဘဝမှ ထိုဘဝ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည်ကြရကုန်သော သတ္တဝါတို့၏ ရှေးအစွန်းသည် မထင်၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း။ ဤရှည်စွာသော အဓွန့်ကာလ၌ ဤဘဝမှ ထိုဘဝ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည်ကြရကုန်စဉ် မချစ်မနှစ်သက်အပ်သော သူတို့နှင့် ပေါင်းဖေါ်ရခြင်းကြောင့်၄င်း ချစ်နှစ်သက်အပ်ကုန်သော သူတို့နှင့် ကွေကွင်းရခြင်းကြောင့်၄င်း မြည်တမ်း ငိုကြွေးရကုန်သော သင်တို့၏ ယိုစီးသော မျက်ရည်ကြည်နှင့် မဟာသမုဒ္ဒရာလေးစင်းရေသည် အဘယ်က ပိုလွန်များပြားသနည်း ဟု မေးတော်မူ၏၊ အသျှင်ဘုရား ဤရှည်စွာသော အဓွန့်ကာလ၌ ဤဘဝမှထိုဘဝ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည်ကြရကုန်စဉ် မချစ်မနှစ်သက်အပ်သောသူတို့နှင့် ပေါင်းဖေါ်ရခြင်းကြောင့်၄င်း ချစ်နှစ်သက်အပ်သော သူတို့နှင့် ကွေကွင်းရခြင်းကြောင့်၄င်း မြည်တမ်းငိုကြွေးရကုန်သော အကျွန်ုပ်တို့၏ ယိုစီးသော မျက်ရည်ကြည်သည်သာလျှင် များလှပါ၏၊ မဟာသမုဒ္ဒရာလေးစင်းရေသည် မများလှပါဟု မြတ်စွာဘုရားဟောတိုင်းသော အခြင်းအရာဖြင့် တရားတော်ကို အကျွန်ုပ်တို့ သိရပါကုန်၏ ဟု (လျှောက်ကုန်၏)။

ရဟန်းတို့ ကောင်းလေစွ ကောင်းလေစွ၊ရဟန်းတို့ ဤရှည်စွာသော အဓွန့်ကာလ၌ ဤဘဝမှ ထိုဘဝ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည်ကြရကုန်စဉ် မချစ်မနှစ်သက်အပ်သော သူတို့နှင့် ပေါင်းဖေါ်ရခြင်းကြောင့်၄င်း ချစ်နှစ်သက်အပ်သောသူတို့နှင့်ကွေကွင်းရခြင်းကြောင့်၄င်း မြည်တမ်း ငိုကြွေးရကုန်သော သင်တို့၏ ယိုစီးသော မျက်ရည်ကြည်သည်သာလျှင် များလှပေ၏၊ မဟာသမုဒ္ဒရာလေးစင်းရေသည် မများလှဟု ဤငါဟောတိုင်းသော အခြင်းအရာဖြင့် တရားတော်ကို ကောင်းစွာ သိကြကုန်၏၊ရဟန်းတို့ ရှည်စွာသော နေ့ညဉ့်တို့ပတ်လုံး သင်တို့သည်အမိ၏ သေခြင်းကို တွေ့ကြုံခံစားရဘူးလှလေပြီ၊ ထိုအမိ၏ သေခြင်းကို တွေ့ကြုံခံစားရကုန်သည်ဖြစ်၍ မချစ်မနှစ်သက်အပ်သောသူတို့နှင့် ပေါင်းဖေါ်ရခြင်းကြောင့်၄င်း ချစ်နှစ်သက်အပ်သော သူတို့နှင့် ကွေကွင်းရခြင်းကြောင့်၄င်း မြည်တမ်းငိုကြွေးရကုန်သော ထိုသင်တို့၏ ယိုစီးသော မျက်ရည်ကြည်သည် များလှ

http://www.dhammadownload.com



လေပြီ၊ မဟာသမုဒ္ဒရာလေးစင်းရေသည် မများလှပေ။ ရဟန်းတို့ ရှည်စွာသော နေ့ညဥ့်တို့ပတ်လုံး သင်တို့သည် အဖ၏ သေခြင်းကို တွေ့ကြုံခံစားရဘူးလှလေပြီ။ပ။ အစ်ကို၏ သေခြင်းကို တွေ့ကြုံခံစားရဘူးလှလေပြီ။ နှမ၏သေခြင်းကို တွေ့ကြုံခံစားရဘူးလှလေပြီ။ သား၏ သေခြင်းကို တွေ့ကြုံခံစားရဘူးလှလေပြီ။ သမီး၏သေခြင်းကို တွေ့ကြုံခံစားရဘူးလှလေပြီ။ ဆွေမျိုးတို့၏ပျက်စီးခြင်းကို တွေ့ကြုံခံစားရဘူးလှလေပြီ။ စည်းစိမ်ဥစ္စာ ပျက်စီးခြင်းကို တွေ့ကြုံခံစားရဘူးလှလေပြီ။ ရဟန်းတို့ ရှည်စွာသော နေ့ညဥ့်တို့ပတ်လုံး သင်တို့သည် ရောဂါနှိပ်စက်ပျက်စီးခြင်းကို တွေ့ကြုံခံစားရဘူးလှလေပြီ၊ ရောဂါနှိပ်စက်ပျက်စီးခြင်းကို တွေ့ကြုံခံစားရကုန်သည်ဖြစ်၍ မချစ်မနှစ်သက် အပ်သော သူတို့နှင့် ပေါင်းဖော်ရခြင်းကြောင့်ရင်း ချစ်နှစ်သက်အပ်သောသူတို့နှင့် ကွေကွင်းရခြင်းကြောင့်ရင်း မြည်တမ်းငိုကြွေးရကုန်သော ထိုသင်တို့၏ ယိုစီးသော မျက်ရည်ကြည်သည် များလှ၏၊မဟာသမုဒ္ဒရာလေးစင်းရေသည် မများလှပေ။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း— ရဟန်းတို့ ဤသံသရာ၏ အစကိုမသိနိုင်။ပ။ ဤသို့လျှင်အလုံးစုံသော သင်္ခါရတို့၌ ငြီးငွေ့ခြင်းငှါ သင့်လှသည် သာလျှင်တည်း၊ တပ်ခြင်းကင်းခြင်းငှါ သင့်လှသည်သာလျှင်တည်း၊ လွတ်မြောက်ခြင်းငှါ သင့်လှသည်သာလျှင်တည်း ဟု(ဟောတော်မူ၏)။

တတိယသုတ်။

---

## ၄-ခီရသုတ်

၁၂၇။ သာဝတ္ထိပြည်၌ (သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင်၊ မသိမှု'အဝိဇ္ဇာ'ဖြင့် ပိတ်ဖုံးအပ်ကုန်သည် တဏှာနှောင်ကြိုးဖြင့် ဖွဲ့ချည်အပ်ကုန်သည်ဖြစ်၍ ဤဘဝမှ ထိုဘဝ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည်ကြရကုန်သော သတ္တဝါတို့၏ ရှေးအစွန်းသည် မထင်။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း။ ဤရှည်စွာသော ကာလ၌ ဤဘဝမှ ထိုဘဝ ထိုဘဝမှ ဤဘဝသို့ ပြေးသွား ကျင်လည်ကြရကုန်သော သင်တို့ သောက်စို့အပ်သော အမိနို့ရည်နှင့် မဟာသမုဒ္ဒရာလေးစင်းရေသည် အဘယ်က သာလွန် များပြားသနည်း ဟု မေးတော်မူ၏။

အသျှင်ဘုရား ဤရှည်စွာသော ကာလ၌ ဤဘဝမှ ထိုဘဝ ထိုဘဝမှ ဤဘဝသို့ ပြေးသွား ကျင်လည်ကြရကုန်သော အကျွန်ုပ်တို့ သောက်စို့အပ်သော အမိနို့ရည်သည်သာလျှင် များလှပါ၏၊ မဟာသမုဒ္ဒရာလေးစင်းရေသည် မများလှပါဟု မြတ်စွာဘုရား ဟောတိုင်းသော အခြင်းအရာဖြင့် တရားတော်ကို အကျွန်ုပ်တို့ သိရပါကုန်၏ ဟု (လျှောက်ကုန်၏)။

ရဟန်းတို့ ကောင်းမွ၊ ကောင်းစွ ဤရှည်စွာသော ကာလ၌ ဤဘဝမှ ထိုဘဝ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည်ကြရကုန်သော သင်တို့ သောက်စို့အပ်သော အမိနို့ရည်သည်သာလျှင် များလှ၏၊ မဟာသမုဒ္ဒရာ လေးစင်းရေသည် မများလှပေဟု ငါဘုရား ဟောတိုင်းသော တရားတော်ကို ကောင်းစွာ သိအပ်၏၊ ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း— ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင် ။ပ။ လွတ်မြောက်ခြင်းငှါ သင့်လှသည်သာလျှင်တည်း ဟု (ဟောတော်မူ၏)။

စတုတ္ထသုတ်။

http://www.dhammadownload.com



## ၅-ပဗ္ဗတသုတ်

၁၂၈။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား "အသျှင်ဘုရား ကမ္ဘာသည် အဘယ်မျှလောက် ရှည်ပါသနည်း" ဟု လျှောက်၏။ ရဟန်း ကမ္ဘာသည် ရှည်လျားလှ၏၊ ထိုကမ္ဘာကို ဤမျှသော နှစ်တို့ဟူ၍၎င်း ဤမျှသော နှစ်အရာတို့ဟူ၍၎င်း ဤမျှသော နှစ်အထောင်တို့ဟူ၍၎င်း ဤမျှသော နှစ်အသိန်းတို့ဟူ၍၎င်း ရေတွက်ခြင်းငှါ မလွယ်ဟု မိန့်တော်မူ၏။

အသျှင်ဘုရား ဥပမာကို ပြုခြင်းငှါ တတ်ကောင်းပါ၏လော ဟု လျှောက်ပြန်၏။ ရဟန်း တတ်ကောင်း၏ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏၊ ရဟန်း ဥပမာသော်ကား မကွဲမပြတ်သော အခေါင်းမရှိသော တခဲနက်ဖြစ်သော ကျောက်တောင်ကြီးသည် အလျားအားဖြင့် တယူဇနာ အနံအားဖြင့် တယူဇနာ အစောက်အားဖြင့် တယူဇနာရှိ၏၊ ထို ကျောက်တောင်ကြီးကို ယောကျ်ားသည် အနှစ်တရာ အနှစ်တရာ လွန်သောအခါ၌ ကာသိတိုင်းဖြစ် အဝတ်ဖြင့် တကြိမ်တကြိမ်သာ ပွတ်တိုက်ရာ၏၊ ရဟန်း ထိုကျောက်တောင်ကြီးသည် ဤလုံ့လဖြင့် လျင်စွာသာလျှင် ကုန်ခြင်း ဆုံးခြင်းသို့ ရောက်ရာ၏၊ ကမ္ဘာသည် ကုန်ခြင်းဆုံးခြင်းသို့ မရောက်ရာ၊ ရဟန်း ကမ္ဘာသည် ဤသို့ ရှည်လှစွာ၏။ ရဟန်း ဤသို့ ရှည်လျားလှသော ကမ္ဘာတို့၏ တခုသော ကမ္ဘာဟူ၍ မပြောဆိုအပ်၊ ကမ္ဘာတရာဟူ၍ မပြောဆိုအပ်၊ ကမ္ဘာတထောင်ဟူ၍ မပြောဆိုအပ်၊ ကမ္ဘာတသိန်းဟူ၍ မပြောဆို အပ်၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း—ရဟန်း ဤသံသရာ၏ အစကို မသိနိုင်၊ ရှေ့အစွန်း သည်။ပ။ ရဟန်းတို့ ဤသို့လျှင် အလုံးစုံသော သင်္ခါရတို့၌ ငြီးငွေ့ခြင်းငှါ သင့်လှသည်သာလျှင် တည်း၊ တပ်ခြင်း ကင်းခြင်းငှါ သင့်လှသည်သာလျှင်တည်း၊ လွတ်မြောက်ခြင်းငှါ သင့်လှသည် သာလျှင်တည်းဟု (ဟောတော်မူ၏)။

ပဉ္စမသုတ်။

## ၆-သာသပသုတ်

၁၂၉။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍။ပ။ တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား "အသျှင်ဘုရား ကမ္ဘာသည် အဘယ်မျှလောက် ရှည်ပါသနည်း" ဟု လျှောက်၏။ ရဟန်း ကမ္ဘာသည် ရှည်လျားလှ၏၊ ထိုကမ္ဘာကို ဤမျှသော နှစ်တို့ဟူ၍၎င်း ဤမျှသော နှစ်အသိန်းတို့ဟူ၍၎င်း ရေတွက်ခြင်းငှါ မလွယ်ဟု မိန့်တော်မူ၏။

အသျှင်ဘုရား ဥပမာပြုခြင်းငှါ တတ်ကောင်းပါ၏လော ဟု လျှောက်ပြန်၏၊ ရဟန်း တတ်ကောင်း၏ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏၊ ရဟန်း ဥပမာသော်ကား အလျား တယူဇနာ အနံတယူဇနာ အစောက် တယူဇနာ ရှိသော မုန်ညင်းစေ့တို့ဖြင့် အစိုင်အခဲဖွဲ့လျက် ပြည့်သော သံဖြင့်ပြီးသော မြို့သည် ရှိရာ၏၊ ယောကျ်ားသည် ထိုမြို့တွင်းရှိ မုန်ညင်းစေ့ပုံမှ အနှစ်တရာ အနှစ် တရာကို လွန်သောအခါ မုန်ညင်းစေ့ တစေ့စီ တစေ့စီ ထုတ်ယူရာ၏၊ ရဟန်း ထိုကြီးစွာသော မုန်ညင်း စေ့ အစုသည် ကုန်ခြင်းဆုံးခြင်းသို့ ရောက်ရာ၏၊ ကမ္ဘာသည် ကုန်ခြင်းဆုံးခြင်းသို့ မရောက်နိုင်ရာ။

http://www.dhammadownload.com



ရဟန်း ကမ္ဘာသည် ဤသို့ ရှည်လှစွာ၏၊ ရဟန်း ဤသို့ ရှည်လျားလှသော ကမ္ဘာတို့၏ တခုသော ကမ္ဘာဟူ၍ မပြောဆိုအပ်၊ ကမ္ဘာတရာဟူ၍ မပြောဆိုအပ်၊ ကမ္ဘာတထောင်ဟူ၍ မပြောဆိုအပ်၊ ကမ္ဘာတသိန်းဟူ၍ မပြောဆိုအပ်၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း--ရဟန်း ဤသံသရာ၏ အစကို မသိနိုင်။ပ။ လွတ်မြောက်ခြင်းငှါ သင့်လှသည်သာလျှင်တည်းဟု (ဟောတော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-သာဝကသုတ်

၁၃၀။ သာဝတ္ထိပြည်၌(သီတင်းသုံး) နေတော်မူ၏၊ထိုအခါ၌ များစွာကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ တခုသောနေရာ၌ ထိုင်နေပြီးလျှင် ။ပ။ မြတ်စွာဘုရားအား "အသျှင်ဘုရား ရှေး၌ ကျော်လွန်ကုန်ပြီးသော ကမ္ဘာတို့သည် အဘယ်မျှလောက် များပါကုန်သနည်း"ဟု လျှောက်ကုန်၏၊ ရဟန်းတို့ ရှေး၌ ကျော်လွန်ပြီးသော ကမ္ဘာတို့သည် များလှကုန်၏၊ ထိုလွန်ကုန်ပြီးလော ကမ္ဘာတို့ကို ဤမျှသော ကမ္ဘာတို့ဟူ၍ငင်း ဤမျှသော ကမ္ဘာအရာတို့ဟူ၍ငင်း ဤမျှသော ကမ္ဘာအထောင်တို့ဟူ၍ငင်း ဤမျှသော ကမ္ဘာအသိန်းတို့ဟူ၍ငင်း ရေတွက်ခြင်းငှါ မလွယ်ဟု မိန့်တော်မူ၏။

အသျှင်ဘုရား ဥပမာပြုခြင်းငှါ တတ်ကောင်းပါ၏လော ဟု လျှောက်ကြကုန်၏။ ရဟန်းတို့ တတ်ကောင်း၏ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏၊ ရဟန်းတို့ ဤသာသနာတော်၌ အနှစ်တရာ အသက်တန်းရှိသည်ဖြစ်၍ အနှစ်တရာအသက်ရှည်ကုန်သော တပည့်'သာဝက'လေးယောက်တို့သည် နေ့တိုင်း နေ့တိုင်း ကမ္ဘာကပ်ပေါင်းတသိန်း ကမ္ဘာကပ်ပေါင်းတသိန်းကို အောက်မေ့ကုန်ရာ၏။ ထိုသို့ အောက်မေ့စဉ် အနှစ်တရာအသက်တန်းရှိသည်ဖြစ်၍ အနှစ်ကရာ အသက်ရှည်ကုန်သော ဤတပည့်'သာဝက'လေးယောက်တို့ သည် အနှစ်တရာကို လွန်သောအခါ၌ သေခြင်းကို ပြုကုန်ရာ၏၊ ရဟန်းတို့ ထိုတပည့်'သာဝက'လေးယောက်တို့သည် ကမ္ဘာတို့ကို ကုန်အောင် မအောက်မေ့နိုင်သည်သာတည်း။ရဟန်းတို့ ရှေး၌ ကျော်လွန်ကုန်ပြီးသော ကမ္ဘာတို့သည် ဤသို့ များလှကုန်၏၊ထိုကမ္ဘာတို့ကို ဤမျှသော ကမ္ဘာတို့ဟူ၍ငင်း ဤမျှသော ကမ္ဘာအရာတို့ဟူ၍ငင်း ဤမျှသော ကမ္ဘာအထောင်တို့ဟူ၍ငင်း ဤမျှသော ကမ္ဘာအသိန်းတို့ဟူ၍ငင်း ရေတွက်ခြင်းငှါ မလွယ်ကုန်၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း---ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင်။ပ။ လွတ်မြောက်ခြင်းငှါ သင့်လှသည်သာလျှင်တည်း ဟု (ဟောတော်မူ၏)။

သတ္တမသုတ်။

## ၈-ဂင်္ဂါသုတ်

၁၃၁။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ပုဏ္ဏား တယောက်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးလျှင် တခုသောနေရာ၌ ထိုင်နေကာ မြတ်စွာဘုရားအား "အသျှင်ဂေါတမ ရှေး၌ ကျော်လွန်ကုန်ပြီးသော ကမ္ဘာတို့သည် အဘယ်မျှလောက် များပြားပါသနည်း" ဟု

http://www.dhammadownload.com



လျှောက်၏၊ ပုဏ္ဏအား ရှေး၌ကျော်လွန်ကုန်ပြီးသော ကမ္ဘာတို့သည် များလှသည်သာတည်း၊ ထိုကမ္ဘာတို့ကို ဤမျှသော ကမ္ဘာတို့ဟူ၍ရင်း ဤမျှသော ကမ္ဘာအရာတို့ဟူ၍ရင်း ဤမျှသော ကမ္ဘာအထောင်တို့ဟူ၍ရင်း ဤမျှသော ကမ္ဘာအသိန်းတို့ဟူ၍ရင်း ရေတွက်ခြင်းငှါ မလွယ်ဟု မိန့်တော်မူ၏။

အသျှင်ဂေါတမ ဥပမာပြုခြင်းငှါ တတ်ကောင်းပါ၏လောဟု လျှောက်၏။ ပုဏ္ဏအား ဥပမာ ပြုခြင်းငှါ တတ်ကောင်း၏ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏၊ ပုဏ္ဏအား ဥပမာသော်ကား ဂင်္ဂါ မြစ်စ၍စီးရာမှ မဟာသမုဒ္ဒရာသို့ စီးဝင်ရာအရပ်တိုင်အောင် ထိုအကြား၌ ဤမျှသော သဲတို့ဟူ၍ရင်း ဤမျှသော သဲအရာတို့ဟူ၍ရင်း ဤမျှသော သဲအထောင်တို့ဟူ၍ရင်း ဤမျှသော သဲအသိန်း တို့ဟူ၍ရင်း ရေတွက်ခြင်းငှါ မလွယ်။ ပုဏ္ဏအား ရှေး၌ ကျော်လွန်ကုန်ပြီးသော ကမ္ဘာတို့သည် ထိုသဲတို့ထက် များလှသည်သာတည်း၊ ထိုကမ္ဘာတို့ကို ဤမျှသော ကမ္ဘာတို့ဟူ၍ရင်း ဤမျှသော ကမ္ဘာအရာတို့ဟူ၍ရင်း ဤမျှသော ကမ္ဘာအထောင်တို့ဟူ၍ရင်း ဤမျှသော ကမ္ဘာအသိန်းတို့ ဟူ၍ရင်း ရေတွက်ခြင်းငှါ မလွယ်။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း —ပုဏ္ဏအား ဤသံသ ရာ၏အစကို မသိနိုင်၊ မသိမှု'အဝိဇ္ဇာ'ဖြင့် ပိတ်ဖုံးအပ်ကုန်သည် တဏှာနှောင်ကြိုးဖြင့် ဖွဲ့ချည်အပ် ကုန်သည်ဖြစ်၍ ဤဘဝမှ ထိုဘဝ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည်ကြရကုန်သော သတ္တဝါ တို့၏ ရှေးအစွန်းသည် မထင်နိုင်သောကြောင့်တည်း။ ပုဏ္ဏအား ဤသို့လျှင် ရှည်မြင့်စွာသော နေ့ညဥ့်တို့ပတ်လုံး ဆင်းရဲကို တွေ့ကြုံခံစားရဘူးလှလေပြီ၊ ပြင်းထန်သော ဆင်းရဲကို တွေ့ကြုံခံစား ရဘူးလှလေပြီ၊ပျက်စီးခြင်းကို တွေ့ကြုံခံစားရဘူးလှလေပြီ၊သင်းချိုင်းမြေပုံသည် တိုးပွားလှလေပြီ၊ ပုဏ္ဏအား ဤသို့လျှင် အလုံးစုံသော သင်္ခါရတရားတို့၌ ငြီးငွေ့ခြင်းငှါ သင့်လှသည်သာလျှင်တည်း၊ တပ်ခြင်းကင်းခြင်းငှါ သင့်လှသည်သာလျှင်တည်း၊ လွတ်မြောက်ခြင်းငှါ သင့်လှသည်သာလျှင် တည်းဟု ဟောတော်မူ၏။

ဤသို့ ဟောတော်မူသည်ရှိသော် ပုဏ္ဏအားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ "အသျှင်ဂေါတမ တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါ၏၊ အသျှင်ဂေါတမ တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါ၏။ပ။ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ဥပါသကာဟူ၍ မှတ်တော်မူပါလော့"ဟု (လျှောက်၏)။

အဋ္ဌမသုတ်။

## ၉-ဒဏ္ဍသုတ်

၁၃၂။ သာဝတ္ထိပြည်၌(သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင်၊ မသိမှု'အဝိဇ္ဇာ'ဖြင့် ပိတ်ဖုံးအပ်ကုန်သည် တဏှာနှောင်ကြိုးဖြင့် ဖွဲ့ချည်အပ်ကုန်သည်ဖြစ်၍ ဤဘဝမှ ထိုဘဝ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည်ကြရကုန်သော သတ္တဝါတို့၏ ရှေးအစွန်းသည် မထင်နိုင်၊ရဟန်းတို့ ဥပမာသော်ကား အထက်ကောင်းကင်သို့ ပစ်လွှတ်အပ်သော တောင်ဝှေးသည် တကြိမ်လည်း အရင်းဖြင့်ကျ၏၊ တကြိမ်လည်း အလယ်ဖြင့်ကျ၏၊ တကြိမ်လည်း အဖျားဖြင့်ကျ၏၊ ရဟန်းတို့ ဤဥပမာ အတူသာလျှင် မသိမှု'အဝိဇ္ဇာ'ဖြင့် ပိတ်ဖုံးအပ်ကုန်သည် တဏှာနှောင်ကြိုးဖြင့် ဖွဲ့ချည်အပ်ကုန်သည်ဖြစ်၍ ဤဘဝမှ ထိုဘဝ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည် ကြရကုန်

http://www.dhammadownload.com



သော သတ္တဝါတို့သည် တကြိမ်လည်း ဤလောကမှ တပါးသော လောကသို့ ရောက်ကုန်၏၊ တကြိမ်လည်း တပါးသော လောကမှ ဤလောကသို့ ရောက်ကုန်၏၊ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း—ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင်။ပ။လွတ်မြောက်ခြင်းငှါ သင့်လှသည်သာလျှင်တည်း ဟု (ဟောတော်မူ၏)။

နဝမသုတ်။

## ၁၀-ပုဂ္ဂလသုတ်

၁၃၃။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ (သဘင်းသုံး) နေတော်မူ၏၊ ထိုအခါ၌ မြတ်စွာဘုရားသည် ရဟန်းတို့ကို ရဟန်းတို့ဟူ၍ ခေါ်တော်မူ၏၊ အသျှင်ဘုရားဟူ၍ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ ဤသံသရာ၏အစကို မသိနိုင် ။ပ။ ရဟန်းတို့ တကမ္ဘာပတ်လုံး ပြေးသွားကျင်လည်သော ပုဂ္ဂိုလ်တယောက်၏ ဤသို့မျှားစွာသော အရိုးဆက် အရိုးပုံ အရိုးစုသည် စုပေါင်းသိမ်းဆည်းအပ်သည်ဖြစ်၍ မပျောက်ပျက်ခဲ့မူ ဤဝေပုလ္လတောင်နှင့် အမျှ ဖြစ်ရာ၏၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း—ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင်။ပ။လွတ်မြောက်ခြင်းငှါ သင့်လှတော့သည်သာတည်းဟု မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူပြီး၍ ထိုမှနောက်၌ ဤဆိုလတ္တံ့သော ဂါထာတို့ကို ဟောတော်မူ၏—

တခုသော ကမ္ဘာကပ်၌ ဖြစ်သော တယောက်သော ပုဂ္ဂိုလ်၏ အရိုးစုသည် ဝေပုလ္လတောင်နှင့် တူမျှသော အစုအပုံ ဖြစ်ရာ၏ဟု မြတ်စွာဘုရားသည် ဟောတော်မူ၏။

မဂဓတိုင်းသူတို့၏ တောင်တို့ဖြင့် ခြံရံအပ်သော ရာဇဂြိုဟ်ပြည်၌ ထိုဝေပုလ္လတောင်သည် ကြီး၏၊ ဤဝေပုလ္လတောင်ကို ဂိဇ္ဈကုဋ်တောင်၏ မြောက်ဘက်နံပါး၌ တည်၏ ဟူ၍ ဆိုအပ်၏။

ဆင်းရဲ ဆင်းရဲ၏ဖြစ်ကြောင်း ဆင်းရဲမှလွတ်မြောက်ရာ(နိဗ္ဗာန်)ဆင်းရဲချုပ်ငြိမ်းရာ(နိဗ္ဗာန်)ရောက်ကြောင်း အကျင့်ဖြစ်သော အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ဟူကုန်သော ဤအရိယသစ္စာတို့ကို ကောင်းသော ပညာဖြင့် ကောင်းစွာ မြင်သောအခါ၌ ထိုပုဂ္ဂိုလ်သည် ခုနစ်ကြိမ်အတိုင်းအရှည် ကျင်လည်ရ၍ အလုံးစုံသော သံယောဇဉ်တို့၏ ကုန်ခြင်းကြောင့် ဆင်းရဲ၏အဆုံးကို ပြုခြင်းသည် ဖြစ်၏ ဟု (ဟောတော်မူ၏)။

ဒသမသုတ်။

ပဌမဝဂ် ပြီး၏။

## ၂-ဒုတိယဝဂ် ၁-ဒုဂ္ဂတသုတ်

၁၃၄။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ။ပ။ ရဟန်းတို့ သံသရာ၏ အစကို မသိနိုင်၊ မသိမှု 'အဝိဇ္ဇာ'ဖြင့် ပိတ်ဖုံးအပ်ကုန်သည်

http://www.dhammadownload.com



တဏှာနှောင်ကြိုးဖြင့် ဖွဲ့ချည်အပ်ကုန်သည်ဖြစ်၍ ဤဘဝမှ ထိုဘဝ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည်ကြရကုန်သော သတ္တဝါတို့၏ ရှေ့အစွန်းသည် မထင်နိုင်။ ရဟန်းတို့ ဆင်းရဲသော မကောင်းသော အသွင်ရှိသော အကြင်သတ္တဝါတို့ကို တွေ့မြင်ကုန်ရာ၏၊ ဤသို့ တွေ့မြင်ရာ၌ ငါတို့သည်လည်း ဤမျှရှည်စွာသောကာလ၌ ဤသို့သဘောရှိသော ဆင်းရဲကို ခံစားရဘူးလှလေပြီဟု ဆုံးဖြတ်ခြင်းသို့ ရောက်အပ်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း။ပ။ရဟန်းတို့ အလွန်လျှင် ဤအလုံးစုံသော သင်္ခါရတရားတို့၌ ငြီးငွေ့ခြင်းငှါ သင့်လှတော့သည်သာတည်း၊တပ်ခြင်းကင်းခြင်းငှါ သင့်လှတော့သည်သာတည်း၊ လွတ်မြောက်ခြင်းငှါ သင့်လှတော့သည်သာတည်း ဟု (ဟောတော်မူ၏)။

ပဌမသုတ်။

## ၂-သုခိတသုတ်

၁၃၅။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင်။ပ။ ရဟန်းတို့ ချမ်းသာသော တန်ဆာဆင်ခြင်းနှင့် ပြည့်စုံသော သူကို တွေ့မြင်ကုန်ရာ၏၊ ဤသို့ တွေ့မြင်ရာ၌ ငါတို့သည်လည်း ဤမျှရှည်စွာသော ကာလ၌ ဤသို့သဘောရှိသော ချမ်းသာကို ခံစားရဘူးလှလေပြီဟူ၍ ဆုံးဖြတ်ခြင်းသို့ ရောက်အပ်၏။ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း— ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင်၊ ရှေ့အစွန်းသည် မထင်။ပ။ လွတ်မြောက်ခြင်းငှါ သင့်လှတော့သည်သာတည်း ဟု (ဟောတော်မူ၏)။

ဒုတိယသုတ်။

## ၃-တိံသမတ္တသုတ်

၁၃၆။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ သုံးကျိပ်သော ပါဝေယျကတိုင်းသား ရဟန်းအားလုံးတို့သည် အရညကင်ဓုတင်ဆောင် ပိဏ္ဍပါတ်ဓုတင်ဆောင် ပံသုကူဓုတင်ဆောင် တိစီဝရိက်ဓုတင်ဆောင်တို့ ဖြစ်ကြကုန်လျက် အလုံးစုံပင် သံယောဇဉ် ရှိကုန်သေးသည်ဖြစ်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြကုန်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးကုန်လျက် တခုသောနေရာ၌ ထိုင်နေကုန်၏။ ထိုအခါ မြတ်စွာဘုရားအား ဤအကြံသည် ဖြစ်၏ “သုံးကျိပ်မျှသော ဤပါဝေယျက တိုင်းသား ရဟန်းအားလုံးတို့သည် အရညကင်ဓုတင်ဆောင် ပိဏ္ဍပါတ်ဓုတင်ဆောင် ပံသုကူဓုတင်ဆောင် တိစီဝရိက်ဓုတင်ဆောင်တို့ ဖြစ်ကြကုန်လျက် အလုံးစုံပင် သံယောဇဉ် ရှိကြကုန်သေး၏၊ ထိုရဟန်းတို့အား ဤနေရာ၌ပင်လျှင် (တဏှာဒိဋ္ဌိတို့ဖြင့်)မစွဲလမ်းမူ၍ အာသဝတရားတို့မှ စိတ်တို့ လွန်မြောက်ကုန်ရာသော အခြင်းအရာဖြင့် ငါသည် တရားဟောရမူ ကောင်းလေစွ”ဟု အကြံဖြစ်တော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ရဟန်းတို့ ဟူ၍ ခေါ်တော်မူ၏၊ အသျှင်ဘုရားဟူ၍ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏—

ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင်၊မသိမှု‘အဝိဇ္ဇာ’ဖြင့် ပိတ်ဖုံးအပ်ကုန်သည် တဏှာနှောင်ကြိုးဖြင့် ဖွဲ့ချည်အပ်ကုန်သည်ဖြစ်၍ ဤဘဝမှ ထိုဘဝ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည်

http://www.dhammadownload.com



ကြရကုန်သော သတ္တဝါတို့၏ ရှေ့အစွန်းသည် မထင်နိုင်၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ဤရှည်စွာသော ကာလ၌ ပြေးသွားကျင်လည်ကြရကုန်သော သင်တို့၏ ဦးခေါင်းကို ဖြတ်အပ်ကုန်သည်ဖြစ်၍ ယိုစီးသော သွေးရည်ကြည်နှင့် မဟာသမုဒ္ဒရာလေးစင်း ရေသည် အဘယ်က သာလွန်များပြားသနည်း ဟု မေးတော်မူ၏၊ အသျှင်ဘုရား ဤရှည်စွာသော ကာလ၌ ပြေးသွားကျင်လည်ကြရကုန်သော အကျွန်ုပ်တို့၏ ဦးခေါင်းကို ဖြတ်အပ်ကုန်သည်ဖြစ်၍ ယိုစီးသောသွေးရည်ကြည်သည်သာလျှင် များလှပါ၏၊ မဟာသမုဒ္ဒရာ လေးစင်းရေသည် မများလှပါဟု မြတ်စွာဘုရား ဟောတိုင်းသောတရားကို အကျွန်ုပ်တို့ သိပါကုန်၏ ဟု လျှောက်ကုန်၏။

ရဟန်းတို့ ကောင်းစွ ကောင်းစွ၊ဤရှည်စွာသောကာလ၌ ပြေးသွားကျင်လည်ကြရကုန်သော သင်တို့၏ ဦးခေါင်းကို ဖြတ်အပ်ကုန်သည်ဖြစ်၍ ယိုစီးသော သွေးရည်ကြည်သည်သာလျှင်များလှ၏၊ မဟာသမုဒ္ဒရာလေးစင်းရေသည် မများလှဟု ငါဘုရားဟောတိုင်းသော အခြင်းအရာဖြင့် တရားကို ကောင်းစွာ သိကြကုန်၏၊ရဟန်းတို့ ရှည်စွာသော ညဉ့်တို့ပတ်လုံး နွားဖြစ်ကုန်စဉ် နွားဖြစ်၍ ဦးခေါင်းဖြတ်ခံရသော ယိုစီးသော သွေးရည်ကြည်သည်သာလျှင် များလှ၏၊မဟာသမုဒ္ဒရာလေးစင်းရေသည် မများလှချေ။ပ။ ရဟန်းတို့ ရှည်စွာသော ညဉ့်တို့ပတ်လုံး ကျွဲဖြစ်ကုန်စဉ် ကျွဲဖြစ်၍ ဦးခေါင်းဖြတ်ခံရသော သင်တို့၏ ယိုစီးသော သွေးရည်ကြည်သည်သာလျှင် များလှ၏၊ မဟာသမုဒ္ဒရာလေးစင်းရေသည် မများလှချေ။ပ။ ရဟန်းတို့ ရှည်စွာသော ညဉ့်တို့ပတ်လုံး သိုးဖြစ်ကုန်စဉ် သိုးဖြစ်၍ ဦးခေါင်းဖြတ်ခံရသော သင်တို့၏၊ ပ။ဆိတ်ဖြစ်ကုန်စဉ် ဆိတ်ဖြစ်၍ ဦးခေါင်းဖြတ်ခံရသော သင်တို့၏။ သမင်ဖြစ်ကုန်စဉ် သမင်ဖြစ်၍ ဦးခေါင်းဖြတ်ခံရသော သင်တို့၏။ ကြက်ဖြစ်ကုန်စဉ် ကြက်ဖြစ်၍ ဦးခေါင်းဖြတ်ခံရသော သင်တို့၏။ ဝက်ဖြစ်ကုန်စဉ် ဝက်ဖြစ်၍ ဦးခေါင်းဖြတ်ခံရသော သင်တို့၏။ ရဟန်းတို့ ရှည်စွာသော ညဉ့်တို့ပတ်လုံး ရွာကိုဖျက်ဆီးတတ်ကုန်သော ခိုးသူဖြစ်စဉ် ရွာကိုဖျက်ဆီးတတ်ကုန်သော ခိုးသူဟူ၍ ဖမ်းပြီးလျှင် ဦးခေါင်းဖြတ်ခံရသော သင်တို့၏ယိုစီးသောသွေးရည်ကြည်သည်။ ရဟန်းတို့ ရှည်စွာသော ညဉ့်တို့ပတ်လုံး လမ်းခရီး၌ လုယက်တတ်ကုန်သော ခိုးသူတို့ဟူ၍ ဖမ်းပြီးလျှင် ဦးခေါင်းဖြတ်ခံရသော သင်တို့၏ ယိုစီးကုန်သော သွေးရည်ကြည်သည်။ ရဟန်းတို့ ရှည်စွာသော ညဉ့်တို့ပတ်လုံး သူတပါး၏ မယားကို ခိုးတတ်သော ခိုးသူတို့ဟူ၍ ဖမ်းပြီးလျှင် ဦးခေါင်း ဖြတ်ခံရသော သင်တို့၏ ယိုစီးသော သွေးရည်ကြည်သည် များလှ၏၊ မဟာသမုဒ္ဒရာလေးစင်းရေသည် မများလှချေ၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင်။ပ။ လွတ်မြောက်ခြင်းငှါ သင့်လှသည်သာလျှင်တည်းဟု (ဟောတော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူ၏။ ရဟန်းတို့သည် မြတ်စွာဘုရား ဟောအပ်သော တရားကို နှစ်လိုဝမ်းမြောက်ကြကုန်၏။ ဤသို့ ဤဂါထာမဖက် စုဏ္ဏိယသက်သက် တရားတော်ကို ဟောတော်မူသည်ရှိသော် ပါဝေယျကတိုင်းသား ရဟန်းသုံးကျိပ်တို့အား တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ စိတ်တို့သည် အာသဝေါတရားတို့မှ လွတ်မြောက်ကုန်၏ဟု (ဟောတော်မူ၏)။

**တတိယသုတ်။**

---

**၄·မာတုသုတ်**

၁၃၇။ သာဝတ္ထိပြည်၌(သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ သံသရာ၏ အစကို မသိနိုင်။ပ။ **ရဟန်းတို့ ဤရှည်စွာသော ကာလ၌ သင်တို့၏ အမိမဖြစ်ဘူးသော သတ္တဝါကို ရလွယ်သည်မဟုတ်၊**

http://www.dhammadownload.com



တိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း— ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင်။ပ။ လွတ်မြောက်ခြင်းငှါ သင့်လှတော့သည်သာလျှင်တည်း ဟု(ဟောတော်မူ၏)။

စတုတ္ထသုတ်။

## ၅-ပိတုသုတ်

၁၃၈။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင်။ပ။ ရဟန်းတို့ အဖ မဖြစ်ဘူးသော သတ္တဝါကို ရလွယ်သည် မဟုတ် ။ပ။ လွတ်မြောက်ခြင်းငှါ သင့်လှတော့သည်သာလျှင်တည်းဟု (ဟောတော်မူ၏)။

ပဥ္စမသုတ်။

## ၆-ဘာတုသုတ်

၁၃၉။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ သင်တို့၏ ညီအစ်ကို မဖြစ်ဘူးသော သတ္တဝါကို ရလွယ်သည် မဟုတ်။ပ။ လွတ်မြောက်ခြင်းငှါ သင့်လှတော့သည်သာလျှင်တည်းဟု (ဟောတော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ဘဂိနိသုတ်

၁၄၀။ သာဝတ္ထိပြည်၌ (သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ သင်တို့သည် ညီမ နှမ အစ်မ မဖြစ်ဘူးသော သတ္တဝါကို ရလွယ်သည် မဟုတ်။ပ။ လွတ်မြောက်ခြင်းငှါ သင့်လှတော့သည်သာလျှင်တည်းဟု (ဟောတော်မူ၏)။

သတ္တမသုတ်။

## ၈-ပုတ္တသုတ်

၁၄၁။ သာဝတ္ထိပြည်၌ (သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ သင်တို့၏ သား မဖြစ်ဘူးသော သတ္တဝါကို ရလွယ်သည် မဟုတ်။ပ။ လွတ်မြောက်ခြင်းငှါ သင့်လှတော့သည်သာလျှင်တည်းဟု (ဟောတော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ဓီတုသုတ်

၁၄၂။ သာဝတ္ထိပြည်၌ (သီတင်းသုံး)နေတော်မူ၏၊ ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင်၊ အဝိဇ္ဇာဖြင့်ပိတ်ဖုံးအပ်ကုန်သည် တဏှာနှောင်ကြိုးဖြင့် ဖွဲ့ချည်အပ်ကုန်သည်ဖြစ်၍ ဤဘဝမှ ထိုဘဝ ထိုဘဝမှ ဤဘဝသို့ ပြေးသွား ကျင်လည်ကြရကုန်သော သတ္တဝါတို့၏ ရှေးအစွန်းသည် မထင်နိုင်။ ရဟန်းတို့ ဤရှည်စွာသော ကာလ၌ သမီးမဖြစ်ဘူးသော သတ္တဝါကို ရလွယ်သည် မဟုတ်၊ ထိုသို့

http://www.dhammadownload.com



ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း—ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင်၊ မသိမှု 'အဝိဇ္ဇာ' ဖြင့် ပိတ်ဖုံးအပ်ကုန်သည် တဏှာနှောင်ကြိုးဖြင့် ဖွဲ့ချည်အပ်ကုန်သည်ဖြစ်၍ ဤဘဝမှ ထိုဘဝ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည်ကြရကုန်သော သတ္တဝါတို့၏ ရှေးအစွန်းသည် မထင်နိုင်။ ရဟန်းတို့ ဤသို့လျှင် ရှည်စွာသော ညဉ့်တို့ပတ်လုံး သင်တို့သည် ဆင်းရဲကို ခံစားရဘူးလှလေပြီ၊ ပြင်းထန်သော ဆင်းရဲကို ခံစားရဘူးလှလေပြီ၊ ပျက်စီးခြင်းကို ခံစားရဘူးလှလေပြီ၊ သင်ချိုင်းမြေပုံသည် တိုးပွားလှလေပြီ၊ ရဟန်းတို့ ဤအလုံးစုံသော သင်္ခါရတရားတို့၌ ငြီးငွေ့ခြင်းငှါ သင့်လှတော့သည်သာတည်း၊ တပ်ခြင်းကင်းခြင်းငှါ သင့်လှတော့သည်သာတည်း၊ လွတ်မြောက်ခြင်းငှါ သင့်လှတော့သည်သာတည်းဟု (ဟောတော်မူ၏)။

နဝမသုတ်။

## ၁၀-ဝေပုလ္လပဗ္ဗတသုတ်

၁၄၃။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ရဟန်းတို့ဟူ၍ ခေါ်တော်မူ၏၊ အသျှင်ဘုရားဟူ၍ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ ဤသံသရာ၏အစကို မသိနိုင်၊ မသိမှု 'အဝိဇ္ဇာ' ဖြင့် ပိတ်ဖုံးအပ်ကုန်သည် တဏှာနှောင်ကြိုးဖြင့် ဖွဲ့ချည်အပ်ကုန်သည်ဖြစ်၍ ဤဘဝမှ ထိုဘဝ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည်ကြရကုန်သော သတ္တဝါ၏ ရှေးအစွန်းသည် မထင်နိုင်၊ ရဟန်းတို့ ရှေး၌ ဖြစ်ဘူးသည်ကား ဤဝေပုလ္လတောင်၏ အမည်သည် ပါစီနဝံသတောင်ဟူ၍ သာလျှင် ထင်ရှား၏၊ ရဟန်းတို့ ထိုစဉ်အခါ၌ လူတို့၏ အမည်သည် တိဝရဟူ၍ သာလျှင် ထင်ရှား၏။ ရဟန်းတို့ တိဝရအမည်ရှိသော လူတို့အား အနှစ်လေးသောင်းတို့ပတ်လုံး အသက်တန်း ပမာဏသည် ဖြင်၏၊ ရဟန်းတို့ တိဝရမည်သော လူတို့သည် ပါစီနဝံသတောင်ကို လေးရက်ဖြင့် တက်ရကုန်၏၊ လေးရက်ဖြင့် ဆင်းရကုန်၏။ ရဟန်းတို့ ထိုအခါ အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော ကကုသန် မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏၊ ရဟန်းတို့ အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော ကကုသန် မြတ်စွာဘုရား၏ ဝိဓုရ သဉ္ဇိဝ အမည်ရှိသော ကောင်းမြတ်သော တပည့်အစုံသည် ဖြစ်၏၊ ရဟန်းတို့ ရှုကြကုန်လော့၊ ဤဝေပုလ္လတောင်၏ ထိုပါစီနဝံသဟူသော အမည်သည်လည်း ကွယ်ပျောက်လေပြီ၊ ထိုလူတို့သည်လည်း သေကုန်ပြီ၊ ထိုကကုသန်မြတ်စွာဘုရားသည်လည်း ပရိနိဗ္ဗာန်ပြုတော်မူလေပြီ၊ ရဟန်းတို့ သင်္ခါရတရားတို့သည် ဤသို့လျှင် မမြဲကြကုန်၊ ရဟန်းတို့ သင်္ခါရတရားတို့သည် ဤသို့လျှင် မခိုင်ခံ့ကြကုန်၊ ရဟန်းတို့ သင်္ခါရတရားတို့သည် ဤသို့လျှင် သာယာဖွယ်မရှိသဖြင့် သက်သာရာ မရကုန်၊ ရဟန်းတို့ ဤအလုံးစုံသော သင်္ခါရတရားတို့၌ ငြီးငွေ့ခြင်းငှါ သင့်လှတော့သည်သာတည်း၊ တပ်ခြင်းကင်းခြင်းငှါ သင့်လှတော့သည်သာတည်း၊ လွတ်မြောက်ခြင်းငှါ သင့်လှတော့သည်သာတည်း။

ရဟန်းတို့ ရှေး၌ ဖြစ်ဘူးသည်ကား ဤဝေပုလ္လတောင်၏ အမည်သည် ဝင်္ကကတောင်ဟူ၍ သာလျှင် ထင်ရှား၏၊ ရဟန်းတို့ ထိုစဉ်အခါ၌ လူတို့၏အမည်သည် ရောဟိတဿဟူ၍ သာလျှင်

http://www.dhammadownload.com



ထင်ရှား၏၊ ရဟန်းတို့ ရောဟိတဿမည်သော လူတို့အား အနှစ်သုံးသောင်းတို့ပတ်လုံး အသက်တမ်းပမာဏသည်ဖြစ်၏၊ ရဟန်းတို့ ရောဟိတဿမည်သော လူတို့သည် ဝင်္ကကတောင်ကို သုံးရက်ဖြင့် တက်ရကုန်၏၊ သုံးရက်ဖြင့် ဆင်းရကုန်၏၊ ရဟန်းတို့ ထိုအခါ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော ကောဏာဂုံ မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏၊ ရဟန်းတို့ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော ကောဏာဂုံမြတ်စွာဘုရား၏ ဘိယျောသ ဥတ္တရအမည်ရှိသော ကောင်းမြတ်သော တပည့်အစုံသည် ဖြစ်၏၊ ရဟန်းတို့ ရှုကြကုန်လော့၊ ဤဝေပုလ္လတောင်၏ ထိုဝင်္ကကဟူသော အမည်သည်လည်း ကွယ်ပျောက်လေပြီ၊ ထိုလူတို့သည်လည်း သေကုန်ပြီ၊ ထိုကောဏာဂုံမြတ်စွာဘုရားသည်လည်း ပရိနိဗ္ဗာန်ပြုတော်မူလေပြီ၊ ရဟန်းတို့ သင်္ခါရတရားတို့သည် ဤသို့လျှင် မမြဲကြကုန်။ပ။ လွတ်မြောက်ခြင်းငှါ သင့်လှတော့သည်သာတည်း။

ရဟန်းတို့ ရှေး၌ဖြစ်ဘူးသည်ကား ဤဝေပုလ္လတောင်၏ အမည်သည် သုပဿ ဟူ၍သာလျှင် ထင်ရှား၏၊ ရဟန်းတို့ ထိုစဉ်အခါ၌ လူတို့၏အမည်သည် သုပ္ပိယဟူ၍သာလျှင် ထင်ရှား၏၊ ရဟန်းတို့ သုပ္ပိယမည်သော လူတို့အား အနှစ်နှစ်သောင်းတို့ပတ်လုံး အသက်တမ်းပမာဏသည်ဖြစ်၏၊ ရဟန်းတို့ သုပ္ပိယမည်သော လူတို့သည် သုပဿတောင်ကို နှစ်ရက်ဖြင့် တက်ရကုန်၏၊ နှစ်ရက်ဖြင့် ဆင်းရကုန်၏၊ ရဟန်းတို့ ထိုအခါ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော ကဿပမြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏၊ ရဟန်းတို့ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော ကဿပမြတ်စွာဘုရား၏ တိဿ ဘာရဒွါဇအမည်ရှိသော ကောင်းမြတ်သော တပည့်အစုံသည် ဖြစ်၏၊ ရဟန်းတို့ ရှုကြကုန်လော့၊ ဤဝေပုလ္လတောင်၏ ထိုသုပဿဟူသော အမည်သည်လည်း ကွယ်ပျောက်လေပြီ၊ ထိုလူတို့သည်လည်း သေကုန်ပြီ၊ ထိုကဿပမြတ်စွာဘုရားသည်လည်း ပရိနိဗ္ဗာန် ပြုတော်မူလေပြီ၊ ရဟန်းတို့ သင်္ခါရတရားတို့သည် ဤသို့လျှင် မမြဲကြကုန်၊ ရဟန်းတို့ သင်္ခါရတရားတို့သည် ဤသို့လျှင် မခိုင်ခံ့ကြကုန်။ပ။ လွတ်မြောက်ခြင်းငှါ သင့်လှတော့သည်သာတည်း။

ရဟန်းတို့ ယခုအခါ၌ကား ဤဝေပုလ္လတောင်၏ အမည်သည် ဝေပုလ္လဟူ၍သာလျှင် ထင်ရှား၏၊ ရဟန်းတို့ ယခုအခါ၌ကား ဤလူတို့၏ အမည်သည် မာဂဓကဟူ၍သာလျှင် ထင်ရှား၏၊ ရဟန်းတို့ မာဂဓကမည်သောလူတို့၏ အသက်တမ်းပမာဏသည် နည်း၏၊ တို၏၊ လျင်မြန်၏၊ ကြာမြင့်စွာ အသက်ရှည်သောသူသည် အနှစ်တရာသော်ငှင်း အနှစ်တရာထက် အနည်းငယ်လွန်၍သော်ငှင်း ရှည်နိုင်၏၊ ရဟန်းတို့ မာဂဓကမည်သော လူတို့သည် ဝေပုလ္လတောင်ကို တမုဟုတ်ခြင်းဖြင့် တက်နိုင်ကုန်၏၊ တမုဟုတ်ခြင်းဖြင့် ဆင်းနိုင်ကုန်၏။ ရဟန်းတို့ ယခုအခါ၌ကား (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော ငါဘုရားသည် လောက၌ ထင်ရှားပွင့်တော်မူ၏၊ ရဟန်းတို့ ငါဘုရား၏ သာရိပုတြာ မောဂ္ဂလာန်အမည်ရှိသော ကောင်းမြတ်သော တပည့်အစုံသည် ဖြစ်၏၊ ရဟန်းတို့ ဤဝေပုလ္လတောင်၏ ဝေပုလ္လဟူသော အမည်သည်လည်း ကွယ်ပျောက်လတ္တံ့၊ ဤလူတို့သည်လည်း သေကုန်လတ္တံ့၊ ငါဘုရားသည်လည်း ပရိနိဗ္ဗာန်ပြုလတ္တံ့၊ ထိုအခါသည်ဖြစ်လတ္တံ့၊ ရဟန်းတို့ သင်္ခါရတရားတို့သည် ဤသို့လျှင် မမြဲကြကုန်၊ ရဟန်းတို့ သင်္ခါရတရားတို့သည် ဤသို့လျှင် မခိုင်ခံ့ကြကုန်၊ ရဟန်းတို့ သင်္ခါရတရားတို့သည် ဤသို့လျှင် သာယာဖွယ် မရှိသဖြင့် သက်သာရာ မရကြကုန်၊ ရဟန်းတို့ အလုံးစုံသော သင်္ခါရတရားတို့၌ အလွန်လျှင် ငြီးငွေ့ခြင်းငှါ သင့်လှတော့သည်သာတည်း၊ တပ်ခြင်းကင်းခြင်းငှါ သင့်လှတော့သည်သာတည်း၊

http://www.dhammadownload.com



လွှတ်မြောက်ခြင်းငှါ သင့်လှတော့သည်သာတည်းဟု မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤစုတ္တိယ စကားပြေ တရားကို မိန့်တော်မူပြီး၍ ထို့နောက်၌ ဤဂါထာကို မိန့်တော်မူ၏—

တိဝရမည်သော လူတို့၏လက်ထက်၌ ဤတောင်သည် ပါစီနဝံသအမည်ရှိ၏၊ ရောဟိတဿ အမည်ရှိသော လူတို့၏လက်ထက်၌ ဤတောင်သည် ဝင်္ကကအမည်ရှိ၏၊ သုပ္ပိယအမည် ရှိသော လူတို့၏လက်ထက်၌ ဤတောင်သည် သုပဿအမည်ရှိ၏၊ မာဂဓကမည်သော လူတို့၏ လက်ထက်၌ ဤတောင်သည် ဝေပုလ္လအမည်ရှိ၏။

သင်္ခါရတရားတို့သည် အမြဲမရှိကြကုန်၊ ဖြစ်ခြင်း ပျက်ခြင်း သဘောရှိကုန်၏၊ ဖြစ်ပြီး၍ ချုပ်ကုန်၏၊ ထိုသင်္ခါရတရားတို့၏ ငြိမ်းရာ နိဗ္ဗာန်သည်သာလျှင် ချမ်းသာ၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ဒုတိယဝဂ် ပြီး၏။

အနမတဂ္ဂသံယုတ် ပြီး၏။

http://www.dhammadownload.com

# ၅-ကဿပသံယုတ်

## ၁-သန္တုဋ္ဌသုတ်

၁၄၄။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ဤကဿပသည် ရတတ်သမျှသော သင်္ကန်းဖြင့် ရောင့်ရဲ၏၊ ရတတ်သမျှသော သင်္ကန်းဖြင့် ရောင့်ရဲခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆိုလေ့ရှိ၏၊ သင်္ကန်းဟူသော အကြောင်းကြောင့် မလျောက်ပတ်သော ရှာမှီးခြင်းသို့လည်း မရောက်၊ သင်္ကန်းကို မရသော်လည်း မတောင့်တ၊ သင်္ကန်းကို ရ၍လည်း မမက်မော မတွေဝေ၊ တဏှာဖြင့် မလွှမ်းမိုး၊ အပြစ်ကိုရှုလျက် ထွက်မြောက်ကြောင်း ပညာရှိသည် ဖြစ်၍ သုံးဆောင်၏။

ရဟန်းတို့ ဤကဿပသည် ရတတ်သမျှသော ဆွမ်းဖြင့် ရောင့်ရဲ၏၊ ရတတ်သမျှသော ဆွမ်းဖြင့် ရောင့်ရဲခြင်း၏ဂုဏ်ကျေးဇူးကိုလည်း ပြောဆိုလေ့ရှိ၏၊ဆွမ်းဟူသောအကြောင်းကြောင့် မလျောက်ပတ်သော ရှာမှီးခြင်းသို့လည်း မရောက်၊ ဆွမ်းကို မရသော်လည်း မတောင့်တ၊ ဆွမ်းကို ရ၍လည်း မမက်မော မတွေဝေ၊ တဏှာဖြင့် မလွှမ်းမိုး၊ အပြစ်ကိုရှုလျက် ထွက်မြောက်ကြောင်း ပညာရှိသည် ဖြစ်၍ သုံးဆောင်၏။

ရဟန်းတို့ ဤကဿပသည် ရတတ်သမျှသော ကျောင်းအိပ်ရာ နေရာဖြင့် ရောင့်ရဲ၏၊ ရတတ်သမျှသော ကျောင်း အိပ်ရာ နေရာဖြင့် ရောင့်ရဲခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆိုလေ့ရှိ၏၊ ကျောင်း အိပ်ရာ နေရာ ဟူသော အကြောင်းကြောင့် မလျောက်ပတ်သော ရှာမှီးခြင်းသို့လည်း မရောက်၊ ကျောင်းအိပ်ရာ နေရာကို မရသော်လည်း မတောင့်တ၊ ကျောင်းအိပ်ရာ နေရာကိုရ၍လည်း မမက်မော မတွေဝေ၊ တဏှာဖြင့် မလွှမ်းမိုး၊ အပြစ်ကို ရှုလျက် ထွက်မြောက်ကြောင်းပညာရှိသည် ဖြစ်၍ သုံးဆောင်၏။

ရဟန်းတို့ ဤကဿပသည် ရတတ်သမျှသော သူနာတို့၏ အထောက်အပံ့ ဆေး အသုံး အဆောင်ဖြင့် ရောင့်ရဲ၏၊ ရတတ်သမျှသော သူနာတို့၏ အထောက်အပံ့ ဆေးအသုံးအဆောင်ဖြင့် ရောင့်ရဲခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆိုလေ့ရှိ၏၊ သူနာတို့၏ အထောက်အပံ့ ဆေးအသုံး အဆောင်ဟူသော အကြောင်းကြောင့် မလျောက်ပတ်သော ရှာမှီးခြင်းသို့လည်းမရောက်၊ သူနာတို့၏ အထောက်အပံ့ ဆေးအသုံးအဆောင်ကို မရ၍လည်း မတောင့်တ၊ သူနာတို့၏ အထောက် အပံ့ ဆေးအသုံးအဆောင် ကိုရ၍လည်း မမက်မော၊ မတွေဝေ၊ တဏှာဖြင့် မလွှမ်းမိုး၊ အပြစ်ကို ရှုလျက် ထွက်မြောက်ကြောင်း ပညာရှိသည်ဖြစ်၍ သုံးဆောင်၏။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ ဤသို့ ကျင့်ရမည်၊ ရတတ်သမျှသော သင်္ကန်းဖြင့် ရောင့်ရဲကုန်အံ့၊ရတတ်သမျှသော သင်္ကန်းဖြင့် ရောင့်ရဲခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆိုချီးမွမ်းလေ့ရှိကုန်အံ့၊သင်္ကန်းဟူသောအကြောင်းကြောင့် မလျောက်ပတ်သောရှာမှီးခြင်းသို့လည်းမရောက်ကုန်အံ့၊ သင်္ကန်းကို မရသော်လည်း မတောင့်တကုန်အံ့၊ သင်္ကန်းကို ရ၍လည်း မမက်မော မတွေဝေ၊ တဏှာဖြင့်မလွှမ်းမိုး၊ အပြစ်ကိုရှုလျက် ထွက်မြောက်ကြောင်းပညာရှိသည်ဖြစ်၍ သုံးဆောင်ကုန်အံ့။ [ဤအတူ အလုံးစုံကို ပြုအပ်၏]။

ရတတ်သမျှသော ဆွမ်းဖြင့် ရောင့်ရဲကုန်အံ့။ ။ ရတတ်သမျှသော ကျောင်းအိပ်ရာ နေရာဖြင့် ရောင့်ရဲကုန်အံ့။ ။ ရတတ်သမျှသော သူနာတို့၏ အထောက်အပံ့ ဆေးအသုံးအဆောင်ဖြင့်ရောင့်ရဲ

http://www.dhammadownload.com



ကုန်အံ့၊ ရဟတ်သမျှသော သူနာတို့၏ အထောက်အပံ့ ဆေးအသုံးအဆောင်ဖြင့် ရောင့်ရဲခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆိုကုန်အံ့၊ သူနာတို့၏ အထောက်အပံ့ ဆေးအသုံးအဆောင်ဟူသော အကြောင်းကြောင့် မလျော်ကပ်သောရှာမှီးခြင်းသို့လည်း မရောက်ကုန်အံ့၊ သူနာတို့၏အထောက်အပံ့ ဆေးအသုံးအဆောင်ကို ရ၍လည်း မမက်မော မဘွေ့ဝေ၊ ဘဏ္ဍာဖြင့်မလွှမ်းမိုး၊ အပြစ်ကိုရှုလျက် ထွက်မြောက်ကြောင်း ပညာရှိသည်ဖြစ်၍ သုံးဆောင်ကုန်အံ့ဟု ရဟန်းတို့ ဤသို့လျှင် သင်တို့သည် ကျင့်ကြရမည်၊ ရဟန်းတို့ သင်တို့အား ကဿပ(ဥပမာ)ဖြင့်ငှင်း ကဿပနှင့်တူသော မထေရ်ဥပမာဖြင့်ငှင်း ငါဆုံးမအံ့၊ ဆုံးမအပ်ကုန်သော သင်တို့သည် မချွတ်မယွင်း ဖြစ်ခြင်းငှါ ကျင့်အပ်၏ဟု (ဟောတော်မူ၏)။

ပဌမသုတ်။

## ၂-အနောတ္တပ္ပီသုတ်

၁၄၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ အသျှင်မဟာကဿပသည်ငှင်း အသျှင်သာရိပုတြာသည်ငှင်း ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ နေကုန်၏၊ ထိုအခါ အသျှင်သာရိပုတြာသည် ညချမ်းအခါ တပါးတည်း ကိန်းကောင်းရာမှ ထလျက် အသျှင်မဟာကဿပထံသို့ ချဉ်းကပ်၍ အသျှင်မဟာကဿပနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကိုပြောဆိုပြီးဆုံးစေပြီးနောက်တခုသော နေရာ၌ထိုင်နေပြီးသော် အသျှင်မဟာကဿပအား ဤစကားကို ဆို၏—''ငါ့သျှင်ကဿပပြင်းစွာ အားထုတ်ခြင်းမရှိသူ ကြောက်လန့်ခြင်းမရှိသူသည် သစ္စာလေးပါးကို သိခြင်းငှါ မထိုက်၊ငြိမ်းအေးခြင်းငှါ မထိုက်၊ ယောဂ၏ ကုန်ရာ အတုမရှိသော အရဟတ္တဖိုလ်ကို ရခြင်းငှါ မထိုက်၊ ပြင်းစွာ အားထုတ်သူ ကြောက်လန့်ခြင်း ရှိသူသည်သာ သစ္စာလေးပါးကို သိခြင်းငှါ ထိုက်၏၊ ငြိမ်းအေးခြင်းငှါထိုက်၏။ ယောဂ၏ ကုန်ရာ အတုမရှိသော အရဟတ္တဖိုလ်ကို ရခြင်းငှါ ထိုက်၏'' ဟု ဆို၏။

ငါ့သျှင် အဘယ်မျှလောက်ဖြင့် ပြင်းစွာ အားထုတ်ခြင်း မရှိသူ ကြောက်လန့်ခြင်း မရှိသူသည် သစ္စာလေးပါးကို သိခြင်းငှါ မထိုက်သနည်း၊ ငြိမ်းအေးခြင်းငှါ မထိုက်သနည်း၊ ယောဂ၏ကုန်ရာ အတုမရှိသော အရဟတ္တဖိုလ်ကို ရခြင်းငှါ မထိုက်သနည်း။ ငါ့သျှင် အဘယ်မျှလောက်ဖြင့် ပြင်းစွာ အားတုတ်သူ ကြောက်လန့်ခြင်းရှိသူသည် သစ္စာလေးပါးကို သိခြင်းငှါ ထိုက်သနည်း ငြိမ်းအေးခြင်းငှါ ထိုက်သနည်း၊ ယောဂ၏ကုန်ရာ အတုမရှိသော အရဟတ္တဖိုလ်ကို ရခြင်းငှါ ထိုက်သနည်း။ ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် ငါ့အားမဖြစ်ကုန်သေးသော ယုတ်ညံ့သော အကုသိုလ်တရားတို့ ဖြစ်ကုန်သည်ရှိသော် အကျိုးမဲ့ခြင်းငှါ ဖြစ်ကုန်ရာ၏ ဟု ပြင်းစွာ အားထုတ်ခြင်းကို မပြု၊ ငါ့အား ဖြစ်ပြီးကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို မပယ်အပ်ကုန်သည် ရှိသော် အကျိုးမဲ့ခြင်းငှါ ဖြစ်ကုန်ရာ၏ ဟု ပြင်းစွာ အားထုတ်ခြင်းကို မပြု၊ ငါ့အား မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ မဖြစ်ခဲ့ကုန်သည်ရှိသော် အကျိုးမဲ့ခြင်းငှါ ဖြစ်ကုန်ရာ၏ဟု ပြင်းစွာ အားထုတ်ခြင်းကိုမပြု၊ ငါ့အား ဖြစ်ပြီးကုန်သော ကုသိုလ်တရားတို့ ချုပ်ပျောက်ကုန်သည် ရှိသော် အကျိုးမဲ့ခြင်းငှါ ဖြစ်ကုန်ရာ၏ဟု ပြင်းစွာ အားဆုတ်ခြင်းကို မပြု၊ ငါ့သျှင် ဤသို့လျှင် ပြင်းစွာ အားထုတ်ခြင်း မရှိသူ ဖြစ်၏။

http://www.dhammadownload.com



ငါ့သျှင် အဘယ်သို့လျှင် ကြောက်လန့်ခြင်း မရှိသူဖြစ်သနည်း၊ ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် ငါ့အား မဖြစ်ကုန်သေးသော ယုတ်ညံ့သော အကုသိုလ်တရားတို့ဖြစ်ကုန်သည်ရှိသော် အကျိုးမဲ့ခြင်းငှာ ဖြစ်ကုန်ရာ၏ ဟု မကြောက်လန့်၊ ငါ့အား ဖြစ်ပြီးကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့ကိုမပယ်အပ်ကုန်သည်ရှိသော်အကျိုးမဲ့ခြင်းငှာဖြစ်ကုန်ရာ၏ဟု မကြောက်လန့်၊ ငါ့အားမဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ မဖြစ်ကုန်သည်ရှိသော် အကျိုးမဲ့ခြင်းငှာဖြစ်ကုန်ရာ၏ ဟု မကြောက်လန့်၊ ငါ့အား ဖြစ်ပြီးကုန်သော ကုသိုလ်တရားတို့ ချုပ်ပျောက်ကုန်သည်ရှိသော် အကျိုးမဲ့ခြင်းငှာ ဖြစ်ကုန်ရာ၏ဟု မကြောက်လန့်၊ ငါ့သျှင် ဤသို့လျှင် ကြောက်လန့်ခြင်းမရှိသူ ဖြစ်၏။ ငါ့သျှင် ဤသို့လျှင် ပြင်းစွာအားထုတ်ခြင်း မရှိသူ ကြောက်လန့်ခြင်း မရှိသောသူသည် သစ္စာလေးပါးကို သိခြင်းငှာ မထိုက်၊ ငြိမ်းအေးခြင်းငှာမထိုက်၊ ယောဂ၏ကုန်ရာ အတုမရှိသော အရဟတ္တဖိုလ်ကို ရခြင်းငှာ မထိုက်။

ငါ့သျှင်အဘယ်သို့လျှင် ပြင်းစွာအားထုတ်ခြင်းရှိသူဖြစ်သနည်း၊ ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် ငါ့အား မဖြစ်ကုန်သေးသော ယုတ်ညံ့သော အကုသိုလ်တရားတို့ ဖြစ်ကုန်သည်ရှိသော် အကျိုးမဲ့ခြင်းငှာ ဖြစ်ကုန်ရာ၏ဟု ပြင်းစွာအားထုတ်ခြင်းကိုပြု၏၊ငါ့အားဖြစ်ပြီးကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို မပယ်အပ်ကုန်သည်ရှိသော် အကျိုးမဲ့ခြင်းငှာ ဖြစ်ကုန်ရာ၏ဟု ပြင်စွာ အားထုတ်ခြင်းကို ပြု၏၊ငါ့အား မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့သည် ။ပ။ ပြင်းစွာ အားထုတ်ခြင်းကို ပြု၏၊ ငါ့သျှင် ဤသို့လျှင် ပြင်းစွာအားထုတ်ခြင်းရှိသူဖြစ်၏။

ငါ့သျှင် အဘယ်သို့လျှင် ကြောက်လန့်ခြင်း ရှိသူဖြစ်သနည်း၊ ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် ငါ့အား မဖြစ်ကုန်သေးသော ယုတ်ညံ့သော အကုသိုလ်တရားတို့ ဖြစ်ကုန်သည်ရှိသော် အကျိုးမဲ့ခြင်းငှာ ဖြစ်ကုန်ရာ၏ဟု ကြောက်လန့်၏၊ ငါ့အား ဖြစ်ပြီးကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို မပယ်အပ်ကုန်သည်ရှိသော် အကျိုးမဲ့ခြင်းငှာ ဖြစ်ကုန်ရာ၏ ဟု ကြောက်လန့်၏၊ငါ့အား မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့မဖြစ်ကုန်သည်ရှိသော် အကျိုးမဲ့ခြင်းငှာ ဖြစ်ကုန်ရာ၏ ဟုကြောက်လန့်၏၊ ငါ့အား ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ ချုပ်ပျောက်ကုန်သည်ရှိသော် အကျိုးမဲ့ခြင်းငှာ ဖြစ်ကုန်ရာ၏ဟု ကြောက်လန့်၏၊ ငါ့သျှင် ဤသို့လျှင် ကြောက်လန့်ခြင်းရှိသူ ဖြစ်၏။ ငါ့သျှင် ဤသို့လျှင် ပြင်းစွာအားထုတ်ခြင်းရှိသူ ကြောက်လန့်ခြင်းရှိသူသည် သစ္စာလေးပါးကို သိခြင်းငှာ ထိုက်၏၊ ငြိမ်းအေးခြင်းငှာ ထိုက်၏၊ ယောဂ၏ ကုန်ရာ အတုမရှိသော အရဟတ္တဖိုလ်ကို ရခြင်းငှါ ထိုက်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-စန္ဒူပမသုတ်

၁၄၆။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ လနှင့်တူစွာ ကိုယ်စိတ်ကို ထိန်းချုပ်၍သာလျှင် အချင်းခပ်သိမ်း ညွှတ်သည်ပမာဖြစ်ကုန်လျက် ဒါယကာတို့၌(ကိုယ်နှုတ်စိတ်တို့ဖြင့်)ကြမ်းကြုတ်မှုမရှိကုန်ပဲ ဒါယကာတို့သို့ ချဉ်းကပ်ကြကုန်လော့၊ ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် ရေတွင်းဟောင်းကိုရင်း မညီညွတ်သော တောင်ကိုရင်း မြစ်ကမ်းပါးပြတ်ကိုရင်း ကြည့်သည်ရှိသော် ကိုယ်စိတ်ကို ထိန်းချုပ်၍သာလျှင် ကြည့်ရာသကဲ့သို့ ရဟန်းတို့ ဤဥပမာအတူ

http://www.dhammadownload.com



လနှင့်တူစွာ ကိုယ်စိတ်ကို ထိန်းချုပ်၍သာလျှင် အချင်းခပ်သိမ်း ညွှတ်သည်ပမာ ဖြစ်ကုန်လျက် (ကိုယ်နှုတ်စိတ်တို့ဖြင့်)ကြမ်းကြုတ်မှုမရှိကုန်ပဲ ဒါယကာတို့ကို ချဉ်းကပ်ကြကုန်လော့။

ရဟန်းတို့ ကဿပသည် လနှင့်တူစွာ ကိုယ်စိတ်ကို ထိန်းချုပ်၍သာလျှင် အချင်းခပ်သိမ်း ညွှတ်သည်ပမာ ဖြစ်၍ ဒါယကာတို့၌ (ကိုယ်နှုတ် စိတ်တို့ဖြင့်) ကြမ်းကြုတ်မှုမရှိပဲ ဒါယကာတို့သို့ ချဉ်းကပ်၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ အောက်မေ့ကြကုန်သနည်း၊ အဘယ်သို့ သဘောရှိသော ရဟန်းသည် ဒါယကာတို့သို့ ချဉ်းကပ်ခြင်းငှာ ထိုက်သနည်းဟု မိန့်တော်မူ၏၊ မြတ်စွာဘုရား တရားတော်တို့သည် မြတ်စွာဘုရားသာလျှင် အရင်းမူလရှိပါကုန်၏၊ မြတ်စွာဘုရား သာလျှင် ထုတ်ဆောင်သူရှိပါကုန်၏၊ မြတ်စွာဘုရားသာလျှင် မှီရာရှိပါကုန်၏။ မြတ်စွာဘုရား တောင်းပန်ပါ၏၊ ဟောတော်မူအပ်သော ဤတရား၏အနက်သည် မြတ်စွာဘုရား၏ဉာဏ်၌သာလျှင် ထင်ပါစေလော့၊မြတ်စွာဘုရား၏ (စကားတော်ကို)ကြားနာရ၍ ရဟန်းတို့သည် ဆောင်ထားရကုန်လတ္တံ့ဟု (လျှောက်ကြကုန်၏)။

ထိုအခါ မြတ်စွာဘုရားသည် ကောင်းကင်၌ လက်ကို ဝှေ့ယမ်းတော်မူ၏၊ ရဟန်းတို့ ဝှေ့ယမ်းအင်သော ဤလက်သည်ကောင်းကင်၌ မငြိကပ်မစွဲလမ်း မဖွဲ့ရုက်သကဲ့သို့ ဤအတူသာလျှင် ဒါယကာတို့သို့ ချဉ်းကပ်သော တစုံတယောက်သောရဟန်း၏ စိတ်သည် "လာဘ်ကို အလိုရှိသော သူတို့သည် လာဘ်ရစေကုန်သတည်း၊ကောင်းမှုကို အလိုရှိသောသူတို့သည် ကောင်းမှုကို ပြုစေကုန်သတည်း"ဟုဒါယကာတို့၌မငြိကပ်မစွဲလမ်းမဖွဲ့ရုက်ပဲမိမိလာဘ်ရခြင်းဖြင့် ဝမ်းမြောက်နှစ်သက်သော စိတ်ရှိသကဲ့သို့ ဤအတူသူတပါးတို့ လာဘ်ရခြင်းဖြင့် ဝမ်းမြောက်နှစ်သက်သော စိတ်ရှိ၏၊ရဟန်းတို့ ဤသို့ သဘောရှိသော ရဟန်းသည် ဒါယကာတို့သို့ ချဉ်းကပ်ခြင်းငှါ ထိုက်၏။

ရဟန်းတို့ ဒါယကာတို့သို့ ချဉ်းကပ်သော ကဿပ၏ စိတ်သည် လာဘ်ကိုအလိုရှိကုန်သော သူတို့သည် လာဘ်ရစေကုန်သတည်း၊ ကောင်းမှုကို အလိုရှိကုန်သော သူတို့သည် ကောင်းမှုတို့ကို ပြုကြစေကုန်သတည်း"ဟု ဒါယကာတို့၌ မငြိကပ်မစွဲလမ်း မဖွဲ့ရုက်ပဲမိမိလာဘ်ရခြင်းဖြင့် ဝမ်းမြောက် နှစ်သက်သော စိတ်ရှိသကဲ့သို့ ဤအတူ သူတစ်ပါးတို့၏ လာဘ်ရခြင်းဖြင့် ဝမ်းမြောက်နှစ်သက်သော စိတ်ရှိ၏။

ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ အဘယ်သို့သဘောရှိသော ရဟန်း၏ တရားဟောခြင်းသည် မစင်ကြယ်သနည်း၊ အဘယ်သို့သဘောရှိသော ရဟန်း၏ တရားဟောခြင်း သည် စင်ကြယ်သနည်းဟု မိန့်တော်မူ၏၊ မြတ်စွာဘုရား တရားတို့သည် မြတ်စွာဘုရားသာလျှင် အရင်းမူလ ရှိပါကုန်၏၊ မြတ်စွာဘုရားသာလျှင် ထုတ်ဆောင်သူရှိပါကုန်၏၊ မြတ်စွာဘုရားသာလျှင် မှီရာရှိပါကုန်၏၊ မြတ်စွာဘုရား တောင်းပန်ပါ၏၊ ဟောတော်မူအပ်သော ဤတရား၏အနက်သည် မြတ်စွာဘုရား၏ ဉာဏ်၌သာလျှင် ထင်ပါစေလော့၊ မြတ်စွာဘုရား၏ (စကားတော်)ကို ကြားနာ ရ၍ ရဟန်းတို့သည် ဆောင်ထားရပါကုန်လတ္တံ့ဟု လျှောက်ကြကုန်၏။ ရဟန်းတို့ သို့ဖြစ်လျှင် နာကြကုန်လော့၊ ကောင်းစွာနှလုံးသွင်းကြကုန်လော့၊ဟောပေအံ့ဟု မိန့်တော်မူ၏၊ မြတ်စွာဘုရား ကောင်ပါပြီဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်လျှောက်ကြကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏-

ရဟန်းတို့ မည်သည့်ရဟန်းမဆို "ငါ၏တရားကို နာကြားကြကုန်မူ နားကြားပြီး၍လည်း ကြည်ညိုကြကုန်မူ ကြည်ညိုကုန်သည်ဖြစ်၍ ငါ့အားကြည်ညိုသော အခြင်းအရာကို ပြုကြကုန်မူ

http://www.dhammadownload.com



ကောင်းပေစွ” ဟု ဤသို့ စိတ်ရှိသည်ဖြစ်၍ သူတပါးတို့အား တရားဟော၏၊ ရဟန်းတို့ ဤသို့ သဘောရှိသော ရဟန်း၏ တရားဟောခြင်းသည် မစင်ကြယ်။

မည်သည့်ရဟန်းမဆို “မြတ်စွာဘုရား ဟောကြားသော တရားတော်သည် ကောင်းစွာ ဟောထားသော တရားတော်ပါပေတည်း၊ ကိုယ်တိုင် သိမြင်အပ်သော တရားတော်ပါပေတည်း၊ အခါမလင့် အကျိုးပေးတတ်သော တရားတော်ပါပေတည်း၊ လာလှည့် ရှုလှည့်ဟု ပြထိုက်သော တရားတော်ပါပေတည်း၊မိမိကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်သော တရားတော်ပါပေတည်း။ (အရိယာ)ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိမြင်နိုင်သော တရားတော်ပါပေတည်း ဟု နှလုံးသွင်း၍ ငါ၏တရားကို နာကြားကြကုန်မူနာကြားပြီး၍လည်းတရားကို သိကြပါကုန်မူ သိပြီး၍အရဟတ္တဖိုလ် ဟူသော အကျိုးငှါ ကျင့်ကြပါကုန်မူ ကောင်းလေစွ” ဟု ဤသို့ စိတ်ရှိသည်ဖြစ်၍ သူတပါးတို့အား တရားဟော၏၊ ဤသို့တရား၏ကောင်းသော တရား၏ အဖြစ်ကို စွဲ၍ သူတပါးတို့အား တရား ဟော၏၊ သနားကြင်နာခြင်းကို စွဲ၍ အစဉ်စောင့်ရှောက်ခြင်းကို အကြောင်းပြု၍ သူတပါးတို့အား တရားဟော၏၊ ရဟန်းတို့ ဤသို့သဘောရှိသော ရဟန်း၏ တရားဟောခြင်းသည် စင်ကြယ်၏။

ရဟန်းတို့ ကဿပသည် “မြတ်စွာဘုရား ဟောကြားသော တရားတော်သည် ကောင်းစွာ ဟောထားသော တရားတော်ပါပေတည်း၊ကိုယ်တိုင်သိမြင်အပ်သောတရားတော်ပါပေတည်း၊ အခါ မလင့် အကျိုးပေးတတ်သော တရားတော်ပါပေတည်း၊ လာလှည့် ရှုလှည့်ဟု ပြထိုက်သော တရား တော်ပါပေတည်း၊ မိမိ၏ကိုယ်ထဲစိတ်ထဲ၌ ဆောင်ယူ ထားထိုက်သော တရားတော်ပါပေတည်း၊ (အရိယာ) ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိမြင်နိုင်သော တရားတော်ပါပေတည်းဟု နှလုံးသွင်း၍ ငါဟောသော တရားကို ကြားနာကြကုန်မူ နာကြားပြီး၍လည်း တရားကိုသိကြပါကုန်မူ သိပြီး၍ လည်း အရဟတ္တဖိုလ်ဟူသော အကျိုးငှါ ကျင့်ကြပါကုန်မူ ကောင်းလေစွ”ဟု ဤသို့စိတ်ရှိသည် ဖြစ်၍ သူတပါးတို့အား တရားဟော၏၊ တရားတော်၏ကောင်းသောတရားအဖြစ်ကိုစွဲ၍ သူတပါး တို့အားတရားဟော၏၊ သနားကြင်နာခြင်းကို စွဲ၍ အစဉ်စောင့်ရှောက်ခြင်းကို အကြောင်းပြု၍ သူတပါးတို့အား တရားဟော၏၊ ရဟန်းတို့ သင်တို့အား ကဿပကိုသော်၎င်း ကဿပနှင့်တူသော မထေရ်ကိုသော်၎င်း(ဥပမာထား၍) ငါဘုရားဆုံးမအံ့၊ ဆုံးမအပ်ကုန်သော သင်တို့တည်း မချွတ် မယွင်းဖြစ်ခြင်းငှါ ကျင့်အပ်၏ ဟု (ဟောတော်မူ၏)။

**တတိယသုတ်။**

---

## ၄-ကုလူပကသုတ်

၁၄၈။ သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ အဘယ်သို့သဘောရှိသောရဟန်းသည် ဒါယကာသို့ချဉ်းကပ်သောကုလူပက ရဟန်းဖြစ်ခြင်းငှါထိုက်သနည်း၊အဘယ်သို့သဘောရှိသော ရဟန်းသည် ဒါယကာသို့ချဉ်းကပ်သော ကုလူပက ရဟန်းဖြစ်ခြင်းငှါ မထိုက်သနည်း၊ အသျှင်ဘုရား တရားတော်တို့သည် မြတ်စွာဘုရား သာလျှင် အရင်းမူလ ရှိပါကုန်၏။ပ။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏——

ရဟန်းတို့ မည်သည့်ရဟန်းမဆို “ငါ့အားပေးလှူပါစေကုန် မပေးလှူ မဖြစ်ပါစေကုန်လင့်၊ ငါ့အား များစွာသာလျှင် ပေးလှူပါစေကုန် အနည်းငယ်မျှကို မပေးလှူပါစေကုန်လင့်၊

http://www.dhammadownload.com



ငါ့အား မွန်မြတ်သည်ကိုသာလျှင်ပေးလှူပါစေကုန်၊ ကြမ်းထမ်းသည်ကို မပေးလှူပါစေကုန်လင့်၊ ငါ့အား လျင်မြန်စွာသာလျှင် ပေးလှူပါစေကုန်၊ နှေးကွေးစွာ မပေးလှူပါစေကုန်လင့်၊ ငါ့အား ရိုသေစွာသာလျှင် ပေးလှူပါစေကုန်၊မရိုမသေမပေးလှူပါစေကုန်လင့်”ဟု ဤသို့သော စိတ်ရှိသည်ဖြစ်၍ ဒါယကာတို့သို့ ချဉ်းကပ်၏၊ရဟန်းတို့ဤသို့ စိတ်ရှိသည်ဖြစ်၍ ဒါယကာတို့သို့ချဉ်းကပ်သော ထိုရဟန်းအား အကယ်၍ မပေးလှူကုန်သည်ဖြစ်အံ့၊ ထိုမပေးလှူခြင်းကြောင့် ရဟန်းသည်အနှိပ်စက်ခံရသကဲ့သို့ဖြစ်၏၊ ထိုရဟန်းသည် ယင်းသို့ဖြစ်ခြင်း အကြောင်းကြောင့် ဆင်းရဲခြင်းနှလုံးမသာခြင်းကို ခံစားရ၏။ အနည်းငယ်ကို ပေးလှူကုန်၏၊ အများကို မပေးလှူကုန်။ပ။ ကြမ်းထမ်းသည်ကိုပေးလှူကုန်၏၊ မွန်မြတ်သည်ကို မပေးလှူကုန်၊ နှေးကွေးစွာ ပေးလှူကုန်၏၊ လျင်မြန်စွာမပေးလှူကုန်၊ ထိုမပေးလှူခြင်းကြောင့် ရဟန်းသည် အနှိပ်စက် ခံရသကဲ့သို့ ဖြစ်၏၊ ထိုရဟန်းသည် ယင်းသို့ဖြစ်ခြင်း အကြောင်းကြောင့် ဆင်းရဲခြင်း နှလုံးမသာခြင်းကို ခံစားရ၏။ မရိုမသေပေးလှူကုန်၏၊ ရိုသေစွာ မပေးလှူကုန်၊ ယင်းသို့ ပေးလှူခြင်းကြောင့် ရဟန်းသည် အနှိပ်စက်ခံရသကဲ့သို့ ဖြစ်၏၊ ထိုရဟန်းသည် ယင်းသို့ဖြစ်ခြင်းအကြောင်းကြောင့်ဆင်းရဲခြင်းနှလုံး မသာခြင်းကိုခံစားရ၏၊ ရဟန်းတို့ ဤသို့သဘောရှိသောရဟန်းသည် ဒါယကာတို့သို့ချဉ်းကပ်သော ကုလူပက ရဟန်းဖြစ်ခြင်းငှါ မသိုက်။

ရဟန်းတို့ အကြင်ရဟန်းသည်ကား “တပါးသော ဒါယကာတို့၌ ငါ့အား ပေးလှူပါစေကုန်၊ မပေးလှူသည် မဖြစ်စေကုန်လင့်၊ ငါ့အား များစွာသာလျှင် ပေးလှူပါစေကုန်၊ အနည်းငယ်ကို မပေးလှူပါစေကုန်လင့်၊ မွန်မြတ်သည်ကိုသာလျှင် ပေးလှူပါစေကုန်၊ ကြမ်းထမ်းသည်ကိုမပေး လှူပါစေကုန်လင့်၊ ငါ့အား လျင်မြန်စွာသာလျှင် ပေးလှူပါစေကုန်၊ နှေးကွေးစွာ မပေးလှူပါ စေကုန်လင့်၊ ငါ့အား ရိုသေစွာပေးလှူပါစေကုန်၊ မရိုမသေ မပေးလှူပါစေကုန်လင့်” ဟု ဤသို့ ပေးလှူရာ၌ ထိုတောင့်တခြင်းကို အဘယ်မှာ ရနိုင်အံ့နည်း ဟု ဤသို့စိတ်ရှိသည်ဖြစ်၍ ဒါယကာ တို့သို့ ချဉ်းကပ်၏၊ ရဟန်းတို့ ဤသို့စိတ်ရှိသည်ဖြစ်၍ ဒါယကာတို့သို့ချဉ်းကပ်သောထိုရဟန်းအား မပေးလှူကုန်၊ ထိုမပေးလှူခြင်းကြောင့် ရဟန်းသည်အနှိပ်စက်ခံရသကဲ့သို့ မဖြစ်၊ ထိုရဟန်းသည် ယင်းသို့မဖြစ်ခြင်းကြောင့် ဆင်းရဲခြင်း နှလုံးမသာခြင်းကို မခံစားရ။ အနည်းငယ်ကို ပေးလှူကုန်၏။ အများကိုမပေးလှူကုန်၊ ထိုမပေးလှူခြင်းကြောင့် ရဟန်းသည် အနှိပ်စက်ခံရသကဲ့သို့ မဖြစ်၊ထိုရဟန်းသည် ယင်းသို့မဖြစ်ခြင်းအကြောင်းကြောင့်ဆင်းရဲခြင်းနှလုံးမသာခြင်းကိုမခံစားရ။ ကြမ်းထမ်းသည်ကို ပေးလှူကုန်၏၊ မွန်မြတ်သည်ကို မပေးလှူကုန်၊ ထိုမပေးလှူခြင်းကြောင့် ရဟန်းသည် အနှိပ်စက်ခံရသကဲ့သို့မဖြစ်၊ ထိုရဟန်းသည် ယင်းသို့ မဖြစ်ခြင်း အကြောင်းကြောင့် ဆင်းရဲခြင်းနှလုံးမသာခြင်းကို မခံစားရ။ နှေးကွေးစွာပေးလှူကုန်၏၊ လျင်မြန်စွာမပေးလှူကုန်၊ ထိုမပေးလှူခြင်းကြောင့် ထိုရဟန်းသည် အနှိပ်စက်ခံရသကဲ့သို့မဖြစ်၊ ထိုရဟန်းသည် ယင်းသို့ မဖြစ်ခြင်းအကြောင်းကြောင့် ဆင်းရဲခြင်း နှလုံးမသာခြင်းကို မခံစားရ။ မရိုမသေပေးလှူကုန်၏၊ ရိုသေစွာ မပေးလှူကုန်၊ ထိုမပေးလှူခြင်းကြောင့် ရဟန်းသည် အနှိပ်စက်ခံရသကဲ့သို့ မဖြစ်၊ ထိုရဟန်းသည်ထိုအနှိပ်စက်ခံရသကဲ့သို့ မဖြစ်ခြင်းဟူသော အကြောင်းကြောင့် ဆင်းရဲခြင်းနှလုံး မသာခြင်းကို မခံစားရ၊ ရဟန်းတို့ ဤသို့သဘောရှိသောရဟန်းသည် ဒါယကာတို့သို့ ချဉ်းကပ် သော ကုလူပကရဟန်း ဖြစ်ခြင်းငှါ ထိုက်၏။

ရဟန်းတို့ ကဿပသည် တပါးသော ဒါယကာတို့၌“ငါ့အားပေးလှူပါစေကုန်၊ မပေးလှူသည် မဖြစ်ပါစေကုန်လင့်၊ ငါ့အား များစွာသာလျှင်ပေးလှူပါစေကုန်၊ အနည်းငယ်ကို မပေးလှူပါစေ

http://www.dhammadownload.com



ကုန်လင့်၊ငါ့အား မွန်မြတ်သည်ကိုသာလျှင် ပေးလှူပါစေကုန်၊ ကြမ်းထမ်းသည်ကို မပေးလှူပါစေကုန်လင့်၊ ငါ့အား လျှင်မြန်စွာသာလျှင် ပေးလှူပါစေကုန်၊ နှေးကွေးစွာ မပေးလှူပါစေကုန်လင့်၊ ငါ့အား ရိုသေစွာ ပေးလှူပါစေကုန်၊ မရိုမသေ မပေးလှူပါစေကုန်လင့်''ဟု ဤသို့ပေးလှူရာ၌ ထိုတောင့်တခြင်းကို အဘယ်မှာ ရနိုင်အံ့နည်းဟု ဤသို့ စိတ်ရှိသည်ဖြစ်၍ ဒါယကာတို့သို့ ချဉ်းကပ်၏၊ ရဟန်းတို့ ဤသို့စိတ်ရှိသည်ဖြစ်၍ ဒါယကာတို့သို့ ချဉ်းကပ်သော ထိုကဿပအား အကယ်၍ မပေးလှူကုန်သည်ဖြစ်အံ့၊ ထိုမပေးလှူခြင်းကြောင့် ကဿပသည် အနှိပ်စက်ခံရသကဲ့သို့မဖြစ်၊ ထိုကဿပသည် ထိုအနှိပ်စက်ခံရသကဲ့သို့ မဖြစ်ခြင်းဟူသော အကြောင်းကြောင့် ဆင်းရဲခြင်း နှလုံးမသာခြင်းကို မခံစားရ။ အနည်းငယ်ကို ပေးလှူကုန်၏၊ အများကို မပေးလှူကုန်၊ ထိုမပေးလှူခြင်းကြောင့် ကဿပသည် အနှိပ်စက် ခံရသကဲ့သို့မဖြစ်၊ ထိုကဿပသည် ထိုအနှိပ်စက်ခံရသကဲ့သို့ မဖြစ်ခြင်းဟူသော အကြောင်းကြောင့် ဆင်းရဲခြင်း နှလုံးမသာခြင်းကို မခံစားရ။ ကြမ်းထမ်းသည်ကို ပေးလှူကုန်၏၊ မွန်မြတ်သည်ကို မပေးလှူကုန်၊ ထိုမပေးလှူခြင်းကြောင့် ကဿပသည် အနှိပ်စက်ခံရသကဲ့သို့ မဖြစ်၊ ထိုကဿပသည် ထိုအနှိပ်စက်ခံရသကဲ့သို့ မဖြစ်ခြင်းတည်းဟူသော အကြောင်းကြောင့် ဆင်းရဲခြင်း နှလုံးမသာခြင်းကို မခံစားရ။ နှေးကွေးစွာ ပေးလှူကုန်၏၊ လျှင်မြန်စွာ မပေးလှူကုန်၊ ထိုမပေးလှူခြင်းကြောင့် ကဿပသည် အနှိပ်စက်ခံရသကဲ့သို့မဖြစ်၊ထိုကဿပသည် ထိုအနှိပ်စက်ခံရသကဲ့သို့မဖြစ်ခြင်းတည်းဟူသော အကြောင်းကြောင့် ဆင်းရဲခြင်း နှလုံးမသာခြင်းကိုမခံစားရ၊ မရိုမသေ ပေးလှူကုန်၏၊ ရိုသေစွာ မပေးလှူကုန်၊ ထိုမပေးလှူခြင်းကြောင့် ကဿပသည် အနှိပ်စက်ခံရသကဲ့သို့မဖြစ်၊ ထိုကဿပသည် ထိုအနှိပ်စက် ခံရသကဲ့သို့ မဖြစ်ခြင်းဟူသော အကြောင်းကြောင့် ဆင်းရဲခြင်း နှလုံးမသာခြင်းကို မခံစားရ၊ ရဟန်းတို့ သင်တို့အား ကဿပ(ဥပမာ)ဖြင့်ရှင်း ကဿပနှင့်တူသော မထေရ်ဥပမာဖြင့်ရှင်း ငါဆုံးမအံ့၊ ဆုံးမအပ်ကုန်သော သင်တို့သည် မချွတ်မယွင်း ဖြစ်ခြင်းငှါ ကျင့်အပ်၏ဟု(ဟောတော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ဇိဏ္ဏသုတ်

၁၄၇။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—— ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ အသျှင်မဟာကဿပသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော အသျှင်မဟာကဿပအား မြတ်စွာဘုရားသည် ဤစကားကိုမိန့်တော်မူ၏—— ''ကဿပ သင်သည် ယခုအခါ၌ အိုမင်းပြီ၊ သင်၏ပိုက်ဆံလျှော်မျှင်ဖြင့် ရက်အပ်သော ဝတ်ရုံပြီးသော ဤပံ့သုကူသင်္ကန်းတို့သည် လေးလံလှကုန်၏၊ကဿပ ထို့ကြောင့် သင်သည် ဒါယကာတို့ လှူဒါန်းသောသင်္ကန်းတို့ကိုလည်း ဆောင်လော့၊ ဖိတ်အပ်သော ဆွမ်းတို့ကိုလည်း သုံးဆောင်လော့၊ ငါဘုရား၏ အထံ၌လည်း နေလော့''ဟု(မိန့်တော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်သည်ကား ရှည်စွာသော နေ့ညဉ့်တို့ပတ်လုံး အာရညကင်ဓုတင်ကို ဆောက်တည်ခဲ့ပါ၏၊ အာရညကင်ဓုတင်ဆောက်တည်ခြင်း၏ဂုဏ်ကိုလည်းပြောဆိုခဲ့ပါ၏၊ ပိဏ္ဍပါတ်ဓုတင်ကို ဆောက်တည်ခဲ့ပါ၏၊ ပိဏ္ဍပါတ်ဓုတင် ဆောက်တည်ခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုခဲ့ပါ၏၊

http://www.dhammadownload.com



ပံသုကူဓုတင်ကို ဆောက်တည်ခဲ့ပါ၏၊ ပံသုကူဓုတင်ကို ဆောက်တည်ခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုခဲ့ပါ၏၊ တိစီဝရိတ်ဓုတင်ကို ဆောက်တည်ခဲ့ပါ၏၊ တိစီဝရိက်ဓုတင် ဆောက်တည်ခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုခဲ့ပါ၏၊ အလိုနည်းခဲ့ပါ၏၊ အလိုနည်းခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုခဲ့ပါ၏၊ ရောင့်ရဲခဲ့ပါ၏၊ ရောင့်ရဲခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုခဲ့ပါ၏၊ ဆိတ်ငြိမ်ရာ၌ နေခဲ့ပါ၏၊ ဆိတ်ငြိမ်ရာ၌ နေခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုခဲ့ပါ၏၊ လူတို့နှင့် မရောနှောခဲ့ပါ၊ လူတို့နှင့် မရောနှောခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုခဲ့ပါ၏၊ ထက်သန်သော လုံ့လရှိခဲ့ပါ၏၊ ထက်သန်သော လုံ့လရှိခြင်း၏ဂုဏ်ကိုလည်းပြောဆိုခဲ့ပါ၏ဟု (လျှောက်၏)။

ကဿပသင်သည် အဘယ်အကျိုးထူးကို ကောင်းစွာ မြင်သည် ဖြစ်၍ ရှည်မြင့်စွာသော နေ့ညဉ့်တို့ပတ်လုံး အာရညကင်ဓုတင်ကို ဆောက်တည်ခဲ့သနည်း၊ အာရညကင်ဓုတင်ကို ဆောက်တည်ခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုခဲ့သနည်း။ ပိဏ္ဍပါတ်ဓုတင်ကို မဆောက်တည်ခဲ့သနည်း။ပ။ ပံသုကူဓုတင်ကို ဆောက်တည်ခဲ့သနည်း။တိစီဝရိက်ဓုတင်ကို ဆောက်တည်ခဲ့သနည်း။အလိုနည်းခဲ့သနည်း။ ရောင့်ရဲခဲ့သနည်း။ဆိတ်ငြိမ်ရာ၌နေခဲ့သနည်း။ လူတို့နှင့်မရောနှောခဲ့သနည်း။ထက်သန်သော လုံ့လရှိခဲ့သနည်း ထက်သန်သော လုံ့လရှိခြင်း၏ ဂုဏ်ကို ပြောဆိုခဲ့သနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်သည် နှစ်ပါးကုန်သော အကျိုးထူးတို့ကို ကောင်းစွာ မြင်သည်ဖြစ်၍ ရှည်မြင့်စွာသော နေ့ညဉ့်တို့ပတ်လုံး အာရညကင်ဓုတင် ဆောက်တည်ခဲ့ပါသည်၊ အာရညကင်ဓုတင် ဆောက်တည်ခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုခဲ့ပါသည်၊ပိဏ္ဍပါတ်ဓုတင်ကို ဆောက်တည်ခဲ့ပါသည်။ပ။ ပံသုကူဓုတင်ကို ဆောက်တည်ခဲ့ပါသည်။ တိစီဝရိက်ဓုတင်ကို ဆောက်တည်ခဲ့ပါသည်၊ အလိုနည်းခဲ့ပါသည်။ ရောင့်ရဲခဲ့ပါသည်။ ဆိတ်ငြိမ်ရာ၌ နေခဲ့ပါသည်။ လူတို့နှင့် မရောနှောခဲ့ပါ၊ ထက်သန်သော လုံ့လရှိခဲ့ပါသည်၊ ထက်သန်သောလုံ့လရှိခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုခဲ့ပါသည်၊မိမိ၏မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာ နေရခြင်းကို ကောင်းစွာ မြင်သည်ဖြစ်၍လည်း ဘုရားတပည့်အဆက်ဆက်ဖြစ်ကုန်သော ထိုရဟန်းတို့သည် ရှည်စွာသော နေ့ညဉ့်တို့ပတ်လုံး အာရညကင်ဓုတင်ကို ဆောက်တည်ကုန်သတတ်၊ အာရညကင်ဓုတင် ဆောက်တည်ခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုကုန်သတတ်။ပ။ ပိဏ္ဍပါတ်ဓုတင်ကို ဆောက်တည်ကုန်သတတ်။ပ။ ပံသုကူဓုတင်ကို ဆောက်တည်ကုန်သတတ်။တိစီဝရိက်ဓုတင်ကိုဆောက်တည်ကုန်သတတ်၊အလိုနည်းကုန်သတတ်။ရောင့်ရဲကုန်သတတ်။ ဆိတ်ငြိမ်ရာ၌ နေကုန်သတတ်။ လူတို့နှင့် မရောနှောကုန်သတတ်။ ထက်သန်သော လုံ့လရှိကုန်သတတ်။ထက်သန်သော လုံ့လရှိခြင်း၏ဂုဏ်ကို ပြောဆိုကုန်သတတ်ဟု မြင်အပ်သည်ကို အစဉ်လိုက်ခြင်း 'ဒိဋ္ဌာနုဂတိ' သို့ နောင်လာနောက်သား လူအများတို့ ရောက်ကုန်ငြားအံ့လည်းမသိ၊ ထိုသူတို့သည် မချွတ်မယွင်း ဖြစ်ခြင်းငှါ ကျင့်ကြကုန်လတ္တံ့၊ ထိုသူတို့အား ထိုအကျင့်သည် ရှည်စွာသော နေ့ညဉ့်တို့ပတ်လုံး စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့ဟု နောင်လာနောက်သားလူအများကို သနားသည်ဖြစ်၍လည်း အသျှင်ဘုရား အကျွန်ုပ်သည် စင်စစ်အားဖြင့် ဤနှစ်ပါးသော အကျိုးထူးတို့ကို ကောင်းစွာမြင်သည်ဖြစ်၍ ရှည်စွာသော နေ့ညဉ့်တို့ပတ်လုံးအာရညကင်ဓုတင် ဆောက်တည်ခဲ့ပါသည်၊ အာရညကင်ဓုတင်ကို ဆောက်တည်ခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုခဲ့ပါသည်။ ပိဏ္ဍပါတ်ဓုတင်ကို ဆောက်တည်ခဲ့ပါသည်။ပ။ ပံသုကူဓုတင်ကို ဆောက်တည်ခဲ့ပါသည်။ တိစီဝရိက်ဓုတင်ကို ဆောက်တည်ခဲ့ပါသည်။အလိုနည်းခဲ့ပါသည်။ရောင့်ရဲခဲ့ပါသည်။ဆိတ်ငြိမ်ရာ၌ နေခဲ့ပါသည်။လူတို့နှင့် မရောနှောခဲ့ပါ။ ထက်သန်သော လုံ့လရှိခဲ့ပါသည်၊ ထက်သန်သော လုံ့လရှိခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုခဲ့ပါသည်ဟု လျှောက်၏။

http://www.dhammadownload.com



ကဿပ ကောင်းပေစွ၊ ကောင်းပေစွ၊ ကဿပ သင်သည် များစွာသောသူတို့၏ စီးပွားခြင်းငှာ များစွာသောသူတို့၏ ချမ်းသာခြင်းငှာ လောကကို အစဉ် စောင့်ရှောက်ခြင်းငှာ နတ်လူတို့၏ အကျိုးငှာ စီးပွားခြင်းငှာ ချမ်းသာခြင်းငှာ ကျင့်ပေ၏၊ ကဿပ ထို့ကြောင့် သင်သည် ပိုက်ဆံလျှော်ဖြင့် ရက်အပ်သော ဝတ်ရုံပြီးသော ပံ့သုကူသက်န်းတို့ကိုကိုလည်း ဆောင်လော့၊ ဆွမ်းအလို့ငှာလည်း လှည့်လည်လော့၊ တော၌လည်း နေလော့ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-ဩဝါဒသုတ်

၁၄၉။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါအသျှင် မဟာကဿပသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို အလွန် ရိုသေစွာ ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေ၏၊တခုသော နေရာ၌ ထိုင်နေသော အသျှင်မဟာကဿပအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—"ကဿပ ရဟန်းတို့ကို ဆုံးမလော့၊ကဿပရဟန်းတို့အား တရားစကားပြောဟောခြင်းကို ပြုလော့၊ ကဿပ ငါသည်ဖြစ်စေ သင်သည်ဖြစ်စေ ရဟန်းတို့ကို ဆုံးမရာ၏၊ ငါသည်ဖြစ်စေ သင်သည်ဖြစ်စေ ရဟန်းတို့အား တရားစကား ဟောပြောခြင်းကို ပြုရာ၏"ဟု (မိန့်တော်မူ၏)၊

အသျှင်ဘုရား ယခုအခါ၌ ရဟန်းတို့သည် ဆုံးမခက်ပါကုန်၏၊ ဆုံးမခက်ခြင်းကိုပြုတတ်သော (အကုသိုလ်)တရားတို့နှင့် ပြည့်စုံပါကုန်၏၊ သည်းမခံကြပါကုန်၊ဆုံးမသည်ကို ရိုသေစွာမနာယူကြပါကုန်၊ အသျှင်ဘုရား အာနန္ဒာ၏အတူနေတပည့် ဘဏ္ဍရဟန်းနှင့် အနုရုဒ္ဓါ၏အတူနေတပည့် အဘိဇိကရဟန်းတို့သည် "ရဟန်းလာလော့၊ အဘယ်သို့သည် အလွန်များစွာဟောနိုင်မည်နည်း။ အဘယ်သူသည် အလွန်ကောင်းစွာ ဟောနိုင်မည်နည်း၊ အဘယ်သူသည် အလွန်ကြာမြင့်စွာဟော နိုင်မည်နည်း"ဟု အကြားအမြင် သုတဖြင့်အချင်းချင်း အလွန်ပြိုင်ခုံကြသည်ကို အကျွန်ုပ်မြင်ရပါ၏ဟု လျှောက်၏။

ထိုအခါမြတ်စွာဘုရားသည် ရဟန်းတပါးကို ခေါ်တော်မူ၍ "ရဟန်းလာလော့၊ ငါ၏စကားဖြင့် အာနန္ဒာ၏ အတူနေတပည့်ဖြစ်သော ဘဏ္ဍရဟန်းနှင့် အနုရုဒ္ဓါ၏အတူနေတပည့်ဖြစ်သောအဘိဇိက ရဟန်းတို့ကို အသျှင်တို့ကို မြတ်စွာဘုရား ခေါ်တော်မူ၏ဟု ခေါ်ချေလော့" ဟု မိန့်တော်မူ၏။ အသျှင်ဘုရား ကောင်းပါပြီဟူ၍ ထိုရဟန်းသည် မြတ်စွာဘုရား၏ (စကားတော်ကို) ဝန်ခံ၍ ထိုရဟန်းတို့ထံသို့ချဉ်းကပ်ပြီးလျှင် ထိုရဟန်းတို့ကို "အသျှင်တို့ကို မြတ်စွာဘုရား ခေါ်တော်မူ၏"ဟု ဤစကားကို ဆို၏။

"ငါ့ရှင် ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် ထိုခေါ်လာသော ရဟန်း၏(စကားကို)ဝန်ခံကြ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်ပြီးလျှင် မြတ်စွာဘုရားကို ရိုသေစွာရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေကြကုန်၏၊ တခုသော နေရာ၌ ထိုင်နေကုန်သော ထိုရဟန်းတို့အား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏–"ရဟန်းတို့ သင်တို့သည် 'ရဟန်းလာလော့၊ အဘယ်သူသည် အလွန်များစွာ ဟောနိုင်မည်နည်း၊ အဘယ်သူသည် အလွန်ကောင်းစွာ ဟောနိုင်မည်နည်း၊ အဘယ်သူသည် အလွန်ကြာမြင့်စွာ ဟောနိုင်မည်နည်း'ဟု အကြားအမြင်သုတဖြင့် အချင်းချင်း အလွန်

http://www.dhammadownload.com



ငြင်းခုံကြ၏ ဟူသည် မှန်သလော”ဟု မေးတော်မူ၏၊ အသျှင်ဘုရား မှန်ပါ၏ဟု လျှောက်ကုန်၏၊ ရဟန်းတို့လာကြကုန်လော့၊ သင်တို့သည် “ရဟန်း လာလော့၊ အဘယ်သူသည် အလွန်များစွာ ဟောနိုင်မည်နည်း၊ အဘယ်သူသည် အလွန်ကောင်းစွာ ဟောနိုင်မည်နည်း၊အဘယ်သူသည် အလွန်ကြာမြင့်စွာ ဟောနိုင်မည်နည်းဟု အကြားအမြင် သုတဖြင့် အလွန် ငြင်းခုံကြလော့ဟု တရားဟောအပ်သည်ကို သင်တို့ သိကုန်သလော” ဟု မေးတော်မူ၏၊ အသျှင်ဘုရား ဤသို့ မသိပါကုန် ဟု လျှောက်ကြကုန်၏၊ ရဟန်းတို့ သင်တို့သည် ငါဘုရား၏ ဤသို့ ဟောအပ်သော တရားကို အကယ်၍ မသိကုန်ငြားအံ့၊ ထိုသို့ဖြစ်သည်ရှိသော် မင်္ဂဖိုလ်မှ အချည်းနှီးယောကျ်ား ဖြစ်ကုန်သော သင်တို့သည် အသို့လျှင် အဘယ်ကိုသိသောကြောင့် အဘယ်ကို မြင်သောကြောင့် ဤသို့ ကောင်းစွာ ဟောအပ်သော ဓမ္မဝိနယ ‘သာသနာတော်၌’ ရဟန်းပြုပါကုန်လျက် ရဟန်း လာလော့၊ အဘယ်သူသည် အလွန်များစွာ ဟောနိုင်မည်နည်း၊ အဘယ်သူသည် အလွန်ကောင်းစွာ ဟောနိုင်မည်နည်း၊ အဘယ်သူသည် အလွန်ကြာမြင့်စွာ ဟောနိုင်မည်နည်းဟု အကြားအမြင် သုတဖြင့် အချင်းချင်း အလွန်ငြင်းခုံကြသနည်းဟု မိန့်တော်မူ၏။

ထိုအခါ၌ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ ခြေတော်တို့၌ ဦးခိုက်ကြကုန်၍ မြတ်စွာဘုရားအား—“အသျှင်ဘုရား မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့်အလျောက် အပြစ်သည် အကျွန်ုပ်တို့အား လွှမ်းမိုးနေပါကုန်၏၊ အကျွန်ုပ်တို့သည် ဤသို့ ကောင်းစွာ ဟောအပ်သော ဓမ္မဝိနယ ‘သာသနာတော်’၌ ရဟန်းပြုပါကုန်လျက် ရဟန်း လာလော့၊ အဘယ်သူသည် အလွန်များစွာ ဟောနိုင်မည်နည်း၊ အဘယ်သူသည် အလွန်ကောင်းစွာ ဟောနိုင်မည်နည်း၊ အဘယ်သူသည် အလွန် ကြာမြင့်စွာ ဟောနိုင်မည်နည်းဟု အကြားအမြင် သုတဖြင့် အချင်းချင်း ငြင်းခုံမိပါကုန်၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ထိုအကျွန်ုပ်တို့၏ အပြစ်ကို အပြစ်အလျောက် နောင်အခါ၌ စောင့်ရှောက်ခြင်းငှါ သည်းခံတော်မူပါလော့”ဟု လျှောက်ကြကုန်၏။

ရဟန်းတို့ သင်တို့သည် မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့်အလျောက် စင်စစ်အားဖြင့် အပြစ်သည် လွှမ်းမိုးနေကုန်၏၊ သင်တို့သည် ဤသို့ ကောင်းစွာ ဟောအပ်သော ဓမ္မဝိနယ‘သာသနာတော်’၌ ရဟန်းပြုကြကုန်လျက် ရဟန်း လာလော့၊ အဘယ်သူသည် အလွန်များစွာ ဟောနိုင်မည်နည်း၊ အဘယ်သူသည် အလွန်ကောင်းစွာဟောနိုင်မည်နည်း၊ အဘယ်သူသည် အလွန်ကြာမြင့်စွာ ဟောနိုင်မည်နည်းဟု အကြားအမြင် သုတဖြင့် အချင်းချင်း ငြင်းခုံကြကုန်၏၊ ရဟန်းတို့ အကြင်အခါ၌ကား သင်တို့သည် အပြစ်ကို အပြစ်အလျောက် မြင်ကြ၍ တရားအားလျော်စွာ ကုစားကုန်၏၊ ထိုအခါ သင်တို့၏ထိုအပြစ်ကို ငါတို့လက်ခံကုန်၏၊ ရဟန်းတို့ အကြင်သူသည် အပြစ်ကိုအပြစ်ဟု မြင်ကုန်၍ အဖြစ်အားလျော်စွာ ကုစား၏၊ နောင်အခါ၌လည်း စောင့်စည်း၏၊ ထိုသူ၏ ထိုကုစားခြင်း စောင့်စည်းခြင်းသည် အရိယာတို့၏ ဝိနည်းကျင့်ဝတ်၌ ကြီးပွါးကြောင်းတည်းဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ဒုတိယ သြဝါဒသုတ်

၁၅၀။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။ ထိုအခါ အသျှင်မဟာကဿပသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၏။ပ။ တခုသောနေရာ၌ ထိုင်နေသော

http://www.dhammadownload.com



အသျှင်မဟာကဿပအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏— "ကဿပ ရဟန်းတို့ကို ဆုံးမလော့၊ ကဿပ ရဟန်းတို့အား တရားစကား ပြောဟောခြင်းကိုပြုလော့၊ ကဿပ ငါသည်ရင်း သင်သည်ရင်း ရဟန်းတို့ကို ဆုံးမရာ၏၊ ငါသည်ရင်း သင်သည်ရင်း ရဟန်းတို့အား တရားစကား ပြောဟောခြင်းကို ပြုရာ၏" ဟု မိန့်တော်မူ၏၊

အသျှင်ဘုရား ယခုအခါ၌ ရဟန်းတို့သည် ဆုံးမခက်ပါကုန်၏၊ ဆုံးမခက်ခြင်းကို ပြုတတ်သော အကုသိုလ်တရားတို့နှင့် ပြည့်စုံပါကုန်၏၊ သည်းမခံကြပါကုန်၊ အဆုံးအမကို ရိုသေစွာ မနာယူကြပါကုန်၊ အသျှင်ဘုရား မည်သည့်ရဟန်းအားမဆို ကုသိုလ်တရားတို့၌ ယုံကြည်ခြင်းမရှိ၊ ကုသိုလ်တရားတို့၌ ရှက်ခြင်းမရှိ၊ ကုသိုလ်တရားတို့၌ ကြောက်ခြင်းမရှိ၊ ကုသိုလ်တရားတို့၌ လုံ့လမရှိ၊ ကုသိုလ်တရားတို့၌ ပညာမရှိ၊ ထိုရဟန်းအား ရောက်လာသမျှ ညဥ့်တိုင်း နေ့တိုင်း ကုသိုလ်တရားတို့၌ ဆုတ်ယုတ်ခြင်းကိုသာလျှင် (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏၊ ကြီးပွားခြင်းကို မမြော်လင့်အပ်၊

အသျှင်ဘုရား လဆုတ်ပက္ခ၌ ရောက်လာသမျှသော ညဥ့်တိုင်း နေ့တိုင်း လအား အဆင်း အဝန်း အဝိုင်း အရောင်အဝါ လုံးရပ် သဏ္ဌာန်အားဖြင့် ဆုတ်ယုတ်သကဲ့သို့ အသျှင်ဘုရား ဤအတူသာလျှင် မည်သည့်ရဟန်းအားမဆို ကုသိုလ်တရားတို့၌ ယုံကြည်ခြင်းမရှိ၊ ရှက်ခြင်းမရှိ၊ ကြောက်လန့်ခြင်း မရှိ၊ လုံ့လမရှိ၊ ကုသိုလ်တရားတို့၌ ပညာမရှိ၊ ထိုရဟန်းအား ရောက်လာသမျှ ညဥ့်တိုင်း နေ့တိုင်း ကုသိုလ်တရားတို့၌ ဆုတ်ယုတ်ခြင်းကိုသာလျှင် (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏၊ ကြီးပွားခြင်းကို မမြော်လင့်အပ်။

အသျှင်ဘုရား "သဒ္ဓါတရားမရှိသော ယောကျ်ားပုဂ္ဂိုလ်" ဟူသော ဤစကားသည် ဆုတ်ယုတ်ခြင်းကို ပြသောစကားပါတည်း၊ အသျှင်ဘုရား "အရှက်မရှိသော ယောကျ်ားပုဂ္ဂိုလ်" ဟူသော ဤစကားသည် ဆုတ်ယုတ်ခြင်းကို ပြသော စကားပါတည်း၊ အသျှင်ဘုရား "ကြောက်လန့်ခြင်း မရှိသော ယောကျ်ားပုဂ္ဂိုလ်" ဟူသော ဤစကားသည် ဆုတ်ယုတ်ခြင်းကိုပြသော စကားပါတည်း၊ အသျှင်ဘုရား "ပျင်းရိသော ယောကျ်ားပုဂ္ဂိုလ်" ဟူသော ဤစကားသည် ဆုတ်ယုတ်ခြင်းကို ပြသောစကားပါတည်း၊ အသျှင်ဘုရား "ပညာမဲ့သော ယောကျ်ားပုဂ္ဂိုလ်" ဟူသော ဤစကားသည် ဆုတ်ယုတ်ခြင်းကို ပြသော စကားပါတည်း၊ အသျှင်ဘုရား "အမျက်ထွက်တတ်သော ယောကျ်ားပုဂ္ဂိုလ်" ဟူသော ဤစကားသည် ဆုတ်ယုတ်ခြင်းကို ပြသော စကားပါတည်း၊ အသျှင်ဘုရား "ရန်ငြိုးဖွဲ့တတ်သော ယောကျ်ားပုဂ္ဂိုလ်" ဟူသော ဤစကားသည် ဆုတ်ယုတ်ခြင်းကို ပြသော စကားပါတည်း၊ အသျှင်ဘုရား "ဆုံးမသူ မရှိသော ရဟန်းတို့" ဟူသော ဤစကားသည် ဆုတ်ယုတ်ခြင်းကို ပြသော စကားပါတည်း။

အသျှင်ဘုရား မည်သည့်ရဟန်းအားမဆို ကုသိုလ်တရားတို့၌ ယုံကြည်ခြင်းရှိ၏၊ ရှက်ခြင်းရှိ၏၊ ကြောက်လန့်ခြင်းရှိ၏၊ လုံ့လရှိ၏၊ ကုသိုလ်တရားတို့၌ ပညာရှိ၏၊ ထိုရဟန်းတို့အား ရောက်လာသမျှသော ညဥ့်တိုင်း နေ့တိုင်း ကုသိုလ်တရားတို့၌ ကြီးပွားခြင်းကိုသာလျှင် (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏၊ ဆုတ်ယုတ်ခြင်းကို မမြော်လင့်အပ်။

အသျှင်ဘုရား လဆန်းပက္ခ၌ ရောက်လာသော ညဥ့်တိုင်း နေ့တိုင်း လအား အဆင်း အဝန်း အဝိုင်း အရောင်အဝါ လုံးရပ်သဏ္ဌာန်အားဖြင့် တိုးပွားသကဲ့သို့ အသျှင်ဘုရား မည်သည့်ရဟန်းအားမဆို ကုသိုလ်တရားတို့၌ ယုံကြည်ခြင်းရှိ၏၊ ရှက်ခြင်းရှိ၏။ပ။ ကြောက်လန့်ခြင်းရှိ၏၊ လုံ့လရှိ၏၊

http://www.dhammadownload.com



ကုသိုလ်တရားတို့၌ ပညာရှိ၏၊ ထိုရဟန်းအား ရောက်လာသမျှသော ညဉ့်တိုင်း နေ့တိုင်း ကုသိုလ်တရားတို့၌ ကြီးပွားခြင်းကိုသာလျှင် (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏၊ ဆုတ်ယုတ်ခြင်းကို မမြော်လင့်အပ်။

အသျှင်ဘုရား သဒ္ဓါ"တရားရှိသော ယောကျ်ားပုဂ္ဂိုလ်"ဟူသော ဤစကားသည် မဆုတ်ယုတ်ခြင်းကို ပြသောစကားပါတည်း၊ အသျှင်ဘုရား "ရှက်ခြင်းရှိသော ယောကျ်ားပုဂ္ဂိုလ်" ဟူသော ဤစကားသည် မဆုတ်ယုတ်ခြင်းကို ပြသော စကားပါတည်း၊ အသျှင်ဘုရား "ကြောက်လန့်ခြင်းရှိသော ယောကျ်ားပုဂ္ဂိုလ်"ဟူသော ဤစကားသည် မဆုတ်ယုတ်ခြင်းကို ပြသော စကားပါတည်း၊ အသျှင်ဘုရား "ထက်သန်သော လုံ့လရှိသော ယောကျ်ားပုဂ္ဂိုလ်" ဟူသော ဤစကားသည် မဆုတ်ယုတ်ခြင်းကို ပြသော စကားပါတည်း၊ အသျှင်ဘုရား"ပညာရှိသော ယောကျ်ားပုဂ္ဂိုလ်" ဟူသော ဤစကားသည် မဆုတ်ယုတ်ခြင်းကို ပြသောစကားပါတည်း၊ အသျှင်ဘုရား "အမျက်မထွက်သော ယောကျ်ားပုဂ္ဂိုလ်"ဟူသော ဤစကားသည် မဆုတ်ယုတ်ခြင်းကို ပြသော စကားပါတည်း၊ အသျှင်ဘုရား "ရန်ငြိုးမဖွဲ့တတ်သော ယောကျ်ားပုဂ္ဂိုလ်"ဟူသော ဤစကားသည် မဆုတ်ယုတ်ခြင်းကို ပြသောစကားပါတည်း၊ အသျှင်ဘုရား "ဆုံးမသူရှိသော ရဟန်းတို့"ဟူသော ဤစကားသားသည် မဆုတ်ယုတ်ခြင်းကိုပြသော စကားပါတည်းဟု (လျှောက်၏)။

ကဿပ ကောင်းပေစွ ကောင်းပေစွ၊မည်သည့်ရဟန်းအားမဆို ကုသိုလ်တရားတို့၌ ယုံကြည်ခြင်း မရှိ၊ ရှက်ခြင်းမရှိ။ပ။ ကြောက်လန့်ခြင်းမရှိ၊ လုံ့လမရှိ၊ကုသိုလ်တရားတို့၌ ပညာမရှိ၊ထိုရဟန်းအား ရောက်လာသမျှသော ညဉ့်တိုင်း နေ့တိုင်း ကုသိုလ်တရားတို့၌ ဆုတ်ယုတ်ခြင်းကိုသာလျှင် (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏၊ ကြီးပွားခြင်းကို မမြော်လင့်အပ်။

ကဿပ လဆုတ်ပက္ခ၌ ရောက်လာသမျှသော ညဉ့်တိုင်း နေ့တိုင်း လအား အဆင်း။ပ။ လုံးရပ်သဏ္ဌာန်အားဖြင့် ဆုတ်ယုတ်သည်သာလျှင် ဖြစ်သကဲ့သို့ ကဿပ ဤအတူသာလျှင် မည်သည့်ရဟန်းအားမဆို ကုသိုလ်တရားတို့၌ ယုံကြည်ခြင်း မရှိ။ပ။ ရှက်ခြင်း မရှိ၊ ကြောက်လန့်ခြင်း မရှိ၊ လုံ့လ မရှိ၊ ကုသိုလ်တရားတို့၌ ပညာမရှိ၊ ထိုရဟန်းအား ရောက်လာသမျှသော ညဉ့်တိုင်း နေ့တိုင်း ကုသိုလ်တရားတို့၌ ဆုတ်ယုတ်ခြင်းကိုသာလျှင် (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏၊ ကြီးပွားခြင်းကို မမြော်လင့်အပ်။

ကဿပ သဒ္ဓါတရားမရှိသော ယောကျ်ားပုဂ္ဂိုလ် ဟူသော ဤစကားသည် ဆုတ်ယုတ်ခြင်းကို ပြသောစကားတည်း၊ ရှက်ခြင်းမရှိသော ယောကျ်ားပုဂ္ဂိုလ်ဟူသော ဤစကားသည်။ပ။ ကြောက်လန့်ခြင်းမရှိသော ယောကျ်ားပုဂ္ဂိုလ် ဟူသော ဤစကားသည်။ ပျင်းရိခြင်းရှိသော ယောကျ်ားပုဂ္ဂိုလ်ဟူသော ဤစကားသည်။ ပညာမရှိသော ယောကျ်ားပုဂ္ဂိုလ်ဟူသော ဤစကားသည်။ အမျက်ထွက်ခြင်းရှိသော ယောကျ်ားပုဂ္ဂိုလ် ဟူသော ဤစကားသည်။ ရန်ငြိုးဖွဲ့တတ်သော ယောကျ်ားပုဂ္ဂိုလ်ဟူသော ဤစကားသည် ဆုတ်ယုတ်ခြင်းကိုပြသော စကားတည်း၊ကဿပ"ဆုံးမတတ်သူမရှိသော ရဟန်းတို့"ဟူသော ဤစကားသည် ဆုတ်ယုတ်ခြင်းကိုပြသော စကားတည်း။

ကဿပ မည်သည့် ရဟန်းအားမဆို ကုသိုလ်တရားတို့၌ ယုံကြည်ခြင်း သဒ္ဓါတရားရှိ၏၊ရှက်ခြင်းရှိ၏။ ကြောက်လန့်ခြင်းရှိ၏၊ ထိုရဟန်းအား ရောက်လာသမျှသော ညဉ့်တိုင်း နေ့တိုင်း ကုသိုလ်တရားတို့၌ ကြီးပွားခြင်းကိုသာလျှင် (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏၊ ဆုတ်ယုတ်ခြင်းကို မမြော်လင့်အပ်။ကဿပ လဆန်းပက္ခ၌ ရောက်လာသမျှသော ညဉ့်တိုင်း နေ့တိုင်း လအား အဆင်း

http://www.dhammadownload.com



အဝန်းအဝိုင်း အရောင်အဝါ လုံးရပ် သဏ္ဌာန်အားဖြင့် တိုးပွားသကဲ့သို့ ကဿပ ဤအတူသာလျှင် မည်သည့်ရဟန်းအားမဆို ကုသိုလ်တရားတို့၌ ယုံကြည်ခြင်း သဒ္ဓါတရားရှိ၏၊ ရှက်ခြင်းရှိ၏၊ ကြောက်လန့်ခြင်းရှိ၏၊ လုံ့လရှိ၏၊ ကုသိုလ်တရားတို့၌ ပညာရှိ၏၊ ထိုရဟန်းအား ရောက်လာသမျှသော ညဉ့်တိုင်း နေ့တိုင်း ကုသိုလ်တရားတို့၌ ကြီးပွားခြင်းကိုသာလျှင်(မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏၊ဆုတ်ယုတ်ခြင်းကို မမြော်လင့်အပ်။

ကဿပ "သဒ္ဓါတရားရှိသော ယောကျ်ားပုဂ္ဂိုလ်"ဟူသော ဤစကားသည် မဆုတ်ယုတ်ခြင်းကို ပြသောစကားတည်း၊ "ရှက်ခြင်းရှိသော ယောကျ်ားပုဂ္ဂိုလ်"ဟူသော ဤစကားသည်။ပ။ ကြောက်လန့်ခြင်းရှိသော ယောကျ်ားပုဂ္ဂိုလ်ဟူသော။ ထက်သန်သော လုံ့လရှိသော ယောကျ်ားပုဂ္ဂိုလ်ဟူသော။ ပညာရှိသော ယောကျ်ားပုဂ္ဂိုလ်ဟူသော။ အမျက်မထွက်တတ်သော ယောကျ်ားပုဂ္ဂိုလ်ဟူသော။ ကဿပ "ရန်ငြိုးမဖွဲ့တတ်သော ယောကျ်ားပုဂ္ဂိုလ်"ဟူသော ဤစကားသည် မဆုတ်ယုတ်ခြင်းကို ပြသောစကားတည်း၊ ကဿပ "ဆုံးမတတ်သူရှိသော ရဟန်းတို့"ဟူသော ဤစကားသည် မဆုတ်ယုတ်ခြင်းကို ပြသော စကားတည်းဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-တတိယ ဩဝါဒသုတ်

၁၅၁။ ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေးရာကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အသျှင်မဟာကဿပသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော အရှင်မဟာကဿပအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏-"ကဿပ ရဟန်းတို့ကို ဆုံးမလော့၊ကဿပ ရဟန်းတို့အား တရားစကား ဟောပြောခြင်းကိုပြုလော့၊ကဿပ ငါသည်ရင်း သင်သည်ရင်း ဆုံးမရာ၏၊ငါသည်ရင်း သင်သည်ရင်း ရဟန်းတို့အား တရားစကား ပြောဟောရာ၏"ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ယခုအခါ၌ ရဟန်းတို့သည် ဆုံးမခက်ပါကုန်၏၊ဆုံးမခက်ခြင်းကို ပြုတတ်သော အကုသိုလ်တရားတို့နှင့် ပြည့်စုံပါကုန်၏၊ သည်းမခံကြပါကုန်၊ အဆုံးအမကို ရိုသေ၍ မနာယူကြပါကုန်ဟု(လျှောက်၏)၊ ကဿပ ထို့ကြောင့်ပင်လျှင် ရှေးက မထေရ်ရဟန်းတို့သည် အာရညကင်ဓုတင်ကို ဆောက်တည်ကုန်၏၊ အာရညကင်ဓုတင် ဆောက်တည်ခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုကုန်၏၊ ပိဏ္ဍပါတ်ဓုတင်ကို ဆောက်တည်ကုန်၏၊ ပိဏ္ဍပါတ်ဓုတင် ဆောက်တည်ခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုကုန်၏၊ ပံသုကူဓုတင်ကို ဆောက်တည်ကုန်၏၊ ပံသုကူဓုတင်ကို ဆောက်တည်ခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုကုန်၏၊ တိစီဝရိက်ဓုတင်ကို ဆောက်တည်ကုန်၏၊ တိစီဝရိက်ဓုတင် ဆောက်တည်ခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုကုန်၏၊ အလိုနည်းကုန်၏၊ အလိုနည်းခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုကုန်၏၊ ရောင့်ရဲကုန်၏၊ ရောင့်ရဲခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုကုန်၏၊ ဆိတ်ငြိမ်သော အရပ်၌ နေလေ့ရှိကုန်၏၊ ဆိတ်ငြိမ်သော အရပ်၌ နေခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုကုန်၏၊ လူတို့နှင့် မရောနှောကုန်၊ လူတို့နှင့် မရောနှောခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုကုန်၏၊ ထက်သန်သော လုံ့လရှိကုန်၏၊ ထက်သန်သော လုံ့လရှိခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုကုန်၏။

http://www.dhammadownload.com



ထိုရဟန်းတို့တွင် အကြင်ရဟန်းသည် အာရညကင်ဓုတင်ကို ဆောက်တည်၏၊ အာရညကင်ဓုတင် ဆောက်တည်ခြင်း၏ ဂုဏ်ကိုလည်း ပြောဆို၏၊ ပိဏ္ဍပါတ်ဓုတင်ကို ဆောက်တည်၏၊ ပိဏ္ဍပါတ်ဓုတင် ဆောက်တည်ခြင်း၏ ဂုဏ်ကိုလည်း ပြောဆို၏၊ ပံသုကူဓုတင်ကို ဆောက်တည်၏၊ ပံသုကူဓုတင် ဆောက်တည်ခြင်း၏ ဂုဏ်ကိုလည်း ပြောဆို၏၊ တိစီဝရိက်ဓုတင်ကို ဆောက်တည်၏၊ တိစီဝရိက်ဓုတင် ဆောက်တည်ခြင်း၏ ဂုဏ်ကိုလည်း ပြောဆို၏၊ အလိုနည်း၏၊ အလိုနည်းခြင်း၏ ဂုဏ်ကိုလည်း ပြောဆို၏၊ ရောင့်ရဲ၏၊ ရောင့်ရဲခြင်း၏ ဂုဏ်ကိုလည်း ပြောဆို၏၊ ဆိတ်ငြိမ်သော အရပ်၌နေ၏၊ ဆိတ်ငြိမ်သော အရပ်၌ နေခြင်း၏ ဂုဏ်ကိုလည်း ပြောဆို၏၊ လူတို့နှင့် မရောနှော၊ လူတို့နှင့် မရောနှောခြင်း၏ ဂုဏ်ကိုလည်း ပြောဆို၏၊ ထက်သန်သော လုံ့လရှိ၏၊ ထက်သန်သော လုံ့လရှိခြင်း၏ ဂုဏ်ကိုလည်း ပြောဆို၏၊ ထိုရဟန်းကို သီတင်းကြီး ရဟန်းတို့က ရဟန်း လာလော့၊ ဤရဟန်းသည် အဘယ်အမည်ရှိသနည်း၊ ဤရဟန်းသည် ကောင်းစွတကား၊ ဤရဟန်းသည် အကျင့်သိက္ခာကို အလိုရှိစွတကား၊ ရဟန်း လာလော့၊ ဤ ဘား နေရာဘည်း၊ ထိုင်လော့ဟု နေရာဖြင့် ဖိတ်ကြားကုန်၏။

ကဿပ ထိုသို့ ဖိတ်ကြားရာ၌ ငယ်ကုန်သော ရဟန်းတို့အား ဤသို့သော အကြံသည် ဖြစ်၏– "အကြင် ရဟန်းသည် အာရညကင်ဓုတင်ကို ဆောက်တည်၏၊ အာရညကင်ဓုတင် ဆောက်တည်ခြင်း၏ဂုဏ်ကိုလည်း ပြောဆို၏၊ ပိဏ္ဍပါတ်ဓုတင်ကို ဆောက်တည်၏၊ ပိဏ္ဍပါတ်ဓုတင် ဆောက်တည်ခြင်း၏ ဂုဏ်ကိုလည်းပြောဆို၏။ပ။ ပံသုကူဓုတင်ကို ဆောက်တည်၏။ တိစီဝရိက်ဓုတင်ကို ဆောက်တည်၏။ တိစီဝရိက်ဓုတင်ကို ဆောက်ဘည်ခြင်း၏ ဂုဏ်ကိုလည်း ပြောဆို၏။အလိုနည်း၏၊ ရောင့်ရဲ၏၊ ဆိတ်ငြိမ်သော အရပ်၌ နေ၏၊ လူတို့နှင့် မရောနှော၊ ထက်သန်သော လုံ့လရှိ၏၊ ထက်သန်သော လုံ့လရှိခြင်း၏ ဂုဏ်ကိုလည်း ပြောဆို၏။ ထိုရဟန်းကို သီတင်းကြီး ရဟန်းတို့က ရဟန်း လာလော့၊ ဤရဟန်းကား အဘယ်အမည်ရှိသနည်း၊ ဤရဟန်းသည် ကောင်းစွတကား၊ ဤရဟန်းသည် အကျင့်သိက္ခာကို အလိုရှိစွတကား၊ ရဟန်း လာလော့၊ ဤသည်ကား နေရာတည်း၊ ထိုင်လော့ဟု နေရာဖြင့် ဖိတ်ကြားကုန်၏"ဟု အကြံဖြစ်၏။ ထိုရဟန်းငယ်တို့သည် မချွတ်မယွင်း ဖြစ်ခြင်းငှါ ကျင့်ကုန်၏၊ ထိုရဟန်းတို့၏ ထိုအကျင့်သည် ရှည်စွာသော နေ့ညဉ့်တို့ပတ်လုံး အစီးအပွားရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်၏။

ကဿပ ယခုအခါ၌ သီတင်းကြီးရဟန်းတို့သည် အာရညကင်ဓုတင်ကို မဆောက်တည်ကုန်၊ အာရညကင်ဓုတင် ဆောက်တည်ခြင်း၏ ဂုဏ်ကိုလည်း မပြောဆိုကုန်၊ ပိဏ္ဍပါတ်ဓုတင်ကို မဆောက်တည်ကုန်၊ ပိဏ္ဍပါတ်ဓုတင် ဆောက်တည်ခြင်း၏ ဂုဏ်ကိုလည်း မပြောဆိုကုန်၊ ပံသုကူဓုတင်ကို မဆောက်တည်ကုန်၊ ပံသုကူဓုတင် ဆောက်တည်ခြင်း၏ ဂုဏ်ကိုလည်း မပြောဆိုကုန်၊ တိစီဝရိက်ဓုတင်ကို မဆောက်တည်ကုန်၊ တိစီဝရိက်ဓုတင် ဆောက်တည်ခြင်း၏ ဂုဏ်ကိုလည်း မပြောဆိုကုန်၊ အလိုနည်းခြင်း မရှိကုန်၊ အလိုနည်းခြင်း၏ ဂုဏ်ကိုလည်း မပြောဆိုကုန်၊ ရောင့်ရဲခြင်း မရှိကုန်၊ ရောင့်ရဲခြင်း၏ဂုဏ်ကိုလည်း မပြောဆိုကုန်၊ ဆိတ်ငြိမ်ရာအရပ်၌ မနေကုန်၊ ဆိတ်ငြိမ်ရာအရပ်၌ နေခြင်း၏ ဂုဏ်ကိုလည်း မပြောဆိုကုန်၊ လူတို့နှင့် ရောနှောခြင်း ရှိကုန်၏၊ လူတို့နှင့် မရောနှောခြင်း၏ ဂုဏ်ကိုလည်း မပြောဆိုကုန်၊ ထက်သန်သော သုံ့လမရှိကုန်၊ ထက်သန်သော လုံ့လရှိခြင်း၏ ဂုဏ်ကိုလည်း မပြောဆိုကုန်။

ထိုရဟန်းတို့တွင် အကြင်ရဟန်းသည် ထင်ရှား၏၊ အခြံအရံ များ၏၊ သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ ဆေးပစ္စည်း အသုံးအဆောင်တို့ကို ရရှိ၏၊ ထိုရဟန်းကို

http://www.dhammadownload.com



သီတင်းကြီးရဟန်းတို့က ရဟန်း လာလော့၊ ဤရဟန်းကား အဘယ်အမည်ရှိသနည်း၊ ဤရဟန်းသည် ကောင်းစွတကား၊ ဤရဟန်းသည်သီတင်းသုံးဖော်တို့ကိုအခြံအရံအဖြစ်ဖြင့်အလိုရှိစွတကား၊ ရဟန်း လာလော့၊ ဤကား နေရာတည်း၊ ထိုင်လော့ ဟု နေရာဖြင့် ဖိတ်ကြားကုန်၏။

ကဿပ ထိုသို့ ဖိတ်ကြားရာ၌ ငယ်ကုန်သော ရဟန်းတို့အား ဤသို့သော အကြံသည် ဖြစ်၏၊ "အကြင် ရဟန်းသည် ထင်ရှား၏၊ အခြံအရံများ၏၊ သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာနေရာသူနာ၏ အထောက်အပံ့ ဆေးပစ္စည်း အသုံးအဆောင်တို့ကို ရ၏။ ထိုရဟန်းကို သီတင်းကြီး ရဟန်းတို့က ရဟန်း လာလော့၊ ဤရဟန်းကား အဘယ်အမည်ရှိသနည်း၊ ဤရဟန်းသည် ကောင်းစွတကား၊ ဤရဟန်းသည် သီတင်းသုံးဖော်တို့ကို အခြံအရံအဖြစ်ဖြင့် အလိုရှိစွတကား၊ ရဟန်း လာလော့၊ ဤကား နေရာတည်း၊ ထိုင်လော့ဟု နေရာဖြင့် ဖိတ်ကုန်၏" ဟု (အကြံဖြစ်၏)။ ထိုရဟန်းငယ်တို့သည်၊ မချွတ်မယွင်း ဖြစ်ခြင်းငှါ ကျင့်ကုန်၏၊ ထိုရဟန်းငယ်တို့၏ ထိုအကျင့်သည် ရှည်စွာသော နေ့ညဉ့်တို့ပတ်လုံး အစီးအပွါး မဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်၏။ ကဿပ အကြင် ရဟန်းကို ကောင်းစွာ ဆိုလိုသောသူသည် မြတ်သောအကျင့်ကို ကျင့်လေ့ရှိသူကို မြတ်သောအကျင့်ကိုကျင့်လေ့ရှိသူတို့၏ (ပစ္စည်းလေးပါးတို့၌ လွန်ကဲသော ဆန္ဒရာဂ ဟူသော) ဘေးရန်သည် နှိပ်စက်အပ်၏၊ မြတ်သော အကျင့်ကို ကျင့်လေ့ရှိသူကို မြတ်သော အကျင့်ကို ကျင့်လေ့ရှိသူတို့၏ လွန်ကဲသော တောင့်တခြင်းဖြင့် တောင့်တအပ်၏ဟူ၍ ဆိုရာ၏၊ ကဿပ ယခုအခါ၌ကား ထိုရဟန်းကိုကောင်းစွာဆိုလိုသောသူသည် မြတ်သော အကျင့်ကို ကျင့်လေ့ရှိသူကို မြတ်သောအကျင့်ကို ကျင့်လေ့ရှိသူတို့၏(ပစ္စည်းလေးပါးတို့၌ လွန်ကဲသော ဆန္ဒရာဂ ဟူသော)ဘေးရန်သည် နှိပ်စက်အပ်၏၊ မြတ်သောအကျင့်ကို ကျင့်လေ့ရှိသူကို မြတ်သော အကျင့်ကို ကျင့်လေ့ရှိသူတို့၏ ထိုလွန်ကဲသော တောင့်တခြင်းဖြင့် တောင့်တအပ်၏ ဟူ၍ ဆိုရာ၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ဈာနာဘိညသုတ်

၁၅၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ငါဘုရားသည် အကြင်မျှလောက် ပဌမဈာန်ကို ဝင်စား၍ နေရန် အလိုရှိ၏၊ ထိုမျှလောက်ပင် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်မှု 'ဝိတက်' နှင့်တကွဖြစ်သော သုံးသပ်ဆင်ခြင်မှု 'ဝိစာရ' နှင့်တကွဖြစ်သောနီဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော ပဌမဈာန်သို့ ရောက်၍ နေနိုင်၏၊ ရဟန်းတို့ ကဿပသည်လည်း အကြင်မျှလောက် ပဌမဈာန်ကို ဝင်စား၍ နေရန် အလိုရှိ၏၊ ထိုမျှလောက်ပင် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်မှု 'ဝိတက်' နှင့်တကွဖြစ်သော သုံးသပ်ဆင်ခြင်မှု 'ဝိစာရ' နှင့်တကွဖြစ်သော နီဝရဏဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော ပဌမဈာန်သို့ ရောက်၍နေနိုင်၏။

ရဟန်းတို့ ငါဘုရားသည် အကြင်မျှလောက် ဒုတိယဈာန်ကို ဝင်စား၍ နေရန် အလိုရှိ၏၊ ထိုမျှလောက်ပင် ဝိတက် ဝိစာရ ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်တည်ကြည်မှု 'သမာဓိ' ကို ပွါးစေတတ်သော ကြံစည်မှု 'ဝိတက်' မရှိသော သုံးသပ် ဆင်ခြင်မှု 'ဝိစာရ' မရှိသော တည်ကြည်မှု 'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော

http://www.dhammadownload.com



ဒုတိယဈာန်သို့ရောက်၍နေနိုင်၏၊ ရဟန်းတို့ ကဿပသည်လည်း အကြင်မျှလောက် ဒုတိယဈာန်ကို ဝင်စား၍ နေရန် အလိုရှိ၏၊ ထိုမျှလောက်ပင် ဝိတက် ဝိစာရတို့၏ ငြိမ်းခြင်းကြောင့်။ပ။ဒုတိယဈာန်သို့ရောက်၍ နေနိုင်၏။

ရဟန်းတို့ ငါဘုရားသည် အကြင်မျှလောက် တတိယဈာန်ကို ဝင်စား၍ နေရန် အလိုရှိ၏၊ ထိုမျှလောက်ပင် နှစ်သိမ့်မှု'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက် နေနိုင်၏၊ ချမ်းသာခြင်း'သုခ'ကိုလည်း ကိုယ်ဖြင့် ခံစား၏၊အကြင်တတိယဈာန်ကြောင့် ထိုသူကို လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာနေလေ့ရှိသူဟုအရိယာပုဂ္ဂိုလ်တို့သည် ပြောကြားကုန်၏၊ ထိုတတိယဈာန်သို့ ရောက်၍ နေနိုင်၏၊ ရဟန်းတို့ ကဿပသည်လည်း အကြင်မျှလောက် တတိယဈာန်ကို ဝင်စား၍ နေရန် အလိုရှိ၏၊ ထိုမျှလောက်ပင် နှစ်သိမ့်မှု'ပီတိ'ကို မတပ်မက်ခြင်းကြောင့် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက် နေနိုင်၏၊ ချမ်းသာမှု'သုခ'ကိုလည်း ကိုယ်ဖြင့် ခံစား၏၊အကြင်တတိယဈာန်ကြောင့် ထိုသူကိုလျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူဟု အရိယာပုဂ္ဂိုလ်တို့သည်ပြောကြားကုန်၏၊ထိုတတိယဈာန်သို့ရောက်၍ နေနိုင်၏။

ရဟန်းတို့ ငါဘုရားသည် အကြင်မျှလောက် စတုတ္ထဈာန်ကို ဝင်စား၍ နေရန်အလိုရှိ၏၊ ထိုမျှလောက်ပင် ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း ရှေးဦးကပင်လျှင် ဝမ်းသာမှု'သောမနဿ' နှလုံးမသာမှု'ဒေါမနဿ'တို့ ချုပ်နှင့်ခြင်းကြောင့်၎င်း ဆင်းရဲချမ်းသာ မရှိသော လျစ်လျူရှုမှု ဥပေက္ခာကြောင့် ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်၍ နေနိုင်၏။ ရဟန်းတို့ ကဿပသည်လည်း အကြင်မျှလောက် စတုတ္ထဈာန်ကို ဝင်စား၍နေရန် အလိုရှိ၏၊ ထိုမျှလောက်ပင် ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း။ပ။ စတုတ္ထဈာန်သို့ရောက်၍ နေနိုင်၏။

ရဟန်းတို့ ငါဘုရားသည် အကြင်မျှလောက် အာကာသာနဉ္စာယတနဈာန်ကို ဝင်စား၍ နေရန် အလိုရှိ၏၊ ထိုမျှလောက်ပင် ရူပသညာတို့ကို လုံးဝလွန်မြောက်၍ ပဋိဃသညာတို့လုံးဝချုပ်သဖြင့် နာနတ္တသညာတို့ကို လုံးဝနှလုံးမသွင်းမှု၍ ကောင်းကင်သည် အဆုံးမရှိဟု နှလုံးသွင်း၍ အာကာသာနဉ္စာယတနဈာန်ကို ဝင်စား၍ နေနိုင်၏၊ ရဟန်းတို့ ကဿပသည်လည်း အကြင်မျှလောက်အာကာသာနဉ္စာယတနဈာန်ကို ဝင်စား၍ နေရန်အလိုရှိ၏၊ ထိုမျှလောက်ပင် ရူပသညာတို့ကို လုံးဝလွန်မြောက်၍။ပ။ အာကာသာနဉ္စာယတနဈာန်ကို ဝင်စား၍ နေနိုင်၏။

ရဟန်းတို့ ငါဘုရားသည် အကြင်မျှလောက် ဝိညာဏဉ္စာယတနဈာန်ကို ဝင်စား၍နေရန် အလိုရှိ၏၊ထိုမျှလောက်ပင် အာကာသာနဉ္စာယတနဈာန်ကိုလုံးဝလွန်မြောက်၍ဝိညာဉ်သည်အဆုံးမရှိဟု နှလုံးသွင်းလျက်ဝိညာဏဉ္စာယတနဈာန်ကိုဝင်စား၍ နေနိုင်၏၊ရဟန်းတို့ကဿပသည်လည်း အကြင်မျှလောက် ဝိညာဏဉ္စာယတနဈာန်ကို ဝင်စား၍နေရန် အလိုရှိ၏၊ထိုမျှလောက်ပင်အာကာသာနဉ္စာယတနဈာန်ကို လုံးဝလွန်မြောက်၍ဝိညာဏ်သည်အဆုံးမရှိဟုနှလုံးသွင်းလျက်ဝိညာဏဉ္စာယတနဈာန်ကို ဝင်စား၍ နေနိုင်၏။

ရဟန်းတို့ ငါဘုရားသည် အကြင်မျှလောက် အာကိဉ္စညာယတနဈာန်ကို ဝင်စား၍ နေရန် အလိုရှိ၏၊ထိုမျှလောက်ပင် ဝိညာဏဉ္စာယတနဈာန်ကို လုံးဝလွန်မြောက်၍ တစုံတခုမျှ မရှိဟုနှလုံးသွင်းလျက် အာကိဉ္စညာယတနဈာန်ကို ဝင်စား၍ နေနိုင်၏၊ ရဟန်းတို့ကဿပသည်လည်းအကြင်မျှလောက်အာကိဉ္စညာယတနဈာန်ကိုဝင်စား၍နေရန် အလိုရှိ၏။ပ။အာကိဉ္စညာယတန ဈာန်ကို ဝင်စား၍ နေနိုင်၏။

http://www.dhammadownload.com



ရဟန်းတို့ ငါဘုရားသည် အကြင်မျှလောက် နေဝသညာနာသညာယတနဈာန်ကို ဝင်စား၍ မနေရန် အလိုရှိ၏၊ ထိုမျှလောက်ပင် အာကိဉ္စညာယတနဈာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတနဈာန်ကို ဝင်စား၍ နေနိုင်၏၊ ရဟန်းတို့ ကဿပသည်လည်း အကြင်မျှလောက် နေဝသညာနာသညာယတနဈာန်ကို ဝင်စား၍ နေရန် အလိုရှိ၏။ပ။ နေဝသညာနာသညာယတနဈာန်ကို ဝင်စား၍ နေနိုင်၏။

ရဟန်းတို့ ငါဘုရားသည် အကြင်မျှလောက် နိရောဓသမာပတ်ကို ဝင်စားနေရန် အလိုရှိ၏၊ ထိုမျှလောက်ပင် နေဝသညာနာသညာယတနဈာန်ကို လုံးဝလွန်မြောက်၍ သညာဝေဒနာတို့၏ ချုပ်ရာ 'နိရောဓသမာပတ်' ကို ဝင်စား၍ နေနိုင်၏၊ ရဟန်းတို့ ကဿပသည်လည်း။ပ။ သညာဝေဒနာတို့ ချုပ်ရာ 'နိရောဓသမာပတ်' ကို ဝင်စား၍ နေနိုင်၏။

ရဟန်းတို့ ငါဘုရားသည် အကြင်မျှလောက် ဣဒ္ဓိဝိဓအဘိညာဉ်ကို ပြီးစေရန် အလိုရှိ၏၊ ထိုမျှလောက်ပင် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေ၏၊ တယောက်တည်း ဖြစ်လျက်လည်း အများဖြစ်သွား၏၊ အများဖြစ်လျက်လည်း တယောက်တည်း ဖြစ်လာ၏၊ ကိုယ်ကို ထင်ရှားဖြစ်စေ၏၊ ကိုယ်ပျောက်စေ၏၊ နံရံတဖက် တံတိုင်းတဖက် တောင်တဖက်သို့ မထိမငြိပဲ ကောင်းကင်၌ကဲ့သို့ သွား၏၊ မြေ၌လည်း ငုပ်ခြင်း ပေါ်ခြင်းကို ရေ၌ကဲ့သို့ ပြု၏၊ ရေ၌လည်း မကွဲစေပဲ မြေ၌ကဲ့သို့ သွား၏၊ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက် အတောင်ရှိသော ငှက်ကဲ့သို့ သွား၏၊ ဤသို့ ကြီးသော တန်ခိုးရှိကုန်သော ကြီးသော အာနုဘော်ရှိကုန်သော လနေတို့ကိုလည်း လက်ဖြင့် သုံးသပ်၏၊ ဆုပ်ကိုင်၏၊ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို မိမိအလိုအတိုင်း ဖြစ်စေ၏။ ရဟန်းတို့ ကဿပသည်လည်း အကြင်မျှလောက် ဣဒ္ဓိဝိဓအဘိညာဉ်ကို ပြီးစေရန် အလိုရှိ၏၊ ထိုမျှလောက်ပင် တပါးမက များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေ၏။ပ။ ဗြဟ္မာ့ပြည်တိုင်အောင် ကိုယ်ကို မိမိအလိုအတိုင်း ဖြစ်စေ၏။

ရဟန်းတို့ ငါဘုရားသည် အကြင်မျှလောက် ဒိဗ္ဗသောတအဘိညာဉ်ကို ပြီးစေရန် အလိုရှိ၏၊ ထိုမျှလောက်ပင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ နားထက်သာလွန်သော နတ်တို့၏ နားနှင့်တူသော 'ဒိဗ္ဗသောတ' ဉာဏ်ဖြင့် နတ်၌လည်းဖြစ်ကုန် လူ၌လည်း ဖြစ်ကုန်သော ဝေးသည်လည်း ဖြစ်ကုန် နီးသည်လည်း ဖြစ်ကုန်သော နှစ်မျိုးသော အသံတို့ကို ကြားနိုင်၏၊ ရဟန်းတို့ ကဿပသည်လည်း အကြင်မျှလောက် ဒိဗ္ဗသောတအဘိညာဉ်ကို ပြီးစေရန် အလိုရှိ၏၊ ထိုမျှလောက်ပင် နတ်တို့၏ နားနှင့်တူသော 'ဒိဗ္ဗသောတ' ဉာဏ်ဖြင့်။ပ။ ဝေးသည်လည်းဖြစ်ကုန် နီးသည်လည်းဖြစ်ကုန်သော (နှစ်မျိုးသော) အသံတို့ကို ကြားနိုင်၏။

ရဟန်းတို့ ငါဘုရားသည် အကြင်မျှလောက် ပရစိတ္တဝိဇာနနအဘိညာဉ်ကို ပြီးစေရန် အလိုရှိ၏၊ ထိုမျှလောက်ပင် တပါးသောသတ္တဝါ တပါးသော ပုဂ္ဂိုလ်တို့၏ စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ သိနိုင်၏၊ တပ်မက်ခြင်း 'ရာဂ' နှင့် တကွဖြစ်သော စိတ်ကိုလည်း တပ်မက်ခြင်း 'ရာဂ' နှင့် တကွဖြစ်သော စိတ်ဟု သိ၏၊ တပ်မက်ခြင်း 'ရာဂ' ကင်းသော စိတ်ကိုလည်း တပ်မက်ခြင်း 'ရာဂ' ကင်းသော စိတ်ဟု သိ၏၊ အမျက်ထွက်ခြင်း 'ဒေါသ' ကင်းသော စိတ်ကိုလည်း။ပ။ တွေဝေခြင်း 'မောဟ' နှင့် တကွဖြစ်သော စိတ်ကိုလည်း။ တွေဝေခြင်း 'မောဟ' ကင်းသော စိတ်ကိုလည်း။ ကျုံ့သော 'သံခိတ္တ' စိတ်ကိုလည်း။ ပျံ့သော 'ဝိက္ခိတ္တ' စိတ်ကိုလည်း။ မြတ်သည်၏ အဖြစ်သို့ရောက်သော 'မဟဂ္ဂုတ်' စိတ်ကိုလည်း။ မြတ်သည်၏ အဖြစ်သို့ မရောက်သော 'အမဟဂ္ဂုတ်' စိတ်ကိုလည်း။ သာလွန်သော တရားရှိသော 'သဉ္တရ' စိတ်ကိုလည်း။ သာလွန်သော တရားမရှိသော 'အနုတ္တရ' စိတ်ကိုလည်း။

http://www.dhammadownload.com



တည်ကြည်သော 'သမာဟိတ' စိတ်ကိုလည်း။ မတည်ကြည်သော 'အသမာဟိတ' စိတ်ကိုလည်း။ လွတ်မြောက်သော 'ဝိမုတ္တ'စိတ်ကိုလည်း။ မလွတ်မြောက်သော 'အဝိမုတ္တ' စိတ်ကိုလည်း မလွတ်မြောက်သော 'အဝိမုတ္တ'စိတ်ဟု သိ၏။ ရဟန်းတို့ ကဿပသည်လည်း အကြင်မျှလောက် ပရစိတ္တဝိဇာနနအဘိညာဉ်ကို ပြီးစေရန် အလိုရှိ၏၊ ထိုမျှလောက်ပင် 'တပါးသောသတ္တဝါ တပါးသော ပုဂ္ဂိုလ်တို့၏စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ သိနိုင်၏၊ တပ်မက်ခြင်း'ရာဂ'နှင့်တကွသော စိတ်ကိုလည်း တပ်မက်ခြင်း'ရာဂ'နှင့်တကွသော စိတ်ဟုသိ၏။ပ။ မလွတ်မြောက်သော 'အဝိမုတ္တ' စိတ်ကိုလည်း မလွတ်မြောက်သော 'အဝိမုတ္တ'စိတ် ဟူ၍ သိနိုင်၏။

ရဟန်းတို့ငါဘုရားသည် အကြင်မျှလောက် ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ကို ပြီးစေရန် အလိုရှိ၏၊ ထိုမျှလောက်ပင် ရှေး၌ဖြစ်ဘူးသော ဘဝကို အောက်မေ့နိုင်၏၊ ဤသည်ကား အဘယ်နည်း၊ တဘဝကိုင်း နှစ်ဘဝတို့ကိုရင်း သုံးဘဝတို့ကိုရင်း လေးဘဝတို့ကိုရင်း ငါးဘဝတို့ကိုရင်း ဆယ်ဘဝတို့ကိုရင်း ဘဝနှစ်ဆယ်တို့ကိုရင်း ဘဝသုံးဆယ်တို့ကိုရင်း ဘဝလေးဆယ်တို့ကိုရင်း ဘဝငါးဆယ်တို့ကိုရင်း ဘဝတရာကိုရင်း ဘဝတထောင်ကိုရင်း ဘဝတသိန်းကိုရင်း များပြားသော ပျက်ကပ်တို့ကိုရင်း များပြားသော ဖြစ်ကပ်တို့ကိုရင်း များပြားသော ပျက်ကပ် ဖြစ်ကပ်တို့ကိုရင်း ဤမည်သော ဘဝ၌ ငါသည် ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏။ ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏ ဟု ဤသို့ အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် အမည်အနွယ်နှင့်တကွ များပြားသော ရှေး၌ဖြစ်ဘူးသော ဘဝကို အောက်မေ့နိုင်၏။ ရဟန်းတို့ ကဿပသည်လည်း အကြင်မျှလောက် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကို ပြီးစေရန် အလိုရှိ၏၊ ထိုမျှလောက်ပင် ရှေး၌ ဖြစ်ဘူးသော များပြားသော ဘဝတို့ကို အောက်မေ့နိုင်၏၊ ဤသည်ကား အဘယ်နည်း။ တဘဝကိုရင်း။ပ။ ဤသို့ အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် အမည်အနွယ်နှင့်တကွ များပြားသော ရှေး၌ဖြစ်ဘူးသော ဘဝကို အောက်မေ့နိုင်၏။

ရဟန်းတို့ ငါဘုရားသည် အကြင်မျှလောက် ဒိဗ္ဗစက္ခုအဘိညာဉ်ကို ပြီးစေရန် အလိုရှိ၏၊ ထိုမျှလောက်ပင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက်သာလွန်သော နတ်တို့၏ မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သော သတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ မကောင်းသော လားရာရှိသော သတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်ကုန်သော သတ္တဝါတို့ကို သိ၏၊ အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ကာယဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသော မကောင်းသော အကျင့် 'ဝစီဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသော မကောင်းသော အကျင့်'မနောဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲတတ်ကုန်၏၊ မှားသော အယူရှိကုန်၏၊ မှားသောအယူဖြင့် ပြုကျင့်သော ကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီးကျရောက်ရာ ငရဲသို့ရောက်ကုန်၏။အချင်းတို့ ဤသတ္တဝါတို့ကား ကိုယ်ဖြင့်ပြုသော ကောင်းသောအကျင့် 'ကာယသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသော ကောင်းသောအကျင့်

http://www.dhammadownload.com



'ဝစီသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသော ကောင်းသော အကျင့် 'မနောသုစရိုက်'နှင့် ပြည့်စုံကုန်၏။ အရိယာတို့ကို မစွပ်စွဲကုန်၊ မှန်သော အယူရှိကုန်၏၊ မှန်သောအယူဖြင့် ပြုကျင့်သော ကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ရောက်၏ဟု သိနိုင်၏၊ ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက်သာလွန်သော နတ်တို့၏ မျက်စိနှင့်တူသော မျက်စိ 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသော သတ္တဝါ ကောင်းသော လားရာရှိသောသတ္တဝါ မကောင်းသော လားရာရှိသောသတ္တဝါတို့ကို မြင်နိုင်၏၊ ကံအားလျော်စွာ ဖြစ်ကုန်သောသတ္တဝါတို့ကို သိနိုင်၏။ ရဟန်းတို့ ကဿပသည်လည်း အကြင်မျှလောက် ဒိဗ္ဗစက္ခုအဘိညာဉ်ကို ဖြစ်စေရန် အလိုရှိ၏၊ ထိုမျှလောက်ပင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်တို့၏မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် သေဆဲသတ္တဝါတို့ကို မြင်နိုင်၏။ပ။ကံအားလျော်စွာ ဖြစ်ပေါ်သောသတ္တဝါတို့ကို သိနိုင်၏။

ရဟန်းတို့ ငါဘုရားသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝကင်းသော လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍နေ၏။ ရဟန်းတို့ ကဿပသည်လည်း အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝကင်းသော လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍နေ၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-ဥပဿယသုတ်

၁၅၃။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ အသျှင်မဟာကဿပသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ အသျှင်အာနန္ဒာသည် နံနက် အခါ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူလျက် အသျှင်မဟာကဿပအထံသို့ ချဉ်းကပ်၍ အသျှင်မဟာကဿပအား—"အသျှင်ဘုရားကဿပ သွားကြပါကုန်စို့၊ တခုသော ဘိက္ခုနီမကျောင်းသို့ ချဉ်းကပ်ပါကုန်အံ့"ဟု လျှောက်၏၊ ငါ့သျှင်အာနန္ဒာ သင်သွားလော့၊ သင်သည် များသောကိစ္စရှိ၏၊ များသော ပြုဖွယ်ရှိ၏ဟု (ဆို၏)၊ နှစ်ကြိမ်မြောက်လည်း အသျှင်အာနန္ဒာသည် အသျှင်ဘုရားကဿပ သွားပါကုန်အံ့၊ တခုသောဘိက္ခုနီမကျောင်းသို့ ချဉ်းကပ်ပါကုန်အံ့ဟု လျှောက်၏။ ငါ့သျှင်အာနန္ဒာ သင်သွားလော့၊ သင်သည် များသောကိစ္စရှိ၏၊ များသောပြုဖွယ်ရှိ၏ဟု (ဆို၏)၊ သုံးကြိမ်မြောက်လည်း အသျှင်အာနန္ဒာသည် အသျှင်မဟာကဿပအား အသျှင်ဘုရားကဿပ သွားပါကုန်အံ့၊ တခုသောဘိက္ခုနီကျောင်းသို့ချဉ်းကပ်ပါကုန်အံ့ဟုလျှောက်၏။ ထိုအခါ အသျှင်မဟာကဿပသည် နံနက်အခါ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူလျက် နောက်လိုက်ရဟန်းဖြစ်သော အသျှင်အာနန္ဒာနှင့် အတူ တခုသောဘိက္ခုနီမကျောင်းသို့ချဉ်းကပ်ပြီးလျှင် ခင်းထားသောနေရာ၌ထိုင်နေ၏၊ ထိုအခါများစွာကုန်သော ဘိက္ခုနီမတို့သည် အသျှင်မဟာကဿပထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်မဟာကဿပကို ရှိခိုးကုန်လျက် လျောက်ပတ်သော နေရာ၌ ထိုင်နေကုန်၏၊ တခုသောနေရာ၌ ထိုင်နေကုန်သော ထိုဘိက္ခုနီမတို့ကို အသျှင်မဟာ

http://www.dhammadownload.com



ကဿပသည် တရားစကားဖြင့် ကောင်းစွာ ပြောကြားလျက် တရားကို ဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန် ရွှင်လန်းစေ၏၊ ထိုအခါ အရှင်မဟာကဿပသည် ထိုဘိက္ခုနီမတို့အား တရားစကားကို ကောင်းစွာ ဟောကြား၍ တရားကို ဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန်စေပြီးလျှင် နေရာမှထ၍ ကြွသွား၏၊ ထိုအခါ ထုလ္လတိဿာဘိက္ခုနီမသည် မနှစ်လိုသည်ဖြစ်၍ အဘယ့်ကြောင့် အသျှင်မဟာကဿပသည် ပညာရှိ ရဟန်းဖြစ်သော အသျှင်အာနန္ဒာ၏ မျက်မှောက်၌ တရားဟောသင့်၏ ဟူ၍ မှတ်ထင်ဘိသနည်း၊ အပ်ကုန်သည်-သည် အပ်လုပ်သော သူ၏ အထံ၌ အပ်ကို ရောင်းအပ်၏ဟု မှတ်ထင်သကဲ့သို့ ဤအတူသာလျှင် အသျှင်မဟာကဿပသည် ပညာရှိ ရဟန်းဖြစ်သော အသျှင်အာနန္ဒာ၏ မျက်မှောက်၌ တရားကို ဟောသင့်သည်ဟု မှတ်ထင်ဘိ၏ဟု မနှစ်လိုသော စကားကို ဆို၏။

အသျှင်မဟာကဿပသည် ထုလ္လတိဿာဘိက္ခုနီမ၏ ဆိုသော ဤစကားကို ကြား၍ အသျှင်အာနန္ဒာအား ငါ့သျှင်အာနန္ဒာ အသို့နည်း ငါသည် အပ်ကုန်သည်ဖြစ်၍ သင်သည် အပ်လုပ်သူဖြစ်သလော ထိုသို့မဟုတ်မူ ငါသည် အပ်လုပ်သူ ဖြစ်၍ သင်သည် အပ်ကုန်သည် ဖြစ်သလော ဟု ဆို၏။ အသျှင်ဘုရားကဿပ သည်းခံတော်မူပါလော့၊ မာတုဂါမသည် မိုက်ပါ၏ ဟု (လျှောက်၏)၊ ငါ့သျှင်အာနန္ဒာ သင်သည် ဆိုင်းငံ့လော့၊ သင့်အား သံဃာသည် အလွန် မစူးစမ်းပါစေလင့်။

ငါ့သျှင်အာနန္ဒာ ထိုအရာကို အသို့မှတ်ထင်သနည်း၊ ရဟန်းတို့ ငါဘုရားသည် အကြင်မျှလောက် ပဌမဈာန်ကို ဝင်စား၍နေရန် အလိုရှိ၏၊ ထိုမျှလောက်ပင် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်မှု 'ဝိတက်' သုံးသပ်ဆင်ခြင်မှု 'ဝိစာရ' နှင့် တကွဖြစ်လော နီဝရဏဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော ပဌမဈာန်ကို ဝင်စားနေ၏။ ရဟန်းတို့ အာနန္ဒာသည်လည်း အကြင်မျှလောက် ပဌမဈာန်ကို ဝင်စား၍နေရန် အလိုရှိ၏၊ ထိုမျှလောက်ပင် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်မှု 'ဝိတက်' သုံးသပ်ဆင်ခြင်မှု 'ဝိစာရ' နှင့် တကွဖြစ်သော နီဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော ပဌမဈာန်ကို ဝင်စားနေနိုင်၏ဟု ရဟန်းသံဃာဝယ် သင့်ကို မြတ်စွာဘုရား မျက်မှောက်၌ (မြတ်စွာဘုရားနှင့် အတူပြု၍) ဆောင်အပ်ဘူးသလော။ အသျှင်ဘုရား မဆောင်အပ်ဘူးပါ။

ငါ့သျှင်ရဟန်းတို့ ငါသည် အကြင်မျှလောက် ပဌမဈာန်ကို ဝင်စားနေရန် အလိုရှိ၏၊ ထိုမျှလောက်ပင် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်မှု 'ဝိတက်' သုံးသပ်ဆင်ခြင်မှု 'ဝိစာရ' နှင့် တကွဖြစ်သော နီဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော ပဌမဈာန်ကို ဝင်စားနေ၏၊ ရဟန်းတို့ ကဿပသည်လည်း အကြင်မျှလောက် ပဌမဈာန် ဝင်စား၍နေရန် အလိုရှိ၏၊ ဤမျှလောက်ပင် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင်။ပ။ ပဌမဈာန်ကို ဝင်စားနေနိုင်၏ဟု မြတ်စွာဘုရား မျက်မှောက်၌ ငါ့ကို (မြတ်စွာဘုရားနှင့် အတူ ပြု၍) ဆောင်အပ်ဘူး၏။ပ။ (အနုပုဗ္ဗဝိဟာရ သမာပတ်ကိုးပါး အဘိညာဉ် ငါးပါးတို့၌ ဤအတူ ချဲ့၍သိလေ)။

ငါ့သျှင်အာနန္ဒာ ထိုအရာကို အသို့မှတ်ထင်သနည်း၊ ရဟန်းတို့ ငါသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါမရှိသော လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက်

http://www.dhammadownload.com



ရောက်၍ နေ၏၊ ရဟန်းတို့ အာနန္ဒာသည်လည်း အာသဝေါတရားတို့၏ကုန်ခြင်းကြောင့် အာသဝေါ မရှိသော လွတ်မြောက်သော အရဟတ္တဖိုလ်နှင့် လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေ၏ဟု သင်သည် မြတ်စွာဘုရား မျက်မှောက်တော်၌ (မြတ်စွာဘုရားနှင့် အတူပြု၍ ဆောင်အပ်ဘူးသလော)။ အသျှင်ဘုရား မဆောင်အပ်ဘူးပါ။

ဒါ့သျှင်ရဟန်းတို့ ငါသည်အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါမရှိသော လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေ၏။ ရဟန်းတို့ ကဿပသည်လည်း အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါမရှိသော လွတ်မြောက်သော အရဟတ္တဖိုလ် စိတ်နှင့် လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေ၏ဟု မြတ်စွာဘုရားမျက်မှောက်တော်၌ ငါ့ကို(မြတ်စွာဘုရားနှင့် အတူပြု၍) ဆောင်အပ်ဘူး၏၊ ငါ့သျှင် အကြင်သူသည် ငါ၏ အဘိညာဉ် ခြောက်ပါးတို့ကို ဖုံးလွှမ်း အပ်၏ဟု မှတ်ထင်၏၊ ထိုသူသည် ခုနစ်တောင် ခုနစ်တောင့်ထွာရှိသော ဆင်ကို ထန်းရွက်ဖြင့် ဖုံးလွှမ်းအပ်၏ဟု မှတ်ထင်ဘိ၏ ဟု(မိန့်ဆို၏)။

ထုလ္လတိဿာဘိက္ခုနီမသည်ကား မြတ်သောအကျင့်မှ ရွေ့လျောလေ၏။

ဒသမသုတ်

---

## ၁၁-စီဝရသုတ်

၁၅၄။ အခါတပါး၌ အသျှင်မဟာကဿပသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌(သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အသျှင်အာနန္ဒာသည် ဒက္ခိဏာ ဂိရိ၌ များစွာသော ရဟန်းသံဃာတို့နှင့်အတူ(ဒေသစာရီ) လှည့်လည်၏။

ထိုအခါ သုံးကျိပ်မျှကုန်သော အများအားဖြင့် ရဟန်းငယ်ဖြစ်သော အသျှင်အနန္ဒာ၏ အတူနေတပည့်တို့သည် သိက္ခာကိုစွန့်၍ လူထွက်ကုန်၏၊ ထိုအခါ အသျှင်အာနန္ဒာသည် ဒက္ခိဏာဂိရိ၌ မွေ့လျော်သလောက် ဒေသစာရီလှည့်လည်ပြီး၍ ရာဇဂြိုဟ်ပြည်ရှဉ့်နက်တို့ကိုအစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း အသျှင်မဟာကဿပထံသို့ ချဉ်းကပ်၍ အသျှင်မဟာကဿပကို ရှိခိုးလျက် တခုသောနေရာ၌ထိုင်နေ၏၊ တခုသောနေရာ၌ထိုင်နေသော အသျှင်အာနန္ဒာအား အသျှင်မဟာ-ကဿပသည်— "ငါ့သျှင်အာနန္ဒာ အဘယ်မျှလောက်သောအကျိုးထူးကိုစွဲ၍ မြတ်စွာဘုရားသည် ဒါယကာတို့၌ သုံးပါးခံယူနိုင်သော တိကဘောဇဉ်ကို ပညတ်တော်မူသနည်း" ဟု မိန့်တော်မူ၏။

အသျှင်ဘုရားကဿပ သုံးပါးသောအကျိုးထူးတို့ကို စွဲ၍ မြတ်စွာဘုရားသည် ဒါယကာအိမ် တို့၌ သုံးပါးခံယူနိုင်သော တိကဘောဇဉ်ကို ပညတ်တော်မူပါ၏၊ သီလမရှိသော ပုဂ္ဂိုလ်တို့ကို နှိပ်ခြင်းငှါ သီလကိုချစ်ကုန်သော ရဟန်းတို့အား ချမ်းသာစွာနေရခြင်းငှါ အလိုဆိုးရှိကုန်သော ရဟန်းတို့သည် အသင်းအပင်းကိုမှီ၍ သံဃာကိုမပျက်ဆီးခြင်းငှါ ဒါယကာကို ချီးမြှောက်ခြင်းငှါ ဤသုံးပါးသော အကျိုးထူးတို့ကိုစွဲ၍ မြတ်စွာဘုရားသည် ဒါယကာအိမ်တို့၌ သုံးပါးခံယူနိုင်သော တိကဘောဇဉ်ကို ပညတ်ပါ၏ ဟု (လျှောက်၏)။

http://www.dhammadownload.com



ငါ့သျှင်အာနန္ဒာ ထိုသို့ဖြစ်ပါလျက် အဘယ်ကြောင့်သင်သည် ဣန္ဒြေတို့၌ စောင့်ရှောက်သော တံခါးမရှိကုန်သော ဘောဇဉ်၌ အတိုင်းအရှည်ကို မသိကုန်သော နိုးကြားခြင်းနှင့် မယှဉ်ကုန်သော ဤအသစ်ဖြစ်ကုန်သော ရဟန်းတို့နှင့်အတူ ဒေသစာရီ လှည့်လည်ဘိသနည်း၊ ကောက်ခင်းကို ဖျက်ဆီးသကဲ့သို့ သွားဘိ၏၊ ဒါယကာတို့ကို ဖျက်ဆီးသကဲ့သို့ သွားဘိ၏၊ ငါ့သျှင်အာနန္ဒာ သင်၏ ပရိသတ်သည် အထူးပျက်စီး၏၊ ငါ့သျှင် အများအားဖြင့် ရဟန်းငယ်ဖြစ်သော သင်၏တပည့် တို့သည် ပျက်စီးကုန်စွတကား၊ ဤသူငယ်သည် အတိုင်းအရှည်ကို မသိဟု မိန့်တော်မူ၏။

အသျှင်ကဿပ စင်စစ်အားဖြင့် အကျွန်ုပ်၏ ဦးခေါင်း၌ ဆံပင်ဖြူတို့သည် ပေါက်ပါကုန်၏၊ ထိုသို့ဖြစ်ပါလျက်လည်း အကျွန်ုပ်တို့သည် ယခုတိုင်အောင်လည်း အသျှင်မဟာကဿပ၏ သူငယ် ဟူသော ခေါ်ဝေါ်ခြင်းမှ မလွတ်ကုန်သေးပါဟု လျှောက်၏။

ငါ့သျှင်အာနန္ဒာ ထို့ကြောင့်ကား သင်သည် ဣန္ဒြေတို့၌စောက်ရှောက်သော တံခါးမရှိကုန်သော ဘောဇဉ်၌ အတိုင်းအရှည်ကို မသိကုန်သော နိုးကြားခြင်းနှင့် မယှဉ်ကုန်သော ဤအသစ်ဖြစ်ကုန် သောရဟန်းတို့နှင့်အတူ ဒေသစာရီ လှည့်လည်ဘိ၏၊ ကောက်ခင်းကို ဖျက်ဆီးသကဲ့သို့သွားဘိ၏၊ ဒါယကာတို့ကို ဖျက်ဆီးသကဲ့သို့ သွားဘိ၏၊ ငါ့သျှင်အာနန္ဒာ သင်၏ပရိသတ်သည် အထူးပျက်စီး၏၊ အများအားဖြင့် ရဟန်းငယ်ဖြစ်ကုန်သော သင်၏ တပည့်တို့သည် ပျက်စီးကုန်စွ တကား၊ ဤသူငယ်သည် အတိုင်းအရှည်ကို မသိဟု မိန့်တော်မူ၏။

ထုလ္လနန္ဒာဘိက္ခုနီမသည် ပညာရှိရဟန်းဖြစ်သော အသျှင်အာနန္ဒာကို သူငယ်ဟု ခေါ်ဝေါ်ခြင်း ဖြင့် အသျှင်မဟာကဿပ မောင်းမဲသတတ်ဟု ကြားသဖြင့် မနှစ်လိုသောစိတ်ရှိသည်ဖြစ်၍ အသျှင် မဟာကဿပသည် အဘယ့်ကြောင့် သာသနာပြင်ပတိတ္ထိဖြစ်ဘူးသူဖြစ်ပါလျက် ပညာရှိရဟန်း ဖြစ်သော အသျှင်အာနန္ဒာကို သူငယ်ဟူသော ခေါ်ဝေါ်ခြင်းဖြင့် မောင်းမဲအပ်၏ဟု မှတ်ထင်ဘိ သနည်းဟု မနှစ်လိုသောစကားကို ဆို၏။

အသျှင်မဟာကဿပသည် ထုလ္လနန္ဒာဘိက္ခုနီမပြောဆိုသော စကားကိုကြားရကား အသျှင် အာနန္ဒာအား ငါ့သျှင်အာနန္ဒာ ထုလ္လနန္ဒာဘိက္ခုနီမသည် မဆင်ခြင်မစဉ်းစားမူ၍ အဆောတလျှင် ဆိုဘိ၏၊ ငါ့သျှင် ငါသည် ဆံမုတ်ဆိတ်တို့ကို ပယ်၍ ဖန်ရည်ဆိုးသောအဝတ်တို့ကို ဝတ်လျက် လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်ရောက် ရဟန်းပြုသောအခါမှစ၍ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် ထိုးထွင်း၍ သိတော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော ထိုမြတ်စွာဘုရားကို ဖယ်ထား၍ တပါးသောသူကို ဆရာဟူ၍ညွှန်ကြားဘူး၏ ဟု မသိစဖူး၊ ငါ့သျှင် ရှေးလူဖြစ်စဉ် အခါက ငါ့အား ဤအကြံသည် ဖြစ်ဘူး၏— "အိမ်ရာထောင်သော လူ့ဘောင်၌ နေရခြင်းသည် ကျဉ်းမြောင်းလှ၏ ကိလေသာမြူ ထရာ လမ်းနှင့်တူ၏၊ ရဟန်းအဖြစ်သည် လွင်ပြင်နှင့်တူ၏၊အိမ်ရာ ထောင်သော လူ့ဘောင်၌ နေသောသူသည် ဤမြတ်သောအကျင့်ကို စင်စစ် ပြည့်စုံစွာ စင်စစ် စင်ကြယ်စွာ ခရုသင်းပွတ်နှင့်တူစွာ ကျင့်ရန်မလွယ်ကူ၊ ငါသည် ဆံမုတ်ဆိတ်တို့ကိုပယ်၍ ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်ပြီးလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြုရမူ ကောင်းလေစွဟု အကြံဖြစ်ဘူး၏။ ငါ့သျှင် ထိုငါသည် တပါးသောအခါ၌ ပုဆိုးဟောင်းတို့ကို ဒုကုဋ်ပြု၍ လောက၌ ရဟန္တာဖြစ်ကုန်သော ပုဂ္ဂိုလ်တို့ကို ရည်စူး၍ ဆံမုတ်ဆိတ်တို့ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ် တို့ကိုဝတ်လျက် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြုခဲ့၏။

ထိုငါသည် ဤသို့ရဟန်းပြုလျက် ခရီးရှည်သွားသည်ရှိသော် ရာဇဂြိုဟ်ပြည်နှင့် နာဠန္ဒမြို့၏ အကြား ဗဟုပုတ္တကစေတီ၌နေတော်မူသော မြတ်စွာဘုရားကိုမြင်၍ ငါ့အား ဤသို့အကြံဖြစ်၏—

http://www.dhammadownload.com



"ငါသည် ဆုံးမတတ်သူကို တွေ့မြင်လိုသည် ဖြစ်ခဲ့မူ ဤမြတ်စွာဘုရားကိုသာလျှင် စင်စစ် တွေ့မြင်ရာ၏၊ ငါသည် ကောင်းသောဖောခြင်းရှိသူကို တွေ့မြင်လိုသည် ဖြစ်ခဲ့မူ ဤမြတ်စွာဘုရားကိုသာလျှင် စင်စစ်တွေ့မြင်ရာ၏၊ ငါသည်(အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်သိသူကိုတွေ့မြင်လိုသည် ဖြစ်ခဲ့မူ ဤမြတ်စွာဘုရားကိုသာလျှင်စင်စစ်တွေ့မြင်ရာ၏"ဟု အကြံဖြစ်၏။ငါ့သျှင် ထိုငါသည် ထိုအရပ်၌ပင်လျှင် မြတ်စွာဘုရား၏ ခြေတော်တို့၌ဦးခိုက်၍ မြတ်စွာဘုရားအား"အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်၏ ဆရာပါတည်း၊ အကျွန်ုပ်သည်ကား တပည့်ဖြစ်ပါ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်၏ ဆရာပါတည်း၊ အကျွန်ုပ်ကား သာဝကတပည့် ဖြစ်ပါ၏"ဟု လျှောက်၏။ ငါ့သျှင် ဤသို့ လျှောက်သည်ရှိသော် ငါ့အား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏၊ "ကဿပ အကြင်သူသည် ဤသို့ အလုံးစုံသော စိတ်နှင့် ပြည့်စုံသောတပည့်ကို မသိပါပဲလျက်လျှင် ငါသိ၏ဟူ၍ မမြင်ပါပဲလျက်လျှင် ငါမြင်၏ဟူ၍ ဆိုမိငြားအံ့၊ထိုသူ၏ ဦးခေါင်းသည် ပြတ်ကြွေကျရာ၏၊ကဿပ ငါဘုရားသည်ကား သိတော်မူသောကြောင့်သာလျှင်သိ၏၊မြင်တော်မူသောကြောင့်သာလျှင် မြင်၏"ဟူ၍ ဆို၏၊ ကဿပ ထို့ကြောင့် ဤသာသနာတော်၌ သင်သည် ထေရ်ကြီး သီတင်းငယ် သီတင်းလတ် ပုဂ္ဂိုလ်တို့၌ ငါ့အား ထက်စွာသော ဟိရိဩတ္တပ္ပကို ရှေးရှုထင်သည် ဖြစ်လတ္တံ့ ဟု ဤသို့ ကျင့်ရမည်။ ကဿပ ထို့ကြောင့် ဤသာသနာတော်၌ သင်သည် ကုသိုလ်နှင့် စပ်သော တရားအားလုံးကို နာအံ့၊ ထိုတရားအားလုံးကို အရိုအသေပြုကာ နှလုံးသွင်း၍ အလုံးစုံသောစိတ်ဖြင့် ကောင်းစွာဆောင်၍ နားစိုက်လျက် တရားကို နာအံ့ဟူ၍ ဤသို့ ကျင့်ရမည်။ ကဿပ ထို့ကြောင့် ဤသာသနာတော်၌ သင်သည် သုခနှင့်တကွဖြစ်သော ကာယဂတာသတိသည် ငါ့အား မစွန့်လတ္တံ့ ဟု ဤသို့ ကျင့်ရမည်ဟု မိန့်တော်မူ၏။

ငါ့သျှင် ထိုအခါ မြတ်စွာဘုရားသည် ငါ့ကို ဤအဆုံးအမဖြင့် ဆုံးမပြီး၍ နေရာမှ ထလျက် ကြွတော်မူ၏။ငါ့သျှင် ငါသည် ခုနစ်ရက်သာလျှင် ကိလေသာနှင့်တကွဖြစ်လျက် ပြည်သူတို့ဆွမ်းကို စား၏၊ရှစ်ရက်မြောက်၌ အရဟတ္တဖိုလ်သည် ထင်ရှားဖြစ်၏၊ငါ့သျှင် ထိုအခါ၌ မြတ်စွာဘုရားသည် လမ်းမှဖဲခဲ့၍ တခုသော သစ်ပင်ရင်းသို့ ချဉ်းကပ်၏၊ ငါ့သျှင် ထိုအခါ၌ ငါသည် ပုဆိုးဟောင်း ဒုကုဋ်သင်္ကန်းကို လေးခေါက်ခင်း၍ မြတ်စွာဘုရားအား အသျှင်ဘုရား မြတ်စွာဘုရားသည် ဤနေရာ၌ ထိုင်တော်မူပါလော့၊ ယင်းသို့ထိုင်ခြင်းသည် အကျွန်ုပ်အား ရှည်စွာသော ကာလပတ်လုံး အစီးအပွားရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရာပါ၏ဟု လျှောက်၏၊ ငါ့သျှင် မြတ်စွာဘုရားသည် ခင်းထားသောနေရာ၌ ထိုင်တော်မူပြီးသော် ငါ့ကို ကဿပ သင်၏ ဤပုဆိုးဟောင်း ဒုကုဋ်သင်္ကန်းသည် နူးညံ့လှစွာ၏ဟု မိန့်တော်မူ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် သနားသမှုအကြောင်းပြု၍ အကျွန်ုပ်၏ ဤပုဆိုးဟောင်း ဒုကုဋ်သင်္ကန်းကို အလှူခံတော်မူပါလော့ဟု (လျှောက်၏) ကဿပ သင်သည် ငါဘုရား၏ ဝတ်ရုံပြီးသော ပိုက်ဆံလျှော်မျှင်ဖြင့် ရက်အပ်သော ပံသုကူသင်္ကန်းတို့ကို ဆောင်နိုင်အံ့လောဟု မိန့်တော်မူ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား ဝတ်ရုံပြီးသော ပိုက်ဆံလျှော်မျှင်ဖြင့် ရက်သော ပံသုကူသင်္ကန်းကို ဆောင်ပါအံ့ဟု လျှောက်၏၊ ငါ့သျှင် ထိုငါသည် ပုဆိုးဟောင်း ဒုကုဋ်သင်္ကန်းကို မြတ်စွာဘုရားအား ကပ်လျက် ငါသည်ကား မြတ်စွာဘုရား ဝတ်ရုံပြီးသော ပိုက်ဆံလျှော်မျှင်ဖြင့် ရက်အပ်သော ပံသုကူသင်္ကန်းကို ဆောင်၏။

ငါ့သျှင် အကြင်သူကို ကောင်းစွာပြောဆိုလိုသူသည် မြတ်စွာဘုရား၏ ရင်၌ဖြစ်၍ ခံတွင်းတော်မှ ဖွားမြင်သော တရားကြောင့်ဖြစ်၍ တရားသည် ဖန်ဆင်းအပ်သော တရားအမွေခံဖြစ်သော သားတော်တည်း၊မြတ်စွာဘုရား ဝတ်ရုံပြီးသောပိုက်ဆံလျှော်မျှင်ဖြင့် ရက်အပ်သော ပံသုကူသင်္ကန်း

http://www.dhammadownload.com



တို့ကို ခံယူကုန်၏ဟု ပြောဆိုရာ၏။ မြတ်စွာဘုရား၏ ရင်၌ ဖြစ်၍ ခံတွင်းတော်မှ ဖွားမြင်သော တရားကြောင့်ဖြစ်၍ တရားသည် ဖန်ဆင်းအပ်သော တရားအမွေခံဖြစ်သော သားတော်တည်း၊ ထိုသားတော်သည် မြတ်စွာဘုရားဝတ်ရုံပြီးသော ပိုက်ဆံလျှော်မျှင်ဖြင့် ရက်အပ်သော ပံသုကူ သင်္ကန်းတို့ကို ခံယူအပ်ကုန်၏ဟု ကောင်းစွာဆိုလိုသူသည် ငါ့ကို ဆိုရာ၏။ ငါ့သျှင် ငါသည် အကြင် မျှလောက် ပဌမဈာန်ကို ဝင်စားရန် အလိုရှိ၏၊ ထိုမျှလောက် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်မှု 'ဝိတက်' သုံးသပ်ဆင်ခြင်မှု 'ဝိစာရ'နှင့်တကွ ဖြစ်သော နီဝရဏ ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်မှု'ပီတိ'ချမ်းသာမှု'သုခ'ရှိသော ပဌမဈာန် ကို ဝင်စားနေ၏။ပ။ [အစဉ်အတိုင်း ဝင်စားအပ်သော သမာပတ်ကိုးပါး အဘိညာဉ်ငါးပါးတို့ကို ဤအတိုင်း ချဲ့၍ သိလေ]။ ငါ့သျှင် ငါသည်ကား အာသဝေါတရားတို့ ကုန်ခြင်းကြောင့် အာသဝ မရှိသော လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ယခုသက်ဝင်ဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ရောက်လျက်နေနိုင်၏။ အကြင် သူသည် ငါ၏ အဘိညာဉ် ခြောက်ပါးကို ဖုံးလွှမ်းအပ်၏ဟု မှတ်ထင်၏။ ထိုသူသည် ခုနစ်တောင် ခုနစ်တောင့်ထွာရှိသော ဆင်ကို ထမ်းရွက်ဖြင့် ဖုံးလွှမ်းအပ်၏ဟု (မိန့်ဆို၏)။

ထုလ္လနန္ဒာဘိက္ခုနီမသည် မြတ်သော အကျင့်မှ ရွေ့လျောလေ၏။

ကောဒသမသုတ်။

## ၁၂-ပရံမရဏာသုတ်

၁၅၅။ အခါတပါး၌ အသျှင်မဟာကဿပနှင့် အသျှင်သာရိပုတြာတို့သည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌(သီတင်းသုံး)နေကုန်၏၊ထိုအခါ အသျှင်သာရိပုတြာသည် ညချမ်းအခါ တပါးတည်း ကိန်းအောင်းရာမှထလျက် အသျှင်မဟာကဿပထံသို့ ချဉ်းကပ်၍ အသျှင်မဟာကဿပ နှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် ပြောဆိုပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် အသျှင်မဟာကဿပအား ငါ့သျှင်ကဿပ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သလောဟု လျှောက်၏။ ငါ့သျှင်သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူ၍ မြတ်စွာဘုရား ဟောတော်မမူ။ ငါ့သျှင် သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်သလော။ ငါ့သျှင် သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်ဟူ၍ ဤသို့လည်း မြတ်စွာဘုရား ဟောတော်မမူ။ ငါ့သျှင် သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်သလော။ ငါ့သျှင် သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်ဟူ၍ မြတ်စွာဘုရား ဟောတော်မမူ။ ငါ့သျှင် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်သလော။ငါ့သျှင် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်ဟူ၍ ဤသို့လည်း မြတ်စွာဘုရား ဟောတော်မမူ။ ငါ့သျှင် အဘယ့်ကြောင့် ထိုအကြောင်းကို မြတ်စွာဘုရား ဟောတော်မမူ ပါသနည်းဟု မေးမြန်း၏။ငါ့သျှင် ဤစကားသည် အကျိုးစီးပွားနှင့်မစပ်၊မဂ်၏ ရှေ့အဘို့၌ဖြစ်သော အကျင့်မျှလည်းမဟုတ်၊ ငြီးငွေ့ခြင်းငှါ မဖြစ်၊ တပ်ခြင်း ကင်းခြင်းငှါ မဖြစ်၊ ရာဂချုပ်ခြင်းငှါ မဖြစ်၊ ငြိမ်းအေးခြင်းငှါ မဖြစ်၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှါ မဖြစ်၊ ထိုးထွင်း၍ သိခြင်းငှါ မဖြစ်၊ နိဗ္ဗာန် အကျိုးငှါ မဖြစ်၊ ထို့ကြောင့် ထိုစကားကို မြတ်စွာဘုရား ဟောကြားတော်မမူ။

http://www.dhammadownload.com



ငါ့သျှင် ထိုသို့မဟောကြားခဲ့သည်ရှိသော် မြတ်စွာဘုရားသည် အဘယ်သို့ ဟောတော်မူပါသနည်း။ ငါ့သျှင် ဤသည်ကား ဆင်းရဲတည်း ဟု မြတ်စွာဘုရား ဟောတော်မူ၏၊ ဤသည်ကား ဆင်းရဲ၏ ဖြစ်ပေါ်ကြောင်းတည်း ဟု မြတ်စွာဘုရား ဟောတော်မူ၏၊ ဤသည်ကား ဆင်းရဲ၏ ချုပ်ရာတည်းဟု မြတ်စွာဘုရား ဟောတော်မူ၏၊ ဤသည်ကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်တည်းဟု မြတ်စွာဘုရား ဟောတော်မူ၏ ဟု ပြောဆို၏။ ငါ့သျှင် အဘယ့်ကြောင့် ဤစကားကို မြတ်စွာဘုရား ဟောကြားတော်မူအပ်သနည်း။ ငါ့သျှင် ဤတရားသည်ကား အကျိုးစီးပွါးနှင့် စပ်၏၊ ဤတရားသည်ကား မဂ်၏ အစဖြစ်သော မြတ်သော အကျင့်လည်းဖြစ်၏၊ ဤတရားသည် ငြီးငွေ့ခြင်းငှါ ရာဂကင်းခြင်းငှါ ငြိမ်းအေးခြင်းငှါ ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ထိုးထွင်းသိခြင်းငှါ နိဗ္ဗာန်အကျိုးငှါ ဖြစ်၏၊ ထို့ကြောင့် ဤတရားကို မြတ်စွာဘုရား ဟောတော်မူအပ်၏ဟု (ပြောဆို၏)။

ဒွါဒသမသုတ်။

---

## ၁၃-သဒ္ဓမ္မပ္ပဋိရူပကသုတ်

၁၅၆။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်– အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အသျှင်မဟာကဿပသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏–"အသျှင်ဘုရား ရှေးက သိက္ခာပုဒ်တို့သည် အလွန်နည်းလှသည် သာလျှင် ဖြစ်ကုန်၏၊ များကုန်သော ရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏၊ အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း၊ အသျှင်ဘုရား ယခုအခါ၌ သိက္ခာပုဒ်တို့သည် အလွန်များသည်သာလျှင်ဖြစ်ကုန်၏၊ အလွန်နည်းသည်သာလျှင် ဖြစ်ကုန်သော ရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကြကုန်၏၊ အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း ဟု လျှောက်၏။ ကဿပ ထိုအရာသည် ဤသို့ ဖြစ်၏၊ သတ္တဝါတို့ ဆုတ်ယုတ်ကုန်သည်ရှိသော် သူတော်ကောင်းတရား ကွယ်သည်ရှိသော် သိက္ခာပုဒ်တို့သည် အလွန်များသည်သာလျှင်ဖြစ်ကုန်၏၊ အလွန်နည်းသည်သာလျှင် ဖြစ်ကုန်သော ရဟန်းတို့သည်လည်း အရဟတ္တဖိုလ်၌တည်ကုန်၏၊ ကဿပ အကြင်မျှလောက် ကာလပတ်လုံး လောက၌ တရားအတုအယောင် မဖြစ်ပေါ်လာသေး၊ ထိုမျှလောက်သော ကာလပတ်လုံး သူတော်ကောင်းတရား မကွယ်သေး၊ ကဿပ အကြင်အခါ၌ကား လောက၌ သူတော်ကောင်းတရား အတုအယောင်သည်ဖြစ်ပေါ်၏၊ထိုအခါ၌သူတော်ကောင်းတရား ကွယ်ခြင်းသည် ဖြစ်၏။

ကဿပ ဥပမာသော်ကား အကြင်မျှလောက် ကာလပတ်လုံး လောက၌ ရွှေတုသည် မဖြစ်ပေါ်သေး၊ထိုမျှလောက်ကာလပတ်လုံး ရွှေစစ်မကွယ်သေး၊ကဿပ အကြင်အခါ လောက၌ ရွှေတုသည် ဖြစ်ပေါ်၏၊ ထိုအခါ၌ ရွှေစစ်၏ ကွယ်ခြင်းသည် ဖြစ်ပေါ်၏။ ကဿပ ဤအတူသာလျှင် အကြင်မျှလောက် ကာလပတ်လုံး လောက၌ သူတော်ကောင်းတရား အတုအယောင်သည် မဖြစ်မပေါ်သေး၊ ထိုမျှလောက် ကာလပတ်လုံး သူတော်ကောင်းတရား မကွယ်သေး၊ ကဿပ အကြင်အခါ လောက၌ သူတော်ကောင်းတရား အတုအယောင်သည် ဖြစ်ပေါ်၏၊ ထိုအခါ၌ သူတော်ကောင်းတရား၏ ကွယ်ခြင်းသည် ဖြစ်၏။

http://www.dhammadownload.com



ကဿပ ပထဝီဓာတ်သည် သူတော်ကောင်းတရားကို မကွယ်ပျောက်စေနိုင်၊ အာပေါဓာတ်သည် သူတော်ကောင်းတရားကို မကွယ်ပျောက်စေနိုင်၊ တေဇောဓာတ်သည် သူတော်ကောင်းတရားကို မကွယ်ပျောက်စေနိုင်၊ ဝါယောဓာတ်သည် သူတော်ကောင်းတရားကို မကွယ်ပျောက်စေနိုင်၊ စင်စစ် သော်ကား အကြင်ယောကျ်ားတို့သည် ဤသူတော်ကောင်းတရားကို ကွယ်စေကုန်၏၊ မဂ်ဖိုလ်မှ အချည်းနှီးဖြစ်ကုန်သော ထိုယောကျ်ားတို့သည် ဤသာသနာတော်၌သာ ဖြစ်ပေါ်ကုန်၏၊ လှေသည် ဝန်ကို ယူဆောင်ခြင်းဖြင့်သာလျှင် နစ်မြုပ်ရသကဲ့သို့ ကဿပ ဤအတူသာလျှင် သူတော်ကောင်း တရား၏ ကွယ်ခြင်းသည် မဖြစ်။

ကဿပ ခအောက်သို့ သက်စေတတ်ကုန်သော ဤတရားငါးမျိုးတို့သည် သူတော်ကောင်းတရား မေ့မှိန်ခြင်းငှါ ကွယ်ပျောက်ခြင်းငှါ ဖြစ်ကုန်၏၊ အဘယ်ငါးမျိုးတို့နည်းဟူမူ– ကဿပ ဤသာသနာ တော်၌ ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာယောကျ်ား ဥပါသိကာမိန်းမတို့သည် မြတ်စွာဘုရား၌ မရှိသေ မတုံ့ဝပ်ကုန်သည်ဖြစ်၍ နေကုန်၏၊ တရားတော်၌ မရှိသေ မတုံ့ဝပ်ကုန် သည်ဖြစ်၍ နေကုန်၏၊ သံဃာတော်၌ မရှိသေ မတုံ့ဝပ်ကုန်သည် ဖြစ်၍ နေကုန်၏၊ အကျင့် သိက္ခာ၌ မရှိသေ မတုံ့ဝပ်ကုန်သည်ဖြစ်၍ နေကုန်၏၊ သမာဓိ၌ မရှိသေ မတုံ့ဝပ်ကုန်သည်ဖြစ်၍ နေကုန်၏၊ ကဿပ အောက်သို့ သက်စေတတ်ကုန်သော ဤတရားငါးမျိုးတို့သည် သူတော်ကောင်း တရား မေ့မှိန်ခြင်းငှါ ကွယ်ပျောက်ခြင်းငှါ ဖြစ်ကုန်၏။

ကဿပ ဤတရားငါးမျိုးတို့သည် သူတော်ကောင်းတရား တည်ခြင်းငှါ မမေ့မှိန်ခြင်းငှါ မကွယ်ပျောက်ခြင်းငှါ ဖြစ်ကုန်၏၊ အဘယ်ငါးမျိုးတို့နည်းဟူမူ– ကဿပ ဤသာသနာတော်၌ ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာယောကျ်ား ဥပါသိကာမိန်းမတို့သည် မြတ်စွာဘုရား၌ ရှိသေတုံ့ဝပ်ကုန်သည်ဖြစ်၍ နေကုန်၏၊ တရားတော်၌ ရှိသေတုံ့ဝပ်ကုန်သည်ဖြစ်၍ နေကုန်၏၊ သံဃာတော်၌ ရှိသေတုံ့ဝပ်ကုန်သည်ဖြစ်၍ နေကုန်၏၊ အကျင့်သိက္ခာ၌ ရှိသေ တုံ့ဝပ်ကုန်သည် ဖြစ်၍ နေကုန်၏၊ သမာဓိ၌ ရှိသေတုံ့ဝပ်ကုန်သည်ဖြစ်၍ နေကုန်၏၊ ကဿပ ဤတရားငါးမျိုးတို့သည် သူတော်ကောင်းတရား တည်ခြင်းငှါ မမေ့မှိန်ခြင်းငှါ မကွယ်ပျောက်ခြင်းငှါ ဖြစ်ကုန်၏ ဟု (ဟောတော်မူ၏)။

ဆေရသမသုတ်။

ကဿပသံယုတ် ပြီး၏။

http://www.dhammadownload.com

# ၆-လာဘသက္ကာရသံယုတ်

## ၁-ပဌမဝဂ် ၁-ဒါရုဏသုတ်

၁၅၇။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်- မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟု ခေါ်တော်မူ၏၊ "အသျှင်ဘုရား" ဟူ၍ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏-

ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏၊ ထက်မြက်၏၊ ကြမ်းထမ်း၏၊ အတုမရှိမူ၍ ယောဂ၏ကုန်ရာ အရဟတ္တဖိုလ်ကို ရခြင်း၏ အန္တရာယ်ကို ပြုတတ်၏၊ ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ ဤသို့ ကျင့်ရမည် "ဖြစ်ပေါ်လာသော လာဘ်ပူဇော်သကာ အကျော်အစောကို စွန့်ကုန်အံ့၊ ဖြစ်ပေါ်လာသော လာဘ်ပူဇော်သကာအကျော်အစောသည်လည်း ငါတို့၏ ကုသိုလ်စိတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်လတ္တံ့" ဟု ဤသို့လျှင် သင်တို့ကျင့်ရမည်" ဟု (ဟောတော်မူ၏)။

ပဌမသုတ်။

---

## ၂-ဗဠိသသုတ်

၁၅၈။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏၊ ထက်မြက်၏၊ ကြမ်းထမ်း၏၊ အတုမရှိမူ၍ ယောဂ၏ကုန်ရာ အရဟတ္တဖိုလ်ကို ရခြင်း၏ အန္တရာယ်ကို ပြုတတ်၏၊ ရဟန်းတို့ ဥပမာသော်ကား တံငါသည်သည် အစာတပ်သော ငါးမျှားချိတ်ကို နက်သော ရေအိုင်၌ ပစ်ချရာ၏၊ အစာကိုမြင်သောငါးသည် ငါးမျှားချိတ်ကို မျိုရာ၏၊ ရဟန်းတို့ တံငါသည်၏ ငါးမျှားချိတ်ကို မျိုမိသော ထိုငါးသည် ဆင်းရဲခြင်း ပျက်စီးခြင်းသို့ ရောက်၏၊ တံငါသည်၏ အလိုရှိတိုင်း ပြုနိုင်သည့်အဖြစ်သို့ ရောက်၏။

ရဟန်းတို့ "တံငါသည်" ဟူသော ဤအမည်သည် ယုတ်ညံ့သော ကိလေသာမာရ်၏ အမည်တည်း၊ ရဟန်းတို့ "ငါးမျှားချိတ်" ဟူသော ဤအမည်သည် လာဘ်ပူဇော်သကာ အကျော်အစော၏ အမည်တည်း၊ ရဟန်းတို့ ဖြစ်ပေါ်လာသော လာဘ် ပူဇော်သကာ အကျော်အစောကို သာယာသူ အလိုရှိသူ မည်သည့်ရဟန်းကိုမဆို ကိလေသာမာရ်၏ ငါးမျှားချိတ်ကို မျိုသည်ဖြစ်၍ ဆင်းရဲခြင်း ပျက်စီးခြင်းသို့ ရောက်သူ ယုတ်မာသော ကိလေသာမာရ်၏ အလိုရှိတိုင်း ပြုနိုင်သည့် အဖြစ်သို့ ရောက်သူ ရဟန်းဟူ၍ ဆိုအပ်၏၊ ရဟန်းတို့ဤသို့လျှင် လာဘ်ပူဇော်သကာ အကျော်အစောသည် ဤသို့ခက်ထန်၏၊ ထက်မြက်၏၊ ကြမ်းထမ်း၏၊ အတုမရှိမူ၍ ယောဂ၏ကုန်ရာ အရဟတ္တဖိုလ်ကို ရခြင်း၏ အန္တရာယ်ကို ပြုတတ်၏၊ ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ ဤသို့ ကျင့်ရမည်-

http://www.dhammadownload.com



"ဖြစ်ပေါ်လာသော လာဘ်ပူဇော်သကာ အကျော်အစောကို စွန့်ကုန်အံ့၊ ဖြစ်ပေါ်လာသော လာဘ်ပူဇော်သကာ အကျော်အစောသည် ငါတို့၏စိတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်လတ္တံ့"ဟု ဤသို့လျှင် သင်တို့ ကျင့်ရမည်"ဟု (ဟောတော်မူ၏)။

ဒုတိယသုတ်။

## ၃-ကုမ္မသုတ်

၁၅၉။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏ ။ပ။ ရခြင်း၏ အန္တရာယ်ကို ပြုတတ်၏၊ ရဟန်းတို့ ရှေး၌ဖြစ်ဘူးသည်ကား တခုသော ရေအိုင်၌ လိပ်ကြီးမျိုးသည် ကြာမြင့်စွာ နေလေ့ရှိ၏၊ ရဟန်းတို့ ထိုအခါ၌ လိပ်တကောင်သည် လိပ်တကောင်အား အမောင်လိပ်သင်သည် ထိုအရပ်သို့ မသွားလင့်ဟု ဆို၏၊ ရဟန်းတို့ ထိုလိပ်သည် ထိုအရပ်သို့ သွားသည် သာလျှင်တည်း၊ ထိုသွားသော လိပ်ကို မုဆိုးသည် ကြိုးရှည်ရှည် တပ်ထားသော မှိန်းဖြင့် ထိုးပစ်လိုက်၏၊ ရဟန်းတို့ ထိုအခါ လိပ်သည် ထိုဆုံးမသောလိပ်ထံသို့ ချဉ်းကပ်လာ၏၊ ထိုဆုံးမသောလိပ်သည် ထိုအထိုးခံရသောလိပ်လာသည်ကို အဝေးမှမြင်လျှင် အမောင်လိပ် အသို့နည်း၊ သင်သည် ထိုအရပ်သို့ သွားခဲ့ပြီလောဟုဆို၏၊ အမောင်လိပ် ငါသည် ထိုအရပ်သို့ သွားခဲ့မိ၏၊ အမောင်လိပ် အသို့နည်း၊ သင်သည် အထိုးမခံရ အသတ်မခံရသလော၊ အမောင်လိပ် အထိုး မခံရ အသတ်မခံရပါ၊ သို့သော်လည်း ငါ၏နောက်မှ နောက်မှအစဉ်လိုက်သော ဤကြိုးငယ်သည်ရှိပါသည်ဟု ဆို၏၊ အမောင်လိပ် စင်စစ် သင့်ကို မှိန်းဖြင့်ထိုးမိ၏၊ စင်စစ် အသတ်ခံရ၏၊ အမောင်လိပ် ဤကြိုးဖြင့် သင်၏ အဖကိုသည်ရှင်း အဖိုးတို့သည်ရှင်း ဆင်းရဲခြင်း ပျက်စီးခြင်းသို့ ရောက်ခဲ့ကုန်၏၊ အမောင်လိပ် ယခုပင် သင်သွားလော့၊ ယခုအခါသင်သည် ငါတို့၏ အပေါင်းအဖော် မဟုတ်တော့ပြီဟု ဆို၏။

ရဟန်းတို့ "မုဆိုး" ဟူသော ဤအမည်သည် ယုတ်မာသော ကိလေသာမာရ်၏ အမည်တည်း၊ ရဟန်းတို့ "ကြိုးရှည်ရှည်တပ်သော မှိန်း"ဟူသော ဤအမည်သည် လာဘ်ပူဇော်သကာ အကျော်အစော၏အမည်တည်း၊ ရဟန်းတို့ "ကြိုး"ဟူသော ဤအမည်သည် နှစ်သက်စွဲမက်ခြင်း'နန္ဒီရာဂ'၏ အမည်တည်း။ ရဟန်းတို့ ဖြစ်ပေါ်လာသော လာဘ်ပူဇော်သကာ အကျော်အစောကို သာယာသူ အလိုရှိသူ မည်သည့်ရဟန်းကိုမဆို ကြိုးရှည်ရှည် တပ်ထားသော မှိန်းဖြင့် စူးဝင်သည်ဖြစ်၍ ဆင်းရဲခြင်း ပျက်စီးခြင်းသို့ ရောက်သူ ယုတ်မာသော ကိလေသာမာရ်၏ အလိုရှိတိုင်း အပြုခံရသူ ရဟန်းဟူ၍ ဆိုအပ်၏၊ ရဟန်းတို့ ဤသို့လျှင် လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏ ။ပ။ ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ရမည် ဟု(ဟောတော်မူ၏)။

တတိယသုတ်။

## ၄-ဒီဃလောမိကသုတ်

၁၆၀။ သာဝတ္ထိနိဒါန်း၊ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏ ။ပ။ ရခြင်း အန္တရာယ်ကို ပြုတတ်၏၊ ရဟန်းတို့ ဥပမာသော်ကား ရှည်သောအမွေးရှိသော

http://www.dhammadownload.com



သိုးသည် ဆူးချုံသို့ ဝင်ရာ၏၊ ထိုသိုးသည် ထိုထိုအရပ်၌ ငြိရာ၏၊ ထိုထိုအရပ်၌ စွဲယူရာ၏၊ ထိုထိုအရပ်၌ နှောင်ဖွဲ့ရာ၏၊ ထိုထိုအရပ်၌ ဆင်းရဲခြင်း ပျက်စီးခြင်းသို့ ရောက်ရာ၏၊ ရဟန်းတို့ ဤအတူသာလျှင် ဤသာသနာတော်၌ အချို့သော ရဟန်းသည် လာဘ်ပူဇော်သကာ အကျော်အစော နှိပ်စက်အပ်သည် သိမ်းကျုံးယူငင်အပ်သော စိတ်ရှိသည်ဖြစ်၍ နံနက်အခါ၌ ကောင်းစွာဝတ်ရုံလျက် သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် ရွာသို့ဖြစ်စေ နိဂုံးသို့ဖြစ်စေ ဆွမ်းအလို့ငှါ ဝင်၏၊ ထိုရဟန်းသည် ထိုထိုအရပ်၌ ကပ်ငြိ၏၊ ထိုထိုအရပ်၌ စွဲယူ၏၊ ထိုထိုအရပ်၌ နှောင်ဖွဲ့၏၊ ထိုထိုအရပ်၌ ဆင်းရဲခြင်း ပျက်စီးခြင်းသို့ ရောက်၏၊ ရဟန်းတို့ ဤသို့လျှင် လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏'ပ။ ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ရမည် ဟု (ဟောတော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-မိဠှကသုတ်

၁၆၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏။ပ။ ရခြင်း၏ အန္တရာယ်ကို ပြုတတ်၏၊ ရဟန်းတို့ ဥပမာသော်ကား ကျင်ကြီးကို စားသော မစင်ပိုးသည် ကျင်ကြီးဖြင့် ပြည့်နှက်၏၊ ထိုပိုး၏ ရှေ့မှလည်း ကျင်ကြီးပုံကြီးသည် ရှိ၏၊ ထိုကျင်ကြီးစားသော မစင်ပိုးသည် ထိုကျင်ကြီးဖြင့် တပါးသော မစင်ပိုးတို့ကို "ငါသည် ကျင်ကြီးကို စား၏၊ ကျင်ကြီးဖြင့် ပြည့်နှက်၏၊ ငါ၏ ရှေ့မှလည်း ကျင်ကြီးပုံကြီးသည် ရှိ၏" ဟု မထေမဲ့မြင် ပြုရာ၏၊ ရဟန်းတို့ ဤအတူသာလျှင် ဤသာသနာတော်၌ အချို့သော ရဟန်းသည် လာဘ်ပူဇော်သကာ အကျော်အစော နှိပ်စက်အပ်သည် သိမ်းကျုံးယူငင်အပ်သော စိတ်ရှိသည်ဖြစ်၍ နံနက်အခါ၌ ကောင်းစွာ ဝတ်ရုံလျက် သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် ရွာသို့ဖြစ်စေ နိဂုံးသို့ဖြစ်စေ ဆွမ်းအလို့ငှါ ဝင်၏၊ ထိုရဟန်းသည် ထိုရွာ၌ အလိုရှိတိုင်း ဆွမ်းစားပြီးသည်လည်း ဖြစ်၏၊ နက်ဖြန်စားရန်အလို့ငှါ ဖိတ်အပ်သော ဆွမ်းသည်လည်း ရှိ၏၊ ထိုရဟန်းအား သပိတ်ပြည့်သော ဆွမ်းလည်းရှိ၏၊ ကျောင်း အရံသို့သွား၍ ရဟန်းအပေါင်းအလယ်၌ ကြွားဝါး၏၊ ငါသည် ဆွမ်းကို အလိုရှိတိုင်း စားပြီးပြီ၊ နက်ဖြန်စားရန် အလို့ငှါ ဖိတ်ထားသော ဆွမ်းလည်း ရှိသေး၏၊ သပိတ်ပြည့်သော ဆွမ်းလည်း ရှိ၏၊ သင်္ကန်း ဆွမ်းကျောင်း အိပ်ရာ နေရာ သူနာတို့၏ အထောက်အပံ့ ဆေးအသုံးအဆောင်တို့ကိုလည်း ရ၏၊ တပါးကုန်သော ဤရဟန်းတို့သည်ကား နည်းသောဘုန်းကံရှိကုန်၏၊နည်းသောတန်ခိုးရှိကုန် ၏၊ သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာတို့၏ အထောက်အပံ့ ဆေးအသုံးအဆောင်တို့ကို မရကုန်ဟု ကြွားဝါး၏၊ထိုရဟန်းသည် ထိုလာဘ်ပူဇော်သကာ အကျော်အစောဖြင့် နှိပ်စက်အပ်သည် သိမ်းကျုံးယူငင်အပ်သော စိတ်ရှိသည်ဖြစ်၍ သီလရှိကုန်သော အခြား ရဟန်းတို့ကို မထေမဲ့မြင် ပြု၏၊ ရဟန်းတို့ ထိုသို့မှတ်ထင်ခြင်းသည် ထိုမဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ားအား ရှည်စွာသော နေ့ညဥ့်တို့ပတ်လုံး အစီးအပွါးမရှိခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်၏၊ ရဟန်းတို့ ဤသို့လျှင် လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏။ပ။ ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ရမည် ဟု (ဟောတော်မူ၏)။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-အသနိသုတ်

၁၆၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏။ပ။ ရခြင်း၏ အန္တရာယ်ကို ပြုတတ်၏၊ ရဟန်းတို့ အဘယ်ပုဂ္ဂိုလ်ကို မိုးကြိုးစက်သည် ကျရောက်နိုင်သနည်း၊ အရဟတ္တမဂ်သို့ မရောက်သေးသော သေက္ခပုဂ္ဂိုလ်ကို လာဘ်ပူဇော်သကာ အကျော်အစောသည် အစဉ်ကျရောက်နိုင်၏။

ရဟန်းတို့ "မိုးကြိုးစက်" ဟူသော ဤအမည်သည် လာဘ်ပူဇော်သကာ အကျော်အစော၏ အမည်တည်း၊ ရဟန်းတို့ ဤသို့လျှင် လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏။ပ။ ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု (ဟောတော်မူ၏)။

ဆဋ္ဌမသုတ်။

---

## ၇-ဒိဒ္ဓသုတ်

၁၆၃။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏။ပ။ ရခြင်း၏ အန္တရာယ်ကို ပြုတတ်၏၊ ရဟန်းတို့ အဘယ်ပုဂ္ဂိုလ်ကို အဆိပ်လိမ်းကျံထားသော အဆိပ်လူးမြှားဖြင့် စူးဝင်သနည်း၊ အရဟတ္တဖိုလ်သို့ မရောက်သေးသော သေက္ခပုဂ္ဂိုလ်ကို လာဘ်ပူဇော်သကာ အကျော်အစောသည် အစဉ်ကျရောက်နိုင်၏။

ရဟန်းတို့ "မြှား" ဟူသော ဤအမည်သည် လာဘ်ပူဇော်သကာ အကျော်အစော၏ အမည်တည်း၊ ရဟန်းတို့ ဤသို့လျှင် လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏။ပ။ ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ရမည် ဟု (ဟောတော်မူ၏)။

သတ္တမသုတ်။

---

## ၈-သိင်္ဂါလသုတ်

၁၆၄။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏။ပ။ ရခြင်း၏ အန္တရာယ်ကို ပြုတတ်၏၊ ရဟန်းတို့ ညဉ့်၏ မိုးသောက်ချိန်၌ ညည်းညူသော မြေခွေးအို၏ အသံကို ကြားဘူးကြကုန်၏လော။ အသျှင်ဘုရား ကြားဘူးပါကုန်၏။ ရဟန်းတို့ ဤမြေခွေးအိုသည် ဥက္ကဏ္ဏကအမည်ရှိသော ဝဲနာရောဂါဖြင့် တွေ့ထိအပ်သည်ဖြစ်၍ တွင်းသို့ ရောက်သော်လည်း မမွေ့လျော်၊ သစ်ပင်ရင်းသို့ ရောက်သော်လည်း မမွေ့လျော်၊ လွင်တီးခေါင်သို့ ရောက်သော်လည်း မမွေ့လျော်၊ သွားလေရာရာ ရပ်လေရာရာ ထိုင်လေရာရာ အိပ်လေရာရာ အရပ်တိုင်း၌ ဆင်းရဲခြင်း ပျက်စီးခြင်းသို့ ရောက်ရ၏။ ရဟန်းတို့ ဤအတူသာလျှင် ဤသာသနာတော်၌ အချို့သော ရဟန်းသည် လာဘ်ပူဇော်သကာ အကျော်အစောဖြင့် နှိပ်စက်အပ်သည် သိမ်းကျုံးယူငင်အပ်သော စိတ်ရှိသည်ဖြစ်ရကား ဆိတ်ငြိမ်ရာ အရပ်သို့ ရောက်သော်လည်း မမွေ့လျော်၊ သစ်ပင်ရင်းသို့

http://www.dhammadownload.com



ရောက်သော်လည်း မမွေ့လျော်၊ လွင်တီးခေါင်သို့ရောက်သော်လည်း မမွေ့လျော်၊ သွားလေရာရာ ရပ်လေရာရာ ထိုင်လေရာရာ အိပ်လေရာရာ အရပ်တိုင်း၌ အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်ရ၏။ ရဟန်းတို့ ဤသို့လျှင် လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏။ ပ။ ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ရမည် ဟု(ဟောတော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ဝေရမ္ဘသုတ်

၁၆၅။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏။ ပ။ ရခြင်း၏ အန္တရာယ်ကို ပြုတတ်၏၊ ရဟန်းတို့ အထက်ကောင်းကင်၌ ဝေရမ္ဘမည်သော လေတို့သည် တိုက်ကုန်၏၊ ထိုအရပ်သို့သွားသောငှက်ကို ဝေရမ္ဘလေတို့သည် ပစ်ချကုန်၏၊ ထိုအရပ်၌ ဝေရမ္ဘလေတို့ပစ်ချအပ်သောထိုငှက်၏ ခြေတို့သည် တခြားသို့ ရောက်သွားကုန်၏၊ အတောင် တို့သည် တခြားသို့ရောက်သွားကုန်၏၊ ဦးခေါင်းသည် တခြားသို့ ရောက်သွား၏၊ ကိုယ်သည် တခြားသို့ ရောက်သွား၏၊(ဝေရမ္ဘလေတို့ ပစ်ချသဖြင့် ထိုငှက်တို့၏ ခြေတောက်တခြား အတောင်တခြား ဦးခေါင်းတခြား ကိုယ်တခြား ရောက်သွားသကဲ့သို့) ဤအတူသာလျှင် ဤသာသနာတော်၌ အချို့သောရဟန်းသည် လာဘ်ပူဇော်သကာ အကျော်အစော နှိပ်စက်အပ်သည် သိမ်းကျုံးယူငင်အပ်သော စိတ်ရှိသည်ဖြစ်ရကား နံနက်အခါ သင်္ကန်းကိုပြင်ဝတ်လျက် သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် ရွာသို့ဖြစ်စေ နိဂုံးသို့ဖြစ်စေ မစောင့်စည်းအပ်သော ကိုယ် နှုတ် စိတ်ဖြင့် သာလျှင် မထင်သောသတိ မစောင့်စည်းအပ်သော ဣန္ဒြေတို့ဖြင့် ဆွမ်းအလို့ငှါ ဝင်၏။ ထိုရဟန်းသည် ထိုရွာ၌ မလုံမလဲဝတ်ရုံသော မာတုဂါမကို မြင်၍ ထိုရဟန်း၏စိတ်ကို စွဲမက်ခြင်း 'ရာဂ'သည်နှိပ်စက် ဖျက်ဆီးအပ်၏၊ ထိုရဟန်းသည် ရာဂနှိပ်စက်ဖျက်ဆီးအပ်သော စိတ်ဖြင့် သိက္ခာကိုစွန့်၍ လူထွက်၏၊ ဝေရမ္ဘလေတို့ ပစ်ချအပ်သော ငှက်ကဲ့သို့ တပါးသောသူတို့သည် ထိုရဟန်း၏ သင်္ကန်းကို ဆောင်ကုန်၏၊ တပါးသောသူတို့က သပိတ်ကိုတပါးသောသူတို့က နိသီဒိုင်ကို တပါးသောသူတို့က အပ်ကျည်ကို ဆောင်ကုန်၏၊ ရဟန်းတို့ ဤသို့လျှင် လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏ ။ပ။ ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ရမည် ဟု (ဟောတော်မူ၏)။

နဝမသုတ်။

## ၁၁-သဂါထကသုတ်

၁၆၆။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏။ပ။ ရခြင်း၏ အန္တရာယ်ကို ပြုတတ်၏၊ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစော နှိပ်စက်အပ်သည် သိမ်းကျုံးယူငင်အပ်သော စိတ်ရှိသည်ဖြစ်ရကား ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက် ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီးကျရောက်ရာဖြစ်သော ငရဲ၌ဖြစ်သော အချို့သော ပုဂ္ဂိုလ်ကို ငါမြင်ရ၏။ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောမရခြင်း နှိပ်စက်အပ်

http://www.dhammadownload.com



သည် သိမ်းကျုံးယှဉ်အပ်သော စိတ်ရှိသည်ဖြစ်ရကား ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး ကျရောက်ရာဖြစ်သော ငရဲ၌ ဖြစ်သော အချို့သော ပုဂ္ဂိုလ်ကို ငါမြင်ရ၏။ ရဟန်းတို့လာဘ်ပူဇော်သကာရရှိခြင်း လာဘ်ပူဇော်သကာ မရခြင်း ထိုနှစ်ပါးစုံသည် နှိပ်စက်အပ်သည် သိမ်းကျုံးယှဉ်အပ်သော စိတ်ရှိသည်ဖြစ်ရကား ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီးကျရောက်ရာ ဖြစ်သော ငရဲ၌ဖြစ်သော အချို့သော ပုဂ္ဂိုလ်ကို ငါမြင်ရ၏။ ရဟန်းတို့ ဤသို့လျှင်လာဘ်ပူဇော်သကာ အကျော်အစောသည်ခက်ထန်၏။ပ။ ရဟန်းတို့ ဤသို့လျှင် သင်တို့ကျင့်ရမည်၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူပြီးနောက် ဤဂါထာကို မိန့်တော်မူ၏—

"မမေ့မလျော့ နေလေ့ရှိသော အရှိအသေပြုထိုက်သော အကြင်ရဟန္တာပုဂ္ဂိုလ်၏သမာဓိသည် ပူဇော်သကာ ရခြင်းကြောင့်ရင်း၊ ပူဇော်သကာ မရခြင်းကြောင့်ရင်း နှစ်ပါးစုံသော အကြောင်းကြောင့်ရင်း မတုန်လှုပ်။

မသောင်းမှုကိုဖုတ်ကြည်းတတ်သော အမြဲမပြတ်ပြုလေ့ရှိသော သိမ်မွေ့သော(အရဟတ္တမဂ်)ဉာဏ်ဖြင့် ကောင်းစွာရှုတတ်သော ဥပါဒါန်တို့၏ ကုန်ရာ နိဗ္ဗာန်၌မွေ့လျော်သော ထိုပုဂ္ဂိုလ်တို့ကို သူတော်ကောင်းဟု ဆိုကုန်၏" ဟု (မိန့်တော်မူ၏)။

ဒွသမသုတ်။

ပဌမဝဂ် ပြီး၏

### ၂-ဒုတိယဝဂ် ၁-သုဝဏ္ဏပါတိသုတ်

၁၆၇။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏။ပ။ ရခြင်း၏ အန္တရာယ်ကို ပြုတတ်၏၊ ရဟန်းတို့ ငါဘုရားသည် "ဤအသျှင်သည် ငွေမှုန့်တို့ဖြင့်ပြည့်သော ရွှေခွက်ဟူသောအကြောင်းကြောင့်သော်လည်း သိလျက်ချွတ်ယွင်းသော စကားကိုမပြောဆိုရာ"ဟု အချို့သောပုဂ္ဂိုလ်၏ စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ သိ၏။ ထိုသူကို တပါသော အခါ၌ လာဘ်ပူဇော်သကာ အကျော်အစော နှိပ်စက်အပ်သည် သိမ်းကျုံးယှဉ်အပ်သော စိတ်ရှိသည်ဖြစ်၍ သိလျက် ချွတ်ယွင်းသောစကားကို ပြောဆိုနေသည်ကို တွေ့မြင်ရ၏၊ ရဟန်းတို့ ဤသို့လျှင် လာဘ်ပူဇော်သကာအကျော်အစောသည် ခက်ထန်၏၊ ပ။ရဟန်းတို့ ဤသို့လျှင် သင်တို့ကျင့်ရမည်ဟု(ဟောတော်မူ၏)။

ပဌမသုတ်။

### ၂-ရူပိယပါတိသုတ်

၁၆၈။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏။ပ။ ရဟန်းတို့ငါဘုရားသည် ဤသာသနာတော်၌ "ဤအသျှင်သည် ရွှေမှုန့်တို့ဖြင့် ပြည့်သော

http://www.dhammadownload.com



ငွေခွက်ဟူသောအကြောင်းကြောင့်သော်လည်း သိလျက်ချွတ်ယွင်းသောစကားကိုမပြောဆိုရာ”ဟု အချို့သော ပုဂ္ဂိုလ်၏စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ သိ၏။ ထိုသူကို တပါးသော အခါ၌ လာဘ်ပူဇော်သကာ အကျော်အစော နှိပ်စက်အပ်သည် သိမ်းကျုံးယူငင်အပ်သော စိတ်ရှိသည်ဖြစ်၍ သိလျက် ချွတ်ယွင်းသောစကားကို ပြောဆိုနေသည်ကို တွေ့မြင်ရ၏၊ ရဟန်းတို့ ဤသို့လျှင် လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏။ပ။ ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု (ဟောတော်မူ၏)။

ဒုတိယသုတ်၊

## ၃-သုဝဏ္ဏနိက္ခသုတ် စသော (၈) သုတ်

၁၆၉။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ငါဘုရားသည် “ဤအသျှင်သည် ရွှေစင်တနိက္ခဟူသော အကြောင်းကြောင့်သော်လည်း။ပ။ ရွှေစင်နိက္ခတရာဟူသော အကြောင်းကြောင့်သော်လည်း။ သိင်္ဂီနိက်ရွှေတနိက္ခဟူသော အကြောင်းကြောင့်သော်လည်း။ သိင်္ဂီနိက်ရွှေနိက္ခတရာဟူသော အကြောင်းကြောင့်သော်လည်း။ ရွှေဖြင့်ပြည့်သော မဟာပထဝီမြေဟူသော အကြောင်းကြောင့် သော်လည်း။တစုံတခုသော အာမိသဟူသော အကြောင်းကြောင့်သော်လည်း။ အသက်ဟူသော အကြောင်းကြောင့်သော်လည်း။ ဇနပုဒ်၌ ကောင်းခြင်းငါးရပ် ပြည့်စုံလတ်သည့် မိန်းမမြတ်ဟူသော အကြောင်းကြောင့်သော်လည်း သိလျက် ချွတ်ယွင်းသော စကားကိုမဆိုရာ”ဟု အချို့သော ပုဂ္ဂိုလ်၏ စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍သိ၏၊ ထိုသူကို တပါးသောအခါ၌ လာဘ်ပူဇော်သကာ အကျော်အစော နှိပ်စက်အပ်သည် သိမ်းကျုံးယူငင်အပ်သော စိတ်ရှိသည်ဖြစ်၍ သိလျက် ချွတ်ယွင်း သော စကားကို ပြောဆိုနေသည်ကိုတွေ့မြင်ရ၏၊ ရဟန်းတို့ ဤသို့လျှင် လာဘ်ပူဇော်သကာ အကျော်အစောသည်ခက်ထန်၏။ပ။ ရဟန်းတို့ ဤသို့လျှင်သင်တို့ကျင့်ရမည်ဟု(ဟောတော်မူ၏)။

ဒသမသုတ်။

ဒုတိယဝဂ်ပြီး၏။

## ၃-တတိယဝဂ် ၁-မာတုဂါမသုတ်

၁၇၀။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏ ။ပ။ ရဟန်းတို့ မာတုဂါမတယောက်သည် ထိုရဟန်းတယောက်၏ စိတ်ကို သိမ်းကျုံး ဆွဲငင်၍ မတည်နိုင်သော်လည်း လာဘ်ပူဇော်သကာ အကျော်အစောသည် ယင်း ရဟန်း၏ စိတ်ကို သိမ်းကျုံးဆွဲငင်၍ တည်နိုင်၏၊ ရဟန်းတို့ ဤသို့လျှင် လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏။ပ။ ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု(ဟောတော်မူ၏)။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-ကလျာဏီသုတ်

၁၇၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏။ပ။ ရဟန်းတို့ ဇနပုဒ်၌ ကောင်းခြင်းငါးရပ် ပြည့်စုံလတ်သည့် မိန်းမမြတ်တယောက်သည် ရဟန်းတယောက်၏ စိတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်သော်လည်း လာဘ်ပူဇော်သကာ အကျော်အစောသည် ယင်းရဟန်း၏စိတ်ကို သိမ်းကျုံးဆွဲငင်၍ တည်နိုင်၏၊ရဟန်းတို့ဤသို့လျှင် လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏။ပ။ ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု (ဟောတော်မူ၏)။

ဒုတိယသုတ်။

## ၃-ဧကပုတ္တကသုတ်

၁၇၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏။ပ။ ရဟန်းတို့ သဒ္ဓါတရားရှိသော ဥပါသိကာမသည်ချစ်အပ်သော နှလုံးကိုပွါးစေတတ်သော တယောက်တည်းသော သားကို ကောင်းစွာ တောင်းပန်လိုသည်ရှိသော် "ချစ်သား၊ စိတ္တသူကြွယ် ဟတ္ထကအာဠဝကသူကြွယ်တို့နှင့် တူသော သဘောရှိသူ ဖြစ်ပါလေလော့"ဟု တောင်းပန်ရာ၏။ ရဟန်းတို့ စိတ္တသူကြွယ်နှင့် ဟတ္ထကအာဠဝကသူကြွယ်တို့သည် ငါဘုရား၏ တပည့်ဖြစ်သော ဥပါသကာယောကျ်ားတို့တွင် ချိန်ခွင်သဖွယ်တည်း၊ နှိုင်းယှဉ်ဖွယ်တည်း။ ချစ်သား အကယ်၍ သင်သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရဟန်းပြုခဲ့မူ သာရိပုတြာ မောဂ္ဂလာန်တို့နှင့် တူသော သဘောရှိသူ ဖြစ်ပါလေလော့ဟု တောင်းပန်ရာ၏။ ရဟန်းတို့ သာရိပုတြာ မောဂ္ဂလာန်တို့သည် ငါဘုရားတပည့် ဖြစ်ကုန်သော ရဟန်းတို့တွင် ချိန်ခွင်သဖွယ်တည်း၊ နှိုင်းယှဉ်ဖွယ်တည်း။ ချစ်သား အရဟတ္တဖိုလ်သို့ မရောက်သေး၍ သေက္ခသာ ဖြစ်သော သင့်ကို လာဘ်ပူဇော်သကာ အကျော်အစောသည် မကျရောက်ပါစေလင့်ဟု တောင်းပန်ရာ၏၊ရဟန်းတို့ အရဟတ္တဖိုလ်သို့မရောက်သေး၍ သေက္ခသာ ဖြစ်သော ရဟန်းကို လာဘ်ပူဇော်သကာ အကျော်အစော ကျရောက်သည်ဖြစ်ခဲ့မူ ထိုလာဘ်ပူဇော်သကာ အကျော်အစောသည် ထိုသေက္ခရဟန်းအား အန္တရာယ် ပြုခြင်းငှါဖြစ်၏၊ ရဟန်းတို့ဤသို့လျှင် လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏။ပ။ ရဟန်းတို့ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု (ဟောတော်မူ၏)။

တတိယသုတ်။

## ၄-ဧကဓီတုသုတ်

၁၇၃။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏။ပ။ ရဟန်းတို့သဒ္ဓါတရားနှင့် ပြည့်စုံသော ဥပါသိကာမသည် ချစ်အပ်သော နှလုံးကို ပွါးစေတတ်သော တယောက်တည်းသော သမီးကို ကောင်းစွာ တောင်းပန်လိုသည် ရှိသော် "ချစ်သမီး၊ ခုဇ္ဇုတ္တရာ ဥပါသိကာမ,ဝေဠုကဏ္ဍကီမြို့သူနန္ဒမာတာဥပါသိကာမတို့နှင့်တူသောသဘောရှိသူဖြစ်ပါလေလော့"

http://www.dhammadownload.com



ဟု တောင်းပန်ရာ၏။ ရဟန်းတို့ ခုဇ္ဇုတ္တရာ ဥပါသိကာမနှင့် ဝေဠုကဏ္ဍကီမြို့သူ နန္ဒမာတာ ဥပါသိကာမသည် ငါဘုရား၏ တပည့်မ ဖြစ်ကုန်သော ဥပါသိကာမတို့တွင် ချိန်ခွင်သဖွယ်တည်း၊ နှိုင်းယှဉ်ဖွယ်တည်း။ ချစ်သမီး သင်သည် အကယ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြုခဲ့မူ ခေမာဘိက္ခုနီမ ဥပ္ပလဝဏ်ဘိက္ခုနီမတို့နှင့်တူသော သဘောရှိသူ ဖြစ်ပါလေလော့ ဟု တောင်းပန်ရာ၏။ ရဟန်းတို့ ခေမာဘိက္ခုနီမနှင့် ဥပ္ပလဝဏ်ဘိက္ခုနီမတို့သည် ငါဘုရား၏ တပည့်မဖြစ်ကုန်သော ရဟန်းမိန်းမတို့တွင် ချိန်ခွင်သဖွယ်တည်း၊ နှိုင်းယှဉ်ဖွယ်တည်း။ ချစ်သမီး အရဟတ္တဖိုလ်သို့ မရောက်သေး၍ သေက္ခသာ ဖြစ်သော သင့်ကို လာဘ်ပူဇော်သကာ အကျော်အစောသည် မကျရောက်ပါစေလင့် ဟု တောင်းပန်ရာ၏၊ ရဟန်းတို့ အရဟတ္တဖိုလ်သို့ မရောက်သေး၍ သေက္ခသာ ဖြစ်သော ထိုရဟန်းမိန်းမကို လာဘ်ပူဇော်သကာ အကျော်အစောသည် ကျရောက်ခဲ့မူ ထိုလာဘ်ပူဇော်သကာ အကျော်အစောသည် ထိုရဟန်းမိန်းမအား အန္တရာယ်ကို ပြုခြင်းငှါဖြစ်၏။ ရဟန်းတို့ ဤသို့လျှင် လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏။ပ။ရဟန်းတို့ ဤသို့လျှင်သင်တို့ ကျင့်ရမည်ဟု (ဟောတော်မူ၏)။

စတုတ္ထသုတ်။

## ၅-သမဏဗြာဟ္မဏသုတ်

၁၇၄။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစော၏ သာယာဖွယ်ကိုင်း အပြစ်ကိုင်း ထွက်မြောက်ရာကိုင်း ဟုတ်တိုင်းမှန်စွာမသိသော သမဏဗြာဟ္မဏဟူသမျှတို့ကို သမဏတို့၌ သမဏဟု မသမုတ်အပ်ကုန်၊ ဗြာဟ္မဏတို့၌ ဗြာဟ္မဏဟု မသမုတ်အပ်ကုန်၊ ထိုအသျှင်တို့သည် သမဏဖြစ်ကျိုးကိုင်း ဗြာဟ္မဏဖြစ်ကျိုးကိုင်း ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ရောက်၍ မနေရကုန်။ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစော၏ သာယာဖွယ်ကိုင်း အပြစ်ကိုင်း ထွက်မြောက်ရာကိုင်း ဟုတ်တိုင်းမှန်စွာ သိသော သမဏဗြာဟ္မဏဟူသမျှတို့ကို သမဏတို့၌ သမဏဟု သမုတ်အပ်ကုန်၏၊ ဗြာဟ္မဏတို့၌ ဗြာဟ္မဏဟု သမုတ်အပ်ကုန်၏၊ ထိုအသျှင်တို့သည် သမဏဖြစ်ကျိုးကိုင်း ဗြာဟ္မဏဖြစ်ကျိုးကိုင်း ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာရောက်၍ နေရကုန်၏ဟု (ဟောတော်မူ၏)။

ပဉ္စမသုတ်။

## ၆-ဒုတိယ သမဏဗြာဟ္မဏသုတ်

၁၇၅။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစော၏ ဖြစ်ခြင်းကိုင်း ချုပ်ခြင်းကိုင်း သာယာဖွယ်ကိုင်း အပြစ်ကိုင်း ထွက်မြောက်ရာကိုင်း ဟုတ်တိုင်းမှန်စွာ မသိကုန်သော သမဏဗြာဟ္မဏဟူသမျှတို့ကို။ပ။ သိကုန်သော သမဏဗြာဟ္မဏဟူသမျှတို့ကို။ပ။ ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာ ရောက်၍ နေရကုန်၏ ဟု(ဟောတော်မူ၏)။

ဆဋ္ဌသုတ်။

http://www.dhammadownload.com



## ၇-တတိယ သမဏဗြာဟ္မဏသုတ်

၁၇၆။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ မည်သည့်သမဏဗြာဟ္မဏတို့မဆို လာဘ်ပူဇော်သကာ အကျော်အစောကို ဟုတ်တိုင်းမှန်စွာ မသိကုန်၊ လာဘ်ပူဇော်သကာ အကျော်အစော၏အကြောင်းကို မသိကုန်၊ လာဘ်ပူဇော်သကာ အကျော်အစော၏ ချုပ်ရာကို မသိကုန်၊ လာဘ်ပူဇော်သကာ အကျော်အစော၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ကိုမသိကုန်။ပ။သိကုန်၏။ပ။ ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာ ရောက်လျက်နေရကုန်၏ ဟု (ဟောတော်မူ၏)။

သတ္တမသုတ်။

## ၈-ဆဝိသုတ်

၁၇၇။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏၊ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောသည် အရေပါးကို ဖြတ်၏၊ အရေပါးကို ဖြတ်ပြီး၍ အရေထူကို ဖြတ်၏၊ အရေထူကို ဖြတ်ပြီး၍ အသားကို ဖြတ်၏၊ အသားကို ဖြတ်ပြီး၍ အကြောကို ဖြတ်၏၊ အကြောကို ဖြတ်ပြီး၍ အရိုးကို ဖြတ်၏၊ အရိုးကို ဖြတ်ပြီး၍ ရိုးတွင်းခြင်ဆီကို ထိလျက်တည်၏၊ ရဟန်းတို့ ဤသို့လျှင် လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏။ပ။ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု (ဟောတော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ရဇ္ဇုသုတ်

၁၇၈။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏၊ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောသည် အရေပါးကို ဖြတ်၏၊ အရေပါးကို ဖြတ်ပြီး၍ အရေထူကိုဖြတ်၏၊ အရေထူကို ဖြတ်ပြီး၍ အသားကိုဖြတ်၏၊ အသားကို ဖြတ်ပြီး၍ အကြောကို ဖြတ်၏၊အကြောကိုဖြတ်ပြီး၍ အရိုးကိုဖြတ်၏၊အရိုးကိုဖြတ်ပြီး၍ ရိုးတွင်းခြင်ဆီကိုထိလျက်တည်၏။

ရဟန်းတို့ ဥပမာသော်ကား အားကြီးသော ယောကျ်ားသည် ခိုင်လှစွာသောသားမြီးကြိုးဖြင့် ခြေသလုံး(မြင်းခေါင်း)ကိုရစ်ပတ်လျက်ပွတ်တိုက်ရ၏၊ထိုသားမြီးကြိုးသည်အရေပါးကိုဖြတ်ရာ၏၊ အရေပါးကို ဖြတ်ပြီး၍ အရေထူကိုဖြတ်ရာ၏၊အရေထူကိုဖြတ်ပြီး၍ အသားကိုဖြတ်ရာ၏၊အသားကို ဖြတ်ပြီး၍ အကြောကိုဖြတ်ရာ၏၊ အကြောကို ဖြတ်ပြီး၍ အရိုးကို ဖြတ်ရာ၏၊ အရိုးကို ဖြတ်ပြီး၍ ရိုးတွင်းခြင်ဆီကို ထိလျက် တည်ရာ၏။ ရဟန်းတို့ ဤအတူသာလျှင် လာဘ်ပူဇော်သကာ အကျော်အစောသည် အရေပါးကို ဖြတ်၏၊ အရေပါးကို ဖြတ်ပြီး၍ အရေထူကို ဖြတ်၏၊ အရေထူကို ဖြတ်ပြီး၍ အသားကို ဖြတ်၏၊အသားကို ဖြတ်ပြီး၍ အကြောကို ဖြတ်၏၊ အကြောကို ဖြတ်ပြီး၍ အရိုးကို ဖြတ်၏၊ အရိုးကို ဖြတ်ပြီး၍ ရိုးတွင်းခြင်ဆီကို ထိလျက် တည်၏။ ရဟန်းတို့ ဤသို့လျှင် လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏။ပ။ ရဟန်းတို့ ဤသို့လျှင် သင်တို့ကျင့်ရမည်ဟု (ဟောတော်မူ၏)။

နဝမသုတ်။

http://www.dhammadownload.com



## ၁၀-တိက္ခသုတ်

၁၇၉။ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောသည် အာသဝေါကုန်ပြီးသော ရဟန္တာအားသော်လည်း အန္တရာယ်ကို ပြုရန် ဖြစ်နိုင်၏ ဟူ၍ ငါဆို၏ ဟု မိန့်တော်မူ၏။ ဤသို့ မိန့်တော်မူသည်ရှိသော် အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား "အသျှင်ဘုရား လာဘ်ပူဇော်သကာ အကျော်အစောသည် အဘယ်သို့လျှင် အာသဝေါကုန်ပြီးသော ရဟန္တာအား အန္တရာယ်ပြုရန် ဖြစ်ပါသနည်း" ဟု လျှောက်၏၊ အာနန္ဒာ လာဘ်ပူဇော်သကာ အကျော်အစောကို ထိုရဟန္တာ ပုဂ္ဂိုလ်၏ မပျက်စီးနိုင်သောကိလေသာမှလွတ်မြောက်ရာ အရဟတ္တဖိုလ်သမာဓိ၏အန္တရာယ်ကိုပြုရန် ဖြစ်၏ဟူ၍ ငါဆိုသည်မဟုတ်၊ အာနန္ဒာ လာဘ်ပူဇော်သကာ အကျော်အစောကို မမေ့လျော့ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိလျက် နိဗ္ဗာန်သို့စေလွှတ်အပ်သော စိတ်ရှိသည် ဖြစ်၍ နေသော ရဟန္တာပုဂ္ဂိုလ်သည် ရအပ် ရောက်အပ်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာနေမှု (ဖလသမာပတ်)တို့၏ အန္တရာယ်ပြုရန် ဖြစ်၏ဟူ၍ ငါဆို၏။ အာနန္ဒာ ဤသို့လျှင် လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏၊ ထက်မြက်၏၊ ကြမ်းထမ်း၏၊ အတုမရှိသောယောဂကို ကုန်ရာ အရဟတ္တဖိုလ်ကိုရခြင်း၏ အန္တရာယ်ကိုပြုတတ်၏။ အာနန္ဒာ ထို့ကြောင့်ဤသာသနာတော်၌ ဤသို့ ကျင့်ရမည်"ဖြစ်ပေါ်လာသော လာဘ်ပူဇော်သကာ အကျော်အစောကိုစွန့်ကုန်အံ့၊ဖြစ်ပေါ်လာသော လာဘ်ပူဇော်သကာ အကျော်အစောသည် ငါတို့၏စိတ်ကို သိမ်းကျုံးယူငင်၍မတည်နိုင်လတ္တံ့ ဟူ၍ ဤသို့လျှင် သင်တို့ကျင့်ရမည်" ဟု(ဟောတော်မူ၏)။

ဒသမသုတ်။

တတိယဝဂ် ပြီး၏။

---

## ၄-စတုတ္ထဝဂ် ၁-ဘိန္ဒိသုတ်

၁၈၀။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏၊ ဒေဝဒတ်သည် လာဘ်ပူဇော်သကာ အကျော်အစော နှိပ်စက်အပ်သည် သိမ်းကျုံးယူငင်အပ်သော စိတ်ရှိသည်ဖြစ်၍ သံဃာကို သင်းခွဲ၏၊ ရဟန်းတို့ ဤသို့လျှင် လာဘ်ပူဇော်သကာအကျော်အစောသည် ခက်ထန်၏။ပ။ ကျင့်ရမည် ဟု (ဟောတော်မူ၏)။

ပဌမသုတ်။

---

## ၂-ကုသလမူလသုတ်

၁၈၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏၊ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောနှိပ်စက်အပ် သိမ်းကျုံးယူငင်အပ်သော စိတ်ရှိသော ဒေဝဒတ်အား ကုသိုလ်အရင်းမူလသည် ပြတ်ခြင်းသို့ရောက်ခဲ့ပြီ၊ ရဟန်းတို့ ဤသို့လျှင် လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏။ပ။ ကျင့်ရမည်ဟု (ဟောတော်မူ၏)။

ဒုတိယသုတ်။

http://www.dhammadownload.com



## ၃-ကုသလဓမ္မသုတ်

၁၈၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏၊ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောနှိပ်စက်အပ် သိမ်းကျုံးယူငင်အပ်သော စိတ်ရှိသော ဒေဝဒတ်အား ကုသိုလ်တရားသည် ပြတ်ခြင်းသို့ ရောက်ခဲ့ပြီ၊ ရဟန်းတို့ ဤသို့လျှင် လာဘ်ပူဇော်သကာ အကျော်အစောသည် ဤသို့ ခက်ထန်၏။ပ။ ကျင့်ရမည်ဟု (ဟောတော်မူ၏)။

တတိယသုတ်။

## ၄-သုက္ကဓမ္မသုတ်

၁၈၃။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏၊ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောနှိပ်စက်အပ် သိမ်းကျုံးယူငင်အပ်သော စိတ်ရှိသော ဒေဝဒတ်အား ဖြူစင်သော တရားသည်ပြတ်ခြင်းသို့ရောက်ခဲ့ပြီ၊ရဟန်းတို့ ဤသို့လျှင် လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏။ပ။ကျင့်ရမည်ဟု (ဟောတော်မူ၏)။

စတုတ္ထသုတ်။

## ၅-အစိရပက္ကန္တသုတ်

၁၈၄။ အနေ့ါတပါး၌ မြတ်စွာဘုရားသည် ဒေဝဒတ် (သင်းခွဲ) ထွက်သွား၍ မကြာမြင့်မီ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌(သီတင်းသုံး)နေတော်မူ၏၊ထိုအခါမြတ်စွာဘုရားသည်ဒေဝဒတ်ကို အကြောင်းပြု၍ ရဟန်းတို့ကို မိန့်တော်မူ၏—

ရဟန်းတို့ မိမိကိုယ်ကို သတ်ခြင်းငှါ ဒေဝဒတ်အား လာဘ်ပူဇော်သကာ အကျော်အစောသည်ဖြစ်ခဲ့၏၊ ပျက်စီးခြင်းငှါ ဒေဝဒတ်အား လာဘ်ပူဇော်သကာ အကျော်အစောသည်ဖြစ်ခဲ့၏။ ရဟန်းတို့ ငှက်ပျောပင်သည် မိမိကို သတ်ခြင်းငှါ အသီးကို သီးပေးရသကဲ့သို့ ပျက်စီးခြင်းငှါ အသီးကို သီးပေးရသကဲ့သို့ ဤအတူသာလျှင် မိမိကိုယ်ကို သတ်ခြင်းငှါ ဒေဝဒတ်အား လာဘ်ပူဇော်သကာ အကျော်အစောသည်ဖြစ်ခဲ့၏၊ ပျက်စီးခြင်းငှါ ဒေဝဒတ်အား လာဘ်ပူဇော်သကာ အကျော်အစောသည် ဖြစ်ခဲ့၏။

ရဟန်းတို့ ဝါးပင်သည် မိမိကိုယ်ကိုသတ်ခြင်းငှါ အသီးကို သီးပေးရသကဲ့သို့ ပျက်စီးခြင်းငှါ အသီးကို သီးပေးရသကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် မိမိကိုယ်ကို သတ်ခြင်းငှါ ဒေဝဒတ်အား လာဘ်ပူဇော်သကာ အကျော်အစောသည် ဖြစ်ခဲ့၏၊ ပျက်စီးခြင်းငှါ ဒေဝဒတ်အား လာဘ်ပူဇော်သကာ အကျော်အစောသည် ဖြစ်ခဲ့၏။

ရဟန်းတို့ ကျူပင်သည် မိမိကိုယ်ကိုသတ်ခြင်းငှါ အသီးကို သီးပေးရသကဲ့သို့ ပျက်စီးခြင်းငှါ အသီးကို သီးပေးရသကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် မိမိကိုယ်ကို သတ်ခြင်းငှါ ဒေဝဒတ်အား

http://www.dhammadownload.com



လာဘ်ပူဇော်သကာ အကျော်အစောသည် ဖြစ်ခဲ့၏၊ ပျက်စီးခြင်းငှါ ဒေဝဒတ်အား လာဘ်ပူဇော်သကာ အကျော်အစောသည် ဖြစ်ခဲ့၏။

ရဟန်းတို့ အဿတရီမြင်းမသည် မိမိကိုယ်ကိုသတ်ခြင်းငှါ ကိုယ်ဝန်ကိုယူသကဲ့သို့ပျက်စီးခြင်းငှါ ကိုယ်ဝန်ကို ယူရသကဲ့သို့ ရဟန်းတို့ဤအတူသာလျှင် မိမိကိုယ်ကိုသတ်ခြင်းငှါ ဒေဝဒတ်အား လာဘ်ပူဇော်သကာ အကျော်အစောသည် ဖြစ်ခဲ့၏၊ ပျက်စီးခြင်းငှါ ဒေဝဒတ်အား လာဘ်ပူဇော်သကာ အကျော်အစောသည် ဖြစ်ခဲ့၏၊ ရဟန်းတို့ ဤသို့လျှင် လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏၊ ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ရမည်၊ မြတ်စွာဘုရားသည် ဤစကားတော်ကို ဟောတော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော လူနတ်တို့၏ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤစကားကိုဟောတော်မူပြီး၍ ထို့ပြင်တပါး ဤဂါထာကိုဟောတော်မူ၏—

> “စင်စစ်အားဖြင့် ငှက်ပျောသီးသည်ငှက်ပျောပင်ကိုသတ်သကဲ့သို့ဝါးသီးသည်ဝါးပင်ကို သတ်သကဲ့သို့ ကျူသီးသည် ကျူပင်ကို သတ်သကဲ့သို့ အဿတရီမြင်းမ၏ ကိုယ်ဝန်သည် မြင်းမကို သတ်သကဲ့သို့ ထို့အတူ ပူဇော်သကာ အကျော်အစောသည် ယောကျ်ားယုတ်ကို သတ်၏”ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ပဉ္စရထသတသုတ်

၁၇၅။ ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌(သီတင်းသုံး) နေတော်မူ၏၊ ထိုအခါအဇာတသတ်မင်းသားသည်ရထားငါးရာတို့ဖြင့်ညဉ့်နံနက်တိုင်းဒေဝဒတ်အား ဆည်းကပ်ရန် သွား၏၊ ပို့ဆွမ်း ဆွမ်းအိုးငါးရာတို့ကိုပို့၏၊ ထိုအခါ များစွာကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေကုန်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကုန်၏— “အသျှင်ဘုရား အဇာတသတ်မင်းသည် ငါးရာသော ရထားတို့ဖြင့် ညဉ့်နံနက်တိုင်း ဒေဝဒတ်အား ဆည်းကပ်ရန် သွားပါ၏၊ ပို့ဆွမ်းဆွမ်းအိုး ငါးရာတို့ကို ပို့ပါ၏” ဟု လျှောက်ကုန်၏၊ ရဟန်းတို့ ဒေဝဒတ်၏ လာဘ်ပူဇော်သကာ အကျော် အစောတို့ကို မမြတ်နိုးကုန်လင့်၊ ရဟန်းတို့ အကြင်မျှလောက် အဇာတသတ်မင်းသည် ငါးရာသော ရထားတို့ဖြင့် ညဉ့်နံနက်တိုင်း ဒေဝဒတ်အား ဆည်းကပ်လတ္တံ့၊ ပို့ဆွမ်း ဆွမ်းအိုးငါးရာတို့ကိုပို့လတ္တံ့။ ရဟန်းတို့ ထိုမျှလောက် ဒေဝဒတ်အား ကုသိုလ်တရားတို့၌ ဆုတ်ယုတ်ခြင်းကိုသာလျှင် (မချွတ် ရလိမ့်မည်ဟု) မျှော်လင့်အပ်၏၊ ကြီးပွါးခြင်းကို မမျှော်လင့်အပ်။

ရဟန်းတို့ ကြမ်းသော ခွေး၏ နှာခေါင်း၌ ငါးစသည်၏ သည်းခြေကို ထည့်ကုန်ရာ၏၊ ဤသို့ ပြုသည်ရှိသော် ထိုခွေးသည် အတိုင်းထက်အလွန် ကြမ်းထမ်းသကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် အကြင်မျှလောက် အဇာတသတ်မင်းသားသည် ငါးရာသောရထားတို့ဖြင့် ညဉ့်နံနက်တိုင်းဒေဝဒတ် အား ဆည်းကပ်ရန် သွားလတ္တံ့၊ ပို့ဆွမ်း ဆွမ်းအိုး ငါးရာတို့ကို ပို့လတ္တံ့၊ ရဟန်းတို့ ထိုမျှလောက် ဒေဝဒတ်အားကုသိုလ်တရားတို့၌ဆုတ်ယုတ်ခြင်းကိုသာလျှင်(မချွတ်ရလိမ့်မည်ဟု)မျှော်လင့်အပ်၏။

http://www.dhammadownload.com



ကြီးပွားခြင်းကို မမျှော်လင့်အပ်။ ၄ ယာန်းတို့ ဤသို့လျှင် လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏။ပ။ ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု (ဟောတော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-မဒတုသုတ်

၁၇၆။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏၊ ထက်မြက်၏၊ ကြမ်းထမ်း၏၊ အတုမရှိမှု၍ ယောဂ၏ကုန်ရာ အရဟတ္တဖိုလ်ကို ရခြင်း၏အန္တရာယ်ကို ပြုတတ်၏၊ ရဟန်းတို့ ငါဘုရားသည် ဤအသျှင်သည် အမိဟူသော အကြောင်းကြောင့်လည်း သိလျက် ချွတ်ယွင်းသော စကားကို မဆိုရာဟု အချို့သော ပုဂ္ဂိုလ်၏စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ သိ၏၊ ထိုသူကို တပါးသောအခါ၌ လာဘ်ပူဇော်သကာ အကျော်အစော နှိပ်စက်အပ်သည် သိမ်းကျုံးယူငင်အပ်သော စိတ်ရှိသည်ဖြစ်၍ သိလျက် ချွတ်ယွင်းသော စကားကို ပြောဆိုနေသည်ကို တွေ့မြင်ရ၏။ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောသည် ဤသို့ ခက်ထန်၏၊ထက်မြက်၏၊ ကြမ်းထမ်း၏၊ အတုမရှိမှု၍ ယောဂ၏ကုန်ရာ အရဟတ္တဖိုလ်ကို ရခြင်း၏ အန္တရာယ်ကို ပြုတတ်၏။ ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ ဤသို့ ကျင့်ရမည်—"ဖြစ်ပေါ်လာသော လာဘ်ပူဇော်သကာ အကျော်အစောကို စွန့်ကုန်အံ့၊ ဖြစ်ပေါ်လာသော လာဘ်ပူဇော်သကာ အကျော်အစောသည် ငါတို့၏ စိတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်လတ္တံ့"ဟု ဤသို့လျှင် သင်တို့ ကျင့်ရမည် ဟု (ဟောတော်မူ၏)။

သတ္တမသုတ်။

## ၈-၁၃-ပိတုစသောခြောက်သုတ်

၁၇၇။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏၊ ထက်မြက်၏၊ ကြမ်းထမ်း၏၊ အတုမရှိမှု၍ ယောဂ၏ကုန်ရာ အရဟတ္တဖိုလ်ကို ရခြင်း၏ အန္တရာယ်ကို ပြုတတ်၏၊ ရဟန်းတို့ ငါဘုရားသည် ဤအသျှင်သည် အဖဟူသော အကြောင်းကြောင့်လည်း။ပ။(ချွဲအပ်၏)အစ်ကိုဟူသော အကြောင်းကြောင့်လည်း။ နှမဟူသောအကြောင်းကြောင့်လည်း။ သားဟူသောအကြောင်းကြောင့်လည်း။သမီးဟူသော အကြောင်းကြောင့်လည်း။ မယားဟူသော အကြောင်းကြောင့်လည်း သိလျက်ချွတ်ယွင်းသောစကားကိုမဆိုရာဟု အချို့သော ပုဂ္ဂိုလ်၏ စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ သိ၏၊ ထိုသူကို တပါးသောအခါ၌ လာဘ်ပူဇော်သကာ အကျော်အစော နှိပ်စက်အပ်သည် သိမ်းကျုံးယူငင်အပ်သော စိတ်ရှိသည်ဖြစ်၍သိလျက်ချွတ်ယွင်းသော စကားကို ပြောဆိုနေသည်ကို တွေ့မြင်ရ၏။ ရဟန်းတို့ ဤသို့လျှင် လာဘ်ပူဇော်သကာ အကျော်အစောသည် ခက်ထန်၏၊ ထက်မြက်၏၊ ကြမ်းထမ်း၏၊ အတုမရှိသော ယောဂ၏ကုန်ရာ

http://www.dhammadownload.com



အရဟတ္တဖိုလ်ကို ရခြင်း၏ အန္တရာယ်ကို ပြုတတ်၏၊ ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ ဤသို့ ကျင့်ရမည်—"ဖြစ်ပေါ်လာသော လာဘ်ပူဇော်သက္ကာ အကျော်အစောကို စွန့်ကုန်အံ့၊ ဖြစ်ပေါ်လာသော လာဘ်ပူဇော်ကာ အကျော်အစောသည် ငါတို့၏ စိတ်ကို သိမ်းကျုံး ယူငင်၍ မတည်နိုင်လတ္တံ့" ဟု ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု (ဟောတော်မူ၏)။

ထေရသမသုတ်။

စတုတ္ထဝဂ် ပြီး၏။

လာဘသက္ကာရသံယုတ် ပြီး၏။

http://www.dhammadownload.com

# ၇-ရာဟုလသံယုတ်

## ၁-ပဌမဝဂ် ၁-စက္ခုသုတ်

၁၈၈။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်- အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အသျှင်ရာဟုလာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— "အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်အား အကျဉ်းအားဖြင့် တရားတော်ကို ဟောတော်မူပါလော့၊ အကျွန်ုပ်သည် မြတ်စွာဘုရား၏ ယင်းတရားကို ကြားနာရ၍ တယောက်တည်း ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ပြီးလျှင် မမေ့မလျော့ ပြင်းစွာ အားထုတ်သည် နိဗ္ဗာန်သို့စေလွှတ်ထားသောစိတ်ရှိသည်ဖြစ်၍ နေပါအံ့"ဟု လျှောက်၏။

ရာဟုလာ ထိုအရာကို အဘယ်သို့ မှတ်သင်သနည်း၊ မျက်စိ "စက္ခုပသာဒ"သည် မြဲသလော မမြဲသလော။ အသျှင်ဘုရား မမြဲပါ၊ မမြဲသော မျက်စိ 'စက္ခုပသာဒ' သည် ဆင်းရဲလော ချမ်းသာလော။ အသျှင်ဘုရား ဆင်းရဲပါတည်း၊ မမြဲသော ဆင်းရဲ၍ ဖောက်ပြန်တတ်သော သဘောရှိသော မျက်စိ'စက္ခုပသာဒ'ကို ဤမျက်စိ 'စက္ခုပသာဒ'သည် ငါ၏ဥစ္စာတည်း၊ ဤမျက်စိ 'စက္ခုပသာဒ'သည် ငါဖြစ်၏၊ ဤမျက်စိ 'စက္ခုပသာဒ'သည် ငါ၏အတ္တတည်းဟူ၍ ရှုခြင်းငှါ သင့်လျော်ပါမည်လော။ အရှင်ဘုရား ဤသို့ရှုခြင်းသည် မသင့်လျော်ပါ။

နား 'သောတပသာဒ' သည် မြဲသလော မမြဲသလော။ အသျှင်ဘုရား မမြဲပါ။ နှာခေါင်း 'ဃာနပသာဒ' သည် မြဲသလော မမြဲသလော။ အသျှင်ဘုရား မမြဲပါ။ လျှာ 'ဇိဝှါပသာဒ'သည် မြဲသလော မမြဲသလော။ အသျှင်ဘုရား မမြဲပါ။ ကိုယ် 'ကာယပသာဒ'သည် မြဲသလော မမြဲသလော။ အရှင်ဘုရား မမြဲပါ။ စိတ်သည် မြဲသလော မမြဲလလော။ အသျှင်ဘုရား မမြဲပါ။ မမြဲသော စိတ်သည် ဆင်းရဲလော ချမ်းသာလော။ အသျှင်ဘုရား ဆင်းရဲပါတည်း။ မမြဲသော ဆင်းရဲ၍ ဖောက်ပြန်တတ်သော သဘောရှိသောစိတ်ကို ဤစိတ်သည် ငါ၏ဥစ္စာတည်း၊ ဤစိတ်သည် ငါဖြစ်၏၊ ဤစိတ်သည် ငါ၏ အတ္တတည်းဟူ၍ ရှုခြင်းငှါ သင့်လျော်ပါမည်လော။ အသျှင်ဘုရား ဤသို့ ရှုခြင်းသည် မသင့်လျော်ပါ။

ရာဟုလာ ဤသို့ မြင်သော အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်သည် မျက်စိ 'စက္ခုပသာဒ' ၌လည်း ငြီးငွေ့၏။ နား 'သောတပသာဒ' ၌လည်း ငြီးငွေ့၏၊ နှာခေါင်း 'ဃာနပသာဒ' ၌လည်း ငြီးငွေ့၏၊ လျှာ 'ဇိဝှါပသာဒ'၌လည်း ငြီးငွေ့၏၊ ကိုယ် 'ကာယပသာဒ'၌လည်း ငြီးငွေ့၏၊ စိတ်၌လည်း ငြီးငွေ့၏ ငြီးငွေ့သည်ရှိသော် တပ်ခြင်းကင်း၏၊ တပ်ခြင်းကင်းသည်ရှိသော် ကိလေသာမှ လွတ်မြောက်၏၊ ကိလေသာမှ လွတ်မြောက်သည်ရှိသော် လွတ်မြောက်ပြီဟူသော အသိဉာဏ် ဖြစ်၏၊ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ အရဟတ္တဖိုလ်ဟူသော အကျိုးငှါ တဖန် ပြုဖွယ်မရှိတော့ပြီ" ဟု သိ၏ဟု (မိန့်တော်မူ၏)။ [ဆယ်သုတ်လုံးကို ဤပေယျာလနည်းဖြင့် ချဲ့အပ်ကုန်၏]။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-ရူပသုတ်

၁၇၉။ သာဝတ္ထိနိဒါန်း။ ရာဟုလာ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ အဆင်း 'ရူပါရုံ' တို့သည် မြဲကုန်သလော မမြဲကုန်သလော။ အသျှင်ဘုရား မမြဲပါ။ပ။ အသံ 'သဒ္ဒါရုံ' တို့သည်။ အနံ့ 'ဂန္ဓာရုံ' တို့သည်။ အရသာ 'ရသာရုံ' တို့သည်။ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့သည်။ သဘောတရား 'ဓမ္မာရုံ' တို့သည် မြဲကုန်သလော မမြဲကုန်သလော။ အသျှင်ဘုရား မမြဲပါကုန်။ ရာဟုလာ ဤသို့ မြင်သော အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်သည် အဆင်း 'ရူပါရုံ' တို့၌လည်း ငြီးငွေ့၏၊ အသံ 'သဒ္ဒါရုံ' တို့၌လည်း ငြီးငွေ့၏၊ အနံ့ 'ဂန္ဓာရုံ' တို့၌လည်း ငြီးငွေ့၏၊ အရသာ 'ရသာရုံ' တို့၌လည်း ငြီးငွေ့၏၊ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့၌လည်း ငြီးငွေ့၏၊ သဘောတရား 'ဓမ္မာရုံ' တို့၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သည်ရှိသော် တပ်ခြင်းကင်း၏။ပ။ သိ၏ဟု (ဟောတော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ဝိညာဏသုတ်

၁၈၀။ သာဝတ္ထိနိဒါန်း။ ရာဟုလာ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ မျက်စိကို မှီ၍ သိမှု 'စက္ခုဝိညာဏ်' သည် မြဲသလော မမြဲသလော။ အသျှင်ဘုရား မမြဲပါ။ အသံကို မှီ၍ သိမှု 'သောတဝိညာဏ်' သည်။ပ။ နှာခေါင်းကို မှီ၍ သိမှု 'ဃာနဝိညာဏ်' သည်။ လျှာကို မှီ၍ သိမှု 'ဇိဝှါဝိညာဏ်' သည်။ ကိုယ်ကို မှီ၍ သိမှု 'ကာယဝိညာဏ်' သည်။ စိတ်ဟူသောသိမှု 'မနောဝိညာဏ်' သည် မြဲသလော၊ မမြဲသလော။ အသျှင်ဘုရား မမြဲပါ။ ရာဟုလာ ဤသို့ မြင်သော အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်သည် မျက်စိကို မှီ၍ သိမှု 'စက္ခုဝိညာဏ်' ၌လည်း ငြီးငွေ့၏။ပ။ နားကို မှီ၍ သိမှု 'သောတဝိညာဏ်' ၌လည်း ငြီးငွေ့၏၊ နှာခေါင်းကို မှီ၍ သိမှု 'ဃာနဝိညာဏ်' ၌လည်း ငြီးငွေ့၏၊ လျှာကို မှီ၍ သိမှု 'ဇိဝှါဝိညာဏ်' ၌လည်း ငြီးငွေ့၏၊ ကိုယ်ကို မှီ၍သိမှု 'ကာယဝိညာဏ်' ၌လည်း ငြီးငွေ့၏၊ စိတ်ကို မှီ၍သိမှု 'မနောဝိညာဏ်' ၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သည်ရှိသော် တပ်ခြင်းကင်း၏၊ပ။ သိ၏ဟု (ဟောတော်မူ၏)။

တတိယသုတ်။

---

## ၄-သမ္ဖဿသုတ်

၁၈၁။ သာဝတ္ထိနိဒါန်း။ ရာဟုလာ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း။ မျက်စိကြောင့် ဖြစ်သော တွေ့ထိမှု 'စက္ခုသမ္ဖဿ' သည် မြဲသလော မမြဲသလော။ အသျှင်ဘုရား မမြဲပါ။ နားကြောင့် ဖြစ်သော တွေ့ထိမှု 'သောတသမ္ဖဿ' သည်။ပ။ နှာခေါင်းကြောင့် ဖြစ်သောတွေ့ထိမှု 'ဃာနသမ္ဖဿ' သည်။ လျှာကြောင့် ဖြစ်သော တွေ့ထိမှု 'ဇိဝှါသမ္ဖဿ' သည်။ ကိုယ်ကြောင့်ဖြစ်သော တွေ့ထိမှု 'ကာယသမ္ဖဿ' သည်။ စိတ်ကြောင့်ဖြစ်သောတွေ့ထိမှု 'မနောသမ္ဖဿ' သည် မြဲသလော မမြဲသလော။ အသျှင်ဘုရား မမြဲပါ။ ရာဟုလာ ဤသို့ မြင်သော အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်သည် စက္ခုသမ္ဖဿ၌လည်း ငြီးငွေ့၏။ပ။ သောတသမ္ဖဿ၌လည်း ငြီးငွေ့၏၊ ဃာနသမ္ဖဿ၌လည်း

http://www.dhammadownload.com



ငြီးငွေ၏၊ ဇိဝှါသမ္ဖဿဥ္စလည်း ငြီးငွေ၏၊ ကာယသမ္ဖဿဥ္စလည်း ငြီးငွေ၏၊ မနောသမ္ဖဿဥ္စလည်း ငြီးငွေ၏၊ ငြီးငွေသည်ရှိသော် တပ်ခြင်းကင်း၏။ပ။ သိ၏ဟု (ဟောတော်မူ၏)။

စတုတ္ထသုတ်။

## ၅-ဝေဒနာသုတ်

၁၉၂။ သာဝတ္ထိနိဒါန်း။ ရာဟုလာ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ မျက်စိ အတွေ့ကြောင့် ဖြစ်သော ခံစားမှု 'စက္ခုသမ္ဖဿဇာဝေဒနာ'သည် မြဲသလော မမြဲသလော၊ အသျှင်ဘုရား မမြဲပါ။ နားအတွေ့ကြောင့် ဖြစ်သော ခံစားမှု 'သောတသမ္ဖဿဇာဝေဒနာ'သည်။ပ။ နှာခေါင်းအတွေ့ကြောင့် ဖြစ်သော ခံစားမှု 'ဃာနသမ္ဖဿဇာဝေဒနာ'သည်။လျှာအတွေ့ကြောင့် ဖြစ်သော ခံစားမှု 'ဇိဝှါသမ္ဖဿဇာဝေဒနာ'သည်။ ကိုယ်အတွေ့ကြောင့် ဖြစ်သော ခံစားမှု 'ကာယသမ္ဖဿဇာဝေဒနာ'သည်။ စိတ်အတွေ့ကြောင့် ဖြစ်သော ခံစားမှု'မနောသမ္ဖဿဇာဝေဒနာ'သည် မြဲသလော မမြဲသလော။ အသျှင်ဘုရား မမြဲပါ။ ရာဟုလာ ဤသို့ မြင်သော အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်သည် စက္ခုသမ္ဖဿဇာဝေဒနာ၌လည်း ငြီးငွေ၏။ပ။ သောတသမ္ဖဿဇာဝေဒနာ၌လည်း ငြီးငွေ၏၊'ဃာနသမ္ဖဿဇာဝေဒနာ'၌လည်း ငြီးငွေ၏၊'ဇိဝှါ သမ္ဖဿဇာဝေဒနာ'၌လည်း ငြီးငွေ၏၊'ကာယသမ္ဖဿဇာဝေဒနာ'၌လည်း ငြီးငွေ၏၊'မနောသမ္ဖဿဇာဝေဒနာ'၌လည်း ငြီးငွေ၏၊ ငြီးငွေသည်ရှိသော် တပ်ခြင်းကင်း၏။ပ။သိ၏ဟု (ဟောတော်မူ၏)။

ပဉ္စမသုတ်။

## ၆-သညာသုတ်

၁၉၃။ သာဝတ္ထိနိဒါန်း။ ရာဟုလာ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ အဆင်း၌ မှတ်သားမှု 'ရူပသညာ'သည် မြဲသလော မမြဲသလော၊ အသျှင်ဘုရား မမြဲပါ၊ အသံ၌ မှတ်သားမှု 'သဒ္ဒသညာ'သည်။ပ။ အနံ့၌မှတ်သားမှု 'ဂန္ဓသညာ'သည်။အရသာ၌မှတ်သားမှု'ရသသညာ'သည်။ အတွေ့၌ မှတ်သားမှု'ဖောဋ္ဌဗ္ဗသညာ'သည်။သဘောတရား၌မှတ်သားမှု'ဓမ္မသညာ'သည်မြဲသလော မမြဲသလော။ အသျှင်ဘုရား မမြဲပါ။ ရာဟုလာ ဤသို့ မြင်သော အကြားအမြင်နှင့်ပြည့်စုံသော အရိယာတပည့်သည် ရူပသညာ၌လည်း ငြီးငွေ၏။ပ။ သဒ္ဒသညာ၌လည်း ငြီးငွေ၏။ ဂန္ဓသညာ၌လည်း ငြီးငွေ၏။ ရသသညာ၌လည်း ငြီးငွေ၏။ ဖောဋ္ဌဗ္ဗသညာ၌လည်း ငြီးငွေ၏။ ဓမ္မသညာ၌လည်း ငြီးငွေ၏၊ ငြီးငွေသည်ရှိသော် တပ်ခြင်းကင်း၏။ပ။ သိ၏ဟု (ဟောတော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-သဉ္စေတနာသုတ်

၁၉၄။ သာဝတ္ထိနိဒါန်း။ ရာဟုလာ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊အဆင်း၌စေ့ဆော်မှု 'ရူပသဉ္စေတနာ'သည် မြဲသလော၊ မမြဲသလော။ အသျှင်ဘုရား မမြဲပါ။ အသံ၌ စေ့ဆော်မှု 'သဒ္ဒသဉ္စေတနာ'သည်။ပ။ အနံ့၌ စေ့ဆော်မှု 'ဂန္ဓသဉ္စေတနာ'သည်။ အရသာ၌ စေ့ဆော်မှု

http://www.dhammadownload.com



'ရသသဉ္စေတနာ'သည်။အတွေ့၌စေ့ဆော်မှု'ဖောဋ္ဌဗ္ဗသဉ္စေတနာ'သည်။ သဘောတရား၌စေ့ဆော်မှု 'ဓမ္မသဉ္စေတနာ'သည်မြဲသလော၊ မမြဲသလော။ အသျှင်ဘုရား မမြဲပါ။ ရာဟုလာဤသို့ မြင်သော အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်သည် ရူပသဉ္စေတနာ၌လည်း ငြီးငွေ့၏။ပ။ သဒ္ဒသဉ္စေတနာ၌လည်း ငြီးငွေ့၏။ ဂန္ဓသဉ္စေတနာ၌လည်း ငြီးငွေ့၏။ ရသသဉ္စေတနာ၌လည်း ငြီးငွေ့၏၊ ဖောဋ္ဌဗ္ဗသဉ္စေတနာ၌လည်း ငြီးငွေ့၏။ ဓမ္မသဉ္စေတနာ၌လည်း ငြီးငွေ့၏။ပ။ သိ၏ဟု (ဟောတော်မူ၏)။

သတ္တမသုတ်။

## ၈-တဏှာသုတ်။

၁၉၅။ သာဝတ္ထိနိဒါန်း။ ရာဟုလာ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ အဆင်း၌ တပ်မက်မှု'ရူပတဏှာ'သည် မြဲသလော၊ မမြဲသလော။ အသျှင်ဘုရား မမြဲပါ။ အသံ၌ တပ်မက်မှု'သဒ္ဒတဏှာ'သည်။ပ။ အနံ့၌ တပ်မက်မှု 'ဂန္ဓတဏှာ'သည်။ အရသာ၌ တပ်မက်မှု 'ရသတဏှာ'သည်။ အတွေ့၌ တပ်မက်မှု'ဖောဋ္ဌဗ္ဗတဏှာ'သည်။သဘောတရား၌ တပ်မက်မှု'ဓမ္မတဏှာ'သည်မြဲသလော၊ မမြဲသလော။အသျှင်ဘုရား မမြဲပါ၊ ရာဟုလာ ဤသို့ မြင်သော အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်သည် ရူပတဏှာ၌လည်း ငြီးငွေ့၏။ပ။သဒ္ဒတဏှာ၌လည်း ငြီးငွေ့၏။ ဂန္ဓတဏှာ၌လည်းငြီးငွေ့၏။ရသတဏှာ၌လည်း ငြီးငွေ့၏။ဖောဋ္ဌဗ္ဗတဏှာ၌လည်း ငြီးငွေ့၏။ဓမ္မတဏှာ၌လည်း ငြီးငွေ့၏။ပ။ သိ၏ဟု (ဟောတော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ဓာတုသုတ်

၁၉၆ သာဝတ္ထိနိဒါန်း။ ရာဟုလာ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ပထဝီဓာတ်သည် မြဲသလော၊ မမြဲသလော။ အသျှင်ဘုရား မမြဲပါ။ အာပေါဓာတ်သည်။ပ။ တေဇောဓာတ်သည်။ ဝါယောဓာတ်သည်။ အာကာသဓာတ်သည်။ ဝိညာဏဓာတ်သည် မြဲသလော၊ မမြဲသလော။အသျှင်ဘုရား မမြဲပါ။ ရာဟုလာ ဤသို့မြင်သော အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်သည် ပထဝီဓာတ်၌လည်း ငြီးငွေ့၏။ပ။ အာပေါဓာတ်၌လည်း ငြီးငွေ့၏။ တေဇောဓာတ်၌လည်း ငြီးငွေ့၏။ဝါယောဓာတ်၌လည်းငြီးငွေ့၏။အာကာသဓာတ်၌လည်းငြီးငွေ့၏။ ဝိညာဏဓာတ်၌လည်း ငြီးငွေ့၏။ပ။သိ၏ဟု (ဟောတော်မူ၏)။

နဝမသုတ်။

## ၁၀-ခန္ဓသုတ်

၁၉၇။ သာဝတ္ထိနိဒါန်း။ ရာဟုလာ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော။ အသျှင်ဘုရား မမြဲပါ။ ဝေဒနာသည်။ပ။သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ အသျှင်ဘုရား မမြဲပါ။ ရာဟုလာ ဤသို့ မြင်သော

http://www.dhammadownload.com



အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်သည် ရုပ်၌လည်း ငြီးငွေ့၏။ပ။ ဝေဒနာ၌လည်း ငြီးငွေ့၏။ သညာ၌လည်း ငြီးငွေ့၏၊ သင်္ခါရတို့၌လည်း ငြီးငွေ့၏။ ဝိညာဏ်၌လည်း ငြီးငွေ့၏၊ငြီးငွေ့သည်ရှိသော် တပ်ခြင်းကင်း၏၊ တပ်ခြင်း ကင်းသည်ရှိသော် ကိလေသာမှ လွတ်မြောက်၏၊ ကိလေသာမှ လွတ်မြောက်သည်ရှိသော် လွတ်မြောက်၏ဟူ၍ အသိဉာဏ် ဖြစ်၏၊ ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ အရဟတ္တဖိုလ်ဟူသော အကျိုးငှါ တဖန်ပြုဖွယ်မရှိတော့ပြီဟု သိ၏ ဟု (ဟောတော်မူ၏)။

ဒသမသုတ်။

ပဌမဝဂ် ပြီး၏။

## ၂-ဒုတိယဝဂ် ၁-စက္ခုသုတ်

၁၉၈။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည်သာဝတ္ထိပြည်၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ အသျှင်ရာဟုလာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော အသျှင်ရာဟုလာအား မြတ်စွာဘုရားသည် ဤစကားကို မိန့်အော်မူ၏—"ရာဟုလာ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း။ မျက်စိ'စက္ခုပသာဒ'သည် မြဲသလော၊ မမြဲသလော။ အသျှင်ဘုရား မမြဲပါ။ မမြဲသော မျက်စိ 'စက္ခုပသာဒ'သည် ဆင်းရဲလော ချမ်းသာလော။ အသျှင်ဘုရား ဆင်းရဲပါတည်း။မမြဲသော ဆင်းရဲ၍ ဖောက်ပြန်တတ်သောသဘောရှိသော မျက်စိ'စက္ခုပသာဒ'ကို ဤမျက်စိ 'စက္ခုပသာဒ'သည် ငါ၏ ဥစ္စာတည်း၊ ဤမျက်စိ 'စက္ခုပသာဒ'သည် ငါဖြစ်၏၊ ဤမျက်စိ 'စက္ခုပသာဒ'သည် ငါ၏ အတ္တတည်း ဟူ၍ ရှုခြင်းငှါ သင့်လျော်ပါမည်လော။ အသျှင်ဘုရား ဤသို့ ရှုခြင်းငှါ မသင့်လျော်ပါ။ နား 'သောတပသာဒ'သည်။ပ။ နှာခေါင်း 'ဃာနပသာဒ'သည်။ လျှာ'ဇိဝှါပသာဒ'သည်၊ ကိုယ်'ကာယပသာဒ'သည်၊ စိတ်သည်မြဲသလော၊ မမြဲသလော။ အသျှင်ဘုရား မမြဲပါ။ မမြဲသော ထိုစိတ်သည် ဆင်းရဲလော၊ ချမ်းသာလော၊ အသျှင်ဘုရား ဆင်းရဲပါတည်း။ မမြဲသော ဆင်းရဲ၍ ဖောက်ပြန်တတ်သော သဘောရှိသောစိတ်ကို ဤစိတ်သည် ငါ၏ ဥစ္စာတည်း၊ ဤစိတ်သည် ငါဖြစ်၏၊ ဤစိတ်သည် ငါ၏အတ္တတည်းဟူ၍ရှုခြင်းငှါ သင့်လျော်ပါမည်လော။ အသျှင်ဘုရား ဤသို့ရှုခြင်းငှါ မသင့်ပါ။ ရာဟုလာ ဤသို့ မြင်သော အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်သည် မျက်စိ 'စက္ခုပသာဒ'၌လည်း ငြီးငွေ့၏။ပ။ နား 'သောတပသာဒ'၌လည်း ငြီးငွေ့၏။ နှာခေါင်း 'ဃာနပသာဒ'၌လည်း ငြီးငွေ့၏။ 'လျှာ 'ဇိဝှါပသာဒ'၌လည်း ငြီးငွေ့၏။ ကိုယ် 'ကာယပသာဒ'၌လည်း ငြီးငွေ့၏။ စိတ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သည်ရှိသော် တပ်ခြင်း ကင်း၏၊ တပ်ခြင်းကင်းသည်ရှိသော် ကိလေသာမှ လွတ်မြောက်၏၊ ကိလေသာမှလွတ်မြောက်သည်ရှိသော်လွတ်မြောက်၏ဟူ၍အသိဉာဏ်ဖြစ်၏"ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ အရဟတ္တဖိုလ်အကျိုးငှါ တဖန် ပြုဖွယ်မရှိတော့ပြီဟု သိ၏" ဟု(ဟောတော်မူ၏)။ [ဆယ်သုတ်လုံးကို ဤပေယျာလနည်းဖြင့် ချဲ့အပ်ကုန်၏]။

ပဌမသုတ်။

http://www.dhammadownload.com



### ၂-၁၀ ရူပစသောကိုးသုတ်

၁၉၉။ သာဝတ္ထိနိဒါန်း။ ရာဟုလာ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း။ အဆင်း 'ရူပါရုံ' တို့သည် မြဲကုန်သလော၊ မမြဲကုန်သလော။ အသျှင်ဘုရား မမြဲပါကုန်။ပ။ အသံ 'သဒ္ဒါရုံ' တို့သည်။ အနံ့ 'ဂန္ဓာရုံ' တို့သည်။ အရသာ 'ရသာရုံ' တို့သည်။ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့သည်။ သဘောတရား 'ဓမ္မာရုံ' တို့သည် မြဲကုန်သလော၊ မမြဲကုန်သလော။ မျက်စိကိုမှီ၍သိမှု 'စက္ခုဝိညာဏ်' သည်။ပ။ နားကိုမှီ၍ သိမှု 'သောတဝိညာဏ်' သည်။ နှာခေါင်းကိုမှီ၍သိမှု 'ဃာနဝိညာဏ်' သည်။ လျှာကိုမှီ၍ သိမှု 'ဇိဝှါဝိညာဏ်' သည်။ ကိုယ်ကိုမှီ၍သိမှု 'ကာယဝိညာဏ်' သည်။ စိတ်ဟူသော 'မနောဝိညာဏ်' သည် မြဲသလော၊ မမြဲသလော။

မျက်စိကြောင့်ဖြစ်သော တွေ့ထိမှု 'စက္ခုသမ္ဖဿ' သည်။ပ။ နားကြောင့်ဖြစ်သော တွေ့ထိမှု 'သောတသမ္ဖဿ' သည်။ နှာခေါင်းကြောင့်ဖြစ်သော တွေ့ထိမှု 'ဃာနသမ္ဖဿ' သည်။ လျှာကြောင့်ဖြစ်သော တွေ့ထိမှု 'ဇိဝှါသမ္ဖဿ' သည်။ ကိုယ်ကြောင့်ဖြစ်သော တွေ့ထိမှု 'ကာယသမ္ဖဿ' သည် စိတ်ကြောင့်ဖြစ်သော တွေ့ထိမှု 'မနောသမ္ဖဿ' သည် မြဲသလော၊ မမြဲသလော။ မျက်စိအတွေ့ကြောင့်ဖြစ်သောခံစားမှု 'စက္ခုသမ္ဖဿဇာဝေဒနာ' သည်။ပ။ နားအတွေ့ကြောင့်ဖြစ်သောခံစားမှု 'သောတသမ္ဖဿဇာဝေဒနာ' သည်။ နှာခေါင်းအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'ဃာနသမ္ဖဿဇာဝေဒနာ' သည်။ လျှာအတွေ့ကြောင့် ဖြစ်သော ခံစားမှု 'ဇိဝှါသမ္ဖဿဇာဝေဒနာ' သည်။ ကိုယ်အတွေ့ကြောင့် ဖြစ်သော ခံစားမှု 'ကာယသမ္ဖဿဇာဝေဒနာ' သည်။ စိတ်အတွေ့ကြောင့် ဖြစ်သော ခံစားမှု 'မနောသမ္ဖဿဇာဝေဒနာ' သည် မြဲသလော၊ မမြဲသလော။ အဆင်း၌ မှတ်သားမှု 'ရူပသညာ' သည်။ပ။ အသံ၌ မှတ်သားမှု 'သဒ္ဒသညာ' သည်။ အနံ့၌ မှတ်သားမှု 'ဂန္ဓသညာ' သည်။ အရသာ၌မှတ်သားမှု 'ရသသညာ' သည်။ အတွေ့၌မှတ်သားမှု 'ဖောဋ္ဌဗ္ဗသညာ' သည် သဘောတရား၌ မှတ်သားမှု 'ဓမ္မသညာ' သည် မြဲသလော၊ မမြဲသလော။ အဆင်း၌ စေ့ဆော်မှု 'ရူပသဉ္စေတနာ' သည်။ပ။ အသံ၌စေ့ဆော်မှု 'သဒ္ဒသဉ္စေတနာ' သည်။ အနံ့၌စေ့ဆော်မှု 'ဂန္ဓသဉ္စေတနာ' သည်။ အရသာ၌ စေ့ဆော်မှု 'ရသသဉ္စေတနာ' သည်။ အတွေ့၌စေ့ဆော်မှု 'ဖောဋ္ဌဗ္ဗသဉ္စေတနာ' သည်။ သဘောတရား၌ စေ့ဆော်မှု 'ဓမ္မသဉ္စေတနာ' သည် မြဲသလော၊ မမြဲသလော။ အဆင်း၌တပ်မက်မှု 'ရူပတဏှာ' သည်။ပ။ အသံ၌တပ်မက်မှု 'သဒ္ဒတဏှာ' သည်။ အနံ့၌တပ်မက်မှု 'ဂန္ဓတဏှာ' သည်။ အရသာ၌တပ်မက်မှု 'ရသတဏှာ' သည်။ အတွေ့၌တပ်မက်မှု 'ဖောဋ္ဌဗ္ဗတဏှာ' သည်။ သဘောတရား၌တပ်မက်မှု 'ဓမ္မတဏှာ' သည် မြဲသလော၊ မမြဲသလော။ ပထဝီဓာတ်သည်။ပ။ အာပေါဓာတ်သည်။ တေဇောဓာတ်သည်။ ဝါယောဓာတ်သည်။ အာကာသဓာတ်သည်။ ဝိညာဏဓာတ်သည်။ မြဲသလော၊ မမြဲသလော။ ရုပ်သည်။ပ။ ဝေဒနာသည် သညာသည် သင်္ခါရတို့သည် ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ အသျှင်ဘုရား မမြဲပါ။ ရာဟုလာ ဤသို့မြင်သော။ပ။ အရဟတ္တဖိုလ်အကျိုးငှါ တဖန်ပြုဖွယ်မရှိတော့ပြီဟု သိ၏ဟု (ဟောတော်မူ၏)။

ဒသမသုတ်။

---

### ၁၁-အနုသယသုတ်

၂၀၀။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်ရာဟုလာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို

http://www.dhammadownload.com



လျှောက်၏––"အသျှင်ဘုရား အဘယ်သို့သိသူ အဘယ်သို့မြင်သူအား ဝိညာဏ်နှင့်တကွဖြစ်သော ဤကိုယ်၌၎င်း ပြင်ပဖြစ်သော အလုံးစုံသော နိမိတ်တို့၌၎င်း ငါဟုစွဲယူမှု 'ဒိဋ္ဌိ' ငါ့ဥစ္စာဟု တပ်မက်မှု 'တဏှာ' ကိန်းဝပ်နေသော ထောင်လွှားမှု'မာန'တို့သည် မဖြစ်ပါကုန်သနည်း"ဟု (လျှောက်၏)။ ရာဟုလာ အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်သော အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန်၌လည်းဖြစ်သော ကြမ်းထမ်းသည် သိမ်မွေ့သည်လည်းဖြစ်သော ယုတ်သည် မြတ်သည်လည်းဖြစ်သော ဝေးသည် နီးသည်လည်းဖြစ်သော ရုပ်အားလုံးကို ဤရုပ်သည် ငါ၏ဥစ္စာမဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏အတ္တမဟုတ်ဟူ၍ ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် မြင်၏။ ခံစားမှု'ဝေဒနာ' အားလုံးသည်။ပ။ မှတ်သားမှု'သညာ'အားလုံးသည်။ ပြုပြင်မှု'သင်္ခါရ'အားလုံးတို့သည်။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန်၌လည်း ဖြစ်သော ကြမ်းထမ်းသည် သိမ်မွေ့သည်လည်းဖြစ်သော ယုတ်သည် မြတ်သည်လည်း ဖြစ်သော ဝေးသည် နီးသည်လည်းဖြစ်သော ဝိညာဏ်အားလုံးကို ဤဝိညာဏ်သည် ငါ၏ဥစ္စာ မဟုတ်၊ ဤဝိညာဏ်သည် ငါမဟုတ်၊ ဤဝိညာဏ်သည် ငါ၏အတ္တမဟုတ်ဟူ၍ ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့် မြင်၏။ ရာဟုလာ ဤတို့ သိသူ ဤသို့ မြင်သူအား ဝိညာဏ်နှင့်တကွဖြစ်သော ဤကိုယ်၌၎င်း ပြင်ပ၌ဖြစ်သော အလုံးစုံသော နိမိတ်တို့၌၎င်း ငါဟု စွဲယူမှု'ဒိဋ္ဌိ' ငါ့ဥစ္စာဟု တပ်မက်မှု 'တဏှာ' ကိန်းဝပ်နေသော ထောင်လွှားမှု'မာန'တို့သည် မဖြစ်ကုန်ဟု (ဟောတော်မူ၏)။

ကောဒသမသုတ်။

---

## ၁၂-အပဂတသုတ်

၂၀၁။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်ရာဟုလာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက်တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏––"အသျှင်ဘုရား အဘယ်သို့သိသူ အဘယ်သို့မြင်သူအား ဝိညာဏ်နှင့်တကွ ဖြစ်သော ဤကိုယ်၌၎င်း ပြင်ပဖြစ်သော အလုံးစုံသော နိမိတ်တို့၌၎င်း ငါဟုစွဲယူမှု'ဒိဋ္ဌိ'ငါ့ဥစ္စာဟု တပ်မက်မှု 'တဏှာ' ထောင်လွှားမှု 'မာန'မှကင်းသော ထောင်လွှားခြင်းအဘို့ကို ကောင်းစွာ လွန်သော ကိလေသာ ပူပန်မှုမှ ငြိမ်းသော ကိလေသာ၌ ကောင်းစွာလွတ်မြောက်သောစိတ် ဖြစ်ပါသနည်း" ဟု(လျှောက်၏)။ ရာဟုလာ အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်သော အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန်၌လည်းဖြစ်သော ကြမ်းထမ်းသည် သိမ်မွေ့သည်လည်းဖြစ်သော ယုတ်သည် မြတ်သည်လည်း ဖြစ်သော ဝေးသည်နီးသည်လည်းဖြစ်သော ရုပ်အားလုံးကို ဤရုပ်သည် ငါ့ဥစ္စာမဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏အတ္တမဟုတ်ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့်မြင်၍ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းပဲ ကိလေသာမှ လွတ်မြောက်၏။

ခံစားမှု'ဝေဒနာ' အားလုံးသည်။ပ။ မှတ်သားမှု 'သညာ' အားလုံးသည်။ ပြုပြင်မှု 'သင်္ခါရ' အားလုံးတို့သည်။အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန်၌လည်း ဖြစ်သော ကြမ်းထမ်းသည် သိမ်မွေ့သည်လည်း ဖြစ်သော ယုတ်သည် မြတ်သည်လည်းဖြစ်သော ဝေးသည် နီးသည်လည်း ဖြစ်သော ဝိညာဏ်အားလုံးကို ဤဝိညာဏ်သည် ငါ၏ ဥစ္စာမဟုတ်၊ ဤဝိညာဏ်သည် ငါမဟုတ်၊ ဤဝိညာဏ်သည် ငါ၏အတ္တမဟုတ် ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့် မြင်၍ 'တဏှာဒိဋ္ဌိ'တို့ဖြင့် မစွဲလမ်းပဲ ကိလေသာမှ လွတ်မြောက်၏။ ရာဟုလာ

http://www.dhammadownload.com



ဤသို့ သိသူ ဤသို့ မြင်သူအား ဝိညာဏ်နှင့်တကွ ဖြစ်သော ဤကိုယ်၌၎င်း ပြင်ပဖြစ်သော အလုံးစုံသော နိမိတ်တို့၌၎င်း ငါဟုစွဲယူမှု'ဒိဋ္ဌိ'ငါ့ဥစ္စာဟု တပ်မက်မှု 'တဏှာ' ထောင်လွှားမှု'မာန'မှ ကင်းသော ထောင်လွှားခြင်း အဘို့ကို ကောင်းစွာ လွန်သော ကိလေသာပူပန်မှုမှ ငြိမ်းသော ကိလေသာမှ ကောင်းစွာ လွတ်မြောက်သောစိတ် ဖြစ်၏ဟု (ဟောတော်မူ၏)။

ဒွါဒသမသုတ်။

ဒုတိယဝဂ် ပြီး၏။

ရာဟုလသံယုတ် ပြီး၏။

http://www.dhammadownload.com

# ၈-လက္ခဏသံယုတ်

## ၁-ပဌမဝဂ် ၁-အဋ္ဌိသုတ်

၂၀၂။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်-အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌(သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အသျှင်လက္ခဏနှင့် အသျှင်မဟာမောဂ္ဂလာန်တို့သည် ဂိဇ္ဈကုဋ်တောင်၌ (သီတင်းသုံး) နေကြကုန်၏၊ ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် နံနက်အခါ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ဆောင်ယူပြီးလျှင် အသျှင်လက္ခဏထံသို့ ချဉ်းကပ်၍ အသျှင်လက္ခဏအား ငါ့သျှင် လက္ခဏ လာသွားကြစို့ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်ကုန်အံ့''ဟု ပြောဆို၏၊ ''ကောင်းပြီငါ့သျှင်''ဟု အသျှင်လက္ခဏသည် အသျှင်မဟာမောဂ္ဂလာန်အား ပြန်လျှောက်၏၊ ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် ဂိဇ္ဈကုဋ်တောင်မှဆင်းသက်လတ်သော် နေရာတခု၌ ပြုံးတော်မူ၏၊ ထိုအခါ အသျှင်လက္ခဏသည် အသျှင်မဟာမောဂ္ဂလာန်အား "ငါ့သျှင်မောဂ္ဂလာန် ပြုံးရယ်ခြင်း၏ အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း''ဟုလျှောက်၏၊ ငါ့သျှင်လက္ခဏ ဤပြဿနာကို ဖြေခြင်းငှါ အခါမဟုတ်သေး၊ မြတ်စွာဘုရား၏အထံ၌ ငါ့အားဤပြဿနာကို မေးပါဟု ပြောဆို၏။

ထို့နောက် အသျှင်လက္ခဏနှင့် အသျှင်မဟာမောဂ္ဂလာန်တို့သည် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံ လှည့်လည်၍ ဆွမ်းစားပြီးနောက် ဆွမ်းစားစရပ်မှ ဖဲခွါလာကြပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြ၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေကြပြီးသော် အသျှင်လက္ခဏသည် အသျှင်မဟာမောဂ္ဂလာန်အား ''အသျှင်မဟာမောဂ္ဂလာန်သည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် နေရာတခု၌ ပြုံးတော်မူ၏၊ ငါ့သျှင်မောဂ္ဂလာန် ပြုံးရယ်ခြင်း၏ အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း''ဟု မေးလျှောက်၏။

ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားနေသော အရိုးစု ပြိတ္တာကိုမြင်ရ၏၊ထိုအရိုးစုပြိတ္တာကို လင်းတ ကျီးငှက် စွန်ရဲတို့သည် လိုက်၍ လိုက်၍ နံရိုးကြားတို့၌ ထိုးဆိတ်ကြကုန်၏၊ ထိုပြိတ္တာသည် နာကျင်သော အသံကို ပြု၏၊ ငါ့သျှင် ထိုငါ့အား အချင်းတို့ အံ့ဖွယ်ရှိစွတကား၊ အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်စွတကား၊ ဤကဲ့သို့သော သတ္တဝါဟု ရှိရတုံဘိ၏၊ ဤကဲ့သို့သော ပြိတ္တာဟု ရှိရတုံဘိ၏၊ဤကဲ့သို့သော အတ္တဘောကိုရသူဟု ရှိရတုံဘိ၏ဟု အကြံဖြစ်ခဲ့ပါသည်ဟု ပြောဆို၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏-''ရဟန်းတို့ တပည့်သာဝကတို့သည် စင်စစ် မျက်စိ အမြင်ရှိကုန်သည် ဖြစ်၍နေကြပေသည်တကား၊ ရဟန်းတို့ တပည့်သာဝကတို့သည် ဉာဏ်အမြင်ရှိသည်ဖြစ်၍ နေကြပေသည်တကား၊ အကြင်သို့သော တပည့်သာဝကစင်လျက် ဤသို့သောသတ္တဝါကို သိလည်း သိနိုင်တုံဘိ၏၊မြင်းလည်း မြင်နိုင်တုံဘိ၏၊ သက်သေကုံသော်လည်း ပြုနိုင်တုံဘိ၏။

ရဟန်းတို့ ရှေးကပင် ထိုသတ္တဝါကို ငါမြင်ခဲ့ဘူးပြီ၊ သို့သော်လည်း ငါသည် မပြောဆိုခဲ့ပေ၊ ငါသည် ထိုအကြောင်းကို ပြောဆိုခဲ့ပါမူ သူတပါးတို့သည် ငါ့အား မယုံကြည်နိုင်ကြပေရာ၊ ငါ့ကို

http://www.dhammadownload.com



မယုံကြည်သူတို့အား ထိုယုံကြည်ခြင်းသည် ကြာမြင့်စွာသော ကာလပတ်လုံး စီးပွားမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်လေရာ၏၊ ရဟန်းတို့ ထိုသတ္တဝါတို့သည် ဤရေဇကြိုဟ်ပြည့်၌ပင် နွားသတ်သမား ဖြစ်ခဲ့ဘူးပြီ၊ ထိုသတ္တဝါတို့သည် ထိုကံ၏ အကျိုးဖြင့် များစွာသောနှစ်တို့ပတ်လုံး များစွာသော နှစ်အရာတို့ပတ်လုံး များစွာသောနှစ်အထောင်တို့ပတ်လုံး များစွာသောနှစ်အသိန်းတို့ပတ်လုံး ငရဲ၌ ကျက်ခဲ့၍ ထိုကံ၏ အကျိုးကြွင်းဖြင့်လျှင် ဤသို့သော အတ္တဘောကို ရရှိခံစားနေရ၏ဟု (ဟောတော်မူ၏)။ [အလုံးစုံသော သုတ်တို့၌ ပေယျာလဟူသမျှကို ဤနည်းအတိုင်း ချဲလေ]။

ပဌမသုတ်။

## ၂-ပေသိသုတ်

၂၀၃။ ငါသျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားသော အသားတစ်ပြိတ္တာကို မြင်ရ၏၊ ထိုပြိတ္တာကို လင်းတ ကျီးငှက် စွန်ရဲတို့သည် လိုက်၍ လိုက်၍ ထိုးဆိတ် ကုန်၏၊ ထိုပြိတ္တာသည် နာကျင်သော အသံကို ပြု၏။ပ။ ရဟန်းတို့ ထိုသတ္တဝါသည် ဤရာဇကြိုဟ် ပြည်၌ပင် နွားသတ်သမား ဖြစ်ခဲ့ဘူးပြီ။ပ။

ဒုတိယသုတ်။

## ၃-ပိဏ္ဍသုတ်

၂၀၄။ ငါသျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားသော အသားတုံးပြိတ္တာကို မြင်ရ၏၊ ထိုပြိတ္တာကို လင်းတ ကျီးငှက် စွန်ရဲတို့သည် လိုက်၍ လိုက်၍ ထိုးဆိတ် ကုန်၏၊ ထိုပြိတ္တာသည် နာကျင်သော အသံကို ပြု၏။ပ။ရဟန်းတို့ ထိုသတ္တဝါသည် ဤရာဇကြိုဟ် ပြည်၌ပင် ငှက်မုဆိုး ဖြစ်ခဲ့ဘူးပြီ။ပ။

တတိယသုတ်။

## ၄-နိစ္ဆဝိသုတ်

၂၀၅။ ငါသျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားသော အရေမရှိသော ယောကျာ်းပြိတ္တာကို မြင်ရ၏၊ ထိုပြိတ္တာကို လင်းတ ကျီးငှက် စွန်ရဲတို့သည် လိုက်၍ လိုက်၍ ထိုးဆိတ်ကုန်၏၊ ထိုပြိတ္တာသည် နာကျင်သော အသံကို ပြု၏။ပ။ရဟန်းတို့ ထိုသတ္တဝါသည် ဤရာဇကြိုဟ်ပြည်၌ပင် ဆိတ်သတ်သမား ဖြစ်ခဲ့ဘူးပြီ။ပ။

စတုတ္ထသုတ်။

http://www.dhammadownload.com



## ၅-အသိလောမသုတ်

၂၀၆။ ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားသော သန်လျက်အမွေးပေါက်သော ယောကျ်ားပြိတ္တာကို မြင်ရ၏။ ထိုပြိတ္တာ၏ ထိုသန်လျက်အမွေးတို့သည် ပျံတက်၍ ပျံတက်၍ ထိုပြိတ္တာ၏ ကိုယ်၌ပင် ကျရောက်ကုန်၏၊ ထိုပြိတ္တာသည် နာကျင်သော အသံကို ပြု၏။ပ။ ရဟန်းတို့ ထိုသတ္တဝါသည် ဤရာဇဂြိုဟ်ပြည်၌ပင် ဝက်သတ်သမား ဖြစ်ခဲ့ဘူးပြီ။ပ။

ပဉ္စမသုတ်။

## ၆-သတ္တိသုတ်

၂၀၇။ ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားသော လှံအမွေးပေါက်သော ယောကျ်ားပြိတ္တာကို မြင်ရ၏၊ ထိုပြိတ္တာ၏ ထိုလှံအမွေးတို့သည် ပျံတက်၍ ပျံတက်၍ ထိုပြိတ္တာ၏ ကိုယ်၌ပင် ကျရောက်ကုန်၏၊ ထိုပြိတ္တာသည် နာကျင်သော အသံကိုပြု၏။ပ။ ရဟန်းတို့ ထိုသတ္တဝါသည် ဤရာဇဂြိုဟ်ပြည်၌ပင် သားသတ်သမား ဖြစ်ခဲ့ဘူးပြီ။ပ။

ဆဋ္ဌသုတ်။

## ၇-ဥသုလောမသုတ်

၂၀၈။ ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားသော မြှားအမွေးပေါက်သော ယောကျ်ားပြိတ္တာကို မြင်ရ၏၊ ထိုပြိတ္တာ၏ ထိုမြှားအမွေးတို့သည် ပျံတက်၍ ပျံတက်၍ ထိုပြိတ္တာ၏ ကိုယ်၌ပင် ကျရောက်ကုန်၏။ ထိုပြိတ္တာသည် နာကျင်သော အသံကို ပြု၏။ပ။ ရဟန်းတို့ ထိုသတ္တဝါသည် ဤရာဇဂြိုဟ်ပြည်၌ပင် လက်မရှိအာဏာသား ဖြစ်ခဲ့ဘူးပြီ။ပ။

သတ္တမသုတ်။

## ၈-သူစိလောမသုတ်

၂၀၉။ ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားသော အပ်အမွေးပေါက်သော ယောကျ်ားပြိတ္တာကို မြင်ရ၏၊ ထိုပြိတ္တာ၏ ထိုအပ်အမွေးတို့သည် ပျံတက်၍ ပျံတက်၍ ထိုပြိတ္တာ၏ကိုယ်၌ပင် ကျရောက်ကုန်၏၊ ထိုပြိတ္တာသည် နာကျင်သော အသံကို ပြု၏။ပ။ ရဟန်းတို့ ထိုသတ္တဝါသည် ဤရာဇဂြိုဟ်ပြည်၌ပင် ရထားထိန်း ဖြစ်ခဲ့ဘူးပြီ။ပ။

အဋ္ဌမသုတ်။

## ၉-ဒုတိယ သူစိလောမသုတ်

၂၁၀။ ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ ပျံသွားသော အပ်အမွေးပေါက်သော ပြိတ္တာကို မြင်ရ၏။ ထိုပြိတ္တာ၏ ထိုအပ်အမွေးတို့သည် ဦးခေါင်းမှ ဝင်၍

http://www.dhammadownload.com



ခံတွင်းမှ ထွက်ကုန်၏၊ ခံတွင်းမှ ဝင်၍ ရင်မှ ထွက်ကုန်၏၊ ရင်မှဝင်၍ ဝမ်းပိုက်မှ ထွက်ကုန်၏၊ ဝမ်းပိုက်မှဝင်၍ ပေါင်တို့မှ ထွက်ကုန်၏၊ ပေါင်တို့သို့ဝင်၍ ခြေသလုံးတို့မှ ထွက်ကုန်၏၊ ခြေသလုံးတို့သို့ ဝင်၍ ခြေဖဝါးတို့မှ ထွက်ကုန်၏၊ ထိုပြိတ္တာသည် နာကျင်သော အသံကိုပြု၏ ။ပ။ ရဟန်းတို့ ထိုသတ္တဝါသည် ဤရာဇဂြိုဟ်ပြည်၌ပင် ကုန်းတိုက်သူ ဖြစ်ခဲ့ဘူးပြီ။ပ။

နဝမသုတ်

## ၁၀-ကုမ္ဘဏ္ဍသုတ်

၂၁၁။ ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ ပျံသွားသော အိုးပမာဏမျှ ဝှေးစေ့ရှိသော ယောကျာ်းပြိတ္တာကို မြင်ရ၏၊ ထိုပြိတ္တာသည် သွားသော်လည်း ထိုဝှေးစေ့တို့ကိုသာလျှင် ပခုံး၌ တင်၍ သွားရလေ၏၊ ထိုင်သော်လည်း ထိုဝှေးစေ့တို့၌သာလျှင် ထိုင်ရ၏၊ ထိုပြိတ္တာကို လင်းတ ကျီးငှက် စွန်ရဲတို့သည် လိုက်၍ လိုက်၍ ထိုးဆိတ်ကုန်၏၊ ထိုပြိတ္တာသည် နာကျင်သောအသံကိုပြု၏ ။ပ။ ရဟန်းတို့ ထိုသတ္တဝါသည် ဤရာဇဂြိုဟ်ပြည်၌ပင် စဉ်းလဲကောက်ကျစ်သော တရားသူကြီး ဖြစ်ခဲ့ဘူးပြီ။ပ။

ဒသမသုတ်။

ပဌမဝဂ် ပြီး၏။

## ၂-ဒုတိယဝဂ် ၁-သသီသကသုတ်

၂၁၂။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်–အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏ ။ပ။ ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် မစင်တွင်း၌ ဦးခေါင်းနှင့်တကွ နစ်မြုပ်နေသော ယောကျာ်းပြိတ္တာကို မြင်ရ၏ ။ပ။ ရဟန်းတို့ ထိုသတ္တဝါသည် ဤရာဇဂြိုဟ်ပြည်၌ပင် သူတပါးမယားကို လွန်ကျူးခဲ့သူ ဖြစ်ခဲ့ဘူးပြီ။ပ။

ပဌမသုတ်။

## ၂-ဂူထခါဒသုတ်

၂၁၃။ ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် မစင်တွင်း၌ ဦးခေါင်းနှင့်တကွ နစ်မြုပ်လျက် လက်နှစ်ဖက်တို့ဖြင့် မစင်ကို စားနေသော ယောကျာ်းပြိတ္တာကို မြင်ရ၏ ။ပ။ ရဟန်းတို့ ထိုသတ္တဝါသည်ဤရာဇဂြိုဟ်ပြည်၌ပင် ပုဏ္ဏားပျက် ဖြစ်ခဲ့ဘူးပြီ၊ ထိုပုဏ္ဏားပျက်သည် ကဿပမြတ်စွာဘုရား သာသနာတော်၌ ရဟန်းသံဃာကို ဆွမ်းဖိတ်၍ စားကျင်း၌ မစင်ပြည့်စေလျက်"အသျှင်တို့ အလိုရှိတိုင်း စားလည်း စားကုန်လော့၊ ဆောင်ယူလည်း ဆောင်ယူကုန်လော့" ဟု ဆိုဘူးပြီ ။ပ။

ဒုတိယသုတ်။

http://www.dhammadownload.com



## ၃-နိစ္ဆဝိတ္ထိသုတ်

၂၁၄။ ငါ့ချင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားသော အရေမရှိသော မိန်းမပြိတ္တာကို မြင်ရ၏၊ ထိုပြိတ္တာမကို လင်းတ ကျီးငှက် စွန်ရဲတို့သည် လိုက်၍ လိုက်၍ ထိုးဆိတ်ကုန်၏၊ ထိုပြိတ္တာမသည် နာကျင်သော အသံကိုပြု၏။ပ။ ရဟန်းတို့ ထိုပြိတ္တာမသည် ဤရာဇဂြိုဟ်ပြည်၌ပင် လင်ကို လွန်ကျူး၍ ကျင့်သော မိန်းမဖြစ်ခဲ့ဘူးပြီ။ပ။

တတိယသုတ်။

## ၄-မင်္ဂုလိတ္ထိသုတ်

၂၁၅။ ငါ့ချင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားသော အနံ့မကောင်းသော အရုပ်ဆိုးသော ပြိတ္တာမကို မြင်ရ၏၊ ထိုပြိတ္တာမကို လင်းတ ကျီးငှက် စွန်ရဲတို့သည် လိုက်၍ လိုက်၍ ထိုးဆိတ်ကုန်၏၊ ထိုပြိတ္တာမသည် နာကျင်သော အသံကို ပြု၏။ပ။ ရဟန်းတို့ ထိုပြိတ္တာမသည် ဤရာဇဂြိုဟ်ပြည်၌ပင် နတ်ဝင်သည်မ ဖြစ်ခဲ့ဘူးပြီ။ပ။

စတုတ္ထသုတ်။

## ၅-ဩကိလိနီသုတ်

၂၁၆။ ငါ့ချင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားသော ထက်ဝန်းကျင် မီးခဲတဖွားဖွားကျ၍ မီးကျီးပုံ၌ လူးလိမ့်ခံနေရသော မီးလောင်ဖုတ်မှ အရည်တစက်စက် ယိုထွက်နေသော ပြိတ္တာမကို မြင်ရ၏၊ ထိုပြိတ္တာမသည် နာကျင်သောအသံကို ပြု၏ ။ပ။ ရဟန်းတို့ ထိုပြိတ္တာမသည် ကလိင်္ဂမင်း၏ မိဖုရားခေါင်ကြီး ဖြစ်ခဲ့ဘူး၏၊ ထိုမိဖုရားခေါင်ကြီးသည် ငြူစူခြင်းဖြင့် နှိပ်စက်အပ်ရကား လင်တူ မိန်းမကို မီးကျီးအိုးကင်းဖြင့် လောင်းခဲ့ဘူးပြီ။ပ။

ပဉ္စမသုတ်။

## ၆-အသီသကသုတ်

၂၁၇။ ငါ့ချင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားသော ဦးခေါင်းမပါ ကိုယ်သာရှိသော ပြိတ္တာကို မြင်ရ၏၊ ထိုပြိတ္တာ၏ ရင်၌ မျက်လုံးနှင့် ပါးစပ်တို့သည် ဖြစ်ပေါ်ကုန်၏၊ ထိုပြိတ္တာကို လင်းတ ကျီးငှက် စွန်ရဲတို့သည် လိုက်၍ လိုက်၍ ထိုးဆိတ်ကုန်၏၊ ထိုပြိတ္တာသည် နာကျင်သော အသံကို ပြု၏။ပ။ ရဟန်းတို့ ထိုသတ္တဝါသည် ဤရာဇဂြိုဟ်ပြည်၌ပင် ဟာရိကခေါ် ခိုးသူသတ် ယောက်ကျား ဖြစ်ခဲ့ဘူးပြီ။ပ။

ဆဋ္ဌမသုတ်။

http://www.dhammadownload.com



## ၇-ပါပဘိက္ခုသုတ်

၂၁၈။ ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားသော ရဟန်းပြိတ္တာကို မြင်ရ၏၊ ထိုရဟန်းပြိတ္တာ၏ ဒုကုဋ် သပိတ် ခါးပန်းကြိုး ကိုယ်တို့သည်ပြောင်ပြောင် တောက်လောင်ကုန်၏၊ ထက်ဝန်းကျင် အလျှံနှင့်တကွ အရောင်အလင်းနှင့် တကွ အလျှံထ၏၊ ထိုရဟန်းပြိတ္တာသည် နာကျင်သောအသံကို ပြု၏။ပ။ရဟန်းတို့ ဤရဟန်းသည် ကဿပမြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းယုတ် ဖြစ်ခဲ့ဘူးပြီ။ပ။

သတ္တမသုတ်။

## ၈-ပါပဘိက္ခုနီသုတ်

၂၁၉။ ကောင်းကင်၌ သွားသော ရဟန်းမိန်းမပြိတ္တာကို မြင်ရ၏၊ ထိုရဟန်းမိန်းမ၏ ဒုကုဋ်သည်လည်း ပြောင်ပြောင် တောက်လောင်၏။ပ။ ရဟန်း မိန်းမယုတ် ဖြစ်ခဲ့ဘူးပြီ။ပ။

အဋ္ဌမသုတ်။

## ၉-ပါပသိက္ခမာနသုတ်

၂၂၀။ ကောင်းကင်၌ သွားသော သိက္ခမာန်ပြိတ္တာမကို မြင်ရ၏၊ ထိုသိက္ခမာန်ပြိတ္တာမ၏ ဒုကုဋ်သည်လည်း ပြောင်ပြောင် တောက်လောင်၏။ပ။ သိက္ခမာန်မယုတ် ဖြစ်ခဲ့ဘူးပြီ။ပ။

နဝမသုတ်။

## ၁၀-ပါပသာမဏေရသုတ်

၂၂၁။ ကောင်းကင်၌ သွားသော သာမဏေပြိတ္တာကို မြင်ရ၏၊ ထိုသာမဏေပြိတ္တာ၏ ဒုကုဋ်သင်္ကန်းသည်လည်း ပြောင်ပြောင်တောက်လောင်၏။ပ။သာမဏေယုတ် ဖြစ်ခဲ့ဘူးပြီ။ပ။

ဒသမသုတ်။

## ၁၁-ပါပသာမဏေရီသုတ်

၂၂၂။ ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားသော သာမဏေမပြိတ္တာကို မြင်ရ၏၊ထိုပြိတ္တာမ၏ ဒုကုဋ် သပိတ် ခါးပန်းကြိုး ကိုယ်တို့သည် ပြောင်ပြောင် တောက်လောင်ကုန်၏၊ ထက်ဝန်းကျင် အလျှံနှင့်တကွ အရောင်အလင်းနှင့် တကွ အလျှံထ၏၊ ထိုပြိတ္တာမသည် နာကျင်သော အသံကို ပြု၏။ပ။ ငါ့သျှင် ထိုငါ့အား "အချင်းတို့ အံ့ဖွယ်ရှိစွတကား၊ အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်စွတကား၊ဤကဲ့သို့သောသတ္တဝါဟု ရှိရတုံဘိ၏၊ဤကဲ့သို့သော ပြိတ္တာဟု ရှိရတုံဘိ၏၊ ဤကဲ့သို့သော အတ္တဘောကို ရသူဟု ရှိရတုံဘိ၏ဟု အကြံ ဖြစ်ခဲ့ပါသည်"ဟု ပြောဆို၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏—"ရဟန်းတို့ တပည့်သာဝကတို့သည် မျက်စိအမြင်ရှိကုန်သည်ဖြစ်၍ နေကြပေသည်တကား၊ ထပည့်သာဝကတို့သည် ဉာဏ်အမြင်ရှိကုန်သည်ဖြစ်၍ နေကြပေသည်တကား၊ အကြင်သို့သော တပည့်သာဝကစင်လျက် ဤသို့သော သတ္တဝါကိုသိလည်း သိနိုင်တုံဘိ၏၊မြင်လည်းမြင်နိုင်တုံဘိ၏၊သက်သေကိုသော်လည်း ပြုနိုင်တုံဘိ၏၊ ရဟန်းတို့ ရှေးကပင် ထိုသာမဏေမကိုငါမြင်ခဲ့ဘူးပြီ၊သို့သော်လည်း ငါသည်မပြောဆိုခဲ့ပေ၊ငါသည် ထိုအကြောင်းကို ပြောဆိုခဲ့ပါမူ သူတပါးတို့သည် ငါ့အား မယုံကြည်နိုင်ကြပေရာ၊ ထိုမယုံကြည်သူတို့အား ထိုမယုံကြည်ခြင်းသည် ကြာမြင့်စွာသော ကာလပတ်လုံး စီးပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်လေရာ၏၊ ရဟန်းတို့ ထိုသာမဏေမသည် ကဿပမြတ်စွာဘုရား သာသနာတော်၌ ယုတ်မာသော သာမဏေမ ဖြစ်ခဲ့ဘူးပြီ၊ ထိုသာမဏေမ၏ ထိုကံ၏ အကျိုးဖြင့် များစွာသောနှစ်တို့ပတ်လုံး များစွာသောနှစ်အရာတို့ပတ်လုံး များစွာသောနှစ်အထောင်တို့ပတ်လုံး များစွာသောနှစ်အသိန်းတို့ပတ်လုံး ငရဲ၌ ကျက်ခဲ့ရ၍ ထိုကံ၏ အကျိုးကြွင်းဖြင့်ပင်လျှင် ဤကဲ့သို့သော အတ္တဘောကို ရရှိ ခံစားနေရ၏"ဟု (ဟောတော်မူ၏)။

ကောဒသမသုတ်။

ဒုတိယဝဂ် ပြီး၏။

လက္ခဏသံယုတ် ပြီး၏။

http://www.dhammadownload.com

# ၉-ဩပမ္မ သံယုတ်

## ၁-ကူဋသုတ်

၂၂၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည်။ပ။ ဤစကားကို မိန့်တော်မူ၏—ရဟန်းတို့ ဥပမာသော်ကား အထွတ်တပ်သော အိမ်၏ အခြင် ဟူသမျှ အားလုံးတို့သည် အထွတ်သို့ ရောက်ကုန်၏၊အထွတ်လျှင် စုဝေးရာရှိကုန်၏၊ အထွတ်ကို ဖျက်ဆီးခြင်းဖြင့် ထိုအခြင်ဟူသမျှအားလုံးတို့သည် ပျက်စီးခြင်းသို့ ရောက်ကုန်၏။ရဟန်းတို့ ဤအတူသာလျှင် အကုသိုလ်တရားဟူသမျှအားလုံးတို့သည် အဝိဇ္ဇာလျှော် အရင်းမူလရှိကုန်၏။အဝိဇ္ဇာလျှင် စုဝေးရာ ရှိကုန်၏၊အဝိဇ္ဇာကို ဖျက်ဆီးခြင်းဖြင့် ထိုအကုသိုလ်ဟူသမျှအားလုံးတို့သည် ပျက်စီးခြင်းသို့ ရောက်ကုန်၏၊ ရဟန်းတို့ ထို့ကြောင့် "မမေ့လျော့ကုန်သည် ဖြစ်၍ နေကုန်အံ့"ဟု ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု (ဟောတော်မူ၏)။

ပဌမသုတ်။

## ၂-နခသိခသုတ်

၂၂၄။ သာဝတ္ထိနိဒါန်း။ ထိုအခါ မြတ်စွာဘုရားသည် လက်သည်းဖျား၌ မြေမှုန့် အနည်းငယ်ကို တင်၍ ရဟန်းတို့ကို မိန့်တော်မူ၏—"ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ လက်သည်းဖျား၌ ငါတင်ထားအပ်သော မြေမှုန့်အနည်းငယ်နှင့် မဟာပထဝီမြေကြီးသည် အဘယ်က ပိုမိုများသနည်း"ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ထိုမဟာပထဝီမြေကြီးသည်သာလျှင် များပါ၏၊ လက်သည်းဖျား၌ မြတ်စွာဘုရား တင်ထားအပ်သော မြေမှုန့်သည်ကား အနည်းငယ်မျှသာတည်း၊ မဟာပထဝီမြေကြီးကို ထောက်ဆ၍ လက်သည်းဖျား၌ မြတ်စွာဘုရား တင်ထားအပ်သော အနည်းငယ်သော မြေမှုန့်သည် အရေအတွက်သို့လည်း မရောက်ပါ၊ အထောက်အထားသို့လည်း မရောက်ပါ၊ အစိတ်အပိုင်းသို့လည်း မရောက်ပါဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ ဤအတူသာလျှင် လူတို့၌ လူ ပြန်ဖြစ်သော သတ္တဝါတို့သည် နည်းလှကုန်၏၊ စင်စစ်သော်ကား လူအဖြစ်မှတပါး (အပါယ်ဘုံတို့၌) ဖြစ်ကြသော သတ္တဝါတို့သည်သာလျှင် အလွန် များကုန်၏၊ ရဟန်းတို့ ထို့ကြောင့်"မမေ့လျော့ကုန်သည်ဖြစ်၍ နေကုန်အံ့"ဟု ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု (ဟောတော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ကုလသုတ်

၂၂၅။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ မိန်းမများ၍ ယောကျ်ားနည်းသော အိမ်ဟူသမျှတို့ကို မီးအုပ်ဆောင် ခိုးသူတို့သည် ဖျက်ဆီးရန် လွယ်ကူကုန်သကဲ့သို့ ထိုအတူသာလျှင်(ဆန့်ကျင်ဖက်မှ)

http://www.dhammadownload.com



လွတ်မြောက်သော မေတ္တာစိတ်ကို မပွားများ မလေ့လာသော မည်သည့် ရဟန်းကို မဆို မြေဖုတ်ဘီလူးတို့ ဖျက်ဆီးရန် လွယ်ကူကုန်၏။ ရဟန်းတို့ ဥပမာသော်ကား မိန်းမနည်း၍ ယောကျ်ားများသော အိမ်ဟူသမျှတို့ကို မီးအုပ်ဆောင် ခိုးသူတို့သည် ဖျက်ဆီးခြင်းငှါ မလွယ်ကူကုန်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် (ဆန့်ကျင်ဖက်မှ)လွတ်မြောက်သောမေတ္တာစိတ်ကို ပွားများလေ့လာသော မည်သည့်ရဟန်းကို မဆို မြေဖုတ်ဘီလူးတို့ ဖျက်ဆီးရန် မလွယ်ကူ။ ရဟန်းတို့ ထို့ကြောင့် "ငါတို့သည် (ဆန့်ကျင်ဖက်မှ) လွတ်မြောက်သော မေတ္တာစိတ်ကို ပွားများအံ့၊ လေ့လာအံ့၊ ယာဉ်ကဲ့သို့ပြုအံ့၊ တည်ရာကဲ့သို့ပြုအံ့၊ဆောက်တည်အံ့၊ ထက်ဝန်းကျင်မှ ဆည်းပူးအံ့၊ ကောင်းစွာ အားထုတ်အံ့" ဟု ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု (ဟောတော်မူ၏)။

တတိယသုတ်။

---

## ၄-ဩက္ခာသုတ်

၂၂၆။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အကြင်သူသည် နံနက်တကြိမ် နေ့လယ်တကြိမ် ညနေတကြိမ် မွန်မြတ်သော ဘောဇဉ်တို့ဖြင့် ပြည့်သော ထမင်းအိုးတရာဖြင့် အလှူကို ပေးလှူရာ၏၊ အကြင်သူသည်ကား နံနက်အခါ၌ဖြစ်စေ နေ့လယ်အခါ၌ဖြစ်စေ ညနေအခါ၌ဖြစ်စေ အယုတ်သဖြင့် နွားနို့တညှစ်ခန့် ကာလမျှလည်း မေတ္တာစိတ်ကို ပွားများရာ၏၊ ဤနွားနို့ တညှစ်ခန့်မျှ မေတ္တာစိတ်ကို ပွားများခြင်းသည် ထိုအလှူ သုံးကြိမ်ထက် အထူးသဖြင့် အကျိုးကြီး၏၊ ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ငါတို့သည် (ဆန့်ကျင်ဖက်မှ)လွတ်မြောက်သော မေတ္တာစိတ်ကိုပွားများအံ့၊ လေ့လာအံ့၊ ယာဉ်ကဲ့သို့ ပြုအံ့၊ တည်ရာကဲ့သို့ ပြုအံ့၊ဆောက်တည်အံ့၊ ထက်ဝန်းကျင်မှ ဆည်းပူးအံ့၊ ကောင်းစွာ အားထုတ်အံ့" ဟု သင်တို့ ကျင့်ရမည်ဟု (ဟောတော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-သတ္တိသုတ်

၂၂၇။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဥပမာသော်ကား အသွားထက်သော လှံသည်ရှိ၏၊ ထိုအခါ ယောကျ်ားသည် ဤအသွားထက်သော လှံကို လက်ဝါးဖြင့်သော်ငင်း လက်ဆုပ်ဖြင့်သော်ငင်း (အဖျား၌)ငါဆုပ်ညှစ်အံ့၊(အလယ်၌)ငါပုတ်ခတ်အံ့၊အပြန်အလှန် ပုတ်ခတ်အံ့ဟု ဆို၍ လာရာ၏။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ထိုယောကျ်ားသည် ဤအသွားထက်သော လှံကို လက်ဝါးဖြင့်ဖြစ်စေ လက်ဆုပ်ဖြင့်ဖြစ်စေ (အဖျား၌) ဆုပ်ညှစ်ခြင်းငှါရင်း (အလယ်၌) ပုတ်ခတ်ခြင်းငှါရင်း အပြန်အလှန် ပုတ်ခတ်ခြင်းငှါရင်း ထိုက်မည်လောဟု(မေးတော်မူ၏)။ အသျှင်ဘုရား ဤသို့ ပုတ်ခတ်ခြင်းငှါ မထိုက်ပါ။ ထိုသို့ မထိုက်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ- အသျှင်ဘုရား ဤထက်သော လှံသွားသည်ကား လက်ဝါးဖြင့်ဖြစ်စေ လက်ဆုပ်ဖြင့်ဖြစ်စေ (အဖျား၌)ဆုပ်ညှစ်ခြင်းငှါရင်း(အလယ်၌) ပုတ်ခတ်ခြင်းငှါရင်း အပြန်အလှန် ပုတ်ခတ်ခြင်းငှါရင်း မလွယ်ကူပါ၊ ထိုယောကျ်ားသည် အလွန်လျှင် ကိုယ်ပင်ပန်းခြင်း စိတ်ပင်ပန်းခြင်း ဖြစ်ရသော ကြောင့်ပါတည်းဟု (လျှောက်ကုန်၏)။

http://www.dhammadownload.com



ရဟန်းတို့ ဤအတူသာလျှင် တစုံတယောက်သော ရဟန်းသည်(ဆန့်ကျင်ဖက်မှ)လွတ်မြောက်သော မေတ္တာစိတ်ကို ပွါးများအပ်၏၊လေ့လာအပ်၏၊ ယာဉ်ကဲ့သို့ပြုအပ်၏၊ တည်ရာကဲ့သို့ပြုအပ်၏၊ ဆောက်တည်အပ်၏၊ ထက်ဝန်းကျင်မှ ဆည်းပူးအပ်၏၊ကောင်းစွာ အားထုတ်အပ်၏၊ ထိုရဟန်း၏ စိတ်ကို မြေဖုတ်ဘီလူးသည် ပျံ့လွင့်စေအပ်၏ဟူ၍ အောက်မေ့စေကာမူ စင်စစ် ထိုမြေဖုတ်ဘီလူးသည်သာလျှင် ပင်ပန်းခြင်း စိတ်ပင်ပန်းခြင်း ဖြစ်ရာ၏။ရဟန်းတို့ ထို့ကြောင့်သာလျှင်ဤသာသနာတော်၌ 'ငါတို့သည် (ဆန့်ကျင်ဖက်မှ)လွတ်မြောက်သော မေတ္တာစိတ်ကို ပွါးများအံ့၊ လေ့လာအံ့၊ ယာဉ်ကဲ့သို့ ပြုအံ့၊ တည်ရာကဲ့သို့ပြုအံ့၊ ဆောက်တည်အံ့၊ ထက်ဝန်းကျင်မှ ဆည်းပူးအံ့၊ကောင်းစွာ အားထုတ်အံ့''ဟု ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု (ဟောတော်မူ၏)။

ပဥ္စမသုတ်။

## ၆-ဓနုဂ္ဂဟသုတ်

၂၂၈။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဥပမာသော်ကား နိုင်ခံ့သော လေးရှိကုန်သော ကောင်းစွာ သင်ကြားပြီး၍ လက်ကျင့်ရပြီးကုန်သော ပွဲဝင်ပြီးသော လေးအတတ်ရှိကုန်သော လေးသမားလေးယောက်တို့သည် အရပ်လေးမျက်နှာ၌ တည်ကုန်ရာ၏၊ ထိုအခါ၌ ယောကျ်ားသည် နိုင်ခံ့သော လေးရှိကုန်သော ကောင်းစွာ သင်ကြားပြီး၍ လက်ကျင့်ရပြီးကုန်သော ပွဲဝင်ပြီးသောလေးအတတ်ရှိကုန်သော လေးသမားလေးယောက်တို့၏ အရပ်လေးမျက်နှာသို့ ပစ်အပ်သောမြှားတို့ကိုမြေသို့ မကျမီ ယူဆောင်အံ့ဟု ဆိုရာ၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ''လျင်မြန်သော ယောကျ်ား၊ အလွန်လျင်မြန်ခြင်းနှင့် ပြည့်စုံသောယောကျ်ားဟု ဆိုခြင်းငှါ သင့်ပါမည်လော''ဟု(မေးတော်မူ၏)။

အသျှင်ဘုရား ခိုင်ခံ့သော လေးရှိသော ကောင်းစွာ သင်ကြားပြီး၍ လက်ကျင့်ရပြီးသော ပွဲဝင်ပြီးသောလေးအတတ်ရှိသော လေးသမားတယောက်၏ပစ်အပ်သောမြှားတို့ကို မြေသို့မကျမီ ယူဆောင်နိုင်ခဲ့မူ လျင်မြန်သော ယောကျ်ား၊အလွန် လျင်မြန်ခြင်းနှင့် ပြည့်စုံသောယောကျ်ားဟု ဆိုခြင်းငှါသင့်ပါ၏။ ခိုင်ခံ့သော လေးရှိကုန်သော ကောင်းစွာ သင်ကြားပြီး၍လက်ကျင့်ရပြီးကုန်သော ပွဲဝင်ပြီးသောလေးအတတ်ရှိကုန်သော လေးသမားလေးယောက်တို့၏အရပ်လေးမျက်နှာသို့ ပစ်အပ်သော မြှားတို့ကို မြေသို့ မကျမီ ယူ၍ဆောင်နိုင်ရာ၌ကား အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်းဟု (လျှောက်ကုန်၏။) ထိုမြှားဖမ်းသော ယောကျ်ား၏လျင်မြန်ခြင်းထက် လနေတို့၏လျင်မြန်ခြင်းက ပို၍လျင်မြန်၏၊ လနေတို့၏ လျင်မြန်ခြင်းထက် လနေတို့၏ ရှေ့မှ ပြေးသွားသော နတ်တို့၏ လျင်မြန်ခြင်းက ပို၍လျင်မြန်၏၊ထိုနတ်တို့၏ လျင်မြန်ခြင်းထက် အလွန်လျင်မြန်စွာအသက်တို့သည် ကုန်ဆုံးကြရကုန်၏၊ ထို့ကြောင့် ဤသာသနာတော်၌ ငါတို့သည် ''မမေ့လျော့ကုန်သည်ဖြစ်၍ နေကုန်အံ့''ဟု ဤသို့လျှင် သင်တို့ ကျင့်ရမည် ဟု (ဟောတော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-အာဏိသုတ်

၂၂၉။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရှေးကဖြစ်ဘူးသည်ကား ဒသာရဟမင်းတို့အား အာနကမည်သော မုရိုးစည်သည် ရှိ၏၊ ဒသာရဟမင်းတို့သည် အာနက မည်သော မုရိုးစည်ကို ထိုးခတ်သည်

http://www.dhammadownload.com



ရှိသော် ထိုမုရိုးစည်အား အခြားမယ်နအစပ်ကို ထည့်သွင်းဆက်စပ်ကုန်၏။ ရဟန်းတို့ အာနကမည်သောမုရိုးစည်၏အဟောင်းဖြစ်သောစည်အခေါင်းသည် ကွယ်ပျောက်၍ မယ်နအစပ်သည်သာလျှင် ကြွင်းကျန်သော အခါမျိုးသည် ဖြစ်လေရာ၏။ ရဟန်းတို့ ဤအတူသာလျှင် နောင်အခါ၌ ရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူအပ်သော နက်နဲကုန်သော နက်နဲသောအနက်သဘောရှိကုန်သော လောကမှထွက်မြောက်ကြောင်း ဖြစ်ကုန်သော ဆိတ်သုန်းခြင်း သုညတနှင့်စပ်ကုန်သော သုတ္တန်တို့ကို ဟောအပ်ကုန်သည်ရှိသော် ကောင်းစွာမနာယူလိုကုန်လတ္တံ့၊ နားမထောင်ကုန်လတ္တံ့၊ သိလိုသောစိတ်ကို မဖြစ်စေကုန်လတ္တံ့၊ ထိုတရားတို့ကို သင်ယူအပ် အဖန်တလဲလဲလေ့ကျက်အပ်၏ဟု မမှတ်ထင်ကုန်လတ္တံ့။

ကဗျာဆရာတို့ ဖွဲ့ဆိုကုန်သော ကဗျာဆရာတို့ စီရင်အပ်ကုန်သော ဆန်းကြယ်သော အက္ခရာရှိကုန်သော ဆန်းကြယ်သော ပုဒ်ဗျည်းရှိကုန်သော သာသနာတော်ပြင်ပ ဖြစ်သော တပည့်တို့ ဟောအပ်ကုန်သော သုတ္တန်တို့ကို ဟောပြောအပ်ကုန်သည်ရှိသော် နာယူလိုကြကုန်လတ္တံ့၊ နားထောင်ကြကုန်လတ္တံ့၊ သိလိုသောစိတ်ကို ဖြစ်စေကုန်လတ္တံ့၊ ထိုသုတ္တန်တရားတို့ကို သင်ယူအပ် အဖန်တလဲလဲ လေ့ကျက်အပ်၏ ဟူ၍ မှတ်ထင်ကြကုန်လတ္တံ့။

ရဟန်းတို့ ဤအတူ မြတ်စွာဘုရား ဟောတော်မူအပ်ကုန်သော နက်နဲကုန်သော နက်နဲသော အနက်သဘောရှိကုန်သော လောကမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်သော ဆိတ်သုန်းခြင်း သုညတနှင့် စပ်ကုန်သော ထိုသုတ္တန်တရားတို့၏ ကွယ်ပျောက်ခြင်းသည် ဖြစ်လတ္တံ့။ ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ မြတ်စွာဘုရား ဟောတော်မူအပ်ကုန်သော နက်နဲကုန်သော နက်နဲသော အနက်သဘောရှိကုန်သော လောကမှ ထွက်မြောက်ကြောင်းဖြစ်ကုန်သော ဆိတ်သုန်းခြင်း သုညတနှင့်စပ်ကုန်သော သုတ္တန်တရားတို့ကို ဟောအပ်ကုန်သည်ရှိသော် ကောင်းစွာ နာယူကုန်အံ့၊ နားထောင်ကုန်အံ့၊ သိလိုသော စိတ်ကို ဖြစ်စေကုန်အံ့၊ ထိုတရားတို့ကို သင်ယူအပ် အဖန်တလဲလဲ လေ့ကျက်အပ်၏ ဟု မှတ်ထင်ကုန်အံ့ ဟု ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု (ဟောတော်မူ၏)။

သတ္တမသုတ်။

## ၈-ကလိင်္ဂရသုတ်

၂၃၀။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟူ၍ ခေါ်တော်မူ၏၊ "အသျှင်ဘုရား" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ ယခုအခါ လိစ္ဆဝီမင်းတို့သည်(အတတ်သင်ခြင်း၌) မမေ့မလျော့ကြမူ၍ ဆည်းကပ်ခြင်း၌ ပြင်းစွာအားထုတ်ကုန်သည်ဖြစ်၍ သစ်သားတုံးကို ခေါင်းအုံးပြု၍နေကြကုန်၏၊ မဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏သား အဇာတသတ်မင်းသည် ထိုလိစ္ဆဝီမင်းတို့အား(နိုင်အံ့သော) အခွင့်အရေးကို မရနိုင်၊ (နိုင်အံ့သော) အကြောင်းကို မရနိုင်၊ ရဟန်းတို့ နောင် 'အနာဂတ်' ကာလ၌ လိစ္ဆဝီမင်းတို့သည် သိမ်မွေ့ကုန်သည် သိမ်မွေ့နူးညံ့သော လက်ခြေရှိကုန်သည် ဖြစ်ကုန်

http://www.dhammadownload.com



လတ္တံ့၊ ထိုလိစ္ဆဝီမင်းတို့သည် လဲမှို့ခေါင်းအုံးရှိကုန်သော နူးညံ့သော အိပ်ရာတို့၌ နေထွက်သည်တိုင်အောင် အိပ်ကုန်လတ္တံ့၊ မဂဓပြည့်ရှင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏သား အဇာတသတ်မင်းသည် ထိုလိစ္ဆဝီမင်းတို့အား (နိုင်အံ့သော) အခွင့်အရေးကို ရလတ္တံ့၊(နိုင်အံ့လော)အကြောင်းကို ရလတ္တံ့။

ရဟန်းတို့ ယခုအခါ၌ ရဟန်းတို့သည် မမေ့မလျော့ကြမူ၍ ကမ္မဋ္ဌာန်း အားထုတ်မှု၌ ပြင်းစွာ အားထုတ်ကုန်သည် ဖြစ်လျက် သစ်သားတုံးကို ခေါင်းအုံးပြု၍ နေကြကုန်၏၊ ယုတ်မာသော ကိလေသာမာရ်သည် ထိုမှုဟန်းတို့အား အခွင့်အရေးကိုမရနိုင်၊ အကြောင်းကိုမရနိုင်။ ရဟန်းတို့ နောင်'အနာဂတ်'ကာလ၌ ရဟန်းတို့သည် သိမ်မွေ့ကုန်သည် သိမ်မွေ့နူးညံ့သော လက်ခြေရှိကုန်သည် ဖြစ်ကုန်လတ္တံ့၊ ထိုရဟန်းတို့သည် လဲမှို့ခေါင်းအုံးရှိကုန်သော နူးညံ့သောအိပ်ရာတို့၌ နေထွက်သည်တိုင်အောင် အိပ်ကုန်လတ္တံ့၊ယုတ်မာသော ကိလေသာမာရ်သည် ထိုရဟန်းတို့အား အခွင့်အရေးကို ရလတ္တံ့၊အကြောင်းကိုရလတ္တံ့။ ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ ''မမေ့မလျော့မူ၍ ကမ္မဋ္ဌာန်းအလုပ်၌ ပြင်းစွာအားထုတ်ကုန်သည်ဖြစ်လျက် သစ်သားတုံးကို ခေါင်းအုံးပြု၍ နေကုန်အံ့''ဟု ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု (ဟောတော်မူ၏)။

အဋ္ဌမသုတ်။

## ၉-နာဂသုတ်

၂၃၁။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ သီတင်းငယ်ရဟန်းတပါးသည် ဒါယကာ အိမ်တို့သို့ အလွန်အချိန်ကြာမြင့်စွာချဉ်းကပ်၏၊ထိုရဟန်းငယ်ကို ရဟန်းတို့သည် အသျှင် သင်သည် ဒါယကာအိမ်တို့ကို အလွန်အချိန်ကြာမြင့်စွာ မချဉ်းကပ်လင့်ဟု ဆိုကုန်၏။ ရဟန်းတို့က ဆိုအပ်သည်ရှိသော် ဤအမည်ရှိကုန်သော မထေရ်ကြီးရဟန်းတို့သည် ဒါယကာအိမ်တို့သို့ ချဉ်းကပ်သင့်၏ဟူ၍ မှတ်ထင်ကုန်ဘိသေး၏၊ ငါမူကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း''ဟု ရဟန်းငယ်သည် ဆို၏။

ထိုအခါ များစွာကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍ တခုသော နေရာ၌ ထိုင်နေကုန်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကုန်၏— ''အသျှင်ဘုရား သီတင်းငယ် ရဟန်းတပါးသည် ဒါယကာအိမ်တို့သို့ အလွန် အချိန်ကြာမြင့်စွာ ချဉ်းကပ်ပါ၏၊ ထိုရဟန်းငယ်ကို 'အသျှင်သည် ဒါယကာအိမ်တို့သို့ အလွန် အချိန်ကြာမြင့်စွာ မချဉ်းကပ်လင့်'ဟု ရဟန်းတို့က ဆိုပါကုန်၏။ ရဟန်းတို့ ဆုံးမအပ်သည်ရှိသော် 'ဤအမည်ရှိကုန်သော မထေရ်ကြီး ရဟန်းတို့သည် ဒါယကာအိမ်တို့သို့ ချဉ်းကပ်သင့်၏ဟူ၍ မှတ်ထင်ကုန်ဘိသေး၏၊ ငါမူကားအဘယ် ဆိုဖွယ်ရာရှိအံ့နည်း'ဟု ရဟန်းငယ်က ဆိုပါသည်''ဟု လျှောက်ကြကုန်၏၊ ရဟန်းတို့ ရှေး၌ ဖြစ်ဘူးသည်ကား တောအုပ်ကြီး၌ ရေအိုင်ကြီးသည်ရှိ၏၊ ထိုရေအိုင်ကြီးကို ဆင်တို့သည် အမှီသဟဲပြု၍ နေကုန်၏၊ ထိုဆင်တို့သည် ထိုရေအိုင်သို့ သက်ဆင်း၍ နှာမောင်းဖြင့် ကြာစွယ်ကြာရင်းကို နုတ်၍ ညွန်မရှိအောင် ကောင်းစွာ လှုပ်ခါဆေးကြောပြီးလျှင် ကျွတ်ကျွတ်ဝါး၍ စားမျိုကုန်၏၊ ထိုဆင်တို့အား ထိုစားမျိုခြင်းသည် အဆင်းလှခြင်းငှါလည်း ဖြစ်၏၊ချမ်းသာခြင်းငှါလည်းဖြစ်၏၊ ထို စားမျို

http://www.dhammadownload.com



ခြင်းအကြောင်းကြောင့်သေခြင်းသို့လည်းမရောက်ကုန်၊သေလောက်သောဆင်းရဲသို့လည်းမရောက်ကုန်။ရဟန်းတို့ ထိုဆင်ကြီးတို့ကိုပင်လျှင် အတုလိုက်၍ ကျင့်ကုန်သော ပျိုနုသော ဆင်သူငယ်တို့သည် ထိုရေအိုင်သို့ သက်ဆင်း၍ နှာမောင်းဖြင့် ကြာစွယ်ကြာရင်းကို နုတ်၍ ကောင်းစွာ မလျှော်မခါ မဆေးကြောမူ၍ ကောင်းစွာ မဝါးပဲ ညွန်နှင့်တကွ စားမျိုကုန်၏၊ ထိုဆင်ငယ်တို့အား ထိုစားမျိုခြင်းသည် အဆင်းလှခြင်းငှါမဖြစ်၊ အားရှိခြင်းငှါမဖြစ်၊ ထိုညွန်နှင့်တကွသော ကြာစွယ်ကို စားခြင်းကြောင့် သေခြင်းသို့လည်း ရောက်ကုန်၏၊ သေလောက်သော ဆင်းရဲသို့လည်း ရောက်ကုန်၏။

ရဟန်းတို့ ဤအတူသာလျှင် ဤသာသနာတော်၌ မထေရ်ကြီးရဟန်းတို့သည် နံနက်အခါသင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် ရွာသို့ဖြစ်စေ နိဂုံးသို့ဖြစ်စေ ဆွမ်းခံဝင်ကုန်၏၊ ထိုရဟန်းတို့သည် ထိုရွာနိဂုံး၌ တရားဟောကုန်၏၊ထိုရဟန်းတို့အား လူတို့သည် ကြည်ညိုသော အခြင်းအရာကို ပြုကုန်၏။ ထိုမထေရ်တို့သည် ထိုလာဘ်ကို မတပ်မက်ကုန်သည် မတွေဝေကုန်သည် တဏှာဖြင့် မလွှမ်းမိုးကုန်သည်ဖြစ်၍ အပြစ်ကို ရှုကုန်သည် ထွက်မြောက်ကြောင်းပညာရှိကုန်သည်ဖြစ်၍ သုံးဆောင်ကုန်၏၊ ထိုရဟန်းတို့အား ထိုသုံးဆောင်ခြင်းသည် အဆင်းလှခြင်းငှါလည်းဖြစ်၏၊ အားရှိခြင်းငှါလည်း ဖြစ်၏၊ ထိုလာဘ်ဟူသော အကြောင်းကြောင့် သေခြင်းသို့လည်း မရောက်ကုန်၊ သေလောက်သော ဆင်းရဲသို့လည်း မရောက်ကုန်။ ရဟန်းတို့ ထိုမထေရ်ကြီးရဟန်းတို့ကိုပင်လျှင် အတုလိုက်၍ကျင့်ကုန်သော သီတင်းငယ်ရဟန်းတို့သည် နံနက်အခါ၌သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် ရွာသို့ဖြစ်စေ နိဂုံးသို့ဖြစ်စေ ဆွမ်းခံဝင်ကုန်၏၊ထို ရဟန်းတို့သည် ထိုရွာနိဂုံး၌ တရားဟောကုန်၏၊ ထိုရဟန်းတို့အား လူတို့သည် ကြည်ညိုသောအခြင်းအရာကိုပြုကုန်၏။ ထိုရဟန်းတို့သည် ထိုလာဘ်ကို တပ်မက်ကုန်သည် တွေဝေကုန်သည် တဏှာဖြင့် လွှမ်းမိုးကုန်သည်ဖြစ်၍ အပြစ်ကို မမြင်ကုန်ပဲ ထွက်မြောက်ကြောင်းပညာ မရှိကုန်သည် ဖြစ်၍ သုံးဆောင်ကုန်၏၊ ထိုရဟန်းငယ်တို့အား ထိုသုံးဆောင်ခြင်းသည် အဆင်းလှခြင်းငှါ မဖြစ်၊ အားရှိခြင်းငှါမဖြစ်၊ထိုရဟန်းတို့သည် ထိုလာဘ်ဟူသောအကြောင်းကြောင့် သေခြင်းသို့လည်းရောက်ကုန်၏၊ သေလောက်သော ဆင်းရဲသို့လည်း ရောက်ကုန်၏။ ရဟန်းတို့ ဤကြောင့် ဤသာသနာတော်၌ "မတပ်မက် မတွေဝေမူ၍ တဏှာဖြင့် မလွှမ်းမိုးပဲ အပြစ်ကိုရှုလျက် ထွက်မြောက်ကြောင်း ပညာရှိသည်ဖြစ်၍ ထိုလာဘ်ကို သုံးဆောင်ကုန်အံ့"ဟု ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု (ဟောတော်မူ၏)။

နဝမသုတ်။

---

### ၁၀-ဗိဠာရသုတ်

၂၃၂။ သာဝတ္ထိနိဒါန်း။ ထိုအခါ ရဟန်းတပါးသည် အလွန်အချိန်ကြာမြင့်စွာ ဒါယကာအိမ်တို့၌ လှည့်လည်၏၊ ထိုရဟန်းကို "အသျှင်သည် အလွန်အချိန်ကြာမြင့်စွာ ဒါယကာအိမ်တို့၌ မလှည့်လည်ပါလင့်"ဟု ရဟန်းတို့ ပြောဆိုကြကုန်၏။ ရဟန်းတို့က ပြောဆိုအပ်သော်လည်း ထိုရဟန်းသည် မရှောင်ကြဉ်၊ထိုအခါ များစွာကုန်သောရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍ မြတ်စွာဘုရားကို ရှိခိုးကုန်လျက် တခုသော နေရာ၌ ထိုင်နေကုန်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကုန်၏— "အသျှင်ဘုရား ရဟန်းတပါးသည် အလွန်အချိန်ကြာမြင့်စွာ ဒါယကာအိမ်တို့၌ လှည့်လည်ပါ၏၊ ထိုရဟန်းကို အသျှင်သည် အလွန်အချိန်ကြာမြင့်စွာ ဒါယကာအိမ်တို့၌ မလှည့်လည်သည်

http://www.dhammadownload.com



ပါလင့်ဟု ဆိုကြပါကုန်၏၊ရဟန်းတို့က ဆိုဆုံးမအပ်သော်လည်း ထိုရဟန်းသည်မရှောင်ကြဉ်ပါ”ဟု လျှောက်ကုန်၏။ ရဟန်းတို့ ရှေးကဖြစ်ဘူးသည်ကား ကြောင်သည် “ဤကြွက်ငယ်သည် အကြင် အခါအစာရှာရန်ထွက်လာလတ္တံ့၊ ထိုအခါ ထိုထွက်လာရာ အရပ်၌ပင် ထိုကြွက်ငယ်ကို ဖမ်း၍ စားအံ့”ဟု ကြွက်ငယ်ကို ရှာသည်ဖြစ်၍ အိမ်ခြံစပ် အညစ်အကြေးရှိရာ အမှိုက်ပုံ၌ ရပ်တည်နေ၏။ ရဟန်းတို့ ထိုအခါ၌ ထိုကြွက်ငယ်သည် အစာရှာရန်သွား၏၊ ထိုကြွက်ငယ်ကို ကြောင်သည် ဖမ်းယူ လျက် ကောင်းစွာမစားပဲ အဆောတလျင် မျိုချလိုက်၏၊ ထိုကြွက်ငယ်သည် ထိုကြောင်၏အူမကို ၎င်း အူသိမ်ကို၎င်း ကိုက်ခဲ၏၊ ထိုကြောင်သည် ထိုအကြောင်းကြောင့် သေခြင်းသို့လည်းရောက်ရာ ၏၊ သေလောက်သော ဆင်းရဲသို့လည်း ရောက်ရာ၏။

ရဟန်းတို့ ဤအတူသာလျှင် အချို့သော ရဟန်းသည် နံနက်အခါ သင်္ကန်းကို ပြင်ဝတ်၍သပိတ် သင်္ကန်းကို ဆောင်ယူပြီးလျှင် မစောင့်စည်းသောကိုယ် မစောင့်စည်းသောနှုတ် မစောင့်စည်းသော စိတ်မထင်သောသတိ မပိတ်ဆို့အပ်ကုန်သော ဣန္ဒြေတို့ဖြင့် ရွာသို့ဖြစ်စေနိဂုံးသို့ဖြစ်စေဆွမ်းခံဝင်၏။ ထိုရဟန်းသည် ထိုရွာ၌ မလုံမလဲ ဝတ်ရုံသော မာတုဂါမကို မြင်ရသောကြောင့် တပ်စွန်းခြင်း ‘ရာဂ’သည် ထိုရဟန်း၏ စိတ်ကို ဖျက်ဆီး၏၊ ထိုရဟန်းသည် တပ်စွန်းခြင်း ‘ရာဂ’ဖျက်ဆီးအပ်သော စိတ်ဖြင့် သေခြင်းသို့လည်း ရောက်ရ၏၊ သေလောက်သော ဆင်းရဲသို့လည်းရောက်ရာ၏။ရဟန်းတို့ အကြင်ရဟန်းသည် သိက္ခာချ၍ လူထွက်၏၊ ထိုရဟန်း၏ ဤလူထွက်ခြင်းသည် အရိယာ၏အဆုံး အမ၌ သေသည်မည်၏၊ ရဟန်းတို့ ဝုဋ္ဌာနကံ သံဃာဒိသိသ် အာပတ်တို့တွင်တပါးပါးသောညစ်နွမ်း သော အာပတ်သို့ ရောက်ခြင်းသည် သေလောက်သော ဆင်းရဲမည်၏။ ရဟန်းတို့ ထိုကြောင့် ဤ သာသနာတော်၌ “စောင့်စည်းအပ်သောကိုယ် စောင့်စည်းအပ်သောနှုတ် စောင့်စည်းအပ်သောစိတ် ထင်သောသတိဖြင့်ပိတ်ဆို့ အပ်သောဣန္ဒြေတို့ဖြင့် ရွာသို့ဖြစ်စေနိဂုံးသို့ဖြစ်စေ ဆွမ်းခံဝင်ကုန်အံ့”ဟု ဤသို့လျှင် သင်တို့ ကျင့်ရမည် ဟု (ဟောတော်မူ၏)။

ဒသမသုတ်။

## ၁၁-သိင်္ဂါလသုတ်

၂၃၃။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သင်တို့သည် ညဉ့်၏ မိုးသောက်ချိန်၌ ညည်းတွားနေသော မြေခွေးအို၏ အသံကို ကြားဘူးကုန်၏လော ဟု မေးတော်မူ၏။ ကြားဘူးပါသည် အသျှင်ဘုရား။ ရဟန်းတို့ ဤမြေခွေးအိုသည် ဥက္ကဏ္ဍကမည်သောအနာဖြင့် မပွတ်အပ်သည် ဖြစ်၍ သွားလိုရာ အရပ်သို့ သွား၏၊ရပ်လိုရာရာ အရပ်၌ရပ်၏၊ထိုင်လိုရာရာအရပ်၌ ထိုင်၏၊အိပ်လိုရာရာ အရပ်၌အိပ်၏၊ ထိုမြေခွေးအိုကို လေအေးကလေးမှုကား တိုက်ခတ်သေး၏၊ ထိုအခါမျိုး၌ ထိုမြေခွေးအိုအား စိတ်သာယာမှုကိုရသဖြင့် လျှောင်းရာ၏။ ရဟန်းတို့ ဤသာသနာတော်၌ “အချို့သော သာကီဝင် မင်းသား ဘုရားသားတော်”ဟု ဝန်ခံသောသူသည် မြေခွေးအိုသဘောရှိသော အတ္တဘောမျိုး ရခြင်းကို(အနာဂတ်ဘဝ၌)မခံစားရရာ၊ ရဟန်းတို့ ထိုကြောင့် ဤသာသနာတော်၌ “မမေ့လျော့ သည်ဖြစ်၍ နေကုန်အံ့”ဟု ဤသို့လျှင် သင်တို့ကျင့်ရမည် ဟု (ဟောတော်မူ၏)။

ဧကာဒသမသုတ်။

http://www.dhammadownload.com



## ၁၂-ဒုတိယ သိင်္ဂါလသုတ်

၂၃၄။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သင်တို့သည် ညဥ့်၏မိုးသောက်ချိန်၌ ညည်းတွားနေသော မြေခွေးအို၏အသံကို ကြားဘူးကုန်သလောဟု မေးတော်မူ၏၊ ကြားဘူးပါကုန်၏အသျှင်ဘုရား။ ရဟန်းတို့ ထိုမြေခွေးအို၌ သူပြုဘူးသော ကျေးဇူးတစုံတခုကို သိခြင်းသည်ရှင်း သူပြုဘူးသော ကျေးဇူးကို အထူးသိခြင်းသည်ရှင်း ဖြစ်ရာသေး၏။ ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် သာကီဝင်မင်းသား ဘုရားသားတော်ဟု ဝန်ခံသော်လည်း သူပြုဘူးသောကျေးဇူး တစုံတခုကို သိခြင်းသည်ရှင်း သူပြုဘူးသော ကျေးဇူးကိုအထူးသိခြင်းသည်ရှင်း မဖြစ်ရာ၊ ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "သူပြုဘူးသော ကျေးဇူးကိုသိသူ သူပြုဘူးသော ကျေးဇူးကို အထူးသိသူတို့ ဖြစ်ကြကုန်အံ့၊ ငါတို့၌ အနည်းငယ်မျှ ပြုဘူးသော ကျေးဇူးသည် မပျက်စီးလတ္တံ့" ဟု ဤသို့လျှင် သင်တို့ ကျင့်ရမည် ဟု (ဟောတော်မူ၏)။

ဩပမ္မသံယုတ်။

ဩပမ္မသံယုတ် ပြီး၏။

http://www.dhammadownload.com



# ၁၀–အဂီကျွသံယုတ်

## ၁. ကောလိတသုတ်

၂၃၅။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်–အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် ရဟန်းတို့ကို "ငါ့သျှင်ရဟန်းတို့" ဟူ၍ ခေါ်တော်မူ၏၊ "ငါ့သျှင်"ဟု ထိုရဟန်းတို့သည် အသျှင်မဟာမောဂ္ဂလာန်အား ပြန်လျှောက်ကုန်၏၊ အသျှင်မဟာမောဂ္ဂလာန်သည် ဤစကားကို မိန့်တော်မူ၏–

ငါ့သျှင်တို့ ဆိတ်ငြိမ်ရာသို့ ကပ်လျက် တပါးတည်း ကိန်းအောင်နေသော ငါ့အား "မြတ်သော ဆိတ်ဆိတ်နေခြင်း မြတ်သောဆိတ်ဆိတ်နေခြင်း ဟူ၍ ဆိုအပ်၏၊ မြတ်သော ဆိတ်ဆိတ်နေခြင်း ဟူသည် အဘယ်နည်း"ဟု အကြံဖြစ်၏။ ငါ့သျှင်တို့ ထိုငါ့အား ဤသို့သော အကြံသည် ဖြစ်၏၊ "ဤသာသနာတော်၌ ရဟန်းသည် ကြံစည်မှု 'ဝိတက်' သုံးသပ်ဆင်ခြင်မှု 'ဝိစာရ'တို့၏ ချုပ်ခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်၏ တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်သော ကြံစည်မှု 'ဝိတက်'မရှိသော သုံးသပ်ဆင်ခြင်မှု 'ဝိစာရ'မရှိသော တည်ကြည်မှု'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော ဒုတိယစျာန်သို့ ရောက်၍ နေ၏၊ ဤဒုတိယစျာန်ကို မြတ်သော ဆိတ်ဆိတ်နေခြင်းဟူ၍ ဆိုအပ်၏ ဟု အကြံဖြစ်၏။ ငါ့သျှင်တို့ ထိုငါသည် ကြံစည်မှု'ဝိတက်'သုံးသပ်ဆင်ခြင်မှု'ဝိစာရ'တို့၏ချုပ်ခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်၏ တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်သော ကြံစည်မှု 'ဝိတက်' မရှိသော သုံးသပ်ဆင်ခြင်မှု 'ဝိစာရ'မရှိသော တည်ကြည်မှု သမာဓိ'ကြောင့် ဖြစ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု 'သုခ'ရှိသော ဒုတိယစျာန်သို့ ရောက်၍ နေခဲ့၏။ ငါ့သျှင်တို့ ဤသို့ နေခြင်းဖြင့် နေသော ထိုငါ့အား ကြံစည်မှု 'ဝိတက်'နှင့်တကွဖြစ်သော မှတ်သားမှု 'သညာ' နှလုံးသွင်းမှု 'မနသိကာရ'တို့သည် ဖြစ်ကုန်၏။

ငါ့သျှင်တို့ ထိုအခါ၌ ငါ့ထံသို့ မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် ချဉ်းကပ်၍ "ဗြာဟ္မဏ အနွယ်ဖြစ်သော မောဂ္ဂလာန် မြတ်သော ဆိတ်ဆိတ်နေခြင်းကို မမေ့မလျော့လင့်။ မြတ်သော ဆိတ်ဆိတ်နေခြင်း၌ စိတ်ကို ကောင်းစွာထားလော့၊ မြတ်သော ဆိတ်ဆိတ်နေခြင်း၌ စိတ်တည်ကြည်ခြင်းကို ပြုလော့၊ မြတ်သောဆိတ်ဆိတ်နေခြင်း၌ စိတ်ကိုကောင်းစွာဆောက်တည်လော့" ဟု မိန့်တော်မူ၏။ ငါ့သျှင်တို့ ထိုငါသည် တပါးသောအခါ၌ ကြံစည်မှု 'ဝိတက်' သုံးသပ်ဆင်ခြင်မှု 'ဝိစာရ'တို့၏ ချုပ်ခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်၏ တည်ကြည်မှု 'သမာဓိ'ဟုဆိုအပ်သော ကြံစည်မှု 'ဝိတက်'မရှိသော သုံးသပ် ဆင်ခြင်မှု 'ဝိစာရ' မရှိသော တည်ကြည်မှု 'သမာဓိ'ကြောင့်ဖြစ်သော နှစ်သိမ့်မှု'ပီတိ' ချမ်းသာမှု'သုခ'ရှိသော ဒုတိယစျာန်သို့ ရောက်၍နေ၏။ ငါ့သျှင်တို့ "မြတ်စွာဘုရား ချီးမြှောက်အပ်သော တပည့်သာဝကသည် မြတ်သော အဘိညာဉ်နှင့် ပြည့်စုံသည့် အဖြစ်သို့ ရောက်၏"ဟူ၍ တစုံတယောက်သောသူကို ကောင်းစွာ ပြောဆိုလိုသူသည် ငါ့ကိုသာလျှင် ပြောဆိုရာ၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-ဥပတိဿသုတ်

၂၃၆။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်သာရိပုတြာသည် ရဟန်းတို့ကို "ငါ့သျှင်ရဟန်းတို့" ဟူ၍ခေါ် တော်မူ၏၊ "ငါ့သျှင်" ဟူ၍ထိုရဟန်းတို့သည် အသျှင်သာရိပုတြာအား ပြန်လျှောက်ကုန်၏၊ အသျှင်သာရိပုတြာသည် ဤစကားကို မိန့်တော်မူ၏-

"ငါ့သျှင်တို့ ဆိတ်ငြိမ်ရာသို့ ကပ်လျက် တပါးတည်း ကိန်းအောင်းနေစဉ် တစုံတယောက်သော အရာ၏ ဖောက်ပြန် ပျက်စီးခြင်း တမျိုးတဖုံ ဖြစ်ခြင်းကြောင့် ငါ့အား စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ဖြစ်ကုန်ရာ၏၊ လောက၌ တစုံတခုသော ထိုစိုးရိမ်ခြင်း စသည်သည် ငါ့အား ရှိသလော" ဟု အကြံဖြစ်၏၊ ငါ့သျှင်တို့ ထိုငါ့အားဤသို့သော အကြံဖြစ်ပြန်၏ "တစုံတယောက်သောသူ၏ ဖောက်ပြန်ပျက်စီးခြင်း တမျိုးတဖုံဖြစ်ခြင်းကြောင့် ငါ့အား စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည်ဖြစ်ကုန်ရာ၏၊ လောက၌ တစုံတခုသော ထိုစိုးရိမ်ခြင်းစသည်သည် ငါ့အား မရှိသည်သာတည်း" ဟု အကြံဖြစ်ပြန်၏ဟု ဆို၏။

ဤသို့ဆိုသည်ရှိသော် အသျှင်အာနန္ဒာသည် အသျှင်သာရိပုတြာအား ဤစကားကို လျှောက်၏ "ငါ့သျှင်သာရိပုတြာ မြတ်စွာဘုရား၏လည်း ဖောက်ပြန်ပျက်စီးခြင်း တမျိုးတဖုံဖြစ်ခြင်းကြောင့် အသျှင်ဘုရားအား စိုးရိမ်ရခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် မဖြစ်ကုန်ရာသလော" ဟုဆို၏။ ငါ့သျှင် မြတ်စွာဘုရား၏လည်း ဖောက်ပြန်ပျက်စီးခြင်းတမျိုးတဖုံဖြစ်ခြင်းကြောင့် စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့သည်ငါ့အားမဖြစ်ကုန်၊ စင်စစ်သော်ကား အချင်းတို့ ဘုန်းတော်ကြီးတော်မူသော တန်ခိုးအာနုဘော် ကြီးတော်မူသော မြတ်စွာဘုရားသည် စင်စစ် ကွယ်တော်မူလေပြီတကား၊ အကယ်၍မြတ်စွာဘုရားသည် ရှည်မြင့်စွာသော ကာလပတ်လုံး တည်နေခဲ့ပါမူ များစွာသော သူတို့၏အစီးအပွားရှိခြင်းငှာ များစွာသော သူတို့၏ ချမ်းသာခြင်းငှာ လောကကို အစဉ် စောင့်ရှောက်ခြင်းငှာ နတ်လူတို့၏ အကျိုးစီးပွားအလို့ငှာ ချမ်းသာခြင်းငှာ ဖြစ်ရာ၏ဟု ငါ့အား ဤသို့မူကား ဖြစ်ရာ၏ဟု မိန့်တော်မူ၏၊ အသျှင်သာရိပုတြာသည် ရှည်စွာသော ကာလပတ်လုံး ငါဟုစွဲယူသော 'ဒိဋ္ဌိ' ငါ့ဥစ္စာဟု တပ်မက်မှု 'တဏှာ' ကိန်းဝပ်နေသော ထောင်လွှားမှု 'မာနာနုသယ' တို့သည် ကောင်းစွာ နုတ်ပယ်အပ်ကုန်ပြီ၊ ထို့ကြောင့် မြတ်စွာဘုရား၏လည်း ဖောက်ပြန်ပျက်စီးခြင်း တမျိုးတဖုံဖြစ်ခြင်းကြောင့် အသျှင်သာရိပုတြာအား စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် မဖြစ်ကုန်ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ဃဋသုတ်

၂၃၇။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်-အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အသျှင်သာရိပုတြာနှင့် အသျှင်မဟာမောဂ္ဂလာန်တို့သည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာ

http://www.dhammadownload.com



ကျေးရာဖြစ်သော ဝေဠုန်ကျောင်း၌ နေကုန်၏၊ ထိုအခါ အသျှင်သာရိပုတြာသည် ညချမ်းအခါ တပါးတည်း ကိန်းအောင်းရာမှ ထ၍ အသျှင်မဟာမောဂ္ဂလာန်နှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးဆုံးစေ၍ တခုသော နေရာ၌ ထိုင်နေပြီးသော် အသျှင်မဟာမောဂ္ဂလာန်အား ဤစကားကို ဆို၏ —

ငါ့သျှင်မောဂ္ဂလာန် သင်၏ ဣန္ဒြေတို့သည် ကြည်လင်ကုန်၏၊ မျက်နှာအဆင်းသည် စင်ကြယ်၏၊ ဖြူစင်တောက်ပ၏၊ အသျှင်မဟာမောဂ္ဂလာန်သည် ယနေ့ အဘယ် ငြိမ်သက်သော နေခြင်းဖြင့် နေပါသနည်း ဟု (မိန့်ဆို၏)။ ငါ့သျှင် ငါသည် ယနေ့ ရုန့်ရင်းသော နေခြင်းဖြင့် နေ၏၊ သို့သော် လည်း ငါ့အား တရားစကားပြောခြင်း ဖြစ်ခဲ့၏။ အသျှင်မဟာမောဂ္ဂလာန်အား အဘယ်ပုဂ္ဂိုလ်နှင့် အတူ တရားစကားပြောဆိုခြင်း ဖြစ်ပါသနည်း။ ငါ့သျှင် ငါသည် မြတ်စွာဘုရားနှင့်အတူ တရား စကားပြောခြင်း ဖြစ်ခဲ့၏။ ငါ့သျှင် မြတ်စွာဘုရားသည် ဝေးလှ၏၊ ယခုအခါ သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏အရံ ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ အသို့ပါနည်း၊ အသျှင်မဟာမောဂ္ဂလာန်သည် မြတ်စွာဘုရား ရှိရာသို့ တန်ခိုးဖြင့် ချဉ်းကပ်ပါသလော၊ ထိုသို့ မဟုတ် မြတ်စွာဘုရားသည် အသျှင်မဟာမောဂ္ဂလာန် အထံသို့ တန်ခိုးဖြင့် ချဉ်းကပ်ပါသလော။ ငါ့သျှင် ငါသည် မြတ်စွာဘုရားထံသို့ တန်ခိုးဖြင့် မချဉ်းကပ်၊ မြတ်စွာဘုရားသည်လည်း ငါ့ထံသို့ တန်ခိုးဖြင့် ချဉ်းကပ်တော်မမူပါ၊ စင်စစ်သော်ကား ငါသည် အကြင်မျှလောက် အပိုင်းအခြားဖြင့် မြတ်စွာဘုရားကို မြင်နိုင်၏၊ အသံတော်ကို ကြားနိုင်၏၊ ထိုမျှလောက်အပိုင်းအခြားဖြင့် ဒိဗ္ဗစက္ခု ဒိဗ္ဗသောတဓာတ်သည် စင်ကြယ်၏။ မြတ်စွာဘုရားကလည်း အကြင်မျှလောက်အပိုင်းအခြားဖြင့် ငါ့ကို မြင်နိုင်၏၊ ငါ့အသံကို ကြားနိုင်၏၊ ထိုမျှလောက် အပိုင်းအခြားဖြင့် ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ ဓာတ်သည် စင်ကြယ်၏ ဟု မိန့်ဆို၏။ အဘယ်သို့လျှင် အသျှင်မဟာမောဂ္ဂလာန်အား မြတ်စွာ ဘုရားနှင့်အတူ တရားစကား ပြောဆိုခြင်း ဖြစ်ပါသနည်း ဟု (ဆို၏)။

ငါ့သျှင် ငါသည် မြတ်စွာဘုရားအား "အသျှင်ဘုရား ထက်သန်သော လုံ့လရှိသူ ထက်သန်သော လုံ့လရှိသူ ဟူ၍ ဆိုအပ်ပါ၏၊ အသျှင်ဘုရား အဘယ်မျှလောက်ဖြင့် ထက်သန်သော လုံ့လရှိသူ ဖြစ်ပါသနည်း"ဟု (လျှောက်၏)။ ငါ့သျှင် ဤသို့ မေးလျှောက်သည်ရှိသော် ငါ့ကို မြတ်စွာဘုရား သည် မောဂ္ဂလာန် "ဤသာသနာတော်၌ ရဟန်းသည် စင်စစ် အရေ အကြော အရိုးသာ ကြွင်းကျန်ပစေ၊ ကိုယ်၌ အသား အသွေး ခန်းခြောက်ပစေ၊ ယောကျ်ား၏အစွမ်း ယောကျ်ား၏ လုံ့လ ယောကျ်ား၏ အားထုတ်မှုဖြင့် ရောက်အပ်သော အရဟတ္တဖိုလ်သို့ မရောက်ပဲ လုံ့လ၏ တန့်ရပ်ခြင်းသည် မဖြစ်လတ္တံ့ဟု ထက်သန်သော လုံ့လရှိသူဖြစ်၍ နေ၏။ မောဂ္ဂလာန် ဤသို့ လျှင် ထက်သန်သော လုံ့လရှိသူဖြစ်၏ဟု မိန့်တော်မူ၏၊ ငါ့သျှင် ဤသို့လျှင် မြတ်စွာဘုရားနှင့်အတူ တရားစကား ပြောဟောခြင်းသည် ဖြစ်ပါသည်"ဟု (ဆို၏)။

ငါ့သျှင်မောဂ္ဂလာန် သေးငယ်သော ကျောက်စရစ်ခဲသည် ဟိမဝန္တာတောင်မင်း၏ အနီး၌ ထားခြင်းမျှ အကျိုးငှါသာလျှင် ဖြစ်သကဲ့သို့ ဤအတူသာလျှင် အကျွန်ုပ်တို့သည် အသျှင်မဟာ မောဂ္ဂလာန်၏ အနီး၌ ထားခြင်းမျှ အကျိုးငှါသာလျှင် ဖြစ်ကုန်ရာပါ၏၊ အသျှင်မဟာမောဂ္ဂလာန် သည်ကား ကြီးသော တန်ခိုးရှိ၏၊ ကြီးသောအာနုဘော်ရှိ၏၊ အလိုရှိခဲ့သော် အာယုကပ်ပတ်လုံး တည်ရာ၏ဟု (ဆို၏)။

http://www.dhammadownload.com



ငါ့ချင်သာရိပုတြာ အနည်းငယ်သော ဆားခဲကလေးသည် ဆားအိုးကြီး၏အနီး၌ ထားခြင်းမျှ အကျိုးငှါသာလျှင် ဖြစ်ရာသကဲ့သို့ ဤအတူသာလျှင် အကျွန်ုပ်တို့သည် အသျှင်သာရိပုတြာ၏ အနီး၌ ထားခြင်းမျှအကျိုးငှါသာလျှင်ဖြစ်ကုန်ရာပါ၏၊ အသျှင်သာရိပုတြာကို မြတ်စွာဘုရားသည် များစွာသော အကြောင်းတို့ဖြင့် ချီးမွမ်းတော်မူ၏။ မနာ ပြုအပ်ပါ၏—

"အကြင်ရဟန်းသည် တဖက်ကမ်း နိဗ္ဗာန်သို့ ရောက်၏၊ ထိုရဟန်းသည် ဤတဖက်ကမ်း နိဗ္ဗာန်သို့ ရောက်ရုံမျှသာလျှင် ဖြစ်၏၊ သာရိပုတြာသည်သာလျှင် ပညာဖြင့်၎င်း သီလဖြင့်၎င်း ငြိမ်သက်ခြင်းဖြင့်၎င်း ထိုတဖက်ကမ်း နိဗ္ဗာန်သို့ရောက်သော ရဟန်းဟူသမျှထက် မြတ်၏"ဟု (ချီးမွမ်းထောမနာ ပြုအပ်ပါ၏)။

ဤသို့လျှင် ထိုရဟန္တာပုဂ္ဂိုလ်ကြီး နှစ်ပါးတို့သည် အချင်းချင်း ကောင်းစွာ ဆိုအပ်သော စကားကို အတူ ဝမ်းမြောက်ကြကုန်၏။

တတိယသုတ်။

## ၄-နဝသုတ်

၂၃၈။ သာဝတ္ထိနိဒါန်း။ ထိုအခါ ရဟန်းသစ်တပါးသည် ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခဲ့သည်ရှိသော် ကျောင်းသို့ဝင်၍ ကြောင့်ကြမဲ့ ဆိတ်ဆိတ်နေထိုင်၏၊ သင်္ကန်းချုပ်ရာ အခါသမယ၌ ရဟန်းတို့၏ အမှုကြီးငယ်ကို မပြုလုပ်၊ ထိုအခါ များစွာသော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေကုန်ပြီးသော် မြတ်စွာဘုရား အား "အသျှင်ဘုရား ရဟန်းသစ်တပါးသည် ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခဲ့သည်ရှိသော် ကျောင်းသို့ဝင်၍ ကြောင့်ကြမဲ့ ဆိတ်ဆိတ်နေထိုင်ပါ၏၊ သင်္ကန်းချုပ်ရာ အခါသမယ၌ ရဟန်းတို့၏ အမှုကြီးငယ်ကို မပြုလုပ်ပါ"ဟု (လျှောက်ကုန်၏)။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတပါးကို "ရဟန်း သင်သည် လာလော့၊ ငါဘုရား၏ စကားဖြင့် ထိုရဟန်းသစ်ကို ခေါ်ချေလော့၊ ငါ့ချင် မြတ်စွာဘုရားသည် သင့်ကို ခေါ်တော်မူ၏ဟု ဆိုချေလော့"ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းသည် မြတ်စွာဘုရားအား ပြန်လျှောက်ပြီးလျှင် ထိုရဟန်းသစ်ထံသို့ ချဉ်းကပ်၍ ထိုရဟန်းသစ်အား "ငါ့ချင် မြတ်စွာဘုရားသည် သင့်ကို ခေါ်တော်မူ၏"ဟု ဆို၏၊ "ငါ့ချင် ကောင်းပါပြီ"ဟု ထိုရဟန်းသစ်သည် ထိုခေါ်လာသော ရဟန်းအား ဝန်ခံကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော ထိုရဟန်းအား မြတ်စွာဘုရားသည် "ရဟန်း သင်သည် ဆွမ်းစားပြီးနောက်၌ ဆွမ်းခံရွာမှ ဖဲခဲ့သည်ရှိသော် ကျောင်းသို့ဝင်၍ ကြောင့်ကြမဲ့ ဆိတ်ဆိတ်နေ၏၊ သင်္ကန်းချုပ်ရာ အခါသမယ၌ ရဟန်းတို့၏ အမှုကြီးငယ်ကို မပြုလုပ် ဟူသည် မှန်သလော"ဟု(မိန့်တော်မူ၏၊)အသျှင်ဘုရား အကျွန်ုပ်ကား မိမိကိစ္စကိုပြုပါသည်ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်း၏စိတ်ကို မိမိစိတ်ဖြင့်သိ၍ "ရဟန်းတို့ သင်တို့သည် ဤရဟန်း ကို မကဲ့ရဲ့ကုန်လင့်၊ ရဟန်းတို့ ဤရဟန်းသည် အလွန်မြတ်သော စိတ်ကို မှီ၍ဖြစ်ကုန်သော မျက်မှောက်၌ ချမ်းသာစွာနေကြောင်းဖြစ်ကုန်သော လေးပါးသော ဈာန်တို့ကို အလိုရှိတိုင်းရ၏၊

http://www.dhammadownload.com



မငြိုမငြင်ရ၏၊မပင်ပန်းသဖြင့် ရ၏၊လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်ရောက်(ရဟန်းပြု)ကုန်သော အမျိုးသားများ၊ လိုလားအပ်သော အဘုမရှိသော အကျင့်မြတ်၏ အဆုံးဖြစ်သောအရဟတ္တဖိုလ် အကျိုးကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရ၏ ဟူသော စကားကို မြတ်စွာဘုရားသည် မိန့်တော်မူ၏။ထိုနောက် မြတ်စွာဘုရားသည် ဤဂါထာကို ဟောတော်မူ၏—

"အလုံးစုံသော ဆင်းရဲတို့မှ လွတ်ရာဖြစ်သောဤနိဗ္ဗာန်သို့ ပေါ့ပေါ့လျော့လျော့အားထုတ်ခြင်းကြောင့် မရောက်နိုင်ရာ၊အနည်းငယ်သာဖြစ်သော အားအစွမ်းဖြင့် ဤနိဗ္ဗာန်သို့မရောက်။

ဤသူသည်ကား ရဟန်းသစ်တည်း၊ဤသူကား၊ ယောကျ်ားမြတ်တည်း၊ စစ်သည်ဗိုလ်ပါနှင့်တကွသော မာရ်ကို အောင်နိုင်ခြင်းကြောင့် အဆုံးစွန်သော ကိုယ်ကို ဆောင်၏" ဟု (ဟောတော်မူ၏)။

စတုတ္ထသုတ်။

## ၅–သုဇာတသုတ်

၂၃၉။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်သုဇာတသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၏၊ မြတ်စွာဘုရားသည် အသျှင်သုဇာတ လာနေသည်ကို အဝေးမှပင်မြင်တော်မူ၍ ရဟန်းတို့အားဤစကားကိုမိန့်တော်မူ၏—"ရဟန်းတို့ ဤအမျိုးကောင်းသားသည် အဆင်းလှခြင်းရှုချင်ဖွယ်ရှိခြင်း ကြည်ညိုဖွယ်ရှိခြင်း လွန်မြတ်သောအဆင်းသဏ္ဌာန်နှင့်ပြည့်စုံခြင်းနှင့်လူ့ဘောင်မှရဟန်းဘောင်သို့ ကောင်းစွာဝင်ရောက် (ရဟန်းပြု)သော အမျိုးသားများ လိုလားအပ်သော အတုမရှိသော အကျင့်မြတ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေခြင်းဟူသော နှစ်ပါးစုံဖြင့် တင့်တယ်၏"ဟု မိန့်တော်မူ၏။ပ။ ထိုနောက် မြတ်စွာဘုရားသည် ဤဂါထာကို မိန့်တော်မူပြန်၏—

"ဖြောင့်မတ်သော စိတ်ဖြင့်(အကုသိုလ်တရားတို့နှင့်)မယှဉ်သော သံယောဇဉ် ကင်းသော ဤရဟန်းသည် တင့်တယ်စွတကား၊(တဏှာဒိဋ္ဌိတို့ဖြင့်) မစွဲလမ်းမူ၍ ငြိမ်းအေးပြီးသော ဤ ရဟန်းသည် စစ်သည်ဗိုလ်ပါနှင့်တကွသော ကိလေသာမာရ်ကို အောင်နိုင်ခြင်းကြောင့် အဆုံးစွန်သော ကိုယ်ကို ဆောင်၏"ဟု (ဟောတော်မူ၏)။

ပဉ္စမသုတ်။

## ၆–လကုဏ္ဋကဘဒ္ဒိယသုတ်

၂၄၀။ သာဝတ္ထိနိဒါန်း။ထိုအခါ အသျှင်လကုဏ္ဋကဘဒ္ဒိယသည်မြတ်စွာဘုရားထံသို့ချဉ်းကပ်၏၊ မြတ်စွာဘုရားသည်အသျှင်လကုဏ္ဋကဘဒ္ဒိယလာနေသည်ကိုအဝေးမှပင်မြင်တော်မူ၍ရဟန်းတို့အား ဤစကားကို မိန့်တော်မူ၏–"ရဟန်းတို့ သင်တို့သည် အဆင်းမလှသော ရှုချင်ဖွယ် မကောင်းသော ပုကွသော ရဟန်းတို့၏ နှိပ်စက်ပြောဆိုခြင်းကိုခံနေရသော သဘောရှိသော လာနေသောထိုရဟန်းကို မြင်ကုန်၏လော"ဟု(မိန့်တော်မူ၏)၊ အသျှင်ဘုရား မြင်ပါကုန်၏၊ ရဟန်းတို့ ဤရဟန်းသည်

http://www.dhammadownload.com



ကြီးသော တန်ခိုးရှိ၏၊ ကြီးသော အာနုဘော်ရှိ၏၊ ထိုရဟန်း မဝင်စားဘူးသော သမာပတ်ကို ရရန်မလွယ်၊ လူ့ဘောင်မှ (ရဟန်းဘောင်)သို့ ဝင်ရောက် (ရဟန်းပြု) ကြသောအမျိုးကောင်း သားများလိုလားအပ်သော အတုမရှိသော အကျင့်မြတ်၏အဆုံးဖြစ်သောအရဟတ္တဖိုလ်အကျိုးကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေ၏ဟုမြတ်စွာဘုရား ဟောတော်မူ၏။ပ။ထို့နောက် မြတ်စွာဘုရားသည် ဤဂါထာကို မိန့်တော်မူ၏—

"ဟင်္သာ ကြိုးကြာ ဥဒေါင်း ဆင် ဒရေ သမင်ဟု ဆိုအပ်သော အလုံးစုံသောသတ္တဝါတို့သည် ခြင်္သေ့မှ ကြောက်ကုန်၏၊ ကိုယ်သဏ္ဌာန်၌မူကား တူမျှခြင်း မရှိပေ။

ဤအတူသာလျှင် လူတို့၌ ငယ်ပင်ငယ်သော်လည်း ပညာရှိသော သူသည်သာ ထိုလူများ အပေါင်းတွင် ကြီးမြတ်သူမည်၏၊ သူမိုက်သည် ကိုယ်သဏ္ဌာန်ကြီးသော်လည်း ကြီးမြတ်သူ မမည်"ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ဝိသာခသုတ်

၂၄၁။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌မြတ်စွာဘုရားသည်ဝေသာလီ ပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ပဉ္စာလမင်း၏သား အသျှင်ဝိသာခသည် စည်းဝေးရာ စရပ်၌ ရဟန်းတို့ကို ချိုသာသော စကားဖြစ်သောသန့်ရှင်းသောအပြစ်ကင်းသောအနက်ကိုသိစေနိုင်သော(သစ္စာလေးပါး၌)အကျုံး ဝင်သော (ဝဋ်ဆင်းရဲကို)မမှီသော တရားစကားဖြင့် အကျိုးစီးပွါးကို ကောင်းစွာပြလျက် တရားကို ဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန် ရွှင်လန်းစေ၏။

ထိုအခါ မြတ်စွာဘုရားသည် ညနေချမ်းအခါ တပါးတည်း ကိန်းအောင်းရာမှထ၍ စည်းဝေးရာစရပ်သို့ ချဉ်းကပ်ပြီးလျှင် ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူ၏၊ ထိုသို့ ထိုင်နေပြီးသော် ရဟန်းတို့ကို မိန့်တော်မူ၏ — "ရဟန်းတို့ အဘယ်သူသည် ရဟန်းတို့ကို ချိုသာသော စကားဖြစ်သော သန့်ရှင်းသော အပြစ်ကင်းသော အနက်ကို သိစေနိုင်သော (သစ္စာလေးပါး၌) အကျုံးဝင်သော (ဝဋ်ဆင်းရဲကို) မမှီသောတရားစကားဖြင့် အကျိုးစီးပွါးကို ကောင်းစွာ ပြလျက် တရားကို ဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန် ရွှင်လန်းစေ သနည်း"ဟု(မိန့်တော်မူ၏)၊ အသျှင်ဘုရား ပဉ္စာလမင်း၏သားအသျှင်ဝိသာခသည် စည်းဝေးရာ စရပ်၌ ရဟန်းတို့ကို ချိုသာသော စကားဖြစ်သော သန့်ရှင်းသော အပြစ်ကင်းသော အနက်ကို သိစေနိုင်သော (သစ္စာလေးပါး၌) အကျုံးဝင်သော (ဝဋ်ဆင်းရဲကို) မမှီသော တရားစကားဖြင့် အကျိုးစီးပွါးကို ကောင်းစွာပြလျက် တရားကို ဆောက်တည်စေကာ တရားကျင့်သုံးရန်ထက်သန် ရွှင်လန်းစေတော်မူပါသည်ဟု လျှောက်ကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ပဉ္စာလမင်း၏သား အသျှင်ဝိသာခကို ဤသို့ မိန့်တော်မူ၏—"ဝိသာခ ကောင်းစွ ကောင်းစွ၊ ဝိသာခ သင်သည် ကောင်းစွာသာလျှင် ရဟန်းတို့ကို အနက်ကို သိခြင်းငှါ စွမ်းနိုင်သော (သစ္စာလေးပါး၌) အကျုံး ဝင်သော ဝဋ်ဆင်းရဲကို မမှီသောတရားစကားဖြင့် ကောင်းစွာပြ၏။ပ။" ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော် မူပြန်၏—

http://www.dhammadownload.com



"လူမိုက်တို့ ရောထွေးနေသော ပညာရှိကို မဟောပြောသည်ရှိသော် (ပညာရှိဟု)မသိနိုင်ကုန်၊ ဘုရားသျှင် ဟောတော်မူသော အမြိုက်နိဗ္ဗာန်တရားကိုဟောပြောသော် မှသာလျှင် (ပညာရှိ)ဟု သိနိုင်ကုန်၏။

(ထိုကြောင့်) ရသေ့ရဟန်းတို့၏ တံခွန်ဖြစ်သောတရားကို ဟောပြောရာ၏၊ ထွန်းပြရာ၏၊ ချီးမြှောက်ရာ၏၊ ရသေ့ရဟန်းတို့သည် ကောင်းစွာ ဟောကြားခြင်းဟူသော တံခွန်ရှိကုန်၏၊ မှန်၏၊ တရားတော်သည် ရသေ့ရဟန်းတို့၏ တံခွန်အောင်လံ ဖြစ်၏"ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-နန္ဒသုတ်

၂၄၂။ သာဝတ္ထိနိဒါန်း။ ထိုအခါ မြတ်စွာဘုရား၏ မိထွေးတော်သားဖြစ်သော အသျှင်နန္ဒသည် လက်လိပ်ထိုး သင်္ကန်းတို့ကိုဝတ်ရုံပြီးလျှင် မျက်စိတို့ကိုမျက်ရေးကွင်း၍အရောင်ထွက်သောသပိတ်ကို ယူဆောင်ပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် မြတ်စွာဘုရားကိုရှိခိုးကာတခုသောနေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်နေသော အသျှင်အာနန္ဒအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏— "နန္ဒ လက်လိပ်ထိုးသင်္ကန်းတို့ကို ဝတ်ရုံခြင်း မျက်စိတို့ကို မျက်ရေးကွင်းခြင်း အရောင်ထွက်သောသပိတ်တို့ကို ဆောင်ခြင်းတို့သည် ယုံကြည်မှု 'သဒ္ဓါတရား'ရှိလျက် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရဟန်းပြုသော အမျိုးကောင်းသားဖြစ်သည့် သင့်အားမလျောက်ပတ်ချေ၊ အာရညကင်ဓုတင်ဆောက်တည်ခြင်း ပိဏ္ဍပါတ်ဓုတင်ဆောက်တည်ခြင်း ပံသုကူဓုတင်ဆောက်တည်ခြင်း ကာမတို့၌ မငဲ့ကွက်မူ၍ နေခြင်းသည်သာလျှင် ယုံကြည်ခြင်း 'သဒ္ဓါတရား' ရှိလျက် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြုသော အမျိုးကောင်းသားဖြစ်သည့် သင့်အား လျောက်ပတ်၏" ဟု မိန့်တော်မူပြီးနောက် ဤဂါထာကို မိန့်တော်မူပြန်၏—

"အာရညကင်ဓုတင်ကို ဆောက်တည်သော ပံသုကူဓုတင်ကို ဆောက်တည်သော မထင်မရှား ဆွမ်းခံ၍ ရသော ဆွမ်းဖြင့် မျှတရောင့်ရဲသော ကာမဂုဏ်တို့၌ ငဲ့ကွက်ခြင်းမရှိသော နန္ဒကို အဘယ်အခါ၌ ငါမြင်ရ ပါအံ့နည်း" ဟု(မိန့်တော်မူ၏)။

ထိုသို့မိန့်တော်မူပြီးသည့် နောက်အခါ၌ အသျှင်နန္ဒသည် အာရညကင်ဓုတင်ကိုရင်း ပိဏ္ဍပါတ်ဓုတင်ကိုရင်း ပံသုကူဓုတင်ကိုရင်း ဆောက်တည်၍ ကာမဂုဏ်တို့၌ မငဲ့ကွက်မူပဲ နေ၏။

အဋ္ဌမသုတ်။

---

## ၉-တိဿသုတ်

၂၄၃။ သာဝတ္ထိနိဒါန်း၊ ထိုအခါ မြတ်စွာဘုရား၏ ဘထွေးတော်သား ဖြစ်သော အသျှင်တိဿသည် မြတ်စွာဘုရားထံသို့ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင်တခုသောနေရာ၌ ဆင်းရဲသည် နှလုံးမသာသည်ဖြစ်၍ မျက်ရည်တို့ ယိုစီးလျက်ထိုင်နေ၏၊ ထိုအခါ မြတ်စွာဘုရားသည် အသျှင်တိဿအား "တိဿ သင်သည် အဘယ့်ကြောင့် ဆင်းရဲသည် နှလုံးမသာသည် ဖြစ်၍ မျက်ရည်တို့

http://www.dhammadownload.com



ယိုစီးလျက် တခုသောနေရာ၌ ထိုင်နေဘိသနည်း''ဟု မိန့်တော်မူ၏၊ အသျှင်ဘုရား အကျွန်ုပ်ကို ရဟန်းတို့သည် စကားတည်းဟူသော လှံတံဖြင့် ဖွေဖွေရှာရှာ ဖိနှိပ် ထိုးဆွကြပါကုန်၏၊ ထို့ကြောင့် ဤသို့နေပါသည်ဟု လျှောက်၏။ တိဿ သင်သည် သူတပါးကိုသာ ပြောတတ်၍ အပြောမခံနိုင်ခဲ့၊ တိဿ သူတပါးကိုသာပြောတတ်၍ အပြောမခံနိုင်ခြင်းသည် ယုံကြည်မှု 'သဒ္ဓါတရား' ဖြင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြုသော အမျိုးကောင်းသား ဖြစ်သောသင့်အား မလျှောက်ပတ်၊ တိဿ သူတပါးကိုလည်းပြော၍ အပြောခံနိုင်ခြင်းသည်သာ ယုံကြည်မှု 'သဒ္ဓါတရား'ဖြင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်ရောက်ရဟန်းပြုသော အမျိုးကောင်းသားဖြစ်သော သင့်အား လျှောက်ပတ်၏ဟု မိန့်တော်မူပြီးနောက် ဤဂါထာကို မိန့်တော်မူပြန်၏—

''တိဿ အဘယ့်ကြောင့် အမျက်ထွက်ဘိသနည်း၊ အမျက်မထွက်လင့်၊ အမျက်မထွက်ခြင်းသည် သင့်အားမြတ်၏၊ တိဿ အမျက်ထွက်ခြင်း မာန်မူခြင်း ကျေးဇူးချေဖျက်ခြင်းကို ဆုံးမခြင်းငှါ မြတ်သောအကျင့်ကို ကျင့်သုံးသည် မဟုတ်လော'' ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-ထေရနာမကသုတ်

၃၄၄။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ထေရအမည်ရှိသော ရဟန်း တပါးသည် တပါးတည်းလည်း နေလေ့ရှိ၏၊ တပါးတည်းနေခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ဆိုလေ့ရှိ၏။ ထိုရဟန်းသည် ရွာသို့ တပါးတည်း ဆွမ်းခံဝင်၏၊ တပါးတည်း ရွာမှပြန်ခဲ့၏၊ တပါးတည်း ဆိတ်ငြိမ်ရာ၌ နေ၏၊ တပါးတည်း စင်္ကြံသွားခြင်းကို ဆောက်တည်၏၊ ထိုအခါ များစွာကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေကုန်ပြီးသော် မြတ်စွာဘုရားအား ''အသျှင်ဘုရား ထေရမည်သော ရဟန်းတပါးသည် တပါးတည်းလည်း နေလေ့ရှိပါ၏၊ တပါးတည်းနေခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ဆိုလေ့ရှိပါသည်''ဟု လျှောက်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတပါးကိုခေါ်တော်မူ၍ ''ရဟန်း သင်သည် လာလော့၊ ငါဘုရား၏စကားဖြင့် ငါ့သျှင်ထေရ သင့်ကို မြတ်စွာဘုရား ခေါ်တော်မူ၏ဟု ခေါ်ချေလော့'' ဟု မိန့်တော်မူ၏။ ''အသျှင်ဘုရား ကောင်းပါပြီ'' ဟု ထိုရဟန်းသည် မြတ်စွာဘုရား၏ စကားတော်ကို ဝန်ခံ၍ ထေရ ရဟန်းထံသို့ချဉ်းကပ်ပြီးလျှင် အသျှင်ထေရကို''ငါ့သျှင်ထေရ သင့်ကိုမြတ်စွာဘုရား ခေါ်တော်မူ၏'' ဟုဆို၏။ အသျှင်ထေရသည် ''ငါ့သျှင် ကောင်းပါပြီ '' ဟု ထိုရဟန်းအားဝန်ခံ၍ မြတ်စွာဘုရားထံသို့ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ထိုင်နေသော အသျှင်ထေရအား ''ထေရ သင်သည် တပါးတည်းလည်းနေလေ့ရှိ၏ တပါးတည်းနေခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ဆိုလေ့ရှိ၏ ဟူသည် မှန်သလော'' ဟုမိန့်တော်မူ၏။ အသျှင်ဘုရား မှန်ပါ၏။ ထေရ သင်သည် အဘယ်သို့လျှင် တပါးတည်းနေလေ့ရှိသနည်း၊ တပါးတည်းနေခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ဆိုလေ့ရှိသနည်းဟု မေးတော်မူ၏။

အသျှင်ဘုရား အကျွန်ုပ်သည် ရွာသို့ တပါးတည်း ဆွမ်းခံဝင်ပါ၏၊ တပါးတည်း ဆွမ်းခံရွာမှပြန်ခဲ့ပါ၏၊ တပါးတည်း ဆိတ်ငြိမ်ရာ၌နေပါ၏၊ တပါးတည်း စင်္ကြံ သွားခြင်းကို

http://www.dhammadownload.com



ဆောက်တည်ပါ၏၊အသျှင်ဘုရား အကျွန်ုပ်သည် ဤသို့လျှင် တပါးတည်းနေလေ့ရှိပါ၏၊တပါးတည်း နေခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ဆိုလေ့ရှိပါသည် ဟု လျှောက်၏။ ထေရ တပါးတည်း နေသော ထိုရဟန်းမျိုးသည် ရှိ၏၊ တပါးတည်းနေသော ထိုရဟန်းမျိုးသည် မရှိဟူ၍ ငါမဆို၊ ထေရ စင်စစ် သော်ကား အကြင်အကြောင်းကြောင့် တပါးတည်းနေခြင်းသည် အလွန်ကျယ်ဝန်းသော အစိပ္ပါယ် နှင့် ပြည့်စုံ၏၊ ထိုအကြောင်းကို နာလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောအံ့ ဟု မိန့်တော်မူ၏၊ "အသျှင်ဘုရား ကောင်းပါပြီ" ဟု ဤသို့လျှင်။ပ။ ထေရ အဘယ်သို့လျှင် တပါးတည်းနေခြင်းသည် အလွန်ကျယ်ဝန်းသော အစိပ္ပါယ်နှင့် ပြည့်စုံသနည်း၊ ထေရ အကြင် အတိတ် ခန္ဓာငါးပါးကို ပယ်ပြီးပြီ၊ အနာဂတ် ခန္ဓာငါးပါးကို စွန့်လွှတ်အပ်၏၊ ပစ္စုပ္ပန်အတ္တဘော၌လည်း လိုချင်တပ်မက်မှု 'ဆန္ဒရာဂ'ကို ကောင်းစွာဆုံးမအပ်ပြီ၊ထေရ ဤသို့လျှင် တပါးတည်းနေခြင်းသည် အလွန်ကျယ်ဝန်း သော အစိပ္ပါယ်နှင့် ပြည့်စုံ၏ဟု မိန့်တော်မူပြီးနောက် ဤဂါထာကို မိန့်တော်မူပြန်၏—

"အလုံးစုံသော ခန္ဓာ အာယတန ဓာတ် ဘဝ သုံးပါးတို့ကို နှိပ်နင်းသော အလုံးစုံ(တရား တို့ကို) သိသော ကောင်းသော ပညာရှိသော အလုံးစုံသော တရားတို့၌ (တဏှာဒိဋ္ဌိတို့ဖြင့်) မလိမ်းကျံသော အလုံးစုံ (ဆန္ဒရာဂ)ကို စွန့်၍ တဏှာ၏ကုန်ရာ (နိဗ္ဗာန်)ကို အာရုံပြုသော အားဖြင့် ကိလေသာတို့မှလွတ်သော ထိုသူကို တပါးတည်း နေလေ့ရှိသောသူဟူ၍ ငါဆို၏" ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

## ၁၁-မဟာကပ္ပိနသုတ်

၂၄၅။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်မဟာကပ္ပိနသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၏၊ မြတ်စွာဘုရားသည် အသျှင်မဟာကပ္ပိန လာနေသည်ကို အဝေးမှပင် မြင်တော်မူ၍ ရဟန်းတို့ကို ရဟန်းတို့ သင်တို့သည် ဖြူစင်သော ခေါင်းပါးသော အကျင့်ရှိသော နှာတံရှည်သော ရဟန်းလာနေ သည်ကို မြင်ကြကုန်၏လောဟု မေးတော်မူ၏၊ အသျှင်ဘုရား မြင်ပါကုန်၏ ဟု (လျှောက်ကုန်၏)၊ ရဟန်းတို့ ဤရဟန်းသည် ကြီးသော တန်ခိုးရှိ၏၊ ကြီးသော အာနုဘော်ရှိ၏၊ ထိုရဟန်း မဝင်စား ဘူးသော သမာပတ်ကို ရရန်မလွယ်ကူ၊ ထိုရဟန်းသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် (ရဟန်းပြု)ကုန်သော အမျိုးကောင်းသားများ လိုလားအပ်သော အတုမရှိသော အကျင့်မြတ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက် ပြုလျက် ရောက်၍ နေ၏ဟု ဤစကားကို မိန့်တော်မူပြီးနောက် ဤဂါထာကို မိန့်တော်မူပြန်၏—

"အကြင်သူတို့သည် အမျိုးအနွယ်ကို စိစစ်လေ့ရှိကုန်၏၊ ထိုလူအပေါင်းတို့တွင် မင်းမျိုး သည် မြတ်၏၊ အကြင်သူသည် ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏတဆယ့်ငါးပါးနှင့် ပြည့်စုံ၏၊ ထိုသူသည် နတ်လူအပေါင်း၌ မြတ်၏။

နေမင်းသည် နေ့အခါ၌သာ ထွန်းလင်းတောက်ပနိုင်၏၊ လသည် ညဉ့်အခါ၌သာ ထွန်းလင်း တောက်ပနိုင်၏၊ မင်းသည် ချပ်ဝတ်တန်ဆာ ဝတ်ဆင်မှသာလျှင် တောက်ပနိုင်၏၊ ရဟန္တာသည် ဈာန်ဝင်စားမှသာလျှင် တောက်ပနိုင်၏၊ စင်စစ်သော်ကား မြတ်စွာဘုရားသည်သာလျှင် အလုံး စုံသော ညဉ့်နေ့တို့ပတ်လုံး တန်ခိုးဖြင့် တောက်ပ၏" ဟု (မိန့်တော်မူ၏)။

ဧကာဒသမသုတ်။

http://www.dhammadownload.com



## ၁၂-သဟာယကသုတ်

၂၃၆။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်မဟာကပ္ပိန၏ အတူနေတပည့်ဖြစ်ကုန်သော သူငယ်ချင်း ရဟန်းနှစ်ပါးတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၏၊ မြတ်စွာဘုရားသည် ထိုရဟန်းတို့ အဝေးမှ လာနေသည်ကို မြင်တော်မူလျှင် ရဟန်းတို့ကို ရဟန်းတို့ ကပ္ပိန၏အတူနေ တပည့်ဖြစ်ကုန်သော သူငယ်ချင်း ရဟန်းတို့ လာနေသည်ကို သင်တို့မြင်ကုန်၏လောဟု မေးတော်မူ၏၊ အသျှင်ဘုရား မြင်ပါ၏ဟု (လျှောက်ကုန်၏)၊ ထိုရဟန်းတို့သည် ကြီးသော တန်ခိုးရှိကုန်၏၊ ကြီးသော အာနုဘော် ရှိကုန်၏၊ ထိုရဟန်းတို့ မဝင်စားဘူးသော သမာပတ်တို့ကိုရရန် မလွယ်ကူ၊ ထိုရဟန်းတို့သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်(ရဟန်းပြု)ကုန်သော အမျိုးကောင်းသားများ လိုလားအပ်သော အတုမရှိသော အကျင့်မြတ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေကုန်၏ဟု မိန့်တော်မူပြီးနောက် ဤဂါထာကို မိန့်တော်မူပြန်၏—

"စင်စစ် သူငယ်ချင်း ဖြစ်ကုန်သော ဤရဟန်းတို့သည် ရှည်မြင့်စွာသော ကာလပတ်လုံး ညီညွတ်သော သဘောရှိကုန်၏၊ ထိုရဟန်းတို့၏ သူတော်ကောင်းတရားသည် မြတ်စွာဘုရား ဟောတော်မူအပ်သော သူတော်ကောင်းတရားနှင့် ညီမျှ၏။

အရိယာတို့ဟောကြားအပ်သော တရားဖြင့် အသျှင်ကပ္ပိနသည် ကောင်းစွာဆုံးမထားအပ်ကုန်သော ထိုရဟန်းတို့သည် စင်စစ် ဗိုလ်ပါနှင့်တကွသော ကိလေသမာန်ကို အောင်၍ အဆုံးစွန်သော ကိုယ်ကို ဆောင်ကုန်၏" ဟု (ဟောတော်မူ၏)။

ဒွါဒသမသုတ်။

ဘိက္ခုသံယုတ် ပြီး၏။

## နိဒါနဝဂ္ဂသံယုတ်ပါဠိ ပြီး၏။

http://www.dhammadownload.com

## သံယုတ်ပါဠိတော် မြန်မာပြန်

# မှတ်သားဖွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[အ]** | |
| အက္ကောသက ဘာရဒွါဇ ပုဏ္ဏား | ၁၅၄ |
| အကျိုးရှိသောယဇ်နှင့် အကျိုးမရှိသောယဇ် | ၇၆ |
| အကျိုးနှစ်ပါးကိုသိမ်းကျုံးယူတတ်သော တရားများ | ၈၅ |
| အကြောင်းလေးချက်ပယ်တရားများ | ၃၂၀ |
| အဂ္ဂါဠဝစေတီ | ၁၇၅ |
| အဂ္ဂိကဘာရဒွါဇပုဏ္ဏား | ၁၅၈ |
| အစေလကဿပ၏အမေးပုစ္ဆာများ | ၂၄၄ |
| အစွန်းနှစ်ဖက်လွတ်တရားများ | ၂၉၁ |
| အဇာတသတ်မင်း | ၈၂ |
| အဇာတသတ်မင်းသားဘဝ | ၄၂၅ |
| အဋ္ဌနတော | ၅၁ |
| အညာသိကောဏ္ဍညထေရ်၏ ဂုဏ်ကျေးဇူးများ | ၁၈၃ |
| အတူတကွနေထိုင်သူအား သွန်သင်ဆုံးမထိုက်ပုံ | ၁၉၄ |
| အတွင်းအပြင်ဖွဲ့ရှုပ်တတ်သော အရှုပ်တရား | ၁၃ |
| အတွင်းသန္တာန်၌သုံးသပ်အပ်သော တရားများ | ၃၁၆ |
| အထွတ်ဥပမာ အဝိဇ္ဇာ | ၄၄၅ |
| အန္ဓကဝိန္ဒရွာ | ၁၄၇ |
| အန္ဓဝန်တော | ၁၂၅ |
| အနာထပိဏ်နတ်သား | ၅၂ |
| အနုရုဒ္ဓါ၊အသျှင် | ၁၄၁၊၃၅၃ |
| အဘိညာဉ်သမာပတ်၌မိမိနှင့်အတူထား၍ ကဿပအား ဘုရားချီးမွမ်းပုံ | ၄၀၁ |
| အဘိတ္ထရပာန်း | ၁၄၈ |
| **[အ]** | |
| အမိဇသည် မဖြစ်ဘူးသူမရှိပုံ | ၃၈၂ |
| အမိအဖနှင့် မင်းတို့ကရှိခိုးထိုက်သူ | ၄၁ |
| အမည်သညာ အစစ်အမှန် | ၁၅၇ |
| အမျက်ဒေါသ၏ အကျိုးအပြစ်များ | ၂၂၃ |
| အမြင်မှန်သမ္မာဒိဋ္ဌိဖြစ်သူ | ၂၄၂ |
| အမြတ်တရားများ | ၃၈ |
| အမြိုက်နိဗ္ဗာန်တံခါးသို့ရောက်သူများ | ၂၆၃ |
| အရိယာသာဝကတို့ တွေးတောကြံစည်မှု မဖြစ်သောတရားများ | ၂၉၃ |
| အရိယာမဂ်ကိုမဖြစ်စေနိုင်သောတရားများ | ၇ |
| အရုဏဝတီပြည် | ၁၄၈ |
| အရုဏဝါမင်း | ၁၄၈ |
| အရေအဆင်း ကြည်လင်ကြောင်း တရားများ | ၅ |
| အရောင်လေးမျိုး | ၁၄၊၄၁ |
| အရိုးစုပြိတ္တာစသည် | ၄၃၈ |
| အသျှင်အာနန္ဒာ၏အထင်အမြင် | ၃၀၄ |
| အလွန်ခင်မင်ရင်းနှီးခြင်း၏အပြစ် | ၁၈၉ |
| အလှူဝတ္ထုနှင့် အကျိုးတရားများ | ၂၉ |
| အဝိဇ္ဇာမှ အရဟတ္တဖိုလ်တိုင်အောင် အကြောင်းအဆက်ဆက်ဖြစ်ပုံ | ၂၅၂ |
| အဝိဇ္ဇာကြောင့် ဖြစ်ပေါ်လာသော တရားများ | ၂၂၇ |
| အသမနတ်သား | ၆၄ |
| အသုရိန္ဒကဘာရဒွါဇပုဏ္ဏား | ၁၅၆ |
| အသက်ကုန်ဆုံးလွယ်ပုံ (လေးသမား ဥပမာ) | ၄၄၇ |
| အဟိံသက ဘာရဒွါဇပုဏ္ဏား | ၁၅၇ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[အာ]** | |
| အာကောင်္ဂကနတ်သား | ၆၅ |
| အာနကမည်သောမုရိုးစည် | ၄၄၈ |
| အာနန္ဒာ၊အသျှင် | ၆၁၊၃၅၃ |
| အာဠဝကဘီလူး | ၂၀၀ |
| အာဠဝီပြည် | ၁၇၅ |
| အာဟာရလေးမျိုး | ၂၇၃ |
| **[ဣ]** | |
| ဣန္ဒကဘီလူး | ၁၉၄ |
| ဣန္ဒကူဋတောင် | ၁၉၄ |
| ဣသိပတနမိဂဒါဝုန်တော | ၄၁၀ |
| **[ဤ]** | |
| ဤသာန နတ်မင်း | ၂၀၅ |
| **[ဥ]** | |
| ဥက္ကဋ္ဌကဝနာ | ၄၁၆ |
| ဥဇ္ဇာန နတ်သားများ | ၂၂ |
| ဥတ္တရနတ်သား | ၅၂ |
| ဥတ္တရရဟန်း | ၃၈၅ |
| ဥဒယပုဏ္ဏား | ၁၆၅ |
| ဥပစာလာဘိက္ခုနီ | ၁၂၉ |
| ဥပဝါဏ၊အသျှင် | ၁၆၆ |
| ဥပ္ပလဝဏ်သီက္ခုနီ | ၁၂၈၊၄၂၁ |
| ဥပ္ပလဝဏ် ဘိက္ခုနီမအား မာရ်နတ်ချောက်လှန့်ပုံ | ၁၂၈ |
| ဥပါလိ၊အသျှင် | ၃၅၃ |
| **[ဧ]** | |
| ဧကနာဠပုဏ္ဏားရွာ | ၁၆၄ |
| အိပ်ပျော်သူနှင့် နိုးကြားသူ | ၄ |
| အိပ်ပျော်သည့်တရားနှင့်နိုးကြားသည့်တရား | ၃ |
| အိုမှု သေမှု အနှိပ်စက်ခံရသူတို့ ပြုကျင့်ဖွယ်ရာ ဥပမာ | ၉၈ |
| အိုသည့်တိုင်အောင် ကောင်းမြတ်သော တရားများ | ၃၃ |
| **[က]** | |
| ကကုဓနတ်သား | ၅၁ |
| ကကုသန် မြတ်စွာဘုရား | ၃၈၄ |
| ကစ္စာနဂေါတ္တ၊အသျှင် | ၂၄၂ |
| ကမ္ဘာရှည့်လျားပုံ ဥပမာ | ၃၇၇ |
| ကမ္မဝါဒီသမဏဗြာဟ္မဏတို့၏ အယူလေးမျိုး | ၂၅၅ |
| ကမ္မာသဓမ္မနိဂုံး | ၃၀၄ |
| ကဿပဂေါတ္တ၊အသျှင် | ၁၈၇ |
| ကဿပနတ်သား | ၄၃ |
| ကဿပ မြတ်စွာဘုရား | ၃၈၅ |
| ကသိဘာရဒွါဇပုဏ္ဏား | ၁၆၄ |
| ကဋ္ဌာရခတ္တိယရဟန်း | ၂၇၈ |
| ကာမဂုဏ်၏အဖြစ် | ၂၁ |
| ကာမဂုဏ်ပြဿနာများ | ၇၉ |
| ကာမဂုဏ် ဥပမာ | ၁၂၅ |
| ကာမရာဂမီးကို ငြိမ်းစေနိုင်သောတရား | ၁၇၇ |
| ကာမဒ နတ်သား | ၄၅ |
| ကာသိရွာ | ၈၂ |
| ကိသာဂေါတမီအား မာရ်နတ်မေးမြန်းပုံ | ၁၂၆ |
| ကုရုတိုင်း | ၃၀၄ |
| ကုသိနာရုံပြည် | ၁၅၁ |
| ကောကနဒါ နတ်သမီး | ၂၇ |
| ကောကာလိက ရဟန်း | ၁၄၃၊၁၄၅ |
| ကောဏာဂုံမြတ်စွာဘုရား | ၃၈၅ |
| ကောဓဘက္ခနတ်သား | ၂၂၃ |
| ကောသလမင်းနေ့စဉ်စားသုံးသော ထမင်း | ၈၃ |
| ကုန်ဆုံးပြီး ဆင်းရဲနှင့် ကြွင်းကျန် သေးသော ဆင်းရဲတို့၏ ဥပမာ | ၃၃၇ |
| ကောင်းမှုမကောင်းမှု အားလုံးမှ စိတ်ကို မတားမြစ်ထိုက်ပုံ | ၁၃ |
| ကိုယ်ကာယ၏ အကြောင်းတရားများ | ၂၈၀ |
| ကြည်းကုန်းထက်၌ လှော်တက်ဥပမာ | ၁၀၁ |
| ကြောက်ဖွယ်ဘေးသုံးမျိုး | ၂၅၂ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ က ]** | |
| ကြောက်မက်ဖွယ်နှင့် မွေ့လျော်ဖွယ် | ၇ |
| ကြောင့်ကြမှုမရှိသော ပုဂ္ဂိုလ်များ | ၁၄ |
| ကြိုးရှည်ရှည် တပ်ထားသော မှိန်းဥပမာ | ၄၁၄ |
| **[ ခ ]** | |
| ခရလောမဘီလူး | ၁၉၄ |
| ခရီးသွားတို့၏ အဆွေခင်ပွန်း | ၃၃ |
| ခုဇ္ဇုတ္တရာ ဥပါသိကာ | ၄၂၀ |
| ခုနစ်နှစ်ပတ်လုံး ဘုရားနောက်သို့ မာရ်နတ်လိုက်နေပုံ | ၁၉၉ |
| ခေမနတ်သား | ၅၅ |
| ခေမာဘိက္ခုနီ | ၄၂၁ |
| ခေါမဒုဿနိဂုံး | ၁၇၄ |
| ခိုင်မြဲသောအနှောင်အဖွဲ့များ | ၇၆ |
| ခွေးဝဲစားဥပမာ (လာဘ်ပူဇော်သကာ) | ၄၁၆ |
| ချစ်ခင်မှုနှင့် ပစ္စည်းဥစ္စာ အရောင်အဝါ | ၆ |
| ချမ်းသာစစ်နှင့် ချမ်းသာတု | ၅ |
| ချမ်းသာစွာနေရကြောင်းတရားများ | ၃၈၊၂၂၂ |
| **[ ဂ ]** | |
| ဂဂ္ဂရာရေကန် | ၁၈၄ |
| ဂယာရွာ | ၁၉၄ |
| ဂါထာသီဆို၍ရသောဆွမ်းကို ဘုရားသျှင် မသုံးဆောင် | ၁၅၉ |
| ဂါထာတို့၏ တည်ရာ | ၃၅ |
| ဂိဇ္ဈကုဋ်တောင် | ၃၅၃ |
| ဂေါဓိက၊ အသျှင် | ၁၁၇ |
| ဂေါဓိကရဟန္တာ၏ လားရာဂတိကို မာရ်နတ် ရှာဖွေပုံ | ၁၁၇ |
| **[ ဃ ]** | |
| ဃဋိကာရဗြဟ္မာ လျှောက်ထားသော ဂါထာများ | ၃၂၊၅၈ |
| ဃဋိကာရနတ်သား | ၅၇ |
| ဃနာထမင်း | ၁၆၀ |
| **[ င ]** | |
| ငါးများချိပ်ဥပမာ(လာဘ်ပူဇော်သကာ) | ၄၁၃ |
| ငိုကြွေးခြင်း၏ ရည်ရွယ်ချက်များ | ၁၉၆ |
| ငွေခွက်ဥပမာ | ၄၁၉ |
| ငှက်ပျော၊ ဝါး၊ ကျူ၊ အသီးတို့ရဲ့မြင်းမ ဥပမာ (လာဘ်ပူဇော်သကာ) | ၄၂၄ |
| ငှက်ဥပမာ (လာဘ်ပူဇော်သကာ) | ၄၁၇ |
| **[ စ ]** | |
| စကားအရာ အင်္ဂါလေးတန် | ၁၇၈ |
| စကားဖြင့် ဗင်ကြယ်မှု မမည်နိုင်ပုံ | ၁၅၈ |
| စန္ဒနင်္ဂလိကာ ဥပါသကာ | ၈၀ |
| စန္ဒနနတ်သား | ၅၀ |
| စန္ဒိမသနတ်သား | ၄၉ |
| စာလာဘိက္ခုနီ | ၁၂၀ |
| စိတ္တသူကြွယ် | ၄၂၀ |
| စိရာဘိက္ခုနီ | ၂၀၀ |
| စီးပွါးဥစ္စာမတည်ကြောင်း ထွက်ပေါက် ခြောက်မျိုး | ၃၉ |
| စူဠကောကနဒါ နတ်သမီး | ၂၇ |
| စံပြဥပါသကာ၊ ဥပါသိကာမများ | ၄၂၀ |
| စွန့်နိုင်ခဲသောအရာ | ၄၀ |
| **[ ဆ ]** | |
| ဆဲရေးခြင်းသည် ဆဲရေးသူတို့သာ ပြန်ရောက်ပုံဥပမာ | ၁၅၄ |
| ဆင်းရဲဖြစ်ခြင်းနှင့် ဆင်းရဲချုပ်ခြင်း၏ အကြောင်းခံများ | ၂၈၈ |
| ဆင်းရဲခြင်းနှင့် နှစ်သက်ခြင်း အပြန် အလှန် ကျေးဇူးပြုပုံ | ၅၁ |
| ဆင်းရဲမှ လွတ်မြောက်နိုင်သောတရားများ | ၁၅ |
| ဆိပ်ငြိမ်ရာ၌ သီတင်းသုံးသော ဘုရားအား ချီးမွမ်းပုံ | ၁၇၀ |
| **[ ဇ ]** | |
| ဇေတဝနဒါယကာ | ၁၅၃ |
| ဇန္တုနတ်သား | ၅၉ |

http://www.dhammadownload.com



အက္ခရာစဉ် စာမျက်နှာ

[ ဇ ]

ဇာဏုသောဏိပုဏ္ဏား ၂၉၁
ဇာလိနီ နတ်သမီး ၁၇၇
ဇေတဝန်ကျောင်း၏ ဂုဏ်ကျေးဇူး ၃၀၊၅၃

[ ဉ ]

ဉာဏဝတ္ထု ခုနစ်ဆယ့်ခုနစ်ပါး ၂၇၇
ဉာဏဝတ္ထု လေးဆယ့်လေးပါး ၂၇၄
ဉာတိကရွာ အုတ်ကျောင်း ၂၉၀၊၃၅၁

[ တ ]

တဂ္ဂရသိခိပစ္စေကဗုဒ္ဓါ ၉၀
တစုံတယောက် ဖောက်ပြန်ပျက်စီးမှုကြောင့်
အသျှင်သာရိပုတြာ၌ စိုးရိမ်မှုမဖြစ်ပုံ ၄၅၄
တဏှာ, အရတိ, ရဂါ (မာရ်နတ် သမီး
သုံးဦး) ၁၂၁
တဖက်ကမ်းနိဗ္ဗာန်သို့ ကူးမြောက်နိုင်သူ ၄
တမလွန်ဘဝသို့ရောက်၍ မစိုးရိမ်ရသော
တရားများ ၂၀၀
တမလွန်လောကကို မကြောက်သူ ၃၉
တရားနာသွားသော ခြေတလှမ်း၏
တန်ဖိုး ၁၉၇
တရားကိုသာဘုရားသျှင်တို့အလေးပြုနေပုံ ၁၃၅
တာယန နတ်သား ၄၆
တိကဘောဇဉ် ၄၀၇
တိဿ့ကို ဂုဏ်ကျေးဇူးကို နတ်သားတို့
ချီးမွမ်းကြပုံ ၆၄
တိမ္ဗရုက ပရိဗိုဇ် ၂၄၆
တိဝရအမည် ၃၇၄
တိဿ၊ အသျှင် ၄၆၀
တိဿရဟန်း ၃၇၅
တုရူပစ္စေကဗုဒ္ဓါ ၁၄၄
တံငါသည် ဥပမာ ၄၁၃
တောင်းစားတတ်ကာမျှဖြင့် ဘိက္ခု
မမည်နိုင်ပုံ ၁၇၂

[ ထ ]

ထုလ္လတိဿာဘိက္ခုနီ ၄၀၆
ထုလ္လနန္ဒာဘိက္ခုနီ ၄၀၇
ထေရ အမည်ရှိသောရဟန်း ၄၆၁
ထင်ရှားကြောင်းလေးမျိုး ၃၇
ထွက်မြောက်မှု ဖြစ်နိုင်သော
တရားများ ၁၅၊၆၁

[ ဒ ]

ဒက္ခိဏာဂိရိအရပ် ၄၀၇
ဒက္ခိဏာဂိရိဇနပုဒ် ၁၆၄
ဒလိဒ္ဒနတ်သား ၂၁၇
ဒသာရဟာမင်းများ ၄၄၇
ဒါနနှင့် မေတ္တာဘာဝနာ ကွာခြားပုံ ၄၄၆
ဒါမလိနတ်သား ၄၄
ဒါယကာလှူသောပစ္စည်းကို
သုံးဆောင်ရန် အိုမင်းသော
ကဿပအား တိုက်တွန်းပုံ ၃၉၃
ဒါယကာတို့ထံသို့ ချဉ်းကပ်သော ရဟန်း
နှလုံးသွင်းမည့်တရား ၃၉၁
ဒါယကာအိမ်သို့ ချဉ်းကပ်သော
ရဟန်းငယ်တို့၌ ဘေးများပုံ ၄၄၉
ဒီဃလဋ္ဌိနတ်သား ၄၉
ဒေဝဒတ် ၁၄၇၊၃၅၃၊၄၂၄
ဒေဝဟိတပုဏ္ဏား ၁၆၆
ဒေဝါနမိန္ဒ ၂၁၅

[ ဓ ]

ဓနဉ္စာနီ ပုဏ္ဏေးမ ၁၅၃
ဓာတ်ခုနစ်မျိုး ၃၄၇
ဓာတ်အမျိုးမျိုး ၃၄၃
ဓာတ်တူခြင်းနှီးနှောမိကြပုံ ၃၅၂
ဓာတ်လေးပါးတို့၏ သာယာဖွယ်, အပြစ်,
ထွက်မြောက်ကြောင်းများ ၃၆၇
ဓာတ်လေးပါးတို့၏သုခဒုက္ခသို့သက်ဝင်မှု ၃၇၀

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဓ ]** | |
| ဓာတ်လေးပါးတို့၌ နှစ်သက်မှု၏အပြစ် | ၃၇၁ |
| ဓာတ်လေးပါးတို့ ဖြစ်ပေါ်မှု၏ အပြစ် | ၃၇၁ |
| ဓမ္မကထိက ဆိုထိုက်သူ | ၂၄၃ |
| ဓမ္မဝိနယ'သာသနာ'၌ သက်သာရာကို ရသူ | ၂၇၀ |
| **[ န ]** | |
| နဂရကနိဂုံး | ၈၆ |
| နန္ဒ၊အသျှင် | ၄၆၀ |
| နန္ဒနတ်သား | ၆၁ |
| နန္ဒနနတ်သား | ၅၀ |
| နန္ဒဝန်ဥယျာဉ် | ၅ |
| နန္ဒိဝိသာလ နတ်သား | ၆၁ |
| နဝကမ္မိက ဘာရဒွါဇပုဏ္ဏား | ၁၇၀ |
| နာဂဒတ္တ၊အသျှင် | ၁၈၉ |
| နာရဒ၊အသျှင် | ၃၂၂ |
| နိဂြောဓကပ္ပ၊အသျှင် | ၁၇၆ |
| နိဗ္ဗာန်သွားရာလမ်းခရီးနှင့်ယာဉ်ရထား | ၃၀ |
| နိကနတ်သား | ၆၅ |
| နေနတ်သား | ၄၈ |
| နေရာအိမ် အသိုက်အအုံနှင့် အမြွေး အရှက် | ၈ |
| နေ့ရောညဥ့်ပါကောင်းမှုတိုးပွားကြောင်း အလှူဒါနများ | ၃၀ |
| နတ်သမီးနှင့် အသျှင်သမိဒ္ဓိ | ၈ |
| နတ်တို့ကျူးရင့်သော ဥဒါန်းဂါထာများ | ၂၅ |
| နတ်မင်းကြီးလေးယောက်တို့၏ အလံတော်နှင့် ရတနာ့ဂုဏ်ရည် | ၂၀၅ |
| နတ်နှင့်အသုရာတို့ စကားစစ်ထိုးပွဲ | ၂၀၉ |
| နတ်နှင့်အသုရာတို့ စကားရည်လုပွဲ | ၂၁၂ |
| နိုင်ခြင်းရှုံးခြင်း၏ အပြစ်များ | ၈၂ |
| နှစ်သက်မှုနှင့် စိုးရိမ်မှု | ၆ |
| **[ ပ ]** | |
| ပစ္စနီကသာတပုဏ္ဏား | ၁၆၉ |
| ပဉ္စာလစဏ္ဍနတ်သား | ၄၅ |
| ပဇာပတိနတ်မင်း | ၂၀၅ |
| ပဇ္ဇုန်နတ်သမီးတို့ လျှောက်ထားသော ဂါထာများ | ၂၃ |
| ပဋိစ္စသမုပ္ပါဒ်တရားများ | ၂၂၃ |
| ပဋိစ္စသမုပ္ပါဒ်နှင့် ပဋိစ္စသမုပ္ပန္နတရားများ | ၂၄၆ |
| ပဋိစ္စသမုပ္ပါဒ်၌ ကိုယ်ပိုင်ဉာဏ်ဖြင့် သိသော်လည်း ရဟန္တာဟု ဝန်မခံနိုင်သေးပုံ | ၃၂၂ |
| ပညာလက်နက်၏ အညစ်အကြေး | ၄၀ |
| ပညာဝိမုတ္တပုဂ္ဂိုလ် | ၃၂၆ |
| ပညာမဲ့ သူမိုက်တို့၏အပြစ် | ၅၅ |
| ပညာမဲ့သူအား ဆုံးမ၍ အကျိုးမပြီးပုံ | ၁၈၇ |
| ပဒုမငရဲ | ၁၄၅ |
| ပရစေတနာချိုတဲ့သောအခါန၏အပြစ် | ၉၀ |
| ပရိနိဗ္ဗာန်ပြုခါနီး၌ မြတ်စွာဘုရား ဝင်စားသော စျာန်အစဉ် | ၃၅၁ |
| ပဝိဋ္ဌ၊အသျှင် | ၃၂၂ |
| ပသေနဒီကောသလမင်း | ၆၇ |
| ပါစီနဝံသတောင် | ၃၈၄ |
| ပါဝေယျကတိုင်းသား ရဟန်းသုံးကျိပ် | ၃၈၈ |
| ပိယင်္ကရမာတာဘီလူးမ | ၁၉၃ |
| ပုဂ္ဂိုလ်သတ္တဝါကို ဖြစ်စေတတ်သော တရားများ | ၃၄ |
| ပုဂ္ဂိုလ်သတ္တဝါ၏အဖော် | ၃၅ |
| ပုဂ္ဂိုလ်ကိုကျော်လွန်နေသောတရားသုံးမျိုး | ၃၈၆ |
| ပုဂ္ဂိုလ်လေးမျိုး | ၃၉ |
| ပုဏ္ဏ၊အသျှင် | ၃၅၃ |
| ပုနဗ္ဗသုမာတာဘီလူးမ | ၁၉၇ |
| ပုရိန္ဒဒ | ၂၁၅ |
| ပေးလှူမှု၌ အန္တရာယ်ပြုသူတို့အပြစ် | ၃၁ |
| ပေးလှူခြင်း၏အကျိုးတရားများ | ၁၉ |

http://www.dhammadownload.com




| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **[ ပ ]** | |
| ပယ်စွန့်,ပွါးများ,လွန်မြောက်ရမည့် တရားများ | ၃ |
| ပျင်းရိခြင်းနှင့် လုံ့လရှိခြင်းတို့၏ အကျိုးအပြစ် | ၂၀၃ |
| ပြိတ္တာပေါင်းစုံ | ၄၃၀ |
| **[ ဗ ]** | |
| ဗကာဗြဟ္မာ | ၁၃၀ |
| ဗကာဗြဟ္မာ၏ မိစ္ဆာအယူ | ၁၃၇ |
| ဗလစ် ဗလစ် တရားဟောခြင်း၏အပြစ် | ၁၈၈ |
| ဗဟုပုတ္တက စေတီ | ၄၀၈ |
| ဗာရာဏသီပြည် | ၄၁၀ |
| ဗာလနှင့်ပဏ္ဍိတ ထူးခြားပုံ | ၂၄၇ |
| ဗိလင်္ဂိက ဘာရဒွါဇပုဏ္ဏား | ၁၅၆ |
| ဗြဟ္မဒေဝ၊အရှင် | ၁၄၇ |
| ဗြဟ္မာကြီးလေးဦးလျှောက် ဂါထာများ | ၂၄ |
| ဗြဟ္မာ့ပြည်သို့ ကြွသွားသော ရဟန္တာ ကြီးများ | ၁၄၀ |
| ဗြာဟ္မဏမဟာသာလပုဏ္ဏား | ၁၆၇ |
| **[ ဘ ]** | |
| ဘာရဒွါဇရဟန်း | ၃၀၅ |
| ဘာရဒွါဇပုဏ္ဏား | ၁၅၃ |
| ဘိက္ခုကပုဏ္ဏား | ၁၇၂ |
| ဘိယျောသရဟန်း | ၃၀၅ |
| ဘုရားမဖြစ်မီ အကြံအစည်ဖြစ်ပုံ | ၃၁၄ |
| ဘုရားလောင်းတို့၏ ဉာဏ်စဉ် | ၂၃၁ |
| ဘုရားသျှင်၏ ပဝါရဏာ | ၁၈၀ |
| ဘုရှင့်သူလျှိုများ | ၇၇ |
| ဘူမိဇ၊အရှင် | ၂၃၆ |
| ဘေးငါးပါးနှင့် သောတာပတ္တိအင်္ဂါ လေးပါး | ၂၈၄ |
| **[ မ ]** | |
| မကောင်းမှု များသူတို့အပေါ်၌ အပြစ် မထင်ထိုက်ပုံ | ပ၉၂ |
| မစင်ပိုးဥပမာ (လာဘ်ပူဇော်သကာ) | ၄၁၅ |
| မဆွေးမြည့်နိုင်သောတရား | ၃၃ |
| မဏိဘဒ္ဒဘီလူး | ၁၉၅ |
| မဏိမာလိကနတ်ကွန်း | ၁၉၅ |
| မန္တာနီပုဏ္ဏေးမ၏သား | ၃၅၃ |
| မထေမဲ့မြင် မပြုအပ်သူ လေးမျိုး | ၆၇ |
| မဒ္ဒကုစ္ဆိတော | ၂၅ |
| မလ္လိကာမိဖုရား | ၇၄ |
| မပေး,မစွန့်,မမြွက်ဆိုအပ်သောအရာများ | ၄၀ |
| မပေးလှူနိုင်ခြင်း၏အကြောင်းတရားများ | ၁၇ |
| မပြစ်မှားထိုက်သူအား ပြစ်မှားမိ၍ အပြစ်ရောက်ပုံ | ၁၂ |
| မလွန်ဆန်နိုင်သော တရားကြီး | ၉၄ |
| မသင့်လျော်သော အမေးများ | ၂၇၈ |
| မဟာကပ္ပိန၊အရှင် | ၁၄၁၊ ၂၆၂ |
| မဟာကဿပ၊အရှင် | ၁၄၁၊ ၃၅၃၊ ၃၈၈ |
| မဟာကဿပ-က မိမိဂုဏ်ကို ထုတ်ဖော် ပြောပုံ | ၄၀၅ |
| မဟာကဿပမထေရ် ရဟန်းပြုပုံ (ကိုယ်တိုင်ဟော တရားများ) | ၄၀၇ |
| မဟာကောဋ္ဌိက၊အရှင် | ၃၂၀ |
| မဟာမောဂ္ဂလာန်ထေရ်၏ ဂုဏ်ကျေးဇူး များ | ၁၈၄ |
| မဟာမောဂ္ဂလာန်၊အရှင် | ၁၄၈၊ ၃၅၃ |
| မဟာလိ လိစ္ဆဝီမင်း | ၂၁၆ |
| မဟာသမုဒ္ဒရာ၏ရေတက်ဥပမာ(အဝိဇ္ဇာ) | ၃၂၅ |
| မဟုတ်မမှန်ပြောဆိုသူ မဟာသာလကြီး များ | ၇၄ |
| မာဂဓကအမည် | ၃၀၅ |
| မာဂဓနတ်သား | ၄၄ |
| မာဃနတ်သား | ၇၇ |
| မာဃဝ | ၂၁ |
| မာဏဝဂါမိယနတ်သား | ၆ |
| မာတလိနတ်သား | ၂၀ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ မ ]** | |
| မာတုဂါမ | ၄၁၉ |
| မာတုပေါသကပုဏ္ဏား | ၁၇၂ |
| မာနတ္ထဒ္ဓပုဏ္ဏား | ၁၆၈ |
| မိဖလုပ်ကျွေးသူတို့အား ဘုရားချီးကျူးပုံ | ၁၇၂ |
| မိဖကိုမလုပ်ကျွေးသော သား-သမီးတို့ထက် တောင်ဝှေးက ပို၍ မြတ်ပုံ | ၁၆၇ |
| မိမိကိုယ်ကို မိမိမစောင့်ရှောက်သူ | ၇၁ |
| မိမိကိုယ်ကို မိမိမချစ်သူ | ၇၀ |
| မိမိကိုယ်ထက်ပို၍ ချစ်အပ်သူ-ရှိ,မရှိ ပြဿနာ | ၇၄ |
| မိမိပြုလုပ်မှုနှင့် တူသောအကျိုး ခံစားရတတ်ပုံ | ၈၃ |
| မီးပုံကြီးဥပမာ | ၂၉၈ |
| မီးလောင်အိမ်မှ ထုတ်ယူရသောပစ္စည်း ဥပမာ | ၂၈ |
| မာရ်နတ် | ၁၀၁ |
| မာရ်နတ်သမီးများ ဘုရားအား ဖြားယောင်းပုံ | ၁၂၁ |
| မာရ်နတ်၏ ကြောက်မက်ဖွယ် အာရုံများ | ၁၀၂၊၁၀၄ |
| မာရ်နတ်၏ ကျော့ကွင်းများ | ၁၀၂ |
| မုသိလ၊အသျှင် | ၃၂၂ |
| မှုဆိုးဥပမာ | ၄၁၄ |
| မေတ္တာ၏ အကျိုးပြ ဥပမာ | ၄၄၅ |
| မောဠိယဖဂ္ဂုန၊အသျှင် | ၂၃၉ |
| မိတ်ဆွေကောင်းတို့နှင့် ပေါင်းသင်းရခြင်း၏အကျိုး | ၈၆ |
| မိန်းမတို့၏ လက်နှစ်သစ်မျှလောက်သောပညာ | ၁၂၅ |
| မိုးကြိုးစက် | ၄၁၆ |
| မြေခွေးအိုဥပမာ | ၄၁၆ |
| မြတ်စွာဘုရားနှင့် မာရ်နတ်၏ ဆန့်ကျင်ဖက် ဂါထာများ | ၁၀၅ |
| မြတ်စွာဘုရားအား ကုရင်ပြုလုပ်ရန် မာရ်နတ်တိုက်တွန်းပုံ | ၁၁၅ |
| မြတ်စွာဘုရား ချမ်းသာစွာနေရမှု၌ ပုဏ္ဏားကြီး၏ ထင်မြင်ချက်များ | ၁၆၂ |
| မြတ်စွာဘုရား၌ ဆန့်ကျင်ဖက် ပြုလိုသူ | ၁၆၉ |
| မြတ်စွာဘုရားကိုယ်တော်တိုင် ရွတ်အံ သရဇ္ဈာယ်သော တရားတော်များ | ၂၉၀ |
| မြတ်သောဆိတ်ဆိတ်နေမှု | ၄၅၃ |
| မွေ့လျော်ဖွယ်ရာ အရပ်များ | ၂၁၈ |
| မြွားဥပမာ | ၄၁၉ |
| **[ ယ ]** | |
| ယခုခေတ်ရဟန်းနှင့် အနာဂတ်ရဟန်း (လိစ္ဆဝီမင်းတို့ ဥပမာ) | ၄၄၉ |
| ယုတ်မာသူတို့၌ ရှိသော စည်းစိမ်ဥစ္စာများ | ၈၈ |
| **[ ရ ]** | |
| ရသေ့တို့၏ ကျိန်စာ နတ်တို့ရွာ | ၂၁၃ |
| ရဟန္တာတို့ ကူးမြောက်သော သမုဒ္ဒရာ | ၂၉ |
| ရဟန္တာပုဂ္ဂိုလ်တို့ လောကပညတ်ကို မပယ်ပုံ | ၁၃ |
| ရဟန်းတို့အား တရားဟောရန် ကဿပအား တိုက်တွန်းပုံ | ၃၉၅ |
| ရဟန်းတရားကို ကြာရှည်စွာ အားမထုတ်နိုင်ကြောင်း တရားများ | ၇ |
| ရဟန်းတို့ ကျက်မှတ်ရန် တာယနနတ်သား လျှောက်ဂါထာများ | ၄၉ |
| ရာဂဒေါသတို့ဖြစ်ပေါ်ရာ အကြောင်းရင်း | ၁၉၅ |
| ရာဟုလာ၊အသျှင် | ၄၂၇ |
| ရာဟုအသုရိန် | ၄၇ |
| ရေနွေး အလှူခံပုံ | ၁၆၆ |
| ရေမဟုတ်သော ဆေးကြောဖွယ် | ၃၅ |
| ရောဟိတဿအမည် | ၃၈၄ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ရ ]** | |
| ရောဟိတဿနတ်သား | ၅၉ |
| ရုပ်ဒွိသာ နိဗ္ဗိဒါဉာဏ်ဖြစ်နိုင်ပုံ | ၃၀၅ |
| ●ရွှေခွက်ဥပမာ (လာဘ်ပူဇော်သကာ) | ၄၁၈ |
| ရွှေတုသည် ရွှေစစ်ကို ပျောက်ကွယ်စေပုံ ဥပမာ | ၄၀၁ |
| **[ လ ]** | |
| လကုဏ္ဍကဘဒ္ဒိယ၊အသျှင် | ၄၅၈ |
| လက္ခဏ၊အသျှင် | ၄၃၀ |
| လနတ်သား | ၄၇ |
| လမင်းဥပမာ (မဟာကဿပ၏ ဂုဏ်) | ၃၈၉ |
| လူတို့၏ မှီရာတည်ရာတရားများ | ၃၄ |
| လူများစု၏ အလေ့အကျင့် | ၇၃ |
| လူအများ တောင့်တအပ်သော ပုဂ္ဂိုလ် | ၁၉၀ |
| လူ့ဘဝပြန်ရသူ နည်းပါးပုံ (မြေကြီးဥပမာ) | ၄၄၅ |
| လောကကို ဆောင်ယူ့ဆွဲငင်တတ်သော တရားများ | ၃၆ |
| လောကကို နှောင်ဖွဲ့ဆက်စပ်တတ်သော တရားများ | ၃၆ |
| လောကကို လွှမ်းမိုးနှိပ်စက်, ဆွဲချိပ်, ပိတ်ဆို့, ဖွဲ့စပ်တတ်သောတရားများ | ၃၇ |
| လောကအဆုံးသို့ ခြေဖြင့်သွား၍ မရောက်နိုင်ပုံ | ၅၉ |
| လောကချုပ်တရားများ | ၂၉၂ |
| လောကာယတိကပုဏ္ဏား | ၂၉၂ |
| လို့လမရှိသူ၏ အပြစ် | ၃၈၈ |
| လာဘ်ပူဇော်သကာ အကျော် အစော၏ အပြစ် | ၁၄၇၊၄၁၃ |
| လာဘ် ပူဇော်သကာသည် ရဟန္တာ တိုင်အောင် အန္တရာယ်ပြုနိုင်ပုံ | ၄၂၃ |
| လိပ်ဥပမာ (လာဘ်ပူဇော်သကာ) | ၄၁၄ |
| လယ်ထွန်ယောကျ်ားဥပမာ | ၁၆၄ |
| လွတ်မြောက်ကြောင်းတရားသုံးပါး | ၂ |
| **[ သ ]** | |
| လွန်မြတ်သူလေးမျိုး | ၆ |
| လျော့နည်းသော လုံ့လဖြင့် နိဗ္ဗာန် မရနိုင်ပုံ | ၄၅၆ |
| **[ ဝ ]** | |
| ဝက်ကတောင် | ၃၈၄ |
| ဝင်္ဂီသ၊အသျှင် | ၁၇၅ |
| ဝင်္ဂီသထေရ်၏ တခဏပ္ပဋိဘာနညာဏ်စွမ်း | ၁၈၁ |
| ဝဇိရာဘိက္ခုနီ | ၁၃၁ |
| ဝရုဏနတ်မင်း | ၂၀၅ |
| ဝါသဝ | ၂၁၅ |
| ဝါသုဒတ္တနတ်သား | ၅၀ |
| ဝိဇယာဘိက္ခုနီမအား မာရ်နတ် ဖြားယောင်းပုံ | ၁၂၇ |
| ဝိတက်သုံးမျိုးတို့၏ အကြောင်းများ | ၃၄၉ |
| ဝိဓုရရဟန်း | ၃၈၄ |
| ဝိပဿိဘုရားလောင်း | ၂၃၁ |
| ဝိသာခ၊အသျှင် | ၄၅၈ |
| ဝီရိယ၏ အကျိုးနှင့်ပျင်းရိခြင်းအပြစ် | ၂၅၁ |
| ဝေဂဗ္ဘရိ နတ်သား | ၆၅ |
| ဝေဏှုနတ်သား | ၄၉ |
| ဝေပစိတ္တိ အသုရိန် | ၄၇၊ ၂၀၇ |
| ဝေပစိတ္တိ အသုရိန်၏ ကျမ်းသစ္စာ ကျိန်ဆိုခြင်း | ၂၀၉ |
| ဝေပုလ္လတောင် အမည်အမျိုးမျိုး ပြောင်းလဲခဲ့ပုံ | ၃၈၄ |
| ဝေရမ္ဘလေ | ၄၁၇ |
| ဝေရောစန အသုရိန် | ၂၁၂ |
| ဝေဠုကဏ္ဍကီမြို့သူ နန္ဒမာတာ | ၄၂၀ |
| ဝေးကွာသောအရပ်နေ မောဂ္ဂလာန်နှင့် ဘုရားသျှင်တို့ တန်ခိုးဖြင့် မချဉ်းကပ်ဘဲ စကားပြောကြပုံ | ၄၅၄ |
| ဝဋ်ဆင်းရဲနှင့် ရုပ်နာမ် အကြွင်းမဲ့ ချုပ်ရာအရပ် | ၁၄ |

http://www.dhammadownload.com




အက္ခရာစဉ် — စာမျက်နှာ

[ ဝ ]

ဝဋ်ဆင်းရဲကုန်ရန် စူးစမ်းဆင်ခြင်ရသော တရားများ ၂၉၅

[ သ ]

သက္က ၂၁၅
သက္ကာယဒိဋ္ဌိ လူး ၁၉၄
သက္ကာယဒိဋ္ဌိကို အရေးတကြီး ပယ်အပ်ပုံ ၁၂၅၀
သင်္ဂါရဝပုဏ္ဏား ၁၇၃
သဉ္စိဝရဟန်း ၃၀၄
သတိရှိခြင်း၏ အကျိုးများ ၁၉၆
သတ္တဝါတို့၏တစုသောဘဝဖြစ်စဉ် ၁၉၄
သတ္တဝါဟု မရှိပုံ ရထားဥပမာ ၁၃၁
သတ္တဝါတို့ ချမ်းသာခွင့်ရကြောင်း တရားများ ၅၁
သဒ္ဓေသာသတရားလေးပါး ၃၀၇
သနင်္ကုမာရဗြဟ္မာ ၁၄၇
သမ္မုရအသုရိန် ၂၈၃
သမဏ ဗြာဟ္မဏဖြစ်ကျိုးကို မခံစားရပုံ ၂၄၀
သမိဒ္ဓိ၊အသျှင် ဂ
သမီး၏ ဂုဏ်ကျေးဇူး ဂ၄
သဟလိနတ်သား ၆၅
သဟမ္ပတိဗြဟ္မာ တရားဟောရန် တောင်းပန်ပုံ ၁၃၃
သဟာဿက္ခ ၂၁၅
သာကေတမြို့ ၅၁
သာနုသာမဏေ ၁၉၆
သာရိပုတြာ၊အသျှင် ၆၁၊၁၇၉၊၃၅၃
သာရိပုတြာ၏ ဂုဏ်ကျေးဇူးများ ၆၁၊၁၇၉
သာရိပုတြာအား သုံးကြိမ်တိုင် မေးယူရသော အဇိတပြဿနာ ၂၆၇
သိကြားမင်း ၂၀၃
သိကြားဖြစ်ကြောင်းကျင့်ဝတ် ခုနစ်ပါး ၂၁၄

[ သ ]

သိကြားမင်း၏ အမ ၂ား ၂၁၄
သိကြားမင်းကို မြင် ၏ဟူသော အမျိုး စကားကို မဟာ မယုံကြည် ၂၁၆
သိကြားမင်းအား သဟမ္ပတိဗြဟ္မာ ပေးသောဘုရားရှိခိုး ၂၂၉
သိကြားမင်း၏ ရှိခိုးခြင်းကို ခံယူထိုက် သူများ ၂၁၉
သိကြားမင်းတောင်းယူရသော လှည့်စားမှုမာယာ ၂၂၃
သိခီမြတ်စွာဘုရား ၁၉ဂ
သိင်္ဂနိက်ရွှေ ၄၁၉
သိပ္ပိနီမြစ်ကမ်း ၁၄၇
သိဝနတ်သား ၅၄
သီလရှိသူအား ပေးလှူရသော ဒါန၏ အကျိုးကြီးပုံဥပမာ ၉၆
သီလရှိသူတို့၏ ကိုယ်ရနံ့ကို နတ်တို့ မစက်ဆုပ်ပုံ ၂၀၂
သီသူပစာလာ ဘိက္ခုနီ ၁၃၀
သုက္ကာဘိက္ခုနီ ၁၉၉
သုဇမ္ပတိ ၂၁၅
သုဇာတ၊အသျှင် ၄၅၇
သုညတနှင့်စပ်သော တရားတို့၏ ကွယ်ပျောက်ပုံ ၄၄ဂ
သုဒတ္တ(အနာထပိဏ်) သူဌေး ၁၉ဂ
သုဒဿနဂုလင် ဂ၁
သုန္ဒရိကဘာရဒွါဇပုဏ္ဏား ၁၅၉
သုဒ္ဓါဝါသပစ္စေကဗြဟ္မာ ၁၄၂
သုဒ္ဓိကဘာရဒွါဇပုဏ္ဏား ၁၅ဂ
သုပဿတောင် ၃၀၅
သုပ္ပိယအမည် ၃၀၅
သုဗြဟ္မနတ်သား ၅၁
သုဗြဟ္မာ ပစ္စေကဗြဟ္မာ ၁၄၂
သုဝီရနတ်သား ၂၀၃
သုသီမပရိဗိုဇ် ၃၂၆

http://www.dhammadownload.com




အကြောင်းအရာစဉ် — စာမျက်နှာ

[ သ ]

သူသီမနုတ်သား ၂၀၄
သူငယ်ဟူသောအမည်ဖြင့် အာနန္ဒာအား ဆုံးမပုံ ၄၀၇
သူစိလောမဘိလူး ၁၉၄
သူဆင်းရဲ မဟုတ်သူ ၂၁၇
သူဌေးကြွယ်သုံးမျိုးနှင့် ရဟန္တာတို့သော်မှ မလွတ်နိုင်သော တရားများ ၆၉
သူတော်ကောင်းတရား နာရခြင်း၏ အကျိုး ၁၉၇
သူတော်ကောင်း မရှိသောအစည်း အဝေးသည် သဘင် မမည်ပုံ ၁၇၄
သူတော်ကောင်းတို့၏ ရေချိုးဆိပ် ၁၇၃
သူတော်ကောင်းတို့နှင့် ပေါင်းဖော် ရခြင်း၏ အကျိုးတရားများ ၁၅၊၁၄
သူပြောမှ ငါပြောမည်ဟု ဘုရားအပေါ်၌ မာန်မာန ထားပုံ ၁၆၀
သူမိုက်နှစ်မျိုးနှင့် ပညာရှိနှစ်မျိုး ၂၂၄

အကြောင်းအရာစဉ် — စာမျက်နှာ

[ သ ]

သူကျေးဇူးကို မသိသူ ရဟန်း၏အပြစ် ၄၅၂
သေရီနုတ်သား ၅၅
သေရီမင်းကြီး၏ အလှူကြီး ၅၅
သေလာဘိက္ခုနီ ၁၃၀
သောမာဘိက္ခုနီ ၁၂၅
သံသရာရှည်လျားပုံ ဥပမာများ ၃၇၄
သံသရာအယဉ်ကို(အားမထုတ်ပဲ) ကူးမြောက်ပုံ
သံသရာအယဉ်၌ မနစ်မြုပ်နိုင်သူ ၅၀
သားမြီးကြိုး ဥပမာ ၄၂၂
သား၏ အသားကို စားသုံးသော မိဖ ဥပမာ ၃၀၉
သည်းခံခြင်း၏ အကျိုးအပြစ် ၂၀၇
သစ်ပင်ကြီး ဥပမာ ၃၀၀
သိုးဥပမာ ၄၁၄

[ ဟ ]

ဟတ္ထက အာဠဝက သူကြွယ် ၄၂၀

http://www.dhammadownload.com

# ပန်းတိုင်

ပဋိဝေဓ (ထိုးထွင်းသိ) ပန်းတိုင်သို့
မျက်မှောက်ပြုနိုင်ရန်
ပရိယတ္တိ (စာသိ) နှင့် ပဋိပတ္တိ (ကျင့်သိ)
ဟူသော အကျင့်နှစ်ပြားစလုံး ကို
ယှဉ်တွဲကျင့်သုံး
သာသနာပြုကြပါစို့ ...

http://www.dhammadownload.com

# မြင့်မြတ် ပုဂ္ဂိုလ်

# (NOBLE PERSON)

လောကီ နှင့် လောကုတ္တရာ အတွက်

မိမိ အကျိုး နှင့် အများ အကျိုးရှိအောင်

ဆောင်ရွက်သူသည်သာလျှင်

အနှစ်ပြည့်ဝဆုံးသော

အအောင်မြင်ဆုံးသော

အမြင့်မြတ်ဆုံးသော... ပုဂ္ဂိုလ်